# ပံထာဂ ဂဦ ဧထာဓဝဦ

ကျေးဇူးရှင် လယ်တီဆရာတော်·ဘုရားကြီး၏ တပည့်

ဒလ-ပျော်ဘွယ်ကြီးရွာ-ကမ္မဋ္ဌာန်းဆရာကြီး ဆရာသက်၏ တပည့်များ
စတင် တည်ထောင်သော

**ဗုဒ္ဓသာသနာပဋိပတ္တိသာသနာပြု အဖွဲ့ချုပ်ကြီး၏**

ဩဝါဒါစရိယ မဟာနာယက ကျေးဇူးရှင် ရှမ်းရွာ-စင်ပြွမ်းကုန်း
ဆရာတော် အရှင်မြတ် ဟောကြားတော်မူအပ်သော

# နိဗ္ဗာန်ဝင်လမ်း ၇-ရက်စခန်း
# ပံသာဝတီဟောစဉ်

အမှတ် ၁

အာစရိယ သေဝက သမဂ္ဂ အကျိုးတော်ဆောင်

**အရှင် ဓမ္မာနန္ဒ**

**ရေးသားစီရင်အပ်သည်**

၁၃၁၉-ခု၊ သီတင်းကျွတ်လ အုပ်ရေ-၁၀၀၀။

ဇဇ္ဈာသယ ပိဋကတ် ပုံနှိပ်တိုက်

၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။



ကမ္မဋ္ဌာနာစရိယ မဟာနာယက ကျေးဇူးရှင်
ဆရာတော် ဘုရားကြီး ပုံတော်

ကျေးဇူးရှင် ဩဝါဒါစရိယ မဟာဂန္ထဝါစက

ရှမ်းရွာ စင်ပြွမ်းကုန်း ဆရာတော် ဘုရားကြီး

၏



အဋ္ဌဝါသိက တပည့်

**အရှင်ဓမ္မာနန္ဒ**

# နိဒါန်း

လူ့အဖြစ်ရခဲကြောင်း ဗုဒ္ဓဘာသာတိုင်းသိကြသည်၊ သတ္တဝါတို့သည် နိဗ္ဗာန်မရသမျှ တဘဝမှတဘဝသို့ ကူးပြောင်းကာ တမျိုးပြီးတမျိုးဖြစ်၍ နေကြသည်၊ ယင်းသို့ ခန္ဓာကိုယ် တမျိုးပြီးတမျိုးဖြစ်ကာ တဘဝမှ တဘဝသို့ ကျင်လည်နေရမှုကိုပင် အကြမ်းအားဖြင့် သံသရာဟု ခေါ်သည်၊ သံသရာထဲတွင် တဘဝမှ တဘဝသို့ ကျင်လည်နေကြရာ၌လည်း သတ္တဝါတို့စိတ်သည် မကောင်းသော အရာ၌သာ မွေ့လျော်ပျော်ပိုက်တတ်သောကြောင့် မကောင်းသောဘုံ၌သာ ဒုဂ္ဂတိဘဝ၌သာ အဖြစ်များကြသည်၊ "ပုထုဇဉ်သတ္တဝါများအဘို့ အပါယ်လေးဘုံသည် မိမိတို့နေရာအိမ်နှင့်တူသည်" ဟူသော [ဓမ္မပဒအဋ္ဌကထာ] စကားအရ သတ္တဝါတို့သည် အပါယ်လေးဘုံ၌သာ အမြဲလိုလိုဖြစ်ကြရသည်၊ ကုသိုလ်ကံထောက်မ၍ တခါတရံ သုဂတိဘုံသို့ ရောက်လာကြသော်လည်း (မှိုင်းအရှိန်ဖြင့်တက်သော မီးပုံးပျံသည် မှိုင်းအရှိန်ကုန်သောအခါ မြေသို့ပြန်ကျသကဲ့သို့) ကုသိုလ်ကံ အရှိန်အဟုန် ကုန်သောအခါ အပါယ်လေးဘုံသို့ပြန်ကျ ကြရလေသည်၊ ထို့ကြောင့် လူ့အဖြစ်သည်ရခဲ၏၊ အစမထင်သံသရာ၌ တကြိမ်တခါ လူဖြစ်ဘို့ရန် မလွယ်ကူဟု ဗုဒ္ဓဘာသာတိုင်း သဘောပေါက်ကြသည်။

လူ့အဖြစ်ရသော်လည်း အယူဝါဒမှန်ကန်သူ ဖြစ်ဘို့ရန်လည်း မလွယ်ချေ၊ ဤအချက်မှာ ယခုမျက်မှောက်၌ပင် အယူဝါဒမှန်ကန်သူ လူဦးရေထက် အယူဝါဒမမှန်သူ လူဦးရေက အဆပေါင်းများစွာ ပိုမိုနေသည့်အတွက် ထင်ရှားပေသည်။

ဘာသာအယူဝါဒ အမျိုးမျိုးရှိသည့်အနက် ဗုဒ္ဓဘာသာအယူဝါဒသည် သဘာဝအားဖြင့်ရင်း လက်တွေ့စမ်းသပ်ချက် အားဖြင့်ရင်း မှန်ကန်သောအယူဝါဒဖြစ်လေရာ ဗုဒ္ဓဘာသာဖြစ်ရသော သူများသည် လွန်စွာကုသိုလ်ကောင်းသည်ဟု ဆိုရပေသည်။

ဤနေရာ၌ ဗုဒ္ဓဘာသာ၏သဘောကို အနည်းငယ်ပြောပြလိုပါသည်၊ ဗုဒ္ဓဘာသာ ဆိုသည်မှာ ကံနှင့် ကံ၏ အကျိုးကို ယုံကြည်ခြင်း၊ အကြောင်းအကျိုး ဆက်သွယ်မှုကို သဘောပေါက်ခြင်း ဖြစ်ပေါ်သမျှ

ချုပ်ပျောက်သည်ဆိုသော အချက်ကို ဉာဏ်အမြင် ပေါက်ခြင်းပင် ဖြစ်သည်။

ရှေးဦးစွာ ကံနှင့် ကံ၏အကျိုးကို ယုံကြည်ရသည်၊ ယင်းသို့ ကံနှင့် ကံ၏အကျိုးကို ယုံကြည်လျှင် ဖြစ်သမျှတရားများသည် အကြောင်းကြောင့်ဖြစ်ကြသည် ဟူသော အကြောင်းအကျိုး ဆက်သွယ်မှုကို သဘောပေါက်နိုင်သည်၊အကြောင်းအကျိုး ဆက်စပ်ဖြစ်နေပုံကို သဘောပေါက်သောအခါဖြစ်ပေါ်သမျှအလုံးစုံအကုန်ချုပ်ပျောက်သည်ဟူသော အချက်ကိုလည်း တဆင့်တက်၍ သဘောပေါက်နိုင်ပေသည်၊ ဖြစ်ပေါ်သမျှအလုံးစုံ အကုန်ချုပ်ပျောက်သည် ဆိုသော နောက်ဆုံးအချက်ကို သဘောပေါက်သည့် အနေမျှသာမဟုတ်ဘဲ ကိုယ်ပိုင် ဉာဏ်ဖြင့် တကယ် အသိဉာဏ်ပေါက်လျှင် ဗုဒ္ဓဘာသာ၌ကိစ္စပြီးစီးလေတော့သည်။

အဖြစ်ကင်း၍ ကောင်းကျိုးကို ဖြစ်စေတတ်သည့် ပြုလုပ်မှု ပြောဆိုမှု ကြံစည်မှုများကို ကောင်းမှု ကုသိုလ်ကံ, အဖြစ် မကောင်းဘဲ မကောင်းကျိုးကို ဖြစ်စေတတ်သည့် ပြုလုပ်မှု ပြောဆိုမှု ကြံစည်မှုများကို မကောင်းမှု အကုသိုလ်ကံဟု ယုံကြည်ခြင်းသည်ကံကိုယုံကြည်ခြင်းဖြစ်သည်၊ကောင်းမှု ကုသိုလ်ကံသည် ကောင်းသောအကျိုးကိုဖြစ်စေသည်၊ မကောင်းမှု အကုသိုလ်ကံသည် မကောင်းသောအကျိုးကို ဖြစ်စေသည်ဟု ယုံကြည်ခြင်းသည် ကံ၏အကျိုးကိုယုံကြည်ခြင်းဖြစ်၏။

အချုပ်အားဖြင့် ဆိုရသော် ရှိရှိသမျှသတ္တဝါများနှင့် သတ္တဝါတို့ တွေ့ကြုံခံစားနေရသည့် ဆင်းရဲချမ်းသာဟူသမျှသည် တစုံတယောက်က ဖန်ဆင်း၍မဟုတ်ဘဲ မိမိတို့ကိုယ်တိုင်ပြုသော ကောင်းမှုမကောင်းမှု ကုသိုလ်ကံ အကုသိုလ်ကံကြောင့်သာ ဖြစ်သည်ဟု ယုံကြည်ခြင်းသည် ကံနှင့်ကံ၏အကျိုးကို ယုံကြည်ခြင်းပင် ဖြစ်သည်။

ကောင်းမှုဖြစ်စေ မကောင်းမှုဖြစ်စေ တခုခုကို ပြုလုပ်သောအခါ ထိုပြုလုပ်သည့်စိတ်၌ စေတနာဟုခေါ်သော သဘောကလေး ပါလာသည်၊ စေတနာဆိုသည်မှာ ပြုလုပ်ဖြစ်အောင် တိုက်တွန်းသည့် သဘောကလေးပင် ဖြစ်သည်၊ ထိုစေတနာကိုပင် ကံဟု ခေါ်သည်၊ ကံဟုခေါ်သော စေတနာ၌ အကျိုးကိုဖြစ်စေတတ်သည့် ဗီဇသတ္တိကလေး ပါသည်၊ ဗီဇသတ္တိဆိုသည်မှာ သစ်စေ့များ၌ ပါရှိသော အပင် ပေါက်စေတတ်သည့် မျိုးစေ့သတ္တိလို သတ္တိကလေးပင် ဖြစ်

သည်၊ နောင်အကြောင်းအခွင့် သင့်လာသောအခါ မျိုးစေ့မှ အပင်ပေါက်လာသကဲ့သို့ စေတနာဗီဇသတ္တိကလေးမှ အကျိုးတရားတခု ပေါ်ပေါက်လာလေသည်၊ အကြမ်းအားဖြင့် ထင်ရှားအောင် ပြောရလျှင် ယခုဘဝပြုလုပ်သော ကုသိုလ် အကုသိုလ် စေတနာ၌ပါသည့် ဗီဇသတ္တိကလေးသည် များသောအားဖြင့် ယခုဘဝပြီးဆုံးသွားသောအခါ အကျိုးတရားကို ဖြစ်ပေါ်စေတတ်သည်၊ ၎င်းကိုပါဠိသံဖြင့်ဝိပါက်စိတ်ဟု ခေါ်သည်၊ ၎င်းဝိပါက်စိတ်ဖြစ်ပေါ်လျှင် ဒုတိယဘဝတခု ဆက်လက်ဖြစ်ပေါ်လေတော့သည်၊ ဤသို့ ယခုဘဝပြီးဆုံးသည့်နောက် ဒုတိယဘဝတခု ဆက်လက်ဖြစ်ပေါ်အောင် ဘဝနှစ်ခုကို ဆက်စပ်ပေးတတ်သည့်သဘော အဓိပ္ပါယ်ကြောင့် ၎င်းဝိပါက်စိတ်ကို ပဋိသန္ဓေစိတ်ဟူ၍လည်း ခေါ်ရသည်။

ပဋိသန္ဓေစိတ်ဟူ၍ ဖြစ်လာလျှင် သူနှင့်သဘောတူသည့် နာမ်တရား ရုပ်တရားများလည်းဖြစ်ပေါ်လာလေတော့သည်၊နာမ်တရား ရုပ်တရားများ ဖြစ်လာလျှင်လည်း ဖြစ်ရာဘဝနှင့် ဆီလျော်သည့် ကိုယ်ခန္ဓာနှင့် မျက်စိနားနှာစသောအင်္ဂါအစိတ်အပိုင်းများဖြစ်ပေါ်လာလေသည်၊၎င်းကိုပင်လူဘဲနတ်ဘဲတိရစ္ဆာန်ဘဲစသည်ဖြင့် ခေါ်ဝေါ်ပညတ်နေကြသည်။

ဤသို့လျှင် စေတနာကံ (သင်္ခါရ)ကြောင့် ပဋိသန္ဓေစိတ် (ဝိညာဉ်) ဖြစ်သည်၊ ယင်း ပဋိသန္ဓေဝိညာဉ် ဖြစ်ပေါ်ခြင်းကြောင့် တဖန် နာမ်ရုပ်တရား ဖြစ်ပေါ်ပြန်သည်၊ ယင်း နာမ်ရုပ်တရား ဖြစ်ပေါ်ခြင်းကြောင့် စက္ခု သောတ ဃာနစသော အာယတန ခြောက်မျိုး (သဠာယတန) ဖြစ်ပေါ်ပြန်သည်၊ ဤသို့စသည်ဖြင့် အကြောင်းအကျိုး ဆက်စပ်ပြီး ဖြစ်နေပုံကို သဘောပေါက်နိုင်ကြပေသည်။

အထက်ပါ အကြောင်းအကျိုးဆက်တရား၌ စေတနာကံ (သင်္ခါရ) သည် ပဋိသန္ဓေဝိညာဉ်ကို ဖြစ်ပေါ်စေတတ်သော တရားဖြစ်သည်၊ ပဋိသန္ဓေ (ဝိညာဉ်) သည်လည်း နာမ်ရုပ်ကို ဖြစ်ပေါ်စေတတ်သော တရားဖြစ်သည်၊ နာမ်ရုပ်သည်လည်း အာယတနခြောက်ပါး (သဠာယတန) ကို ဖြစ်ပေါ်စေတတ်သော တရားဖြစ်သည်၊ ဤသို့အားဖြင့် တရားတိုင်းတရားတိုင်းသည် အခြားသော တရားတမျိုးကို ဖြစ်ပေါ်စေတတ်သည့်သဘော ရှိနေကြသည်၊ မည်သည့်တရားမဆို ဖြစ်ပေါ်လာပါကသူ့ကြောင့်အခြားတရားတခုခု ဖြစ်ပေါ်လာဦးမည်မှာသေချာ

ပေသည်၊ ယင်းသို့အခြားတရားတခုခုကို ဖြစ်ပေါ်စေတတ်သည့်သဘော ရှိသော်လည်း သူကိုယ်တိုင်မှာအသက်စွေ့လျော် ချုပ်ပျောက်ရပြန်သည်။

ထို့ကြောင့် အကြောင်းအကျိုးဆက်စပ်မှုကို သဘောပေါက်လျှင် တရားဟူသမျှ အခြားတရားတခုကို ဖြစ်ပေါ်စေတတ်သော သဘော ရှိသည်၊ သူကိုယ်တိုင်လည်း ချုပ်ပျောက်တတ်သော သဘောရှိသည် ဟူသော အချက်ကို တဆင့်တက်၍ သဘောပေါက်နိုင်ကြပေသည်၊ ဤသို့ 'အခြားတရားတခုကို ဖြစ်ပေါ်စေတတ်သည့် သဘောရှိသော တရားဟူသမျှ ချုပ်ပျောက်တတ်သော သဘောရှိသည်' ဟူသော အချက်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် တကယ်အသိဉာဏ်ပေါက်လျှင် သစ္စာ ဝါတို့ တောင့်တနေသည့် နိဗ္ဗာန်ကို မျက်မှောက်ပြုရ လေတော့သည်။

ဤကား ဗုဒ္ဓဘာသာ၏သဘောကို အနည်းငယ်ပြောပြခြင်းဖြစ်သည်၊ ဤပြောပြချက်မျှလောက်ဖြင့်ပင် ဗုဒ္ဓဘာသာအယူဝါဒသည် မှန်ကန်သောဝါဒဖြစ်ကြောင်း ယုံကြည်နိုင်လောက် ပေသည်၊ သို့ရာတွင် မှန်ကန်သော အယူဝါဒဖြစ်ကြောင်းယုံကြည်ရုံဖြင့် လူဖြစ်ကျိုးနပ်သည် ဟု မဆိုနိုင်သေးပေ၊ ယုံကြည်သည့်အတိုင်း လိုက်နာကျင့်သုံးဖို့ရန် လည်း လိုပေသေးသည်။

ကံနှင့် ကံ၏အကျိုးကို ယုံကြည်သည့်အတိုင်း မကောင်းမှု အကု သိုလ်ကံကို ရှောင်ကြဉ်၍ ကောင်းမှု ကုသိုလ်ကံကိုပြုလုပ်ရ ပေမည်၊ အကြောင်းအကျိုးဆက်သွယ်မှုကို ယုံကြည်သည့်အတိုင်း 'သစ္စာဝါ ဆိုသည်ကား အကြောင်းအကျိုး ဆက်စပ်ပြီးဖြစ်နေသည့် ရုပ်တရား နာမ်တရားအစုမျှသာ ဖြစ်ချေသည်တကား' ဟု မိမိကိုယ်တိုင်ကစ၍ အတွေ့ပျောက်သည့် ဉာဏ်အမြင်ရအောင်ကြိုးစား အားထုတ်ရမည်၊ ဖြစ်ပေါ်စေတတ်သော တရားဟူသမျှချုပ်ပျောက်ခြင်းသဘောရှိသည် ဟူသော အချက်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် ယထာဘူတကျကျ အမြင် ပေါက်အောင် ကြိုးစားရမည်၊ သို့မှသာ လူဖြစ်ကျိုး နပ်သည်ဟု ဆိုရပေမည်။

"ရန်သူမျိုးငါးပါးနှင့် ဆက်ဆံနေသည့်အတွက် အနှစ်သာရ မရှိသော ပစ္စည်း ဥစ္စာအတွက် ပေးလှူခြင်းသည် အနှစ်သာရ မည်၏၊ ရောဂါအများနှင့် ဆက်ဆံနေသည့် အတွက် အနှစ် သာရမရှိသော ခန္ဓာကိုယ်အတွက် သီလဝန်ပုဂ္ဂိုလ်တို့၌ ရှိခိုးခြင်း

စသော အမှုသည် အနှစ်သာရမည်၏၊ အမြဲမရှိခြင်း ဟူသော အနိစ္စတရား၏ နှိပ်စက်မှုကို ခံနေရသည့်အတွက် အနှစ်သာရ မရှိသော အသက်(ဘဝ)အတွက် ဝိပဿနာအားထုတ်ခြင်းသည် အနှစ်သာရမည်၏''။

ဒသကနိပါတ် ကဏ္ဍစာတ် အဋ္ဌကထာလာ အထက်ပါ စကား အတိုင်း ဝိပဿနာ တရားအားထုတ်ခြင်းသည် တသက်တာ ဟူသော လူ့ဘဝအတွက် အနှစ်သာရပင် ဖြစ်သည်၊ ရခဲလှသော လူ့အဖြစ်ကို ရရှိထားပြီး ဗုဒ္ဓဘာသာလည်း ဖြစ်နေကြပါလျက် မိမိတို့ ဘဝကိုအနှစ် မရှိသော ဘဝပွရောင်းကြီး အတွင်းသားမရှိသော ဘဝခေါင်းပွကြီး အဆံမရှိသော ဘဝဖလန့်ဖြူကြီးအဖြစ်ဖြင့် စခန်းသိမ်းကြမည်ဆိုပါက မိမိတို့ ဘဝ၏ တန်ဘိုးကို မသိနားမလည်ရာ ကျပေမည်။

သို့ဖြစ်၍ မိမိတို့ ဘဝ၏တန်ဘိုးကို သိနားလည်ကာ အနှစ် အသား ပြည့်ဝသော ဘဝဖြစ်စေရန် တရားကို ကျင့်သုံးလိုက်နာသင့်ပေသည်။ ယခုခေတ်ကား တရားကို ကျင့်သုံးလိုက်နာပြီး ကြိုးစား အားထုတ် ဘို့ရန်များစွာ လွယ်ကူသော ခေတ်ဖြစ်ပေသည်။ စာမတတ် သူများပင် ဝိပဿနာ တရားအထိ အားထုတ်ဘို့ရန် ဌာန (ရိပ်သာ)များ ရှိနေလေ သည်၊ ၎င်းတို့အနက် ရန်ကုန်မြို့ ဟံသာဝတီကွက်သစ် **ဗုဒ္ဓသာသနာ ပဒိုပတ္တိ သာသနာပြု အဖွဲ့ချုပ်ကြီး**က စီမံထားသည့် **ဟံသာဝတီ ကမ္မဋ္ဌာန်းတိုက်ဌာန**လည်း တခုအပါအဝင် ဖြစ်သည်၊ ဤစာအုပ်သည် အဆိုပါဌာန၏ ဝိပဿနာနည်းပြ **ကမ္မဋ္ဌာနာစရိယ မဟာနာယက** ဆရာတော်ဘုရားကြီး ဟောတော် မူသော တရားများကို စုပေါင်း ရိုက်နှိပ်ထားသော စာအုပ်ပင်ဖြစ်သည်။

ရှေးကလည်း ဤဌာနကပင် ဆရာတော်ဘုရားကြီး ဟောကြားတော် မူသော တရားတို့ကို ဆရာတော်ဘုရားကြီး၏ တပည့် အရှင်ဓမ္မာနန္ဒ ကိုယ်တော်က စုဆောင်း ရေးသားကာ အဖွဲ့ကြီး၏ တောင်းပန် လျှောက်ထားချက် အရ **နိဗ္ဗာန်ဝင်လမ်း ၇–ရက်စခန်း** ဟူသော အမည်ဖြင့် စာအုပ်များ ရိုက်နှိပ် ထုတ်ဝေခဲ့ဘူးသည်၊ ဆရာ တော်ကြီး ဟောကြားသော တရားများကို လူတိုင်း လွယ်လွယ်ကူကူ ဘတ်ကြားနိုင်စေရန် ရည်ရွယ်၍ တအုပ်လျှင် တရားလေးပုဒ်စီဖြင့် စာအုပ်ကလေးများ စီစဉ်ရိုက်နှိပ်ခဲ့ရာ ပဥ္စမအုပ်အထိ ပြီးစီးခဲ့သည်၊

ဆဋ္ဌမအုပ်ကို ဆက်လက် ရိုက်နှိပ်ရန် စီစဉ်နေဆဲ၌ ဖတ်ကြားသူ ပုဂ္ဂိုလ်အများက စာအုပ်ကလေးများဖြင့် အားရကောင်းတိမ်ခြင်း မရှိပါ တရားများများထည့်သွင်းပြီး စာအုပ်ကြီးကြီးရိုက်နှိပ်ပါဟုအကြိမ်ကြိမ် တောင်းပန် တိုက်တွန်းကြသောကြောင့် အများ၏ အလိုဆန္ဒ အတိုင်း တရားပုဒ်ရေ ၁၈-ပုဒ်ခန့် ထည့်သွင်းကာ **နိဗ္ဗာန်ဝင်လမ်း ခုနစ်ရက် စခန်း ဟံသာဝတီဟောစဉ်** ဟူသော အမည်ဖြင့် စာအုပ်ကြီးများ စီစဉ် ပုံနှိပ်ချခြင်း ဖြစ်သည်။

ကျေးဇူးရှင် ဟံသာဝတီဆရာတော်ကြီး၏ ရည်မှန်းချက်မှာ ရခဲလှသော လူအဖြစ်ကိုရလျက် ဗုဒ္ဓဘာသာ ဖြစ်နေသူများ အတွက် ဤ ဘုရားသာသနာတွင် မဂ်ဖိုလ်နိဗ္ဗာန်ကို ရရန်နှင့် အနည်းဆုံး မဂ်ဖိုလ် မျိုးစေ့ အစစ်အမှန်ကို ရရှိကြရန်ဖြစ်ပါသည်၊ ထိုရည်ရွယ်ချက်ဖြင့်ပင် ပုဂ္ဂိုလ်အများ ရရှိပြီးဖြစ်သော ဘုရားဟော ပါဠိဒေသနာတော်များကို သာမန်လူများ အဓိပ္ပါယ် ရှင်းရှင်းနှင့် ကွင်းကွင်းကွက်ကွက် ဉာဏ် အမြင် စင်ကြယ်အောင် အလွယ်ဆုံးသော စကားဖြင့် ဟောကြားတော် မူခြင်း ဖြစ်လေသည်။

ဤစာအုပ်၌ ကျေးဇူးရှင် ဆရာတော် ဘုရားကြီး ဟောကြားတော် မူသော တရားများကို ဆရာတော်ဘုရားကြီး ဟောတော် မူသည့် စကားအတိုင်း ထပ်၍ပါသော စကားကို အနည်းငယ် နုတ်ပယ်၍ ဟော တော်မူရင်းအတိုင်း ရိုက်နှိပ်ထားသည် ဖြစ်သောကြောင့် ဖတ်ကြားသူ တို့သည် ဆရာတော်ကြီး ကိုယ်တိုင် ဟောနေသည်ကို နာကြားရ သကဲ့သို့ အဓိပ္ပါယ်ရှင်းရှင်းဖြင့် ကွင်းကွင်း ကွက်ကွက် သဘော ပေါက် နားလည်ကာဖတ်ကြားနေရင်းပင်ဝိပဿနာနှင့် စပ်လျဉ်းသည့် ဉာဏ်အမြင်များ တဖွားဖွား ဖြစ်ပေါ်ပြီး တရားအားထုတ်ဘူးသော ယောဂီများအတွက်မှာ ရရှိထားသည့် ဉာဏ်အဆင့် ပွင့်သည့်ထက် ပွင့်၍ တရား အားမထုတ်ဘူးသေးသည့် ပုဂ္ဂိုလ်များ အတွက်လည်း ဝိပဿနာဉာဏ်အခြေခံရရှိလျက်ရခဲလှသော မိမိတို့ဘဝကို အနှစ်သာ ရရှိအောင် ရွက်ဆောင်နိုင်ကြလိမ့်မည်ဟု မျှော်လင့် ပါသတည်း။

**ဒဂုန်-ဦးထွန်းမြင့်**

**၁၃၁၉-ခု၊ သီတင်းကျွတ်လဆန်း ၉-ရက်။**

# မာတိကာ

ဦးရေ | အကြောင်း အရာ | စာမျက်နှာ


၁။ နိဒါန်း, (က)
၂။ ရှေးဦးပြင်ဆင်မှု ၁
ဝိပဿနာ အားမထုတ်မီ ဘယ်လိုပြုပြင်မလဲ
၃။ ဝိပဿနာစတင်ခွဲခဏ်း ၆
ဒိဋ္ဌိဓာကိုယ်ကြီး ဘယ်ကစဖြစ်သလဲ
နေ့လုပ် နေ့စား ဘဝက တသက်လုံး ထိုင်စားနိုင်အောင် ဘယ်လိုလုပ်မလဲ
၄။ သံသရာဝဋ် ၃၂
သံသရာဘယ်မှာ လည်သလဲ
သံသရာဝဋ်ပြတ်အောင် ဘယ်လို ဖြတ်မလဲ
၅။ သေခြင်းတရား ၅၈
ယက်ကန်းသည်မကလေး
သေရင် ဘယ် သွားမလဲ
ကိုယ်သွားချင်တဲ့ နေရာရောက်အောင် ဘယ်လို လုပ်မလဲ
၆။ ရဟန်းငယ်နှင့် ပေါက်ဆား ၈၃
ကုသိုလ် အကုသိုလ် ဘယ်မှာ ဖြစ်သလဲ
၇။ မိစ္ဆာစာရကံနှင့် ရှင်အာနန္ဒာအလောင်း ၁၁၈
အင်္ဂတိမင်းကြီး သမီးတော်ရုစာ
သံသရာ သုံးသွယ် ဘယ်လမ်းမှမကောင်း
နိဗ္ဗာန်ဆိုတာ ဘယ်ဆီမှာလဲ
၈။ ပဋိစ္စသမုပ္ပါဒ် ၁၃၄
လက်နက်ကောင်း
အကျဉ်းရုံး ကာကွယ်နည်း

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉။ | ဒုလ္လဘတရား ငါးပါး | ၁၅၈ |
| | ဗိလိန္ဒဝစ္ဆ မထေရ်<br>လူဖြစ်ကျိုးနပ် တရားမြတ်<br>ကိုယ်အားထုတ်မှ ကိုယ်ရ<br>ဒါနအစ၊မဂ်ပထမ၊ သီလ ရှေးဦးစွာ | |
| ၁၀။ | တိဿ သာမဏေ | ၁၈၄ |
| | ရှင်သာရိပုတ္တရာနှင့် မဟာသေန ပုဏ္ဏားကြီး<br>ခုနစ်နှစ်သား တရားရှာဖွေ သာမဏေ<br>ဒါနအကြောင်းခံ၍ နိဗ္ဗာန်ရနည်း | |
| ၁၁။ | ဝိသုဒ္ဓိ ၇-ပါးနှင့် ဉာဏ် ၁၀-ပါး | ၂၁၀ |
| | မြွေလေးကောင်ရင်မှာပိုက် မိုက်လိုက်ပါဘိ လူများနှယ်<br>ခုနေအချိန် ရှိသေးရဲ့ ပြေးနိုင်ကလွတ်လိမ့်မယ် | |
| ၁၂။ | အရှင်နာဂဒမသေရီနှင့် ပြိတ္တာ | ၂၃၃ |
| | နာမ်လိမ္မာမှ ရုပ်သက်သာမည်<br>နာမ်မလိမ္မာ ရုပ်နာလိမ့်မည်<br>နာမ်မအေး ရုပ်ခွေးဖြစ်လိမ့်မည် | |
| ၁၃။ | ကိုယ်ချစ်ရှာ | ၂၅၄ |
| | ကိုယ့်ကိုယ်ကို ချစ်ရမယ်<br>ဘယ်ကိုယ်ကို ချစ်ရမလဲ | |
| ၁၄။ | ဟိတ်ခြောက်ပါး(ဒါနခန်း) | ၂၇၆ |
| | အပါယ်ကျသူ ဇမ္ဗူဒိပါမြေမှုန့်<br>လူ့ပြည် ဖြစ်သူ လက်သည်းခွံမြေမှုန့်<br>သင်ဘယ် မြေမှုန့်လဲ | |
| ၁၅။ | ဇနပဒကလျာဏီချက်ခဏ်း | ၃၀၁ |
| | ခန္ဓာကိုယ် အသိုးအပုပ်ကို ကတိုးရုပ်မထင်နှင့်<br>ဖြစ်ပျက်မှု အမြင်ပေါက်လျှင် နိဗ္ဗာန်ရောက်ဘို့ မလွဲနိုင် | |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၆။ | **ဝေလာမပုဏ္ဏား**<br>ဥတ္တရာနှင့် သိရိမာ<br>ဖြူဖွေးပြည်မှာ တဝင်းဝင်း ဝက်စားကျင်းမှာ တရှုပ်ရှုပ်<br>ရဋ္ဌ၊တ္တရ | ၃၂၂ |
| ၁၇။ | **မင်္ဂလာနှင့် ပရာဘဝသုတ်**<br>အကောင်းဆုံးတရားဟာ ဘာလဲ<br>လူတွေဘာ့ကြောင့် ပျက်စီးသလဲ | ၃၅၀ |
| ၁၈။ | **ပဋိစ္စသမုပ္ပါဒ်**<br>ဒါနနဲ့ နိဗ္ဗာန် မရဘူးရတယ်<br>ဤကောင်းမှုကြောင့် သေရပါလို၏ | ၃၇၀ |
| ၁၉။ | **မီး(၁၁)ပါး**<br>မီးတွေကတော့ လောင်နေပြီ<br>ငြိမ်းအောင်ဘယ်လို သတ်ကြမလဲ | ၃၉၆ |
| ၂၀။ | **ရေစက်ချ အမျှဝေဟောစဉ် အဓိဋ္ဌာန်စာတမ်း** | ၄၂၂ |



## နိဗ္ဗာန်ဝင်လမ်း ၇–ရက်စခန်း

# ဟံသာဝတီဟောခဲ့

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ရှေးဦးပြင်ဆင်မှု

ဝိပဿနာ အလုပ်ကို အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်များသည် ဗောဓိပက္ခိယ တရား၌လာသော သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ, ဆိုသည့်အတိုင်း ရှေးဦးစွာ ယုံကြည်သော သဒ္ဓါနှင့် ပြည့်စုံရမယ်၊ ဝီရိယနှင့် သတိမှာ မေတ္တာသုတ် ပါဠိတော်၌ မြတ်စွာဘုရား ဆုံးမတော်မူသည့်အတိုင်း**တိဋ္ဌံ စရံ နိသိန္နော ဝါ သယာနော**ဟူ၍ဟောတော်မူသော ကြောင့် ရပ်သော်၎င်း, သွားသော်၎င်း, ထိုင်သော်၎င်း, လျောင်းသော် ၎င်း, ဣရိယာပုထ် လေးပါးစလုံး မပြတ် သတိရှိရမယ်လို့ ဟောတော်မူသဖြင့်....

**ဥပမာ**-မနေမနား မီးပွတ်သော ယောကျ်ားကဲ့သို့ အားထုတ် ကြရလိမ့် မယ်၊ လှံတိုက်သောယောကျ်ားသည် သစ်တုံးကို မျဉ်းကြောင်း မလွဲအောင် အမြဲကြည့်၍ တိုက်သလို ယောဂီ ပုဂ္ဂိုလ်သည် မိမိ၏နှာသီးဖျားကို အာရုံပိုက်ပြီး မျက်စိ အသာ မှိတ်လျက်

ထွက်သက်လေကို ထွက်မှန်းသိ, ဝင်သက်လေကို ဝင်မှန်းသိပြီး ဖုသန နည်းအတိုင်း လက်မချိုး ပုတီးမစိပ် မရေမတွက် မစဉ်းစားမကြံစည် မတွေးတောဘဲနှင့် ဝီရိယ,သတိ,ကို လက်ကိုင်ထားပြီး ရုပ်ကာယပုထ်လေးပါးစလုံး အမြဲအားထုတ်ရမယ်။

**ပေါဋ္ဌိလမထေရ် နှင့် ရှင်သာမဏေငယ်**

ပေါဋ္ဌိလမထေရ်ကြီးကို သာမဏေငယ် ဆုံးမသည့် အခါ–'အရှင်ဘုရား ကမ္မဋ္ဌာန်းတရားဟာ မခက်ပါဘူး၊ တောင်ပို့တခုမှာ ဂယ်ပေါက်ခြောက်ပေါက်ရှိတယ်၊ ထိုတောင်ပို့မှာ ဖွတ်တကောင် အောင်းနေတာ မိချင်လျှင် ဂယ်ပေါက် ငါးပေါက်ကို အလုံပိတ် တပေါက်ကနေ စောင့်လျှင် မိပါတယ်'လို့ သာမဏေငယ်က လျှောက်ထားတော့- ပေါဋ္ဌိလ, မထေရ်ကြီးက '**ငါ့ရှင်–ငါသိပြီ**' ဆိုပြီး အားထုတ်လိုက်တာ တခဏခြင်းနှင့် အရိယာဖြစ်သွားတယ်၊ ဒါဲဒါ–ဥပမာဘဲ။

ယခုစိတ်ကိုဖမ်းရမှာ စိတ်ထွက်တဲ့တံခါးပေါက်က ခြောက်ပေါက်ရှိတယ်၊ မျက်စိပေါက်, နားပေါက်, နှာခေါင်းပေါက်, လျှာပေါက်, ကိုယ်ပေါက်, မနောပေါက်, ဒါဒွိ–ခြောက်ဒွါရက အမြဲ ထွက်နေတာ၊ ဒါကြောင့် ဒွါရငါးပေါက် အလုံပိတ်ပြီးတော့ တပေါက်ကနေ၍ စိတ်ကိုဖမ်းလျှင် အမှန် **သမာဓိ** ဖြစ်နိုင်ပါဘယ်။

ယခု ၇–ရက် အားထုတ်သော လုပ်ငန်းမှာ ရှေးဦးစွာ သီလဆောက်တည်၍ ၃–ရက် **သမထ**အလုပ်ကို ကြိုးစားလိုက်လျှင် အမှန်ပင်သမာဓိ ရနိုင်ကြပါတယ်။ ၃–ရက် **သမာဓိ** ထူထောင်ပြီးလျှင် ဝိပဿနာသို့ ကူးပြောင်းရမယ်၊ သမထ ၃-ရက် အားထုတ်ပြီးလျှင် ဝိပဿနာသို့ ကူးပြောင်းတဲ့အခါမှာ အောက်ပါအတိုင်းကမ္မဋ္ဌာန်းတောင်းရပါတယ်။

> တုမှာကံ ဘန္တေ ဇီဝိတံ ပရိစ္စဇာမိ။ (၃–ခေါက်။)
> ဘန္တေ–အရှင်ဘုရား၊ တုမှာကံ–အရှင်ဘုရားတို့အား၊ ဇီဝိတံ–အသက်ကို၊ပရိစ္စဇာမိ–စွန့်လှူပါ၏။
> ဘန္တေ သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ မိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ... 

ဘန္တေ-အရှင်ဘုရား၊ သံသာရဝဋ္ဋဒုက္ခတော· သံသရာ ဝဋ်ဆင်းရဲ၏ အပေါင်းမှ၊ မောစနတ္ထာယစ–ထွက်မြောက်ပါရခြင်း အကျိုးငှါ ၎င်း၊

ဗိဇဏ္ဍာယာစ—အတိတ်က ပါလာသော ဝိဇ္ဇာမျိုးစေ့ ရှိခဲ့သော်ရင်း၊ အကယ်၍ ဝိဇ္ဇာမျိုးစေ့မရှိခဲ့သော် ယခုအားထုတ်အပ်သော ကမ္မဋ္ဌာန်းသည် ဝိဇ္ဇာမျိုးစေ့အဖြစ်ဖြင့် မဂ်ဉာဏ်,ဖိုလ်ဉာဏ် နိဗ္ဗာန်ကိုမျက်မှောက်ပြုပါရခြင်း အကျိုးငှါရင်း၊ ကမ္မဋ္ဌာနံ—ကမ္မဋ္ဌာန်းကို၊ယာစာမိ—တောင်းပါ၏။

> ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ တည်းဟူသော သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်း အကျိုးငှါ ဘုရား, တရား,သံဃာ,ဆရာ,မိဘ,ဂုဏဝုဍ္ဍိဝယဝုဍ္ဍိအစရှိသော ပုဂ္ဂိုလ်တို့အားရှိခိုးပါ၏၊ကန်တော့ပါ၏။အတိတ်သံသရာမှစ၍ယခုကျအောင် ပြစ်မှားမိဘူးသော ကာယကံ,ဝစီကံ, မနောကံ, အပြစ်များကို သည်းခံရန် တောင်းပန်ပါ၏၊ ကန်တော့ပါ၏၊ မိမိအပေါ်၌ ပြစ်မှားမိဘူးသော ကာယကံ,ဝစီကံ,မနောကံ အပြစ်များကို သည်းခံပါ၏။

ဤကဲ့သို့ ကန်တော့ပြီးသောအခါ သေချာစွာထိုင်၍ ဒူးပေါ်မှာ လက်တင်လျက် မျက်စိကို အသာမှိတ်ပြီး ဘုရားသခင် ဆုံးမတော်မူသည့်အတိုင်း မိမိစိတ်၌ ဥပမာပြုရမည်မှာ ပကတိသစ်ပင် သစ်ကိုင်းများကို လေတိုက်သည့်အခါ မငြိမ်မသက် လှုပ်ရှားနေတာ တွေ့ရသလို မြဲလို့ လှုပ်သလား မမြဲလို့ လှုပ်သလား စဉ်းစားလျှင် မမြဲလို့ လှုပ်နေတယ်ဆိုတာ အမှန်သိရတယ်၊ ဒါဟာ-ဥပမာဘဲ။

မိမိကိုယ်မှာဆံပင်ကအစခြေဖျားအထိ လောကလူများက ဦးခေါင်းခြေ လက် ကိုယ် စသည်ဖြင့် ခေါ်ဝေါ်နေကြတယ်၊ ဤလို ခေါ်ဆိုတာမှန်သလားဆိုတော့ မမှန်ဘူး၊ **သမုတိသစ္စာ** နယ်ကလူတွေ သမုတ်ပြီးခေါ်နေကြတာ၊အမှန်ကတော့ဖြင့် ရုပ်ချည်းသာလျှင်ဖြစ်တယ်၊ ဆံပင်ကအစ ခြေဖျားအထိ ရုပ်တွေချည်းဘဲ၊ ဘယ်ရုပ်တွေလဲဆိုလျှင်....

အမာခံ ဓာတ်ကြီးလေးပါး ရှိတယ်၊ ပထဝီ, တေဇော, အာပေါ, ဝါယော၊ ဤဓာတ်လေးပါးဘဲ ရှိတယ်၊ ပထဝီဆိုတဲ့ မြေဓာတ်ကမာတဲ့ သဘော နူးညံ့တဲ့ သဘောရှိတယ်၊ တေဇောဆိုတဲ့ မီးဓာတ်က ပူတဲ့ သဘော အေးတဲ့သဘောရှိတယ်၊အာပေါဆိုတဲ့ ရေဓာတ်က ဖွဲ့စည်းတဲ့ သဘော စီးယိုတဲ့သဘော ရှိတယ်၊ ဝါယောဆိုတဲ့ လေဓာတ်က

လှုပ်ရှားတဲ့သဘော ထောက်ကန်တဲ့ သဘော ရှိတယ်၊ အဲဒီ ရုပ်တရားတွေကလွဲ၍ တကိုယ်လုံးမှာ ဘာမျှမရှိဘူး ရုပ်ဘဲရှိတယ်၊ ဒီရုပ်တရားတွေက လောကမှာ ဘာများသိတတ်သလဲဆိုရင် ဘာမျှမသိတတ်ဘူး။

ဥပမာ–တောင်ပို့တခုရှိတယ်၊အဲဒီတောင်ပို့အပေါ်မှာ ပဒေါ်ဖြူမြက်တွေ ပေါက်နေတယ်၊ တောင်ပို့ကလဲ ငါ့အပေါ်မှာ ပဒေါ်ဖြူမြက်တွေ ပေါက်နေတယ်လို့ သိသလားဆိုလျှင် လုံးလုံးမသိဘူး၊ပဒေါ်ဖြူမြက်ကလဲ ငါဟာ တောင်ပို့ပေါ်မှာ နေရတယ်လို့ သိသလားဆိုလျှင် လုံးလုံးကို မသိဘူး၊ ဘာ့ကြောင့် မသိသလဲဆိုလျှင် သူတို့ဟာ ခတ်လေးပါး ရုပ်ချင်းဘဲ ဘာသိမလဲ။

အဲဒီ–ဥပမာလို ဦးခေါင်းကလဲ ခတ်လေးပါးရုပ်၊ ဦးခေါင်းပေါ်မှာ ပေါက်နေတဲ့ ဆံပင်ကလဲ ခတ်လေးပါးရုပ်၊ဒါကြောင့် ဦးခေါင်းကလဲ ငါ့အပေါ်မှာ ဆံပင်တွေ ပေါက်နေတယ်လို့ သိသလား၊ လုံးလုံးမသိဘူး၊ ဆံပင်ကလဲ ဦးခေါင်းပေါ်မှာ တက်ပေါက်နေတယ်လို့ ဆိုတာ သိသလား၊လုံးလုံးမသိဘူး၊ ဘာ့ကြောင့်လဲ ရုပ်ရုပ်ချင်းဘဲ ဘာသိမလဲ။

ဒီလိုဘဲ လက်သည်း ခြေသည်းတွေကို ကြည့်လိုက်အုံး၊ လက်သည်း ခြေသည်းတွေဟာ အသားစိုင် အသားခဲကထွက်လာတယ်၊ ဒါပေမဲ့ လက်သည်း ခြေသည်းကလဲ အသား စိုင် အသားခဲကို မသိဘူး၊ အသားစိုင် အသားခဲကလဲ လက်သည်းခြေသည်းကို မသိဘူး၊ ဘာ့ကြောင့်လဲ၊ ရုပ်ရုပ်ချင်းမို့လို့ မသိတာပေါ့။ ဒါထက်နည်းကပ်တဲ့ အရေထူ အရေပါးကို ကြည့်လိုက်အုံး၊ ထိကပ်နေပေတဲ့ အရေထူကလဲ အရေပါးကိုမသိဘူး၊အရေပါးကလဲ အရေထူကိုမသိဘူး၊ ဘာ့ကြောင့်လဲ ရုပ်ရုပ်ချင်းမို့လို့ မသိကြဘူး၊ အဲဒီအတိုင်းဘဲ ရုပ်မှန်က ဘာကိုမျှ မသိဘူး မှတ်ရမယ်။

ယခု သိတယ်၊ မြင်လို့ သိတယ်၊ ကြားလို့ သိတယ်၊ နံလို့ သိတယ်၊ လျက်လို့ သိတယ်၊ကိုယ်နှင့်တွေ့လို့ သိတယ်၊ကြံလို့ သိတယ်၊ဒါဘာလဲ သိတာ နာမ်ဘဲ၊ အဲဒီတော့ယောဂီများတသက်လုံး မှတ်ထားဘို့က ရုပ်သည်ဘာကိုမျှ မသိဘူး၊နာမ်သာလျှင် သိတယ်၊ဒီရုပ်တရား နာမ်တရားတွေဟာ ကောင်းကင်ကျ မိုးပေါ်ကျ ဒေဝါသိကြား ဗြဟ္မာ ဗိဿနိုး တန်းခိုးကြီးတဲ့ပုဂ္ဂိုလ်တွေ ဖန်ဆင်းလို့ ဖြစ်တာမဟုတ်ဘူး၊ ''ကံ, စိတ်, ဥတု, အာဟာရ''အကြောင်းတရား လေးပါးကြောင့် ဖြစ်ထာ....

ကံကြောင့်ဖြစ်သော ရုပ်,
စိတ်ကြောင့်ဖြစ်သော ရုပ်,
ဥတုကြောင့်ဖြစ်သော ရုပ်,
အာဟာရကြောင့်ဖြစ်သော ရုပ်,

ဤ ရုပ်တရား နာမ်တရားတွေကို မြတ်စွာဘုရားက မမြဲတဲ့ **အနိစ္စ** တရား၊ ဆင်းရဲတဲ့ **ဒုက္ခ**တရား၊အစိုးမရတဲ့ **အနတ္တ**တရားလို့ ဟောထားတယ်၊ ဘုရားဟောတာ ဘယ်တော့မှ မမှားဘူး၊ မလွဲဘူး၊ မှန်တယ်၊ မှန်တာကိုဘယ်လိုသိရမလဲ ဉာဏ်မှသိတယ်၊ဉာဏ်က ဘယ်ကရမလဲ၊ **သမာဓိ**ရှိမှ ရမယ်၊ ဒါကြောင့် ဦးခေါင်းကအစ ခြေဖျားအထိ ရုပ်သာ ရှိတယ်ဆိုတာ အာရုံပြုပြီး ဦးခေါင်းမှ ငယ်ထိပ်နေရာ ဒင်္ဂါးဝိုင်းမျှပမာ ကွက်၍ **သမာဓိ**ကိုခိုင်မြဲစွာထားပြီး ရှု,တွေ့လိမ့်မယ်၊ ဘာနှင့်တွေ့မလဲ ပထဝီဓါတ်နှင့်တွေ့လျှင် နာကျင်ကိုက်ခဲတင်းတင်းကြပ်ကြပ်အုံတုံတုံ ခေါင်းကြီး ကိုယ်ကြီး တွေ့တတ်သည်။ တေဇော ဓါတ်နှင့် တွေ့လျှင် ပူပူအေးအေးနွေးနွေးရှိန်ရှိန်အခိုးထွက်သလို တွေ့တတ်သည်။ ဝါယော ဓါတ်နှင့်တွေ့လျှင် လှုပ်လှုပ်ရွရွဒိတ်ဒိတ် စသည်ဖြင့် တွေ့တတ်သည်။ ဘာကိုဘဲ တွေ့တွေ့ ရုပ်ဘဲဆိုတာ မှတ်ထားပြီး အာရုံ ပြုနေလျှင် တခေါင်းလုံး တကိုယ်လုံး ရုပ်ခဲတ်တွေ ခဏမစဲ တဖွဲဖွဲ ဖြစ်ပျက်၍ ဖေါက်ပြန်ပျက်စီးနေတာ တွေ့လိမ့်မည်။ **သမာဓိ**ကောင်းလျှင် ကောင်း သလို များများ တွေ့တတ်သည်၊ ယောဂီပုဂ္ဂိုလ်မှာ ငါ ဘာဖြစ်ပါလိမ့် မလဲဟု အထင်မှားတတ်သည်။

**သတိပြု**—သူ့သဘော သူဆောင်နေသော ရုပ်သဘောတွေဘဲဟု အမြင် မှန်ကို နှလုံးသွင်း၍ စွဲမြဲစွာအားထုတ်ပါလေ၊သို့သော် တကယ် အမြင်မှန်ကို ကျနံစွာ ပြသနိုင်သောဆရာကောင်းလိုလှပါသည်။ ထိုအခါ ပထမ ဆင်ခြင်တာက **သမ္မသန** ဉာဏ်၊ ရုပ်ကိုတွေ့၍ ဖြစ်မှန်းပျက်မှန်းကိုသိတာက **ဥဒယဗ္ဗယ**ဉာဏ်၊ဥဒယဗ္ဗယဉာဏ် တွေ့တာနှင့် မမြဲတဲ့ **အနိစ္စ** တရား, ဆင်းရဲတဲ့ **ဒုက္ခ**တရား, အစိုး မရတဲ့ **အနတ္တ**တရားကို အမှန်သိပြီဟု မှတ်ယူလေ။

(တကယ် အမှန် သိလိုလျှင် ၇-ရက်နှင့် ပြသ သင်္ချိုးစာ ပေးနေသော ဌာနမှာ တရားဝင်၍ အားထုတ်စမ်းသပ်ပါလေ)။

# ဝိပဿနာခေတ်ခွဲခဏ်း

တရား အားထုတ်ရတယ်ဆိုတာ အခါခပ်သိမ်း ခေတ်နှင့် ကာလ အားလျော်စွာ ဘာဖြစ်လို့ ဒီတရားတော်ကြီးကို အားထုတ်ရသလဲဆို တော့ လူများ၏ စိတ်ဓာတ်မှာ ''ပါပသ္မိံ ရမတီ မနော၊'' မနော-လူ ရောနတ်ပါ သတ္တဝါတို့၏စိတ်ဓာတ်သည်၊ ပါပသ္မိံ-မကောင်းမှု၌၊ ရမ တိ-အခါခပ်သိမ်းမွေ့လျော်ပျော်ပါးတတ်၏၊ မကောင်းတဲ့အာရုံမှာမွေ့ လျော်တတ်တယ်၊ အယုတ်ဆုံးကိုယ်တွေ့ညဏ်မြင်ဥပမာအားဖြင့်''ဇာတိ ပိဋကသာဘဂဝါ အစရှိသော ဘုရား၏ဂုဏ်တော်ကိုးပါးနှင့် ဘုရားရှိခိုး ကြတယ်။ အဲဒီလို ဘုရားရှိခိုးတဲ့ ပုဂ္ဂိုလ်များဟာ မိမိတို့စိတ်က ထိုဂုဏ် တော်၏ အာရုံထဲမှာစွဲမြဲပြီးတော့ နေမယ်ဆိုလျှင် အင်မတန်ကောင်း တယ်၊ သို့သော်ကိုယ်တိုင်သိကြမှာပေါ့၊ နှုတ်တက်ရွရွရနေသည့်အတွက် ကြောင့်'ဇာတိပိဋကသာ'ကိုဆုံးအောင်ရွတ်နိုင်သော်လဲ စိတ်တခြားရောက် တိုင်းရောက်တိုင်း 'ဇာတိပိဋကသာ' ပုဒ်ကိုပြန်ပြန်ပြီးကောက်ဆိုနေရမယ် လို့ဆိုလျှင် တနေ့လုံး တညလုံး ဆိုလို့ ဇာတိပိဋကသာဟာ ဆုံးမှာမဟုတ် ဘူး၊ အဲဒီလို စိတ်ဓာတ်တွေက လေလွင့်နေတာ၊ ဒီစိတ်ဓာတ်ကလေးကို ငြိမ်သက်အောင် မြတ်စွာဘုရား နည်းနာနယည္ဆုန်ကြားခဲ့တယ်၊ သို့သော် ကမ္ဘာအဆက်ဆက်ကလဲ ဒီလိုဘဲ စိတ်ဓာတ်ငြိမ်သက်ဘို့ ဆိုပြီးတော့ သတိပဋ္ဌာန်လုပ်ငန်းနှင့် ဘုရားမပွင့်တဲ့သာသနာပကာလလဲ ရှိတာပေါ့၊ စိတ်ငြိမ်သက်ဘို့ စိတ်၏ငြိမ်သက်မှုရတဲ့ပုဂ္ဂိုလ်ဟာ အင်မတန်အဘိုး တန်တာပေါ့၊ စိတ်ငြိမ်သက်မှုကိုရမှ လောကလိုရာဆန္ဒခရီးကို သွားလို ရာရနိုင်တယ်၊ စိတ်၏ငြိမ်သက်တည်ကြည်မှုကို မရသမျှကာလပတ်လုံး ဘယ်နည်းနှင့်မှ အမှန်အကန်ယထာဘူတ မတွေ့နိုင်ဘူး။

ယခုအားထုတ်တယ်၊ အင်မတန်အရေးပါ အရာရောက်တဲ့ ဝိပဿ နာလုပ်ငန်းကို ပြတယ်၊ ဒီဝိပဿနာ လုပ်ငန်းကို ပြသတဲ့အခါကျ တော့ ဘယ်လောက်ကွယ်ဝှက်တဲ့ သဘာဝခေတ်လဲဆိုတော့ အလွန့် အလွန် သိနိုင်ခဲ့တဲ့တရားပေါ့၊ ရုပ်တရား နာမ်တရားဆိုတာ အလွန် ကို မြင်ခဲ သိခဲ တွေ့ခဲတဲ့တရား၊ ပုထုဇဉ်သာမန် လူသာမန် နတ်သာမန် တို့နဲ့ လုံးလုံးမတန်တဲ့ တရားတဲ့၊ အဲဒီတော့ ဘယ်သူနဲ့ အရင်းစိုက် ယူရသလဲဆိုတော့ စိတ်၏ငြိမ်သက်မှုဆိုတဲ့ သမာဓိနဲ့ အရင်းစိုက်ယူ

ရမယ်၊ ဒီသမာဓိက မလွယ်ဘူး ဘယ်သူနဲ့အားထုတ်မှ ဒီသမာဓိ ရမလဲဆိုလျှင် ဝီရိယနဲ့အားထုတ်ရမယ် သတိမြဲရမယ်၊ ဝီရိယသတိသမာဓိနှင့်ပြည့်စုံတဲ့ ပုဂ္ဂိုလ်၏သန္တာန်မှာသာ အမှန်အကန် ယထာဘူတပညာစခန်းကို ရနိုင်တယ်၊ အဲဒီလို ယထာဘူတ အမှန်ပညာစခန်းကို ရအောင် လွယ်လွယ်နှင့် အားထုတ်မလား မေးတော့ မထုတ်ဘူး အဝိဇ္ဇာ အင်မတန်ကြီးတယ်၊ အဝိဇ္ဇာ၏ကာကွယ်မှုကြောင့် လောက၏ ဒုက္ခ အပြစ် အာဒီနဝကို လုံးလုံးမမြင်ကြဘူး၊ လုံးလုံး အာဒီနဝ အပြစ်တွေကို မမြင်တဲ့ ပုဂ္ဂိုလ်တွေကျတော့ သမုတိသစ္စာနယ်က အပြစ်အာဒီနဝကိုလဲ ပြဘယ်၊ သမုတိသစ္စာနယ်က အပြစ်အာဒီနဝတွေကို မြင်တဲ့အခါကျတော့မှ စားမှုသောက်မှုနေမှုထိုင်မှုလုပ်မှုကိုင်မှုရောင်းမှုဝယ်မှု ကိစ္စ အရပ်ရပ်တွေ အင်မတန် ကြီးလေးတဲ့ ဒုက္ခချည်းဘဲ၊ ဒါဖြင့် ခုကြီးလေးတာတော့ထားအုံး ငါတမလွန်ဘဝသို့ ဧကန်မလွဲတမ်း ပြောင်းရမယ်၊ ဤလိုတမလွန်ဘဝသို့ တကယ်တမ်းအမှန်ပြောင်းရမယ်ဆိုလျှင် ငါတို့သွားရာလမ်းဟာ ဖြောင့်တန်းစွာဟုတ်ပါ့မလား မဟုတ်ဘူးလားလို့ အဲတာ တခါချိန်ရတယ်။

ဒီတော့ ခုဘာကြောင့် ဘာဖြစ်လို့ဝိပဿနာလုပ်ကြသလဲ၊ သောကုန်သောကုန်သောကာလ သဗ္ဗဝါ အနန္တတို့သည် ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးပါးမှာသာ များတယ်လို့ ကျမ်းအစောင်စောင်မှာ ညွှန်ကြား ပြသထားတယ်၊ မိမိတို့ကိုယ်တိုင်လဲ ကြားဘူးနားဝဗဟုသုတရှိလို့ ရတနာသုံးပါးကို ယုံကြည်တဲ့အမျိုးမှာ ဖြစ်လာတာလို့ သိကြရတယ်၊ ရတနာသုံးပါးကို မယုံကြည်တဲ့အမျိုးမှာ ဖြစ်လို့ရှိလျှင် တချို့ တမလွန်ဘဝမှ မရှိဘဲ သေလျှင် သူတို့ကိစ္စပြီးရော ဘာမှမဖြစ်တော့ဘူးဆိုတဲ့ အယူဝါဒ ရှိတဲ့ပုဂ္ဂိုလ်တွေက အနန္တ၊ သေပြန်လျှင် ငါတို့ ဘာမှမဖြစ်သလိုလို တော်၏ရော်၏ အမှုမဲ့အမှတ်မဲ့ နေတဲ့ပုဂ္ဂိုလ်က အနန္တ၊ အဲဒီလို ပုဂ္ဂိုလ်မျိုးတွေကျတော့ ဒီလို တကယ်အစစ် ခုရှိတဲ့ ဝိပဿနာ တရားတွေ အားထုတ်မလား ဆိုတော့ မထုတ်ဘူး။

ဒီတော့ ခုအားထုတ်တယ်ဆိုတာ လွယ်တာမဟုတ်ဘူး၊ တကယ့်ကိုဘဲ မိမိတို့ အတိတ်က ဆည်းပူးခဲ့တဲ့ ပါရမီထူး ကံထူးများရင့်သန်လာကြလို့ အမှန်အကန် ယထာဘူတ ဘုရားသာသနာမှာကြုံလာတဲ့

အတိုင်း သဒ္ဓါသမ္ပတ္တိနဲ့ ပြည့်စုံကြတဲ့အတွက် အားထုတ်ကြတာ၊ အား ထုတ်တဲ့အခါမှာလဲ မလွယ်ဘူးပေါ့၊ ရုပ်တရား နာမ်တရားဆိုတာ ပြောသံသာကြားတာ ရုပ်တရားဟာ၊ ဘယ်လောက် သိမ်မွေ့တယ် ဘယ်လောက်နူးညံ့တယ် ဘယ်လောက်ခက်ခဲတယ်ဆိုတာ မသိဘူး ပေါ့၊ ဘာပြုလို့ မသိကြသလဲလို့ဆိုလျှင် အဝိဇ္ဇာသဘောဘဲ၊ မသိနိုင် ဘူးပေါ့၊ အဲ, ခုယောဂီတွေ အားထုတ်လိုက်တယ်၊ ခန္ဓာကိုယ်တွင်း အဇ္ဈတ္တိကသန္တာန်မှာ အမှန်တကယ်ရှိတဲ့ ရုပ်တရားတွေ တွေ့အောင် ရှာကြစမ်း၊ ဦးခေါင်းကအစ ခြေဖျားအထိ ရုပ်တရားတွေ အမှန်ရှိ တယ်၊ အဲဒီ ရှိတဲ့ရုပ်တွေ ရှာလိုက်စမ်းလို့ ဆိုတော့ ရှာတော့ရှာတယ်၊ ရှာတော့တွေ့ပြီ၊ ဘယ်လိုတွေ့သလဲ ရုပ်တွေ့ပုံက ဒိတ်, ဒိတ်, ဒိတ်, ဒိတ် တွေ့တယ်၊ လှုပ်လှုပ်,လှုပ်လှုပ် တွေ့တယ်၊ ရွရွ,ရွရွ တွေ့တယ်၊ အဲ ပူခြင်း, အေးခြင်း, နာခြင်း, ကိုက်ခြင်း အစရှိသည့်ဖြင့် ဒုက္ခ ဘေးဆိုးတွေနှင့် တွေ့ရတယ်၊အဲဒီလို ဒုက္ခအမျိုးမျိုးတွေ တွေ့တော့ သိမလားတဲ့ သိနိုင်ခဲ သေးတယ် မလွယ်ဘူး၊ ဒါကြောင့် သိအောင်ပြောတော့ ဒီတရားတွေ ဟာ တခြား မဟုတ်ဘူးဟေ့၊ အင်း,နာမှု, ကျင်မှု, ကိုက်ခဲမှုနှင့် ဖြစ်ပေါ် လာတာတွေက ပထဝီဓာတ်တွေ၊ ပူမှု, အေးမှုတွေ တွေ့လာတာက တေ ဇောဓာတ်တွေ လှုပ်မှု, ရွမှု, ကြွမှုတွေ တွေ့လာတာတွေက ဘာလဲ၊ ဝါယောဓာတ်တွေ၊ ဒါ ဩဠာရိကရုပ်ခေါ်တယ်၊ ကြမ်းတမ်းသောရုပ်၊ အဲ ဩဠာရိက, ဖေါဋ္ဌဗ္ဗရုပ်နဲ့ ကာယပသာဒရုပ်နဲ့ တွေ့ကြုံဆုံဆည်းတဲ့ အခါလေးမှ ကာယဝိညာဉ်ဆိုတဲ့ နာမ်ဓာတ်ကလေးက ပေါ်ပေါက် လာတယ်။

အဲဒီတော့ ဒီရုပ်တရားတို့သည် တဘဝ,တဘဝမှာ ဘယ်ကစလာ သလဲဆိုတော့ စုတိပဋိသန္ဓေဆိုတာရှိတယ်၊ စုတိနောင် ပဋိသန္ဓေတဲ့၊ အခု လူတွေသေ နိဗ္ဗာန်မရလျှင် စုတိသေ ချုပ်သွားပြီ၊ စုတိဆိုတဲ့ စိတ္တက္ခဏဟာ ဘယ်လောက် မြန်တယ်ထင်သလဲ၊ မျက်တောင်တ ခတ်မှာ စိတ္တက္ခဏပေါင်း ကုဋေတသိန်းဖြစ်ပြီး ချုပ်တယ်၊ အဲဒီလို မျက် တောင်တခတ် လျှပ်တပြက်မှာ စိတ္တက္ခဏပေါင်း ကုဋေတသိန်းရှိတဲ့ အနက်က စိတ္တက္ခဏတချက်ခန့်မျှ ပမာဏကလေးဟာ စုတိခေါ်တယ်၊ စုတိဆိုတာ သေတာပေါ့၊စုတိဆိုတာ ရုပ်နာမ်ချုပ်သွားတာ၊ အဲဒီမှာ

စုတိရုပ်နာမ်ချုပ်ပြီးတော့ ဘဝင်မခြားဘူး ပဋိသန္ဓေနေရတယ်၊ ပဋိသန္ဓေဆိုတာ တခါထဲ သွားတည်တာဘဲ၊ စုတိနောင်ပဋိသန္ဓေ၊ ဟောဒီကသေရင် ပဋိသန္ဓေဘဲ၊ နေမဲ့ပဋိသန္ဓေက ဘယ်နေရာမှာနေမလဲ၊ ပဋိသန္ဓေက ဘယ်နှစ်မျိုးရှိသလဲ ဥပပါတ် ပဋိသန္ဓေနေတာမျိုး ရှိတယ်၊ အဏ္ဍဇပဋိသန္ဓေ နေတာမျိုးရှိတယ်၊ ဂဗ္ဘသေယျ ပဋိသန္ဓေနေတာမျိုး ရှိတယ်၊ သံသေဒဇ ပဋိသန္ဓေနေတာမျိုး ရှိတယ်၊ သံသေဒဇတို့ ဥပပါတ်တို့ ဆိုတာက ကိုယ်ထင်ရှား တခါထဲဖြစ်တယ်၊ အဲဒါ ဥပပါတ် ပဋိသန္ဓေ ခေါ်တယ်၊ ဂဗ္ဘသေယျက အမိဝမ်းမှာ ပဋိသန္ဓေနေတဲ့ ပုဂ္ဂိုလ်ကျတော့ ကိုယ်ထင်ရှားမဟုတ်ဘူး၊ ဘယ်လိုနေရသလဲဆိုတော့ စုတိနောင် ပဋိသန္ဓေနေတာ၊ ပဋိသန္ဓေစိတ် စိတ္တက္ခဏကလေးဟာ ပဋိသန္ဓေ စိတ်လို့ခေါ်တယ်၊ အဲဒီ ပဋိသန္ဓေစိတ္တက္ခဏလေးဟာ ဘယ်လောက်မြန်တယ် ဆိုတာကိုလေ မှန်းဆပြီးတော့ ကြည့်ပေါ့၊ ပဋိသန္ဓေ စိတ္တက္ခဏသည် ဘယ်လောက်မြန်သလဲဆိုလျှင် မျက်တောင်တခတ်မှာ ကုဋေ တသိန်း ချုပ်တယ်၊ အဲဒီ မျက်တောင် တခတ်မှာ ကုဋေတသိန်းချုပ်တဲ့အနက်က စိတ္တက္ခဏ တချက်ခန့် ပမာဏလေးကို ပဋိသန္ဓေစိတ်လို့ခေါ်တယ်၊အဲဒီပဋိသန္ဓေစိတ်ကလေးဟာ ဘယ့်လောက်မြန်သလဲ တွေးကြည့်။

ဤမျှလောက်မြန်တဲ့ ပဋိသန္ဓေစိတ်ကလေးထဲမှာ ပဋိသန္ဓေစိတ်နဲ့ အတူတကွ ဖြိုင်ပြီးတော့ ရုပ်တရားပါလာတာ၊ ပဋိသန္ဓေစိတ်၊ အဲဒီ ပဋိသန္ဓေစိတ်ကလဲ ဥပါဒ်ရယ် ဌီရယ် ဘင်ရယ် ခဏငယ် သုံးချက်ရှိတယ်၊ ဒီ ပဋိသန္ဓေစိတ္တက္ခဏထဲမှာ ဥပါဒ်ရယ် ဌီရယ် ဘင်ရယ် သုံးချက်၊ ဥပါဒ်ဆိုတာ ဖြစ်စကလေး၊ ဌီဆိုတာ တည်ဆဲကလေး၊ ဘင်ဆိုတာပျက်ဆဲခဏခေါ်တယ်၊ဥပါဒ်,ဌီ,ဘင်၊ ဥပါဒ်ဖြစ်ဆဲ,ဌီတည်ဆဲ,ဘင်ပျက်ဆဲ၊ဒါဥပါဒ် ဌီဘင်ခေါ်တယ်၊ အဲဒီလိုဥပါဒ် ဌီဘင်ဆိုတဲ့ စိတ္တက္ခဏ ခဏငယ်သုံးချက်ထဲမှာ ပဋိသန္ဓေစိတ် ဖြစ်ပေါ်လာတဲ့ အခါ ရုပ်တရားလဲ ပေါ်လာတယ်၊ ရုပ်တရားက ကမ္မဇရုပ် စိတ္တဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်လို့ လေးမျိုးရှိတယ်၊ ကံကြောင့် ဖြစ်သောရုပ်လဲရှိတယ်၊ စိတ်ကြောင့်ဖြစ်သော ရုပ်လဲရှိတယ်၊ ဥတုကြောင့်ဖြစ်သော ရုပ်လဲရှိတယ်၊ အာဟာရကြောင့်ဖြစ်သော ရုပ်လဲရှိတယ်၊ အဲဒီတော့ ကံကြောင့်ဖြစ်သောရုပ်က အဲဒီနေရာမှာ ပဋိသန္ဓေစိတ်၏ ဥပါဒ်ကာလ

ကလေးက ဥပါဒ်၊ ဟို–ပဋိသန္ဓေစိတ်၏ ဥပါဒ်ကာလ ကလေးမှာ တခါထဲ ထို ပဋိသန္ဓေစိတ်၏ ဥပါဒ်နှင့် အတူတကွ ယှဉ်ပြီးတော့ ဖြစ်လာတဲ့ ကမ္မဇကလာပ်သုံးစည်းလို့ ခေါ်တယ်၊ ရုပ်ပေါင်း သုံးဆယ်ရှိတယ်၊ ကမ္မဇကလာပ် သုံးစည်း ရုပ်ပေါင်း သုံးဆယ်၊ အဲဒီ ကမ္မဇကလာပ် သုံးစည်းက ဘယ်သူလဲ ဆိုတော့ ကာယဒသက ကလာပ်, ဘာဝဒသက ကလာပ်, ဝတ္ထုဒသက ကလာပ်ခေါ်တယ်၊ ကာယဒသက ကလာပ်ဆိုတာက ပထဝီ,တေဇော,အာပေါ, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, ဇီဝိတရုပ် တခု, ကာယပသာဒရုပ် တခု, ဆယ်ပါး ရှိတယ်၊ အဲဒါ ကာယဒသကကလာပ် ခေါ်တယ်၊ ဘာဝဒသကကလာပ် ဆိုတာက ပထဝီ,တေဇော,အာပေါ,ဝါယော, ဝဏ္ဏ,ဂန္ဓ,ရသ,ဩဇာ,ပီးတော့မှ ဇီဝိတရုပ်တခု, ဘာဝရုပ်တခု, ဘာဝရုပ်ဆိုတာ ဣတ္ထိဘာဝဖြစ်စေ ပုမ္ဘာဝဖြစ်စေပေါ့၊ အဲဒီဘာဝရုပ်တခု၊ အဲဒါဆယ်ခုရှိတယ်၊ ခုန ဝတ္ထုဒသက ကလာပ် ဝတ္ထုဒသက ကလာပ် ဆိုတာက ပထဝီ,တေဇော,အာပေါ,ဝါယော,ဝဏ္ဏ,ဂန္ဓ, ရသ, ဩဇာ, ရှစ်ခု၊ ဇီဝိတရုပ်တခု, ဟဒယဝတ္ထု ရုပ်တခု, ဆယ်ခု၊ အားလုံး ခုနက ပြောတဲ့ ပဋိသန္ဓေစိတ်၏ ဥပါဒ် ကာလကလေးမှာ အဲဒီ ကမ္မဇရုပ် သုံးစည်းဟာ တပြိုင်ထဲဖြစ်တယ်၊ ပဋိသန္ဓေစိတ်၏ ဥပါဒ်၊ အဲဒီကလဲ ရုပ်တရားက ပထဝီ, အခုနတုန်းက ပြောတဲ့ ကာယဒသက ကလာပ်, ဘာဝဒသက ကလာပ်, ဝတ္ထုဒသက ကလာပ်, ကလာပ်သုံးစည်းဟာ ပဋိသန္ဓေစိတ်၏ ဥပါဒ်နှင့် အတူတကွ ဖြစ်တယ်၊ အလွန် ခဲယဉ်းတာပေါ့၊ ဒါ ဘုန်းကြီးများ စာနဲ့မို့ ပြောနိုင်တာပေါ့၊ ဘယ်သူက လာသိမလဲ။ သို့သော် တကယ်မှတ်သားဘို့ နားလည်ဘို့ ပြန်ပြောပြတာ မှတ်သားဘို့၊

ဒီလူ့ပြည် လူအဖြစ်ရလာတာ ဘယ်နေရာကစပြီးတော့ လူရုပ်တွေဖြစ်လာတယ်ဆိုတာ သိဘို့, အခု, အခု လူ့ပြည်မှာ အမိဝမ်းမှ ဂဗ္ဘသေယျက ပဋိသန္ဓေ နေခဲ့ကြတယ်၊ သူနေ့, ငါနေပေါ့ အကုန်နေလာကြတာ၊ အဲဒီနေလာတဲ့ အခါမှာ အစဦး ပဋိသန္ဓေနေရတာ ပဋိသန္ဓေစိတ်ဥပါဒ်၊ အဲဒီဥပါဒ်နှင့် အတူတကွ ကာယဒသက ကလာပ်, ဘာဝဒသကကလာပ်, ဝတ္ထုဒသကကလာပ်, ကလာပ်သုံးစည်း ရုပ်ပေါင်း သုံးဆယ် တပြိုင်နက် ဖြစ်တယ် အဲဒါ ကမ္မဇကလာပ် ဖြစ်ကရော၊ အဲဒီ

ပဋိသန္ဓေစိတ်၏ ဥပါဒ်ကာလမှာ ကမ္မဇရုပ်ဖြစ်ပြီးတော့ကာ ပဋိသန္ဓေစိတ်၏ဌီကာလမှာ (ပဋိသန္ဓေစိတ် ခုနတုန်းက ဥပါဒ်, ဌီ, ဘင်သုံးချက်လေ၊ဥပါဒ်,ဌီ,ဘင်,စိတ္တက္ခဏာသုံးချက်လဲ အဲဒိဌီကာလကလေးကို စပြီးတော့)ဘယ်သူဖြစ်သလဲဆို ဥတုဇရုပ်ဖြစ်တယ်၊ဥတုဇရုပ် ဥတုဇရုပ်က ဘယ်ကစဖြစ်သလဲ၊ပဋိသန္ဓေစိတ်၏ ဌီကာလက စဖြစ်တယ်၊ ပဋိသန္ဓေစိတ်၏ ဌီကာလက ဥတုဇရုပ် ဖြစ်တယ်၊ ပီးတော့မှ စိတ္တဇရုပ်က ဘယ်က စဖြစ်သလဲ၊ ပဋိသန္ဓေစိတ် ဥပါဒ် ဌီ ဘင် ချုပ်သွားရော၊ ချုပ်သွားပြီးတော့ ဘဝင်ဆိုတာလေး ပေါ်လာတယ်၊ ဘဝင်ကလဲတဲ ဥပါဒ် ဌီဘင်ဘဲ၊ ဥပါဒ် ဌီ ဘင်ဆုံးတော့ စိတ္တက္ခဏတချက် ခဏငယ် သုံးချက်ရှိတယ်၊ အဲဒိဘဝင်၏ ပဌမဥပါဒ်နဲ့ ပြိုင်ဖြစ်တယ်၊ စိတ္တဇရုပ် ဖြစ်တာ၊ စိတ္တဇရုပ် ဖြစ်ကရော၊ ကမ္မဇရုပ်, ဥတုဇရုပ်, စိတ္တဇရုပ် သုံးမျိုးရှိပြီ။

အာဟာရဇရုပ်က, အခု တို့တကာ, တကာမတွေ ပဋိသန္ဓေတည်လာတာ အာဟာရ ဘယ်တုန်းက စ စားမှန်း ကိုယ့်ကိုယ်ကို မသိဘူးပေါ့၊ နဲနဲသိအောင်လဲ မှတ်ချင် မှတ်ထားပေါ့၊ အဲဒိ ပဋိသန္ဓေစိတ်နေရော၊ နေပြီးတော့ တသတ္တာဟ,တသတ္တာဟဆိုတာ ၇ ရက်ကြာတယ်၊ ကလလရေကြည် ၇-ရက်, ကလလရေကြည် ၇-ရက် ပြီးတော့မှ အမြှုပ် ၇-ရက် အဲဒိအမြှုပ် ၇-ရက် ဆိုတော့ တသတ္တာဟ, နှစ်သတ္တာဟ, အဲဒိ နှစ်သတ္တာဟကြာတဲ့ အခါကျတော့ကာ အမိက စားလိုက်တဲ့ ဗဟိဒ္ဓသြဇာဖြစ်တဲ့ ဆွမ်းခဲဘွယ် ဘောဇဉ်, အမိစားလိုက်တဲ့အာဟာရ ဗဟိဒ္ဓသြဇာခေါ်တယ် အဲဒိဗဟိဒ္ဓသြဇာနဲ့ အဇ္ဈတ္တိက ခုနကတုန်းက ပဋိသန္ဓေနေတဲ့ ပုဂ္ဂိုလ်၏ သန္တာန်၊ ပဋိသန္ဓေနေတဲ့ ပုဂ္ဂိုလ်၏ သန္တာန်အတွင်းမှာ ပါလာတဲ့ ကမ္မဇသြဇာ, စိတ္တဇသြဇာ, ဥတုဇသြဇာ, အတွင်း အဇ္ဈတ္တိက သြဇာနဲ့ ဒီက ဗဟိဒ္ဓအမိမျိုစားလိုက်တဲ့ ဗဟိဒ္ဓသြဇာနဲ့ တကိုယ်လုံး ပြန့်နှံ့ပြီးတော့ တည်တဲ့အခါက စပြီးတော့ အာဟာရဇရုပ်ဖြစ်တယ်၊ အဲဒါတွက်ကြည့် တွက်ကြည့်၊ ဘယ်လောက်များ မြန်သလဲဘုရား ဆိုတော့ မြန်တာကို ပြောပြမလို့၊ ပဋိသန္ဓေနေလာတာ ရုပ်စဖြစ်ပုံ, မျက်တောင်တခတ်မှာ စိတ္တက္ခဏာ စပါင်း ကုဋေတသိန်း,ရုပ်ပေါင်း ကုဋေငါးထောင်ကျော် မျက်တောင်တခတ်ကလေးရယ်၊အဲဒါခုနတုန်းကပဋိသန္ဓေစိတ်၏ ဥပါဒ်ပြိုင်ပြီးတော့

ရုပ်တရားတွေ ဖြစ်လိုက်တာဟာ၊ မျက်တောင် တခတ်အတွင်းမှာ ကုဋေ ငါးထောင်ကျော် ပျက်တယ်၊ ရုပ်တွေ ဘယ်လောက်ဖြစ်သွားသလဲ၊ ကုဋေငါးထောင်ကျော် ဖြစ်တယ်၊ အဲဒီတော့ကာ ရွှေးပေါင်း-သောင်းပြည့် အဖြစ်နဲ့အပျက် ဖြစ်ပြီး ပျက်တာဘဲ၊ ပျက်ပေတဲ့ နောက်ထပ် ဖြစ်တာက ပိုများတယ်၊ နောက်ထပ် ဖြစ်တာက ပိုများတော့ တခါတဲ ဒီရေကြည်-၇-ရက်ဟာ တဖြည်းဖြည်း တိုးပွါးတာပေါ့၊ အဲဒီခုပြောတဲ့ ကလလရေကြည်တည်ရတဲ့ ရုပ်ကလေးဟာ စိတ္တဇ ကမ္မဇနဲ့ အတူတကွ ပြိုင်ပြီးဖြစ်တဲ့ ရုပ်ပေါင်းသုံးဆယ်၊ ရုပ်ပေါင်းသုံးဆယ် ကလာပ်သုံးစည်းဟာ ဘယ်လောက်ကြီးသလဲလို့ တို့ဒကာ,ဒကာမတွေ သိချင်ရင်သိချင်မှာပေါ့၊ သိချင်ရင်ပြောပြမယ်၊ မှတ်ထား လွယ်လွယ်ကလေးရယ် ဘယ်တော့မှမမေ့နိုင်ဘူး။

တို့တောင်ကျွန်းသူရဲ့ဆံပင်ကို ဆယ်စိတ် စိတ်၊ တောင်ကျွန်းသူရဲ့ ဆံပင်ကို ဆယ်စိတ် စိတ်တော့ကာ မြောက်ကျွန်းသူဆံပင် တချောင်း ရတယ်၊ မြောက်ကျွန်းသူရဲ့ဆံပင်ဟာ ဘယ်လောက်နူးညံ့တယ်ဆိုတာ ကြည့်စမ်း တောင်ကျွန်းသူဆံပင်ကို ဆယ်စိတ်စိတ် တစိတ်သောအတို့ ခန့်မျှနဲ့ ညီမျှတယ်တဲ့၊ မြောက်ကျွန်းသူဆံပင်ဟာ အင်မတန်သိမ်မွေ့ တယ်၊ အဲဒီသိမ်မွေ့တဲ့ မြောက်ကျွန်းသူရဲ့ ဆံပင်ကို ဆယ်စိတ်စိတ် လိုက်အုံး၊ မြောက်ကျွန်းသူဆံပင်ကို ဆယ်စိတ်စိတ်လိုက်ရင် တစိတ် သောအတို့နှင့် ဇော်သားမွေးတချောင်းနဲ့ ညီမျှတယ်၊ ဘယ်လောက် နူးညံ့သွားလဲဆိုတာ မြင်ရောပေါ့၊ အော် တောင်ကျွန်းသူ ဆံပင်ကို ဆယ်စိတ်စိတ် တစိတ် မြောက်ကျွန်းသူဆံပင်၊ မြောက်ကျွန်းသူဆံပင် ဆယ်စိတ်စိတ် တစိတ် ဇော်သားမွေး၊ ဆိကို အကြိမ်တရာစစ်၊ ဆိကို အကြိမ်တရာစစ်ပြီးတော့ကာ ဟို ခုနပြောတဲ့ ဇော်သားမွေးလေးကို ဆိထဲချ၊ ချပြီးတော့ အကြိမ်တရာ ခါ၊ မှတ်ထားကြနော်၊ အကြိမ်တရာ ခါပစ်လိုက်၊ အကြိမ်တရာ ခါပြီးတော့ မကုန်နိုင်လို့ ဇော်သားမွေး ကလေး အဖျားမှာ ကျန်နေတဲ့ ဆိပေါက်ကလေးကို လက်ဖဝါးကို တို့လိုက် မြင်ကြပါအုံးမလား ကြည့်ကြစမ်း လက်ဖဝါးမှာတို့လိုက်တဲ့ အဲဒါဟာ ပဌမစပြီးတော့ ပဋိသန္ဓေနေတဲ့ရုပ်တွေဘဲ၊ ဘယ်လောက် သိမ်မွေ့တယ်၊ ဘယ်လောက်နူးညံ့တယ်ဆိုတာ၊ နို့ရှိမှရှိပါအုံးမလား ဘုရား၊ ရှိတယ်၊ ပုထုဇန်သာမန် လူသာမန် နတ်သာမန်တို့ မသိဘူး၊

ဘုရားကိုယ်တော်မြတ် ဟောလိုသာလျှင် သိတာ၊ အဲဒါလောက် သိမ်မွေ့နူးညံ့တဲ့ ရုပ်ကလာပ်ကလေးတွေဟာ ခွေးပေါင်းသောင်းပြည့် မျက်တောင်တခတ် လျှပ်တပြက် စိတ္တက္ခဏပေါင်း ကုဋေတသိန်းမှာ ရုပ်ပေါင်း ကုဋေငါးထောင်ကျော် ရုပ်သက်က ဒီလိုကိုး၊ စိတ္တက္ခဏ တဆယ်နဲ့ခုနစ်ချက်၊ ခဏငယ် ငါးဆယ့်တချက်၊ ရုပ်သက်တချက် ဖြစ်တယ်၊ ရုပ်သက်တချက် ရုပ်တခါသေတာဘဲ၊ ဟိုက စိတ္တက္ခဏ ပေါင်းက တဆယ့်ခုနစ်ချက်သေတယ်၊ တဆယ့်ခုနစ်ချက် ၁-၂-၃-၄ စသည် တဆယ့်ခုနစ်ကြိမ် ကျအောင် စိတ္တက္ခဏတွေ သေသေသွား တာ၊ အဲဒီလိုသေပြီးတဲ့နောက် ဟောရုပ်သက်၊ ဒီတော့မှပြိုင်သေတယ်၊ ဘင်နဲ့ပြိုင်ချုပ်တယ်၊ ခုနတုန်းက ဟို ပဋိသန္ဓေစိတ်၏ ဥပါဒ်ကစဖြစ် တဲ့ ကမ္မဇရုပ်သုံးဆယ်ဟာ အဲဒီ စိတ္တက္ခဏ လေး ဥပါဒ် ဌီ ဘင် ဥပါဒ် ဌီ ဘင် အဲဒီလို စိတ္တက္ခဏပေါင်းချည်းဘဲ တဆဲ့ခုနစ်ချက်၊တဆဲ့ခုနစ်ချက် ကြာတော့မှ နောက်ဆုံးဘင်ဆိုတဲ့ အချက်ကလေးနဲ့ ခုပြောတဲ့ ကမ္မဇ ရုပ်သုံးဆယ်ဖြစ်တဲ့ ရုပ်ဟာ တခါထဲချုပ်ပြီးတော့ ပျက်သွားတယ်၊ အဲဒီ နောက်ထပ်ဖြစ်တဲ့ရုပ်တွေက ပဋိသန္ဓေစိတ်၏ ဥပါဒ်မှာဖြစ်တဲ့ရုပ်, ဌီ ကာလမှာဖြစ်တဲ့ရုပ်, ဘင်ကာလမှာ ဖြစ်တဲ့ရုပ်, ဘဝင်မှာ ဖြစ်တဲ့ရုပ် နောက်တခါ ဘဝင်မှာဖြစ်တဲ့ရုပ်,ရုပ်တွေဘယ်လောက်များလာသလဲ။

ဒါကြောင့်မို့လို့ ကလလရေကြည်က နေပြီးတော့ ဘာလဲ, နောက် ၇-ရက်ကြာမှ အမြှုပ်ဖြစ်တယ်၊ နောက်သားတစ်၊ နောက်ခက်မငါးဖြာ ဖြစ်တယ်၊နောက် လက်ခြေစသည်တို့ပေါ်လာတာပေါ့၊တော်တော်ကြာ တော့ ဆံပင် မွေးညှင်းတွေ ပေါ်လာတာပေါ့၊ ဘယ်လောက် မြန်သလဲ လို့ဆိုတာ၊ အဲဒါလောက် လျင်မြန်တဲ့ အတွက်ကြောင့် မျက်တောင်တ ခတ်မှာ ရုပ်ပေါင်း ကုဋေငါးထောင်ကျော်တယ်၊ ဒါကြောင့် နို့ဒီလိုသာ ဖြစ်တာတွေပျက်သွား,ဖြစ်တာတွေပျက်သွားမယ်ဆိုလျှင် အဖတ်တင်ပါ့ မလားဘုရားလို့မေးဘွယ်ရာရှိတာပေါ့၊တင်တာပေါ့တို့ဒကာဒကာမတွေ ကိုယ်တွေ့ မျက်မြင်တရားနဲ့ ကြည့်ပေါ့၊ မြစ်ညာက စီးလာတဲ့ ရေလေ သေသေချာချာကြည့်စမ်း 'နဒီသောတောဝိယ'လို့ ဘုရားဟောတယ်၊ မြစ်ညာကစီးလာတဲ့ ရေဟာ သေသေချာချာ ကမ်းစပ်ကထိုင်ကြည့် နေ တသွင်သွင်စီးနေတာ၊ အဲဒီလိုစီးနေတဲ့ အခါမှာ ရေဟာ ဒီနေရာမှာလဲ မပြတ်ဘူး။ မပြတ်ပေတဲ့ ဒီနေရာမှာ နေရဲလား ဆိုတော့ မိနစ် စက္ကန့်မျှ

မစဲဘူး၊တဖွဲဖွဲရေတွေအစဉ်သွားနေတယ်၊နဲနဲမှဆိုင်းငံ့မနေဘူး၊တမိနစ် တစက္ကန့်မှဆိုင်းမနေဘူး တခါထဲတရွေ့ရွေ့သွားနေတာ အဲဒီလိုရေတွေ ဟာ သွားလဲနေသေးတယ် မပြတ်စီးဆင်းဆင်းနေတဲ့အတွက် ရေဟာ ကိုယ်ကြည့်နေတဲ့အခါမှာ ရေဟာတက်လာတယ်၊ အောင်မယ်ရေဟာ တိုးတိုး လာလိုက်ထာ, တမိုက်က တထွာ, တထွာက တတောင်, တ တောင်က နှစ်တောင်, နှစ်တောင်က လေးတောင် ရေတက်တက်လာ လိုက်တာ, နို့ဒီနေရာမှာ,နေသလား ရေဟာမနေဘူး တခါထဲစီးဆင်း နေတာဘဲ၊ အဲဒီလို ရေတွေတသွင်သွင်စီးဆင်းနေတဲ့ ရေတွေတက်လာ တာ ဘာကြောင့်ပါလိမ့်မလဲလို့ အဲဒီလိုလေးလဲ ဉာဏ်မျှော်ကြည့်စမ်း ပါလား,ဘာဖြစ်လို့ဒီရေတွေဟာတိုးတက်များလာပါလိမ့်မလဲ တသွား ထဲသွားနေတာ ဒီရေတွေဟာ နဲနဲမှလဲနားမနေဘူး အနားအနေမရှိဘဲနဲ့ တကထဲရေတွေတက်လာလိုက်တာ တထွာက တတောင်, တတောင် က တလံ, တလံက နှစ်လံစသည်ဖြင့် ရေတွေအများကြီး တိုးတက်လာ တယ်၊ အေးနောက်ကလာတဲ့ရေက အားကောင်းတာကိုး၊ပျက်တဲ့ရေ ကအားနည်းသွားတယ် နောက်ကလာတဲ့ရေက အားကောင်း၊နောက် ရေက အားကောင်းတော့ တက်လာတာပေါ့။

အခုလဲဘဲ ပဋိသန္ဓေစိတ်၏ ဥပါဒ်နဲ့ပြိုင်ဖြစ်တဲ့ ရုပ်ဟာ စိတ္တက္ခဏာ တဆဲ့ခုနစ်ချက် ခဏငယ်ငါးဆဲ့တချက်ကျရင် ချုပ်သွားတယ်၊ ချုပ် သွားပေမဲ့ကုန်ရောလားဆိုတော့နောက်လာတဲ့ရုပ်ကသူထက်များတယ် အဆင့်ဆင့်ရုပ်ကလာပ်ကလေးတွေကံကြောင့်ဖြစ်သောရုပ်စိတ်ကြောင့် ဖြစ်သောရုပ် ဥတုကြောင့်ဖြစ်သောရုပ် အာဟာရကြောင့် ဖြစ်သောရုပ် တွေက တဖြည်းဖြည်း တိုးတက်တိုးတက်ပြီးတော့များပြားလာတာ တ ကထဲလူကောင်ကြီးဖြစ်လာတယ်၊ တို့ဒကာ တဒကာမတွေ ရုပ်သန္တာန် ကြီးနဲ့ ကွက်ကွက်ကွင်းကွင်း ထင်ပြီးတော့မြင်နေတာဘာလဲ အဲခုပြော တဲ့ ကံ-စိတ်-ဥတု အာဟာရ အကြောင်းတရား လေးပါး ပြုပြင်မှု ကြောင့်ဖြစ်ခြင်းပျက်ခြင်းညီမျှနေကယ်၊တချို့တော့ပိန်လဲမပိန်ဘူး ဝလဲ မဝဘူး ဟောညီမျှနေတယ်၊ အဲဒါ ကံ-စိတ်-ဥတု-အာဟာရ အကြောင်း တရားလေးပါး ပြုပြင်မှုနဲ့ပျက်မှု ညီမျှနေကြလို့ညီနေတာ၊ တချို့ကြည့် စမ်းပါလား ဝလိုက်တာ ဟော-သိပ်ဝလာတာဘဲ ဝတာတော့အသိ သား ဘယ်ကလာမှန်မသိဘူး၊ခုနကပြောတဲ့ ကံ-စိတ်-ဥတု-အာဟာရ

အကြောင်းတရားလေးပါး အထောက်အပံ့အားကောင်းလို့ ဝနေတာ၊ ဝတာပေါ့၊တချို့တော့အောင်မယ်လေး နင်တယ်ပိန်သွားပါလား အင်း ပိန်သွားတယ်ဆိုတာတော့ အသိသားပေါ့၊ဒီရုပ်တွေ ဘယ်ရောက်ကုန်လို့လဲ၊ ဟောဖြစ်တဲ့ ကံစိတ်ဥတုအာဟာရ အကြောင်းတရားလေးပါးတော့အားပေးပါရဲ့၊ ပေးသော်လဲ အားနည်းတယ်၊အားနည်းတဲ့အတွက်ကြောင့်ပိန်သွားတယ်၊ ရုပ်ဟာပိန်သွားတယ်၊ အဲဒါ ဖြစ်တာလဲမသိဘူး ပျက်တာလဲမသိဘူး ဝတာပိန်တာတော့အသိသား၊အဲဒီလောက် အဝိဇ္ဇာအားကြီးတာ၊ခုတော့တို့ယောဂီတွေက အဝိဇ္ဇာတော်ရာထားလိုက်စမ်း၊ အဝိဇ္ဇာသွား အဝိဇ္ဇာခွါ ဝိဇ္ဇာဉာဏ်ကလေးနဲ့အာရုံစိုက်ကြည့်၊ အဖြစ်အပျက်တွေတွေ့လိမ့်မယ်၊ဟောဖြစ်တာကလဲမစဲဘူးပျက်တာကလဲမစဲဘူး မိမိခန္ဓာထဲမှာ မိနစ်-စက္ကန့်မစဲဘူး၊ အဖြစ်အပျက်အသစ်အဟောင်း အမြဲပြောင်းလဲနေတာတွေ့ရာပေါ့၊ ဩော်ဘုရားကိုယ်တော်မြတ်ဒါကြောင့် ဒီလိုဟောတာကိုး၊ဒီလိုဟောတဲ့အတိုင်း တို့အခုသိရတာ ကာယပသာဒ အစ္ဈတ္တသန္တာန်မှာရှိတဲ့ ရုပ်ကလာပ်ကလေးတွေ မိနစ်စက္ကန့်မစဲအောင် အမြဲတမ်းအသစ်အဟောင်း ပြောင်းလဲနေတာ တို့သိနေရပါကလား၊ ဒါဘာပြုလို့သိတယ်ထင်သလဲ၊ မိမိတို့အားထုတ်တဲ့ ဝီရိယ၊ အဲဒီ ဝီရိယ အကြောင်းခံပြီးတော့ သတိမြဲလို့၊ ဝီရိယ သတိအကြောင်းခံလို့၊ သတိမြဲလို့၊စိတ်ခေတ်ကလေးငြိမ်သက်လို့၊ ဝီရိယသတိ သမာဓိနဲ့ ဖြစ်လာတဲ့ အခါကျတော့မှ ဘုရားကိုယ်တော်မြတ်ကြီး ဟောတော်မူတဲ့ စခန်းမှာ ရုပ်ခေတ်နာမ်ခေတ်တွေ တွေ့တာပေါ့၊ အဲရုပ်ခေတ်နာမ်ခေတ်တွေ တွေ့နေပြီ၊ခုနကပြောတဲ့အစဉ်မပြတ်'နဒီသောတောဝိယ'မြစ်ရေအယဉ်ကဲ့သို့ 'ဒီပဇာလာဝိယ'ဆီမီးအလျှံကဲ့သို့ မပြတ်ခန္ဓာကိုယ်ထဲ အသစ်အဟောင်း အမြဲတမ်းပြောင်းလဲဖြစ်ပျက်နေတာ တွေ့ရောမို့လားလို့။

အဲဒီလိုတွေ့နေတော့အာရုံစိုက်ပြီး ဩော်ဖြစ်လိုက်ပျက်လိုက် ဖြစ်လိုက်ပျက်လိုက် အဲဒီလိုဖြစ်ပျက်မစဲကို အမြဲတမ်းသိနေလေ အဖိုးတန်လေ၊ ဘယ်နဲ့လုပ်အဖိုးတန်လာလဲဆိုတော့ ဒီဖြစ်ပျက်ကလေးနဲ့တော့ အဖိုးမတန်ဘူးပေါ့၊ ဖြစ်ပျက်ကိုကြပ်ကြပ်သိလေ ကြိမ်ဖန်များစွာအားထုတ်လေ၊ ဘင်္ဂဉာဏ်အပျက်ကိုမြင် ဘယဉာဏ် ဘေးတွေမြင် အာဒီနဝ အပြစ်တွေမြင်၊ထိုဉာဏ်စခန်းက သမာဓိအားကောင်းလေမြင်လေပေါ့၊ အဲဒီတော့မှ နိဗ္ဗိဒါကငြီးငွေ့၊ အဲရုပ်နာမ်ကြီး ငြီးငွေ့တဲ့အခါကျတော့မှ

မုဒ္ဒိတုကမျှဘာညဏ်က လွတ်ချင်တဲ့ ဗိတ်ပေါ်မယ်၊ အဲဒီလို ပေါ်လာတော့ မိမိတို့ ခုဘဝသံသရာတလျှောက်လုံး ဒုက္ခကြီးရောနဲ့ နေလာခဲ့တာ ဘယ်လိုဥပမာနဲ့ ဆောင်ပြသလဲဆိုတော့ အခုလောကမှာ ရှိတဲ့လူတွေဟာ သံသရာအစမထင်တဲ့ဘဝက လာခဲ့ကြတာပေါ့၊ သံသရာအစမရှိဘူး ဘယ်နေရာက စလာဘယ်မသိဘူး၊အဲဒီလို လာခဲ့ရတဲ့ဘဝပေါင်းဟာ မည့်၍မည်မျှ ဂဏန်းသင်္ချာရေတွက်လို့လဲ မရဘူး၊ အဲဒီလိုလာခဲ့ရတဲ့ ဘဝပေါင်းအနန္တတို့တွင် ဘာနဲ့ဥပမာပုံဆောင်ပြသလဲဆိုတော့ ကူလီလုပ်သားနဲ့ ဥပမာပြတယ်။

ကူလီလုပ်သားဟာ နေ့တွက်စီအောင် တနေ့ တခါ အမြဲလုပ်ရတယ်၊တနေ့တခါလုပ်မှ အဲတနပ်စာ တဝမ်းဝ တခါးလှစားရတယ်၊ အဲနေ့စဉ်မပြတ်လုပ်ရတယ်၊ မလုပ်ရင်မစားရဘူးလေ၊ နေ့စဉ်မပြတ် ထပ်ခါ ထပ်ခါ လုပ်၊ နေ့စဉ်အလုပ်လုပ်နေ့စဉ်စား၊ အဲဒါနေ့လုပ်နေ့စားခေါ်တယ်၊ အဲဒီလိုဆင်းရဲသားကူလီသည် နေ့စဉ်မပြတ် နိစ္စဗဒ်ကူလီအလုပ်နဲ့ ထမ်းရွက်နိုင်လို့သာ အာဟာရကိစ္စစားသောက်ရတယ်၊ အဝတ်အစားတန်ဆာဆင်ရတယ် ၊အိပ်ရာနေခင်းနှင့် နေနိုင်တယ်၊ ဒါဘာလဲကူလီလုပ်ငန်းကို လုပ်ရလို့ပေါ့၊ အကယ်၍ ကူလီအလုပ်ကို သူမလုပ်ရလို့ ဥပမာတခု မမာမကျန်းလို့ အလုပ်အကိုင် မလုပ်နိုင်လို့ရှိရင်ငတ်ဘို့ဘဲရှိတော့ဘယ်၊တခါတဲအဲဒီလောက်ဆင်းရဲဒုက္ခ ပင်ပန်းကြီးစွာ ကူလီလုပ်သား၏ အဖြစ်ကို မြင်သလို-

တို့ဒကာ,ဒကမတွေကို ဘဝ,ဘဝကလဲ ဒီလိုဘဲကူလီလုပ်လာခဲ့ကြတယ်၊;ဘယ်လိုကူလီလုပ်လာခဲ့ကြသလဲ၊ဟောဒီဘဝ လူဖြစ်တယ်၊ ဟိုအတိတ်သံသရာလဲ မျှော်ကြည့်တာပေါ့၊ အခုပစ္စုပ္ပန် လူ့ဘဝရလာပြီ၊ လူ့ဘဝရလာပြန်တော့ နောင်အပါယ်သံသရာ ကျမှာကြောက်နေပြန်ပြီ၊ ကြောက်နေတော့ အသစ်ဆက်ရပြီ၊ အလုပ်လုပ်ရတယ်၊ ဒါနမှုမကင်းနိုင်အောင်လုပ်ရတယ်၊ သီလကိုမကင်းနိုင်ဘူး စောင့်ရတယ်၊ ဘာဝနာအလုပ်ကို မကင်းနိုင်လို့ အားထုတ်ရတယ်၊ ဘာဖြစ်လို့လဲ၊ နောင်အပါယ်သံသရာ ကျမှာကြောက်သေးတာကိုး၊ ဒီတော့အသစ်ဆက်ပေးရတယ်၊ ခုနတုန်းက ကူလီလုပ်သားသည် နေ့စဉ်နေ့စဉ် လုပ်သလို နေ့လုပ်နေ့စားသမား၊ အခုလဲ တဘဝတခါလုပ်ပေါ့၊ တို့ဒကာ

ဒကာမတွေ နောက်နောက်ကလုပ်ခဲ့တဲ့ ဒါနကောင်းသီလကောင်း ဘာဝနာကောင်းကြောင့် လူဖြစ်ထာပေါ့၊ လူအဖြစ်ရလာတော့ နောက်ကပြုခဲ့တဲ့ ကံကောင်းကလေး ထောက်ပံ့လို့ စားရတယ် သောက်ရတယ် ဆီးရတယ် ဝတ်ရတယ် နေရတယ် ထိုင်ရတယ်၊ ဒါ ဘာပြုလို့လဲ နောက်ကအလုပ်လုပ်ခဲ့လို့ပေါ့၊ ခုနကတုန်းက ကူလီလုပ်သား အလုပ်လုပ်လို့စားရသလိုပေါ့၊အဲကူလီလုပ်သားအလုပ်မလုပ်နိုင်လျှင်စုန်းစုန်းမြုပ်အပါယ်သံသရာ သွားပြန်ရော၊ ကဲ–အပါယ်သံသရာ သွားရမယ်။

အဲဒီတော့ ဒီလို နေ့လုပ်,နေ့စား အလုပ်မျိုးနှင့် နေလာတဲ့ ဥပမာကဲ့သို့ ခုလဲ ဒီ ဒါန, သီလ, သမထ,ဘာဝနာကို ဒီလိုချည်းဘဲ ဆက်ကာဆက်ကာ လုပ်နေရမယ်ဆို အင်မတန် ဒုက္ခချည်းဘဲ၊ ဒါဖြင့် ဘယ်နှဲ့လုပ်မလဲ၊ ဟောဒီ ပညာဏ္ဍြေ ရင့်သန်တဲ့ ပုဂ္ဂိုလ် ကျလာတော့ တနေ့လဲ အလုပ်လုပ်တာနဲ့ တသက်လုံး ထိုင်စားရတယ်၊ ဒီတော့ ဘာမှ လုပ်ဘွယ်မရှိတော့ဘူး၊ သူ့မှာ ပစ္စည်းက ပြည့်စုံသွားမှကိုး၊ တနေ့ထဲ အလုပ်လုပ်လိုက်တာနှင့် ကသက်လုံး ဘယ်တော့မှ အလုပ်မလုပ်ဘဲ အေးအေးချမ်းချမ်း ချမ်းချမ်းသာသာ ထိုင်စားရတဲ့ ပုဂ္ဂိုလ်လဲ ရှိသပေါ့၊ အဲဒီလို ပုဂ္ဂိုလ်ကဲ့သို့ ဘုရားသာသနာနှင့် ကြုံလာတဲ့ ဒကာ,ဒကာမများဟာ အခုဘဝ ပင်ပန်းခံပြီးတော့ ပညာဉာဏ်နှင့် အလုပ် လုပ်ကြမယ်ဆိုလျှင် ခုနပြောတဲ့ ဒါနတွေ သီလတွေ ဘာဝနာတွေမှာ ပညာဉာဏ် အကူအညီကလေးနှင့် အလုပ် လုပ်လိုက်မယ်ဆိုလျှင် ဟော, နောင်ဘယ်တော့မှ ဒီလို ဒါနမျိုး ဆင်းရဲခံ၍ မလုပ်ရ၊ ဒီလို သီလမျိုး ဆင်းရဲခံ၍ မစောင့်ရ၊ ဒီလို ဘာဝနာမျိုး ဆင်းရဲခံ၍ မပြုရ၊ နိဗ္ဗာန်တည်းဟူသော အမြိုက်တရားကြီးကို ကွက်ကွက် ကွင်းကွင်း ရသွားမယ်လို့ဆိုလျှင်လေ စိတ်ချပေတော့၊ဒီတဘဝတခါ ပင်ပန်းခံလျှင် နောင် ဒုက္ခအသွယ်သွယ် အန္တရာယ် မတွေ့ရတဲ့ အရပ်ဌာန ဧကန်ရောက်မယ်လို့ ဥပမာပြပါတယ်၊ အဲဒီ ဥပမာလေးလဲ မြင်ဘို့ သိတ်ကောင်းတာပေါ့၊ နေ့လုပ် နေ့စားသမားနှင့် အခုကာလ ဒါနမှု သီလမှု ဘာဝနာမှုကို အတိတ်ကလဲပြု ခုလဲပြု နောင်လဲ ပြုရအုံးမှာဘဲ။

အဲဒီကူလီလုပ်သားနေ့လုပ်နေ့စားသွားသကဲ့သို့ တယောက်တနေ့ထဲ အလုပ် လုပ်လိုက်တာနှင့် တသက်လုံး ဘယ်တော့မှ မလုပ်ရဘဲ

တခါထဲ ထိုင်စားနေရတဲ့ ဥပမာကဲ့သို့ အခု ပင်ပန်းကြီးစွာ ခံပြီးတော့ ဒီလို တကယ်နိဗ္ဗာန်ရောက်ကြောင်းတရား ဘုရားကိုယ်တော်မြတ်ကြီး ထားတော်မူခဲ့တဲ့ နည်းလမ်းအတိုင်း သီလနှင့် ပြည့်စုံအောင် သမာဓိနှင့် ပြည့်စုံအောင် ပညာစခန်း ရုပ်တွေ နာမ်တွေ ယထာဘူတ အမှန်သိလို့ အဲ ခုပြောတဲ့ သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်, ဘင်ဉာဏ်, ဆိုတဲ့ ဉာဏ်စဉ်တွေ တက်ပြီးသကာလ မဂ်ဉာဏ်, ဖိုလ်ဉာဏ်များ ရသွားမယ်ဆိုလျှင် စိတ်ချပေါ့၊ ဘယ်နည်းနှင့်မှ နောင် ဒီလို ပင်ပန်းကြီးစွာ မခံရဘူး၊ အဲဒီလို ပင်ပန်းကြီးစွာ မခံရတဲ့ ဘဝထူး ဘဝမြတ်ကြီးကို ရသွားအောင် ကြိုးစားကြဖို့ အခုဒီက တရားဟောတဲ့ ပုဂ္ဂိုလ်တွေက တိုက်တွန်းတာပေါ့၊ တကယ်အစစ်ကတော့ ဟောတာနှင့်တော့ ပြီးလိမ့်မယ်လို့တော့ မထင်နှင့်အုံး၊ မိမိတို့ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ကလေးနှင့် ကိုယ်တိုင် ကိုယ့်ဝီရိယ ကလေးနှင့် အားထုတ်မှ ရတယ်၊ ဝီရိယ ဘယ်သူ့ဆီကမှ ငှါးယူလို့ မရဘူး၊ သတိ, ဘယ်သူ့ဆီကမှ ဝယ်ယူလို့ မရဘူး၊ သမာဓိ,ဘယ်သူ့ဆီကမှ အပိုင်တောင်းလို့ မရဘူး၊ပညာယထာဘူတကိုယ်တိုင်သိမှကိုယ်တိုင်ခုန်တာ၊အဲဒါကြောင့် 'အတ္တာနမေဝပထမံ၊ ပဋိရူပေနိဝေသယေ'တဲ့ မိမိကိုယ်ကိုသာလျှင် ရှေးဦးစွာ လျောက်ပတ်သော အရာ၌ တည်အောင်လုပ်ရာ၏လို့ ဘုရားဟောတယ်။

> အတ္တာနမေဝ ပထမံ၊ ပဋိရူပေ နိဝေသယေ၊
> အထညမနုသာသေယျ၊ နကိလိသေယျ ပဏ္ဍိတော။
>
> (ဓမ္မပဒ)။

> အတ္တာနမေဝ-မိမိကိုယ်ကိုသာလျှင်၊ပထမံ-ရှေးဦးစွာ၊ ပဋိရူပေ- လျောက်ပတ်သော အကျင့်၌၊ နိဝေသယေ-သွင်းထားရာ၏၊ အထ- ထို့နောက်မှ၊ အညံ-သူတပါးကို၊ အနုသာသေယျ- တိုက်တွန်း ဆုံးမရာ၏၊ ပဏ္ဍိတော- ပညာရှိသောသူသည်၊ နကိလိသေယျ-မညစ်နွမ်းစေရာ။

မိမိကိုယ်ကိုလျောက်ပတ်သောဂုဏ်၌ တည်အောင်ဘယ်သူ့ဆီကမှ အားကိုးလို့ မရဘူး၊ ကိုယ့်ကိုယ်တိုင် အားထုတ်ရမယ်၊ အခုပြောတဲ့ သီလ ဘယ်သူက စောင့်ပေးလို့ ရမလဲ၊ပိုက်ဆံပေးဝယ်လို့လဲ မရဘူး၊ ကိုယ်တိုင်စောင့်ရတယ်၊ သီလစောင့်လို့လဲဘဲ မခဲယဉ်းပါဘူး၊ ကာယ

ကံနဲ့, ဝစီကံလေး ထိန်းရတာဘဲ၊ ကာယကံ, ဝစီကံဆိုတာ ဘာလဲ၊ သူ့အသက် မသတ်ဘူး၊ သူ့ဥစ္စာ မခိုးဘူး၊ သူ့သား အိမ်ယာ မကျူးလွန်ဘူး၊ ဒါလေးဘဲ ဒါ ကာယကံခေါ်တယ်၊ ဝစီကံက မုသား မပြောဘူး၊ ဂုံးမချောဘူး၊ ကြမ်းတန်း ရုန့်ရင်းတဲ့ စကား မဆိုဘူး၊ ပိန်ဖျင်းတဲ့စကား မပြောဘူး၊ အဲဒီ ဝစီကံလေးပါး ပေါင်း ခုနစ်ပါးတဲ့၊ အဲဒီ အကျင့်သီလ ခုနစ်ပါးထဲမှ လုံအောင် မကျင့်နိုင်ဘူး ဆိုလျှင် ဘယ်တတ်နိုင်တော့မလဲ၊ အကျင့်သီလခုနစ်ပါးထဲမှ လုံအောင် မကျင့် နိုင်လို့ရှိလျှင် ဘယ်မှာ အထွင့်အထိပ် အကောင်းအမွန် အမြတ်ဆုံး ရမလဲ မရနိုင်ဘူးပေါ့၊ ဘုရားကိုယ်က မရဘူး ဟောတယ်၊ ဘာဖြစ် လို့လဲ မြတ်စွာဘုရားဟောတာက 'ပုညံဝ သုခံ ဇနေတိ၊ အပုညံ ဒုက္ခံ ဇနေတိ' အဲဒီလိုဟောတယ် ၊ပုညံဝ-ဒါန သီလ ဘာဝနာဟုဆို အပ်သော ကုသိုလ်ကောင်းမှုသည်သာလျှင်၊ သုခံ-လူနတ် နိဗ္ဗာန် သုံး တန်သော ချမ်းသာမြတ်ကို၊ ဇနေတိ-အရေး ပိုင်ပိုင် ဖြစ်စေနိုင်၏။ အဲ ပုညဆိုတဲ့ ကောင်းမှုကုသိုလ် ကိုယ်တိုင်ပြုမှ ကိုယ်တိုင်ခံစားရမှာ၊ 'အပုညံ ဒုက္ခံ ဇနေတိ' အပုညံ တဲ့၊ ပုည, အပုည နှစ်မျိုးရှိတယ်၊ ခုနတုန်းက သီလ, ကာယကံနဲ့ ပတ်သက်တဲ့ သီလ, ဝစီကံနဲ့ ပတ်သက်တဲ့သီလ၊ အဲဒီ သီလလုံတာ ပုညပေါ့၊ ဒီသီလမလုံတော့ အပုညပေါ့၊ ပါဏာတိပါတာ သူ့အသက် သတ်ခြင်းမှမလုံခြုံရင် အပုညပေါ့၊ မုသား ပြောခြင်းမှ မရှောင်ကြဉ်နိုင်ရင် အပုည၊ ရှောင်ကြဉ်နိုင်ရင်ပုညဘဲ၊အဲ ဂုံးချောခြင်းကို မရှောင်ကြဉ်နိုင်ရင်အပုည ရှောင်ကြဉ်နိုင်ရင် ပုည၊ ဖရုသဝါစာ ကြမ်းတန်းတဲ့စကားကို ရှောင် ကြဉ်နိုင်ရင် ပုည၊ မရှောင်ကြဉ်နိုင် အပုည၊ သမ္ဖပ္ပလာပ,အနက်သဒ္ဒါ ကင်းတဲ့စကားတွေ အချင်းချင်းပြောရင် အပုည၊ မပြောဘဲနေပြန်တော့ ပုညပေါ့၊ အဲဒါ ပုည-အပုည ဘုရားဟောတာ၊ ပုညသည် ကောင်းရာ သုခကို ပေးမယ်၊ အပုညသည် မကောင်းကျိုးကို ပေးမယ်၊ အဲဒါလေး စဉ်းစားပေါ့။

အဲဒီတော့ ကို ဒီကပြတဲ့တရားက ဘာပြသလဲ အရပြောတဲ့ ပုညထဲ မှာ ဉာဏ်ဝင်ဘို့ ဉာဏ်ယှဉ်ဘို့,ဉာဏ်ယှဉ်လျှင် ခုနတုန်းက ကုန်သည် တယောက် ပညာဉာဏ် အရည်အခြင်းနဲ့ ပြည့်စုံတဲ့ အတွက်ကြောင့် တကြိမ်,တနေ့တရက် အလုပ် လုပ်လိုက်တာနဲ့ တသက်လုံး ထိုင်စားရ

သလိုပေါ့၊ အခုလဲဘဲ ဉာဏ်ဣန္ဒြေရင့်တဲ့ ပုဂ္ဂိုလ် တနေ့ထဲ အလုပ်လုပ်တာနဲ့ တသက်လုံး စားရသည့်ပမာ အခုဘဝ ပင်ပန်းကြီးစွာခံရပြီးသကာလ ဉာဏ်ဣန္ဒြေရင့်ပြီးတော့ သီလမှုတွေ, ဘာဝနာမှုတွေ, ဒါနမှုတွေ, ကြိုးစားလိုက်မယ်ဆိုလျှင် စိတ်ချပေါ့၊ တခါထဲ အမှန်အထွဋ်အထိပ်ဆိုတဲ့ ကုသိုလ်ကို ရမယ်၊ ဒါစိတ်သာချ, စိတ်သာချ၊ ဘယ်နည်းနဲ့မှ မလွဲဘူး ရနိုင်တယ်၊ အဲ ခုပြောတဲ့ ဉာဏ်ဣန္ဒြေမရင့်တဲ့ ပုဂ္ဂိုလ်ကျတော့ ဒါနလှူလှူ သီလဘဲစောင့်စောင့် ဘာဝနာဘဲလုပ်လုပ် ကူလီလုပ်သားပေါ့၊ တနေ့လုပ် တနေ့စားတဲ့လူပေါ့၊ အဲဒီ တနေ့လုပ်လို့ တနေ့စားရတဲ့ ကူလီလုပ်သား အဟျှင့်မျိုး ကုသိုလ်မျိုး မဟုတ်ဘဲ အခုတခါထဲလုပ် တသက်လုံး စားရတဲ့ ကုသိုလ်မျိုး ရောက်အောင် ဘုရားကြီးက သင်ပေးတာ၊ အဲဒီလို သင်ပေးတဲ့အတွက် ချကြည့်စမ်း ဣန္ဒြေရင့်အောင် ဘာလုပ်သလဲ၊ ဝိရိယ, သတိ, သမာဓိ, ပညာ, ဟော ပညာစခန်းနဲ့ အခု ရုပ်နာမ်တွေအောင်ရှာ၊ တွေ့ပြီ, ဘာတွေတွေ့သလဲ၊ ရုပ်နာမ်တွေ ခန္ဓာငါးပါးတွေ ရုပ်နာမ်တွေ အာယတနတွေ ရုပ်နာမ်တွေ ဓာတ်တွေ့ပေါ့၊ ခန္ဓာ, အာယတန, ဓာတ်ခေါ်တယ်၊အခု ဒကာ, ဒကာမတွေကို ပြလိုက်တဲ့ တရားဟာ ခန္ဓာဆိုလဲ ဒါဘဲ၊ အာယတနဆိုလဲ ဒါဘဲ၊ ဓာတ်ဆိုလဲ ဒါဘဲ။

အချို့ကတော့ ခန္ဓာ, အာယတန,ဓာတ်, စာထဲမှာ ကျက်ထားတာတွေ့ကြတယ်၊ အဲဒီစာထဲမှာရှိတဲ့ ခန္ဓာ, အာယတန,ဓာတ်ဟာ မမှားဘူး မှန်တယ်၊ မှန်ပေမဲ့ မဟုတ်ဘူး၊ နို့ မှန်လျက်သားနဲ့ မဟုတ်ဘူးဆိုတာ အတော်ခက်တာဘဲ၊ဘုန်းကြီးဟောပြတဲ့စကားတွေဟာတချို့အဓိပ္ပါယ် မရှင်းဘူး မမှန်ဘူးလို့ပြောတယ်၊ မမှန်ဘူး မဟုတ်ဘူးလို့ ပြောတော့ ဒါလဲ မဟုတ်ဘူး၊ အခုန ပြောတယ်၊ မှန်တယ်, မဟုတ်ဘူးဆိုတာက အဲဒါမှန်တယ်၊ မှန်တော့အမှန်သား မဟုတ်ဘူး၊ မှန်တော့ မှန်တယ်လေ မဟုတ်ဘူး၊ အဲဒါ ဥပမာနဲ့ပြောမှ နားလည်မယ်၊ ဥပမာ ဘာပြောလဲဆိုတော့ သကြားရေးထားတယ်၊ စာထဲမှာ ရေးထားတယ်၊ သကြားစားကြည့်တော့ ချိုတယ်၊ ဘတ်ကြည့်လေ သူဘတ်ကြည့်လဲ သကြားစား ချိုတယ်, ငါဘတ်ကြည့်လဲ သကြားစား ချိုတယ်၊ မှားသလား မမှားဘူး မှန်တယ်၊ သကြားစား ချိုတယ်ဆိုတာ မမှားဘူး၊ တကယ် ဘတ်ကြည့်တော့ ချိုရဲ့လား မချိုဘူး၊ တကယ့်ကို ဘတ်ကြည့်လေ မချို

ဘူး၊ စိတ်ထဲက ကြိုကြည့်ပါ သကြားစား ချိုတယ်၊ ကြိုစမ်း မချိုဘူး၊ တကယ့် သကြားကို စားကြည့်မှ ချိုတာ။

အဲဒါကြောင့် ခုနကတုန်းက စာနဲ့ရေးထားတာ မှန်တယ်၊ ဘာဖြစ်လို့လဲ ခန္ဓာငါးပါး,ရူပက္ခန္ဓာ,ဝေဒနာက္ခန္ဓာ,သညာက္ခန္ဓာ,သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ, ပေါင်းတော့ ခန္ဓာငါးပါး၊ မမှားဘူး မှန်တယ် မဟုတ်တာ တခုဘဲ ရှိတယ်၊ အာယတန ဘတ်ကြည့် လိုက်အုံးမလား၊ စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, မနာယတန, ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန, ဓမ္မာယတန, အာယတန တဆဲ့နှစ်ပါး မှန်တာပေါ့၊ မမှားဘူး ဒါမှန်တယ်၊ ဓာတ် တဆဲ့ရှစ်ပါးကော စက္ခုဓာတ်, သောတဓာတ်, ဃာနဓာတ်, ဇိဝှါဓာတ်, ကာယဓာတ်, မနောဓာတ်, ရူပဓာတ်, သဒ္ဒဓာတ်, ဂန္ဓဓာတ်, ရသဓာတ်, ဖောဋ္ဌဗ္ဗဓာတ်, ဓမ္မဓာတ်, စက္ခုဝိညာဏဓာတ်,သောတဝိညာဏဓာတ်,ဃာနဝိညာဏဓာတ်,ဇိဝှါဝိညာဏဓာတ်,ကာယဝိညာဏဓာတ်,မနောဝိညာဏဓာတ် ဓာတ်တဆဲ့ရှစ်ပါး ရေးထားတာ မှန်တယ်၊ မှန်ပေမဲ့ မဟုတ်ဘူး၊ အဲဒီ ခုရွတ်ပြတဲ့ ခန္ဓာငါးပါး,အာယတန တဆဲ့နှစ်ပါး, ဓာတ်တဆဲ့ရှစ်ပါးက စာထဲမှာရှိတာ၊ ဝိပဿနာနဲ့ လုံးလုံးမစပ်၊ ဘယ်လိုနည်းနဲ့မှ ဝိပဿနာ ရှုလို့မရဘူး၊ စာထဲသွားရှုနေ ဘယ်တော့ရမလဲ၊ ဤဘဝ, ထိုဘဝ, ဘယ်တော့မှမရဘူး၊ ဒီခန္ဓာတွေ, အာယတနတွေ,ဓာတ်တွေကို စာထဲမှာ ရှုနေ, ရှုချင်တိုင်းရှု၊ မော သေရုံသာ သေရမယ်၊ ဘယ်တော့မှ ဝိပဿနာ မရဘူး။

အခုယောဂီများရှာရတဲ့ခန္ဓာ,အာယတန,ဓာတ်ကမှဝိပဿနာအစစ်၊ ဘာဖြစ်လို့လဲ၊ အခု ခန္ဓာထဲမှာ အာရုံစိုက်လိုက်စမ်း ဦးခေါင်းကစ ခြေဖျားအထိ တွေ့လိမ့်မယ်၊ ဘာတွေ့မလဲ ရှိန်ရှိန်သုတ်သုတ် လှုပ်လှုပ်ရွရွ တွေ့မှာပေါ့၊ ဟော–တွေ့ပြီ, တွေ့ပြီ ရှိန်ရှိန် ရှိန်ရှိန်နဲ့ ပွေ့ပြီ၊ ပူတာလေ၊ အေးစက် အေးစက်နဲ့ တွေ့ဘယ်၊ ပူတာတွေ, အေးတာတွေ၊ လှုပ်လှုပ်ရွရွ တွေ့တာတွေ, တွေ့ပြီ၊ ဟာ–တွေ့နေတာ ဖောဋ္ဌဗ္ဗဓာတ် ခေါ်တယ်၊ ပထဝီဓာတ် ဖောဋ္ဌဗ္ဗ, ဝါယောဓာတ်ဖောဋ္ဌဗ္ဗ, တေဇောဓာတ် ဖောဋ္ဌဗ္ဗ, ဓာတ်သုံးပါး ရှိဘယ်၊ ဒါ ဖောဋ္ဌဗ္ဗ ဓာတ်ချည်းဘဲ၊ ခုပြောတာ အဲဒီ ဖောဋ္ဌဗ္ဗဓာတ်က ဘယ်သူနဲ့ တွေ့သလဲ၊ တွေ့တော့

ကာယပသာဒ ရုပ်နဲ့မှ တွေ့ကောင်းတာ မျက်စိနဲ့ သွားမကြည့်နဲ့ ဘယ်တော့မှ မတွေ့ဘူး၊ ဒီ ဖေါဋ္ဌဗ္ဗခေတ်ကို မျက်စိနဲ့ ဘယ်အခါမှ မမြင်ကောင်း၊ ဖေါဋ္ဌဗ္ဗခေတ်ကို နားနဲ့ ဘယ်အခါမှ မကြားကောင်း၊ ဖေါဋ္ဌဗ္ဗခေတ်ကို နှာခေါင်းနဲ့ ဘယ်အခါမှ မသိ၊ ဖေါဋ္ဌဗ္ဗခေတ်ကို လျှာနဲ့ ဘယ်အခါမှ မသိ၊ ဖေါဋ္ဌဗ္ဗခေတ်ကို မနောနဲ့ ကြံသ၍လဲ မသိ၊ ဖေါဋ္ဌဗ္ဗခေတ် ဘယ်သူသိသလဲ၊ ကာယပသာဒမှ သိတယ်၊အဲ ကာယပသာဒက အပ်နဲ့ထိုးဆွနာကျင်တတ်တဲ့ တကိုယ်လုံး ကိုယ်မှာပြန့်နှံ့နေတယ်၊ အဲဒါ ကာယပသာဒရုပ်ခေါ်တယ်၊အစစ်ဘဲ၊ဒါရုပ်အစစ်ဘဲ၊အဲဒီကာယပသာဒ ရုပ်နဲ့ ဟိုက အစ္ဆတ္တအတွေ့ ဖေါဋ္ဌဗ္ဗရုပ်နဲ့တွေ့ပြီ၊ တွေ့တော့ ဘယ်သူက သိလဲ ဝိညာဉ် ခြောက်ပါး ရှိတယ်၊ စက္ခုဝိညာဉ် သောတဝိညာဉ် ဃာနဝိညာဉ် ဇိဝှါဝိညာဉ် ကာယဝိညာဉ် မနောဝိညာဉ် သိလုံး ခြောက်ခု ရှိတယ်၊ အဲဒီ သိတတ်တဲ့ ဝိညာဉ်ခြောက်ပါးထဲက စက္ခု ဝိညာဉ်လဲ မသိဘူး၊ သောတဝိညာဉ်လဲ မသိဘူး၊ ဃာနဝိညာဉ်လဲ မသိဘူး ဇိဝှါဝိညာဉ်လဲ မသိဘူး မနောဝိညာဉ်လဲ မသိဘူး၊ဘယ်သူသိ သလဲ ကာယဝိညာဉ်ဆိုတဲ့ နာမ်တရားလေးမှ သိတယ်မှတ်ထား၊ အဲဒီ ကာယပသာဒရုပ်နဲ့ ဖေါဋ္ဌဗ္ဗရုပ်နဲ့ ပေါင်းဆုံမိတဲ့အခါ ကာယဝိညာဉ် ဆိုတဲ့ နာမ်မှသိတယ်၊ အဲ ကာယဝိညာဉ်နဲ့ သိပြီ။

အဲဒီလိုကာယဝိညာဉ်ဆိုတဲ့ နာမ်တရားလေးက သိတာနဲ့တပြိုင်နက် ခုနမြတ်စွာဘုရားဟောတော်မူတဲ့ ခန္ဓာငါးပါးလဲ တွေ့ပြီ၊ အာယတန လဲတွေ့ပြီ, ခေတ်လဲတွေ့ပြီ,ဘုရားဟောတဲ့အတိုင်း၊ ဟော ဒကာဒကာမ တွေကပြောခုံးမှာပေါ့၊ ဟင်,တပည့်တော်တို့ တွေ့တာကတော့ ရှိန်ရှိန် သုတ်သုတ် လှုပ်လှုပ်ရွရွဘဲ တွေ့တယ်၊ ရှိန်တာ လှုပ်တာ ရွတာ,ပူတာ, အေးတာ, နာတာ ကျင်တာ ကိုက်တာ ခဲတာ ဒါဘဲတွေ့တယ်၊ ပထဝီ, တေဇော, ဝါယောဆိုတဲ့ ခုနပြောတဲ့ ခန္ဓာအာယတနခေတ်တွေ မတွေ့ ဘူးလို့ပြောခုံးမှာပေါ့၊အင်းမသိရင် ပြောနိုင်တာပေါ့၊ဘုန်းကြီးကပြော ပြမယ်လေ ခန္ဓာ, အာယတန,ခေတ်ကိုမှတ်ထားပေါ့၊ခုနတုန်းက ကာယ ပသာဒရုပ်ကယ်,ရှိန်ရှိန်သုတ်သုတ် လှုပ်လှုပ်ရွရွဆိုတဲ့ ဖေါဋ္ဌဗ္ဗရုပ်ကယ် အဲဒီရုပ်ဟာရူပက္ခန္ဓာအစစ်ဘဲ၊ဘယ်သူ့ဆီကိုသွားမေးမေး ဘယ်ကိုသွား ရှာရှာ, စာအုပ်ထဲမှာလှန်ကြည့်ကြည့်, ဒါရူပက္ခန္ဓာအစစ်ဘဲ, ရုပ်နှစ်ဆဲ့ ရှစ်ပါး ရူပက္ခန္ဓာလို့ ဟောထားတယ်၊ အဲဒါ ရုပ်အစစ်ပေါ့ ရုပ်အစစ်

ရူပက္ခန္ဓာပေါ့၊ အဲဒီရုပ်အစစ် ရူပက္ခန္ဓာရတော့ကာ ထိုရုပ်တရား သူတို့ နှစ်ခုပေါင်းဆုံမှသိတာဝိညာဉ်၊နာမ်ဆိုတာ ဒကာမကြီးတွေက အောက်မေ့မယ် တချို့က နာမ်ဟာ တသက်လုံးရှိတယ်ထင်ကြမယ်၊ မရှိဘူးနော် နာမ်တရားဟာ အင်မတန်လျင်မြန်တဲ့အတွက်ကြောင့် ဒေါက်ချောက်ကြီးဖြစ်နေတယ် ထင်တာ ဥပမာနှင့် မြင်အောင်ကြည့်။

**ဥပမာ**-တို့မီးခြစ်ဆံလေ မီးခြစ်ဆံလေးရှိတယ်၊ မီးခြစ်ကာပတ်ရှိတယ်၊ အဲဒီကာပတ်နှင့် မီးခြစ်ဆံ ဒီနှစ်ခု ဘယ်အထဲမှာမီးရှိသလဲ,ဘယ်အထဲမှာမှမီးမရှိဘူး၊မီး, သေသေချာချာကြည့် ဘယ်အထဲမှာမှ မီးမရှိဘူး၊သူတို့နှစ်ခု ထိလိုက်စမ်း၊ ဖွဲဆိုမီးပေါ်လာတယ်၊ အဲဒီမီးဟာ တကယ်ရှိတယ်၊ ဘယ်အခါမှာ ရှိသလဲဆိုတော့ ခုနတုန်းက မီးခြစ်နှင့်မီးခြစ်ဆံကာပတ် ယမ်းနှင့်တွေ့ထိတဲ့အခါလေးမှာ ဘွားကနဲပေါ်လာတယ်၊ အဲဒီမီးဟာ ဘယ်မှာနေသလဲ၊ လိုက်ရှာစမ်း မရှိဘူး၊ ဒီမီးဘယ်မှာနေသလဲ မရှိဘူး၊အကြောင်းရှိမှပေါ်လာလို့ရှိတာ၊ အဲဒီမီးခြစ်ဆံနှင့် မီခြစ်ယမ်း ထိလိုက်တဲ့အခါမှာ မီးပေါ်လာတဲ့ ဥပမာကို မြင်သလို–

အခု နာမ်တရားဆိုတဲ့ အသိတရားကလေးဟာ ချက်ခြင်းထိခိုက်မှ ပေါ်လို့ သိတယ်လို့မှတ်ကြ၊ ခုကာယပသာဒရုပ်နှင့် ဖောဋ္ဌဗ္ဗရုပ်မထိသေးလျှင်လေ အိ–ကာယဝိညာဉ်က သိဘို့အနားတောင်မကပ်နိုင်ဘူး၊ မသိဘူး၊ ကိုင်းဒါတွင်လား ဟော-မျက်စိမှာ စက္ခုဝိညာဉ်လို့ဆိုတာ ရှိတယ်၊ စက္ခုပသာဒရုပ်နဲ့ ရူပါရုံရုပ် မထိခိုက်ဘဲသာဖြင့် စက္ခုဝိညာဉ် ဆိုတဲ့ သိလုံးကလေး ပေါ်မယ်များထင်သလား၊ ဤဘဝ,ထိုဘဝ ဘယ်တော့မှ မပေါ်ဘူး မျက်စိမှိတ်ထားစမ်း၊ ဟော-ဝိညာဉ် မရှိတော့ဘူး၊ မျက်စိပေါက်က ဝိညာဉ်ကို မပေါ်တော့ဘူး၊ ဘယ်မှာနေသလဲ၊ ဘယ်မှာနေတယ်လို့ကို မပြောနိုင်ဘူး၊ ဟော-ဖွင့်လိုက်စမ်း၊ ရူပါရုံနှင့် ဒက်ကနဲတွေ့,ဝိညာဉ်က ဖြတ်ခနဲ့ဆို ဖြစ်လာတာဘဲ၊ အဲကာလအားလျော်စွာ စက္ခုပသာဒရုပ်နှင့် ရူပါရုံရုပ် ပေါင်းဆုံထိခိုက်တဲ့ အခါ ကလေးမှာ အခိုက်အတန့်ကလေး ဝိညာဉ်က ဘွားကနဲပေါ်လာတယ်၊ အဲဒီနာမ် ဘယ်လာ ရမလဲ၊ မရှိတော့ဘူး သေသွားပြီ၊ တခါတည်းချုပ်ပျောက်

သွားတာဘဲ၊ အဲမျက်စိမှိတ်ထား၊ မျက်စိပေါက်က ဝိညာဉ်ဘယ်တော့မှ မလာဘူး၊ ကန်းနေတော့ တသက်လုံး ဘယ်တော့မှမလာဘူး ပြီးရော။

ပြီးတော့ နားကကော အသံမရှိသမျှ နားပေါက်က ဘယ်တော့မှ ဝိညာဉ်မပေါ်ဘူး၊ နားနှင့် အသံနှင့် ထိခိုက်တဲ့အခါမှာ သောတဝိညာဉ် ကလေး ဘွားကနဲပေါ်လာတယ်၊ အဲဒီဝိညာဉ်ကလေးဟာ အဲ နားကန်း နေတဲ့သူ ဒီဘဝ, ထိုဘဝ ဘယ်တော့မှ မပေါ်တော့ဘူး၊ ဘယ်တော့မှ နားပေါက်က ဝိညာဉ်မရှိတော့ဘူး၊ အဲ ဝိညာဉ်ဆိုတာ နာမ်ခေါ်တယ်၊ နာမ်တရားကလေးပေါ့၊ နှာခေါင်းကလဲ ဒီလိုဘဲ၊ နှာခေါင်းဟာ ဘယ် လောက်ရှိရှိ အနံ့နှင့်မတွေ့သမျှတော့ ဝိညာဉ်မပေါ်ဘူး၊ အနံ့ကလေးပေါ် လိုက်စမ်း၊ အကြော်အလှော်တို့ အပုပ် အသိုး အနံ့တို့ စသည်ဖြင့် နှာခေါင်းနဲ့လာထိလိုက် ဘွားကနဲဆို ဝိညာဉ်ကလေး ပေါ်လာတယ် အဲဒါ နာမ်တရားခေါ်တယ်သိလား၊ ကိုင်း နှာခေါင်းကျိုးနေတယ် ဖွတ် စအိုရ် စွဲနေတယ်၊ ဘယ်တော့မှ အနံ့မပေါ်တော့ဘူး၊ဝိညာဉ် ဘယ်တော့ မှ မပေါ်ဘူး၊ လျှာအပေါက်ကလဲ ဒီလိုဘဲ၊ လျှာအရှိသားပေါ့၊ ဇိဝှါ ပသာဒရုပ် လျှာရှိတယ်၊ရသာရုံမရောက်သမျှ ဇိဝှါဝိညာဉ်ဘယ်တော့မှ မပေါ်ဘူး အဲဒါ မှတ်ထားပေါ့။

အဲဒီ ကာယပသာဒရုပ် ရှိတယ်၊ ဖေါဋ္ဌဗ္ဗရုပ်ရှိတယ်၊ သူတို့နှစ်ခု မပေါင်းဆုံဘဲကိုကာယဝိညာဉ်မပေါ်ဘူး၊အဲဒါနာမ်တရားဟာဘယ်မှာမှ မရှိဘူး မှတ်ထားကြနော်၊ ရုပ်တရား ဘယ်မှာရှိတယ်ဆိုဘာ တည်ရာ ဌာန ပြီးတော့မှပြမယ်၊ အဲဒီတော့ နာမ်တရားကလေးက အသိုလိုသူဘို့ ကာယပသာဒရုပ်နှင့် ဖေါဋ္ဌဗ္ဗရုပ် ထိခိုက်တဲ့အခါကလေးမှ ပေါ်ပေါက် လာတာ၊ ဥပမာကချက် ဘယ်ကိုပြသလဲ ဆိုတော့ ကောင်းကင်မှာ လက်တဲ့ လျှပ်စစ်ရောင်နှင့် ဥပမာပြတယ်၊ ကောင်းကင်မှာလက်တဲ့ လျှပ်စစ်ရောင်ဟာ တို့အားလုံး မြင်ကြဘာပေါ့၊ လျှပ်စီးလက်တယ် ဟော့ လျှပ်စစ်လက်တယ်ဟော့ဆိုတာ ဘယ်မှာနေသလဲ ဒီလျှပ်စစ်မရှိ ဘူး လက်ပြီးပျောက်သွားတာဘဲ၊ လက်ပြီးပျောက်သွားတာဘဲ မရှိဘူး၊ ခတ်ချင်းထိခိုက်တဲ့ အခါကလေးမှာ ဘွားကနဲ ပေါ်လာတယ်၊ ဒီလို ဘဲ ကာယပသာဒရုပ်နှင့် ဖေါဋ္ဌဗ္ဗရုပ် ထိခိုက်တဲ့ အခါမှာ ကာယ ဝိညာဉ် နာမ်ခတ်ကလေး ဘွားကနဲ ပေါ်လာတယ် ဒါနာမ်တရား ကလေးပေါ့။

အဲဒီ နာမ်တရား ကလေးဟာ တယောက်ထဲ မဟုတ်ဘူး၊ ဒကာ, ဒကာမတွေက အမှတ်တမဲ့မို့လို့ ပရိယတ္တိဂုဏ်နှင့် မပြည့်စုံ၊ ပရိယတ္တိလဲ မသိတော့ မသိဘူးပေါ့၊ သိတဲ့လူက ပြောတော့ သိရောပေါ့၊ ''ကာလေန ဓမ္မသဝနံ'' မင်္ဂလာနှင့် တိုက်ဆိုင်မိတော့ ခုဝိညာဉ်ဆိုတဲ့ သိလုံးကလေးဟာ တယောက်ထည်းမဟုတ်ဘူး ကိုယ်ပိုင်ဉာဏ်နှင့် ကြည့်၊ရှိန်ကနဲလို့တွေ့လိုက်တယ်၊ ယောဂီ အဲဒီ ဝိညာဉ်က ရှိန်မှန်းသိတယ်၊ အဲဒီ ရှိန်တဲ့ အရသာကလေး ခံစားတဲ့ ဝေဒနာပါတယ်၊ သေသေချာချာကြည့်၊ ဝေဒနာပါတယ်၊ အဲဒါ ဝေဒနာက္ခန္ဓာခေါ်တယ်၊ လှုပ်ကနဲဆို တွေ့လိုက်တယ်၊ လှုပ်တဲ့အရသာခံစားတဲ့ ဝေဒနာ တခါတည်းပါလာတယ်၊ အဲဒါဝေဒနာက္ခန္ဓာပေါ့၊ အဲ ကျင်လိုက်တာ အမယ်လေးနာလိုက်တာ ကိုက်လိုက်တာဆိုတာ နာကျင်ကိုက်ခဲတဲ့ ဝေဒနာတွေပေါ့၊ အဲဒီဝေဒနာတွေဟာ ခုနတုန်းက သိလုံးဝိညာဉ်ထဲမှာ အတူပါလာတယ် အဲဒါဝေဒနာက္ခန္ဓာခေါ်တယ်၊ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ မှတ်မိရောပေါ့၊ အဲဒီ သိလုံးကလေးကို နာတယ်သိသိ, ကျင်တယ်သိသိ၊ လှုပ်တယ်ဘဲသိသိ, ပူတယ်ဘဲသိသိ, လှုပ်သမျှမှတ်မိတာဘဲ၊ အဲဒီ မှတ်မိတဲ့တရားကလေး ဘာလဲဆိုတော့ သညာက္ခန္ဓာ ခေါ်တယ်၊ သညာဆိုတာ မှတ်တတ်တဲ့ သဘော၊ ဒါ သညာက္ခန္ဓာလို့ ခေါ်တယ်၊ စာအုပ်ထဲက သညာက္ခန္ဓာ မဟုတ်ဘူး၊ ယောဂီတွေ ကိုယ်တိုင် မှတ်မိတဲ့ သညာက္ခန္ဓာ ပြောတာ၊ စာအုပ်ထဲက သညာက မှားသလားဆိုတော့ မမှားဘူး၊ မမှားပေမဲ့ မဟုတ်ဘူး၊ ယောဂီ မှတ်မိတဲ့ သညာကမှ မှန်တယ်၊အစစ်ဘဲ ဒါ, စာအုပ်ထဲက သညာက္ခန္ဓာ မဟုတ်ဘူး၊ မှန်တော့မှန်တယ်၊ ရေးထားတာ မှန်တယ်၊ မှန်ပေတဲ့ကို ခုပြောတဲ့ ယောဂီသိတဲ့ သညာက္ခန္ဓာလောက် မမှန်ဘူး၊ သညာက္ခန္ဓာက ယောဂီသိတဲ့ သညာက္ခန္ဓာက မှတ်ပြီး ပျောက်သွားတာကို ယောဂီမှာ ပူကနဲလို့ မှတ်လိုက်တယ်၊ ပျောက်သွားပြီ၊ နောက်တခါ ပူကနဲ့ အဆင့်ဆင့် ဟောဒါကြောင့် ဖြစ်ပျက်မစဲ ဟော ယောဂီကိုယ်တိုင်သိတဲ့ သညာက္ခန္ဓာက ဖြစ်ပျက်မစဲ၊ယောဂီကိုယ်တိုင်သိတဲ့ ဝေဒနာက္ခန္ဓာက ဖြစ်ပျက်မစဲ၊ စာအုပ်ထဲက ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာက ဘယ်မှာ ဖြစ်ပျက်ရှိလို့လဲ မရှိဘူး၊ နို့မှားသလား မမှားဘူး၊ မမှားပေမဲ့ ဟုတ်ကိုမဟုတ်ဘူး။

ဇူဋ္ဌာသယ ၁၈၄–၄

ကိုင်းပြီးတော့မှ ယောဂီကိုယ်တိုင် စေတနာကလေးနဲ့ ဒီလိုတရှိန်ရှိန် တသုတ်သုတ် တလှုပ်လှုပ် တရွရွ ရုပ်နာမ်သိဘို့ရာ စေ့ဆော် ကြောင့်ကြတဲ့ စေတနာကလေးမပါဘူးလား, ပါတယ်၊ အဲဒီစေတနာကလေးဟာ သင်္ခါရက္ခန္ဓာလို့ခေါ်တယ်၊ ယောဂီသိတဲ့ သင်္ခါရက္ခန္ဓာကအမှန်၊ စာအုပ်ထဲက သင်္ခါရက္ခန္ဓာက မှန်တော့မှန်တယ်၊ မဟုတ်ဘူး၊ ဘာပြုလို့လဲ အနိစ္စမှမသိဘဲ၊ ဒုက္ခလဲမသိ၊ အနတ္တလဲမသိ၊ ဖြစ်ပျက်လဲ မသိဘူး၊ ယောဂီသိတဲ့ သင်္ခါရက္ခန္ဓာက ဖြစ်ပျက်သိတယ်၊ အနိစ္စ သိတယ်၊ ဒုက္ခသိတယ်၊ အနတ္တသိတယ်၊ ကိုင်း ဝိညာဏ်တဲ့ ဝိညာဏက္ခန္ဓာ ခုနကတုန်းက သိတယ်ဆိုတာ ကလေးလေး၊ ရှိန်ကနဲဆို သူသိတယ်၊ လှုပ်ကနဲဆို သူသိတယ်၊ အဲဒါ ဝိညာဏက္ခန္ဓာပေါ့၊ အဲဒီ ယောဂီသိတဲ့ ဝိညာဏက္ခန္ဓာ နာမ်တရားကလေးဟာ တကယ်အစစ် ဟုတ်လဲဟုတ်တယ်၊ မှန်လဲမှန်တယ်၊ စာအုပ်ထဲရေးထားတဲ့ စိတ်တခု ယုတ်ကိုးဆယ် ဝိညာဏက္ခန္ဓာ စာအုပ်ထဲဘတ် ကြည့်ပါလား အရှိ သားဘဲ၊ စိတ်တခု ယုတ်ကိုးဆယ် ဝိညာဏက္ခန္ဓာ မဟုတ်ဘူးလား ဟုတ်တယ်၊ မှန်သလား မမှန်ဘူး၊ ဘာပြုလို့လဲ၊ ခုပြောတဲ့ ဝိညာဏက္ခန္ဓာက အနိစ္စမတွေ့မှမတွေ့ဘဲ၊ ယောဂီသိတဲ့ ဝိညာဏက္ခန္ဓာက အနိစ္စကို သေသေချာချာသိ၊ မသိဘူးလား ခု ရှိန်ကနဲ သိလိုက်တာ ဝိညာဏက္ခန္ဓာလေ၊ ဟော ပျောက်သွားပြီ၊ဝိညာဏက္ခန္ဓာကလေး ဖြစ် ဝိညာဏက္ခန္ဓာကလေး ပျောက်သွားပြီ၊ဟော တကယ်အစစ် ဖြစ်ပျက် ဝိညာဏက္ခန္ဓာ ဖြစ်ပျက် ဟောသိ ပျက်သွား၊ ဟောသိ ပျက်သွား၊ ဟောသိပျက်သွား၊ဘယ်လောက်သိသလဲဆိုလျှင် ဘုန်းကြီးပြောတာက မမှိဘူး၊ ယောဂီသိတာက ဒါထက်မြန်တယ် မဟုတ်လား၊ ဘယ်မှာ ရေတွက်လို့ရနိုင်မလဲ၊ အဲ အကြိမ်ကြိမ်သိနေတော့ အကြိမ်ကြိမ်ပျက် သိနေတဲ့ ဝိညာဏက္ခန္ဓာ၊ သိပ်ဟုတ်တာပေါ့၊ အဲဒါမှအစစ်၊ ဒါ ခန္ဓာ ငါးပါး၊ စာအုပ်ထဲက ခန္ဓာငါးပါးဟာ မမှားဘူးနော် ဟုတ်တာမဟုတ် တာ မမှားဘူး၊ ယောဂီသိတာက မှန်လဲမှန်တယ် ဟုတ်လဲဟုတ်တယ် သေသေချာချာမှတ်။

အဲဒါ ခန္ဓာငါးပါး၊ သိသွားပြီ၊ ဘာဖြစ်သလဲ မြတ်စွာဘုရားဟောတဲ့ ခန္ဓာ အာယတန ဓာတ် ဒီတော့၊ အာယတနတွေ ဓာတ်တွေ လိုက်ရှာ အုံးမလား၊ ရှာလေ တွေ့မှာပေါ့၊ ဟော-ဘုရားဟောတဲ့ အာယတနက

အခု ယောဂီစာအုပ်ထဲက အာယတနမဟုတ်ဘူး၊ ကိုယ်မှာတွေ့တဲ့ အာယတန ကာယာယတန ကိုယ်အာယတနပေါ့၊အပ်နှင့်ထိုးဆွနာကျင် တတ်တဲ့နေရာ ကိုယ်အာယတနခေါ်တယ်၊ ပြီးတော့မှ ဟိုက ခုနက တွေ့ကောင်းတဲ့ ပထဝီဖောဋ္ဌဗ္ဗ-တေဇောဖောဋ္ဌဗ္ဗ ဝါယောဖောဋ္ဌဗ္ဗ နှင့် တွေ့တော့ ဖောဋ္ဌဗ္ဗာယတန၊ အဲဒါ ယောဂီသိတဲ့ အာယတန၊ ကာယာယတန-ဖောဋ္ဌဗ္ဗာယတန မနာယတန-သိလုံးလေး၊ ဟို ကာယာယတန ဖောဋ္ဌဗ္ဗာယတနနဲ့ ထိခိုက်တော့ သိလုံးကလေး ဘွားကနဲပေါ်လာတယ်၊ အဲဒါ မနာယတနပေါ့၊ အဲဒီ အာယတနမှ အစစ်အာယတန၊စာအုပ်ထဲက အာယတနကတော့ မမှန်ဘူးလားဆိုတော့ မှန်တယ်၊ မဟုတ်ဘူး၊ ဘာပြုလို့လဲ အနိစ္စမှမသိဘဲ၊ အခု ယောဂီသိတဲ့ အာယတနက အနိစ္စ မသိဘူးလား၊ ဟော-ကာယာယတန-ဖောဋ္ဌဗ္ဗာယတန-မနာယတန ရှိန် ကနဲဆို အာယတနဖြစ် ပျက်သွားပြီ၊ လှုပ်ကနဲဆို အာယတနဖြစ်ပျက် သွားပြီ၊ အဲ အာယတနလဲ တွေ့ အနိစ္စလဲတွေ့ပေါ့၊ အာယတန အစစ် တွေ့တော့ အနိစ္စလဲတွေ့တာပေါ့၊ အာယတနအစစ် မတွေ့ဘဲ အနိစ္စ ဤဘဝ ထိုဘဝ ဘယ်တော့မှ မတွေ့ဘူး၊ မတွေ့ဘူး၊အာယတနအစစ်ကို တွေ့လို့ အနိစ္စအစစ်တွေ့တာ အာယတနအစစ်ကို တွေ့လို့ ဒုက္ခတွေ့တာ၊ အာယတနအစစ်ကိုတွေ့လို့ အနတ္တတွေ့တာ၊ ဒါမှတ်ထားပေါ့။

ဓာတ်ကော ဘယ်သွားရှာဦးမလဲလို့ ဘယ်မှမရှိဘူး၊ ဓာတ် ယောဂီ သိတဲ့ ဓာတ်ကမှ အစစ်၊ စာအုပ်ထဲ တပည့်တော်တို့ တွေ့ပါလား၊ အေး ဟုတ်တယ်၊ စာအုပ်ထဲကဓာတ်က မှန်တော့မှန်တယ် မဟုတ်ဘူး၊ မှန်တော့မှန်တယ်၊ မဟုတ်ဘူး၊ ဟော-ယောဂီသိတဲ့ ဓာတ်ကမှ အစစ် ကာယ ဓာတ်- ဖောဋ္ဌဗ္ဗ ဓာတ်, ကာယ ဝိညာဏ ဓာတ်- ကိုယ်ဓာတ်, အတွေ့ဓာတ်–တွေ့သိဓာတ် ဟော ကိုယ်ကအပ်နှင့် ထိုးဆွနာကျင် တတ်တဲ့ နေရာကိုယ် ထိုကိုယ်ဖြင့် တွေ့ထိတဲ့ ဖောဋ္ဌဗ္ဗဓာတ် ဟော သိလုံးကလေးက ကာယဝိညာဏဓာတ်,အဲဒီဓာတ်က အနိစ္စ အမြဲမရှိ, ကျိုင်း ဘယ်မြဲသလဲ ဖြစ်ပျက်သွားတာ ရှိန်ကနဲဓာတ်သုံးပါး–ကာယ ပသာဒ ဖောဋ္ဌဗ္ဗ ကာယဝိညာဏ် ဖြစ်ပျက်သွားပြီ၊ ဖြစ်ပျက်သွားကတဲ က အနိစ္စ၊ ဖြစ်ပျက်သွားခြင်းကြောင့် ဒုက္ခ၊ ဖြစ်ပျက်သွားခြင်းကြောင့် အနတ္တ၊ ဟော တခါတည်းပါသွားတာ၊ သေသေချာချာကြည့်၊ သေသေ

ချာချာကြည့်၊ သူများပြောတာနဲ့ မယောင်ကြနဲ့နော် စာသမားတွေက စာပြောတာ၊

ရဟန်းပုဂ္ဂိုလ်၊ လူထိုထို၊ စာကို ကျင့်သုံး၏။ စာကားမှန်၏၊ ဉာဏ်မမီ၊ ထိုးအောင်သူမသိဘူးတဲ့၊ တကယ် ဒါက ဉာဏ်စခန်းတွေ၊ ဘုရားကိုယ်တော်မြတ် ဟောတော်မူတာ စာထဲမှာနဲ့ ပြီးတာမဟုတ်ဘူး၊ ဉာဏ်စခန်းတွေ ဉာဏ်မှာရောက်မှပြီးတာ၊ ဒီဉာဏ်စခန်းကို ဉာဏ်ထဲကိုရောက်အောင် မလုပ်ဘဲနဲ့ စာကလေးနဲ့ တင်းတိမ်ရောင့်ရဲနေတဲ့ ပုဂ္ဂိုလ်တွေဟာ ဤဘဝ ထိုဘဝ ဘယ်တော့မှ မရဘူး၊ မရဘူး၊ ဘယ်တော့မှ မရဘူး၊ ဉာဏ်စခန်းတွေ အဲဒါ အယုတ်ဆုံးကြည့်ပါလား၊ တို့ ဒကာ-ဒကာမတွေ သိမှာပေါ့၊ ဟိုအိမ်တိုင်းစေ့လိုလို ဟောနေတဲ့ ကရဏီယမတ္တလေ၊ အဲဒါ တကယ့် ဉာဏ်စခန်း "ကရဏီယမတ္ထ ကုသလေန ယန္တသန္တံ ပဒံ အဘိသမေစ္စ သက္ကော" ဆို-ကဘဲ ဟိုအိမ်လာဟော ဒီအိမ်လာ ဟော၊ မဟောဘူးလား ဟောဒါပေါ့၊ 'ကရဏီယမတ္ထ' တရားကို သိပ်-ဟောတာဘဲ အဲဒီလို ဟောတဲ့ ကရဏီယမတ္ထဟာ မဟုတ်ဘူးလားဆိုတော့ ဟုတ်သားဘဲ၊ ဉာဏ်စခန်း မရောက်တော့ မသိဘူး၊ အဲဒါ တကယ်ကြောက်ဘို့ကောင်းတဲ့ စကား ဘုရားစကားတော်ကြီး၊ တို့ဒကာ-ဒကာမတွေ မှတ်ထားကြ၊ ဘုရားဟာ ဒီသတ္တဝါတွေကို ပညာရှိဉာဏ်နဲ့ ဆိုလိုက်တာ၊ရက်ရက်စက်စက် ဆိုတာ။

**ကရဏီယမတ္ထကုသလေန၊**
**ယန္တသန္တံ ပဒံ အဘိသမေစ္စသက္ကော၊**

သန္တံ-ငြိမ်သက်သော၊ ယံပဒံ- အကြင်နိဗ္ဗာန်သည်၊ အတ္ထိ-ရှိ၏၊ တံပဒံ- ထိုနိဗ္ဗာန်ကို၊ အဘိ သမေစ္စ- သစ္စာလေးပါး သိသောအားဖြင့် ကောင်းစွာ ရောက်၍၊ ဝိဟာရေတု ကာမေန- နေခြင်းငှါ အလိုရှိသော၊ အတ္ထကုသလေန- အကျိုးစီးပွါး၌ လိမ္မာသောသူသည်၊ ကရဏီယံ-ပြုကျင့်အပ်၏။

ကိုင်း-အခုကြားပြီ၊ ဘုန်းကြီးရွတ်ပြတာ ပါဠိလဲကြားတယ် အနက်လဲကြားတယ်၊ ကိုင်း-ဉာဏ်စခန်းနဲ့လိုက်၊ ဉာဏ်စခန်းနဲ့ လိုက်စမ်း၊ ဘုရားကဘာပြောလိုက်သလဲ၊ ဒို့ ဒကာ-ဒကာမတွေဟာ ပန်သနွေမနေ ချင်ဘူး မဒိုချင်ဘူး မနာချင်ဘူး မသေချင်ဘူး၊ကောင်းပြီ၊ ပန်သနွေ

မနေချင်-မအိုချင်-မနာချင်-မသေချင် ဘယ်သွားမလဲ၊ နိဗ္ဗာန်သွားမယ်၊ နိဗ္ဗာန်ဟာ ပဋိသန္ဓေ မနေရဘူး မအိုရဘူး မနာရဘူး မသေရဘူး၊ မှန်ပြီ၊ အဲဒိနိဗ္ဗာန်ဘုရားကိုယ်တော်မြတ်ကြီးကိုကဝန်ခံတယ်-ရှိတယ်တဲ့၊ ဟာ-နိဗ္ဗာန်ရှိတာပေါ့၊ နိဗ္ဗာန်ရှိတော့ ဘယ်ကသွားမလဲဆိုတော့ မင်းတို့ နိဗ္ဗာန်သွားချင်လျှင် သစ္စာလေးပါးသိရင် ရောက်မယ်တဲ့၊ ကိုင်း-အခု ယောဂီတွေ အားထုတ်တဲ့ သစ္စာလေးပါးလေ၊ ရုပ်နာမ်တွေ ဒုက္ခ သစ္စာသိ၊ရုပ်နာမ်တွေဒုက္ခသစ္စာသိတော့ ဒုက္ခသစ္စာမလိုချင်ဘူး၊ သမုဒယပြတ်၊ အဲရုပ်နာမ်တွေလို့ ဒုက္ခသစ္စာတွေလို့ သမုဒယပြတ်တဲ့ အခါ ကျတော့ နိဗ္ဗာန် မျက်မှောက်ပြု၊ ဟော ရုပ်နာမ်တွေတာ မဂ္ဂသစ္စာ၊ ဒါ သစ္စာလေးပါးပေါ့၊ အဲ ဒီသစ္စာလေးပါးသိမှ နိဗ္ဗာန်ရမယ်တဲ့၊ ဒါမှတ် ထားကြ၊ ဘုရားကိုယ်တိုင်ဟောတာ ကရဏီယမတ္တမှာ၊ ဒါဖြင့်ရင် သစ္စာလေးပါးသိအောင် တပည့်တော်တို့ ဘာလုပ်ရမလဲမေး၊ မြတ်စွာ ဘုရားက ဖြေလိမ့်မယ် ဘယ့်နှဲ့ဖြေမလဲ-

အတ္တကုသလေန-အကျိုးစီးပွါး၌ လိမ္မာသော သူသည်-ကရဏီယံ-ပြုကျင့်အပ်၏။

လိမ္မာရင်ကျင့်ကြတဲ့၊ အဲဒါမှတ်ထားနော်၊ ဘုရားဆိုထာ ဘုရားက ဘယ်သူ့မျက်နှာမှမလိုက်ဘူး၊ ဆန္ဒာဂတိ,ဒေါသာဂတိ, မောဟာဂတိ, ဘယာဂတိ-အဂတိလေးပါး ဘယ်တော့မှ မလိုက်စားဘူး။ဘုရားကိုယ် တော်မြတ် ဘယ်သူ့မျက်နှာမှ မထောက်ဘူး၊ ဘုရားကိုယ်တော်မြတ် မထောက်ဘူး၊ မထောက်လို့ ချပြောတာ မဟုတ်လား၊ ဟဲ့-သစ္စာ လေးပါသိ နိဗ္ဗာန်ရမယ်၊ သစ္စာလေးပါးကို သိအောင် နင်တို့ လိမ္မာရင် ကျင့်ကြ၊ မလိမ္မာ မကျင့်နဲ့ပေါ့၊ အဲ သစ္စာလေးပါး သိအောင် မကျင့်ရင် ဒကာ-ဒကာမတွေ ကွက်ကွက် ကွင်းကွင်း အဓိပ္ပါယ် သိအောင် မှတ်ထား၊ မလိမ္မာလို့သာမှတ်၊ သစ္စာလေးပါး သိအောင် မကျင့်တဲ့ ပုဂ္ဂိုလ်မလိမ္မာလို့ မလိမ္မာဘာဖြစ်သလဲ မိုက်တာပေါ့၊ ဘုရားကဆိုတာ လေ၊ ဘုန်းကြီးက ဟောတယ်များပြောရင် ငါ အဆဲခံနေရအုံးမယ်၊ မဆိုင်ဘူး၊ မပြောကြနဲ့၊ဘုန်းကြီးကပြောတာ မဟုတ်ဘူး ဘုရားက ပြောတာ၊

ဟော-အတ္တကုသလေန-အကျိုးစီးပွါး၌ လိမ်မာသောသူသည်၊ ကရဏီယံ-ပြုကျင့်အပ်၏။

လိမ်မာတဲ့လူ ကျင့်ရမတဲ့၊ သစ္စာလေးပါး သိအောင် အဲဒီ သစ္စာလေးပါးသိရင် နိဗ္ဗာန်ရမယ်တဲ့၊မှတ်မိကြရောပေါ့။အဲဒါစာမဟုတ်လား၊ စာ–ဘုန်းကြီးတပါးတည်း ရတာမဟုတ်ဘူး၊ဒီစာက တို့မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာ လူမျိုးမှန်ရင် အကုန် ကြားဘူးနားဝ ရှိတယ်၊ အကုန်ရတဲ့ လူများတယ်၊လူတရာမှာကိုးဆယ်ကိုးယောက်လောက်ရတယ်၊ကရဏီယမေတ္တကို ဘုန်းကြီးတွေကလဲ အိမ်တကာ့အိမ် ဘယ်အိမ်မှ မလပ် အောင် ဟောတဲ့တရား။

'ကရဏီယမတ္ထကုသလေန၊ ယန္တံ သန္တံပဒံအဘိသမေစ္စသက္ကော' အဲဒါ ဘုရားဟောတာတွေ ညဏ်စခန်းတွေ, ညဏ်စခန်းတွေ မလွယ် ဘူး၊ ဘယ်လောက် ကျင့်ရမလဲဆိုတော့ သက္ကောတဲ့ သက္ကောဆိုတာ သိသလား ဘယ်သိမလဲ၊ ဘုန်းကြီးတွေက ရွတ်သွားတာ ကြားလိုက် သား၊ သက္ကော–သက္ကော၊ တချို့က အောက်မေ့မယ်၊ သက္ကော-သိကြား တောင် ထင်ချင်ထင်နေမှာ၊ မဟုတ်ဘူး ဒီသက္ကောက ဘာသက္ကောလဲ။

သက္ကော-ကိုယ် နှင့် အသက် မငဲ့ကွက်ဘဲ မိမိကိုယ်နှင့် အသက်ကို မငဲ့ကွက်ဘဲ သစ္စာလေးပါး သိခြင်းငှါ ကျင့်စွမ်းနိုင်သည်၊ အသ-ဖြစ် ရာ၏၊ အဲဒီ သစ္စာလေးပါးကို မိမိကိုယ် နှင့် အသက် မငဲ့ကွက်ဘဲ သိအောင် ကျင့်ရမယ်တဲ့၊ ဒီကရဏီယမေတ္တဟာ အင်မတန် အဘိုးတန် တယ်၊ တို့ဒကာ, ဒကာမတွေ ပြန်ကျက်ထားကြ၊ နောက်မှ အဓိပ္ပါယ် နားမလည်ရင် ချောက်၊ ငါပြောမယ် သိပ်ကောင်းတယ်၊ ငါကလဲ သိပ်မဟောနိုင်ဘူး၊ ပြီးတော့ ဥဇူသုဟုဇူတဲ့ သုဝစောစဿမုဒုအနတိ မာနီ သိပ်ကောင်းတာဘဲ၊ ဥဇူ-ဆိုတာ ဘာလဲ ဖြောင့်မတ်သော ကိုယ် နှုတ်ရှိသည်၊ သုဟုဇူ-ဖြောင့်မတ်သော စိတ်ရှိသည်၊ ဟော-ကိုယ်, နှုတ် နှလုံး သုံးပါး၊ဥဇူစ-ဖြောင့်မတ်သော ကိုယ်နှုတ်တဲ့၊ သုဟုဇူ-ဖြောင့်မတ် သော စိတ်၊ အဲဒါ ဥဇူသုဟုဇူဆိုတာ ပြောသံတော့ ကြားဘူးကြသား မဟုတ်လား၊ ကြားဘူးပေတဲ့ ဘာဆိုမှန်းမှ မသိဘဲ၊ အဲဒါ ဘုရားစကား ဘုရားစကား နားထောင်ရင် သာသနာတွင်း ကျတဲ့လူ၊ ဘုရားစကား နားမထောင်ရင် သာသနာပ၊ သေသေချာချာကြည့်စမ်း ဥဇူသုဟုဇူတဲ့ အဲဒီလို ဥဇူသုဟုဇူဆိုတဲ့ ဖြောင့်မတ်သော ကိုယ်တဲ့၊ ဖြောင့်မတ်သော နှုတ်တဲ့၊ ဖြောင့်မတ်သော စိတ်နဲ့ ညီညွတ်အောင် ကျင့်ကြလို့ ဘုရား ကိုယ်တော်မြတ် ဆုံးမတယ် မဟုတ်လား၊ အဲ ရ တို့ဒကာ, ဒကာမတွေ

တရားနာရတဲ့အခါ သိပြီ၊တို့ဟာ မနောက မှန်မှန်ကြံမယ်၊ ဝစီကံက ကြံတဲ့အတိုင်းသာ ပြောမယ်၊ ပြောတဲ့အတိုင်း ကာယဝိညတ်က လုပ်မယ်ဆိုတဲ့ စိတ်ထား ကလေးနဲ့ပေါ့လေ၊ ဒါလောက် ကလေး ဘုန်းကြီး ပောပါရစေ၊ အဲဒီလိုစိတ်ထားကလေးနဲ့ ငြိမ်ငြိမ်သက်သက် ကျကျနန မိမိတို့၏စိတ်ကို နှလုံးသွင်းပြီးတော့ ငါ-ဘုရားသားတော် အစစ်ဖြစ်အောင် ဘုရားသမီးတော် အစစ်ဖြစ်အောင် ဘုရားစကားကို နားထောင်မယ်ဆိုတဲ့ သာသနာ့အမွေခံတွေ ဖြစ်အောင်ပေါ့၊ သာသနာ ဆိုတာ တခြားမဟုတ်ဘူး၊ အဆုံးအမခေါ်တယ်၊ ဘုရားဆုံးမတာ ခုဘဲ နင်တို့တွေနော်၊ လောကီလောကုတ္တရာ အကျိုးစီးပွားကို များများကြီး လိုချင်ရင် မနောကံက မှန်မှန်ကြံ၊ ဝစီကံက ကြံတဲ့အတိုင်းပြော၊ ကာယဝိညတ်က ပြောတဲ့အတိုင်းလုပ်၊ ဒါဘုရားဆုံးမတဲ့ အနုသာသနီ စကားခေါ်တယ် သာသနာ့စကား၊ အဲဒီလို သာသနာအတွင်း ကျတဲ့ ပုဂ္ဂိုလ်မှ ဘုရားစကား နားထောင်တာ၊ ဘုရားစကား နားမထောင်ရင် သာသနာပ။

ခုကာလ မကြားဘူးဘူးလား၊ ဟာ—ဘယ်သူ့ သားသမီးဟာဖော့ မိဘစကားနားမထောင်လို့ အမွေပြတ် ကြော်ငြာတာ သတင်းစာထဲမှာ ခဏ,ခဏပါတာ တွေ့ရတယ်၊ အခုများလေ ဘုရားရှင်များ ရှိလို့ ရှိရင် သတင်းစာနဲ့သိပ်ဟန်ကျမှာ ဒီကောင်တွေ ငါ့စကားနားမထောင် လို့ သာသနာ့ အမွေပြတ် ဆိုပြီးတော့ သတင်းစာတိုက်က ဘုရား ကြော်ငြာမှာဘဲ ဟန်ကျမှာ၊ ခုတော့ မကြော်ငြာရပါဘူး၊ သာသနာပ သမားတွေ သိပ်အားကြီးတာဘဲ၊ အဲဒါကြောင့်မို့လို့ တို့ ဒီမှာ တရား နာတဲ့ ပုဂ္ဂိုလ်တွေက တို့ဒီသာသနာအတွင်း ရောက်တဲ့ပုဂ္ဂိုလ် ဘုရား စကားကို လေးလေးစားစား လိုက်နာလျှင် မနောကံက မှန်မှန်ကြံမယ်၊ ဝစီကံက ကြံတဲ့အတိုင်းပြောမယ်၊ကာယဝိညတ်ကပြောတဲ့အတိုင်းသာ လုပ်မယ်ဆိုတဲ့အနေမျိုးနဲ့ လေးလေးစားစားနဲ့ ကြိုးစားပြီး သကာလ မိမိတို့ အသိဉာဏ်ကလေးကိုအားထုတ်ကြ။

# သံသရာဝဋ်

တို့ ဒီနေရာဌာနမှာ နေ့စဉ်နှင့် အမျှ အမြဲနိဗ္ဗာန်တရားဟောပွဲကြီး ကျင်းပပြီးတော့ ဟောပြောနေတယ်၊ ဘယ်တရားတွေကို ဟောပြောပြီးတော့ နေသလဲဆိုတော့ တကယ်အစစ်အမှန် ယထာဘူတ နိဗ္ဗာန်ရောက်ကြောင်း တရားထူး တရားမြတ်များကို ကိုယ်တိုင် ကိုယ်ကျကိုယ်တွေ့ဉာဏ်မြင် အားထုတ်တဲ့ ယောဂီများတို့ကို ငဲ့ကွက်ပြီးတော့ ဟောပြကြတယ်၊ တို့ယမန်နေ့က လွန်ခဲ့တဲ့ တနင်္ဂနွေနေ့က ဆိုရင်လဲ လာပြီးတော့ တရား သင်တန်းတက်တဲ့ ပုဂ္ဂိုလ်တွေ တနင်္ဂနွေနေ့က ဝိပဿနာတရား ပြောင်းပေးတယ်၊ အဲဒီလို ဝိပဿနာတရား ပြောင်းပေးလိုက်တဲ့ အခါကျတော့ ဘာတွေ့သွားသလဲ၊ ယထာဘူတ ယထာဓမ္မဆိုတဲ့ အဇ္ဈတ္တိကသန္တာန်မှာ အမှန်တကယ်ရှိတဲ့ ရုပ်ဓာတ်, နာမ်ဓာတ်တရားတွေ တွေ့လို့ ထိုရုပ်တရား နာမ်တရားတို့၏ ဖြစ်ခြင်းပျက်ခြင်းလို့ဆိုတဲ့ ဥဒယဗ္ဗယ ဉာဏ်ရသွားတယ်။

အဲဒီလို ဥဒယဗ္ဗယဉာဏ်ကို ဘာဝိတာ,ဗဟုလီကတာ ကြိမ်ဖန်များစွာ ပွါးများ၍ ကြိမ်ဖန်များစွာ အားထုတ်ခဲ့လို့ ရှိရင်ဖြင့် အမှန်မုချ တဆင့်ထက် တဆင့် ရင့်ကျက်ပြီးတော့ ဘင်ဉာဏ်တို့ ဘယဉာဏ်တို့ အာဒီနဝဉာဏ်တို့ နိဗ္ဗိန္ဒဉာဏ်တို့ မကြာခင် တက်သွားမယ်၊ အဲဒီလို ဘင်, ဘယ, အာဒီနဝ,နိဗ္ဗိန္ဒဉာဏ် မြန်မြန်ကြီး တက်လွယ်အောင် ဆိုပြီးတော့ ခုနတုန်းက ဟောပြောပြသဆုံးမတဲ့–'အာဟာရေပဋိကူလသညာ'တကယ် အစစ်အမှန် ဉာဏ်ရှုဆင်ခြင်ရင့်သန်လို့ မြင်သွားလျှင် နိဗ္ဗိန္ဒဉာဏ် ရတာပေါ့၊ အဲ့ဒီလို နိဗ္ဗိန္ဒဉာဏ်မျိုးကိုရတော့ မြန်မြန်ထက်ထက် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို တက်နိုင်တယ်။

ဒါကြောင့် ဒီမှာဟောရတာ တကယ့်တရားကို အားထုတ်တတ်အောင်ပြတာ၊ အားထုတ်တဲ့ အခါမှာလဲ ဉာဏ်ဝမှာ ထင်ပြီးတော့ ထက်ထက်မြက်မြက် အာရုံမှာ ရှုရှုပြီးတော့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, မကြာခင် လှမ်းတက်နိုင်အောင် ဆိုပြီးတော့ နည်းလမ်းကို ညွှန်ပြရတယ်၊ ဒီတော့ ခု ဘုန်းကြီးဟောမှာက နောက်နောက်က အစဉ်အလာအတိုင်းပေါ့၊ တကယ့်အစစ်အမှန် ခန္ဓာကိုယ်၏ အပြစ်အာဒီနဝ

တွေကို ပိုင်ပိုင်နိုင်နိုင်မြင်အောင် ဒါဘဲ၊ အာရုံဟာပါး စိတ်သွားနေလို့ စိတ်ဟာ လေလွင့်နေမယ်ဆို မရှုးရှားဘူးပေါ့၊ အာရုံဟာ တခြားကို မသွားဘဲ သမာဓိခိုင်ခိုင်နှင့် ဉာဏ်စခန်းကိုမိအောင် နာယူမယ်ဆို လျှင် လွယ်ပါတယ်၊ ဘာ-ဘုန်းကြီးဟောမလဲဆိုတော့ အခု ရုပ်တရား နာမ်တရားတွေရဲ့ အပြစ်အာဒီနဝတွေ မြင်သထက်မြင်အောင် ထင်သ ထက်ထင်လာအောင် ဒီ ရုပ်တရား နာမ်တရားတို့၏ အပြစ်အာဒီနဝ ဘေးကြီးကို မြင်လာလျှင် မုချမဂ်ဉာဏ်ဖိုလ်ဉာဏ် ရနိုင်တယ်၊ မလွဲ တမ်း ရမယ်။

အဲဒီတော့ အပြစ်အာဒီနဝတွေကို မြင်အောင်အားထုတ်ဘို့ လမ်းစ ခန်းက ရုပ်နာမ်နှစ်ပါးဘဲ၊ အခုပိဋကတ်သုံးပုံ ဓမ္မခန္ဓာ ရှစ်သောင်း လေးထောင်မှာရှိတဲ့ အနက်က အာဒီနဝအပြစ်ကိုပြတော့ ဘာတွေသ လဲ၊ ရုပ်နာမ်ဘဲ၊ အဲဒီရုပ်နာမ်၏ အပြစ်တွေကို မမြင်မြင်အောင် ဖေါ် ထုတ်ပြတော့ အခု ဒကာ,ဒကာမတွေ လိုရင်းအကျဉ်းချုပ် ပြောမယ် ဆိုလျှင် ဒါနကံကိုလှူတယ်၊ သီလကံကိုစောင့်တယ်၊ ဘာဝနာတရားကို အားထုတ်တယ်၊ ဒီလို ဒါနသီလဘာဝနာဆိုတဲ့ ကုသိုလ်ကောင်းမှုကို အားထုတ်တာ ဘာကြောင့်လဲဆိုတော့ လောက၏ အကျိုးစီးပွါးလဲ ရှိတယ်၊ လောကုတ္တရာ အကျိုးစီးပွါးလဲရှိတယ်၊ နှစ်မျိုးနှစ်စားပေါ့၊ လောကအကျိုးစီးပွါးထက် အရေးကောင်းတာက လောကုတ္တရာ အကျိုးစီးပွါးက အရေးကောင်းတယ်၊ ဒီတော့ လောကုတ္တရာအကျိုး စီးပွါးကို ရဘို့ရာ မလွယ်ဘူး၊ ဘာကြောင့်မလွယ်သလဲဆိုတော့ အခု ပြောတဲ့ တကယ်အစစ်အမှန်ဖြစ်တဲ့ ခန္ဓာငါးပါးကိုမမြင်လို့ ခန္ဓာငါးပါး ကိုမမြင်တဲ့အတွက်ကြောင့် ခန္ဓာငါးပါး၏ အာဒီနဝအပြစ်ကို မထင် နိုင်ဘူး၊ အဲဒီတော့ ခုပြမှာ ခန္ဓာငါးပါးတို့၏ အပြစ်အာဒီနဝကို မြင် အောင်ပြမယ်။ **ဘာလဲဆိုတော့** တို့-ဗုဒ္ဓဘာသာလူမျိုးတို့၏ သမရိုး စဉ်လာအတိုင်း ဘာတဲ့လဲ 'သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ၊' ဒါ ဗုဒ္ဓဘာသာတို့၏ သမရိုးကျ ဗုဒ္ဓဘာသာလူမျိုးတို့၏ သိဿာနုသိဿ အစဉ်အဆက် အမြဲဆောင်ရွက်ပြီး သကာလ လာခဲ့တဲ့ တရားပေါ့၊ 'သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ' ဒါန လှူလျှင်လဲ ဒါဘဲ ဆုတောင်းတယ်။

ဇ ၅ ၃ သယ ၁၀၄-၅

သံသာရဝဋ္ဋဒုက္ခတော– သံသာရာတည်းဟူသော ဝဋ်ဆင်းရဲ
အပေါင်းမှ၊ မောစနတ္ထာယ– ထွက်မြောက်ပါခြင်း အကျိုးငှါ၊
ဒါနံ– အလှူကို၊ ဒေတိ-ပေးလှူ၏။

ဟော သံသာရာဝဋ်က ထွက်မြောက်ချင်လို့ ဒါနလှူတယ်၊ သီလစောင့်ကော သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ချင်လို့ သီလစောင့်တယ်၊ ဘာဝနာအားထုတ်လျှင်ကော သံသရာဝဋ်ကထွက်မြောက်ချင်လို့ ဘာဝနာအားထုတ်တယ်၊ တို့ဒကာ,ဒကာမတွေ ဒကာတွေထဲကတော့, ပဗ္ဗဇိတဒုလ္လဘ, ရဟန်းရှင်သာမဏေပြုခဲ့ကြတယ်၊ အဲဒီလိုပြုခဲ့ကြတဲ့အခါကျတော့ ဘာဆုတောင်းသလဲ "သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ" သံသရာဝဋ်က ထွက်မြောက်ပါခြင်း အလို့ငှါ ရှင်သာမဏေအဖြစ်ကို တောင်းပန်ပါတယ်၊ ဒီသံသရာဝဋ်ကြီးက ထွက်မြောက်ချင်လို့ ရဟန်းပြုပါတယ်၊ ဒီသံသရာဝဋ်ဘဲ။

အဲဒီ–သံသရာကိုသိအောင် ဒီကနေ့မှတ်မှတ်သားသား ကြည့်ကြ၊ အင်မတန်လဲ ကြားဘူးနားဝရှိတဲ့ပုဂ္ဂိုလ်တွေလဲ ရှိကြမှာပေါ့၊သို့သော်လဲ မကြားဘူးသေးတဲ့ပုဂ္ဂိုလ်များ သံသရာဝဋ်၏ အဓိပ္ပါယ်သဘာဝကို နားလည်အောင် သံသရာ, သံသရာဆိုတာ တို့ဗုဒ္ဓဘာသာ လူမျိုးတို့၏ ရော်ရမ်းမှန်းဆတဲ့ သံသရာကတမျိုးရှိတယ်၊ ဗုဒ္ဓဘာသာလူမျိုးတို့၏ ရော်ရမ်းမှန်းဆတဲ့ သံသရာက ဟုတ်သားဘဲ သံသရာကြီးဟာ သိပ်ရှည်တာဘဲ၊ သံသရာကသိပ်ရှည်တာ၊ တော်တော်ကြာ လူဖြစ်လိုက် နတ်ဖြစ်လိုက်, ခွေးဖြစ်လိုက်, ဝက်ဖြစ်လိုက်, ငှက်ဖြစ်လိုက်စသည်ဖြင့် ဤလိုဘဝသံသရာကြီးဟာ သိပ်ရှည်လျားတာဘဲ၊ သိပ်ကြောက်ဖို့ကောင်းတာဘဲ၊ အဲဒါဗုဒ္ဓဘာသာလူမျိုးတွေ ငြီးတွားတဲ့ သံသရာပေါ့၊ အဲဒီသံသရာက တကယ်အစစ် သံသရာမဟုတ်ဘူး၊ သမုတိသစ္စာနယ်ကလူများ သမုတ်ပြီးတော့ခေါ်တဲ့ သံသရာလို့ခေါ်တယ်၊ အဲဒီသံသရာကော မမှန်ဘူးလားဘုရားလို့ဆိုတော့ သမုတိနယ်က အမှန်သားဘဲ၊ ဒီသံသရာကိုသိတာနဲ့ အဘိုးမတန်ဘူးလားဆို အတန်သားဘဲ၊ တော်ပါတယ်၊ ဒီသံသရာကို သိတာနဲ့ သံဝေဂဖြစ်နိုင်တယ်။

တို့မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည် နိဗ္ဗာန်မဂ်ဖိုလ်အလို့ငှါ နိဗ္ဗာန်ကိုလိုလားတဲ့ ကာလအခွင့်ကောင်းကြုံတာ ဘယ်သူ့ကြောင့်လဲ ဒီသမုတိသံသရာကြောင့်ပေါ့၊ သမုတိသံသရာကြီးကို မြင်သွားတယ်၊

ဘယ်လောက်မြင်သွားသလဲ မိမိတောထွက်ခါနီး တောမထွက်ခင် သူအိုရဲ့, သူနာ, သူသေ, ရဟန်း နိမိတ်ကြီးလေးပါးမြင်ရတာ၊ အဲဒီလို နိမိတ်ကြီးလေးပါး မြင်တဲ့အခါကျတော့ သူအို၏အဓိပ္ပါယ် သူနာ၏ အဓိပ္ပါယ် သူသေ၏အဓိပ္ပါယ် ရဟန်းပြုခြင်း၏အဓိပ္ပါယ်တွေ အကုန် သိသွားတော့ တခါတည်း ငါနေလို့မဖြစ်ဘူးဆိုပြီး တောထွက်သွား တယ်၊ အဲဒါ သမုတိနယ်ကပေါ့၊ အဲဒီလို သမုတိနယ်က သံသရာကိုသိ ရုံမျှနှင့်နိဗ္ဗာန်မရသေးဘူး၊ ဘာကိုသူရှာရသလဲ ဒုက္ခရစရိယာခြောက်နှစ် တိုင်တိုင် ပရမတ္ထနယ်ကသံသရာကို မတွေ့တွေ့အောင် သူရှာရတယ်၊ ဆရာမရှိ မိမိအလိုလိုကိုယ်တိုင်သိတဲ့သံသရာ၊ အဲဒီမှာမြတ်စွာဘုရားရှာ တယ်၊ မြတ်စွာဘုရားကိုယ်တိုင်သိတဲ့သံသရာကို တို့ဒကာ,ဒကာမတွေ ဒီကဖေါက်သည်ချပြီးတော့ ဘြေ့ာ်ဘုရားကိုယ်တော်မြတ်ကြီးကိုယ်တိုင် ပင်ပန်းကြီးစွာဆင်းရဲဒုက္ခခံပြီးတော့ရှာကြံရတဲ့သံသရာကို တို့ဒီကနေ့ နာရမယ်၊ ဘုရားကိုယ်တိုင်သိလို့ အစစ်သံသရာကို ဘယ်လိုဟော သလဲ ဆိုတော့-

ခန္ဓာနဉ္စ ပဋိပါဋိ,ဓာတုအာယတနာနစ၊
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနံ, သံသာရောတိ ပဝုစ္စတိ။

မဓုသင်္ဂဟ။

ခန္ဓာနဉ္စ - ခန္ဓာငါးပါးတို့၏၎င်း၊ ဓာတုအာယတနာနစ- ဓာတ် တဆဲ့ရှစ်ပါး အာယတန တဆဲ့နှစ်ပါးတို့၏၎င်း၊ အဗ္ဗောစ္ဆိန္နံ- မပြတ်ဝတ္တမာနံ-ဖြစ်သော၊ ပဋိပါဋိ-အစဉ်ကို၊ သံသာရောတိ- သံသရာဟူ၍၊ ပဝုစ္စတိ-အပြားအားဖြင့် မိန့်ဆိုအပ်၏။

အဲဒါ ဘုရားကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နှင့်မြင်မှ ပြန်ပြောတဲ့တရား၊ လက်စသတ်တော့ သံသရာအစစ်ဟာဟော့ တခြားမဟုတ်ဘူးဟဲ့၊ ခန္ဓာ တို့အာယတနဘို့ဓာတ်တို့ မပြတ် နဒီသောတောဝိယ မြစ်ရေအယဉ် လိုဖြစ်ပျက်နေတဲ့ သံသရာမှ တကယ့်အစစ်သံသရာဘဲ၊ ဘုရားကိုယ် တော်တိုင်မြင်တာ၊ အဲခုယောဂါဝစရပုဂ္ဂိုလ်တွေ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ အစစ်အမှန်မြင်ဘို့ သံသရာအစစ်ကို တွေ့အောင်ရှာရမယ်၊ ဘုရားကိုယ်တော်မြတ် သူကိုယ်တိုင်ရှာရတဲ့ သံသရာအစစ်ကို ထုတ်ပြ တဲ့အတိုင်း ဘယ်လိုဟာသံသရာအစစ်လဲ၊ ခန္ဓာအာယတနဓာတ် အဲဒါ

မပြတ်ကို အထပ်ထပ် ဖြစ်နေတာ သံသရာအစစ်ဘဲ၊ ကောင်းပြီ ခုပြော တဲ့ ခန္ဓာတို့အာယတနတို့ဓာတ်တို့ဟာ ဘယ်မှာဖြစ်သလဲ၊ ကောင်းကင် မှာလဲမရှိဘူး ရေထဲမှာလဲမရှိဘူးမြေထဲမှာလဲမရှိဘူး၊ ဒီသံသရာအစစ်၏ တည်ရာဌာနဟာ ဘယ်မှာလဲလို့ အဲဒါသိဘို့လိုတယ်၊ အခု တို့တရားကို အားထုတ်ထားတဲ့ ယောဂီများတော့အမှန်တွေ့ပေါ့၊ ဘယ်လိုတွေ့သလဲ

ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ။

သံယုတ်ပါဠိတော်။

ဘုရားဟောတဲ့ ကာယပသာဒရုပ်, ဖောဋ္ဌဗ္ဗရုပ်,ကာယဝိညာဏ်ရုပ် နာမ်နှစ်ပါးတွေ့နေပြီ၊ကာယပသာဒရုပ်ကယ် အပ်နဲ့ထိုးဆွနာကျင်တတ် တဲ့ဌာနက ကိုယ်အကြည်ဓာတ်၊အဲဒါ ကာယပသာဒရုပ်ခေါ်တယ်၊ ထို ကာယပသာဒရုပ်နဲ့ တွေ့ကောင်းထိကောင်းတဲ့ ပထဝီဖောဋ္ဌဗ္ဗ,တေဇော ဖောဋ္ဌဗ္ဗ, ဝါယောဖောဋ္ဌဗ္ဗ, ဖောဋ္ဌဗ္ဗရုပ်တွေ၊ ပထဝီဖောဋ္ဌဗ္ဗရုပ်နဲ့တွေ့ရင် ယောဂီတွေ တွေ့နေပြီ၊ နာမှုကျင်မှုကိုက်ခဲမှုတွေဟာ ဪ်ပထဝီဖော ဋ္ဌဗ္ဗရုပ်တွေနဲ့ ထိခိုက်လို့ ဖြစ်လာတာဘဲ, သိပြီ၊တေဇောဖောဋ္ဌဗ္ဗရုပ်နဲ့ တွေ့ရင် ပူမှုအေးမှုတွေ ပူတဲ့တရားလေးတွေ အေးတဲ့တရားလေးတွေ ကိုယ်တွေ့ဉာဏ်မြင်ကိုယ်တိုင်သိတော့ဪ်,ဒါကတေဇောဖောဋ္ဌဗ္ဗရုပ် တွေဘဲ တလှုပ်လှုပ်တရွရွ တဒိတ်ဒိတ်နဲ့ မပြတ်ဖြစ်ပျက်နေတာတွေ တော့ ဪ်,ဒါကဝါယောဖောဋ္ဌဗ္ဗရုပ် ရုပ်ချည်းထဲဘဲ၊ ပထဝီလဲရုပ်ဘဲ, တေဇောလဲရုပ်ဘဲ, ဝါယောလဲရုပ်ဘဲ,ရုပ်တပါးသိရင်ပြီးတာဘဲ၊ တို့က တော့ သိအောင်လို့သာ ပြမ်းမျှပြောရတယ်၊ တကယ် အစစ်အမှန်က တော့ ရုပ်တပါးသိ ပြီးရော၊

ဧကော ဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော အဘိ– ညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

အင်္ဂုတ္တိုရ်ပါဠိတော်။

ဘိက္ခဝေ- ချစ်သားတို့၊ ဧကောဓမ္မော- တခုတည်းသောရုပ် ဓာတ်တရားကို၊ ဘာဝိတော- ပွါးများအပ်သည် ရှိသော်၊ ဗဟုလီကတော၊ ကြိမ်ဖန်များစွာ အားထုတ်အပ်သည် ရှိသော်၊ အဘိညာယ၊ သစ္စာလေးပါးကို ထူးသောဉာဏ်ဖြင့်သိခြင်းငှါ၊ သမ္ဗောဓာယ၊ သစ္စာလေးပါးတရားကို ကောင်းစွာ သိခြင်းငှါ၊ နိဗ္ဗာနာယ၊ နိဗ္ဗာန်အကျိုးငှါ၊သံဝတ္တတိ-ဖြစ်၏။

အဲဒီတော့ ရုပ်တပါးတွေ့ရင်ပြီးရော၊အားထုတ်တဲ့ယောဂီသည် ပထဝီကိုဘဲတွေ့တွေ့ တေဇောကိုဘဲတွေ့တွေ့ ဝါယောကိုဘဲတွေ့တွေ့ ရုပ်တပါးခေတ်တပါးကိုတွေ့ရင် စိတ်ချ သစ္စာလေးပါးကို သိတယ်တဲ့ ဒါကြောင့် အခုကာယပသာဒရုပ် ဖောဋ္ဌဗ္ဗရုပ် ကာယဝိညာဏ် ရုပ်နာမ်နှစ်ပါးတွေ့သွားပြီမို့ ရုပ်နာမ်နှစ်ပါးသည် ခု-ခန္ဓာထဲမှာ ဦးခေါင်းကစ ခြေဖျားအထိ အာရုံပိုက်ပြီးကြည့်လိုက်တဲ့အခါ နာရီ မိနစ် စက္ကန့်မစဲအောင် အမြဲတမ်းဖြစ်ပျက်ပြီးတော့ နေတာတွေ့ပြီပေါ့၊ တွေ့ပါပြီတဲ့၊ တွေ့တော့ ခုနတုန်းက ဒီဖြစ်ပျက်နေတဲ့ ရုပ်တရား နာမ်တရားတို့သည် မြတ်စွာဘုရားက သံသရာတဲ့။

ဟင်-ခုနတုန်းက ဘုရားဟောတဲ့ ပါဠိတော်ကတော့ ခန္ဓာ, အာယတန,ဓာတ်တို့သည် မပြတ်ဖြစ်ထာ သံသရာလို့ ဟောတယ်၊ အခုဘုန်းကြီးက အဓိပ္ပါယ် ရှင်းပြတော့ ရုပ်နာမ်နှစ်ပါး သံသရာလို့ ပြတယ်၊အဲဒါစိတ်ထဲမှာ ဝေခွဲမရအောင်ဖြစ်မသွားနဲ့၊တခါထဲဉာဏ်ထဲမှာ ဝိဇ္ဇာဉာဏ်နဲ့ ကြည့်လိုက် ဩော် ဒီခန္ဓာ ငါးပါးဟာ ဒီရုပ်နာမ် နှစ်ပါးကိုဘဲ ဆိုတာကိုလို့ အဓိပ္ပါယ်မြင်တို့၊ဒီရုပ်နာမ် နှစ်ပါးကိုတွေ့ရင် ခန္ဓာ ခန္ဓာငါးပါးတွေ့ရောပေါ့၊ ဘုရားဟောတာက ဒီရုပ်နဲ့နာမ်ကလွဲလို့ ဘာမှ မရှိဘူး၊ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်ထဲမှာလဲ ရုပ်နာမ်ဘဲ အရေးတကြီးဟောတယ်၊ ဒီရုပ်နာမ်က နေပြီးတော့ ပေါ်ပေါက် သွားလိုက်တာ ခန္ဓာလို့လဲ ပေါ်ပေါက်လာတယ်၊ အာယတနလို့လဲ ပေါ်ပေါက်လာတယ်၊ ဓာတ်လို့လဲပေါ်ပေါက်လာတယ်၊ ဒါဘယ်သူကပေါ်ပေါက်လာသလဲ ရုပ်နာမ် နှစ်ပါးဘဲ၊အဲ ခုနပြောတဲ့ ကာယ ပသာဒရုပ် ဖောဋ္ဌဗ္ဗရုပ် ကာယဝိညာဏ်ဆိုတဲ့ ရုပ်နာမ်နှစ်ပါးကို ခန္ဓာနဲ့ဖွဲ့လိုက်စမ်း၊ ကာယပသာဒရုပ်နဲ့ ဖောဋ္ဌဗ္ဗရုပ်က ရူပက္ခန္ဓာတဲ့ ဘယ်ပြေးလို့လွတ်တော့မလဲ၊ ခန္ဓာငါးပါးမှာ ရုပ်ခန္ဓာတွေ့သွားပြီ၊ ကာယပသာဒရုပ် ဖောဋ္ဌဗ္ဗရုပ် ရူပက္ခန္ဓာ ဒါရုပ်ခန္ဓာအစစ်ဘဲ၊ ဘယ်နည်းနဲ့မှမလွဲဘူး။

ဒါဖြင့်ရင် ထိုကာယပသာဒရုပ်နဲ့ ဖောဋ္ဌဗ္ဗရုပ်နဲ့တွေ့ကြုံဆုံဆီးလိုက်တဲ့ အခါကျတော့ ဘာဖြစ်သွားသလဲ သိသွားပြီ၊ ပူလဲသိတာဘဲ အေးလဲသိတာဘဲ ရှိန်လဲသိတယ် လှုပ်လဲသိတယ် ရွလဲသိတယ် နာလဲသိတယ် ကျင်လဲသိတယ် ကိုက်လဲသိတယ် အကုန်သိတာဘဲ၊ သိတာဘယ်သူလဲ ဟော့ဆိုတော့ သိတာနာမ်တရား၊ ဘယ်နာမ်လဲ ကာယဝိညာဏ်တဲ့

ကာယဝိညာဏ်ဆိုတဲ့ နာမ်တရားလေးကသိတာ အမှန်ဘဲ မလွဲဘူး၊ ဒါ ကာယဝိညာဏ်နဲ့ သိပြန်တော့ကာ ကာယ ဝိညာဏ်ကလဲ တခါကျယ် လာတယ်၊ ငါတယောက်ထဲ မဟုတ်ပါဘူး ငါ့မှာ အပေါင်း အသင်းနဲ့ ဘယ်သူလဲ ဟော-ခံစားမှုဆိုတဲ့ ဝေဒနာကလေးပါလာတယ်၊ ပူ-ပူတဲ့ အရသာ ခံစားတယ်၊ ဇေ-ဇေတဲ့ အရသာ ခံစားတယ်၊ လှုပ်, လှုပ်တဲ့ အရသာခံစားတယ် နာ,နာတဲ့ အရသာ ခံစားတယ်၊ ဒါ သုခဝေဒနာ ဒုက္ခဝေဒနာဥပေက္ခာဝေဒနာပေါ့၊အဲဒါဝေဒနာဝေဒနာက္ခန္ဓာဘဲတဲ့ ဝေဒ နာက္ခန္ဓာ၊ အဲဒီတော့ ယောဂါဝစရ ပုဂ္ဂိုလ်ကိုယ်တိုင် သိတယ်၊ သူများ ပြောသံကြား မဟုတ်ဘူး၊ လှုပ်တာလဲမှတ်မိတာဘဲ၊ရွတာလဲ မှတ်မိတာ ဘဲ၊ နာတာကျင်တာလဲ မှတ်မိတာဘဲ၊ ကိုက်တာခဲတာလဲ မှတ်မိတာဘဲ၊ ပူတာအေးတာလဲ မှတ်မိတာဘဲ၊ မှတ်မိတယ် မှတ်မိတယ် ဆိုတာလေး ဟာ တို့သညာက္ခန္ဓာလို့ခေါ်တာပေါ့၊သညာကို သညာက္ခန္ဓာခေါ်တယ်၊ အဲဒါ သညာက္ခန္ဓာလဲ ပါတာပေါ့၊ ဒါဖြင့်ရင် ဝေဒနာက္ခန္ဓာလဲ ပါတယ်၊ သညာက္ခန္ဓာလဲ သူပါသွားတယ်၊ အဲဒီလို ဝေဒနာ သညာတို့ဖြစ်တို့ရာ သိ,ကြား နားလည်ဘို့သေ စေတနာ, စေ့ဆော်ကြောင့်ကြလုံးဆိုတဲ့ စေ ဘနာလေးပါသေးတယ်။မနသိကာရနှလုံးသွင်းခြင်းဆိုတဲ့ စေတနာ စေ့ဆော်ကြောင့်ကြတဲ့ စေတနာလေးပါတယ်၊အဲဒီစေတနာက ဘယ်သူ လဲဆိုတော့ သင်္ခါရက္ခန္ဓာခေါ်တယ်၊ သင်္ခါရက္ခန္ဓာ ဒါဖြင့် ခုနတုန်းက သိတယ်ဆိုတဲ့ အလုံးလေးထဲမှာ ဝေဒနာက္ခန္ဓာလဲပါတယ်၊သညာက္ခန္ဓာ လဲပါတယ်၊ သင်္ခါရက္ခန္ဓာလဲ ပါတယ်၊ သိလုံး ဝိညာဏက္ခန္ဓာနဲ့ပေါင်း လိုက်တော့ လေးပါးပေါ့၊ နာမ်ခန္ဓာလေးပါးခေါ်တယ်။

အဲဒီ ရုပ်ခန္ဓာတပါးနှင့် နာမ်ခန္ဓာလေးပါး ပေါင်းလိုက်တော့ ခန္ဓာ ငါးပါးတို့ယောဂီတွေသိပြီ၊ရှိန်ကနဲခန္ဓာငါးပါး, လှုပ်ကနဲ ခန္ဓာငါးပါး ရွကနဲ ခန္ဓာငါးပါး ဒိတ်ခနဲခန္ဓာငါးပါး ဖျင်းကနဲဆို ခန္ဓာငါးပါး၊ ထို ခန္ဓာပါးပါး ရုပ်နာမ်တရားတို့သည် မပြတ်ကို အထပ်ထပ် ဖြစ်နေတာ တွေ့ပြီးပေါ့၊တွေ့နေပြီ ခန္ဓာငါးပါးမပြတ်ဖြစ်နေတာ၊ မြတ်စွာဘုရားဟော တဲ့ ဒေသနာတော်အတိုင်းခန္ဓာ,အာယတန,ဓာတ်တို့သည်မပြတ်ဖြစ်တာ သံသရာဆိုတော့ ခန္ဓာငါးပါး မပြတ်ဖြစ်နေတဲ့ သံသရာကြီးတော့ အစစ်တွေ့ပြီ၊ ဘယ်နည်းနဲ့မှ မလွဲဘူး၊ လက်စသတ်ဘုရားဟောတဲ့ သံသရာအစစ် ခန္ဓာငါးပါးဖြစ်ပျက်နေတာ ဆိုတာ ငါ အစတုန်းက

မသိဘူး ဝိဇ္ဇာဉာဏ်လေးနဲ့ ကြည့်မှ သူသိတယ်ဆိုတာ တွေ့ရောပေါ့ အဲဒါခန္ဓာငါးပါး၏ အစဉ်မပြတ် ဖြစ်ပျက်နေတာ တွေ့တယ်။

နို့စာထဲမှာတော့ အာယတနလဲပါတယ် ဓာတ်လဲပါတယ် ဟုတ်တယ်၊ အာယတနလဲပါတယ်၊ ဓာတ်လဲပါတယ်၊ အာယတနတို့ဓာတ်တို့ ဘယ်သွား ရှာအုံးမလဲ၊ ကောင်းကင်တက်ရှာလို့မရဘူး၊ မြတ်စွာဘုရားက ''ဒေသနာဝိလာသ-ဝေနေယျဇ္ဈာသယ''တရားတော် ဆိုတာ ဒေသနာ အစဉ်အားဖြင့် ဟောရတယ်၊ ဝေနေယျဇ္ဈာသယ ကိုက်ပြီးတော့ ဟောရတယ်၊ တချို့တချို့ ပုဂ္ဂိုလ်ကခန္ဓာကို ဟောချင် ရုပ်နာမ်တွေ့တယ်၊ အချို့အချို့ ပုဂ္ဂိုလ်က အာယတနကိုဟောရင် ရုပ်နာမ်တွေ့တယ်၊ အချို့အချို့ပုဂ္ဂိုလ်က ဓာတ်ကိုဟောရင် ရုပ်နာမ်တွေ့တယ်၊ အဲဒီပြောတဲ့ရုပ်နာမ်ကိုပင် အာယတနလို့ခေါ်တယ်၊ ဘယ်လိုခေါ်သလဲ ကာယာတန, ဖောဋ္ဌဗ္ဗာယတန, မနာယတန၊ ဟော, ရုပ်အာယတန နာမ်အာယတန၊ ခုနတုန်းက ကိုယ်ဆိုတဲ့ကာယ ကာယာယတနလို့ခေါ်တယ်၊ အတွေ့ဖြစ်တဲ့ ပထဝီ, တေဇော, ဝါယောဆိုတဲ့ ဖောဋ္ဌဗ္ဗရုပ်က အတွေ့အာယတန ဖောဋ္ဌဗ္ဗာယတနလို့ခေါ်တယ်၊ အဲ သူတို့ကာယာတနနဲ့ ဖောဋ္ဌဗ္ဗာယတနထိခိုက်တော့ သိလုံးလေးကဘာလဲ မနာယတနခေါ်တယ်၊ နာမ်အာယတန အတူတူဘဲ၊ ခုနတုန်းက ယောဂီတွေ အဆက်မပြတ် အထပ်ထပ်သိနေတဲ့ ရုပ်ခန္ဓာ, နာမ်ခန္ဓာ ရုပ်အာယတန, နာမ်အာယတန အတူတူဘဲ၊ဒါ ခန္ဓာခေါ်တယ်၊ ဒါဘဲ အာယတနခေါ်တယ်၊ နို့ဓာတ်ကော၊ ကာယဓာတ်, ဖောဋ္ဌဗ္ဗဓာတ်, ကာယဝိညာဏဓာတ်၊ ဟော ရုပ်ဓာတ်,နာမ်ဓာတ် ပေါ်သွားပြီ၊ကိုယ်ဓာတ်ကယ်,အတွေ့ဓာတ်ကယ်,တွေ့သိဓာတ်ကယ်, ရုပ်ဓာတ်,နာမ်ဓာတ်ပေါ့၊ ဒါ ရုပ်ခန္ဓာ,နာမ်ခန္ဓာ, ရုပ်အာယတန, နာမ်အာယတန, ရုပ်ဓာတ်,နာမ်ဓာတ်, ဒီတခုထဲကို ခေါ်တယ်။

တချို့ကတော့ စာသင်ထားတော့ အတွေ့သားဘဲ၊ ခန္ဓာငါးပါး ကျက်ထား ရတယ်လေ၊ အာယတနတဆဲ့နှစ်ပါး, ဓာတ်တဆဲ့ရှစ်ပါး, သူတို့ကျက်ထားတဲ့ ခန္ဓာငါးပါး, အာယတနတဆဲ့နှစ်ပါး,ဓာတ်တဆဲ့ရှစ်ပါးက စာအုပ်ထဲမှာ သူ့ကိုယ်မှာ မရှိဘူး၊ ဝိဇ္ဇာဉာဏ်သမားကတော့ စာအုပ်ထဲမှာမရှိဘူး၊ လိုက်ရှာစမ်းပါလား၊ စာအုပ်ထဲ ခန္ဓာငါးပါးမရှိ၊ စာအုပ်ထဲမှာ အာယတနတဆဲ့နှစ်ပါးမရှိ၊ စာအုပ်ထဲမှာ

ခေါင်တဆဲ့ရှစ်ပါးမရှိ၊ ဟော မိမိတို့ကိုယ်သန္တာန်အတွင်းမှာ အမှန်တကယ် နာမ်ရုပ်နှစ်စုကြွန့်မစဲအောင် အမြဲတမ်း ပြောင်းလဲ ဖြစ်ပျက်နေတဲ့ ခန္ဓာအာယတန ခေါင်အစစ်၊ အဲဒီ ခန္ဓာအာယတနခေါင်တို့၏ မပြတ်ဖြစ်တာ သံသရာအစစ်ဘဲ၊ အဲဒီတော့ အခုယောဂါဝစရပုဂ္ဂိုလ်တွေတရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေတွေ့သွားပြီ၊ ဟာလက်စသတ်တော့ ခန္ဓာအာယတနခေါင်ဟာ တခြားမှာရှာလို့ ရတာမှမဟုတ်ဘဲ၊ မိမိကိုယ်တွင်း သန္တာန်မှာ အမှန်တကယ်ဖြစ်နေတာ၊ ဒီ ခန္ဓာအာယတနခေါင်ချည်းပါကလား၊ အင်မတန်ကြောက်စရာကောင်းတယ်လို့ ဘုရားက ဟောတယ်၊ ဒါ သံသရာကြီးလို့ဟောတယ်၊ ဒါ သံသရာအစစ်ဘဲ၊ အဲဒီသံသရာအစစ်ကို ဉာဏ်ဘာထိုဘာဝ မမြင်သမျှ ကာလပတ်လုံး မည်သည့် သတ္တဝါမျိုးမှ ဘယ်အခါမှ နိဗ္ဗာန်မရဘူးဆိုတာ ဒီနေရာကတထစ်ချ ယုံထားတော့၊ သို့လောသို့လော တွေးတောယုံမှားမရှိနဲ့၊ ဒီလိုခန္ဓာအာယတနခေါင် အမှန်တကယ် ယထာဘူတ ဟုတ်တိုင်းမှန်စွာ မသိသမျှ ဉာဏ်ဘာဝထိုဘာဝ ဘယ်တော့မှ နိဗ္ဗာန်မရနိုင်ဘူး၊ အဲဒါ ခန္ဓာအာယတနခေါင်အစစ်၊ဒါ သံသရာအစစ်ကို ခေါ်တယ်။

ဒါဖြင့် အရှင်ဘုရား ခန္ဓာ အာယတန ခေါင်ဟာ ဒီကာယပသာဒဖေါဋ္ဌဗ္ဗကာယဝိညာဏ် ဒီနေရာတွင် ဖြစ်သလားဆိုတော့ တို့ယောဂါဝစရပုဂ္ဂိုလ်တွေက ဝိဇ္ဇာဉာဏ်ဖြန့်ထားတဲ့ပုဂ္ဂိုလ်တွေသိရေပေါ့၊ဘယ်ဒီနေရာတွင်ဘယ်ကမလဲ မျက်စိသံသရာ,နားသံသရာ, နှာခေါင်းသံသရာ,လျှာသံသရာ,ဟောခုကိုယ်ကကိုယ်သံသရာမနေ့သံသရာ,ခြောက်ဌာနရှိတယ်၊သံသရာခြောက်ခုရှိတယ်၊ အဲဒီကိုယ်သံသရာလိုဘဲ ဒီနေရာကနေပြီးတော့ ခုနတုန်းက မြတ်စွာဘုရားဆုံးမတဲ့ အင်္ဂုတ္တိုရ်ပါဠိတော်လာတဲ့အတိုင်းပေါ့၊ဇကော ဓမ္မောဆိုတဲ့အတိုင်း ကာယပသာဒဖေါဋ္ဌဗ္ဗကာယဝိညာဏ်ကို ယထာဘူတအမှန်မြင်ရင် မျက်စိ အဆင်း မြင်သိသုံးပါး ဒါ အတူတူပေါ့၊ ပေါ်သွားပြီ၊ မျက်စိက ရုပ်,အဆင်းက ရုပ်,မြင်သိက နာမ်၊ ဘယ်သွားပြေးလွတ်တော့မလဲ၊ မျက်စိဟာ ရုပ်တရားအစစ်တဲ့ ဘုရားက၊ တို့က မျက်စိကိုရုပ်မထင်ဘူး၊ ငါမျက်စိ ထင်တယ်၊ အဲဒါ မှားနေတယ်၊ မျက်စိဟာ ငါမဟုတ်ဘူး၊ ရုပ်အစစ်၊ အဲအဆင်းကလဲ ရုပ်အစစ်ဘဲ၊ ဟိုမျက်စိရုပ်နဲ့ အဆင်းရုပ်နဲ့ ပေါင်းဆုံမှ မြင်သိလုံးပေါ်လာတာ၊ အဲဒီမြင်သိလုံးလေးဟာ ဘယ်လောက်များ ကြာကြာခံ

သလဲ မိနစ်စက္ကန့်မစဲအောင် အမြဲပြောင်းလဲနေတာပေါ့၊ အဲဒီလို မြင်သိလုံး ရုပ်နာမ်လေး အသစ် အဟောင်း အမြဲတမ်း ပြောင်းလဲနေတဲ့ ရုပ်နာမ်နှစ်ပါးကိုပင် ခန္ဓာလို့လဲခေါ်တယ်၊ အာယတနလို့လဲ ခေါ်တယ်၊ ဓာတ်လို့လဲ ခေါ်တယ်၊ မျက်စိရုပ် အဆင်းရုပ် ရူပက္ခန္ဓာ၊ မြင်သိလုံးက နာမ်ခန္ဓာလေးပါးပေါ့၊ ခုနကကိုယ်လိုဘဲ၊ ဘာလဲ ဝေဒနာ မျက်စိအရသာခံစားတဲ့ဝေဒနာပေါ့၊ အဲဒါမျက်စိမြင်လိုက် မှတ်မိပြီ၊ ဟာ ငါမြင်လိုက်တာဘာဘဲ၊သညာဘဲဆိုတာမှတ်မိတာပေါ့၊ မှတ်ထားသညာက္ခန္ဓာပေါ့၊ မြင်တို့ရာ စေ့ဆော်ကြောင့်ကြစေတနာလေးဟာ ပါသေးတယ်၊ အဲဒါက သင်္ခါရက္ခန္ဓာ၊ မြင်ရင်သိပြီ၊ သိတာ ဝိညာဏက္ခန္ဓာပေါ့၊ အဲဒါ နာမက္ခန္ဓာလေးပါး ပါသွားတယ်၊ မြင်သိလုံးသည် ပင်စစ်မှချ ခန္ဓာငါးပါးအစစ်၊ အဲဒီမျက်စိ၊ အဆင်း၊ မြင်သိ၊ သုံးပါး ရုပ်နာမ်နှစ်ပါးသည့်ပင်လျှင် ခန္ဓာငါးပါး၊ အာယတနကောသူပေါ့၊ စက္ခာယတန၊ ရူပါယတန၊ မနာယတန၊ ဆိုတာ မျက်စိအာယတန၊ အဆင်းအာယတန၊ မြင်သိအာယတန၊ အတူတူပေါ့၊ ဒါလဲအာယတနပေါ့၊ ဓာတ်ကကော စက္ခုဓာတ်၊ ရူပဓာတ်၊ စက္ခုဝိညာဏဓာတ်၊ မျက်စိဓာတ်၊ အဆင်းဓာတ်၊ မြင်သိဓာတ်၊ ရုပ်ဓာတ် နာမ်ဓာတ်ပေါ့။

အဲဒီတော့ မျက်စိပေါက်မှာ ကိုတ်ပိုင်ဉာဏ်နဲ့မြင်အောင် ကြည့်ထား၊ ပြော်မျက်စိလဲရုပ် အဆင်းလဲရုပ် မြင်သိနာမ်၊ ထိုရုပ်နာမ်နှစ်ပါးကိုစွဲ၍ ခန္ဓာငါးပါးခေါ်တယ်၊ အာယတနလို့ခေါ်တယ်၊ ဓာတ်လို့ခေါ်တယ်၊ ရုပ်ခန္ဓာနာမ်ခန္ဓာ၊ ရုပ်အာယတန၊နာမ်အာယတန၊ ရုပ်ဓာတ် နာမ်ဓာတ် မျက်စိမှဖြစ်ထာ၊ မျက်စိကလွဲလို့ ဘယ်မှမဖြစ်ဘူး၊ မျက်စိသဘောက မျက်စိနဲ့မှဆိုင်တယ်၊ ဒီပြင် မျက်စိနဲ့မဆိုင်တဲ့ ဌာန ရှိသလား ရှိတယ်၊ သူ့ဌာနနဲ့သူ၊ နားရယ် အသံရယ် ကြားသိရယ်၊ ဟောဒါသူ့ဌာနနဲ့သူ၊ နားလဲရုပ်ဘဲ သောတ ပသာဒရုပ် အသံကလဲ သဒ္ဒါရုံရုပ် အသံရုပ်နဲ့ နားရုပ်နဲ့ ပေါင်းဆုံထိခိုက်တိုင်း သောတဝိညာဏ်ဆိုတဲ့ နာမ်ကလေး ပေါ်လာတယ်၊ အဲဒါရုပ်နာမ်နှစ်ပါးပေါ့၊ နားမှာလဲရုပ်နာမ်နှစ်ပါးအစစ်ဘဲ၊ နားမှာဖြစ်တဲ့ ရုပ်နာမ်နှစ်ပါးကိုစွဲ၍ ဘာခေါ်သလဲ ခန္ဓာခေါ်တယ်၊ ရုပ်ခန္ဓာတပါး နာမ်ခန္ဓာလေးပါး ဘဲ၊ နားပေါက်က ခန္ဓာငါးပါး၊ ပြီးတော့အာယတန ရုပ်အာယတန နာမ်အာယတနလေ၊ သောတာယတန သဒ္ဒါယတန မနာယတန အတူတူဘဲ၊ဓာတ်ကလဲ သောတဓာတ်၊

သဒ္ဒဓာတ်, သောတဝိညာဏဓာတ်၊ ရုပ်ဓာတ် နာမ်ဓာတ်၊ နားမှာ လဲဘဲ ခန္ဓာအာယတနဓာတ်တို့ မပြတ်ဖြစ်တယ်။

ဒီတော့ ခုနတုန်းက မျက်စိက ခန္ဓာ,အာယတန,ဓာတ်မပြတ်ဖြစ်တာ သိတော့မျက်စိသံသရာ၊ နားမှာခန္ဓာ, အာယတန,ဓာတ်တွေ မပြတ်ဖြစ်တာသိတော့ဟော-နားသံသရာ၊ အဲဒါဘယ်ကလောက်ထူးခြားသလဲဆိုတာကြည့်၊ တို့အစတုန်းက ဘယ်တုန်းကမှမသိဘူး၊ နားကငါ့နား၊ မျက်စိကငါ့မျက်စိ၊ ဒါဘဲထင်တာဘဲ၊ မြတ်စွာဘုရားက ဟဲ့ နားဟာ သံသရာတဲ့၊ မျက်စိဟာသံသရာတဲ့၊ ဒီလိုဖွင့်ပြောသလား၊ ဘုရားပြောတာမပါဘူး၊ဖွင့်မပြောတော့ ဘာပြောတုန်း၊ ခုနခန္ဓာ,အာယတန,ဓာတ်တို့သည် မပြတ်ဖြစ်တာသံသရာလို့ ဒီလိုပြောတာ၊ အဲဒီလိုမျက်စိမှာ ခန္ဓာ, အာယတန,ဓာတ် မပြတ်ဖြစ်တာ တွေ့ပြီမဟုတ်လား၊ နားက ကော ခန္ဓာအာယတနဓာတ် မပြတ်ဖြစ်တာ၊ တွေ့ပြီမဟုတ်လား၊ ခုန ကိုယ်မှာဖြစ်သလို၊ ဟော-နှာခေါင်းကကော နှာခေါင်းကို တို့ဒကာ ဒကာမတွေ သံသရာလို့ တခါမှမထင်ဘူးဘူး၊အဲ ဘုရားကိုယ်တိုင်က နှာခေါင်းဟာ သံသရာအစစ်တဲ့၊ စာထဲမှာက နှာခေါင်းသံသရာ လို့ ဟောမှမဟောဘဲ၊ စာထဲကဟောတာကတော့ ခန္ဓာအာယတနဓာတ် မပြတ်ဖြစ်တာ သံသရာ၊ ဒီလိုဘဲဟောတယ်၊ အဲ့ဒီတော့ နှာခေါင်းက ဃာနပသာဒရုပ် အနံ့ကဂန္ဓာရုံရုပ်, ဂန္ဓာရုံနှင့် ဃာနပသာဒရုပ် ထိလိုက်တော့ ဃာနဝိညာဏ် သိလုံးလေးပေါ်သွားတယ်၊ အဲဒီဃာနဝိညာဏ်ဆိုတဲ့ သိလုံးကလေးဟာ ဘာလဲ ရုပ်နာမ်ပေါ့၊ အဲဒီရုပ်နာမ်ကိုခွဲပြီးတော့ ဘာဖြစ်သွားသလဲ ခန္ဓာငါးပါးဖြစ်တယ်၊ ရုပ်ခန္ဓာတပါး နာမ်ခန္ဓာလေးပါး၊ခံစားမှုဝေဒနာက္ခန္ဓာ, မှတ်သားမှုသညာက္ခန္ဓာ စေ့ဆော်ကြောင့်ကြမှု သင်္ခါရက္ခန္ဓာ သိလုံးကလေး ဝိညာဏက္ခန္ဓာ၊ တို့ယောဂီတွေက ပိုင်ပိုင်နိုင်နိုင်သိသွားပြီမဟုတ်လား ဩော်-ဟုတ်သားဘဲ၊ နှာခေါင်းက ရသာကလေးခံစားတာ နှာခေါင်းက နံတာလဲ မှတ်မိတာဘဲ၊ ဟာ-ခုနက အနံ့ဟာမွှေးလိုက်တာ ခုန နံတာဟာပုတ်လိုက်တာ ခုနနံတာဟာညှီလိုက်တာမှတ်မိတာပေါ့၊ ဒါသညာက္ခန္ဓာပေါ့၊ အဲဒီသညာက္ခန္ဓာ ဖြစ်ပေါ်လာပုံတွေကို စေ့ဆော်ကြောင့်ကြတဲ့ သင်္ခါရက္ခန္ဓာ သိလုံးကလေး ဝိညာဏက္ခန္ဓာ၊ ပေါင်းတော့ နှာခေါင်းပေါက် ခန္ဓာငါးပါးလေ မိနစ်စက္ကန့်မစဲအောင် ပြောင်းလဲဖြစ်ပျက်နေတာ တွေ့·

ရောပေါ့၊ ဟာ-တွေတော့ ဒါဖြင့်နှာခေါင်းကလဲ သံသရာဘဲ၊ အနံ့ကလဲ သံသရာ၊နံ့သိလုံးကလဲ သံသရာ၊ခဏ်ကလဲ နှာခေါင်းခဏ် အနံ့ခဏ် နံ့သိခဏ် သိရောပေါ့။

ကဲ-လျှာကကော ဇိဝှါပသာဒရုပ်,ရသာရုံရုပ်, ဇိဝှါဝိညာဏ်၊ ရုပ်နာမ်နှစ်ပါးဘဲ၊လျှာပေါက်က လျှာကဇိဝှါပသာဒရုပ်လို့ ခေါ်တယ်လေ၊ ထင်ရှားနေပြီ၊ ရသာရုံက အရသာရုပ်ကိုခေါ်တာလေ၊ ဟော-ထိုရုပ်နှစ်ခုပေါင်းဆုံတဲ့အခါမှ ဇိဝှါဝိညာဏ်ဆိုတဲ့ နာမ်ကလေး ဘွားကနဲ ဖြစ်ပေါ်လာတယ်၊ နာမ်စားသိလုံးကလေး၊ အဲဒီစားသိလုံးကလေးဟာ ခန္ဓာငါးပါးဘဲတဲ့၊ ဘုရားက ဘာလို့လဲ ဇိဝှါပသာဒရုပ်နှင့် ရသာရုံက ရူပက္ခန္ဓာအစစ်၊ စားတိုင်းသိတာက ဝိညာဏက္ခန္ဓာ၊ ထိုဝိညာဏက္ခန္ဓာနှင့် အပေါင်းအသင်းဖြစ်တဲ့ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ,သင်္ခါရက္ခန္ဓာ ပါတာပေါ့၊ ဒါဖြင့်-တို့လျှာပေါက်က အဟာရကလေး လျှာပေါ်ရောက်တိုင်း ရောက်တိုင်း ခန္ဓာငါးပါးတို့သည် မိနစ်စက္ကန့်မစဲအောင် အမြဲအသစ်အဟောင်း ပြောင်းလဲဖြစ်နေတာ၊လက်စသတ် ဒါလဲခန္ဓာအာယတနခဏ်တွေဖြစ်နေတာ၊ ရုပ်နာမ်နှစ်ပါးဘဲလို့ သိရောပေါ့၊ ဒါဖြင့် လျှာလဲသံသရာပေါ့၊ စားသိလုံးလျှာဟာ သံသရာအစစ်ဘဲလို့ အဲဒီလျှာပေါက်က သံသရာအစစ်သိသွားပြီ၊ လျှာသံသရာတဲ့။

ခုနက ကိုယ်သံသရာပြောပြီးပြီ၊ ကာယပသာဒရုပ်, ဖောဋ္ဌဗ္ဗရုပ်, ကာယဝိညာဏ်၊ မနောသံသရာ မနောသံသရာဆိုတာ လွယ်လွယ်ကလေး အိပ်ရာထဲဝင်တဲ့အခါ တခါထဲ အာရုံတခြားကို သွားနေတာ မဝင်လဲသွားတာပါဘဲ၊ သို့သော်လဲ ထင်ရှားအောင်ပြတာ၊ မျက်စိ,နား, နှာခေါင်း, လျှာ, ကိုယ်ဆိုတဲ့ ငါးဒွါရ ရုပ်နားပြီးတော့ မနောသက်သက်ကြံစည်နေတာ မနောက ဟဒယဝတ္ထုရုပ်ကယ် ဓမ္မာရုံရုပ်ကယ် ကြံတိုင်းသိတဲ့ကြံသိလုံးကလေးရယ်၊ အဲဒါရုပ်နာမ်နှစ်ပါးပေါ့၊ အဲဒီရုပ်နာမ်နှစ်ပါးကိုပင် ဟဒယဝတ္ထုရုပ်နှင့် ဓမ္မာရုံရုပ်က ရူပက္ခန္ဓာ၊ ကြံတိုင်းသိတယ်ဆိုတာကလေးက ဝိညာဏက္ခန္ဓာ၊ ထိုဝိညာဏက္ခန္ဓာနဲ့ အတူတကွပါလာတဲ့ ခံစားမှုဝေဒနာ မှတ်သားမှုသညာ စေ့ဆော်ကြောင့်ကြမှု သင်္ခါရက္ခန္ဓာ၊ ဟော နာမ်ခန္ဓာလေးပါး၊ ကြံသိလုံးကလေးကို တို့ကတော့ ငါကြံလို့ သိတာဘဲ အောက်မေ့တာပေါ့၊ ဘယ်ဟုတ်

မလဲ၊ မြတ်စွာဘုရားက အဲဒါခန္ဓာငါးပါးတဲ့၊ မနောမှာကြံနေတာ သံသရာစက်ကြီးပေါ့၊ တကယ့် သံသရာကြီး၊ အဲဒီသံသရာဝဋ်ဆိုးကြီးကို မြင်အောင်ကြည့်ရမယ်။

ဒါဖြင့် သံသရာဝဋ်ဆိုးဟာ ဘယ်နှစ်မျိုးရှိသလဲ၊ ခြောက်မျိုးရှိတယ်၊ မျက်စိသံသရာ, နားသံသရာ, နှာခေါင်းသံသရာ, လျှာသံသရာ, ကိုယ်သံသရာ, မနောသံသရာ, အလွန်ကြောက်ဘို့ကောင်းတဲ့ သံသရာကြီး၊ ဒါကိုကြောက်လို့ ရှေးအရိယာသူတော်ကောင်းတွေဆုတောင်းတာ 'သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ' အလွန်ကြောက်ကြတယ်၊ ဒါနလှူလဲ အဲဒီသံသရာဝဋ်ကြီးကထွက်ပါရစေ၊ သီလစောင့်လဲ သံသရာဝဋ်ကထွက်ပါရစေ၊ ဘာဝနာအားထုတ်လဲ သံသရာဝဋ်ကထွက်ပါရစေ အမြဲဆုတောင်းတယ်၊ အဲဒါသံသရာဝဋ်ဆိုးကြီးအစစ်ပေါ့၊ အဲဒါ မမြင်ဘူး၊ သူများဆိုလို့ ရော်ရမ်းပြီးတော့ လိုက်ဆိုကြတာ သူများပြောလို့သာ နားထောင်လို့ ကြားနေတာ၊ တကယ့် သံသရာ အစစ်ကို လူတထောင်တယောက်မသိဘူး၊ အလွန်ခဲယဉ်းတယ်။

အဲဒီ သံသရာဝဋ်အစစ်ကိုမြင်တော့ သံသရာသည် ဝဋ်ကြီးတဲ့၊ ဝဋ်ဆိုပြန်တော့လဲ ဘယ်ဝဋ်တွေပါလာသလဲ၊ ဝဋ်က ကမ္မဝဋ်, ဝိပါကဝဋ်, ကိလေသဝဋ်, ဝဋ်သုံးပါးပေါ့၊ ဝဋ်သုံးပါးထွက်လာတော့ အခု သံသရာဟာ ဝဋ်ကြီးတဲ့ သံသရာဝဋ်ကဘာဝဋ်လဲ၊ ဝိပါကဝဋ်၊ ဝိပါကဆိုတာ အကျိုးကိုခေါ်တယ်၊ ဝိပါကအကျိုး၊ ဝိပါကဝဋ် ဝိပါကဆိုတာ ဝိပါက်လို့ခေါ်တယ်၊ ခုကာလလူတွေပြောတာက ဝဋ်လိုက်တာပေ့တဲ့၊ ဝဋ်ခံနေရတယ်ဟ၊ ဟာ နင်ကျို့ဝဋ်ခံနေရတာဘဲ၊ ဝဋ်ဆိုတာ ဝိပါကကို ခေါ်တာ၊ သူများခံရတဲ့ဝိပါကဝဋ်ဆိုတာတော့ သိကြတာပေါ့၊ ကိုယ်ခံရတဲ့ ဝိပါကဝဋ်ကတော့ မိနစ်စက္ကန့်မစဲဘူး၊ ဘာဖြစ်လို့လဲ မြင်သိလုံးဟာ ဝိပါကဝဋ်အစစ်ဘဲ၊ ဘာမြင်မြင် ဝိပါကဝဋ်ချည်းဘဲ၊ ကြားသိလုံးကကော ဘာကိုကြားကြား ဝိပါကဝဋ်အစစ်ဘဲ၊ နံတာကကော နံတာလဲ ဝိပါကဝဋ်အစစ်ဘဲ၊ အဲဒါဝဋ်ခံနေရတာ၊ လျှာပေါ်က စားသိလုံးတွေ မပြတ်ဖြစ်နေတာ ဝိပါကဝဋ်အစစ်ဘဲ၊ အခုကိုယ်မှာ အမြဲတမ်း တွေ့သိလုံးတွေ ဖြစ်ပေါ်နေတာ ဝိပါကဝဋ်အစစ်ပေါ့၊ မနောက ကြံသိလုံးတွေ ဖြစ်ပေါ်နေတာ ဝိပါကဝဋ်၊ ဝိပါကဆိုတာ အကျိုးဟောတယ်၊ အဲဒီဝိပါကဝဋ်က တမျိုးထဲမဟုတ်ဘူး၊ ယောဂီတွေကိုယ်တိုင်သိတယ်၊

နှစ်မျိုးရှိတယ်၊ ကောင်းတဲ့ဝဋ် မကောင်းတဲ့ဝဋ်နှစ်မျိုး၊ ဟိုကစာလို ပြောတော့ အကုသလဝိပါက်၊ ကုသလဝိပါက်နှစ်မျိုးပြားတယ်၊အကုသလ ဝိပါက်ဆိုတာ မကောင်းကျိုးပေါ့၊ မကောင်းတဲ့ အကျိုးတွေ၊ မကောင်းတဲ့အကျိုးတွေဖြစ်တာ အကုသလဝိပါက်၊ အနိဋ္ဌာရုံတွေတွေ့ရတယ်၊ မကောင်းတာ မြင်ရတယ်၊ မကောင်းတာ ကြားရတယ်၊ မကောင်းတာနံရတယ်၊ မကောင်းတာစားရတယ်၊ မကောင်းတာတွေ့ထိရတယ်၊ မကောင်းတာကြံစည်ရတယ်၊ အကုသလဝိပါက်၊ ကောင်းတာ မြင်ရတယ်, ကောင်းတာ ကြားရတယ်, ကောင်းတာ နံရတယ်, ကောင်းတာ စားရတယ်,ကောင်းတာတွေ့ထိရတယ်, ကောင်းတာ ကြံစည်ရတယ်, ဒါက ကုသလဝိပါက်၊ ဝိပါက်နှစ်မျိုးလေ၊ အဲ ဝိပါက်နှစ်မျိုးဟာ အကြောင်းကင်းလို့ အကျိုးဖြစ်တာမဟုတ်ဘူး။

ယာဒိသံ ဝပ္ပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ။

ဓမ္မပဒ။ ပဥ္စကနိပါတ်။

ယာဒိသံ–အကြင်သို့သဘောရှိသော၊ ဗီဇံ–မျိုးစေ့ကို၊ ဝပ္ပတေ–စိုက်ပျိုးလေ၏၊ တာဒိသံ–ထိုမျိုးစေ့နှင့်တူသော၊ ဖလံ–အသီးအနှံကို၊ ဟရတေ–အချိန်ရောက်က ပေါ်ပေါက်အောင်ဆောင်ပေ၏။

စိုက်တဲ့မျိုးစေ့ အပင်ပေါက်တယ်တဲ့၊ အခါးအအန်နဲ့ ပြည့်စုံတဲ့ ဝွေးတောက်, တမာ, ဂန့်ဂလာမျိုးကို စိုက်ရင် ခါးအန် စေတတ်တဲ့ အရသာရှိစေတဲ့ ဝွေးတောက်, တမာ, ဂန့်ဂလာဘဲရမယ်၊ ချိုမြိန်သော အရသာ ဖြစ်စေတတ်တဲ့ နွဲ့ ထောက်ရှာ မာလကာ ဝိန္နဲကို စိုက်ရင် ချိုမြိန်သော အရသာနှင့် ပြည့်စုံသော နွဲ့ ထောက်ရှာ မာလကာ ဝိန္နဲကိုဘဲရမယ်၊ အဲဒါစိုက်တဲ့ မျိုးစေ့ကိုဘဲ ရမှာဘဲ၊ အဲဒီတော့ ဝိပါကဝဋ်တည်းဟူသော အကျိုးသည် အကြောင်းနဲ့ မကင်းဘူး၊ အကြောင်းက ဘာလဲ ဘယ်နှစ်မျိုး ရှိသလဲ၊ ကိုယ်တိုင်သိပြီ၊ တို့ယောဂီတွေ စဉ်းစားနေစရာမလိုပါဘူး၊ ကုသိုလ်ကံ အကုသိုလ်ကံ ဘယ်သူပြုတာလဲ မိမိတို့ကိုယ်တိုင်ပြုတဲ့ ကံတွေပေါ့၊ ဘယ်သူမပြု မိမိမှုတဲ့၊ မိမိကိုယ်တိုင်ပြုအပ်သော ကုသိုလ်ကံ, အကုသိုလ်ကံ၊ မိမိ၏ အကုသိုလ်ကံကြောင့် အကုသလဝိပါက်ဖြစ်တယ်၊ မြင်အောင်ကြည့် မြင်အောင်ကြည့်၊ မမြင်

သိပ်ကြောက်ဘို့ကောင်းတယ်၊ မိမိ ပြုအပ်သော ကုသိုလ်ကံကြောင့် ကုသလဝိပါက် ဖြစ်တယ်၊ ဆဲဒါ မိမိပြုအပ်သောကံကြောင့် မိမိပြုအပ်သောကံကို မိမိမှာဖြစ်တာကို မသိတော့ ကြောက်စရာ သိပ်ကောင်းတယ်၊ ဘယ်လိုကြောက်စရာကောင်းသလဲ၊ ဥပမာတခုပြောကြစို့-

**ဥပမာ**- တယောက်သော သူက တယောက်၏ ထိပ်ကို ရိုက်လိုက်တယ်၊ ထိပ်ကွဲသွားတယ်၊ ဟာသွေးတွေသံတွေနဲ့ ဖြစ်မှ ဖြစ်ရလေခြင်းဟု ခံရတဲ့သူက ရိုက်တဲ့လူကို စိတ်ဆိုးတယ်၊ ဆဲဒါ ဘာလဲ အဝိဇ္ဇာပေါ့၊ ဝိဇ္ဇာဉာဏ်နဲ့ ကြည့်စမ်း၊ ဘယ်သူလုပ်လို့ ရိုက်တာလဲ၊ဘယ်သူကလုပ်လို့ ဒီလိုထိပ်ကွဲရတာလဲ၊ ဘယ်သူမပြုမိမိမှု၊ မိမိအကုသိုလ်ကံကြောင့် ဖြစ်တာပေါ့၊ ဆဲဒါ မိမိ၏ အကြောင်းတရား အကျိုးတရားကို မမြင်တော့ ရိုက်တဲ့ လူကို စိတ်ဆိုးတာပေါ့၊ဘာနဲ့တူသလဲ၊မီးလောင်နေတယ်ဟေ့ မီးသတ်ကြပါ, မီးသတ်ကြပါဆိုတော့ အမှတ်တမဲ့ ရေမှတ်လို့ ဆွဲပြီး လောင်းလိုက်တာ ရေမဟုတ်ဘဲနဲ့ ရေနံဆီ ထပ်လောင်းမိသလို ကျနေတာပေါ့။

မိမိတို့ တကယ့် အကုသိုလ်ကံကြောင့် ထိပ်ကွဲတာ အကုသိုလ်ကံကြောင့်မှန်း မသိဘဲနဲ့ ထပ်ပြီး ဒေါသဖြစ်တော့ ဘယ်လောက်ကြောက်ဘို့ကောင်းသလဲ ဒါမသိလို့ပေါ့၊ မသိလို့၊ ဥပမာ တခုမှာ မိမိတို့ကိုယ်တိုင် ခံစားကြတယ် ရောဂါဝေဒနာ ကိုးဆယ့် ခြောက်ဖြာပေါ့၊ ကိုးဆယ်ခြောက်ပါးသော ရောဂါဝေဒနာတို့သည် တပါးပါး စွဲကပ်ငြိလာတယ်၊စွဲကပ်ငြိလာတော့ဒီကာယဒုစရိုက်ကိုယ်ကာယမှာခံစားရတဲ့ ဝေဒနာကြီးဟာ ဘယ်သူ့ ကြောင့်လဲ၊ ဘယ်သူမပြု မိမိမှုပေါ့၊ မိမိပြုအပ်သော ကံကြောင့်မိမိခံစားရတာ၊ဆဲဒါ မိမိကိုယ်ကိုမိမိမြင်အောင်ကြည့်၊ ကမ္မဝဋ် ကုသိုလ်ကံ,အကုသိုလ်ကံ မြင်အောင်ကြည့်၊တပါးသောသူက လာပြီးတော့ ချီးမြှောက်ထောက်ပံ့ပေးတာမဟုတ်ဘူး၊ မိမိပြုအပ်သောကံကြောင့်သာ ဖြစ်ရတယ်၊အားလုံး ပုဂ္ဂိုလ်အပေါင်းတွေ အသီးအသီး ပြုအပ်သောကံကြောင့်သာ ဖြစ်ရတယ်၊အားလုံး ပုဂ္ဂိုလ် အပေါင်းတွေ အသီးသီးဟောဒါလဲ ကြားကြမှာပေါ့၊ နတ်တွေဖြစ်တယ် နတ်တွေ ဖြစ်ပေမဲ့ နတ်တွေမှာ နတ်ဖြစ်တူတာ မဟုတ်သေးဘူး၊ အကြောင်းလိုသေး

တယ်၊ အကြောင်းတရား အကျိုးတရား ကွာခြားသေးတယ်၊ မိမိပြု
အပ်သော အကြောင်းသည်ပင်လျှင် အကြောင်းခြင်း မတူဘူး၊ ဘာဖြစ်
လို့မတူသလဲဆိုတော့-

**အက်ိရနှင့် ဇာနုက**

အက်ိရနတ်သားနှင့် ဇာနုကနတ်သား ဝဏ္ဏ၊ တို့မြတ်စွာဘုရားကိုယ်
တော်မြတ် ခြောက်ဝါအလွန် ခုနစ်ဝါမြောက် တာဝတိံသာ နတ်ပြည်
မှာ သွားပြီးတော့ မယ်တော် မိနတ်သားကို တရားဦး ဟောတယ်
အဲဒီအခါ ကျတော့ ဘုရားကိုယ်တော် မြတ်ကြီး ရောက်ရောက်ခြင်း
တရားမဟောခင် အက်ိရနတ်သားနှင့် ဇာနုက နတ်သားဟာ အက်ိရ
နတ်သားက လက်ျာဒူး အစွန်းမှာနေတယ်၊ဇာနုကနတ်သားက လက်ဝဲဒူး
အစွန်းမှာနေပြီးတော့ ဘုရားကို အရိုအသေပြုနေတယ်၊ အဲတဖြေးဖြေး
တန်ခိုးကြီးတဲ့ ဗြဟ္မာတွေ တန်ခိုးကြီးတဲ့ နတ်တွေရောက် လာတော့
လက်ျာဒူးစွန်းမှာ ရှိတဲ့ အက်ိရ နတ်သားဟာ နတ်တပါး လာရင်း
နောက်ဆုတ်ပေးရရင်း နတ်တပါးလာရင်း နောက်ဆုတ် ပေးရင်း
တဖြည်းဖြည်း, တဖြည်းဖြည်းနဲ့ တန်ခိုးကြီးတဲ့ နတ်တွေ လာတာနဲ့
သူနောက်ကိုချည်းဘဲ ဆုတ်သွားတာ ဘယ်ရောက်သွားသလဲ ဆိုတော့
မြတ်စွာဘုရားတရားဟောလို့လဲပြီးရော သူနေတဲ့နေရာက ဘယ်ရောက်
နေသလဲ ဟိုစကြဝဠာ တတိုင်းရောက်နေတယ်၊ မြတ်စွာဘုရားက
သိတာပေါ့၊ သိပေမဲ့ နတ်တွေ နားလည်အောင် ငါအက်ိရ နတ်သားနဲ့
ဇာနုက နတ်သားကို ခေါ်ပြီးသကာလ, မေးအုံးမှဘဲလို့ မြတ်စွာဘုရား
ကိုယ်တိုင် နတ်တွေ ဗြဟ္မာတွေ သိအောင်လို့မေးတာ-

အက်ိရနတ်သား မင်းဟာကွာ ငါရောက်စက ဇာနုကနတ်သားနှင့်
အတူတကွ ဇာနုကနတ်သားက လက်ဝဲစွန်းကနေလို့ မင်းကလက်ျာ
ဘက်စွန်းမှာနေတာ ခုဘယ့်နဲ့လဲ မင်းသွားလိုက်တာ ဟိုစကြဝဠာ
တံတိုင်းကိုရောက်နေတာ ဘယ့်နဲ့ကြောင့် မင်းဒီလောက်တောင်နောက်
ရောက်သွားရသလဲလို့မေးတော့-

အရှင်ဘုရား တပည့်တော်ဟာ မှန်တယ်တဲ့၊ နောက်နောက်က နှစ်
ပေါင်းများစွာ အနှစ်တထောင်, အနှစ်တသောင်း၊ စသည်ဖြင့် လှူလာခဲ့
တာမှန်ပါတယ်တဲ့၊ သို့သော်လဲဘဲ တပည့်တော်လှူခဲ့ရတဲ့အလှူက သာ
သနာပမှာလှူခဲ့ရတယ်တဲ့၊သာသနာပမှာ သာသနာပနေတဲ့တခါ ဘုရား

သာသနာအဆုံးအမ မရှိတဲ့အခါမှာ လှူရတယ်၊ဏ္ဍကနတ်သားကတော့ အရှင်ဘုရားလက်ထက် အရှင်အနုရုဒ္ဓါအား တထပ်စာတနပ်စာဆွမ်း ကလေးလှူရတာ ဒီအလှူခံပုဂ္ဂိုလ်၏ကွာခြားမှုကြောင့် တပည့်တော်မှာ ဤကဲ့သို့ အကျိုးပေးဟာနဲ့ပြီးတော့ နေရပါတယ်ဘုရား၊ အဲဒီလိုပြန် လျှောက်ထားတာ၊ အဲဒါကြောင့်ရှိလို့ ဒိမိမိပြုအပ်သောကံသာလျှင် အ ကြောင်းတရားအစစ် မိမိပြုတဲ့ကံကိုလွှဲ၍ အကျိုးပေးမရှိဘူး၊ ဒါကြောင့် သေသေချာချာ မြင်အောင်ကြည့်ပေါ့ ဝဋ်သုံးပါးကို၊ မိမိပြုအပ်သော ကုသိုလ်ကံ,အကုသိုလ်ကံက ကမ္မဝဋ်၊ ဟောမိမိတို့မှာ အခုအကျိုးပေး နေပြီ၊ ဖြစ်ပြီ-မျက်စိ,နား,နှာခေါင်း,လျှာ,ကိုယ်, မနောခြောက်ဒွါရအစစ် အကျိုးပေးပြီ ဘာတွေပေးနေသလဲ၊ မြင်သိလုံးတွေ ကြားသိလုံးတွေ တဖွားဖွား အကျိုးပေးနေတယ်၊ အဲဒီအကျိုးပေးတဲ့အထဲက အကုသလ ဝိပါက်ဖြစ်တဲ့အခါဖြစ်၊ ကုသလဝိပါက်ဖြစ်တဲ့အခါဖြစ်၊ ဒါဝိပါကဝဋ် ပေါ့၊ အဲကမ္မဝဋ် ဝိပါကဝဋ် ဘယ်သွားရှာကြမလဲ တောင်တွေးမြောက် တွေးမတွေးနဲ့ မိမိတို့ခြောက်ဒွါမှာ နာရီမိနစ်စက္ကန့်မစဲအောင် အမြဲတမ်း ပြုပြင်ပြောင်းလဲ ဖြစ်ပျက်နေတာ၊ ဒါဝိပါကဝဋ်အစစ်ပေါ့ တခြားသွား မကြည့်ကြနဲ့နော်၊ ဉာဏ်တခြားကိုထွက်သွားတတ်တယ်၊မိမိတို့ခြောက် ဒွါရသည် ဝိပါကဝဋ်အစစ် မိမိတို့ပြုအပ်သော ကုသိုလ်ကံ အကုသိုလ် ကံကြောင့် ဖြစ်ပေါ်ပေါက်ဖွားနေတဲ့ ခြောက်ဒွါရရုပ်နာမ်နှစ်ပါး ထိုရုပ် နာမ်နှစ်ပါးသည် ဝိပါကဝဋ်အစစ် အဲဒီတော့ ဝိပါကဝဋ်နဲ့ ကိစ္စပြီးမြ မလား မပြီးမြသေးဘူးတဲ့ ထိုဝိပါကဝဋ်ကိုမှီပြီးတော့ မြင်သိလုံးအစရှိ သော ခြောက်ဒွါရက မြင်သိလုံး ကြားသိလုံးတွေ တွေ့တိုင်းတွေ့တိုင်း ကိလေသဝဋ် ဖြစ်သေးတယ်တဲ့။

ကိလေသဝဋ်က ဘယ်နှစ်မျိုးရှိသလဲ၊ သုံးမျိုးရှိတယ်၊ ကောင်းတဲ့ ဣဋ္ဌာရုံနဲ့တွေ့လို့နှစ်သက် လောဘကိလေသာတဲ့၊မကောင်းတဲ့ အနိဋ္ဌာ ရုံနဲ့တွေ့မနှစ်သက် စိတ်ဆိုးတော့ ဒေါသကိလေသာတဲ့၊ အမှတ်တမဲ့ ဂရုမပိုက်တော့ မောဟကိလေသာတဲ့၊ အဲဒါလဲ ပိုင်ပိုင်နိုင်နိုင် မှတ် ထားကြပေါ့၊ မှတ်မိအောင်မှတ်၊ ဩော် လက်စသတ် တို့ခြောက်ဒွါရ က ရုပ်နာမ်နှစ်ပါးဖြစ်ရုံနဲ့မပြီးသေးဘူး၊ တို့မြင်သိလုံး, ကြားသိလုံးက လေးတွေ စွဲစွဲပြီးသကာလ နှစ်သက်လျှင် လောဘဖြစ်ရတယ်၊ မနှစ် သက်တော့ ဒေါသဖြစ်ရတယ်၊ ဒါကိုယ်ပိုင် ကိုယ်တိုင် သိတဲ့တရား

တွေနေ၍၊ သူများ ပြောသံကြားတွေ မဟုတ်ဘူး၊ ယောဂီတွေ တရားနာနေတဲ့ပုဂ္ဂိုလ်တွေ, ကိုယ်တိုင်သိတွေ, ဈာန္ဒြာရုံကလေးနဲ့တွေ့ နှစ်သက်တာဘဲ မလွဲဘူး၊ အနိဋ္ဌာရုံနဲ့တွေ့ ဘယ်တော့မှမနှစ်သက်ဘူး၊ ဒေါသဖြစ်တာဘဲ၊ အမှတ်တမဲ့လေ ငါမြင်တော့မြင်လိုက်တယ်ဟော့ ဂရုမစိုက်ပါဘူး ဂရုမစိုက်တာဘာလဲ မောဟပေါ့၊ ဩော် ငါကြားတော့ကြားလိုက်တယ်ကွယ် အရေးမစိုက်ပါဘူးဟော့ဆိုတာ မောဟပေါ့၊ နံ့တာလဲ ဒီလိုဘဲ၊ နံ့တော့နံ့တယ် ဂရုမစိုက်ဘူး မောဟတွေလေ၊ အဲဒီ လောဘ, ဒေါသ,မောဟတွေကိုတို့ဒကာ,ဒကာမတွေ ငယ်စဉ်တောင်ကျေး အကလေးက ဗုဒ္ဓဘာသာ လူမျိုးဖြစ်သည့် အားလျော်စွာ အမြဲကြားလာတာပေါ့။

ဒီတော့ ကောင်းပြီ၊ ဒီလောဘ, ဒေါသ, မောဟက ဘယ်ကဖြစ်တာလဲ၊ ကောင်းကင်မှာဖြစ်တဲ့ လောဘ, ဒေါသ, မောဟလား၊ ရေထဲမှာ ဖြစ်တဲ့ လောဘ, ဒေါသ, မောဟလား၊ မြေကြီးထဲက ဖြစ်တဲ့ လောဘ, ဒေါသ, မောဟလားကြည့်၊ လောဘ, ဒေါသ, မောဟတို့၏ တည်ရာဌာနဘယ်မှာလဲ မြင်အောင်ကြည့်လိုက်စမ်း၊ လောဘ,ဒေါသ, မောဟတို့၏ တည်ရာဌာန မျက်စိ၊ လောဘ, ဒေါသ, မောဟတို့၏တည်ရာဌာန နား၊ ထိုလောဘ, ဒေါသ, မောဟတို့၏ ဖြစ်ရာဌာန နှာခေါင်း၊ ထိုလောဘ, ဒေါသ, မောဟတို့၏ ဖြစ်ရာဌာန လျှာ၊ ထိုလောဘ, ဒေါသ, မောဟတို့၏ ဖြစ်ရာဌာန ကိုယ်၊ ထိုလောဘ, ဒေါသ, မောဟ တို့၏ ဖြစ်ရာ ဌာန မနော၊ အဲဒီ ခြောက်ခွါရက ဖြစ်တဲ့ လောဘ, ဒေါသ,မောဟ၊ ဒီတော့ လောဘ, ဒေါသ, မောဟဆိုတဲ့ အကြောင်းတရား ဖြစ်လာရင် သက်သာမယ်မဟုတ်ဘူး၊ ဒါ ဟိုခန္ဓာ, အာယတန,ဓာတ်, ပဋိစ္စသမုပ္ပါဒ် နားလည်အောင်လို့ ဘုရားက ဟောတာ၊ အခု တို့ ဒကာ, ဒကာမတွေကို ပဋိစ္စသမုပ္ပါဒ်ဟောနေတာ ခန္ဓာလဲ ဟောတယ်၊ ခု အာယတနလဲ ဟောတယ်၊ ဓာတ်လဲ ဟောတယ်၊ ကမ္မဝဋ်, ဝိပါကဝဋ်,ကိလေသဝဋ်,ဆိုတာ ပဋိစ္စသမုပ္ပါဒ်, ဟောနေတာ ဘာပြုလို့လဲ၊ အတိတ်အကြောင်း ငါးပါး၊ အတိတ်အကြောင်း ငါးပါး ဘယ်သူလဲ၊ အဝိဇ္ဇာ,သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝ, ပစ္စုပ္ပန် အကျိုးငါးပါး၊ ဟော ခန္ဓာငါးပါး ရုပ်နာမ်တရားတွေ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ,ဝေဒနာ, အခုပြောတဲ့ ရုပ်နာမ် နှစ်ပါးပေါ့၊

ဇ္ဆာသယ ၁၀၄–၇

အဲဒါကပဋ္ဌာန်း၊အတိတ်ကအကြောင်းကြောင့် ပဋ္ဌာန်းအကျိုးဖြစ်တယ်၊ ဝိပါကဝဋ်ကြီးတွေပြတယ်၊ အဲဒီလို ဝိပါကဝဋ်ဖြစ်တော့ ပဋ္ဌာန်းအကြောင်းက ဘယ်သူလဲ တဏှာ, ဥပါဒါန်, ကမ္မဘဝ,အဝိဇ္ဇာ, သင်္ခါရ၊ ဟော တဏှာ ဥပါဒါန် ကမ္မဘဝ, အဝိဇ္ဇာ, သင်္ခါရ ဒါ အခုပဋ္ဌာန်း အကြောင်း တရားဖြစ်သွားပြီ၊ တို့ဒကာ,ဒကာမတွေ အကြောင်းတရားတွေပေါ်လာကုန်ပြီ၊ဘယ်သူတွေပေါ်လာကုန်သလဲ ဟော-ကိလေသာ, လောဘကိလေသာ, ဒေါသကိလေသာ,မောဟကိလေသာ အကြောင်းတရားတွေ ပေါ်လာကုန်ပြီ၊ အဲဒီအကြောင်းကြောင့် အကျိုးပေးအုံးဆိုတော့ အနာဂတ်အကျိုးငါးပါးတဲ့၊ဘယ်သူပေးမလဲ ခုပြောတဲ့ ဝိညာဏ်, နာမ်ရုပ်, သဠာယတန,ဖဿ, ဝေဒနာ, ပေးမှာပေါ့၊ရုပ်နာမ်နှစ်ပါးဘဲ ပေးမှာဘဲ၊ အဲဒီရုပ်နာမ် နှစ်ပါးတို့ကို ဝိညာဏ်,နာမ်ရုပ်,သဠာယတန, ဖဿ, ဝေဒနာ ဆိုတဲ့ ရုပ်နာမ်ဘဲပေးအုံးမယ် အကျိုး၊ ရုပ်နာမ် အကျိုးပေးတော့ ဘယ်လိုပေးမလဲ၊ လောဘကိလေသာဖြစ်ရင်နော် သေသေချာချာကြည့် မိမိတို့မျက်စိက ချစ်ဘို့ကောင်းသလား မုန်းဘို့ကောင်းသလား၊ နားကချစ်စရာလား ကြောက်စရာလား၊ နှာခေါင်းကချစ်စရာလား ကြောက်စရာလား၊ လျှာပေါက်ကချစ်စရာလား ကြောက်စရာလား၊ ကိုယ်ပေါက်ကချစ်ဘို့ကောင်းသလား ကြောက်ဘို့ကောင်းသလား၊ မနောကို ချစ်စရာကောင်းသလား ကြောက်စရာကောင်းသလား၊ အဲဒါကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင်ခွဲကြည့်၊ ကိုယ်တိုင်သိလိမ့်မယ်။ အခုပြောတဲ့ မျက်စိ နား နှာခေါင်း လျှာ ကိုယ် မနော ခြောက်ခွါရက နှစ်သက်တဲ့ဂုဏ္ဍာရုံကြောင့် လောဘဖြစ်တော့ ဘာဖြစ်သလဲ-

ယေဘုယျေန ဟိ သတ္တာ တဏှာယ ပေတ္တိဝိသယံ ဥပပဇ္ဇန္တိ။
အဋ္ဌသာလိနီ၊

ဟိသစ္စံ- ငါဆိုသော စကားသည် မှန်၏၊ ယေဘုယျေန-များသောအားဖြင့်၊ သတ္တာ-သတ္တဝါတို့သည်၊ တဏှာယ-လောဘတဏှာကြောင့်၊ ပေတ္တိဝိသယံ- ပြိတ္တာဘုံသို့၊ ဥပပဇ္ဇန္တိ- ကပ်ရောက်ကြကုန်၏။

ယေဘုယျေနဆိုတာများသောအားဖြင့်အားလုံးသောသတ္တဝါအနန္တတို့သည် မျက်စိ,နား, နှာခေါင်း, လျှာ,ကိုယ်, မနော ခြောက်ခွါရကဖြစ်တဲ့ ဝိပါက ဝဋ်ဆိုးကို အမှီပြုပြီးတော့ လောဘကိလေသာဟာ

ပြိတ္တာဘုံကိုသွားရမယ်တဲ့၊ အဲဒီတော့ ပြိတ္တာဘုံကိုဘယ်သူများ သွားချင်ကြသလဲ၊ အခုထိုင်နေတဲ့ပုဂ္ဂိုလ်တွေ တယောက်မှ ပြိတ္တာဘုံကို မသွားချင်ကြဘူး။ အဲဒီပြိတ္တာဘုံက မင်းလာရမယ်လို့ အတင်းရော အဓမ္မရော မနေမနားခေါ်လို့ သွားရမှာလား၊ သို့မဟုတ် ဘယ်သူက သွားတာလဲ၊ ကြောက်စရာရန်သူဘယ်မှာလဲ၊ မျက်စိကသွားမှာ မျက်စိမှာရန်သူရှိတယ် လောဘရန်သူ၊ နားမှာရန်သူရှိတယ် လောဘရန်သူ နှစ်သက်ရင်လေ နှာခေါင်းက ရန်သူအစစ် လောဘရန်သူ၊ လျှာက ရန်သူ လောဘ၊ ကိုယ်ကရန်သူလောဘ၊ မနောကရန်သူလောဘ၊ ဟော-အဲဒီလောဘက ဘယ်ကိုပို့လိုက်မလဲ၊ သွားတော့တဲ့မင်းပြိတ္တာဘုံကို၊ မိမိကိုယ်တိုင်သွားတာ သူများသွားတာမဟုတ်ဘူး၊ အဲဒီတော့ ပြိတ္တာဘုံကို လောဘကိလေသာကြောင့် အမှန်သွားရမယ်ဆိုတာ ငြင်းကွယ်မနေကြနှင့်၊ ဟာ ဟုတ်ချင်မှဟုတ်မှာဘဲ လို့ ဒီလို ဒွိဟသံသယရှိနေလဲ အကောင်းသားဘဲ၊တယ်မကြောက်ဘူး၊ ကြွက်သီးမထဘူး၊ ဟုတ်ချင်မှဟုတ်မယ်လို့ စိတ်ကထင်ထားတော့ ဘယ်ကြောက်တော့မလဲ၊ ဩော် မြတ်စွာဘုရားဟောလျှင်ဖြင့် ဧကန်မုချမလွဲ မှန်မှာကိုး တကယ်တမ်းညာဏ်မျက်စိနှင့် မြင်သွားလျှင် ကြောက်မှာပေါ့၊ အဲဒါကြောင့် လောဘကိလေသာက ပြိတ္တာဘုံသွားဘို့ ပြပြီ၊ ဒေါသက ကော သက်သာမလား-

ဒေါသေန ဟိ စဏ္ဍာ ဇာတိတာယ ဒေါသသဒိသံ နိရယံ ဥပပဇ္ဇန္တိ၊

အဋ္ဌသာလိနီ။

ဟိသစ္စံ- ငါဆိုသော စကားသည် မှန်၏၊ ဒေါသေန- ဒေါသကြောင့်၊ စဏ္ဍာဇာတိတာယ- ဒေါသ၏ကြမ်းထန်းသောသဘော ရှိသည့်အဖြစ်ကြောင့်၊ ဒေါသသဒိသံ- ဒေါသနှင့် တူသော၊ နိရယံ- ငရဲသို့၊ ဥပပဇ္ဇန္တိ- ကပ်ရောက်ရကုန်၏။

ဒေါသကိလေသာ ဖြစ်တော့ ဘယ်သွားမလဲ ငရဲပြည်၊ သိဉ္ဇိုဝ်း, ကာလသုတ်,သင်္ဃာတ,ရောရုဝ, မဟာရောရုဝ,တာပန,မဟာတာပန, အဝီစိ၊ ငရဲကြီးရှစ်ထပ် ငရဲငယ်တရာနှစ်ဆယ်ရှစ်ထပ်, လောဟကုမ္ဘိငရဲ, လောကန္တရိစ်ငရဲ, ပဟာသငရဲဆိုတဲ့ ဒီငရဲပြည်ကလာခေါ်တာမဟုတ်ဘူး၊မိမိတို့ကိုယ်တိုင်ဒေါသကိလေသာအဟုန်ကြောင့် သေသည်၏

အခြားမဲ့၌ ငရဲပြည်သွားရတာ၊ အဲဒီငရဲပြည်သွားတဲ့ လမ်းက ဘယ်မလဲ ဆိုတော့ မျက်စိ,နား,နှာခေါင်း, လျှာ,ကိုယ်,စိတ်, ခြောက်ဒွါရပေါ့၊ ပြောဘ်အလွန်ကြောက်စရာကောင်းတဲ့ ခြောက်ဒွါရ၊တို့က မကြောက်ပါဘူး၊ ခြောက်ဒွါရကို ရန်သူမှန်းမသိတော့ ခြောက်ဒွါရကိုခင်နေတာ အင်မတန်နှစ်သက်တယ်၊အင်မတန်ခင်မင်တယ်၊အင်မတန် တွယ်တာတယ်၊ အင်မတန်သာယာတယ်၊မျက်စိ,နား,နှာ,လျှာ,ကိုယ်,မနော,ခြောက်ဒွါရ အဘိုးတန်ထင်နေတယ်၊ ထင်သာထင်ရတယ် လောဘနှင့် ပြဋ္ဌာဘုံ ပို့တာလဲသူဘဲ၊ ဒေါသနှင့် ငရဲပြည်ပို့တာလဲသူဘဲ၊ ဒါဖြင့် အမှတ်တမဲ့ နေပြန်တော့ကော၊သိပ်ဆိုးတာ,အဲဒါအဆိုးဆုံးဘဲ၊လောဘလဲမဖြစ်ဘူး၊ အမှတ်မဲ့နေတာ၊ ဒေါသလဲမဖြစ်ဘူး၊ လောဘ,ဒေါသမဖြစ် မောဟတဲ့၊ မောဟဆိုပြန်တော့ကော သက်သာမလား-

မောဟေန ဟိ မုယှန သဘာဝတာယ တိရစ္ဆာန ယောနိံ ဥပပဇ္ဇန္တိ၊

အဋ္ဌသာလိနီ၊

ဟိသစ္စံ– ငါဆိုသော စကားသည် မှန်၏၊ မောဟေန– မောဟ ကြောင့်၊ မုယှန သဘာဝတာယ– မောဟ၏ တွေဝေသော သဘောရှိသောကြောင့်၊ တိရစ္ဆာနယောနိံ-တိရစ္ဆာန်ဘုံသို့၊ ဝါ-အသုရကာယ်ပြည်သို့၊ ဥပပဇ္ဇန္တိ–ကပ်ရောက်ရကုန်၏။

မောဟက တိရစ္ဆာန်ပြည် အသူရကာယ်ပြည်သွားရမယ်တဲ့၊ အဲဒီတော့ တိရစ္ဆာန်ပြည် အသူရကာယ်ပြည် သွားတာ ဘယ်လမ်းလဲ၊ မောဟ၊အဲဒီမောဟက ဘယ်မှာဖြစ်တာလဲ၊ မျက်စိ,နား,နှာ,လျှာ,ကိုယ်, မနော,ခြောက်ဒွါရကဖြစ်တာပေါ့၊သေသေချာချာကြည့် သေသေချာချာကြည့်၊အင်မတန်ကြောက်ဘို့ကောင်းတယ်၊ အဲဒါမြင်ရောပေါ့၊ လောဘ, ဒေါသ,မောဟ,ဒီသံသရာဝဋ်ဆိုးကြီးကို ကြောက်တယ် ကြောက်တယ် လို့ဆိုတာတကယ်အစစ်အမြစ်ရင်းကိုမြင်မှကြောက်တာသံသရာဝဋ်က ဘယ်သူလဲ၊ ခုနတုန်းကပြခဲ့တဲ့ ခြောက်ဒွါရ၊ အဲဒီခြောက်ဒွါရကို ဘာလို့ ကြောက်ရသလဲ၊ အဲဒီခြောက်ဒွါရက ဖြစ်ပေါ်ပေါက်ဖွါးနေတဲ့ လောဘ ဖြစ်ပုံတွေ ဒေါသဖြစ်ပုံတွေ မောဟဖြစ်ပုံတွေ တွေ့ပြီမဟုတ်လား၊ ဘယ် လောက် ကြောက်စရာကောင်းသလဲ၊ ဒီတော့ ဒီခြောက်ဒွါရဟာ ခင်စရာမင်စရာ တွယ်တာစရာ သာယာစရာကောင်းသေးသလား၊သေ

သေချာချာကြည့်၊ ခြောက်ဒွါရ တည်းဟူသော ရုပ်နာမ်သည် ချစ်ဘို့ကောင်းသလား ကြောက်ဘို့ကောင်းသလား၊တွေးကြည့်၊ဒါဖြင့် ဘယ်နဲ့လုပ်ပါ့မလဲ၊ ဒီခြောက်ဒွါရအကြောင်းပြုပြီး သကာလ အပါယ်လေးပါးကြောက်ရမှာတော့ အင်မတန် ကြောက်ဖို့ ခြောက်ဒွါရကြောင့်ငါတို့အပါယ်လေးပါးကျရတာမှန်တယ်၊ဟုတ်ပြီ၊ဒါလဲတလမ်းပေါ့၊နို့တပည့်တော်တို့ နိဗ္ဗာန်ရောက်အောင် ခြောက်ဒွါရအဖြစ်ဘေးမှ လွတ်အောင်အပါယ်သံသရာဘေးမှ လွတ်အောင်ဘာလုပ်ရမလဲ၊အဲဒီခြောက်ဒွါရဘဲ၊ဒီခြောက်ဒွါရကို ချန်လှပ်၍ နိဗ္ဗာန် ရောက်ကြောင်း တရားမရှိဘူးတဲ့ဘုရားက၊ ကိုင်း ဘယ်လို လုပ်ကြမလဲ၊ ဒီခြောက်ဒွါရသည်ပင်လျှင်အပါယ်လေးပါး ချတာသူဘဲ၊ ဤခြောက်ဒွါရကို ချန်လှပ်၍ နိဗ္ဗာန်ရောက်ကြောင်းတရား မရှိဘူးတဲ့၊ အဲဒါသိဘို့ အရေးအကြီးဆုံး (၁)နံပါတ်ဘဲ၊ဒီခြောက်ဒွါရကိုချန်လှပ်၍ အပါယ်ကျကြောင်းတရား ဘယ်မှမရှိဘူးတဲ့၊ ဒီခြောက်ဒွါရကို ချန်လှပ်၍ နိဗ္ဗာန်ရောက်ကြောင်းတရားဘယ်မှ မရှိဘူးတဲ့၊ ကိုင်း အဲဒါ ဘာကွာသလဲ၊ အဝိဇ္ဇာ, ဝိဇ္ဇာ ပြီးရောနှစ်မျိုးသည်း၊ အဝိဇ္ဇာဦးစီးတဲ့ ပုဂ္ဂိုလ် ခြောက်ဒွါရနှင့် အပါယ်ကျမယ်ဝိဇ္ဇာဉာဏ်ဦးစီးတဲ့ပုဂ္ဂိုလ် ခြောက်ဒွါရနှင့် နိဗ္ဗာန်ရမယ်။

အဲဒါ တို့ဒီမှာ သင်တန်း တက်တဲ့ ယောဂီပုဂ္ဂိုလ်တွေ တကယ်သင်တန်းကို ကျေကျေ ပွန်ပွန် နားလည်သွားပါစေလို့ ပြောပြတာ၊ဒီခြောက်ဒွါရ သည်ပင်လျှင် နိဗ္ဗာန်ရောက်ကြောင်း တရားအစစ်ဘဲ၊ခြောက်ဒွါရကိုချန်လှပ်၍ နိဗ္ဗာန်ရောက်ဘို့ တခုမှမရှိဘူး၊ခြောက်ဒွါရကဘာလဲ ရုပ်နာမ်နှစ်ပါး ရုပ်နာမ်နှစ်ပါးကိုမြင်လျှင် ဖြစ်ပျက်ကို အမှန်သိမယ်၊ရုပ်နာမ်နှစ်ပါး၏ဖြစ်ပျက်ကိုသိလျှင် ဥဒယဗ္ဗယဉာဏ်ရသွားပြီ၊ဟော ဒီခြောက်ဒွါရကြီးဟာ ငါမဟုတ်ဘူးဆိုတဲ့ အနတ္တတွေ့ပြီ၊ဘာဖြစ်လို့လဲ ကာယပသာဒရုပ်က ပြထားတယ်မဟုတ်လား၊ ပထဝီဓာတ်ကိုတွေ့တွေ့,တေဇောဓာတ်ကို တွေ့တွေ့, ဝါယောဓာတ်ကို တွေ့တွေ့ ရဟုလာကို ဟောထားတယ်။

ပထဝီဓာတုံခေါ ရဟုလ အနိစ္စတော ဇာနတော ပဿတော
သက္ကာယဒိဋ္ဌိ ပဇဟတိ အဝိဇ္ဇာပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။

သံယုတ်ပါဠိတော်။

ရာဟုလ- ချစ်သား ရာဟုလာ၊ ခေါ- စင်စစ်၊ ပထဝီဓာတုံ- ပထဝီဓာတ်ကို၊ အနိစ္စတော-မမြဲဘူးဟူ၍၊ ဇာနတော-သိသော သူအား၊ပဿတော-မြင်သောသူအား၊သက္ကာယဒိဋ္ဌိ-သက္ကာယ ဒိဋ္ဌိကို၊ ပဇဟတိ-စွန့်၏၊ အဝိဇ္ဇာ-အဝိဇ္ဇာကို၊ ပဟီယတိ- ပယ်၏၊ ဝိဇ္ဇာ-ဝိဇ္ဇာဉာဏ်သည်၊ ဥပ္ပဇ္ဇတိ-ဖြစ်ပေါ်လာ၏။

ကဲ ဘယ်လောက်ကောင်းသလဲ၊ ခုတို့ယောဂီတွေသိချင်လေ နာ တာသိတာနှင့် နိဗ္ဗာန်ရတယ်၊ဘယ်ကလောက်ကောင်းသလဲ၊ကိုက်တာ သိတာနဲ့ နိဗ္ဗာန်ရတယ်၊ ကျင်တာကလေး သိတာနှင့် နိဗ္ဗာန်ရတယ်၊ ခြေကျင်တယ်, လက်ကျင်တယ်, ကိုက်တယ်, ခဲတယ်,နာတယ် ဟော နိဗ္ဗာန်ရတယ်တဲ့ ဘုရားက ဝိဇ္ဇာ,ဝိဇ္ဇာ၊ အဝိဇ္ဇာက ငါနာတယ်,ငါကျင် တယ်, ငါကိုက်တယ်၊ ဝိဇ္ဇာဉာဏ်က ပထဝီဓာတ်သိပြီ, ပထဝီဓာတ် ကာယပသာဒရုပ်နှင့် ထိခိုက်လို့ နာမှု, ကျင်မှုတွေပေါ်လာတာ၊ ဒါငါ မဟုတ်ဘူးဆိုတဲ့ အနတ္တသိသွားပြီ၊ အဝိဇ္ဇာမဟုတ်ဘူး၊ ဝိဇ္ဇာဉာဏ်က ဘယ့်ကလောက်ကောင်းသလဲ ပထဝီဓာတ်တွေ့ နိဗ္ဗာန်ရတယ် ဘုရား က ဟောတာ၊ တေဇောဓာတ်ကိုတွေ့ နိဗ္ဗာန်ရတယ် ဘုရားက။

တေဇောဓာတုံခေါ ရာဟုလ အနိစ္စတော ဇာနတော ပဿတော သက္ကာယဒိဋ္ဌိ ပဇဟတိ အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။
သံယုတ်ပါဠိတော်။

ရာဟုလ-ချစ်သား ရာဟုလာ၊ ခေါ-စင်စစ်၊ တေဇောဓာတုံ- တေဇောဓာတ်ကို၊ အနိစ္စတော-မမြဲဘူးဟူ၍၊ ဇာနတော- သိသောသူအား၊ ပဿတော-မြင်သောသူအား၊ သက္ကာယဒိဋ္ဌိ- သက္ကာယဒိဋ္ဌိကို၊ ပဇဟတိ-စွန့်၏၊ အဝိဇ္ဇာ-အဝိဇ္ဇာကို၊ ပဟီ ယတိ-ပယ်၏၊ ဝိဇ္ဇာ-ဝိဇ္ဇာဉာဏ်သည်၊ ဥပ္ပဇ္ဇတိ - ဖြစ်ပေါ် လာ၏။

ဟော ဘယ်ကလောက်ကောင်းသလဲ တေဇောဓာတ်ကို တွေ့ချင် ဝိဇ္ဇာဉာဏ်နိဗ္ဗာန်ရ၊ တေဇောဓာတ်ကိုမတွေ့ချင် အဝိဇ္ဇာက အပါယ် ချတာပေါ့၊ ဘာဖြစ်လို့လဲ တေဇောဓာတ်နှင့် တွေ့တော့ ပူတာကိုး, အေးတာကို အေးလိုက်တာ, အမယ်လေး ငါအေးလိုက်တာ, ငါအေး

တယ်, ငါပူသဟဲ့, ငါပူသဟဲ့, သွားရောပေါ့ အတ္တဒိဋ္ဌိ-သက္ကာယဒိဋ္ဌိ၊ တဏှာခတ် အကြောင်းပြုပြီး အပါယ်ကျတာပေါ့ အဝိဇ္ဇာသမားလေ၊ ဝိဇ္ဇာဉာဏ်သမားက ပူတာတွေ နိဗ္ဗာန်ရ, အေးတာတွေ နိဗ္ဗာန်ရ၊ တယ်မကွာဘူးနော် အမြောက်အကျလေးရယ်၊ အပြောင်း အလွဲလေးရယ်၊ စိတ်ပြောင်း စိတ်လွဲလေးရယ်၊ အဝိဇ္ဇာနဲ့-ဝိဇ္ဇာ ဒါဘဲ ဝါယောဓာတ်ကို တွေ့ရင်ကော ဘုရားကိုယ်တိုင် ဟောတာလေ။

ဝါယောဓာတုံ ခေါ ရာဟုလ အနိစ္စတော ဇာနတော ပဿတော သက္ကာယဒိဋ္ဌိံ ပဇဟာတိ အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။

သံယုတ်ပါဠိတော်။

ရာဟုလ- ချစ်သား ရာဟုလာ၊ ခေါ-စင်စစ်၊ ဝါယောဓာတုံ-ဝါယောဓာတ်ကို၊ အနိစ္စတော- မမြဲဘူးဟူ၍၊ ဇာနတော-သိသောသူအား၊ ပဿတော- မြင်သောသူအား၊ သက္ကာယဒိဋ္ဌိံ-သက္ကာယဒိဋ္ဌိကို၊ ပဇဟာတိ-စွန့်၏၊ အဝိဇ္ဇာ-အဝိဇ္ဇာကို၊ ပဟီယတိ-ပယ်၏၊ဝိဇ္ဇာ-ဝိဇ္ဇာဉာဏ်သည်၊ဥပ္ပဇ္ဇတိ-ဖြစ်ပေါ်လာ၏။

မြဲမြဲစွဲစွဲမှတ်ထားလိုက်ကြ၊ တကဲ့အစစ်အဝိဇ္ဇာနဲ့ ဝိဇ္ဇာ ကွာခြားပုံလေ၊ ဒါကြောင့်ဒီခြောက်ဒွါရကို ကြောက်တဲ့ပုဂ္ဂိုလ် ဒီခြောက်ဒွါရက ကြောက်စရာမကောင်းဘူး၊ ဝိဇ္ဇာဉာဏ်သမားက ခြောက်ဒွါရသည် မိတ်ဆွေ၊ ခြောက်ဒွါရအရင်းတည်ပြီးသကာလ ဝိဇ္ဇာဉာဏ်က နိဗ္ဗာန်ကူးမှာ၊ အဝိဇ္ဇာသမားက ခြောက်ဒွါရသည်ရန်သူ ခြောက်ဒွါရအမှီပြုပြီးတော့ အပါယ်လေးပါးကျမှာ၊ အဲဒါ တို့ဒကာ, ဒကာမတွေ ကိုယ်ပိုင်ဉာဏ်နဲ့စဉ်းစား၊ဒီကနေ့တနေ့လုံးလဲ စဉ်းစား၊ တရားနာပြီးလဲစဉ်းစား၊ ညလဲစဉ်းစား၊ အဲ နေ့ရှိသမျှစဉ်းစား၊ အဲဒီခြောက်ဒွါရကို အပိုင်စီး၍ နိဗ္ဗာန်သွားမလား၊ ခြောက်ဒွါရကို အမှီသဟဲပြုပြီးသကာလ အပါယ်လေးပါးသွားမလား၊ သွားချင်တဲ့လမ်းသွားကြပေါ့၊ မြတ်စွာဘုရားကတော့ ဒါဘဲဟောတယ်၊ ဘာလဲဟောတာ။

ဧကောဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

အင်္ဂုတ္တိုရ်ပါဠိတော်။

> ဘိက္ခဝေ- ချစ်သားတို့၊ ကောဓမ္မော- တရတည်းသော ရုပ်ခေတ်တရားကို၊ အခုပြောတဲ့ ပထဝီခေတ်ကိုဖြစ်စေ, သို့မဟုတ် တေဇောခေတ်ကိုဖြစ်စေ, ဝါယောခေတ်ကိုဖြစ်စေ, ကောဓမ္မော- တရတည်းသောရုပ်ခေတ်တရားကို ဘာဝိတော- ကြံမ်ဖန်များစွာ ပွါးများအပ်သည် ရှိသော်၊ ဗဟုလီကတော- ကြံမ်ဖန်များစွာ အားထုတ်အပ်သည်ရှိသော်၊ အခု ဒိဿတိုက်တွန်းနေတာတွေလေ, ရှိန်ရှိန်သုတ်သုတ် လှုပ်လှုပ်ရွရွ မပြတ်ဖြစ်ပျက်နေတဲ့ ရုပ်တရားနာမ်တရားတွေကို ကြံမ်ဖန်များစွာ၊ ဘာဝိတော-ဗဟုလီကတော အကြံမ်ကြံမ်ပွါးနေရင်၊ အဘိညာယ- သစ္စာလေးပါးတရားကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ၊ ဟော ဒုက္ခသစ္စာသိသွားပြီ၊ ခန္ဓာငါးပါး, ရုပ်နာမ်တရား ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာသိကထဲက သမုဒယတဏှာမြင်ပြီ၊ ခန္ဓာ ငါးပါးဟာ ကောင်းကင်ကျမှ ဟုတ်ဘူးဟေ့၊ သမုဒယကြောင့်ဖြစ်တယ်လို့ သိသွားပြီ၊ အဲ ခန္ဓာငါးပါး ရုပ်နာမ်တရား၏ ဒုက္ခသစ္စာမြင်သဖြင့် မဂ္ဂသစ္စာကို တခါထဲပွါးပြီး မဖြစ်ချင်တဲ့အတွက်ကြောင့် နိဗ္ဗာန်—နိရောဓသစ္စာ မျက်မှောက်ပြု၊ ဟော သစ္စာလေးပါး၊ ဒါကြောင့် အဘိညာယ- သစ္စာလေးပါးတရားကို အထူးသဖြင့်သိခြင်းငှါ၊ သမ္ဗောဓာယ- သစ္စာလေးပါးတရားကို ကောင်းစွာသိခြင်းငှါ၊ နိဗ္ဗာနာယ- အနုပါဒိသေသနိဗ္ဗာန်အကျိုးငှါ၊ သံဝတ္တတိ-ဖြစ်၏။

စိတ်ချ ဒါ နိဗ္ဗာန်ကိုဧကန်မလွဲဘမ်းရတဲ့ တရားနော်၊ ဒွိဟသံသယ ဘာမျှမရှိနဲ့၊ ခေတ်တပါးတွေ့ရင် တို့ နိဗ္ဗာန်ရမယ်ဆိုတာ စိတ်ချ၊ ခေတ်တပါးတွေ့ရင် နိဗ္ဗာန်ရမယ်လို့ ဘာပြုလို့ ရဲရဲ ဟောနိုင်သလဲ၊ ခေတ်တပါးတွေ့ အကုန်တွေ့တာဘဲ၊ ဘာထူးသလဲ အတူတူဘဲဟာ၊ အရင်းဖြတ် အဖျားပြတ်ဆိုတာ အတူတူဘဲ၊ တခုသေ အကုန်သေတာ ပေါ့၊ အဲဒါကြောင့်မို့လို့ ကောဓမ္မော ဘာဝိတော ဗဟုလီကတောလို့ မြတ်စွာဘုရားသုံးတယ်၊ အဲဒီလိုမြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး သုံးမတော်မူတဲ့ဒေသနာတော် ကြားကြပြီပေါ့၊ တကယ်အစစ် သံသရာဝဋ်ကြီးလဲ တို့တွေ့ပြီ၊ တို့ ခါတိုင်းခါတိုင်း ဆုတောင်းတဲ့ သံသရာဝဋ်ဟာ ဘယ်ဒင်းလဲ, အခုပြောတဲ့ ခန္ဓာ, အာယတန, ခေတ်

မပြတ်ဖြစ်တဲ့သံသရာ၊အဲဒီ ခန္ဓာ,အာယတန,ဓာတ်ကို မဖြစ်ချင်ဘူး၊ခန္ဓာ အာယတနဓာတ် မဖြစ်တဲ့အရပ်က နိဗ္ဗာန်၊ ဒါကြောင့် သံသရာကို တကယ်မြင်တဲ့ ယောဂါဝစရပုဂ္ဂိုလ် ဒါနလှူ နိဗ္ဗာန်ရ၊ သီလစောင့် နိဗ္ဗာန်ရ၊ ဘာဝနာအားထုတ် နိဗ္ဗာန်ရ၊ ကဲ စိတ်ချပေတော့ လှူတတ်ပြီ၊ ဒါနလဲ လှူတတ်ပြီ၊ သီလလဲ နိဗ္ဗာန်ရောက်အောင် စောင့်တတ်ပြီ၊ ဘာဝ နာလဲ နိဗ္ဗာန်ရောက်အောင် ပွါးတတ်ပြီ၊ အဲဒါကြောင့် ဒီကနေ့သင်တန်း တက်တဲ့ပုဂ္ဂိုလ်တွေ သင်တန်းပေးလိုက်တယ်၊ သင်တန်းပေးလိုက်တဲ့ အတိုင်း ငါတို့အမှန်အစစ် ယထာဘူတနိဗ္ဗာန်ရောက်ကြောင်း တရား ကောင်းကို ရပြီ၊ နောင်အခါ ဤယနေ့ကစ၍ လှူတိုင်းလှူတိုင်း သီလ စောင့်တိုင်း စောင့်တိုင်း ဘာဝနာ အားထုတ်တိုင်း အားထုတ်တိုင်း ဒီသံသရာဝဋ်ကြီးကလွတ်တဲ့ နိဗ္ဗာန်ကိုသာလျှင် ပဓာန မျက်မှောက် ပြုလိုသောစိတ်နဲ့ ငါတို့ ယနေ့ယခု နာကြားမှတ်သားရတဲ့ ဒေသနာ အစစ်သည် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း တရားထူး ဟူ၍ ယုံကြည်သောအားဖြင့် ဤကုသိုလ်စေတနာအဟုန်ကြောင့် ဒိဋ္ဌဓမ္မ ပစ္စက္ခမျက်မှောက် ပထမဇောစေတနာ အကျိုးပေး အထောက် အပံ့ ရ၍ ထို စေတနာ၏ အထောက်အပံ့ဖြင့် ယခု ဘဝ ယခု သာသနာ တွင်းမှာပင်လျှင် မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလို ကုန်သောဟု ဆုတောင်းကြ။

# သေခြင်းတရား

တရားတော်တွေကတော့ သူ့ထက်ငါကောင်း ဟောကြတာဘဲ၊ ဟောတဲ့ပုဂ္ဂိုလ်ကလဲ ပျော်လို့ပါးလို့ အပျင်းပြေဟောတာမဟုတ်ဘူး၊ တကယ့်မေတ္တာဓာတ်နဲ့ မိမိတို့သိသလိုသိပါစေ, မိမိတို့နားလည်သလို နားလည်ပါစေ, သူတော်ကောင်းတရားတို့ကို နေ့မအားညမအား အားထုတ်နိုင်ပါစေဆိုတဲ့ မေတ္တာစိတ်နှင့်ဟောကြတယ်၊တရားနာတဲ့ပုဂ္ဂိုလ်ကလဲ အပျင်းပြေ ထိုင် နာကြတာမဟုတ်ဘူး၊ ဤကဲ့သို့ မြတ်စွာဘုရား တရားတော် ငါတို့ကြားနာရလျှင်ဖြင့် လောကဒုက္ခ သံသရာဘေးကြီးမှ လွတ်မြောက်ကြောင်း လမ်းကောင်း လမ်းမှန် လမ်းစစ်တရားတွေ ရလေရဲ့ ရနိုင်ရဲ့၊ ရလို့ရှိလျှင်ဖြင့် ငါတို့ဤဘဝဟာ ဘဝထူးဘဝမြတ် အင်မတန်ကောင်းတဲ့ ဘဝထူးကြီးဘဲ၊ ဤဘဝမှ လွတ်မြောက်နိုင်တဲ့ အကြောင်းတွေ,ငါတို့ တခါတရံတဆစ်မျှ မှတ်သားလိုက်ရလို့ ကျင့်ကြံကြိုးကုတ် အားထုတ်ရလျှင်ဖြင့် ငါတို့သည် ချမ်းသာရာအစစ် မုချရလိမ့်မယ်လို့ မျှော်လင့်ပြီးတော့ နာကြတာ။

တရားနာတဲ့အခါလဲ စဉ်းစဉ်းစားစား နာရတယ်၊ ဒီ တရားဟော တယ်, ဟောတယ်ဆိုတာက ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင် ကျမ်း အမျိုးမျိုးရှိတယ်၊ ဘုရားကိုယ်တော်မြတ်ကြီးဟောတော်မူတဲ့ ဒေသနာ တော်ချည်းဘဲတဲ့၊ အဲဒီဒေသနာတော်တွေဟာ မဟုတ်လို့လား ဘုရားလို့ ဆိုတော့ အကုန်ဟုတ်တဲ့ တရားချည်းဘဲ၊ အကုန်ကောင်းတယ်၊ ဘုရား ဟောတဲ့ဒေသနာတော်တွေဘဲ မကောင်းဘဲရှိမလားအင်မတန်ကောင်း၊ သို့သော်လည်း အလျော်အားဖြင့် သဘောမိအောင် သဘောပေါက် အောင် ဟောတတ်ဘို့အရေးကြီးတာ၊ ကြံဆတတ်ဘို့ ဘုရားဟောတဲ့ ဒေသနာကို သဘောအဓိပ္ပါယ်မြင်ပြီးတော့သွားအောင် အခုဒီမှာဟော ရတဲ့တရားကတကယ့်ဝိပဿနာတရား,မလွယ်ဘူး၊ အခြားသောနည်းနဲ့ ဟောရတာကတော့ လွယ်ပါတယ်၊ ဒေသနာ ဒေသနာဆိုတာ ဘုရား ဟောတဲ့ဒေသနာအစဉ်အတိုင်း ပါဠိအနက်နှင့်တကွ ကျကျနန ဟောပြီး တော့သွားမယ်ဆိုလျှင် ကိစ္စပြီးတာဘဲ၊ဒါ ဒေသနာခန်းခေါ်တယ်။

အနုသာသနီခန်း ဆိုတာကမလွယ်ဘူး အဆုံးအမ စကားခေါ်တယ်၊ အဆုံးအမစကားဆိုတာ တရားမသိတဲ့ ပုဂ္ဂိုလ် သိအောင်, တရားနား

မလည်တဲ့ပုဂ္ဂိုလ် နားလည်အောင်, အဓိပ္ပါယ် ရသ သဘောသွား အဓိပ္ပါယ်မမြင်မြင်အောင် ကျင့်တတ်ဘို့,ကြံတတ်ဘို့,နေတတ်ထိုင်တတ်ဘို့၊အဲဒါတွေပဲဟောရတာမလွယ်ဘူး၊အင်မတန်ကို ခက်ခဲတဲ့တရားတွေ၊ အရှင်မြတ်စွာဘုရား တရားတော်က ကျင့်ပါကြံပါ အားထုတ်ပါလို့တိုက်တွန်းပေမဲ့ လူတိုင်းအားမထုတ်ချင်ဘူးပေါ့၊ ဘာပြုလို့မထုတ်ချင်သလဲဆိုလျှင် မသိလို့ပေါ့၊မသိလို့ သိလျှင်အင်မတန်ကြောက်မယ်၊ လောကကြီးမှာ ဒီ'သဗ္ဗေတသန္တိဒဏ္ဍဿ တဲ့' သတ္တဝါအနန္တ အလုံးစုံသော ဘေးဥပဒ် အန္တရာယ်ဟူသမျှ အင်မတန်ကြောက်ကြတယ်၊ 'သဗ္ဗေဘာယန္တိ မစ္စုနော တဲ့' သေအံ့သော ဘေးကြီးမှ အမြဲတမ်း ကြောက်ကြတယ်၊ မသိလို့မကြောက်ကြတာ သိလျှင်အင်မတန်ကြောက်တယ်၊ ဒါကြောင့် ဒီကဟောတဲ့ပုဂ္ဂိုလ်ကသိလောက်အောင် နားလည်လောက်အောင် အနက်သဘောပေါက်အောင် ပြောဟောဘို့ရမလွယ်ဘူး။

တို့မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံတော်မူပြီးတဲ့နောက် သီရိဓမ္မာသောကမင်းကြီးရှိတယ်၊ ဒီ သီရိဓမ္မာသောကမင်းကြီးမှာ တိဿဆိုတဲ့ ညီတော် မင်းသားတပါးရှိတယ်၊ ဥပါဒ်ရှေမင်းသား၊ ညီတော်တိဿ ဥပါဒ်ရှေမင်းသားဟာ တနေ့တောကစားသွားတယ်၊ တောထဲရောက်တဲ့အခါကျတော့ သမင်,ဒရယ်,ကျိုင်ယ်,ဆိုင်,ဆတ်များ မြက်သစ်ရွက်တွေစားသောက်ပြီးတော့ လောကအာရုံ ကာမဂုဏ်နဲ့ မွေ့လျော်ပျော်မြူးပြီးနေတာ သူမြင်ရတယ်၊ မြင်ရတော့ စိတ်ထဲမှာအကြံဖြစ်သွားတယ်၊ ဘယ်လိုဖြစ်သွားသလဲလို့ ဆိုတော့ ငါ့နောင်တော်ကြီးတော့ မှားနေပြီ၊အလွန့်ကို မှားနေတယ်၊ ကြည့်စမ်း ဘာမဟုတ်တဲ့ မြက်သစ်ရွက်တွေ စားသောက်နေတဲ့ သမင်ဒရယ်တွေဟာ လောကအာရုံကာမဂုဏ်ကို လိုက်စားနေကြတာ ကြည့်စမ်း၊ ဒီ သူကိုးကွယ်ထားတဲ့ရဟန်းတော်တွေဟာ ထောပတ်,သကာ,တင်လဲ,ပျားရည်,စသည်တို့ကိုကန်နဲ့လှောင်ပြီးတော့ ကျွေးမွေးလှူဒါန်းနေတာ၊ ဒီလိုဆီဦးထောပတ် အမြိုက်အရသာတွေ စားနေရ၍ လောကအာရုံကာမဂုဏ်မှာ ပျော်မှာပေါ့။

အဲဒီလိုအကြံဉာဏ်ဖြစ်တဲ့အခါကျတော့ နောင်တော်ကို သူလျှောက်ထားတာပေါ့၊နောင်တော် နောင်တော်မှားနေပြီတဲ့၊ ဟဲ့ညီတော် ငါဘာမှားနေသလဲ ပြောစမ်းပါအုံးညီတော်ဆိုတော့၊ညီတော်အခုတောကစားသွားတယ်၊ တောကစားသွားတဲ့အခါ တောထဲမှာ သမင်ဒရယ် ကျိုင်ယ်

ဝိုင်ဆတ်တွေဟာ မြက်သစ်ရွက်တွေ စားသောက်ပြီး နေပါလျက် ကယ်နှင့် လောကအာရုံ ကာမဂုဏ်၌ အင်မတန်မွေ့လျော်ပြီးနေကြကာ မြှင်ခဲ့ရတယ်၊ ဒီလိုမဟုတ်တဲ့ မြက်သစ်ရွက်ချည်း စားသောက်နေတဲ့ သမင် ဒရယ်တွေတောင် လောကအာရုံ ကာမဂုဏ်၌ ပျော်နေတာ, ယခုနောင်တော်ဟာ ရဟန်းတော်များကို ထောပတ် သကာ ပျားရည် တင်လဲ အမြိုက်အရသာတို့ကို ကန်နှင့်လျောင်ပြီး သကာလ ကျွေးမွေး လှူဒါန်းနေတာ သာ၍ ကာမဂုဏ်တွေ များမှာပေါ့တဲ့၊ ဒီတော့ နောင် တော်က သိတယ်၊ သိတော့ ဒါဖြင့် ညီငယ် မင်းကို အမိန့်တော်မှတ် လိုက်မယ်တဲ့၊ တချက်လွှတ်အမိန့်-

ဒီကနေ့ကစ၍ ၇-ရက်ကျအောင် မင်းသည် ကောင်းမြတ်သော အမြိုက်အရသာတို့ကို စားသောက်ပြီးသကာလ မောင်းမမိဿ ခြွေရံ သင်းပင်းနှင့် ကာမဂုဏ်ကို ၇-ရက်အတွင်း ပျော်ပျော်ပါးပါးကြီးသာ စံပေတော့၊ ၇-ရက်စေ့တဲ့အခါ သင့်အား သုသာန်ထုတ်ပြီး သကာလ လှံယာဉ်ပျံနှင့် ငါကိုယ်တိုင် သုသာန်မှာ စီရင်မယ်လို့ တခါထဲ အမိန့် တော် မှတ်လိုက်တယ်။

အဲဒီလိုအမိန့်တော်မှတ်လိုက်တော့ ရှင်ဘုရင်စကားဘဲ သိပ်ကြောက် ထာပေါ့၊ ကြောက်တော့ကာ အဲ ၇-ရက်လဲစေ့ရော 'ညီတော်တိဿ ရှေ့တော်သွင်းခဲ့' အဲဒီလို ညီတော်တိဿကို ခေါ်တဲ့ အခါကျတော့ ဘုရင့်ရှေ့မှောက်ရောက်လာတယ်၊ ရောက်လာတဲ့အခါ ဘုရင်က ဘယ့် နှဲ့လဲဟေ့ ညီတော်,ဆိုပြီး ထောပတ် အမြိုက်အရသာတွေ သုံးဆောင်လို့ မောင်းမမိဿံ ခြွေရံသင်းပင်းတွေနှင့် လောကအာရုံ ကာမဂုဏ်မှာ မင်းပျော်ပျော်ပါးပါးများ ရှိရဲ့လား ညီတော်လို့ မေးလိုက်တယ်၊ ဒီ အခါမှာ ညီတော်ပြန်ပြောပုံက နောင်တော်,နောင်တော် ပြောလိုက်တဲ့ နေ့ကစ၍ ယနေ့ကျအောင် တခါမှ စားလို့လဲမဝင်ပါဘူး၊ အိပ်လို့လဲ မပျော်၊ မောင်းမမိဿံ ခြွေရံသင်းပင်းနှင့်လဲ ပျော်ရွှင်ခြင်း မရှိပါဘူး ဘုရားတဲ့၊ ဟဲ့ညီတော် ဘာဖြစ်လို့လဲဟ မေးတော့ နောင်တော်က ၇-ရက်ကြာလျှင် သုသာန်ထုတ်ပြီးသကာလ လှံယာဉ်ပျံနှင့် အသက်မှ ဆုံးရှုံးအောင် စီရင်မယ်လို့ အမိန့်တော် ချမှတ်လိုက်သည့်အတွက် သေ ရမဲ့ဘေး အင်မတန်ကြောက်သောကြောင့် မပျော်မွေ့ပါဘူးလို့ အဲသည် လို သံတော်ဦးတင်တယ်။

ဒီတော့ သိရိဓမ္မာ သောကမင်းကြီးက ဘယ်နဲ့လဲ ညီတော် မင်းကို ကွယ် ငါ ပျော်ပါးစရာ အခွင့်ပေးလိုက်တာ ၇-ရက်တောင် ကြာတာ မင်း ၇-ရက်ကြာမှ သေရမှာ၊ ၇-ရက်ကြာမှသေရမှာတောင် မင်း ဒါလောက် ကြောက်ရွံ့ပြီး သကာလ မပျော်မမွေ့ဘဲနှင့် နေတာ မင်း ကိုယ်တိုင် ကိုယ်ပိုင်ညဏ်ကလေးနှင့် တွေးစမ်း၊ ငါကိုးကွယ်ထားတဲ့ ရဟန်းတော်တွေဟာတဲ့ သေအံ့သောဘေးသည် ကျောမှာကပ်နေသလို မြင်နေတယ်တဲ့ သေသေချာချာ တွက်ကြည့်ကြ၊ ပျော်တာဘာ့ကြောင့် ပျော်ကြသလဲ၊ ဘေးကိုမမြင်လို့ ပြောကြတာပေါ့၊ သွားပျော်ပျော်, လာပျော်ပျော်, နေပျော်ပျော်, စားပျော်ပျော်, အိပ်ပျော်ပျော်, ဘာဖြစ်လို့ ပျော်သလဲ၊ မသိလို့ပျော်တာပေါ့၊ သိလျှင် ဘယ်သူ ပျော်မလဲ၊ ဘယ်သူ တဦးတယောက်မျှ မပျော်ဘူး၊ သိလျှင် သိလျှင်။

အဲဒါကြောင့် ဟောတဲ့ ပုဂ္ဂိုလ်တွေက မသိသိအောင် အမျိုးမျိုး ဟောတာဘဲ၊ အဲဒီ ညီတော်တိဿ တကယ်တမ်း သိသွားတော့ ဘယ်လောက် အဘိုးတန်သွားသလဲ၊ နောင်တော်သည်လိုဆိုလျှင်ဖြင့် ညီတော်ကို ခွင့်ပြုတော်မူပါ၊ရဟန်းပြုပါရစေ၊ အဲဒီတော့မှနောင်တော်ကအားရဝမ်းသာနှင့် ခွင့်ပြုလိုက်တယ်၊ ရဟန်းအဖြစ် ပြုလုပ်သွားတော့ မကြာမြင့်မီ ကသိုဏ်း ပရိကံပွါးလို့ ဝိပဿနာတရား နှလုံးသွင်းထားလိုက်တယ်ဆိုလျှင်ဘဲ ရဟန္တာဖြစ်သွားတယ်၊ ဒီညီတော်တိဿသာ ရဟန်းအဖြစ်သို့ မရောက်လျှင် သိရိဓမ္မာသောကမင်းကြီး လက်ထက်မှာ သာသနာ့အတော် ဆုံးရှုံးနစ်နာမယ်၊ သာသနာကယ်မဲ့ ပုဂ္ဂိုလ်ဖြုန်းကနဲ ပေါ်သွားတာ ဘုန်းရှိသွားတယ်၊ အဲဒီ တိဿ ရဟန္တာ ဖြစ်တော့ နောက် ဒီသိရိဓမ္မာသောက မင်းကြီးဟာ သာသနာကို အင်မတန်ချီးမြှောက်တယ်၊အလွန့်အလွန်ကို ကြည်ညိုလေးစားပြီး ချီးမြှောက်တော့ တိတ္ထိတွေကို တော်ရာ ပုံထားတာပေါ့၊ ရှေးက တိတ္ထိ လွှမ်းမိုးနေတာ တိတ္ထိ တွေကို အမြဲတမ်း လုပ်ကျွေး ပြီးတော့ တိတ္ထိတွေကို ကိုးကွယ်လာတာ၊ အဲ နောက် ဗုဒ္ဓဘာသာဖြစ်တဲ့ အခါကျတော့ တူတော်သာမဏေကလေးကို အမှီပြုပြီးသကာလ ဗုဒ္ဓဘာသာ ဖြစ်ရတယ်။

အဲဒီလို ဗုဒ္ဓဘာသာ ဖြစ်တဲ့အခါကျတော့ တိတ္ထိတွေက လောကကြီးမှာ ခုခေတ်သာမဟုတ်ဘူး၊ ဟိုအခါတုန်းက သိရိဓမ္မာသောက

မင်းကြီး လက်ထက်မှာ တိတ္ထိတွေ အစားအသောက် ကြပ်တဲ့အခါ တိတ္ထိတောင်က သာသနာကို ကြည်ညိုဟန်ဆောင်ပြီး သာသနာဝင်ကြတာပေါ့၊ သာသနာဝန်ထမ်း ရဟန်းပြုကြ၊ ပြုပြီးတော့ သူတို့ကျင့်ချင်တာကျင့်, နေချင်သလိုနေ, စားချင်သလိုစား, သွားချင်သလိုသွား, လုပ်ချင်သလိုလုပ်, ပြုချင်သလိုပြု၊ဒီတော့ တကဲ့သဒ္ဓါသမ္ပတ္တိနှင့်ပြည့်စုံတဲ့ ရဟန်းကောင်း, ရဟန်းမြတ်တွေက ဆုံးမလို့လဲမရ၊ ဆုံးမလို့မရတဲ့အခါ အရှင်မဟာမောဂ္ဂလိ ပုတ္တတိဿ မထေရ်ကြီးက ဟိုတောအရပ်မှာသွားပြီး တပါးတည်း သီတင်းသုံးနေတာပေါ့၊ ဒီ သီရိဓမ္မာသောကမင်းကြီး၏ အရပ်ဌာနမှာ ဖေါက်ပြန်ချင်တိုင်း ဖေါက်ပြန်, ပျက်စီးချင်သှိုင်း ပျက်စီးပြီး ရဟန်းကောင်း, ရဟန်းမြတ်တွေက ဥပုသ်ပဝါရဏာ အတူမပြုကြဘူး၊ဥပုသ်ပဝါရဏာ အတူတူမပြု, သိမ်အတူဘူ မဝင်ဘူးပေါ့လေ၊ ကံကြီး, ကံငယ် အတူတူမဆောင်ကြဘူး၊ အဲဒီလို ကံကြီး, ကံငယ် မဆောင်တော့ သာသနာကြီးဟာ ကမောက်ကမ ဖြစ်ပြီးနေတော့မှ လျှောက်ကြ, လွှဲကြတာပေါ့ ဘုရင်မင်းမြတ်ကို။

ဘုရင်မင်းမြတ်အား သံဃာတော်တွေဟာ အညီအညွတ် မရှိဘူး၊ သံဃာတော်တွေ ကမောက်,ကမ ဖြစ်နေပြီ၊ သူတို့ ဥပုသ်,ပဝါရဏာ ကံကြီး,ကံငယ် အတူတူမဆောင်ဘူး၊ အခု သာသနာတော်ကြီးဟာ ဖရိုဖရဲ, ကိုးရိုးကားယား ဖြစ်နေပါပြီလို့ သွားပြီးသံတော်ဦးတင်တော့ သီရိဓမ္မာသောကမင်းကြီးက သာသနာ အတော်ကြည်ညိုတာ၊ကြည်ညိုတော့ မလိမ္မာ,ပညာမဲ့တဲ့ အမတ်တယောက်ကို ဟဲ့ သာသနာ ညီညွတ်အောင် သွားဆောင်ရွက်လိုက်လို့ ပြောလိုက်တယ်၊ အဲတာ သာသနာညီညွတ်အောင် ဆောင်ရွက်ထာ၊အမတ်မိုက် ဆောင်ရွက်ပုံ နည်းနော်အမတ်မိုက်က သံဃာတွေရှောက်မေးတယ်၊ အရှင်ဘုရား သာသနာအညီအညွတ်ဒိပုဂ္ဂိုလ်တွေနှင့်အရှင်ဘုရားကံဆောင်နိုင်ပါမလားဘုရားဟဲ့၊ ဒီတော့ မဆောင်နိုင်ဘူးဒကာ ဆိုလျှင်ဘဲ၊ မဆောင်နိုင် လည်ပင်းဖြတ် သတ်ပစ်လိုက်ထာဘဲ၊ ရဟန်းကောင်းတွေ အသတ်ခံရတယ်၊ အမတ်မိုက် လိုက်သတ်ပစ်လိုက်တာ ရဟန်းကောင်းတွေ တော်တော်သေသွားတယ်၊ တိတ္ထိဂိုဏ်းသားတွေကို မေးတော့ ပေါင်းမလား, ပေါင်းမယ်၊ သူတို့က,သူတို့က,ထပ်ပြီး ညစ်နွမ်းစရာမှမရှိဘဲ၊ အိုးမဲဟာအိုးမဲပေါ့၊ အမဲဘဲ အစွန်းမထင်ဘူးပေါ့၊ဘာမှသူတို့မကြောက်ဘူး၊ဒီက

သူတော်စင်အရိယာတွေကတော့ ဒိမိုက်တဲ့လူနဲ့ ဘယ်ပေါင်းလိမ့်မလဲ၊ ဘုရားဟောင်မှ ဘဝသံသရာက ဆုတောင်းလာသေးတာဘဲ။

ဗာလံ နုပသေယျ နသုဏေ၊ နစဗာလေန သံဝသေ။
ဗာလေ နာလ္လာပ သလ္လာပံ၊ နကရေ နစရောစယေ။
အကိတ္တိဇာတ်။

လူမိုက် ဘယ်တော့မှ မမြင်ချင်ဘူး၊ တို့ သူတော်ကောင်းတွေက လူမိုက်နှင့် မပေါင်းချင်ဘူးပေါ့၊ မပေါင်းဘူး, မပေါင်းဘူး ဆိုလျှင် အသတ်ခံရတယ်၊ ဆဲဒီလိုအစဉ်အတိုင်း သံဃာတော်တွေကို စီတန်းပြီးတော့ မေးတာပေါ့၊ မေးတော့ မိစ္ဆာဒိဋ္ဌိဂိုဏ်းဝင် သူယုတ်မာရဟန်းတွေကတော့ ပေါင်းမယ်၊ အရိယာ သူတော်ကောင်း တွေကတော့ မပေါင်းဘူး၊ မပေါင်းသတ်၊ဆဲဒီလိုအစဉ်အတိုင်း သတ်လာတာ တိဿမထေရ်ထံကို ရောက်ကရော၊ ခုနပြောတဲ့ ဓမ္မိန်ရှေမင်းသား ရဟန္တာ တိဿမထေရ်ထံ ရောက်တော့မှ အရှင်ဘုရား ဒီပုဂ္ဂိုလ်တွေနှင့် ပေါင်းနိုင်ရဲ့လား၊ မပေါင်းနိုင်ဘူးတဲ့၊ ပြီးရော,သူမသတ်ဝံ့ဘူး၊ အရှင်တိဿက ဓမ္မိန်ရှေမင်းသားကိုး၊ မသတ်ရဲတော့ဘူး ဒီတော့မှ နန်းတော် ပြန်သွားတယ်၊ ပြန်သွားပြီးတော့ ဘုရင်မင်းမြတ်ကို သံတော်ဦး တင်တယ်၊ အရှင်မင်းမြတ် သာသနာတော်ကို အရှင်မင်းမြတ်က ညီညွှတ်အောင် လုပ်လိုက်ဆိုလို့ ကျွန်တော်မျိုးသွားလုပ်တယ်၊ အခု အချို့အချို့ ပုဂ္ဂိုလ်က ညီညွှတ်အောင် ပေါင်းသင်းမယ်လို့ပြောတယ်၊ အချို့အချို့ပုဂ္ဂိုလ်က အညီအညွှတ် မပေါင်းနိုင်ဘူးလို့ ပြောတယ်၊ မပေါင်းသင်းနိုင်တဲ့ ပုဂ္ဂိုလ်တွေတော့ သုတ်သင်ရှင်းလင်းလိုက်ပြီ၊ ညီတော်တိဿကျတော့လဲ မပေါင်းသင်း နိုင်ဘူးလို့ ပြောတယ်၊ ဘယ်လိုသဘောထားမလဲလို့ မင်းကြီးကို သွားပြီး သံတော်ဦးတင်တာပေါ့။

ဟာ,ဘုရင် သွတ်သွက်ခါသွားတာပေါ့၊ တခါထဲ အကြီး အကျယ် တုန်လှုပ်သွားတာဘဲ၊ ဟာ, တယ်မိုက်တဲ့ အမတ်ပါလား ဟင်, ဖြစ်မှဖြစ်ရလေ၊ ငါ သာသနာတော်မှာ ညီညွှတ်အောင်လုပ်တို့ ပြောတာ,သတ်ဘို့ပြောတာမှမဟုတ်တဲ ဆိုပြီးတော့ ဘုရင်ဟာ ယူကျုံးမရ ဖြစ်ပြီး မအိပ်နိုင် မစားနိုင် ဖြစ်နေတာပေါ့၊ သံဃာတော်တွေ ပျက်စီးကုန်တာဖြစ်တော့ သိပ်ပြီးတော့ ယူကျုံးမရဖြပ်ပြီး အိပ်လို့မပျော် စား

လို့မဝင် တလူးလူး တလွန့်လွန့်နှင့် ဖြစ်နေတာပေါ့၊ အင်မတန် ဒုက္ခကြီးစွာရောက်နေတာ၊ အဲဒီလို ဘုရင်မင်းမြတ် ကြီးစွာ ဒုက္ခရောက်နေတော့ ဘယ်သူမှ ကယ်နိုင်မလဲလို့ တခါထဲ အမတ် ပညာရှိတွေနှင့် တိုင်ပင်တဲ့ အခါ၌ အရှင် မောဂ္ဂလိပုတ္တတိဿမထေရ် တပါးကလွဲလျှင် ဘယ်သူမှ မကယ်နိုင်ပါဘူးဘုရားလို့၊ အဲဒီတော့မှ အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ် ဘယ်မှာနေသလဲလို့ဆိုတော့ မြစ်ညာမှာ သီတင်းသုံးပါတယ်တဲ့၊ ဒီတော့မှ သွားပင့်ပါလို့ ခိုင်းတယ်၊ တကြိမ်ပင့်လဲ မလာဘူး၊ ဟိုက ရဟန္တာကြီး၊ နှစ်ကြိမ်ပင့်လဲမလာဘူး၊ ဘယ့်နှဲ့ကြောင့်မလာသလဲလို့ ရဟန်းတော်တွေ တိုင်ပင်တဲ့ အခါကျတော့မှ သာသနာပြုဘို့ ပင့်မှသာလျှင် လာမယ်တဲ့၊ ဒီတော့မှ အရှင်ဘုရား သာသနာပြုဘို့ အချိန် ရောက်ပါပြီ၊ အရှင်ဘုရား သာသနာပြုကြွတော်မူပါလို့ တိုင်ပင်တော့မှ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်ကြီးက လက်ခံတယ်။

ဒီတော့ မြစ်ညာမှ ဖေါင်တော်နှင့်ပင့်ပြီးတော့ ယူလာတယ်၊ အဲဒီရောက်တဲ့ အခါကျတော့ မြစ်ဆိပ်ကမ်းနားမှ နေ၍ သိရိဓမ္မာသောကမင်းကြီးက ရေထဲမှဆင်းပြီးတော့ ကြိုဆိုတယ်၊ ဒီ မောဂ္ဂလိပုတ္တတိဿမထေရ် ရဟန္တာ မြတ်ကြီးကို ရေထဲ ဆင်းပြီးတော့ ကြိုတာ၊ ဆင်းကြိုတော့ကာ ထိုအရှင် မောဂ္ဂလိပုတ္တတိဿ မထေရ်ကြီးကလဲ တော်တော်အိုမင်း မစွမ်းဖြစ်နေပြီ ထင်ပါရဲ့၊ အဲဒီတော့ ဖေါင်တော်က ဆင်းတဲ့အခါ ကျတော့ သိရိဓမ္မာသောကမင်းကြီးရဲ့ ပခုံးသွားကိုင်တာကိုး၊ ပခုံးကိုင်တော့ကာ ရွှေဒါးဆွဲက သံလျက် မိုးပြီး သကာလ တခါထဲ ခုတ်တော့မလို မြင်လိုက်တာပေါ့၊ ရေထဲမှာ, အရိပ်ကို မင်းကြီးက လှည့်ကြည့်လိုက်တော့မှ ဟာ သင် တယ်မိုက်တဲ့ အမတ်ပါကလား၊ သင်တို့လို အမတ်မိုက်တွေကြောင့် ငါ့မှာ ယခုယူကျုံးမရ ဒုက္ခရောက်နေတာ၊ သင် လာပြန်ပလား ဆိုမှ ဒီ ရွှေဒါးဆွဲ နောက်ဆုတ် ပြေးရတယ်၊ အဲ သာသနာတော်ဟာ အခုမှ အညစ်အကြေး ရှိတာ မဟုတ်ဘူး၊ ဟို သိရိဓမ္မာသောကမင်းကြီး လက်ထက်ကလဲ ဒီလိုဘဲ အညစ်အကြေးတွေ ရှိတာဘဲ ခုလဲဘဲ ရှိတာဘဲ၊ ဆဋ္ဌသံဂါယနာတင်တွင် ကောသလမင်းကြီး ဇိမ်မက် ၁၆-ချက် အခန်းထဲမှာ သာသနာတော်မှာ ကမောက်ကမဖြစ်နေတဲ့ အကြောင်းတွေ ဟောလိုက်တာ အင်မတန်ကောင်းပေါ့၊ ဒီအချိန်ဒီအခါနှင့်လာပြီးတော့တိုက်ဆိုင်နေတာ

အခုဒီလိုဘဲ သာသနာတော်ကြီး ကမောက်ကမဖြစ်နေတဲ့အခါနဲ့ ကောသလမင်းကြီးအိပ်မက် ၁၆-ချက်ဟောလိုက်တာနဲ့ တခါထဲတိုက်ဆိုင်နေတာဘဲ၊ အင်မတန်ညီညွတ်နေတာဘဲ၊ ဒီတော့ဘုန်းကြီးက ပြောချင်တယ်၊ တို့ဒကာ,ဒကာမတွေကိုဘယ်သူဘာဖြစ်နေနေဘုန်းကြီးငယ်ငယ်က ပြောတဲ့စကားလေ ဘယ်သူသေသေ ငတေမာပြီးရောဟဲ့လို့၊ ဘယ်သူ့ဘာဖြစ်နေနေ ကိုယ့်တို့, ကိုယ့်အကျိုးစီးပွါး ကိုယ်လုပ်တို့၊ အကျိုးစီးပွါးကိုရှာကြဖို့ရာကောင်းပြီ၊ ဘယ်သူ့မှ ငဲ့နေစရာမလိုဘူး၊ဘယ်သူက ဘာဖြစ်တယ်၊ ဘယ်သူက ဘာလုပ်တယ်၊ ဘယ်သူက ဘာကိုင်တယ်၊ ဘယ်သူက ဘာစကားပြောတယ်၊ ဒါတွေလိုက်နေဖို့ မလိုဘူး။

> အတ္တာဟိ အတ္တနောနာထော၊ ကောဟိ နာထော ပရော သိယာ၊
> အတ္တနာ ဟိ သုဒန္တေန၊ နာထံ လဘတိ ဒုလ္လဘံ။
>
> ဓမ္မပဒ။

ဆိုတဲ့အတိုင်း မိမိကိုယ်ကိုသာလျှင် အားကိုးရာ တခုရှိတော့တယ်၊ မိမိကိုယ်ကိုယ်သာလျှင် အားထားရာ၊အခုလိုဒကာ,ဒကာမတွေ ခုနဘုန်းက ပြောဆိုတဲ့စကားအတိုင်းဘယ်သူ့အားထားလို့ရမလဲ၊သားလဲ အားထားလို့မရဘူး၊သမီးလဲအားထားလို့မရဘူး၊မြေးလဲ အားထားလို့မရဘူး၊ ဘယ်သူ့မှ အားကိုးအားထား မရှိဘူး၊မိမိကိုယ်ကိုသာလျှင် အားကိုးရာရှိတယ်၊ မိမိ ကိုယ်တိုင် ကောင်းမှ သာလျှင် မိမိ ခံစားရမယ်၊ ဘယ်သူ့အကြောင်းမှ ပြောစရာ မလိုဘူး၊ကိုယ်ကျိုး ကိုယ်စီးပွါးကို ရှာတဲ့အခါကာလမှာ ကိုယ်၏အကျိုးစီးပွါးကို ကိုယ်ရအောင် မြင်ကြဖို့ အရေးကြီးတော့တယ်။

အဲဒီတော့ ခုလိုဘဲ ကိုယ်ကျိုးကိုယ်စီးပွါး မြင်စေဖို့လို့ ဆိုပြီး ဓမ္မကထိကပုဂ္ဂိုလ် အသီးသီး ဟောတာတွေဟာ မိမိတို့အကျိုးစီးပွါး အတွက်ချည်းဘဲလို့ မှတ်ရမယ်၊ အမှန်အားဖြင့် ဒီခု လူ့ဘဝရတယ်ဆိုတာ တာရှည်လေးမြင့်စွာ ရတယ်မမှတ်နဲ့၊ ခဏခေတ္တ တာဝကာလိက အခိုက်အတန့်ကလေး နားကြရတာ၊ ဒီနေရာမှာ အနားယူတာ၊ လူ့ဘဝ ခဏခေတ္တလေး အနားယူတာ၊ မကြာမြင့်မီဘဲ လူ့ဘဝစွန့်ရမဲ့ ပုဂ္ဂိုလ်ချည်းဘဲ၊ အမှန်အားဖြင့် ဉာဏ်မျက်စိနှင့် ကွက်ကွက်ကွင်းကွင်းမြင်အောင်ကြည့်၊ အခုဒီပရိသတ်ထဲမှာ ပါလာတဲ့ပုဂ္ဂိုလ်တွေဟာ အနှစ်-၅ဝ-၆ဝ-အတွင်းမှာတယောက်မှရှိမှာမဟုတ်တော့ဘူး၊ဒါကွက်

ကွက်ကွင်းကွင်းမြင်အောင် ကြည့်ဘို့ပြောတာ၊ ဒီအနှစ် ၅၀-အတွင်း မှာဆိုလျှင် ငယ်တဲ့သူရော ကြီးတဲ့သူရော တယောက်မှ ကျန်မှာ မဟုတ်ဘူး၊ အကုန်သွားကြမှာ၊ အဲ သွားရတာတော့ အဆန်းမဟုတ် ဘူး၊ သွားပစေ၊ ဘုန်းကြီးခဏခဏပြောတယ်၊ ဒီတော့ ငါသေလျှင် ဘယ်သွားမလဲ၊ အဲဒါကလေးတော့ ခဏခဏ သတိထားစေချင် တယ်၊ သေခြင်းတရားကို အမြဲနှလုံးသွင်းဘို့၊ ကေန် ငါတော့သေရမှာ ဘဲ၊ ကြီးတဲ့သူရော ငယ်တဲ့သူရောပေါ့ သတိထားဘို့က ငါတော့ ကေန်သေမှာဘဲ ဟောဒီသေခြင်းတရားကလေးကို သတိထားစေချင် တယ်၊ ဒကာမကြီးတွေက အောက်မေ့ကောင်း အောက်မေ့ပေလိမ့် မယ်၊ အမယ်လေး နားမှမကြားချင်ဘူး၊ နမိတ်မရှိ နမာမရှိ၊ သေခြင်း တရားကို အောက်မေ့တာ နမိတ်မရှိဘူးတဲ့၊ ဘယ်ဟုတ်လိမ့်မလဲ သေခြင်းတရားကို အဖန်ဖန်အားထုတ်လေ အဖိုးတန်လေ၊ သေခြင်း တရားကို အဖန်ဖန်အာရုံပြုလေ အကျိုးများလေဘဲ။

မရဏာနုဿတိ, မရဏာနုဿတိ ဆိုတာ သေခြင်း တရားကို အဖန်ဖန် အောက်မေ့ခြင်းကို ဆိုတာ၊ မရဏာနုဿတိကို မိုးညှင်း ဆရာတော်ဘုရားကြီးကတော့ သေခြင်းတရား၊ ဖန်ဖန်ပွါး၊ ပယ်ရှားမာနမီးတဲ့၊ သေခြင်းဆိုတဲ့တရားကို အကြိမ်ကြိမ် ပွါးနေလျှင် မာနမီးငြိမ်းတယ်တဲ့၊ အဲ သေခြင်းတရားကို ပွါးလို့ ဘယ်သူ့အကျိုးများ သလဲလို့ သက်သေခံလေး တခုပြောမယ်။

**ယက်ကန်းသည်မဝတ္ထု**

တို့မြတ်စွာဘုရားလက်ထက်က အာဠဝီပြည်မှာ ဘုရားကိုယ်တော် မြတ် ကြွသွားပြီး တမြို့လုံး တရား ဟောတယ်၊ အဲဒီ တမြို့လုံးမှာ တယောက်ထဲ တရားရတယ်၊ တရားရတဲ့ ကလေးမက ကြီးတာ မဟုတ်သေးဘူး၊ ၁၆-နှစ် သွီးအရွယ် ငယ်ငယ်ဘဲရှိသေးတယ်၊သူရတဲ့ တရားက အထူးဝိသေသမဟုတ်ပါဘူး၊ ဘုရားကိုယ်တော်မြတ် ဟော တော်မူတဲ့ အတိုင်း ကေန်ငါသေရမှာဘဲလို့၊ ဒါဘဲ သူ တရားရတယ်၊ အဲဒီ သေခြင်းတရားကို ညစဉ်နေ့ဆက် အခါခါ သူ နှလုံးသွင်းတယ်၊ သေမှာဘဲ၊ သေခြင်းတရားဟာ မြဲတယ်၊ သေခြင်းဟာ မလွဲနိုင်ဘူး၊ ကေန်သေရမှာဘဲ၊ဒါဘဲ သူ အာရုံပြုနေတယ်၊အဲဒီတော့ မြတ်စွာဘုရား ကိုယ်တော်မြတ် တနေ့သ၌ ရွှေညဏ်တော်ကွန်ရက် ဖြန့်ကြည့်လိုက်

တော့ ထိုကလေးမလေးဟာ မကြာမြင့်မီ သူသေတော့မယ်၊ သေလို့ ရှိလျှင် တရားထူးလမ်းစ ရပါလျက်ကနဲ့ ပုထုဇဉ်အဖြစ်နဲ့ သေသွားလျှင်ဖြင့် ခက်ချေရဲ့၊ ငါကိုယ်တိုင်အရနေ သွားရလျှင် ထိုကလေးမလေးသည် ဧကန်မုချသောတာပတ္တိမဂ်, သောတာပတ္တိဖိုလ်ရောက်၍ သေလွန်တဲ့အခါ နတ်ပြည်ကို ဧကန်မလွဲတမ်း ရောက်မယ်လို့ ဘုရားကိုယ်တော်မြတ် မြင်တော်မူတယ်၊ မြင်တော်မူတော့မှ မြတ်စွာဘုရားကိုယ်တော်မြတ် အာဠဝီပြည်ကို ဒေသစာရီ လှည့်လည် ကြွချီသွားတော်မူတယ်။

အဲ ဘုရားကိုယ်တော်မြတ် ကြွလာတယ်၊ အဲဒီအခါမှ တိုင်းပြည်အုတ်အုတ်ကျက်ကျက် ကောလာဟလကြီးဖြစ်ပြီးသကာလ တရားနာဖို့ နာကြတို့ သူထက်ငါကောင်း လာကြတာပေါ့၊ လာတဲ့အခါကျတော့ ဟိုမိန်းကလေးကလဲ ဘုရားကိုယ်တော်မြတ်ကြီး ကြွလာတယ်ဆိုလျှင် တယ်သွားချင်တယ်၊ ဘုရားထံကို အလျှင်အမြန် သူ သွားချင်တယ်၊ တရားလဲ အင်မတန် နာချင်တယ်၊ နာချင်ပေမဲ့ ဆုံတွေ့နေတာက ဖအေလုပ်တဲ့ ပုဂ္ဂိုလ်က ချစ်သွီး ငါ သူများ ယက်ကန်းကို အခစားယက်ရတယ်၊ ဒီကနေ့ပြတ်အောင် ဖြတ်ပေးရမယ်တဲ့၊ ဒါကြောင့်မို့လို့ ချစ်သွီးယက်ဖေါက်ကိုရောက်ပြီးသကာလငါ့ထံကိုအမြန်ရောက်အောင် လာခဲ့ပါလို့ သွီးကိုမှာသွားတာ၊ အဲဒီလိုမှာသွားတော့ ဖအေ့စကားဘဲ နားထောင်ကြတာကို၊ မိဘစကားနားထောင်တဲ့ သားသွီးတွေဆိုတော့ ဖအေလုပ်တဲ့ ပုဂ္ဂိုလ်၏ စကားကိုလဲနားထောင်၊ဘုရားကိုလဲ အင်မတန်ဖူးချင်၊ ဘုရားတရားတော်မြတ်ကိုလဲ သူ အင်မတန် နာချင်တယ်၊ ဒါနဲ့ သူကဗျာကရာယက်ဖေါက်ကလေးရောက်၊ယက်ဖေါက်ရောက်ပြီးတော့ ယက်ဖေါက်တောင်းကလေး ခေါင်းပေါ်တင်လျက် အဖေ့ထံသွားတာပေါ့၊သွားတဲ့အခါကျတော့ ဒီ သူနေတဲ့အိမ်နဲ့ ရက်ကန်းစင်နေရာဌာနနဲ့ အလယ်ကြားမှာ ဘုရားတရားဟောတဲ့ မဏ္ဍပ်က ဖြစ်နေတယ်၊ အဲဒီတော့ သွားရင်းမတ်တတ် ဘုရားတရားဟောတဲ့ မဏ္ဍပ် ရောက်တော့ အင်မတန်မှ သဒ္ဓါကြည်ညိုရှိတဲ့ ကလေးမဖြစ်သောကြောင့် ဒီပရိသတ်အစွန်ကနေပြီးတော့ မတ်တတ်ရပ်လျက်ဘုရားကို သူကြည်ညိုတာကိုး။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က လှမ်းပြီးတော့ကြည့်လိုက်တာ ဒီပရိသတ်ကြီးဟာတရားနာရအောင်ရောက်နေပေမဲ့ တရားမဟောသေးဘူး၊ဘုရားက ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်ကလေးမလေးမရောက်သေး

တဲ့ အတွက် တရားမဟောဘဲ ဆိုင်းနေတယ်၊ အဲသလို တရားမဟောဘဲ ဆိုင်းနေတဲ့အခါကျတော့မှကလေးမကလေးလဲရောက်လာရော ဘုရားကိုယ်တော်မြတ်က ဒီ ကလေးမကလေးကို ပရိသတ်ကြီးကျော်ပြီးတော့ မေးတယ်။

ဟဲ့ (ကလေးမ)အသင်ချစ်သမီး အသင် ယခုဘယ်ကလာခဲ့သလဲလို့ ဒီလိုမေးလိုက်တယ်၊ ကလေးမကလေးက ဘယ်လိုပြန်လျှောက်သလဲ၊ အရှင်ဘုရား တပည့်တော်မ ဘယ်ကလာမှန်းလဲမသိပါဘူး ဘုရားတဲ့၊ ပရိသတ်ကြီးကဘယ့်နှယ်အောက်မေ့သွားသလဲ၊တယ်မိုက်တဲ့ ကလေးမ သူ့အိမ်ကလာတာကို အသိသားနဲ့ ဘယ်က လာမှန်း မသိဘူးလို့ လျှောက်တယ်၊ ဘုရားကို သက်သက် လိမ်လည်ပြောဘာ၊ ပရိသတ်က,ပရိသတ်က၊ မြတ်စွာဘုရားကတော့ သိတာပေါ့၊ ဒါဖြင့် အသင် ဘယ်သွားမလို့လဲဟု မေးတော့၊ တပည့်တော် ဘယ်သွား ရမှန်းလဲ မသိပါဘူးဘုရား တဲ့၊ ဟင် ဒီကလေးမကလေးဟာ တခွန်းထက် တခွန်း ကဲကဲလာတော့တယ်၊ ယက်ဖေါက်တောင်း ခေါင်းပေါ်တင်ပြီးသကာလ သူ့အဖေထံသွားမှာ အထင်အရှားမြင်သားနဲ့ သက်သက် ဘုရားကိုလိမ်လည်ပြောတဲ့ကလေးမ၊ ပရိသတ်က,ပရိသတ်က စွပ်စွဲတာ၊ ဒီတော့မှ ဘုရားက နို့အသင်တကယ်ဘဲ မသိတာလားမေးတော့ သိပါတယ်ဘုရား လို့လျှောက်တယ်၊ ကြည့်စမ်း ခုမသိဘူး ခုသိတယ်၊ ရှုံ့ချိနှပ်ချိ ဒီကလေးမဟာ တော်တော်ခက်တဲ့ ကလေးမ၊ ပရိသတ်ကြီးက နည်းတာမှမဟုတ်ဘဲ၊ ကလေးမကို အားလုံးကစွပ်စွဲကြတယ်၊ အဲ နောက်တခါကျတော့ အသင်တကယ် ကော သိရဲ့လားဆိုတော့၊ တကယ်တော့ မသိဘူးဘုရားတဲ့၊ ဟာ လာပြန်ပြီ လေးချက်,လက်ဦး ဘယ်ကလာမှန်းမသိဘူး, ဘယ်သွား ရမှန်းမသိဘူး,သိတော့သိပါတယ်, တကယ်တော့မသိဘူး၊ လေးချက်၊ အဲဒီတော့မှ မြတ်စွာဘုရားက ဒိပုဏ္ဏာပြဿနာကို ကလေးမဟာ သူ့အဖြေကိုသူပေးမှသာပရိသတ်ရှင်းလင်းကျေနပ်သွားမယ်၊ မြတ်စွာ ဘုရားမြင်တော်မူသောကြောင့် ကလေးမ ငါ ပဌမရှေးဦးစွာမေးလိုက်တဲ့စကား သင်ဘယ်ကလာသလဲလို့မေးတယ် သင်ဖြေတဲ့ အခါကျတော့ ဘယ်ကလာတာမသိဘူးလို့ ဖြေဆိုခြင်းဟာ ဘယ်အကြောင်းလဲလို့ ဘုရားကမေးတယ်။

ဒီတော့ ကလေးမက လျှောက်ထားတယ် တပည့်တော်မဘုရား ယက်ဖေါက်တောင်း ခေါင်းပေါ်တင်လို့ အိမ်ကလာတာ အရှင်ဘုရား နှင့်တကွ ပရိသတ်သိပါတယ်ဘုရား၊ အရှင်ဘုရားသည် ဤစကား ကိုမေးမည်မထင်ပါ၊ သင်သည် ဘယ်ဘဝကလာသလဲလို့ မေးသည် ထင်သောကြောင့် တပည့်တော် လာခဲ့သောဘဝကို မသိကြောင်းကို လျှောက်ထားခြင်းဖြစ်ပါသည် ဆိုတော့မှ မြတ်စွာဘုရား သာရခေါ် တယ်၊ အဲဒီတော့မှ ပရိသတ်ကြီးဟာ သာရခေါ် ကြတယ်၊ ဘုရား ကိုယ်တော်မြတ်ကိုယ်တိုင် သာရခေါ်မှ ပရိသတ်ကြီး ဘာတတ်နိုင် မလဲ အားလုံးသာရခေါ်ရတယ်၊ နို့အသင်ဘယ်သွားမလို့လဲလို့ မေး တော့ ဘယ်သွားရမှန်းမသိဘူးဆိုတာ ဘယ်အကြောင်းလဲဟု မေး တော့၊ အရှင်ဘုရားတဲ့ တပည့်တော်မသည် ယက်ဖေါက်တောင်း ခေါင်းပေါ်တင်လို့ အဖထံကိုသွားမှာ အားလုံးအရှင်ဘုရားနှင့်တကွ ပရိသတ်ကြီး သိပါတယ်၊ အရှင်ဘုရားဒါကိုမေးသည်မထင်ပါ၊ သင် ဘယ်ဘဝသွားမလဲလို့ မေးသည်ထင်သောကြောင့်တပည့်တော်သွား ရာအရပ်ဒေသကို မသိခြင်းကြောင့် မသိကြောင်း လျှောက်ထားခြင်း ဖြစ်ပါသည်ဘုရားလို့ လျှောက်တယ်၊ ဒီတော့ဘုရားကိုယ်တော်မြတ် သာရခေါ်တယ်၊ ဘုရားကိုယ်တော်မြတ်သာရခေါ် တော့ပရိသတ်ကြီး မနေနိုင်ဘူး သာရခေါ်ရတာပေါ့၊ နောက်တခါ သင်အဟုတ်မသိ ဘူးလားဆိုတော့ သိပါတယ်ဘုရားလို့လျှောက်တယ် ဘာသိတာလဲ ဟုမေးပြန်တယ်၊ ဒီတော့ မှန်လှပါဘုရား တပည့်တော် သိခြင်း၏ အကြောင်းက အရှေကထွက်လာသောနေသည်အနောက်သို့ဝင်သည့် ပမာ ပဋိသန္ဓေနေခြင်းရှိက သေခြင်းသည် ဧကန်ရှိသည်ဖြစ်သော ကြောင့် ဧကန်မလွဲ ငါသည်သေရမှာဘဲဆိုတာ အမှန်ဘဲသိပါတယ် ဘုရားလို့ လျှောက်ထားတော့-ဘုရား သာရခေါ် တယ်၊

အဲဒီတော့ သေခြင်းတရားသိတာ တရားထူးရတာ မှတ်ထားကြ၊ အိမ်ကျတော့ သေခြင်းတရား ကြောက်တာနှင့် သေခြင်းတရားကို မစဉ်းစားလျှင် ကို့ရှိလဲ မတတ်နိုင်ဘူး၊ သေခြင်းကိုတော့ စဉ်းစားကြ အကြိမ်ကြိမ်စဉ်းစား၊ အိပ်ရာဝင်တိုင်းဝင်တိုင်းစဉ်းစား၊ ခုကလေးမ လေးဟာ သေခြင်းကိုသူသိတာ ဧကန်သေမှာကိုတော့ သိပါတယ် ဘုရားတဲ့၊ ကောင်းပြီတဲ့ သေခြင်းတရားကို သင်သိတယ်ဆိုတာ

ဘယ်အချိန်ဘယ်ကာလ၊ သေမယ်ဆိုတာ သေသေချာချာ သင်သိရဲ့လားလို့ ဇလိုမေးလိုက်တာ၊ ဒါကိုတော့ တပည့်တော် နေ့ရက်ပိုင်းခြား အချိန်ကာလကိုမသိကြောင်း အမှန်ပါဘုရား၊ အဲဒီတော့မှ ဘုရားကိုယ်တော်မြတ် သာရခေါ်တယ်၊

လေးချက်ပြဿနာ၊ အဲဒီပုစ္ဆာလေးချက်ပြဿနာ မေးပြီးတော့မှ ဘုရားကိုယ်တော်မြတ် သစ္စာလေးပါးတရားကို ဟောလိုက်တော့ ကလေးမလေး ဒီနေရာမှာပင် သောတာပတ္တိမဂ် သောတာပတ္တိဖိုလ် ရောက်သွားဘယ်တဲ့၊ ပရိသတ်ကြီးလဲ ဒီတော့မှ အကျွတ်တရား ရသွားကြတယ်၊ အဲဒါသေခြင်းတရားကို အာရုံပြုတာ၊ တရားထူးအစစ် အင်မတန်အဖိုးတန်၊ အဲဒီကလေးမလေး ယက်ဖေါက်တောင်း ခေါင်းပေါ်တင်ပြီးတော့ သွားတဲ့အခါ ဖအေထံရောက်တော့ဖအေကလဲ သွိုးမလာနိုင်တာ မျှော်လင့်ပြီးတော့ ယက်ကန်းစင်မှာဘဲ မေ့လျော့ပြီး အိပ်ပျော်နေတယ်၊အဲ သွိုးရောက်လို့ အကျိုးအကြောင်း ပြောလိုက်တော့ အိပ်ရာကလန့်နိုးပြီး လွန်းတံနှင့် ရောင်ပြီး ထိုးလိုက်တာ ဗိုက်ကိုထိုးမိလို့ ဗိုက်ပေါက်ပြီး ဒီနေရာတွင် သေသွားတယ်၊ ကလေးမ ပွဲခြင်းငြီး သေတော့ ဖအေလုပ်တဲ့ ပုဂ္ဂိုလ် ယူကျုံးမရ ဖြစ်ထာပေါ့၊ အဲဒီလို ယူကျုံးမရဖြစ်ပြီးသကာလ တခြားလူတော့တတ်နိုင်မှာ မဟုတ်ဘူး၊ ဘုရားမှ တတ်နိုင်မယ်ဆိုပြီး ဘုရားထံ တခါထဲပြေးရော၊ ဘုရားထံ ရောက်တော့ ဘုရားကခင်းပြီး တရားဟောလိုက်တော့ သူလဲ အရိယာ သွားတာဘဲတဲ့။

ယက်ကန်းသည်ကြီးဟာ အရိယာဖြစ်သွားတယ်၊ အဲတာ သေခြင်းတရားကို ဘုန်းကြီးက ဘာကြောင့်တိုက်တွန်းသလဲဆိုတော့ သေခြင်းတရားကို တို့ဒကာ, ဒကာမများ တကယ်စဉ်းစားမိလျှင် အဲဒီအထဲမှာ အဓိပ္ပါယ်တခုပေါ်လာလိမ့်မယ်၊ သေမှာတော့ သေမှာအမှန်ဘဲ၊ သေ ငါ ဘယ်သွားမလဲ၊ ဟော ဒါလေးပေါ်လာတယ်၊ သေ ငါ ဘယ်သွားမလဲ၊ သေလျှင် ငါကောင်းရာသုခ လူ့ပြည်,နတ်ပြည်, ဗြဟ္မာ့ပြည်ဘဲ ရောက်မလား၊ သို့မဟုတ် သေလို့ရှိလျှင် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်,အပါယ်လေးပါးဘဲ ကျရမလား၊ဟောဒါလေး စဉ်းစားမိလိမ့်မယ်ထင်တယ်၊ ဒါကို မျှော်လင့်လို့ဘုန်းကြီးက သေခြင်းကိုပွါးပါလို့ပြောတာ၊မိမိတို့ ဒါလောက်တော့စဉ်းစားမိပါလိမ့်မယ်၊သေခြင်း

တရားကို အာရုံပြုလျှင် သေ ငါ ဘယ်သွားရမယ်၊ ဘယ်လာရမယ်၊ တချို့တော့ မသိဘူးပေါ့၊မသိတဲ့ပုဂ္ဂိုလ်နှင့် သိတဲ့ပုဂ္ဂိုလ် မသိတဲ့ပုဂ္ဂိုလ်က များတာပေါ့၊ ဟာ သေ ကမ္ဘာသကာပေါ့ကွယ်၊ ဒီလိုလူတွေများမှာပေါ့၊ သေတော့ ကမ္ဘာသကာပေါ့၊ ဘာဖြစ်ဖြစ် သေတနေ့, မွေးတနေ့၊ တချို့ ဘယ်လိုဘောင် ပြောလိုက်သေးသလဲ၊ ဟာ ဒီဘဝ ဒီကိုယ်စံ, ဟိုဘဝ ဟိုကိုယ်ခံလိမ့်မယ်တဲ့၊အမယ်တော်တော်သတ္တိကောင်းတဲ့ပုဂ္ဂိုလ်တွေ, အာဇာနည်တွေ၊ သိပ်သတ္တိကောင်းတယ်၊ အဲ ဘာဖြစ်ဖြစ် နောင်ဘဝမှာ မမြင်လို့သာ ဖြစ်မယ်ဆို ကြောက်ထာပေါ့၊ တကယ်မြင်ရမယ်ဆိုလျှင် တကယ်ကြောက်ပါတယ်၊ခုနတုန်းက, စောစောက ဘုန်းကြီး ဥပမာပြခဲ့တယ် မဟုတ်လား၊ မူလက တကယ်သေမဲ့ဘေးကိုမြင်တော့ ခုနစ်ရက်အတွင်းမှာ ပျော်ပျော်ပါးပါး မနေနိုင်ဘဲ မစားနိုင်, မသောက်နိုင်, မအိပ်နိုင်, မပျော်နိုင်ဖြစ်ရတာ ထင်ရှားနေပြီ မဟုတ်လားလို့၊ အဲ ခုလဲဘဲ သေလျှင် ငါ ဘယ်သွားမလဲလို့ တွေးမိလျှင် ဘုန်းကြီးက စဉ်းစားမိတယ်၊ ငါ သေ ဘယ်သွားမယ်ဆိုတာ အတပ်သိအောင် ပြောမယ်လို့၊ အဲဒါ နားမထောင်ချင်လဲနေကြပေါ့, မမှတ်လဲ မမှတ်နှင့်ပေါ့၊ သေလျှင် ငါဘယ်ရောက်မှာဘဲလို့ သေသေချာချာသိတဲ့တရား ဘုရားဟောတာ၊ အဲဒီဘုရားဟောတဲ့တရားကို ဘုန်းကြီးက တို့ဒကာ,ဒကာမတွေ အဓိပ္ပါယ်ရှင်းအောင်လို့ ဥပမာနဲ့ဆောင်ပြမယ်၊ အဲဒီ ဥပမာလေးကို တကြိမ်မဟုတ်ဘူးနော် အကြိမ်ကြိမ် သတိရတိုင်း အောက်မေ့သိလိမ့်မယ်၊ငါ သေ ဘယ်သွားမလဲလို့၊သေသေချာချာကိုသိလိမ့်မယ်၊ မအောက်မေ့လို့ ပြစ်စလက်ခတ် ထားလျှင်တော့ ဘယ်တတ်နိုင်မလဲ၊ ပြစ်စလက်ခတ်ထားတဲ့လူတော့ မသိဘူး၊ သေသေချာချာ သဘောရူးအောင် နှလုံးသွင်းပြီးတော့ အာရုံပြုမယ်ဆိုလျှင် ငါ သေ ဘယ်သွား' မယ်ဆိုတာ တိုက်ရိုက်သိတယ်၊ ဥပမာလေးတခု ပြောပြမယ်။

**ဥပမာ–** သူဌေးကြီး တယောက်မှာ နွား နှစ်ကောင် မွေးထားတယ်၊ အဲဒီနွားနှစ်ကောင်ကို လယ်ထွန်သွားယောကျ်ားနှစ်ယောက်က တကောင် ငွေတဆယ်ကျနှင့် ငှားသွားတယ်၊ အဲဒီလို တကောင် တဆယ်ကျနှင့် ငှားသွားတဲ့ အခါကျတော့ တယောက်သောသူက စဉ်းစားတယ်၊ဟာ ဒီနွား ငါ့အလကား ရတာမဟုတ်ဘူး၊ အခကြေးငွေ ပေးပြီးတော့ ငှားခဲ့ရတာ၊

ဒင်းတော့ ငါနိုင်းမှဘဲလို့ အဲဒီနွားကိုခိုင်းတယ်၊ ခိုင်းစေတဲ့အခါ
ကျတော့ အသပြာငွေတရာရတယ်၊ မှတ်ထားကြနော်၊ နွားကို
ခိုင်းတဲ့ပုဂ္ဂိုလ်က အသပြာ ငွေတရာရတယ်၊ တယောက်သော
သူက နွားငှားသွားပြီးတော့ သနားတယ်လို့ မခိုင်းရက်, မစေ
ရက် အစာရေစာတို့ကို မ ၁,ဝအောင် ရှာကြံကျွေး၊ အိပ်ရာ
နေခင်း မကောင်း ကောင်းကြောင်းပေး၊ လက်သပ်မွေးထား
တယ် တပြားမှမရဘူး၊ ခိုင်းမှမခိုင်းဘဲ၊ နို့ဒီနွားဟာသူပိုင်
သလား သူဌေးနွားဘဲ၊ဘယ်သူပိုင်လိမ့်မလဲ၊ အချိန်ကုန်တော့
သူဌေးကြီးက ဟော့ကောင်တွေ မင်းဘို့ ငါ့နွား ငှားသွားတာ
အချိန်ကုန်ပြီ၊ နွားနှင့် အခ လာပေးပဲ့ကြလို့ ကောင်းဘာပေါ့၊
တောင်းတော့ နေနိုင်ပါ့မလား သူဌေးနွားပြန်ပေးရတာပေါ့၊
နွားပြန်ပေးတော့ အလကား ပေးရတာမဟုတ်ဘူး၊ အခငွေ
တဆယ်နှင့် နွားကို ပြန်ပေးရတာ၊ အဲဒါ သေသေချာချာ
စဉ်းစား အဓိပ္ပါယ်ရှင်းရှင်းကလေးရယ်၊ ရှုပ်တဲ့တရားမဟုတ်
ဘူး၊ ရှင်းရှင်းလေးဟောတဲ့တရား။

အဲဒီတော့ပြန်ပေးချင်းတော့ဘူပါရဲ့၊နွားကို ခိုင်းစေတဲ့လူက
အသပြာငွေတဆယ်နှင့် နွားကိုပြန်ပေးလိုက်ရသော်လဲ အသပြာ
ငွေကိုးဆယ် အမြတ်ရလိုက်တယ်၊ အမြတ်ကိုးဆယ် ရတယ်၊
နွားကို မခိုင်းစေတဲ့သူကသူ့အသပြာငွေအရင်းတဆယ်လဲပေး
လိုက်ရ၊ သူ့နွားကို မပေးခင် ကျွေးရ, မွေးရ, ပြုစုရတာက
ဖတ်ဖတ်မောအောင် အဖတ်တင်သွားတာဘဲတဲ့၊ အဲဒီတော့ ထို
သူနှစ်ယောက်ဟာ နွားကိုငှားချင်းတော့ဘူပါရဲ့ အခစားချင်း
လဲ အတူတူဘဲ ပြန်ပေးရတယ်၊ ဘယ်သူကမြတ်လို့ ဘယ်သူ
က ရှုံးသလဲ၊ နွားကိုခိုင်းတဲ့လူက မြတ်သလား၊ နွားကိုမခိုင်း
တဲ့လူက မြတ်သလားဆိုတာ ကွယ်ဝှက်တဲ့အဓိပ္ပါယ်မဟုတ်
ပါဘူး ရှင်းရှင်းလေးပါ၊ ဘယ်သူက မြတ်သလဲ၊ ခိုင်းတဲ့လူက
အသပြာငွေကိုးဆယ်မြတ်တယ်၊မခိုင်းတဲ့သူ ဘာဖြစ်သွားသလဲ၊
အသပြာငွေတဆယ် အရင်းရှုံးတယ်၊ အရှုံးအမြတ် မှတ်မိချေ
ပေါ့၊ အဲဒါအရှုံးနဲ့ အမြတ်ဘဲ။

အဲ ခုတရားနာတဲ့ပုဂ္ဂိုလ်တွေ ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားကြည့်ပေါ့၊ တို့လူ့ဘဝရလာတာ အလကားရလာတာမဟုတ်ဘူး၊ တော်ရုံ,ရော်ရုံ, တော်အိ,ရော်အိ, တော်ရာ,နေရာက အိပ်ပြီးတော့ ရလာတဲ့ လူ့ဘဝ မဟုတ်ဘူး၊ ပုညာဘိသင်္ခါရဆိုတဲ့ ဒါနကုသိုလ်,သီလကုသိုလ်,ဘာဝနာ ကုသိုလ်တွေ ပြုခဲ့လို့ အခု လူ့ဘဝရလာတာ၊ကိုင်း လူ့ဘဝရချင်းတော့ တူကြပြီ၊ သူရော, ငါပါအကုန်ပေါ့၊ လူ့ဘဝအတူတူ ရလာကြတယ်၊ လူ့ဘဝအတူတူ ရပေတဲ့ ကိုယ်ပိုင်တာ မဟုတ်ဘူးနော်၊ ခုနက သူဌေးကြီးရဲ့ နွား ဌားလာသလို သေမင်းလက်က လွှတ်ထုံးမှုမယ် ထင်သလား၊သေမင်းက အချိန်ကျလျှင် ဧကန်မလွဲတမ်းခေါ်တော့မယ် မှတ်ထား၊ အဲဒီတော့ သေမင်းမခေါ်ခင် လူ့ဘဝကို အခု ရတဲ့အခါ ခန္ဓာကိုယ်ဟာ တာဝကာလိက အခိုက် အတန့်လေး လာဖြစ်တာ၊ တော်တော်ကြာ ဧကန်မလွဲ သေရမယ်လို့ တယောက်က သိတဲ့အသိ ဉာဏ်ရှိတယ်၊အဲဒီ အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်က ဒီခန္ဓာကိုယ်ကြီးကို ငါ အသုံးချနိုင်တဲ့ဘဝ၊ငါ စေခိုင်းလိုက်တဲ့အခါမှာ ခန္ဓာကိုယ် အရင်းမူလ တည်ပြီးတော့ ဒါနကံ, သီလကံ အယုတ်ဆုံး ယခုဝိပဿနာကံပေါ့၊ ခန္ဓာကိုယ်ကြီးကို မညှာမတာ ခန္ဓာကိုယ်ကြီးကို အရင်းပြုပြီးသကာလ ရက်ရက်စက်စက် ခိုင်းစေပြီးတော့ အလုပ်လုပ်လိုက်လျှင် အမြတ် အစွန်းတွေ မရဘူး ရတယ်ကို ကိုယ်ပိုင် ဉာဏ်နှင့်တွေးပေါ့၊ ဒါ ခန္ဓာ ကိုယ် ခိုင်းတဲ့လူ။

ခန္ဓာကိုယ်ကို ရလာတာလေးကို အကောင်းအမွန် အမြတ်တနိုး ထင်ပြီးသကာလ အစာရေစာတို့ကို မကောင်း ကောင်းအောင်ကျွေး၊ ခန္ဓာကိုယ်ကြီးကို အဝတ်တွေ မလှလှအောင်ဆင်၊ ခန္ဓာကိုယ်ကို အလို လိုက်ပြီးသကာလ အိပ်ရာနေခင်းတွေ ကောင်းစွာ မွန်စွာပေး၊ ခန္ဓာ ကိုယ်ကြီး အလိုလိုက်ပြီးသကာလ မျက်စိအရသာ, နားအရသာတွေ ခံစားပြီးတော့ ရုပ်ရှင်ပွဲ, ဇာတ်ပွဲ, အငြိမ့်ပွဲ, ပျော်ပွဲ, ရွှင်ပွဲတွေလိုက်၊ အရက်သောက်, ဖဲရိုက် ခန္ဓာကိုယ်ကြီးကို အလိုလိုက်ပြီးတော့ ပြုစုနေ တဲ့ ပုဂ္ဂိုလ်ကတယောက် ခန္ဓာကိုယ်အလိုမလိုက်ဘဲနဲ့ ခန္ဓာကိုယ်အရင်း ပြုပြီးသကာလ ခိုင်းနေတဲ့ပုဂ္ဂိုလ်ကတယောက်၊ ကိုယ့်ကိုယ်ကိုယ် သိ ရောပေါ့၊ သူများမတွက်နဲ့ သူများမတွက်နဲ့ ဒါ ဘုန်းကြီးက သက်သက် ပြောပြတာ၊ မိမိအိပ်ရာထဲဝင်တဲ့အခါ ငါသည် ခန္ဓာကိုယ်ကို အလို

လိုက်တဲ့ ပုဂ္ဂိုလ်လား၊ ငါသည် ခန္ဓာကိုယ်ကို ခိုင်းစေတဲ့ ပုဂ္ဂိုလ်လား၊ ကိုယ့်ကိုယ် ကိုယ်သိရောပေါ့၊ သူများကိုလိမ်ပြောလျှင် ရတယ်၊ ကိုယ့်ကိုယ်ကို လိမ်ပြောလျှင် မရဘူး၊ သူများကို လိမ်ပြောလျှင် ရနိုင်တယ်နော်၊ သေသေချာချာ မှတ်ထား၊ ကိုယ့်ကို ကိုယ်ပြန်လိမ်လို့တော့ မရဘူး၊ ငါသည် ခန္ဓာကိုယ်ကို အလိုလိုက် နေတဲ့ ပုဂ္ဂိုလ်လား၊ သို့မဟုတ် ငါသည် ခန္ဓာ ကိုယ်ကို ငါ့အလို မလိုက်ဘဲ စေခိုင်းနေတဲ့ပုဂ္ဂိုလ်လား၊ ကိုယ့်ကိုယ် ကိုယ်သိရောပေါ့၊ အဲဒီလို သိလျှင် သေမင်းတည်းဟူသော သူဌေးကြီးက ဟော့ကောင်တွေ မင်းတို့ လူ့ပြည်သွားနေတာ ကြာမြင့်လှပြီ၊ လာခဲ့ကြလို့ မခေါ်ဘူးတဲ့လား၊ ဧကန်မလွဲတမ်း ခေါ်မယ်နော်၊ သေမင်းခေါ်လို့ မနေသာလို့လိုက်ရတဲ့အခါကျတော့ ခန္ဓာကိုယ်အလိုလိုက်တဲ့သူက မြတ်သလား, သို့မဟုတ် ခန္ဓာကိုယ်အလိုမလိုက်ဘဲ ခိုင်းစေတဲ့ပုဂ္ဂိုလ်က မြတ်မလားဆိုတာ အဲတာ ကိုယ်ပိုင်ဉာဏ်နဲ့စဉ်းစားပေါ့၊ ထစ်ခွ်စ်ခွ်တွေးကြည့်၊ တရေးရေးပေါ်လာမယ်၊ ခန္ဓာကိုယ်ကို အလိုလိုက်တဲ့သူက မြတ်သလား, ခန္ဓာကိုယ်အလိုမလိုက်ဘဲ ခန္ဓာကိုယ်ကိုအသုံးချတဲ့ပုဂ္ဂိုလ်က မြတ်သလားဆိုတာ မြင်ရောပေါ့။

အဲဒီတော့ အလိုလိုက်တဲ့ပုဂ္ဂိုလ်သည် ဧကန်အမှန် အရင်းရှုံးပြီမှတ်ပေတော့၊ အလိုမလိုက်တဲ့ပုဂ္ဂိုလ် ခန္ဓာကိုယ်ကို အရင်းပြုပြီးသကာလ ခိုင်းစေတဲ့ပုဂ္ဂိုလ်က မြတ်ပြီ၊ မြတ်လျှင် ဘယ်သွားမလဲ, မြတ်လျှင် ဒိဗ္ဗဝသည် အညံ့ဆုံးအဖျင်းဆုံးအယုတ်ဆုံးပေါ့၊ ဒိဗ္ဗဝထက် အထက်တန်းဘဝ ဧကန်မလွဲတမ်းရမယ် မှတ်ပေတော့၊ သေလျှင် ငါဘယ်ရောက်မယ်ဆိုတာ သိရောပေါ့၊ ငါဟာ ခန္ဓာကိုယ်ကို အလိုမလိုက်ဘဲ ခန္ဓာကိုယ်ကို အရင်းတည်ပြီးသကာလ ခိုင်းစေတဲ့လူ၊ သေလျှင် ဧကန်မုချ အမြတ်အစွန်းရပြီဆိုတာ ကိုယ့်ကိုယ် ကိုယ်သိရောပေါ့၊ သေလျှင် ငါဘယ်ရောက်မလဲဆိုတာ သိဘို့လေ၊ အဲ ခန္ဓာကိုယ် အလိုလိုက်ပြီးသကာလ ခုနကပြောသလိုမကောင်းမှုအကုသိုလ်ဒုစရိုက်တရားတွေနှင့် ခန္ဓာကိုယ်ကြီး အလိုလိုက်ပြီးတော့ ပျော်ပွဲတွေပေါ့၊ ရုပ်ရှင်ပွဲဆိုသွားလိုသွား, ကပွဲသွားလိုသွား, ဟာ,မြင်းပွဲ, ဆတ်ကပွဲ အငြိမ့်ပွဲဆိုသွား ခန္ဓာကိုယ်ကြီးအလို လိုက်နေတာလေ၊ ကတဲ နားအရသာခံစားမှု, မျက်စိအရသာ ခံစားမှု, ပါးစပ်အရသာ ခံစားမှု, အရက်ကလေး

တမြမြနှင့် ပျော်အောင်ရွှင်အောင်သောက်၊ အဲဒီလို ခန္ဓာကိုယ်ကြီးအာလိုလိုက်နေတဲ့ပုဂ္ဂိုလ်က ဘယ်လိုနည်းနှင့်သူ့မှာမြတ်မလဲလို့ ခန္ဓာကိုယ်အလိုလိုက်နေတာ ဘယ်ကမှအမြတ်မရတဲ့အပြင် အရင်းရှုံးပေါ့၊အရင်းရှုံးတဲ့ပုဂ္ဂိုလ်သည် အရင်းမှပြန်မရဘဲ လူ့ဘဝပြန်လာနိုင်ပါဦးမလားလို့ သေကြည့်စမ်းပါလားလို့ အကြောင်းသိရအောင်၊အဲဒီလို ခန္ဓာကိုယ်အလိုလိုက်နေတဲ့ပုဂ္ဂိုလ် အဲ ဇိမ်ရာထဲမှာ သေစမ်းလိုက်၊ ငါတော့ ဇေကန်သေမှာဘဲ၊ သေတာကတော့ ကိစ္စမရှိဘူး၊ ငါ့ခန္ဓာကိုယ်ကြီး ငါအလိုလိုက်နေတာ ဇေကန်ဒီဘဝထက် အောက်တန်းကျတဲ့ အပါယ်လေးပါး ငါ ဇေကန်ရမယ်ဆိုတာ တိုက်ရိုက်သေချာ ဇေကန်သိတယ်၊ သေသေချာချာကိုသိတယ်၊ မသိချင်ယောင်မျှား ဆောင်မနေနဲ့နော်၊ သေသေချာချာသိတယ်၊ ငါသေလျှင် အပါယ်ကျမယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ်သိတယ်၊ ဘာပြုလို့လဲ ကိုယ့်ကိုယ်ကို အလိုလိုက်နေတဲ့ပုဂ္ဂိုလ်ဘဲ အပါယ်ကျမယ်ဆိုတာ ထင်ရှားရောပေါ့၊ ဒါဘုန်းကြီးက ပေါ်လွင်ထင်ရှားအောင်လို့ အဓိပ္ပါယ်သရုပ်ဆောင်ပြီး ထင်ရှားအောင်ပြတာ၊ ဘုရားဟောတာက အတော်ခက်တာ။

> ပိဋ္ဌေယျ ကာယတော မေဒံ၊ ခနတော ပေဋ္ဋုနာဝရံ။
> တေန မေဒေန နိဗ္ဗာနံ၊ ကီဋောယျ အဇရံဝရံ။

ဓမ္မပဒ။

ပေဋ္ဋုနာ- ကိုးဆယ့် ခြောက်ဖြာ အနာ ရောဂါ အပေါင်းတို့ဖြင့် ဘိစိးနှိပ်စက်အပ်သော သဘောရှိသော၊ ကာယတော-အလျားတလံ အနံတထွာ ဤခန္ဓာကိုယ်ရုပ် အကောင်ပုပ်ထဲက၊ ဝရံ-နိဗ္ဗာန်ရောက်ကြောင်းဖြစ်၍ ကောင်းမြတ်လှစွာသော၊ မေဒံ-သူတော်ကောင်းတရားတည်းဟူသော အဆီအနှစ်ကို၊ပိဋ္ဌေယျ-အားကုန်နှစ်၍ ညှစ်ထုတ်လိုက်ရာ၏၊ ပေဋ္ဋုနာ- ရန်သူငါးတန် ဆက်ဆံရေယှက်သည်ဖြစ်၍ အနှစ်သာရမဘက် သက်သက် အကာအတိသာဖြစ်သော၊ ခနတော- ပစ္စည်းဥစ္စာထဲက၊ ဝရံ-နိဗ္ဗာန်ရောက်ကြောင်းဖြစ်၍ ကောင်းမြတ်လှစွာသော၊ ဝါ, သူတော်ကောင်းတရား တည်းဟူသောအဆီအနှစ်ကို၊ ပိဋ္ဌေယျ-အားကုန်နှစ်၍ ညှစ်ထုတ်လိုက်ရာ၏၊ တေနမေဒေန-ထိုပစ္စည်း ဥစ္စာ အင်္ဂါခြေလက် ကိုယ့်အသက်ထဲက ညှစ်ထုတ် လိုက်ရ

သော သူတော်ကောင်းတရားတည်းဟူသော အဆီအနှစ်ဖြင့်၊ ဝရံ-မြတ်လှစွာသော၊ အဇရံ- မအိုရာဖြစ်သော၊ နိဗ္ဗာနံ-ဘေး ဘယာကင်းရာ နိဗ္ဗာန်ချမ်းသာမြတ်ကို၊ ကီဏေယျ- လဲလှယ် ဖလယ် ဝယ်ယူလိုက်ရာ၏။

အဲဒါ ဘုရားဟောတာ၊ အဲဒီ ပါဠိအဓိပ္ပါယ်လေး နားလည်ပါစေ တော့လို့ ခုနက ဥပမာလေးကို တင်ဆောင်ပြတာ၊ အဲဒါ ခန္ဓာကိုယ်ထဲ က အဆီတွေအနှစ်တွေထုတ်ပြီးတော့ နိဗ္ဗာန်တည်းဟူသော အမြိုက် တရားနဲ့ လဲယူရမယ်တဲ့ ဘုရားက၊အဲ မိမိတို့မှာရှိတဲ့ ရွှေငွေကျောက်သံ ပတ္တမြား ရန်သူမျိုးငါးပါးနဲ့ ဆက်ဆံနေတဲ့ ပစ္စည်းဥစ္စာထဲက အဆီ တွေ အနှစ်တွေ ထုတ်ပြီးသကာလ ရန်သူမျိုးငါးပါးသက်ကို မပါခင် နိဗ္ဗာန် တည်းဟူသော အမြိုက်တရားနှင့် လဲလှယ်ဝယ်ယူလိုက်ကြလို့ ဘုရားကိုယ်တော်မြတ် တိုက်တွန်းတာ၊ အဲ ခန္ဓာကိုယ်ထဲက အဆီလဲ မထုတ်၊ ပစ္စည်းဥစ္စာထဲက အဆီတွေလဲမထုတ်၊ အဲသည်လိုမထုတ်တဲ့ ပုဂ္ဂိုလ်တွေဟာ သေသည့်အခြားမဲ့၌ ဘယ်သွားမလဲ၊ ပြိတ္တာဘုံနဲ့ ငရဲပြည်ချည်းပေါ့။

ဒီနေ့ ငါ့ပြိတ္တာတရားဟောမယ်လို့ မဟောဖြစ်တော့ဘူး၊ ပြိတ္တာဘုံ ရောက်နေလိုက်တဲ့ ပုဂ္ဂိုလ်သတ္တဝါတွေဟာ ဘာကြောင့် ပြိတ္တာဘုံ ရောက်သလဲဆိုတော့ မိမိမှာ ပစ္စည်းမရှိခဲ့လို့ မဟုတ်ဘူး ရှိတယ်၊ ပစ္စည်းပေါပြီး မစားရက်, မသောက်ရက်, မလှူရက်, မတန်းရက်, မပေးရက်, မကမ်းရက်, မကျွေးရက်, မမွေးရက်၊ အဲပစ္စည်းကို သိမ်းမြီး သိမ်းဆီးပြီးသကာလ တနေ့သေတဲ့အခါကျတော့ ဘယ်ရောက်သွားသ လဲ, ပြိတ္တာဘုံရောက်သွားတာပေါ့၊ သူ စုဆောင်းထားခဲ့တဲ့ ပစ္စည်းတွေ တော့ ဘယ်သူကစားသလဲ၊ ကျန်ရစ်ခဲ့တဲ့သူတွေက စားတာပေါ့၊ ကျန်ရစ်ခဲ့တဲ့သူတွေက သုံးစွဲတာ၊ စကားစပ်မိလို့ရှိမှဖြင့် အနည်းငယ် ထည့် ဟောရသေးတာပေါ့၊ ဒီပြိတ္တာတွေကို မြတ်စွာဘုရား ကိုယ် တော်မြတ် ဒိဗိမ္ဗိသာရမင်းကြီးရဲ့ အမတ်ကြီး သူပုန်များကို သွားပြီး တော့ နှိမ်နင်းလို့ ပြန်လာတဲ့အခါ ဗာရာဏသီပြည် ဂင်္ဂါမြစ်ကမ်း ဆိုက်ရောက်တဲ့ အချိန် ဘုရား ကိုယ်တော်မြတ် ကြည့်လိုက်တော့ ငါသွားလျှင် သတ္တဝါဝေနေယျ အကျွတ် တရား ရမယ် ဆိုပြီးတော့ ဘုရား ကိုယ်တော်မြတ်ကိုယ်တိုင် ကြွသွားတယ်၊ အဲကြွသွားတော့မှ

အမတ်ကြီးက သဒ္ဓါကြည်ညိုနဲ့ မဏ္ဍပ်ကနား ဆောက်လုပ်ပြီးတော့ ဘုရား ကိုယ်တော်မြတ်ကိုပင့်ဘိတ်၍ ဆွမ်းလုပ်ကျွေးတာ၊ အဲဒီမှာ ဘုရားကိုယ်တော်မြတ်ကြီးက သူ့အဓိဋ္ဌာန်နဲ့သူ ရဟန်းကိုယ်တော်တွေ ကြွလာတော်မူစေသတည်းဟု အဓိဋ္ဌာန်ပြုလိုက်တော့၊ ရဟန်းတော် တွေ ကောင်းကင်က ဗွေဟသ်ာများပျံလာသလို ကြွလာကြတယ်၊ အကုန်လုံးရောက်တယ် ရဟန်းတော်တွေ၊ ပြီးတော့မှတခါ ရှာသူရှာ သား တိုင်းသူပြည်သားတွေလဲ အကုန်ရောက်ရမယ်လို့ အဓိဋ္ဌာန်ပြု လိုက်တော့ အကုန်လာကြတယ်၊ အဲသည်လိုလာကြတဲ့အခါကျတော့မှ အားလုံးကုန်သော ပြိတ္တာအပေါင်းတို့သည် အကုန်လာခဲ့ကြ, ပြိတ္တာ တွေကို အားလုံးရှာသူရှာသားတွေ အကုန်မြင်စေသတည်း ဆိုတော့ အကုန်မြင်ကြတာပေါ့၊ အရိုးစုပြိတ္တာတွေ၊ အသားစုပြိတ္တာတွေ၊ တချို့ ကလဲ ဆံပင်လေးပတ်လို့ တချို့ကလဲ အဝတ်မရှိ၊ တချို့ကအရိုးပေါ် အရေတင်, မစားရ,မသောက်ရ, မဆီးရ, မဝတ်ရ, အင်မတန်ဆင်းရဲ ဒုက္ခရောက်နေတဲ့ ပြိတ္တာတွေကို တခါထဲမြတ်စွာဘုရား တန်ခိုးတော် နှင့်ပြတယ် အကုန်မြင်ရတာဘဲ။

တိုင်းသူပြည်သားတွေ မြင်ရပြီးတော့ခါ ပြိတ္တာတွေကို ကယောက် စိမေးတယ်၊ အသင်ဘာအပြစ်ကျူးလွန်ခဲ့လို့ ဒီဘဝရောက်သလဲ၊ ကိုယ့် အပြစ် ကိုယ့်ဟာပြန်ပြောရမယ်လို့ အဓိဋ္ဌာန်နဲ့ခိုင်းတော့ ပြိတ္တာတွေက ပြန်ပြောတယ်၊ ငါတို့မှာ ပစ္စည်းဥစ္စာတွေ အင်မတန်ကြွယ်ဝချမ်းသာ တယ် မရှိဆင်းရဲတာလဲမဟုတ်ဘူးတဲ့ အရှိသားဘဲတဲ့၊ ရှိပေတဲ့ကို့သဒ္ဓါ ကြည်ညိုမရှိဘူးတဲ့၊ မသဒ္ဓါတဲ့ အတွက်ကြောင့် အလှူခံမဲ့သူတော် ကောင်းပုဂ္ဂိုလ်တွေ ရှိပါလျက်နဲ့, လှူနိုင်တဲ့ ပစ္စည်းဝတ္ထုလဲ ရှိပါလျက် နဲ့ ရှိပင်ရှိသော်လဲ မလှူရက်မတန်းရက်, မပေးရက်, မကမ်းရက် တဲ့အတွက်ကြောင့်, ငါတို့ကိုကြည့်စမ်းတဲ့ ငါတို့စုဆောင်းထားတဲ့ ပစ္စည်းဘဏ္ဍာတွေဟာ ငါတို့သေတော့လေ ကျေးကျွန်တွေနှင့်တကွ အိမ်ရှိသူတွေ စားသောက်သွားတာဘဲ၊ ငါတို့မှာတော့ သက်သက် ဆင်းရဲဒုက္ခခံရတာဘဲတဲ့၊ အာဟာရဆိုလျှင် မြူတခြမ်းမျှမစားရအောင် ဆင်းရဲဒုက္ခ ပင်ပန်းကြီးစွာခံရတယ်၊ ရေလေးတပေါက်မျှ မသောက်ရ ဖြစ်တဲ့အကြောင်း ပြိတ္တာတွေက အသီးသီးပြန်ပြောတယ်၊ အဲဒီတော့မှ မြတ်စွာဘုရား တယ်လွယ်တယ် ဘုရားတရားဟောရတာ တို့ဟောလျှင်

တယ်မလွယ်ဘူး၊ ဘုရားကတော့ သူတန်ခိုးတော်နဲ့ပြလိုက်တော့ ဖြိဳးဘွား
ပွောကပြောတော့ပရိသတ်ကြီးကမြင်ရ, ကြားရတော့ သိပ်ကြောက်ကြ
တာပေါ့၊ အဲဒီတော့မှ ဘုရားကိုယ်တော်မြတ် သစ္စာလေးပါး တရားပြ
ဟောလိုက်တော့အကုန်အကျွတ်တရားရကုန်တာပေါ့၊သိပ်ကောင်းတာ။
အခုဘို့ဒကာ, ဒကာမတွေကျတော့ ဘယ့်နဲ့လုပ်ဟောမလဲ မြင်မှ
မမြင်ရဘဲ အကာန်းအတိဖြစ်နေတာ အဲဒီတော့ မမြင်မြင်အောင်ပြဘို့ရာ
ခုနဘုန်းကြီးသွားနှစ်ကောင် ဥပမာဆောင် အိမ်ကျုံ့လုံးသွင်း, သွင်းပါ့မ
လား မဆိုနိုင်ဘူး၊ သွင်းလျှင်တော့ သိပ်ကောင်းတယ်၊ သေခြင်းတရား
ကို အကြံကြံပွါး သေခြင်းတရားကို အကြံကြံနှလုံးသွင်း သေမှာ
တော့အမှန်ဘဲ၊ သေလျှင် ငါ ဘယ်သွားမလဲလို့ အဲဒီတရားကလေး
နှလုံးသွင်းမိလျှင် တော်ပြီ၊ သေလျှင် ငါ ဘယ်သွားမလဲ၊ အဲဒီဥပမာက
လေး ပြန်ကြည့်လိုက်ပေါ့၊ ခွေးနှစ်ကောင်ငှါးတဲ့သူဌေးကြီး သူဌေးကြီး
ရဲ့ဥပမာနဲ့ လယ်ထွန်သမားနှစ်ယောက်၏ ဥပမာကို ကြည့်ပြီးတော့
ငါ ခန္ဓာကိုယ်ကို မငိုင်းစေလို့ အရင်းမူလမထားလျှင်ဖြင့် ဧကန် ငါသေ
လျှင် အပါယ်ကျမှာဘဲ၊ဟော သိရော၊အဲဒီတော့ အပါယ်တကယ်ကျမှာ
မြင်လျှင် မကြောက်ဘူးထင်သလား၊ ဘို့ဒကာ,ဒကာမတွေက ငြင်းများ
ငြင်းအုံးမလားမသိဘူး၊ အပါယ်ကျမယ်လို့ တကယ်ထင်လျှင် ကြောက်
တယ်၊အဲသည်လိုကြောက်တဲ့ပုဂ္ဂိုလ်မှ တကယ်အလုပ်လုပ်တာ၊ ဘုန်း
ကြီးလဲ ကြောက်အောင်လို့ အတော်ကိုဟောတာ ဒါမှမကြောက်လဲ
မတတ်နိုင်ဘူး၊ ကမ္မသကာဘဲ၊ တကယ်ကြောက်အောင်ဟောတာ။
ဘုန်းကြီး နောက်တုန်းက တော်တော်ကို ချောက်ဟောတာ
အတော်ကိုချောက်ဟောတယ်၊ ဟိုတုန်းက ကျွန်းလဲးကျွန်းမာတယ်၊
သန်လဲသန်စွမ်းတဲ့အခါဆိုတော့ တော်တော်ကြောက်အောင် ချောက်
ဟောတတ်တယ်၊ တခါတုန်းက သိဘင်းနေ့တနေ့မှာ ချောက်ပြီးတော့
ဟောလိုက်တဲ့ အခါ နောက်တနေ့ နံနက် ကျတော့ အမယ်ကြီး
သုံးယောက် တယောက် တယောက် မေးလိုက်တော့ အသက်ရှစ်
ဆယ်နား ကပ်နေတဲ့ အမယ်ကြီးတွေ၊ ဘုန်းကြီး မနက်စောစော
အာရုံဆွမ်းစားနေဟဲ့အခါ အစောကြီး ကျောင်းကိုပေါက်လာကြတယ်၊
ဆွမ်းစားလို့ မပြီးသေးဘူး၊အာရုံဆွမ်းစားတုန်း ဘယ့်နဲ့လဲ ဒကာမကြီး
တွေ စောလှချေလား ဘုန်းကြီးများ အာရုံဆွမ်းစားလို့တောင် မပြီး

သေးဘူးလို့ပြောတော့၊ အမယ်လေး အရှင်ဘုရားတဲ့ တို့က စောတယ် သာပြောတယ်၊ဒကာမကြီးတွေက တပည့်တော်တို့မနေ့ကအရှင်ဘုရား တရားနာပြီး အိမ်ပြန်သွား ညကတညလုံး အိပ်မပျော်ဘူးတဲ့ ဘယ် လောက်ကြောက်သလဲဆိုတာ ကြည့်စမ်း။

တို့ဒကာ,ဒကာမတွေ ဒီလိုများကြောက်မှ ကြောက်ပါ့မလား မဆို နိုင်ဘူး၊ဒီလိုဘဲ ချောက်တော့ချောက်ထားတဲ ချောက်ပေမဲ့ကြောက်ချင်မှ ကြောက်မှာ၊ အကယ်၍များ ကြောက်လို့ ရှိလျှင်တော့လေ တရားကို လုလုရက်ရက် အားထုတ်မယ်၊ဘာဖြစ်လို့လဲ ဇာနေ ငါသေမယ်ဆိုတာ လဲ သိတယ်၊ သေ ငါ ဘယ်သွားမယ်ဆိုတာ ကိုယ့်ဟာကို မြင်ထားပြီ၊ ဘာလို့လဲ ခန္ဓာကိုယ်အလိုလိုက်နေတဲ့ ပုဂ္ဂိုလ်တွေကို ဒီမြေးကြောင့် သားကြောင့် သွီးကြောင့်နှင့် ကြောင့်တွေ အလိုလိုက်နေတာ၊ အဲ သား ကလေးက ဘယ့်နှဲ့နေတယ် သွီးကလေးက ဘယ့်နှဲ့နေတယ် မြေး ကလေးက ဘယ်လိုဘယ်ကဲ့သို့နှင့် အဲ ဒီလို'ကြောင့်'တွေ'ကြောင့်' နေ မယ်ဆိုလျှင်တော့ သေသေချာချာ မှတ်ထား သေလျှင် အပါယ်တော့ သွားပြီးသား ဖြောင့်နေတာဘဲ၊ တခါထဲ ပြတ္တာဘုံသွားမလား၊ အပါယ် လေးပါးကို ဘယ်နေရာ သွားမလဲ သွားရမှာဘဲ၊ ဆိုတာကို ဘုန်းကြီး ကတရား နာလာကြတဲ့ ဒကာ ဒကာမတွေ ဘုရားကိုယ်တိုင် ဟောတာ၊ မြင်စေချင်လို့ နခါသိခသုတ်မှာ လက်သည်းပေါ်မှာတင်တဲ့ မြေမှုန့် ဇမ္ဗူဒိပါမြေပြင်မှာရှိတဲ့ မြေမှုန့် လက်သည်းပေါ်တင်တဲ့ မြေမှုန့် ဘယ် ကလောက်များမလဲ၊ ပြောမှမပြောလောက်ထာဘဲ၊ အဲဒါ ဘုရားကိုယ် တော်မြတ်က လူ့ပြည်လောကကြီးမှာ သေကုန်သေကုန်သော သတ္တဝါ တွေဟာ ငါ၏ လက်သည်းပေါ်တင်တဲ့ မြေမှုန့်လောက်သာ လူ့ပြည်ကို ပြန်လာနိုင်တာတဲ့၊ ဇမ္ဗူဒိပါမှာရှိတဲ့ မြေမှုန့်နှင့်အမျှ အပါယ်လေးပါးသွား ကြတာဟာ အမှန်ဘဲလို့ ဘုရားကိုယ်တိုင် ဟောတာ။

အဲ ဒါကြောင့် ကိုယ့်ကိုယ်ကို ပြန်ကြည့်ပေါ့၊ ငါ လက်သည်းပေါ် တင်တဲ့ မြေမှုန့်လား သို့မဟုတ် ငါ ဇမ္ဗူဒိပါ မြေပြင်မှာရှိတဲ့ မြေမှုန့်ထဲ ကလား ကိုယ့်ကိုယ်ကို သိရောပေါ့၊ဘာနှင့်ကြည့်လို့သိမလဲဆိုတော့ခုန ပြောတဲ့ နွားနှစ်ကောင် ဥပမာနှင့်ကပ်ကြည့်ပေါ့၊ ခန္ဓာကိုယ် ငါ အလို လိုက်နေသလား၊ညအိပ်ရာဝင်တယ်၊ အိပ်ရာထဲရောက်တော့ ခန္ဓာကိုယ် အလိုမလိုက်တဲ့ သူက တရားဆင်ခြင်မှာပေါ့ တရားနှလုံးသွင်း အိပ်မှာ

ဘဲ၊ ခန္ဓာကိုယ် အလိုလိုက်တဲ့ သူကတော့ ပျော်ပျော်ပါးပါး တွေ့ကရော ရောက်တတ် လေးဆယ် ကြိုစည်ပြီးတော့ ဖိုဝ်တော့မှာဘဲ ၊ဆဲတာ အလိုလိုက်တဲ့လူပေါ့၊ အလိုမလိုက်တဲ့ လူကခန္ဓာကိုယ်ကို တခါထဲ ဖိုဝ် မပျော်မခြင်း ခန္ဓာကိုယ်မှာရှိသမျှ ရုပ်ခတ်နာမ်ခတ်တရား မနေမနား ကြိုးစားအားထုတ် ခန္ဓာကိုယ်အလိုမလိုက်ဘူး သူက၊ ခန္ဓာကိုယ် အလို လိုက်တဲ့သူက တရားအားထုတ်နေရင်း ပျင်းလာတယ်၊ထိုင်းလာတယ်၊ မှိုင်းလာတယ်၊ငိုက်လာတယ်၊ဆဲပြီးရော ခန္ဓာကိုယ်အလိုလိုက်တဲ့ပုဂ္ဂိုလ်၊ ဆဲဒါ သေသေချာချာသိရောပေါ့၊ ငါခန္ဓာကိုယ်အလိုလိုက်နေလို့ တနေ့ ငါသေမှာသေလျှင်တော့ ငါအပါယ်လေးပါးစာ ဘုရားဟောတာ၊မဟာ ပထဝီမြေကြီးမှာရှိတဲ့ မြေမှုန့် ဥပမာ ငါ ကျေန်သွားရမယ်လို့၊ အကုန် သိသွားမယ် ဒါဉာဏ်နဲ့ သေသေချာချာကြည့်၊ ဆဲဒါ ဉာဏ်အမြင်တွေ အခု ပြောတာ၊ မလွယ်ဘူး။

တို့ သည့်မှာပြောတာက ခုန စောစောကလဲ ဟောပြီးပေါ့၊ တကယ် အစစ် ရုပ်ကို ကိုယ်တိုင်မြင်မှ မှန်သနော် ပြောသံကြား ရုပ်တော့ မမှန်ဘူး၊စာထဲမှာမရှိဘူးလား ရှိတယ်၊ ရုပ် ၂၈-ပါး-နာမ်တေပည့ာသ ငါးဆယ်သုံးပါး၊ မှန်တယ် စာထဲမှာ၊ဆဲဒီစာထဲမှာ တွေ့တဲ့ ရုပ်နာမ်ဟာ အမှန်အစစ် စာအုပ်ထဲမှာမရှိဘူးမှတ်၊ရုပ်နာမ်အစစ်က ဘယ်မှာရှိသလဲ ခန္ဓာကိုယ်မှ ရှိတယ်၊ ဥက္ကောင်းကစ ခြေဖျားကျအောင် အာရုံစိုက် ကြည့်၊ခန္ဓာကိုယ်မှာ ရုပ်နာမ်အမှန်ရှိတယ်၊အမှန်ရှိဘာကိုအမှန်တကယ် မသိလျှင် ဘယ်နည်းနှင့်မှ ဝိပဿနာဉာဏ် မရဘူးမှတ်၊ခန္ဓာကိုယ် အ တွင်းမှာ တကယ်အမှန်ရှိတဲ့ ရုပ်နာမ်ကို တကယ်အမှန်သိမှ ဝိပဿနာ ဉာဏ်အစစ်ကိုရမယ်၊ ဝိပဿနာဉာဏ်အစစ်ကိုမရလျှင် အပါယ်သံ သရာဘေးက ခုကုသိုလ်ကောင်းလို့ ဒါနကောင်း သီလကောင်းက လေးတွေပြုလို့ နတ်ပြည်လောက လူ့ပြည်လောက ချမ်းသာစွာ ရောက်ရတယ်ဆိုပြီးတော့၊ ဝမ်းမမြောက်နှင့်၊ ဆဲဒီကုသိုလ်ကံ အရှိန် ကုန် အပါယ်လေးပါးကျမှာ၊ အခုပြောတဲ့ရုပ်နာမ်ကို တကယ်သိလို့ တကယ်ကျကျနန ဟုတ်တိုင်းမှန်စွာ ယထာဘူတ, ခန္ဓာအာယတန ခတ်တွေမြင်လို့တကယ်အနိစ္စ ဒုက္ခ အနတ္တ ထင်လာတဲ့ပုဂ္ဂိုလ် စိတ်ချ အပါယ်လေးပါး မကျရဘူး,၊ ဒါတော့ ဘုရားကိုယ်တိုင်ကလဲ ဝန်ခံ ဟောတယ်။

ဏ္ဍမိနာပနဉာဏေန သမန္တာဂတော ဝိပဿကော ဗုဒ္ဓသာသ
နေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသော
တာပန္နော နာမ၊

ဝိသုဒ္ဓိမဂ်။

ဏ္ဍမိနာပနဉာဏေန- ဤနာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟ
ဉာဏ်နှစ်ပါးနှင့်၊ သမန္တာဂတော-ပြည့်စုံသော၊ ဝိပဿကော-
ဝိပဿနာယောဂီပုဂ္ဂိုလ်သည်၊ဗုဒ္ဓသာသနေ-မြတ်စွာဘုရားသာ
သနာတော်၌၊လဒ္ဓဿာသော-ရအပ်သော သက်သာရာရှိသည်
ဖြစ်၍၊လဒ္ဓပတိဋ္ဌော-ရအပ်သောထောက်တည်ရာရှိသည်ဖြစ်၍၊
နိယတဂတိကော-အပါယ်လေးပါးသို့မလား သူတော်ကောင်း
တို့လားအပ်သောမြဲသောဂတိရှိသော၊စူဠသောတာပန္နောနာမ-
စူဠသောတာပန်မည်၏။

မဟာသောတာပန်ကြီးမဖြစ်တောင် စူဠသောတာပန်ဖြစ်မယ်၊ စူဠ
သောတာပန်ဖြစ်လျှင် အပါယ်ကိုမလားတော့ဘူး၊ ဒီဘဝမှာ မဟာ
သောတာပန်မဖြစ်နိုင် မရှိ၊ ရဟန္တာတောင်ဖြစ်နိုင်တဲ့ဘဝ၊ တကယ်
ကြိုးစား တကယ်အားထုတ်လျှင် သောတာပန်,သကဒါဂါမ်,အနာဂါမ်
ရဟန္တာအထိ ဖြစ်နိုင်တဲ့အခါကောင်း အခွင့်ကောင်းပေါ့ ဘုရားသာ
သနာရှိသေးတာဘဲ၊ ဘုရားသာသနာ ကွယ်မှမကွယ်သေးဘဲ။

အဲဒါကြောင့်မို့လို့ ယခုတရားနာတဲ့ ဒကာဒကာမတွေ ခန္ဓာကိုယ်
ကြီးကို အရင်းမူလတည်ပြီးသကာလဒီကနေ့ကစပြီး ငါတို့ ခန္ဓာကိုယ်
ကိုအလိုမလိုက်ဘဲ, နောင်ဘယ်လောက်နေရမှန်းလဲမသိဘူး၊ ရက်ပိုင်း
ဘဲနေရမလား၊ လပိုင်းဘဲနေရမလား၊ နှစ်ပိုင်းဘဲနေရမလား၊ နေရမဲ့
အချိန်ကာလကိုလဲ မသိဘူး၊ မုချသေခြင်းတည်းဟူသော တရားက
အင်မတန်လဲ ကြောက်ဘို့ကောင်းပါတယ်၊ ခုခေတ်သိပ်ကြောက်ဘို့
ကောင်းတယ်၊ အဲဒါ လတ်လတ်လောလော ကျန်းကျန်းမာမာ
ကြီးနှင့် ဒီနေ့မြင်ရပေတဲ့ စိတ်မချနှင့်၊ ခုညတွင်းချင်းဘဲ သေသေသွား
တာတွေ မြို့ထဲမှာ အများကြီး၊ တနေ့တုန်းက ဒကာမကြီး
တယောက် လတ်လတ်လောလော သေသွားတယ်၊ သိပ်ကြောက်
ဘို့ ကောင်းတာပေါ့ အင်မတန် ကြောက်စရာ ကောင်းတယ်,

ခုရန်ကုန်မြို့ဟာ ကြောက်ဘို့အကောင်းဆုံးဘဲ၊ ဘာဖြစ်လို့လဲ လမ်းမသွားဘဲမနေနိုင်ဘူး၊ တို့ဒကာဒကာမတွေ သွားတာဘဲ၊ လမ်းသွားလျှင်လေ မော်တော်ကားတော၀ါက သိပ်ကြီးတာဘဲ၊ လမ်းပေါ်တောင်တက်တိုက်တယ်၊ မော်တော်ကားနှင့်သွားတောင် အချင်းချင်းတိုက်သေတာဘဲ၊ ဇာဲဒါကြောင့်မို့လို့ သေခြင်းတရားကို အဖန်ဖန်ပွါးပြီးသကာလ၊ မိမိတို့ခန္ဓာကိုယ်ကို အလိုမလိုက်ဘဲနှင့် လေးစားသောအားဖြင့် ယနေ့ကစ၍ ငါတို့အားသုတ်မယ်လို့ နှလုံးထားပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရား မနေမနားကြိုးစားအားထုတ်နိုင်ကြစေ။

———

# ရဟန်းငယ်နှင့် ပေါက်ဆား

ဒိပရိသတ်ကြီးကို ဘယ်လိုလုပ်ပြီးတော့ အကျွတ်တရား ရပြီးလျှင် ဤဘဝ အပါယ်သံသရာဘေးကြီးမှ လွတ်သွားရ လေအောင် ဘယ်တရားများဟောရပါ့မလဲလို့ ကြံတာ အခုထက်ထိ အကြံမရသေးဘူး၊ ဘယ်လိုလုပ်ဟောရမှန်း မသိဘူး၊ မူလအသိဓာတ် ရထားတဲ့ ပုဂ္ဂိုလ်များအတွက်တော့ ဝန်မလေးဘူးပေါ့၊ ဘာမှန်းမှမသိဘဲနဲ့ အခုမှ ဗုဒ္ဓဘာသာ လူမျိုးတို့၏ ထုံးတမ်းစဉ်လာ ဓမ္မတာအရ ဝါကျွတ်ပွဲတော်လေး အမှီ ဥပုသ်သီတင်းစောင့်တဲ့ ပုဂ္ဂိုလ်တွေ အတွက် ငဲ့ကွက်ပြီးတော့ စဉ်းစားတာ ဒိပုဂ္ဂိုလ်တွေဓမ္မသံဝေဂဖြစ်သွားအောင်ကြောက်ရွံ့တုန်လှုပ်ပြီးတော့ တရားတော်ကြီးကို လေးစားသွားအောင် ဘယ်လိုလုပ်ဟောရပါ့မလဲလို့ တော်တော်အကြံကိုကြပ်နေတယ်၊ အဲ ဒိတရားဟောနေရင်း တဝက်လောက်ကျလို့များ အကြံများပေါ်လျှင်လဲ ပေါ်ပေါ့လေ၊ ဘုရားဟောတဲ့ ဒေသနာတော်တွေ ကတော့ ရှစ်သောင်းလေးထောင်ရှိတယ်၊ အဲဒိဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ဟာ အလုံးစုံသော သတ္တဝါအနန္တတို့ မဂ်ဉာဏ်, ဖိုလ်ဉာဏ် နိဗ္ဗာန်ရပြီးတော့ ကျွတ်တမ်းဝင်ဘို့ တရားတော်ကြီးဘဲ၊ အလွန်ကောင်းတာ၊ အလွန့်အလွန်ဘဲ မွန်မြတ်တဲ့တရားတော်၊ဘယ်လိုပင် မွန်မြတ်သော်လဲ တရားနာတဲ့ပုဂ္ဂိုလ်တို့၏ ကိုယ်တွင်းသန္တာန် နှလုံးရည်မှာ စွဲပြီးတော့ နှစ်နှစ်ခြိုက်ခြိုက် လိုက်လိုက်လှဲလှဲ သဘောပေါက်သွားမှ အဓိပ္ပါယ် မှန်တာကိုး၊ဘာတွေဟောနေနေ,ဘာတွေပြောနေနေ သူ့သဘောမှာမဝင်ဆန့်လို့ရှိလျှင် ဘာမှတရားထူးမရဘူး၊ သဘောဝင်မှ တရားထူးရတယ်၊ အဲဒိတော့ သဘောထဲမှာ ဝင်သွားအောင် ဟောဘို့ရာ မလွယ်ဘူး၊ ဘုရားကိုယ်တော်မြတ်ကြီးကတော့ လွယ်ကူပါတယ်၊ ဘုရားကိုယ်တော်မြတ်ကြီး ကတော့ ပရိသတ်ကို ကြည့်လိုက်တယ်၊ ဒီ ပရိသတ်ဟာ ဘယ်တရားကိုဟောလျှင်ဖြင့် သဘောကြည်ဖြူသွားမယ်၊ နှစ်သက်သွားမယ်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ဧကန်ရသွားမယ်ဆိုတာ မြင်တော်မူတယ်၊ မြင်တော်မူတော့ လွယ်တာပေါ့။

အခုတော့ ဘယ်လွယ်တော့မလဲ၊မလွယ်ဘူး၊ သိမှမသိဘဲ အယုတ်ဆုံး ဥပမာအားဖြင့် အခု ရန်ကုန်နေပြည်တော်ကြီးမှာ ဝိပဿနာတိုက်တွေ ဌာနအသီးသီးရှိကြတာပေါ့၊ အသီးသီး ရှိကြတဲ့အနက် မိမိတို့ဌာန မိမိတို့ကိုယ်တိုင် ဓမ္မသံဝေဂဖြစ်ပြီးတော့ ဘုရားထူး,တရားမြတ်ကို ကိုယ်ပိုင်ဉာဏ်ကလေးနဲ့ ကိုယ်တိုင်သိထားတဲ့ တရားထူးဖြစ်သောကြောင့် သူသဘောကျတဲ့ တရားပြတာ အမှန်ဘဲ၊ တကယ့်ကို ယထာဘူတ, ယထာဓမ္မ ဟုတ်တိုင်းမှန်စွာ နိဗ္ဗာန်ရောက်ကြောင်း တရားချည်း အစစ်ပါဘဲ၊ မှန်မှန် ကန်ကန်ကို ပြတယ်၊ သို့သော်လဲ တရားနာတဲ့ ပုဂ္ဂိုလ်နဲ့ အားထုတ်တဲ့ပုဂ္ဂိုလ်၏ ဉာဏ်ဝမှာ မတွေ့လျှင်လဲ မသိဘူးပေါ့၊ အချို့သော ဌာနကလဲ ထိုနည်းတူစွာ သူလဲဘဲ သူကိုယ်တိုင်ဓမ္မသံဝေဂနှင့် သဘာဝယုတ္တိ, အာဂမယုတ္တိနှင့် ကျကျနန သိဘို့ကိုဟောတာ,ပြတာ၊ သူ့တရားဟာ သူကိုယ်တိုင် သဘောပေါက် အင်မတန် နှစ်ခြိုက်လို့ မိမိဒိတရားကို ကိုယ်တိုင်သိရသည့် အတွက်ကြောင့်မိမိသိသကဲ့သို့ သတ္တဝါဝေနေယျသိပါစေဆိုပြီးတော့ မေတ္တာတရားနဲ့ပြကြတယ် မလွဲဘူး၊ မြတ်စွာဘုရားတရားတော်ဘဲ၊ အခု တို့ဟံသာဝတီကလဲ အနားအနီး အများကြီးပေါ့၊ မိမိတို့သိသမျှ တရားတွေကို နားလည်အောင်လို့ ပြတာ တဖုံစီဘဲ၊သို့သော်လဲ ပိဋကတ်သုံးပုံ ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင် အကုန်ခြုံပြီးတော့ကြည့်စမ်း၊ဘာတွေ့သလဲလို့ဆိုလျှင် နောက်ဆုံးပိတ် အချုပ်တရားက သစ္စာလေးပါးမှာ သွားချုပ်တယ်၊ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ,မဂ္ဂသစ္စာ နောက်ဆုံးပိတ် အကျဉ်းချုပ်ကျတော့ သစ္စာလေးပါးကို မသိသမျှ ဘယ်ပုဂ္ဂိုလ်မျိုးမှ နိဗ္ဗာန်ကိုမရဘူး၊ သစ္စာလေးပါးကို သိဘို့ချည်းဘဲ၊ ဘာနဲ့လာခဲ့လာခဲ့ ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်၊ လာချင်တာနဲ့လာ ဗောဓိပက္ခိယ တရား ၃၇-ပါးဟာ ပိဋကတ်သုံးပုံကို ခြုံပြလိုက်တာ၊ အဲဒီဗောဓိပက္ခိယ တရား၃၇-ပါးမှာလဲ လာလိုက်တာ သတိပဋ္ဌာန်လေးပါး, သမ္မပ္ပဓာန်လေးပါး, ဣဒ္ဓိပါဒ်လေးပါး, ဣန္ဒြေငါးပါး, ဗိုလ်ငါးပါး, ဗောဇ္ဈင်ခုနစ်ပါး, မဂ္ဂင်ရှစ်ပါး အများကြီးပေါ့၊ ဘယ်လောက်များများနောက်ဆုံး သစ္စာ ၄-ပါးသိဘို့ ပဓာန၊ ဒီတော့ ဘုန်းကြီးဟာ ဥပမာခဏခဏပြောတယ်။

တို့မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် လက်ထက်တော် အခါ ကာလက ရဟန်းတော် တပါး အင်မတန်မှ မဂ်ဉာဏ်, ဖိုလ်ဉာဏ် လိုချင်တယ်၊ နိဗ္ဗာန်ရောက်ကြောင်း တရားတွေ သိချင်အားထုတ်ချင် တယ်၊ အားထုတ်ချင်တဲ့အခါကျတော့ ရဟန္တာ အရှင်ကောင်းအရှင် မြတ်တွေထံ ချဉ်းကပ်ပြီး သူက တရားကျင့်ချင်တဲ့ အတွက်ကြောင့် တဦးသောရဟန္တာမထေရ်ထံသွားပြီးတော့ လျှောက်ထားတယ်၊အရှင် ဘုရား တပည့်တော်သည် မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ရောက်ကြောင်း တရားများ အားထုတ်လိုပါတယ်အရှင်ဘုရား၊ တပည့်တော်အား နည်း နာ နယညွှန်ကြားတော်မူပါဘုရားလို့ သွားလျှောက်တယ်၊ဒီတော့ ဟိုက ရဟန္တာပုဂ္ဂိုလ်ကြီးဘဲ၊ သူကိုယ်တိုင်အားထုတ်လို့ သူကိုယ်တိုင်တွေ့ လာတဲ့တရားကို ဒီတော့ အင်မတန်မှ သူလဲ သဒ္ဓါတရားနဲ့ထက်မြက် ထာပေါ့၊ ရဟန္တာအရှင်မြတ်ဘဲ မေတ္တာ အင်မတန်ကြီးတာ။

ဒီတော့ ရဟန္တာမထေရ်ကြီးက သူသွားလို့ရောက်ခဲ့တဲ့ လမ်းခရီး ဘာလဲ အာနာပါနအစပြု သမာဓိခိုင်မြဲလာတဲ့အခါ ခန္ဓာဉာဏ်ဗိုက် ခတ်တွေ့ ပရမတ်ရုပ်နာမ်တွေ့ သစ္စာလေးပါးသိ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရ နိဗ္ဗာန်မျက်မှောက်ပြုတဲ့လမ်း အစဉ်အတိုင်း ပြောပြတယ်၊ ပြောပြ လိုက်သော်လည်း လျှောက်ထားတဲ့ရဟန်းက နားမလည်ဘူး၊ သဘော မပေါက်ဘူး၊ သဘောမကျဘူး၊ သဘောမကျတော့ သူ့ဒီလမ်းနှင့်မဖြစ် ဘူး၊ တခါ နောက်ရဟန္တာတပါးထံ သွားပြန်ရော၊ သွားပြီး ဒီလိုဘဲ သူ လျှောက်ပြန်တယ်၊အရှင်ဘုရားတပည့်တော် မဂ်ဉာဏ်ဖိုလ်ဉာဏ်နိဗ္ဗာန် ရောက်ကြောင်းတရားများ လိုချင်ပါတယ်ဘုရား၊အရှင်ဘုရား တပည့် တော်ကို ညွှန်ကြားတော်မူပါဘုရားလို့ လျှောက်ထားပြန်တယ်၊ဒီတော့ ဒုတိယ ရဟန္တာမထေရ်မြတ်က သူသွားလို့ရောက်ခဲ့တဲ့ လမ်းခရီးစဉ် ဣရိယာ ပုထ်လေးပါးနှင့် အာရုံခြောက်ပါးကို သတိဝိရိယနှင့် သမာဓိ ထူထောင်ပြီး သမာဓိဖြစ် ခန္ဓာဉာဏ်ဗိုက် ခတ်တွေ့ ပရမတ်ရုပ်နာမ် တွေ့ သစ္စာလေးပါးသိ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရ နိဗ္ဗာန် မျက်မှောက်ပြုတဲ့ လမ်းစဉ်ကို ပြောပြတယ်၊ သူအားထုတ်တဲ့လမ်းစဉ်ကိုဘဲ ပြောတာ၊ ပြောတော့လဲ သူ သဘောမကျဘူး။

သဘောမကျပြန်တော့ နောက်ရဟန္တာတပါးထံ တခါသွားပြန် ရော၊ နောက်သွားတဲ့ရဟန္တာကို လျှောက်ပြန်တယ်၊သည်လိုဘဲလျှောက်

တယ်၊အရှင်ဘုရားတပည့်တော်ကို မဂ်ဖိုလ်ပေါက် နိဗ္ဗာန်ရောက်အောင် တရားထူးများ ပြသပေးသနားတော် မူပါဘုရားလို့ လျှောက်ထားပြန် တာပေါ့၊ ဒုတိယ ရဟန္တာအရှင်မြတ်ကလဲမိမိသွားလို့ ရောက်ခဲ့တဲ့ လမ်း ကာယဂတာသတိ ကောဋ္ဌာသ- အစရှိသော ၃၂-ကောဋ္ဌာသ အစုကိုတည်ပြီးသတိပဋ္ဌာန်နှင့်သမာဓိကိုဖြစ်စေလျက်ခန္ဓာမှာခတ်တွေ့ ပရမတ် ရုပ်နာမ်တွေ့ သစ္စာ လေးပါးသိ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရ နိဗ္ဗာန်ကို မျက်မှောက်ပြုရတဲ့ အကြောင်းလမ်းစဉ် မိမိလုပ်ခဲ့ အား ထုတ်ခဲ့ပြီးရောက်သွားတဲ့လမ်းစဉ်ကို အစဉ်အတိုင်း သေချာစွာ ပြသ တော်မူတယ်၊ ဒါလဲဘဲ သူ သဘောမကျဘူး နားမဝင်ဘူး။

သဘောမကျတော့ နောက်ရဟန္တာ တပါးထံ သွားပြန်ရော၊ သွား ပြီးအရင်အတိုင်း လျှောက်ပြန်တယ်၊အရှင်ဘုရား တပည့်တော်အား မဂ် ပေါက် ဖိုလ်ဝင် နိဗ္ဗာန်မျက်မှောက်ပြုတဲ့တရားကို ပြသပေးသနားတော် မူပါ ဘုရားလို့ လျှောက်ပြန်တယ်၊ လျှောက်တော့ စတုတ္ထ ရဟန္တာ အရှင်မြတ်ကလဲ မိမိသွားခဲ့ ရောက်ခဲ့တဲ့ လမ်းစဉ် ခတ်ခြောက်ပါးကို ရှာ ခန္ဓာဉာဏ်ပိုက် သမာဓိဖြစ် ခတ်တွေ့ ပရမတ်ရုပ်နာမ်တွေ့ သစ္စာ လေးပါးသိ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရ နိဗ္ဗာန် မျက်မှောက် ပြုရတဲ့ အကြောင်းလမ်းစဉ်ကို ကျကျနန ပြသ သင်ပေးတော် မူပြန်တယ်၊ လမ်းကောင်း လမ်းမြတ်ကို ပြသ ပေးသော်လဲ ဘယ်လမ်းမှ သူ သဘောမကျဘူး၊ ဘယ်လမ်းမှ သဘောမကျတော့ သူဘယ်ကို သွား သလဲ မြတ်စွာဘုရားထံ သူသွားရော၊ သွားပြီးတော့ မြတ်စွာဘုရားကို သူလျှောက်တယ်၊ မြတ်စွာဘုရား တပည့်တော်သည် မည်သည့် ရဟန်း ထံမှာ ကမ္မဋ္ဌာန်းတရားများ တောင်းတဲ့အခါ ဘယ်လို ပေးပါတယ် ဘုရား၊ သူပေးတဲ့ တရားကို တပည့်တော် သဘောမကျဘူးဘုရား၊ နောက် တပါးထံ သွားလဲ ပေးတဲ့တရား သူ သဘောမကျ ရဟန်း လေးပါး တိုင်တိုင် တောင်းခံလို့ ပေးတဲ့ တရားများ သဘောမကျ ဖြစ် နေတဲ့ အကြောင်းဘုရားကို သူ အကုန် လျှောက်ထား တာပေါ့။

ဒီတော့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ထိုရဟန်းရဲ့ အဇ္ဈာသယကို ကြည့်လိုက်တယ်၊ ဒီပုဂ္ဂိုလ်အား အခု ဟော ပြော လိုက်တဲ့ ပုဂ္ဂိုလ် တွေဟာ အလွန်တရာ ယထာဘူတကျ၍ သစ္စာ လေးပါးကို မြင်လောက်တဲ့ တရားထူးတရားမြတ်တွေဘဲ၊ ဤရဟန်း

ငယ်ဟာ သာမညပုဂ္ဂိုလ်မဟုတ်ဘူး၊ ရဟန္တာဖြစ်မဲ့ပုဂ္ဂိုလ်၊အဲဒီတော့ ဘုရားကိုယ်တော်မြတ် မြင်တော်မူတော့မှ ချစ်သားတဲ့ သေသေချာချာ မှတ်လဲ့ထားကြနော်၊ ဥပမာနှင့် ဆုံးမသွားတယ်။

**ပေါက်ပင်ဥပမာ**

တို့ ပန်းနာရောဂါပျောက်အောင် ကုတတ်တဲ့ ဆရာတယောက် ရှိတယ်တဲ့၊ဒီတော့ ပန်းနာသည်တဦးက သတင်းရလို့ ဆရာ့ထံသွားပြီး ဆေးကုတယ်၊ ဆေးကုတော့ ဆရာလုပ်တဲ့ ပုဂ္ဂိုလ်က ဟာ,တပည့် မင်းရဲ့ပန်းနာရောဂါဟာ မခက်ပါဘူး ကွယ်တဲ့ ပြန်သာသွားပါ၊ဟိုကျရင် မင်း ပေါက်ပင်ကို ပြာကျအောင်ပြုလုပ် ဆားချက်ပြီးတော့ အဲဒီပေါက်ဆားကို မင်းစားလျှင် ပျောက်ပါတယ်တဲ့၊ အဲဒီလိုပြောတော့ ပြန်လာတာပေါ့၊ ပြန်လာပြီးတော့ ဆရာမှာလိုက်တဲ့အတိုင်း ပေါက်ပင်ကိုပြာချ ဆားချက်ပြီးစားတော့ ပျောက်တာပေါ့။

နောက်ရောဂါသည်တယောက်ကလဲဆရာ့ထံသွားပြီးတော့ ဆရာ ကျွန်တော့်ပန်းနာရောဂါကို ပျောက်အောင် ကုပေးပါ ဆိုတော့ ဆရာက ဟာ,တပည့် လွယ်လွယ်ကလေးပါ၊ပေါက်ပင်ကိုပြာချ, ဆားချက်စားပေါ့ကွယ်လို့ ဆရာက ပြောလိုက်တယ်၊ အဲဒီလူကလဲ ပေါက်ပင်ကိုပြာချ ဆားချက်ပြီးစားတော့ သူလဲ ပန်းနာရောဂါပျောက်တာဘဲ၊ နောက်တတိယ လူကလဲ ဒီလိုဘဲ ဆရာ့ဆီသွားမေး၊ဆရာက ခုပြောသလို ခပ်လွယ်လွယ်ဘဲ ပေါက်ပင်ပြာချ ဆားချက်စားပေါ့ကွယ်လို့ ပြောတော့ သူလဲပြာချ ဆားချက်စား ပျောက်ပြန်တာဘဲ၊ နောက် စတုတ္ထလူကလဲ ဒီလိုဘဲသွားမေး၊ဒီလိုဘဲ လွယ်လွယ်ပြော, ပြာချဆားချက်စားပြန်လဲ ပျောက်ထာဘဲ၊ ပျောက်တဲ့လူချည်းဘဲ။

ဒီတော့ ပန်းနာသည်လူတယောက်က သူ့ပန်းနာရောဂါ ပျောက်ချင်တော့ အရင်ပန်းနာပျောက်တဲ့ လူတွေထံ ချဉ်းကပ်တယ်၊ ခင်ဗျားတို့ပန်းနာရောဂါ ပျောက်သွားတာ ဘာနှင့် ပျောက်ကြသလဲလို့ မေးတော့ ငါ ပေါက်ဆားနှင့် ပျောက်တယ်၊ ဟာ,ခင်ဗျား ပေါက်ပင်သိသလား ဆိုတော့၊ ဟ,ငါ သိတာပေါ့၊ ဒါဖြင့် ခင်ဗျားသိတဲ့ပေါက်ပင် အကြောင်း

ပြောစမ်းပါဗျာ ဆိုတော့၊ ပဌမလူက ဘယ့်နှဲ့ပြောလိုက်သလဲ၊ ပေါက်ပင် ဆိုတာ တပင်လုံးမဲနေတာပေါ့ကွ၊ တပင်လုံးမဲနေတယ်ဆိုတဲ့ အဓိပ္ပါယ်က အသီးတွေ, အရွက်တွေ, အပွင့်တွေ အကုန်ကြွေ, အရွက်, အပွင့်, အသီးတွေ ကြွေပြီးတော့ ပင်လုံးချည်း ကျန်နေတဲ့အခါ မဲနေတာပေါ့၊ အင်း ဘယ့်နှဲ့လဲ ပေါက်ပင်ဟာ မဲနေတယ်ဆိုပါကလား ဒါဖြင့် ငါ ဘယ်ဟာ မှန်းမသိဘူး၊ ဒါနဲ့ နောက်တယောက်ထံ သွားမေးပြန်တယ်၊ ခင်ဗျား ပန်းနာရောဂါ ဘာနှင့်ပျောက်သလဲဆိုတော့ ဟာ ငါ ပေါက်ဆားနှင့်ပျောက်တယ်၊ ခင်ဗျား ပေါက်ပင်သိသလား၊ ဟ,ငါ သိတာပေါ့ကွ၊ သိလျှင် ပြောစမ်းပါခင်ဗျား၊ ဟာ ပေါက်ပင်ဆိုတာ တပင်လုံး ထွတ်ထွတ်ရဲနေတာဘဲကွ၊ ဒုတိယ လူက တပင်လုံး နီနေတာဘဲတဲ့၊ အင်း, ခုနလူကတော့ မဲနေတယ်၊ အခုလူကတော့ ပေါက်ပင်နီနေတယ်၊ နီနေတယ် ပြောတာက တပင်လုံး အပွင့် ပွင့်နေတာကိုး၊ ပွင့်ပြီးနီနေတာ ပေါ့၊ အင်း မဖြစ်သေးပါဘူး၊သူ့သဘောမကျဘူး၊ တခါနောက် တတိယလူထံ သွားမေးတယ်၊ ခင်ဗျားပန်းနာရောဂါ ပျောက် သွားတာ ဘာနှင့်ပျောက်သွားသလဲ မေးတော့ ငါ ပေါက်ဆား နှင့် ပျောက်တယ်ကွ၊ နို့ ခင်ဗျားပေါက်ပင် သိပါသလား ဆိုတော့ ဟ,ငါ သိတာပေါ့ကွ၊ သိလျှင် ပြောစမ်းပါဆိုတော့ ဟ,ပေါက်ပင် ဆိုတာလေ အသီးကလေးတွေက ပြားပြားက လေးတွေ တွဲလဲ တွဲလဲနှင့် သိပ်လှတာဘဲ။

အင်း ခက်ထာဘဲ၊ လက်ဦးလူကမဲနေတယ်၊ ဒုတိယလူက နီနေတယ်၊ တတိယလူက အသီးပြားကလေးတွေ၊ ခက်ထာ ဘဲ သူ့သဘောမကျဘူး၊ နောက်တခါ စတုတ္ထလူဆီ သွားမေး ပြန်တော့လဲ ဟာ,ငါ ပေါက်ဆားနှင့် ပျောက်ထာပေါ့၊ ပြော စမ်းပါအုံးဗျာ ပေါက်ပင်ဟာ ဘယ်လိုနေသလဲ၊ ဟ,ပေါက်ပင် ဆိုတာလေ အရွက်ကြီးတွေက ဝိုင်းဝိုင်းကြီးတွေ စိမ်းနေတာ ဘဲ၊ ပေါက်ရွက်ကြီးတွေက အင်မတန်ကြည့်လို့ လှတယ်ကွ၊ မြစိမ်းရွက် ကြီးတွေလိုဘဲ သိပ်ကြည့်ရကောင်းတာဘဲဆိုတော့ အဲဒါ သေသေချာချာမှတ်ထားကြ။

မြတ်စွာဘုရားသခင်ဟာ ထိုရဟန်းအား ပေါက်ပင် ဥပမာနှင့် ပြသဆုံးမ၍ ခန္ဓာငါးပါး၏ အဖြစ်အာဒီနဝကို ဟောပြောပြီး ခန္ဓာငါးပါး ခေတ်ခြောက်ပါး၏ မမြဲခြင်း အနိစ္စလက္ခဏာ, ဆင်းရဲခြင်း ဒုက္ခလက္ခဏာ, အစိုးမရ အလိုမလိုက်ခြင်းဟူသော အနတ္တလက္ခဏာတို့ကို ထင်မြင်လာအောင် ဟောလိုက်တဲ့အခါ ထိုရဟန်းဟာ ခန္ဓာငါးပါး ရုပ်နာမ်တို့ကို မြင်လာ၍ ထိုရုပ်နာမ်တို့၏အဖြစ် အာဒီနဝတွေကို ထင်မြင်လာပြီး ကြောက်ရွံ့စက်ဆုပ်လျက် ပျင်းမုန်းငြီးငွေ့ပြီး အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားတယ်။

ဘုရားကိုယ်တော်မြတ်ကြီး ပေးတဲ့တရားက နိဗ္ဗာန်ပေါက် တရားချည်းဘဲ၊ သို့သော်လဲ ပဌမ, ရဟန္တာမထေရ်မြတ် ဟောလိုက်တာကတမျိုး၊ ဒုတိယ, တတိယ,စတုတ္ထ ရဟန္တာမထေရ်မြတ်တွေ ဟောတာက တမျိုးစီဘဲ၊ နောက်ဆုံးချုပ်လိုက်တော့ ပေါက်ပင်ချည်းဘဲ၊ ရုပ်နာမ် နှစ်ပါးချည်းထဲဘဲ၊ ဘာနှင့်ပြပြ ရုပ်နာမ်နှစ်ပါး၊ အရခြေထောက်နှင့် လှမ်းပြတယ်၊ ထတယ်,ထိုင်တယ်, အိပ်တယ်, လျောင်းတယ်, စားတယ်, ထိတယ်, သိတယ်, ဒါ ရုပ်နာမ်ချည်းဘဲ၊ ဘာနှင့်ပြပြ ရုပ်နာမ်ချည်းဘဲ၊ ရုပ်နာမ်မမြင်သမျှတော့ သိချင်တိုင်းသိ, ထချင်တိုင်းထ သစ္စာလေးပါး ဘယ်တော့မှ မသိဘူး၊ ဘာနှင့်ပြပြ သစ္စာလေးပါးသိလျှင် နောက်ဆုံး အမှန်ချည်းဘဲ၊ သစ္စာလေးပါး သိဘို့ရာ ရုပ်နာမ်ကလွဲ၍ သစ္စာလေးပါးသိတဲ့တရားဘယ်မှာမှ မရှိဘူး၊ ဒီတော့ ဒုက္ခသစ္စာကို သိတယ်ဆိုတာ ပဓာနအချက်ပေါ့၊ ရုပ်နာမ်ကိုသိလျှင် ဒုက္ခသစ္စာအမှန် သိတယ်။

ဒီတော့ ဒုက္ခသစ္စာဆိုတော့ တော်၏ရော်၏ ဒုက္ခသစ္စာများ မှတ်ကြသလား၊ မဟုတ်ဘူး မှားကုန်မယ်၊ အရ ဥပမာတခု ပြောကြစို့ရဲ့၊ သမုတိသစ္စာနယ်က ဒုက္ခတော့ လူတိုင်းသိတာပေါ့၊ လူဖြစ်လာတယ်ဆို, လူ့ဘဝမှာ ဒုက္ခသစ္စာတွေ အများကြီးမဟုတ်လား၊ သားသေလို့ ပူပင်ဆင်းရဲတဲ့ဒုက္ခ, သမီးသေလို့ ပူပင်ဆင်းရဲတဲ့ ဒုက္ခ, လင်သေလို့ ပူပင်ဆင်းရဲရတဲ့ ဒုက္ခ, မယားသေလို့ ကြီးစွာပူပန်ရတဲ့ ဒုက္ခ, အမေအဖေသေလို့ ကြီးစွာဒုက္ခရောက်တဲ့ ဒုက္ခ, ဒီဒုက္ခတွေ တွေ့ကြတာပေါ့၊ လူတိုင်း တွေ့ကြတယ် မဟုတ်လား၊ ဘယ်လို တွေ့တွေ့ တော်တော်ကြာပျောက်,ပျော်နေတာဘဲ၊ လင်သေတဲ့မိန်းမလဲ ခဏဘဲ

ဒုက္ခရောက်တယ်၊တော်တော်ကြာ အချိန်တန် နောက်လင် ယူတာဘဲ၊မယားသေတဲ့လူကလဲ သေတုန်းကတော့ပူလိုက်တာမချိဘူး၊တော်တော်ကြာအေးသွား နောက်မယားယူတာဘဲ၊ ဘယ်တော့မှဒီဒုက္ခမျိုး သစ္စာလေးပါးမသိဘူး၊ ဒါလူစင်စစ် လူတွင်ထားလိုက်အုံး၊ ခွေးတွေကော၊ ခွေးဘဝရောက်သွားတယ်ဆိုဘယ်လောက်ကြီးတဲ့ဒုက္ခလဲ၊အလွန့်အလွန်နိုက်မမှီအောင်ကြီးကျယ်တဲ့ ဆင်းရဲဒုက္ခ၊တိရစ္ဆာန်ဘဝတွေ တိရစ္ဆာန်ဘဝက လွတ်သွား ဒုက္ခ မသိတော့ဘူး၊ ပျောက်သွား တာဘဲ၊ အဲတိရစ္ဆာန် ဘဝထက် ကြီးကျယ်တဲ့ ပြိတ္တာဘဝ. ဆင်းရဲ တာလေ၊သေသေချာချာ ကြည့်စမ်း၊ အရိုးစုပြိတ္တာ, အသားစုပြိတ္တာ, သံလျှက်မွေးရောက်သော ပြိတ္တာ, ကတဲ ပြိတ္တာတကာ့ ပြိတ္တာတွေ ခံစားနေရတာ အများကြီး အလျှံတောက်ပြောင်တဲ့ မီးပုံထဲမှာ နေရတဲ့ ပြိတ္တာ, မီးအလျှံတောက်ပြီးသည့်နောက် မီးပုံကြီးမှာချမ်းသာမဖက် သက်သက်ဆင်းရဲသည့် ဒုက္ခဖြစ်နေတဲ့ပြိတ္တာ, ဟောဒီ ပြိတ္တာဘဝက လွန်သွားဘာမှန်းမသိတော့ဘူး၊အဲဒါ ဒုက္ခသစ္စာမဟုတ်ဘူး၊ သမုတိသစ္စာနယ်က ဒုက္ခ။

ဒါထက်ကြီးတဲ့ ဒုက္ခ ကြည့်အုံးမလား၊ သိဉ္ဇိုးဝ်း, ကာလသုတ်, သင်္ဃာတ, ရောရုဝ, မဟာရောရုဝ, တာပန, မဟာတာပန, အဝိစိငရဲကြီးရှစ်ထပ်ကို ကျသွားလျှင် ဘယ်လောက်ဆင်းရဲတယ်ဆိုတာကို ကြည့်စမ်း၊ နိုက်မမှီအောင် ဆင်းရဲတာ၊ သံပြားကြီးတွေ အပေါ်ကအုပ်လို့အောက်ကသံပူပြားတွေခံလို့ ဘေးတဖက်နှစ်ချက်လေးဘက်က သံပြားကြီးတွေကာလို့၊ မီးကအလျှံလျှံတောက်နေတဲ့အထဲမှာ ချမ်းသာဟူသည် မြူမျှမဘက်၊ သက်သက်ဆင်းရဲသည်သာဖြစ်သော ဒုက္ခကြီးကို မိမိကံကြွင်း ရှိသမျှ ကာလ ပတ်လုံး ခံနေရတဲ့ ဒုက္ခ ကြီးဟာကိုယ်ပိုင်ဉာဏ်နဲ့တွေးကြည့်စမ်း၊ အလွန်ကြီးကျယ်တာပေါ့။

အခုဒီထိုင်နေတဲ့လူတွေ ငရဲပြည် ဘယ်နှစ်ခေါက်ရောက်ခဲ့ဘူးသလဲ၊ အခေါက်ပေါင်းအချေ်ယျ အနန္တ မရေတွက်နိုင်ဘူး၊ ရောက်ဘူးခဲ့လှပြီ၊ ဘယ်လောက်ရောက်ဘူးရောက်ဘူး အခုလူဖြစ်နေတော့ မေ့နေပြီမဟုတ်လား၊ ဘယ် ဒီဒုက္ခနဲ့ နိဗ္ဗာန်ရမလဲ၊ မရဘူး၊ အဲဒါကြောင့် အစစ်တကယ် အမှန်ဒုက္ခက ဒုက္ခသစ္စာဆိုတာ ပရမတ္ထသဘာဝ အနက်အဓိပ္ပါယ်နှင့်တကွ ကျကျနနသိတဲ့ ဒုက္ခမှ အစစ်၊ အဲဒီ ပရမတ္ထသဘာဝ

နယ်က ဒုက္ခစစ်-ဒုက္ခမှန်ကို တကယ်တမ်းသိလျှင် စိတ်ချ, အပါယ် သံသရာဘေးကလွတ် လောကဒုက္ခ ဘေးကြီးလဲပျောက် သစ္စာလေး ပါး တခါထဲသိ နိဗ္ဗာန်တခါထဲ မျက်မှောက်ပြုသွားတာဘဲ၊ ဆဲဒါ အစစ် အမှန်က ရုပ်နာမ်တဲ့၊ အခုအလိုရှိတာက ဘာအလိုရှိသလဲ ရုပ်နာမ်ကို အလိုရှိတယ်၊ အခုတရားနာနေတဲ့ ပုဂ္ဂိုလ်တွေ အားလုံး ကိုယ်ပိုင် ဉာဏ်နဲ့ကြည့်၊ ရုပ်စစ်,နာမ်စစ်,ဓာတ်စစ်, ကလာပ်စစ်, ပရမတ်စစ်ကို မတွေ့သမျှကာလပတ်လုံး ငါတို့သည် ဘယ်လောက်ပင် သတ္တိကောင်း ၍ လူ့ပြည်, နတ်ပြည်, ဗြဟ္မာပြည်မှာ ဘယ်လိုပင် ခံစားနေရသော်လဲ နောက်ဆုံးဘိတ်တနေ့ သေသည်၏အခြားမဲ့၌ ငါတို့ကေန် အပါယ်ကျ မယ်ဆိုတာလေး သံသယ ကုက္ကုစ္စကင်းပြီးတော့ စဉ်းစားတဲ့ ဉာဏ် လေးနဲ့များ ပေါ်လျှင် သိပ်ကောင်းပေါ့၊ ဒီကနေ့ သိပ်ကောင်းသွားမယ်၊ ဘာပြုလို့လဲဆိုတော့ ဒီဒါနကောင်းလေးတွေ ချပြုထားကြတာကို ဒါန ပြုလိုက်, သီလလေး စောင့်လိုက်, ဘာဝနာလေး အားထုတ်လိုက်, ဆဲဒီ ဒါန, သီလ,ဘာဝနာကုသိုလ်ကောင်းမှုအဟုန်တွေက မြောက်လိုက် လျှင် ရောက်အုံးမယ်၊ ဘယ်ရောက်မလဲ လူ့ပြည်ရောက်မယ်, နတ်ပြည် ရောက်မယ်, သမထနှင့်ဈာန်ကလေးများရလျှင် ဗြဟ္မာပြည်ရောက်အုံး မှာပေါ့၊ဆဲဒီလို လူ့ပြည်,နတ်ပြည်,ဗြဟ္မာပြည်ရောက်တယ်လို့ သွေးကြီး မွေးကြီး မဖြစ်ကြနှင့်၊ ခုပြောတဲ့ ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာ တရားတွေ ကို မသိသမျှ နောက်ဆုံး ဘိတ်တနေ့ အပါယ်သံသရာ ကေန်မလွဲကျ မယ်၊ ဒါတော့မလွဲဘူး၊မလွဲဘူး၊ဘာမှသံသယ ကုက္ကုစ္စ မရှိနှင့်၊ ဘုရား ကိုယ်တိုင် ကိုယ်က ကျတယ်လို့ဟောထားလို့ ပြောတာ၊ ဆဲဒါ ဘုရား ဟောတာ မယုံလျှင်တော့ တို့လဲ ဘယ်တတ်နိုင်တော့မလဲ၊ မတတ်နိုင် ဘူး၊ တို့ကပြရတာ ဘုရားဟောလို့ ပြရတာ။

ဥက္ခိတ္တာ ပုညတေဇေန, ကာမရူပဂတိံ ဂတာ၊
ဘဝဂ္ဂမ္ပိ သမ္ပတ္တာ, ပုနဂစ္ဆန္တိ ဒုဂ္ဂတိံ။

မြှဟာဒယဝိဘင်း။

ပုညတေဇေန-ဒါန, သီလ, သမထဟု ဆိုအပ်သော ကုသိုလ် ကောင်းမှုအဟုန်သည်၊ဥက္ခိတ္တာ-မြှောက်တင်အပ်သည်ဖြစ်သော ကြောင့်၊ ကာမရူပဂတိံ-လူ့ပြည်, နတ်ရပ်, မြတ်သောဗြဟ္မာ့

ပြည်သို့၊ ဂတာ-ရောက်နေသော သူတို့သည်၎င်း၊ ဘဝဂ္ဂတ္တိ-အထက်ဘဝင်သို့၊ သမ္မတ္တာဝိ-ရောက်ကုန် ပြီးသော ဗြဟ္မာကြီးတို့သည်၎င်း၊ ပုန-တဖန်၊ ဒုဂ္ဂတိံ-ငရဲ,တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် အပါယ် လေးပါးသို့၊ ဂစ္ဆန္တိ- တဖန် ရောက်ကြပြန်သေး၏။

အဲဒါအမှန် ဘုရားဟောတာ၊ ကောင်းပြီ အရှင်ဘုရား အဲဒီလိုနတ်တွေ,လူတွေ, ဗြဟ္မာတွေဟာ ငရဲပြည်ကို ပြန်ကျရတယ် ဆိုတာ ဘယ်လို ပုဂ္ဂိုလ်တွေ ကျပါသလဲ ဘုရားလို့ အဲဒီလို မေးဘို့ကောင်းတာပေါ့၊ မှန်တာပေါ့၊ လူတိုင်းလဲမကျဘူး နတ်တိုင်းလဲ မကျဘူး၊ ဗြဟ္မာတိုင်းလဲ မကျဘူး၊ ဘယ်လို လူတွေ ဘယ်လို နတ်တွေ ဘယ်လို ဗြဟ္မာတွေ အပါယ်လေးပါး ကျသလဲဆိုတော့ ရုပ်မှန်း နာမ်မှန်း မသိတဲ့လူတွေ ရုပ်မှန်း နာမ်မှန်း မသိတဲ့ နတ်တွေ, ဗြဟ္မာတွေ ကျတာ၊ အဲဒီတော့ ခုတရားနာတဲ့ ပုဂ္ဂိုလ်တွေ တွေးမိရောပေါ့၊ သြော် ရုပ်နာမ်မသိလျှင် တို့လဲအပါယ်ကျမှာဘဲ၊ တို့ကုသိုလ်ကောင်းမှုတွေ ပြုလို့ နတ်ပြည်ရောက်သွားပေမဲ့ တို့ရုပ်နာမ်မသိလျှင် အပါယ်ကျအုံးမှာဘဲ၊ တို့ ခု သမထ ဘာဝနာတွေပွါးလို့ ဈာန်တွေ ဘာတွေရပြီး ဗြဟ္မာ့ပြည်ရောက်နေပေမဲ့ တို့ရုပ်နာမ် သိမသွားလျှင် ဒီအပါယ်ကျအုံးမှာဘဲလို့ အဲဒီလိုများ ကြံကြည့် သိပ်ကောင်းမှာဘဲ၊ ဘုန်းကြီးက ဓမ္မသံဝေဂရအောင် ဘယ့်နှဲ့လုပ်ဟောရမှန်း မသိဘူး၊ တကယ် အစစ်တရားတွေပြောတာ တကယ့်ကိုကျမှာ ဒါဟာ သံသယ ကုက္ကုစ္စမရှိနဲ့။

အရှင်ဘုရား ရုပ်နာမ် သိပါမလားဆိုတော့ ဟောဒီလိုဘုရားပွင့်တဲ့ သာသနာ ခေတ်နှင့် ကြုံလို့မှ ရုပ်နာမ် မသိလျှင်တော့ သွားလေအုံးတော့ နောင်ကို အရိမေတ္တေယျ သွားမမျှော်နဲ့ အရိမေတ္တေယျကို တွေ့ရမယ့် ပုဂ္ဂိုလ်က အနည်းငယ်သာ ဖြစ်မှာ၊ ဘာပြုလို့လဲ ဆိုတော့ မိမိတို့ပြုခဲ့တဲ့ အကုသိုလ်ကံပေါင်းက အနန္တရှိတယ်၊ ခုဘဝမှာ မတော်တဆ လက်ချော် ခြေချော်များ အပါယ်လေးပါးကျသွားလျှင် နောင်တဖန်သုဂတိဆိုတဲ့ လူ့ပြည်ပြန်လာဘို့ရာ ဘယ်လောက် ခဲယဉ်းတယ်ဆိုတာကို ဘုန်းကြီးလဲ ခဏခဏဟောတယ်၊ မြတ်စွာဘုရားကိုယ်တိုင်ဟောသွားတာ ကာဏကစ္ဆပသုတ်၊ ကာဏကစ္ဆပသုတ် ဆိုတာ သမုဒ္ဒရာကြီးဟာ ဘယ်လောက်ကျယ်သလဲ ဆိုတော့ အလျား ယူဇနာ

သုံးသိန်း ခြောက်သောင်း စောက်အနက်အားဖြင့် ယူဇနာ၇စ်သောင်း လေးထောင် အနံအားဖြင့် ယူဇနာ၇စ်သောင်းလေးထောင်၊ ဤမျှလောက် နက်တဲ့ ကျယ်တဲ့ သမုဒ္ဒရာကြီးထဲမှာတဲ့ ဟိုမြောက် သမုဒ္ဒရာက မျက်မိစုံလုံး ကန်းပြီး နေတဲ့ လိပ်ကန်း ကလေး တကောင် ရှိတယ်၊ အဲဒီလိပ်ကန်းကလေးက သမုဒ္ဒရာကြီး ကျယ်သလောက် သူ့ ကို ဘယ်သူမှ အဆီးအတား အကန့်အကွက် အနှောက်အရှက်မရှိဘူး၊ သမုဒ္ဒရာကျယ်သလောက် သွားချင်တဲ့နေရာ သွားပြီး ပေါ်လာပြန် တော့ အနှစ်တရာမှတချိန်တဲ့ ပေါ်ချင်တဲ့နေရာမှာ ပေါ်တယ်၊ အဲထို တောင်သမုဒ္ဒရာက တပေါက်သာရှိတဲ့ထမ်းပိုး,အပေါက်တပေါက်သာ ရှိတဲ့ထမ်းပိုးကို မျှောလိုက်တယ်၊ အဲဒီထမ်းပိုးကြီးကလဲ သမုဒ္ဒရာကြီး ကျယ်သလောက် တောင်လေလာမြောက်လွင့်သွား မြောက်လေလာ တောင်လွင့်သွား အရှေ့လေလာအနောက်လွင့်သွား အနောက်လေလာ အရှေ့လွင့်သွား လွင့်ချင်တဲ့အရပ် လွင့်နေတဲ့ထမ်းပိုးတဲ့။

အဲဒီလိပ်ကန်းနဲ့ထမ်းပိုးဟာ နွားများလည်ခွင်ပေါက်လျိုသလို တိုးမိ ပါ့မလားလို့ ဘုရားက မေးတယ်၊ အဲဒီလို မြတ်စွာဘုရားမေးတဲ့အခါ ကျတော့ ရဟန်းတော်များက ဘယ်လိုဖြေသလဲ အရှင်ဘုရား အလွန့် အလွန်ခဲယဉ်းလှပါတယ်ဘုရားတဲ့၊ သို့သော်လည်း အရှင်ဘုရား ကမ္ဘာ သည် အလွန်တရာရှေ့လျားလှသည် ဖြစ်သောကြောင့် လိပ်ကန်းကလဲ မသေခဲ့ပါမူ ထမ်းပိုးကလဲ မဆွေးခဲ့ပါမူ တရံတလေ တိုးမိလျှင်တိုးမိ ပါလိမ့်မည်ဘုရားတဲ့ အဲဒီလိုလျှောက်တယ်။

ဒီတော့မြတ်စွာဘုရားက အေး ချစ်သားတို့ ဟုတ်တယ် ကမ္ဘာသည် အလွန်တရာရှည်တယ်တဲ့၊ ကမ္ဘာကဘယ်လောက်ရှည်သလဲကြည့်စမ်း၊ အလျားတယူဇနာ အနံတယူဇနာ စောက်တယူဇနာရှိတဲ့ ကျောက် တောင်ကြီးမှာ ကောရှုပ္ပရာဇ်တိုင်းမှာရှိတဲ့ ပိုးစုတ်ကလေးနှင့် အနှစ် တရာမှာတပတ်သုတ်၊ အနှစ်တရာတပတ်သုတ်လို့ ပိုးစုတ်ဒဏ်မခံနိုင် လို့ ကျောက်တောင်ကြီးဟာ ပွန်းပြီးတော့ ကုန်ချင်လျှင်ကုန်မယ်၊ တကမ္ဘာမကုန်ဘူးတဲ့ ဘယ်လောက်ရှည်လျားသလဲလို့၊ အဲဒီမျှလောက် ရှည်လျားတဲ့ ကမ္ဘာထဲမှာတဲ့ လိပ်ကန်းကလဲမသေခဲ့ပါမူ ထမ်းပိုးက လဲ မဆွေးခဲ့ပါမူ တရံတလေ တိုးမိချင် တိုးမိပါလိမ့်မယ်တဲ့၊ သို့ သော် ချစ်သားတို့တဲ့ ဟော,ခုလူ့ပြည်လောက က, ကာယကံ,ဝစီကံ

မနောကာံတို့ကို မနိုင်နင်းလို့ တရံတလေ လက်ချော်ခြေချော် ငရဲ, တိရစ္ဆာန်ပြိတ္တာအသူရကာယ် အပါယ်လေးပါးများ မတော်တဆကျ သွားခဲ့သော် နောက်ဘဝဖန် ဘဝသစ်လူ့ပြည်နတ်ပြည်များကို ပြန်လာ ဘို့ရာ နိယတဗျာဒိတ်ရပြီးသော အလောင်းတော်ကြီးများကို ချန်လှပ် ၍ ပုထုဇဉ်မှန်က ထိုလိပ်ကန်းထမ်းပိုး တိုးမိဘာကလွယ်သေးတယ်တဲ့၊ လူ့ပြည်နတ်ပြည်ပြန်လာဘို့ဟာ အလွန်ခဲယဉ်းတယ်တဲ့၊ အဲဒီလောက် ဘုရားကိုယ်တော်မြတ် ကာဿာကဿပသတ်မှာ ဟောသွားတယ်၊ ဒါ မယုံကြည်ဘူးပေါ့၊ တို့ခုပြောတာ ကြားတော့အကြားသား ကြားပေတဲ့ သိပ်ပြီးတော့ လိုက်လိုက်လဲ့လဲ့ မယုံဘူး၊ ဘာပြုလို့မယုံသလဲဆိုလျှင် သိမှမသိဘဲ၊ ပြောသံသာကြားလိုက်ထာ၊ ပြီးတော့ ဘုရားကိုယ်တော် မြတ်ကလဲ မယုံစရာ နောက်တခါဟောလိုက်တာ၊ နခါသိခသုတ်ဟော လိုက်ထာ၊ နခါသိခသုတ်ဟောပြန်တော့ ဘယ်လိုဟောသလဲ၊

ဟော ချစ်သားတို့တဲ့ ငါ့လက်သည်းပေါ်မှာရှိတဲ့ မြေမှုန့်နဲ့ ဇမ္ဗူ ဒိပါမြေပြင်မှာရှိတဲ့မြေမှုန့် ဘယ်သူကများသလဲတဲ့၊ ဒီတော့ ဟာ အရှင် ဘုရား ဒိဉပမာများပြဘို့ရာခဲယဉ်းလိုက်ထာ အရှင်ဘုရား၊ အရှင်ဘုရား လက်သည်းပေါ်တင်တဲ့ မြေမှုန့်ကလေးက ဘယ်လေးက်များရှိလို့လဲ ဘုရားတဲ့၊ ဒီတော့ ဟာ ဟုတ်ထာပေါ့ချစ်သား ငါ၏လက်သည်းပေါ် မှာတင်တဲ့ မြေမှုန့်နဲ့ ဇမ္ဗူဒိပါမြေပြင်မှာရှိတဲ့ မြေမှုန့်ဟာ ဘယ်လိုလဲ ဆိုတော့ အခုရှိကုန်သော လူ့ပြည်လောကမှာရှိတဲ့ သတ္တဝါအပေါင်း တို့သည်တဲ့ သေကုန်သေကုန်သောကာလ လူ့ပြည်ကိုပြန်လာနိုင်တဲ့ ပုဂ္ဂိုလ်က ငါ၏ လက်သည်းပေါ်မှာတင်တဲ့ မြေမှုန့် အရေအတွက် လောက်သာရှိဘယ်၊ ဟောဒီ သေကုန်သေကုန်သော သတ္တဝါတွေဟာ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် အပါယ်လေးပါးကျဘာဟာ ဇမ္ဗူဒိပါမြေပြင်မှာရှိတဲ့ မြေမှုန့်နှင့်အမျှတဲ့၊ ယုံကြပါအုံးမလား၊ အဲ ယုံဘို့, ယုံဘို့အတော်ခဲယဉ်းသွားတာဘဲ၊ ဘာပြုလို့လဲဆိုတော့ တို့ဟာ ကျချင်မှကျမှာဘဲလို့ ဒိလိုထင်နေတဲ့ပုဂ္ဂိုလ်တွေက အနန္တ၊ ကိုယ့်ကိုယ် ကို မကျဘူးလို့ထင်တဲ့, သိတဲ့ပုဂ္ဂိုလ်လဲရှိမှာပေါ့ သို့သော်လဲ အမှုမဲ့ အမှတ်မဲ့ ဂရုမစိုက်ဘဲနဲ့ ကိုယ့်ကိုယ်ကို ဘာမှန်းမှမသိတဲ့ပုဂ္ဂိုလ်တွေက အနန္တပေါ့၊ အဲဒီတော့ ဘုန်းကြီးက သဲလွန်စကလေး တခု ပြမယ်၊ မိမိတို့ ကိုယ်ကို ငါသည် သေလျှင် အပါယ် သံသရာ ကျမဲ့ ပုဂ္ဂိုလ်

လား သို့မဟုတ် သေလျှင် ကောင်းရာသုဂတိ အမှန်ရမဲ့ ပုဂ္ဂိုလ်သား ဆိုတာ အဲဒါသေသေချာချာ ဆိုတာ၊နောက်လဲ လာတရားနာမဲ့ ပုဂ္ဂိုလ်တွေမဟုတ်ဘူး၊ အခုတခါ မတော်တဆ လက်ချော် ခြေချော် ရောက်လာတာတွေ ဒါသေသေချာချာ စဉ်းစားပြီးတော့ နားထောင်၊ မတော်တဆရောက်လာတာ ဘာပြုလို့လဲဆိုတော့ သိတင်းကျွတ်လ ဥပုသ်နေ့ ဗုဒ္ဓဘာသာတို့ ထုံးတမ်းမို့လို့သာ မလွဲသာလို့ ပျင်းပျင်းရိရိ လာခဲ့ကြတာ၊ အဲဒါ နောက်လဲ ဒီတရားနာရမှာမဟုတ်ဘူး၊အဲဒါကြောင့် သေသေချာချာ မှတ်မှတ်သားသားနာ၊ ဘုန်းကြီးပြောမယ်၊ ဘုရားဟောတာတော့ ခင်လွယ်လွယ်ဟောတယ်။

ကုသလာဓမ္မာ, အကုသလာဓမ္မာ,ဒါ အဘိဓမ္မာကျမ်းမှာဟောတာ၊ ကုသလာ - အနဝဇ္ဇသုခဝိပါက လက္ခဏာ-အပြစ်မရှိ ကောင်းသော အကျိုးပေးခြင်းလက္ခဏာရှိကုန်သော,အကုသလာသာဝဇ္ဇ ဒုက္ခဝိပါက လက္ခဏာ - အပြစ်နှင့် တကွ ဖြစ်ခြင်း၊ မကောင်းသော အကျိုးကို ပေးခြင်း လက္ခဏာရှိကုန်သော, ၂-ပါးနော် တလမ်းထဲ မဟုတ်ဘူး၊ ၂-လမ်း ဟောထားတာ၊ အကုသလ ဓမ္မပုဒ်, ကုသလဓမ္မပုဒ်၊ ၂-လမ်း ဟောထားတယ်၊ အဲဒီတော့ တို့ဒကာ, ဒကာမတွေ ကိုယ်ပိုင်ဉာဏ်နဲ့ ကြည့်၊ မိမိတို့သည် တနေ့မှ ၂၄-နာရီရှိတယ်၊အဲဒီတနေ့ ၂၄-နာရီရှိတဲ့ အနက်က ငါတို့မှာ အကုသိုလ်ကံတွေက များသလား,ကုသိုလ်ကံက များသလား အဲဒါ တွက်ပေတော့၊ အမှတ်တမဲ့မနေကြနဲ့နော်၊ တွက်ရမယ်၊ ငါတို့သည် ၂၄-နာရီရှိတဲ့အနက်က ကုသိုလ်ကံများတဲ့ ပုဂ္ဂိုလ်တွေလား၊ အကုသိုလ်ကံ များတဲ့ ပုဂ္ဂိုလ် တွေလား၊ အဲဒီ အထဲမှာ ကုသိုလ်လဲမဖြစ်ဘူး၊အကုသိုလ်လဲမဖြစ်ဘူးလို့လဲ မတွေးနဲ့နော်,မတွေးနဲ့၊ ဘာပြုလို့လဲဆိုတော့ အမှားသက်သက် ဖြစ်သွားမှာစိုးလို့ မတွေးနဲ့လို့ပြောတာ၊ အဗျာကတ ဘယ်တော့မှမဖြစ်ဘူး၊ အဗျာကတ ဇောကို ဘယ်တော့မှ မရဘူး၊ အဗျာကတဇောက ကုသိုလ်လဲ မဖြစ်၊ အကုသိုလ်လဲမဖြစ်ဘဲနဲ့ အဗျာကဇော ရတဲ့ ပုဂ္ဂိုလ်က ၃-မျိုးဘဲ ရှိတယ်၊ ဘုရားရယ်, ပစ္စေကဗုဒ္ဓါရယ်, ရဟန္တာရယ် မှတ်မိကြလား၊ ဘုရားရယ်, ပစ္စေကဗုဒ္ဓါရယ်, ရဟန္တာရယ် အဲဒီ ၃-မျိုးဟာ အကုသိုလ်လဲ မရှိဘူး၊ ကုသိုလ်လဲမရှိဘူး၊ အဲဒီ ၃-မျိုးဟာ 'ကုသလံ-အကုသလံဇဟံ' တဲ့၊ အဲဒီ ဘုရားရဟန္တာ ပစ္စေကဗုဒ္ဓါ ချန်လှပ်၍ နောက်ကျန်ရစ်ခဲ့သော

ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ်,သုဂတိအဟိတ်ပုဂ္ဂိုလ်, ဒွိဟိတ်ပုဂ္ဂိုလ်,တိဟိတ်ပုဂ္ဂိုလ်,သောတာပန်, သကဒါဂါမ်,အနာဂါမ် အဲဒီပုဂ္ဂိုလ်တွေဟာအကုသိုလ် ဖြစ်လျှင်ဖြစ်၊ မဖြစ်လျှင် ကုသိုလ် ဖြစ်ရမယ်၊ ကုသိုလ် ဖြစ်လျှင်ဖြစ်၊ မဖြစ်လျှင် အကုသိုလ် ဖြစ်ရမယ်။

အဲဒီတော့ ၂၄-နာရီအတွင်းမှာ မိမိတို့ကိုယ်ကို မိမိဘို ပြန်ကြည့်၊ သူများကိုမကြည့်နဲ့၊ မိမိတို့ ကိုယ်မှာ အကုသိုလ်, ကုသိုလ် ဖြစ်စေတတ်တဲ့ ဌာန ဘယ်နှစ်ခု ရှိသလဲ၊ အဲဒါ မသိတဲ့ပုဂ္ဂိုလ် ကျတော့ သိပ်ခက်ဘာဘဲ၊ အပြောရခက်ဘယ်၊ သိတဲ့ပုဂ္ဂိုလ်တော့ လွယ်သွားတာပေါ့၊ မိမိတို့ကိုယ်မှာ အကုသိုလ်, ကုသိုလ် ၂-မျိုး ဖြစ်စေတတ်တဲ့ ဌာနက ဟော ခြောက်ဌာနရှိတယ်၊ သေသေချာချာကြည့်ထား၊ ခြောက်ဌာန၊ စာတတ်တယ်,မတတ်တယ် ငါ စာတတ်အောင် သင်ပေးမယ်၊ ငါ့ကိုလဲ စိတ်မဆိုးနဲ့ ငါတို့မသိဘဲနေတာအကောင်းသား၊ သိသွားတော့ ညအိပ်မပျော် ဒုက္ခဘဲ၊ အဲဒါသိချင် သိသွားမယ်၊ ငါအခုပြောတာကို သိသွားလျှင် ညအိပ်ပျော်မှာမဟုတ်ဘူး၊ မသိလျှင်တော့ အိပ်ကောင်းမှာဘဲ၊သိတဲ့ပုဂ္ဂိုလ် ညအိပ်မပျော်ဘူး၊ မိမိတို့ကိုယ်မှာ အကုသိုလ်ကုသိုလ် ဖြစ်တဲ့ ဌာနတွေက မျက်စိတဌာန, နားကတဌာန, နှာခေါင်းကတဌာန, လျှာပေါက်က တဌာန, ကိုယ်ပေါက်ကတဌာန, မနောပေါက်ကတဌာန ၆-ဌာနရှိတယ်၊ သေသေချာချာမှတ်ထား၊ အကုသိုလ်လဲ ဖြစ်တဲ့ဌာန၊ ကုသိုလ်လဲဖြစ်တဲ့ဌာန၊ ဒီခြောက်ဌာနကအကုသိုလ်လဲမဖြစ်ဘူး၊ကုသိုလ်လဲမဖြစ်ဘူးရယ်လို့တော့ မမှတ်နဲ့နော်၊ ဘယ်တော့မှမမှတ်နဲ့ မှားသွားမယ်၊ အဲဒီ ခြောက်ဌာနက အကုသိုလ်,ကုသိုလ် မဖြစ်ထဲ ဘယ်နှစ်မျိုးရှိသလဲ၊ဘုရားရယ်,ရဟန္တာရယ်,ပစ္စေကဗုဒ္ဓါရယ် အဲဒီ သုံးမျိုးထဲရယ်၊ ဒီခြောက်ခွါရက အကုသိုလ်, ကုသိုလ်မဖြစ်ထဲ၊ သည့်ပြင်မှ တပါး အနာဂါမ်, သကဒါဂါမ်, သောတာပန်,တိဟိတ်ပုဂ္ဂိုလ်,ဒွိဟိတ်ပုဂ္ဂိုလ်, ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်, သုဂတိ အဟိတ်ပုဂ္ဂိုလ်, ဘယ်တော့မှ ဒီပုဂ္ဂိုလ်တွေမှာအကုသိုလ်နှင့် ကုသိုလ် နှစ်ပါးကလွဲလို့ မရှိဘူး။

အဲ အခုမျက်စိပေါက်က အကုသိုလ် ဖြစ်လျှင်ဖြစ် မဖြစ် ကုသိုလ် ဖြစ်ရမယ်၊ ကုသိုလ်ဖြစ်လျှင်ဖြစ်, မဖြစ်လျှင် အကုသိုလ် ဖြစ်ရမယ်၊ အဲဒါ ကိုယ့်ကိုယ်ကိုယ် သိတယ်၊ သူများကို လိမ်ပြော လျှင်တော့ ရတယ်၊ ကိုယ့်ကိုယ်ကိုယ် လိမ်လို့တော့ မရဘူး၊ အဲဒါ သေသေချာချာ

ဘုန်းကြီးအရပြောတာ၊ သေကုန် သေကုန်သောကာလ လက်သည်းပေါ် တင်သော မြေမှုန့်လောက်သာ သုဂတိဘ၀ ရောက်တယ်၊ ဇမ္ဗူဒီပါ မြေပြင်နှင့် အမျှ အပါယ်လေးပါး ကျတယ်ဆိုတာ ဘာကြောင့်ကျတယ် ဘာပြုလို့ ကျတယ်ဆိုတာ သေသေချာချာ အဓိပ္ပါယ် နားလည်အောင် ပြောလိုက်မယ်၊ မျက်စိတလုံးထဲကြည့်လိုက်စမ်း၊ ဟော, မျက်စိအလင်းကို ရတာနဲ့တပြိုင်နက် မြင်သိလုံးတွေ အမြဲပေါ်တယ်၊ တားလို့ရပါ့မလား၊ မြင်သိလုံးတွေ မမြင်နဲ့ မမြင်နဲ့လို့ ဘယ်သူက တားရမလဲ ဘယ်လိုပုဂ္ဂိုလ်မျိုးမှ တားမရဘူး၊ မြင်သိလုံး အမြဲဖြစ်တယ်၊ အဲဒီလို မြင်သိလုံး အမြဲဖြစ်တိုင်း နှစ်သက်လျှင် လောဘ, အကုသိုလ်ဖြစ်ရမယ်၊ မနှစ်သက်လျှင် ဒေါသ, အကုသိုလ်ဖြစ်ရမယ်၊ မြင်သိလုံးကို အကြောင်းပြု၍ အမှတ်တမဲ့ နေလျှင် မောဟ, အကုသိုလ် ဖြစ်ရမယ်၊ စိတ်ချနေ၊ မလွဲဘူးဖြစ်ရမယ်၊ သံသယ ကုက္ကုစ္စ မရှိနဲ့ အမှန်ဖြစ်တယ်။

အဲအကယ်၍ အသိဉာဏ်ကလေးနဲ့ ရုပ်ခဝတ် နာမ်ခဝတ် တရားတွေ မြင်တဲ့ပုဂ္ဂိုလ် သမ္မာဒိဋ္ဌိ မင်္ဂဉာဏ်ရထားတဲ့ ပုဂ္ဂိုလ်များဖြင့် တော် တယ်၊ ဟောမြင်သိလုံးကလေး အကြောင်းပြုပြီး ကုသိုလ်ဖြစ်သွားပြီ၊ ကုသိုလ်ဖြစ်သွားရော၊ အဲကုသိုလ်ဖြစ်သွားတဲ့ပုဂ္ဂိုလ်က လောဘမဖြစ် ဒေါသမဖြစ် မောဟမဖြစ် ကုသိုလ်ဖြစ်သွားတယ်၊ အဲဒါ ကိုယ့်ကိုယ်ကို ကြည့်၊ သူများသွားမကြည့်နဲ့၊ ငါ၏ မျက်စိပေါက်က ၂၄-နာရီရှိတဲ့ အနက်က ဖွိပ်တဲ့ နာရီကိုချန်လှပ်၍ ငါမြင်သိလုံး အမြဲပေါ်နေတာ၊ အဲဒီပေါ်တဲ့ နာရီ မိနစ် စက္ကန့်ပိုင်းမှာ ငါသည် ကုသိုလ်ဇောတွေ ဖြစ်နေ သလား အကုသိုလ်ဇောတွေ ဖြစ်နေသလား၊ကိုင်းသေသေချာချာ ကိုယ့် ကိုယ်ကို ကိုယ်မေးကြည့်၊ သေသေ ချာချာ မေးကြည့် သူများသွား မမေးနဲ့၊ ဟောနားပေါက်က နားကန်းနေတဲ့ သူကိုတော့ မပြောဘူး၊နား ပေါက်က အသံသဒ္ဒါရုံ ဟူသမျှ အကုန်ကြား၊ အသံကိုကြားတိုင်း ကြား တိုင်း ကြားသိလုံးကလေးတွေဖြစ်၊ ဖြစ်တိုင်း ဖြစ်တိုင်း ဣဋ္ဌာရုံကိုတွေ့၊ နှစ်သက်၊လောဘ အကုသိုလ်ဖြစ်သွားပြီ၊ အနိဋ္ဌာရုံကိုကြား၊ မနှစ်သက် ဒေါသဖြစ်သွားပြီ၊ အကုသိုလ် စိတ်ချစိတ်ချဖြစ်တယ်၊ ကြားတော့ ကြား ပါတယ်ကွယ် ငါဂရုမစိုက်ပါဘူး အမှတ်တမဲ့ နေလိုက်တယ်၊ဒါအရေး မစိုက်ထားအမှန်ဘဲ အဲဒါ မောဟ အကုသိုလ်ဖြစ်သွားပြီ၊ မှတ်ထားနေ၊ အကုသိုလ်ဖြစ်တဲ့ ဌာန မျက်စိ, နား, ဟောဒီနားပေါက်က ပိဋ္ဋာဉာဏ်

ရထားတဲ့ ပုဂ္ဂိုလ်ကျတော့ နားနဲ့ ကုသိုလ်ဖြစ်တယ်၊ အဲဒီတော့ ငါဟာ နားနဲ့ ကုသိုလ်ဖြစ်တဲ့ ပုဂ္ဂိုလ်စားလား နားနဲ့ အကုသိုလ်ဖြစ်တဲ့ ပုဂ္ဂိုလ်စားလား ကိုယ့်ကိုယ်ကိုတော့ သိပါတယ်၊ ဒါလောက်တော့ မမိုက်သေးပါဘူး၊ နည်းနည်းလေး စဉ်းစား ဉာဏ်ကလေး ရှိပါသေးတယ်၊ ဒါလောက်တောင်မှ တုံးတိမိုက်နေလျှင်တော့ ဗိတ်သာချ အဲဒီလူတော့ သွားပြီ၊ ဘယ်နည်းနဲ့မှ မရဘူး၊ ဘာပြုလို့လဲ ဆိုတော့ ကိုယ့်ကိုယ်ကို ကုသိုလ်ဖြစ်ထာ အကုသိုလ်ဖြစ်ထာမှ မသိဘဲ ဒီပုဂ္ဂိုလ်ဟာ ဘယ်အပတ်ဆည်ရမလဲမရဘူး၊သွားပြီ သွားပြီ လူစဉ်မမှီတော့ဘူး၊ ဘာဖြစ်လို့လဲ ကိုယ့်ကိုယ်ကို အကုသိုလ်ဖြစ်ထာမှမသိဘဲ၊ ဒါလောက်ဖျင်းတဲ့ပုဂ္ဂိုလ် အပါယ်ကျတာ သူ့သနားစရာမရှိတော့ဘူး၊ သဗိတ်တောင် မသွတ်နဲ့ မရတော့ဘူး သွားပြီ။

ကိုင်း တခါကြည့်လိုက်အုံး၊ နှာခေါင်းပေါက်က နှာခေါင်းပိတ်နေလို့ ဖွတ်စအိုစွဲနေလျှင်တော့ တို့မပြောပါဘူး၊အနံ့မရဘူး မနံဘူး၊သူကတော့ အဲ နှာခေါင်းကောင်းနေလို့ရှိလျှင် ဂန္ဓာရုံ အနံ့ဟူသမျှ အကုန်တွေ့၊ အဲဒီ ဂန္ဓာရုံအနံ့နဲ့ တွေ့ထိတိုင်း တွေ့ထိတိုင်း နှစ်သက်တဲ့ ဣဋ္ဌာရုံဆိုလျှင် လောဘဖြစ်ရမယ်၊မနှစ်သက်လျှင် အနိဋ္ဌာရုံနဲ့တွေ့ မနှစ်သက် ဒေါသဖြစ်ရမယ်၊ အမှတ်တမဲ့ ဂရုမစိုက်ဘဲနေလျှင် မောဟဖြစ်ရမယ်၊ ဟော့, နှာခေါင်းပေါက်က လောဘ အကုသိုလ် ဖြစ်ပုံ,ဒေါသ အကုသိုလ်ဖြစ်ပုံ မောဟအကုသိုလ် ဖြစ်ပုံ သေသေချာချာ တွေးကြည့်၊ ကိုင်းခုနတုန်းက ပိဋ္ဌာဉာဏ်ကလေးရထားတဲ့ ပုဂ္ဂိုလ် ရုပ်မှန်း နာမ်မှန်းသိတဲ့ ပုဂ္ဂိုလ်ကျတော့ နံ့သိလုံးဖြစ်၊ နိဗ္ဗာန် မျက်မှောက်ပြုသွားပြီ၊ ကုသိုလ်ရတယ်၊ အဲဒါ လူတယောက်ထဲ တယောက်ထဲ နှစ်ယောက် မဟုတ်ဘူးနော်၊ လူ့ဘယောက်ထဲ ဟောဒီ နှာခေါင်းကို အကြောင်း ပြုပြီးတော့ လူတယောက်ထဲ အကုသိုလ်လဲ ဖြစ်တယ် ကုသိုလ်လဲ ဖြစ်တယ်၊ ပြီးတော့ ကိုယ်ကိုကြည့် ငါဟာ ဟန်ကျမှာဘဲ ငါ နှာခေါင်း အကြောင်းပြုပြီးသကာလ ငါတော့ ကုသိုလ်ဖြစ်လို့ နိဗ္ဗာန်ရမယ်ဆိုတာ ကိုယ့်ဟာကိုယ် သိတယ်၊ ဟာ့,ငါတော့ နှာခေါင်းပေါက် အကြောင်းပြုပြီးတော့ အကုသိုလ်တော့ဖြစ်တယ်၊ ကုသိုလ်မဖြစ်လျှင်တော့ သွားတော့ အပါယ်လေးပါး၊ ဘယ်နည်းနှင့်မှ မလွဲဘူး။ ခုနတုန်းက နခါသိခသုတ်ထဲမှာ မြေမှုန့်ထဲမှာ ပါသွားမှာဘဲ ဗိတ်သာချ။

ပြီးတော့ လျှာပေါက်က, ဘယ်သူမစားဘဲ နေနိုင်သလဲ၊ မစားဘဲ နေနိုင်တဲ့ပုဂ္ဂိုလ်ဆိုတာ တယောက်မှမရှိဘူး၊ 'သဗ္ဗေသတ္တာ အာဟာရ ဋ္ဌိတိကာ' အာဟာရအမြဲသုံးစွဲတာ၊ အဲ လျှာပေါ်မှာ အရသာ ရသာရုံ ရောက်တိုင်း,ရောက်တိုင်း ကောင်းတဲ့ဣဋ္ဌာရုံနဲ့တွေ့ လောဘ,မကောင်း တဲ့ အနိဋ္ဌာရုံနဲ့တွေ့ မနှစ်သက် ဒေါသ, အမှတ်တမဲ့ နင်ပြီး နင်ဆံင်း မျိုချ မောဟ၊ ဟော အကုသိုလ်ဖြစ်ပြီ၊ ဝိဇ္ဇာဉာဏ်ရတဲ့ ပုဂ္ဂိုလ်က စားသိလုံးလေး အကြောင်းပြု နိဗ္ဗာန်ရောက်သွားတယ်၊ ကုသိုလ် ရတယ်၊ အဲဒါခုနထိုင်ပြီးတော့ တရားနာနေတဲ့ ပုဂ္ဂိုလ် ကိုယ့်ကိုယ်ကို မနက်က စားထားတာ ပြန်ကြည့်စမ်း ဉာဏ်ကလေးနှင့် ငါ မနက်က စားထားတယ်, ဘယ်နှစ်ခါများ ကုသိုလ်ရသလဲ, ဘယ့်နှယ်လုပ်များ အကုသိုလ် ဖြစ်သလဲ, ကိုယ့်ကိုကိုယ် သိတယ်၊ ကိုယ့်ကိုကိုယ် ပြန်လိမ် လို့တော့ မရဘူး၊ ဘုန်းကြီးမေးလျှင် လိမ်ပြောနိုင်တယ်၊ ဘာပြုလို့လဲ ဆိုတော့ ဘုန်းကြီးက သိမှမသိဘဲကိုး၊ ဒီတော့ ကိုယ့်ဟာ ကိုယ်သာ သိတယ်၊ လိမ်လို့ရတယ်၊ ကိုယ့်ကိုယ်ကို ပြန်လိမ်တာ,မနက်ကစားတဲ့ အစာအာဟာရ ထမင်းဘယ်နှစ်လုပ် စားသလဲ, စားတဲ့အလုပ်ထဲမှာ ကုသိုလ်စိတ် ဘယ်နှစ်ခါဖြစ်သလဲ, အကုသိုလ်စိတ်က ဘယ်လောက် များသလဲ၊ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်စမ်း၊ အဲဒါ မှတ်ထားနော်, ဒါ ပါးစပ်ပေါက်က။

ကိုင်း ကိုယ်ပေါက်က, ကိုယ်ပေါက်ကဆိုတော့ ခန္ဓာတွင်း အချို့တို့ က မပြောဘူး, ဗဟိဒ္ဓသဉ္ဇာန်က လက်နှင့်ခြေနှင့် ကိုယ်နှင့်, ခေါင်းနှင့် ဗဟိဒ္ဓမှာရှိတဲ့ ပထဝီဖောဋ္ဌဗ္ဗ, တေဇောဖောဋ္ဌဗ္ဗ, ဝါယော ဖောဋ္ဌဗ္ဗနှင့် တွေ့ပြီ၊ တွေ့တော့ ကာယပသာဒ ဖောဋ္ဌဗ္ဗ ရုပ်နာမ် ၂-ပါး, ကာယ ဝိညာဏ်,အဲဒီရုပ်နာမ်တွေ ဖြစ်လာတဲ့ အခါ ဥပမာတခု ခြေထောက်နှင့် မြေကြီး ဒက်ကနဲနင်းလိုက်တယ်၊ နင်းတော့ ဟော ရုပ်နာမ်ဖြစ်သွားပြီ၊ အဲဒီရုပ်နာမ်ဖြစ်ထာကို ရုပ်နာမ်မှန်းမသိဘဲနှင့် နှစ်သက်တဲ့ ဣဋ္ဌာရုံတွေ လျှင်လောဘ၊အလိုမရှိတဲ့အနိဋ္ဌာရုံတွေလျှင်ဒေါသ၊အမှတ်တမဲ့ဂရုမဒိုက် ဘဲ နင်းမိတွေ့မိတော့ မောဟ၊ ဟောကိုယ်ပေါက်က လောဘ, ဒေါသ, မောဟ အကုသိုလ်ဖြစ်ပုံ၊ အဲဒါ ဝိဇ္ဇာဉာဏ် ရတဲ့ပုဂ္ဂိုလ်ကျတော့ ဟောကိုယ်ပေါက်က ခြေလှမ်း တလှမ်းတလှမ်းမှာ နိဗ္ဗာန်ရောက် ကြောင်းရတယ်၊ အဲဒါကြောင့် ကိုယ်ပေါက်က အကုသိုလ်ဖြစ်သလား

ကုသိုလ်ဖြစ်သလား ကိုယ့်ပေါက်က အကုသိုလ်ဖြစ်လျှင် စိတ်သားချ၊ လောဘ,ဒေါသ,မောဟ သွားပြီ၊အခုဘယ်နှစ်ခုရသွားပြီလဲ အကုသိုလ် ကုသိုလ်ဖြစ်ပုံ့ဌာန, ငါးခုရသွားပြီ။

မနော, မနောဆိုတာ ကြီးသီလုံးလေး၊ ဘာကိုကြီးကြီး ကြီးချင်တဲ့ဟာ ကို ကြီးကြာ၊ ဆဲဒီကြီးသီလုံးကလေးတွေဟာ ဘာခေါ်သလဲ၊ ဆဲကြီး သီလုံးကလေးထဲမှာ နှစ်သက်တဲ့ ရူဌာရုံကလေးကြီးမိလျှင် လောဘ အကုသိုလ် ဖြစ်သွားပြီ၊ မနှစ်သက်တဲ့ အနိဋ္ဌာရုံ ကြီးမိလျှင် ဒေါသ၊ အမှတ်တမဲ့ ပွေ့ကရော ကရှုတ်ကင်းချောက် ရောက်တတ်လေးဆယ် တွေ ချောက်ကြီးနေလျှင် မောဟ၊ မှတ်မိကြပြီပေါ့၊ ဆဲအကုသိုလ်ဖြစ်တဲ့ ဌာန-၆-ခု, ကုသိုလ်ဖြစ်တဲ့ ဌာန-၆-ခု, ကိုယ်ပိုင်ဉာဏ်နှင့် ကြည့်၊ ချန် တုန်းက နခါသိခသုတ်မှာ လက်သည်းပေါ်တင်တဲ့ မြေမှုန့်နှင့် ဇမ္ဗူဒီပါ မြေပြင်မှာရှိတဲ့ မြေမှုန့်ကို မယုံ ကြည့်လောက်အောင် ဖြစ်တဲ့ ဥစ္စာ ယုံကြည်လောက်အောင် ဘုန်းကြီးပြမယ် ကိုင်း အကုသိုလ်လောဘ ဖြစ်တော့ ဘယ်သွားမလဲ။ ပြိတ္တာဘုံကို သွားမယ်တဲ့ ဘယ်ကသွားတာ လဲ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, မနော ၆-ခွါရကသွားတာ၊ ကိုင်း ဒေါသကကော-ဒေါသကိလေသာက ငရဲပြည်သွားမယ်တဲ့ ခြောက်ခွါရ က၊ မောဟကျတော့ သက်သာမလား၊တိရစ္ဆာန်ပြည်နှင့် အသူရကာယ် ပြည် သွားမယ်။

ကိုင်း-၆-ခွါရက လောဘဖြစ်လျှင် ပြိတ္တာပြည် သွားပြီ စိတ်ချပေ တော့၊ ၆-ခွါရက ဒေါသစိတ်တွေဖြစ်လျှင် ငရဲပြည်သွားပြီ၊ ဆဲဒီ-၆- ခွါရက မောဟဖြစ်လျှင် တိရစ္ဆာန်ပြည် အသူရကာယ်ပြည်သွားမယ်၊ ဆဲဒီတော့ကာ အခုကိုယ်ပိုင်ဉာဏ်ကလေးနဲ့ တွေးကြည့်စမ်း၊ ဘုရား ဟောတာ နခါသိခသုတ် လက်သည်းပေါ်တင်တဲ့ မြေမှုန့်လောက်သာ သုဂ္ဂတိပြည်ကို ပြန်လာနိုင်တယ်တဲ့၊ သေကုန်သေကုန်သော သတ္တဝါတို့ အပါယ်လေးပါးသို့ကျတာဟာ ဇမ္ဗူဒီပါမြေပြင်မှာရှိတဲ့ မြေမှုန့်နှင့် အမျှ ဒီပြောတဲ့စကားဟာ ကိုယ်ပိုင်ဉာဏ်နဲ့တွေးကြည့်စမ်း၊ အခုပြော တဲ့ ၆-ခွါရက ၂၄-နာရီအတွင်းမှာ အကုသိုလ်ဇောဖြစ်ထ နှင့်ကုသိုလ် ဇောဖြစ်ထ ဘယ်သူက ဘယ်လောက်များသလဲလို့ တွေးကြည့်စမ်း၊ သူများတော့အသာထား ကိုယ့်ကိုယ်ကိုဘဲ ကြည့်စမ်း၊ ငါဟာ ဒီကနေ့

တနေ့လုံး ၂၄-နာရီ ငါ့-၆-ခွါရက အကုသိုလ်ဇောတွေဖြစ်နေသလား၊ ကုသိုလ်ဇောတွေဖြစ်နေသလားဆိုတာ တွေးကြည့်စမ်း၊ အဲဒီဇောဖြစ်လို့ရှိလျှင် သိပ်ကြောက်ဘို့ကောင်းတာ၊ မျက်တောင်တခပ်မှာ စိတ္တက္ခဏကုဋေတသိန်းတဲ့၊ အဲဒီကုဋေတသိန်းထဲမှာ ဇောဘယ်နှစ်ခုပါသလဲ၊ စိတ္တက္ခဏ ၁၇-ချက် ခဏငယ် ၅၁-ချက်မှာ ရုပ်သက်တချက်ချုပ်တယ်၊ စိတ္တက္ခဏ ၁၇-ချက် ခဏငယ် ၅၁-ချက်မှာ ရုပ်သက်တချက်၊ အဲဒီစိတ္တက္ခဏ ၁၇-ချက်ထဲမှာ ဇော ၇-ကြိမ်ပါတယ်၊ ခုနတုန်းက ကုဋေတသိန်း ရှိတယ်မဟုတ်လား မျက်တောင်တခတ် စိတ္တက္ခဏကုဋေတသိန်း။

အဲဒီကုဋေတသိန်းထဲမှာစိတ္တက္ခဏ ၁၇-ချက်,ဇော ၇-ချက်ပါတယ်၊ အဲဒီဇော ၇-တန်ကို သေသေချာချာမှတ်နော်၊ ပဌမဇောရယ် အလယ်ဇော ၅-ချက်ရယ်, အဆုံးသတ္တမဇောရယ်၊ သုံးဌာနခွဲလိုက်၊ ဇော-၇-ကြိမ်မှာ သုံးဌာနခွဲ၊ ပဌမရှေးဦးစွာ တစ်နံပါတ်ဇော၊ ဟို အဆုံးသတ္တမဇော ၇-နံပါတ်၊ အလယ်ဇော ၅-ချက်၊ အဲသုံးဌာနခွဲလိုက်၊ ခွဲလိုက်တော့ ပဌမဇောက ယခုဘဝဒိဋ္ဌပေးရမယ်၊ အခုပြောတဲ့ အကုသိုလ်တွေဟာ ဒီဘဝမှာပေးမယ်၊ ပဌမဇောက အခုလောဘအကုသိုလ်ဖြစ်ဖြစ် ဒေါသအကုသိုလ်ဖြစ်ဖြစ် မောဟအကုသိုလ်ဖြစ်ဖြစ် မသေခင်ဟောဒီဘဝမှာ ပေးမယ် ပဌမဇော၊ အဲဒါလူတွေက ကောင်းမှုတယ်လိုချင်ကြတယ်၊ချမ်းသာချင်တယ်၊ ကြွယ်ဝချင်တယ်၊ သက်သာချင်တယ်၊ ဆုတောင်းကြသလေ၊ဘုန်းကြီးကပြောလိုက်တယ်၊တောင်းမဟုတ်ဘူး၊ ပုတ်ကြီးနဲ့ထည့်ဆား မရဘူးလို့ပြောလိုက်တယ်၊ ဘာပြုလို့လဲဆိုတော့ သူတို့ပြုတဲ့ အကုသိုလ် သူတို့အကျိုးပေးမှာ၊ အခုပြောတဲ့ မျက်စိ, နား, နှာခေါင်း,လျှာ,ကိုယ်,မနော ၆-ခွါရက အကုသိုလ်ကံပေါင်း အနန္တတွေ နာရီ,မိနစ်,စက္ကန့် မစဲအောင် ဖြစ်ချင်တိုင်း ဖြစ်နေတာ၊ပဌမဇောကဒိဋ္ဌဓမ္မကောင်းကျိုးပေးနေတာ၊ သူ့ဘယ်လာရမလဲ၊ မရဘူး၊ အဲဒါကြောင့် ပဌမဇောသည် ယခုဘဝဒိဋ္ဌအကျိုးပေးမယ်၊ အဆုံးသတ္တမဇောတဲ့၊ သေသည်၏အခြားမဲ့၌ ဒုတိယဘဝမှာ အကျိုးပေးမယ်၊ ဒိဋ္ဌဓမ္မဝေဒနီယကံတဲ့ ဥပပဇ္ဇဝေဒနီယကံတဲ့ အပရာပရိယဝေဒနီယကံ ဆိုတော့ အလယ်ဇော ၅-ချက်က ဇော ၇-တန်ထဲမှာ အလယ်ဇော ၅-ချက်က နိဗ္ဗာန်မရမချင်း ငါးဘဝပဋိသန္ဓေ ဇနကကံသတ္တိကိုပေးမယ်၊ ငါးဘဝ

အကျိုးပေးမယ်၊ အဲဒီတော့ကာ ခုနပြောတဲ့ မျက်တောင်တခတ်မှာ အကုသိုလ်ဇောဘဲ စောစော, ကုသိုလ်ဇောဘဲစောစော ဇောပေါင်း စိတ္တက္ခဏာကုဋေတသိန်းထဲမှာ စိတ္တက္ခဏာ ၁၇-ချက် ဇော ၇-တန် ပါတယ်။

အဲဒီတော့ အတွက်သင်္ချာတတ်တဲ့ပုဂ္ဂိုလ် တွက်ကြည့်လျှင်ရတာ ပေါ့၊ ငါလဲတွက်တတ်ပါတယ်၊ ဒါပေမဲ့ တွက်မပြနိုင်တော့ဘူး၊ ကုဋေ တသိန်းကိုတည် ဟောဒီ ၁၇-ချက်နဲ့စား ဘာပြုလို့လဲဆိုတော့ ၁၇-မှာ ဇော ၇-ချက်ဆိုလျှင် ကုဋေတသိန်းမှာ ၇-ကိုတည်ပြီးတော့ ကုဋေ တသိန်းနဲ့မြှောက် ပြီးတော့ ၁၇-နှင့်ပြန်စားလျှင် ဇောပေါင်း အကုန် ပေါ်လာမယ်၊ အဲဒီဇောတွေဟာ ပဋိသန္ဓေပေးမဲ့ဇောပေါင်းကခြောက် ဋ္ဌာနပါတယ်၊ ယခုဘဝဇောက ပဌမဇောတချက်တချက်ပါတယ်၊ အဲဒီ တော့ မျက်တောင်တခတ် ဇောပေါင်းကုဋေတသိန်းချုပ်တယ်၊ ဒီချုပ် တဲ့အထဲက ဒီဇောတွေဟာ အပါယ်ကိုရောက်ပြီးတော့လို့ဆိုလျှင် ပြန်လာ နိုင်ပါအုံးမလား၊ တွက်ကြည့်ကြစမ်း၊ ဘာနှင့်ပြန်လာကြမလဲ၊ ဘယ် ကုသိုလ်ကံကိုစွဲပြီးတော့ ပြန်လာနိုင်အုံးမလဲ၊ ဒါကြောင့် ဘုရားက ဟောတာ ဟော့မကော်တဆ မင်းတို့လေ အပါယ်လေးပါးကျသွား လျှင် လိပ်ကန်းထမ်းပိုးဘိုးမိဘာကလွယ်တယ်၊ မင်းတို့ပြန်မလာနိုင် ဘူးလို့ ဒီအတိုင်းဘုရားကဟောတယ်၊ ဘုရားကိုယ်တော်မြတ် ဉာဏ် အမြင်ကိုပြောတာ၊ ငါက ဒီလောက်မြင်တာမဟုတ်ဘူး၊ သို့သော်လဲ ဘုရားကိုယ်တော်မြတ်ဟောတဲ့ တရားလေးကို အတုယူပြီးတော့ မှီးပြီး တော့ ပြောရတာ၊ ဘယ်လိုလုပ်ပြောရမှန်းမသိဘူး၊ မနည်းကြံဖန်ပြီး ပြောရတာ။

ဘုရားကိုယ်တော်မြတ် ဉာဏ်တော်ကတော့ ကိုယ်တိုင် မျက်ဝါး ထင်ထင် လက်ဝါးပေါ်မှာအက္ခရာရေးတင်ပြသကဲ့သို့မြင်တော်မူတယ်၊ ဘုရားပြောတာ ဒီကလူတွေက ဟုတ်မှဟုတ်ပါ့မလား ဆိုလျှင်တော့ ကမ္ဘာသကာပေါ့၊ မတတ်နိုင်ဘူး၊ အဲသေသေချာချာ တွေးကြည့်ကြ၊ ဘယ်လောက်ကြောက်စရာကောင်းသလဲဆိုတာ အဲဒီလောက်ကြောက် စရာကောင်းတဲ့ဥစ္စာ အကုသိုလ်တွေကို တွန်းလှန်ပြီးသကာလ ကုသိုလ် ကံနှင့် ဒီဘဝနိဗ္ဗာန်ကိုသွားနိုင်မလားဆိုလျှင် သွားနိုင်တယ် စိတ်သာချ၊ သေသေချာချာ သွားနိုင်တယ်၊ များများ တာဝန်မပေးဘူး၊ ဟောခုနစ်

ရက်ထဲ လာသင်၊တတ်အောင်သင်ပေးမယ်၊ခုနစ်ရက်ထဲလာသင်၊ဟော ဒီခြောက်ဒွါရက အပေါ်ကို မသွားဘဲနဲ့ ခြောက်ဒွါရကနိဗ္ဗာန်ကိုသွား တတ်အောင် နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်တဲ့လမ်းကို သွားတတ်အောင် ခုနစ်ရက်ထဲသင်ပေးလိုက်မယ်၊ အဲဒီလောက်သင်ပေးလို့မှ မတတ်တဲ့ ပုဂ္ဂိုလ်တော့ ဘာဝန်လေးစရာရှိသလဲ သွားပေါ့၊ပြီးရောပေါ့၊ဘာမှဝန် လေးစရာမရှိဘူး၊ အဲဒါအရှင်ဘုရား ဒါဘယ်သူလဲလို့ မေးစရာရှိတော့ ဘာမှမခက်ဘူးနော် 'စိတ္တေန နီယတိ လောကော'တဲ့ စိတ်၊ ဟောဒီစိတ် နိုင်ဘို့လေ တခုထဲခက်တယ်၊စိတ်ကိုနိုင်လျှင် လွယ်လွယ်ကလေးရယ်၊ ဘုန်းကြီး ခဏခဏ ပြောတယ်၊ စိတ်ကိုနိုင်ဘို့ကို၊ စိတ်ကို နိုင်လျှင် အမြောက်အကျ လေးရယ်၊ ဥပမာတွေလေ ဓမ္မကထိကတွေ ဟော ဟောနေတာ မကြားကြဘူးလား၊ပဋာစာရီ သူဌေးသမီးအကြောင်း။

## ပဋာစာရီ

ပဋာစာရီဟာ ပစ္ဆိမဘဝိက နောက်ဆုံးဘဝရောက်နေတဲ့ ပုဂ္ဂိုလ်၊ ရဟန္တာဖြစ်မဲ့ပုဂ္ဂိုလ်၊ စိတ်မနိုင်တဲ့ အခါကလေးမှာ ကျွန်ယောကျ်ား ကိုဒါသကို ခိုးပြီးတော့ ထွက်ပြေးတာ သားနှစ်ယောက်ရတယ်၊ ဒါ ရဟန္တာလောင်း၊ အဲ သားနှစ်ယောက်ရလို့ မိမိ မိဘရပ်ထံ ပြန်လာ တဲ့အခါကျတော့ လင်သေ,သားသေ,လမ်းမှာ၊ မြို့ပြန်ရောက်တဲ့အခါ ဖခင်သေ, အမေသေ, မောင်သေ, တိုက်တွေပြိုကျ၊ ဒါတွေလဲကြား သိရော ပဋာစာရီလဲ ရူးကရော၊ အဝတ်မကပ်အောင် ရူးသွားတာပေါ့၊ ဘုရားထံကို ရောက်တော့ အဝတ်မပါဘူး၊ ထမိမပါဘူး၊ အဲဒီတော့မှ လူတွေက ဟ,အရူးမ မလာနဲ့, မလာနဲ့လို့ ဝိုင်းနှင်တာ၊ဒီတော့ မြတ်စွာ ဘုရားကဟဲ့ချစ်သမီးလာခဲ့၊အဲဒီတော့ ဘုရားထံလဲရောက်ကရော မြတ်စွာ ဘုရား ကောက်ပြီးတော့ တရားဟော လိုက်ဘာ၊ ဒီနေ့တွင်ပင် အရူး စိတ်ပျောက်ပြီးတော့ အရိယာဖြစ်သွားတယ်။

ကိုင်း ဒါစိတ်၊စိတ်ပြောင်း, စိတ်လွဲကလေး၊ ငါလဲ မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်လို ခုဒီမှာလာပြီးတော့ မတော်တဆရောက်လာ တဲ့ သူတွေ၊ ငါဟောတဲ့တရားသိသွားလို့ ဒီလိုမျှား အရူးစိတ်ပျောက် ပြီးတော့ အကျွတ်တရား ရသွားလျှင် ငါလဲ လက်ခမောင်းခတ်ပြီး သိပ်ဝမ်းမြောက်ပေါ့၊ ဟုတ်လား၊ သေသေချာချာ ဝမ်းမြောက်တယ်၊

ဘာဖြစ်လို့လဲ ခုမှလာနာတာ သူတို့ဘဝါတွင်းလုံးတခါမှဥပုသ်မစောင့်တဲ့ လူတွေပါတယ်၊ ဒီပရိသတ်ကြီးထဲမှာ ပါတယ်၊ တဝါတွင်းတခါမှ ဥပုသ်လာမစောင့်ဘူး၊ သီတင်းကျွတ်နေ့မို့လို့ လာတာ၊ သီတင်းကျွတ်ပြီးတဲ့နောက် လာမှာမဟုတ်တော့ဘူး၊ အဲဒီလူတွေဟာ ဘုန်းကြီးက မုန်းလို့ပြောတာ မဟုတ်ဘူးနော်၊ တကယ့်ကို မေတ္တာတရားနှင့်ပြောတာ၊ လူ့ဘဝမှာ လူစင်စစ် သာသနာခေတ်နှင့် ကြုံပါလျက်နဲ့ အမှတ်တမဲ့သွား, အမှတ်တမဲ့စား,အမှတ်တမဲ့နေ, အမှတ်တမဲ့အိပ်ပြီးသကာလ သေလျှင် လုံးလုံးအပါယ်ကျသွားမှာ စိုးရိမ်လွန်းလို့ သနားလို့ပြောတာ၊ တကယ်ကိုကျမှာ မလွဲဘူး၊ ဘာပြုလို့လဲ ဆိုတော့ ဘုရားဟောတာ ကျမှာကအမှန်၊ ဘုရားကိုယ်တော်မြတ် ကိုယ်တိုင်ကိုက နခါသိခသုတ်မှာဟောတယ်၊ ကာဏကစ္ဆပသုတ်မှာဟောတယ်၊ မယုံမရှိနဲ့၊မြတ်စွာဘုရားဉာဏ်တော်ကို ဘယ်လိုသတ္တဝါမျိုးမှ ဖျက်ဆီးလို့ မရဘူး။

'ဗုဒ္ဓါနံ သဗ္ဗညုဏ ဉာဏဿ နသက္ကာ,ကေနစိ'အန္တရာယော ကာတုံ'တဲ့။

ဘယ်လိုသတ္တဝါမျိုးမှ အန္တရာယ်ပြုလို့မရဘူး၊ ဘုရားဉာဏ်တော်ကို၊ အဲခုဘုရားဟောတဲ့ တရားတွေကို ပြန်ပြောတာ ဘုရားဟောတာ ဟုတ်မှဟုတ်ပါ့မလားလို့ ဤလိုဝိဟာသိသယရှိလျှင်တော့ ဒုက္ခဘဲ၊ ဘယ်နည်းနှင့်မှ ဝိဟာမရှိနဲ့မှတ်ထား၊ ဘုရားဟောလျှင် ဧကန်မုချ မလွဲဘူး မှန်တယ်၊ အဲဒီလို မှန်တဲ့တရားကြီးကို ကိုယ့်ကိုယ်တိုင်သိရမယ်၊သိလို့ရှိလျှင် တို့များတော့ ဧကန်မလွဲဘူး သေမှာဘဲဆိုတာ ကလေးတော့ သတိထားပေါ့၊ အမှန်အားဖြင့် သိပ်ကြောက်စရာကောင်းတယ် ခုထိုင်နေတဲ့လူတွေ အကောင်းသားပေါ့ ထလိုက် မိုက်ခနဲ သေသွားလျှင် ဘယ့်နှဲ့လုပ်မလဲ၊ ကိုယ့်ကိုယ်ကို မကြောက်ကြဘူးပေါ့၊ မကြောက်လျှင် နေကြပေါ့၊ ဘယ်သူသိမလဲ ဘယ်သူကတာဝန်ခံမလဲ၊ ဘယ်သူမှ တာဝန်မခံဘူး၊ အဲဒါကြောင့်မို့လို့ အင်မတန် ကြောက်စရာ ကောင်းတယ် သေမှာအမှန်ဘဲ၊ အဲသည်လောက် ကြောက်စရာ ကောင်းတာ 'အကုသလာ သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ' အပြစ်နှင့်တကွ မကောင်းကျိုးပေးတာ ပဌမဆုံးစေတနာ ဒိဋ္ဌဓမ္မအကျိုးပေးတယ်၊ အဆုံး သတ္တမဇော ဒုတိယဘဝမှာ အကျိုးပေးတယ်၊ အလယ်ဇော ၅-ချက် အသရာ

ပရိယ ပေးမယ်၊အခုဘ၀ မကောင်းမှု အကုသိုလ်သည် ဒုတိယဘ၀မှာ ပေးမယ်၊ မယုံ မရှိကြနဲ့ ယုံကြည်ကြ၊ အဲဒါကြောင့် ၊ ဘုန်းကြီးက ခု-တိုက်တွန်း နေတာ အခု လာပြီးတော့ တရားနာတဲ့ ပုဂ္ဂိုလ်များ ဟာ ဘယ်လောက်မှ မကြာဘူး၊ ၇-ရက်ထဲ၊ တို့ဟာ ဒီ-၇-ရက်ထဲ သင်လိုက်လျှင် တတ်သွားမယ်၊ တတ်သွားလျှင် ထမင်းစားရင်းလဲ ကုသိုလ်ဖြစ်နိုင်တယ်။ အိပ်နေရင်းလဲ ကုသိုလ်ဖြစ်နိုင်တယ်၊ ခရီးသွား ရင်းလဲ ကုသိုလ်ဖြစ်နိုင်တယ်၊ ထိုင်နေရင်းလဲ ကုသိုလ်ဖြစ်နိုင်တယ်၊ ထနေရင်းလဲ ကုသိုလ်ဖြစ်နိုင်တယ်၊ မျက်စိက မြင်တိုင်း မြင်တိုင်းလဲ ကုသိုလ်ဖြစ်နိုင်တယ်၊ နားက ကြားတိုင်း ကြားတိုင်လဲ ကုသိုလ်ဖြစ် နိုင်တယ်၊ နှာခေါင်းက နံတိုင်း နံတိုင်းလဲ ကုသိုလ် ဖြစ်နိုင်တယ်၊ လျှာက စားတိုင်း စားတိုင်း ကုသိုလ် ဖြစ်နိုင်တယ်၊ ကိုယ်က တွေ့ထိတိုင်း တွေ့ထိတိုင်း ကုသိုလ်ဖြစ်နိုင်တယ်၊ မနောကကြံသိတိုင်း ကြံသိတိုင်း ကုသိုလ်ဖြစ်နိုင်တယ်၊ အဲဒါ အမြောက်အကျ ကလေး၊ အဝိဇ္ဇာနှင့်ဝိဇ္ဇာ စိတ်ပြောင်း စိတ်လွှဲကလေး၊ အဲဒါ, ဒီမှာ ၇-ရက် လောက်လာသင်ပြီး ပြောင်းလိုက်လျှင် တခါတည်း ပြောင်းသွားရော၊ အဲဒီတော့ အခု ဒီမှာ အားထုတ်ထားတဲ့ ပုဂ္ဂိုလ်တွေ ဒီမှာ ဟောတာက အားထုတ်ပြီးသော ပုဂ္ဂိုလ်တွေကို ဟောနေတာမဟုတ်ဘူး၊ အားမ ထုတ်ရသေးကဲ့ ပုဂ္ဂိုလ်တွေကို ရည်၍ဟောနေတာ၊အားထုတ်ပြီးသော ပုဂ္ဂိုလ်တွေက သိနေတာ၊ ဘာပြုလို့သိနေသလဲဆိုတော့ ထုတ်ပြီးတဲ့ ပုဂ္ဂိုလ်တွေက အရိယာဖြစ်ကြောင်း သိနေပြီ၊ ဟော ပဥ္စမ ရှေးဦးစွာ သီလရယ်, သမာဓိရယ်, ပညာရယ်, ဟောဒီသုံးပါးကို ရှေးဦးစွာ ကျင့်ကထဲက အာစာရ အရိယာ အရင်ဖြစ်နေတယ်၊ ဒါ အာစာရ အရိယာ ခေါ်တယ်၊ အဲ သီလ,သမာဓိ, ပညာဆိုတဲ့ သိက္ခာသုံးပါးကို ကျင့်နေလို့၊ **အာစာရ အရိယာ** နှင့် ကျင့်တော့ ဟော တွေ့သွားပြီး ရုပ်တရားတွေ တွေ့သွားပြီ၊ ပထဝီရုပ်တွေ တွေ့တယ်၊ ဝါယောရုပ်တွေ တွေ့တယ်၊ တေဇောရုပ်တွေ တွေ့တယ်၊ အဲဒီလို ရုပ်တရားတွေ တွေ့ သွားပြီ၊ ရုပ်တွေ,နာမ်တွေကို တွေ့ကထဲက ဘာခေါ်သလဲ, **ဒဿန အရိယာ**တဲ့၊ ဒဿနအရိယာလို့ ခေါ်တယ်၊ ဒဿနအရိယာကို တွေ့ သွားတော့ ဟော ဖြစ်ပျက်တွေ တွေ့ရော ဥဒယဗ္ဗယဉာဏ်တို့ ဘင်, ဘယ, အာဒီနဝဉာဏ်တို့ တွေ့ရော၊ အဲဒီလို ဖြစ်တာပျက်တာ ဥဒယဗ္ဗ

ယည်ာဏ်ကို တွေ့ကထဲက ဘယ်အရိယာဖြစ်သွားသလဲ၊ **ဗိဂ်အရိယာ** တဲ့၊ အသွင်ပြောင်းသွားပြီ၊ ဘယ်လိုအသွင်ပြောင်းသလဲ၊ဒီလူ မနေ့က တရားအားထုတ်တယ်၊ ခုကြည့်လေ ဒီလိုဘဲလို့ အောက်မေ့သလား၊ ဒါပြောတာမဟုတ်ဘူး၊စိတ်ပြောင်းသွားတယ်၊ စိတ်,စိတ်,စိတ်၊အစက ပျော်ချင်ပါးချင်တဲ့စိတ်တွေ ခုမပျော်ချင်တော့ဘူး။ အစက အကုသိုလ် ပြုခဲ့တာ ခုမပြုခဲ့ဘူး၊ ဒါ လိင်,လိင်၊ စိတ်ပြောင်းသွားတော့ အသွင် ပြောင်းသွားတာ၊ ရှေးက ဒီအရိပ်ပြွဲတွေ ဘာတွေ သွားကြည့်တယ်၊ ဒီမှာ အသွင်ပြောင်းတော့ အရိပ်ပြွဲ သွားကြည့်ကွယ် ငွေတရာ ပေးပါ့မယ်လို့ ငွေတရာပေးတောင် မသွားဘူး,မလိုက်ဘူး၊ အသွင် ပြောင်းသွားတာ၊ ဇာတ်ပွဲ ရုပ်သေးပွဲတွေ လာကွာသွားကြည့်ရအောင် လို့ခေါ် ဟောဒီ လိင်အသွင် ပြောင်းသွားလျှင် ခေါ်ချင်တိုင်းခေါ် မလိုက်ဘူး၊ ဒါ **ဗိဂ်အရိယာ** ခေါ်တယ်, လိင်ပြောင်းသွားတာ၊ အဲဒီ ကလွန်ပြီးတော့ အားထုတ်လျှင် ဘယ်ရောက်မယ်ထင်သလဲ၊ ဟော ပဋိဝေဓ အရိယာဆိုကော့ နိဗ္ဗာန်တခါတည်း မျက်မှောက်ပြုသွားတယ်၊ သတ္တကျတ္တုပရမ သောတာပန်တဲ့၊ ဧကဗီဇ သောတာပန်, ကောလံ ကောလ သောတာပန်ဆိုတဲ့ သောတာပန် သုံးမျိုးထဲမှာ ပဌမ ဧကဗီဇ သောတာပန်တို့, ကောလံ ကောလ သောတာပန်တို့ ဆိုတာ သူပဲ့ ပဌမ သောတာပန်တဲ့၊ ဒုတိယ, မဇ္ဈိမသောတာပန်တို့ဟာ နောက်ဆုံး ဘာလဲ ပဋိဝေဓအရိယာ မဟာသောတာပန် သုံးမျိုးရှိတယ်။

ရုဒ္ဓ သောတာပန် ဆိုတာက၊ ရုပ်နဲ့နာမ်ကို အမှန်တွေ့လို့ ဖြစ် ပျက်ကို သိနေတာ ရုဒ္ဓသောတာပန်၊ ရုပ်နာမ်တွေ့ ရုဒ္ဓသောတာပန် လို့ ခေါ်တယ်။အဲဒီ ရုဒ္ဓသောတာပန် အပါယ်လေးပါး မကျဘူး၊ အဲဒီ ရုဒ္ဓသောတာပန်က အငယ်စား ရုဒ္ဓသောတာပန်၊နောင်သူ့နေရလျှင် ၇-ဘဝ၊၇-ဘဝထက် တိုးမနေရဘူး အရိယာဖြစ်မယ်၊ ပြီးတော့မဇ္ဈိမ သောတာပန်ဆိုတာ ဥဒယဗ္ဗယကလွန်၍ ဘင်,ဘယ, အာဒီနဝ, နိဗ္ဗိန္ဒ, ရသွားလျှင်မဇ္ဈိမသောတာပန်၊ မဟာသောတာပန် ဆိုတာက အထက် ကခါထဲ 'ဒိဋ္ဌိဝိဓိကိစ္ဆာပဟာနေန' ဆိုတော့ သမုစ္ဆေဒပဟာန်နှင့် ကိလေသာ ပြတ်သွားတာ၊ အဲဒါ မဟာသောတာပန် ခေါ်တယ်။

အဲဒါကြောင့်မို့လို့ တို့ အခု တရားနာတဲ့ ပုဂ္ဂိုလ်တွေ အားထုတ်ပြီးသော ပုဂ္ဂိုလ်များကတော့ မိမိတို့ မပြတ်အားထုတ်ဘို့ပေါ့၊ အားမထုတ်ရသေးတဲ့ ပုဂ္ဂိုလ်တွေ လက်မလွှတ်ကြစေနဲ့၊ ဤ သာသနာနဲ့ကြုံလို့မှ တို့ဟာ ဒီဘုရားသာသနာမှာ ဒီတရားကို တို့ မရလိုက်ဘဲ လက်ချော် ခြေချော် လွတ်သွားလျှင် တို့ဟာ ခုနတုန်းက နခါသိခါသုတ် ဘုရားဟောတဲ့အတိုင်း လက်သည်းပေါ်က ပုဂ္ဂိုလ်မဟုတ်ဘဲ ပထဝီမြေက ပုဂ္ဂိုလ်တွေ သွားဖြစ်လျှင် ဒုက္ခဘဲလို့ကြောက်ရွံ့ခဲ့လျှင် ဘာမှ မဝေးပါဘူး ၇-ရက်ထဲဘဲ၊ အဲဒီ-၇-ရက်ထဲ၊ အဲ လေးလေးနက်နက် လာပြီးတော့ အားထုတ်ပါလို့ ဘုန်းကြီး တိုက်တွန်းပါတယ်။

---

# ဝိဇ္ဇာစာရဏံနှင့်

## ရှင်အာနန္ဒာ အလောင်း

မြတ်စွာဘုရား သာသနာတော်နှင့် ကြုံကြိုက်လာတဲ့အခါ သာသနာတော်၏ အကျိုးစီးပွါး သာသနာတော်မှာ ဘုရားကိုယ်တော်မြတ် ဆုံးမတော်မူတဲ့ ဒေသနာတော်အတိုင်း ခုနစ်ရက်သားသမီးတို့ လိုက်နာနိုင်ဘို့ဆိုတဲ့ တရားတွေ ဒီလိုလိုက်နာနိုင်မှလဲ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရမှာ ဘုရားပွင့်တဲ့ သာသနာက တပါးသော အကျိုးစီးပွါး မျှော်ကိုးတာမဟုတ်ဘူး၊ဘာကိုမျှော်ကိုးသလဲ၊သံသရာတည်းဟူသော ဘေးဒုက္ခ လွတ်မြောက်ပြီးတော့ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း တရားမြတ်ကို ကျင့်နိုင်ဘို့ ကြံနိုင်ဘို့ နေထိုင်နိုင်ဘို့ကို အကြောင်းပြုပြီးတော့ ဟောရတယ်။

ဒီခုပြောတဲ့ ဒါနမှုကလေးတွေ သီလမှုကလေးတွေ တော်ရုံ လျော်ရုံ ပွါးများတဲ့ ဘာဝနာမှုကလေးတွေတော့ ဘဝဆက်တိုင်း အဆင့်ဆင့် အားထုတ်လာခဲ့တာ၊ သို့သော်လဲ မဂ်ဖိုလ်ဓမ္မနိဗ္ဗာန်ကို မရကြသေး သည်အတွက် အမျိုးမျိုးသော ဒုက္ခ အမျိုးမျိုးသော အန္တရာယ် အမျိုးမျိုးသော ဘေးတို့နှင့် တွေ့ကြုံလာခဲ့ရတဲ့ ဘေးဆိုးကြီးမှလွတ်မြောက်ဘို့ အင်မတန်အရေးကြီးတာပေါ့၊ ဒီတော့ ဘာဟောရသလဲ၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး ကိုယ်တိုင်ဘဲ ဒီဘုရားပွင့်တဲ့ ခေတ်ကိုက အင်မတန် ဆုတ်ယုတ်ပြီးလာခဲ့တဲ့ အသက်တရာတမ်းမှာ လာပွင့်ရတယ်၊ လူတွေဟာ စိတ်ခေတ်တွေဖေါက်ပြန်ပြီးတော့ အတော် ချွတ်ယွင်းနေတဲ့အခါ အင်မတန် ချွတ်ယွင်းပြီးတော့ ပျက်စီးနေတဲ့ အခါထဲမှာ ဘုရားပွင့်ရတယ်၊ ဘုရားပွင့်ရတော့ လွယ်လွယ် ဟောလို့ မရဘူး၊ မြတ်စွာဘုရားကိုယ်တော် မြတ်ကြီးသည် ကာမဂုဏ်၏ အာဒီနဝတွေ အဖြစ်တွေ မမြင်မြင်ရလေအောင် မကြောက်ကြောက်အောင် မထိတ်လန့်ထိတ်လန့်အောင်အမျိုးမျိုး ဥပမာ ဥမေယျနှင့်ကြောက်လန့်တုန်လှုပ်ပြီးတော့ သွားအောင် ဟောရတယ်။

အဲဒီလို ထိတ်လန့်ခြင်း ဓမ္မသံဝေဂတွေ ဖြစ်ပြီး သွားတဲ့ အခါကျတော့မှ ထောက်ရာ တည်ရာ အားထားရာ အားကိုးရာရအောင် ဆိုပြီးတော့ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ သစ္စာလေးပါးတရားကို ဖေါ်

ထုတ်ပြီးတော့ ပြရတယ်၊ အဲဒီတော့မှလဲ လွယ်တယ်၊ အကယ်၍ ပရိသတ်ကြီးက လောက၏ ဒုက္ခသံသရာဘေးကြီးကို မကြောက်မှု၍အပြစ်အာဒီနဝတွေ မမြင်မှု၍ မထိတ်လန့်မှု၍ ဒီလူ့စည်းစိမ် နတ်စည်းစိမ် ဗြဟ္မာစည်းစိမ်ဆိုတာ ကမ္ဘာ့ဘွဲ့ကြီး၊ အဲလူမင်း လူမိဖုယားတို့ စည်းစိမ်ချမ်းသာ နတ်မင်းနတ်မိဖုယားတို့ စည်းစိမ်ချမ်းသာ ဗြဟ္မာမင်းတို့၏ စည်းစိမ်ချမ်းသာဆိုတော့ အင်မတန်နားမှာ ကြားရတာ ချောနေတာပေါ့၊ ဒီလိုလောက စည်းစိမ် အာရုံ ကာမဂုဏ် အာဒီနဝကို မမြင်မြင်အောင် မပြဘဲနှင့် ဘယ်နည်းနှင့်မှ နိဗ္ဗာန် အမြိုက်တရား လိုချင်မှာ မဟုတ်ဘူး။ မလွယ်ဘူး နိဗ္ဗာန် ဒါကြောင့် အပြစ်အာဒီနဝတွေကို ပြရတယ်၊လက်ဦးကပြောတဲ့ ဥရုဝေလကဿပ နဒီကဿပ ဂယာကဿပ တို့ဆိုတာ သူတို့လဲဘဲ တကယ်အစစ် မဂ်ဉာဏ် ဖိုလ်ဉာဏ် လိုချင်လို့ ကျင့်နေတဲ့ ပုဂ္ဂိုလ်တွေပေါ့၊ တကယ့်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် အမှန်လိုလားပြီးတော့ ကိလေသာတွေကို ဆေးကြောနေတာ၊ ဘယ့်ကလောက် ဆေးကြောသလဲဆိုတော့ ရေငုပ်ရတယ်၊ မီးလှုံရတယ်၊ တုံးခုန်ရတယ်၊ဇယ်ခတ်ရတယ်၊ရေငုပ်ပြီးတော့ကစားခြင်းပေါ့၊ရေငုပ်ကစားပြီး မြူးပျော်နေတော့ ကိလေသာတွေငြိမ်း မီးတွေလှုံ၊ မီးလှုံပြီးတော့ နေကြတာ ကိလေသာတွေငြိမ်း၊ တုံးခုန်ဆိုတာ ကစားတာကလေးများကစားတဲ့ နည်းပေါ့၊ ဇယ်တောက်ကစားတာ အဲဒီလို လုပ်တော့ သူတို့မှာ ဘာမှ အာရုံမရှိဘူးပေါ့၊ ကိလေသာတွေငြိမ်းပြီ၊ အဲဒါ သူတို့ကိုယ်သူတို့ အရိယာဖြစ်နေပြီထင်တာ အဲဒီလို ထင်တဲ့ ပုဂ္ဂိုလ်ကို သာမညအလွယ်နှင့် ဘယ်ဟောလို့ ရမလဲ၊ မရဘူး၊ မြတ်စွာဘုရား အစိန္တေယျ တန်ခိုးတော် အင်မတန် ကြီးမြတ်တော်မူလို့သာ ခြိမ်းခြောက်ပြီးတော့ ပြောမှရတာ မလွယ်ဘူး၊ အဲဒီတော့ ဒီယခု ဒကာ ဒကာမတွေ သန္တာန်မှာလဲဘဲ ငါတို့၏ ဖြစ်လေရာ ဘဝသံသရာဟာ အင်မတန်ကြောက်စရာ လန့်စရာ ထိတ်စရာ ကောင်းတယ်ဆိုတာ မမြင်မြင်အောင် မြတ်စွာဘုရား ပြတော်မူတယ်၊ ဖြတ်စွာဘုရား သံသရာကို အမျိုးမျိုးပြတယ်။

သံသရာ ပြတော့ မြင်မှလဲ ကောင်းတာဘဲ၊ ပြတာ ကတော့ ကျမ်းဂန်အရ ပြကြတာဘဲ၊ သို့သော်လဲ တရားနာတဲ့ ပုဂ္ဂိုလ်၏ ကိုယ်တွင်းသန္တာန်မှာရှိတဲ့ ဉာဏ်မျက်စေ့ ကလေးနှင့် ကြည့်ပြီးတော့မှ

အော် တယ်ဟုတ်ပါလား၊ သံသရာဟာ အလွန့်အလွန် ကြောက်စရာကောင်းပါလား၊ ကဲ ဒီတော့ သံသရာက ဘယ်နှစ်မျိုးပြသလဲဆိုတော့ သုံးမျိုးပြတယ်၊ အထက်သံသရာ, အလယ်သံသရာ, အောက်သံသရာ၊ သံသရာသုံးမျိုးပြတယ်၊သံသရာဆိုတာ အဆုံးမှာတော့ ခန္ဓာဒွာသတနခတ်တွေမပြတ်ဖြစ်ပျက်နေတာဟာ သံသရာဘဲ၊အဲဒီအောက်သံသရာဆိုတာမှာလဲ ဝဋ်သုံးပါး, အလယ်သံသရာမှာလဲ ဝဋ်သုံးပါး, အထက်သံသရာမှာလဲ ဝဋ်သုံးပါး၊ ဝဋ်နှင့်မကင်းဘူးပေါ့။

အောက်သံသရာဆိုတာ ဘယ်နေရာကို ခေါ်သလဲဆိုတော့ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးပါးကို အောက်သံသရာလို့ခေါ်တယ်၊အလယ်သံသရာဆိုတာက လူ့ပြည်ရယ် နတ်ပြည်ခြောက်ထပ် နတ်ပြည်ခြောက်ထပ်က စတုမဟာရာဇ်ဘုံ, တာဝတိံသာဘုံ, ယာမာဘုံ, တုသိတာဘုံ,နိမ္မာနရတိဘုံ, ပရနိမ္မိတဝသဝတ္တိဘုံ၊ လူ့ပြည်ရယ် နတ်ပြည်အားလုံးကို ကာမသုဂတိ –၇ဘုံလို့ခေါ်တယ်၊ အဲဒီ ကာမသုဂတိ ၇–ဘုံကို အလယ် သံသရာလို့ခေါ်တယ်၊ အထက်သံသရာကတော့ ဗြဟ္မာဘုံ ၂၀-ကိုခေါ်တယ်၊ ပဌမဈာန် ၃–ဘုံ ဒုတိယဈာန် ၃-ဘုံ, တတိယဈာန် ၃–ဘုံ, စတုတ္ထဈာန်–၇-ဘုံ အရူပဈာန် ၄-ဘုံ, အားလုံး ဗြဟ္မာ-၂၀။

အခုပြောတဲ့ အောက်သံသရာမှာ ကမ္မဝဋ်, ဝိပါကဝဋ် ကိလေသဝဋ်, ဝဋ်သုံးပါးရှိတယ်၊ ကမ္မာဝဋ်, ဝိပါကဝဋ်, ကိလေသာဝဋ်, ဝဋ် ၃-ပါးမှာ ကိလေသဝဋ်က အဘယ်တရားကို ခေါ်သဘဲ ဆိုတော့ အပါယ်သံသရာကို ကျနေသော ပုဂ္ဂိုလ်တို့၏ ကိလေသာ ဝဋ်ကို မြင်အောင် ကြည့်ထားကြ၊ ဘယ်သူလဲ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ တရားကို အောက် သံသရာမှာရှိတဲ့ ပုဂ္ဂိုလ်တို့၏ ကိလေသဝဋ်တဲ့၊ အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ တရားဟာ ကိလေသဝဋ် ဆိုးကြီးဘဲတဲ့၊ ပြီးတော့မှ ကမ္မဝဋ် ဆိုတာက အဲဒီ အောက် သံသရာ၏ ကမ္မဝဋ်က အတိတ် ကာလ သူတို့ ပြုခဲ့ပြီပေါ့၊ အကုသိုလ် တွေ လောဘ အကုသိုလ်, ဒေါသ အကုသိုလ်, မောဟ အကုသိုလ် ဤလောဘ, ဒေါသ, မောဟ တည်းဟူသော အကုသိုလ်ကံ, ကမ္မဝဋ်ဆိုးကြောင့် ငရဲ, တိရစ္ဆာန်,ပြိတ္တာ, အသူရကာယ်, အပါယ်လေးပါး ကျတာပေါ့၊ အပါယ်လေးပါးကျတော့ ဝိပါကဝဋ်ဆိုးက ဘယ်သူလဲ၊ အပါယ်

မှာနေတဲ့၊ အပါယ်သူအပါယ်သားတို့၏ ရအင်သော ရုပ်နာမ်တရား ပေါ့၊ ငရဲဘုံမှာကျတဲ့ရုပ်နာမ် တိရစ္ဆာန်ဘုံမှာရောက်နေတဲ့ရုပ်နာမ် ပြိတ္တာဘုံမှာရောက်နေတဲ့ရုပ်နာမ် အသူရကာယ်ဘုံမှာရောက်နေတဲ့ရုပ် နာမ် ဒါဝိပါကဝဋ်ဆိုးကြီးပေါ့၊ အဲဒါ အောက်သံသရာမှာ ဖြစ်နေတဲ့ ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်ခေါ်တယ်။

အဲဒီလိုအပါယ်သံသရာကို ကျနေရမယ်ဆိုလျှင် ဘယ်လောက် ကြောက်စရာ ကောင်းသလဲ။ အပါယ်သံသရာကို ကျမိပြီဆိုလျှင် အပေါ်ကိုပြန်တက်နိုင်ဘို့ အလွန်ခဲယဉ်းသွားတာပေါ့၊ ဘာပြုလို့ခဲယဉ်း သွားသလဲဆိုတော့,အတိတ်ကပြုခဲ့တဲ့အကုသိုလ်ကံပေါင်းအနန္တကလဲ ပါခဲ့တယ်၊ ထို ကျနေတဲ့ အပါယ်လေးပါးမှာရှိနေတဲ့ သတ္တဝါတွေကို ဟိုငရဲပြည်နေတာတွေတော့ စိတ်နဲ့မှန်းပေါ့၊ အသူရကာယ် ပြည်မှာ နေတာကော စိတ်နဲ့မှန်း ပြိတ္တာဘုံမှာနေတာတွေကိုလဲ စိတ်နဲ့မှန်း အခုကိုယ်တွေ့မျက်မြင်, တိရစ္ဆာန်ဘုံ တွေ့ပြီမဟုတ်လား၊ တိရစ္ဆာန် ဘဝ, တကယ်တမ်း တိရစ္ဆာန်ဖြစ်ကြတဲ့ပုဂ္ဂိုလ်တွေဟာ, ဘယ်လို ကုသိုလ်ဇောများ ဇောနိုင်ကြသလဲလို့, မြင်အောင်ကြည့်စမ်း၊ ဘယ်မှာ ကုသိုလ်ဇောရှိမလဲ၊ တနေ့တနေ့ အကုသိုလ်ဇောတွေအနန္တ, တနေ့ ထက်တနေ့ ရင့်ကျက်ပြီးသကာလသွားလို့ရှိလျှင် ဟောဘယ်တော့မှ အထက်ကို မဆန်တက်နိုင်ဘဲ အောက်ကိုသာလျှင် တနစ်ထဲနစ် တမြုပ် ထဲမြုပ် အဝိစိတိုင်အောင်ရောက်သွားရတာဘဲ၊ အဲဒါကြောင့် အောက် သံသရာများကျသွားလျှင် သိပ်ကြောက်စရာကောင်းတာဘဲ၊ အဲဒါ မကြောက်လျှင်တော့ ဘယ်တတ်နိုင်မလဲ၊ ကြောက်စရာ, မြတ်စွာ ဘုရားကိုယ်တော်မြတ် ဟောတော်မူတယ်၊ အဲဒါ အောက်သံသရာ။

အလယ်သံသရာဆိုတော့ကော၊လူ့ပြည်နတ်ပြည်ပေါ့၊ အခုလောက ကြီးမှာ တရားဟောတဲ့ အခါကျလျှင် ဒါနကောင်းမှု သီလကောင်းမှု ဘာဝနာကောင်းမှု တွေကြောင့် လူမင်းလူမိဖုယား စည်းစိမ်ချမ်းသာ, နတ်မင်း နတ်မိဖုယားတို့၏ စည်းစိမ်ချမ်းသာ, အဲဒီလိုနတ်စည်းစိမ် လူစည်းစိမ်တို့ကို အကောင်းအမွန် အမြတ်တနိုး အမွှန်းတင်ပြီးဟော ပြောလိုက်တော့ တို့ဒကာ,ဒကာမတွေက, နဂိုရ်မူလက အဝိဇ္ဇာဖုံး ကွယ်နေလို့ ဒုက္ခတရားမမြင်တဲ့ပုဂ္ဂိုလ်တွေ ဒုက္ခတော့မွှက်ဝန္နံဆိုတဲ့ ဒုက္ခမမြင်တဲ့ ဒကာဒကာမတွေကို အဝိဇ္ဇာကဖုံးပေးလို့ ဒုက္ခမမြင်တဲ့

အတောအတွင်းမှာ သမုဒ္ဒယတဏှာခင်းပြီးသကာလ၊ ခင်ခင်မင်မင် စွဲငှဲလမ်းသမ်းဖြစ်လာအောင် လူချမ်းသာတွေနဲ့ ညွှန်ကြားလိုညွှန်ကြား နတ်ချမ်းသာတွေနဲ့ ညွှန်ကြား၊ အဲ လူချမ်းသာ နတ်ချမ်းသာဆို သိပ်ကောင်းတာဘဲ လူချမ်းသာဆိုလဲ ဘယ်ပြောစရာရှိမလဲ၊ ဒီမကောင်းတဲ့ လူ့ပြည်မှာ ခံစားနေရတဲ့ ဒုက္ခတွေမဟောဘူး၊ ဟောတဲ့ပုဂ္ဂိုလ်တွေက လူ့ပြည်လောကကြီးမှာ အဘိုးကျန်တဲ့ပုဂ္ဂိုလ် ဆင်းရဲတဲ့ပုဂ္ဂိုလ် အင်မတန်ကြမ်းတမ်းခက်ခဲရော်ရှိနေတဲ့ပုဂ္ဂိုလ်တွေကို တခါမှ တရားလဲထည့်မဟောဘူး၊ ဘာတွေဟောသလဲ သူဌေးသူကြွယ်တွေ ဖြစ်ပြီး ကာလ ဇောဒိုကတို့လို, ဇတိလတို့လို, ကာကောဏ္ဍသူဌေးကြီး တို့လိုဒီလိုချမ်းသာတဲ့စည်းစိမ်တွေ ဟောတာပေါ့။

## ဇောတိက

ဇောတိကတို့အကြောင်းများကိုဟောလိုက်မယ်ဆိုလျှင် ဇောတိကတို့လူ့ပြည်မှာ အသိုလိုပြာသာဒ်ကြီးပေါက်ပြီးတော့ ဖန်မြှနမ်မြနဲ့ ထံတိုင်းကြီးတွေကာရံလို့ မုတ်ဝတခုတခုမှာ ကုမ္ဘဏ်တွေစောင့်လို့ ကထဲအသုပ်အကျွေးတွေမှ မိန်းခလေးတွေချည်းဘဲ မုတ်ဝမှာအစောင့် ထားတယ်၊ ဘယ်လောက်ချမ်းသာသလဲဆိုပြီးတော့, တောင်ကျွန်းသူ နဲ့ ဆက်ဆံခြင်းမပြုရဘူး, နတ်များကဆောင်ကြဉ်းပေးတဲ့ ဟိုမြောက် အရပ်က မြောက်ကျွန်းသူ အတုလကာဒ်ဆိုတာ အင်မတန်ချော အင်မတန်လှ အင်မတန်သိမ်မွေ့ အင်မတန်နူးညံ့တဲ့ ကလေးမနှင့်လက်ထပ်ပေးတယ်၊ အဲ အတုလကာဒ်နဲ့ ပြီးတော့နေရတဲ့နေရာမှာ ဘယ်လောက် ချမ်းသာသလဲလို့ ဒီလိုပူပူလောင်လောင်, ကြောက်ကြောက် လန့်လန့် ထိတ်ထိတ် လန့်လန့် ခါတ်မီးမျိုးတွေမဟုတ်ဘူး၊ ဒီခါတ်မီးတွေကို ထွန်းသာနေရတာ တထိတ်ထိတ် တလန့်လန့်နဲ့ မတော်တဆ ကြိုးကပေါက်ပြီး အိမ်တွေဘဲမီးလောင်မလားဟဲ့ တိုက်ဘဲမီးလောင်မလားဟဲ့ လို့ကြောက်စရာကြီးတွေ အလင်းရောင်တွေ ခံရသော်လဲကြောက်စရာ ကြီးတွေ၊ဟို ဇောတိကတို့က ဒီလိုဘယ်ကြောက်ရမလဲ ကျောက်ရောင် တွေ,ပတ္တမြားရောင်တွေ ကျောက်ရောင် ပတ္တမြားရောင်ဖြင့် တခါထဲ ပြောင်ပြောင်ထွန်းတောက်ပြီးတော့ အလင်းရောင်ရနေတယ်၊ အပူတွေ မခံရဘူး ခုလိုမျက်စိတွေ မကျိန်းရဘူး, မပူရဘူး၊ဘယ်လောက်ကောင်း

သလဲ၊ အဲဒါတွင်ဘဲလားဆိုတော့ ဟော အတုလကာရီမှာပါလာတဲ့ မြခ နှောက်ခလေးရှိတယ်၊ တကွမ်းစား မြောက်ကျွန်းကပါလာတဲ့ တကွမ်း စား ဆန်ကလေးနဲ့ ဟော သူ့မြခနှောက်ပေါ်တင်ပြီး ချက်လိုက်မယ်ဆို လျှင် စားချင်တိုင်းစားလို့မကုန်နိုင်ဘူးတဲ့၊ အာဟာရတွေ အင်မတန်လဲ အရသာ ရှိတယ်၊ တို့အရပ်က ဝက်သား, ဘဲသား, ကြက်သား, ဆိတ်သား အင်မတန်မွှမ်းမံပြီး ချယ်လယ်ထားတဲ့ အဟာရတွေထက် အဆအရာ, အဆအထောင်, အဆ တသောင်းမက ပိုကဲပြီးတော့ မွန်မြတ်တဲ့ အာဟာရတွေ သုံးဆောင်ရတာပေါ့။

အဲဒါမျိုးတွေ ဟောလိုက်လျှင် တို့ဒကာ, ဒကာမတွေက သရေကို ကျသွားတာပေါ့၊ အမယ်တယ်ကောင်းပါလား၊ ဒီလိုဖြစ်ရ သိပ်ကောင်း မှာဘဲလို့ ဟောဒီလို ရောက်သွားမှာဘဲ၊ မရောက်ဘူးလား ဆိုတော့ လူတထောင်မှာ ကိုးရာ ကိုးဆယ် ကိုးယောက်လောက် ရောက်တယ်၊ ဒီလို သေသေချာချာ ကျကျနန လူ့စည်းစိမ် အကြောင်း ပြောလိုက် ရလျှင် သိပ်ကောင်းမှာဘဲ၊ အဲဒါ အဝိဇ္ဇာသမားများသာ ကောင်းတာ၊ အဝိဇ္ဇာမျက်စိနှင့်ကြည့်လျှင် ကောင်းတယ်၊ ဟော ဝိဇ္ဇာမျက်စိနဲ့ကြည့် လျှင် သိပ်ကြောက်ထာဘဲ၊ ဇောတိကကလဲ ပဋိသန္ဓေနေတာဘဲ၊ အိုရ တာဘဲ၊ နာရတာဘဲ၊ သေရတာဘဲ၊ အတုလကာရီရော ပဋိသန္ဓေနေရ တယ်၊ အိုရတယ်၊ နာရတယ်၊ သေရတယ်၊ ဘယ်ချမ်းသာလို့လဲ၊ ဒါ ဝိဇ္ဇာမျက်စိနဲ့ကြည့်မှ မြင်တာ။

အဲဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က ဒီအလယ်တန်း ဖြစ်တဲ့ သံသရာဝဋ်ကို ဘယ်လိုပြသလဲ၊ကမ္မဝဋ်, ဝိပါကဝဋ်, ကိလေ သဝဋ်, ဝဋ်သုံးပါးပြတယ်၊ အလယ်အလတ်ဖြစ်တဲ့ လူ့ပြည်, နတ်ပြည် ခြောက်ထပ်မှာ ဝဋ်သုံးပါးရှိတယ်၊ ဘယ်ဝဋ်တွေလဲ ဆိုတော့ ကိလေ သဝဋ်တွေ, ကာမတဏှာတဲ့၊ကာမတဏှာဆိုတာ သိကြသလား၊ကာမ တဏှာဆိုတာ ရူပါရုံကို နှစ်သက်စွဲလမ်းတဲ့ ကာမတဏှာ, သဒ္ဒါရုံကို စွဲလမ်းတဲ့ ကာမတဏှာ, ဂန္ဓာရုံကိုစွဲလမ်းပြီးတော့ နှစ်သက်တတ်မက် မောနေတဲ့ ကာမတဏှာ, ရသာရုံကို နှစ်သက် စွဲလမ်းနေတဲ့ ကာမ တဏှာ, ဖောဋ္ဌဗ္ဗာရုံအတွေ့, အကောင်းအမွန်ကို အမြတ်တနိုးအာရုံပြု၍ နှစ်သက်စွဲလမ်းနေတဲ့ ကာမတဏှာ,အဲဒါ ကိလေသဝဋ်တွေပေါ့၊ကာမ တဏှာ၊ အဲဒီ ကာမတဏှာတွေဟာ ကိလေသဝဋ်တွေ အဲဒီကိလေသ

ဝင့်တွေဟာ ကောင်းကျိုးပေးတာ မဟုတ်ဘူးနော်၊ သေသေချာချာ ကြည့်ကြ၊ ဒါ အလယ်ဖြစ်သော လူ့ဘုံ၊ နတ်ဘုံ တို့မှာဖြစ်တဲ့ ကာမ တဏှာပေါ့၊ အဲဒီကာမတဏှာဟာ ကိလေသာလို့ ခေါ်တယ်၊ ကမ္မဝဋ် ဆိုတာက ဘာလဲ၊ အဲ ခုဒါနကံလေးတွေ, သီလကံလေးတွေ, ဘာဝနာ ကံလေးတွေ ပြုကြတာပေါ့၊ အဲဒီကံတွေ အကြောင်းပြုပြီး သကာလ လူ့စည်းစိမ်,နတ်စည်းစိမ်တွေ မက်မောတွယ်တာပြီးတော့ လှူဒါန်းတဲ့ ကုသိုလ်ကံတွေပေါ့၊ အဲဒီ ကုသိုလ်ကံတွေဟာ ကမ္မ ဝဋ်ဆိုး ကြီးတွေ ပေါ့၊ ဒါအလယ်အလတ်ဖြစ်သော ကမ္မဝဋ်ခေါ်တယ်၊ ဒါ ကုသိုလ်ကံ ကမ္မဝဋ်၊ ဝိပါကဝဋ်ဆိုတာဘာလဲဆိုတော့ အခု ယောဂီတွေ တရားနာ တဲ့ ပုဂ္ဂိုလ်တွေ ကိုယ်တိုင်ရပြီးတော့ တွေ့နေရတဲ့ ရုပ်ခန္ဓာ, နာမ်ခန္ဓာ ရုပ်တရား, နာမ်တရားတွေပေါ့၊ အခုမိမိတို့ ကိုယ်သဏ္ဌာန်မှာ အမှန် ဖြစ်နေတဲ့ ခန္ဓာငါးပါးလေ၊ ခန္ဓာငါးပါး ရုပ်နာမ်တရား အဲဒီရုပ်နာမ် တရားကိုဘဲ အာယတနခေါ်တယ်၊ ဤရုပ်နာမ်တရားကိုဘဲ ခေတ်ခေါ် တယ်၊ အဲဒီခန္ဓာအာယတန ခေတ်သည်ပင်လျှင် ဝိပါကဝဋ်ဆိုး၊ အဲဒါ ဝိပါကဝဋ်ကြီးတွေပေါ့၊ အဲဒီ ကိလေဝဋ်,ကမ္မဝဋ်, ဝိပါကဝဋ်, ဝဋ်သုံး ပါးဟာ အလယ်ဖြစ်သော သံသရာဆိုးကြီး၊အဲဒီ သံသရာ ဝဋ်ဆိုးကို မြင်အောင် ကြည့်ရမယ်။

အထက်ဖြစ်သော သံသရာက ဗြဟ္မာ ၂၀-ပေါ့၊ ဗြဟ္မာ ၂၀-ကော ကိလေသာဝဋ်မရှိဘူးလား၊ ရှိတာပေါ့၊ သူတို့ကိလေသာဝဋ်က ဘာလဲ၊ အင်မတန် သူတို့ရတဲ့ ဈာန် အဘိညာဉ်တွေကို အမျိုးမျိုး နှစ်သက် ပြီးတော့ ဈာန်အဘိညာဉ်တန်ခိုးတွေနှင့် အမျိုးမျိုး ခံစားပြီး နေရတဲ့ အဲဒီ ကိလေသာဝဋ်ဆိုးကြီးပေါ့၊အင်မတန်သာယာတယ်၊ဈာန်အဘိညာဉ် တန်ခိုးနှင့် အမျိုးမျိုးနှစ်သက် သာယာနေတယ်၊ ဒါသူတို့မှာ ကိလေသ ဝဋ်ပေါ့၊ ကမ္မဝဋ် ဆိုတာက အခုပြောတဲ့ ရူပဘုံ, အရူပဘုံ၊ရောက်စေ တတ်တဲ့ ရူပကုသိုလ် ၅-ခု, အရူပကုသိုလ် ၄-ခု ဆိုတဲ့ မဟဂ္ဂုတ် ကုသိုလ် ၉-ခုသည် ကမ္မဝဋ်ပေါ့၊ အဲ ဝိပါကဝဋ်ဆိုတော့ ဗြဟ္မာ ပြည်မှာရှိတဲ့ ရုပ်နာမ်ခန္ဓာပေါ့၊ အဲဒါ ဝဋ်တရားတွေ၊လူလဲဘဲ ကိလေသ ဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ် ရှိတယ်၊ နတ်လဲ ကိလေသာဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ် ရှိတယ်၊ ဗြဟ္မာမှာလဲ ကိလေသာဝဋ်, ကမ္မဝဋ်, ဝိပါက ဝဋ် ရှိတယ်၊ အဲ အောက်သံသရာကိုကြည့်စမ်း၊ငရဲ,တိရစ္ဆာန်,ပြိတ္တာ,

အသူရကာယ် အပါယ်လေးပါးမှာလဲ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါက ဝဋ် ရှိတာပေါ့၊ အဲဒီ ဝဋ်တရား တွေဟာ အင်မတန် ကြောက်စရာ ကောင်းတာ၊ ဒိဋ္ဌာ, အာယတနခေတ်တိုသည့် မပြတ် ချယ်လယ်ပြီး တော့ နေရတဲ့ ဝဋ်ဆိုးကြီးတွေပေါ့၊အဲဒီ ဝဋ်ဆိုးကြီးတွေကို မမြင်လျှင် အလွန်ခက်တယ်၊ အလွန်ကြောက်စရာကောင်းတယ်၊ မဂ်ဉာဏ်, ဖိုလ် ဉာဏ် နိဗ္ဗာန်ကို အင်မတန်လိုလားကြတဲ့ ပုဂ္ဂိုလ်တွေဟာ သာမညနှင့် မလွယ်ဘူး မရဘူး၊ သာမညနှင့် ရဘို့ရာ မလွယ်ဘူး၊ ဘာပြုလို့ မလွယ် သလဲဆိုတော့ ဒီစိတ်ကအင်မတန်ဆိုးတာ၊စိတ်ပြောင်း,စိတ်လွဲက အင်မ တန် အရေးကြီးတာ၊'စိတ္တေန နိယျတိလောကော'လောကကြီးကိုပြုပြင် နေတာက စိတ်၊အဲဒီစိတ်ကို မနိုင်သမျှ ချမ်းသာသုခကြီးတို့ မရဘူးတဲ့။

အခု ဒီမှာ တရားနာတဲ့ပုဂ္ဂိုလ်တွေတော့ မပြောတတ်ဘူးပေါ့လေ၊ ဗျာဒိတ်ရပြီးသား ပုဂ္ဂိုလ်များပင်သော်မှ ဧကန်မုချ နိဗ္ဗာန်ကူးရမဲ့ ရဟန္တာ အရှင်ကောင်း အရှင်မြတ် ပါရမီကိုဖြည့်ကျင့်လို့ ပါရမီဖြည့် နေတဲ့ပုဂ္ဂိုလ်၊ အဲဒီ ပုဂ္ဂိုလ်တွေတောင် လမ်းခရီး အကြားမှာ စိတ် ဖေါက်ပြန်ပလားဆိုလျှင် မကောင်းတဲ့ အကုသိုလ်ကံ အကျိုးပေးခြင်း ခံရတယ်၊ ဒါကြောင့် ဘုရားကိုယ်တော်မြတ် ရဲရဲဟောတာပေါ့၊ ဘာဟောသလဲ 'ယာဒိသံ ဝပတေ ဗီဇံ,တာဒိသံ ဟရတေ ဖလံ'ဟာ စိုက်တဲ့မျိုးစေ့သာပေါက်တာပေါ့တဲ့၊ အချိုပင်စိုက်၊အချိုပင်ပေါက်၊အချို သီးသီး၊ အခါးပင်စိုက်တော့အခါးပင်ပေါက်၊အခါးသီး သီးတာပေါ့၊ အဲဒီလိုဘဲ မိမိတို့စိုက်တဲ့ မျိုးစေ့အားလျော်စွာ အကုသိုလ်ကံလုပ်လျှင် အကုသိုလ်ကံ အကျိုးပေးရမယ်၊ ဘယ်သူ့ကိုမှ မျက်နှာ မလိုက်ဘူး၊ အကုသိုလ်ကံသည် မကောင်းကျိုးကို ဧကန်ဆတ်ဆတ် ပေးတယ်၊ ကုသိုလ်ကံကတော့ ကုသိုလ်ကံကလဲ မျက်နှာမလိုက်ပါဘူး၊ ကုသိုလ် ကံသည် ကောင်းသော အကျိုးကို အမှန်ပေးတယ်။

## ရှင်အာနန္ဒာ အလောင်း

ဒါကြောင့်မို့လို့ တို့မြတ်စွာဘုရား၏ ဖွားဘက်တော် ညီတော် အာနန္ဒာဟာ ဓမ္မဘဏ္ဍာစိုးအရာမှာ ဧတဒဂ်ရပုဂ္ဂိုလ်ကြီးပေါ့၊ အင်မ တန်အတိုးအနစ် ထိုက်တန်တဲ့ ပုဂ္ဂိုလ်ကြီး၊ အဲဒီ ပုဂ္ဂိုလ်ကြီးဟာ ဧတဒဂ် ရခဲ့ပြီး သူ ဒီဂေါတမမြတ်စွာဘုရား လက်ထက်မှာ တရား ဘဏ္ဍာစိုးကြီး ဖြစ်မယ်ဆိုတဲ့ ဗျာဒိတ်ရခဲ့တဲ့ ပုဂ္ဂိုလ်ကြီးပေါ့၊ အဲ

လမ်းခရီးအကြား ဖြစ်တဲ့ဘဝမှာ ဘာလဲလို့ဆိုတော့ သူဖြစ်ရတာ ပန်းထိမ်သည် ဘဝမှာ သွားဖြစ်ရတယ်၊ ပန်းထိမ်သည် အမျိုးမှာ သွားဖြစ်တဲ့အခါကျတော့ ရုပ်ကလေးကလဲ အင်မတန် ချောတာကို၊ ပန်းထိမ်သည်ကလဲဖြစ်ပြန် ရုပ်ကလဲ အင်မတန်ချော အင်မတန်လှ၊ ကာလသားတွေက သူ့ ချစ်မြတ်နိုးတဲ့အတွက် မြှောက်ပင့်ပေးတာ ပေါ့၊ မြှောက်ပင့်ပေးတော့ကို သူ့ စိတ်ဟာဖေါက်ပြန်ပြီးတော့ မပြုအပ် တဲ့ အကျင့်ဆိုးတွေ ပြုတယ်၊ မပြုအပ်တဲ့ အကျင့်ဆိုးတွေ ဆိုလျှင် ရုပ်ရေရှုပကာယလှပတင့်တယ်ခြင်းရှိတဲ့မိန်းမငယ်တွေမသွားလာအပ် တဲ့ပုဂ္ဂိုလ်တွေနှင့် ဆက်ဆံပေါင်းသင်းလို့မိစ္ဆာစာရကံတွေ ကျူးလွန် တာပေါ့၊ အဲဒီလို မိစ္ဆာစာရကံတွေ ဖေါက်ပြန်ကျူးလွန်တဲ့ အကု သိုလ်အပြစ်ဟာ သေသည်၏ အခြားမဲ့၌ အပါယ်ကျသလား ဆိုတော့ မကျသေးဘူး၊ အကုသိုလ်ကံဟာ အပါယ်ကိုပေးတယ် ဆိုပေတဲ့ အခွင့်က မသာသေးဘူး၊တို့ ဒီလိုရှိသေးတာကိုး၊ ဇနကကံ, ဥပထမ္ဘ ကကံ, ဥပပီဠကကံ, ဥပဃာတကကံလို့ ရှိသေးတယ်၊ ဇနကကံက ဝိပါက်ကဋတ္တာရုပ် ဖြစ်စေတတ်တဲ့ကံဘဲ၊ ပဋိသန္ဓေအကျိုး ပဝတ္တိ အကျိုးကို ပေးစေနိုင်တယ်။

ဥပထမ္ဘက ကံကတော့ ပဋိသန္ဓေအကျိုးကို မပေးနိုင်ဘူး၊ထောက် ပံ့ရုံမျှသာ ထောက်ပံ့နိုင်တယ်၊ ဥပပီဠက ကံကတော့ သူလဲဘဲ ပဋိ သန္ဓေအကျိုးကို မပေးနိုင်ဘူး၊ ကပ်၍နှိပ်စက်ရုံဘဲ နှိပ်စက်နိုင်တယ်၊ ဥပဃာတက ကံက ကပ်၍ ဖြတ်တတ်သောကံ၊ ဒီတော့ ညီတော် အာနန္ဒာအလောင်း ဖြစ်သော ပန်းထိမ်သည်ဟာ မိစ္ဆာစာရကံတွေ ကျူးလွန်ထားတာ အပါယ်ကျရမှာပေါ့၊ အဲဒီတော့ အပါယ်ကို ပဋိ သန္ဓေဇနကကံက ပေးမယ်ဆိုသော်လဲ သူနောက်ကပြုခဲ့တဲ့ ကုသိုလ် ကံတွေက ရှိသေးတာကို၊ ကုသိုလ်ကံတွေက တော်တော်ကြီးများ တာ၊ အဲ့ဒီတော့မှ ဥပဃာတက ကံက ဟေ့ မင်းအပါယ်မပေးနဲ့အုံး, ဒီပုဂ္ဂိုလ်ကို ဂါကောင်းရာသုဂတိကို ပေးအုံးမယ်ဆိုးပြီး သူဌေးသား ဘဝပေးလိုက်တယ်၊ သူဌေးသားအကျိုးကို ပဋိသန္ဓေပေးလိုက်တယ်၊ ဟော သူဌေးသားဖြစ်သွားတယ်၊ သူဌေးသား ဖြစ်သွားတော့ ခုနက အကုသိုလ်ကံတွေဟာ မြုပ်သွားရောလား ဆိုတော့ မမြုပ်ဘူးနော် မှတ်ထားကြ၊ ဒီ ပဋိသန္ဓေအကျိုး ပေးဘို့က ခြောက်ဘဝကို ဒုတိယ

ဘဝမပေးပေတဲ့ သတ္တမဇောစေတနာက ဒုတိယဘဝ သူပေးရမယ်၊ အဲ,ဒုတိယဘဝ သူမပေးဘူး၊ သတ္တမဇောစေတနာ သူမရဘူး၊ အလယ်ဇောငါးချက် အပရာပရိယကံဆိုတာ ရှိသေးတယ်၊ အဲဒါတွေက ကြွင်းကျန်နေသေးတာ၊ အဲဒီတော့ သူဌေးသား ဖြစ်တဲ့ဘဝမှာ ဘယ်လောက်စိတ်ကောင်း ရှိသလဲဆိုတော့ အင်မတန်' သဒ္ဓါတရားနဲ့ ထက်မြက်ပြီးတော့ လှူလိုက်တန်းလိုက်ထာတွေ၊ သီလဆိုတာလဲ အမြဲဆောက်တည်လို့ ရတနာသုံးပါး အင်မတန် ကြည်ညိုလေးစားတာပေါ့၊ သူဌေးသား အင်မတန် ရတနာသုံးပါးကို ဆည်းကပ်တယ်၊ ကုသိုလ်ကောင်းမှုတွေလဲ အင်မတန်ပြုတယ်၊ ဘယ်လောက်ပင် ဒီ ကုသိုလ်ကောင်းမှုတွေ ပြုနေပေတဲ့ သူ့ရဲ့ကုသိုလ်ကောင်းမှု ဇနကကံ သတ္တိက ကောင်းရာသုခပေးရမှာ အမှန်ပေါ့၊ အဲဒီလို ကောင်းရာသုခ ပေးမယ်လို့ တခါဇနကကံ သတ္တိက ပြုပြင်ပြန်တော့ ဥပဃာတက ကံက ဝင်လာပြန်တယ်၊ မင်းတို့အလှည့်ချည်းဘဲ မရဘူးကွ၊ ဒီကောင်ဟာ ဟိုပန်းထိမ်သည်ဘဝတုန်းက မိစ္ဆာစာရကံတွေ ကျူးလွန်လာတာ၊ ငါ့အလှည့် ကြုံပြီ ဆိုပြီး ဥပဃာတကကံ အကုသိုလ်က ဝင်ဖြတ်ပြီးတော့ ဟို အပါယ်ငရဲ တခါထဲသွားပေးလိုက်တယ်၊ ငရဲပြည် တခါထဲ ကျသွားတယ်၊ ငရဲပြည်ရောက်သွားရော၊ အဲဒါ ဒီသတ္တမဇောစေတနာ၊ ဒုတိယဘဝမှာ ဒီကုသိုလ်တွေဟာ ကောင်းရာသုခ လူ့ပြည် နတ်ပြည် ပေးရမှာအမှန် မပေးနိုင်တော့ဘူး၊ ဥပဃာတက ကံက အားကောင်းတဲ့ အတွက်ကြောင့် တခါထဲ ငါ ဖြတ်မယ်ကွယ်ဆိုပြီးတော့ အတင်းဖြတ်တယ်၊ ကုသိုလ်ကံကို အကုသိုလ်ကံက ဖြတ်ထာ။

ရှေးဦးစွာ ဟိုမှာ အကုသိုလ်ကံကို ကုသိုလ်ကံက ဖြတ်ပြီးတော့ သူဌေးသားဘဝကို ပေးလိုက်ထာလေ တွေ့ပြီမဟုတ်လား၊ ဟောဒီနေရာကျတော့ ဥပဃာတက ကံကသူ၏ ကုသိုလ်ကံကို အကုသိုလ်ကံက ဖြတ်ပြီးတော့ ဟော ငရဲပြည်ပေးလိုက်တယ်၊ ငရဲပြည် ရောက်သွားပြီ၊ ဟော, ဘယ်လောတ် ကြောက်ဘို့ ကောင်းသလဲ၊ ဒါ မိစ္ဆာစာရကံ၊ အဲဒီလို ငရဲပြည်မှာ စုံ ဆန် ပြောင်းပြန် ခံပြီး နေရာက လွတ်လာရော၊ တာရှည်မနေရဘူး၊ သူတို့က ဗျာဒိတ်ရ ပြီးသား ပုဂ္ဂိုလ်တွေ၊ ငရဲပြည်မှာ တာရှည် မနေရဘူး၊ ငရဲပြည်က တခါ လွတ်လာ တော့ခါ ဘယ်ဘဝ သူ ရောက်လာသလဲ ဆို

တော့ ရေပြည်က လွတ်လာတော့ တို့နွားဘဝ နွားလား ဥဿဘ ဖြစ်လာတယ်၊ သခင် လုပ်တဲ့ သူက သူ့ကို တခါထဲ သင်းကွပ် လိုက်တာပေါ့၊ သင်းကွပ်ခံရတယ်၊ သင်းကွပ်ပြီးတော့ သူ့ကို ဘာ လုပ်သလဲ နွားဘဲ ဝန်ရုံးရတာပေါ့၊ သူ့ကို တခါထဲ လှည်းထမ်းပိုးနဲ့ ဝန်အပြည့်တင်ပြီး တို့ အနန္တာအလောင်းကြီး နွားအဖြစ်နဲ့ လှည်း ရုံးသောရတယ် တဘဝ၊ အဲနွားအဖြစ်နဲ့ လှည်းရုံးပြီးတော့ နောက် စုတေသွားပြန်ရော၊ စုတေသွားတော့ ဘယ်ရောက်သွားသလဲ ဆိုတော့ ဆိတ်ဘဝတခါ ရောက်သွားတယ်။

ဆိတ်ဘဝရောက်ပြန်တော့ သခင်ကဘယ့်နဲ့လုပ်သလဲ၊ ဒီအကောင် တော့ ခိုင်းမှဘဲဆိုပြီး ဆိတ်ကို သင်းကွပ်ပစ်လိုက်ပြန်ရော၊ သင်းကွပ် ပြီးတော့ သူ့ကို လှည်းရုံးခိုင်းတယ်၊ လှည်းယဉ်လေးနဲ့ ဆိတ်ကို တပ်ပြီး သူ့ကိုရုံးခိုင်းတယ်၊ ဟယ်ဆိတ်ဘဝမှာ အာနန္ဒာ အလောင်း ကြီးလေ ဆိတ်ဘဝမှာ လှည်းရုံးနေရပြန်တယ်၊ ဒါနဲ့ သူ့အဖြစ် အကုသိုလ်ကံကြွင်းတွေ ကုန်ပြီလားဆိုတော့ မကုန်သေးဘူး၊ အဲဒီ ဆိတ်ဘဝကနေပြီးတော့ တခါစုတေမနေ သေလွန် သွားတဲ့ အခါ ကျတော့ ဘယ်ရောက်သွားသလဲ ဟိုမျောက်ဘဝ တခါ ရောက် သွားတယ်။

မျောက်ဘဝ ရောက်သွားရော၊ မျောက်ဘဝ ရောက်ပြန်တော့လဲ သူ့ကိုတခါတဲ မျောက်တိုးကြီးက သူမျောက်ဘဝဖြစ်တော့ အထီးကိုး၊ ဒါနဲ့ မျောက်ထီးကြီးက လက်မခံဘူး၊ သူ့ကို တခါထဲ ဝှေးစေ့ကို ကိုက်ဖြတ်လိုက်တာဘဲ၊ မျောက်ဘဝက စုတေသွားပြန်ရော စုတေ သွားပြန်တော့ ဘယ်ဘဝ ရောက်သွားပြန်သလဲ နပုန်း ပဏ္ဍုက် အဖြစ်နှင့် လူ့ဘဝကိုရတယ်။

နပုန်းပဏ္ဍုက်, နပုန်းပဏ္ဍုက် ဆိုတာ မိန်းမလဲမဟုတ် ယောကျ်ား လဲမဟုတ်ဘူး၊ နပုန်းပဏ္ဍုက်ဘဝ ရသွားရတယ်၊ အဲဒါပန်းထိမ်သည့် ဘဝက အကုသိုလ်မိစ္ဆာစာရကံအကျိုး၊ ဘယ်လောက်ကြောက်ဘို့ ကောင်းသလဲ၊ ဒါအလောင်းတော် မို့လို့ အလောင်းတော် မို့လို့၊ အလောင်းတော်များ မဟုတ်လို့သာဖြစ်လျှင်တော့ ပြီးရောပြီးရော ဘယ်လိုဖြစ်မယ်ဆိုတာ စိတ်တောင် မကူးဝံ့ဘူး၊ သိပ်ကြောက်စရာ ကောင်းတာ။

ပဥ္စဓာတိ သတံ-ဇာတ္တိ၊ နပုံသကံ တထေဝစ
ဖိဂ္ဂဿာပိ ကုဋ္ဌာစဇာဒံ၊ ပရဒါရသ ဒေါသကာ၊

ဘိက္ခဝေ-ချစ်သားတို့၊ပရဒါရသ-သူတပါးအိမ်ရာကိုလွန်ကျူးသောသူအား၊ဇာတ္တိစ-မိန်းမ၏အဖြစ်သည်လည်း၊ ပဥ္စဓာတိသတံ- ဘဝငါးရာသည်၊ ဟောတိ - ဖြစ်၏၊ နပုံသကံစ-နပုန်းပဏ္ဍုက်အဖြစ်သည်လည်း၊ ပဥ္စဓာတိသတံ-ဘဝငါးရာသည် ဟောတိ-ဖြစ်၏၊ဖိဂ္ဂဿာပိ-စက်ဆုပ်ရွံရှာဘွယ်လည်းဖြစ်သော၊ ကုဋ္ဌာစ -နူနာစွဲသော အဖြစ်သည်လည်း၊ ပဥ္စဓာတိသတံ-ဘဝငါးရာသည်၊ ဟောတိ-ဖြစ်၏- ဇာဒံ - ဤသို့ဖြစ်ခြင်းသည်ကား၊ပရဒါရသ- သူသားအိမ်ရာကို လွန်ကျူးသော သူ၏၊ ဒေါသကာ-အပြစ်ပေတည်း။

အဲဒါပရဒါရကံများဟာ ဘယ်လောက်ကြောက်စရာ ကောင်းသလဲ ဟိုအပါယ်ငရဲမှာ အရင်ကျူရအုံးမယ်၊ ငရဲပြည်က လွတ်လာသည် တိုင်အောင် ဟောမိန်းမအဖြစ်မှာ ဘဝငါးရာ နပုန်းပဏ္ဍုက်အဖြစ်မှာ ဘဝငါးရာ, ကုဋ္ဌာနူနာစွဲသော အဖြစ်မှာ ဘဝငါးရာ ဒါမိဿာစာရကံ အစစ်၊အခုအာနန္ဒာဟာ ခုနဖြစ်သွားတာဘာလဲ ငရဲမှာကျသွားတယ်၊ ငရဲကလွတ်လာတော့ နွားဖြစ်တယ်၊နွားဘဝက ဆိတ်ဖြစ်တယ်၊ ပြီးတော့ မျောက်ဖြစ်တယ်၊ မျောက်ဘဝက နပုန်းပဏ္ဍုက် ဖြစ်တယ်၊ နပုန်းပဏ္ဍုက်က သေသွားတဲ့ အခါ ကျတော့ ဟို တာဝတိံသာ နတ်ပြည်မှာ သိကြားမင်းရဲမိဖုယား သွားဖြစ်တယ်၊မိန်းမသွားဖြစ်တယ် အာနန္ဒာ၊ အာနန္ဒာ အလောင်းကြီး သိကြားမင်း၏ မိဖုယားကြီး သွားဖြစ်တယ်။

## အင်္ဂတိမင်းကြီး၏ သွီးတော် ရုစာ

အဲဒီလို သိကြားမင်း၏ မိဖုယားကြီး ဖြစ်ပြီးတဲ့နောက် အဆင့်ဆင့် နတ်မင်းကြီးတွေရဲ့ မိဖုယားလဲ ဖြစ်တယ်၊ နတ်ပြည်မှာနတ်သွီးဘဝနဲ့ ချည်းဘဲခြောက်ဘဝနေခဲ့ရတယ်၊ အဲဒီခြောက်ဘဝ နေပြီးတဲ့အခါကျတော့မှ လူ့ပြည်ပြန်ဆင်းလာတယ်၊ လူ့ပြည်ဆင်းလာတော့ဘာလာ ဖြစ်သလဲဆိုတော့ အင်္ဂတိမင်းကြီးရဲ့သွီးတော် ရုဇာမင်းသွီးရယ်လို့ရှိလာ

ဖြစ်တယ်၊ယောက်ျားဘာ မရှာသေးဘူး အာနန္ဒာအလောင်း၊ ဗျာဒိတ် ရပြီးသားပုဂ္ဂိုလ်ကြီး၊ မတော်တဆများ ဘဝင်ါးရာခံနေရမယ်ဆိုလျှင် ဒုက္ခဘဲ၊ ငါးရာတော့မပြည့် ပါဘူး၊အဲဒီအင်္ဂတိမင်းကြီးသွီး ရုဇာမင်း သ္မီးရယ်လို့ လာဖြစ်တယ်၊ လာဖြစ်တဲ့အခါကျတော့ သဒ္ဓါတရားသိပ် ကောင်းတာကိုး ဥပုသ်နေ့ဥပုသ်နေ့ဆိုလျှင် အမြဲတမ်းသီလဆောက် တည်၍ ပန်းရေချမ်းဆီမီးနှင့်တကွ အလှူအတန်းတွေပြု ဥပုသ်သီတင်း တွေစောင့် အမြဲနိစ္စပါတ်ဝတ်ကို သူပြုတယ်၊ အဲဒီလိုပြုလုပ်တဲ့အခါ ဖအေလုပ်တဲ့ အင်္ဂတိမင်းကြီးကလဲ သွီးတော်ကို တယ်ချစ်ထာကိုး၊ ချစ်တဲ့အခါကျတော့ တလကိုတကြိမ်တကြိမ် အသပြာ သ္မီးတော်ကို အလိုရှိတိုင်းပေးတယ်၊ အင်္ဂတိမင်းကြီးဟာ အရင်တော့ အသူဝါဒဟာ ဖြောင့်နေတာ၊ နောက်တော့ မိတ်ကောင်းဆွေကောင်း မရတဲ့အတွက် တညလသာတဲ့အခိုက်မှာ အကြံတခုဖြစ်ပေါ်လာတယ်၊ ခုနယ်အခါ များ ဘယ်လိုပုဂ္ဂိုလ်မျိုးနဲ့ သလ္လာပအလ္လာပစကားပြောလို့ ကောင်းစွာ မွန်စွာ ငါနေရပါမလဲလို့ ကြံစည်ပြီး သကာလ အမတ်တွေကို တိုင်ပင်တာကိုး။

အမတ်တွေတိုင်ပင်တဲ့အခါကျတော့ အမတ်မိုက်တွေနဲ့ သွားတွေ့ တယ်၊ အမတ်မိုက်တွေဟာ မိစ္ဆာဒိဋ္ဌိကိုးကွယ်တဲ့အမတ်တွေ၊ မိစ္ဆာ ဒိဋ္ဌိအစေလက ကိုးကွယ်တဲ့အမတ်မိုက်တွေနဲ့ သွားတွေ့တော့ ဟာသင် မင်းကြီး ဒီလိုဆိုလျှင် ကျွန်တော်မျိုးမှာ ဆရာရှိပါတယ်၊ ကျွန်တော် မျိုးဆရာခ် လိုက်ခဲ့ပါဆိုတော့ ကောင်းပြီဆိုပြီး လိုက်သွားရော၊ လိုက်သွားတော့ သူတို့ဆရာထံရောက်သွားတယ်၊ အလုံးစုံမင်းကြီးက ကိစ္စအခုပ်ရပ်တွေ့မေးလျှောက်တဲ့အခါ ဟိုကဟောလိုက်ထာကိုး၊ အဲ အကုသိုယ်လဲမရှိဘူးတဲ့ အကုသိုလ်ပြုလဲ အကုသိုလ်မဖြစ်ဘူးတဲ့ ဟောတဲ့ဆရာက၊ ကုသိုလ်ပြုလဲ ကုသိုလ်မဖြစ်ဘူးတဲ့၊ ကမ္ဘာလေး ဆယ် ကမ္ဘာလေးဆယ်အတွင်း ဘာမှမဖြစ်ဘူးတဲ့၊ သူမြင်တာက ကမ္ဘာလေးဆယ်မြင်တာကိုး၊ အံမယ်ရှေးကတိတ္ထိတွေပေမဲ့ တန်ခိုးအ ကြီးသား၊ ကမ္ဘာလေးဆယ် မြင်တယ်၊ မြင်တဲ့အတွက်ကြောင့် သူကဘာလဲ ဒီကမ္ဘာလေးဆယ်အတွင်းမှာ ဘာမှမဖြစ်ဘူး အကုသိုလ် ပြုလဲ အကုသိုလ်မဖြစ်ဘူး၊ ကုသိုလ်ပြုလဲကုသိုလ်မဖြစ်ဘူးတဲ့၊လောက အာရုံ ကာမဂုဏ်နှင့် မွေ့လျော်ပြီးသကာလ ပျော်ပျော်ပါးပါးနေနိုင်

လျှင် အကောင်ဆုံးဘဲ အလကားကိုယ့်ကိုယ်ကို အပင်ပန်းခံပြီးတော့ မနေရဘူးတဲ့။

ဟာဒီတော့ သိပ်သဘောကျသွားတာပေါ့၊ ဘာဖြစ်လို့လဲ နဂိုရှိမူလက ကိလေသာအာရုံ ကာမဂုဏ်တွေနဲ့ ပျော်မွေ့နေတဲ့ပုဂ္ဂိုလ်ဘဲ ဆရာလုပ်တဲ့လူက မျဉ်းကြောင်းလိုက်တော့ အင်မတန် ဝမ်းမြောက်သွားတာပေါ့၊ ဝမ်းမြောက်သွားတာ၊ ဟာဟုတ်တယ်၊ အသင်မင်းကြီးတဲ့ သူ့နောက်ကအမတ်တွေကထောက်ခံကြတယ်၊ ကျွန်တော်မျိုးဟာ ဘယ်ဘဝတုံးကသူဌေးဖြစ်တယ်ကုသိုလ်ကောင်းမှုတွေပြုပေမဲ့အပါယ်ကျခဲ့ရတယ်ဆဲဒီလိုကိုးဘဝမြင်တဲ့ပုဂ္ဂိုလ်တွေသူတို့ကလဲတဘဝမြင်နှစ်ဘဝမြင်တွေကိုး၊ ဆဲဒီတော့ကျွန်တော်မျိုးဟာ ဘယ်တုန်းကအကုသိုလ်အမှု တွေပြုခဲ့တယ်၊အခုလဲဒီဘဝအမတ်လာဖြစ်တယ်၊ သူကဒီလိုကိုး၊ဒီလိုဘဲဘဝမြင်တဲ့ပုဂ္ဂိုလ်တွေ ဇာတိသရညာဏ်ရတဲ့ပုဂ္ဂိုလ်တွေ သူတို့ပြောတော့ ခုနကဆရာကလဲဟောတယ်၊ဒီပုဂ္ဂိုလ်တွေကလဲ ထောက်ခံချက်ပေးတော့ အင်္ဂတိမင်းကြီးက ယုံတာပေါ့၊ ယုံကြည်တဲ့အခါကျတော့ နန်းတော်ပြန်လာပြီး အမတ်တွေခေါ်၊ ခေါ်ပြီးတော့ အမတ်တွေကိုတိုင်းပြည်လွှဲအပ် မင်းတို့ ဒီကနေ့ကစပြီး တရားကို ဖြောင့်မှန်စွာစီရင်ကြ၊ ငါသည် လောကအာရုံ ကာမဂုဏ်စည်းစိမ်တို့ဖြင့် မွေ့လျော်မယ်ဆိုပြီးတော့ ဆဲဒီနေ့ကစပြီးတိုင်းရေးပြည်ရေးတွေကို ဘာမျှပြန်မကြည့်ဘဲ ကာမဂုဏ်နဲ့ လိုက်စားပျော်ပါးပြီးသကာလ မွေ့လျော်နေတာပေါ့။

ဆဲဒီလို ကာမဂုဏ်ဖြင့် မွေ့လျော်လိုက်စားပြီး ထင်သလိုနေတဲ့အခါကျတော့ ရုဇာမင်းသမီးက ကြားရော၊ကြားပေတဲ့လဲ အခါမဟုတ်တော့ အဘကို သူမပြောနိုင်ဘူး၊အဲ သူ့အချိန်စေ့လို့ လပြည့်တိုင်ရောက်သောအခါ ညချမ်းကာလ ဆဲဒီတော့မှ အဘထံသူဝင်တာကိုး ဥပုသ်သီတင်းစောင့်ပြီး အဘထံဝင်တဲ့အခါကျတော့ အဘက သမီးကို အင်မတန် ချစ်ထာ၊ ချစ်တဲ့အခါကျတော့ သူ့အဘ၏၊ အဆူပူတွေကိုအကုန်မေးရော၊ မေးတော့ အဘလုပ်တဲ့ပုဂ္ဂိုလ်က ပြောတာပေါ့၊ပြောတော့မှ ဆဲဒီအင်္ဂတိမင်းကြီးကို ရုဇာမင်းသမီးက ဥပမာအမျိုးမျိုးနဲ့ပြ တရားဟောတာ၊ သူက အာနန္ဒာတရားဘဏ္ဍာရိုးကြီးအလောင်း၊ သူကအင်မတန် တရားနဲ့လဲ ပြည့်စုံတယ်၊ ရုဇာ

ဇူ္ဆာသယ ၁၈၄–၁၆

မင်းသွီး တရားအကျင့်နဲ့လဲပြည့်စုံတော့ ဟောလိုက်တာ တညလုံး ဟောတာ၊ ဟောတာမှ ဘယ်လောက် အကြောင်းအကျိုး ပြသလဲ၊ သူဟာ နောက်က ဖြစ်ခဲ့တဲ့ဘဝတွေ အကုန်မြင်ရတယ်၊ဘယ်လောက် မြင်ရသလဲဆိုတော့ ခုနကပြောခဲ့တဲ့ ပန်းထိမ်သည်ဘဝက ဖြစ်လာတဲ့အကြောင်းတွေ သူမြင်ရတယ်၊ ပန်းထိမ်သည်ဘဝက ဖြစ်ခဲ့တာ တွင်မဟုတ်သေးဘူး၊နောက်ကဖြစ်ခဲ့တဲ့ ငရဲကျတာ သူသိတယ်၊နွားဖြစ်ခဲ့ရပုံ ဆိတ်ဖြစ်ခဲ့ရပုံ မျောက်ဖြစ်ခဲ့ရပုံ နပုန်းပဏ္ဍုက် လူ့ဘဝ ဖြစ်ခဲ့ရပုံ သိကြားမင်းကြီး၏မိဖုယား, နတ်မင်းကြီးတို့၏မိဖုယားဖြစ်ခဲ့ရပုံတွေကို အကုန်မြင်တာ သူက၊ မြင်တော့အကုန်ပြန်ပြော.ပြတယ်။

အဲဒီလို သွီးတော်ပြောတဲ့စကားကို အင်မတန်နားသာလို့ အဘလုပ်တဲ့ပုဂ္ဂိုလ်က နားထောင်နေတာ၊ အဲဒီလိုသွီးတော်ပြောတဲ့စကားတွေကို ချစ်မြတ်နိုး သဖြင့် နားထောင်နေပေတဲ့ အယူမစွန့်ဘူး၊ ဘယ်လောက်ခဲယဉ်းသလဲ ကြည့်စမ်း၊ အယူမစွန့်ဘူး သွီးတော်က၊တကတဲ အကျိုးအကြောင်းအမျိုးမျိုး ထုတ်ဖေါ်ပြီးတော့ ပြောပေမဲ့ မယုံဘူး၊ သူ့ဆရာပြောထားတာ နားမှာစွဲနေတယ်။ အဲဒီတော့ သွီးတော်မတတ်နိုင်ဘူး၊ ဘယ့်နှဲ့လုပ်ကြအုံးမလဲ၊ ဒီတော့ တို့ဒီမှာ သစ္စာဓိဋ္ဌာန်ပြုနေတာ သိကြတယ်မဟုတ်လား၊ သစ္စာတန်ခိုး ဘယ်လောက်ကြီးသလဲဆိုတာ ရုဇာမင်းသွီး မတတ်နိုင်တော့ဘူး၊ မတတ်နိုင်တော့ ဘာအားကိုးသလဲ သစ္စာအားကိုးရသပေါ့၊ သစ္စာအားကိုးရတယ်။ သစ္စာဆိုပွဲပြုရတယ်၊

ဘယ်လိုသစ္စာဆိုသလဲ ဆိုတော့—

> ကျွန်ုပ်အဘကို အယူဝါဒမှ စွန့်စေခြင်းငှါ တညလုံး ဟောပြောသော်လည်းအယူကို မစွန့်ဘူးတဲ့၊သို့အတွက်ကြောင့် ကျွန်ုပ်၏ အဘကို ကယ်ချွတ်နိုင်တဲ့ ပုဂ္ဂိုလ်များ အမြန်ဆုံးကြွရောက်ပေါ်ပေါက်ပါစေသတည်း ဆိုပြီးတော့ သစ္စာဓိဋ္ဌာန်ပြုတယ်။

အဲဒီလို သစ္စာဓိဋ္ဌာန်ပြုလိုက်တော့ နဲတာမဟုတ်ဘူး၊ လူ့ပြည်ကနေပြီးတော့ ဗြဟ္မာ့ပြည်ဟာ အဝေးကြီးပေါ့၊ ဘယ်လောက်ပင်ဝေးသော်လဲ ဗြဟ္မာ့ပြည်မှာ ဒီအခါတုန်းက တို့ ဂေါတမ မြတ်စွာဘုရားအလောင်း ဗြဟ္မာ ဖြစ်နေတုန်း နာရဒ ဗြဟ္မာကြီးပေါ့၊ ဗြဟ္မာကြီးကကြားတော့ ဟာ အင်္ဂတိမင်းကြီးအား ငါကိုယ်တိုင်မသွားလျှင် ဒင်းဧကန် အကျွတ်တရားရမှာမဟုတ်ဘူး ငါသွားမှဖြစ်မယ်၊ တို့ဘုရား

အလောင်းတော် ဇာတ်ကြီးဆယ်ဘွဲ့ ကြားဘူးတယ်မဟုတ်လား၊ တေ, ဇ, သု, နေ, မ, ဘူ, စံ, နာ, ဝိ, ဝေ ဆိုတာ၊ နာဒရဇာတ် နာဒရဆိုတာ ဇာတ်ကြီးဆယ်ဘွဲ့ထဲမှာပါတာ၊ နာဒရဟာ လူမဟုတ်ဘူး၊ ဗြဟ္မာ, ဗြဟ္မာကြီး၊ သို့သော်လဲ တို့ဒီမှာ အခုထင်နေတာက နာရဒရသေ့, ထိုဗြဟ္မာကြီးဟာ လူ့ပြည်လာတဲ့အခါ အင်္ဂတိမင်းကြီးကို တရားဟော သွားရမယ်ဆိုလျှင် ဘယ်အနေမျိုးနှင့် ငါသွားမှတော်မလဲလို့ ဆင်ခြင်လိုက်တယ်၊ ထို ဆင်ခြင်လိုက်တဲ့အခါကျတော့ လူ့ပြည်မှာ ရသေ့ရဟန်းကိုသာလျှင် လေးစားတယ်၊ ငါသည်ရသေ့အသွင်နှင့်သွားမယ်ဆိုပြီးတော့ ရသေ့အသွင် သစ်နက်ရေမျှားရုံပြီးတော့ ရသေ့တန်ဆာဆင်ပြီး တခါထဲကောင်းကင်ကလာတာ၊ ကောင်းကင်ကလာပြီးတော့ အင်္ဂတိမင်းကြီး ရှေ့တည့်တည့်က ရပ်တာ။

အဲဒီကောင်းကင်ကရပ်နေတဲ့ ရသေ့ကိုမြင်တော့ အင်္ဂတိမင်းကြီးဟာ ထိတ်လန့်သွားတယ်၊ ထိတ်လန့်ခြင်းဖြစ်သော်လဲဘဲ သူ့အယူဝါဒကျတော့ စွန့်ဘို့ ဘယ်နည်းမှ အာရုံမပြုဘူး၊ ဒါနဲ့ ရသေ့နဲ့ စကားဆိုကြတယ်၊ စကားဆိုတဲ့အခါကျတော့ ရသေ့က တမလွန်လောက ဘဝ၏အကြောင်း ဟောတာကိုး၊ တမလွန်လောက ဘဝ၏အကြောင်းကိုဟောတော့ အင်္ဂတိမင်းကြီးက နာရဒရသေ့ကြီးကို သရော်တယ်၊ သရော်ပုံကလေးကို မှတ်ထားကြ၊ ဘယ်လိုသရော်သလဲဆိုတော့။

အသင်ရသေ့၊ သင်သည် ဘဝရှိတယ်ဆိုတာ ယုံသလားတဲ့၊ ဟာ ဘယ်နှဲ့မယုံဘဲရှိမတုန်း ရှိတာဘဲ၊ ဟာဒီလိုဆိုလျှင် အသင်ဘဝကို ယုံလျှင် ကျွန်ုပ်ကို အသပြာငါးရာလောက်ချေးပါတဲ့၊ ဟိုဘဝကျလျှင် သင့်ကို ကျွန်ုပ်ဆပ်မယ်တဲ့၊ ရသေ့ကို သူကလှောင်တာ၊ ဒီလိုသင်သည် ဘဝကိုယုံကြည်လျှင် ကျွန်ုပ်ကို ခုဘဝမှာ အသင့်ထံမှ အသပြာငါးရာချေးပါရစေ၊ ကျွန်ုပ်ကိုချေးပါတဲ့၊ နောင်တမလွန်ဘဝကျတဲ့အခါ ကျွန်ုပ်သင့်ကို အသပြာငါးရာပြန်ဆပ်ပါ့မယ်တဲ့၊ အဲဒီတော့မှ နာရဒရသေ့က မင်းကြီးတဲ့ တပါးသူဆိုလျှင် ငါယုံတယ်တဲ့ တပါးသောသူကို ငါးဌေသပြာငါးရာမဟုတ်ဘူး တထောင်ချေးရမှာလဲ ငါမနှမြောဘူး ယုံကြည်တယ်၊ သင့်လိုပုဂ္ဂိုလ်မျိုး မချေးရဲဘူးတဲ့၊ ဘာဖြစ်လို့ သင့်ကို ငါချေးလို့ သင်သည် ဘဝတပါးမှာ ငရဲပြည်ရောက်နေခဲ့လျှင် ငါက လိုက်ပြီး သင် ငရဲပြည်မှာ ငါ့အသပြာ ငါးရာ ပေး

ရမယ်ဆိုလျှင် သင်ဘယ့်နဲ့လုပ်ပေးမလဲ၊ သင်ဘယ်နည်းနှင့်မှ မပေးနိုင်ဘူးတဲ့၊ ဒါကြောင့် သင့်ကို ငါမယုံဘူး၊ အခြားလူဆိုလျှင် ငါယုံတယ်တဲ့၊ သင်မင်းကြီးမှတပါးသူကို အသပြာငါးရာမဟုတ်ဘူး တထောင်, တသောင်းသောအသပြာကို ချေးနိုင်တယ်၊ အကျွန်ုပ်ယုံတယ်၊ သင့်ကိုတော့ မယုံဘူးတဲ့၊ ငရဲမှာ လူးပြီးခံနေရတဲ့ ပုဂ္ဂိုလ်တယောက်ထံမှ ဘယ်နဲ့လုပ်ပြီး အသပြာတောင်းလို့ရမလဲ၊ ဒါကြောင့်မို့ သင့်ကို ကျွန်ုပ် မယုံနိုင်ဘူးတဲ့။

အဲဒီလို နာရဒရသေ့က ငရဲနဲ့ချည်းဘဲ လှည့်လှည့်ပြီးတော့ချောက်လိုက်ထာ အဲဒီအခါကျတော့ တိုင်းကလူတွေတော့ မကြောက်လား ကြောက်လားမသိဘူး၊ အခုပြောတဲ့ အင်္ဂတိမင်းကြီးမှာ ထောက်တည်ရာမရဘူး၊ ချွေးဒီးဒီးကျသွားတာဘဲ၊ သိပ်ကြောက်သွားတာ၊ အဲကြောက်ပုံကလဲ ထောက်ရာတည်ရာမရအောင် ကြောက်သွားတာ၊ အဲဒီလို ကြောက်တော့မှ သူ့ဉာဏ်ချတော့တာကိုး၊ အရှင်ရသေ့၊ အကျွန်ုပ်အား ဤကဲ့သို့သော အပြစ်ဘေးတို့မှ ကင်းဝေးအောင် ကယ်တော်မူပါဆိုပြီးတော့ တောင်းပန်တာ နည်းတာမဟုတ်ဘူး၊ ဒီကဆုံးမလိုက်တာကလဲ ဘယ်လောက်ဆုံးမရသလဲ အနည်းငယ်မျှဆုံးမတာမဟုတ်ဘူး၊ နာရဒရသေ့ကလဲ ငေါက်ငန်းပြီးသကာလအမျိုးမျိုး တနိုးတော်နဲ့ ခြိမ်းချောက်ပြီး ဆုံးမရတယ်၊ အဲဒီတော့မှ သူကြောက် ရွံ့ပြီးတော့ အယူကို စွန့်တယ်၊ စွန့်တော့မှ ကောင်းပြီတဲ့ သင်ကြောက် ရွံ့လို့ရှိလျှင် ငါ့စကားကိုနားထောင်၊ ဒီကနေ့ကစပြီးတော့ကာ သီလကိုမပျက်စေနဲ့၊ အဋ္ဌင်္ဂဥပေါသထ သီလကို သီတင်းနေ့တိုင်း ဆောက်တည်ရမယ်၊ အလှူဒါနကိုလဲသင်မပြတ် ပေးလှူရမယ်ဆိုပြီး အဲဒီလို နာရဒရသေ့က ဆုံးမတော့မှ ကောင်းပါပြီ ဆိုပြီး ဝန်ခံတယ်။

အဲဒီတော့မှ သူ့အယူဝါဒတွေ စွန့်ပြီးတော့ သီလသီတင်း ဆောက်တည်လို့ သ္မီးတော်နှင့်လဲ သဘောတူသွားတာပေါ့၊ လှူရ တန်းရ သီလသီတင်းဆောက်တည်ရ, အဲဒီလို အကျွတ်တရား ရသွားတာ၊ အင်္ဂတိမင်းကြီး၊ အဲ ခုနပြောတဲ့ ရုဇာသ္မီးဟာ အကုသိုလ်ကံ ကြွင်းကုန်သွားတယ်၊ ကုန်သွားတော့မှ ဒီ မင်းသ္မီး စုတေသွားတဲ့ အခါ နတ်ပြည်မှာ နတ်သား သွားဖြစ်တယ်၊ အဲဒီတော့မှ မိစ္ဆာစာရကံ အကျိုးလွတ်သွားတယ်၊ အကုသိုလ်ကံများဟာ အလွန် ကြောက်စရာ

ကောင်းတာ၊ အဲ အခု ပြောတဲ့ အင်္ဂတိမင်းကြီးကတော့ ဘုရားအလောင်းနဲ့ တွေ့တဲ့ အတွက်ကြောင့် အကုသိုလ်ကံများ ပပျောက်ပြီး သွားတာပေါ့လေ၊ အကုသိုလ် ဆိုတော့ ပဟာတဗ္ဗ, ပယ်အပ်သော တရား၊ ကုသိုလ်က ပဟာယက, ပယ်တတ်သော တရား၊ အဲဒီက ပါလာတဲ့ အဆက်၊ အင်္ဂတိမင်းကြီး၏ ဘဝက အယူဝါဒဖွဲလမ်းခြင်း ဥပါဒါန် အဆက်ဟာ ဘယ်ကျအောင် လိုက်လာသလဲ, ခုနတုန်းက ဥရုဝေလကဿပဟာ အင်္ဂတိမင်းကြီးပေါ့။

အဲ ဒါကြောင့်မို့လို့ ဘုရားကိုယ်တော်မြတ် အဖုံဖုံ အခန်းခန်း အနည်းနည်း အသွယ်သွယ် အမျိုးမျိုးသော တန်ခိုးတွေပြတာ၊ ဘယ်လောက် တန်ခိုးတွေပြပြ ဂေါတမ တန်ခိုးသာကြီးပါတယ်ကွာ,တို့လို ရဟန္တာမဟုတ်ဘူး ဆိုပြီးတော့ အစွဲမပြုတ်ထာ၊ အဲဒါ အင်္ဂတိမင်းကြီးပေါ့၊ ခုနတုန်းကပြောတဲ့ ရုဇာမင်းသွီး တညလုံး ဟောတာ သွီးမို့လို့သာ အသံကို နှစ်သက်လို့နားထောင်နေတာ၊ အယူမစွန့်ဘူး၊ အဲ နာရဒရသေ့ကြီး လာပြီးတော့ ဟောတဲ့အခါလဲ တော်တော်နဲ့ အယူမစွန့်သေးဘူး၊ သူက ရသေ့ကိုတောင် သရော်လိုက်သေးတာ၊ အဲနောက်တော့မှ မြတ်စွာဘုရားအလောင်းတော် နာရဒရသေ့က ဟောပြောဆုံးမတဲ့အခါမှာ ကြောက်ရွံ့ပြီးတော့ အယူကို စွန့်သွားတာ။

အဲ ဒါကြောင့် ဒီက ဒကာ,ဒကာမတွေကလဲ မိမိတို့ စွဲလမ်းထားတဲ့ ဥပါဒါန်အယူတွေ စွန့်ဘို့ဟာ ဟောဘို့မလွယ်ဘူး၊ တချို့ အတော်စွဲတယ်၊ တချို့ သဿတဒိဋ္ဌိနဲ့စွဲတဲ့ ပုဂ္ဂိုလ်ရှိတယ်၊ ဥစ္ဆေဒဒိဋ္ဌိနဲ့စွဲတဲ့ ပုဂ္ဂိုလ်တွေရှိတယ်၊အမျိုးမျိုးစွဲတယ်၊ တချို့က လိပ်ပြာရှိတယ်,အသက်ရှိတယ် ထင်ထားတယ်၊ ဘယ်မှာလဲလိပ်ပြာလဲမရှိဘူး, အသက်လဲမရှိဘူး၊တချို့လူသေခါနီး အသက်ကလေးငင်နေတယ်၊အသက် မထွက်နိုင်တဲ့အခါ ဘယ်လောက်အစွဲအလမ်းကြီးသလဲ၊တို့ ဗုဒ္ဓဘာသာတွေဟာ ခေါင်းမိုးဖေါက်ပေးပါဆိုတော့အမိုးတွေဖေါက်ပေးတယ်၊ တချို့ခြင်ထောင်တွေ ရုတ်သိမ်းပေး အဲဒါတွေ သိပ် အစွဲအလမ်း ကြီးတာ၊ အင်မတန် အစွဲအလမ်းကြီးတာ၊ အဲ ဒါကြောင့်မို့လို့ ဒီအစွဲတွေဟာ တော်တော်နဲ့မကျွတ်ဘူး၊ ကျွတ်ဘို့ကဝိဇ္ဇာဉာဏ်ရမှ ကျွတ်တယ်။

အဲ အခုပြောနေတဲ့ တရားတွေဟာ ဝိဇ္ဇာဉာဏ်ရဘို့၊ ဝိဇ္ဇာဉာဏ်ရဘို့ကလဲ လွယ်လွယ်နဲ့ ရလို့ရှိလျှင်လဲ ခပ်ကောင်းကောင်းဘဲ၊ ဟော

ပြောရုံနဲ့ တရားထူးရသွားလျှင် သိပ်ကောင်းမှာဘဲ၊ တချို့ တရားဟော ဓမ္မကထိကတွေ ဟောသံကြားဘူးတယ်၊ ဘာတဲ့, တရားအားထုတ်နေစရာမလိုပါဘူးတဲ့၊ တရားသာနာတဲ့၊ တရားနာလို့ရှိလျှင် သိရောတဲ့၊ ဟော–သိထဲက ဘာဖြစ်သလဲ၊ သောတာပန်တည်သွားပြီ၊ အရိယာဖြစ်သွားပြီ၊ တယ်ကောင်းတာ၊ အဲဒီလိုသိလျှင် ပြီးရောဆိုတဲ့ စကားဟာ သိပ်ကောင်းတာ၊ သိလျှင်သိပ်ကောင်းတာပေါ့၊ အဲသိဘို့က သူတို့ကပြောရုံတော့ တယ်လွယ်တာဘဲ၊ အခု ဒီယောဂီတွေ အားထုတ်ကြည့်တော့ ဘယ်လွယ်လို့လဲ၊ သီလမြဲအောင်စောင့်ရတယ်၊ သီလနှင့်မပြီးသေးဘူး၊ ဝီရိယတရားလဲ အားထုတ်ရတယ်၊ သတိလဲ မြဲမြဲထားရတယ်၊ ဝီရိယ,သတိ ပြည့်စုံပြီးတော့ သမာဓိ ခိုင်အောင်လုပ်ရတယ်၊ အဲ သမာဓိ, စိတ်ဓာတ် တည်ငြိမ် လာတဲ့ အခါကျမှ ပညာဆိုတဲ့ ယထာဘူတ အမှန် ကျအောင် ရုပ်တွေ နာမ်တွေ,ဓာတ်တွေ, ကလာပ်တွေ,ပရမတ်တွေ, မတွေ့တွေ့အောင်ရှာ၊ အဲဒီလို ပညာစခန်းနဲ့ ယထာဘူတအမှန် ရုပ်မှန်း နာမ်မှန်း တကယ်သိလာတဲ့ အခါကျတော့မှ ဩဠာရိကရုပ် ဩဠာရိကနာမ် တရားဘဲ ရုပ်တရား နာမ်တရားတို့မည်သည်မှာ အနိစ္စ, ဒုက္ခ, အနတ္တ၊ ဟော, လက္ခဏာရေးသုံးပါး တခါထဲ ပေါ်လာတယ်၊ ဒါဉာဏ်စခန်းမှာပေါ်လာတာ၊ အဲဒီတော့မှ ဘုရားကိုယ်တော် မြတ်ကြီး ဟောတဲ့ တရားတွေ မှန်လိုက်တာ ဟာ သတ္တဝါမရှိဘူး၊ လူမရှိဘူး၊ နတ်မရှိဘူး၊ ဗြဟ္မာမရှိဘူး၊ ဘာရှိသလဲ ရုပ်နာမ်ဘဲရှိတယ်၊ ဟုတ်တယ် ယခု ငါတို့တွေ့နေပြီ၊ ငါတို့၏ ကိုယ်အတွင်း သန္တာန်မှာ အမှန် တကယ်တွေ့နေတာ ငါက မိမိကိုယ်ကို ငါဟူ၍ မှတ်ထင်နေတာ ငါဆိုတာ တစ်တလုံးမှ ရှာလို့မရဘူး၊ ကြည့်စမ်း ရုပ်တရားတွေ 'သဘာဝံ ဓာရေတီတိဓာတု' ဆိုတဲ့အတိုင်း သူ့သဘောနှင့် သူဆောင်ပြီးသကာလ သူ့သဘောနှင့်သူ ဖြစ်လိုကဖြစ် ပျက်လိုကပျက် ဟာ, အနိစ္စတရား မမြဲဘူးဆိုတာ မှန်လိုက်တာ မြတ်စွာဘုရား ဟောတာ ကြည့်စမ်း၊ နာမ်ရုပ်တရားတွေ တနာရီတမိနစ် တစက္ကန့်မှ မစဲအောင် အသစ် အဟောင်း အမြဲဘမ်း ပြုပြင် ပြောင်းလွဲနေတာ၊ အနိစ္စတရားတွေ သိ၊ ဟော, နိစ္စသညာ ကိလေသာတွေ ပျောက်သွားပြီ၊ ဒုက္ခအမှန် ဆင်းရဲသော တရားပါလား၊ ရုပ်တရား နာမ်တရားတို့သည် အလွန် ဆင်းရဲသော

ဒုက္ခတရားကြီးပါလား မြင်သွားပြီ၊ ဟောမြင်သွားကထဲက သုခသညာ ကိလေသာတွေ ပျောက်၊ ဩော် ကမ္ဘာကစွဲလာတဲ့ ငါလို့ အထင် အမြင်လွဲလာတဲ့ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ကွာသွားပြီ၊ ဟော အနိစ္စ, ဒုက္ခ,အနတ္တ လက္ခဏာရေး သုံးပါးသိသွားပြီ။

အဲဒီလို ရုပ်နာမ်တွေလို့ အနိစ္စကိုသိတာ နိဗ္ဗာန်ခေါ်တယ်၊ ဘာနိဗ္ဗာန် လဲဘုရားလို့ဆိုတော့ နိစ္စသညာ ကိလေသာ ငြိမ်းတဲ့ နိဗ္ဗာန်၊ မှတ်ထား ကြနော်၊ နိဗ္ဗာန်အစစ်ဘဲ၊ အနိစ္စကို ကြေနံ့သိ၊ ဩော် တကယ်ကို ရုပ် တရား နာမ်တရားတို့သည် မမြဲဘူး၊ တနာရီ, တမိနစ် တစက္ကန့်မှ မမြဲ ဘူး၊ အမြဲတမ်းဖြစ်ပျက်မစဲ တွေ့နေသောကြောင့် အနိစ္စဆိုတာ အမှန် ဘဲလို့ဆိုတာသေသေချာချာသိသွားကထဲက နိစ္စသညာကိလေသာပေါ် ကြသေးသလား၊ ပေါ်သေးလျှင် မဟုတ်သေးဘူးနော်၊ တို့က နိစ္စသညာ ကိလေသာ တခါထဲ ပျောက်သွားတာပြောတာ၊ တကယ်ကို ရုပ်နာမ် တွေ့၊ ဖြစ်ပျက်သိ၊ ဖြစ်ပျက်သိခြင်းကြောင့် ခိုင်မြဲတာရှာမရ အနိစ္စလို့ ခေါ်တယ်၊အဲဒီလို မခိုင်မြဲတဲ့ ဓာတ်သဘာဝ ခန္ဓာငါးပါးဆိုတာလဲမမြဲ၊ အာယတနခေါ်တဲ့ ရုပ်နာမ်လဲ မမြဲ၊ ဓာတ်ခေါ်တဲ့ ရုပ်နာမ်လဲမမြဲ၊ အမြဲ တမ်း ဖြစ်ပျက်မစဲ တွေ့နေသောကြောင့် နိစ္စသညာကိလေသာပျောက်၊ ဟော, နိဗ္ဗာန်ဘဲ၊ ဘာလဲ အနိမိတ္တ နိဗ္ဗာန်လို့ ခေါ်တယ်၊ အနိ မိတ္တ နိဗ္ဗာန် ဆိုတာ နိမိတ်၊ လူနိမိတ်တွေ နတ် နိမိတ်တွေ ပျောက်၊ ကိုယ် နိမိတ် ခေါင်းနိမိတ် ခြေနိမိတ်ပျောက်၊ ဟော, လက် နိမိတ် ခေါင်းနိမိတ်တွေပျောက်၊ အဲဒါ နိစ္စသညာ ကိလေသာပျောက် သွားတဲ့ အတွက် အနိမိတ္တ နိဗ္ဗာန်တဲ့၊ အဲဒါ နိဗ္ဗာန်ရသွားပြီ၊ ဒါဘယ် သူက သိကြသလဲ၊ကိုယ့်ကိုယ်ကိုယ်မှ သိမှာပေါ့၊ ငါသည် အနိစ္စအမှန် သိနေတယ်၊ နိစ္စပျောက်သွားပြီ၊ အနိစ္စကို အမှန်သိတဲ့ အတွက်ကြောင့် နိစ္စသညာ ကိလေသာငြိမ်းသွားပြီ၊ ဩော် လက်စသတ်တော့ နိစ္စ သညာ ကိလေသာ ငြိမ်းသွားတာ အနိမိတ္တ နိဗ္ဗာန်ပါလား၊ ဟော, နိဗ္ဗာန်၊ ဒါနိဗ္ဗာန်အစစ်ဘဲ၊ နိဗ္ဗာန်ရသွားပြီ၊ ဘယ်နိဗ္ဗာန်ရသွားသလဲ အနိမိတ္တ နိဗ္ဗာန်ရသွားပြီ သေသေချာချာ မှတ်ထားကြ။

ဒီတော့ နိဗ္ဗာန်ဟာ တောင်မှာနေသလိုလို, မြောက်မှာ နေသလိုလို, အရှေ့မှာလိုလို, အနောက်မှာလိုလို, ကိုမှာလိုလို, ဒီမှာလိုလို၊ အဲဒီလို ရှိးတီးရားတားမဖြစ်အောင်မှတ်ထား၊အနိစ္စကိုသိလျှင်ဖတ်ချဒါနိဗ္ဗာန်ဘဲ၊

အနိမိတ္တ နိဗ္ဗာန်ခေါ်တယ်၊ အနိစ္စကို တကယ်သိတဲ့ ပုဂ္ဂိုလ်ကို ပြောတာ၊ သို့လော သို့လောနှင့် ယုံမှားရှိနေတဲ့ ပုဂ္ဂိုလ် ပြောတာ မဟုတ်ဘူး တကယ့်ကို အဟုတ် ရုပ်နာမ်တွေလို့ မမြဲတဲ့ အနိစ္စ အမှန် သိလျှင် စိတ်ချပေတော့ အနိမိတ္တ နိဗ္ဗာန်ရသွားပြီ၊ တကယ့်ကို ချမ်းသာ ဆိုတာ မြူမျှရှာမရ ဒုက္ခတကယ် သိသွားတဲ့ဉာဏ်၊ အဲဒီလို နိစ္စသညာ ကိလေသာပျောက်တဲ့အမြင် ဒုက္ခကို အမှန်မြင်တဲ့ဉာဏ်၊ ဒုက္ခ အစစ်ကို အမှန်မြင်ပလား မြင်လျှင် ဘဝသံသရာ ကမ္ဘာက စွဲလာတဲ့ သုခ သညာ ကိလေသာရှိဘာပေါ့၊ အဲ သုခသညာ ကိလေသာ ပျောက် သွားပြီ၊ သုခသညာ ကိလေသာ ပျောက်သွားတဲ့ အတွက် နိဗ္ဗာန် ဘာနိဗ္ဗာန်လဲ၊ အပ္ပဏိဟိတနိဗ္ဗာန်၊ ဘယ်တော့မှ ဒီရုပ်နာမ် အဖြစ်ကို မတောင့်တတော့ဘူး၊အဲဒါ ငါဟာ အပ္ပဏိဟိတ နိဗ္ဗာန်ရောက်ပလား, မရောက်သေးဘူးလား, ကိုယ့်ကိုယ်ကို မေးကြည့်၊ မေးကြည့်ကြ၊ ဘယ်လိုမေးကြည့်ရမလဲ၊အပ္ပဏိဟိတဆိုတာ လူ့စည်းစိမ် တောင့်တ သေးသလား၊ နတ်စည်းစိမ် နတ်ချမ်းသာ တောင့်တသေးသလား၊ ဗြဟ္မာ့စည်းစိမ် ဗြဟ္မာ့ချမ်းသာတွေ တောင့်တသေးသလား၊ အပ္ပဏိ ဟိတဆိုတာ မတောင့်တဘူးတဲ့၊ တောင့်တနေသေးလျှင် ဘယ်အပ္ပ ဏိဟိတနိဗ္ဗာန်ရမလဲ မရသေးဘူး၊ လူမင်းဘဲ ချမ်းသာသလိုလို, နတ်ဘဲ ချမ်းသာသလိုလို, တကတဲ သူဌေး သူကြွယ်,ပဒေသရာဇ်ဧက ရာဇ် စကြာမင်္ဂလာတ်ဖြစ်ရလျှင် ချမ်းသာအုံးတော့မလိုလို၊ အဲဒီလို ထင် နေတဲ့ပုဂ္ဂိုလ်တွေ ဘယ်လာအပ္ပဏိဟိတနိဗ္ဗာန်ရမလဲ မရသေးဘူး၊ ဒုက္ခမှန်းသိလို့ လူလဲ မဖြစ်ချင်တော့ဘူး၊ လူ့ဘဝလဲ မတောင့်တ တော့ဘူး၊ ဒါဟာ အပ္ပဏိဟိတနိဗ္ဗာန်ဘဲ၊ နတ်လဲ မဖြစ်ချင်ဘူး၊ ဟော နတ်ဘဝလဲ မတောင့်တတော့ဘူး၊ ဒါဟာ အပ္ပဏိဟိတ နိဗ္ဗာန်ပေါ့၊ ဒါ နိဗ္ဗာန်အစစ်၊ ဘယ်သူကပြောပြော မယုံကြနဲ့နော်၊ လူတိုင်းသိချင်မှ သိတာ၊ ဒါက လူတထောင်မှာ တယောက် လူတသောင်းမှာ တယောက် သိချင်မှသိတာ၊ ဒါနိဗ္ဗာန်အစစ်၊ ဒါအပ္ပဏိဟိတ နိဗ္ဗာန် လို့ ခေါ်တယ်။

တကယ်ဒုက္ခမြင်တဲ့ ပုဂ္ဂိုလ်သဏ္ဍာန်မှာ ဟော သုညတ နိဗ္ဗာန်, အခုတွေ့သွားပြီ၊ဟာ,ရုပ်နဲ့နာမ် အမှန်တွေ့ကတဲက ဖြစ်ပျက်မစဲ သူ့သ ဘောနဲ့သူ ဖြစ်လိုကဖြစ် ပျက်လိုက ပျက်နေတဲ့ သဘောတရားကလေး

တွေဟာ ငါဆိုတာ တစ္ဆန်းတစမှရှာမရ အနတ္တ၊ အစိုးမရတဲ့တရားကြီး ပါကလား အနတ္တတွေ့သွားပြီ၊ ဘယ်အစိုးရလို့လဲ၊ ခန္ဓာကိုယ်အတွင်း သဏ္ဌာန်မှာ ကြည့်လိုက်စမ်း၊ ဦးခေါင်းကအစ ခြေဖျားကျအောင် ရုပ်တရားတွေ တမိနစ်တစက္ကန့်မှမစဲအောင် အမြဲတမ်း ပြုပြင်ပြောင်း လဲနေတာ ဘယ်သူက တားမြစ်လို့ရသလဲ၊ ဘယ်သူက အာဏာပေး လို့ရသလဲ၊ ဘယ်သူက တန်ခိုးနဲ့ပိုင်ဆိုင်လို့ရသလဲ မရဘူး၊ ဒါကြောင့် 'သဘာဝံ ဓာရေတီတိ ဓာတု'တဲ့၊ သူ့သဘောနဲ့သူ ဆောင်ပြီးတော့ သူ့သဘောနဲ့သူ ဖြစ်ချင်သလိုဖြစ် ပျက်ချင်သလို ပျက်နေတာ အနတ္တ အစစ်ပေါ့၊ ငါမဟုတ်ဘူးဆိုတဲ့ အနတ္တရတော့ အဲဒါ သုညတနိဗ္ဗာန်တဲ့ သုညတခေါ်တယ်၊ အဲဒါ နိဗ္ဗာန်အစစ်ဘဲ၊ သုညတနိဗ္ဗာန် အနိမိတ္တ နိဗ္ဗာန်, အပ္ပဏိဟိတနိဗ္ဗာန်ဆိုတာ အဲဒါနိဗ္ဗာန်ကို ရနေတာအမှန်၊ အဲ တို့ယောဂီတွေက ပရိယတ္တိမမြလဲမ တတ်၊ နိဗ္ဗာန် ကိုယ်တိုင် ရနေပေမဲ့ ရမှန်းသိချင်မှ သိမှာပေါ့၊ ခုနတုန်းက အနိမိတ္တနိဗ္ဗာန် အနိစ္စကို သိကတဲက အနိမိတ္တနိဗ္ဗာန် ရနေပြီ၊ ဟော, ဒုက္ခကိုသိတဲ့ ယောဂီက အပ္ပဏိဟိတနိဗ္ဗာန် ရနေပြီ၊ အဲဒါအစစ်ဘဲ၊အဲဒီနိဗ္ဗာန်သည် သာလျှင် အချမ်းသာဆုံး၊ နိဗ္ဗာန်ချမ်းသာကို ချန်လှပ်၍ ချမ်းသာသုခ မြူမျှမရှိဘူး၊ နိဗ္ဗာန်သည်သာလျှင် အချမ်းသာဆုံး၊အဲ ယခုဘယ်လောက် ချမ်းသာသွားသလဲ အနိစ္စကိုသိတာ၊ အရှင်ဘုရား ဘယ်လောက် ချမ်းသာသလဲ ချမ်းသာရုံ ဘယ်ကမလဲကမ္ဘာအဆက်ဆက် သံသရာ အဆက်ဆက်က နိစ္စသညာ ကိလေသာနှိပ်စက်လာခဲ့တဲ့ အတွက် ခံခဲ့ရတဲ့ ဘဝပေါင်းအနန္တ, ကြည့်စမ်းပါလား၊ အဲအခု အနိစ္စသိတဲ့ နေ့ကစ၍ နိစ္စသညာ ကိလေသာအတွက်နဲ့အနှိပ်စက် မခံရတော့ဘူး တခါထဲ ချမ်းသာသွားတာဘဲ၊ နိစ္စသညာကိလေသာ လာပြီးတော့ မနှိပ်စက်နိုင်တော့ဘူး၊ တခါထဲပြတ်။

အဲ ဘဝအသင်္ချေအနန္တ ကမ္ဘာ အဆက်ဆက်က သုခသညာ ကိလေသာ နှိပ်စက်လို့ ခံလာရတာ၊ အဲအခု ဒုက္ခကိုသိတာနဲ့ တပြိုင် နက်ထဲ ဟော, သုခသညာ ကိလေသာ အနှိပ်စက် မခံရတော့ဘူး၊ တခါထဲ ချမ်းသာသွားတော့တယ်၊ ချမ်းသာအစစ်ပေါ့၊ အဲဒါ နိဗ္ဗာန်

အစစ်ဘဲ၊ ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက်က ဒီ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိဆိုတဲ့ ကိလေသာတရားကြောင့် တကယ်ဘုံ-၃၁၊၃၁-ဆိုပေမဲ့ ၃၁- တော့အကုန်မပါဘူး ဟို-သုဒ္ဓါဝါသငါးဘုံတော့ ချန်ထား၊ သုဒ္ဓါဝါသငါးဘုံကို ရောက်လျှင်တော့ ဘယ်တော့မှ မပြန်တော့ဘူး၊ နိဗ္ဗာန်ကိုတခါထဲကူးတာ၊ အဲဒီ သုဒ္ဓါဝါသငါးဘုံကိုတော့ ဘယ်သူမှ မရောက်ဘူးသေးဘူး၊အဲ ကျန်တဲ့ဗြဟ္မာ ၁၅-ဘုံ၊အဲဒီ ဗြဟ္မာ ၁၅-ဘုံနှင့် နတ်ပြည်-၆-ထပ် လူ့ပြည် အပါယ် ၄-ပါး အဲဒါ မရောက်ဘူးတဲ့ သတ္တဝါ ဘယ်သူမှမရှိဘူး၊ ဘာပြုလို့ ရောက်သလဲ, အဲဒီ အတ္တဒိဋ္ဌိကြောင့် ရောက်ထာ၊ ဘယ်သူ့ ကြောင့်မှ ရောက်ထာ မဟုတ်ဘူး၊ ငါ ဆိုတဲ့ အတ္တကြောင့် ရောက်ထာ၊ အဲ ငါဆိုတဲ့အတ္တ ပျောက်သွားတာနဲ့ တပြိုင်နက်ထဲ သုညတ နိဗ္ဗာန်တဲ့၊ ဒါဘုရားဟောတာတွေ၊ တို့က သိအောင်လို့ ပြန်ပြောတာ တို့သိတာ မဟုတ်ဘူး၊ ဘုရားကိုယ်တော်မြတ်ဟောတဲ့ ကျမ်းဂန် အစောင်စောင်တွေမှာရှိလို့ ကျမ်းဂန်အရနဲ့ ပြန်ပြောတာ၊ အဲဒါ ကျမ်းဂန်ထဲမှာ သည့်အတိုင်း ပါတယ်၊ ကျမ်းဂန်ထဲ ပါတဲ့အတိုင်း တို့ယောဂီတွေက ကိုယ်တွေ့နှင့် စဉ်းစားကြည့်ပေါ့၊ဒါဟုတ်လား, မဟုတ်ဘူးလား၊ငါတို့အနိစ္စ တကယ်သိနေတယ်၊ ရုပ်တရား နာမ်တရားတို့သည် ခဏမစဲ တသဲသဲ ဖြစ်ပျက်နေတာ သိရသောကြောင့် မမြဲဘူးဆိုတဲ့ အနိစ္စ ငါတို့ သိနေတာ၊ သိတဲ့နေ့ကစ၍ မြဲတယ်ဆိုတဲ့သညာ တို့မှာပေါ်သေးသလား၊ ဟော,တခါမှ မပေါ်ဘူး၊ တနေ့မှ မပေါ်ဘူး၊ မြဲတဲ့ဘရား မြဲတဲ့သညာ ကိလေသာ တခါမှ မပေါ်ဘူး၊ ဟာ လက်စသပ်တော့ ငါအနိစ္စ သိတဲ့ နေ့ကစ၍ နိစ္စသညာကိလေသာကို ပယ်ပြီး သကာလ နိစ္စသညာ ကိလေသာ ငြိမ်းနေတာ၊ဒါနိဗ္ဗာန်အစစ် ငါရနေတာ ကိုယ့်ကိုယ်ကိုပ် သိရောပေါ့။

အဲဒါ သေသေချာချာသိဘို့ပြောတာ၊ ဟာ,ဘဝ အသင်္ချေအနန္တက သုခသညာ ကိလေသာတရား လွှမ်းမိုးပြီးသကာလ နှိပ်စက်ခံနေရတာ တကယ့်ကို ဒုက္ခကိုသိသဖြင့် ဟာ လူလောကကြီးကလဲ ဒုက္ခချည်း ပါလား၊ ဟာ နတ်ပြည်လောကမှာဖြစ်တဲ့ ရုပ်နာမ်တွေကလဲ ဒုက္ခ ပါလား၊ ဗြဟ္မာတွေမှာ ဖြစ်တဲ့ ရုပ်နာမ်တွေကလဲ ဒုက္ခပါလား၊ ငရဲ

တိရစ္ဆာန် ပြိတ္တာ အသူရကာယ် ပြည်မှာဖြစ်တဲ့ ရုပ်နာမ်ဟာလဲ ဒုက္ခ၊ ဟာ, တကယ်ဒုက္ခအစစ်ကြီးပါလားလို့ သိသွားပြီ၊ ဒုက္ခ အစစ်ကြီး သိသွားတဲ့ အတွက် ဒိဒုက္ခကို ဘယ်သူမှ မတောင့်တကြတော့ဘူး၊ မတောင့်တတော့ သုခသညာ ကိလေသာ ပျောက်နေပြီ၊ အဲဒါတကယ့် နိဗ္ဗာန်ပေါ့၊ ဘာလဲ အပ္ပဏိဟိတ နိဗ္ဗာန်၊ မတောင့်တတော့ဘူး၊ ဒီရုပ် နာမ်တရားတွေကို မလိုချင်တော့ဘူး၊ အဲဒါ အပ္ပဏိဟိတ နိဗ္ဗာန် အစစ်ဘဲ။

ကိုင်း ဒါနပြုလဲ အပ္ပဏိဟိတ နိဗ္ဗာန် အာရုံပြုသွားပြီ၊ဘာဖြစ်လို့လဲ ဒုက္ခကိုမှ မလိုချင်ဘဲ လူအဖြစ်ကို ဘယ်သူက ဆုပေးပေး မလိုချင်ဘူး၊ ဟာ,နတ်ပြည်ဟာ ဘယ်လောက် ကောင်းပါတယ်လို့ ဘယ်သူကပြော ပြော မလိုချင်ဘူး၊ ကြောက်သွားပြီ၊ သူများက ဟာ လူ့စည်းစိမ် နတ် စည်းစိမ်ဟာ ဘယ်လောက်ကောင်းသလဲလို့ဆိုလျှင်ဘဲ အဝိဇ္ဇာသမား တွေက အဝိဇ္ဇာ ဖုံးနေတော့ အချမ်းနေကာပေါ့၊ တယ်ကောင်းတာဘဲ မနေ့တနေ့က ဘုန်းကြီးဟောတယ် မဟုတ်လား ကထိန်တရား ဟော တဲ့ အခါကျတော့ ကထိန်ထဲမှာပါတဲ့ ကထိန်အကျိုးတွေ သံစာများ ခံစားရပုံ လှူတဲ့ ဒကာ ဒကာမတွေမှာ အဘိုး မဖြတ်နိုင်အောင် ခံစား ရတဲ့ အကျိုးတွေကို ဟောတော့ သိပ်ကောင်းတာပေါ့၊ အဲဒီတရားတွေ ခံစားချင်တယ်ဆိုလျှင် ဘယ်မှာ အပ္ပဏိဟိတ လာရမလဲ မရဘူး၊ ပဏိဟိတ တောင့်တခြင်း ဖြစ်ကုန်မှာပေါ့၊ အဲအခုတော့ တကယ် အစစ် ဒုက္ခကို မြင်ထားတဲ့ ယောဂါဝစရ ပုဂ္ဂိုလ်တွေ ဖြစ်သော ကြောင့် ဘယ်လောက်ကြီးကျယ်တဲ့ ကုသိုလ်ကြီးပြုပေမဲ့ အပ္ပဏိဟိတ နိဗ္ဗာန် မျက်မှောက်ပြုနေပြီး၊ ဘာပြုလို့လဲ မလိုချင်ဘူး၊ ဘဝသမ္ပတ္တိ မရှိ ဘောဂသမ္ပတ္တိမရှိ တခါထဲ တောင့်တခြင်း ကြောင့်ကြခြင်းကင်း၊ အဲဒါ အပ္ပဏိဟိတ နိဗ္ဗာန်ခေါ်တယ်၊ အနတ္တကို တွေ့တော့ ကမ္ဘာ အဆက် ဆက်က နှိပ်စက်လာခဲ့တဲ့ အတ္တဒိဋ္ဌိလေ၊ တို့ဒကာ ဒကာမတွေကို နှိပ် စက်ထား ငရဲ, တိရစ္ဆာန် ပြိတ္တာ, အသူရကာယ် အပါယ်လေးပါးကို အခါခါ ကျလာတာ ဘယ်သူလဲ အတ္တပေါ့၊ ငါဆိုတဲ့ အတ္တဒိဋ္ဌိ

သက္ကာယဒိဋ္ဌိကချတာ သူဟာ လက်သည် သူ့ကိုကြောက်တို့အကောင်း ဆုံးဘဲ၊ အဲဒီတော့ ဘုံ ၃–ပါးမှာ ချယ်လှယ်နေတဲ့တရား အပွားပေါ့။

အဲဒီ အတ္တဆိုတဲ့ ငါ ပျောက်သွားတဲ့ ပုဂ္ဂိုလ်ကျတော့ ဘာတဲ့လဲ၊ သုညတ နိဗ္ဗာန်ရသွားပြီ၊ ငါ ဒိကနေ့ကစ၍ အနတ္တကို ဇာကန်သိပြီ၊ အဲဒီ လို အနတ္တကို ဇာကန်သိတဲ့နေ့ အဲဒါ သုညတ နိဗ္ဗာန်ကို မျက်မှောက်ပြု တာပေါ့၊ ဒါနိဗ္ဗာန်မျက်မှောက်ပြုတယ်၊ နိဗ္ဗာန သစ္ဆိကိရိယာ ဆိုတာ ဘယ်လိုပြုမှန်း မသိကြဘူးပေါ့၊ အဲဒါ သိအောင်လို့ အာရုံ ပြုကြည့်၊ စဉ်းစားကြည့်၊ ကိုယ် တရား အားထုတ်တဲ့ အခါ ညဇိမ်ရော ဝင်တဲ့ အခါ ညက်နဲ့ ကြံကြည့်၊ ဟာ, တို့မြတ်စွာ ဘုရားက ဟောတာ ဒုက္ခသစ္စာ ပိုင်းခြား၍သိ သမုဒယ သစ္စာပယ် နိရောဓ သစ္စာ မျက်မှောက်ပြု မဂ္ဂသစ္စာ ပွါးဆိုတာ တို့ပွါး နေတဲ့ သီလမဂ္ဂင် ၃-ပါး သမာဓိမဂ္ဂင် ၃-ပါး ပညာမဂ္ဂင် ၂-ပါး အဲဒီမဂ္ဂင် ၈စ်ပါး တရားအကြောင်းပြုပြီးသကာလ ငါသည်ဘာတွေ့သလဲ၊ အနိစ္စ ငါတွေ့နေတာ၊အနိစ္စတွေ့ကတဲက ဒုက္ခသစ္စာအစစ်တွေ့နေပြီ၊ ဒုက္ခသစ္စာ တွေ့သောကြောင့် ဘာလဲ အနိမိတ္တနိဗ္ဗာန် ငါရနေပါပလားဆိုပြီး ကိုယ့်ဟာကိုယ်သိရောပေါ့၊ အဲ အနိမိတ္တနိဗ္ဗာန် သေသေချာချာရသွား ပြီ၊ ဒုက္ခကိုတွေ့ကတဲက အပ္ပဏိဟိတနိဗ္ဗာန်ရနေပြီ၊ အနတ္တကိုတွေ့က တဲက သုညတနိဗ္ဗာန်ရနေပြီ၊ အဲဒါနိဗ္ဗာန်မျက်မှောက်ပြုတာအစစ်ပေါ့၊ ဒါလဲ လူတိုင်းတော့ မသိဘူးပေါ့၊ အခုသိအောင်ပြောတာ ကျကျနန သာအားထုတ်၊ အားရပါးရ တို့မြတ်စွာဘုရား သာသနာတော်နှင့် ကြုံလာတာ ရှေးဘုန်းရှေးကံ ပါရမီသန်လို့ ငါတို့တွေ့ကြုံလာရတာ၊ ငါတို့ရတဲ့တရားဟာ၊ သာမညသာကေမဟုတ်ဘူး၊ တို့မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည် သင်္ချေ ၂၀- ကမ္ဘာတသိန်း ဖြည့်ကျင့်ပြီး တော့ ရှာလို့ရတဲ့တရားထူးကြီး၊ အဲဒီတရားထူးကြီးကို ယခုပေါ်ထုတ် ပြီးသကာလ သီလမဂ္ဂင်, သမာဓိမဂ္ဂင်, ပညာမဂ္ဂင်တရားနဲ့ ပေါ်ထုတ် ပေးလို့ ငါတို့ လွယ်လင့်တကူ သုံးဆောင်ခံစားရတယ်။

ဒါကြောင့်ဘုရားကိုယ်တော်မြတ်၏ သာသနာမှာငါတို့ကြုံလာရတဲ့ ကုသိုလ်အကျိုးဟာအင်မတန်မွန်မြတ်တဲ့ကုသိုလ်အကျိုးဘဲဘာပြုလို့လဲ ဘဝသံသရာက ဒီကဲ့သို့ ဘုရားသာသနာမှာ ပါရအောင် ဖြည့်ကျင့် ဘူးခဲ့တဲ့ ပါရမီထူးကံထူးတို့ကြောင့် ဒီတရားမျိုးကိုရတယ်ဆိုပြီးတော့

ယုံကြည်ကြပေါ့၊ ယုံလဲ ယုံကြည်ထိုက်ပါတယ်၊ သာမညနဲ့မရဘူး၊ ဒုလ္လဘတရားငါးပါးနဲ့ကြည့်မှ ယုံကြည်ထိုက်တာ၊ဒုလ္လဘတရားငါပါးနဲ့ ပြည့်စုံတာဟာ သာမညသာဝက ပါရမီနဲ့ မပြည့်စုံဘူး၊ တကယ့် အထွင့်အထိပ်ကို ရောက်ထိုက်တဲ့ ပါရမီနဲ့ပြည့်စုံလို့ တို့ဟာ ဒုလ္လဘ ငါးပါးနဲ့ လာကြုံတာ၊ ဤဘဝကစ၍ တို့ဟာ နိဗ္ဗာန်ကေန်မလွဲဘဲ ရတော့မယ်ဆိုတာ ယုံကြည်သော သဒ္ဓါတရားနဲ့ တရားအားမထုတ် ဘူးသေးတဲ့ ပုဂ္ဂိုလ်များလဲ ဒီနေ့ကစပြီးတော့ အားထုတ်ကြပေါ့၊ အားထုတ်ပြီးသောပုဂ္ဂိုလ်များက ဒီကနေ့ကစ၍ နေ့ရောညပါ အခါ ခပ်သိမ်း ငါတို့ ဒီတရားကို လက်မလွှတ်ဘဲ အမြဲတမ်းစောင့်ရှောက် ဆောက်တည်ပြီးတော့ ပွါးများမယ်ဆိုတဲ့ စိတ်ကို နှလုံး သွင်း ကြရမယ်။

# ပထဝီ ဇယ မန္တန်

ဝိပဿနာလုပ်ငန်းသည် သာသနာခေတ်နှင့် ကြုံတွေ့မှ တွေ့ကောင်းတဲ့တရား နိဗ္ဗာန်ရောက်ကြောင်းတရားက ဘုရားပွင့်တဲ့သာသနာခေတ်မှ တွေ့ကောင်းတယ်၊ ဒီလိုတွေ့ကောင်းဆုံကောင်းတဲ့ကာလ ကြုံတွေ့လာကြတဲ့ပုဂ္ဂိုလ်တွေ လျင်လျင်မြန်မြန်ကြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်ရကြပါစေလို့ မေတ္တာစေတ်နဲ့ တိုက်တွန်းပြီးတော့ ဒီတရားဟောရမှာဘဲ၊ သို့သော်လည်းဘုန်းကြီးစုပြောချင်တာကတော့ ပစ္စက္ခမျက်မှောက်ယခုကျရောက်တဲ့ ဘေးဆိုးကြီးက အလွန်အရေးကြီးနေတယ်၊ ဒီတော့ ပစ္စက္ခမျက်မှောက် ကျရောက်မယ့်ဘေးဆိုးကြီးကို ကာကွယ်ဘို့နည်းစနစ်တွေ ရှာဘို့တွေ့လဲရှိတယ်၊ တွေးလဲကြောက်ကြပေါ့၊ ပစ္စုပ္ပန်မှာတော့ အမှန်ဘဲ ဘေးကြီးဟာ တနေ့ထက်တနေ့ တလထက်တလ တနှစ်ထက်တနှစ် နီးကပ်လာတယ်၊ ကြပ်ကြပ်အချိန်ကုန်လာလေ နီးကပ်လာလေဘဲ။ ''အကုသလာ သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ''တဲ့ အပြစ်နှင့်တကွဖြစ်ခြင်း မကောင်းသောအကျိုးပေးခြင်း လက္ခဏာရှိကုန်သော၊ မှော- နိဿတ္တ နိဇ္ဇီဝသဘာဝါ-သတ္တလဲမဟုတ်ဇီဝလဲမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံပိဏ္ဍိတ္တ-ရှိကုန်၏၊ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ် တာဝတိံသာနတ်ပြည်မှာ မယ်တော်မိနတ်သား အမှူးထားပြီးတော့ နတ်တွေကို ဝါတွင်းသုံးလပတ်လုံးဟောတဲ့ အဘိဓမ္မာ ဓမ္မသင်္ဂဏီကျမ်းမှာ အကုသိုလ်သည် အပြစ်နှင့်တကွ မကောင်းသော အကျိုးကို ပေးမယ်တဲ့၊ အဲဒီတော့ အခုချက်ခြင်ကိုယ်တွေ့ တို့တရားနာတဲ့ ယောဂီပုဂ္ဂိုလ်တွေ ကိုယ်တိုင်သိကြားနေကြတာ ကာယကံအကုသိုလ်တွေ ဝစီကံအကုသိုလ်တွေ မနောကံအကုသိုလ်တွေက တကတဲ သူထက်ငါကောင်း တနေ့တရက်တမနက်မှမလပ် အမြဲတမ်းလေ့လာပြီးတော့ အားထုတ် နေကြတာ အဲဒီလို အားထုတ်နေကြတဲ့ ပရိသတ်ထဲမှာ အခုလာပြီး လူဖြစ်ရတယ်၊ ဒီလူဖြစ်ကြတဲ့အခါကျတော့ အရှင်ဘုရား အခုပြောတဲ့ ကာယကံအကုသိုလ် ဝစီကံအကုသိုလ် မနောကံအကုသိုလ်တွေကိုတပည့်တော်တို့ မပြုပါဘူးဘုရားလို့ တရားနာတဲ့ပုဂ္ဂိုလ်တွေကခြင်းကွက်ထုတ်မယ်ဆိုလျှင်ထုတ်နိုင်ပါတယ်။

အဲဒီကုသိုလ်ဓမ္မကို ပြုတဲ့ပုဂ္ဂိုလ်က အနည်းငယ်ခန့်သာ ရှိတယ်၊ အကုသိုလ်ပြုတဲ့လူကအလွန်များတယ်၊ဒီတော့အင်မတန်ကြောက်စရာ လန့်စရာကောင်းတဲ့ခေတ်အခုခေတ်ကြမ်းကြီးနဲ့လာပြီးတော့တွေ့ကြုံနေရတာ၊ ဒီခေတ်ဆိုး ခေတ်ကြမ်းကြီးကလွတ်ဘို့ရာတို့လက်နက်ကောင်းရှာဆိုတော့ လက်နက်ကောင်းဟာဘယ်မှာရှိသလဲ၊ လက်နက်ကောင်းကလောကမှာယခုရှိတဲ့သူတို့လောက လက်နက်တွေကတော့ထူးဆန်းပါပေတယ်၊ဘယ်လိုပင်ထူးဆန်းသော်လည်းတကယ်တမ်းကာကွယ်လို့ရမလားဆိုတော့ လူတိုင်းရချင်မှရမှာပေါ့၊ အခုတို့မြတ်စွာဘုရားသခင်ကိုယ်တော်မြတ် ထားတော်မူတဲ့ လက်နက်ကသာ မုချကာကွယ်ရေးကိုရနိုင်တဲ့ လက်နက်ကောင်းတဲ့၊ ဘာလဲ"ကုသလာ အနဝဇ္ဇသုခဝိပါကလက္ခဏာ" အပြစ်မရှိ ကောင်းသောအကျိုးကိုပေးခြင်း လက္ခဏာရှိကုန်သောတရားတဲ့၊ အဲဒီတော့ အပြစ်မရှိဘဲနဲ့ ကောင်းသောအကျိုးကို ပေးစေတတ်တဲ့တရားဟာ ဘယ်သူလဲ၊ ကုသိုလ်တရားတဲ့၊ အဲဒီတော့ ကုသိုလ်တရားသည်သာလျှင် မိမိတို့အားကိုးအားထားရာ ယုံကြည်မှီခိုရာဖြစ်တယ်၊ ကုသိုလ်ကိုတော့ လက်လွှတ်လို့မရကြဘူး၊သတိထားကြပေါ့၊သွားရင်လဲ သတိနဲ့သွားရမယ်၊ အိပ်ရင်လဲ သတိနဲ့အိပ်ရမယ်၊ ထိုင်နေလဲ အမှတ်မဲ့ထိုင်မနေနဲ့၊ သတိနဲ့ထိုင်နေပေါ့၊ ရပ်လဲသတိနဲ့ရပ်နေ၊ သတိတရား လက်ကိုင်ထားပြီးတော့ မိမိခုအခါမှာ ရှောက်ထက်ပိုပြီး အရေးကြီးတယ်လို့သဘောထားပြီး လေးလေးစားစားနဲ့ ကုသိုလ်ဘက်ကို ကြိုးစားပြီးအားထုတ်ဘို့ အင်မတန်ကောင်းတာပေါ့၊ အင်မတန်အားထုတ်ဘို့ကောင်းပါတယ်။

ဒီတော့ တို့စင်စစ်မုချအားဖြင့် အခုတွေ့ရမဲ့ ကပ်ဆိုးကပ်မွဲကြီးကမလွတ်နိုင်သလိုဖြစ်နေတယ်၊ ဘာလဲ အကြောင်းမတန် မဖြစ်သင့်တာဖြစ်ရတယ်၊ မပြုသင့်တဲ့ တရားတွေ ပြုကြတယ်၊ တယောက်နဲ့တယောက်ကို မေတ္တာစိတ်ဓာတ်တွေပျက်ပြီးတော့ သူ့သတ်,ငါ့သတ်, သူ့ငါ့ညှဉ်းဆဲ, ငါ့သူ့ညှဉ်းဆဲ စသည်ဖြင့် အမြဲတမ်းဖြစ်နေတယ်၊ အဲဒီတော့ မကောင်းသည့်အတွက် ဒီဘေးကြီးကလွတ်ရအောင် တို့မှာဘာရှိသလဲ ဆိုတော့ တို့မှာ လက်နက်ကောင်းက ရတနာသုံးပါးတည်းဟူသော လက်နက်ကောင်း ဂုဏ်ကျေးဇူးတရားဘဲရှိတယ်၊ အဲဒါရှေးကတုန်းကတော့ဘုန်းကြီးခဏခဏဥပမာပြောလေ့ရှိတာပေါ့၊အခု

ရှိတဲ့သူတို့မှာ ကာကွယ်ရေးလက်နက်တဲ့ အမျိုးမျိုး သူတို့ဟာသူတို့ ကာကွယ်ကြတယ်၊ ဗုန်းဆံကာကွယ်တို့တဲ့ ဟိုက်ဒရိုဂျင်ဗုန်းဆံကာကွယ်တို့တဲ့ အနုမြူဗုန်းကာကွယ်တို့တဲ့ ပြီးတော့ သတ်တို့လက်နက်တွေလဲ လုပ်နေဘာ အများကြီးဘဲ၊ အဲဒီလို အများကြီးနေ့စဉ်လုပ်နေတယ်၊ အဲဒီတော့ ဘုန်းကြီးများ ရှေးရာဇဝင် နိပါတ်တော်များမှာတွေ့ တာတော့ ကာကွယ်ရေးဟာ ဥပမာပြတာ-

**ပရောဟိတ်နှင့် မြေခွေး**

တို့ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး နန်းစံကဲ့အခါကျတော့ အမတ်ပညာရှိ, ပရောဟိတ်ပုဏ္ဏားရှိတယ်၊ အမတ်ပညာရှိ ပရောဟိတ်ပုဏ္ဏားက ဘာကိုတတ်သလဲဆိုတော့ သူ ပထဝီဇယမန္တန်ကို တတ်တယ်၊ ပထဝီဇယမန္တန်ကို တတ်တဲ့အခါ ဒီပထဝီဇယမန္တန်ကို သူတပါးကြားမှာသိမှာစိုးလို့ တောထဲကျောက်ဖျာပေါ်မှာ တယောက်တည်းသွားပြီးတော့ သရဇ္ဈာယ်နေတယ်၊ ပထဝီဇယမန္တန်ကို၊ အဲဒီလို ပထဝီဇယမန္တန်ကို ရွတ်ဖတ်သရဇ္ဈာယ်တဲ့အခါ ဘယ်သူရှိသလဲ ဆိုတော့ ဒီကျောက်ဖျာအောက်မှာ မြေခွေးတကောင်ရှိဘယ်၊ ဘယ်သူမှ ဒီပထဝီဇယမန္တန်ကို မရဘူး မသိဘူးလို့ အောင့်မေ့ပြီးတော့ ပရောဟိတ်ပုဏ္ဏားက ရွတ်ဖတ်သရဇ္ဈာယ်တော့ မြေခွေးက ကြားတာပေါ့၊ ကြားတော့ မြေခွေးကလဲ ရသွားရော၊ ရသွားတော့ ပရောဟိတ် ပုဏ္ဏား ရှေ့မှာဘဲ မြေခွေးက ထွက်ပြီး အသင် ပရောဟိတ်ပုဏ္ဏားတဲ့ သင်ရွတ်ဖတ်တဲ့ ပထဝီဇယမန္တန်ငါလဲရတယ်၊ အဲဒီတော့မှ ပုဏ္ဏားက ပညာရှိကိုး ကြည့်လိုက်တယ်၊ အသင်မြေခွေး ဒီပထဝီဇယမန္တန် အသင်ရရိုး မှန်လို့ရှိလျှင် ဒီမန္တန်သည် အသင့်ကို သတ်လိမ့်မယ်၊ ဒီမန္တန်သည် သင့်ကို သတ်လိမ့်မယ်၊ ဒီလိုဘဲ ပြောလိုက်တယ်။

ပြောလိုက်တဲ့အတိုင်းဘဲ မြေခွေးက ဟိမဝန္တာတော သွားပြီးတော့ တခါထဲ သူပထဝီဇယမန္တန်ကို ကျူးရင့်တာပေါ့၊ အဲဒီလို ပထဝီ ဇယမန္တန်ကြီး ကျူးရင့်လိုက်တဲ့အခါ တောသုံးထောင်မှာရှိတဲ့ ခြင်္သေ့, သစ်,ကျား, ဆင်,မြင်း သားရဲတိရစ္ဆာန် သတ္တဝါအနန္တ အကုန် သူ့ဆီကို လာပြီးတော့ ခစားရတယ်၊ ခစားရတော့ သူဘာကြီးနေသလဲ တိရစ္ဆာန်ထဲမှာ မိုးပ်, ရှင်ဘုရင်ပေါ့၊ သူက ပထဝီ ဇယ

မန္တန်ရတာကိုး၊ ပဘဝိဇယမန္တန်ရတော့ အဲဒီလိုဘဲ တိရစ္ဆာန်သားရဲအပေါင်းတို့အပေါ်မှာသူက တကယ့်အထွဋ်အထိပ်ရောက်နေတဲ့ ရှင်ဘုရင်မင်းကြီးဖြစ်နေတယ်၊ ဖြစ်နေတော့ မာန,မာနတက်သွားတာ ငါ ဒီလို တိရစ္ဆာန် သားရဲအပေါင်းတွေ အပေါ်မှာ အုပ်ချုပ်ရုံနှင့် ငါ့မှာ ဘာမှအရေးမလှဘူး၊ ဗာရာဏသီပြည်ကြီးကို ငါသွားပြီးတော့ အုပ်ချုပ်မင်းလုပ်ရလျှင် ဒါထက် ငါ တန်ခိုးရှိမယ်၊ ဗာရာဏသီပြည်ကို ငါ ခုသွားတိုက်မယ်ဆိုပြီးတော့ မြေခွေးက သူ ပထဝီဇယ မန္တန်ကို ကျူးရင့်ပြီး ရှိသမျှသော ခြင်္သေ့, သစ်, ကျား, ဆင်, မြင်း, သားရဲ တိရစ္ဆာန် အကုန်လုံး တောတိရစ္ဆာန်တွေနှင့် ဗာရာဏသီ ပြည်ကြီးဆီသို့ သူသွားတယ်၊ အံမယ် သူကပေတဲ့သတ္တိကောင်း၊ သူက စီးတော့ ခြင်္သေ့မင်းကိုစီးလို့၊ သူ့မိဖုယားက ခြင်္သေ့မကိုစီးလို့ ကျကျနန အဲဒီ ဗာရာဏသီပြည်ကို တခါတည်း ဝိုင်းထားတယ်။

တိရစ္ဆာန်သားရဲအပေါင်းတွေနှင့်ဝိုင်းပြီး သူဘာလုပ်သလဲဆိုတော့ ဗာရာဏသီဘုရင်ကြီးကို ရာဇသံပို့တယ်၊ သင်တို့ တိုင်းသူ ပြည်သားများတိုင်းပြည်ကိုအပ်မလား သို့မဟုတ်စစ်တိုက်မလားဆိုပြီးတော့ တိုင်းပြည်ကိုအပ်လျှင်အပ် မအပ်လျှင် စစ်ဘက်ရမယ်၊ အဲဒီလို သူတခါထဲ ရာဇသံပို့တယ်၊ ပို့တဲ့အခါကျတော့ မှူးမတ် ပညာရှိ ပရောဟိတ်ပုဏ္ဏားက သူတကိုယ်တည်းထွက်လာတယ်၊ လာပြီးတော့ ကောင်းပြီ အမောင်မြေခွေးတဲ့ သင်သည် ငါတို့ကို စစ်တိုက်မယ်ဆိုလျှင် သင် ဘယ်လိုလုပ်တိုက်မလဲ သင်တိုက်နည်းကို ပြောစမ်းလို့ဆိုတော့ ငါ ကေသရာဇာခြင်္သေ့မင်းကို အဟောက်ခိုင်းမယ်တဲ့၊ဟာ သင် တကယ်ခိုင်းမှာလားဆိုတော့ ဟာ ငါ တကယ်ခိုင်းမှာပေါ့တဲ့၊ ဒါဖြင့်ကောင်းပြီ သင်မြေခွေး ခဏဆိုင်းပါအုံး၊ ငါ တိုင်းပြည် ပြန်ပါရစေအုံးဆိုပြီး ပရောဟိတ်ပုဏ္ဏားက ဗာရာဏသီ ပြည်ကြီးထဲ ပြန်သွားပြီးတော့ မောင်းကြေးနင်း လယ်ခပ်စေတယ် အားလုံး အသက်ရှိတဲ့သတ္တဝါမှန်က မည်သူမဆို ဘာသံမျှမကြားရအောင် နားမှာအကုန်လုံး ဝါဂွမ်းဆို့ရမယ်လို့ အဲဒီလို နားမှာ ဝါဂွမ်း ဆို့ခိုင်း ပြီးတဲ့အခါကျ တော့မှ တပြည်ထောင်လုံး လူကြီးလူငယ်,လူငယ်လူလတ်မကျန် တိရစ္ဆာန်က အစ အသက်ရှိသော သတ္တဝါမှန်က အကုန်နားမှာဝါဂွမ်းဆို့ထားတယ်၊ ဆို့ပြီးတော့ ပရောဟိတ်ပုဏ္ဏားက ထွက်သွားတယ်၊ ထွက်သွားပြီး

ဘယ်နဲ့ပြောသလဲဆိုတော့ ကိုင်းမြေခွေးသင်သည် ကေသရာဇာခြင်္သေ့မင်းကို အဟောက်ခိုင်းမယ်ဆိုတာ အခုခိုင်းတော့လို့ တခါထဲသွားပြီးတော့ အမိန့်ပေးခိုင်းတယ်၊ မြေခွေးက သူ့ဘာမျှသိတဲ့ အကောင်မှမဟုတ်ဘဲ တခါထဲ ခြင်္သေ့ကိုအမိန့်ပေးပြီးတော့ အဟောက်ခိုင်းတာပေါ့၊ ခြင်္သေ့ဟောက်လိုက်တော့ကာ ခြင်္သေ့ဟောက်သံ ကြားတာနှင့်တပြိုင်နက် သူ့နှင့်ပါလာတဲ့ သားရဲတိရစ္ဆာန် အပေါင်းတွေဟာ အကုန်လုံးရင်ကွဲနာကျ သေကုန်ပါရော၊ သူကောလို့ဆိုတော့ မြေခွေးလဲသေတာဘဲ၊ ဘယ်ခံနိုင်မလဲ, မြေခွေးကတော်ကော မြေခွေးချော အကုန်သေ၊ သားရဲတိရစ္ဆာန် အပေါင်းတွေ အကုန်လုံးသေကုန်တယ်၊ အဲ ကေသရာဇာခြင်္သေ့ကတော့ တခါထဲ ဟိမဝန္တာသို့ ပြေးရော။

အဲဒီအခါမှာမှ ဗာရာဏသီ ပြည်သူပြည်သားတွေ ထွက်ပြီးတော့ ဒီသားရဲတိရစ္ဆာန်အပေါင်းတွေရဲ့ အသားကို စားသောက်ဘို့ရာ လှီးဖြတ်ပြီးတော့ ယူကြတယ်၊ ဘယ်ကုန်မလဲ မကုန်နိုင်တဲ့အဆုံး ဘာလုပ်ရသလဲ အမဲညှင်းထိုးကြတယ်၊ အမဲညှင်းထိုးတယ်ဆိုတာ အဲဒီကအစညှင်းထိုးတာ၊ အမဲသားတွေ ညှင်းထိုးပြီးတော့ နေလှမ်း ထားတယ်။ အဲ ဘယ်ကလောက် အားကြီးသလဲဆိုတာ သားအပေါင်းတွေ၊ အဲဒါဘုန်းကြီး ဥပမာပြောချင်လို့ အခုတို့တိုင်းပြည်မှာ လက်နက်အမျိုးမျိုးနဲ့တန်ခိုးတွေ ဖြစ်ပြီးတော့ နေတာ ဘယ့်နဲ့လုပ်ပြီးတော့ ဒီရန်သူတွေကိုကာကွယ်ကြမလဲဆိုတော့ ဘာနဲ့မှ ကာကွယ်လို့ရမှာမဟုတ်ဘူး၊ အခုဗုံးဆိုလဲ ချက်ခြင်းလောင်တာဘဲ၊ဘော်တော်ကြာ သူ့ပုန်ဆို ဝင်စီးဖြန်တာဘဲ၊ တယောက်တယောက်ကို မလစ်နဲ့ လစ်လျှင် နှံမယ် ဆိုတဲ့အနေမျိုးနဲ့ အတင်းသာကြံပြီးတော့ နှိပ်စက်နေတာဘဲ၊တို့မှာကာကွယ်ဘို့ ဘာရှိသလဲ၊ အဲ ဟိုကတော့ ပရောဟိတ်ပုဏ္ဏား ပညာရှိအမတ်၏စကားကို လိုက်နာပြီးတော့ လူတွေ၏နားမှာ ဝါဂွမ်းဆို့လို့ အားလုံးအသက်ဘေးမှ ချမ်းသာရာရတယ်၊ တို့ ဒီက ဒကာ-ဒကာမတွေ ဘာနဲ့လုပ်ကြမလဲ၊ လက်နက်ကောင်းရှာပေါ့၊ လက်နက်ကောင်း ရှာတော့ဘာတွေ့သလဲ ဝိပဿနာတရားဟာ အကောင်းဆုံးဘဲတဲ့၊ ဝိပဿနာတရားသည် အကောင်းဆုံးတရား၊ ဝိပဿနာတရားသည် အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ တို့ကို အမှန်သိအောင်, မြင်

အောင်, ထင်အောင် အားထုတ် နိုင်ခြင်းသည် ဒါ လက်နက်ကောင်း တခုပေါ့၊ အဲဒီလက္ခဏာနဲ့သာ ကာကွယ်ဘို့ရှိတယ်၊ သည့်ပြင် မရှိဘူး၊ သည့်ပြင် ဘာမျှ တို့မှာ အားကိုးစရာ မရှိဘူး၊ အကယ်၍ ဒီ ပစ္စုပ္ပန် ကာလ ဒိဝိပဿနာဉာဏ်၏ ပဌမဇောစေတနာ ဒိဋ္ဌဓမ္မအကျိုးကိုပေး၍ သော်ငှင်း၊ အဆုံးသတ္တမဇောသည် ဒုတိယဘဝမှာ ပေး၍သော်ငှင်း၊ ဘယ်နည်းနဲ့မှ မကောင်းသောအကျိုးကို ပေးမည်မဟုတ်၊ ကောင်းကျိုး ချမ်းသာကို ဧကန်မလွဲပေးမယ်။

ဒါကြောင့် ပစ္စုပ္ပန်မျက်မှောက်မှာလဲ ချမ်းသာသုခကို အမှန်ရတတ် ပါတယ်၊ သံသရာမှာလဲဘဲ မိမိတို့ သေအံ့သော ဘေးကို အင်မတန် ကြောင့်ကြတဲ့ ပုဂ္ဂိုလ်များ မကြောက်ဘို့ သေအံ့သောဘေးကို ကြောက် တယ်, ကြောက်တယ်ဆိုတာဟာ များသောအားဖြင့် သေရမှာ တယ် ကြောက်ကြတာမဟုတ်ဘူး၊ သေသွားရင် ဤဘဝထက် အောက်တန်း ကျတဲ့ ဘဝဆိုးမျိုး ရောက်မှာစိုးလို့ ကြောက်ကြတာ၊ ဒါ ကိုယ်ပိုင် ဉာဏ်နှင့် ကိုယ်တိုင်တွေးကြည့်၊ တွေးကြည့်၊ ဘုန်းကြီးလဲဘဲ ခဏ ခဏဟောလေ့ရှိတယ်၊ ယမန်နေ့ကလဲ တို့စပ်ရွှေသိုက် သမတဟောင်း ကြီး ပြောသလို ကျွန်တော်ဟာ အစက သေရမှာ အင်မတန်ကြောက် တယ်၊ အခု ဆရာတော်ကြီးနှင့် တွေ့တာနဲ့ သေရမှာကို မကြောက် တော့ဘူးတဲ့၊ ဒီတော့ သူဒီလိုပြောတော့ ဘုန်းကြီးက ရယ်နေတယ်၊ ရယ်နေပြီးတော့ ဒကာကြီးဟာ သေရမှာကြောက်ထာ ဟုတ်မယ်မထင် ပါဘူး၊ သေသွားရင် အပါယ်လေးပါး ကျသွားမှာ ကြောက်ထာနဲ့ တူပါတယ် ဆိုတော့ ဟာ သိပ်ဟုတ်တာဘဲဘုရား၊ ဒါမှဟုတ်တာဘဲ၊ နို့ခုကောဆိုတော့ ခုတော့ ဘယ်နည်းနဲ့မှ အပါယ်ကို မကျဘူးဆိုတာ သေသေချာချာယုံကြည်လို့ မကြောက်ထာပေါ့ဘုရား၊ အဲဒါဥပမာပေါ့၊ ဒကာကြီးပြောတဲ့စကား အင်မတန်မှန်တယ်၊ အခုလူတွေလဲ သေအံ့ သော ဘေးကို ကြောက်တယ်ဆိုတာ ဒီဘဝထက်,,အောက်တန်းကျတဲ့ ဘဝကို ရောက်မှာကြောက်တာ၊ ငါသေလျှင် ဒီဘဝထက်အထက်တန်း ရောက်မယ်ဆိုတာကို ဧကန်သိနေလျှင် ကြောက်ကိုမကြောက်တော့ဘူး၊ မကြောက်ပါဘူး၊ အဲဒါသေသေချာချာ ကိုယ့်ကိုယ်ကိုသာ စဉ်းစား၊ စဉ်းစားပြီးတော့ တရားအားထုတ်၊ တရားအားထုတ်လို့ နှလုံးသွင်းတဲ့ အခါ သူများပြောသံကြားတော့မရဘူးပေါ့၊ ကိုယ်တိုင်သိမယ်၊ ကိုယ်တိုင်

ကိုယ်ပိုင်ဉာဏ်နဲ့ ယထာဘူတအမှန်ကို သိလို့ အနိစ္စပရိညာ၊ ဒုက္ခပရိညာ၊ အနတ္တပရိညာ လက္ခဏာရေးသုံးပါးမြင်လို့ အနတ္တလက္ခဏာ ငါမဟုတ်ဘူးဆိုတဲ့ အနတ္တများ သေသေချာချာမိသွားလျှင် စိတ်ချပေါ့ ဘယ်နည်းနဲ့မှအပါယ်သံသရာကို ငါ ကျနိမကျချဘူးဆိုတာ သိရောပေါ့၊ဒါကြောင့် မို့လို့ တို့ ခဏခဏ ဒိဋ္ဌိယောဂီတွေ အားထုတ်ကြသရော ဖြစ်အောင် စိတ်ထက်သန်အောင်ဆိုပြီးတော့ ခဏခဏ ဟောကြတယ်။

ဣမိနာပနုညာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာ ပန္နော နာမ။

(ဤပါဠိ၏ အနက်ကို-သေခြင်းတရား စာမျက်နှာ ၁၁-တွင် ရှုပါ)။

အဲဒီတော ဒီစာကလေးကို အချို့အချို့ရကြတယ်၊ ရတော့ အချို့ ပရိယတ္တိဉာဏ်နဲ့ ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်တွေက ဘယ်လိုပြောကြသလဲ၊ ဟာ၊ တို့ဟာ နာမ်တွေ ရုပ်တွေသိနေတာ တို့စူဠသောတာပန်၊ တို့ ဘယ်နည်းနဲ့မှ အပါယ်မကျဘူးလို့ အယူရှိကြတယ်၊ စာကလဲ သည်လိုဘဲ ဆိုထားတာကိုး၊ နာမရူပ ပရိစ္ဆေဒဉာဏ် ပစ္စယ ပရိဂ္ဂဟဉာဏ်နှစ်ပါးနဲ့ ပြည့်စုံသောသူတဲ့ နာမ်နှင့်ရုပ်ကိုသိ၍ ထိုနာမ်တရား ရုပ်တရားတို့သည် ကံ စိတ် ဥတု အာဟာရ အကြောင်းတရား လေးပါးကြောင့် ဖြစ်တယ်ဆိုတာ ကောင်းသိတဲ့ ဉာဏ်ပေါ့၊ အဲသည်လိုဉာဏ်မျိုးကိုရလျှင် ဘုရားကိုယ်တော်မြတ်ကြီးက စူဠသောတာပန်၊ အပါယ် မလားဘူးတဲ့၊ သည်လိုဟောထားတယ်၊ အဲသည်တော့သူက သူတို့ ပရိယတ္တိဉာဏ်က လေးနဲ့အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တတရား၊ ရုပ်ခေတ် နာမ်ခေတ် တရားတွေကိုပရိယတ္တိဉာဏ်နဲ့ သူတို့သိတယ်၊အဲဒီလိုသိတော့ သူ့ကိုယ် သူ စူဠသောတာပန် ထင်နေတာ၊ ဘယ်နည်းနဲ့မှ မဟုတ်ဘူး ဆိုတာ မှတ်ထားကြ၊ တကယ်အစစ် ဘုရားကိုယ်တော်မြတ် ဟောတာက ရုပ်အစစ် နာမ်အစစ်၊ ရုပ်အစစ် နာမ်အစစ်ဆိုတာ ဘယ်မလဲ။

ကာယဥ္စပဋိစ္စ ဖောဋ္ဌဗ္ဗဥ္စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ၊ ကာယပသာဒ ရုပ်ဆိုတာ အဝ်နဲ့ထုံးဆွ နာကျင်ထတ်တဲ့နေရာ ကိုယ်ခေါ်တယ်၊ ဒါ ကာယပသာဒရုပ်တဲ့၊ ကာယခေတ် ကာယပသာဒရုပ်ခေါ်တယ်၊ ထို ကာယပသာဒရုပ်နဲ့ တွေ့ကောင်းထိကောင်းတဲ့ ပထဝီ ဖောဋ္ဌဗ္ဗရုပ် တေဇောဖောဋ္ဌဗ္ဗရုပ် ဝါယောဖောဋ္ဌဗ္ဗရုပ်ရှိတယ်၊အဲဒါမျက်ကောင်တခဲ

ရုပ်ပေါင်း ကုဋေငါးထောင်ကျော်ဖြစ်တယ်၊ ပထဝီ ဖေါဋ္ဌဗ္ဗနဲ့ တွေ့တတ်တယ်၊ ဖြစ်တဲ့ရုပ်ထဲမှာ တေဇောဖေါဋ္ဌဗ္ဗရုပ်နဲ့ တွေ့တတ်တယ်၊ ဝါယော ဖေါဋ္ဌဗ္ဗရုပ်နဲ့ တွေ့တတ်တယ်၊ ပထဝီနဲ့ တွေ့တဲ့အခါ ဘာဖြစ်သလဲ၊ ပထဝီကအမာ အမာနဲ့တွေ့တော့ နာမှု ကျင်မှု ကိုက်ခဲမှုတွေ တွေ့တတ်တယ်၊ အဲဒီတေဇောဖေါဋ္ဌဗ္ဗနဲ့ တွေ့တဲ့အခါ တေဇောဆိုတာ ပူမှု အေးမှု ပူခြင်း အေးခြင်းဆိုတဲ့ ဓာတ်သဘာဝတွေနှင့် တွေ့တတ်တယ်၊ ဝါယောဖေါဋ္ဌဗ္ဗနှင့် တွေ့တတ်တယ်၊ ဝါယောကလှုပ်ရှားတယ်၊ ထောက်ကန်တယ်၊ ဟော အဲဒီလို တကယ်အစစ် မျက်တောင်တခပ်အတွင်းမှာ ရုပ်ပေါင်း ကုဋေငါးထောင်ကျော်ဖြစ်တဲ့ ရုပ်ထဲက ပထဝီ ဖေါဋ္ဌဗ္ဗရုပ်နဲ့ တွေ့တွေ့ တေဇောဖေါဋ္ဌဗ္ဗနဲ့ တွေ့တွေ့ ဝါယောနဲ့ တွေ့တွေ့ အဲဒီလိုတွေ့တဲ့ ရုပ်ထဲက ဖြစ်လိုက် ပျက်လိုက် ဖြစ်လိုက် ပျက်လိုက်နဲ့ ဥဒယဗ္ဗယဉာဏ် အမှန်ရတယ်။

ဒါကြောင့် ရုပ်စစ် နာမ်အစစ် ဆိုတာက ကာယပသာဒရုပ်ကယ် ဖေါဋ္ဌဗ္ဗ ရုပ်ကယ် ကာယဝိညာဏ်ရယ် ဒါဘုန်းကြီးပြောတာနော်၊ ဘုန်းကြီးပြောတော့ ဟိုက နားထောင်နေတဲ့သူက ကြားတယ်၊ အဲဒီလို နားထောင်နေလို့ ကြားတော့ သုတမယဉာဏ်ခေါ်တယ်၊ ဘုန်းကြီးက ပြောတယ်၊ ကာယပသာဒရုပ် ဖေါဋ္ဌဗ္ဗရုပ် ကာယဝိညာဏ် ရုပ်နာမ် နှစ်ပါး ဟောဟိုက နားထောင်နေတဲ့သူက ရုပ်နာမ်နှစ်ပါး ကြားပြီ၊ အဲဒါ သုတမယဉာဏ်၊အဲဒီသုတမယဉာဏ်နဲ့မနေဘဲ ဒီကပြောတဲ့အတိုင်း မိမိကိုယ် သန္တာန်မှာ ဖေါဋ္ဌဗ္ဗရုပ်တွေနဲ့ တွေ့လို့ ကာယဝိညာဏ်က သိလို့ ခဏခြင်း အသစ်အဟောင်း ပြောင်းလွဲပြီးတော့ ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက်ဆိုတဲ့ တရားတွေ ကိုယ်တိုင်တွေ့နေတဲ့ရုပ် ကိုယ်တိုင်တွေ့နေတဲ့နာမ် အဲဒီရုပ်နာမ်ကို ဘုရားဟောတာ စာထဲက ပရိယတ္တိဉာဏ်နဲ့ သင်ထားလို့ တတ်တဲ့ ရုပ်နာမ်ကို ဟောတာမဟုတ်ဘူး၊ ကိုယ်တိုင်တွေ့တဲ့ ရုပ်နာမ်ကိုဟောတာ။ **ကိုယ်တိုင်တွေ့မှ–ချမ်းမြေ့ သာကြည်၊ စာအတွေ့သက်–ငါတွေ့သာမည်**။

အဲဒါစာထဲမှာတွေ့တဲ့ ရုပ်နာမ်နှင့် ကိုယ်တိုင်တွေ့တဲ့ ရုပ်နာမ်ဟာ ခြားသလား ဆိုတော့ မခြားဘူး၊ အဲဒါကြောင့် တူယောင်ရိုးမှား ကလေးနှင့် တချို့ဆင်တူ ရိုးမှားကလေးဖြစ်နေတတ်တယ်၊ တကယ် အစစ်ကတော့ ကိုယ်တိုင်တွေ့မှ မှန်တယ်၊ ကိုယ်တိုင်တွေ့တဲ့ ကာယ

ပသာဒရုပ်, ဖေါဋ္ဌဗ္ဗရုပ်, ကာယဝိညာဏ် အဲဒီရုပ်နာမ်နှစ်ပါးကိုတွေ့လို့ ဖြစ်ထပေါက်ထသိလျှင် အနိစ္စလဲ သိတယ်၊ ဒုက္ခလဲ သိတယ်၊ အနတ္တလဲ သိတယ်၊ ပါးစပ်ကဆိုတဲ့ အနိစ္စ မဟုတ်ဘူး၊ ပါးစပ်ကဆိုတဲ့ ဒုက္ခ မဟုတ်ဘူး၊ ပါးစပ်ကဆိုတဲ့ အနတ္တမဟုတ်ဘူး၊ မိမိကိုယ်ပိုင်ဉာဏ်နှင့် သိတဲ့ အနိစ္စ၊ ကိုယ်တိုင် ကိုယ်ပိုင် ဉာဏ်နှင့်သိတဲ့ ဒုက္ခ၊ ကိုယ်တိုင် ကိုယ်ပိုင် ဉာဏ်နှင့် သိတဲ့ အနတ္တ အဲဒါမှ မှန်တယ်၊ ဒါအမှန် တရား အဲဒီလို အမှန် တရားကို တကယ် တွေ့တဲ့ ပုဂ္ဂိုလ်ကိုသာ မြတ်စွာဘုရားက စူဠသောတာပန်တဲ့၊ ဖြစ်တော့တာပေါ့ စူဠသောတာပန်၊ ဘာဖြစ်လို့ စူဠသောတာပန်ဖြစ်သွားသလဲဆိုတော့ စူဠသောတာပန် ဆိုလျှင် အပါယ်သံသရာကို သူမကျတော့ဘူး၊ ဘယ်ကလောက်တောင် သူအဘိုးတန်သွားသလဲ၊ စူဠသောတာပန်အနေမျိုးနှင့် တကယ် အပါယ် သံသရာကို မကျရောက်တာဘယ်သူကြောင့်လဲဟေ့ ဆိုတော့ အားကိုး စရာလက်နက်က အနတ္တပေါ့ အနတ္တ၊ အဲဒီအနတ္တဆိုတဲ့ တရားဟာ အလွန်အရေးကြီးသော တရားတဲ့။

တို့ဒီကျမ်းဂန်အစောင်စောင်မှာ ရှိတာပေါ့၊ ဖြစ်ပြီးသောအကုသိုလ် တရားကို ပယ်ခြင်းငှာ လုံ့လပြုခြင်း, မဖြစ်သေးသော အကုသိုလ် တရားကို မဖြစ်အောင်အားထုတ်ခြင်း, မရဘူးသေးသော ကုသိုလ် တရားကို ရအောင်ရှာဖွေခြင်း, ရပြီးသောကုသိုလ်တရားကို လွန်စွာ ပွားများခြင်းဆိုတာ လူတိုင်းလိုလို ရကြတာပေါ့၊ အဲဒါဟာ တချို့ ကျကျနနမသိဘူး၊ စာထဲတော့အရှိသား စာထဲမှာရှိပြီးတော့ ဖြစ်ပြီး သောအကုသိုလ် ပယ်ရမယ်ဆိုတာ သူတို့သိတယ်၊ မဖြစ်သေးတဲ့ အကုသိုလ်ကို မဖြစ်အောင်အားထုတ်ရမယ်ဆိုတဲ့ ဝီရိယကိုလဲ သူတို့ သိတယ်၊ မရဘူးသေးတဲ့ကုသိုလ် ရအောင်ရှာမယ်ဆိုတဲ့ ဝီရိယလဲ သိတယ်၊ ရပြီးသောကုသိုလ်ကို လွန်စွာပွါးရမယ်ဆိုတာလဲ သိတယ်၊ သို့သော် လုပ်နည်းကျတော့ နားမလည်ဘူး၊ အဲဒါဟာ တို့ယောဂီတွေ ကျတော့ကာ အသိးတရားအညာတခု, ပြောတဲ့စကားက လေးချက်၊ ဖြစ် ပြီးသောအကုသိုလ်ကို ပယ်ရမှာတချက်၊ မဖြစ်သေးတဲ့ အကုသိုလ် နောက်ထပ်အားမထုတ်ရမှာတချက်၊ မရသေးတဲ့ကုသိုလ် ရအောင် ရှာရဘို့တချက်၊ ရပြီးသောကုသိုလ် လွန်စွာပွါးခြင်းတချက်၊ အဲဒီလို ဆိုထားတော့ လေးခုစလုံး လုပ်ရတော့မလိုလိုဘဲ၊ လုပ်ငန်းကတော့

ကျမ်းဂန်ကဒိလိုဘဲဆိုထားတယ်၊ ဆိုထားတော့ လေးကြိမ်, လေး ဌာန လေးခါလုပ်ရမလိုလိုဘဲ ဖြစ်နေတယ်၊ တကယ်အစစ်က မရဘူး သေးတဲ့ ကုသိုလ်များကို ရအောင်ရှာလိုက်လျှင် မရဘူးသေးတဲ့ ကုသိုလ်ကို ရတာနှင့်တပြိုင်နက် ကိစ္စလေးချက် တခါထဲပြီးသွားရော၊ မရဘူးသေးတဲ့ ကုသိုလ်ကိုသာ ရပေစေ၊ တချို့က မရဘူးသေးတဲ့ ကုသိုလ် ဘာတဲ့လဲဆိုတော့ ဟိုလိုလို, ဒီလိုလို ယောင်တိယောင်ချာ ပြောတတ်တယ်၊ မသိမှုမသိဘဲကိုး၊ ဘယ်ဟုတ်မလဲ တိုက်ရိုက်ကြီး အပါသွားဘဲ။

'အနဏ္ဏလက္ခဏံ ဝိနာ ဗုဒ္ဓုပ္ပါဒါ နပညာယတိ' ဗုဒ္ဓုပ္ပါဒါ-မြတ်စွာ ဘုရားပွင့်တော်မူသော ခေတ်ကာလကို၊ဝိနာ-ကြဉ်၍၊အနဏ္ဏလက္ခဏံ-အနဏ္ဏလက္ခဏာသည်၊ နပညာယတိ-မထင်။ အဲ ဘုရားပွင့်တဲ့ ခေတ် ကာလကိုချန်လှပ်၍ သာသနာပ ကာလမှာ အနဏ္ဏဆိုတဲ့ လက္ခဏာ ဘယ်အခါမှ မတွေ့ကောင်းဘူးတဲ့၊ အနဏ္ဏ အနိစ္စကတော့ ရှိတယ်၊ သို့သော် အနိစ္စရှိတယ်ဆိုပေတဲ့လဲ တကယ့်အနိစ္စတော့ မဟုတ်ဘူး၊ သမုတိသစ္စာနယ်က အနိစ္စတော့ရှိတယ်၊ သမုတိသစ္စာနယ်က အနိစ္စ ဆိုတာ ဘာလဲ၊ သမုတိသစ္စာနယ်က အနိစ္စဆိုတာ လူသေတာ မမြဲ လို့, သစ်ပင်လဲတာ မမြဲလို့, ကျောင်းပြိုတာ မမြဲလို့, အဲဒီလို အနိစ္စ မျိုးဟာ သမုတိနယ်က အနိစ္စမျိုး၊ ခံစားရတဲ့ဒုက္ခ ဝေဒနာတွေကို သမုတိသစ္စာနယ်က ခံစားရတဲ့ဒုက္ခ၊ အဲဒါလောက်တော့ သိသားပေါ့ အဲဒီသမုတိသစ္စာနယ်က အနိစ္စမျိုး, သမုတိသစ္စာနယ်က ဒုက္ခမျိုးက ဘယ်နည်းနဲ့မှ အနဏ္ဏလက္ခဏာ သိကောင်းတဲ့ လက္ခဏာမျိုးမဟုတ် ဘူး၊ ဤဘဝ ထိုဘဝ ဘယ်တော့မှ အနဏ္ဏမသိဘူး၊ ပရမတ္ထနယ်က အနိစ္စမှ အနဏ္ဏကိုသိတယ်၊ ပရမတ္ထနယ်က အနိစ္စကို မရသမျှကာလ ပတ်လုံး ဘယ်တော့မှ အနဏ္ဏကိုမသိဘူး၊ အဲ ပရမတ္ထနယ်က အနိစ္စကို ဆိုတော့ ဘုရားပွင့်တဲ့သာသနာခေတ်မှ တွေ့ကောင်းတယ်၊ အဲ အခု မြတ်စွာဘုရားပွင့်တဲ့ သာသနာခေတ် အနှစ်ငါးထောင် အတွင်းမှာ ရှိသေးတယ်၊ သာသနာတဝက်ကျိုးရုံ ရှိသေးတယ်၊ အဲဒီတော့ ဒီလို သာသနာတွင်းမှာ ကြုံလာတဲ့ ပုဂ္ဂိုလ်ကျတော့ ပရမတ္ထသစ္စာနယ်က အနိစ္စတွေ့တာပေါ့၊ ဘယ်မှာလဲ၊ အခု ဒီမှာအားထုတ်တဲ့ ယောဂီတွေ တွေ့နေပြီ၊ "ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗဉ္စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ"

ရုပ်နာမ်နှစ်ပါးတွေ၊ ရုပ်နာမ်နှစ်ပါးတွေကထဲက ဖြစ်ပျက်, ဖြစ်ပျက် ဖြစ်ပျက်ဆိုတဲ့ နာရီမိနစ်စက္ကန့်မစဲတွေ့ပြီ၊ အဲဒီ နာရီမိနစ် စက္ကန့်မစဲ အောင် ဖြစ်ပျက်ကိုတွေ့နေတဲ့ အတွက် ဒိယောဂီပုဂ္ဂိုလ် သဏ္ဍာန်မှာ မြဲတယ်,မြဲတယ်ဆိုတဲ့ ကမ္ဘာ့စွဲကြီး ဘယ်တော့မှ မပေါ်တော့ဘူး၊ တခါထဲပြုတ်သွားပြီ၊ ကမ္ဘာသံသရာ အဆက်ဆက် မြဲတယ်ဆိုတဲ့ နိစ္စသညာကိလေသာမရှိတော့ဘူး၊ တခါထဲပြုတ်သွားတယ်။

မြဲတယ်ဆိုတဲ့ နိစ္စသညာ ကိလေသာပြုတ်သွားတာနဲ့ တပြိုင်နက် ဟော,ဆင်းရဲတယ်ဆိုတဲ့ ဒုက္ခ အလိုလိုသိလာတယ်၊ ဖြစ်ပျက်မစဲသည် ချမ်းသာခြင်းမဟုတ်၊ ဆင်းရဲသောဒုက္ခဆိုတာ သိသွားပြီ၊ အဲဒီလို ဖြစ်ပျက်မစဲကို တွေ့ခြင်းကြောင့် ဆင်းရဲခြင်းဒုက္ခတွင်မျှမက ဖြစ်ပျက် မစဲလို့ ဘယ်လူ,ဘယ်နတ်, ဘယ်ဗြဟ္မာမှ အပိုးမရ ဘယ်သူမှမပိုင် ဆိုင်တာ ကိုယ်တိုင်သိပြီ၊ ဘယ်သူမှ မတားနိုင်ဘူး၊ မဖြစ်နဲ့လို့လဲ တားလို့မရ၊မပျက်နဲ့ဆိုလို့လဲ တားမရ၊ ဖြစ်ချင်ကဖြစ်၏၊ ပျက်ချင်က ပျက်၏။ ဖြစ်လိုကဖြစ် ပျက်လိုကပျက်၊ ဘယ်သူမှ တားထားလို့မရ၊ မှီခိုလို့မရ၊သဘာဝခေတ်အစုသက်သက် ပစ္စုပ္ပန် ဖြစ်လိုက် ပျက်လိုက် ဖြစ်လိုက် ပျက်လိုက် ကိုယ်တိုင်သိနေသောကြောင့် သြော် ဒါ အနတ္တ ဆိုတာ ထင်ရှားနေပြီ၊ ဒါ ပရမတ္ထသစ္စာနယ်က ရုပ်နာမ်ကို အမှန် တွေ့လို့ အနိစ္စကိုသိတယ်၊ ပရမတ္ထသစ္စာနယ်က ရုပ်နာမ်ကို တွေ့လို့ ဒုက္ခကိုသိတယ်၊ ပရမတ္ထသစ္စာနယ်က ရုပ်နာမ်ကိုအမှန်တွေ့လို့ ဟော အနတ္တ, ခုတွေ့တာ အဲဒါကြောင့် ဒီ အနတ္တဆိုတဲ့ တရားဟာ ဘယ် အခါကာလကမှ မတွေ့ကောင်းတဲ့တရားတဲ့။

ဒီတော့ အခုယောဂီများ ကိုယ်ပိုင်ဉာဏ် ကလေးနဲ့ စဉ်းစားကြည့် ပေါ့၊ တို့ဟာ ဘဝဘဝ ကမ္ဘာ့ကမ္ဘာ သံသရာက ဘယ်တုန်းကမှ မတွေ့ကောင်းတဲ့ အနတ္တလက္ခဏာ တို့တွေ့ပြီလို့ အဲဒါ အားရှိဘို့ပေါ့၊ အဲဒီလို အနတ္တလက္ခဏာတွေ့တာနဲ့ တပြိုင်နက် ချုပ်ခြေတဲ့ ကိစ္စလေး ချက် တပြိုင်နက်ပြီးသွားပြီတဲ့၊ ဘာပြုလို့လဲဆိုတော့ ဒီကိစ္စလေးချက် တပြိုင်နက် ပြီးတဲ့အကြောင်းကို ဘယ်နဲ့လုပ် ပြီးပါသလဲ ဘုရားလို့ အဓိပ္ပါယ်ခပ်ရှင်းရှင်း ပြောရမယ်ဆိုလျှင် ဒီကိစ္စလေးချက်ရှင်းပုံ ဖြစ်ပြီး သော အကုသိုလ်တရားတွေ မရှိတော့ဘူးတဲ့၊ တချို့က ဒီအကုသိုလ် တရားကို မပယ်နိုင်ဘူးတဲ့ ဟုတ်တယ် သူတို့ပြောတာ၊ ပယ်စရာလဲ

ရှိမှမရှိဘဲ၊ ဖြစ်ပြီးတဲ့အကုသိုလ်တရားတွေ အတိတ်က ကာယကံ, ဝစီကံ, မနောကံ, ဒီအကုသိုလ်တရားတွေ ဘာနဲ့သွားပယ်မလဲ၊ ပယ်စရာ မလိုဘူး၊ သို့သော်လဲဘဲ ဝေါဟာရသညာအားဖြင့် တင်စားပြီးတော့ ပယ်ရမယ်လို့ ဒီလိုဆိုတာ၊ ပယ်တယ်လို့ဆိုတာ ဘုရားကိုယ်က ဆိုထားတာက-

ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယာမော။

ဥပ္ပန္နာနံ-ဖြစ်ပြီးကုန်သော၊ ပါပကာနံ-ယုတ်မာကုန်သော၊ အကုသလာနံ- အကုသိုလ်တရားတို့ကို၊ ပဟာနာယ- ပယ်ခြင်းငှာ၊ ဝါယာမော-လုံ့လပြုခြင်း၊

ဖြစ်ပြီးသောအကုသိုလ်တရားကို ပယ်ခြင်းငှာ ဒီလိုတိုက်ရိုက် ဆိုထားတာ၊ပယ်ရမယ်ကို ဟောတာ၊ အဲဒါကို ဘာနဲ့ပယ်မလဲ၊ သူတို့က ပြောတာမှန်တယ်၊ သို့သော်လဲ မသိလို့ ပြောတာပေါ့၊ အဲ ခုပြောတဲ့ မရဘူးသေးသော အတိတ်သံသရာ ကမ္ဘာ အဆက်ဆက်က ဘယ်တုန်းကမှ မတွေ့မကြုံဘူးတဲ့ အနတ္တတရားတွေပြီ၊ ကောင်းပြီ၊ အဲဒီလိုအနတ္တတရားတွေ့တော့ကာ ကိစ္စလေးချက်ပြီးတယ်လို့ ဟောထားတာ ဘယ်လိုလုပ် ပြီးသွားသလဲ၊ အဲ ကိစ္စလေးချက် ပြီးပုံက အနတ္တကို သိတာ ကိုယ်ပိုင်ဉာဏ်နဲ့ကြည့်၊ သူများပြောသံကြားနဲ့မပြီးဘူး၊ အနတ္တကိုတွေ့တာ အဝိဇ္ဇာလား ဝိဇ္ဇာလား၊ အဲဒါ စဉ်းစားပေါ့၊ အဝိဇ္ဇာသည် ဘယ်တော့မှ အနတ္တကိုမတွေ့ဘူး၊ အတ္တ–ငါ ဟူ၍ ထင်နေတယ်၊ အဝိဇ္ဇာက ငါ၊ ဟော ဝိဇ္ဇာဉာဏ်က ငါမဟုတ်ဘူး၊အနတ္တ၊ အဲဒီတော့ အဝိဇ္ဇာနှင့် ဝိဇ္ဇာ အဝိဇ္ဇာက အတ္တဒိဋ္ဌိကိုစွဲလမ်းတယ်၊ ငါထင်တယ်၊ ဝိဇ္ဇာဉာဏ်က အတ္တဒိဋ္ဌိကိုဖြုတ်ပစ်လိုက်ပြီ၊အနတ္တတွေ့ပြီ၊ အဝိဇ္ဇာက အတ္တ၊ဟော ဝိဇ္ဇာဉာဏ်ကအနတ္တ၊ ဒါဖြင့် ဒီလိုသိတာနှင့် တပည့်တော်တို့ အဓိပ္ပါယ် ဘယ်လိုမှတ်ရမလဲ၊ မှတ်နိုင်တယ်၊ အဝိဇ္ဇာဆိုတာဘာလဲ။

**ဥပမာ** – အင်မတန် မှောင်လှစွာသော တိုက်ခန်း တခုမှာ ဘယ်လောက် ကြီးကျယ်သော မှောင်ထုကြီးဖြစ်ဖြစ် မီးတတိုင်ထဲ လင်းတာနဲ့ အလုံးစုံသော မှောင်ထုကြီး ပျောက်၍ အလင်း ရောင်ပေါ်ပေါက်သည့်ပမာ မှောင်ခါတ်ကြီးပျောက်ပြီးတော့ အလင်း ရောက်လာတယ်။

ဆဲဒီဥပမာလိုဘဲ ဘယ်လောက် အဝိဇ္ဇာတွေ မှောင်တယ်လို့ ပြော သော်လဲ ဟော ဝိဇ္ဇာဆိုတဲ့ အလင်းရောင် ရောက်လာလျှင် အမှောင် မရှိတော့ဘူး၊ အဝိဇ္ဇာကလဲ သိပ်မှောင်တာ။

သန်းခေါင်လကွယ်၊ တောအုပ်လယ်၌၊ ရှစ်နယ်ပတ်ကုံး၊အပြည့်
ဖုံးသည့်၊ မိုးလုံးတိမ်ဘိုက်၊ လျှပ်မကြိုက်သား၊ အမိုက်အပြား၊
အင်လေးပါးထက်၊ နင်ကားရောဆောင်၊မကမှောင်၏၊

ဂမ္ဘီရကဗျာ (လယ်တီဆရာတော်)

အဝိဇ္ဇာမှောင်ဟာ တော်တော်ကြီးတယ်၊ လကွယ်နေ့ သန်းခေါင်း အခါ တခဲနက်သော တောအုပ်အလယ် မိုးတိမ် အုပ်တဲ့အခါ ဆဲဒီ အင်္ဂါလေးပါးနှင့် ပြည့်စုံတဲ့ အမိုက်မှောင်ဟာ အခင်မတန်မှောင်သပေါ့၊ ဆဲဒီမှောင်ထက် အဝိဇ္ဇာမှောင်က ကြီးသေးတယ်တဲ့ ဆဲဒီလောက်ကြီး တဲ့ အဝိဇ္ဇာမှောင်ထုကြီးကို ဝိဇ္ဇာဆိုတဲ့အလင်းရောင်ရောက်က အလုံးစုံ ပြေပျောက်သွားတယ်၊ ဆဲဒါ ဥပမာ၊ ဟာ ဒါဟုတ်တယ်၊ အလင်း ရောက်က အမှောင်ပျောက်ထာပေါ့၊ သဘောကျတယ်၊ ဝိဇ္ဇာဉာဏ် ရောက်က အဝိဇ္ဇာမှောင်ပျောက်တာလဲ မှန်ပြီ၊ ဖြစ်ပြီးတဲ့ အကုသိုလ် တရား ပယ်တယ်ဆိုတာ ပယ်ပုံပယ်နည်းကို အဓိပ္ပါယ်ရှင်းပါဆိုတော့၊

ဥပမာတခါထပ်ပြမယ်၊ အင်မတန်ခိုင်လှစွာသော ပိုးကြိုးကလေး နှင့် ပုလဲလုံးကလေးတွေကိုသီကုံးထားလိုက်တဲ့အခါ တလုံးကိုဆွဲလိုက် ထာနဲ့ တပြိုလုံး ပါလာတယ်တဲ့၊ ဘာ့ကြောင့် ပါသလဲလို့ မေးတော့ ပိုးကြိုးကြောင့်ပါလာတာတဲ့၊ ဆဲဒီခိုင်လှစွာသော ပိုးကြိုးကိုဖြတ်တောက် ပစ်လိုက်လျှင် ပုလဲလုံးကလေးတွေ ဖရိုဖရဲ ကြဲပြီးတော့ ကျန်ရစ်ခဲ့ရော မပါတော့ဘူး၊ ဘာကြောင့်လဲ ပိုးကြိုးဖြတ်သွားလို့တဲ့၊ ဒါဥပမာ အခု ပြောတဲ့ ဘဝဘဝ ကမ္ဘာ့ကမ္ဘာ သံသရာက မိမိတို့ပြုခဲ့ဘူးတဲ့ ကာယ ကံ အကုသိုလ်တွေ ဝစီကံအကုသိုလ်တွေ မနောကံအကုသိုလ်တွေ ဆဲဒီ အကုသိုလ်တွေဟာ မိမိတို့သန္တာန်မှာ အတ္တဒိဋ္ဌိတည်းဟူသောပိုးကြိုးနဲ့ ပမာတူတဲ့ အတ္တဒိဋ္ဌိက သိမ်းပိုက်ပြီးတော့လာတဲ့ အတွက်ကြောင့် အလျှင်းသင့်က အခွင့်သာလျှင် အမှန် မိမိနှင့်တကွ အကျိုးပေးမယ်တဲ့၊ ဒါကြောင့် အတ္တဒိဋ္ဌိသက္ကာယဒိဋ္ဌိက သူသာလျှင် အုပ်စိုးလာတာ ဖြစ် သောကြောင့် အတ္တဒိဋ္ဌိသက္ကာယဒိဋ္ဌိကြိုးကိုဖြတ်လိုက် အနတ္တလက္ခဏာ ရ၊ ဆဲဒီ အနတ္တကမှ ခပြောတဲ့ ဖြစ်ပြီးသောအကုသိုလ်တရားတွေကို

အကုန်အစင် ပယ်ဖျက်သုတ်သင်နိုင်တယ်တဲ့၊ အဲဒါတွေမှတ်ထားပေါ့၊ ကိုင်း ဒါဖြစ်ရင် ဓမ္မသင်္ဂဏီကျမ်းမှာဟောထားတယ် အကုသိုလ်သည် ပဟာတဗ္ဗတရား, ကုသိုလ်သည် ပဟာယကတရားတဲ့၊ အကုသိုလ်သည် ပယ်အပ်သော တရား၊ ကုသိုလ်သည် ပယ်တတ်သော တရား၊ ပယ်အပ်သောတရားက အကုသိုလ် ပယ်တတ်သောတရားက ကုသိုလ်၊ အဲဒါက ကုသိုလ်တည်းဟူသော အနတ္တလက္ခဏာကြောင့် အကုသိုလ်တည်းဟူသော အတ္တဒိဋ္ဌိကြီးကိုဖြတ်လိုက်သဖြင့် အကုသိုလ်တရားတွေ အကုန်ပျောက်သွားတယ်၊ အဲဒီတော့ ဖြစ်ပြီးသော အကုသိုလ်တရားကို ပယ်ခြင်းငှါလုံ့လပြုခြင်းဆိုတာ အထူးမလုပ်ရတော့ဘူးဆိုတာ အနတ္တလက္ခဏာရတာနဲ့ တခါထဲပြီးတယ်။

ဒါ့အပြင်ကျန်သေးတယ်ဘုရားတဲ့ တပည့်တော်တို့ သန္တာန်မှာဖြစ်ဆဲဖြစ်လတ့ဲဖြစ်သော ကာယကံအကုသိုလ်တွေ ဝစီကံအကုသိုလ်တွေ မနောကံအကုသိုလ်တွေ တန်းလန်းကြီးရှိနေသေးတယ်၊ ဇေ-ဟုတ်တယ်, ဟုတ်တယ်၊ ရှိတယ်၊ အဲဒီတော့ မဖြစ်သေးသော အကုသိုလ်ကိုပယ်ခြင်းငှာလုံ့လပြုခြင်းဆိုတာ ပြီးပလားဆိုတော့ ပြီးသွားပြီတဲ့၊ မိမိတို့သည် အနတ္တလက္ခဏာ ဟုတ်တယ်မဟုတ်တယ်ဆိုတာတော့ ကိုယ့်ကိုယ် ကို ကိုယ်သိတယ် ယောဂီများကိုယ်ပိုင် ဉာဏ်နဲ့ကြည့် ကိုယ့်ဟာကိုယ်သိတယ်၊ ငါသည် အနတ္တလက္ခဏာထင်ပြီလား မထင်သေးဘူးလား။ အနတ္တလက္ခဏာပြီးမြောက်ပြီလားမပြီးမြောက်သေးဘူးလားဆိုတာကြွားနေစရာမဟုတ်ဘူး၊ ကြွားနေစရာမဟုတ်ဘူး ကိုယ့်ကိုယ် ကို ကိုယ်သိတယ်၊ ငါသည် အနတ္တလက္ခဏာ အဟုတ်ရပြီလားမရသေးဘူးလားဆိုတာ ကိုယ့်ဟာကိုယ်သိတယ်၊ ဘယ်လိုသိလဲဆိုတော့ အနတ္တလက္ခဏာ လုံးလုံးမိတဲ့ပုဂ္ဂိုလ်မှန်လျှင် ပါဏာတိပါတာ, အဒိန္နာဒါနာ ကာမေသု မိစ္ဆာစာရ ကာယကံသုံးပါးရှိတယ်၊ ဝစီကံက မုသာဝါဒ-မဟုတ်မမှန်တဲ့စကားပြောဆိုခြင်း၊ ပိသုဏာ ဝါစာ-သူနှစ်ယောက်တို့၏အချစ်ကိုမလိုမုန်းထား ကုန်းချောစကား ပြောခြင်း၊ ဖရုသဝါစာ သူတပါးနားမှာ မခံသာအောင် ကြမ်းတမ်း ရုန့်ရင်းတဲ့ စကားပြောခြင်း၊ ဟောဒီ ဝစီကံလေးပါး နပြောတဲ့ အနတ္တ လက္ခဏာ လုံးလုံးမိတဲ့ ပုဂ္ဂိုလ်မှန်လျှင် ကာယကံသုံးပါး ဝစီကံလေးပါး ဒုစရိုက် ခုနစ်ပါးကို ဤဘဝ ထိုဘဝ ဘယ်တော့မှ မကျူးလွန်တော့ဘူး၊ ဘယ်လောက်တောင်

မကျူးလွန်သလဲဆိုလျှင် လူတယောက်က ဟောဒီ မုသာဝါဒကံနှင့် ပြော၊ မပြောလို့ရှိလျှင် နင့် ငါသတ်မယ်လို့ ဂုတ်ပေါ်က ဒါးမိုးထား၊ မိမိ အသက်ကို စွန့်မယ် ဘယ်တော့မှ မုသားမပြောဘူး၊ အဲဒါသိတယ် ဘယ့်နှဲ့လုပ် လိမ်ပြောလို့ရမလဲ၊ တကယ်အစစ် အနတ္တ လက္ခဏာ ထင်မြင်တယ် မထင်မြင်ဘူးဆိုတာ ဒုစရိုက်နဲ့ ကိုယ့်ကိုယ်ကိုယ် တိုကြည့်၊ သူများလဲ ကြွားမနေနဲ့၊ ကိုယ်ဟာကိုယ် စဉ်စားကြည့်၊ ငါဟာ ခုပြောတဲ့ တကယ်အစစ် အနတ္တ လက္ခဏာကို ဟုတ်ဟုတ် ညားညားသိရိုးမှန်လျှင် အကုသိုလ် ဒုစရိုက်ကို အသက်နဲ့သာ လဲမယ် ဘယ်တော့မှ မပြုရဲဘူး။

ဒီတော့ တချို့က ပြောလိမ့်မယ်၊ တို့ ငယ်စဉ် တောင်ကျေး ကလေး ကစပြီးတော့ ပါဏာတိပါတာ, အဒိန္နာဒါနာ, ကာမေသုမိစ္ဆာစာရာ, မုသာဝါဒါ,သုရာမေရယဆိုတာကံငါးပါးလုံနေပါတယ်၊ ဘယ်တော့မှ တို့ သူ့အသက် မသတ်ဘူး၊ တို့တော့ အနတ္တ ထင်မြင်ပြီလို့ ပြောချင် ပြောအုံးမှာ၊ မဟုတ်ဘူး၊ တို့တော့ အဲဒီလို သူတို့ လောကကြီးမှာ ကြောက်လို့ ကံငါးပါးလုံသော်လဲ အနတ္တလက္ခဏာ ထင်မြင်တဲ့ လုပ် ငန်းနဲ့ ကွာသေးတယ်၊ ဘယ်လိုကွာသလဲဆိုတော့ ခုနပြောတဲ့ သူ့ အသက်ကိုမသတ်ဘူးလို့ မိမိကိုယ်တိုင်ရှောင်နိုင်တယ်၊ မှန်တယ်ထား၊ မိမိအသက်ဟူသော အကြောင်းကြောင့် မင်းသူ့အသက်ကိုသတ်ရမယ် လို့မိမိအသက် အန္တရာယ်နဲ့ လာလုပ်လျှင် ဒါ ဘယ်နည်းနဲ့မှ မရဘူး၊ အနတ္တလက္ခဏာ မထင်မြင်တဲ့ သူက မိမိအသက်ကို အသေခံမှာ မဟုတ်ဘူး၊ အနတ္တလက္ခဏာ ထင်မြင်မှ မိမိအသက်ကို အသေခံမှာ၊ အဲဒါကြောင့်မို့လို့ အနတ္တလက္ခဏာ ထင်မြင်တယ် မထင်မြင်တယ်ကို အကုသိုလ် ဒုစရိုက် အပါယ်ကျကြောင်း တရားကို ဤဘဝဘယ်တော့မှ မကျူးလွန်ဘူး ဆိုတာမှတ်။

ဒါကြောင့်မဖြစ်သေးသော အကုသိုလ်ကိုပယ်ခြင်း၄ါ လုံ့လပြုခြင်း ဆိုတာ ခုဘုန်းကြီး ပြောတဲ့ အတိုင်း ဘယ်တော့မှ နောက်ထပ် အကုသိုလ်မပြုတော့ဘူး ဆိုတာမှတ်၊ ဘာဖြစ်လို့လဲ ဝိသာခါတို့တွေ ရှိတယ်၊ ခုဇ္ဇုတ္တရာတို့ရှိဘယ်၊ အဲဒီပုဂ္ဂိုလ်တွေဟာ တကဲ့ပုဂ္ဂိုလ်တွေ၊ ဘယ်တော့မှ အကုသိုလ်မပြုတော့ဘူး ဘယ်နည်းနဲ့မှ မကျူးလွန်တော့ ဘူး၊ အဲဒီလိုဘဲ အဲဒါ သေသေချာချာ မှတ်ထားပေါ့လေ၊ ဒါဖြင့်ရင်

ရပြီးသောကုသိုလ် လွန်စွာပွါးခြင်းလို့ ပြောတယ် ဆဲဒါ အထူးလုပ်ရတဲ့ တရားမဟုတ်ဘူး၊ ယောဂီဟာ အနတ္တလက္ခဏာ ဟုတ်မဟုတ် သူ့ဟာသူ သိတယ်၊ ဘာပြုလို့လဲ မင်းတို့၏ အဇ္ဈတ္တသန္တာန် ထဲမှာ တကယ်အမှန်ရှိတဲ့ ရုပ်တွေ,နာမ်တွေ, တဖွါးဖွါး, တသဲသဲ,အအုံးအုံး, တဖြုန်းဖြုန်းနဲ့ဖြစ်နေတာ၊ အားမထုတ်နဲ့,မလုပ်နဲ့လို့ ဂုတ်ပေါ်ကဒါးငုံးထား စိတ်ချ,စိတ်ချ ဘယ်တော့မှမနေဘူး၊ ဖြစ်ပျက်ကို အမြဲပွါးနေမှာ ဒီတရားကို ဘယ်တော့မှ လက်မလွှတ်ဘူး၊ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် ဘယ်တော့မှမစွန့်ဘူး၊ ဆဲဒါ တကယ့်အစစ် ပုဂ္ဂိုလ် အနတ္တလက္ခဏာ အဟုတ်သိတဲ့ပုဂ္ဂိုလ်ကို ဒီတရား မင်း အားမထုတ်ပါနဲ့ဆိုလို့ နေ့ကိုမနေတော့ဘူး၊ ထုတ်ထားဘဲ၊ ညလဲ မနေဘူး, နေ့လဲ မနေဘူး, သွားရင်လဲမနေဘူး, အိပ်ရင်လဲမနေဘူး, လွန်စွာပွါးခြင်းလို့ စာကဆိုတယ်၊ စာကသာ လေးချက်ဆိုတယ်၊ ဖြစ်ထာက တပိုင်နက် ဖြစ်တယ် ဖြစ်ထာက။

ဒီတော့ ဗောဓိပက္ခိယတရား ၃၇-ပါးမှာ ဘုန်းကြီးများ ခဏခဏ ဟောတယ် ပြောတော့ ၃၇-ပါးပြောတယ်၊ကျင့်တော့ တလုံးထဲဗောဓိပက္ခိယတရား ၃၇-ပါးဟာ ဘယ်လိုတလုံးထဲနေတာလဲဆိုတော့ အခု ယောဂီများ ကျင့်တာ ခန္ဓာကိုယ်မှာရှိတဲ့ရုပ်, ခန္ဓာကိုယ်မှာရှိတဲ့ နာမ် တရားကိုအမှန်သိလို့ ဖြစ်တာပျက်တာ သိတာနဲ့တပိုင်ထဲ ဗောဓိပက္ခိယ တရား ၃၇-ပါး အကုန်ပါသွားတယ်၊ ဆဲတာ ဘယ့်နှဲ့လုပ်သိသလဲ၊မသိဘူးပေါ့၊ ပရိယတ္တိမှမတတ်ဘဲ၊ ဒါက ပရိယတ္တိနည်းနဲ့ ပြောမှသိတယ်၊ ပဋိပတ္တိနဲ့ ကျင့်တဲ့ပုဂ္ဂိုလ်က အကုန်ရသွားပြီ ဘာပြုလို့လဲ ဖြစ်ပျက်-ဖြစ်ပျက်ကိုသိလို့၊အနိစ္စသိတာ ဘယ်သူလဲ သမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ်၊ ဆဲဒါ သမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ်၊ ဆဲဒီသမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ် ဘယ်ကရသလဲ၊ဟော သမ္မာသင်္ကပ္ပက ကောင်းစွာ ကြံခြင်းကြောင့် သမ္မာဒိဋ္ဌိ ရတာ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ဘယ်ကရသလဲ၊ သမာဓိ ကြောင့်တာ၊ သမ္မာသမာဓိ မဂ္ဂင်ကြောင့်ပေါ့၊ ဒီသမာဓိ ဘယ်ကရသလဲ၊ သတိမဂ္ဂင်ကြောင့်ပေါ့၊ သတိမြဲလို့ ဒီသတိ,သမာဓိ ဘယ်ကရသလဲ၊ဝီရိယသမ္မာဝါယာမမဂ္ဂင် ကြောင့်ပေါ့၊ ဒီသမ္မာဝါယာမမဂ္ဂင်က ဘယ်က ရသလဲ၊ သီလ မဂ္ဂင်ကြောင့် ရတာပေါ့၊ကာယကံ, ဝစီကံ မလွန်ကျူးလို့ ကာယကံ,ဝစီကံ

ကို နိုင်လို့ သီလပြည့်စုံလို့ သမာဓိဖြစ်တာပေါ့၊ အဲ သီလ ပြည့်စုံပြီး သမာဓိဖြစ်လို့ ပညာစခန်းမှာ ရုပ်နာမ်တွေ့တာ။

အဲဒီတော့ အရပြောတဲ့ မဂ္ဂင်ရှစ်ပါး ပြီးနေပြီ ပါသွားပြီ၊ ဗောဇ္ဈင် ၇-ပါးကော ပြီးနေပြီ ပါသွားပြီ၊ သတိ သမ္ဗောဇ္ဈင်, ဓမ္မဝိစယ သမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်, ပီတိသမ္ဗောဇ္ဈင်, ပဿဒ္ဓိ သမ္ဗောဇ္ဈင်, သမာဓိသမ္ဗောဇ္ဈင်, ဥပေက္ခာသမ္ဗောဇ္ဈင်, ဒီနဲ့ ဖြစ်ပျက်ဖြစ်ပျက် ရှုနေတဲ့ အထဲ ပါသွားပြီ၊ ဗောဇ္ဈင် ၇-ပါးထဲသာပါသလား ဘယ် ဟုတ်အုံး မလဲ၊ ဟိုဣန္ဒြေငါးပါးပါ ပါနေပြီ၊ ဘယ်သူလဲ သဒ္ဓိန္ဒြေ, ယုံကြည်တဲ့ သဒ္ဓါ, ဝီရိယိန္ဒြေ-အားထုတ်တဲ့ဝီရိယ, သတိန္ဒြေ သတိ, သမာဓိန္ဒြေ သမာဓိ, ပညိန္ဒြေ ရုပ်နာမ်သိတဲ့ပညာ, ဣန္ဒြေငါးပါးလဲပါသွားပြီ။ ဗိုလ် ငါးပါးကော သဒ္ဓါဗိုလ်-ယုံကြည်တဲ့ဗိုလ်လေ, ဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ် အကုန်ပါသွားပြီ၊ အကုန်ပါသွားတာဘဲ၊ ဗိုလ် ငါးပါးစလုံး ပါသွားတော့ ဣဒ္ဓိပါဒ် လေးပါးကော ဆန္ဒိဒ္ဓိပ္ပါဒ်, ဝီရိယိဒ္ဓိပ္ပါဒ်, စိတ္တိဒ္ဓိပ္ပါဒ်, ဝိမံသိဒ္ဓိပ္ပါဒ်, အကုန်ပါတယ်။

နို့ သတိပဋ္ဌာန်လေးပါးကော ပါနေပါပကောလား ကာယာနုပဿနာ သတိပဋ္ဌာန်, ဝေဒနာ နုပဿနာ သတိပဋ္ဌာန်, စိတ္တာနုပဿနာ သတိပဋ္ဌာန်, ဓမ္မာနုပဿနာ သတိပဋ္ဌာန် အခုယောဂီတွေ အားထုတ်နေတာ သတိပဋ္ဌာန်၊ ဘာတွေ အားထုတ်နေသလဲ၊ ကာယာနုပဿနာ သတိပဋ္ဌာန်ဆိုတာ မိမိကိုယ်မှာကို အာရုံပြုနေဘာ မသိဘူးလား၊ ခန္ဓာ ကိုယ်ကြီးကို အာရုံဗိုက်ပြီးတော့ ရုပ်တရားတွေ နာရီမိနစ်စက္ကန့် မစဲ အောင် အမြဲတမ်း ဖြစ်ပျက်, ဖြစ်ပျက်, ဖြစ်ပျက်နေတာတွေ အာရုံပြု နှလုံးသွင်းနေတာ ကာယာနုပဿနာ သတိပဋ္ဌာန်ပေါ့၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်လဲ ပါနေပြီမဟုတ်လား၊ ပူတဲ့ဝေဒနာတွေ,အေးတဲ့ဝေဒနာတွေ, လှုပ်တဲ့ဝေဒနာတွေ, နာတဲ့ ကျင်တဲ့ ဝေဒနာတွေပေါ့၊ အဲဒါ ဝေဒနာ နုပဿနာပေါ့၊ စိတ္တာနုပဿနာလဲ ပါနေပြီကောလို့၊ ဝီရိယ, သတိ, သမာဓိနဲ့အားထုတ်တာ စိတ်ကိုနိုင်အောင် ထိန်းထားတာမဟုတ်လား။ ဒိစိတ်ဟာ ဟိုပြေး ဒီပြေး ပြေးနေမယ်ဆိုလျှင် ဘယ်နဲ့လုပ်ရမလဲ၊ မရ ဘူး၊ ကိုင်း စိတ္တာနုပဿနာ သတိပဋ္ဌာန်လဲ ပါနေတာပေါ့၊ ဓမ္မာနုပဿ နာ သတိပဋ္ဌာန်ဆိုတော့ ဒိရ ဝိပဿနာဉာဏ်ကိုက ဖြစ်ပျက် ဖြစ်ပျက်

ဖြစ်ပျက်ပွါးနေတာ၊ ဒီနည်းဟာ ဓမ္မာနုပဿနာဝိပဿနာဉာဏ် အစစ် မဟုတ်လားလို့၊ ကိုင်း ဒါသတိပဋ္ဌာန်ထဲ ပါနေတာပေါ့။

နို့သမ္မပ္ပဓာန်လေးပါး ခုနတုန်းကပြောပြီးပြီမဟုတ်လားလို့ ဖြစ်ပြီးသောအကုသိုလ်ပယ်ခြင်း, မဖြစ်သေးသောအကုသိုလ် မဖြစ်အောင်အားထုတ်ခြင်း, မရဘူးသေးသောကုသိုလ် ရအောင်ရှာခြင်း, ရပြီးသောကုသိုလ် လွန်စွာပွါးခြင်း, ပါနေတာ၊ အဲဒီတော့ အသိးတရာ အညှာတခုတဲ့ ပြောစရာ ရှိလို့သာ တို့ယောဂီတွေ သိအောင်လို့ ဘုန်းကြီးများက ရှင်းပြီးတော့ပြနေတာ၊ တကယ်အစစ်က တခုထဲရယ်၊ လုံ့လပြုတို့က ယောဂီများစိတ်ဓာတ်မှာ ဝီရိယကိုမလျော့ဘဲ သတိမြဲစွာထားပြီး သမာဓိခိုင်မြဲစွာနဲ့ ဖြစ်ပျက်တရားကို မလွတ်တမ်းတကယ်အားထုတ်လျှင် နိဗ္ဗာန်ရောက်ကြောင်းတရားအစစ်ပေါ့၊ မဂ္ဂင်ရှစ်ပါး အဲဒီမဂ္ဂင်ရှစ်ပါးကို ချန်လှပ်၍ နိဗ္ဗာန်ရောက်ကြောင်းတရား မရှိဘူးတဲ့ ဘုရားကိုယ်တိုင်ကဟောတာ၊ ဒီဘုရားတွင်မဟုတ်ဘူး၊ ဟိုဂင်္ဂါဝါဠုသဲစုမက ပွင့်တော်မူတဲ့ ဘုရားအဆူဆူတွေကိုက အဲဒီမဂ္ဂင်ရှစ်ပါးဘဲ ဟောတယ်၊ ဒီမဂ္ဂင်ရှစ်ပါးကိုချန်လှပ်၍ နိဗ္ဗာန်ရောက်ကြောင်းတရား ဘယ်မှာမှမရှိဘူး၊ သစ္စာလေးပါးကိုသိတာ၊ ဒီမဂ္ဂင်ရှစ်ပါးအစစ်။

အဲဒါကြောင့်မို့လို့ ခုယောဂီတွေအားထုတ်တဲ့တရားဟာ သာမညတရားမဟုတ်ဘူး၊ တကယ်အစစ်နိဗ္ဗာန်ရောက်ကြောင်းတရားတွေ အဲဒီတရားမျိုးကို တို့ခုရတာ လွယ်ဘာဘဲလို့မအောက်မေ့နှင့်နော် မလွယ်ဘူး၊ ဘဝဘဝ ကမ္ဘာ့ကမ္ဘာ သံသရာအဆက်ဆက်က မိမိတို့ကိုယ်တိုင် ဒီတရားထူးတရားမြတ်ကြီးကို လိုချင်လို့ ဖြည့်လာတဲ့ပါရမီပေါင်းက ဘယ်လောက်များသလဲ သိမလားလို့၊ မသိဘူး၊ အခုဆိုင်နေတဲ့ပုဂ္ဂိုလ်တွေ ဒီလိုမဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ရအောင် ဘဝဘဝက တို့ပါရမီထူး ဖြစ်မှဖြစ်ခဲ့ပမလားလို့ သံသယရှိနေလျှင် ဒုက္ခဘဲ မရှိနဲ့၊ တကယ့်ကို ဘဝဘဝကမ္ဘာ့ကမ္ဘာက ဖြည့်ကျင့်ခဲ့တဲ့ ပါရမီရှိတဲ့ပုဂ္ဂိုလ်တွေမှန်တယ်၊ ဘယ်လိုမှန်သလဲဆိုတော့ မနုဿတ္တဒုလ္လဘ, ဗုဒ္ဓုပ္ပါဒဒုလ္လဘ, သဒ္ဓါသမ္ပတ္တိဒုလ္လဘ, ပဗ္ဗဇိတဒုလ္လဘ, သဒ္ဓမ္မသဝနံအတိဒုလ္လဘံ၊အဲဒီဒုလ္လဘတရား ငါးပါးနှင့် ခု ပြည့်စုံနေတာ သာမညဘုန်းကံနှင့်ပြည့်စုံမလားလို့သာမညပါရမီမျိုး သာမညဘုန်းကံမျိုးနှင့် မပြည့်စုံဘူး စိတ်သာချ၊ တကယ် မိမိတို့ အတိတ်သံသရာ ကမ္ဘာအဆက်ဆက်

ဆည်းပူးခဲ့တဲ့ ဖြည့်ကျင့်ဘူးခဲ့တဲ့ ပါရမီထူးကံထူးရှိလို့ ဖြည့်တာမှတ်၊ တို့လဲဆုတောင်းခဲ့တယ်၊ စက်လေးပါးနဲ့ပြောစေသော်,စက်လေးပါးနဲ့ ပြောစေသော်နဲ့ ဒကာမကြီးတွေ ဆုတောင်းတာ ဘုန်းကြီးများကြား တယ်၊ဒီစက်လေးပါးအဓိပ္ပါယ်က ဘာလဲလို့ဆိုတော့ သူလဲမသိပါဘူး၊ ခမြာများ သနားဘို့ သိပ်ကောင်းတာ၊ စာထဲရလို့သာ ပညာရှိတွေ ရေးထားလို့ သူတို့ဆုတောင်းတာ စက်လေးပါးနဲ့ ပြောစေသော် စက်လေးပါးနဲ့ပြောစေသော် ဆဲဒီစက်လေးပါးဟာ သူတို့ဘာမှန်းလဲ မသိဘူး သိကိုမသိဘူး၊ စက်လေးပါးဟာ တခြားမှမဟုတ်ဘဲ အခု ယောဂီတွေကိုယ်တိုင် စက်လေးပါးနဲ့ ပြည့်စုံနေတယ်၊ ဘာလဲ စက် လေးပါး၊ စက်လေးပါးက–

> ပတိရူပ ဒေသာဝါသ စက်၊
> ပုဗ္ဗေစ ကတပုညတာစက်၊
> သပ္ပုရိ သူပနိဿ ယ စက်၊
> အတ္တသမ္မာပဏိဓိ စက်။

ပတိရူပဒေသာဝါသစက် ဆိုတာက တင့်အပ်လျောက်ပတ်သော အရပ်တဲ့ ဆဲ ခု ဒီအရပ်ဟာ တင့်အပ်လျောက်ပတ်သော အရပ်ပေါ့၊ ဒါပတိရူပဒေသာဝါသစက်၊ ဟော ပုဗ္ဗေစကတပုညတာစက် ရှေးက ပြုခဲ့ဘူးတဲ့ ပါရမီထူးကံထူးရှိတဲ့စက်၊ ကိုင်းဒါထက် ပုဗ္ဗေစကောင်း အုံးမလားလို့ အတိတ်က မိမိဘို့ဆည်းပူးခဲ့တဲ့ ပါရမီ ဘယ်လောက် ကောင်းတဲ့ပုဂ္ဂိုလ်တွေလဲ ဒုလ္လဘာတရားငါးပါးလဲရတယ်၊ ဒုလ္လဘ တရားငါးပါးနှင့် လာတွေ့နေပြီ၊ ဆဲဒါ ပုဗ္ဗေစကတပုညတာစက်နှင့် ပြည့်စုံဘာပေါ့၊ သပ္ပုရိသူပနိဿယစက်တဲ့၊ ကိုင်း အခု ကြည့်စမ်း၊ တကယ့်အစစ်အမှန်ရှိတဲ့ရုပ်တွေ အမှန်ရှိတဲ့နာမ်တွေ အမှန်ကိုကိုယ်ပိုင် ဉာဏ်နှင့် ကိုယ်တိုင်တွေ့အောင် သိနိုင်မြင်နိုင်အောင် ဟောနိုင်ပြော နိုင် ဆုံးမနိုင်တဲ့ ပုဂ္ဂိုလ်တွေနှင့် တွေ့၊ ဆဲဒီလိုတွေ့နေတော့ ကိုင်းအခါခါ တရားတော်နာနေတာ သပ္ပုရိသူပနိဿယစက်နှင့် တွေ့နေပြီမဟုတ်လား လို့၊ ကိုင်း အတ္တသမ္မာပဏိဓိစက်ကရော အားမထုတ်သေးတဲ့လူကို တော့ ထားလိုက်လေ၊ အခု တကယ်အားထုတ်နေတဲ့ ယောဂီတွေကျ တော့ မိမိကိုယ်ကို ကောင်းစွာဆောက်တည်ခြင်းဆိုတဲ့ အတ္တသမ္မာ ပဏိဓိစက်နှင့် ပြည့်စုံနေပြီ မဟုတ်လားလို့၊ ဟော စက်လေးပါနှင့်

ဖြည့်စုံနေပြီ၊ ဒါစက်လေးပါးနှင့်ပြည့်စုံဘာ၊ အဲဒီစက်လေးပါးနှင့် ပြား စေသော်ဆုတောင်းတာပါဘဲ၊ စက်လေးပါးနှင့်ပြားရင် နိဗ္ဗာန်ရတယ် အလုံးစုံ ပဋိသန္ဓေနေခြင်း, အိုခြင်း, နာခြင်း, သေခြင်းဆိုတဲ့ တရား တွေလွတ်၊ အဲဒီလို ပဋိသန္ဓေနေခြင်း အိုခြင်း, နာခြင်း, သေခြင်းဆိုတဲ့ ဒုက္ခတွေမှ လွတ်တဲ့ နိဗ္ဗာန်ကို ကေန်မလွဲတမ်း ရတယ်၊ ဒါစက်လေးပါး နဲ့ပြားအောင် ဆုတောင်းတာ သေသေချာချာ မှတ်ထားကြ၊ အင်မတန် အဘိုးတန်တယ်၊ စက်လေးပါးနှင့်ပြားစေသော် ဩဘ်တို့ပြားနေပြီမှတ်။

အချို့က ပြောကြတယ် ပါရမီရှိမှာ မဟုတ်ပါဘူး ထင်ပါရဲ့ ပါရမီ နည်းလို့ထင်ပါရဲ့ ပြောဘယ်၊ ဘယ်နည်းမလဲ ပါရမီရှိရုံ ဘယ်ကမလဲ ဘုရားရှင် လက်ထက်တော်က ကုဏ္ဍလကေသီဆိုတဲ့ သူဌေးသမီးဟာ သေသေချာချာကြည့်စမ်း ပဋိသမ္ဘိဒာက နောက်ဆုံး ရဟန္တာအဖြစ်နှင့် နိဗ္ဗာန်ကူးမဲ့ပုဂ္ဂိုလ် ဘယ်လောက်မြတ်သလဲလို့၊ အဲဒါတောင်မှ အဝိဇ္ဇာ ဖုံးနေတဲ့ အခါကလေးမှာ သူခိုးမြင်တာနဲ့ ကိုင်း ရာဂစိတ် တပ်နှစ်သက် ပြီးသကာလ ခိုးသားက သတ်မယ်လို့ ကြံမိမောင်းပြီး အထောင်း တောင် ခံရတယ်မဟုတ်လား သေသေချာချာ တွေးကြည့်၊ ဒါပဋိသမ္ဘိဒာ ကနောက်ဆုံး ရဟန္တာအဖြစ်နဲ့ နိဗ္ဗာန်ကူးမဲ့ ပုဂ္ဂိုလ်၊ အဲဒါ အဝိဇ္ဇာ မကွာ တဲ့အခါကလေးလောက် ခံလိုက်ရတာ၊ အဝိဇ္ဇာ ကွာတာနဲ့ တပြိုင်နက် ရဟန္တာ ဖြစ်မယ်မဟုတ်လား၊ ဟော နိဗ္ဗာန်ကူးသွားရော၊ ရဟန္တာ တခါထဲဖြစ် နိဗ္ဗာန်ကူးရတယ်၊ အဝိဇ္ဇာကွာသွားဘာ။

အဲအခုတို့ယောဂီတွေလဲဘဲ အဝိဇ္ဇာဖုံးနေတုန်းကို သို့လော သို့လော ထင်နေတာ၊ အဝိဇ္ဇာကွာစမ်းပါ ဝိဇ္ဇာညဏ်နဲ့ဆို ဒက်ခနဲ သိဘာပေါ့၊ ဒါကြောင့်မို့လို့ ဘုန်းကြီးများ အားရပါးရ ဝမ်းမြောက် ဝမ်းသာနှင့် တိုက်တွန်းပြီးတော့ ဟောပြောနေတာ အဲခုနတုန်းက စောစော ဘုန်း ကြီးဟောခဲ့တဲ့ တရားမှာလဲ လောကီ ရေးလေးနှင့်ပြန့်နှလုံးသွင်းကြည့် ပေါ့၊ ဘာပြောခဲ့သလဲ ပဌပ္ပန်မှာ အမှန်တကယ် ကျရောက်မဲ့ ရောဂန္တ ရကပ် သတ္တန္တရကပ် ဒုဗ္ဘိက္ခန္တရကပ် ဘေးကြီးမြင်ကြပြီပေါ့၊ ရှေးက တုန်းကတော့ ပြောသံကြားနဲ့ တို့ဒကာ ဒကာမတွေ ဆုတောင်းတယ် လေ အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး ရန်သူမျိုးငါးပါး

အနာမျိုးကိုးဆယ် ခြောက်ပါး ဝိပ္ပတ္တိတရား လေးပါး ဗျသနတရား ငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည် ဖြစ်၍လို့ ဆုတောင်းတယ် အဲဒါ ပါးစပ်တောင်း ဆုတောင်းတို့ မဟုတ်ဘူး ကိုယ်တိုင်ကို လွတ်အောင်လုပ်ရမယ်၊ ခုဘဝ လွတ်အောင်လုပ်နိုင်တဲ့ လက်နက် ကောင်း ဟော့ဘုန်းကြီးထုတ်ပြမြို။

ဘုရားပြသလဲ သီလ, သမာဓိ,ပညာ၊ သီလကိုမြဲအောင်ဆောက်တည် သမာဓိကို မလစ်စေနှင့် ဟောသီလနှင့် သမာဓိ ပြည့်စုံလျှင် ပညာ စခန်းမှာ ဖြင့်ပျက်ဆိုတဲ့တရားကို အမြဲတမ်း အားထုတ် မမေ့နဲ့၊ဘုရား ကိုယ်တော်မြတ်ကြီးက ရပ်သော်၎င်း သွားသော်၎င်း ထိုင်သော်၎င်း အိပ်သော်၎င်း ဣရိယာပုထ်လေးပါး သတိမြဲစွာထားလို့ အကြိမ်ကြိမ် ဆုံးမတော်မူတယ်၊ အဲဒီတော့ ခုနတုန်းက ကေသရာဇာ ခြင်္သေ့မင်း၏ ဟောက်သံကို နားမှာ ဝဲဂွမ်းဆို့ပြီး ကာကွယ်သလိုပေါ့၊ အခုလဲ ရေ, မီး မင်း ခိုးသူ မချစ်မနှစ်သက်သောသူ ရန်သူမျိုးငါးပါးဘေးရောဂန္တရာယ်သတ္ထန္တရာယ်ဒုဗ္ဘိက္ခန္တရာယ်ဆိုတဲ့ကပ်သုံးပါးဘေးအန္တရာယ် ကာကွယ်တို့ရာ နားမှာ ဝဲဂွမ်းဆို့သလို သတိပေါ့၊ သတ်ကို လက်မလွှတ်ဘဲ ဝိပဿနာဆိုတဲ့ဉာဏ် အဲဒီ ဝိပဿနာဉာဏ် တည်းဟူသော သတိကို လက်ကိုင်ထားပြီးတော့ အားရပါးရ အားကိုး အားထား မယုံမကြည်တော့ မလုပ်နဲ့၊ မယုံမကြည်လုပ်မှာတော့ ဘုန်းကြီး အပိုးရိမ် သား ယုံယုံကြည်ကြည်သာ လုပ်ပါ၊လေးလေး စားစားနဲ့ ယုံယုံကြည်ကြည် မြတ်စွာဘုရား၏ တရားတော်သည်အစ၏ကောင်းခြင်းအလယ်၏ ကောင်းခြင်း အဆုံး၏ကောင်းခြင်း သီလ,သမာဓိ ပညာ ဒီသုံးပါးသော တရားဟာ အမှန် လောကဒုက္ခကိုလဲ ကာကွယ်တာ အစစ်၊ မုချ ကာကွယ်တယ်၊ လောကီမှာကျရောက်ဆဲ ကျရောက် လတ္တံ့ဖြစ်သော ရောဂန္တရာယ်, သတ္ထန္တရာယ်, ဒုဗ္ဘိက္ခန္တရာယ်များကိုလဲကာကွယ် နိုင်တယ်၊ တကယ့်ကို သီလ,သမာဓိ,ပညာ ရေ မီး မင်း ခိုးသူ မချစ်မနှစ်သက်သောသူ ရန်သူမျိုးငါးပါး ဘေးဆိုးကြီးကို လက်ငင်း ပစ္စက္ခ မျက်မှောက်မှာ ကာကွယ်နိုင်တယ်၊ဒီလောက် လက်နက်ကောင်းတယ်၊ ကုသလာ အနဝဇ္ဇ သုခဝိပါက လက္ခဏာ–အပြစ်မရှိ ကောင်းသော အကျိုးကိုပေးခြင်း လက္ခဏာရှိကုန်သော၊မွောနိသတ္တ နိဇ္ဇီဝသဘာဝ–

သဏ္ဍာလည်း မဟုတ်၊ ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ-ရှိကုန်၏၊ အဲ တကယ့်အစစ် ဘုရားကိုယ်တိုင် တာဝတိံသာ နတ်ပြည် မယ်တော်မိနတ်သား အမှူးပြု၍ ဟောခဲ့တဲ့တရား။

အဲဒီတော့ မိမိတို့ ကိုယ်တိုင် မိမိတို့ ကုသိုလ် အစစ်ကို ရလျှင်တော့ စိတ်သာချပါ၊ ကုသိုလ်အတု ကုသိုလ်အယောင် ကုသိုလ်ဟန်ဆောင်နေလျှင်တော့ တို့ မပြောဘတ်ဘူး၊ ကုသိုလ် အစစ် သီလက ကာယကံ, ဝစီကံ လုံပေစေ၊ သမာဓိက ဝီရိယ, သတိ, သမာဓိ နှင့်ပြည့်စုံပေစေ၊ ပညာက အမှန် ယထာဘူတ ဟုတ်တိုင်းမှန်စွာ ရုပ်နာမ်ကိုသိပေစေ၊ အဲဒီလို ပညာစခန်းမှာ ယထာဘူတ ဟုတ်တိုင်းမှန်စွာ ရုပ်နာမ်သိလို့ ဖြစ်ပျက်ဆိုတဲ့တရားကို လေးလေး စားစားနဲ့ အားထုတ်ကြပလားဆိုလျှင် ဖြစ်ပျက်က ခန္ဓာကိုယ်မှာတွေ့မှ ဖြစ်ပျက်လဲမှန်တယ်၊ ခန္ဓာကိုယ်မှာတွေ့တာ ဖြစ်ပျက်အစစ်၊ အာကာယ်၍ ခန္ဓာကိုယ်မှာမတွေ့တောင်ဘဲ အခုသဲလွန်စရပြီ၊ ရတော့ကာ ဟောမြင်သိ အသစ်ပြောင်း အဟောင်းပျက်ပုံ,ကြားသိ အသစ်ပြောင်း အဟောင်းပျက်ပုံ, နံသိ အသစ်ပြောင်း အဟောင်းပျက်ပုံ, စားသိ အသစ်ပြောင်း အဟောင်းပျက်ပုံ, ကိုယ်မှာတွေ့ထိ အသစ်ပြောင်း အဟောင်းပျက်ပုံ, မနောကကြံသိ အသစ်ပြောင်း အဟောင်းပျက်ပုံတွေ သိနေလျှင် ရုပ်နာမ်ချည်းဘဲ၊ မြင်သိဆိုတာလဲ ရုပ်နာမ်ဘဲ၊ ကြားသိဆိုတာလဲ ရုပ်နာမ်ဘဲ, နံသိလဲ ရုပ်နာမ်, စားသိ ရုပ်နာမ်, တွေ့သိ ရုပ်နာမ်, ကြံသိ ရုပ်နာမ်, ဒါ ရုပ်နာမ်ချည်းဘဲ၊ အဲဒီရုပ်တရား နာမ်တရားတွေကို အမှန်သိလို့ ငါမဟုတ်ဘူးလို့ အနတ္တလက္ခဏာ သိနေတဲ့ပုဂ္ဂိုလ် အဲဒီနေရာ ဝိပဿနာဉာဏ် မြင်နိုင်တာတွေပေါ့၊ ဒီက သဲလွန်စ ပြတာ၊ ခန္ဓာကိုယ်အဇ္ဈတ္တိကသန္တာန်မှာ အမှန်ရှိတဲ့ ရုပ်တွေ နာမ်တွေ ဖြစ်ခြင်းပျက်ခြင်းကို အမှန်သိတဲ့ ဉာဏ်ကလေးကို အားကိုး အားထားလက်ကိုင်တခုပြုပြီးတော့ အမြဲတမ်းအားထုတ်ကြပါ။

အဲဒီလို အားထုတ်တဲ့ပုဂ္ဂိုလ်ဟာ အခုဘုန်းကြီးပြောခဲ့တယ် မဟုတ်လား လောကဘေးကြီးကိုလဲ လွတ်မြောက်နိုင်ပါတယ်၊ လောကဘေးတွင်မျှမကသေးဘူး၊ လောကဘေးထက် ကြောက်စရာကောင်းတဲ့ သံသရာဘေးကြီး ငရဲ,တိရစ္ဆာန်,ပြိတ္တာ, အသူရကာယ် အပါယ်

လေးပါး လားတတ်တဲ့ သံသရာဘေးကြီး သို့မဟုတ် ပဋိသန္ဓေနေခြင်း, အိုခြင်း, နာခြင်း,သေခြင်း ဆိုတဲ့ သံသရာဘေးဆိုးကြီး အဲဒီလိုဘေးမျိုးရန်မျိုး အန္တရာယ်မျိုးတို့မှ အမှန်မုချ ကင်းဝေးနိုင်တဲ့ တရားဟာ ဘယ်သူလဲဟေ့ ဟော့,အခုကိုယ်တိုင် ကိုယ်ကျ အားထုတ်ထားတဲ့ လက်နက်ကောင်း လက်နက်မြတ်ကြီးဟာ အမှန်ကောင်းပါတယ်လို့၊ ဒါကြောင့် တို့မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည် သူကိုယ်တိုင် တွေ့၊တွေ့ပြီးမှတော့သူ၄၅ဝါကာလပတ်လုံးအားလုံးသတ္တဝါတွေငါကဲ့သို့ တွေ့စေမယ်ဆိုပြီးတော့ ဓမ္မခန္ဓာရှစ်သောင်း လေးထောင်နဲ့ လှည့်ပတ်ပြီး သကာလ နေ့ညမစဲ အမြဲဟောနေတဲ့ တရားဟာ ဒီတရားပေါ့။

အဲဒီတော့ အဲဒီ မဂ္ဂင်ရှစ်ပါးဘဲ နောက်ဆုံးဟောတယ်၊ မြတ်စွာဘုရားဟောလိုက်ထာ သုတ္တန်ပါတ်ပါဠိတော်တွေ အမျိုးမျိုး ဟောထာဘဲ၊ ဟောပြီး နောက်ဆုံးဘာနဲ့ချုပ်သလဲ သစ္စာလေးပါး ပြတာဘဲ၊ သစ္စာလေးပါး ဘာပြသလဲ၊ ဒုက္ခသစ္စာသိ၊သမုဒယသစ္စာပယ်၊နိရောဓသစ္စာ နိဗ္ဗာန်မျက်မှောက်ပြု၊ မဂ္ဂသစ္စာပွါး၊ ဟော သစ္စာလေးပါး၊ သစ္စာလေးပါးဆိုတော့ များလိုက်ထာ ဘာလဲ ခုနပြောတဲ့ ရုပ်နာမ်သိပေါ့ ရုပ်နာမ်သိ သစ္စာလေးပါးသိတယ်၊ ရုပ်နာမ်သိလျှင် သစ္စာလေးပါးသိပြီးသား ရုပ်နာမ်သိတာ လွယ်တာမဟုတ်ဘူး၊ သီလနဲ့ ပြည့်စုံရတယ်၊ ရုပ်နာမ်သိတာ သမာဓိနဲ့ ပြည့်စုံရတယ်, ပညာနဲ့ ပြည့်စုံရတယ်၊ အဲဒီလိုသိတဲ့ ရုပ်နာမ်မှ အမှန် စာထဲကျက်ထားတဲ့ ရုပ်နာမ်က သီလလဲမပြည့်စုံဘူး၊ သမာဓိလဲမပြည့်စုံဘူး၊ ပညာလဲ မပြည့်စုံဘူး၊ ဒါစာထဲကျက်ထားတာ ယောဂီ ဝိပဿနာဉာဏ်နဲ့သိတဲ့ ရုပ်နာမ်က သီလလဲပြည့်စုံတယ်၊ သမာဓိလဲပြည့်စုံတယ်၊ ပညာလဲ ပြည့်စုံတယ်၊ တယ်မကွာပါဘူး သိုးသိုးသိသိကလေးကွာတယ်၊ကိုယ်ပိုင်ဉာဏ်နဲ့ကြည့်၊ စာထဲမှာ ပရိယတ္တိဉာဏ်နဲ့ပြည့်စုံလို့ ကျက်ထားတဲ့ ရုပ်တရားနာမ်တရားတွေက သီလလဲမပြည့်စုံဘူး၊ သမာဓိလဲမပြည့်စုံဘူး၊ ပညာလဲမပြည့်စုံဘူး၊ ဟော ဝိပဿနာအလုပ်ကို တကယ်အားထုတ်တဲ့ ယောဂီက သူသိတဲ့ရုပ်နာမ်က သီလလဲပြည့်စုံတယ်၊ သမာဓိလဲ ပြည့်စုံတယ်၊ ပညာလဲ ပြည့်စုံတယ်၊ ကိုင်း ထင်ရှားရော

မဟုတ်လား၊ ဘာပြောပြော သူတို့ကပြောချင်တာပြော ယောဂီကိုယ်ပိုင်ဉာဏ်နဲ့သိပြီ၊ အဲဒီတော့ယောဂီကိုယ်ပိုင်ဉာဏ်နဲ့ ပြည့်စုံတဲ့ ရုပ်နာမ်က သီလ,သမာဓိ, ပညာနဲ့ ပြည့်စုံတယ်၊ ယောဂီ မဟုတ်တဲ့ ပရိယတ္တိဉာဏ်နဲ့ သိတဲ့ပုဂ္ဂိုလ်တွေက သီလ ,သမာဓိ, ပညာနဲ့ မပြည့်စုံဘူး၊ အဲဒါထင်ရှားရောပေါ့၊အဲဒါကြောင့်မို့လို့ တို့က အားကိုးအားထားပြုပြီး သကာလ သီလ,သမာဓိ,ပညာဆိုတဲ့ တရားကို ချန်လှပ်၍ နိဗ္ဗာန်ပေါက် နိဗ္ဗာန်ရောက်တရား မရှိဘူးဆိုတာ ယုံကြည်သော အားဖြင့် ငါတို့ ဒီတရားကို လက်ကိုင်ပြုပြီး အားထုတ်ရလျှင် ပစ္စက္ခမျက်မှောက်မှာ တကယ်တမ်းကျရောက်မဲ့ဘေးကြီးမှ လွတ်မြောက်တဲ့အပြင် နိဗ္ဗာန်ထုတ်ခြောက် ကေန္တ ရောက်မယ်ဆိုတဲ့ သဒ္ဓါတရားနဲ့ ကိုင်း ကြိုးစားပြီးတော့အားထုတ်ကြ။

# ဒုလ္လဘတရား ငါးပါး

တရားနာတဲ့ပုဂ္ဂိုလ်, တရားဟောတဲ့ပုဂ္ဂိုလ်, တရားနာတဲ့ပုဂ္ဂိုလ်များဟာ ဟောလိုက်တဲ့တရား၏ အနက်အဓိပ္ပါယ် ရသ, သဘာဝတို့ကို ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နှင့် နားလည်ဘို့ မလွယ်ဘူးပေါ့၊ ဟောတဲ့ ပုဂ္ဂိုလ်ကလဲ တရားနာတဲ့ပုဂ္ဂိုလ်များ နားမလည်, လည်အောင် သဘောမကျ,ကျအောင် သဘာဝယုတ္တိ အာဂမယုတ္တိနှင့် နားလည်လောက်အောင် ပြောဘို့ရာ မလွယ်ဘူး၊ အလွန်ခဲယဉ်းတယ်၊ အခုလုပ်ငန်းက တကယ့်အထက်တန်းလုပ်ငန်း၊ ဘယ်ကလောက်ကြီးကျယ်တဲ့ လုပ်ငန်းလဲဆိုတော့ ဘဝအသင်္ချေအနန္တ ကမ္ဘာအဆက်ဆက်က မိမိတို့ကိုယ်တိုင် အမျိုးမျိုးသောနည်းနာနယတို့ဖြင့် ကျင်လည်ပြီးတော့ လာခဲ့ကြတာ၊ ဒိဘဝ, ဒိသာသနာ, ဒီအခါမှာဖြင့် ငါတို့လောကဒုက္ခ, သံသရာဘေးကလွတ်မြောက်တဲ့ နိဗ္ဗာန်ကို မရ အရအပါယူမယ်ဆိုတဲ့ အနေမျိုးနှင့် အားထုတ်တဲ့ပုဂ္ဂိုလ်တွေ၊ အဲဒီပုဂ္ဂိုလ်တွေဟာ တကယ်တမ်းအဟုတ် အားထုတ်တတ်အောင် သင်ကြားဘို့ဆိုတာလဲ မလွယ်ဘူး၊ ဒါ်းတော့ မထုတ်ချင်တဲ့ပုဂ္ဂိုလ်တွေ ရှိသေးတယ်၊ အပူမဲ့နေပြီးတော့ မိမိတို့ စားကာ, သောက်ကာ, သွားကာ, လာကာ, ရပ်ကာ, မောကာ, ပြောကာ, ဆိုကာနှင့် အချိန်ကာလတွေကုန်ဆုံးပြီးတော့ အေးအေးနေတဲ့ပုဂ္ဂိုလ်တွေလဲ ရှိသေးတယ်၊ အဲဒီလိုပုဂ္ဂိုလ်မျိုးတွေ ကျပြန်တော့ အားမထုတ်ချင် ထုတ်ချင်အောင် အမျိုးမျိုးသော အာဒီနဝ အပြစ်တွေ ပြပြီးတော့ ငါတို့သည် အပြစ်အာဒီနဝဘေးဆိုးမှလွတ်မြောက်ရာ နိဗ္ဗာန်မရသမျှ မုချချမ်းသာသုခမဖြစ်ဘူး၊အဲဒီလိုဉာဏ်မျက်စိနှင့် မြင်လာအောင် ပြောရတာလဲ မလွယ်လှဘူး၊ဒါကြောင့် ခဏခဏ သတ္တဝါတို့၏ နားလည်အောင် အဓိပ္ပါယ်သဘောသွားကို ဥပမာအမျိုးမျိုးနှင့် ညွှန်ကြားရတာ။

'ဥပမာယ မိဓေကစ္စေ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ' ဆိုတဲ့အတိုင်း တချို့က ဥပမာနဲ့ပြောမှ အဓိပ္ပါယ်နားလည်တယ်၊ ဥပမာကလေးတွေ ပြပြီးတော့ နားမလည် လည်အောင် အမျိုးမျိုးကြံဆောင်ပြီး ပြရတယ်၊ အခု မိမိတို့ ရရှိတဲ့ဘဝဟာ ကောင်းတဲ့ဘဝလား ဆိုးတဲ့ဘဝလား

ကိုယ်ပိုင်ဉာဏ်နှင့်မြင်တို့ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောထား ဒါကတော့ 'မနုဿတ္တဘာဝေါ ဒုလ္လဘော'တဲ့၊ အဲဒီလို ဟောတယ်၊ ဒုလ္လဘငါးပါးထဲမှာ ဒီ မနုဿတ္တဒုလ္လဘဟာ အလွန်ရခဲတယ်တဲ့၊အဲဒီလို ရခဲတယ်ဆိုတဲ့ ဘဝဟာ အင်မတန်ကောင်းလို့ မြတ်စွာဘုရား ဟော တာနှင့်တူတယ်၊ ဒီတော့ ရခဲတယ်ဆိုတဲ့ဘဝကို တွံ့ဒကာ, ဒကာမ တွေက ခုရနေပြီ၊ မနုဿတ္တဒုလ္လဘ=လူ၏အဖြစ်ကို အမှန်ကိုရနေပြီ၊ အဲဒီလို လူ့အဖြစ်ကိုရနေတဲ့ ဒကာ,ဒကာမတွေဟာ အမှတ်မဲ့နေမယ် ဆိုလျှင် ဘုရားကိုယ်တော်မြတ် ဟောတဲ့အတိုင်း တွံ့သာမည ပုဂ္ဂိုလ် မဟုတ်ဘူး၊ အင်မတန်ရခဲတဲ့ ဘဝကောင်း ဘဝမြတ်ကြီး တို့ ရနေဒါ ဘဲလို့ အဲဒါကလေးနှင့် အားရတင်းတိမ်နေမှာ စိုးရတယ်၊ ဒီတော့ ရတဲ့ဘဝဟာ မနုဿတ္တဒုလ္လဘ လူအဖြစ်ကိုရခဲတယ်၊ အင်မတန်ရခဲ တဲ့ ဘဝကြီးကို ရလာခြင်းသည် ဘယ်လိုအကျိုးများသလဲ အဲဒါသိဘို့ လိုတယ်၊ အလွန် အရေးကြီးတယ်၊ မနုဿတ္တဒုလ္လဘ, လူအဖြစ် ရခဲတယ် ဆိုသော်လဲ ရပြီတဲ့။

ပြီးတော့ဘချက် ဗုဒ္ဓုပ္ပါဒဒုလ္လဘ ဘုရားပွင့်တဲ့ သာသနာခေတ် အင်မတန်ရခဲတယ်၊ အဲဒါလဲဘဲ အခုကိုယ်တိုင်တွေ့နေကြရပြီ၊ ဘယ် ကလောက်ဘဲ ရခဲရခဲ မိမိတို့ကိုယ်တိုင် အနှစ်ငါးထောင် ထားခဲ့တဲ့ သာသနာခေတ်ကို ရောက်ပြီးတော့ ကိုယ်တိုင် ဗုဒ္ဓုပ္ပါဒခေတ်နှင့် လာ တွေ့နေတာ၊ အဲဒီတော့ ကိုယ်ကိုအထင်ကြီးလဲကြီးစရာပေါ့၊ စင်စစ် မြတ်စွာဘုရားက ဗုဒ္ဓုပ္ပါဒဒုလ္လဘ ရခဲတယ်လို့ ဟောခြင်းဟာ ဘယ် အကြောင်းကြောင့် ဟောတယ် မနုဿတ္တဒုလ္လဘ ရခြင်းဟာ ဘယ်အ ကြောင်းကြောင့် ဟောတယ်ဆိုတာ အဓိပ္ပါယ်သဘော နားလည်ဘို့ အလွန်အရေးကြီးတာပေါ့၊ အဲဒီတော့ဘာလဲ သဒ္ဓါသမ္ပတ္တိဒုလ္လဘ, သဒ္ဓါတရားနှင့် ပြည့်စုံခဲတယ်တဲ့၊ သဒ္ဓမ္မသဝနံအတိဒုလ္လဘံ, သူတော် ကောင်းတရားများအလွန်ကြားနာရခဲတယ်၊အတိဒုလ္လဘလွန်တဲ့အနက် ဟောတယ်၊ပဗ္ဗဇ္ဇိတဒုလ္လဘဆိုတာလဲ သာသနာနှင့်မကြုံသမျှဘယ်အခါ မှ ပဗ္ဗဇ္ဇိတဒုလ္လဘရမှာမဟုတ်ဘူး၊အခုအလွန်ရခဲတယ်၊သို့သော် အဲဒီလို ရခဲတဲ့ဘဝကိုရ၍ ဘာများအကျိုးရှိသလဲ၊ဒါလိုက်ကြည့်ရမယ်၊ အခုလို ရခဲတဲ့-

မနုဿတ္တ ဒုလ္လဘာ,
ပဗ္ဗဇ္ဇိတ ဒုလ္လဘာ,
သဒ္ဓါသမ္ပတ္တိ ဒုလ္လဘာ,
ဗုဒ္ဓုပ္ပါဒ ဒုလ္လဘာ,
သဒ္ဓမ္မသဝန အတိဒုလ္လဘာ,

ဆိုတဲ့ ဒုလ္လဘ ငါးပါးနှင့် ကြုံလာတဲ့အခါ ဘာအရေးကြီးလို့ ဒီ ဒုလ္လဘ တို့မြတ်စွာဘုရား“ဇိဝံ ဒိဝသေဒိဝေသေ ဩဝဒိ” လို့ နေ့တိုင်း ဟောတော်မူပါသလဲဆိုတော့ ဒါဟာ ဉာဏ်စခန်းတွေပေါ့၊ မလွယ်ဘူး ဘုရားကိုယ်တော်မြတ်ကဲ့ဉာဏ် တကဲ့အသိဉာဏ် ဘုရားကိုယ်တော် မြတ် ဉာဏ်မှာမြင်တဲ့အတိုင်း ဉာဏ်တော်နှင့်ဟောတာ လူတွေကတော့ သာမညနားနှင့် နားထောင်တော့ ဘယ်နားလည်မလဲ၊ အဲဒီလို မနုဿတ္တ ဒုလ္လဘာ လူ့အဖြစ်ကိုရခဲတဲ့ ဘဝရလာခြင်းဟာ လူ့အဖြစ်လဲ ချမ်းသာ သလားလို့ လိုက်ရှာတော့ လူ့အဖြစ်လဲ တကယ့်ကို အစစ်တော့ မချမ်း သာဘူး၊ ဘယ့်ကလောက် မချမ်းသာသလဲလို့ ကိုယ်ပိုင် ဉာဏ်နှင့် တွေးကြမယ်ဆိုလျှင်–

**ဥပမာ** – ဒီအမိဝမ်းမှာ ၉-လ, ၁၀-လ နှာခေါင်း မတယ်နိုင်တဲ့ မစင်ကျင်ကြီးအလယ် စက်ဆုပ်ဘွယ် ကိုယ်တိုင်နေခဲ့ ရတယ်၊ လူ အဖြစ် အဲဒီလို လူအဖြစ် ရလာခဲ့တဲ့ အခါကာလ ကျတော့ သာမည လွယ်လွယ်နှင့် လူဖြစ်တာမဟုတ်သေးဘူး၊ အလွန်ကြောက်ဘို့ကောင်း တာ၊ အဲဒီအမိဝမ်းတွင်းမှာ ၉-လ, ၁၀-လ သန္ဓေ အောင်းပြီးတော့ ကျဉ်းမြောင်းတဲ့ဒုက္ခ ခံနေရပေမဲ့ ဘွားမြင်တဲ့အခါကျတော့ အသက် ရှင်မယ်မျှား ထင်နေသေးသလား၊ လူတရာမှာ အနည်းငယ်ခန့် ရှင်ကြ တာ၊ အင်မတန်ကျဉ်းမြောင်းတဲ့ ဒုက္ခဝေဒနာ၊ ပြီးတော့ အသက်ကလဲ အင်မတန်အန္တရာယ်နီးတာ၊ အလွန်ကြောက်စရာ ကောင်းတာ အဲဒီ လောက် ကျဉ်းမြောင်းကြပ်တည်းတဲ့ ဒုက္ခဝေဒနာကြီးကိုခံခဲ့ရတဲ့ဒုက္ခ ဘယ်လောက်လဲ၊ ၉-လ၊ အဲဒီလို ပဋိသန္ဓေ ကိုယ်တိုင် နေလာခဲ့တဲ့ ဒုက္ခကို မမြင်ကြဘူးပေါ့၊ ဩဝါ-အဝိဇ္ဇာ တရားတွေ အဲဒီလို မိမိတို့ ကိုယ်တိုင် နေခဲ့ရတဲ့ ပဋိသန္ဓေဒုက္ခကြီး ဘယ်လောက်ကြီးတယ်ဆိုတာ ကို ကိုယ်ပိုင်ဉာဏ်လေးနဲ့ သိကြစမ်း။

ဥပမာ–ပဟောတိုက်ခန်းကလေးတခု မိုးလုံလေလုံ ဘာမှအန္တရာယ် အထိအခိုက်မရှိဘူး၊ အဲဒီတိုက်ခန်းထဲမှာ အဝတ်တန်ဆာဆို၍ လိုလေ သေးမရှိ စားဘွယ် သောက်ချန်ဆို၍ လိုလေသေးမရှိ ဒီတိုက်ခန်းက လေးထဲမှာနေရခြင်းဖြင့် ဘာမှ လိုလေသေးမရှိတဲ့ တိုက်ခန်း ကလေး ထဲမှာ ခုနေတရားနာတဲ့ပုဂ္ဂိုလ်တွေ ကိုယ်တိုင် ကိုယ်ပိုင် ဉာဏ်ကလေး နှင့် တွေးကြည့်စမ်း တလလောက် ဘယ်မှမထွက်ဘဲ အဲဒီအထဲနေစမ်း ပါဆိုရင် နေနိုင်ကြပါ့မလား၊ တလလောက် တလလောက်၊ အဲဒီ တိုက်ခန်းကလေးထဲမှာ စားစရာလဲ လိုလေသေးမရှိ, အဝတ်တန်ဆာ ဆိုတာလဲလိုလေသေးမရှိရဘူး,နေရာထိုင်ခင်းဆိုလဲအင်မတန်ကောင်း အောင် လုပ်ထားတာ၊ အဲတာ တလလောက် ဘယ်မှမထွက်မသွားဘဲ ဒီတိုက်ခန်းကလေးထဲ နေစမ်းပါဆိုလျှင် နေကြပါ့မလား၊ နေချင်တဲ့ စိတ်များပေါ်ကြပမလား၊တွေးကြည့် တွေးကြည့်၊အဲဒါကောင်းကောင်း မွန်မွန် ချမ်းချမ်းသာသာ နေရတာ၊ အဲဒါတောင်မှ နေချင်တဲ့ စိတ်ရှိ သလား မရှိသလား၊ ကိုယ်ပိုင်ဉာဏ်နဲ့တွေးကြည့်ပေါ့။

အဲ အခုအမိဝမ်းမှာ သန္ဓေတည်ရတာ ချမ်းချမ်းသာသာ မဟုတ်ဘူး နှာခေါင်းမတယ်နိုင်တဲ့ မစင်ကျင်ကြီးအလယ်မှာ အမိအသွားအလာ အနေအထိုင် နေရာမကျလျှင် ကျဉ်းမြောင်းတဲ့ဒုက္ခထဲမှာ ခံစားနေရ တာ မချိမဆန့်ခံစားရတဲ့ဒုက္ခပေါ့၊ ဒါတွင်မျှဘယ်ကအဆုံးမလဲ အစား အသောက် မတော် မလျော်တဲ့ အစာအာဟာရတွေ စားလိုက်လျှင် ပူလွန်းတဲ့အစာ, အေးလွန်းတဲ့ အစာတွေကို သုံးဆောင် လိုက်လျှင် ဘယ်လောက်ခံစားရတယ်ဆိုတာ ထွန့်ထွန့် လူးသွားတာပေါ့၊ အဲဒီ လောက် ကျဉ်းမြောင်းတဲ့ ဒုက္ခဝေဒနာတွေ ခံစားနေရတာ၊ ဒါမြတ်စွာ ဘုရားက မနုဿတ္တဒုလ္လဘတဲ့ လူအဖြစ်ရခဲတယ်။

အဲဒီလောက် လူအဖြစ်ကို ရခဲတဲ့ ဘဝကြီးမှာ ခုလူလာ ဖြစ်လာ တော့ ဘာဖြစ်လို့ မြတ်စွာ ဘုရားက လူ အဖြစ်ကို ကောင်းရာ ကောင်းကြောင်း စကားတွေ အမွှန်းတင်ပြီး ပြောပါလိမ့်၊ပြောမှာပေါ့၊ လူ့ဘဝကို ရလာရခြင်းဟာ အတိဒုလ္လဘအင်မတန် ကောင်းတဲ့ ဘဝ ကောင်း ဘဝမြတ်ကြီးလို့ဆိုခြင်းဟာ တခြားမဟုတ်၊ တို့ ဘဝ ဘဝ

ကမ္ဘာ့ ကမ္ဘာ သံသရာ အဆက်ဆက်က ပဋိသန္ဓေ နေရတဲ့ ဒုက္ခ အသွယ်သွယ် အန္တရာယ်အမျိုးမျိုးတွေ,အိုရတဲ့ ဒုက္ခအန္တရာယ်အသွယ်သွယ် အမျိုးမျိုးတွေ နာရတဲ့ ဒုက္ခအန္တရာယ် အသွယ်သွယ် အမျိုးမျိုးတွေ သေရတဲ့ ဒုက္ခအန္တရာယ် အသွယ်သွယ် အမျိုးမျိုးတွေကို ဒီလူအဖြစ်ကို မရဘဲ သိကိုမသိဘူး၊ လူအဖြစ်သာလျှင် သိနိုင်တယ်၊ အဲဒီလိုလူအဖြစ်ကိုရတဲ့ပုဂ္ဂိုလ်များဟာ ဤကဲ့သို့ ကျဉ်းမြောင်းသောဒုက္ခဝေဒနာတွေကို ကိုယ်တိုင် ကိုယ်ပိုင် ဉာဏ်မျက်စိနှင့်မြင်နိုင်တဲ့ ဘဝကောင်းပေါ့၊ အဲဒီလိုမြင်ဘို့ရာ ခုပြောတဲ့ ဉာဏ်မျက်စိနှင့် မြင်ဘို့ရာ လူအဖြစ်ရတိုင်း မြင်တာ မဟုတ်ဘူး၊ ဘယ်သူနဲ့ တွေ့မှလဲ ဗုဒ္ဓုပ္ပါဒဒုလ္လဘဆိုတဲ့ သာသနာခေတ်နဲ့လဲ တွေ့အုံးပါမှ သာသနာခေတ်နဲ့ မတွေ့လဲ ခုပြောတဲ့ ဒုက္ခအန္တရာယ် အသွယ်သွယ်တွေ မြင်ရမလားဆိုတော့ ဝေးလိုက်တာ အနားတောင် မကပ်နိုင်ဘူး၊ ကဲဒါဖြစ်ရင် လူအဖြစ်ကယ် ခုပြောတဲ့ ဗုဒ္ဓုပ္ပါဒဒုလ္လဘအဖြစ်ကယ် နှစ်ပါးထဲနဲ့ကော လိုရာဆန္ဒပြီးမလားဆိုတော့ မပြီးသေးဘူး၊ဘာလာအုံးမလဲ သဒ္ဓါသမ္ပတ္တိ ဒုလ္လဘတဲ့၊ယုံကြည်ဘို့က အတော်ခဲယဉ်းသေးတာ၊ မယုံကြည်နိုင်ကြဘူး၊ အလွယ်နဲ့ မယုံကြည်ဘူး၊ အဲဒါကြောင့်သဒ္ဓါသမ္ပတ္တိဒုလ္လဘတဲ့ သဒ္ဓါတရားနဲ့ ယုံကြည်ဘို့ရာ အလွန်ခဲယဉ်းသေးတယ်၊ သဒ္ဓါတရားနဲ့ ပြည့်စုံတာ ဒုလ္လဘကြီးတခုတဲ့ ဘုရားက။

အဲဒီမယုံကြည်တဲ့ ပုဂ္ဂိုလ်တွေကျတော့ ဘယ်သိမလဲ၊ မယုံကြည်တဲ့ပုဂ္ဂိုလ်ကျတော့ ဘုရားတောင် အရေးစိုက်တာမဟုတ်ဘူး၊ ဘုရားမှန်းလဲမသိ တရားမှန်းလဲမသိ သံဃာမှန်းလဲမသိ မယုံကြည်မှ မယုံကြည်ဘဲ၊ အဲဒီလိုပုဂ္ဂိုလ်တွေများကျတော့ ဘာဆိုင်သလဲ ဒီမနုဿတ္တဒုလ္လဘထဲ ထည့်ထားလို့ ဘာထူးမလဲ မထူးဘူး၊ ဒီပုဂ္ဂိုလ်မထူးဘူး အဲဒီတော့မနုဿတ္တဒုလ္လဘ ဗုဒ္ဓုပ္ပါဒဒုလ္လဘ သဒ္ဓါသမ္ပတ္တိဒုလ္လဘနဲ့ ပြည့်စုံရင်ပြီးအုံးမလားဆိုတော့ မပြီးသေးဘူးတဲ့ ဘာလဲ သဒ္ဓမ္မသဝနံအတိဒုလ္လဘံတဲ့၊ တကယ်ကို ခုပြောတဲ့ ပဋိသန္ဓေနေခြင်းဒုက္ခ အိုခြင်းဒုက္ခ နာခြင်းဒုက္ခ သေခြင်းဒုက္ခ ဆိုတဲ့ ဒုက္ခနယ်မှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကို ရှေ့ဆောင်လမ်းပြလမ်းညွှန်ပြီးတော့ပြနိုင်တဲ့ မိမိတို့ဘာလဲ ခုနကပြောတဲ့ သဒ္ဓမ္မသဝနံ အတိဒုလ္လဘံဆိုတဲ့အတိုင်း ကလျာဏမိတ္တ အဆွေခင်ပွန်းကောင်းရဘို့ရာ အလွန်ခဲယဉ်းသေးတယ်၊ အတိ

ဒုလ္လဘကြီးတဲ့၊ ဟုတ်ထားဘဲ ဒါလဲ၊ ဘာဖြစ်လို့လဲဆိုတော့ ခုခေတ် တရားဟောနေတာ အများပေါ့၊ ဟိုနေရာလဲတရားဟော ဟိုအိမ်မှာလဲ တရားဟော ဟိုအရပ်မှာလဲ တရားဟော၊နာကြသားဘဲတရား၊ တရား နာပေမဲ့ ခုပြောတဲ့ သဒ္ဓမ္မသဝနံ အတိဒုလ္လဘံမျိုးမဟုတ်ဘူး၊ မိမိတို့ကံ အားလျော်စွာ နာရတဲ့တရားတွေက ပဋိသန္ဓေနေခြင်းဒုက္ခ,အိုခြင်း ဒုက္ခ,နာခြင်းဒုက္ခ,သေခြင်းဒုက္ခမှ လွတ်မြောက်တဲ့ နိဗ္ဗာန်ကို တကယ် တမ်း ရောက်တဲ့တရားကောင်း တရားမြတ်က အလွန်ရှားတယ်၊ များ သောအားဖြင့်သတ္တဝါဝေနေယျတို့ စိတ်ပျော်ကိုယ်ပျော် စိတ်ချမ်းသာ ကိုယ်ချမ်းသာ အဲဒီလို နေနိုင်အောင် ကျောပွတ်လက်သပ် တရားတွေ အလွန်များတယ်၊ အဲဒါ သဒ္ဓမ္မသဝနံ ဆိုတာနဲ့ အတော် ကွာခြား သွားတယ်။

သဒ္ဓမ္မသဝနံ အတိဒုလ္လဘံ ဆိုတာက အခုပြောတဲ့ ဘုရားဖြစ်တယ် ဆိုတဲ့ခေတ်နဲ့ကြုံရတယ်၊ မနုဿတ္တ-လူလဲဖြစ်ရမယ်၊ သဒ္ဓါနဲ့လဲပြည့်စုံ ရမယ်၊ သပ္ပုရိသုပနိဿယ ကလျာဏမိတ္တကောင်းနဲ့တွေ့ရမယ်၊ အဲဒီလို ကလျာဏမိတ္တကောင်းနဲ့တွေ့တဲ့အခါ မိမိတို့ ယခုပြောတဲ့ အိုခြင်း,နာ ခြင်း, သေခြင်း, ပဋိသန္ဓေနေခြင်းဆိုတဲ့ ဒုက္ခမှ တကယ်လွတ်မြောက် စေတတ်တဲ့ အကြောင်းထူးဝိသေသ ရကြဘို့ အလွန်ခဲယဉ်းတယ်၊ ဒါကြောင့်မနုဿတ္တဒုလ္လဘ လူအဖြစ်ရခဲတယ် အကုန်ရှုံကြည့်လိုက် လေ၊ လူ့အဖြစ်ရရုံနဲ့လဲ မပြီးသေးဘူး၊ ဘုရားဖြစ်တဲ့ခေတ်နဲ့လဲ ကြုံခဲ တယ်၊ ဘုရားဖြစ်တဲ့ခေတ်နဲ့ ကြုံရုံနဲ့လဲ မပြီးသေးဘူး၊ သဒ္ဓါသမ္ပတ္တိနဲ့ ပြည့်စုံခဲတယ်၊ သဒ္ဓါသမ္ပတ္တိနဲ့ ပြည့်စုံရုံနဲ့လဲ မပြီးသေးဘူး-သဒ္ဓမ္မသဝနံ အတိဒုလ္လဘံဆိုတဲ့ ကလျာဏမိတ္တကောင်းတို့၏ တရားစကားကို နား လယ်ဘို့ ဟောတာထက် ခဲယဉ်းသေးတယ်။

အဲဒါကြောင့်မို့လို့ ဒီလေးစားလေးဌာန တပြိုင်တည်း ညီညွတ်မှ အကျိုးအာနိသံသ ရကြမယ်၊ ဒီလေးစားလေးဌာနထဲက တပါးချို့သွား ရင် ရမှာမဟုတ်ဘူး၊ လူမဖြစ်လို့ရှိရင် ခုနပြောတဲ့သုံးပါးဟာလဲ ပြည့်စုံ နိုင်မယ်မဟုတ်ဘူး၊ ဘယ်လိုဘဲလူဖြစ်နေနေ ဘုရားပွင့်တဲ့ခေတ်နဲ့ မကြုံ လို့ရှိရင်လဲ အကြောင်း ညီညွတ်မှာ မဟုတ်ဘူး၊ သဒ္ဓါတရားတွေနှင့် ဘယ်လောက်ပင် ပြည့်စုံပြည့်စုံ ဘုရားမပွင့်တဲ့ခေတ်ဆိုလဲ အလွန်ခဲ

ယဉ်းသွားတာဘဲ၊ အဲဒီတော့ သဒ္ဓါနဲ့လဲပြည့်စုံတယ်၊ လူလဲဖြစ်တယ်၊ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘနဲ့ကြုံတယ် သပ္ပုရိသုပနိဿယကောင်း ကလျာဏမိတ္တကောင်းနဲ့မတွေ့ရင် တကယ်တရားထူး တရားမြတ်ကြီးကို မြင်ဘို့ရာ အလွန်ခဲယဉ်းပြန်တာပေါ့။

အဲဒါကြောင့် အရေးကြီးတဲ့တရားက မိမိတို့ ယခုပစ္စက္ခမျက်မှောက် ကျရောက်လာတဲ့အခါကာလကလေးမှာ တကယ့်ကို ဒုက္ခနယ်က လွတ်မြောက်ပြီးတော့ နိဗ္ဗာန်ရောက်အောင် သွားဘို့လမ်း စခန်း အလွန်အရေးကြီးတယ်၊ အခု ဒီမှာ လမ်းညွှန်ပြပြီးတော့ နေတာက ဘာလဲ မြတ်စွာဘုရားကိုယ်တိုင်ကိုယ်ကျ ဟောတော်မူတဲ့ သီလမဂ္ဂင် ၃-ပါး, သမာဓိမဂ္ဂင် ၃-ပါး,ပညာမဂ္ဂင် ၂-ပါး မဂ္ဂင် ၈-ပါးတရားအသုပ်ဟာ သစ္စာလေးပါး အမှန်မြင်နိုင်တဲ့တရား၊ ဒီလိုသစ္စာလေးပါးကို မြင်ပြီးတော့နိဗ္ဗာန်ကိုတကယ်တမ်းဝင်နိုင်တဲ့တရားဟာ ဘာလဲဟေ့ဆိုတော့ မဂ္ဂင်ရှစ်ပါးတရား၊ အဲဒီမှာသင်ကြားပြီး လမ်းညွှန်နေတာ မဂ္ဂင်ရှစ်ပါးပေါ့၊ ဘာကိုပေးထားသလဲ၊ သီလမဂ္ဂင် ၃-ပါးနှင့် လုံအောင်ကာယကံ ဝစီကံလုံအောင်ထိန်း၊သမာဓိမဂ္ဂင်နှင့်လုံအောင်ဣရိယမလျှော့နဲ့ ဒီသတိကို မဆုတ်မနစ်ဘဲနှင့် စိတ်၏ငြိမ်သက်တည်ကြည်ခြင်းရအောင် အားထုတ်ပြီးတော့ ဟော သီလ, သမာဓိနဲ့ပြည့်စုံအောင် အားထုတ်ကြ၊ ပညာစခန်းကျတော့ ဒီနေ့ပေးလိုက်ပြီ၊ ဘာတွေပေးလိုက်သလဲ မိမိအရွတ္တိကသန္တာန်မှာ ဦးခေါင်းကအစ ခြေဖျားအထိ တကိုယ်လုံးမှာ ရုပ်တွေရှိတယ် နာမ်တွေရှိတယ် ထိုရုပ်တရားနာမ်တရားတို့ကို မတွေ့တွေ့အောင်ရှာကြလို့ လမ်းညွှန်ပေးလိုက်ပြီ၊ ရှာရတဲ့နည်းက သူများဆီက ဝယ်ယူလို့လဲ မရဘူး၊ ငှားယူလို့လဲ မရဘူး၊ ကိုယ်တိုင်ရှာယူမှရမယ်၊ နို့မြတ်စွာဘုရားကိုယ်တော်မြတ်ကလဲ ပေးနိုင်သလားဆိုတော့ ဘုရားကိုယ်တော်မြတ်ကလဲ မပေးနိုင်ဘူး၊ ဟော နင်တို့ရှာယူလို့ လမ်းကိုသာ ညွှန်ကြားလိုက်တယ်၊ဒါကြောင့်မို့လို့ မြတ်စွာဘုရားကိုယ်တော်မြတ်က သူ့တပည့်သားမြေးတွေကို လမ်းညွှန်ပေးလိုက်ရတယ်၊ သွားမင်းတို့တရားအားထုတ်ချေ၊ ဟောဒီလမ်းက ဒီလမ်းသွား၊ ဒီအတိုင်းမင်းတို့ အားထုတ်ဆိုပြီးတော့ ညွှန်လိုက်တာဘဲ၊ ကိုယ့်ဘာသာကို အားထုတ်ရတာ ဒီလိုဘဲ အားထုတ်ယူရတယ် ဒီလို အားထုတ်လို့လဲ အသီးအသီး ရသွားကြတာဘဲ။

## ဝိလိန္ဒဝဏ္ဏမထေရ်

တို့ ဟို–ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်က ပါရမီထူး ကံထူး ပါလာခဲ့တဲ့ ဝိလိန္ဒဝဏ္ဏမထေရ်ကြီးဟာ လောကီမှာဆိုလျှင် ဂန္ဓာရီ လမ်းက ပဌမတန်းပေါက်တဲ့ ပုဂ္ဂိုလ်ကြီးပေါ့၊ လောကီမှာ ပဌမတန်း ဂန္ဓာရီလမ်းဆိုတာ ဗုဒ္ဓဂန္ဓာရီလမ်းလို့ခေါ်တယ်၊ အဲဒီပုဂ္ဂိုလ်ကြီးများ ခုနေအခါရှိလျှင်တယ်ဟန်ကျမယ်၊ ဒီပုဂ္ဂိုလ်ကြီးဟာ . ဘယ်လောက် အဖိုးတန်သလဲဆိုတော့ တန်ခိုးပြတဲ့နေရာမှာ ဒကာ,ဒကာမတွေကို ဒီ-ကရွတ်ခွေကြီး ရွှေဖြစ်အောင်လို့ သူကလုပ်နိုင်တယ်၊ ခုလိုအဂ္ဂိယထိုး နေရတာမဟုတ်ဘူး၊ သူငယ်မကလေးတယောက်ကို ကရွတ်ခွေခေါင်း ပေါ်တင်ထားခိုင်းပြီး အဲတာရွှေဘဲဆိုတာနဲ့ ရွှေပန်းခိုင်ဖြစ်သွားတယ်၊ ဒီလောက် သတ္တိရှိတယ်၊ ဂန္ဓာရီလမ်းမှာ ဒီလောက် အဘိုး တန်တဲ့ ပုဂ္ဂိုလ်ကြီး၊ ဒါတွင်ဘယ်ကအုံးမလဲ ဟိုဗိမ္ဗိသာရမင်းကြီးရဲ့ နန်းပြာ သာဒ်ပါလုပ်ပေးခဲ့တယ်၊ ဗိမ္ဗိသာရမင်းကြီးနဲ့ ခုနပြောတဲ့ သူဆင်းရဲ မကလေးကား ဝိလိန္ဒဝဏ္ဏမထေရ်ကြီးရဲ့ တန်ခိုးကြောင့် ချမ်းသာလာ တယ်၊ ခုနက သူဆင်းရဲမကလေးဟာ အင်မတန်ဆင်းရဲလို့ ပျော်ပွဲ သွားချင်တဲ့အခါကာလကျတော့ အဝတ်တန်ဆာမရှိလို့ ငိုကြွေးနေ တာမြင်ရတာနဲ့ သနားသဖြင့် သူ့အမေကို ဟာ,ဒကာမကြီး ဒီလိုဆို ရင် ဟောဒီနှီးကရွတ်ခွေကြီးကို သူ့ဥကျောင်းပေါ် တင်ပေးလိုက်စမ်း ပါဆိုတော့ ကလေးမလေးဥကျောင်းပေါ် နှီးကရွတ်ခွေကြီး တင်လိုက် တာပေါ့၊ အဲဒီလိုတင်ပေးလိုက်တော့ ကလေးမလေးရဲ့ ဥကျောင်းပေါ် လဲ ကရွက်ခွေရောက်ကရော ဝိလိန္ဒဝဏ္ဏ မထေရ်ကြီးက အဲတာ ရွှေပန်းခိုင်ပေါ့ ယူသွားလို့ဆိုလိုက်တာနဲ့ တခါထဲ သူ၏ အာရုံတန်ခိုး ကြောင့် ခေါင်းပေါ်မှာ ရွှေပန်းခိုင်ကြီးဖြစ်နေတယ်။

သူဆင်းရဲမကလေးက အင်မတန်ဆင်းရဲတဲ့အမျိုး ဘယ်လိုထူးဆန်း ၍ ဘယ်ကလောက် အဖိုးတန်တဲ့ ရွှေပန်းခိုင်ကြီးလဲဆိုတော့ ရှင်ဘုရင် နန်းတော်ထဲမှာတောင် မရှိဘူး၊ အဲဒီလောက်အဖိုးတန်တဲ့ ပစ္စည်းကြီး ရထားတော့ တိုင်းသူပြည်သားတွေ အတူနေသူတွေကလဲ မနာလိုကြ ဘူးပေါ့၊မနာလိုတော့ရှင်ဘုရင်ထံ ကုန်းချောတာ၊ဒီသူဆင်းရဲမကလေး ဟာ အဲဒီလောက် အဘိုးတန်တဲ့ပစ္စည်းကြီးကို ဒင်းတို့ ဘယ်က ခိုးလာ

မှန်းမသိဘူးလို့ ကုန်းချောတော့ ရှင်ဘုရင်က တဘက်နားနှင့်ယုံစားပြီး အဲဒီသူဆင်းရဲမလေးနှင့်တကွ အမိအဘတွေ အကုန်လုံး ဘမ်းချုပ်ပြီး ထောင်ထဲချထားဘာ၊ အဲဒီတော့ ခုနပြောတဲ့ ပိလိန္ဒဝစ္ဆမထေရ်ကြီးက ဆွမ်းခံသွားတဲ့ အခါကာလကျတော့မှ ဟဲ့ဒီက ဒကာ, ဒကာမတွေ ဘယ်သွားသလဲလို့မေးတော့၊ ဟာ ဗိမ္ဗိသာရမင်းကြီးက ဒီလိုဘဲ ဒီအကြောင်းကြောင့် ဘမ်းထားတယ် ဆိုတော့ တယ်ခက်ပါလား ဆိုပြီး ကိုယ်တိုင် နန်းတော်ကိုလိုက်သွားရတာ၊ ပိလိန္ဒဝစ္ဆမထေရ်ကြီး လိုက်သွားလို့ဟိုကျတော့ ဒါယကာ မင်းကြီးတဲ့ ဒကာ,ဒကာမတွေကို ဒါယကာမင်းကြီး ဘမ်းချုပ်ထားတယ်ဆိုတာ ဟုတ်သလားတဲ့၊ ဟုတ်ပါတယ်ဘုရားလို့ ပြန်လျှောက်ထားတယ်၊ဘာကြောင့်လဲဆိုတော့ ဒီရွှေပန်းခိုင် အကြောင်း ပြန်ပြီး လျှောက်ထားတယ်၊ ဟာ ဒီလိုဆိုလျှင် ဒါယကာ မင်းကြီး ဟုတ်နိုင်မယ် မထင်ဘူးတဲ့ ဒါဖြင့်လေ ဆိုပြီးတော့ ရယ်နေတယ်၊ပိလိန္ဒဝစ္ဆမထေရ်ကြီးက ရယ်နေပြီးတော့ ဒီနန်း၏ရွှေက ပြာသာဒ်တခု သူမြင်ရတယ်၊ အဲဒီနန်းပြာသာဒ်ကို အာရုံပြုပြီးတော့ တခါထဲရွှေတွေဖြစ်အောင် အဓိဋ္ဌာန်ပြုလိုက်တာ ပြာသာဒ်တခုလုံး ဝင်း ဝင်းတောက်နေတာဘဲ ရွှေပြာသာဒ်ကြီး၊ ရွှေပြာသာဒ်ကြီး ဖြစ်ပြီး ဝင်း ဝင်းတောက်နေတော့ ခုနကပြောတဲ့ ပိလိန္ဒဝစ္ဆမထေရ်ကြီးက ဒါယ ကာမင်းကြီး ဒီရွှေတွေဟာ ဒါယကာမင်းကြီး ဘယ်ကရသလဲတဲ့ ဒါယ ကာ မင်းကြီး ဘယ်က ခိုးလာသလဲတဲ့ ဒီနေရာမှာ တရားစွဲမယ်ဆိုရင် ဒါယကာမင်းကြီး နံပါတ် ၁-တရားခံဘဲလို့ဆိုတော့ ဒီတော့မှ ဗိမ္ဗိသာရ မင်းကြီးက အရှင်ဘုရား၏ တန်ခိုးတော်ကို တပည့်တော်တို့ သိပါပြီ ဘုရားလို့ ဆိုပြီးတော့ ဟိုဘမ်းထားတဲ့ လူတွေကို လွှတ်ပစ်ရတယ်၊ အဲ ဒါလို လောကမှာ ဘယ်လောက် တန်ခိုးကြီးတယ်ဆိုတာ သိရောပေါ့၊ ဒီလောက်တန်ခိုးကြီးနေတဲ့ ပုဂ္ဂိုလ်တယောက်ဟာ တင်းတိမ် ရောင့်ရဲ ခြင်း မရှိသေးဘူး၊ ဘာပြုလို့ တင်းတိမ်ရောင့်ရဲခြင်းမရှိသလဲဆိုတော့။

တို့မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ပွင့်တော် မူလာတော့ ခုပြောတဲ့ ဗိမ္ဗိသာရမင်းကြီးက ကိုးကွယ်တယ်၊ မြတ်စွာဘုရားက လောကုတ္တရာ မဟာဂန္ဓာရီအတတ်ကို တတ်ထားတာ၊ ပိလိန္ဒဝစ္ဆ မထေရ်ကြီးတတ်ထားတာက စူဠ ဂန္ဓာရီလမ်း၊ လောကီသမ်းလောကီ

သိပ္ပံလမ်း မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က မဟာဂန္ထာရီလမ်း၊ အဲဒီတော့ အားလုံးဒကာ ဒကာမတွေဟာ မြတ်စွာဘုရားထံ အကုန်ရောက်၊ အကုန်ရောက်တော့ ဝိလိန္ဒဝစ္ဆမထေရ်ကြီးထံမှာ ခစားဆည်းကပ်တဲ့ ဒကာ ဒကာမတွေမရှိတော့ဘူး၊ သူ့မှာလာဘ်လာဘတွေ နည်းကုန်ရော အဲဒီလိုလာဘ်လာဘတွေ နည်းကုန်တဲ့ အခါကာလကျတော့မှ ချပြောတဲ့ မြတ်စွာဘုရားမှာမုချကေန်ဂန္ထာရီလမ်းအဘိုးတန်ရှိလိမ့်မယ်၊ ငါသွားပြီးတော့ သူ့ထံမှာ ပညာသင်ရလျှင် ကောင်းလိမ့်မယ် ဆိုတဲ့ အနေမျိုးနှင့် သူကတော့ ခံမတိုက်ပါဘူး၊ တခါထဲ မြတ်စွာဘုရားထံ သွား၊ သွားပြီးတော့ အကျိုးသင့် အကြောင်းခံ ပဋိသန္ထာရစကား ပြောဆိုပြီး မြတ်စွာဘုရား၏ မဟာဂန္ထာရီလမ်းကို သူသင်ပါရစေ ဆိုပြီးတော့ ဘုရားထံမှာ ပညာသင်တာ။

အဲတာ ထွက်ကြည့် သူ ရထားတာက စူဠဂန္ထာရီလမ်း မြတ်စွာဘုရားက မဟာဂန္ထာရီလမ်း အဲဒီမဟာဂန္ထာရီလမ်းကြီးကို သူလိုချင်တယ် လိုချင်တော့ မြတ်စွာဘုရားက မြင်တာပေါ့၊ ဟာတော်ပြီ ဝိလိန္ဒဝစ္ဆမထေရ် အသင် အလိုရှိတဲ့အတိုင်း ငါပေးမယ်၊ သို့သော် သင် ငါလို ရဟန်းပြုရမယ်၊ ကောင်းပါပြီ ပြုပါ့မယ်ဆိုတော့ ရဟန်းပြုရတာပေါ့၊ ရဟန်းဝတ်ပြီးတဲ့အခါ မြတ်စွာဘုရားက မဟာဂန္ထာရီလမ်းကို ပေးလိုက်တာပေါ့၊ အဲဒီမဟာဂန္ထာရီလမ်းဟာ မျှားမျှားကြီး မဟုတ်ဘူးနော် အခုပြောတဲ့ သီလနှင့် ပြည့်စုံအောင် ကျင့်ရမယ်၊ သမာဓိနှင့် ပြည့်စုံအောင်ကျင့်ရမယ်၊ ပညာနှင့် ပြည့်စုံအောင် ကျင့်ရမယ်၊ သီလ,သမာဓိ,ပညာ,သီလ မဂ္ဂင်သုံးပါး သမာဓိမဂ္ဂင် သုံးပါး ပညာမဂ္ဂင်နှစ်ပါး အဲဒီ မဂ္ဂင်ရှစ်ပါး တရားအလုပ်ကို သူနှင့်လျော်တဲ့ စရိုက်အားလျော်စွာ မြတ်စွာဘုရားကိုယ်တော်မြတ် ဝိလိန္ဒဝစ္ဆမထေရ်ကြီးကို နည်းပေး လိုက်တာပေါ့၊ ဒီတော့မှ သူက အင်မတန်လိုချင် နေတာကို၊ခု မဟာဂန္ထာရီ လမ်းကို မြတ်စွာဘုရားက ဘယ်နဲ့ပြောပေးသလဲဆိုတော့ အေးဝိလိန္ဒဝစ္ဆ သင်အလိုရှိတဲ့ မဟာဂန္ထာရီလမ်းကိုငါပေးလိုက်တဲ့နည်းလမ်းအတိုင်း သင်မနေမနား အားထုတ်ပေတော့ရလိမ့်မယ်အဲဒီလိုပြောလိုက်တဲ့အခါကျတော့ အဟုတ်ကိုတကယ် အားထုတ်တာပေါ့၊ အားထုတ်လိုက်တော့ကာ သီလနှင့် ပြည့်စုံတယ်။ သမာဓိနှင့် ပြည့်စုံတယ်၊ ပညာနှင့်ပြည့်စုံတယ်၊ဉာဏ်စခန်းလဲ ရောက်

သွားရော၊ ရဟန္တာလဲဖြစ်သွားရော၊ အဲဒီရဟန္တာဖြစ်တော့ကာ မဟာဂန္ဓာရီလမ်း လမ်းဆုံးသွားပြီမဟုတ်လား။

ကိုင်း,အဲဒါ ဘယ်သူကပေးနိုင်သလဲ။ ဘယ်သူကမှမပေးနိုင်ဘူး။ မြတ်စွာဘုရား ကိုယ်တော်မြတ်က နည်းလမ်းပြလိုက်ထာ၊ ဟောဒီနည်းလမ်းအတိုင်းသင်သွားလုပ်လို့ဆိုပြီးတော့ အားထုတ်ခိုင်းတာဘဲရှိတယ်၊ သွားဒီလိုအားထုတ်လျှင် သင့်ဟာသင်သိလိမ့်မယ်ဆိုပြီးတော့ ခိုင်းလိုက်တာ၊ ကိုယ့်ဟာကိုယ်သိရမှာ၊ အခုလဲဘဲ ဒီမှာဝိပဿနာလမ်းကိုပြနေဒါဟာ ဘုန်းကြီးများပြလို့ နားလည်တယ်လို့ထင်နေကြတာ၊မဟုတ်ဘူး၊ ဘုန်းကြီးများက လမ်းလောက် ပြောနိုင်တာ၊ ဟောဒီလိုအားထုတ်၊ ဒီလိုစိတ်ကိုထား၊ ဒီလိုနှလုံးသွင်းဆိုပြီးတော့ စိတ်နေစိတ်ထား သဘောသွားကိုပေးနိုင်တာ၊ အဲဒါ ယောဂီလုပ်တဲ့ပုဂ္ဂိုလ်က အားမထုတ်လျှင် တို့ဘယ့်နယ်မှ မတတ်နိုင်ဘူး၊ ဘယ်နည်းနဲ့မှမတတ်နိုင်ဘူး၊ ယောဂီလုပ်တဲ့ပုဂ္ဂိုလ်က ကိုယ့်ဟာကိုမနေမနား ကြိုးစားအားထုတ်ပြီးသကာလဝီရိယကိုမပျက်စေနဲ့၊ သတိမြဲပေစေ၊ သမာဓိခိုင်အောင်လုပ်၊ သီလကိုမချိုယွင်းစေနှင့်၊ အဲဒီလို သီလနှင့်သမာဓိ ခိုင်မြဲတဲ့အခါကာလကျတော့ ပညာစခန်းမှာ အမြဲ မိမိတို့လိုရာ ဆန္ဒ ရမှာပေါ့၊

ဒါကြောင့်မို့လို့ အဲဒီတရားတွေကို ကျကျနနဘုန်းကြီးများ ညွှန်ကြားပေးတာ အဲဒီလိုညွှန်ကြားပေးတဲ့ အခါကာလကျတော့ခါ ခုနတုန်းက ဒုလ္လဘတရားငါးပါးနှင့် ပြန်ဟပ်ကြည့်၊ မနုဿတ္တဒုလ္လဘလူ့အဖြစ်ရတိုင်း မဟုတ်သေးဘူး၊ ဗုဒ္ဓုပ္ပါဒဒုလ္လဘ ဘုရားပွင့်တဲ့အချိန်အခါနဲ့ ကြုံကြိုက်တိုင်းလဲ မဟုတ်သေးဘူးတဲ့၊သဒ္ဓါသမ္ပတ္တိဒုလ္လဘ သဒ္ဓါနဲ့ပြည့်စုံတိုင်းလဲ မပြီးသေးဘူးတဲ့၊ ဘာနှင့်ပြည့်စုံရခလဲ၊ သဒ္ဓမ္မသဝနံအတိဒုလ္လဘံတဲ့ ကလျာဏမိတ္တ အဆွေခင်ပွန်းကောင်းနှင့်လဲ ပြည့်စုံအုံးမှတဲ့၊ အဲဒီလိုပြည့်စုံတဲ့အခါကျတော့ ဘာလဲ မိမိတို့ လောကဝဋ္ဋအပြစ်တွေကို မမြင်မြင်အောင်မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကဒီအတိုင်းညွှန်ကြားတယ်၊ ဘေးတွေကို မတွေ့တွေ့အောင် မမြင်မြင်အောင်ချောက်ပြီးတော့ အဲဒီလို၊ ကာမဂုဏ်၏ အာဒီနဝ အပြစ်ဘေးတွေကိုကျကျနန မမြင်မြင်အောင် ချောက်လှန့်လိုက်တော့ ကြောက်ထာပေါ့၊ ဘယ်သူဖြစ်ဖြစ်'သဗ္ဗေ တသန္တိ ဒဏ္ဍဿ' သဗ္ဗေ-ခပ်သိမ်းကုန်သော၊ သတ္တဝါတို့သည်၊ ဒဏ္ဍဿ-ဒဏ်မှ၊ တသန္တိ–လန့်ကုန်၏၊ ဆိုတော့

သတ္တဝါအပေါင်းဟူသမျှတို့သည် ဘယ်တော့မှမကြောက်တဲ့သူမရှိဘူး' ဘေးကို သိပ်ကြောက်ကြတယ်၊ တကယ်မြင်အောင်သာပြပါ၊ ဘေးကိုသာ အဟုတ်မြင်အောင်ပြရင် အဟုတ်ကြောက်တယ်၊အခုဖြစ်တဲ့လူတွေဟာ မမြင်ကြလို့ မကြောက်ထာပါ၊ ဘုန်းကြီးလဲ ခဏခဏ ဥပမာနဲ့ ပြောတယ်။

တို့အခု ရန်ကုန်မြို့ကြီးမှာ လာနေကြတာ ရှေးကတုန်းကဆိုလျှင် တို့ငယ်ငယ်တုန်းက ရန်ကုန်မြို့မှာ နေလာတဲ့လူဦးရေဟာ နှစ်သိန်းကျော်, သုံးသိန်းခန့်လောက်သာ ရှိတယ်၊ ခုဆိုလျှင် ခုနစ်သိန်းကျော်နေတယ်၊ ဒီတော့ လေးသိန်းကျော်လောက် ပိုပြီးတော့ ရန်ကုန်မြို့ရောက်နေတာ၊ ဘယ်ကလာဒါတွေလဲ၊ တောကလာဒါတွေပေါ့၊ အဲဒီတောကာ ဘာ့ကြောင့် လာကြဒါလဲ သက်သက်ပျော်လို့ လာကြဒါမဟုတ်ဘူး၊ ခု အင်မတန်ကြောက်လို့ ပစ္စည်းတွေစွန့်, အိမ်တွေစွန့်, ယာတွေစွန့်, ဆွေမျိုးညာတိတွေ စွန့်ပြီးတော့ ရန်ကုန်မြို့ကြီးမှာ လာပြီးနေကြတာ အလွန်ကြောက်စရာကောင်းတဲ့ ဘေးဆိုးကြီးမြင်လို့ လာနေကြတာ၊အဲခုလဲဘဲ နိဗ္ဗာန်တည်းဟူသော ရွှေမြို့တော်ကြီးကို ဒီကလောကဘေးကြီးမမြင်ဘဲ ဘယ်သူလိုချင်မလဲ ဘယ်သူသွားချင်မလဲ၊ ဘယ်သူမှမသွားချင်ဘူး၊ အခု လောကကြီး၏ အာဒီနဝအပြစ်တွေကို မြင်အောင်ကြည့်စမ်းပါလား တကယ်ထဲ နိဗ္ဗာန်မရမနေ ကြိုးစားတော့မှာပေါ့၊ ဘယ်နည်းနဲ့မှ ဝီရိယမလျှော့တော့ဘူး၊ နိဗ္ဗာန်မရောက်ရောက်အောင် ငါတို့အားထုတ်မယ် ဆိုပြီးတော့ ဒီနေ့ဟောလိုက်တဲ့အတိုင်း ရုပ်တရား နာမ်တရားတွေကို ဘုရားကိုယ်တော်မြတ် ဆုံးမတဲ့အတိုင်းပေါ့လေ မနေမနား မီးပွတ်သောယောကျ်ားကဲ့သို့ မီးပွတ်ယောကျ်ားဆိုတာ ဒီသစ်သားနှစ်ချောင်းကို မပြတ်ပွတ်တိုက်နေမှ မီးထွက်တာ၊ ပြတ်တောင်းပြတ်တောင်း ပြတ်တောင်းပြတ်တောင်း တိုက်နေလျှင် ဘယ်တော့မှ မီးမထွက်ဘူး၊ မပြတ်တိုက်မှထွက်တာ၊ အဲဒီလို မပြတ်တိုက်သလို ခုလဲ အားထုတ်တဲ့လုပ်ငန်းမှာ ဟို ပိဋကတ်သုံးပုံ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင် နိကာယ်ငါးရပ် အင်္ဂါကိုးတန်ဘုရားစကားတွေ ဘယ်အလုပ်ကိုလုပ်လုပ် ဘုရားစကားချည်းဘဲ၊ အဲဒီဘုရားစကားကို ယုံကြည်လေးစားသော အားဖြင့် ဘာကိုလုပ်လုပ်

ပေါက်ပေါက်မြောက်မြောက် လုပ်မယ်ဆိုလျှင် ထမြောက်အောင်မြင်နိုင်ပါတယ်၊ လုပ်လဲလုပ်ကြတာပေါ့။

အဲ ခုဒီမှာပြတာက ရှေးဦးစွာ အာနာပါန သတိကို ပြတယ်၊ အာနာပါနသတိကိုလဲ အချပြောသလို မနေမနားကြိုးစား အားထုတ်ရတယ်။ အာနာပါနသတိက ဝီရိယ,သတိ,သမာဓိနှင့် ပြည့်စုံလျှင် ပညာစခန်းမှာ မိမိတို့ခန္ဓာကိုယ်မှာရှိတဲ့ ရုပ်တွေကို တွေ့ပါလား မတွေ့တွေ့အောင်ရှာ၊ အဲဒီသမာဓိရှိလျှင်တော့ ငြင်းလို့မရပါဘူး၊ သမာဓိသာရှိပေစေ၊ ဒီရုပ်တွေကိုတော့ ဧကန်တွေ့တယ်၊ ဘာဖြစ်လို့လဲ သမာဓိရှိလို့ စိတ်ငြိမ်လေ ခန္ဓာထဲကရုပ်တွေ အမှန်တွေ့တာပေါ့၊ ဘယ်ပြေးလွတ်မလဲ၊ မလွတ်နိုင်ဘူး၊ သမာဓိသာရှိနေပစေ တွေ့နိုင်တယ်၊ သမာဓိအားနည်းတော့ မတွေ့နိုင်ဘူး၊ ရုပ်ကတော့ အမှန်ကိုရှိဘယ်၊ တနာရီ,တမိနစ်,တစက္ကန့်မှ မစဲဘူး၊ ခန္ဓာထဲမှာ ဖြစ်လိုက်ပျက်လိုက် ဖြစ်လိုက်ပျက်လိုက်နဲ့ အမြဲဖြစ်ပျက်နေတယ်၊ အဲဒီကိုယ်ခန္ဓာထဲမှာ ရုပ်ဓာတ်, နာမ်ဓာတ်တွေဟာ အမြဲဖြစ်ပျက်နေတာ အမှန်ရှိလျက်သားနှင့် မသိတာဟာ ကိုယ်ပိုင်ဉာဏ်နှင့် တွေးကြည့်ပေါ့၊ ဘယ်သူ့ကြောင့်မသိသလဲ သမာဓိမရှိလို့ပေါ့ ဒီသမာဓိဟာ ဘာပြုလို့မရှိသလဲလို့ ဆိုတော့ သတိမရှိလို့၊ ဘာပြုလို့သတိမရှိသလဲဆိုတော့ ဝီရိယမရှိလို့၊ အဲဒါ ဝီရိယအရေးကြီးဆုံးဘဲ၊ လောကနီတိဆရာ ရေးထားတာ တခါတခါ ဘုန်းကြီးက ကလေးတွေကိုဆုံးမမိတယ်၊

အလသဿ ကုတော သိပ္ပံ၊
အ သိပ္ပဿ ကုတော ဓနံ။
အ-ဓနဿ ကုတော မိတ္တံ၊
အ-မိတ္တဿ ကုတော သုခံ။
အ·သုခဿ ကုတော ပုညံ၊
အ-ပုညဿ ကုတော နိဗ္ဗာနံ။

အလသဿ- ပျင်းသောသူအား၊ ကုတောသိပ္ပံ- အတတ်ဘယ်မှာရှိအံ့နည်း၊ အ-သိပ္ပဿ- အတတ်မရှိသော သူအား၊ ကုတောဓနံ- ဥစ္စာဘယ်မှာရအံ့နည်း၊ အဓနဿ- ဥစ္စာမရှိသောသူအား၊ ကုတောမိတ္တံ- အဆွေခင်ပွန်း ဘယ်မှာရအံ့နည်း၊ အမိတ္တဿ- အဆွေခင်ပွန်း မရှိသောသူအား၊ ကုတောသုခံ-

ချမ်းသာအဘယ်မှာ ရအံ့နည်း၊ အသုခဿ- ချမ်းသာမရှိသော သူအား၊ ကုတော ပုညံ- ကောင်းမှုအဘယ်မှာ ပြုရအံ့နည်း၊ အပုညဿ- ကောင်းမှုမရှိသောသူအား၊ ကုတော နိဗ္ဗာနံ- နိဗ္ဗာန် အဘယ်မှာရအံ့နည်း။

အဲ နောက်ဆုံးချုပ်ထားတဲ့စကား နိဗ္ဗာန်ကိုမရဘူးတဲ့ ဟာ-နိဗ္ဗာန် မရတာ ဘာပြုလို့မရသလဲ၊ နိဗ္ဗာန်မရခြင်း အကြောင်းတရားကို အဓိပ္ပါယ်ပြန်ကြည့်ရတယ်၊ အဲဒါ အဓိပ္ပါယ်သဘောဆိုတာ အတော် ခက်တာ၊ လေးလေးနက်နက်စဉ်းစားကြည့်၊ နိဗ္ဗာန်မရဘူးတဲ့တရား က နိဗ္ဗာန်မရတာ ဘာပြုလို့မရပါလိမ့်၊ ကုသိုလ်မှုမပြုနိုင်ဘဲ ဘယ် ရမလဲ၊ ဩော် ကုသိုလ်ကောင်းမှု မပြုနိုင်လို့ နိဗ္ဗာန်မရဘူး၊ ဟုတ်တယ် ဒါပေါ့၊ နို့ဒိကုသိုလ်ဘာပြုလို့ မပြုနိုင်သလဲဆိုတော့ မချမ်းသာလို့၊ ကာယသုခ, စိတ္တသုခမဖြစ်လို့၊ ကိုယ်စိတ်နှစ်ပါး မချမ်းသာတဲ့အတွက် ကြောင့် ကုသိုလ်မပြုနိုင်ကြဘူးတဲ့၊ ကာယသုခ, စိတ္တသုခမဖြစ်လို့ ကုသိုလ်မပြုနိုင်လို့ နိဗ္ဗာန်မရတာ ထားတော့ ဘာပြုလို့ ကာယသုခ စိတ္တသုခ မဖြစ်သလဲ, ဘာဖြစ်လို့ မချမ်းသာရသလဲ၊ ကလျာဏ မိတ္တကောင်း အဆွေခင်ပွန်းကောင်း မရှိလို့၊ အဆွေခင်ပွန်းကောင်း က ဘာပြုလို့မရှိရသလဲ, သူ့မှာ အဆွေခင်ပွန်းကောင်း မရှိတာ တခြားမဟုတ်ဘူးတဲ့ ပစ္စည်းဥစ္စာမရှိလို့တဲ့၊ ဟုတ်သားဘဲ ခုကာလ ပစ္စည်းရှိမှခေါ်ချင်ကြတယ်၊ ပစ္စည်းမရှိ မခေါ်ချင်ဘူး၊ ပစ္စည်းမရှိရင် အဘက်တန်တယ်တောင် မထင်ဘူး၊ ပစ္စည်းမရှိလို့၊ ဩော် ဒါဖြင့် သူဘာပြုလို့ ပစ္စည်းမရှိသလဲမေး ဥစ္စာမရှိလို့,ပစ္စည်းမရှိတာ ဥစ္စာမရှိ တာ လိုက်ရှာတော့ ဘာကြောင့်လဲလို့မေး ပညာမရှိလို့၊ သေသေ ချာချာကြည့်နော်၊ အဓိပ္ပါယ် ဘယ်မှာချုပ်တယ်ဆိုတာ သိရအောင် ပညာမရှိလို့၊ အဲ သူ့ပညာမရှိတာဟာ ဘာကြောင့်မရှိသလဲ လိုက် သတ္တုချကြည့်လိုက်တော့ ပျင်းလို့၊ ကိုင်း ခုကာလလူတွေ ပြောတဲ့ စကား ဘယ့်နှဲလဲ၊ ပျင်းတယ်ပျင်းတယ် ဆိုတာကွယ် အပြောသာ ဆိုးပါတယ် အင်မတန်လူသက်သာတယ်၊ အံမယ်တချို့က ပြောကြ တယ်၊ ပျင်းတယ်ပျင်းတယ်ဆိုတာ အင်မတန် လူသက်သာတယ်တဲ့၊ ပျင်းတယ်ဆိုတာ လူဘာသက်သာတာ နိဗ္ဗာန်မရတာ သူမသိဘူး၊ ပျင်းတဲ့ပုဂ္ဂိုလ် နိဗ္ဗာန်ကိုမရဘူး၊ ပျင်းတဲ့ပုဂ္ဂိုလ် ဘယ့်နှဲလုပ်နိဗ္ဗာန်ရမ

လဲ၊ ပျင်းတော့ ပညာမတတ်၊ ပညာမတတ်တော့ ဥစ္စာမရှိ၊ ဥစ္စာမရှိတော့ မိတ်ကောင်းမရှိ၊ မိတ်ကောင်းမရှိတော့ မချမ်းသာ၊ မချမ်းသာတော့ ကုသိုလ်မပြုနိုင်၊ ကုသိုလ်မပြုနိုင် နိဗ္ဗာန်မရဘူး၊ အဲဒီနိဗ္ဗာန်မရတာ ဘယ်သူကစသလဲ ပျင်းလို့၊ပျင်းတာဘယ်သူလဲ၊ဝီရိယမရှိတဲ့ပုဂ္ဂိုလ် ပျင်းတာပေါ့၊ အဲဒါကြောင့်-

ဝီရိယဝတော ကိံ နာမကမ္မံ န သိဇ္ဈတိ၊

ဝီရိယဝတော- ဝီရိယရှိသောသူအား၊ ကိံ နာမကမ္မံ- အဘယ်အမှုသည်၊ နသိဇ္ဈတိ- မပြီးဘဲရှိအံ့နည်း။

ဝီရိယလျှော့လို့တော့ မရကြဘူး၊ အလုပ်လုပ်လျှင် ဝီရိယနှင့် အားထုတ်မှရမယ်၊ ဝီရိယလျှော့လို့ မရဘူး၊ အဲဒီဝီရိယဟာ ဘုရားကိုယ်တော်တိုင် အမြဲတမ်းဟောတော်မူတဲ့ တရားပေါ့၊ ဝီရိယ၊ အဲဒီတော့ ဝီရိယလျှော့ထားလျှင် မရဘူး၊ အိပ်နေလဲ မလျှော့ရဘူးတဲ့ ဘုရားက 'တိဋ္ဌံစရံနိသိန္နောဝ သယာနော'လို့ ဟောထားတာ၊ အိပ်လဲ မလျှော့ရဘူး၊ သွားလဲ မလျှော့ရဘူး၊ ထိုင်နေလဲ မလျှော့ရဘူး၊ ရပ်နေလဲ မလျှော့ရဘူး၊ ဝီရိယဟာတော်တော့ကို အရေးကြီးတယ်၊ အဲဒီဝီရိယဟာ သူပဌမတစ်နံပါတ် သူအချုပ်ဘဲ၊အဲဒီ ဝီရိယတရားနှင့် အားထုတ်မယ်ဆိုလျှင် ရုပ်တရားနာမ်တရားတွေ မတွေ့ဘဲဘယ်နေမလဲ တွေ့မှာပေါ့၊ ဟော ဒီကနေ့ပြလိုက်တော့ တချို့ပုဂ္ဂိုလ်တွေ တွေ့သွားပြီ၊ ဘယ်လိုတွေ့သွားသလဲ 'ကာယဉ္စပဋိစ္စ ဖောဋ္ဌဗ္ဗဥပ္ပဇ္ဇတိ ကာယဝိညာဏံ' လို့ ဒေသနာတော်လာတဲ့ အတိုင်း ကာယပသာဒ, အပ်နှင့် ထိုးဆွနာကျင်တတ်တဲ့နေရာ ကိုယ်, ထိုကိုယ်ဖြင့် တွေ့ထိကောင်းတဲ့ ပထဝီဖောဋ္ဌဗ္ဗရုပ်တွေ, တေဇောဖောဋ္ဌဗ္ဗရုပ်တွေ, ဝါယောဖောဋ္ဌဗ္ဗရုပ်တွေ တွေ့သွားပြီ၊ ပထဝီနဲ့တွေ့တဲ့ပုဂ္ဂိုလ် တွေ့တယ်၊ နို့သော်လည်း ပထဝီနဲ့တွေ့ပေမယ့် အဝိဇ္ဇာက အတော်ခပ်ဆိုးဆိုးဘဲ၊ ပထဝီနဲ့တွေ့ပေမဲ့ ပထဝီမှန်းသိတာ မဟုတ်ဘူး၊ ပထဝီနဲ့တွေ့မှန်း မသိပြန်တော့ ဘယ်လိုဖြစ်သွားသလဲ၊ အဝိဇ္ဇာသဘောကြောင့် ငါထင်တယ်၊ အမယ်လေး နာလိုက်တာဟဲ့ ငါမချိဘူးဟဲ့ ငါကျင်လိုက်ထာဟဲ့ ငါခြေထောက်တွေကျင်လိုက်တာ၊ ခြေထောက်ကလဲ သူ့စွဲရက်ကို၊ အစွဲမပျောက်ဘူး ခြေထောက်ကြီးနဲ့၊ ဟာ ငါ့ခြေတွေ ကျင်လိုက်ထာ၊ လက်တွေကျင်လိုက်ထာ၊ ဟာ ငါ့ပေါင်တွေ ကိုက်လိုက်ထာဟဲ့၊ သိပ်ကိုက်ထာ

ဘဲ၊ အဲဒါ ဘာတွေလဲ အဝိဇ္ဇာသဘောပေါ့၊ တကယ့် အစစ်,တရား၊ အစစ်တရားမှန်ကို တရားစစ်တရားမှန်မှန်း မသိဘူး၊ ပထဝီအစစ်ကို တွေ့တာ ပထဝီက အမာဓာတ်၊ အမာနဲ့ ကာယပသာဒရုပ်နဲ့ တွေ့တဲ့ အခါကျတော့ နာမှုတွေ, ကျင်မှုတွေ, ကိုက်ခဲမှုတွေ တွေ့တာပေါ့၊ အဲဒါ ဝေဒနာ၊ ဒုက္ခဝေဒနာပေါ့။

သူက ဆိုထားတာက သဂြိုဟ်လက်သန်း အဋ္ဌကထာမှာ ဆိုလျှင် ဒုက္ခဝေဒနာလို့ခေါ်တယ်၊ ဒုက္ခဝေဒနာဆိုတာ ဒုက္ခကာယဝိညာဏ်ပေါ့၊ ကာယဝိညာဏ်ဆိုတာဒုက္ခကာယဝိညာဏ်ရှိတယ်သုခကာယဝိညာဏ် ရှိတယ် ကာယဝိညာဏ်နှစ်မျိုးရှိတယ်၊ကာယ ဝိညာဏ်က အကုသလ ဝိပါက်နှင့် စပ်တော့ ဒုက္ခကာယဝိညာဏ်လို့ခေါ်တယ်၊ ကုသလဝိပါက် နဲ့ စပ်တော့ သုခကာယ ဝိညာဏ်လို့ခေါ်လယ်၊ ဝိညာဏ်နှစ်မျိုးရှိတယ်၊ ကာယဝိညာဏ် ဒုက္ခဝေဒနာ,သုခဝေဒနာ၊ အဲဒီ ကာယ ဝိညာဏ်တော့ သဂြိုဟ်ကျမ်း တတ်တဲ့ ပုဂ္ဂိုလ်တွေ အတွေ့သားဘဲ၊ သိပေတဲ့ အဲဒီ ပုဂ္ဂိုလ်တွေ သိပ်သနားဘို့ကောင်းတယ်၊ ဘာပြုလို့ ကောင်းသလဲဆို တော့ ဒီကာယ ဝိညာဏ် ဒုက္ခဝေဒနာ ဖြစ်ထာ ဘယ်သူနဲ့–ဘယ်သူ ထိခိုက်လို့လဲဆိုတာ အဲဒါကျတော့ သူမစဉ်းစားဘူး၊ စဉ်းစားလျှင် အမိပ္ပါယ်ရှင်းရှင်းကလေးပေါ်တယ်၊ ဘယ်သူနဲ့တွေ့လဲ ဟော ကာယ ပသာဒရုပ်နဲ့ ဖောဋ္ဌဗ္ဗရုပ်နဲ့ထိတယ်၊ သူတို့နှစ်ခု ထိခိုက်ပေါင်းဆုံ မိတဲ့ အခါမှာ ပေါ်လာတဲ့ ဒဏ်ချက်ကို ဝေဒနာ ဒဏ်ချက် နာမှု, ကျင်မှု, ကိုက်ခဲမှု၊ အဲဒီ နာတာ,ကျင်တာ, ကိုက်ခဲတာကိုလဲ ဘယ်သူရှိလို့ သိ သလဲ သူတို့အချင်းချင်းတော့ မသိဘူး၊ ကာယဝိညာဏ် ဆိုတဲ့ နာမ် ကလေးကြောင့် သိတာ၊ ဒါနာမ်တရား ကလေးပေါ့၊ နာတာ သိတာ ကာယဝိညာဏ်၊ ကိုက်ထာသိတာ ကာယဝိညာဏ်၊ အဲဒါ ပထဝီဓာတ် ကို တွေ့လို့သိတဲ့ ကာယဝိညာဏ် သဘောကလေး။

တေဇောဓာတ်ကို တွေ့တော့ကော ပူတာတွေ အတွေ့သားဘဲ၊ တောတွေ့လဲ အတွေ့သားဘဲ၊ ပူတာတွေ့လဲ အဝိဇ္ဇာက အပါယ်ချတာ ဘဲ၊ တောတွေ့လဲ အဝိဇ္ဇာကအပါယ်ချတာဘဲ၊ ဘာပြုလို့လဲ ပူတာက ငါပူတာကိုး၊အတ္တဒိဋ္ဌိ,သက္ကာယဒိဋ္ဌိနှင့် ငါပူတယ်, ငါမခံနိုင်ဘူး, ငါ သိပ်ပူတာဘဲ၊ ချော်လဲ ငါတေယ်, ငါချမ်းလိုက်တာလွန်လို့ ငါသိပ်ဧ တာဘဲ, တောတွေ့တာနဲ့လဲ အပါယ် ကျတာဘဲ, ပူတာ တွေ့တာနဲ့လဲ

အပါယ်ကျတာဘဲ၊ အတ္တဒိဋ္ဌိလေ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိနဲ့ စွဲကြတာ၊ လှုပ်တယ်, လှုပ်တယ် လှုပ်တာ တွေ့တာနဲ့ အပါယ်ကျ၊ ဘာပြုလို့လဲ အဝိဇ္ဇာ၊ အမယ်လေး ငါ့အသားတွေ လှုပ်လိုက်ထာဟော့,လက်ရုံးတွေ လှုပ်လိုက်ထာ, လက်မောင်းတွေ လှုပ်လိုက်ထာ, မျက်ခုံးတွေလှုပ် လိုက်ထာ, နှာခေါင်းတွေ လှုပ်လိုက်ထာ လှုပ်ထာကို တွေ့ပြီးတော့ အပါယ်ကျတယ်၊ အဝိဇ္ဇာ သဘော၊ အဲ ခုဝိဇ္ဇာညာဏ်နဲ့ ကြည့်စမ်း၊ ဘုရားကဟောထားပြီ၊ လှုပ်ရှားဝါယော, ထောက်ကန်ဝါယော ဘုရား ဟောတာလေ၊ ကျမ်းအစောင်စောင်မှာ လိုက်ရှာရှိတယ်၊ လှုပ်ရှား ဝါယော, ထောက်ကန်ဝါယော ထိုလှုပ်ရှားတဲ့ဓာတ်ကို မျက်စိနဲ့မြင်ရ တာလား မမြင်ဘူးတဲ့ နားနဲ့ကော မကြားဘူး၊ နှာခေါင်းနဲ့လဲမနံဘူး၊ လျှာနဲ့လဲမတွေ့ဘူး၊ ဘယ်သူနဲ့တွေ့သလဲ၊ ကာယပသာဒရုပ်နဲ့တွေ့တယ်၊ အဲဒီ ကာယပသာဒရုပ်နဲ့တွေ့မှ ကာယဝိညာဏ်ကသိတယ်၊ မျက်စိနဲ့မသိ ဘူး၊ကာယဝိညာဏ်သာသိတာ၊လှုပ်ထာလဲ ကာယဝိညာဏ် သိတယ်၊ ပူတာကိုလဲ ကာယဝိညာဏ်ကသိတယ်၊အေးတာကိုလဲ ကာယဝိညာဏ်က သိတယ်၊ခုနပြောတဲ့နာတာ,ကျင်တာ,ကိုက်တာ, ခဲတာကာယဝိညာဏ် က သိတယ်၊ ဒါနာမ်တရား၊ အဲဒီ ဝိဇ္ဇာညာဏ်သမားက လှုပ်တာတွေ နိဗ္ဗာန်ရပြီ၊ ပူတာတွေ နိဗ္ဗာန်ရပြီ၊ အေးတာတွေ နိဗ္ဗာန်ရပြီ၊ ဘာပြုလို့လဲ ဝိဇ္ဇာညာဏ်လေ။

ဝိဇ္ဇာညာဏ်က လှုပ်တာတွေလဲ ဖြစ်ပျက်မစဲ တွေ့တယ်၊ ပူတာ တွေလဲ ဖြစ်ပျက်မစဲတွေ့တယ်၊ အေးတာတွေလဲ ဖြစ်ပျက် မစဲ တွေ့တယ်၊ ကိုက်ခဲနာကျင်တွေလဲ ဖြစ်ပျက်မစဲတွေ့တယ်၊ဥဒယဗ္ဗယ၊အဲဒီလိုဥဒယဗ္ဗ ယ ညာဏ်ကိုရနေတဲ့ဝိဇ္ဇာညာဏ်သမားက အနိစ္စလဲသိတယ်,ဒုက္ခလဲသိ တယ်, အနတ္တလဲသိတယ်၊ ဟော စိတ်ချသိသွားပြီ၊ အဲဒါ အခုဒီမှာခွဲပေး တာက အဝိဇ္ဇာနဲ့ ဝိဇ္ဇာနယ်ခွဲပေးတာ၊ အဝိဇ္ဇာနယ်ကို လွတ်မြောက်ပြီး တော့ ဝိဇ္ဇာနယ်ကိုရောက်အောင်ဆိုပြီး ကျကျနနခွဲပေးတာပထဝီဓာတ် ကို ပထဝီဓာတ်မှန်းသိအောင်ပြတယ်၊ ဘာပြုလို့လဲ တချို့ကအခုပြောတဲ့ နာမှု, ကျင်မှု,ကိုက်ခဲမှုတွေကော့ အတွေ့သားဘဲ၊ သို့သော် ဝေဒနာ မှန်းလဲသိတယ်၊ နာတာကိုး၊ နာတော့ဝေဒနာပေါ့၊ကျင်တာလဲသိတယ် ကျင်တာဝေဒနာဘဲသိတယ်၊အဲဒီကာယပသာဒရုပ် ဖေါဋ္ဌဗ္ဗရုပ်ကိုတော့ သူမသိဘူး၊ ပထဝီဖေါဋ္ဌဗ္ဗ ကာယပသာဒရုပ်၊ထိခိုက်လို့ဖြစ်ပေါ်လာတဲ့

ဒုက္ခဝေဒနာ ဒုက္ခဝေဒနာဆိုတာ သူမသိဘူး၊ အချဒိကခွဲပေးတယ် သိရအောင် သေသေချာချာကြည့်၊ပထဝီဖေါဋ္ဌဗ္ဗ ခြေကျင်တယ်၊ကျင်မှာပေါ့ ခြေထောက်ရှိတာကိုး၊ခြေထောက်မရှိဘူးတဲ့ဘုရားက၊ ဘယ်သူလဲ ကာယပသာဒရုပ်နဲ့ ဖေါဋ္ဌဗ္ဗရုပ်နဲ့ထိလို့ ကာယဝိညာဏ်က သိတယ်၊ကျင်မှုနာမှုကို၊အဲဒါ တကယ့်အစစ်ရုပ်နာမ်တွေပေါ့၊အဲဒီရုပ်နာမ်တွေရှာရမယ် ရှိလျက်သားနဲ့ မတွေ့တာ သိပ်ဆိုးတာပေါ့၊ ရှိလျက်သားနဲ့ မတွေ့တာ အလွန်ဆိုးတယ်၊ ရှိတာ သိရမယ်၊ တွေ့ရမယ် တွေ့အောင် ရှာရမယ် တွေ့ရော၊ တွေ့တော့ကာ အစုမြတ်စွာဘုရား ဟောထားတဲ့ ဒေသနာတော်အရ တို့ယောဂီတွေ အခုအားထုတ်ထားတဲ့ တရားဟာ ဘုရားဟောနဲ့ကိုက်ကဲ့လား၊ ဘုရားဟော ဒေသနာနဲ့ ညီညွတ်ကဲ့လား၊ ကိုယ့်ဟာကိုယ် နှလုံးသွင်း ရမယ်။

**ဥပမာ**-ရာဇူချိန်ခွင်မှာတင်၊ တဖက်က အလေးကိုထား တဖက်က ကုန်ကိုထည့်၊ ရာဇူမှာကြည့်လိုက်လို့ ဘောင်ဖိတ်နေလျှင် မှန်ပြီ၊ အလေးက သာနေတာလား ကုန်က သာနေတာလား ဆိုတာ အဲတာ ရာဇူကိုကြည့်လျှင် သိတယ်။

ထိုနည်းတူစွာ မြတ်စွာဘုရားတရားတော်နဲ့ မိမိတို့သိတဲ့ အသိနဲ့ တခါထဲ လောကီမှာ ပစ္စုပ္ပန်မှာ ကိုယ်ပိုင် ဉာဏ်ကလေးနဲ့ ချိန်ဆိုးကြည့်ပေါ့၊ ကိုယ်သိထားတဲ့ တရားကတမျိုး ဘုရားဟောတဲ့ တရားက တမျိုးဆိုလျှင် မမှန်ဘူး၊ ဘုရားဟောတာလဲ ဟုတ်တယ် ကိုယ်သိထားတာလဲဟုတ်တယ်ဆိုလျှင် စိတ်ချ အဲဒါ စွဲစွဲမြဲမြဲ အားထုတ်နိုင်တယ်၊ အဲဒါလွယ်လွယ်ကလေးပေါ့၊ ဘာမှ မခက်ဘူး။

အနိစ္စာဝတ သင်္ခါ၊ ဥပ္ပါဒ ဝယဓမ္မိနော။
နိဗ္ဗတ္တာ ယေပိ တိဋ္ဌန္တိ၊ အာရဂ္ဂေ သာသပူပမာ။

မဟာနိဒ္ဒေသ ပါဠိတော်။

ဘင်္ဂါ-ဖြစ်ပေါ်လာပြီးနောက် လျင်မြန်စွာ ချုပ်ပျောက်ကြကုန်သော နာမ်ရုပ် တရားနှစ်ပါးတို့သည်၊ ဒါက ဘုရားဟောတာ၊ အဲဒါ ယောဂီအစစ်မှသိတယ်၊ ယောဂီ အတုအယောင်မသိဘူး၊ဘာဖြစ်လို့လဲ ဖြစ်ပေါ်လာတာလဲ သူသိတယ်၊ ပျောက်သွားတာလဲ သူသိတယ်၊ ရှိန်ကနဲ့ဆိုဖြစ်တယ်၊ ပျောက်သွားပြီ၊လှုပ်ခနဲဆိုသူသိတယ် ပျောက်သွားပြီ၊ရွကနဲဆိုသူသိတယ် ပျောက်သွားပြီ၊ ဒါချုပ်နာမ်တရားနှစ်ပါးပေါ့၊ လှုပ်ကနဲ

နာမ်ရုပ် ရှုကနဲဆိုလဲ နာမ်ရုပ် ဒိတ်ကနဲ ဆိုလဲ နာမ်ရုပ် ဖျင်းကနဲဆိုလဲ နာမ်ရုပ် ကိုက်ခဲ နာကျင်တွေ့တာလဲ၊ နာမ်ရုပ် ဒါနာမ်ရုပ် နှစ်ပါးဘဲ၊ ကာယပသာဒရုပ်ကယ်ဖေါ်ဌဗ္ဗရုပ်ကယ် ကာယဝိညာဏ်ရယ် ဒါနာမ်ရုပ် နှစ်ပါးပေါ့၊ အဲဒီနာမ်ရုပ်နှစ်ပါးဟာ ဖြစ်တာလဲသိတယ်၊ယောဂီက ပျက်တာလဲသိတယ်၊ ရှိန်ဆိုပျက်သွားတာဘဲ နောက်ထပ်ရှိန်တာ အသစ် အင်မတန် မြန်တာဘဲ၊ မြန်တယ်၊ အာရုံရိုက်ပြီးကြည့်တော့ ရိပ်ရိပ် ရိပ်ရိပ်ဆိုတာ မပြတ် နဒီသောတောဝိယ မြစ်ရေအယဉ်ကဲ့သို့ မပြတ် ဒိတ်ဒိတ်ဒိတ်ဒိတ် ရှုရှုရှုရှုဆိုတာ မပြတ်ကိုက်လိုက်တာ ဆိုတာ မုဲပြာနဲ့ တကထဲ ထောက်လျှောက်ကြီး ကိုက်နေသလို ထင်ရတယ်၊ အဲဒီဟာ အသာကလေးကိုက်တဲ့ နေရာမှာ နှလုံးသွင်းကြည့်၊ အဆင့်ဆင့် အသစ် အဟောင်း ပြောင်းလဲသွားတာ ကိုယ်တိုင် သိရမယ်၊ ကျင်နေတာလဲ ဒီလိုဘဲ ရိပ်ရိပ်ရိပ်ရိပ်နှင့် နေတာဘဲ ကျင်တာ ပထဝီဓာတ်နှင့် တွေ့တဲ့ အခါ အဲဒါ တခုပြီးတခု တခုပြီးတခု အသစ်အဟောင်း ပြောင်းလဲ သွားတာ တွေ့ရလိမ့်မယ်၊ အဲဒီလို သိနေတဲ့ ယောဂီကို ဟောတာ ဘုရားက ဘဂ္ဂါ-ဖြစ်ပေါ်လာပြီးနောက် လျင်မြန်စွာ ချုပ်ပျောက် ကြကုန်သော နာမ်ရုပ်တရား နှစ်ပါးတို့သည်၊ အဲဒီနာမ်နှင့်ရုပ်ကို သိတဲ့ ယောဂီနော် ကောင်းပြီ မသိတဲ့ ပုဂ္ဂိုလ်တွေ နာမ်ရုပ်တရားမတွေ့တဲ့ ပုဂ္ဂိုလ်တွေ နာမ်ရုပ်ရှာနိုင်အောင် ဉပမာဘယ်လိုဆောင်ပြသလဲ၊ အနိ ဓာနဂတာ–ငြိမ်းလေပြီးသည့် ဆီမီးပမာ သိမှီးရာ အဖြစ်သို့ရောက်ကြ လေကုန်၏။

ကိုင်း ကိုယ်ပိုင်ဉာဏ်နဲ့ တွေးကြည့်ကြပေတော့၊ ဒါဉပမာပြတာ၊ ဆီမီးရောင်က ဉပမာန ခုပြောတဲ့ ရုပ်နာမ်နှစ်ပါးက ဉပမေယျ၊ ဆီမီး ရောင်ကဲ့သို့ အဲဒါက ဇောတက, ထွန်းပြတော့ ဆီမီးရောင်ကဲ့သို့ ဆီမီးရောင်ကဲ့သို့ဆိုတော့ ကောင်းပြီ ယောဂီက ဘယ်လိုသိရမလဲ၊ ဆီမီးရောင်ကို သေသေချာချာကြည့်၊ လူတိုင်းသိတယ်၊ ဆီမီးရောင် ကလေး ဆီမီးရောင်ကလေးထွန်းထားတယ်၊ လူလူလူလူနဲ့ တောက်နေ တယ်၊ဖြုတ်ကနဲငြိမ်းလိုက်၊ ဟော ဒီအရောင်ကလေးဘယ်ရောက် သွား တုန်း၊အခုတောက်နေတဲ့ ဆီမီးရောင်ကလေးကို ငြိမ်းပစ်လိုက်၊ ပျောက် သွားပြီ၊ အဲဒီ ပျောက်သွားတော့ ဆီမီးရောင်ကလေးဟာ ဘယ်ရောက် သွားသလဲ၊ အရှေ့မှာလား အနောက် မှာလား တောင်မှာလား

မြောက်မှာလား ဘယ်မှာသိမ်းထားသလဲ၊ သိမ်းထားလို့ကော ရရဲ့လား၊ဒီဆီမီးရောင်ကလေးကိုမရဘူး၊ပြေဒ်ငြိမ်းသွားတဲ့ဆီမီးရောင်ကို ဘယ်သူမှ သိမ္မိုးသိမ်းဆည်းထားတာမဟုတ်ဘူးဆိုတာတော့ ဟုတ်ပြီ၊ တို့ကိုယ်တိုင်သိတယ် အားလုံးအများသိတယ်၊ ဆီမီးရောင်ကလေးကို ငြိမ်းလိုက်တယ်၊ငြိမ်းပြီးသွားတော့ ဆီမီးရောင်ကိုဘယ်သူမှသိမ်းဆည်းထားလို့မရ မရှိဘူး၊ ရှိကိုမရှိဘူးဆိုတာသိရမယ်၊ ဒါဖြင့်ကောင်းပြီ ဒီငြိမ်းသွားတဲ့ ဆီမီးရောင်ကို သိမ္မိုးသိမ်းဆည်းလို့ မရသလို မရသကဲ့သို့ ဟော,ဥပမာန၊ အခု ကိုယ်တိုင်တွေ့တဲ့ယောဂီများ ရှိန်ကနဲဖြစ်တယ်၊ခန္ဓာငါးပါး၊ရုပ်နာမ်နှစ်ပါး ထိုရုပ်နာမ်နှစ်ပါးတို့သည် ရှိန်ကနဲဆိုပျောက်သွားတယ်၊ အဲဒီပျောက်သွားတဲ့ ရုပ်နာမ်ကိုရှာကြစမ်း၊ဒီရုပ်နာမ်ဟာ ဘယ်နေရာရောက်သွားသလဲ၊ သေသေချာချာကြည့် မရှိတော့ဘူး၊ လုံးလုံးကိုမရှိဘူး၊ မတွေ့ဘူးလား သေသေချာချာကြည့်၊ဆီမီးရောင်ကို သိမ်းဆည်းလို့မရသလို ရုပ်နာမ်ကလေးဟာ ရှိန်ကနဲဖြစ်ပေါ်ပြီး ပျောက်သွားပြီ အဲဒါရှာလို့လဲမရဘူး၊ ရှိလဲမရှိဘူး၊ အဲဒါတူမျှတာကို ဥပမာခေါ်တယ်၊ဥပမာ,ဥပမာဆိုတာ တူမျှတာကိုဥပမာခေါ်တယ်။

ဥပမာန၊ စန္ဒာ-လ၊ ဥပမေယျ-ဘဂဝါ၊
အရောင်နှစ်ဝ၊ တူကာမျှ၊ ကောက်ကြဥပမာ တဲ့၊
ယထာဝိယ၊ ကဲ့သို့ပြ၊ ဇောတကကောက်လေပါ တဲ့၊

မြတ်စွာဘုရား၏ မွေမျက်နှာတော်သည် လမင်းသဏ္ဌာန် ကဲ့သို့ ကြည်လင်ထွန်းပ၏ ဆိုတဲ့စကားမှာ လမင်းက ဥပမာန၊မြတ်စွာဘုရား၏ မွေမျက်နှာတော်ကဥပမေယျ၊ လမင်းကဲ့သို့ဆိုတာက ဇောတက၊ဘာလဲ လ၏အရောင် ကြည်လင်ထွန်းပြောင်သလို မြတ်စွာဘုရား၏ မွေမျက်နှာတော်အရောင် ကြည်လင်ထွန်းပြောင်ခြင်း တူမျှသည်ကို ဥပမာတဲ့၊ အဲ့ ခုလဲဘဲ ဆီမီးရောင်ကို သိမ္မိုးသိမ်းဆည်းလို့မရသလို အခုရုပ်နာမ်တရားတို့ဟာ ဖြစ်ပေါ်ပြီး ပျောက်သွားတဲ့ရုပ်နာမ်ကို ဘယ်နေရာမှ သိမ္မိုးသိမ်းဆည်းလို့မရတာကို တူဒါကို ဥပမာလို့ခေါ်တယ်။

အဲဒီတော့ ယောဂီများကိုယ်ပိုင်ဉာဏ်နှင့်ကြည့်၊ ဟုတ်တယ်မဟုတ်တယ် ဘုရားကိုယ်တော်မြတ်ပြတဲ့ ဥပမာ,ဥပမေယျဟာ ငါတို့ယခုသိရတာနှင့် ကိုက်ပြီဆိုတာ ဟော ဉာဏ်ထဲမိသွားပြီ၊ အဲဉာဏ်ထဲမှာမမိသေးရင် မိအောင်ကြိုပေါ့၊ မမိသေး မတတ်နိုင်ဘူး၊ မိအောင်ကြိ၊

ဒီအတိုင်းဘဲ၊ ဒီအတိုင်းဥပမာပြတာ ပြီးတော့မှတခါ, အနာဂတေ-မဖြစ်သေးမီအနာဂတ်ကာလ၌၊ ပုဗ္ဗေ-လာ၍ အသစ်ဖြစ်ဘို့ရာ အပုံအစုသည်၊ နတ္ထိ-မရှိနိုင်ချေ၊ အဲ အခုပြောတဲ့အနာဂတ်ဆိုတာ ယောဂီများကိုယ်တိုင် တွေ့နေတဲ့ ရှိန်ရှိန်သုတ်သုတ် လှုပ်လှုပ်ရွရွ အဇ္ဈတ္တိကသန္တာန်ထဲမှာ တွေ့နေတဲ့ ဒီရုပ်တရားနာမ်တရားလေးတွေ မဖြစ်ခင်အနာဂတ်ခေါ်တယ်၊ အဲဒီအနာဂတ်မှာ စုပြီးပုံပြီးမရှိဘူးတဲ့၊ ကိုင်းကိုယ်ပိုင်ဉာဏ်နှင့်တွေးကြည့်စမ်း၊ ရှိန်ကနဲမဖြစ်ခင်အနာဂတ်ကာလကလေးဘယ်မှာနေသလဲ ဆိုတာ ရှိန်ကနဲဆိုတဲ့ ရုပ်ကလေးဟာ ဘယ်မှမရှိဘူး၊ လှုပ်ခနဲဆိုတဲ့ တွေ့လိုက်ထာလေးဟာ အမှန်ဘဲ၊ အဲဒီလှုပ်ခနဲမဖြစ်ခင် အနာဂတ်ကာလမှာ လှုပ်ခနဲဆိုတဲ့ ဝါယောဖောဋ္ဌဗ္ဗရုပ် ဘယ်မှာနေသလဲ၊ ကိုင်းကြည့်စမ်း မရှိဘူး၊ ဒါကြောင့် မြတ်စွာဘုရားက ပြောတာ မဖြစ်သေးမီအနာဂတ်ကာလမှာ မရှိဘူးတဲ့ ရုပ်နာမ်ခန္ဓာ၊ ဒါဖြင့်ဘယ်အခါရှိသလဲ ယေဝ-အကြင်ပစ္စုပ္ပန် ခန္ဓာနာမ်ရုပ်တို့သည်လည်း၊ နိဗ္ဗတ္တာ-ဖြစ်ကြကုန်သည်ဖြစ်၍၊ တိဋ္ဌန္တိ-တည်ကြကုန်၏။

အဲဒီတော့ အတိတ်ရယ် အနာဂတ်ရယ် ပစ္စုပ္ပန်ရယ် ကာလသုံးပါးရှိတယ်၊အဲဒီကာလသုံးပါးမှာ ဝိပဿနာယောဂီများရှုကြည့်ဘို့ အတိတ်ဆိုတာလဲ လွန်သွားပြီတဲ့ ရှုလို့မရတော့ဘူး၊ ရှိလဲမရှိတော့ဘူး၊ ဘာဆိုဘာမျှ စမ်းသပ်ရှာဖွေလို့မရတော့ဘူး၊ နို့မရောက်သေးတဲ့ကာလကောဆိုတော့ မရောက်သေးတဲ့ကာလက အနာဂတ်ကာလမှာလဲ ရောက်မှမရောက်သေးဘဲ ဖြစ်မှမဖြစ်သေးဘဲ ဘယ်ရုပ်နာမ်ရှိမလဲ မရှိဘူး။ ရုပ်နာမ်မှ ဖြစ်မှမဖြစ်သေးဘဲ ရှိမှမရှိသေးဘဲ ဘယ်ရှိမလဲ မရှိဘူး၊ ဒါဖြင့်လဲ အတိတ်လဲမရှိ၊ အနာဂတ်လဲမရှိ၊ ဘယ်မှာရှိသလဲ၊ ပစ္စုပ္ပန်မှာရှိတယ်၊ ယေဝ-အကြင် ပစ္စုပ္ပန်ခန္ဓာနာမ်ရုပ်တို့သည်လည်း၊ နိဗ္ဗတ္တာ-ဖြစ်ကြကုန်သည်ဖြစ်၍၊ တိဋ္ဌန္တိ-တည်ကြကုန်၏၊ အဲဒီပစ္စုပ္ပန်မှာ ဖြစ်ပြီးတော့တည်သတဲ့၊တည်တယ်ဆိုတော့ တို့မသိတဲ့ပုဂ္ဂိုလ်တွေ ခက်သွားပြီ၊ မြဲနေသလိုလို စိတ်ကထင်ရလိမ့်မယ်၊ ဘယ်လိုလုပ်တည်ပါသလဲလို့ မေးဘွယ် ရှိသောကြောင့် သူ့ဟာ သူ ပြန်ဖြေတယ်၊ တေဝ-ထိုပစ္စုပ္ပန်ခန္ဓာ နာမ်ရုပ်တို့သည်လည်း၊ အာရဂ္ဂေ-အပ်သွား ပွတ်ဆောက်များ၌၊ သာသပူပမာ-ဒလစပ်တင်အပ် ကျအပ်သော မုံညင်းစေ့တို့ကဲ့သို့ တူသောပမာရှိကုန်သည်ဖြစ်၍၊ တိဋ္ဌန္တိ- တည်ကြကုန်၏။

အဲဒါဥပမာနှင့် ပြဖြေတယ်၊ ဘယ်လိုဖြေသလဲ၊ အပ်သွားပွတ်ဆောက်ဖျား အပ်သွားဆိုတာအင်မတန် သေးငယ်ချွန်ထက်ထာပေါ့၊ အဲဒီအပ်သွားလေးပေါ်မှာ မုံညင်းစေ့ကလေး မျှားချ လိုက်၊ ချလိုက်တာနှင့်တပြိုင်နက် ကျသွားတယ်၊အဲဒီမုံညင်းစေ့ကျသွားလျှင် နောက်ထပ်အသစ်တင် ဒလစပ်ကျတိုင်း နောက်အသစ်တင် တခါထဲ ဒလစပ်တဲ့ဒလစပ်ဆိုတာမပြတ်ပေါ့၊ အဲဒီမုံညင်းစေ့ကလေးတွေ အပ်သွားပေါ်မှာဒလစပ်မပြတ် တင်လိုက်ကျလိုက် တင်လိုက်ကျလိုက် တင်လိုက်ကျလိုက်နေသလို အဲဒီလိုဘဲ တည်တယ်တဲ့ ရုပ်နာမ်၊ မခဲယဉ်းလားအလွန်ခဲယဉ်းတယ်၊ ဒီပါဠိကိုရလို့ ဒီအနက်ကိုသိလို့ ဒီအဓိပ္ပါယ်ပြောကော နားလည်မလား၊ အို-ဝေးလိုက်ထာ အနားကို မကပ်နိုင်ဘူး၊ယောဂီအစစ်ကျတော့ ရှင်းရှင်းလေး သိပ်ရှင်းတာ၊ ဒီတရား ယောဂီအစစ်က သိပ်ရှင်းတယ်၊ ဘာပြုလို့လဲ ဟုတ်သားဘဲ အပ်သွားပေါ်မှာမုံညင်းစေ့လေးတွေ တဖွဲဖွဲ, တသဲသဲ, တဖြုတ်ဖြုတ်, မပြတ်မစဲကျဆင်းနေသလို မိမိတို့ခန္ဓာကိုယ် ဦးကျွောင်းကအစ ခြေဖျားအထိအာရုံစိုက်ကြည့်လိုက်တော့ နာရီမိနစ်စက္ကန့် မစဲအောင် တရှိန်ရှိန်တသုတ်သုတ် တလှုပ်လှုပ် တရွရွ မပြတ်ဖြစ်ပျက်နေတာ တွေ့တွေ့နေတော့ ကိုင်း တကယ့်ယောဂီအစစ်ကတော့ ဘုရားဟောတဲ့ဒေသနာကိုဘယ်တော့ငြင်းလို့ ရအုံးမလဲ မရဘူး၊ကိုယ်တွေ့ဉာဏ်မြင်ဖြစ်နေတယ်၊တခါထဲ ဘုရားဟောတဲ့ ဥပမာနဲ့ ငါတို့တွေ့တဲ့ အတွေ့နဲ့ တခါထဲအကိုက်ကိုကျနေတယ်၊ မသိတဲ့ပုဂ္ဂိုလ် သွားပြောတော့ ဒီပါဠိကျက်ထားရမှာဘဲ၊ ဒီတရားဟောလဲ နားထောင် ကြားမှာဘဲ၊ သိမလားဆိုတော့ အနား တောင်မကပ်နိုင်ဘူး၊ ဘယ်နည်းနဲ့မှ မကပ်နိုင်ဘူး၊ အဲဒါသူ့ဟာသူ မသိတာနဲ့ ဒီတရားမဟုတ်ပါဘူးလို့ငြင်းလဲ မတတ်နိုင်ဘူး၊ကမ္ဘသကာပေါ့၊ သူ့ဟာသူငြင်းတာ ဘယ်တတ်နိုင်မလဲ သူသိမှမသိဘဲ၊ သူ့ကိုယ်တိုင်ကိုက ရုပ်နာမ် ဖြစ်ထာလဲ သူမသိဘူး၊ ရုပ်နာမ်ပျက်သွားတာလဲ သူမသိဘူး၊ သူမသိတော့ ဒီရုပ်နာမ်ဖြစ်ပျက် တရားတွေကိုပင် ဘုရားဟောတဲ့ ဒေသနာအတိုင်း ဟောကြားရုံဘဲ ရှိမယ်၊သူနားလည်မှာ မဟုတ်ဘူး။

အဲ ဒါ့ကြောင့်မို့လို့ တို့ယောဂီတွေက ကိုယ်ပိုင် ဉာဏ်နှင့်ကိုယ်တိုင်အားထုတ်ထားတဲ့တရား မိမိတို့ ကိုယ်တိုင် အားထုတ်ထား

တဲ့တရားက ဟာ ရှိန်ရှိန်သုတ်သုတ် လှုပ်လှုပ်ရွရွလေးတွေဒါနဲ့ တရားလို့ ဆိုတာ အံ့ဩပါရဲ့၊ အဲဒီလို ကဲ့ရဲ့တဲ့လူတွေလဲ ပေါရင် ပေါတတ်တယ်၊ အဲဒီပုဂ္ဂိုလ်မျိုးကိုတွေ့လျှင် ခံမငြင်းနဲ့၊ ငြင်းလျှင် ကိုယ်ကရှုံးလိမ့်မယ်၊ သက်သေမှမရှိဘဲ ကိုယ့်မှာ၊ ကိုယ့်ဟာ ကိုယ်သာ သိတာ၊ ကိုယ့်မှာ သက်သေ ဘယ်လိုလုပ်ပြနိုင်မလဲ၊ မပြနိုင်ဘူး၊ ကိုယ့်ဟာ ကိုယ်သာသိတယ်၊ သူကသိတာမှ မဟုတ်ဘဲ၊ဟာ ခန္ဓာထဲမှာ ရုပ်တွေ မပြတ် ဒလစပ် ဖြစ်နေတာဘဲ၊ ပုဆိန်နဲ့ပေါက်ပြော သူယုံမှာ မဟုတ်ဘူး၊ သူမှ ဖြစ်ပျက်တွေ့တာမှ မဟုတ်ဘဲ၊တွေ့ဘို့က လွယ်တာ မဟုတ်ဘူး၊ လွယ်တယ်မမှတ်နဲ့ တွေ့ဘို့က ဝီရိယလဲရှိရမယ်, သတိလဲမြဲရမယ်, သမာဓိလဲဖြစ်ရတယ်၊ အဲ ဝီရိယ,သတိ,သမာဓိနဲ့ပြည့်စုံမှ ပညာစခန်းမှာ အမှန်ကိုသိတာ။

အဲဒါကြောင့် ရှိန်ကနဲဘဲတွေ့တွေ့, လှုပ်ခနဲဘဲ တွေ့တွေ့, ရွခနဲဘဲ တွေ့တွေ့ တို့ဒေသနာအစဉ်အားဖြင့် မြတ်စွာဘုရား အလိုတော်ကျနဲ့ ပြောဟောမယ်ဆိုလျှင် အင်မတန် အဘိုးတန်တဲ့တရား၊ ရှိန်ခနဲတွေ့လဲ မဂ္ဂင်ရှစ်ပါးဘဲ၊ လှုပ်ခနဲတွေ့လဲ မဂ္ဂင်ရှစ်ပါး အစစ်ဘဲ၊ ရွခနဲတွေ့လဲ မဂ္ဂင်ရှစ်ပါးအစစ်ဘဲ၊ ဘာပြုလို့လဲ၊ တို့ ဒီကျမ်းဂန် မှာတော့ အသေအချာမရှိဘူး၊ ရှိသလောက်တော့ ရှိတယ်၊ ဘယ်လို တွေ့သလဲလို့ဆိုတော့ "ဒါနအစ မဂ်ပဋ္ဌမ, သီလရှေးဦးစွာ"အဲဒီလို ရေးတဲ့ပုဂ္ဂိုလ်တွေရှိတယ်၊ ကျမ်းဂန်တွေမှာ "ဒါနအစ မဂ်ပဋ္ဌမ, သီလရှေးဦးစွာ" အဲဒီလို ရေးတယ်၊ ဒါနဟာအစ၊ မဂ်ကပဋ္ဌမ၊ သီလရှေးဦးစွာ၊ ဘယ်သူက အရင်ကျသလဲ၊ ကိုင်းတွက်ကြည့်ကြစမ်း၊ ဒါနအစ ဒီတော့ မဂ်က ပဋ္ဌမတဲ့၊ အစနဲ့ ပဋ္ဌမနဲ့ ကိုက်ကြည့် ကြစမ်းပါအုံး၊ ဒါနအစ မဂ်ပဋ္ဌမ သီလရှေးဦးစွာတဲ့၊ ကိုင်းဘယ်သူက အရင်ဖြစ်မလဲ၊ ကိုင်း ဘယ်လိုလုပ်ကောက်ကြမလဲ၊ ဒါနကအစတဲ့၊ ဒါ ပညာရှိများ ရေးထားတဲ့ ကျမ်းတွေမှာလဲ ရှိတယ်၊ဒါနအစ မဂ်ကပဋ္ဌမ သီလကရှေးဦးစွာတဲ့၊ ဘယ်သူအရင်ကျသလဲ၊ အဲဒီသုံးပုဒ်ကို ဆုံးဖြတ်ကြည့်ကြစမ်း ကိုယ်ပိုင်ဉာဏ်ကလေးနဲ့၊ ဘယ်သူကအရင်လဲ၊ လက်ဦးလဲ ဒါနကအစတဲ့၊ မဂ်ကလဲ ပဋ္ဌမတဲ့၊ သီလကရှေးဦးစွာတဲ့၊ ကိုင်းဘယ်သူက အရင်ကျသလဲ တွက်ကြည့် ကြစမ်း၊ သေသေချာချာ ဉာဏ်နဲ့ ဉာဏ်နဲ့ တွက်ကြည့်ကြစမ်း၊ ဉာဏ်စခန်း မလွယ်ဘူး၊ ဒါနကအစတဲ့၊ မဂ်က

ပဌမတဲ့၊ သီလရှေးဦးစွာတဲ့၊ ဒါဖြင့်ဘယ့်နှဲ့လုပ်မလဲ၊ ဘယ်သူ့ကမှန်တယ်လို့ဘော ပြောနိုင် အုံးမလဲ၊ကဲ့,ဘယ့်နှဲ့လုပ်ကြမလဲ၊ ဒါနကဟော သူ့အစတဲ့၊ ဒို့မဂ်က ငါပဌမပါတဲ့ သီလကလဲ ငါရှေးဦးစွာတဲ့၊ အဲ ပြီးရော။

အဲဒီတရားမှာ တို့ယောဂီတွေ အားထုတ်တာ အစစ်၊ ဘာပြုလို့လဲ၊ အခုယောဂီတွေ ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင် အားထုတ်နေတဲ့ အခါ ကာလမှာရှိန်ကနဲ ပွေ့သွားပြီ၊ရှိန်ကနဲ တွေ့ကထဲက သီလလဲပါသွားပြီ၊ ဟောသီလ သီလမဂ္ဂင်သုံးပါးပါနေတာကိုး၊ ဟော,သမာဓိလဲပါသွားပြီ၊ သမာဓိမဂ္ဂင်သုံးပါးလဲ ပါသွားပြီ၊ ဟော ပညာမဂ္ဂင်နှစ်ပါးလဲ ပါသွားပြီ၊ မဂ္ဂင်ရှစ်ပါး အဲဒီမဂ္ဂင်ရှစ်ပါးဟာ ဘယ်သူ့နဲ့ ယှဉ်သလဲ အလောဘ, အဒေါသ, အမောဟ, ဟောဟိတ်သုံးပါးနဲ့ ယှဉ်သွားပြီ၊ အလောဘ, အဒေါသ, အမောဟ၊ ဒီတော့ ဟိတ်ခပ်တဲ့ အခါကျတော့ ကျမ်းဂန်မှာ ဘယ်လိုပြသလဲ၊အလောဘောဒါနဟေတု၊အခုယောဂီတွေ ရှိန်ရှိန်သုတ်သုတ် လှုပ်လှုပ်ရွရွတွေ့တဲ့ အထဲမှာ ဒါန အစစ်ပါတယ်၊ သဗ္ဗဒါနံ ဓမ္မဒါနံတဲ့၊ ဒါနအစစ်ပါတယ်၊ အလောဘော ဒါနဟေတု တဲ့ အဲဒီအထဲမှာ အဒေါသ ဟိတ်ပါတယ်၊ အဒေါသော သီလဟေတုတဲ့၊ အဒေါသဆိုတာ မေတ္တာဓာတ် သီလလို့ခေါ်တယ်၊ သူ့ကို သီလထဲကို သွင်းထားတယ်၊ အဲဒီတော့ အခုရှိန်ကနဲ တွေ့တဲ့အထဲမှာ အလောဘလဲ ပါသွားတယ်၊ အဒေါသလဲပါသွားတယ်၊ အမောဟလဲပါသွားတယ်၊ အမောဟော ဘာဝနာ ဟေတုတဲ့၊ ဟော အမောဟလဲ ပါသွားပြီ၊ အမောဟဆိုတာ ပညိန္ဒြေ သမ္မာဒိဋ္ဌိ မဂ္ဂင်ဉာဏ်၊ သီလ, သမာဓိ, ပညာသုံးပါး အကုန်အစုံပါသွားတာပေါ့၊ အဲဒီတော့ အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်, ဟိတ်သုံးပါးရတယ်၊ အခုတို့ယောဂီတွေ ရှိန်ကနဲတွေ့တွေ့ လှုပ်ခနဲ့တွေ့တွေ့ ရွခနဲတွေ့တွေ့ ဟိတ်သုံးပါး ပါသွားတယ်၊ အဲဒီဟိတ်သုံးပါးပါတဲ့ အနက်က တပြိုင်နက် ဖြစ်တယ် မဟုတ်လား၊ အလောဘ,အဒေါသ, အမောဟ ဟော ဟိတ်သုံးပါး တပြိုင်နက်ထဲဖြစ်တယ် အဲဒီဟိတ်သုံးပါးတပြိုင်ထဲ ဖြစ်တော့ကာ ခုနက တုန်းက ပညာရှိတွေစပ်ဆိုထားတဲ့စကားလေးက ဘာတဲ့လဲ၊ဒါနအစ၊ မဂ်ပဌမ၊သီလရှေးဦးစွာ အဲဒါကျမ်းဂန်အစောင်စောင်မှာ မရှိဘူး၊ တခု စီစပ်ပြီးတော့ ပြောပြတာ။ တကယ့်အစစ် အခုယောဂီများ အားထုတ်

တဲ့ တရားဟာ ဟိတ်သုံးပါးတရားအစစ်၊ ဟိတ်သုံးပါးကို ရသဖြင့် တိဟိတ် အလောဘ, အဒေါသ, အမောဟဆိုတဲ့ ဟိတ်သုံးပါးကို ရသဖြင့် ဟော ဒါနရော, သီလရော, ဘာဝနာရောအကုန် ပါသွားတာဘဲ၊ အဲဒါ တပြိုင်ထဲ ပါသွားတာ၊ အလောဘော ဒါနဟေတု အဒေါသော သီလဟေတု အမောဟော ဘာဝနာ ဟေတုလို့ ဟိတ်ခပ်ထားတာ ထင်ရှားရှိတယ်။

အဲဒါကြောင့် တချို့ အကျိုးတရားနဲ့အကြောင်းတရား နားမလည်ရင်တော့ ဝမ်းမမြောက်ဘူးပေါ့၊ မိမိတို့ကိုယ်တိုင် ရှိနိကနဲတွေ့လိုက်ရတာ ဘယ်လောက်ဝမ်းမြောက်စရာကောင်းသလဲ၊အလောဘ,အဒေါသ,အမောဟ ဟိတ်ဖြစ်သွားတယ်၊ လှုပ်လှုပ်လှုပ်လှုပ်တွေ့လိုက်ထာဘယ်လောက်အဖိုးတန်သလဲ၊ အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်တွေ ဖြစ်သွားတာဘဲ၊ ဒါနရော, သီလရော, ဘာဝနာရောအကုန်ပါသွားတာဘဲ၊ ကိုက်ခဲနာကျင်ပြီးတော့ တွေ့တာတွေဟာလဲဟော ဝိဇ္ဇာဉာဏ်သမားက အကုန်ပါသွားတယ်၊ ဝိဇ္ဇာဉာဏ်ထဲမှာ အကုန်လုံး အကျုံးဝင်သွားတယ်၊အဲဒါကြောင့် မိမိတို့ အခုသိတဲ့တရားဟာ ပေါ့တိပေါ့ဆ ပေါ့ပေါ့တန်တန် သိတဲ့တရားမဟုတ်ဘူး၊ တကယ်လေးလေးနက်နက်နဲ့ တကယ်စဉ်းစားဉာဏ်ရှိတဲ့ပုဂ္ဂိုလ်၊ ဉာဏ်, ပစ္စုပတ်, ရွှင်လန်းသာတဲ့ပုဂ္ဂိုလ်ကျတော့ တနေ့ထက်တနေ့ တလထက်တလ တရက်ထက် တရက်ပေါ့လေ တခါထဲ ဝိဇ္ဇာဉာဏ်တွေဟာ ပြည့်ဖြိုးပြီးတော့လာမယ်၊ အခုတွေ့တဲ့ ဘုန်ကြီးများဟောတဲ့ တရားတွေဟာ အချည်းနှီးပြောတာမဟုတ်ဘူး၊ လူတွေနားလည်အောင်သာ ပြန်ပြောနေတာ၊ ဘုရားဟောတဲ့ ဒေသနာတွေချည်းဘဲ၊ ဘုရားကိုယ်တိုင် ရာဟုလာကို ဟောတယ် မဟုတ်လား၊ ခုနကတုန်းက နာတာကျင်တာ, ကိုက်တာ, ခဲတာ ပထဝီဓာတ်တွေ၊ အဲ ဒီပထဝီဓာတ်ဆိုတာကို တွေ့တာနဲ့ အကုန်လုံးဒိဋ္ဌိပြုတ်သွားတယ်၊ ဘာပြုလို့လဲ၊

ပထဝီဓာတုံ ခေါ ရာဟုလ အနိစ္စတော ဓာနတော ပဿတော သက္ကာယဒိဋ္ဌိ ပဇဟတိ အဝိဇ္ဇာပဟီယတိ ဝိဇ္ဇာဥပ္ပဇ္ဇတိ။

(အနက်ကို စာမျက်နှာ ၅၄-တွင် ကြည့်ပါ)

ကိုင်း ဒါထက်ကောင်းတာ ဘယ်လာရအုံးမလဲ၊ အခု နာတာတွေ အတွေ့သွားဘဲ၊ ထိုင်နေတော့ ခြေထောက်တွေကျင်လိုက်တာ မပြောနဲ့တော့၊ အဲဒီကျင်တာ ဘယ်သူ့သဘောလဲ ပထဝီဓာတ်ပေါ့၊ အမာနဲ့ တွေ့လို့ ကာယပသာဒထိခိုက်ပြီးတော့ ကာယဝိညာဏ်ကလေးကသိနေတာ၊အဲဒီကျင်တာကိုဘဲ ဝိပဿနာ ဘယ်လောက်အဖိုးတန်သလဲ၊ အဲဒီကျင်တာတွေတာနဲ့ ပထဝီဓာတ်မှန်းသိ၊ပထဝီဓာတ်မှန်းသိကထဲက ဖြစ်ပျက်မစဲတွေ့၊ ဟော ဖြစ်ပျက်မစဲတွေ့ကထဲက အနိစ္စသိ၊ အနိစ္စသိကထဲက ငါဆိုတဲ့အတ္တဒိဋ္ဌိမရှိတော့ဘူး၊ အတ္တဒိဋ္ဌိတခါထဲပြုတ်သွားပြီ၊ သက္ကာယဒိဋ္ဌိ, အတ္တဒိဋ္ဌိပြုတ်သွားကထဲက ဘယ်သူ့ကြောင့် ပြုတ်သွားသလဲ ဝိဇ္ဇာဉာဏ်ကြောင့်ပြုတ်တာ၊ အဲဒီဝိဇ္ဇာဉာဏ်ကြောင့် သက္ကာယဒိဋ္ဌိ, အတ္တဒိဋ္ဌိပြုတ်သွားကထဲက အဝိဇ္ဇာရှိသေးသလား၊ အနားတောင်မကပ်တော့ဘူး ပြေးပြီ၊ အဝိဇ္ဇာပြေးပြီ၊

အဲဒါကြောင့်မို့လို့ မိမိတို့ယနေ့ယခုအားထုတ်တဲ့တရားဟာ ပေါ့တိပေါ့ဆတရားမဟုတ်ဘူး၊ ဒီတရားကို တို့ လေးလေးစားစားအားထုတ်မယ်၊ အားထုတ်မှသာလျှင် အခုဘုရားသာသနာနဲ့ ကြုံရတဲ့အကျိုး လူဖြစ်ရတဲ့ မနုဿတ္တဒုလ္လဘ၏ အကျိုး၊အဲ,တကယ့်သဒ္ဓါသမ္ပတ္တိနဲ့ ပြည့်စုံရတဲ့အကျိုးတွေ ငါတို့ခံစားရမယ်ဆိုတာ ယုံကြည်လေးစားသောအားဖြင့် ယနေ့ယခုအားထုတ်တဲ့ တရားအတိုင်း နေ့မအားညမအား သတိသမ္ပဇဉ်တရားနဲ့ ခရီးသွားလဲ သတိလက်ကိုင်ရှိ၊ ထိုင်နေလဲ သတိလက်ကိုင်ရှိ၊ အိပ်နေလဲသတိလက်ကိုင်ရှိ၍ ဒီတရားကို မနေမနား ကြိုးစားအားထုတ်၍ မဂ်ဉာဏ်ဖိုလ်ဉာဏ် အမှန်ငါတို့ရမယ်ဆိုတာ ယုံကြည်သောသဒ္ဓါတရားနဲ့ လေးလေးစားစားအားထုတ်ကြ။

# တိဿ သာမဏေ

## ဒါနအကြောင်းခံ၍ နိဗ္ဗာန်ကိုရနည်း

ခုနစ်နှစ်သား တရားရှာဖွေ သာမဏေ

နဝကပ္ပံ သုတဝမ္ပံ၊
အဋ္ဌကပ္ပဥ္စ ယာစိတော။
ဧကောကပ္ပေါ် နုမောဒနာ၊
ဒေသိတောစ အသင်္ချေယျာ။

သုတဝမ္ပံ-မြတ်စွာဘုရားဟောတရားကို နာခံမှတ်သား ရခြင်းသည်၊ နဝကပ္ပံ- ကိုးကမ္ဘာတိုင်တိုင် အပါယ်လေးပါးသို့ မလားမူ၍ လူနတ်တို့၏စည်းစိမ်ချမ်းသာကို ခံစားရ၏၊ ယာစိတော- မြတ်စွာဘုရား ဟောတရားကို ဟောပါ ဟောပါဟူ၍ အခါခါတောင်းပန်ရခြင်းသည်၊ အဋ္ဌကပ္ပံ- ရှစ်ကမ္ဘာတိုင်တိုင် အပါယ်လေးပါးသို့ မလားမူ၍ လူနတ်တို့၏ စည်းစိမ်ချမ်းသာကို ခံစားရ၏၊ အနုမောဒနာ- သာဓုခေါ်ရခြင်းသည်၊ ဧကောကပ္ပေါ်- တကမ္ဘာတိုင်တိုင် အပါယ်လေးပါးသို့ မလားမူ၍ လူနတ်တို့၏ စည်းစိမ်ချမ်းသာကို ခံစားရ၏၊ ဒေသိတော- လာဘ်လာဘကိုမငဲ့ညှာဘဲ တရားမသိသေးတဲ့ ပုဂ္ဂိုလ် တရားသိအောင် နားမလည်သေးတဲ့ပုဂ္ဂိုလ် နားလည်အောင် မဂ်ဖိုလ်ဓမ္မနိဗ္ဗာန်ကို မရကြသေးတဲ့ပုဂ္ဂိုလ် မဂ်ဖိုလ်ဓမ္မ နိဗ္ဗာန်ကိုရကြရလေအောင် မေတ္တာပုဗ္ဗင်္ဂမ ရှေးသွားပြု၍ ဟောပြောပြသဆိုဆုံးမရခြင်းသည်၊ အသင်္ချေယျာ- မရေမတွက်နိုင်သော ကမ္ဘာကာလတို့ပတ်လုံး အပါယ်လေးပါးသို့ မလားမူ၍ လူနတ်တို့၏ စည်းစိမ်ချမ်းသာကို ခံစားရ၏။

ဂါထာအရ တရားတော်နာကြားရတယ်ဆိုတာ အင်မတန်မွန်မြတ်တဲ့ အကျိုးတရားတွေ ထင်ရှားရောပေါ့၊ ပြီးတော့လဲ 'ကာလေန ဓမ္မဿဝနံ'တဲ့ မင်္ဂလာတရားတော်ထဲမှာ အထင်အရှားဘဲ၊ ဒါကြောင့် တရားတော် နာကြားရတဲ့အခါ မသိတဲ့တရားတွေ သိလာအောင် သိပြီးသောတရားတွေကို လွန်စွာတိုးပွါးအောင် သိသထက်သိအောင်

နားလည်သထက် နားလည်းအောင် အကြောင်းအကျိုး ဆက်စပ်နားလည်လာအောင် ဂရုစိုက်ပြီး နာယူကြပေါ့၊ ဗုဒ္ဓဘာသာ လူမျိုးတွေဟာ မကင်းနိုင်ကြတဲ့ ဒါန,သီလ,ဘာဝနာ တရားတွေရှိတယ်၊ရှိလို့ဘဲ အခါခပ်သိမ်း ဒါနပြုလုပ်လှူဒါန်းကြတယ်၊ သီလတရားစောင့်ထိန်းပြီး ကျင့်သုံးကြတယ်၊ဘာဝနာတရားများကိုလဲပွါးများအားထုတ်ကြတယ်။

ဒီနေရာမှာ ဒါနနဲ့နိဗ္ဗာန်ရတယ်၊ သီလနဲ့နိဗ္ဗာန်ရတယ်၊ ဘာဝနာနဲ့ နိဗ္ဗာန်ရတယ်၊ သည်လိုဟောကြတယ်၊ ဒါနကြောင့် နိဗ္ဗာန်မရနိုင်ဘူး၊ သီလကြောင့်လဲ နိဗ္ဗာန်မရနိုင်ဘူး၊ ဘာဝနာကြောင့်လဲ နိဗ္ဗာန်မရနိုင်ဘူး၊ အဲဒီလိုလဲဟောတယ်၊ အဲဒါသိဘို့အလွန်ခဲယဉ်းတယ်၊ ဘာပြုလို့လဲဆိုတော့ သတ္တဝါတယောက်၏ အဇ္ဈတ္တသန္တာန်မှာ ဉာဏ်မျှင်ခြေရင့်ဘို့ရာ အလွန်ခဲယဉ်းတယ်၊ မှန်တော့ ဒီတရားတွေဟာ မှန်တယ်၊ သို့သော် ဘာကိုစွဲပြောတာလဲ ဒါနကိုပြောတာလား ဒါနမှ ဖြစ်ပေါ်လာတဲ့ စေတနာကို ပြောတာလားဆိုတာ အဲဒါ အဓိပ္ပါယ်ရှင်းဘို့လိုတယ်၊ ဒါနကိုစွဲ၍ဖြစ်တဲ့ စေတနာက အကျိုးပေးတာ ပဓာန၊ ဒါနကြောင့် နိဗ္ဗာန်ရတယ်ဆိုတာ စင်စစ်ကတော့ ဌာနီကို ဌာနပေါ်တင်စားဟောတာ၊ စေတနာကြောင့် ရတယ်၊ သီလလဲ ဒီလိုဘဲ၊ နိဗ္ဗာန်ရတယ်ဆိုတာ စေတနာကြောင့်ရတယ်၊ ဘာဝနာလဲ နိဗ္ဗာန်ရတာ စေတနာကြောင့်ရတယ်၊ အချုပ်ကဒါနဟာ နိဗ္ဗာန်ရတယ်၊ ဒါနကတော့ မရဘူး၊ ဒါနသည်အထောက်အပံ့အကြောင်း၊ ထိုဒါနကိုစွဲ၍ဖြစ်တဲ့ စေတနာကြောင့်ရတာ၊ ဘာပြုလို့လဲ ဆိုတော့-

စေတနာဟံဘိက္ခဝေ ကမ္မံ ဝဒါမိ-

ဘိက္ခဝေ- ချစ်သားတို့၊ စေတနာ-စေတနာကို၊ ကမ္မံ-ကံဟူ၍၊ အဟံ ငါဘုရားသည်၊ ဝဒါမိ-ဟောတော်မူ၏။

ဆိုတဲ့အတိုင်း စေတနာကို မြတ်စွာဘုရား ဟောတယ်၊ ဒါန-နိဗ္ဗာန်ရတာအမှန်ပေါ့၊ ထိုဒါနနဲ့နိဗ္ဗာန်ရတာဟာ ဒါနကြောင့်လို့ ပြောရတာဘဲ၊ တင်စားပြီးတော့ စင်စစ်လှူတဲ့ပုဂ္ဂိုလ်၏ စေတနာကြောင့်ဖြစ်တာ လှူတဲ့ပုဂ္ဂိုလ်၏ စေတနာကြောင့် ဖြစ်တဲ့ အတ္ထုပ္ပတ္တိကို အဓိပ္ပါယ်ခပ်ရှင်းရှင်းနဲ့ နားလည်အောင် မှတ်လဲမှတ်ကြပေါ့။

## ရှင်သာရိပုတ္တရာနှင့်-မဟာသေနပုဏ္ဏားကြီး

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် သာဝတ္ထိပြည်မှာ သီတင်းသုံးနေတဲ့အခါကာလ ဒီအခါမှာ ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက ရာဇဂြိုဟ်တိုင်းပြည် သွားပြီးတော့ ဆွမ်းခံဝင်တယ်၊ ဆွမ်းခံဝင်တဲ့အခါ သူဘာကို အာရုံပြုသွား သလဲ ဆိုတော့ ဒီရှင်သာရိပုတ္တရာရဲ့ အဖေက ဝင်္ဂန္တပုဏ္ဏားတဲ့ ဝင်္ဂန္တပုဏ္ဏား၊ အဲဒီ ရှင်သာရိပုတ္တရာအဖေနဲ့ အင်မတန် ချစ်ကျွမ်းဝင်တဲ့ ဒဋ္ဌမိတ္တ အဆွေခင်ပွန်းဖြစ်တဲ့ ပုဏ္ဏားကြီးက မဟာသေနတဲ့၊ မဟာသေန ပုဏ္ဏားကြီး၊ အဲဒီ မဟာသေနပုဏ္ဏားကြီးနဲ့ အင်မတန်ချစ်ကျွမ်းဝင်တယ်၊ ရှင်သာရိပုတ္တရာ ကလဲဘဲ သူ့ခမည်းတော်နဲ့ ချစ်ကျွမ်းဝင်တဲ့ ဒါယကာကြီးဖြစ်တဲ့ မဟာသေနပုဏ္ဏားကြီးကို အင်မတန်ကယ်ချင်တာပေါ့၊ အင်မတန်အထွတ်အထိပ်သို့ ရောက်စေချင်တယ်၊ ရောက်စေချင်တဲ့ အတွက်ကြောင့် ကြွသွားပြီးသကာလ မဟာသေန ပုဏ္ဏားကြီးရဲ့ အိမ်ရှေ့မှာ ဆွမ်းရပ်တယ်၊ အဲဒီလို ဆွမ်းရပ်တဲ့ အခါ ကျတော့မှ မဟာသေန ပုဏ္ဏားကြီးက ရှေးကနှင့်မတူဘူး၊အိုမင်းမစွမ်းဖြစ်သာတော့ စီးပွါးဥစ္စာကလဲ အလွန်ဆင်းရဲသွားတာပေါ့၊ အင်မာန် ဆင်းရဲသွားတော့ ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး ကြွလာတာ သူမြင်ရတယ် ဆိုလျှင်ဘဲ အမယ်လေးငါ့သားကြီး ကြွလာတယ်၊ ငါကလဲ လှူချင် လိုက်ထာ လွန်ရော၊ ငါ့ လှူစရာဆို၍လဲဗိုးစဉ်းမျှမရှိ၊ အခုနေ ငါသွားစကားဆိုမယ်ဆိုလျှင် ငါ့မှာ လှူစရာ ဘာမှမရှိဘဲနှင့် စကား ဆိုခြင်းဖြင့် မသင့်လျော်ဘူး ဆိုပြီးတော့ ရှင်သာရိပုတ္တရာကိုယ်တော်ကြီးကို အတွေ့မခံဘူး၊ ပုန်းအောင်းနေတယ်၊ ပုန်းအောင်းပြီး နေတဲ့အခါ ရှင်သာရိ ပုတ္တရာက အစဉ်အတိုင်း ဆွမ်းခံကြွသွားတာပေါ့။

နောက်တနေ့လဲဘဲ ဒီလိုဘဲ၊ ရှင်သာရိပုတ္တရာ မထေရ်မြတ်သည် မဟာသေနပုဏ္ဏားကြီးထံ သွားပြီးတော့ ဆွမ်းခံဝင်ပြန်တာဘဲ၊ အဲဒီလို ဆွမ်းခံသွားပြီးတော့ ဆွမ်းခံဝင်ပြန်လဲ ပုန်းအောင်းနေတာဘဲ၊တနေ့ ကျတော့ ကံအားလျော်စွာ မဟာသေနပုဏ္ဏားကြီးမှာ ပုဏ္ဏားတို့ထုံးစံ သူ့ကိုပင့်ဖိတ်တဲ့ ဒကာရှိလို့ သွားပြီး ရွတ်ဖတ် သရဇ္ဈာယ် တော့ကာ ဘာလှူလိုက်သလဲ ပုဂ္ဂိုလ်တွေက လှူလိုက်ထာ ရေမရောသော နွားနို့ထမင်း၊နွားနို့ထမင်းကို ခွက်ကရနဲ့အပြည့် လှူလိုက်ထာပေါ့၊ပြီးတော့မှ

အဝတ်ပုဆိုးကြမ်းတထည်ကိုလဲလှူလိုက်တယ်၊ လှူလိုက်တော့ခါအဝတ်ပုဆိုးကြမ်းနဲ့အစုပြောတဲ့နွားနို့ထမင်းကိုရလာတော့ မဟာသေနပုဏ္ဏားကြီးက ဘယ်လို အောင်းမေ့လိုက် သလဲဆိုတော့ အောင်မယ်လေး ငါလှူစရာရှိတဲ့အခိုက်အတန့်ကလေးမှာ ငါ့သားကြီး ရှင်သာရိပုတ္တရာ ကြွလာလျှင် သိပ်ကောင်းမှာဘဲလို့ တောင့်တမျှော်လင့်နေတယ်။

အဲဒီလို တောင့်တမျှော်လင့်တဲ့အခါကျတော့မဟာသေနပုဏ္ဏားကြီး တောင့်တခြင်းကို ရှင်သာရိပုတ္တရာမထေရ်မြတ် ဈာန်သမာပတ်မှထတဲ့အခါ သိတာပေါ့၊ ဩော်–မဟာသေန ပုဏ္ဏာကြီး ငါလာခြင်းကို တောင့်တနေပါကလားလို့၊ အဲဒီလို တောင့်တတဲ့အကြောင်း သိတော့မှ ရှင်သာရိပုတ္တရာမထေရ်မြတ်သည် သပိတ် သင်္ကန်းများ ပြင်ဆင်ပြီး သကာလ ဒုကုဋ်သင်္ကန်းကြီးကို ရုံပြီးတော့ မဟာသေန ပုဏ္ဏားကြီး အိမ်ရှေ့မှာ သွားရပ်တယ်၊ အဲဒီလို ရပ်တော့မှ မဟာသေန ပုဏ္ဏားကြီးက အားရဝမ်းမြောက်နှင့် ငါ့သားကြီး ကြွပါ အိမ်ပေါ်ကြွပါ-အိမ်ပေါ်ကြွပါပေါ့လေ၊ အိမ်ပေါ် တခါထဲပင့်, ပင့်ပြီးတော့ သူ့မှာ ရလာတဲ့ နွားနို့ထမင်းကို လှူတယ်တဲ့၊ နွားနို့ထမင်းကို လှူတဲ့အခါကျတော့ ရှင်သာရိပုတ္တရာက တဝက်လောက်ကျတော့ သပိတ်ဖုံးထားတယ်၊ အဲဒီလို သပိတ်ဖုံးထား လိုက်တဲ့အခါ မဟာသေန ပုဏ္ဏားကြီးက ဘယ့်နှဲ့ပြောသလဲဆိုတော့ အရှင်ဘုရားတဲ့ အရှင်ဘုရား ဒီဆွမ်းကလေးဟာ တယောက်စာမျှသာ ဖြစ်ပါတယ်တဲ့၊ တယောက်စာ တနပ်စာကလေးကို အရှင်ဘုရား အကုန် အလုံးစုံအလှူခံတော်မူပါ၊ တပည့်တော် ပစ္စုပ္ပန်ကို အရှင်ဘုရားမငဲ့ပါနှင့်၊ တမလွန်ဘဝကိုငဲ့ပါ အဲဒီလို လျှောက်ထားပြီးတော့ လှူတယ်၊ လှူတော့မှ ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက ဆွမ်းအကုန်ကို အလှူခံပြီးတော့ ထိုမဟာသေန ပုဏ္ဏားကြီး အိမ်ပေါ်မှာ တခါထဲ ဆွမ်းဘုဉ်း ပေးတယ်၊ အဲဒီလို မဟာသေနပုဏ္ဏားကြီးအိမ်ပေါ်မှာ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါကျတော့ သူ့မှာပါလာတဲ့ပုဆိုးကြမ်းကလေး တခါ လှူပြန်တယ်၊ ပုဆိုးကြမ်း လှူပြီးတော့ ဘယ်လို ဆုတောင်းသလဲ သေသေ ချာချာ ကြည့်ကြနော်၊ အဲဒါ စေတနာဟံဘိက္ခဝေ ကမ္မံ ဝဒါမိ ကို ဘုန်းကြီးပြောချင်လို့၊ အရင်းခံမူလ ပဓာနပြောချင်လို့၊ ဘယ်လို ဆုတောင်းလိုက်သလဲ- အရှင်ဘုရားတဲ့ တပည့်တော်သည် တပါးသော အကျိုး အာနိ .

သံသကို မလိုလားပါ၊ အရှင်ဘုရား သိအပ်သော တရားကိုသာ သိပါရစေတဲ့၊ အရှင်ဘုရားသိသော တရားကိုသိ၍ တပည့်တော်သည် လွတ်ငြိမ်းချမ်းသာခွင့်ရပါလို၏ ဘုရားလို့ ဆုတောင်းတယ်၊အဲဒီ တော့မှ ရှင်သာရိပုတ္တရာ မထေရ်မြတ်က ကောင်းပြီ ဒါယကာကြီး သင်အလိုရှိတဲ့ အတိုင်း ပြည့်စုံစေလို့ ဆုပေးသွားတယ်၊ အဲဒီလိုဆုပေးသွားတော့ အဘိုးကြီးကလဲ ကြီးလှမှကိုး အဘိုးကြီးကကြီးလှပြီ၊ ရှင်သာရိပုတ္တရာ မထေရ်မြတ်ကလဲ အစဉ်အတိုင်းဆွမ်းခံပြီးတော့ တဖြေးဖြေးနှင့် သူလဲ သာဝတ္ထိပြည်ရောက် သွားတာပေါ့။

**တိဿသာမဏေ**

အခုပြောတဲ့ မဟာသေန ပုဏ္ဏားကြီး အသက်အရွယ်ကြီးရင့်တဲ့အခါကျတော့ စုတေမနေ သေလွန်တဲ့အခါ ဘယ်သွား လူဖြစ်သလဲဆိုတော့ တို့သာဝတ္ထိပြည်မှာ ရှင်သာရိပုတ္တရာအလုပ်အကျွေးဖြစ်တဲ့သူငယ်မထံ သွားပြီး ပဋိသန္ဓေနေတယ်၊ ရှင်သာရိပုတ္တရာ၏အလုပ်အကျွေး ကလေးမထံမှာ သွားပြီးတော့ ပဋိသန္ဓေ တည်တယ်၊ တည်တဲ့အခါကျတော့ ပဋိသန္ဓေတည်တာနှင့်ဘပြိုင်နက်ထဲ ကလေးမကသိတယ်၊သိတော့ကာ သူ့ခင်ပွန်းသည်ယောကျ်ားကို ပြောတယ်မောင်ကျွန်မလဲသန္ဓေရှိလာပြီ ပြောတဲ့အခါကျတော့ ခင်ပွန်းသည်ကဘယ်ဒီလိုဆိုရင်ဖြင့်အဲဒီသန္ဓေကို စောင့်ရှောက်မယ် ဆိုပြီး တကယ်ထဲမသင့်မလျော် မတော်တာတွေကို ပယ်ရှားဘို့ ချဉ်လွန်းတဲ့ အစာတွေစပ်လွန်းတဲ့ အစာတွေ ပူလွန်းတဲ့ အစာတွေ အေးလွန်းတဲ့ အစာတွေအဲဒီလို မတော် မလျော်တဲ့အစာတွေ ပယ်ဖျက်ပြီးတော့ကိုအစောင့်အရှောက်တွေပေးပြီးအနေအထိုင် အသွားအလာတွေ သင့်တင့်လျောက်ပတ်စွာ ခင်ပွန်းသည်ကလဲပေး သူငယ် ပဋိသန္ဓေ တည်နေကထဲကချင်ခြင်းတခု ဖြစ်ပေါ်လာတယ်၊ ဘယ်လို ချင်ခြင်း ဖြစ်ပေါ်လာသလဲဆိုတော့ ထိုသူငယ်မက ရှင်သာရိပုတ္တရာ အမှူးပြုပြီးတော့ ရေမရောသောနွားနို့ ထမင်းများကို ငါလှူချင်တယ်၊ ရေမရောသော နွားနို့ဆွမ်းကို လှူပြီးတော့ သံဃာတော်တို့၏ အစွန်ဘက်က ရွှေခွက်နှင့် ထည့်ပြီးသံဃာတော်တို့ စားသုံးတဲ့ ဆွမ်းကျန်များကို ရွှေခွက်နှင့် ထည့်ပြီးတော့ စားချင်တယ်၊သူ့ကိုယ်မှာလဲဘဲ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်၍ ဖန်ရည်စွန်းသော ဝတ်ရုံကိုသာ သူရုံချင်တယ်၊ အဲဒါ သူမမှာ ချင်ခြင်း ဖြစ်တာ။

အဲဒါကိုယ်ပိုင်ဉာဏ်ကလေးနှင့်တွေးကြည့်ကြစမ်း ဘယ့်ကလောက် အဘိုးတန်သလဲလို့ချင်ခြင်းဖြစ်တာ၊ဖြစ်ပုံလေး၊ခုခေတ်ချင်ခြင်း ဖြစ်တာနှင့်တော့ တယ်ကွာခြားတယ်၊ တို့ကြားဘူးတာကတော့ ခဏခဏ ကြားဘူးတယ်၊ငယ်ငယ်ကစပြီးတော့ဘာလဲ ကလေးမတွေသန္ဓေတည် လာပြီဆိုမှဖြင့် သူတို့သန္ဓေချင်ခြင်း ဖြစ်တယ်၊ တချို့ကမြေကြီးခဲစား ချင်တယ်၊ တချို့က ဆေးလိပ်ပြာစားချင်တယ်၊ တချို့က မီးသွေးခဲ ကိုက်ချင်တယ်၊ ဘယ့်ကလောက် ချင်ခြင်းဖြစ်ခြင်း ကွာသလဲဆိုတာ စဉ်းစားကြည့်ကြစမ်း၊ ဟိုကချင်ခြင်းဖြစ်တာက ရှင်သာရိပုတ္တရာအမွှေး ရှိသော ငါးရာသော ရဟန်းတော်တွေကို ဆွမ်းလှူချင်တယ်၊ သူကိုယ် တိုင် ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ချင်တယ်၊ ရွှေခွက်နှင့် ထည့်ပြီး သကာလ ထို့နွားနို့ဆွမ်းကို စားချင်တယ်၊ ကိုင်းချင်ခြင်း ဖြစ်ပုံခြင်း ကွာပုံ အဲဒီလို ချင်ခြင်းဖြစ်တော့မှ ခင်ပွန်းသည် ယောကျ်ားကို အကျိုး အကြောင်းပြောတော့ ကောင်းစွာမွန်စွာ နွားနို့ထမင်းများချက်ပြီးတော့ ရှင်သာရိပုတ္တရာ အမွှေးရှိသော ငါးရာသော ရဟန်းတွေကို ပင့်ပြီးတော့ ဆွမ်းကျွေးတယ်၊ အဲဒီလို ဆွမ်းကျွေးတဲ့အခါကျတော့ ခုပြောသလိုဘဲ သူ့မှာတော့ ဖန်ရည် စွန်းသော အဝတ်ကိုဝတ်၊ ဖန်ရည် စွန်းသော အဝတ်ကိုရုံ၊ ခုယောဂီတွေနှင့်တူပါတယ်၊ အဲဒီလို ရုံပြီးတော့မှ သံဃာ တော်တို့၏ အစွန်ဘက်အဖျားက ရွှေခွက်နှင့် ဆွမ်းကျန်များ ထည့်ပြီး သံဃာတော်တွေကို ကျွေးလို့ကျန်တဲ့ ဆွမ်းပေါ့လေ၊ အဲဒီလို ဆွမ်း ကျန်တွေထည့်ပြီးတော့ သူက ရွှေခွက်နှင့်စားတာ၊ အဲဒီတော့မှ သူ၏ အာသာဆန္ဒ သူ့ချင်ခြင်းဟာ ပြည့်ဝသွားတယ်။

အဲဒီလို ချင်ခြင်း ပြေပြီးတဲ့ နောက် များမကြာမီ ကိုးလလွန် ၁၀-လ ဖွားမြင်တဲ့အခါကာလကျတော့ ကလေးလေးကို မင်္ဂလာပွဲပြု သေးတာကို၊ မင်္ဂလာပွဲ တို့ မင်္ဂလာပွဲတွေက သိပ်လဲမမှတ်မိပါဘူး၊ သူတို့ဟာ ဘာလဲဆိုတော့ ဆံရိပ်တဲ့ပွဲတဲ့၊ မင်္ဂလာတွေက နားသမင် လာတဲ့၊ အမည်မှည့်တဲ့မင်္ဂလာတဲ့၊ မင်္ဂလာတွေက အမျိုးမျိုးရှိတာ၊ အဲဒီလိုမင်္ဂလာအခါမှာ ကလေးသူငယ်ကို မင်္ဂလာပြုတဲ့အခါ ရှင်သာရိ ပုတ္တရာအမွှေးရှိတဲ့ ငါးရာသောသံဃာတွေပင့်၊ အဲနွားနို့ဆွမ်းကျွေးပြန် တယ်၊ နွားနို့ဆွမ်း သံဃာငါးရာကျွေးပြီးတော့ ကလေးကို ဒိမင်္ဂလာ ပြုတဲ့အခမ်းအနား၊မှာ ကောင်းစွာမွန်စွာနဲ့ ရေမျှားချိုးပြီးတော့ အဖိုး

တသိန်းထိုက်သော ကမ္ဗလာခင်းပြီး ဒီအပေါ်မှာ ချမ်းသာစွာသိပ်ထား တာကိုး၊ အဲသရဏဂုံသုံးပါးနှင့် တကွ သီလများခံယူဆောက်တည် တဲ့အခါ ကလေးကိုယူခဲ့လို့ဆိုတော့ ကလေးယူသွားတော့ကာ ကလေး က မျက်တောင်မခတ် ရှင်သာရိပုတ္တရာကို စိန်းစိန်း ကြည့်နေတယ်၊ ကြည့်ပြီးတော့ သူဘယ့်နှဲ့အောက်မေ့သလဲဆိုတော့ စိတ်ထဲက ငါ့ဒီ ပုဂ္ဂိုလ် ဘာလှူရပါမလဲ၊ငါဘာများလှူရပါ့မလဲ၊ကလေးဟာ ခုနစ်ရက် သား အရွယ်လောက်ရှိအုံးမှာပေါ့၊ ခေါင်းဆေးမင်္ဂလာနှင့်တူတယ်၊ အဲဒီရှင်သာရိပုတ္တရာကို လှူချင်တဲ့စိတ်နှင့် ဘာလုပ်သလဲဆိုတော့ ကမ္ဗ လာကို လက်နှင့်ပတ်ထားတယ်၊ ကမ္ဗလာကို လက်နှင့်ပတ်ပြီးထားတဲ့ အခါ ကလေးချီတဲ့ပုဂ္ဂိုလ်က ကလေးလက်က ကမ္ဗလာကိုဖြုတ်တာ ပေါ့၊ ကမ္ဗလာဆွဲဖြုတ်တော့ဟာ ငိုလိုက်တာ မပြောနှင့်တော့ ကျိကျိ တက်သွားတာဘဲ၊ ဒီတော့မှ သူ့ဆွေတွေမျိုးတွေက ငိုင်းပြီးတော့ ဟဲ့ ကလေးငိုအောင် မလုပ်ရဘူးဆိုပြီးတော့ ကဗျာကရာလာတဲ့ပြီး ကမ္ဗ လာနှင့်တကွ အတူတူယူပြီးတော့ အဲရှင်သာရိပုတ္တရာရှေ့မှောက်မှာချ၊ ချတဲ့အခါကျတော့ ကလေးက သူ့လက်ထဲက ကမ္ဗလာကိုတွန်းတွန်း ပြီးတော့ ရှင်သာရိပုတ္တရာထံကိုပို့တယ်၊ ရှင်သာရိပုတ္တရာဆီပို့တဲ့အခါ ကျတော့ သူ့မယ်တော်က ပြောတယ်၊ အရှင်ဘုရား ကလေးဟာ ဒီကမ္ဗလာကို လှူချင်တဲ့ဆန္ဒ လက္ခဏာတူပါတယ်၊ကလေးလှူတာ အရှင် ဘုရား အလှူခံတော်မူပါဘုရား ဆိုပြီးတော့ အဖိုးတသိန်းထိုက်တဲ့ ကမ္ဗလာကို တခါထဲလှူတယ်၊ အဲဒီအဖိုးတသိန်းထိုက်တဲ့ ကမ္ဗလာကို လှူပြီးတဲ့အခါ ရှင်သာရိပုတ္တရာ ဆွမ်းအနုမောဒနာများ ပြုပြီးတော့ ကျောင်းတော်ပြန်ကြွသွားတာပေါ့။

အဲဒီလိုချည်းဘဲ ကလေးဟာ ခုနစ်နှစ်အရွယ် ရောက်အောင် မင်္ဂလာ ပြုတိုင်းပြုတိုင်း ခုနစ်ကြိမ် မင်္ဂလာပြုတိုင်းပြုတိုင်း နွားနို့ဆွမ်းကို ကျွေး တာ၊ အဲဒီလို နွားနို့ဆွမ်းကိုကျွေးပြီးနေတော့ ဒီမယ်တော်လုပ်တဲ့ပုဂ္ဂိုလ် ကလဲဘဲ ကလေး၏အလိုဆန္ဒကို ဘာတခုမှ မလစ်ဟင်းရဘူး ကလေး လိုတာဟူသမျှ အကုန်ပေးတယ်၊ ကလေးလိုတယ်ဆိုလျှင် ဘာကိုမှ မယုတ်လျှော့ရဘူး၊ အင်မတန်စောင့်ရှောက်တယ်၊ တနေ့ကျတော့ကာ ကလေးက မယ်တော်နားချဉ်းကပ်ပြီးတော့ မယ်တော် ကျနော်ရဟန်း ပြုချင်တယ်လို့ ခွင့်တောင်းတယ်၊ ဒီတော့ မယ်တော်က ဘယ်လိုပြော

သလဲဆိုတော့ ငါ့သားတဲ့ မင်းကို ငယ်ငယ်ကစပြီးတော့ ယနေ့ထိအောင် ငါ့သား၏အလိုဆန္ဒကို တခုမှ ငါမချွတ်ယွင်းခဲ့ရဘူးတဲ့၊ သင်ယခုရဟန်းပြုချင်တယ်ဆိုတာ ပြုစေ့ရမယ်ဆိုပြီးတော့ ခင်ပွန်းသည်ယောကျ်ားနှင့် တိုင်ပင်၍ ရှင်သာရိပုတ္တရာမထေရ်မြတ်ကို ဆွမ်းစားပင့်၊ပင့်ပြီးတော့ ဆွမ်းများလုပ်ကျွေးပြန်တယ်၊ ဆွမ်းကျွေးပြီးတဲ့အခါအရှင်ဘုရား၏တပည့်ကလေးက အရှင်ဘုရားထံမှာ ရဟန်းပြုချင်တယ်လို့ ခွင့်တောင်းလာတယ်၊ သို့အတွက် အရှင်ဘုရား ဆောင်ကျဉ်း၍ရှင်ရဟန်းပြုတော်မူပါဘုရားလို့ တိုက်တွန်းပြီး အရှင်ဘုရားကြွတော်မူနှင့်ပါ၊ တပည့်တော်သည် ညချမ်းအခါကျတော့ ကလေးကို ယူဆောင်လာပါ့မယ်ဆိုပြီး ရှင်သာရိပုတ္တရာကို ကြွစေတယ်။

အဲ ညနေချမ်းကျတော့ ကလေးကိုခေါ်သွားပြီး ရှင်သာရိပုတ္တရာထံအပ်နှံတဲ့အခါကျတော့မှ ရှင်သာရိပုတ္တရာက မေးတယ်၊ ဘာပြုလို့လဲဆိုတော့ ဒီကလေးက သူဌေးသားဖြစ်တော့ ရှင်သာရိပုတ္တရာက မေးတယ်၊ချစ်သား သင်သည် ဘာပြုလို့ရဟန်းပြုချင်ရသလဲလို့ မေးတယ်၊ရဟန်းဟာ သက်သာတာမဟုတ်ဘူးချစ်သား၊ ရဟန်းတို့မည်သည်မှာအပူကိုအလိုရှိပေမဲ့ အအေးကိုရချင်မှရတယ်၊ အအေးချင်ရတတ်တယ်၊ အအေးကိုအလိုရှိပါတယ်ဆိုပေမဲ့ အအေး ရချင်မှရတယ်၊ အပူကိုရတတ်တယ်, ချစ်သားတဲ့ အင်မတန်ဆင်းရဲတယ်၊ အသင် ရဟန်းပြုနိုင်ပမလားဆိုတော့ အရှင်ဘုရားတဲ့ တပည့်တော်သည် အရှင်ဘုရားဆုံးမတဲ့ ဒေသနာကိုတသွေမတိမ်း လိုက်နာပါ့မယ်ဘုရားဟု ဝန်ခံတယ်၊ အဲဒီလိုဝန်ခံတော့မှ ရှင်သာရိပုတ္တရာကခေါင်းရိတ်၊ ခေါင်းရိတ်တဲ့အခါကျတော့ကာ ဘာကိုပေးပြီး ရိတ်သလဲဆိုတော့ တစပဉ္စကကမ္မဋ္ဌာန်းကိုပေးပြီးရိတ်တယ်၊ တစပဉ္စကကမ္မဋ္ဌာန်းဆိုတာ သုံးဆယ့်နှစ်ကောဋ္ဌာသပေါ့၊ တချို့လဲ သုံးဆယ့်နှစ်ကောဋ္ဌာသကို အကုန်ရွတ်နိုင်တဲ့ ပုဂ္ဂိုလ်လဲ ရွတ်ရတယ်၊ ' မရွတ်နိုင်လို့ရှိလျှင် ပဉ္စက ငါးဋ္ဌာနဘဲ "အတ္ထိဣမသ္မိံ ကာယေ,ကေသာ, လောမာ, နခါ, ဒန္တာ,တစော" ဒါငါးဋ္ဌာနဘဲ၊ အဲဒီငါးဋ္ဌာနကို တစပဉ္စကကမ္မဋ္ဌာန်းလို့ ခေါ်တယ်၊ အဲဒါကိုရွတ်ရတယ်၊ ရွတ်ပြီးတော့ ခေါင်းရိတ်၊ ရှင်ရဟန်းပြုပြီးတဲ့အခါ သာမဏေရဲ့အမည်ကိုတိဿလို့ ခေါ်တွင်စေတယ်၊ မယ်တော် ခမည်းတော်များကလဲ အိမ်ကိုမပြန်ဘဲ ကျောင်းမှာ ခုနစ်ရက် လုံးလုံးနေတယ်၊ ခုနစ်ရက်လုံးလုံး

နေပြီးတော့ နေ့စဉ်မပြတ် နို့ဗွပါတ် နွားနို့ဆွမ်းကိုချည်း ကျွေးဘယ်၊ နွားနို့ဆွမ်းကိုကျွေးတာ ခုနစ်ရက်လုံးလုံး အဲဒီတော့ အချို့အချို့သော သံဃာတွေကအမယ်လေးဖြစ်မှ ဖြစ်ရလေခြင်းကွယ်၊နေ့တိုင်းနေ့တိုင်း နွားနို့ဆွမ်းကိုချည်းစားနေရလို့ ဘယ်နေနိုင်ပါ့လဲလို့ ငြီးကြတယ်၊ နေ့တိုင်းစားနေရတာကိုး တနေ့မှမပြတ်ဘဲ။

အဲဒီတော့မှ ခုနစ်ရက်စေ့တဲ့အခါ မိဘနှစ်ပါးဟာ ညနေချမ်းကျတော့ ပြန်သွားကြတယ်၊ ပြန်သွားကြတော့ ရှစ်ရက်မြောက်သောနေ့ကျတော့ကာ ဒီ တိဿသာမဏေကလေးက ရှင်သာရိပုတ္တရာ နာမည်နှင့်အတူတူဘဲ၊ရှင်သာရိပုတ္တရာက ဥပတိဿတဲ့၊အခုပြောတဲ့သာမဏေကလေးက တိဿတဲ့၊ နာမည်ချင်းတူတယ်၊ တိဿသာမဏေကလေးဟာ ဆွမ်းခံကြွမယ်လို့ဆိုတော့ ဒီခုပြောတဲ့ သာဝတ္ထိပြည်က မြို့သူမြို့သားများသိတာပေါ့၊ သိတာနှင့်တပြိုင်နက် သူ၏ပါရမီကံဟာ ဘယ့်ကလောက် ဘုန်းကံကြီးသလဲဆိုတာ ကြည့်ကြပေါ့၊ ဟိုအခါ လူတုန်းက ပစ္စုပ္ပန်မှာ ခုနပြောခဲ့ပြီမဟုတ်လား၊ လူတုန်းက ဘာဆုတောင်းလှူသလဲ၊ သူဌေးဖြစ်ရပါလို၏လဲ ဆုမတောင်းဘူး၊ သူကြွယ်ဖြစ်ရပါလို၏လဲ ဆုမတောင်းဘူး၊ ဘာကိုဆုတောင်းသလဲ၊ အရှင်ဘုရားသိ ဘဲ့တရားကို သိရပါလို၏ဘုရားလို့ ဒါဘဲ သူဆုတောင်းတာ၊ အဲဒီဆုတောင်းတဲ့အတိုင်း လာပြီးတော့ သူဌေးသား လာဖြစ်တယ်၊ သူဌေးသား လာဖြစ်ပြီးတဲ့နောက် ရှင်ဖြစ်သွားတယ်၊ ရှင်ဖြစ်လို့ ဆွမ်းခံထွက်တဲ့အခါကျတော့ သာဝတ္ထိပြည်မှာရှိတဲ့ မြို့သူမြို့သားများက တိဿသာမဏေကလေး ဆွမ်းခံဝင်မတဲ့လို့ အဲဒီလိုကြားလိုက်ထာနှင့် တပြိုင်နက် တခါထဲ ဒီခေါင်းပေါ်မှာ ပုဆိုးကြမ်းအဝတ်တွေ, ခေါင်းခုလုပ်ပြီး ဆွမ်းခွက်ပေါင်း ငါးရာနှင့် မြို့ကထွက်ပြီးတော့ လောင်းတယ်၊ မြို့ကထွက်လောင်းတော့ကာ အဲဒီနေ့ရာ တိဿသာမဏေကလေးက ဆွမ်းခွက်ပေါင်းငါးရာ အလှူခံပြီးတော့ ကျောင်းပြန်လာပြီး သံဃာတော်တွေအား ဟာဆင့်လှူဒါန်းတယ်၊ ပုဆိုးကြမ်းက ငါးရာ, သူလှူခဲ့တဲ့ ပုဆိုးကြမ်းလေ နောက်က ဟို မဟာသေန ပုဏ္ဏားကြီး ဖြစ်တဲ့ဘဝတုန်းက လှူခဲ့တဲ့ပုဆိုးကြမ်း၊ အဲ မဟာသေနဘဝက လှူခဲ့တဲ့ နွားနို့ထမင်း၊ အဲဒီအကျိုးဟာ ဆွမ်းဟင်းခွက် ငါးရာနှင့် အဝတ်ငါးရာရတယ်။

နောက်တနေ့ တခါဆွမ်းခံသွားတော့ မြို့နားတောင် မရောက်သေးဘူး မြို့သူမြို့သားတွေကကျောင်းနားရောက်အောင် လာကြတယ်၊ခေါင်းခုလုပ်တဲ့ ပုဆိုးနှင့် ခုနပြောတဲ့ဆွမ်း အဝတ်ငါးရာပါ ကျောင်းပရိဝုဏ်နားရောက်အောင်ကို လာလှူတယ်၊ လှူတော့ သာမဏေကလေးမှာ ဆွမ်းခွက်ငါးရာနှင့် ပုဆိုးကြမ်းငါးရာ အားလုံးဆွမ်းခွက်တထောင် ပုဆိုးကြမ်းတထောင်ရတယ်၊ ရတော့ သံဃာတော်တွေကို အကုန်လှူတာဘဲ၊ သံဃာတော်တွေလှူတော့ သူ့အမည်က ဘယ့်နှဲ့တွင်သွားသလဲ သူကတိဿလေ၊ တိဿဟာ ဘယ်လိုတွင်သွားသလဲ ဆိုတော့ **ပိဏ္ဍပါတိကဒါယကာတိဿ**လို့ တွင်သွားတယ်၊ ပိဏ္ဍပါတိကဒါယကာတိဿလို့၊ ဟောနာမည်နှစ်မျိုးရသွားပြီ၊ ပဌမတုန်းက တိဿ၊ ဒုတိယ ဆွမ်းလှူတဲ့ အကျိုးကြောင့် သူဘာလဲ ပိဏ္ဍပါတိကတိဿ၊ အမည်နှစ်မျိုး ရသွားတယ်၊ အဲဒါနှင့် နှစ်ရက်မြောက် နောက်တနေ့ကျတော့ ဇိပ်ရာကထတဲ့အခါ မနက် စောစော ကျောင်းပြင်ရောက်ပြီး ကြည့်တော့ ထို သာမဏေကလေးက ကြီးတာမဟုတ် သေးဘူး၊ ခုနစ်နှစ် သားကလေး ရှိသေးတယ်၊ အဲဒီကျောင်းအပြင်ရောက်ပြီး ကြည့်တဲ့အခါကျတော့ မထေရ်ကြီးတွေက ချမ်းတယ်လို့ မီးလှုံကြတာပေါ့၊ အဲမထေရ်ကြီးတွေက ချမ်းလွန်းလို့ မီးလှုံနေကြတာမြင်တော့ သူက သွားလျှောက်တယ် အရှင်ဘုရားတို့ ဘာလုပ်ကြသလဲလို့ လျှောက်တော့ မောင်ရင်ရေ တို့ချမ်းလို့ မီးလှုံကြတယ်၊ အောင်မယ် အရှင်ဘုရား ချမ်းလို့ရှိလျှင် ကမ္ဗလာဟာ အလွန်နွေးတယ်မဟုတ်လား ဘုရား၊ သူက၊ ဩော်–မောင်ရင် သာမဏေသင်တို့ဘုန်းကံရှိတဲ့ လူတွေကတော့ ကမ္ဗလာရနိုင်တယ် တို့ ဘုန်းကံနည်းတဲ့ ပုဂ္ဂိုလ်တွေမှာတော့ ဘယ်လာရနိုင်မလဲကွဲလို့ ပြောတော့ အောင်မယ် ဒီလိုဆို ကမ္ဗလာ လိုချင်သလားတဲ့ သူက၊ သာမဏေကလေးက သာမဏေကလေးကလျှောက်တော့ လိုချင်တာပေါ့မောင်ရင်လို့ဆိုတဲ့အခါ ကောင်းပြီ ဒါဖြင့် ကမ္ဗလာ အလိုရှိတဲ့ ပုဂ္ဂိုလ်တွေ တပည့်တော်နောက် လိုက်ခဲ့ကြပါဆိုပြီး ကျောင်းတွေ ရှောက်ကြွေးကြော်လိုက်တော့ကာ ထွက်လိုက်တဲ့ သံဃာတွေ နည်းတာမဟုတ်ဘူး၊ သံဃာတထောင် ကမ္ဗလာလိုချင်လို့ သာမဏေလေးနောက်ကို လိုက်တာ၊ ဒီသာမဏေကလေးက ခုနစ်နှစ်သားကလေး၊ လိုက်တဲ့ သံဃာ

က တထောင်၊ အဲဒီလို သံဃာတထောင်လိုက်တာ ကမ္ဗလာအကုန် ပေးနိုင်ပါ့မလားလို့ မစဉ်းစားဘူး၊ သူ့မှာ ဒီလိုမစဉ်းစားဘူး၊ ဘယ်နည်းနဲ့မဆို သူ ပေးနိုင်လိမ့်မယ်လို့ သူ ထင်တာဘဲ။

အဲဒါနဲ့ သူ ဒီခုပြောတဲ့ သာဝတ္ထိပြည်ကို ကမ္ဗလာ အလှူခံရအောင် ကြွသွားတော့ မြို့တွင်းမရောက်ခင် မြို့ပြင်မှာဘဲ ဒီကမ္ဗလာ ငါးရာ ရတယ်၊ ကိုင်း သေသေချာချာကြည့်လေ၊ ခုနတုန်းက ဟိုခုနစ်ရက် သား အရွယ်တုန်းက အဘိုးတသိန်းထိုက်တဲ့ ကမ္ဗလာကို သူလှူတယ် မဟုတ်လား၊ ကြွေးလိုက်ကြွတယ် မဟုတ်လား၊ ဒိဋ္ဌဓမ္မ ဝေဒနီယကံ အကျိုးပေးကာကြည့်၊ ဟော ကမ္ဗလာငါးရာ မြို့ပြင်မှာတွင် ရတယ်၊ ရပြီးတဲ့နောက် တခါ ဟို ဆိုင်ခင်းကြတဲ့ လူတွေက ကမ္ဗလာတွေ ထုတ်ခင်း တာပေါ့၊ ခင်းတဲ့ အခါ ကျတော့ လူ တယောက်က ဒီယုတ်မာတဲ့ လူက ဘုရားရှင် လက်ထက် ကလဲ ရှိတယ်၊ ခုတွင် မဟုတ်ဘူး၊ အဲဒီလူတယောက်က ကဗျာကရာ မြို့တွင်း ပြေးသွား ပြီးတော့ ဟိုဆိုင်ခင်းနေတဲ့လူတွေအား ကမ္ဗလာတွေသိမ်းထား ကမ္ဗ လာတွေသိမ်းထားလို့ အော်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သာမဏေ ကလေးတယောက် ကမ္ဗလာတွေ လိုက်ယူနေတယ်၊ ကမ္ဗလာတွေ လိုက်ယူနေတယ်ပြောတော့၊ နေစမ်းပါအုံး ကမ္ဗလာတွေ သာမဏေ ကလေးက မပေးဘဲယူသလား၊ ပေးမှယူသလားလို့မေးတော့၊ ပေးမှ ယူတာ၊ အဲ ပေးမှယူတာဖြင့် ငါပေးမှ ဖြစ်တော့မှာပေါ့၊ ကမ္ဗလာ ကုန်သည်က၊ အဲဒီကုန်သည်က ပဌမတော့ အဘိုးတသိန်းထိုက်တဲ့ ကမ္ဗ လာကို အပေါ်ကတင်ထားတယ်၊ ဟိုလူပြောသွားတဲ့ စကားကို ကြား တော့ ဒီကမ္ဗလာရောင်းတဲ့ ပုဂ္ဂိုလ်က စဉ်းစားတယ်၊ ဒီသာမဏေလေး လာလို့ရှိလျှင်တဲ့ မတော်တဆ အလှူခံတဲ့အခါ မလှူဘဲ နေပြန်လျှင်လဲ ငါ့ရက်စရာကြီး ဖြစ်နေမယ်တဲ့ ဒီတော့ အပေါ်က အဘိုးတသိန်း ထိုက်တဲ့ ကမ္ဗလာက နှစ်ထည်ပါတယ်၊ ဒီတော့ မသကာ အဘိုး တသိန်းထိုက်တဲ့ကမ္ဗလာကို အောက်ကဝှက်ထားမယ်ဆိုပြီးတော့ ကမ္ဗ လာပုံထဲကိုရောပြီး အောက်ကဝှက်ထားတယ်၊ အဘိုးတသိန်း ထိုက်တဲ့ ကမ္ဗလာကိုး၊ အဲဒါ သာမဏေကလေး မြို့တွင်းဝင်လာတဲ့အခါကျတော့ ခုပြောတဲ့ ကမ္ဗလာသည်က သာမဏေ ကလေးကို မြင်လိုက်တာနဲ့ တပြိုင်နက် ဘယ်လိုဖြစ်သွားသလဲ စိတ်ထဲမှာ တခါထဲ သားအရင်း

ကဲ့သို့ အလွန်ခင်မင်ရင်းနှီး ချစ်ခင်တဲ့သဘော အာရုံဟာ ဘယ်လောက် ဖြစ်သွားသလဲ၊ ခုနေ သာမဏေကလေးဟာ ကမ္ဗလာကို အလှူခံတာ မဆိုထားနှင့် သူ၏ အသဲနှလုံးကို အလှူခံတောင် ထုတ်လှူမယ်တဲ့၊ ဒီလောက်စေတနာရောက်သွားတာ၊ ရောက်သွားတော့ ဘာပြောစရာရှိ မလဲ ခုနတုန်းက ဖွက်ထားတဲ့ ကမ္ဗလာ အဘိုးတသိန်းထိုက်တဲ့ ကမ္ဗ လာနှစ်ထည်ကို တခါထဲ ထုတ်လှူတာ၊ အဲဒီတော့မှ မြို့တွင်းကျတော့ ကမ္ဗလာ ငါးရာရတယ်။

အဲဒီလိုကမ္ဗလာ ငါးရာယူပြီးတော့ အားလုံးကမ္ဗလာ တထောင်ပေါ့၊ ကျောင်းးကို ပြန်သွားပြီး သံဃာတော်တွေကို ကမ္ဗလာများ ဝေပြီးတော့ လှူရတယ်၊ နောက်တနေ့သွားတော့လဲ ကမ္ဗလာ တထောင်ရတယ်၊ အားလုံး ကမ္ဗလာနှစ်ထောင်၊ ဆဲဒါ သေသေချာချာကြည့် ဒီ စေတနာ ဟံဘိက္ခဝေ ကမ္မံ ဝဒါမိ-လို့ဆိုတဲ့ စေတနာ အကျိုးပေးပုံကို ပြောတာ ဘ၀ သမ္ပတ္တိလဲ သူတောင်းတာ မဟုတ်၊ ဘောဂ သမ္ပတ္တိတွေလဲ သူတောင်းတာ မဟုတ်ဘူး၊ သူလှူစဉ် အခါတုန်းက ဘာတောင့် တလိုက်သလဲ၊ ကြားလိုက်ကြတယ် မဟုတ်လား၊ အရှင်ဘုရားသိတော် မူတဲ့ တရားသာ တပည့်တော်သိရပါလို၏ဘုရား တပည့်တော်လောကီ အကျိုးစီးပွါးကို ဘာမှမငဲ့ပါ ဘူးဘုရား အမှန် ဟို မဟာသေန ပုဏ္ဏား ကြီးဖြစ်တဲ့အခါတုန်းက လှူတဲ့စေတနာကို ပြန်ကြည့်၊ ဒါနအကျိုးပေးပုံ၊ အဲဒီဒါနဟာ ဘယ်ထိအောင်အကျိုးပေးသလဲဆိုတာ လာလိမ့်မယ်။

အဲဒီတော့မှ တိဿသာမဏေလေးက စဉ်းစားဉာဏ်ဝင်လာဘယ်၊ ငါဟာတဲ့ ဒီလိုသာ ဒီမှာနေလို့ရှိလျှင် ငါ့ဆွေမျိုးတွေဟာ သူဝင် ငါထွက်နဲ့ စကားမပြောဘဲနေလဲအခက်၊ ဒီလိုသာစကားပြောနေရလို့ ရှိလျှင် ငါ့မှာ ဘယ်နည်းနဲ့မှ အကြောင်းထူးမယ်မဟုတ်ဘူး၊ ငါတရား အားထုတ်လို့လဲ ရမှာမဟုတ်ဘူးတဲ့၊ ကြည့် ဒါခုနစ်နှစ်သားကလေး ရယ်၊ တရားထူးလိုချင်နေတာ၊ ခုကာလလူတွေနဲ့ တယ်မကွာဘူးနော် သိုးသိုးသိသိကွာတယ်၊ ကြည့်စမ်း ခုနစ်နှစ်သားကလေးရယ်၊ ခုနစ် နှစ်သားကလေးနှင့် တရားထူးသူလိုချင်တာ၊ ဒီလူတွေနှင့် စကားပြော ပြီးသကာလ အပေါင်းအသင်းတွေနှင့် သူမနေချင်ဘူး၊ မနေချင်တော့ သူကြံတယ်၊ ဒီမှာနေလို့တော့ ဖြစ်မှာမဟုတ်ဘူး၊ မြတ်စွာဘုရားထံမှာ အရဟတ္တမဂ်,အရဟတ္တဖိုလ်ရောက်အောင် ပေါက်မြင်နိုင်တဲ့ တရားကို

ငါ တောင်းပြီးတော့ တခြားမှာသွားပြီး ငါ တရားအားထုတ်မယ် ကြံစည်ပြီး မြတ်စွာဘုရားထံ ဝင်တယ်၊ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးတော့ အရှင်ဘုရား တပည့်တော်အား မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရောက်စေနိုင်တဲ့ တရားထူးတရားမြတ်များ ပေးသနားတော်မူပါဘုရား လို့ ဆိုပြီးတော့ ဘုရားထံမှာ တရားသင်တယ်၊

အဲဒီလိုတရားသင်တဲ့အခါကျတော့ မြတ်စွာဘုရားက သင်ကြားမှီချပြီးပေးလိုက်တယ်၊ တခါထဲ အရဟတ္တမဂ်, အရဟတ္တဖိုလ် ရောက်အောင် အားထုတ်နိုင်တဲ့တရားကောင်း တရားမြတ်ကို ဘုရားကိုယ်တိုင် သင်ကြားပြီးတော့မှ သူ့ဥပဇ္ဈာယ်ဆရာ အရှင်သာရိပုတ္တရာမထေရ် မြတ်ထံ ချဉ်းကပ်ပြီး အရှင်ဘုရား တပည့်တော် တရားအားထုတ်ရအောင် သွားပါရစေဘုရားလို့ ခွင့်တောင်းတယ်၊ အဲဒါမြတ်စွာဘုရားကလဲဒီခုနစ်နှစ်သားကလေးကိုစိတ်ချပြီးတော့လွှတ်တယ်၊ ရှင်သာရိပုတ္တရာကလဲ ဒီခုနစ်နှစ်သားကလေး တရားအားထုတ်သွားတာကို စိတ်ချပြီးတော့ ခွင့်ပြုတယ်၊ ခုကာလ ဒကာဒကာမတွေနှင့် မကွာခြားဘူးလား၊ သားလေးသမီးလေး ကျောင်းသွားတာတောင် စိတ်မချလို့လေ အင်း–မချလဲ မချနိုင်ဘူးပေါ့၊ ခေတ်ကာလ ဆိုးတာကိုး၊ မတော် ပြန်ပေးဖမ်းသွားမှာစိုးရသေးတာ၊ အခုတော့ ကြည့်စမ်း ရှင်သာရိပုတ္တရာကလဲ စိတ်ချပြီးတော့လွှတ်တာ မြတ်စွာဘုရားကလဲ လွှတ်တယ်၊ လွှတ်တော့ တခါထဲ သူသွားတဲ့အခါကျတော့ တွေးသွားတယ်၊ ငါ ခုနေ နီးနီးနားနားမှာ နေလို့ရှိလျှင် ငါ့ ဆွေတွေ မျိုးတွေ သိသွားရင် သူတို့လာကြအုံးမှာဘဲတဲ့၊ လာလို့ရှိပြန်လျှင်လဲ ငါမလိုက်ဘဲနေလျှင် မကောင်းသေးဘူးတဲ့၊ ငါ့ သူတို့နဲ့ဝေးအောင် သွားမယ် ဆိုပြီးတော့ ဘယ်ထိအောင်သွားသလဲ ဟို-သာဝတ္ထိပြည်နှင့် ယူဇနာ ၁၂၀–ဝေးတဲ့ အရပ်ထိအောင် သွားတယ်။

အဲဒီလို ယူဇနာ ၁၂၀–ဝေးတဲ့ အရပ်ရောက်တော့ ရွာထိပ်မှာ အဘိုးကြီးတယောက်နဲ့တွေ့တယ်၊ အဘိုးကြီးနဲ့တွေ့တော့ ဒကာကြီး တဲ့ ဒီရွာမှာ တောနေ တောကျောင်းများ ရှိပါသလားလို့ မေးတော့ ဟာ, သာမဏေ ရှိတာပေါ့တဲ့၊ ရှိလို့ရှိလျှင် ဒကာကြီး ကျုပ်ကိုညွှန်ကြားပါ၊ အဲဒီတော့ ဒီဒကာကြီးက သာမဏေလေးကို မြင်လိုက်တာနှင့်တပြိုင်နက်ထဲ သားအရင်းကဲ့သို့ အလွန်ချစ်မြတ်နိုးသတဲ့၊ ချစ်မြတ်

နိုးတော့ကာ နေရာခွင်ညွှန်ကြားရုံဘယ်ကမလဲ ကျုပ်ကိုယ်တိုင်ဘဲ လိုက်ပို့မယ်ဘိုပြီးတော့ ဒကာကြီးက သူ့ကိုယ်တိုင် ရှေ့ဆောင်ရှေ့ ရွက်လုပ်ပြီးတော့ တောကျောင်းအရောက် လိုက်ပို့တယ်၊ တောကျောင်းရောက်အောင်ပို့တော့ လမ်းခရီးမှာ သာမဏေကလေးက မေးသွားတယ်၊ ဒကာကြီး ဒီဌာနက ဘာလို့ခေါ်သလဲ၊ အကျိုးအကြောင်း လမ်းခရီးမှာ အကုန်မေးသွားတယ် မေးတော့လဲ ဒကာကြီးကလဲဘဲ သာမဏေလေး အလိုရှိတဲ့အတိုင်း အကျိုးအကြောင်းတွေ ပြန်လျှောက်ထားပြီးတော့ တောကျောင်းရောက်၊ တောကျောင်းရောက်တဲ့အခါ နေရာထိုင်ခင်း သုတ်သင်ရှင်းလင်းပြီး အရှင်ဘုရား တပည့်တော်တို့ရွာ အရှင်ဘုရား ဆွမ်းခံကြွပါလို့ ဆိုပြီးတော့ ဒကာကြီးကပင့်တယ်၊ ပင့်တော့ မနက်မိုးလင်းတဲ့အခါ သာမဏေလေးက ဆွမ်းခံသွားတာပေါ့၊ ခုနပြောတဲ့ ဒကာကြီးကလဲ ဟော့တို့ကျောင်းမှာ သာမဏေလေးတပါး ရောက်လာတယ် ဆွမ်းခံကြွလိမ့်မယ်၊ အဲ ဆွမ်းကွမ်းများ လုပ်ကြကွဲ့ ဆိုပြီးတော့ သူ့ထက်ငါကောင်း လှူရန် တန်းရန် ဆွမ်းကွမ်းများလုပ်ကြတာပေါ့၊ အဲဒီလို စီမံတဲ့အခါကျတော့ သာမဏေကလေး ဆွမ်းခံကြွတော့ လှူကြတာပေါ့၊ ရပ်ရွာက လူတွေ လှူတဲ့အခါကျတော့ သာမဏေကလေးက ချင့်တွက်ပြီးတော့ သူနဲ့ ထိုက်သင့်သလောက် စားလောက်ရုံ မျှတရုံကလေး ဆွမ်းကိုယူပြီး သူဘုဉ်းပေးတယ်၊ အဲဒီလိုဘုဉ်းပေးပြီးတော့ ဒကာ ဒကာမတွေက လျှောက်တယ်၊ ထိုသာမဏေကလေး၏ ကြည်ညိုဖွယ်နှင့် သာမဏေကလေး၏ နှလုံးရည်ကိုမြင်၍ အင်မတန် ကြည်ညိုလေးစားသောကြောင့် ရှင်သာမဏေတဲ့ ငါတို့ကျောင်းမှာ သီတင်းသုံးပါတဲ့၊ ငါတို့သည် ဆွမ်းကွမ်းကို လှူရတဲ့အကျိုး တနည်းအားဖြင့်လဲ ငါတို့ ဝါတွင်းအခါကာလဆိုလျှင် သီတင်းသီလ ဆောက်တည်ခြင်းကို ပြုနိုင်ပါတယ်၊ ဒါကြောင့်မို့လို့ ခုဝါတွင်း ငါတို့ကျောင်းမှာ သီတင်းသုံးပါလို့ ပင့်ကြတယ်၊ ပင့်တဲ့အခါကျတော့ သာမဏေကလေးက ထိုအကြောင်း၏ ဥပနိသျကို ကြည့်ပြီးတော့ လက်ခံလိုက်တယ်တဲ့၊ လက်ခံပြီးတော့ သာမဏေကလေးထံမှာ လှူဒါန်းဆုတောင်းတဲ့အခါ ဘာဆုပေးသလဲ 'သုခိတာဟောထဒုက္ခာမုစ္စထ'အဲဒါသူဟောတဲ့တရား သာမဏေကလေးဟောတဲ့ တရားလေ မှတ်ထားကြ၊ ဘယ့်နှဲ့ဟော

သလဲ သုခိတာဟောထ ဒုက္ခာမုစ္စထ၊ ဘယ်ဒုက္ခကိုဖြစ်ဖြစ် အလှူ အဘန်းလုပ်ရင်လဲ ဒီလိုဘဲဆုပေးတာဘဲ၊ 'သုခိတာဟောထ ဒုက္ခာ မုစ္စထ၊' ဒါဘဲဟောဘယ်။

အဲဒီလိုဟောဟောပြီး နေတော့ ဒီဝါတွင်းသုံးလနေတာ ပဌမလမှာ သူတရားအားထုတ်တာ တရားမတွေ့သေးဘူး၊ ဒုတိယလမှာ ထပ်ပြီး သူ တရားအားထုတ်တယ်၊ ဒုတိယလမှာ သူ တရားအားထုတ်လဲ ဒီလို ဘဲ တရားမတွေ့သေးဘူး၊ အဲ နှစ်လကုန်သွားပြီ၊ နောက် တတိယလလဲ ကျရော သာမဏေလေးဟာ ပဋိသမ္ဘိဒါ လေးပါးနှင့် တကွ ရဟန္တာ ဖြစ်သွားရော၊ ခုနစ်နှစ်သားကလေး ခုနစ်နှစ် သား အရွယ်ကလေးနဲ့ သာမဏေ ကလေးဟာ ရဟန္တာ ဖြစ်သွားရော၊ရဟန္တာဖြစ်လဲအသူးတရားမဟောဘူး၊'သုခိတာဟောထ ဒုက္ခာမုစ္စထ'ဒါဘဲ တရားဟောဘယ်၊ အဲဒါနဲ့ သီတင်းဝါလကျွတ်၊သီ တင်းဝါလကျွတ်တော့ခါ ပဝါရဏာပြုကြတာပေါ့လေ၊ ရဟန်းတော် တွေ ပဝါရဏာပြုပြီးတော့ ရှင်သာရိပုတ္တရာကြီးက မြတ်စွာဘုရား ကိုလျှောက်တယ်၊အရှင်ဘုရား တပည့်တော် တိဿသာမဏေဆီလိုက် သွားအုံးမယ်ဘုရားဆိုတော့၊ အေးအေး,ချစ်သား သွားသွား,၊ မြတ်စွာ ဘုရားက ခွင့်ပြုတယ်၊ သိပြီးပြီ မြတ်စွာဘုရားကလဲ တိဿသာမ ဏေကလေး ရဟန္တာဖြစ်ပြီဆိုတာ၊ ရှင်သာရိပုတ္တရာကြီးကလဲ သိပြီး ပြီ၊ အဲဒီတော့ ကိုင်းလိုက်သွားလိုက်သွားဆိုတော့ ရှင်သာရိပုတ္တရာက သူ့နောက်လိုက်ပရိသတ်ငါးရာရှိတယ်၊ အဲဒီသံဃာငါးရာနဲ့ စုဝေးပြီး တော့ လိုက်သွားကြဖို့ခဲ့ဆိုတော့ သွားခါနီးကျတော့ ရှင်မဟာမောဂ္ဂ လာန်ကိုပြောတာကိုး၊ ရှင်မောဂ္ဂလာန် ငါတိဿသာမဏေကလေးထံ လိုက်သွားအုံးမယ်ဆိုပြီးတော့ သွားပန်ကြားတယ်။

အဲဒီလိုပန်ကြားတော့ ရှင်မဟာမောဂ္ဂလာန်ကလဲ အို တပည့်တော် လဲ တိဿသာမဏေကလေးထံ သွားချင်နေတာ ကြာလှပကောဆို ပြီးတော့ ရှင်မဟာမောဂ္ဂလာန်ကလဲ နောက်လိုက်ရဟန်း ငါးရာနဲ့ အရှင် အနုရုဒ္ဓါမထေရ်ကြီးကလဲ ဒီလိုဘဲ ငါလဲ လိုက်မယ်ဆိုပြီးတော့ အရှင်အနုရုဒ္ဓါမထေရ်ကြီးကလဲ နောက်လိုက်ရဟန်းငါးရာနဲ့ ပြီးတော့ ရှင်ဥပတိဿကလဲ ဒီလိုဘဲနောက်လိုက်ရဟန်းငါးရာနဲ့ ရှင်မဟာကဿ ပကြီးကလဲ နောက်လိုက်ရဟန်းငါးရာနဲ့ အသီတိရှစ်ကျိပ်ထဲကမထေရ်

ကြီးရှစ်ပါးနောက်လိုက်အားလုံး ရဟန်းလေးထောင်၊ အဲဒီမထေရ်ကြီး ရှစ်ပါးနဲ့ နောက်လိုက်ရဟန်းလေးထောင်တွေ တိဿသာမဏေက လေးထံ သွားကြတာပေါ့၊ ယူဇနာ-၁၂၀ ဝေးတယ်၊ နီးတာမဟုတ် ဘူး၊ အဲဒါနောက်လိုက်ရဟန်းလေးထောင်နဲ့ မထေရ်ကြီးရှစ်ပါး ကြွပြီး သွားတဲ့အခါကျတော့ ခုနပြောတဲ့ ရွာစွန်ရွာဖျားရောက်တော့ အဘိုး ကြီးနဲ့တွေ့ပြန်တယ်၊ ဒကာကြီး ဒီရွာမှာ တောကျောင်းများ ရှိသလား ဆိုတော့ ဟာအရှင်ဘုရား ရှိပါတယ်ဘုရား၊ နို့တောကျောင်းမှာ ဘယ် သူများနေသလဲ၊ အဲဟိုကျတော့ သာမဏေကလေးဟာ ဘွဲ့လေးဘွဲ့ ရသွားပြီ၊ လေးမျိုးရသွားတယ် သာဝတ္ထိပြည်မှာနေတုန်းက ပဌမ တိဿ,ဒုတိယဘွဲ့က ပိဏ္ဍပါတိကတိဿ,တတိယက ကမ္ဗလာတိဿ, ကမ္ဗလာဒါယကာတိဿ ကမ္ဗလာလှူလို့ကမ္ဗလာနှစ်ထောင်လှူလို့၊အဲဟို ကျတော့ကာဝနတိဿတဲ့၊တောနေသာမဏေ၊ဝနတိဿလို့အမည်တွင် တယ်၊ လေးမျိုးရတယ်၊ ရှင်သာမဏေလေးမှာ အမည်လေးမျိုးဖြစ် နေတယ်။ အဲ ဟိုဒကာကြီးက သူဘယ်လိုပြောသလဲ အရှင်ဘုရားတော ကျောင်းမှာ ဝနတိဿသာမဏေကလေး ရှိပါတယ်ဘုရားတဲ့ အဲဒါ ဖြင့်ရင် ငါတို့ကို လမ်းညွှန်ပါတဲ့၊ အရှင်ဘုရားများ ဘယ်ကြွမလို့လဲ မေးလျှောက်တော့ ငါတို့ ဤသာမဏေကလေးဆီဘဲ လာခဲ့တယ်၊ ဟာ ဒီလိုဆိုလျှင် အရှင်ဘုရားခဏဆိုင်းပါအုံးဘုရား ဒကာကြီးက ရွာကို ပြန်ပြီးခါ ကိုင်းအသင်တို့ ရှင်သာရိပုတ္တရာအမှူးရှိသော သံဃာတွေ ကြွလာကြတယ်၊ ကိုင်း သင်တို့ အိပ်ရာနေခင်း ခတင်ညောင်စောင်း စသည်တို့ ယူခဲ့ကြ၊ မီးရှူးမီးတိုင် ယူခဲ့ကြဆိုပြီးတော့ ဆော်အောလျက် အတင်းလိုက်ကြတယ်။

အဲ ရှင်သာရိပုတ္တရာအမှူးရှိသော ရဟန်းလေးထောင် တိဿသာမ ဏေကလေးထံသွားတော့ ဟိုကျတဲ့အခါ သာမဏေကလေးကလဲ ဉပဇ္ဈာယ်ဆရာကြွလာတယ်ဆိုတော့ခရီးဦးကြိုပြုကြပေါ့လေ၊နေရာထိုင် ခင်းစသည်တို့ပေးလို့ သပိတ်သင်္ကန်း စသည်တို့ကို သိမ်းဆည်းလို့ ရွာကလူတွေကလဲ မီးရှူးမီးတိုင်တွေနှင့် အတင်းလိုက်လာကြပြီး ခတင် ညောင်စောင်းစသည်တို့ နေရာတွေဘာတွေပြင်၊ နည်းတာမဟုတ်ဘူး ရဟန်းလေးထောင် နေရာပြင်ရတာ၊ တယ်စိတ်ညစ်စရာကောင်းတယ် နော်၊ ခုခေတ်လူတွေကြည့်လျှင် ဟိုတုန်းကလောက် ဝန်မလေးဘူး

ကိုင်းရပဟန်းလေးထောင်တဲ့ မထေရ်ကြီးရှစ်ပါး နေစရာခတင် ညောင်စောင်းစသည့်တို့ဖြင့် နေရာထိုင်ခင်းများ ကောင်းစွာမွန်စွာ ပေးပြီတော့အဲ့ဒီမှီးရှူမီးတိုင်တွေထွန်းပြီးနေတဲ့အခိုက်နေလုံးပျောက်ပြီးသကာလ ညဥ့်မှောင်ဘက်ရောက်လာတယ်၊ ည မှောင်ဘက် ရောက်သွားတဲ့အခါကျတော့ ရှင်သာရိပုတ္တရာကြီးက ကိုင်းဒကာကြီးတို့နေ့အခါကာလကုန်ခဲ့ကြပြီ ညချမ်းအခါရောက်ပြီ သင်တို့နေရာဌာန ပြန်ကြလို့အဲဒီလို ဆိုတော့ ဒါယကာ, ဒါယိကာမတွေ ဘယ့်နဲ့ လျှောက်ကြသတုန်း အိုအရှင်ဘုရား တပည့်တော်တို့ ဘယ်ပြန်လိမ့်မလဲဘုရား တပည့်တော်တို့ တရားမနာရတာ ကြာမြင့်လှပြီ အရှင်ဘုရား၊ တရားမနာရဘဲ ဘယ်နည်းနဲ့မှ မပြန်နိုင်ဘူးဘုရားဆိုတော့ ရှင်သာရိပုတ္တရာက ခေါ်တာပေါ့၊ ဟဲ့ တိဿ ဒီလိုဆိုလျှင် နေရာထိုင်ခင်းများပြင်ပြီး ဒကာ,ဒကာမတွေတရားနာဘို့ ဘိတ်ကြားလိုက်ဆိုတော့ တရားနာဘို့ ဘိတ်ကြားတယ်၊ ပြီးတော့ ရှင်သာရိပုတ္တရာက ကိုင်းတိဿ သင့်ဒါယကာ,ဒါယိကာမတွေက တရားနာချင်တယ်ပြောတယ်၊ သင်ဟောပါလို့ဆိုတော့၊ ဒကာတွေက ဝိုင်းလျှောက်ထာပေါ့၊အမယ်လေး မလုပ်ပါနှင့်ဘုရား၊ တပည့်တော်တို့ သာမဏေကလေးဟာ တဝါတွင်းလုံးဟောတာ 'သုခိတာဟောထ၊ဒုက္ခာမုစ္စထ'ဒါဘဲဟောတယ်ဘုရား၊ဒီပြင်ဘာမှအထူး မဟောဘူးဘုရား ဒါကြောင့် အရှင်ဘုရား သူ့ကိုအဟောမခိုင်းပါနှင့်ဘုရား အရှင်ဘုရားတို့အထဲက တပါးပါးကိုဟောခိုင်းတော်မူပါဘုရားလို့ လျှောက်ကြတာပေါ့၊ ဒီတော့မှ ရှင်သာရိပုတ္တရာကမေးတာပေါ့ တိဿသင်ဟောတဲ့ သုခိတာဟောထ ဒုက္ခာမုစ္စထဆိုတာကို ဒီဒကာဒကာမတွေ အဓိပ္ပါယ်ရှင်းအောင် ဟောရမယ်ဆိုတော့ သာမဏေကလေးကအင်မတန်ကြက်သရေမင်္ဂလာနှင့်ပြည့်စုံတဲ့ ယပ်တောင်ကိုင်တဲ့ပြီးတော့ တခါထဲ တရားဟော ပလ္လင်ပေါ် တက်သွားတယ်၊ တက်သွားလိုက်တော့၊သုခိတာဟောထ၊ဒုက္ခာမုစ္စထပုဒ်ကို ဟောလိုက်ထာ သုခိတာဟောထပုဒ်ဟာ ဘယ့်ကလောက် ခရီးရောက်လို့ ခရီးပေါက်တယ်ဆိုတာကို သုခိတာဟောထ ဆိုတဲ့ပုဒ်တလုံးထဲနဲ့ မိုးလင်းလောက်နီးသွားတာဘဲ၊ ဘညလုံးဟောတယ်၊ သုခိတာဟောထပုဒ်ကို အဓိပ္ပါယ်ဖွင့်ဟောပုံက ပဋိစ္စသမုပ္ပါဒ် ခန္ဓာငါးပါးအာယတန တဆယ့်နှစ်ပါး ဓာတ်တဆယ့်ရှစ်ပါးသုခိတာဟောထ ကိုဟောတာ၊ ဒကာကြီး

ဒကာမကြီးတို့ရကြားနေတာ သုခိတာဟောထတဲကြားနေတယ်မဟုတ်
လား၊ အဲဒီသုခိတာဟောထဆိုတဲ့ပုဒ်ဟာ ဘယ်ကလောက် အဓိပ္ပါယ်
ထွက်သွားသလဲဆိုတော့ ခန္ဓာငါးပါး,အာယတနတဆယ့်နှစ်ပါး ဓာတ်
တဆယ့်ရှစ်ပါး ပဋိစ္စသမုပ္ပါဒ်တရား ဗောဓိပက္ခိယတရား ၃၇-ပါး
အဲဒါတွေအကုန် အကျဉ်းချုံးပြီးတော့ သုခိတာဟောထဆိုတာ တခြား
မဟုတ်ပါဘူးဘုရား ခန္ဓာငါးပါး၏ ဓာတ်သိမ်းရာခန္ဓာငါးပါး၏ ဒုက္ခ
ကြီးကျယ်ပုံ အာယတနတဆယ့်နှစ်ပါးတို့၏ ဒုက္ခကြီးကျယ်ပုံ ဓာတ်
တဆယ့်ရှစ်ပါးတို့၏ ဒုက္ခကြီးကျယ်ပုံ ထိုခန္ဓာ,အာယတန,ဓာတ်တို့၏
ချုပ်ငြိမ်းရာနိဗ္ဗာန်၏ သုခချမ်းသာခြင်း၏ ကြီးကျယ်ပုံ နိဗ္ဗာန်သည်
ဘယ်ချမ်းသာနှင့်မှမတူပုံ အခုလောကမှာ လူတို့ချမ်းသာတယ်ထင်တဲ့
လူမင်း, လူမိဖုယားတို့၏စည်းစိမ် နတ်မင်းနတ်မိဖုယားတို့၏ စည်းစိမ်
ဗြဟ္မာတို့၏စည်းစိမ်သည် တကယ့်အစစ်သုခမဟုတ်ဘူးတဲ့ အဝိဇ္ဇာ၏
ဖုံးကွယ်မှုကြောင့် ချမ်းသာတယ်လို့ ထင်ရတဲ့ ချမ်းသာတဲ့ တကယ်
နိဗ္ဗာန်တည်းဟူသော သုခိတာဟောထဆိုတဲ့ချမ်းသာကြီးက တကယ့်
ကြီးကျယ်လှစွာသော ခန္ဓာငါးပါး, ခန္ဓသမံဒုက္ခံနာမ နတ္ထိ၊ ခန္ဓသမံ-
ခန္ဓာငါးပါးနှင့် တူသော၊ ဒုက္ခံနာမ-ဆင်းရဲမည်သည်၊ နတ္ထိ-မရှိ၊ ခန္ဓာ
ငါးပါး၏ဆင်းရဲပုံတို့ ခန္ဓာငါးပါးရှိနေသမျှပဋိသန္ဓေနေရခြင်းဒုက္ခ အိုရ
ခြင်းဒုက္ခ နာရခြင်းဒုက္ခ သေရခြင်းဒုက္ခ ချစ်သောသူနှင့်ကွေကွင်းရ
ခြင်းဒုက္ခ မုန်းသောသူနှင့် မချစ်မနှစ်သက်သောသူနှင့် ဆက်ဆံရခြင်း
ဒုက္ခ လိုရာဆန္ဒမပြည့်ဝသောဒုက္ခ ထိုဒုက္ခအပေါင်းတို့၏ ချုပ်ရာ,ကုန်
ရာ, ငြိမ်းရာနိဗ္ဗာန်သည် သာလျှင် အချမ်းသာဆုံး ဖြစ်သောကြောင့်
တပည့်တော် သုခိတာဟောထလို့ ဟောရခြင်းသည် နိဗ္ဗာန်တည်းဟူ
သော သုခချမ်းသာကြီးကို ရကြပါစေလို့ တပည့်တော် ရည်သန်၍
ဟောခြင်းဖြစ်ပါတယ်၊ ဒုက္ခာမုဋ္ဌထဆိုတာက သာမည သွားခြင်း, လာ
ခြင်း စားခြင်း,သောက်ခြင်း ရောင်းခြင်း,ဝယ်ခြင်း နေခြင်း,ထိုင်ခြင်း
ဒီလောကဒုက္ခကလေးကို ရည်ရွယ်၍ ဟောတဲ့ဒုက္ခမဟုတ်ပါဘူးဘုရား
တကယ်အစစ်အမှန် ပဋိသန္ဓေနေရတဲ့ဒုက္ခ အိုရတဲ့ဒုက္ခ, နာရတဲ့ဒုက္ခ,
သေရတဲ့ဒုက္ခ ခန္ဓာငါးပါးရုပ်နာမ် တရားတို့သည် မပြတ်ဖြစ်ပျက်နေ
သောဒုက္ခ အဲဒီအစစ်အမှန် ကြီးကျယ်လှစွာသော ဒုက္ခဘေးကြီးမှ

ဣစ္ဆာသယ ၁၈၄-၂၆

လွတ်မြောက်၍ နိဗ္ဗာန်ကိုမျက်မှောက် ပြုနိုင်စေခြင်းငှါ ဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယသစ္စာ မဂ္ဂသစ္စာလို့ ဟောပါတယ်ဘုရား။

အဲဒါတွေချည်း သာမဏေကလေးဟောတာ အဲဒီလို ခန္ဓာ,အာယတန,ဓာတ်တို့ကို သိပြီးတော့ ၃၂-ပါးသော ကောဋ္ဌာသ ဗောဓိပက္ခိယတရား ၃၇-ပါးတို့ကို ဒီဒုက္ခသမုဒ္ဒယ သုခိတာဟောထ, ဟူသောပုဒ်ကို ဝိတ္ထာရချဲ့ပြီးတော့ဟောလိုက်ထာ အဲလူတွေဟာ ဘယ့်နဲ့ဖြစ်သွားသလဲ ဆိုတော့ ဒီသာမဏေကလေးကိုကြည်ညိုတဲ့ပုဂ္ဂိုလ်တွေကရင်ခပ်လက်တီး ပြော၍ မပြီးနိုင်အောင် အရတော်လေစွ ဒီသာမဏေကလေးဟာ တို့တဝါတွင်းလုံး နေလာတာ ဒီတရားမျိုး တခါမှမနာရ၊ အဲဒီလောက် ဂုဏ်ထူးဝိသေသနဲ့ပြည့်စုံတဲ့ သာမဏေလေး ကိုးကွယ်ရတာ ကောင်းလေစွ၊ ဒီရွာကြီးမှာ သာမဏေလေးကို ကိုးကွယ်တဲ့ လူပေါင်း ထက်ဝက်က ချီးမွမ်းကြတယ်၊ ကျန်ထက်ဝက်သော လူတွေက စိတ်ကောင်းမရှိဘူး၊ ဘယ့်နဲ့ပြောသလဲ၊ အလကား သာမဏေ ဘာအသုံးကျသလဲ၊ တဝါတွင်းလုံး နေလာတာ ကြည့်စမ်းပါအုံး၊ သုခိတာဟောထ ဒုက္ခသမုဒ္ဒထနှင့် ဇာတ်သိမ်းသွားတာဘဲ၊ ခုကြည့်စမ်း တကယ် မထေရ်ကြီးတွေ လာတော့ သူဟောလိုက်ထာ နည်းတာမဟုတ်ဘူး၊ ဒီလောက်တတ်သိလိမ္မာရှိနေတာတောင် လျှို့ဝှက်ပြီးတော့ တို့ကို တရားတပုဒ်မှ မဟောတဲ့ သာမဏေ ဘာအသုံးကျသလဲ၊ တကာထဲ ဒေါသတွေဖြစ်ကုန်ရော၊ ဖြစ်ပုံဖြစ်ပုံ လူတို့၏ဖြစ်ပုံ၊ ပုထုဇဉ်တို့ဟာ သိပ်ကြောက်ဘို့ကောင်းတယ်၊ စိတ်ဖေါက်ပြန်ပုံတွေ အဲဒီလို သူတို့ဖြစ်တဲ့ ဥစ္စာ အရှင်ဘုရားတို့ နက်ဖြန်ခါကို တပည့်တော်တို့ရွာ ဆွမ်းခံကြွပါဆိုပြီး သံဃာတော်တွေ ပင့်သွားတယ်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က မိုးသောက်သော အခါ သတ္တဝါတွေကို ကြည့်မြဲကြည့်လိုက်တော့ ရွှေညဏ်တော်ထဲမှာ ဘာဝင်လာသလဲ၊ တိဿသာမဏေကလေးရဲ့ပရိသတ်တွေ လာမြင်တယ်၊ တိဿသာမဏေကလေးရဲ့ ပရိသတ်တွေက နှစ်ကွဲကွဲနေတာကို၊ နှစ်ကွဲကွဲနေတော့ကာ အင်း ဒီပုဂ္ဂိုလ်တွေ ငါမသွားရင် မုချ အဝီစိ ကျကုန်တော့မှာဘဲ ဘာပြုလို့လဲ၊ တိဿသာမဏေကလေးကို စွပ်စွဲကဲ့ရဲ့ အပြစ်

တင်တဲ့ ပုဂ္ဂိုလ်တွေဟာ ရဟန္တာဖြစ်မှားနေတာကိုး အဝိစိကျမှာပေါ့၊ ဒီတော့ ဘုရားကိုယ်တော်မြတ်ကြီး ရွှေညာဏ်တော်နှင့် မြင်တော်မူတော့ မဟာကရုဏာတော် အင်မတန်ကြီးတယ်၊ အဲဒီတော့ နံနက်စောစော ရှင်သာရိပုတ္တရာကလဲ သင်္ကန်း သပိတ် ပရိက္ခရာပြင်ပြီး တခါထဲ ဆွမ်းခံကြွဘို့ ပရိသတ် နောက်လိုက် ရဟန်းလေးထောင်နှင့် ရွာကိုဝင်မှာ `ဒီတော့မှ ဟဲ့သာမဏေ ငါတို့နှင့် အသင် အတူတူဘဲ လိုက်မှာလား၊ အရှင်ဘုရား အရှင်ဘုရားတို့ ကြွနှင့်ပါဘုရား၊ တပည့်တော် ဆွမ်းအချိန်နီးမှဘဲ လာပါ့မယ်၊ အဲဒီတော့ သာမဏေကလေး နောက်ကျန်နေရစ်ခဲ့တယ်၊ အဲဒီ ရှင်သာရိပုတ္တရာတို့က ကြွသွားကြတယ်၊ အဲဒီအခါမှာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် ဂန္ဓကုဋိတိုက်မှ ရွှေညာဏ်တော် ကွန်ယက်ဖြင့် ဖြန့်ကြည့်လိုက်တော့ ခုနက အကြောင်း မြင်တာပေါ့၊ မြင်တော့မှ မြတ်စွာဘုရား ဘယ်လောက် မြန်တယ် မမြန်တယ်တော့ တို့လဲ မပြောတတ်ဘူးပေါ့လေ၊ ကိုယ်ပိုင်ဉာဏ်နှင့် ဒကာ, ဒတာမတွေ တွေးသာကြည့်တော့ ဒီရှင်သာရိပုတ္တရာကလဲ ရွာထိပ်ရောက်နေ မြတ်စွာဘုရားက ဒီက ရွှေညာဏ်တော်ကွန်ယက်နှင့်ဖြန့်ကြည့်တော့မြင်၊ မြင်တဲ့အခါကျတော့ အဲဒီမှာပင် သင်္ကန်းကို ရုံပြီးတော့ခါ သပိတ်ကို ယူဆောင်ပြီး ဒီယူဇနာ ၁၂၀-ဝေးကွာတဲ့ အရပ်ကိုမြတ်စွာဘုရားကြွသွားတယ်၊ ဘယ်လောက်ကြာကြာ ကြွသွားသလဲဆိုတော့ စိတ္တက္ခဏ တချက်ခန့်နှင့် ကြွသွားတယ်၊ စိတ္တက္ခဏ တချက်ဆိုတာ နားလည်ကြသလား၊ မျက်တောင်တခပ်မှာ စိတ္တက္ခဏ ပေါင်း ကုဋေတသိန်းဖြစ်တယ်၊ ချုပ်တယ်၊ မျက်တောင်တခပ်မှာ အဲဒီ စိတ္တက္ခဏပေါင်း ကုဋေတသိန်းထဲက စိတ္တက္ခဏတချက်ခန့်နှင့် မြင်ရတယ်၊ ရှင်သာရိပုတ္တရာရှေ့ကမားမားမတ်မတ် အဲဒါ မြတ်စွာဘုရား ကြွသွားတာ၊ စိတ္တက္ခဏတချက်ခန့်နှင့် ခုနကပြောတဲ့ တိဿ သာမဏေနေတဲ့ ရွာကိုရောက်သွားတယ်။

အဲဒီ မြတ်စွာဘုရားကိုယ်တိုင် ရှေ့ကကြွသွားတော့မှ မဏ္ဍပ်အတွင်း ရောက်တဲ့အခါ မြတ်စွာဘုရား မြတ်စွာဘုရားနေရာနှင့် သံဃာတော်ကြီးတွေလဲ သံဃာတော်ကြီးတွေနေရာနှင့် ကဲအသီးသီး နေရာထိုင်ခင်း ပေးပေါ့လေ၊ ပေးပြီးတော့ ဆွမ်းတွေကပ်၊ ကပ်လို့ ဆွမ်းဘုဉ်းပေးလို့

မပြီးခင် သာမဏေကလေး ကြွလာတယ်၊ ကြွလာတော့ ဒါယကာတွေကလဲ ကပြာကရာပင့်ပြီးတော့ အရှင်ဘုရား ကြွပါ ဘုရား၊ နေရာထိုင်ခင်းပေး၊ ပေးပြီးတော့ ဆွမ်းများ လှူတော့ သူ့အလို ရှိသလောက်ဆွမ်းဘဲယူတယ်၊ မျှတသလောက် ယူပြီးတော့ မြတ်စွာဘုရားရှေ့တော်ကြွသွားတယ်၊ မြတ်စွာဘုရားရှေ့တော် ကြွသွားတော့ ဟဲ့တိဿ နှင့်သပိတ် ပေးစမ်းဆိုပြီး မြတ်စွာဘုရားက ယူကြည့်တယ်၊ သပိတ် ယူပြီးကြည့်လိုက်တော့ မျှတရုံလေးမှ ပိပိ တနပ်စာ မျှတရုံလေး သူ့အလိုရှိသလောက် ယူထား တာ တွေ့ရတယ်၊ အဲဒီ တော့မှ မြတ်စွာဘုရားက ဟဲ့ သာရိ ပုတ္တရာ နှင့် တပည့် ဆွမ်းကို ကြည့်စမ်းဆိုပြီးတော့ ရှင်သာရိပုတ္တရာကို လွှဲအပ်လိုက်တယ်၊ ရှင်သာရိပုတ္တရာကလဲ ဆွမ်းကိုကြည့်တယ်၊ ကြည့်ပြီးတော့ ကိုင်းသာမဏေ,သင်အလိုရှိတဲ့ နေရာသွားပြီးတော့ ဘုဉ်းပေးချေဆိုတော့ သူ့နေရာဌာန သွားပြီးတော့ ဆွမ်းစားတယ်၊ အဲဒီလို သာမဏေကလေး ဆွမ်းဘုဉ်းပေးပြီးတဲ့အခါကျတော့ မြတ်စွာဘုရားကို လျှောက်ကြတာပေါ့၊ အရှင်ဘုရားတပည့်တော်တို့ကို ဆွမ်းအနုမောဒနာတရား ချီးမြှောက်တော် မူပါဘုရားလို့၊ အဲဒီနေရာမှာ မြတ်စွာဘုရား ဆွမ်းအနုမောဒနာတရားဟောတာ၊ ဘာတွေ ဟောခဲ့သလဲ ဆိုတော့ ဒီ ဒကာ, ဒကာမတွေကိုသာမဏေ၏ အထူပ္ပတ္တိတွေကို ချည်းဘဲ ဟောတယ်၊ ဒီဒါယကာ ဒါယိကာမတွေ၏အကျိုးစီးပွါးဟာ အလွန်ကြီးတယ်၊ထိုသာမဏေ၏ ဂုဏ်ကျေးဇူးသည် အလွန်ကြီးသည်၊ သာမဏေကို အမှီပြုပြီးသကာလ ယခုဒီဌမျက်မှောက် မြတ်စွာဘုရား အမှူးရှိသော သံဃာတော် အရှင်မြတ်တို့အား မွန်မြတ်သော ခဲဘွယ်ဘောဇဉ်တွေကို လှူရတဲ့ အကြောင်းသာမဏေကလေးကိုအမှီပြုပြီး သကာလ အင်မတန်တွေ့ခဲ ကြုံခဲ ဆုံခဲဖူးရခဲသော အသီတိ ရှစ်ကျိပ်ထဲကမဟာထေရ်ကြီးတွေကို သင်တို့ဖူးမြင်ရတဲ့အကြောင်း ဒီလို သံဃာတော်ကြီးတွေကို သင်တို့လေးစား ဂါရဝအရိုအသေပြုပြီး ဖူးမြင်ရခြင်းသည် သာမဏေကလေး ကျေးဇူးကြောင့်ဖြစ်ကြောင်း သာမဏေကလေး ဂုဏ်ကြီးပုံ သာမဏေ ကလေး၏ထေရုပ္ပတ္တိတွေချည်းဘဲ မြတ်စွာဘုရား ဟောတယ်။

အဲဒီတော့မှ ကြည်ညိုလေးစားပြီးသော ပုဂ္ဂိုလ်များကလဲ အလွန်ကြည်ညိုကြတယ်၊ ခုနတုန်းက ပြစ်မှားထားတဲ့ ပရိသတ်တွေ ဟာလဲ

ဒီတော့မှ ဟုတ်ပေခြင်း ဒီသာမဏေကလေး ဂုဏ်ကျေးဇူးကြောင့် ငါတို့ ဘုရားကိုလဲ ဖူးရသေးတယ်၊ သာမဏေကလေး ဂုဏ်ကျေးဇူး ကြောင့် အသီတိရှစ်ကျိပ်ထဲက မဟာထေရ်ကြီးကိုလဲဘဲ ဖူးမြင်ရလေ တယ်၊ လှူရတန်းရပေတယ်လို့ အဲဒီတော့မှ စိတ်ခတ်တွေ အကုန်ညွတ် ကုန်တယ်၊ သာမဏေကလေးအပေါ်မှာ လေးစားပြီးတော့ စိတ်တွေ ညွတ်နူးပြီးလာတဲ့ အခါကျတော့မှ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ် ကာမဂုဏ်၏ အာဒီနဝ အပြစ်နှင့်တကွ သစ္စာလေးပါးတရားကို ပြလိုက် တော့ တခါထဲ ပရိသတ်ကြီးဟာ သောတာပန် တည်ကုန်တယ်။

ဘုရားရှင် ကိုယ်တော် မြတ်ကြီးလဲ နေရာမှ ထတော် မူပြီး ဖယ်ကြွတော် မူရာ ပရိသတ် အပေါင်း တို့သည် အစဉ် အတိုင်း လမ်းခရီးဌာနသို့ ရောက်အောင်ပို့ပြီး လက်အုပ်ချီမိုးလျက်ပြန်သွားကြ တယ်၊ ထိုအခါဘုရားရှင်ကိုယ်တော်မြတ်ကတိဿသာမဏေနှင့် အတူ တကွ ကြွသွားတော်မူ၍ တိဿသာမဏေအား သာယာလှစွာသော အသံတော်ဖြင့် ဤအရပ်သည်ကား ဘယ်လိုခေါ်သလဲဟု မေးတဲ့အခါ သာမဏေကလေးက သင့်တင့်လျှောက်ပတ်သော အရပ်ဖြစ်ကြောင်း လျှောက်ထားတယ်၊ တဖန် ဘုရားရှင်ကိုယ်တော်မြတ်က သာမဏေ၏ နေရာဌာန တောင်ထိပ်သို့ အရောက်ကြွတော်မူပြီး ချစ်သားတိဿ ဤတောင်ထိပ်ပေါ်က ရပ်တည်ပြီးကြည့်ရှုက အဘယ်ကို သင် မြင်ရ သနည်းဟု မေးပြန်တယ်၊ သာမဏေက ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား မဟာသမုဒ္ဒရာကို မြင်ရပါသည်ဘုရားဟု လျှောက်ထား တဲ့အခါ ချစ်သားတိဿ မဟာသမုဒ္ဒရာကိုမြင်တော့ သင်၏စိတ်၌ ဘယ်သို့ကြံစည်မိသနည်းဟု မေးပြန်တယ်၊ ဒီတော့ တိဿသာမဏေ က လျှောက်ထားသည်မှာ သံသရာဝဋ်၌ ကျင်လည်ပြေးသွားနေကြ ရတဲ့အခါ ကိုယ်စိတ်နှစ်ဖြာ ကျင်နာဖေါက်လွဲ ဆင်းရဲဒုက္ခ တွေ့ကြုံရ သောကာလ မိုးရိမ်ပူဆွေး ငိုကြွေးရသောမျက်ရေသည် ဤသမုဒ္ဒရာ မျှရှိလိမ့်မည်ဟု ကြံစည်အောက်မေ့မိပါသည်ဘုရားဟု လျှောက်ထား တဲ့အခါ ဘုရားရှင်ကိုယ်တော်မြတ်က သာရ,သာရ ချစ်သားတိဿ သင့်လျှောက်ထားသော စကားအတိုင်း တယောက်တယောက်သော သတ္တဝါအား ငြိုငြင်ပင်ပန်း ဆင်းရဲခြင်းဒုက္ခ တွေ့ကြုံရသောကာလ

ငိုကြွေး၍ ယိုစီးကျသောမျက်ရည်တို့သည် လေးစင်းကုန်သော သမုဒ္ဒရာ ရေတို့ထက် အလွန်သဖြင့် ပိုလွန်များပြားသည်ဟူ၍ မိန့်တော်မူတယ်။

ထိုနောက် တဖန် ဘုရားရှင် ကိုယ်တော်မြတ်က အသင်သည် ဤတောင်၌နေစဉ်အခါ အဘယ်သို့ကြံစည် အောက်မေ့သနည်းဟု မေးပြန်တယ်၊ ထိုအခါ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤတောင်၌ နေစဉ် ရှေးရှေးသောကာလ သံသရာကျင်လည်ခဲ့ရတဲ့အခါ ငါသည် စုတိပြတ်ကြွေ သေလွန်သောကြောင့် ဤတောင်အရပ်၌ပင် စွန့်အပ်သော ငါ၏ ခန္ဓာကိုယ်အကောင်ပုတ်သည်ကား ဤနေရာ ဤမျှ ရှိသည်ဟု ရေတွက်ပိုင်းခြားခြင်းငှါ မရှိပြီဟု အောက်မေ့ကြံစည်မိပါသည်ဘုရားဟု လျှောက်ထားပြန်တယ်၊ ဘုရားရှင်ကိုယ်တော်မြတ်က တဖန် ချစ်သားတိဿ သင်အောက်မေ့တိုင်း ဟုတ်မှန်လှပေ၏၊ ပုပ္ဖ ရှုရှုမြင်သမျှ သတ္တဝါတို့အား ဤမဟာပထဝီ မြေထက်၌လျှောင်း၍ မသေဘူးသော နေရာဟူ၍မရှိလေဟု မိန့်တော်မူပြီး တဖန်ချစ်သားတိဿ ဤတောအုပ်၌ သင်နေတဲ့အခါ ခြင်္သေ့,သစ်ကျား သားရဲစသောတောသတ္တဝါတို့၏ အသံကိုကြားတဲ့အခါ သင်သည် ကြောက်ရွံ့ထိတ်လန့်ခြင်းများဖြစ်ပါသလား၊ဒီလိုမေးတဲ့အခါဘုန်းတော်ကြီးသော အရှင်ဘုရား ကြောက်ရွံ့တုန်လှုပ်ထိတ်လန့်ခြင်းများ မဖြစ်ပါဘုရား အမှန်အားဖြင့် ထိုသတ္တဝါတို့၏အသံကို ကြားရတဲ့အခါ တော၏မွေ့လျော်ခြင်းသာဖြစ်ပါသည်ဘုရားဟု လျှောက်ထားပြန်တယ်။

ဒီအခါ ဘုရားရှင်ကိုယ်တော်မြတ်က ချစ်သားတိဿ ငါတို့ပြန်တော့မယ်၊ သင်သည် ငါတို့နှင့်အတူ လိုက်မလား သို့မဟုတ် နေရစ်ခဲ့အုံးမှာလားဟု မေးတော်မူတဲ့အခါ သာမဏေက အရှင်ဘုရား ဥပဇ္ဈာယ်ဆရာက ခေါ်ဆောင်သွားလိုလျှင် လိုက်ပါမည်ဘုရား၊ ဥပဇ္ဈာယ်ဆရာက နေစေလိုသည်ဖြစ်အံ့ နေရစ်ပါမည်ဘုရား၊ ထိုအခါ ဘုရားရှင်ကိုယ်တော်မြတ်သည် တိဿသာမဏေထံမှ ဖယ်ခွာပြီး ရဟန်းအပေါင်းခြံရံလျက် ကြွတော်မူစဉ် ဥပဇ္ဈာယ်ဆရာ ဖြစ်တဲ့ အရှင်သာရိပုတ္တရာမထေရ်မြတ်က တိဿသာမဏေ၏ အလိုဆန္ဒကို သိသဖြင့် ချစ်သားတိဿ သင်သည် ဆုတ်နစ်၍ နေလေလော့ဟု မိန့်

တော်မူသဖြင့် တိဿသာမဏေလဲ ဘုရားရှင်နှင့်တကွ သံဃာတော် အရှင်မြတ်အပေါင်းတို့အား လက်အုပ်ချီမိုးလျက် နေရစ်ခဲ့တယ်။

အဲဒါ တိဿသာမဏေ၏ အထုပ္ပတ္တိ၊ ဘယ်လောက်ကြီးသလဲ၊ တိဿသာမဏေကလေး ဆုတောင်းခဲ့တာက ဘာကိုတောင်းသလဲ၊ မူလ တောင်းလာတာကလေ အရှင်ဘုရားသိတဲ့တရား တပည့်တော် သိရပါလို၏ဘုရား၊ ဒါဘဲ တောင်းတယ်၊ အဲဒီလို တောင်းလိုက်ထာ ဘယ်တုန်းကလဲ၊ ဟို-မဟာသေန ပုဏ္ဏားဖြစ်တဲ့ဘဝက နို့ဆွမ်းနဲ့ ပုဆိုးအဝတ်ကြမ်းကလေး တထည် လှူရတယ်မဟုတ်လား၊ အဲဒီလို ဒါနဝတ္ထုကို လှူလိုက်ရတဲ့အကြောင်းကြောင့် ဒီတော့ ဒါနကြောင့် ခေါ်ရမှာပေါ့၊ အဲဒါ ဒါနကြောင့်မဟုတ်ဘူး၊အဲဒီ ဒါနကို စွဲ၍ဖြစ်တယ် သေသေချာချာမှတ်ထားကြနော်၊ စေတနာကြောင့်, စေတနာကြောင့် ခုကာလလူတွေ လှူတဲ့စေတနာနဲ့ မကွာလား၊ ခုကာလလူတွေ လှူတဲ့ စေတနာက ဘုန်းကြီးတွေက ဆုပေးတာပေါ့၊ တခါထဲ ဆွမ်းလှူရတဲ့ အကြောင်းကြောင့် ပေးပြီ–

အာယု ဝဏ္ဏ သုခ ဗလ ပဋိဘာန၊
အာယု-အသက်ရှည်ခြင်း၊
ဝဏ္ဏံ-အဆင်းလှခြင်း၊
သုခံ-ချမ်းသာကြီးခြင်း၊
ဗလံ–ခွန်အားကြီးခြင်း၊
ပဋိဘာနံ-ပညာကြီးခြင်း၊

ဤကဲ့သို့သော အကျိုးထူးတရား ငါးပါးတို့နှင့် ပြည့်စုံသည်၊ ဇောတိက, ဇဋိလ, ကာကဝဏ္ဏ, မေဏ္ဍက အစရှိသော သူဌေးကြီး လေးဦးတို့ကဲ့သို့ ရွှေပဒေသာပင် ရွှေနန်းပြာသာဒ် ပေါက်ခြင်းအစရှိ သောသူဆောင်သုံးစွဲ၍ မကုန်နိုင်သော အကျိုးထူးတရားတို့နှင့် ပြည့်စုံ ကုန်သည်ဖြစ်၍ အမယ်လေး ဒကာ, ဒကာမတွေက ဟောတော်မူတဲ့ အတိုင်း ပြည့်စုံပါစေဘုရားဆိုတာ ဆုတောင်းလိုက်ကြတာ ဘယ် လောက်ဟန်ကျသလဲ၊ ကိုင်း စေတနာချင်းကွာပုံ ဟိုက ခုနပြောတဲ့ မဟာသေနပုဏ္ဏားကြီးက အရှင်ဘုရား တပည့်တော်ရဲ့ ပစ္စုပ္ပန်ကို

မဝဲ့ပါနဲ့ဘုရား၊ သံသရာကိုငဲ့၍ လောကဘေးကြီးကို ကြောက်လှသဖြင့် အရှင်ဘုရားသိသော တရားကို သိပါရစေဘုရား၊အဲဒီလိုဆုတောင်းတဲ့ကျေးဇူးသည် တဘဝ, နှစ်ဘဝထက် မလွန်မူ၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတာ တွေ့ကြပြီမဟုတ်လား၊ အားရှိစရာဘယ်လောက်ကောင်းသလဲ၊ ဉသာသနာအတွင်းမှာ ကြုံနေတာလေ တို့ဒကာ ဒကာမတွေသေသေချာချာကြည့်စမ်း၊ မယုံလဲ တို့မတက်နိုင်ဘူး၊ ယုံစေချင်လို့ဝဏ္ဏကြောင်းနဲ့ သက်သက်ပေါ်ထုတ်ပြတာ၊ တဘဝ, နှစ်ဘဝထက်မလွန်မူ၍ ဟော ဒါနတင်, ဒါနတင်၊ ဒါနတင်ဘာကိုမြင်၍ လှူတဲ့ဒါနလဲ၊ အလုံးစုံဇာတိဒုက္ခဘေး, ဇရာဒုက္ခဘေး, ဗျာဓိဒုက္ခဘေး, မရဏဒုက္ခဘေး, လောကဒုက္ခဘေးကြီးတွေကို မြင်လို့ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိကို မမက်မောဘဲ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိတို့၏အာဒီနဝဒေါ့ကိုမြင်၍ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုသာလျှင် လိုချင်တဲ့စိတ်နဲ့လှူတဲ့ဒါနသည် အခုဘာဝနာမဟုတ်သေးဘူး ဒါန,ဒါန၊ အဲဒီဒါနသည်ပင်လျှင် ဟော မဟာသေနပုဏ္ဏားကြီး ဘဝကနေပြီးတော့ တိဿသာမဏေကလေး ဘဝရောက်၊ ဟော တိဿသာမဏေကလေး ခုနစ်နှစ်သားအရွယ်က အရဟတ္တမဂ်, အရဟတ္တဖိုလ် ရောက်၍ နိဗ္ဗာန်မျက်မှောက်ပြုသွားတာ ကိုယ်တိုင်တွေ့ကြပြီ မဟုတ်လား။

အဲဒီလို ကိုယ်တိုင်တွေ့တဲ့ ယောဂီပုဂ္ဂိုလ်များသက်သေခံ ရပြီပေါ့၊ သက်သေခံရတော့ တို့ ဒီမှာ နေ့တိုင်း,နေ့စဉ် နိစ္စဗဒ်မပြတ် နာယူမှတ်သားပြီးတော့ တို့ နာနေရတဲ့ဘုရားဟာ တကယ် ဘုရားကိုယ်တော်မြတ်ကြီး လက်ထက်က သာသနာခေတ်အတွင်း၌ ကြုံတွေ့လို့သာ ဒီတရားထူးတရားမြတ်ကြီး တို့နာရတယ်၊နာရတဲ့ဘုရားကလဲ တကယ့်အစစ် အဟုတ်အမှန် ရုပ်နဲ့နာမ်ကို ကေန်သိအောင် ဟော,ဦးခေါင်းကအစ ခြေဖျားအထိ အာရုံစိုက်ကြည့်လိုက်လျှင် ဘယ်နေရာမှ ကြားလပ်မရှိ ပကတိဖြစ်လိုက်ပျက်လိုက် ဖြစ်လိုက်ပျက်လိုက်ဆိုတဲ့ ဖြစ်ပျက်မစဲတွေ ဥပါဒ်စွန်းနဲ့ ဘင်စွန်းကို အမြဲရှု၍ ရုပ်နာမ်တရားတို့၏ပေါက်ပြန့်မှု ရုပ်နာမ်တရားတို့၏ ဖြစ်ပျက်မှု ရုပ်နာမ်တရားတို့၏အပြစ်အာဒီနဝ တနေ့ထက်တနေ့ ဉာဏ်ဇာနြွေရင့်၍ သိလာတဲ့ပုဂ္ဂိုလ်တို့သည် ဒါနလှူလျှင်လဲ ဒီဘေးကြီးကလွတ်၍ နိဗ္ဗာန်လိုချင်တယ်၊ယခု

ယနေ့ သီလစောင့်တယ်၊ အဲဒီလို သီလစောင့်ရတဲ့ကုသိုလ်အကျိုးသည်ပင်လျှင် ယခုပြောတဲ့ ဘေးဆိုးကြီးမှ လွတ်မြောက်၍ နိဗ္ဗာန်ကိုလိုချင်တယ်၊ မိမိတို့ ကိုယ်တိုင် ယခု ရုပ်နာမ်တွေကို အားထုတ်လို့ သိကြွားနားလည်တဲ့ဘာဝနာမယဉာဏ်ဖြင့် မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ကိုသာလိုချင်တယ်ဆိုတဲ့ စိတ်ဓာတ်မျိုးနဲ့ ယနေ့ယခု ငါတို့ အားထုတ်တဲ့ကုသိုလ်၏ အထောက်အပံ့ ငါတို့ နိစ္စဗဒ်နေ့စဉ်မပြတ် လှူဒါန်းပြီးတော့နေတဲ့ဒါနကုသိုလ်၏ အထောက်အပံ့ မိမိတို့ကိုယ်တိုင် ဆောက်တည်တဲ့သီလကုသိုလ်၏ အထောက်အပံ့သည် တဘဝ, နှစ်ဘဝထက် မလွန်မှူ၍ ယခု ပစ္စက္ခဘဝမှာသည်ပင်လျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရ၍သို့မဟုတ် ဤဘဝမှမရလျှင် ဒုတိယဘဝ၌ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုရရာရကြောင်းဖြစ်တဲ့ သူတော်ကောင်း တရားတို့ကို နေမခြား ညမစဲအမြဲတမ်း ကြိုးစားအားထုတ်လွယ်နိုင်ကြသည် ဖြစ်စေ။

---

# ဝိသုဒ္ဓိ ၇-ပါးနှင့် ဉာဏ် ၁၀-ပါး

တို့ဒိဋ္ဌာနမှာ ဝိပဿနာလုပ်ငန်းဆိုပြီးတော့ ပြသနေတယ်၊ အဲဒီ ဝိပဿနာအလုပ်မှာ ဘာလိုရင်းလဲ၊ လိုရင်းက ဝိပဿနာဉာဏ်စဉ် ဆယ်ပါးရှိတယ်၊ ဝိသုဒ္ဓိဆိုတာ ခုနစ်ပါးရှိတယ်၊ ဝိပဿနာဉာဏ်ဆယ် ပါးက သမ္မသနဉာဏ်တဲ့ ရုပ်နာမ်ကို သုံးသပ်ဆင်ခြင်တဲ့ဉာဏ်၊ ဥဒ ယဗ္ဗယဉာဏ်တဲ့-ရုပ်နာမ်တို့၏ဖြစ်မှုပျက်မှု သိနေတဲ့ဉာဏ်, ဘင်္ဂဉာဏ်- ရုပ်နာမ်တရားတို့၏ အပျက်ကို မြင်သောဉာဏ်, ဘယဉာဏ်-ထိုရုပ် တရားနာမ်တရားတို့၏ ဘေးကြီးကိုမြင်တဲ့ဉာဏ်, အာဒီနဝဉာဏ်-ထို ရုပ်နာမ် တရားတို့၏ အပြစ်ကို မြင်တဲ့ဉာဏ်, နိဗ္ဗိဒါဉာဏ်- ထိုရုပ် တရားနာမ်တရားတို့၏ အပြစ်ကိုမြင်သဖြင့် ငြီးငွေ့ပြီးတော့လာတာ နိဗ္ဗိန္ဒလို့ခေါ်တယ်၊ ထိုနိဗ္ဗိန္ဒဉာဏ်ကိုရသဖြင့် မုစ္စိတုကမျတာဉာဏ်ဆို တာ ထိုရုပ်တရားနာမ်တရားမှ လွတ်လိုတဲ့စေတနာကလေးဟာ လွတ် လိုတဲ့စိတ်ဓာတ်ကလေးဟာ အဲဒါမုစ္စိတုကမျတာဉာဏ်၊ ထိုမုစ္စိတုကမျ တာဉာဏ်ကိုရတော့ကာ ယောဂီများဟာ လွတ်ချင်တဲ့ စိတ်ဓာတ်အား ကြီးပေါ်လာလေ မလွတ်လွတ်အောင်ဟဲ့ဆိုပြီးတော့ ဝီရိယကိုမလျှော့ ဘဲ အမြဲတမ်း အားထုတ်တာ ပဋိသင်္ခါဉာဏ်တဲ့-ဖြစ်ပျက်ကို မလွှတ် ဘူး အမြဲတမ်း အားတိုက်ဘိပြီး ပွါးများတော့ အဲဒီလိုပဋိသင်္ခါဉာဏ်ကို အားတိုက်ဘိပွါးလို့ရှိလျှင်ဘာဝိတာ,ဗဟုလီကတာဆိုတဲ့လေ့ကျက်ပါ များလာတဲ့ အခါကျတော့ သင်္ခါရုပေက္ခာ ဉာဏ်တဲ့ ရုပ်နှင့် နာမ်ကို အလျှင်းချစ်ခြင်းမုန်းခြင်းကို လျစ်လျူရှုနိုင်တဲ့ ဉာဏ်ကလေးကို သင်္ခါရု ပေက္ခာဉာဏ်တဲ့၊ အနုလောမဉာဏ်လို့ဆိုတာ ပရိကံ, ဥပစာ,အနုလုံ, ဂေါတြဘူဆိုပြီး နိဗ္ဗာန်မျက်မှောက်ပြုပြီးတော့ မဂ်ကိုပေါက်သွားတဲ့ တရားတဲ့၊ အဲဒါ ဝိပဿနာဉာဏ်အားဖြင့် ဆယ်ပါးကိုပြတယ်။

ဝိသုဒ္ဓိအားဖြင့် ခုနစ်ပါးပြတယ်၊ ဝိသုဒ္ဓိခုနစ်ပါးက သီလဝိသုဒ္ဓိ၊ သီလဝိသုဒ္ဓိဆိုတာ-သီလစင်ကြယ်တာကိုခေါ်တယ်၊ စိတ္တဝိသုဒ္ဓိဆိုတာ- စိတ်၏စင်ကြယ်ခြင်း, ဒိဋ္ဌိဝိသုဒ္ဓိဆိုတာ- အယူ၏စင်ကြယ်ခြင်း, ကင်္ခါ ဝိတရဏဝိသုဒ္ဓိဆိုတာ ယုံမှားကင်းခြင်း, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ဆိုတာ- မဂ်ဟုတ်တယ် မဟုတ်တယ်ကို ယောဂီများပိုင်းခြားပြီးတော့ သိနိုင်တာကလေးကို မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိလို့ခေါ်တယ်။ပဋိပဒါ

ဉာဏဒဿနဝိသုဒ္ဓိဆိုတာ တခါထဲ အားတိုက်ရှုပြီးတော့ ဝိပဿနာ ဉာဏ်စခန်းတွေကို သုံးသပ်ပြီး အားထုတ်တဲ့အခါ ဒိဝိပဿနာဉာဏ် ခုနစ်ပါးနှင့် ယှဉ်တွဲပြီးတော့ အားထုတ်တဲ့တရားက ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိတဲ့၊ ဉာဏဒဿန ဝိသုဒ္ဓိဆိုတာက အလုံးစုံကိလေသာတရားတို့ စင်ကြယ်သောနိဗ္ဗာန်ကို မျက်မှောက်ပြုသွားတဲ့ မဂ်ဉာဏ်တဲ့၊ မဂ်ဉာဏ်သို့ရောက်သွားတဲ့ အခါကျတော့ ဉာဏဒဿနဝိသုဒ္ဓိလို့ခေါ်တယ်၊ ဝိသုဒ္ဓိခုနစ်ပါးမှာ ရှေ့ခြောက်ပါးက လောကီဝိသုဒ္ဓိ၊ နောက်ဉာဏဒဿနဝိသုဒ္ဓိက လောကုတ္တရာဝိသုဒ္ဓိခေါ်တယ်၊ အဲဒီတော့ကာ ယောဂီများသိဘို့ရာ ပဌမရှေးဦးစွာ ဘုန်းကြီးများဆီမှာ တရားတောင်းပြီးတော့ အားထုတ်ကြတယ်၊အားထုတ်တော့ကာ မိမိတို့၏ ကာယကံမှုဝစီကံမှု သီလမဂ္ဂင်သုံးပါးလို့လဲခေါ်တာပေါ့၊ သီလမဂ္ဂင်သုံးပါး ကာယကံမှုဝစီကံမှု ကာယကံသုံးပါးကသူ့အသက်ကိုမသတ်ဘူး၊ သူ့ဥစ္စာမခိုးဘူး၊ သူ့သားအိမ်ရာမလွန်ကြူးဘူး၊ ကာယကံကိုကြည်ရှောင်မှုက သမ္မာကမ္မန္တမဂ္ဂင်လို့ခေါ်တယ်၊သမ္မာဝါစာမဂ္ဂင်သီလက မုသားမပြောဘူး၊သူတပါးတို့၏မလိုမုန်းထား ဂုံးချောစကား မပြောဘူး၊ သူတပါးနားမှာမခံသာအောင် ကြမ်းတန်းရုန့်ရင်းတဲ့ စကားတွေကို မဆိုဘူး၊ သမ္ဖပ္ပလာပပြိန်ဖျင်းတဲ့စကားကို မပြောဘူး၊အဲဒါဘာလဲ ဒါက ဝစီကံလေးပါး လုံခြုံမှုဖြစ်သောကြောင့် သမ္မာဝါစာ မဂ္ဂင်သီလလို့လဲ ခေါ်တယ်၊ သမ္မာဝါစာမဂ္ဂင်သီလ၊ခုနက ကာယကံသုံးပါးက သမ္မာကမ္မန္တမဂ္ဂင်သီလ၊ ထိုဒုစရိုက် ခုနစ်ပါးနှင့် အသက်မမွေးဘဲ ကြည်ရှောင်တာဟာ သမ္မာအာဇီဝမဂ္ဂင်သီလခေါ်တယ်။

ဒီတော့ ယောဂီများ တရားအလုပ်အားထုတ်နေတဲ့အခါ ခန္ဓာကိုယ်မှာရှိတဲ့ ရုပ်တွေနာမ်တွေ ခေတ်တွေ ကလာပ်တွေ ပရမတ်တွေကို မတွေ့တွေ့အောင်ရှာကြံပြီးတော့ အလုပ်လုပ်နေတဲ့ ပုဂ္ဂိုလ်သန္တာန်မှာ ဒီကာယကံမှုဝစီကံမှုဟာ ရှိနေရဲ့လားလို့ဉာဏ်နှင့် တွေးကြည့်၊ ဘယ်နည်းနှင့်မျှမရှိဘူး။ အဲဒီလို ကာယကံဝစီကံ လုံခြုံမှုဖြစ်နေသောကြောင့် သီလဝိသုဒ္ဓိဖြစ်နေပြီ၊ ဒါဖြင့် သီလဝိသုဒ္ဓိတော့ သဘောကျပြီ၊ စိတ္တဝိသုဒ္ဓိဆိုတာကတော့-စိတ္တဝိသုဒ္ဓိဆိုတာ စိတ်စင်ကြယ်ရမတဲ့၊ ကိုယ်မိမိကိုယ်ကိုမိမိကြည့်၊ ငါ ဒီစိတ်စင်ကြယ်သလား,မစင်ကြယ်ဘူးလား, သိဘို့တရားတွေ, ဘယ်လိုသိရမလဲ၊ မိမိတို့ခန္ဓာကိုယ် အတွင်းမှာ

အမှန်ယထာဘူတ တကယ်ရှိတဲ့ ရုပ်ဓာတ်တွေ ခဏမစဲ ခန္ဓာထဲမှာ အသစ်အဟောင်း ပြောင်းလဲနေတဲ့ ရုပ်တရားတွေကို အာရုံစိုက်ပြီး ကြည့်လိုက်တဲ့အခါ ခန္ဓာထဲမှာ တွေ့သလား မတွေ့ဘူးလား မတွေ့ဘူး ဆိုလျှင် စိတ္တဝိသုဒ္ဓိမဖြစ်လို့မတွေ့တာ၊ စိတ္တဝိသုဒ္ဓိ စိတ် စင်ကြယ်လို့ ရှိလျှင် ဝီရိယက အားထုတ်ခြင်း သတိမြဲခြင်း သမာဓိဆိုတာ စိတ်၏ ငြိမ်သက်ခြင်း တည်ကြည်ခြင်းကို ခေါ်တာ၊ အဲဒီလို စိတ်၏ ငြိမ်သက် တည်ကြည်ခြင်းကို ရသဖြင့် စိတ်စင်ကြယ်တယ်တဲ့၊ အဲဒါ သမာဓိလို့ ခေါ်တယ်၊ အဲဒီသမာဓိရှိတဲ့ ပုဂ္ဂိုလ်မှန်လျှင် ဟောခန္ဓာထဲမှာ တကယ် ရှိတဲ့ ရုပ်တွေ နာမ်တွေ ဓာတ်တွေ ကလာပ်တွေ ပရမတ်တွေ မပြတ် ဖြစ်ပျက်နေတာ တွေ့တာပေါ့၊ အဲဒီလို တွေ့နေတဲ့အခါ ဩော် ငါ စိတ္တ ဝိသုဒ္ဓိ စိတ်စင်ကြယ်လို့သာ တွေ့တာဘဲလို့ အဲဒီတချက်မှတ်ရမယ်၊ သီလဝိသုဒ္ဓိဖြစ်ပုံ၊ စိတ္တဝိသုဒ္ဓိ မိမိတို့ကိုယ်မှာ ဖြစ်ပုံ ဒိဋ္ဌိဝိသုဒ္ဓိတဲ့၊ဟော ဒိဋ္ဌိကျတော့ကာ–

မိစ္ဆာ ပဿတိတိဒိဋ္ဌိ၊ မိစ္ဆာ-မှားသော အားဖြင့်၊ ပဿတိ-မြင်တတ်၏၊ ဣတိတသ္မာ-တို့ကြောင့်၊ ဒိဋ္ဌိ-ဒိဋ္ဌိမည်၏။

ဒိဋ္ဌိဆိုတာ အမှားကိုမြင်တာ ဒိဋ္ဌိခေါ်တယ်၊ ဟိုဘဝဘဝ ကမ္ဘာ့ ကမ္ဘာသံသရာက မှားလာခဲ့တဲ့ ဒိဋ္ဌိအယူဝါဒရှိတယ်၊အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိဆိုတာ၊ အဲဒီ ဒိဋ္ဌိဟာ အင်မတန် ဆိုးတာပေါ့၊ ဒီ ဒိဋ္ဌိ ရှိနေသမျှ ကာလပတ်လုံး သူကနေပေါက်ဖွားလိုက်မယ် ဆိုလျှင် ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ, အမရာဝိက္ခေပဒိဋ္ဌိ, အဟေတုက ဒိဋ္ဌိ၊နတ္ထိကဒိဋ္ဌိ, အကြိယဒိဋ္ဌိ,ဒိဋ္ဌိတွေ အမျိုးမျိုး ပေါ်လာတယ်၊ အဲဒီလို ဒိဋ္ဌိတွေ ပေါက်ဖွားနေတာ ဘယ်သူကြောင့်လဲဆို ချပြောတဲ့ အရင်းခံ အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိကြောင့် ပေါက်ဖွားလာတာတဲ့၊ ဒီတော့ တို့ ယောဂီတွေ ဒီအတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိပြုတ်တယ်မပြုတ်ဘူးသိဘို့နဲ့နဲလေး ဉာဏ်နှင့်ချိန်ကြည့်ဘို့ပေါ့၊ အရေးကြီးတာက ဗုဒ္ဓဘာသာလူမျိုးများမှာ အရေးအကြီးဆုံးတရား, တို့သာမဏေများမှာ သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိ အယူရှိသည်၊ ဟောတိ-ဖြစ်၏လို့ လိင် ၁၀-ပါးထဲမှာ ပါတယ်၊ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ အယူရှိလျှင် သာမဏေမဖြစ်တော့ဘူး၊ လိင် ကျတယ်လို့ခေါ်တယ်၊ လိင်ကျတယ်ဆိုတာ လူဖြစ်သွားပြီတဲ့၊ အဲဒီ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိဆိုတာ ဘယ်လိုဖြစ်လျှင်ခေါ်သလဲ၊ ဒီဘဝမှ

ဖြစ်သော ရုပ်နာမ်ခန္ဓာတို့သည် ဟိုဘဝကို လိုက်တယ်လို့ အဲဒီလိုအယူမှားနေတာကို သဿတဒိဋ္ဌိလို့ခေါ်တယ်၊ အယူမှားနေတာ၊ အကယ်၍ ဒီဘဝမှာဖြစ်တဲ့ ရုပ်နာမ်ခန္ဓာတွေက ဒီမှာသာ ဖြစ်ထာပါ၊ ဟိုဘဝတော့မဖြစ်တော့ဘူး၊ အဲဒီလို ပြတ်သွားရောလို့ အယူမှားပြန်တော့လဲ ဥစ္ဆေဒဒိဋ္ဌိလို့ခေါ်တယ်၊ အဲဒါသေသေချာချာမှတ်ထား၊ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိတဲ့၊ သဿတဒိဋ္ဌိက အဆက်မှား၊ ဒီက ရုပ်တွေက ဟိုဘဝလိုက်တယ်လို့ အယူမှားတာ၊ အဆက်မှားသွားတာ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိဆိုတာက အပြတ်မှား၊ အဲဒီတော့ သဿတဒိဋ္ဌိကို ဗုဒ္ဓဘာသာများ ယူတတ်တယ်၊ ဘယ်နေရာမှာ ယူတတ်သလဲဆိုလျှင်-

တို့ လူဝင်စားကလေးများ အကြောင်းပြုပြီးတော့ ဟော လူဝင်စားကလေးဟဲ့ ကတဲ ကြည့်စမ်း၊ သူ့မှာ အိုးမဲရာကြီးနဲ့ အမှတ်ကြီးနဲ့ လှည်းနင်း သေတာကွယ် လှည်းနင်းရာကြီးတောင် ပါလာ သေးတယ်၊ အောင်မယ် တချို့က ပိုးကြိုးကလေးနှင့်တောင် မှတ်လိုတဲ့၊ ဒါဒီဘဝ ရုပ်နာမ် ခန္ဓာတွေ ဟိုဘဝ လိုက်တယ်လို့ အယူမှားတာ အယူမှားတာ၊အဲဒါသဿတဒိဋ္ဌိခေါ်တယ်၊ ဥစ္ဆေဒဒိဋ္ဌိကတော့ကာ တပါးသော ဘာသာခြားတွေ ယူတဲ့ အယူပါဒ၊ တို့ရဘာ ဘာလုပ်နေနေ ဘာမှ မဖြစ်ဘူး၊ ဒီဘဝမှာ တို့သေဆုံးသွားလျှင် တို့ဘာမှ မဖြစ်တော့ဘူး၊ တခါထဲ ပျောက်ကရော၊ ငြိမ်းရော အေးရော ဆိုပြီးတော့ နိဗ္ဗာန်မဟုတ် ဘဲနှင့် နိဗ္ဗာန် အယောင် ဆောင်ပြီးတော့ ဥစ္ဆေဒ ဒိဋ္ဌိလို့ခေါ်တယ်၊ အဲဒီ ဥစ္ဆေဒဒိဋ္ဌိ မျိုးက တပါးသော ဘာသာခြားများ ယူတတ်တယ်၊ ဒါဖြင့်ရင် ဒီဘဝမှာ ဖြစ်သော ရုပ် နာမ် ခန္ဓာဟာ ဟိုဘာကို လိုက်တယ်လို့ အယူမှားလျှင် သဿတဒိဋ္ဌိမှတ်၊ မှတ်လဲမှတ်ထားကြနော်၊ အဲ ဒီဘဝ ရုပ်နာမ်ခန္ဓာ ဟိုဘဝကို မလိုက်ဘူးလို့ ပြတ်သွား ရောလို့ အယူ မှားလျှင် ဥစ္ဆေဒဒိဋ္ဌိ၊ ဒါ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ၊ အကယ်၍ ဒီလိုဆိုလျှင်ဖြင့် ကြားထဲမှာ ချပြီးတော့ မပြတ်တပြတ်လို့များ အယူမှားလို့ရှိလျှင် မပြတ်တပြတ်, အဲဒီလို အယူမှားလို့ရှိလျှင် အမရာဝိက္ခေပဒိဋ္ဌိတဲ့ ဖေါက်ပြန်သောအယူလို့ခေါ်တယ်၊ ကိုင်းဒီတော့ ယောဂီများ ကိုယ်ပိုင်ဉာဏ်နှင့်တွေးကြစမ်း၊ ဘယ်လိုလုပ်ယူကြမလဲ၊ သဿတဒိဋ္ဌိဘဲယူမလား၊ သို့မဟုတ်ဥစ္ဆေဒဒိဋ္ဌိဘဲယူမလား၊ သို့မဟုတ်အမရာဝိက္ခေပဒိဋ္ဌိဘဲယူမလား ဒိဒိဋ္ဌိသုံးမျိုး လွတ်အောင်ဘယ်နဲ့

လုပ်မလဲဉာဏ်နှင့်တွေးကြစမ်း ဒီဘဝရုပ်နာမ်ခန္ဓာ ဟိုဘဝလိုက်တယ်လို့ အယူများလျှင် သဿတဒိဋ္ဌိ၊ ဟာမလိုက်ဘူးဟဲ့ ပြတ်တယ်လို့အယူများလျှင်လဲ ဥစ္ဆေဒဒိဋ္ဌိ၊ဒါဖြင့် မပြတ်တပြတ်ဘဲလို့ ယူပြန်လျှင်လဲ အမရာဝိက္ခေပဒိဋ္ဌိတဲ့၊ကိုင်း ဒိဋ္ဌိလွတ်အောင် ဘယ်နည်းနဲ့လုပ်ပြီး ယူကြမလဲ၊ ပြီးရောယောဂီတွေရင်ကြပ်သွားပြီ၊ သေသေချာချာကိုယ်ပိုင်ဉာဏ်နှင့် ကြည့် အလွန်ခက်တယ်၊ ဒီအယူဝါဒပျောက်အောင် ဘယ့်နှဲ့လုပ်ရမလဲ၊ ဘယ်လိုလုပ်ပြီးတော့ ပျောက်မလဲ၊ဒီဘဝကရုပ်နာမ်ခန္ဓာ ဟိုဘဝလိုက်ဘယ်လို့ အယူများလျှင် သဿတဒိဋ္ဌိ၊ ပြတ်သွားရောလို့အယူများလျှင် ဥစ္ဆေဒဒိဋ္ဌိ၊ မပြတ်တပြတ်လို့အယူများလျှင် အမရာဝိက္ခေပဒိဋ္ဌိ၊ အလွန်ခက်သွားပြီမဟုတ်လား၊ အဲဒါ တို့လဲဘဲ သေသေချာချာတော့ အထူးမပြောနိုင်ဘူး၊ ဥပမာအားဖြင့်ဆောင်ပြမယ်၊ အဲဒီဥပမာကလေးကို ဉာဏ်ထဲမှာစိုက်ပြီးတော့ အာရုံပြု နှလုံးသွင်းကြည့်၊

**ဥပမာ**–တို့ အထက်မုံရွာနယ်က မအုရွာမှာ မဘဇာနှင့် မအဂ္ဂါဆိုတဲ့ ဒကာမကြီးနှစ်ယောက်ရှိကြတယ်၊ တနေ့မုံရွာမြို့ကို သူတို့ ဈေးဝယ်သွားတဲ့အခါကျတော့ကာ လမ်းခရီးမှာ မဘဇာက ရှေ့ကသွားလို့ မအဂ္ဂါက နောက်ကလိုက်လို့၊ မဘဇာက စိတ်ကူးသတဲ့ပြော်ဘယ်လိုစိတ်ကူးမိသလဲဆိုလျှင်ငါ့မှာငွေပါလာတာကလဲနည်းနေတယ်၊ငါလိုချင်တာတွေကလဲများတယ်၊ ခုနေလမ်းခရီးမှာ ရွှေဒိုးများကောက်ရလျှင်တော့ အတော်ဘဲလို့ အဲဒီလိုစိတ်ကူးမိတယ်၊ ဒါစိတ်ကူးတာ,စိတ်ကူးတာ၊အဲသည်လို သူစိတ်ကူးတာကလေးကို စိတ်ထဲမှာမထားနိုင်ဘူး နောက်ကပါတဲ့မအဂ္ဂါကို ထုတ်ဘော်ပြောတယ်၊ ဟေ့နောက်ကလိုက်တဲ့ မိအဂ္ဂါ ခုနေများ ငါ ရွှေဒိုးကောက်ရလျှင်တော့ နင့်ကို ငါတပြားမှမပေးဘူးလို့၊ အဲဒီလိုပြောတယ်၊ဒီတော့နောက်ကပါလာတဲ့ မအဂ္ဂါကသယ် အတူသွား အတူလာဒီလိုများ ရွှေဒိုးကောက်ရလို့မှ ငါ့ကိုတဝက်မပေးလျှင်တော့ နင့်ကို ငါ ခုံဘိနပ်နဲ့အဆော်ဘဲလို့ ပြန်ပြောတယ်၊ ဒီတော့တဖန် ရှေ့ကမဘဇာက ပြောတယ်၊ သယ် ငါနဲ့ထိုက်လို့ငါရတာ နင့်ကို ငါဘာပြုလို့ပေးရမလဲလို့ဆိုတော့ အဲဒီမှာ နှစ်ယောက်သား ရန်ဖြစ်လိုက်တာ

ကြွက်ကြွက်ကို ညံ့သွားတာဘဲတဲ့၊ ဆဲဒါသေသေချာချာကြည့်၊ နှစ်ယောက်သားရန်ဖြစ်တာ ကြွက်ကြွက်ညံ့နေတာဘဲ။

ဒီလိုလမ်းပေါ်မှာ ရန်ဖြစ်သွားကြတာကို လမ်းဘေးထန်းတောမှ ထန်းတက်သမား ကိုပဏ္ဍိက ကြားတာပေါ့၊ ကြားတော့မှ ကိုပဏ္ဍိက လမ်းပေါ်ထွက်လာတဲ့အခါ မဘာဓာနှင့် မအဇ္ဈါကို တွေ့တာပေါ့၊ တွေ့တော့မှ ကိုပဏ္ဍိက နှုတ်ထောက်မြန်တဲ့ ပုဂ္ဂိုလ်ဖြစ်တော့ နေပါဦးဗျာ ခင်ဗျားတို့ဟာ လာတာကလဲ နှစ်ယောက်ထဲ ရန်ဖြစ်လိုက်ထာကလဲ ကြွက်ကြွက်ကိုညံ့နေရော၊ ဘယ်အကြောင်းဘာလဲဗျာလို့ မေးတာပေါ့၊ မေးတော့ နောက်ကလိုက်တဲ့ မအဇ္ဈါက ကြည့်ပါတော်တဲ့ ကျွန်တော်မတို့ အတူသွားအတူလာရွေအိုးကောက်ရလျှင်ကျွန်တော်မကိုတဝက် ပေးထိုက်ပါလျက်သူကမပေးနိုင်ဘူးပြောတယ် တရားသလား ရှင်၊ ဆဲဒါပေးထိုက် မပေးထိုက်ကို ရှင်ဘဲ ဆုံးဖြတ်ပါရှင်တဲ့ ဒီတော့ ရှေ့က မဘာဓာကလဲ အင်းဟုတ်ပတော်တဲ့ ကျုပ်နှင့် ထိုက်လို့ ကျုပ်ရတာ ပေးထိုက်မပေးထိုက် ရှင်ဘဲဆုံးဖြတ်ပါ ရှင်လို့ဆိုသတဲ့။

ဒီတော့ထန်းတက်သွား ကိုပဏ္ဍိက စဉ်းစားတယ်၊ အင်းပေး ထိုက်တယ်လို့ ငါဆုံးဖြတ်လိုက်ရင်လဲ နောက်ကလူကို မျက်နှာ လိုက်ရာကျမယ်၊ မပေးထိုက်ဘူးလို့ ဆုံးဖြတ်လျှင်လဲ ရှေ့လူကို မျက်နှာလိုက်ရာကျမယ်၊ အကယ်၍ ငါမဆုံးဖြတ်ဘဲနေပြန်ရင် လဲပညာမရှိဘူးလို့ အပြောခံရမယ်တဲ့၊ ဆဲဒီ စကားသုံးခွန်းကို ဒကာမကြီးတို့ကိုယ် ပိုင်ဉာဏ် ကလေးနဲ့တွေးစမ်း ဦးပဏ္ဍိ ရင်ကျပ်သွားပြီဦးပဏ္ဍိရင်ကျပ်နေပြီ ဒကာမကြီးတို့ယောဂီတွေ ရင်ကျပ်နေသလိုဦးပဏ္ဍိရင်ကျပ်နေပြီ၊ ဘာပြုလို့လဲဒီဘဝကရုပ် နာမ်ဟိုဘဝလိုက်တယ်လို့အယူမှားလျှင်သဿတဒိဋ္ဌိ၊ ပြတ်သွား တယ်လို့ အယူမှားလျှင် ဥစ္ဆေဒဒိဋ္ဌိ၊ မပြတ်တပြတ်လို့ အယူ မှားလျှင် အမရာဝိက္ခေပ ဒိဋ္ဌိလို့ဆိုတော့ အဆုံးဖြတ်ရခက်နေ သလို ဦးပဏ္ဍိကြီးလဲ ခက်နေပြီ၊ ပေးထိုက်တယ်လို့ဆုံးဖြတ်လဲ အခက်၊ မပေးထိုက်ဘူးလို့ ဆုံးဖြတ်လဲအခက်၊ မဆုံးဖြတ်ဘဲ နေလဲအခက်၊ ဟော ဦးပဏ္ဍိရင်ကျပ်နေပြီ၊ ဆဲဒါ ဥပမာနော်။

အဲဒီတော့ ဦးပဏ္ဍိက ပညာရှိတဲ့ပုဂ္ဂိုလ်ကိုး ပညာဉာဏ်နှင့်စဉ်းစားပြီး ကိုင်း ကောင်းပြီ ခင်ဗျားတို့တရားနှစ်ပြင်ကို ကျွန်ုပ်ဆင်ခြင်ပြီးတော့ ဆုံးဖြတ်မယ်၊ သို့သော်လည်း ခင်ဗျားတို့ ရွှေအိုးက ဘယ်မှာလဲဗျာလို့ အဲဒီလို မေးလိုက်တယ်၊ အဲဒီလိုမေးလိုက်တဲ့ အခါကျတော့ မဘဇာနဲ့ မအဂ္ဂါ တယောက်မျက်နှာတယောက်ကြည့်ပြီး ပြူးစိစိလုပ်ပြီးတော့ နေကြတယ်၊ အဲဒီလို တယောက်မျက်နှာတယောက်ကြည့်ပြီး ပြူးစိစိလုပ်နေပြီး ဦးပဏ္ဍိကို ပြန်ပြောတယ်၊ဘာပြန်ပြောသလဲ ဆိုတော့ အင်း-ရွှေအိုးတော့ မရသေးပါဘူးတော်၊ မတော်တဆ ရခဲ့သော်ပါလို့ ဆိုကြတယ်တဲ့၊ အဲဒီတော့မှ ဦးပဏ္ဍိလဲ ရင်ချောင်သွားတယ်။

ဦးပဏ္ဍိကတဖန် ဟုတ်လှတယ်တဲ့ ခင်ဗျားတို့တကယ်မရတဲ့ရွှေအိုးအရလုပ်ပြီးတော့ ခင်ဗျားတို့ ရန်ဖြစ်ကြတာကိုးတဲ့၊ တကယ်မရတဲ့ ရွှေအိုးကို တကယ်မရမှန်းသိလျှင် ခင်ဗျားတို့နှစ်ယောက်ဟာ ရန်ဖြစ်စရာအကြောင်း မရှိပါဘူးတဲ့၊ အကယ်၍ ခင်ဗျားတို့နှစ်ယောက်ဟာ ကျုပ်နဲ့သာ မတွေ့ရလို့ရှိလျှင်တဲ့ တကယ်မရတဲ့ရွှေအိုး အရလုပ်ပြီးတော့ ဒီရန်ပွဲကြီးဟာ မုံရွာမြို့ကပြန်၍ မအူရွာကို ရောက်သည့်တိုင်အောင် ရွှေဆက်မျိုးဆက်ပြတ်လောက်အောင် ဒီရန်ပွဲငြိမ်းမှာ မဟုတ်ဘူးတဲ့၊ ခုတော့ တကယ်မရတဲ့ရွှေအိုးကို မရမှန်းသိလို့ ခင်ဗျားတို့ ရန်ပြေသွားတာဘဲဟု အဲဒီလို ဦးပဏ္ဍိက ပြောသတဲ့၊ အဲဒါ ဥပမာပြောတာနော်၊ ဦးပဏ္ဍိဟာ ရင်ကျပ်ထာပျောက်သွားရော၊ ဘာပြုလို့လဲ တကယ်မရတဲ့ရွှေအိုး တကယ်ရမှမရဘဲနဲ့ ဘယ့်နဲ့လုပ် ဆုံးဖြတ်မလဲ၊ ဆုံးဖြတ်စရာ မလိုတော့ဘူး၊ ပေးထိုက်တယ်လို့လဲ ဆုံးဖြတ်စရာ မလိုတော့ဘူး၊ မပေးထိုက်ဘူးလို့လဲ ဆုံးဖြတ်စရာမလိုဘူး၊ ဟော ဦးပဏ္ဍိ ရင်ချောင်သွားပြီ။

အဲဒီလိုဘဲ တို့ယောဂီတွေဟာ ဒီဘဝရုပ်နာမ်ခန္ဓာ ဟိုဘဝလိုက်တယ်လို့ ယူလျှင်လဲ သဿတဒိဋ္ဌိ၊ ဒီဘဝရုပ်နာမ် ဟိုဘဝမလိုက် ပြတ်သွားရောယူလျှင်လဲ ဥစ္ဆေဒဒိဋ္ဌိ၊မပြတ်တပြတ်လို့ အယူမှားလျှင်လဲ အမရာဝိက္ခေပဒိဋ္ဌိ၊ ဒီတော့ ဘယ်သူ့ကြောင့် ဖြစ်ရသလဲ၊ အတ္တဒိဋ္ဌိကြောင့် ဖြစ်ရတာတဲ့၊ ကိုင်း တို့ယောဂီတွေ အတ္တဒိဋ္ဌိကို ဖြုတ်လိုက်ပြီ၊ ဖြုတ်လိုက်တော့ ကိုယ်ပိုင်ဉာဏ်နဲ့ကြည့်စမ်း၊ ဒီဘဝရုပ်နာမ်

ဟိုဘဝလိုက်တယ်လို့ မဆိုထားနဲ့ အခု ပစ္စုပ္ပန်သက်သက် ကိုယ်အတွင်းသဏ္ဍာန်မှာ တကယ်အမှန်ရှိတဲ့ ရုပ်ကလာပ်ကလေးတွေ ထိုင်နေရာက ရုပ်တွေဟာ ထသွားရာများပါသလား ကြည့်စမ်း၊ ထိုင်နေတဲ့ရုပ် ထတဲ့နောက်မလိုက်၊ ထနေတုန်းရုပ်တွေ ထိုင်တဲ့နောက်မပါ၊ ခြေလှမ်းလှမ်းသွားတယ်၊ တလှမ်းပြီးတလှမ်း သွားတာပဌမလှမ်းတဲ့ခြေလှမ်းက ရုပ်တွေ နာမ်တွေဟာ ဒုတိယခြေလှမ်းမလိုက်ထာ ကိုယ်တိုင်သိ၊ ကိုင်း ထိုင်နေတုန်းရုပ်က အိပ်တဲ့နောက် မပါဘူး၊ အိပ်နေတုန်း ရုပ်က ထသွားတဲ့နောက်မလိုက်ဘူး၊ ဒါကိုယ်တိုင်သိ၊ ဒီပစ္စုပ္ပန်မှာ ကိုယ်တိုင်သိနေတဲ့ ရုပ်တရားတွေဟာ အမိုးမရလို့ အနတ္တသဘာဝ ဖြစ်ပျက်နေတာ ကိုယ်တိုင်သိပြီးတော့ ငါမဟုတ်ဘူးဆိုတဲ့ အနတ္တကိုလဲ မိနေပြီ၊ ရုပ်တရားတွေကလဲ ဘယ်နေရာမှ ရွှေ့လို့ပြောင်းလို့မရ၊ ပစ္စုပ္ပန် သက်သက် မဟုတ်လား၊ ကောင်းကင်မှာ လက်တဲ့လျှပ်စစ်ရောင် ပမာဏာပစ္စုပ္ပန်သက်သက်ခဏကလေးဖြစ်ပျက်သွားတဲ့ ရုပ်နာမ်ဟာ ဘယ်လိုက်နိုင်အုံးမှာလဲ၊ ဘယ်မှလိုက်စရာမရှိဘူး၊ကိုယ်တိုင်သိ၊ အဲဒီတော့ ဒီဘဝကရုပ်နာမ်တွေ ဟိုဘဝလိုက်တယ်လို့ ဘယ်လိုယူအုံးမှာလဲ၊ ယူစရာမလိုတော့ဘူး။

ကိုင်း-ဒါဖြင့်နေအုံး ပြတ်သွားရောဆိုတဲ့ အယူကော ဘယ်လိုလုပ်ယူမလဲ ဉာဏ်နဲ့ကြည့်စမ်း၊ အခု နာနက္ခဏိကကမ္မသတ္တိတဲ့ ကံ,စိတ်,ဥတု,အာဟာရ အကြောင်းတရား လေးပါးတို့ကြောင့် ရုပ်တရား နာမ်တရား တို့သည် တဖွားဖွား ဖြစ်နေတာ ကိုယ်တိုင်သိ၊ အဟောင်း ပျောက်တိုင်း အသစ်ရုပ်က တဖွားဖွား ဖြစ်နေတာ၊ အဲဒီလိုဖြစ်ပျက်မစဲကို ကိုယ်တိုင်သိနေတော့ ဤဘဝမှာဖြစ်ပျက်မစဲလို့ဘဲ၊ ပဋိသန္ဓေ,စုတိနောင် ပဋိသန္ဓေဖြစ်တော့ ဟောစုတိ ရုပ်နာမ်ခန္ဓာချုပ်သွားပြီ ဟိုမှာပဋိသန္ဓေ ရုပ်နာမ်ခန္ဓာဖြစ်ထာဘဲ၊ ဘာပြုလို့လဲ ကံစိတ်ဥတုအာဟာရ အကြောင်းတရားလေးပါး ထင်ရှားရှိနေတာကိုး၊ အဲဒီလို အကြောင်းတရားလေးပါး ထင်ရှားရှိသောကြောင့် ဟောဒီက စုတိ ရုပ်နှင့်နာမ်ချုပ်သွားပြီ၊ ဟောပဋိသန္ဓေ ရုပ်နာမ်ပေါ်တာဘဲ၊ ပစ္စုပ္ပန်လိုပေါ့ အတူတူဘဲ၊ ဖြစ်ပျက်မစဲဘဲ ရထစက္ကမိဝ ရထားလှည်းဘီးစက်ကဲ့သို့ မပြတ်ဖြစ်တယ်ဆိုတာ သိနေပြီ၊ ဖြစ်ပျက်မစဲ ကိုယ်တိုင်သိနေတော့ ဟာဒီဘဝကရုပ်နာမ်ခန္ဓာတွေဟာ ဟိုဘဝကိုလိုက်တယ်

လို့လဲ ယူစရာမလိုတော့ဘူး၊ ပြတ်သွားရောဆိုတာ ကိုယ်တိုင်သိနေတာ နိဗ္ဗာန်မရသေးသမျှကာလပတ်လုံး ခန္ဓာဇာတ်သိမ်း ငြိမ်းရာမရှိ၊ ဖြစ်လေရာဘဝ ရုပ်နာမ်အစဉ်ရှိတယ်ဆိုတာ ကိုယ်တိုင်သိ၊ ဖြစ်ပျက်မစဲကို၊ အဲဒီလိုတော့ကိုင်း ဟိုဘဝပြတ်သွားရောလို့ အယူလဲမရှိတော့ဘူး၊ ဒါဖြင့်ရင် လိုက်တယ်ဆိုတဲ့အယူလဲ မယူတော့ဘူး၊ ပြတ်တယ်ဆိုတဲ့အယူလဲ မယူတော့ဘူး၊ မပြတ်တပြတ်အယူကိုကော ယူစရာလိုသေးသလား၊ မယူတော့ဘူး၊ မလိုတော့ဘူး၊ ဘာဖြစ်လို့လဲ သဿတဒိဋ္ဌိပြုတ်သွားပြီမဟုတ်လားလို့၊ အဲအတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ တန်းလန်းရှိနေလျှင် ဒိဋ္ဌိတွေဟာ အမှန်မပြုတ်နိုင်ဘူး၊ အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိတကယ်ပြုတ်ရိုးမှန်လျှင် ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ပျက်မစဲ ခန္ဓာထဲမှာတကယ်တမ်းသိနေတဲ့ယောဂီ ဘယ်နည်းနှင့်မဆို ဟောဒိဋ္ဌိတွေ မရှိတော့ဘူး၊ အတ္တဒိဋ္ဌိပြုတ်သွားလျှင် အကုန်ဒိဋ္ဌိတွေပြုတ်, အဲဒါဒိဋ္ဌိဝိသုဒ္ဓိလို့ခေါ်တယ်၊ ဒီတော့ ကိုင်း သီလဝိသုဒ္ဓိဖြစ်ပုံ, စိတ္တဝိသုဒ္ဓိဖြစ်ပုံ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပုံ ကိုယ်တိုင်သိနေကြပြီ၊ ဒါဖြင့်လျှင် ကင်္ခါဝိတရဏဝိသုဒ္ဓိတဲ့ ကင်္ခါဆိုတာ ယုံမှားခြင်းတဲ့၊ ယုံမှား ဘယ်နှစ်မျိုးရှိသလဲ၊ ယုံမှားရှစ်ချက်ရှိတယ်၊ ယုံမှားရှစ်ချက်က ဘယ်သူတွေလဲဆိုလျှင်–

| | |
|---|---|
| ဗုဒ္ဓေကင်္ခတိ | ....ဘုရား၌ယုံမှားခြင်း |
| ဓမ္မေကင်္ခတိ | ....တရားတော်၌ယုံမှားခြင်း |
| သံဃေကင်္ခတိ | ....သံဃာတော်၌ယုံမှားခြင်း |
| သိက္ခာယကင်္ခတိ | ....သိက္ခာပုဒ်၌ယုံမှားခြင်း |
| ပုဗ္ဗန္တေကင်္ခတိ | ....အတိတ်၌ယုံမှားခြင်း |
| အပရန္တေကင်္ခတိ | ....အနာဂတ်၌ယုံမှားခြင်း |
| ပုဗ္ဗန္တာပရန္တေကင်္ခတိ | ....ပစ္စုပ္ပန်၌ယုံမှားခြင်း |
| ပဋိစ္စသမုပ္ပါဒေကင်္ခတိ | ....ပဋိစ္စသမုပ္ပါဒ်၌ယုံမှားခြင်း |

ယုံမှားရှစ်ချက်ရှိတော့ကာ ....အခုယောဂီတွေ ဒိဋ္ဌိပြုတ်သွားပြီ၊ ငါမဟုတ်ဘူးဆိုတဲ့ ရုပ်နာမ်ကိုဉာဏ်သဖြင့် ဖြစ်ပျက်ကိုသိသောကြောင့် ဒိဋ္ဌိပြုတ်သွားလျှင် ကင်္ခါဝိတရဏဝိသုဒ္ဓိဖြစ်သွားတာဘဲ၊ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ် ဟောတော်မူတဲ့အတိုင်း ရုပ်တရားနာမ်တရားတို့သည် ထာဝစဉ်အမြဲတမ်း အသစ်အဟောင်း ပြောင်းလဲနေတဲ့ ဥဒယဗ္ဗယ မှန်လိုက်တာကွာလို့ သိနေပြီ၊သိနေကထဲက ဘုရားကိုယ်တော်

မြတ်ကြီးကိုလဲ ဘုရားဟုတ်မှ ဟုတ်ပါ့မလားလို့ ယုံမှားကင်းသွားပြီ၊ တရားတော်လဲ မှန်မှ မှန်ပါ့မလားဆိုတဲ့ သံသယကုက္ကုစ္စတွေလဲ မရှိတော့ဘူး၊ ဘုရားတရားတော် လိုက်နာတဲ့ သံဃာတော်တွေ ကလဲ ဟုတ်မှဟုတ်ပါ့မလားဆိုတဲ့ သံသယမျိုးမရှိဘူး၊ ပျောက်သွားပြီ၊ အဲဒီတော့ သိက္ခာယကာ်တိတဲ့၊ မိမိတို့ကျင့်ထားတဲ့ ကျင့်ဝတ်သိက္ခာပုဒ်တွေ မှန်မှ မှန်ပါ့မလားလို့ ဒီလိုသံသယမျိုးတော့ ရှိအုံးမလားကြည့်၊ မိမိတို့ကိုယ်တိုင် သီလရယ်, သမာဓိရယ်, ပညာရယ် ကိုယ်တိုင်ထူထောင်ပြီးတော့ အားထုတ်နေတာ ဒီသီလတို့ သမာဓိတို့ ပညာတို့က မြတ်မှမြတ်ပမလားလို့ ဒီသံသယမျိုးကော ရှိအုံးမလား၊ မရှိတော့ဘူး၊ ပြတ်သွားပြီ၊ ဒါဖြင့် ယုံမှားလေးချက်ပြီးသွားပြီ၊ ပုဗ္ဗန္တေကာ်တိ, အပရန္တေကာ်တိ,ပုဗ္ဗန္တာပရန္တေကာ်တိဆိုတော့မာဂဓစကား နားမလည်ဘူး၊ အတိတ်ယုံမှားကင်းသွားပြီ၊ အနာဂတ်လဲ ယုံမှားကင်းသွားပြီ၊ ပစ္စုပ္ပန်လဲ ယုံမှားကင်းပြီတဲ့၊ အတိတ်,အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါး ဘယ်လိုကင်းသလဲ၊ ကင်းပုံကင်းနည်းက-

**ဥပမာ**-ထန်းပင်အဖိုပင်ကြီးကို မြင်လိုက်ထာနှင့်တပြိုင်နက် အတိတ်, အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါး တခါထဲ ယုံမှားကင်းတယ်၊ ဘယ်လိုကင်းသလဲ၊ အဲဒီ ဥပမာကလေးကို မြင်အောင်ကြည့်ထား၊ထန်းပင်အဖိုပင်ကြီးကို့မြင်လိုက်ထာနှင့်တပြိုင်နက်ဒီထန်းပင်ဖိုကြီးဟာကွယ် ခုအခါသာ မသီးတာပါ၊ဟိုနောက်တုန်းက သီးများ သီးလာသလားလို့ ဒီလိုသံသယမျိုး ရှိအုံးမလားတဲ့၊ အတိတ်ကမရှိဘူး၊ ဒီထန်းပင်ဖိုကြီးဟာကွယ် ခုမသီးပေတဲ့ တို့မရှိတဲ့အခါ နောက်တော့ သီးများသီးနေအုံး မလားလို့ ဒီလိုသံသယမျိုးကော ရှိအုံးမလားလို့၊ မရှိတော့ဘူး၊ ဒါဖြင့် ဒီထန်းပင်ဖိုကြီးဟာ ဒီနှစ် သီးများသီးလာမလားလို့ ပစ္စုပ္ပန်ကောယုံမှား ရှိအုံးမလားဆိုတော့ မရှိတော့ဘူး၊ အဲဒါကြောင့် ထန်းပင်အဖိုပင်ကြီးကို မြင်လိုက်ထာနှင့် တပြိုင်နက်ထဲ အတိတ်ကာလ ကလဲမသီးခဲ့ဘူး၊ နောင်အနာဂတ်လဲ သီးမှာမဟုတ်ဘူး၊ ယခုပစ္စုပ္ပန်လဲ မသီးဘူးဆိုတာ ဧကန်မုချ ဆုံးဖြတ်နိုင်တယ်တဲ့။

ထိုနည်းတူစွာတဲ့ ယောဂီများသည် မိမိကိုယ်တွင်း သဏ္ဍာန်မှာ တကယ်အမှန်ရှိတဲ့ ရုပ်တရား နာမ်တရားတို့၏ ခဏမစဲ အမြဲတမ်း

အသစ်အဟောင်း ပြောင်းလဲခြင်းကို တွေ့သဖြင့် ဒီရုပ်နာမ် သင်္ခါရက လွဲလို့ ငါလဲမရှိ သူလဲမရှိ သတ္တဝါ ယောကျ်ား မိန်းမမရှိ၊ ထိုရုပ်တရား နာမ်တရားတို့၏ ဖြစ်ပျက်သာလျှင် ရှိတယ်ဆိုတာ ကိုယ်တိုင် သိနေပြီမဟုတ်လား၊ အဲဒီလို သိနေကထဲက ဩော် ရုပ်တရား နာမ်တရားတို့ဟာ ခုမှသာ ဖြစ်ပျက်ဆဲလား။ လွန်ခဲ့တဲ့ ကာလကတော့ သတ္တဝါတွေ အထူးဖြစ်လာတာဘဲလို့ ဒီသံသယမျိုး ဖြစ်အုံးမလား ဆိုတော့ မဖြစ်တော့ဘူး၊ ဒီရုပ်တရား နာမ်တရား တို့ဟာ ခုမှသာ ဖြစ်ပျက်ရှိနေတာပါကွာ၊ နောင်အနာဂတ် ကာလကျတော့ သတ္တဝါတွေ အထူးဖြစ်အုံးမှာဘဲလို့ ခုလိုသံသယမျိုး ရှိအုံးမလားဆို၊ မရှိနိုင်တော့ဘူး၊ ယခုပစ္စုပ္ပန်လဲ သတ္တဝါ အထူးဖြစ်ဆဲ ဒီသံသယမျိုးကော ပေါ်အုံးမလားဆိုတော့၊ မပေါ်တော့ဘူးတဲ့၊ ဘာပြုလို့လဲဆိုတော့ ဖြစ်ပျက်ကို ယထာဘူတ ဉာဏေန ဒိဋ္ဌသိနေကြသဖြင့် ရုပ်နာမ်တည်းဟူသော ဖြစ်ပျက်ကလွဲလျှင် ငါမရှိဘူး သူမရှိဘူး၊ သတ္တဝါ ယောကျ်ား မိန်းမ မရှိဘူးတဲ့၊ ကိုယ်တိုင်သိနေကြပြီ၊ ဒါဘာလဲ၊ ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိ ခေါ်တယ်၊ ဒီတော့ သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏ ဝိသုဒ္ဓိလေးပါး ပါသွားပြီ၊ ဝိသုဒ္ဓိလေးပါးရနေပြီ။

ဒါဖြင့်ရင် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိတဲ့ ကိုင်းမဂ်ဟုတ်တယ်မဟုတ်ဘူးဆိုတာ ပိုင်းခြားသိရမယ်၊ ယောဂီများ ဘယ့်နှဲ့လုပ် သိကြမလဲ၊ ယောဂီတွေသိရမယ်တဲ့ ဘယ်မှာ သိမလဲ၊ ဟောဒီဥဒယဗ္ဗယ ဆိုတဲ့ ဖြစ်ပျက်ကိုရှုနေတဲ့ ဥဒယဗ္ဗယဉာဏ်ထဲမှာ မုချမလွဲသိရမယ်တဲ့၊ သိပုံ သိနည်းကို ဘုန်းကြီးပြောလျှင် မှတ်ထားပေါ့၊ ဘယ်လိုသိမလဲဆိုလျှင် ဟောဒီဥဒယဗ္ဗယဉာဏ်ထဲမှာ ဝိပဿနာညစ်ညူးကြောင်း ဆယ်ပါး ရှိတယ်၊ ဝိပဿနာ ညစ်ညူးကြောင်းဆယ်ပါး ဘယ်သူတွေလဲ−

ဩဘာသော, ပီတိ, ပဿဒ္ဓိ၊
အဓိမောက္ခော စ, ပဂ္ဂဟော၊
သုခံ, ဉာဏ မုပဋ္ဌာနံ၊
ဥပေက္ခာ စ, နိကန္တိ စ။

ဆိုတဲ့ ညစ်ညူးကြောင်း ဆယ်ပါး ရှိတယ်၊ အယုတ်ဆုံး ဥပမာ များသောအားဖြင့် ယောဂီများ စိတ်သဏ္ဍာန်မှာ ဝိပဿနာအလုပ် အားထုတ်ရင်း ဖြစ်ပျက်ထဲမှာ အရောင်တွေ အဆင်းတွေ အလင်းတွေ

ပေါ်လာတတ်တယ်၊ တချို့ နတ်တွေ,သိကြားတွေ ပေါ်လာတတ်တယ်၊ တချို့ ဘုရားတွေ, ရဟန္တာတွေ ကြွလာတတ်တယ်၊ အဲဒါ သမာဓိ တန်ခိုးကြောင့်ဖြစ်လာတာ၊ သမာဓိအားကောင်းတဲ့ ပုဂ္ဂိုလ်များ ပေါ် တတ်တယ်၊ တချို့ ပီတိတွေဖြစ်ပြီးတော့ နေတတ်တယ်၊တချို့ ပဿဒ္ဓိ တွေဖြစ်ပြီး ငြိမ်းပြီးတော့နေတတ်တယ်၊ အဲဒီလို ဖြစ်ပေါ်လာလို့ရှိလျှင် တဲ့ မိမိကိုယ်တိုင်က ပရိယတ္တိဉာဏ်ကိုမှီ၍သော်၎င်း သို့မဟုတ် ဆရာ သမားတို့၏ အသုံးအမြွက်ဝါဒကို ရ၍သော်၎င်း ဟာ ဒါဝိပဿနာ တရား ညစ်ညူးကြောင်းပေါ်လာတာ၊ ဘယ်နည်းနှင့်မှ မဂ်ဉာဏ် ဖိုလ်ဉာဏ် မဟုတ်နိုင်သေးဘူး မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ဆိုင်တဲ့ တရား မဟုတ်ဘူးဆိုတာ ကိုယ်တိုင်ဆုံးဖြစ်နိုင်တယ်၊ ကိုယ်တိုင်သိတယ်၊ ဒါ မဂ်မဟုတ်နိုင်ဘူး မဟုတ်သေးဘူးဆိုတာ ဒါတွေဟာ သမာဓိ တန်ခိုး တွေဘဲ၊ သမာဓိအရောင်တွေဘဲ၊ သမာဓိကြောင့် ဖြစ်ပေါ်လာတာ တွေဘဲ' ဒါ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရနိုင်တဲ့တရားတွေဘဲ ဆိုတာ သိသွားပြီ၊ အဲဒီလိုသိနေတာဟာ မဂ္ဂါမဂ္ဂဉာဏဒဿနသုဒ္ဓိတဲ့၊ မဂ် ဟုတ်တယ်မဟုတ်တယ်ကို ပိုင်းခြားသိနိုင်တယ်။

အဲဒါကြောင့် ယောဂီများ အားထုတ်နေရင်း အခုပြောတဲ့ အရောင် အဆင်းအလင်းတွေ ပေါ်လာပါလျှင် ဖျက်ပြစ်လိုက်၊ ဘာမှမဆိုင်ဘူး၊ ဘယ်နည်းနဲ့မှမမှန်ဘူး၊ ပီတိတွေဖြစ်လာမယ် ပဿဒ္ဓိတွေ ဖြစ်လာ မယ်ဆိုလဲ ရှေ့ကိုမတိုးတက်တော့ဘူး၊ မတိုးတက်တော့ ဘယ်နည်း နဲ့မှ မဂ်ကိုမရောက်နိုင်တော့ဘူး၊ ဒါကြောင့် မဂ်ဟုတ်တယ်မဟုတ်ဘူး ပိုင်းခြားသိနိုင်တာ ဘယ့်နဲ့သိနိုင်သလဲ၊ ဥဒယဗ္ဗယဉာဏ်မှ သိတတ် တယ်တဲ့၊အဲယောဂီများ ဝိရိယကောင်းလို့အားထုတ်လို့ဥဒယဗ္ဗယဉာဏ် ထက်ရင့်သန်ပြီးတော့ ဘင်္ဂဉာဏ်တို့ ဘယဉာဏ်တို့အာဒီနဝတို့ နိဗ္ဗိန္ဒတို့ မုစ္စိတုကမျတာ, ပဋိသင်္ခါ, သင်္ခါရုပေက္ခာဉာဏ်ဘို့ကျအောင် ဝိပဿ နာဉာဏ် ၇-ပါးရှိတယ်၊ အဲဒီ ဝိပဿနာဉာဏ် ၇-ပါးနဲ့ ဘယ်သူနဲ့ ဟုည့် တက်သွားသလဲဆိုတော့ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိနဲ့ တွဲသွားမယ်တဲ့ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိခေါ်တယ်၊ အဲဒီက ဒီ သီလ ဝိသုဒ္ဓိ, စိတ္တဝိ သုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ, ဝိသုဒ္ဓိငါးပါးက ဥဒယဗ္ဗယဉာဏ်ထဲ မှရတယ်၊ ဥဒယဗ္ဗယဉာဏ်ထဲမှာ အဲဒီ ဥဒယဗ္ဗယဉာဏ်ထဲမှာ ဝိသုဒ္ဓိ-၅-ပါးရတယ်၊ ဘင်္ဂဉာဏ်, ဘယ

ဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိန္ဒဉာဏ်, မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ် သင်္ခါရုပေက္ခာဉာဏ်ကျအောင် ဟော ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိကိုရတယ်၊အဲဒါ လောကီဝိသုဒ္ဓိတွေ လောကီဝိသုဒ္ဓိ၊လောကုတ္တရာနဲ့မဆိုင်သေးဘူး၊ အဲ ဝိပဿနာဉာဏ်ကလဲ လောကီဝိပဿနာဉာဏ်ဘဲ၊ လောကီဝိပဿနာဉာဏ်ပေမဲ့ သာမညမမှတ်နဲ့နော်၊တို့-ဗောဓိပက္ခိယတရား-၃၇-ပါး အတွင်ဝင်တဲ့ ဉာဏ်တွေပေါ့၊ ဒါကြောင့် ဗောဓိပက္ခိယတရား ၃၇-ပါးအတွင်းဝင်တဲ့ ဝိသုဒ္ဓိ၊ ဗောဓိပက္ခိယတရား ၃၇-ပါးအတွင်ဝင်တဲ့ဝိပဿနာဉာဏ်ဖြစ်သောကြောင့် ပုဗ္ဗဘာဂမဂ်လို့ခေါ်တယ်၊ မဂ်သို့ကြေန်ရောက်ဆဲရောက်လတ့်သောတရားတွေတဲ့ဒါကြောင့် ပုဗ္ဗဘာဂရှေ့အဘို့ မဂ်ကိုရဆဲရလတ့်ဖြစ်သောဉာဏ်၊မဂ်ကိုရဆဲရလတ့်ဖြစ်သောဝိသုဒ္ဓိလို့ခေါ်တယ်၊အဲ ပြီးတော့မှ ဉာဏဒဿနဝိသုဒ္ဓိဆိုတော့ အနုလောမဉာဏ်ကနေပြီးတော့ ပရိကံ, ဉပစာ,အနုလုံဂေါတြဘူ ဆိုပြီး မဂ်, နိဗ္ဗာန်မျက်မှောက်ပြုပြီးတော့ မဂ်သို့ဆိုက်တဲ့အခါ အဲဒါ ဉာဏဒဿနဝိသုဒ္ဓိတဲ့၊ အဲဒါ ဝိသုဒ္ဓိ-၇-ပါး၊ ဝိပဿနာဉာဏ်-၁၀-ပါး။

အမှန်အားဖြင့် ယောဂီများမှာ ရတတ်တယ်၊ ရသော်လဲ လူတိုင်း မသိဘူးတဲ့၊ ဉာဏ်-၁၀-ပါးကို တက်သော်လဲ ခွဲခြားလို့ လူတိုင်း သိတာမဟုတ်ဘူးတဲ့၊ အခု ကျမ်းဂန်မှာရှိလို့သာ ဘုန်းကြီးများက ထုတ်ပြောတာ၊ တကယ် အလွယ်အားဖြင့် ယောဂီများ သိဘို့ကနက်နဲတဲ့ တရား၊ ကိုယ်တိုင်သိဘို့ စင်စစ် မုချ အားဖြင့် မိမိတို့ ကြိုးစ ပြီးတော့ သိဘို့ ဝတ္တရားက အားထုတ်တဲ့ ယောဂီများသည် မဂ်ကိုရောက်ဘို့ရာ လွယ်လွယ်ကလေးနဲ့ ရောက်ချင်လဲ ရောက်သွားတာဘဲ၊ လွယ်တဲ့ပုဂ္ဂိုလ် အင်မတန်လွယ်တယ်၊ ခဲယဉ်းတဲ့ ပုဂ္ဂိုလ်လဲ ခဲယဉ်းတာဘဲ၊ ဘယ်လိုခဲယဉ်းခဲယဉ်း ဘယ်လိုလွယ်လွယ် ကိုယ့်ကိစ္စမဟုတ်ဘူး၊ ကိုယ့်ကိစ္စကဘာလဲ ဝီရိယကအားထုတ်, သတိကမြဲ, သမာဓိစိတ်ခိုင်, ဟော ပညာစခန်းမှာအမှန်ယထာဘူတ ရုပ်နာမ်ဖြစ်ပျက်ကိုသာ ကြေန်သိကြပါစေ၊ အဲဒီလိုသာ အမှန်အကန် ကြေနသိနေလျှင် စိတ်ချ အပါယ်လေးပါးကို မလားနိုင်ဘူး၊ဒါကြောင့် ကြိုးစားပြီးတော့ လေးလေးစားစား တို့ အားထုတ်တဲ့ တရားသည် ဘုရားကိုယ်တော်မြတ် သာသနာခေတ်အတွင်းမှာ တွေ့ကောင်းတဲ့

တရားဘဲ၊ တို့ရှေးဘုန်းရှေးကံ ပါရမီသန်လို့ အမှန်တွေ့ရတဲ့တရားဘဲ ဆိုတာ ကိုယ်ပိုင်ဉာဏ်နဲ့ သိကြဘို့ပေါ့၊ အဲဒီလို ကိုယ်တိုင်ကိုယ်ပိုင် ဉာဏ်နဲ့ သိပြီးတော့ မလျှော့တမ်းအားထုတ်ကြပေါ့၊ စင်စစ်အားဖြင့် လဲ ခုနကပြောတဲ့ဉာဏ်တွေဟာ ဒိဘင်ဉာဏ်တို့ ဘယဉာဏ်တို့ အာဒီ နဝဉာဏ်တို့ နိဗ္ဗိန္ဒဉာဏ်တို့ အလိုလိုဉာဏ်ထဲမှာ သက်ရောက်လာ အောင် အားထုတ်ရတယ်၊ အဲဒီတော့ ဒကာ,ဒကာမတွေ အားထုတ်တဲ့ အခါမှာ တကယ်တမ်းတဘက်ကမ်းရောက်အောင် ဉာဏ်များမြင်သွား အောင်လို့ဆိုပြီးတော့ ဥပမာလေးတွေတင်တင်ပြီးတော့ သံသရာစက် ကြီးနှင့် လှည့်ပြလိုပြ၊ အဲနောက်ကတုန်းကလဲ ဘီလူးမနှင့် ဥပမာ ဆောင်ပြတယ်၊ အဲဒါတွေဟာ အဆုံးမှာတော့ ဉာဏ်မှာတနေ့ထက် တနေ့ ရင့်သန်သွားအောင် တိုက်တွန်းပြတာ၊ အဲခု ဘုန်းကြီး ဥပမာ ဆောင်ပြအုံးမယ်၊ ကိုယ်ပိုင်ဉာဏ်နှင့် အစ္စုတ္တိကသစ္စာဉာဏ်မှာ အမှန်ကို မြင်အောင် ကြည့်၊ အရယောဂီများဟာ, အဝိဇ္ဇာသည် အင်မတန် ကြောက်စရာ ကောင်းတယ်၊ ဝိဇ္ဇာဉာဏ်ကိုရမှ အမှန်ကိုသိတာ၊ အဝိ ဇ္ဇာသည် ဘယ်အခါကာလမှမသိကြောင်း အမှန်သက်သေခံပြမယ်။

## မြွေလေးကောင်ဥပမာ

**ဥပမာ**-မင်းပြစ်မင်းဒဏ်သင့်လာတဲ့ ရာဇဝတ်သားတယောက်ကို မင်း ချင်းများက ဖမ်းဆီးပြီးတော့ ရှင်ဘုရင် ရှေ့တော်မှောက်သို့ ပို့ဆောင်လိုက်တဲ့တခါ ရှင်ဘုရင်က သက်သေများနှင့်တကွ စစ်ဆေးကြည့်တယ်၊ ထိုရာဇဝတ်သားဟာ ထင်ရှားတဲ့အပြစ် ကျူးလွန်တာတွေ့ရသတဲ့၊ အဲဒီလို အပြစ်နှင့်ထင်ရှားကျူးလွန် ထားတာတွေ့တော့ ရှင်ဘုရင်က ဟေ့ မင်းတော့ဖြင့် သတ် ထိုက်တဲ့အပြစ်ဒဏ်ရှိတယ်၊ သို့သော်လည်း ငါကိုယ်တိုင် မင်း ကို မသတ်ဘူးဆိုပြီး ဥပါယ်တမျည်နှင့် သူ့ကိုစေခိုင်းလိုက် တယ်၊ ကိုင်း ဒီကနေ့ကစပြီးတော့ မင်း ဟောဒီမြွေလေးကောင် ကို နေ့တိုင်းမပြတ် အစာကျွေးလျှင် မင်းကိုငါမသတ်ဘူး၊ အ ကယ်၍ ထိုမြွေလေးကောင်ကို မင်းအစာမကျွေးဘဲ နေလျှင် တော့ဖြင့် မင်းကို ငါ ဧကန်မုချ မလွဲတမ်းသတ်ရတော့မယ်၊ အဲဒီလို ဘုရင်မင်းမြတ်က အမိန့်ပေးလိုက်တော့ ရာဇဝတ်သား

က အသက်မသေရဘူးဆိုပြီး အင်မတန်ဝမ်းမြောက်ထာပေါ့၊ ဝမ်းမြောက်တော့ခါ ဒီမြွေလေးကောင်ကို နေ့တိုင်းမပြတ် နို့စွဗဒ်အမြဲ အစာရှာကျွေးတယ်၊ ဒီမြွေလေးကောင်က သာမည မြွေလေးကောင်မဟုတ်ဘူး၊ အမည်အားဖြင့်–

ကဋ္ဌမုခမြွေ,
အဂ္ဂိမုခမြွေ,
ပုတိမုခမြွေ,
သတ္တမုခမြွေ,

ကဋ္ဌမုခမြွေဆိုတာ ဘယ်လောက်အဆိပ်ပြင်းသလဲ၊ ကဋ္ဌဆိုတာ အနက်အားဖြင့် ထင်းချောင်း၊ အဲဒီ့ကဋ္ဌမုခမြွေ ကိုက်လိုက်ပြီဆိုလျှင် ဟာ,တကိုယ်လုံးထင်းချောင်းလိုကွေးကောက်တောင့်တင်းပြီး တခါထဲ ကယ်ပါယူပါဆိုပြီး သေရတာဘဲ၊ အဲဒီလောက်အဆိပ်ပြင်းတယ်၊ ကဋ္ဌမုခမြွေ။

အဂ္ဂိမုခမြွေများ ကိုက်လိုက်မယ်ဆိုလျှင် တကိုယ်လုံး ဘယ်လိုဖြစ်သွားသလဲ၊ တခါထဲ မီးဟုန်းဟုန်းတောက်ပြီးတော့ခါ တကထဲ ကယ်ပါယူပါဆိုပြီးတော့ သေရတာဘဲ၊ အဲဒီလောက်အဆိပ်ပြင်းတာ၊ ဒါကအဂ္ဂိမုခမြွေခေါ်တယ်။

ပြီးတော့ ခုနကပြောတဲ့ ပုတိမုခမြွေ၊ အဲဒီပုတိမုခမြွေကိုက်လိုက်လျှင်လဲတကိုယ်လုံးပုပ်ပွဆွေးမြည့်၊အရေတွေ စက်စက်ကျပြီးသေရတယ်၊ အဲဒီလောက်အဆိပ်ပြင်းတာ၊ ပုတိမုခမြွေ။

သတ္တ မုခမြွေများကိုက်လိုက်လျှင်တကိုယ်လုံးဒါးလက်နက်နှင့်ဖြတ်လိုက်သလို အပိုင်းအပိုင်းပြတ်သွားတယ်၊ ဤမျှလောက်အဆိပ်ပြင်းတယ်၊ အဲဒီမြွေလေးကောင်ကို ဘုရင်က ဥပါယ်တမျည်နှင့် အကျွေးခိုင်းတာ၊ မင်းဒီမြွေလေးကောင်ကို နေ့တိုင်းအစာကျွေး၊ မကျွေးလျှင်တော့ မင်းကိုသတ်မယ်၊ ဒီလိုဘုရင်ကအမိန့်ပေးလိုက်တာ၊ အဲဒီလို ဘုရင်က အမိန့်ပေးလိုက်တဲ့အခါကျတော့ အားရတာပေါ့၊ အားရတယ် သူက ငါတော့ အသက်မသေရတော့ဘူးဆိုပြီး ဝမ်းမြောက်ဝမ်းသာ နေ့တိုင်းရှာကျွေးတာဘဲ၊ အဲဒီလိုသူကသာကျွေးနေတယ်မြွေလေးကောင်က ကျေးဇူးများ တင်တယ်ထင်သလား၊ မင်းတော့ကွယ်နေ

မလစ်နဲ့ လစ်လျှင် ကိုက်သတ်မှာဘဲလို့ အမြဲတမ်းချောင်းနေတာ မလစ်နဲ့ လစ်လျှင် ကိုက်သတ်မယ်၊ မလစ်နဲ့ လစ်လျှင် ကိုက်သတ်မယ်ဆိုတာ အမြဲချောင်းတာ၊ အဲဒီလိုချောင်းနေတာကို ဒီရာဇဝတ်သား သိသလားဆိုလျှင် လုံးလုံးမသိဘူး၊ သူကတော့ ဝမ်းမြောက်ဝမ်းသာပေါ့လေ၊ ကတဲမဝ ဝအောင် အမြဲတမ်းရှာကျွေးနေတာဘဲ၊ ဒီလောက်အားရပါးရ ကျွေးတယ်၊ မြွေလေးကောင်က ကျွေးတာတော့ အစားသား၊ စားသာစားတယ်၊ မင်းတော့ မလစ်နဲ့ လစ်လျှင် ကိုက်သတ်မယ် အဲဒီရာဇဝတ်သား မသိဘူး။

မသိတော့မှ အင်မတန်ခင်မင်ရင်းနှီးတဲ့ မိတ်သဂ်ဟာနှင့်တွေ့တာပေါ့ သြော်ငါ့သူငယ်ချင်းနှယ် ဖြစ်မှ ဖြစ်ရလေခြင်းကွယ် ခုမင်းကျွေးနေတဲ့မြွေလေးကောင်ဟာ အင်မတန်ဘဲ အဆိပ်ပြင်းပါလား၊ အင်မတန်အဆိပ်ပြင်းတဲ့ မြွေလေးကောင်လဲ ဖြစ်တယ်ပြီးတော့ ခုမင်းကျွေးနေခြင်းဟာလဲ မင်းသဘောနှင့်မင်းကျွေးနေတာ မဟုတ်ဘူး ဘုရင်မင်းမြတ်အမိန့်အာဏာကို မင်းမလွန်ဆန်ဝံ့လို့ ကျွေးနေတာ၊ အခုနေ များကွယ် အကြောင်းသိရအောင် မင်းမကျွေးဘဲများ ထွက်သွားလို့ရှိလျှင်လေ ဘုရင်မင်းမြတ် ရွှေနားတော်ကြားက တပ်တောင်တာဗိုလ်ထုနှင့်လူစုလိုက်မှာ၊ ဘယ်နည်းနှင့်မှမနေဘူးဆိုတော့ ဟာဟုတ်ပါ့မလား သူငယ်ချင်း၊ ဒိုမိတ်ဆွေနှယ် ငါပြောတာမယုံလျှင် ပြေးစမ်းပေါ့ကွယ် မင်းခုနေပြေးလျှင်မင်းပြေးတာသိသည့်နှင့်တပြိုင်နက်ထဲ ဘုရင်ရွှေနားတော်ကြားက တပ်တောင်တာဗိုလ်ထုနှင့် လူစုလိုက်မှာအမှန်၊ ဒီအခါ မင်းတခုသောသစ်ပင်အောက်ရောက်လျှင် ပြန်ကြည့်ကွယ်တဲ့၊ နောက်ပိုင်းက တခါထဲစစ်သည့်တပ်သားတွေမင်းနောက်လိုက်လာတာ မင်းကိုယ်တိုင်မြင်ပါလိမ့်မယ်တဲ့၊အဲဒီအခါမင်းမကြောက်နဲ့ပေါ့ကွယ်၊ ပြေးသာပြေး ပြေးတဲ့အခါကျတော့တခုသောကမ်းဘား မင်းရောက်လိမ့်မယ်၊အဲဒီကမ်းဘားကျတော့ပြန်ကြည့်လိုက်အုံးကွယ်၊ နောက်ပိုင်းကလိုက်လာတာမင်းမြင်ရလိမ့်မယ်၊ အဲဒီလို နောက်ပိုင်းက စစ်အင်္ဂါလေးပါးနှင့် လိုက်လာတာမင်းမြင်ရလို့ရှိလျှင် မြစ်ကြီး ကျယ်တယ်လို့

တော့ မင်းမစဉ်းစားနှင့် မိတ်ဆွေ၊ ဟိုဘက်ကမ်းကိုတော့ မရောက်ရောက်အောင် မင်းကူးပေတော့ မိတ်ဆွေ၊အဲဟိုဘက် ကမ်းရောက်တဲ့အခါကျတော့ကာ မင်းပြန်ကြည့်လိုက်စမ်းပေ့ ဘယ်နည်းနှင့်မဆို ဘုရင်စစ်သည်တပ်သားတွေ မင်းနောက် မလိုက်နိုင်သည့်အတွက် လက်ပိုက်ကျန်ရစ်ခဲ့တာ မင်းကိုယ် တိုင်မြင်ရလိမ့်မယ်ဆိုတော့ ရာဇဝတ်သားက အောင်မယ်ဟုတ် ပါမလား သူငယ်ချင်းလို့ ပြောတယ်၊ မင်းကွယ် ငါပြောတာ မယုံလျှင်ပြေးစမ်းပေါ့ ဆိုတော့မှ သူငယ်ချင်း ချစ်ခင်သည့် အတွက် မိတ်သဂ်ဟဖြစ်တော့ သူငယ်ချင်းပြောတော့ သူမယုံ ကယုံနှင့် ပြေးရတော့တာပေါ့။

သူပြေးလိုက်တာနှင့် တပြိုင်နက်ထဲ ရှင်ဘုရင့် ရွှေနားတော် ကြားတာပေါ့၊ဟဲ့ရာဇဝတ်သား ပြေးပြီဆိုပါကလား၊ လိုက်ကြ ဟဲ့ဆိုပြီး ရှင်ဘုရင်က အမိန့်အာဏာ ပေးလိုက်တော့ ခြေ သည် သူရဲ ရထားစီးသူရဲ ဆင်စီးသူရဲ မြင်းစီးသူရဲ တကယ့် စစ်အင်္ဂါလေးပါးနှင့်ချီပြီး နောက်က အတင်းလိုက်တာပေါ့၊ဟာ ရာဇဝတ်သားပြေးပြီဟာ, လိုက်ကြဟဲ့၊ ဖမ်းကြဟဲ့, ဆီးကြဟဲ့, တခါထဲ အတင်း လိုက်လာတာ ဆူညံနေတာပေါ့၊ အဲဒီတော့ ရာဇဝတ်သားလဲ တရသော သစ်ပင်အောက်ရောက်တော့ ပြန် ကြည့်တာပေါ့၊ ခုန သူငယ်ချင်း မှာတဲ့အတိုင်း ကြည့်လိုက် တော့ အဟုတ်လိုက်လာတယ်၊ နောက်ပိုင်းက တခါထဲ တလ ကြမ်းလိုက်လာတာ၊ ဟာင် သူငယ်ချင်း ပြောတာတော့ မှန်ပြီ ငါတော့ လွတ်အောင် ပြေးမှဘဲဆိုပြီး တခါ ပြေးပြန်တယ်၊ အဲပြေးတဲ့အခါကျတော့ တရသော ကမ်းဘားရောက်တော့ ပြန် ကြည့်လိုက်တဲ့ အခါ နောက်ပိုင်းက ခုနပြောတဲ့ စစ်အင်္ဂါ လေးပါးက ဟဲ့ ဒီရာဇဝတ်သား မိအောင် ဖမ်းနော်၊ မလွတ် စေနဲ့ ကထဲ ထိုးဟဲ့, ခုတ်ဟဲ့, သတ်ဟဲ့, ပုတ်ဟဲ့နှင့် အတင်း လိုက်လာတယ်၊ သူကိုယ်တိုင်သိတော့ မဖြစ်ဘူး ဒီမြစ်ကြီးကိုငါ အတင်းကူးမှဘဲဆိုပြီးသူငယ်ချင်းမှာတဲ့ အတိုင်း ဟိုဘက်ကမ်း မရောက်ရောက်အောင် အတင်းသူကူးရတယ်၊ကူးလိုက်တော့မှ ဟိုဘက်ကမ်းလဲရောက်ရော၊ နောက်ပိုင်း ပြန်ကြည့်လိုက်တော

ရှင်ဘုရင့်စစ်သည် တပ်သားတွေ မြစ်ကူးပြီး မလိုက်နိုင်တော့ဘူး၊ မလိုက်နိုင်လို့ လတ်ပိုက်ကျန်ရစ်ခဲ့တာ မြင်တော့မှ အောင်မယ်လေး ငါ့သူငယ်ချင်း ပြောတာ မှန်လိုက်တာနော် ခုမှဘဲ ငါ ရန်သူလက်က လွတ်ရပါတော့တယ် ဆိုပြီး ဝမ်းမြောက်ရတယ်တဲ့။

အဲဒါတုန်းကြီးပြောနေတာဥပမာနော်ဥပမာ၊အဲဒီဥပမာကိုမြင်အောင်ကြည့် ဥပမာန, ဥပမေယျ,ဓေါတက၊ဒီဥပမာနှင့်ယောဂီများ ဘယ်လိုမြင်အောင်ကြည့်ရမလဲ ဆိုတော့ အခု ယောဂီများမှာ မိမိတို့ ကိုယ်အတွင်းသဏ္ဍာန်မှာရှိတဲ့ ရန်သူအစစ်ကို မြင်အောင်ကြည့်စမ်း၊တကယ်အစစ် ရန်သူရှိတယ်၊ ဘယ်သူလဲ၊ ပထဝီဆိုတဲ့ ကဠမုခ မြွေရှိတယ်၊ သေသေချာချာကြည့် မြင်အောင် ပထဝီ ကဠမုခမြွေတဲ့၊ ပထဝီဆိုတဲ့ ကဠမုခမြွေဟာဘ ဘယ်လောက် အဆိပ်ပြင်းတယ် ထင်သလဲ၊ ပထဝီဓာတ်များ ဖမ်းလိုက်မယ်ဆိုလျှင် မြို့ထဲ ရွာထဲမှာ တွေ့ပါလိမ့်မယ်၊ အမယ်လေး လာကြပါဟဲ့,ကယ်ကြပါဟဲ့ နင်းပါဟဲ့ နှိပ်ပါဟဲ့၊တောင့်လှချီရဲ့ တင်းလှချီရဲ့ဆိုပြီးတော့ လူးလိမ့်သေတာတွေ မတွေ့ ဘူးလား၊ အဲတာ ပထဝီဆိုတဲ့ ကဠမုခမြွေကိုက်တာပေါ့၊ အဲဒါ မိမိတို့အတွင်း သဏ္ဍာန်မှာ တကယ် အမှန်ရှိတဲ့မြွေ။

တေဇောဆိုတဲ့ အဂ္ဂိမုခမြွေလေ တေဇောဆိုတဲ့ အဂ္ဂိမုခမြွေ၊ အဲဒီမြွေလဲ ခန္ဓာထဲမှာ အမြဲရှိတယ်။ အခုကျေးနေတာ အားလုံး အများရှာကျေးနေတဲ့ တေဇောဆိုတဲ့ အဂ္ဂိမုခမြွေ၊ ဘယ်ကလောက် အဆိပ် ပြင်းတယ်ထင်သလဲ တေဇောဆိုတဲ့ အဂ္ဂိမုခမြွေကိုက်လိုက်လျှင်အမယ်လေး လာကြပါဟဲ့ ပူလှချီရဲ့ ယပ်ခတ်ပါဟဲ့ ရေပေးပါဟဲ့ဆိုပြီးတော့ လူးလိမ့်သေရတာ၊ တချို့လူများ ပူလွန်လွန်းလို့ တိုင်းကြည့်လိုက်တဲ့ အခါမှာ ဒီဂရီ ၁၀၆,၁၀၇,ရှိပြီး တန်တော့ဟော့ ဒီအဆိပ်တော့ လွန်နေပြီ၊ကုမရဘူးဆိုပြီးတော့ တေဇောဓာတ်တည်းဟူသောအဂ္ဂိမုခမြွေ ဖမ်းလို့သေရတဲ့ လူပေါင်း အနန္တပေါ့၊ မြို့ထဲရွာထဲမှာ မတွေ့ဘူးလား၊ အဲဒီတေဇောဓာတ်ဆိုတဲ့ အဂ္ဂိမုခမြွေကို ဒကာမကြီးတွေ အားရပါးရ လုပ်ကျေးနေကြတာတဲ့၊ ခုရန်သူမှန်းမသိဘူး၊ မြွေပွေးခါးပိုက် ပိုက်နေတာ။

ကိုင်း အာပေါဆိုတဲ့ ပုတိမုခမြွေကကော ဒကာမကြီးတို့ကိုယ်သဏ္ဍာန်ထဲမှာရှိတဲ့ အာပေါဓာတ်လေ၊ အဲဒီ အာပေါဓာတ်ဟာ ဘယ်

လောက် ကြောက်စရာ ကောင်းတဲ့ ရန်သူလဲ ဆိုတော့ သူ့ကို အမြဲ ကျွေးနေ ရတယ်၊ ကျွေးသာကျွေးရတယ် သူကမလစ်နှင့်လစ်နှံ့မှာပေါ့၊ အာပေါခါတ် ဖမ်းလိုက်လျှင် ဘယ်လိုဖြစ်းသွားမယ်ထင်သလဲ တခါထဲ တကိုယ်လုံး အဖေါ ရောဂါကြီး ဖြစ်ပြီးတော့ ခြေသလုံး တွေ ရမ်းလာ ပြီဟော့ လက်ရုံးတွေ ရမ်းလာပြီဟော့ ပွလာပြီဟော့ ဖေါင်းလာ ပြီဟော့ ဗိုက်ကြီးကို ရောင်လို့ဟာ၊ ဒါ အဖေါရောဂါ၊ ဒါ ဘယ်သူလဲ အာပေါခါတ်ပေါ့၊ အာပေါခါတ်ဆိုတဲ့ ပုတိမုခမြွေကိုက်လိုက်တာ၊ အဲဒီအာပေါခါတ်ဆိုတဲ့ ပုတိမုခမြွေကိုက်လိုက်လျှင်လဲ မိုင်းမိုင်းသား လဲသေရတာဘဲ၊ အဲဒီလောက် အဆိပ်ပြင်းထန်တဲ့မြွေ၊ အာပေါခါတ် ကို ဒကာမကြီးတို့ ငါကောင်သူကောင် သတ္တဝါကောင်ထင်ပြီးတော့ လုပ်ကျွေးနေတာပေါ့၊ ခုနက ဥပမာနှင့် မြင်အောင်ကြည့်၊ ဟုတ်တယ် မဟုတ်ဘူးဆိုတာ ငြင်းချင်သေးသလား၊ မငြင်းနဲ့ ကိုယ်တိုင်သိ၊ ခန္ဓာ ထဲမှာတကယ်ရှိတဲ့ အာပေါခါတ်။

ကိုင်း ထားလိုက်အုံး ဝါယောခါတ်ဆိုတဲ့ သတ္တမုခမြွေတဲ့၊ ဒါး လက်နက်တို့ဖြင့် အပိုင်းအပိုင်း ဖြတ်လိုက်သလို ဒီဝါယောခါတ်များ ဖမ်းမယ်ဆိုလျှင် ရွာထဲမြို့ထဲ မမြင်ကြဘူးလား၊ လေငန်းဆွဲလို့ လေငန်း ဖမ်းလို့ တချို့ပါးတခြမ်းရွဲ့၊ တချို့ခြေတဘက်သေ၊ လက်တဘက်သေ၊ တချို့ခါးတပိုင်းသေ၊ တခါထဲ လေသင်ရုန်းဖြတ်တယ် ဆိုပြီးတော့ တခါထဲ အပိုင်းပိုင်းပြတ်သွားတာ မတွေ့ဘူလား၊ အဲဒါ ဝါယောဆိုတဲ့ သတ္တမုခ မြွေဆိုးကြီးပေါ့၊ အင်မတန် ကြောက်စရာကောင်းတဲ့ မြွေတွေ၊ ဤမျှလောက် ကြောက်စရာ လန့်စရာကောင်းတဲ့ မြွေးဆိုး ကြီးလေးကောင်ကို ခါးပိုက်ဆောင်ပြီးတော့ ဒကာမကြီးတို့ အဝိဇ္ဇာ ဖုံးနေလို့ မမြင်တာပေါ့။

အဝိဇ္ဇာဖုံးနေတော့ တယ်အားရပါးရ ဝမ်းမြောက်ဝမ်းသာ မလှ လှအောင်ဟဲ့ မဝ ဝအောင်ဟဲ့ အိပ်ရာနေခင်း သူများထက် ကောင်း အောင်ပေးလို့ အစားအစာတွေ သူများထက်ကောင်းအောင် ကျွေးလို့ တကာထဲ ခန္ဓာကိုယ်ကြီး တန်ဆာဆင်နေလိုက်ကြတာ၊ ထိုမြွေလေး ကောင်ကတော့ နှံ့တာပေါ့၊ မြေတ္တာရှိလိမ့်မယ်မမှတ်နဲ့၊ မလစ်နှင့် လစ် နှံ့မယ်တဲ့၊ ဒကာမကြီးတို့ ဥပမာပြောကြစို့ရဲ့ မိမိတို့အိမ်မှာ မွေးစားထားတဲ့ သူငယ်တယောက်၊ သူ့ကို အဝတ်တန်ဆာလဲ ဆင်

ရတယ်၊ အစားအစာလဲ ကျွေးရတယ်၊ အိပ်ရာနေခင်းလဲ ပေးရတယ် မမာရေး, မချာရေး ကျတော့ ဂရုစိုက်ရတယ်၊ ဤမျှလောက် သူ့အပေါ်မှာ အရေးတယူ ဂရုစိုက် ထားပါလျက်သားနှင့် ဒကာ, ဒကာမတို့၏စကားကို နားမထောင်ဘဲနှင့် ဒီသူငယ်ကများ ထော်လော် ကန့်လန့် ပြန်ပြောမယ်ဆို ဘယ့်နှဲ့ နေကြမလဲ၊ တွေးကြည့်စမ်း တော်တော်စိတ်ဆိုးကြမယ်ထင်တယ်၊ စိတ်မဆိုးဘူးပြောတဲ့ သူဟာ ညာတာ၊ ငါကလဲ ကျွေးထားရသေးရဲ့ ငါကလဲ အဝတ်တန်ဆာ ဆင်ရသေးရဲ့ ဒါတောင်မှ ငါ့စကား နဲနဲမှနားမထောင်ဘူး ဆိုလျှင် အတော်စိတ်ဆိုးမယ်၊ ဒါစိတ်ချ,စိတ်ချ ဆိုးမှာအမှန်။

အဲဒီ ခုမိမိခန္ဓာကိုယ်မှာရှိတဲ့ ဓာတ်လေးပါးတည်းဟူသော မြွေဆိုး ကြီးကို ဒကာမကြီးတို့ ကိုယ်ပိုင်ဉာဏ်နှင့် ကြည့်စမ်း၊ သူ့ကို မဝ ဝအောင်ပဲ ရှာကျွေးကြရတယ်၊မလှ လှအောင်လဲ တန်ဆာဆင်ပေးရ တယ်၊ မကောင်းကောင်းကြောင်းလဲ အိပ်ရာနေခင်း ပေးရတယ်၊ ဤမျှ လောက် လုပ်ကျွေးပါလျက်သားနဲ့ ဤဓာတ်လေးပါး တည်းဟူသော ခုပြောတဲ့ ပထဝီဆိုတဲ့ ကဋ္ဌမုခမြွေ, တေဇောဆိုတဲ့ အဂ္ဂိမုခမြွေ, အာပေါဆိုတဲ့ ပုတိမုခမြွေ, ဝါယောဆိုတဲ့ သတ္ထမုခမြွေကြီးတွေဟာ ဒကာမကြီးတို့ ဘယ်နှစ်ခါများ ကျေးဇူးတင်သလဲ၊ ဒကာမကြီးတို့ စကားများ နားထောင်ပါရဲ့လား၊ တော်တော်ကြာ ခေါင်းကိုက်လို့ အမယ်လေး မချိပါဘူးလေး၊တော်တော်ကြာ လက်ကိုက်လို့ ခြေကိုက် လို့ တော်တော်ကြာ ရင်ဘတ်နာလို့ အမြဲတမ်းနှိပ်စက်နေတာ သိကြရဲ့ လား၊ မလစ်နဲ့ လစ် နှံ့မယ်ပေါ့၊ ဤမျှလောက် ဆိုးသွမ်းညစ်ညမ်းတဲ့ ရန်သူကို ငါ့ဘဲလို့ စိတ်ကထင်ပြီးတော့ ဒကာမကြီးတို့ ကျွေးလာတာ ဘယ်လောက်များကြာခဲ့ပြီလဲ၊ ဟို-သံသရာ ကမ္ဘာလဆန်း ၁-ရက် နေ့ကပေါ့။

ဆဲအခု တကယ်တမ်းချစ်မြတ်နိုးတဲ့ သတ္တဝါ ရင်ဝယ် သားကဲ့သို့ ကရုဏာမေတ္တာထားတဲ့ ဘုရားကိုယ်တော်မြတ်ကြီး လက်ထက်တော် အခါကာလက ဘုရားကိုယ်ကပြောတယ်၊ အသင်တို့ ရန်သူတွေ မွေးကျွေးနေတယ်၊ လွတ်အောင်ပြေးစမ်းပါလို့ ဘုရားကိုယ်တော် မြတ်ကြီး ခိုင်းစေတဲ့အတိုင်း အခု ဒကာမကြီးတွေ ပြေးစမ်းတာပေါ့၊ ပြေးစမ်းတော့ သမ္မသနဉာဏ်တို့ ဥဒယဗ္ဗယဉာဏ်တို့ နဲနဲလေးရလာ

တော့ ပြေးမှန်းသိတာနဲ့ တပြိုင်နက် နောက်က ရှင်ဘုရင်၏စစ်သည် တပ်သားတွေလိုက်ပါလာတဲ့ဉပမာကဲ့သို့ ဒကာမကြီးတို့ဉာဏ်ကလေးနဲ့နဲ့ထက်လာတာနဲ့ တပြိုင်နက်ထဲ နောက်ပိုင်းကရန်သူတွေ ပြန်ကြည့်စမ်း၊ တွေ့ကြပလား အခါခါပြောနေသလေ၊ သံသရာ ဝဋ်ဆိုးကြီးတည်းဟူသော ရန်သူတွေ အရွတ္တိကသဏ္ဍာန်မှာ တကယ်အမှန်နောက်ပိုင်းက ရှင်ဘုရင် စစ်သည်တပ်သားနဲ့ ပမာတူတဲ့ လောဘရန်သူတွေ ဒေါသရန်သူတွေ မောဟရန်သူတွေ မြင်ကြပြီမဟုတ်လား၊ ကိုင်း ဒါဘယ်လောက်ကြောက်စရာကောင်းတဲ့ ရန်သူတွေလဲ၊တကထဲလိုက်လာလိုက်ထာ မလွတ်တမ်း၊အဲမလွတ်စေနဲ့ မိအောင်ဖမ်းဟဲ့ဆိုတဲ့အနေမျိုးနဲ့ ရန်သူတွေ နောက်ပိုင်းကလိုက်လာတာ အဲအရွတ္တိကခါတ်ခြောက်ပါး တည်းဟူသော ရန်သူတွေ ဗဟိဒ္ဓက ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ,ဖေါဋ္ဌဗ္ဗာရုံ,ဓမ္မာရုံဆိုတဲ့ ရန်သူတွေ အဲဒီတကယ့်အစစ် ရန်သူတွေကိုကိုယ်တိုင်မြင်ကြပြီ မဟုတ်လား၊အဲဒီလိုကိုယ်တိုင်မြင်နေတဲ့ယောဂီပုဂ္ဂိုလ်တွေဟာ အခုအလွတ်ပြေးဘို့လိုတော့တယ်၊အဲသစ်ပင်အောက်ရောက်လို့ ပြန်ကြည့်လိုက်၊ နောက်ပိုင်းကရန်သူတွေ လိုက်လာတာဖြစ်လို့အတင်းရဇဝတ်သား ပြေးသကဲ့သို့ အခုလဲဘဲ တထစ်တထစ် သမ္မသနဉာဏ်က ဉဒယဗ္ဗယဉာဏ်,ဘင်္ဂဉာဏ်အစရှိသဖြင့် ဉာဏ်ရွှေ့ခြေရင့်လာတော့ ရန်သူတွေ တကယ် လိုက်လာတာ သိတော့ မလျှော့တမ်းလုံ့လနဲ့ ပြေးပေါ့၊ အဲဒီလိုပြေးတဲ့ အခါကာလကျတော့ ဘယ်ရောက်မလဲ၊ ခုနပြောတဲ့ကမ်းဘားရောက်၊အဲ ကမ်းဘားရောက်လို့ အခုဒကာမကြီးတွေ ဟိုဘက်ကမ်းကိုပြေးဘို့ရာ လမ်းစကိုရပြီ၊ သီလမဂ္ဂင် ၃-ပါး သမာဓိမဂ္ဂင် ၃-ပါး ပညာမဂ္ဂင် ၂-ပါးဆိုတဲ့ မဂ္ဂင်ရှစ်ပါး တရားကြီးနဲ့ အခု ဟိုဘက်ကမ်းကို ကူးကြမယ်လို့၊ အဲ မရောက် ရောက်အောင်သာ ကူးပေတော့၊ အကယ်၍ မရောက်လို့ ဒီဘက်ကမ်းမှာသာ တင်နေကြမယ်ဆိုလျှင် ရန်သူလက်ဝကွက် အပ်သလို ပါသွားမယ်။

ဒါကြောင့် ကြိုးစားပြီးတော့ မိမိတို့ဝီရိယ လုံ့လကို မလျှော့နဲ့ပေါ့၊ အဲလုံ့လဝီရိယကိုမလျှော့ဘဲ တကယ်တမ်း အဟုတ်အဟပ် အားထုတ်ကြလို့ရှိလျှင် ထိုမှာဘက်ကမ်းကို ဧကန်မလွဲ ရောက်မယ်၊ ဒါကြောင့်မို့လို့ အိပ်ရာဝင်လဲဘဲ မလွတ်နဲ့၊ ထနေလဲ မလွတ်နဲ့၊ ထိုင်နေရင်းလဲ မလွတ်နဲ့၊သွားရင်းလဲ မလွတ်နဲ့၊လွတ်ရင်ရန်သူက အလစ်ချောင်းနေတာ၊

မြိမယ်၊ ဒါကြောင့်-**အသိစိတ်လျှင်, ကိလေစင်, ထင်မြင်နာမ်ရုပ်မှာ** တဲ့၊ အသိစိတ်တဲ့ ယောဂီဟာ နာမ်ရုပ်ကို မြင်မယ်တဲ့၊ ကိလေသာ လဲစင်သွားလိမ့်မယ်၊ **အသိကဲ့လျှင်, ကိလေဝင်, မမြင်နာမ်ရုပ်မှာ၊ အသိတလုံး, အရှိသုံး, အဆုံးနိဗ္ဗာန်သာ တဲ့**၊ ကိလေသာသိပ်ကြောက် ဘို့ကောင်းတာ၊ တို့ ဘာနဲ့ဥပမာပြသလဲ ဆိုတော့-

**ပခန်းသားနှင့်ချိပါသား**

**ဥပမာ**-တို့ ချိပါသားနှင့် ပခန်းသား ဖိုးဖြူပင် အသီးပြိုင်တဲ့ အခါ တယောက်ကပြောတယ်၊ သူငယ်ချင်းရေ ငါ့ဖိုးဖြူပင်ဟာ သီး လိုက်ထာကွာဆိုတော့ ဟ,ပြောစမ်းသူငယ်ချင်းတဲ့၊ ဟ,အမြစ် က စသီးလိုက်တာ သူငယ်ချင်းရယ် အကိုင်းများထိရောတဲ့၊သီး လုံးချင်းထပ်ပြီးတော့ သီးကွက်ကို ရှာမရအောင် သီးတာပေါ့ လို့ပြောတော့ဟုတ်သလေသူငယ်ချင်းတဲ့၊ တယောက်က ငါ့အ ပင်က မင်းအပင်ထက် သီးတယ်၊ ဟ,သူငယ်ချင်း ခက်ကုန်ပြီ၊ ငါ့အပင်သီးထားတာအမြစ်ကစအကိုင်းဖျားကိုထိနေတာ၊သီလုံး ချင်းထပ်လို့သီးကွက်ရှာမရအောင်သီးတာ မင်းအပင်က ဘယ် နဲ့လုပ်သီးလို့ ငါ့ထက်ပိုမှာလဲ၊ဟုတ်ထာပေါ့ကွယ် သူငယ်ချင်း တဲ့ ငါ့အပင်လဲ မင်းလိုပါဘဲတဲ့ အမြစ်ကစ အကိုင်းဖျားထိ အောင် သီးတာဘဲ၊သို့သော်လဲ သူငယ်ချင်းရေတစုံတရာကွယ် ဒုတ်တို့ခဲတို့ထိခိုက်လို့တလုံးတလေများကြွေကျလို့ ကွက်လပ် ခလေးများရလျှင် သီးရမလားလို့ အောက်မှာ စောင့်နေတာ နှစ်တင်းသားလောက်ရှိသေးတယ်တဲ့၊ ကိုင်းဘယ်လောက်များ ကွက်လပ်ကိုရှာနေသလဲ။

အခုလဲဘဲ ဒကာမကြီးတို့ ဒီကမလစ်နဲ့ပေါ့၊ မျက်စိပေါက်ကမလစ် နဲ့ လစ်လျှင် ကိလေသာ ဘက်ခနဲကပ်မယ်၊ နားပေါက်က မလစ်နဲ့ လစ်လျှင်ကိလေသာ ဘက်ခနဲကပ်မယ်၊ နှာခေါင်းပေါက်ကမလစ်နဲ့ လစ်ကိလေသာ ဘက်ခနဲ့ ဝင်ကပ်မယ်၊လျှာပေါက်ကလဲ မလစ်နဲ့ လစ် ထာနဲ့တပြိုင်နက်ထဲ ကိလေသာဘက်ခနဲ့ဝင်ကပ်မယ်၊ ဟော, ကိုယ် ပေါက်ကလဲမလစ်နဲ့လေ လစ်ကိလေသာဘက်ခနဲ့ ဝင်မယ်၊ မနော ပေါက်ကကော အမှတ်တမဲ့တော့မနေနဲ့ နေလျှင် ကိလေသာဝင်လာ မှာဘဲ, ဒါကြောင့်-

အသိစိတ်လျှင်၊ ကိလေစင်၊ ထင်မြင်နာမ်ရုပ်မှာ၊
အသိကျဲလျှင်၊ ကိလေဝင်၊ မမြင်နာမ်ရုပ်မှာ၊
အသိတလုံး၊ အရှိသုံး၊ အဆုံးနိဗ္ဗာန်သာ။

အသိဆိုတာ ပညာခေါ်တယ်၊ ဝိပဿနာဉာဏ်ခေါ်တယ်၊ အဲဒီ ဝိပဿနာဉာဏ်က အလွယ်နဲ့မရဘူး၊ ဝီရိယ သတိနဲ့ပြည့်စုံ သမာဓိနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်မှ ဒီနေရာမှာရမှာ၊ ဒီတော့ သွားလဲသတိနဲ့ စားလဲ သတိနဲ့ အိပ်လဲသတိနဲ့ နေလဲသတိနဲ့ အခါခပ်သိမ်းသတိထားလျှင် ဝိပဿနာဉာဏ်အမြဲပွါးတယ်၊ အကယ်၍ လက်လွှတ်ထားမယ်ဆိုလျှင် လက်လွှတ်ထားတာနဲ့ တပြိုင်နက်ထဲ ကိလေသာကတော့ မနေဘူး ဝင်လာမှာဘဲ၊ ဒါကြောင့် "အသိစိတ်လျှင်၊ ကိလေစင်၊ ထင်မြင်နာမ် ရုပ်မှာ။ အသိကျဲလျှင်၊ ကိလေဝင်၊ မမြင်နာမ်ရုပ်မှာ။ အသိတလုံး၊အရှိ သုံး၊ အဆုံးနိဗ္ဗာန်သာ"တဲ့။ အဲဒါဘုန်းကြီးများက သင်တန်းတက်တဲ့ ဝိပဿနာဉာဏ်လမ်းတဲ့ အဲဒီဝိပဿနာဉာဏ်ကို အခုဘကယ်တမ်း သင်တန်းတက်လို့ တွေ့ကြပြီ၊ တွေ့ကြတော့ကာ အခုမှသွတ်တမ်း အမြဲတမ်းအားထုတ်ကြဘို့ပေါ့၊ ကိုင်းဒီတရားကို နေ့ညမပြတ်ကြိုးစား ပြီးတော့ ရန်သူလက်က လွတ်ရလေအောင် ပြေးမယ်ဆိုတဲ့ အနေ မျိုးနှင့်အားထုတ်ကြ။

# အရှင်နာရဒမထေရ် နှင့် ပြဿနာ

တရားတော်ဒေသနာကို မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး လေးဆယ့်ငါးဝါပတ်လုံး နေ့မအား ညဉ့်မအား တရားတော်ကြီးကို ကြိုးစားပြီးတော့ ဟောရတယ်၊ အင်မတန် အသက်တမ်းကလဲ တိုတဲ့ အခါ၊ သတ္တဝါဝေနေယျ, မေတ္တာပုဗ္ဗင်္ဂမ မေတ္တာ ရှေ့သွား ပြုပြီးတော့ ဓမ္မတာနိယာမ ဘုရားပွင့်သွားတိုင်း, ပွင့်သွားတိုင်း ဘုရားတဆူမှာ ၂၄-သင်္ချေ,ကုဋေ-၆၀, မိုလ်ခြေတသိန်း ကျွတ်တမ်းဝင်ရမယ် ဆိုတာ ယခု ဘုရား ကိုယ်တော်မြတ်ကြီးက အသက်တမ်းတိုတဲ့ အတွက် ကြောင့် ကျွတ်တမ်းဝင်နိုင်ဘို့ရာ နေ့မအား ညဉ့်မအား ဟောရတယ်၊ ဟိုအရင် ကဿပဘုရားရှင် လက်ထက်ကဆိုလျှင် အနှစ် နှစ်သောင်း တမ်းမှာဆိုတော့ လေးလလောက်ကြာမှ တကြိမ်လောက် တရားဟော ရတယ်၊ ဒို့ဘုရားလက်ထက်မှာတော့ နေ့မအား ညဉ့်မအား ဟောရ တယ်၊ အခုလဲ ဘုရားသာသနာထားခဲ့တာ အနှစ်ငါးထောင်၊ အခု နှစ်ထောင့်ငါးရာ ပြည့်သွားပြီ၊ အဲဒီတော့ သာသနာမှာ အင်မတန်မှ အားနည်းလာတယ်၊ မပြတ် သာသနာတော်၏ အခြေရအောင် ဆိုပြီး တော့ ဒကာ ဒကာမတွေ နားမလည်လည်အောင် မသိသိအောင် အမျိုးမျိုးနဲ့ ကြံဆောင် ဟောရတယ်၊ သာသနာ ဆိုတာ တခြား မဟုတ်ဘူး။

သာသနဿစ လောကဿ၊ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ၊
သာသနမ္ပိစ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

သာသနဿစ- သာသနာ တော်၏လည်း၊ လောကဿစ- လူများအပေါင်း၏လည်း၊ သဗ္ဗဒါ-အခါခပ်သိမ်း၊ ဝုဍ္ဎိ-ကြီးပွါးခြင်း သည်၊ ဘဝတု- ဖြစ်ပါစေသတည်း၊ သာသနမ္ပိစ-သာသနာ တော်ကိုလည်း၊ လောကဉ္စ-လူများ အပေါင်းကိုလည်း၊ ဒေဝါ- နတ်များ အပေါင်းသည်၊ သဗ္ဗဒါ-အခါခပ်သိမ်း၊ ရက္ခန္တု- စောင့်ရှောက်နိုင်စွ မစကြပါစေကုန်သတည်း။

(ရှင်မဟာကဿပကြီး ဥဒါန်းကျူးတော်မူတယ်)၊

သာသနာဆိုတာ တခြားမဟုတ်ဘူး၊ သာသနာဆိုတာ ဘုရားရှင်၏ အဆုံးအမခေါ်တယ်၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်၏ အဆုံး

အမဒေသနာတော်သည် သာသနာလို့ ခေါ်တယ်၊ သာသနာဆိုတာ အဆုံးအမ အဲလောကဆိုတာက တခြားခေါ်တာ မဟုတ်ဘူး၊ ရှိသမျှ လူ သတ္တဝါ အပေါင်းတွေကို လောကလို့ခေါ်တယ်၊ အဲ လောက လူများ အပေါင်း အဲဒီ လူများလဲ ကြီးပွါးပါစေ၊ သာနာတော်ကြီးလဲ ကြီးပွါးပါ စေ၊ ဒီလူတွေကိုဘဲ နတ်များ စောင့်ရှောက်ပါစေ၊ သာသနာတော်ကြီးလဲ နတ်များ စောင့်ရှောက်ပါစေ၊ ဤကဲ့သို့ ဥဒါန်းကျူးရင့်သွားတယ်၊ အဲဒါ ဘာလဲဆိုတော့ ဒီဒကာ ဒကာမတွေ မသိတာသိအောင် နားမလည်တာ နားလည်အောင် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင် ထားခဲ့တဲ့ ကျမ်းအစောင်စောင်ထဲက သိသင့် သိခွင့် သိထိုက်တဲ့ တရားတွေ သိကြဖို့လို့ အဲဒီလို ဟောသွားတယ်၊ အဲဒီ ပိဋကတ်သုံးပုံ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ထဲမှာ အရင်းအမြစ် မူလတရားက ဘယ်ဒင်း လဲဆိုတော့၊ စိတ်တရားတဲ့၊ စိတ်တရားဟာ မူလ အရေး အကြီးဆုံး အဲဒီစိတ်ကို မြတ်စွာဘုရားကိုယ်တော်မြတ် အခါခပ်သိမ်းလိုလိုဘဲ ဟော တယ်၊ စိတ္တေနနီယတိ လောကောတဲ့၊ လောကကြီး ပြုပြင်တာ ဘယ်သူ လဲဟေ့ ဆိုလျှင် စိတ်တရားတဲ့၊ ဒါကြောင့် စိတ်ကိုဘဲ ဟောတယ်။

> ဒူရင်္ဂမံ ဧကစရံ၊
> အသရီရံ ဂုဟာသယံ၊
> ယေ စိတ္တံ သံ ယ မေဿန္တိ၊
> မောက္ခန္တိ မာရဗန္ဓနာ။

ဒူရင်္ဂမံ–ဝေးသောအရပ်သို့လည်းပြေးသွားတတ်ထသော စိတ်စိတ်၊ မိမိတို့ စိတ်ကို မိမိတို့ အာရုံပြုကြည့်စမ်း၊ စိတ်ဟာတဲ့ ဝေးသော အရပ်ကို သွားတတ် တယ်တဲ့၊ ဘယ်လောက် ဝေးတဲ့ အရပ်ကို သွားတယ် ဆိုတာ ကိုယ်ပိုင် ဉာဏ်နဲ့ တွေးကြည့်စမ်း ပါလား၊ အခု ကိုယ်ကဒီမှာထိုင် တရားနာနေတယ်၊ စိတ်က လွှတ်လိုက်မယ် ဆိုလျှင်– အင်္ဂလန်တို့ အမေရိကန်တို့ ရောက်နိုင်တယ်၊ မန္တလေး မော်လမြိုင် ပုသိမ်စသည်တို့ဖြင့် ဘယ်နည်းနှင့်မှ မနေဘူး ရောက်ချင်တာ ရောက် သွားနိုင်တယ်၊ စိတ်ဟာ အင်မတန်လျင်မြန်တာ၊ မျက်တောင်တခတ် စိတ္တက္ခဏပေါင်း ကုဋေတသိန်းတဲ့၊ ဒါကြောင့် 'ဒူရင်္ဂမံ–ဝေးသော အရပ်သို့လည်း ပြေးသွားတတ်ထသော' စိတ်ဟာ အချင်းခပ်သိမ်း ဝေးသောအရပ်သို့ သွားနိုင်တယ်တဲ့၊ ''ဧကစရံ–တခုချုပ်ပြီးမှ တခု

ဖြစ်ခြင်းရှိထသော” ဆဲတာသိတို့ တော်တော်ခဲယဉ်းတယ်၊ ခုနတုန်းက ပေးသောအရပ်ကို သွားတယ်ဆိုတာတော့ သူရောင်ါပါသိကြတယ် ဘာဖြစ်လို့လဲဆိုတော့ မိမိကဒီမှာထိုင်နေတယ် မိမိက အိပ်ရာထဲမှာ အိပ်နေတယ် ဘယ်လိုပင်အိပ်နေနေ စိတ်၏သွားခြင်းက စကြာဝဠာ အနန္တ လှည့်လည်သွားခြင်းက ကိုယ်တိုင်သိ၊ ဒါတော့ လွယ်တယ်၊ တခုချုပ်ပြီးမှ တခုဖြစ်ခြင်းလည်းရှိထသောဆိုတော့ ခဲယဉ်းသွားရော၊ သိတို့တော်တော်ကြသွားတယ်၊ ဘာဖြစ်လို့လဲမျက်တောင်တခတ်စိတ္တ က္ခဏကုဋေတသိန်းကိုး၊ စိတ္တက္ခဏပေါင်းကုဋေတသိန်းချုပ်တယ်ဆို တော့ ဒီတခုဖြစ်ပြီးမှ တခုပျက်တယ်၊ ဆဲတာ အဓိပ္ပါယ်လေးနားလည် အောင်ဥပမာလေးနဲ့ ပြောပြမယ်။

**ဥပမာ**—မန်ကျည်းပင်ကြီး တပင်ရှိတယ်၊ ဆဲဒီ မန်ကျည်းပင်ကို လူတွေ ကြည့်လိုက်တော့ မြင်လိုက်တဲ့အခါ လူများ၏စိတ် ထဲမှာ ဘယ်လိုအောက်မေ့သလဲ မန်ကျည်းရွက်တွေကို တပြိုင် ထဲမြင်တယ်လို့ ထင်ရတယ်၊ ဆဲတာ ဘယ်နည်းနဲ့မှ တပြိုင်ထဲ မမြင်ဘူး၊မန်ကျည်းပင်က မန်ကျည်းရွက်တွေကို တရွက်ပြီး မှတရွက်မြင်တာ၊တရွက်ပြီးမှ တရွက် မြင်တာဟာ တပြိုင်ထဲ မြင်တယ်လို့ စိတ်ကထင်လိုက်တယ်။ ဆဲဒါ စိတ္တက္ခဏ လျင် မြင်ပုံ၊ စိတ္တက္ခဏလျင်မြန်တာ တရွက်ပြီးမှ တရွက်ဖြစ်တာကို စိတ္တက္ခဏလျင်မြန်ခြင်းကြောင့် စိတ်က တပြိုင်ထဲ မြင်တယ်လို့ ထင်ရတယ်၊ ဆဲတာ ဘုရားဟောတာ။

ဧကစာရံ-တခုချုပ်ပြီးမှ တခုဖြစ်ခြင်းရှိထသော၊ အသရီရံ-ကိုယ် လည်းမဟုတ်ထသော၊ ဆဲဒီစိတ်ဟာ ကိုယ်မဟုတ်ဘူးတဲ့၊ မိမိတို့ကိုယ် မှာရှိနေတဲ့စိတ်ဟာ အမြဲတည်နေတယ် ထင်ကြတာပေါ့၊ စိတ်ကလေး ဟာ ခန္ဓာကိုယ်မှာ အမြဲတည်နေတယ်လို့ထင်တာ၊ဆဲဒီစိတ်ကလေးဟာ မှုချအားဖြင့် ကိုယ်မဟုတ်ဘူးတဲ့၊ အသရီရံ- ကိုယ်လည်း မဟုတ်ထ သော၊ဂုဟာသယံ-မဟာဘုတ်တည်းဟူသော လိုဏ်လှျင် တည်ရာရှိထ သောတဲ့၊ သိတို့တော်တော်အခက်သား၊ တရားတော်ကတော့ အင်မ တန်လေးနက်တာကိုး၊ အဖိုးတန်တဲ့ တရားဘဲ၊ ဆဲ ဂုဟာသယံ-မဟာ ဘုတ်တည်းဟူသော လိုဏ်လှျင် တည်ရာရှိထသောဆိုတော့ ဝိပဿ နာသမားများတော့ နားလည်သွားတာပေါ့၊ ဘာဖြစ်လို့လဲ ဆိုတော့

ဒီစိတ်ဟာ တည်ရာဌာနမရှိဘဲ ဖြစ်ကိုမဖြစ်နိုင်ဘူး၊ စိတ်သည် တည်ရာဌာန ဖြစ်ပြီးမှ ဖြစ်နိုင်တယ်။

ဒီတော့ အခု ယောဂီများကတော့ သိသွားပြီ၊ မဟာဘုတ်ဆိုရင် ဘယ်သူလဲ၊ ပထဝီ၊တေဇော၊ အာပေါ၊ ဝါယော၊ မဟာဘုတ်ကြီး လေးပါးပေါ့၊ ဒီဓာတ်ကြီးလေးပါးကို မဟာဘုတ်လို့ခေါ်တယ်၊ အဲဒီ ဓာတ်ကြီးလေးပါး တည်းဟူသော မဟာဘုတ်ကို လိုဏ်လို့ဥပမာ ပြတယ်၊ ဘယ်မှာနေသလဲ ဒီမဟာဘုတ်လေးပါးဟာ ဘယ်မှာဖြစ်သလဲဆိုတော့ မှတ်ထားကြပေါ့၊ မျက်စိမှာလဲဖြစ်တယ်၊ နားမှာလဲဖြစ်တယ်၊ နှာခေါင်းမှာလဲဖြစ်တယ်၊ လျှာမှာလဲဖြစ်တယ်၊ ကိုယ်မှာလဲ ဖြစ်တယ်၊ မနောမှာလဲဖြစ်တယ်၊ အဲအခု အများ ခေါ်နေကြတာက မျက်စိလို့ခေါ်ကြတာပေါ့၊ မျက်စိက စက္ခုပသာဒရုပ်လို့ခေါ်တယ်၊ အဲဒီစက္ခုပသာဒရုပ်က သူနဲ့တွဲဖြစ်တဲ့ရုပ်ပေါင်း ဘယ်လောက်ရှိသလဲ ဆိုတော့ ဆယ်မျိုးရှိတယ်၊ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ ဝဏ္ဏ၊ဂန္ဓ၊ ရသ၊ဩဇ၊ ဇီဝိတ ရုပ်တခု၊ စက္ခုပသာဒ ရုပ်တခု၊ ဆယ်ပါးရှိတယ်၊ အဲဒီဆယ်ပါးထဲမှာ မဟာဘုတ်ဓာတ်ရုပ်ကြီး လေးပါးကို မှီပြီးတော့ မြင်သိလုံးလေးပေါ့၊ ခုကာလလူတွေသိတာ မြင်သိလုံးပေါ့၊ အဲတာ စက္ခုဝိညာဏ်ခေါ်တယ်၊ အဲဒီစက္ခုဝိညာဏ် ဆိုတဲ့ မြင်သိလုံးလေးဟာ စိတ်လို့ခေါ်တယ်၊ ဒါစိတ်ဓာတ်၊ အဲဒီစိတ်ဓာတ် ဟာ ဘယ်နေရာဖြစ်ထာလဲ၊ အခုနကပြောတဲ့ စက္ခုပသာဒရုပ်ကို မှီပြီး တော့ ရူပါရုံကိုမြင်လိုက်လျှင် တခါထဲသိတယ်၊ အဖြူဘဲ၊အကျားဘဲ၊ အနက်ဘဲဆိုပြီးတော့ အဲဒီလိုမြင်သိလုံးလေး ဖြစ်သွားတယ်၊ စက္ခု ပသာဒက မဟာဘုတ်ကိုမှီပြီး ဖြစ်တဲ့ရုပ်၊ ဒါ့ကြောင့် ဒီစိတ်ဟာ မဟာ ဘုတ်ကိုမှီတယ်လို့ ပြောလိုက်တာ။

အဲအခု နားမှာကြား၊ ကြားသိလုံးလေးတွေ တဖွားဖွားဖြစ်နေကြ တာပေါ့၊ အဲဒီကြားသိလုံးလေးတွေ တဖွားဖွားဖြစ်နေတာ စိတ်ပေါ့၊ ဘယ်မှာမှီဖြစ်သလဲ နားမှာ၊ နားတခုတည်းမဟုတ်ဘူး၊ ခုနကပြောသလို ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ ဝဏ္ဏ၊ဂန္ဓ၊ရသ၊ဩဇ၊ သောတ ပသာဒရုပ်တခု၊ ဇီဝိတရုပ်တခု၊ ဟော ရုပ်-၁၀-ပါး၊ မဟာဘုတ် ဆိုတဲ့ ဓာယ်ကြီးလေးပါးပါတယ်. အဲဒီလိုဏ်တွင် မှီရာဖြစ်ပြီးတော့ ဖြစ်ပေါ်လာတဲ့ နားဥဖြစ်သောစိတ်တဲ့၊ အဲဒါ စိတ်၊စိတ်၊ စိတ်ဟာ

တနေရာတည်းနေတယ်လို့ အောက်မေ့ကြတယ်၊ မနေဘူးနော်၊ စိတ်ဟာ တခုချုပ်ပြီးမှ တခုဖြစ်တယ်၊ဟောဒီမျက်စိမှာ ဖြစ်တဲ့ စိတ်ဟာချုပ်သွားမှ နားမှာဖြစ်တာ၊ **နားမှာလဲ မဟာဘုတ်ကိုမှီ ဖြစ်ထာဘဲ**။

နားမှာဘဲလား မဟုတ်သေးဘူး၊ နှာခေါင်းမှာလဲ သူမှီဖြစ်ထာ၊ နှာခေါင်းကလဲ ၁၀-ပါးဘဲ၊ ပထဝီ, တေဇော, အာပေါ, ဝါယော, ဝဏ္ဏ,ဂန္ဓ, ရသ, ဩဇ, ဃာနပသာဒရုပ်တခု, ဇီဝိတရုပ်တခု၊ အဲဒီနှာခေါင်းမှာလဲဘဲ လိုဏ်ရှိတယ်၊ပထဝီ,တေဇော, အာပေါ,ဝါယော ဆိုတဲ့လိုဏ်ကြီးရှိတာပေါ့၊ အဲဒီလိုဏ်ကို မှီပြီးဖြစ်တဲ့ ဃာနဝိညာဏ်စိတ်ပေါ့၊ဃာနဝိညာဏ်ဆိုတာ စိတ်ခဏကလေးကိုခေါ်တယ်၊ သူကလဲ တာရှေလေးမြင့်စွာ နေတာမဟုတ်ဘူး၊ခဏလေးဖြစ် ခဏလေးချုပ် ပျောက်ပျက်သွားတာဘဲ၊ ပြီးတော့ ဇိဝှါဝိညာဏ်တဲ့၊ ဇိဝှါဝိညာဏ်ဆိုတဲ့ စိတ်ကလေးကလဲ ဘယ်မှာမှီနေသလဲ၊ လျှာတည်းဟူသော ဇိဝှါပသာဒရုပ်လိုဏ်မှာမှီတာပေါ့၊ ပထဝီ,တေဇော,အာပေါ ဝါယော, ဝဏ္ဏ,ဂန္ဓ,ရသ, ဩဇ, ဇိဝှါပသာဒရုပ်တခု, ဇီဝိတရုပ်တခု အဲဒီ ၁၀-ပါးသောရုပ်မှာ တည်ရာဝတ္ထုရုပ်ဖြစ်တဲ့ မဟာဘုတ်လိုဏ်မှာတည်ဖြစ်တဲ့ ဇိဝှါဝိညာဏ်စိတ်ပေါ့၊ လျှာပေါ်ကို အချိုအချဉ်အဖန်အခါးရောက်လာလျှင် သိတတ်တဲ့ စိတ်ကလေးလေ၊အဲဒါ ဇိဝှါဝိညာဏ်စိတ်ခေါ်တယ်၊ ဒါ စိတ်ဘုရားတွေ စိတ်တရားတို့၏ ဖြစ်ရာဌာနကိုပြတာ။

ကိုယ်ကကော ကာယပသာဒရုပ်, ဖေါဋ္ဌဗ္ဗရုပ်, ကာယဝိညာဏ်စိတ်ကလေးဟာ ကိုယ်မှာလဲ ရုပ်-၁၀-ပါးဘဲ၊ ပထဝီ, တေဇော, အာပေါ, ဝါယော, ဝဏ္ဏ,ဂန္ဓ, ရသ,ဩဇ, ကာယပသာဒ ရုပ်တခု, ဇီဝိတရုပ်တခု အဲ သူလဲဘဲ ရုပ်-၁၀-ပါးနဲ့လိုဏ်လျှင် တည်ရာရှိထသောတဲ့၊ ဟဒဝတ္ထုရုပ်လဲ ထိုနည်းတူစွာပေါ့၊ ပထဝီ,တေဇော, အာပေါ, ဝါယော, ဝဏ္ဏ,ဂန္ဓ,ရသ, ဩဇ,ဟဒယဝတ္ထုရုပ်တခု, ဇီဝိတရုပ်တခု သူလဲ လိုဏ်ဘဲ၊ အဲဒါကြောင့် ဂုဟာသယံ-လိုဏ်တည်းဟူသောတည်ရာရှိထသောတဲ့၊ မဟာဘုတ်တည်းဟူသော လိုဏ်မှာသာ တည်ရာရှိတယ်၊အဲ့ဒါ စိတ်,စိတ် အဲ့ဒီစိတ်ကလေးကို မြင်အောင်ကြည့်ကြစမ်း၊ ဒီစိတ်ဟာ မိတ်ဆွေလား ရန်သူလား၊ ဒီစိတ်ဟာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ၊ မြင်လဲမမြင်ရဘူး၊ အဲဒီစိတ်ဟာလဲ အကျိတ်အခဲလဲမဟုတ်၊ အမြဲ

တည်တာမဟုတ်ဘူး၊ အခုပြောတဲ့ မဟာဘုတ်ဆိုတဲ့လိုဏ်မှာ တည်ရာမှိုရာ ဖြစ်ပြီးတော့နေတယ်၊ ဒါကြောင့် ဘုရားကိုယ်တော်မြတ်က ယေ-အကြင်သူတို့သည်၊ စိတ္တံ-စိတ်ကို၊ သံယမေဿန္တိ-စောင့်ရှောက်ချုပ်တည်း သိမ်းဆည်းနိုင်ကုန်သတ္တုံ၊ အာသုံးသတ္တဝါတွေ အကြင်သူတို့သည်ဆိုကထဲက ကုန်ရောပေါ့၊ အဲဒီသတ္တဝါတွေဟာ ဒီစိတ်ကလေးကို စောင့်ဆည်းချုပ်တည်း နိုင်မယ်ဆိုလျှင်တဲ့၊ တေ-ထိုသူတို့သည်၊ မာရဗန္ဓနာ- ကိလေသာ တည်းဟူသော အနှောင်အဖွဲ့မှ၊ မောက္ခန္တိ-လွတ်လေကုန်လတ္တံ့တဲ့၊ အဲဒီစိတ်, စိတ်ကိုစောင့်ဆည်းနိုင်တဲ့ပုဂ္ဂိုလ် ချုပ်တည်းနိုင်တဲ့ပုဂ္ဂိုလ်ဟာ မာရ်တည်းဟူသော အနှောင်အဖွဲ့မှ ဧကန်မုချ မလွဲ လွတ်ရမယ်တဲ့၊ဒါစိတ်အရေးကြီးပုံကို ပြောပြတာ၊ အဲ့ဒါကြောင့်-

**နာမ်သေိမ္မာမှ ရုပ်သက်သာမည်၊**
**နာမ်မသေိမ္မာ ရုပ်နာလိမ့်မည်၊**
**နာမ်မအေး ရုပ်ခွေးဖြစ်လိမ့်မည်၊**

အမြဲ့ရွှတ်တို့ကောင်းတာပေါ့၊ အမြန်ရွှတ်တက်ရွရွ ဇိပ်ရာဝင် ဇိပ်ရာထ ခရီးသွားရင်းမှစ၍ ဘယ်အခါမဆို နေ့မစဲညဉ့်မစဲ အမြဲရွတ်နေ တို့ ကောင်းတာပေါ့၊ နာမ်ဆိုတာစိတ်ကိုခေါ်တာ၊ အင်မတန်အရေးကြီးတယ်၊ ဒီစိတ်အရေးကြီးပုံကို ဘုရားဟောတယ် 'စိတ္တေန နီယတိ လောကော'တဲ့၊ လောကကြီးပြုပြင်တာစိတ်၊ အဲဒီစိတ်ကိုနိုင်မှ ချမ်းသာ သုခရမယ်တဲ့၊ ဒီစိတ်ကိုနိုင်တဲ့ပုဂ္ဂိုလ် မနိုင်တဲ့ပုဂ္ဂိုလ် နှစ်မျိုးနှစ်စား ရှိတယ်၊ စိတ်ကိုမနိုင်တဲ့ပုဂ္ဂိုလ်ဟာ ခုနတုန်းကပြောပြီ မဟုတ်လား၊ စိတ်မလိမ္မာဘာ သိပ်ကြောက်စရာကောင်းတယ်။

တို့ မြတ်စွာဘုရား ကိုယ်တော်မြတ် ရာဇဂြိုဟ်ပြည်မှာ သီတင်းသုံးတဲ့ အခါကာလကျတော့ တို့ ဂိဇ္ဈကုဋ်တောင်မှာ သီတင်းသုံးနေတဲ့ ရှင်နာရဒမထေရ်၊အဲဒီရှင်နာရဒမထေရ်ကဂိဇ္ဈကုဋ်တောင်က ဆင်းပြီးတော့ ရာဇဂြိုဟ် ပြည်တွင်းကို ဆွမ်းခံ ဝင်လာတဲ့ အခါကျတော့ ဘာကို သူမြင်လိုက်သလဲ၊ အထက်ကောင်းကင်မှာ သူမြင်လိုက်တာက ရုပ်အဆင်း အင်္ဂါနဲ့ အင်မတန် ပြည့်စုံတဲ့ ပုဂ္ဂိုလ် တဦးကို မြင်ရတယ်၊ အဲဒီလို အင်မတန်ချောလှနေပေတဲ့ ထိုပုဂ္ဂိုလ်ရဲ့ ပါးစပ်

ကတော့ကာ ပုပ်လိုက်တဲ့ အနံ့ဟာ ထက်ဝန်းကျင် အရပ်လေးမျက်နှာ ပြန့်နှံ့သွားအောင် အပုပ်နံ့ လှိုင်သွားတာဘဲ၊ ပုပ်လိုက်တာမှ ဘယ်လောက် မပုပ်တယ် ပုပ်တယ်ဆိုတာ သူ့ပါးစပ်ကို ပိုးလောက်တွေ ထိုးပြီး တဖွားဖွား ဖြစ်နေတာကို အရှင်နာရဒ မထေရ်က မြင်တော့ မနေနိုင်ဘူး မေးရတယ်၊ ငါ့ရှင် သင်ဟာ ကြည့်စမ်း နေရတော့လဲ ကောင်းကင်မှာ နေရတယ်၊ ရုပ်အဆင်း ကလေးကလဲ အင်မတန်လှတယ်၊ သင့်ပါးစပ်ကတော့ ပုပ်လိုက်ထာ ရစရာမရှိဘူး၊ ပိုးလောက်တွေ တဖွားဖွားနဲ့ အင်မတန်ကြောက်စရာ လန့်စရာ ကောင်းတယ်၊ သင်ဘယ်ကဲ့သို့ အကြောင်းများ ပြုခဲ့ပါသလဲလို့ ဆဲဒီလို အရှင်နာရဒ မထေရ်က ပြန်မေးတာ၊ မေးတော့မှ ထိုပုဂ္ဂိုလ်က ပြန်ပြောတယ်၊အရှင်ဘုရား တပည့်တော် တခြားကြောင့် မဟုတ်ပါဘူးတဲ့၊ စိတ်ကို မနိုင်နင်းတဲ့အတွက် ဒီလို ဖြစ်ပါရတယ်။

### မထေရ်နှစ်ပါးနှင့် ပဥ္စင်းငယ်

ဟို ကဿပဘုရား လက်ထက်က သူငယ်ချင်းနှစ်ယောက် ငယ်စဉ်တောင်ကျေး ကလေးဘဝက ဖုတ်ထဲမှာကစားဖက် သူငယ်ချင်း အင်မတန်ချစ်ထာ၊ တော်တော်ကလေးကြီးရင့် ပြန်တော့လဲ အလွန်ခင်မင်တဲ့ သူငယ်ချင်း တိုင်ပင်နှီးနှောခြင်း ပြုပြီးတော့ ကိုင်းတို့ လူ့ဘောင် နေလို့တော့ မတော်ဘူးကွယ် ရဟန်းပြုကြစို့ရဲ့ဆိုပြီး သူငယ်ချင်း နှစ်ယောက် ရဟန်းပြုကြတယ်၊ ရဟန်းပြုပြီးတော့ တခုသော ရွာမှာ သိတင်းသုံးတဲ့အခါ ကျောင်းကန် နေရာနှင့် သူငယ်ချင်း နှစ်ယောက် အတူတူဘဲနေတယ်၊ဆဲဒီရွာ ဂေါစရဂါမ်ပြုပြီးသကာလ နေကြတာပေါ့၊ တနေ့သ၌ ဦးပဥ္စင်းကလေးတပါးက ဒေသစာရီ လှည့်လာတဲ့အခါ ထိုကျောင်းသင်္ခမ်း ရောက်သွားတယ်၊ ထိုကျောင်းရောက်တဲ့ အခါကျတော့ ဟိုကမထေရ်ကြီးတွေက အာဂန္တုက ဝတ်ရှိသေးတာကိုး၊ ကောင်းစွာမွန်စွာနေရာထိုင်ခင်းနဲ့ ပြုပြင်ပြီးတော့ပေးတယ်၊နေရာပေးပြီး နံနက်မိုးသောက် အလင်းရောက်တဲ့အခါ အာဂန္တု ရဟန်းငယ်နှင့် မထေရ်ကြီးတွေပါ ရွာတွင်းဆွမ်းခံဝင်သွားတာပေါ့၊ ရွာသူ ရွာသားတွေက သံဃာတော် အရှင်မြတ်တွေ ဆွမ်းခံကြွလာတယ် ဆိုတော့ အင်မတန် သဒ္ဓါကြည်ညိုကြတာကိုး၊ သဒ္ဓါကြည်ညိုတော့ ဆွမ်းတွေ

လောင်း ယာဂုတွေကပ်၊ဆွမ်းတွေ ဆွမ်းဟင်းတွေလှူ၊အင်မတန် သဒ္ဓါကြည်ညိုကြတယ်၊ အဲဒီလို ကြည်ညိုကြတော့ ဒကာ, ဒကာမတွေက ပျူပျူငှါငှါနဲ့ သဒ္ဓါတရားနဲ့ ပြည့်စုံတာ ဦးပဉ္ဇင်းကလေးက မြင်တာပေါ့၊ ကျောင်းပြန်ရောက်တဲ့အခါ ဘယ်လို သူ အောက်မေ့သလဲ၊ဟာ ရွာကဒကာ,ဒကာမတွေဟာ အင်မတန် သဒ္ဓါတရားနဲ့ ပြည့်စုံတယ်၊ ဂေါစရဂါမ် အင်မတန် ကောင်းတယ်၊ ကျောင်းကလဲ အရိပ်အာဝါသနဲ့ အင်မတန်တင့်တယ်၊ ရေမိုးကလဲ အင်မတန်ပြည့်စုံ နေရာကလဲ အင်မတန် သာယာတယ်၊ ငါဒီကျောင်းမှာနေရလျှင် ကောင်းမှာဘဲ၊ သူစိတ်အကြံဖြစ်တယ်။

အဲဒီလို စိတ်အကြံဖြစ်ပြီးတော့ ဘယ်လို တဖန်ဖြစ်ပြန်သလဲဆိုတော့ အကယ်၍ ငါဒီကျောင်းမှာ နေမယ်ဆိုလျှင် ဒီမထေရ်ကြီးတွေ လက်အောက်က ငါနေရမှာဘဲ၊ ငါ စိတ်ဆင်းရဲနေမှာဘဲ၊ ဒီမထေရ်ကြီးတွေ ကျောင်းမှာ မရှိလျှင်တော့ ကောင်းမှာဘဲလို့ စိတ်ကကြံတယ်၊ အဲဒါ စိတ်စိတ် နာမ်မလိမ္မာတဲ့ စိတ်ဓာတ်တွေ တဖွားဖွား ပေါ်လာတယ်၊ နာမ်လိမ္မာတဲ့ အတွက်ကြောင့် ဝစီကံပေါ်တော့မယ်၊ ဘယ်လိုပေါ်လာသလဲဆိုတော့ နေ့ရက် အတော်နေမိသောနောက်၌ ညဦ့အချိန်အခါမှာ မထေရ်ကြီးက တရားဓမ္မသုံးမပြီးတော့ ကိုယ့်အိပ်ရာ ကိုယ်ဝင်အိပ်ကြတာပေါ့၊အိပ်ကြတဲ့အခါကျ ခုနကအာဂန္တုမထေရ်လေးကမထေရ်ကြီး တပါးထံ အချိန်မဲ့ ချဉ်းကပ် သွားတယ်၊ ဘယ်သူလဲ မေးတော့ တပည့်တော်ပါဘုရား ဘယ့်နယ်သင်အချိန်မဟုတ်ပါလား အချိန်မဟုတ်ဘဲနဲ့ ဘယ့်နဲ့ကြောင့် လာသလဲလို့ မေးတော့ တပည့်တော် အချိန်မဟုတ်မှန်းတော့ သိပါတယ်ဘုရား၊ လျှောက်ထားစရာ စကားလေးရှိလို့ အရှင် ဘုရားထံ ဝင်လာ ပါတယ်၊ ဘာကို လျှောက်ထားစရာ ရှိသလဲ မေးတော့ အထူး မဟုတ် ပါဘူး ဘုရား၊ အရှင်ဘုရားနဲ့ အတူနေတဲ့ မထေရ်ဟာ အရှင် ဘုရားနဲ့ အရင်က ခိုက်ရန်များ ဖြစ်ဘူးပါသလား ဘုရားတဲ့ ဒီတော့ တဲ့ ငါတို့ ငယ်စဉ်တောင်ကျေး အကလေးဘဝကပင် တခါမှခိုက်ရန်ဒေါသမဖြစ်ဘူးဘူး။ အရှင်ဘုရားကတော့ သူတော်ကောင်းမို့လို့ မဖြစ်ဘူးလို့သာရှိရမယ်၊ ဒီမထေရ်ကတော့ အရှင်ဘုရားရှေ့မှာသာ အကောင်းပြောတာ၊ ကွယ်ရာမှာတော့ အရှင်ဘုရား၏အကျိုးမဲ့တွေကိုသာ ရှောက်ပြောတာဘဲတဲ့။

ဒီတော့ မထေရ်ကြီးက ဟာ, မောင်ပဉ္စင်း ဒီလိုပြောမယ်မဟုတ်ပါဘူး။ အရှင်ဘုရား တပည့်တော်အခုလျှောက်ထားတာ ထိုမထေရ်ကြီးနဲ့ ခိုက်ရန်ဖြစ်ပွါး ဂုံးချောတဲ့စကား မဟုတ်ပါဘူး၊ အရှင်ဘုရား၏ အကျိုးစီးပွါးကို လိုလားလို့သာ ယခုလာ၍လျှောက်ထားဘာပါ၊ အရှင်ဘုရား ယုံချင်လဲယုံပေါ့ဆိုပြီး ပြန်သွားတယ်၊ ပြန်သွားတော့ မထေရ်ကြီးက ပုထုဇန်ရှိသေးတာကိုး၊ ဒီတော့ ထုံရဟန်းငယ် ဂုံးချောတဲ့စကားဟာ ဟုတ်ကောင်းများ ဟုတ်လိမ့်မလားလို့ စဉ်းစားစိတ်လေး ပေါ်လာတယ်၊ အဲဒါ ခုနက အာဂန္တုရဟန်းလေးဟာ စိတ်မကောင်းတဲ့အတွက် စိတ်မလိမ္မာတဲ့အတွက် ဂုံးချောတဲ့ ဝစီကံမုသားပြောတာပေါ့၊ ဝစီကံမုသား ဂုံးချောစကားပြောရော၊ပြီးတော့ဟိုမထေရ်ကပါးလဲဒီလိုဘဲ ထိုနည်းတူစွာပြောတာဘဲ နှစ်ပါးစလုံးပြောတော့နှစ်ပါးစလုံးက ပုထုဇန်ချည်းဘဲဖြစ်နေတာကို ဒီတော့ တပါးနဲ့တပါး အကဲခပ်တယ်၊ တပါးသည်တပါးအား ဟုတ်လိမ့်မလား မဟုတ်ဘူးလားလို့ အကဲခပ်တဲ့အခါကျတော့ အမူအရာ ခြားကုန်ရော၊ မထေရ်ကြီးကလဲ စကားတယ်မပြောဘူး၊ ဆွမ်းခံသွား သူ့ဟာသူစား ဟိုမထေရ်တပါးကလဲ ဆွမ်းခံသွား ရလာတဲ့ပစ္စည်း သူ့ဟာသူစား တပါးသည်တပါးအား စကားမပြောကြဘူး၊ မပြောကြတော့ သူတော်ကောင်းတွေကိုး မဖြစ်ဘူး ဒီလိုဆိုရင် ငါတို့ အတူနေလို့မတော်ဘူးဆိုပြီးတော့ မထေရ်ကြီးနှစ်ပါး ကျောင်းမှာမနေဘဲ ထွက်သွားကုန်ရော၊မထေရ်ကြီးနှစ်ပါးလဲ ကွဲသွားရော၊ ကွဲသွားတော့ ရဟန်းငယ်က သူ့အလိုပြည့်ပြီပေါ့၊ အာဂန္တုရဟန်းက ဝမ်းမြောက်ဝမ်းသာ ငါ့အလိုတော့ ပြည့်သွားပြီ, မထေရ်ကြီးနှစ်ပါးတော့ သွားပြီ၊ အဲဒီမှ အားရဝမ်းမြောက်နှင့် နံနက်စောစော မြို့တွင်းဆွမ်းခံဝင်တာပေါ့၊ ဝင်တော့မထေရ်ကြီးနှစ်ပါးမပါဘူး၊ ဒီတော့ ဒကာ,ဒကာမတွေက အရှင်ဘုရား ဆရာတော်မထေရ်ကြီးတွေကောဘုရားဟု မေးလျှောက်တော့ ဒီမှာလဲ မုသားပြောတာဘဲ၊ မပြောပါနဲ့ဒကာရယ်၊ ဝစီကံနော် စိတ်မကောင်းတာ၊ ဘယ့်နဲ့ပြောသလဲ၊ ဒကာ သူတို့မထေရ်ကြီးနှစ်ပါးဟာ ညဥ့်က တညဥ့်လုံးရန်ဖြစ်ထာ တခါထဲ ငါ့မှာကြားထဲက ဖျဉ်ပြီတော့ သည်းခံပါဘုရား တော်ကြပါဘုရား မသင့်လျော်ပါဘူးဘုရားလို့ အကြိမ်ကြိမ်ပြောသော်လဲ မရဘူးကွယ်၊ တခါထဲ နံနက်လဲလင်းရော သူတို့အချင်းချင်းခွဲခွါပြီး

တခြားကိုသွားကြတယ်၊ မုသားပြောတာ, မုသားပြောတာ အဲဒါနာမ်လိမ္မာမှ ရုပ်သက်သာမည်၊ နာမ်မလိမ္မာရုပ်နာလိမ့်မည်ဆိုတာ မှတ်ထားနော်။

အဲစိတ်မလိမ္မာတဲ့အတွက် မုသားပြောဆိုတယ်၊ ဒါဖြင့်အရှင်ဘုရား ထိုမထေရ်တွေသွားသော်လဲ အရှင်ဘုရား၏ကျောင်းမှာဘဲ သီတင်းသုံးပြီးတော့ နေတော်မူပါဘုရားလို့ ဒကာ,ဒကာမတွေက တကယ့်အရိယာသူတော်ကောင်း ထင်ပြီးတော့ ပင့်ပြန်တာပေါ့၊ပင့်တော့ သူကဝမ်းမြောက်ဝမ်းသာနဲ့ ကျောင်းပြန်လာပြီးတော့ နေတယ်၊ နေသော်လဲဘဲ

**ဘယ်သူမပြု၊ မိမိမှု၊ အကုသိုလ်၊ ထိုအမှားကား၊**
**တပါးမခံ၊ ရင်လေးတန်း၊ ပြန်၍တုံ့မြဲ၊ မှန်မလွဲ၊**

ဆိုတာ မိမိပြုတဲ့အကုသိုလ်ကံဟာ ဘယ်သူက အရင်သိသလဲဆိုတော့ မိမိကိုယ်တိုင် အရင်သိတာပေါ့၊ မယုံလျှင် တို့ဒကာ, ဒကာမတွေ မကောင်းမှုလုပ်ကြည့်စမ်းပါလား၊ မကောင်းမှုပြုကြည့်၊ အဲဒီမကောင်းမှုပြုတာ သူများမသိဘူးလို့သာထင်တာ ကိုယ့်ကိုယ်ကိုယ်အရင်သိတယ်၊ ကိုယ်ဘိုင်အရင်သိတယ်၊ အဲခုလဲ ရဟန်းငယ်ဟာသူ့ဟာသူသိလာတာပေါ့၊ အာဂန္တုရဟန်းငယ်လေးဟာ ငါတော့ကာတကယ့်သူတော်ကောင်းကြီးတွေကို ငါပြစ်မှားမိသွားပြီ၊ ငါတော့ဖြင့်ကြီးလေးသောဝန် ပြုထားပြီလို့ တကထဲ နှလုံးမသက်မသာဖြစ်လာရော၊ နှလုံးမသာယာတာတွင် ဘယ်ကမလဲ မီးတောက်လာတာပေါ့၊ တခါထဲ စိတ်နှလုံးပူပန်ခြင်းဖြစ်ပြီး ခန္ဓာကိုယ်မှာ မီးဟုန်းဟုန်းတောက်ပြီး ဖျားနာခြင်းဖြစ်ပြီးတော့ ပျံလွန်တော်မူရော၊ ပျံလွန်တော်မူတာနဲ့တပြိုင်နက် ဘယ်ရောက်သွားတယ်ထင်သလဲ နာမ်မလိမ္မာ ရုပ်နာလိမ့်မည်၊ ရုပ်တရားလေ ဘယ်မနာခံနိုင်မလဲ အဲဒီအာဂန္တုကရဟန်းငယ်ဟာအဝီစိငရဲကိုကျသွားတယ်၊ဘယ်လောက်ကြာကြာများ ခံရပါသလဲဘုရားလို့ဆိုတော့ တို့ကဿပဘုရားလက်ထက်ကစ၍ ဂေါတမဘုရားလက်ထက်ကျအောင် မြေကြီးတယူဇနာနှင့် သုံးဂါဝုတ်မြင့်တက်လာတဲ့အထိ အဲဒီအခါကျမှ ဂေါတမဘုရားပွင့်တယ်၊ ဂေါတမဘုရားပွင့်တော်မူတော့မှ အဝီစိကလွတ်ပြီး အခုပြောတဲ့ ဂိဏ္ဍုကုင်တောင်ခြေရင်းမှာ ပြိတ္တာလာဖြစ်တယ်။

ခုနတုန်းက လောက်တွေတဖွားဖွားနဲ့ပါးစပ်မှာ လောက်တွေထိုးလို့ အပုပ်နံ့တွေနဲ့ အဲဒါကောင်းကင်မှာရုပ်အဆင်းကတော့ အင်မတန်လှပေမဲ့ ဤကဲ့သို့မကောင်းမှု အကုသိုလ်ကံဒုစရိုက်ကြောင့် ဖြစ်ရတယ်တဲ့၊ ရုပ်အဆင်းလှတာက တခြားမဟုတ်ဘူးတဲ့၊ ဒီသမဏသာရုပ္ပ ရဟန်းဝတ်နဲ့ နေလာခဲ့တဲ့ သီလသိက္ခာပုဒ်ကြောင့် အဆင်းဟာလှပတင့်တယ်ခြင်းဖြစ်တယ်တဲ့၊ အဲဒါသေသေချာချာမှတ်ထားကြ။

**နာမ်လိမ္မာမှ ရုပ်သက်သာမည်၊**
**နာမ်မလိမ္မာ ရုပ်နာလိမ့်မည်၊**
**နာမ်မအေး ရုပ်ချွေးဖြစ်လိမ့်မည်၊**

အဲဒီလက်ာကလေးကိုလေ မြင်လောက်တဲ့နေရာမှာ မှန်ဘောင်သွင်းပြီးတော့ ချိတ်ထားဘို့ကောင်းတယ်၊မြင်လောက်တဲ့နေရာမှာ ချိတ်ထားရင် သူ့ဖတ်ကြည့်လဲဒါတွေ့ ငါဖတ်ကြည့်လဲ ဒါတွေ့၊အဲဒါတွေ့နေရင်ဖြင့် အမြဲတမ်း သတိရနေမှာပေါ့၊ နာမ်ဆိုတာစိတ်ပေါ့ အဲဒါကတော့ အကုသိုလ်မကောင်းကျိုးပေးတာမှန်ပြီမဟုတ်လား ကုသိုလ်ဘက်က ရဟန်းပြုတဲ့အတွက်ကြောင့် ရုပ်ဆင်းရောင်ဝါ လှပတင့်တယ်ခြင်း ရှိတယ်ဆိုတာမှန်တယ်၊ ဝစီကံအတွက်ကြောင့် အဝိစိငရဲမှာကျတဲ့အပြင် စိတ်မကောင်းတဲ့အတွက်ကြောင့် ပါးစပ်ကပုပ်တဲ့အပုပ်နံ့သည် ပြင်းထန်လှသည်ဖြစ်သောကြောင့် ပိုးလောက်တွေ တဖွားဖွားနဲ့ ခံစားနေရတဲ့ ဒုက္ခတခုတဲ့၊ အဲဒါတခုမှတ်ထားကြ။

## ယက်ကန်းသည်မပြိတ္တာ

တို့မြတ်စွာဘုရား သာဝတ္ထိပြည်မှာ သိတင်းသုံးတော် မူစဉ်အခါက ရဟန်းတော်တကျိပ်နှစ်ပါး ဝါဆိုကျောင်းရှာကြတာပေါ့၊ ဝါဆိုချိန်ကျတော့ ဝါတွင်းသုံးလပတ်လုံး ဝါဆိုကျောင်းမှာကပ်ပြီတော့ ရှေးကတရားအားထုတ်ကြတာကိုး၊ ဘုရားလက်ထက်က အဲဒီအခါကျတော့ ရဟန်းတော်တကျိပ်နှစ်ပါး ဝါဆို ကျောင်းရှာရအောင် တောနယ်ဘက်ကိုသွားကြတယ်၊ သွားကြတော့ တခုသောရွာ ရောက်သွားတယ်၊ ဒီရွာငယ်အနီးမှာ တောကျောင်းကလေးတကျောင်းရှိတယ်၊ အဲဒီ တောကျောင်းမှာ ဝင်ပြီးတော့ ညဉ့်ကျိန်းစက်ကြတယ်၊ နံနက်လင်းတဲ့အခါ

သပိတ်သက်နိုးများ ပြင်ပြီးတော့ရွာတွင်း ဆွမ်းခံဝင်တာပေါ့ ဆွမ်းခံဝင်တော့ ဒီရွာက ယက်ကန်းသည်တွေနေတဲ့ရွာ ယက်ကန်းသည်က များများမရှိပါဘူး၊ အိမ်အားလုံးမှာ တဆဲ့တအိမ်ဘဲရှိတယ်၊ အဲဒီ တဆဲ့တအိမ်မှာ ရဟန်းတဆဲ့နှစ်ပါး ဆွမ်းခံကြွသွားတဲ့အခါ ဒကာ, ဒကာမတွေက သံဃာတော်တွေ မြင်လိုက်တော့ အင်မတန်ကြည်ညို လေးစားပြီး အရှင်ဘုရားများကြွပါဘုရားဆိုပြီးဆွမ်းကွမ်းလှူကြတယ်၊ လှူပြီးတော့လျှောက်ထားတာပေါ့၊ အရှင်ဘုရားများ ဘယ်အရပ်ဒေသ ကြွကြမလဲဘုရားလို့ လျှောက်တော့ ရဟန်းတော်တွေက ပြန်ပြော တယ်၊ ဒကာတို့ ငါတို့သည်သက်သာရာ ချမ်းသာရာအရပ်ကိုရှာတယ်၊ အဲဒီလိုပြောတယ်၊ ဒီလိုဆိုရင်ဖြင့် အရှင်ဘုရား တပည့်တော်တို့ရွာမှာ ဘဲ သီတင်းသုံးပါ တောကျောင်းမှာ တပည့်တော်တို့အမိုပြုပြီးတော့ သီတင်းသုံးလို့ရှိလျှင်သက်သာရာ ရပါလိမ့်မယ်လို့ လျှောက်ထားတဲ့ အခါ ရဟန်းတော်များက ဝန်ခံလိုက်တယ်၊ ငြိမ်သက်စွာ ဝန်ခံမှန်းသိ တော့မှ ဒကာတွေ တောကျောင်းကို သွားပြီးသကာလ ကျကျနန သုတ်သင် ရှင်းလင်းလို့ကျောင်းကို နေရာထိုင်ခင်းနှင့်တကွ ကောင်းမွန် စွာပြုပြင်ပြီး ထိုသံဃာတော်တဆဲ့နှစ်ပါးကို ကိုးကွယ်ထားကြတယ်။

အဲဒီရွာမှာ ယက်ကန်းသည်က တဆဲ့တဦးရှိတာ၊ ရဟန်းက တဆဲ့ နှစ်ပါး၊ ဒီတော့ ယက်ကန်းမှူးဖြစ်တဲ့လူကြီးက ကိုင်း မင်းတို့တွေက တပါးကိုတအိမ်ကျ ပူဇော်ကြကွယ်၊ လုပ်ကျွေးကြ ငါက နှစ်ပါး လုပ်ကျွေးမယ်၊ ယက်ကန်းမှူးကြီးက နှစ်ပါးလုပ်ကျွေးတယ်၊အဲဒီ ယက် ကန်းမှူးကြီးရယ့် ဒကာမက သဒ္ဓါတရားမရှိဘူး၊ သဒ္ဓါတရားဆို၍ လုံးလုံးကိုမရှိဘူး၊ သံဃာတော်တွေလဲ မကြည်ညိုဘူး၊ သံဃာတော် တွေကိုလဲ အင်မတန်စောင်းကာရိပ်ကာ အပြစ်လုပ်တယ်၊ လင်ကိုလဲ အရေးမစိုက်ဘူး၊ သံဃာများကိုလဲ မလေးစားဘူး၊ အဲဒီတော့ ယက် ကန်းမှူးကြီးက စဉ်းစားတယ်၊မဖြစ်ဘူးတဲ့ ဒီမိန်းမနဲ့ ငါနေလို့ ဒီရဟန်း တော်တွေနဲ့ဆိုလျှင် ခပ်ခက်ခက်၊ ဒီလိုဆိုရင် နောက်အငယ်တယောက် ယူမှဘဲဆိုပြီး မိန်းမငယ်တယောက် ယူတယ်၊ မိန်းမငယ်တယောက် ယူပြီးသကာလ အိမ်ကိုဆောင်ကြဉ်းလာတော့ ထိုမိန်းမငယ်ကတော့ လင်ဝတ်ငါးပါးနဲ့လဲကျေပွန်တယ်၊ သံဃာတော်တွေကိုလဲ အင်မတန် ရိုသေတယ်၊ အလေးအမြတ်ပြုပြီးတော့ လုပ်ကျွေး အဲဒီလိုလုပ်ကျွေး

ပြီးတော့နေတဲ့ဟာ မယားကြီးကတော့ ငြူစူစောင်းမြောင်းပြီး သကာလ လင်ကိုအမျိုးမျိုး ရန်ထောင်နေတာဘဲ၊ ဒါနဲ့ သိတင်းဝါလကျွတ်တဲ့အခါ ယက်ကန်းသည်တွေက ရဟန်းများအား သင်္ကန်းလှူကြတာပေါ့၊ ရဟန်းတပါးကို သင်္ကန်းတစုံကျ လှူဒါန်းတဲ့အခါကာလ ကျတော့ ခုနကပြောတဲ့ ယက်ကန်းမှူးကြီးရဲ့ မိန်းမအကြီးက ဘယ်လိုဆိုလိုက်သလဲဆိုတော့ အချလှူတဲ့ အသင့်ဆွမ်းတွေဟာ အကုန်ချွဲသလိပ်ချွဲခမ်းသာဖြစ်ရမယ်တဲ့၊ ဝစီဘေဒကံ နာမ်မလိမ္မာပုံ နာမ်မလိမ်မာတော့ စိတ်ထဲတွင်မထားနိုင်ဘူး၊ ဝစီကံထွက်လာတယ်၊ ဝစီကံပေါ်လာတယ် အဲဒီတော့မှ သင်္ကန်းကိုလှူတဲ့ အဝတ်သင်္ကန်းဟာ သံပူရဲ့, သံပြားခဲသာဖြစ်ရမယ်၊ အဲ့ဒီလိုကျိန်ဆဲတာ။

အဲဒီလို ကျိန်ဆဲပြီးတော့ မကြာဘူး သူကံအားလျော်စွာ အဲဒီ ယက်ကန်းမှူးကြီးလဲ စုတေမနေသေလွန်သွား၊ ကျိန်ဆဲတဲ့မိန်းမကြီးလဲ သေသွားတော့ ယက်ကန်းမှူးကြီးက ဝိဉ္စာတဝီတောအုပ်မှာ ဟန်းခိုးကြီးတဲ့ ရုက္ခစိုးကြီး သွားဖြစ်တယ်၊အဲ ကျိန်ဆဲတဲ့ ဒကာမကြီးကတော့ ဒီရုက္ခစိုးကြီးအနားမှာ ပြိတ္တာမကြီး သွားဖြစ်တယ်၊ အဆင်းမလှ ကိုယ်ကလဲ အဝတ်တန်ဆာမရှိ၊ အစားအသောက်ဆိုလဲ ဘာမှစားစရာမရှိ၊အင်မတန်မှ အရုပ်ဆိုးတဲ့ပြိတ္တာမကြီး သွားဖြစ်တယ်၊ အဲဒီလို ပြိတ္တာမကြီးသွားဖြစ်တော့ သူ့မှာ စားစရာမရှိ မစားရတဲ့ပြိတ္တာမကြီးက ရုက္ခစိုးကြီးထံ သွားပြောတယ်၊ အသင်ရုက္ခစိုးကြီးတဲ့ အသင်နဲ့ ငါနဲ့ဟာ လူဖြစ်စဉ်အခါကာလက အကြင်လင်မယား ဖြစ်ခဲ့ပါတယ်တဲ့၊ ကျွန်ုပ်အား အသင်သည် အစာများပေးပါလို့ သွားတောင်းတယ်၊ ရုက္ခစိုးကြီးက နတ်သုဒ္ဓါတွေပေးတာဘဲ၊ နတ်သုဒ္ဓါပေးပေမဲ့ သူ့ရှေ့ရောက်တော့ ဘာဖြစ်သလဲ မစင်တို့, ချွဲခဲတို့, သလိပ်ခဲဘို့ ဖြစ်ကုန်တာဘဲ၊ အဲ သူ ဒါဘဲစားရတာဘဲ၊ ကျုပ်မှာ အဝတ်တန်ဆာမရှိဘူး၊ ရုက္ခိုးကြီးပေးပါဆိုတော့ ရုက္ခစိုးကြီးက ပေးတာပေါ့၊ အင်မတန်ချောမွတ်နူးညံ့ သိမ်မွေ့တဲ့ အဝတ်တန်ဆာတွေပေး သူ၏လက်နဲ့ ကိုင်ပြီး သူ့ကိုယ်မှာ ကပ်လိုက်သည်နှင့် တပြိုင်နက် တခါထဲ သံပူရဲရဲကြီးကပ်လိုက်ရသလို သည်းမခံနိုင်အောင်ဖြစ်ပြီး ချွတ်ပြီးတော့ထွက်ပြေးရတယ်၊ အဲဒီလိုဘဲခံနေရတာ။

အဲဒါနာမ်မလိမ္မာတော့ ရုက္ခဆင်းရဲကြီးခံနေရတာ၊ ရုက္ခစိုးကြီးက နာမ်လိမ္မာတော့ မသက်သာလား၊ အင်မတန်သက်သာတယ်၊ နတ်၌ ဖြစ်သောအဝတ်တန်ဆာနတ်၌ဖြစ်သောခဲဘွယ် နတ်သုဓာအစာအာဟာ ရတွေနဲ့ အင်မတန်တန်ခိုးကြီးတာ၊ 'အခုပြောတဲ့ပြိတ္တာမ ကတော့ နာမ်မလိမ္မာတဲ့အတွက် ဒုက္ခကြီးစွာခံနေရတယ်။

ဒီအချိန်အခါမှာ ရဟန်းတော်တပါးကလဲ မြတ်စွာဘုရားသခင် ဖူးမျှော်ရအောင် ကြွလာတဲ့အခါ လှည်းကုန်သည်တွေနဲ့ တွေ့လို့ ထိုလှည်းကုန်သည်များနဲ့ အတူတကွလိုက်လာတယ်၊ ရှေးကတုန်းက လှည်းကုန်သည်တွေဟာ ကန္တာရခရီးကိုသွားရတာ ညဥ့်အခါသာ သွားကြတာကိုး၊ နေ့အခါကျတော့ အမောအပန်းဖြေ လှည်းတွေဖြုတ် ပြီးတော့ ရေမိုးအဆင်ပြေတဲ့နေရာမှာ အမောအပန်းဖြေပြီးတော့ နေကြတယ်၊ ဒီအခါမှာ ရဟန်းတော်အရှင်မြတ်ကလဲ တညဥ့်လုံး အအိပ်ပျက်ပြီး ပင်ပန်းလာတော့ ဒီဒကာတွေနဲ့ အလှမ်းဝေးဝေးဆိတ် ငြိမ်တဲ့သစ်ပင်ကြီးအောက်မှာ ဒုကုဋ်သင်္ကန်းကလေး ခင်းပြီးတော့ အိပ်လိုက်တာပေါ့၊ အိပ်လိုက်တော့ ခရီးပန်းလာတဲ့ပုဂ္ဂိုလ်ဆိုတော့ ချက်ခြင်းအိပ်ပျော်သွားတယ်၊ အဲဒီလို ရဟန်းလဲ အိပ်ပျော်သွားရော မကြာမြင့်မီဘဲ လှည်းသွားတွေက ခရီးဆက်လက် သွားကြမယ်လို့ လှည်းတွေတတ်လို့ပြင်လို့၊ ဒီအခါကျတော့ ရဟန်းက အိပ်ပျော်နေလို့ မနိုးတော့ဘူး၊ ကိုယ်တော်လဲ သိပ်ပြီးအိပ်ပျော်နေလို့ရှိလျှင် မနိုးတော့ ဘူးဆိုပြီး ရဟန်းတော်အား ထားခဲ့ပြီး တခါထဲသွားကြရော။

ရဟန်းက အိပ်ရာကနိုးလို့ ကြည့်လိုက်တော့ လှည်းသွားတွေ တယောက်မှမရှိတော့ဘူး၊ သူတို့မရှိလဲ ငါသွားမယ်ဆိုပြီး ရဟန်း တပါးတည်း လိုက်သွားတယ်၊ လမ်းကျတော့ လမ်းဆုံ၊လမ်းခွနှစ်ခု ရောက်တဲ့အခါ တခုသောလမ်းဘက်ကို ရဟန်းက လိုက်သွားတယ်၊ သူလိုက်သွားတဲ့လမ်းက ဝိဉ္ဈာဋဝီတော၊ခုနကရုက္ခစိုးကြီးနေတဲ့နေရာကို ရောက်သွားတယ်၊ ရုက္ခစိုးကြီးဗိမာန်ရောက်သွားတော့ ရုက္ခစိုးကြီးက သဒ္ဓါကြည်ညိုနဲ့ လူရောင်ဖန်ဆင်းပြီးသကာလ အရှင်ဘုရား ကြွပါ ဘုရားကြွပါဘုရားဆိုပြီး ပင့်ပြီး တခါတဲကျကျနန ခြေဆုပ်လက်နယ် ပြုလုပ်ပြီးတော့ သူ့ဗိမာန်မှာ သီတင်းသုံးရန်လျှောက်တာပေါ့၊ သီတင်း သုံးနေတဲ့အခါ ခုနကပြောတဲ့ ပြိတ္တာမကြီးက လာတာပေါ့၊ ပြိတ္တာမ

ကြီးကလာပြီးတော့ ရက္ခစိုးကြီး သူ့ကို ထမင်းအဖျော်ပေးပါဆိုတော့ ရက္ခစိုးကြီးက ပေးလိုက်လျှင် သူ့လက်ထဲရောက်တာနဲ့ မစင်ချွဲခဲ, သလိပ်ခဲတွေ ဖြစ်ကုန်တာဘဲ၊ ဒါသူ့ကျိန်စာနဲ့သူပြန်မိတာ၊ အသင်ကျုပ်မှာ အဝတ်တန်ဆာမရှိဘူးပေးပါဆိုလျှင် နတ်ဝတ်တန်ဆာတွေပေးတယ်၊ ရဟန်းမျက်မှောက်မှာ ပေးတယ်၊ အဲဒီလိုပေးလိုက်တော့ သူ့လက်ထဲအဝတ်တန်ဆာတွေ ရောက်သာနဲ့တပြိုင်နက် သံပူရဲရဲကြီးဖြစ်သွားတယ် မကပ်နိုင်ဘူး အဲဒါ ရဟန်းကမြင်တော့ ရက္ခစိုးကြီးကို အသင်တဲ့ ဒီဒကာမဟာ ဘယ်လိုများ အကုသိုလ်ကံများရှိလို့ ဒီလိုဖြစ်ထာလဲလို့မေးတယ်၊ မေးတော့မှ ခုနကဘုန်းကြီး စောစောကပြောခဲ့တဲ့အတိုင်း ယက်ကန်းသည်မကြီး ဘဝတုန်းက မိစ္ဆာဝန်တိုပြီးတော့ မလိမ္မာမှု မိုက်မဲမှု ကျိန်စာအတွက် ဤလိုဖြစ်ရတယ်ဆိုပြီးတော့ ပြန်လျှောက်ထားတယ်၊ ရက္ခစိုးကြီးကလဲ ခင်ပွန်းသည်မဟောင်း ဖြစ်နေတော့ သနားလဲသနားသေးတာကို၊ သနားတော့ အရှင်ဘုရား သည်လောက်ကြီးလေးတဲ့ဒုက္ခဘေးဆိုးကြီးမှလွတ်အောင် ဟာမကြီဆောင်နိုင်ဘူးလားဘုရားလို့ ရဟန်းကိုလျှောက်တယ်၊ ဒကာ လွတ်နိုင်ပါတယ်၊ အမိန့်ရှိတော်မူပါ၊ဒကာတဲ့၊ထိုပြိတ္တာမကို ရည်မှတ်၍ သင်သည်တပါးသောဘုရားကိုဖြစ်စေ သံဃာတော်ကိုဖြစ်စေ၊ ဆွမ်းအဝတ်တန်ဆာလှူပြီးသကာလ အမျှဝေရင်လွတ်နိုင်ပါတယ်။

ဒါဖြင့်ကောင်းလှပါပြီဘုရားဆိုပြီးတော့ ရက္ခစိုးကြီးက ထိုရဟန်းကိုပင် နတ်သုဓာအရသာများကို ထိုပြိတ္တာမကိုရည်စူးပြီး သကာလလှူတယ်၊သင်္ကန်းလဲဘဲနတ်ဝတ်တန်ဆာတစုံ အရှင်ဘုရားတပည့်တော်မြတ်စွာဘုရားကိုယ်တော်မြတ်ကို ဤနတ်တန်ဆာ သင်္ကန်းလျှာ အလို့ငှါ လှူဒါန်းပါတယ်ဘုရား၊ အရှင်ဘုရား၊ဆောင်ကြဉ်းတော်မူပါဆိုပြီးတော့ ရဟန်းကိုအပ်တယ်၊အဲဒီတော့မှ ဤကဲ့သို့ဆွမ်းဒါန သင်္ကန်းဒါနတို့ကြောင့် ထိုပြိတ္တာမ ငါ၏ပြုအပ်တဲ့ကုသိုလ် အမျှအမျှလို့ဝေလိုက်တော့ ထိုရဟန်း၏ မျက်မှောက်မှာပင် အမြိုက်အရသာနတ်သုဓာအာဟာရတို့ကို မြိန်ရေရှက်ရေ ဒီအခါမှာသုံးစားရတယ်။

ဒါ လိမ္မာတဲ့ စိတ်ကလေးပေါ်လို့ သာရခေါ်လို့ အဲ ပြီးတော့မှ သင်္ကန်းလှူတဲ့ အကျိုးအတွက်ကြောင့် သာရ ခေါ်လိုက်တော့ အဲဒီ

တော့မှ နတ်သွီးဘမျှ လှပတင့်တယ် ရှုချင်စဖွယ်နှင့် ပြည့်စုံကဲ့ နတ်ဝတ်တန်ဆာနဲ့ ဖြစ်သွားတယ်တဲ့။

အဲဒါ သေသေချာချာမြင်ကြပြီပေါ့၊ စိတ်မလိမ္မာတာ ဘယ်လောက်ဆိုးသလဲ၊ စိတ်ကလေးလိမ္မာတော့ကာ ဘယ်လောက် အကျိုးရှိသလဲ ဆို၊ဒါကြောင့် နာမ်လိမ္မာမှ ရုပ်သက်သာမည်၊နာမ်မလိမ္မာ ရုပ်နာလိမ့်မည်၊ နာမ်မအေး ချုပ်ဒွေးဖြစ်လိမ့်မည်၊ တိုတိုလေးရယ်နော် စာကတော့ တိုတိုလေးရယ်၊ အဲဒါ သူ့ဘပါးကို ပြောနေတယ်လို့ မမှတ်ကြနဲ့နော် မိမိကိုယ်ကို မိမိပြန်ပြီးတော့ အာရုံပိုက်ကြည့်၊ မိမိခန္ဓာကိုယ်မှာ စိတ်ဟာ နာရီ မိနစ် စက္ကန့်မစဲဘူးနော်၊ မျက်စိမှာ ဖြစ်တဲ့စိတ်၊ နားမှာဖြစ်တဲ့စိတ် နှာခေါင်းမှာဖြစ်တဲ့စိတ် လျှာမှာဖြစ်တဲ့စိတ် ကိုယ်မှာဖြစ်တဲ့စိတ် မနောမှာဖြစ်တဲ့စိတ် မိမိကိုယ်မှာ ဒီစိတ်ဟာ နာရီ မိနစ် စက္ကန့်မစဲဘူး အမြဲတမ်း စွဲကပ်နေတယ်၊ အဲ မိမိကိုယ်မှာ အမြဲတမ်း စွဲကပ်နေတဲ့ စိတ်ကလေးဟာ လိမ္မာရဲ့လား မလိမ္မာဘူးလား ကိုယ့်ကိုယ်ကိုယ်ကြည့်၊ အခုဇာတ်ဒွက မလိမ္မာတဲ့ ပုဂ္ဂိုလ်များ စိတ်မလိမ္မာလို့ အမျိုးမျိုးနဲ့ ဒုက္ခအနန္တရာယ် တွေ့ရတာကို ဘုန်းကြီးပြောပြတယ် မဟုတ်လား၊ အဲ စိတ်လိမ္မာလို့ ချမ်းသာသုခရတာလဲ ဘုန်းကြီးဟောပြလို့ကြားကြပြီ မဟုတ်လား၊ဒီတော့ သူတို့တော့ ဒီလိုဘဲ စိတ်လိမ္မာတဲ့ ပုဂ္ဂိုလ် မလိမ္မာတဲ့ ပုဂ္ဂိုလ် အကြောင်းအားလျော်စွာ အကျိုးပေးတယ်ဆိုတာသိပြီ၊ ငါတို့ကော မိမိတို့ကိုယ်ကိုပြန်ကြည့်ပေတော့၊ စိတ်လိမ္မာသလား မလိမ္မာဘူးလား မိမိတို့ စိတ်လိမ္မာလျှင် ဘယ်အကျိုး ခံစားရမလဲ မိမိတို့ စိတ်မလိမ္မာလျှင် ဘယ်အကျိုးခံစားရမယ်၊ ကိုယ်တိုင် သိဘို့တွေပေါ့၊ ဒါကြောင့် စိတ်ဟာ အလွန်အရေးကြီးတယ်။

အဲ အခု တို့ ဒီဟံသာဝတီကမ္ဘာဌာန်းတိုက်မှာ တရားပြနေတော့ သူ့ထက်ငါကောင်းသာပြီး တရားအားထုတ်ကြတာ တလ တလကို လူရှင်ရဟာန်း တရာ တရာ့ငါးဆယ်၊ ခုလမှာဆိုလျှင်ဖြင့် တရားလာအားထုတ်တဲ့ ပုဂ္ဂိုလ်ပေါင်း တရာ့ရှစ်ဆယ် ကျော်သွားတယ်၊ ထိုပုဂ္ဂိုလ်များဟာ အနည်းဆုံး ခုနစ်ရက်စခန်း တရားဝင်တဲ့ ပုဂ္ဂိုလ်ကို ဆိုတာ၊ အဲဒီလို အားထုတ်ကြတယ်၊ အဲဒီ ပုဂ္ဂိုလ်တွေလာသမျှ တို့ ဘာဆုံးမသလဲ၊ စိတ်ဘဲဆုံးမတယ်၊ တခြား ဘာမှ မဆုံးမဘူး၊ စိတ်ကိုဘဲ ဆုံးမတယ်၊ ဘယ်လိုစိတ်ဆုံးမသလဲ လာပြီးတော့ တသည့်တော်ဘုရား တရား

အားထုတ်ပါရစေ ဘုရားလို့ ကျောင်းရောက်ထာနဲ့ တပြိုင် နက်ထဲ ရှေးဦးစွာ ဒီစိတ်ကို ဆုံးမဘို့ ဘာကိုညွှန်ကြားလိုက်သလဲ၊ ဘုရားကိုယ် တော်မြတ် ဟောတော်မူတဲ့ ဒေသနာတော်အတိုင်း အာနာပါနာသတိကို အားထုတ်စေတယ်၊ အာနာပါနာသတိက နည်းပေါင်း သုံးဆယ်ကျော် ရှိတယ်၊ အဋ္ဌကထာဆရာတွေ ချဲ့ထွင်ထားတာ၊ အဲဒီတော့ နည်းပေါင်း များစွာရှိသော်လဲ လိုရင်းက စိတ်ငြိမ်ဘို့ ပဓာန ဖြစ်သောကြောင့် တို့ ဒီမှာ ပြတာက ဖုသန နည်းနှင့် ပြတယ်၊ ဖုသနနည်း ခန္ဓာကိုယ် အတွင်းမှာရှိတဲ့ စိတ်ကလေးကုန်နိုင်အောင် နှာသီးဖျားမှာစိတ်ကုထား၍ ထွက်သွား တဲ့လေ ဝင်လာတဲ့လေ ထွက်လေ ဝင်လေ နှစ်ခုပေါ့၊ ထွက်သွားတဲလေ ထွက်လေမှန်းသိ ဝင်သွားတဲ့လေ ဝင်လေမှန်းသိ၊ ထိုသိမှုကလေးကလွဲရင် လက်မချုံးနဲ့ ပုတီးမစိတ်နဲ့ မရေတွက်နဲ့ မစဉ်း စားနဲ့ မတွေးတောနဲ့ မကြံစည်နဲ့ တခါထဲ စိတ်ကို ဆုံးမခိုင်းတာ၊ ဘယ်လောက်တောင် ဆုံးမချမလဲဆိုလျှင် မနေမနား မီးပွတ်သော ယောကျ်ားကဲ့သို့တဲ့-

**ဥပမာ**-မီးပွတ် ယောကျ်ားဆိုတာဟာ သစ်သား နှစ်ချောင်းကို မနေ မနား လုံ့လ ဝီရိယနဲ့ မပြတ် တိုက်လိုက်လျှင် မီးထွက်တယ်၊ အဲဒါ မနေမနားတိုက်မှထွက်တာ တိုက်လိုက်မောတော့ အသာ ရပ်ထားလိုက် အမောပြေထတိုက် ဘယ်တော့မှ မီးမထွက် ဘူးတဲ့။

အဲဒါ ဥပမာ ပြောတာ မနားမနေ မပြတ်ကို တိုက်မှ မီးထွက်တယ်၊ အခုလဲ ယောဂီ ပုဂ္ဂိုလ်များသည် မနေမနား မီးပွတ်သော ယောကျ်ား ကဲ့သို့ ထိုင်ရင်းလဲ ဒီသတိကို လက်မလွှတ်နဲ့ ဝီရိယသတိပေါ့၊ ထရင်းလဲ ဝီရိယသတိ လက်မလွှတ်နဲ့၊ သွားရင်းလဲ ဝီရိယသတိ လက်မလွှတ်နဲ့၊ အိပ်နေရင်းလဲ ဝီရိယ သတိလက်မလွှတ်နဲ့ အဲဒါ မနေမနား မီးပွတ်သော ယောကျ်ားလို စိတ်ကို ဆုံးမခိုင်းတာ၊ တနည်းအားဖြင့်လဲ စိတ်ကို ဘယ် လို ဆုံးမခိုင်းသလဲ၊ ဥပမာနဲ့ ပြတယ်။

## ပေါဋ္ဌိလမထေရ်နှင့် သာမဏေငယ်

တို့ပေါဋ္ဌိလမထေရ်ကြီးကို သာမဏေ ငယ်ကလေးက ဆုံးမသလို သာမဏေငယ်ကလေးအား ပေါဋ္ဌိလမထေရ်ကြီးက ကမ္မဋ္ဌာန်းဘန္တေလို့ ဆိုပြီး ဒူးထောက်ပြီးတော့ သွားတောင်းရတာ၊ ထိုမထေရ်ကြီးက

ကျောင်းတိုက်ပေါင်းတဆဲ့ရှစ်တိုက် အုပ်စိုးပြီးသကာလ ပိဋကတ်သုံးပုံ နှုတ်တက်ရွရွ အာဂုံဆောင်နေတဲ့ စာချပုဂ္ဂိုလ် မထေရ်ကြီးပေါ့၊ အဲဒီ မထေရ်ကြီးက သာမဏေကလေးထံမှာ သွားပြီးတော့ ကမ္မဋ္ဌာန်ဘာ္ဝေ့၊ လို့ သွားတောင်းတာ-

အဲဒီတော့ သာမဏေကလေးက ပြောလိုက်တယ်၊ အရှင်ဘုရား ကမ္မဋ္ဌာန်းတောင်းတာ ကိစ္စမရှိဘူး၊ တပည့်တော်စကား အရှင်ဘုရား နားထောင်နိုင်ပါ့မလား၊ ဟာ့,သာမဏေ ငါနားထောင် နိုင်ပါတယ်၊ ကောင်းပြီ နားထောင်နိုင်လျှင် အရှင်ဘုရား ဟိုရေကန်ထဲကို ဆင်းစမ်း ပါတဲ့၊ရေကန်ထဲ အဆင်းခိုင်းတယ်၊အဲတို့ဒကာ,ဒကာမတွေ့တွေးကြည့် စမ်း၊ အင်မတန် စာချပုဂ္ဂိုလ်မထေရ်ကြီး ဒီပုဂ္ဂိုလ် သာမည်ပုဂ္ဂိုလ် မဟုတ်ဘူး၊ဝိပဿီ,သိခီ,ဝေဿဘူ,ကက္ကုသန်,ကောဏာဂုမ်,ကဿပ ဟိုဘုရားခြောက်ဆူတိုင်တိုင် ပိဋကတ်သုံးပုံ ဆောင်ပြီးတော့ စာချ လာတဲ့ စာချပုဂ္ဂိုလ်ကြီးပေါ့၊ တို့ဂေါတမဘုရား လက်ထက်ကျလဲ စာချပုဂ္ဂိုလ်ကြီးဘဲ၊ ဒါလောက်ကြီးကျယ် ခမ်းနားတဲ့ စာချပုဂ္ဂိုလ် ကြီးကိုတောင် သာမဏေငယ်ကလေးက ရေကန်ထဲ အဆင်းခိုင်း တယ်၊ တယ့်နို့လဲ အရှင်ဘုရား ကမ္မဋ္ဌာန်းတရား သွားတောင်းတာ ဒီ မထေရ်ကြီးကို ဘယ့်နှဲ့ကြောင့် ကန်ထဲ အဆင်းခိုင်းပါသလဲ ဘုရားလို့ တို့ဒကာ ဒကာမတွေ သို့လော သို့လောဖြစ်သွားမှာပေါ့၊ အဲတာတရား အစစ်၊ သာမဏေကလေးက မထေရ်ကြီးကို ရေကန်ထဲ အဆင်းခိုင်း တာ တရားအစစ်ဘဲ၊ သိတို့မခက်ကြလား၊ ဘာဖြစ်လို့လဲ ဆိုတော့ ထို မထေရ်ကြီးဟာ နိဂါတနိမာန-ဆိုတဲ့ မာန နှိမ်ချလား မချဘူးလား သူ့ မာနဟာ ကျိုးပြီလား မကျိုးဘူးလား မာနရှိသေးသလား မရှိဘူးလား သာမဏေကလေးက ဒီမထေရ်ကြီး၏ စိတ်ဓာတ်ကို စုံစမ်းလိုက်တာ၊ နာခံလိမ္မာမှ ရပ်သက်သာမည်၊ နာခံမလိမ္မာ ရပ်နာလိမ့်မည် ဆိုတာ ဒီ မထေရ်ကြီးဟာ စိတ်မလိမ္မာလျှင် ရပါ့အုံးမလား၊ စိတ် လိမ္မာမှ ရမှာ၊ စိတ် လိမ္မာတယ် မလိမ္မာတယ် စုံစမ်းရင်းနဲ့ ကိုင်း အရှင် ဘုရား ရေကန်ထဲ ဆင်းပါတဲ့၊ အောင်မယ် မထေရ်ကြီးက စာချ ပုဂ္ဂိုလ် မထေရ်ကြီးဆိုတော့ ဘုန်းကသိဒ်ကြီးတာ ဘုန်းကြီးတဲ့ပုဂ္ဂိုလ် ကြီးဆိုတော့ တရားအားထုတ်သွားတာတောင် သူ့ဟာက အင်မတန် သူ့မှာလှပတင့်တယ်ရှိတဲ့ ပိုးသင်္ကန်းကြီးနဲ့ အဲဒီနေရာမှာ သူ မာနရှိနေ

လို့ သာမဏေလေးရဲ့စကားကို နားမထောင်လျှင် ရေကန်ထဲ အဆင်း ခိုင်းတာ ဘယ်ဆင်းမလဲ၊ ဟော ခုတော့ မဟုတ်ဘူး၊ သာမဏေက လေးက ရေကန်ထဲဆင်းပါလို့ ပြောတာနဲ့တပြိုင်နက် တခါထဲထသွား တယ်၊ ထသွားပြီး ရေကန်ထဲဆင်းတာ၊ အရှင်ဘုရား ဒူးကျအောင် ဆင်းပါဘုရား ဆိုတော့ ဆင်းတယ်၊ အရှင်ဘုရားပေါင်လယ်ကျအောင် ဆင်းပါဘုရားဆိုလဲ ဆင်းတာဘဲ၊ အဲဒီလိုဆင်းတဲ့အခါမှာ သာမဏေ ကလေးက အကဲခပ်နေတာ၊ သူ၏သက်နိုးကို ရေစိုမှာ ကြောက်သ လား မကြောက်ဘူးလား,သင်္ကန်းကိုပင့်သလား မပင့်ဘူးလား,တာကို ကြည့်နေတာ၊ သင်္ကန်းကိုမပင့်ဘူး၊ သင်္ကန်းကိုရေစိုခံပြီးတော့ တခါ ထဲဆင်းသွားတယ်၊ အရှင်ဘုရား ဆင်းလိုက်ပါအုံး ဘုရားဆိုတော့ လည်ပင်းရောက်အောင် ဆင်းသွားတယ်။

ဒီတော့မှ ဟာ မတော်ပြီတဲ့ သူ့စကားကို နားထောင်တယ်တဲ့၊ ဒါထက် ဆင်းအုံးဆိုရင် အသက်တောင်အသေခံမဲ့ ပုဂ္ဂိုလ်တဲ့၊ အရှင် ဘုရား တော်ပါပြီ တက်ပါတော့ တက်ပါတော့ တပည့်တော်တို့ တရားဟာ ခက်ထဲမဟုတ်ပါဘူး လွယ်လွယ်လေးရယ် ဘုရားတဲ့ ဆိုပြီးတော့ တခါထဲခေါ်လိုက်တယ်၊ အဲဒီတော့မှ ရေကန်ထဲက တက် လာတယ်၊ တက်လာတော့ အရှင်ဘုရား တရားကခက်တာမဟုတ်ပါ ဘူးတဲ့ ဘာခက်မလဲ တရားက စိတ်သာခက်နေတာ၊ စိတ်လိမ္မာလျှင် ရပြီးသားဘဲ၊ စိတ်လိမ္မာလျှင် ဘယ်နည်းနဲ့မှမနေဘူး တရားရတယ်၊ စိတ်မလိမ္မာလို့ခက်နေကြတာ၊ စိတ်လိမ္မာလျှင် တရားက အလွယ် လေး၊ အလွန်ကိုလွယ်တာ၊အဲဒီတော့မှ ဒါဖြင့်ငါ့ရှင်ပြောစမ်းပါအုံးတဲ့။

ဒီတော့မှအရှင်ဘုရား တပည့်တော်လျှောက်ထားပါရစေ ဘုရားတဲ့၊ တောင်ပို့တခု ရှိပါတယ်ဘုရား၊ အဲဒီတောင်ပို့မှာ ဂယ်ပေါက်ခြောက်ခု ရှိတယ်၊ ထိုဂယ်ပေါက်ခြောက်ခု ရှိတဲ့အနက်က ထိုတောင်ပို့ထဲမှာ ဖွတ်တကောင် အောင်းနေတယ်၊ အဲဒီဖွတ်ကို အရှင်ဘုရား အမိဖမ်းချင် လို့ရှိလျှင် ဂယ်ပေါက်ငါးပေါက်ကို အလုံပိတ်ထားလိုက်ပါ ဘုရားတဲ့၊ တပေါက်ကနေထိုင်စောင့် မိတာပေါ့တဲ့၊ဟာ,ငါ့ရှင် ငါ နားလည်ပြီတဲ့၊ ဟိုက ပိဋကတ်သုံးပုံးသင်လာတဲ့ ပုဂ္ဂိုလ်ကြီး နားလည်ရုံဘယ်ကမလဲ သိတာပေါ့၊ တခါထဲနေရာကထသွားတယ်၊ ထသွားပြီးတော့ တယ်

မဝေးပါဘူး တော်တော်ခပ်လှမ်းလှမ်း ကလေးမှာသွားပြီးတော့ အားထုတ်တယ်။

ဒီသာမဏေကလေးက ဒါဘဲပြောလိုက်တာ၊ တခြားတရားတွေဘာမျှမပြောလိုက်ဘူး၊ အရှင်ဘုရား တောင်ပို့ ဂယ်ပေါက်ငါးပေါက်ပိတ်ထား တပေါက်ကယ်ထိုင်စောင့် ဖွတ်ကိုမိတယ်ဆိုတာလေး ပြောလိုက်ထာ၊ ဟိုကမထေရ်ကြီးကတော့ သိသွားပြီ၊ တို့ဒကာ ဒကာမတွေတော့ ပြန်ပြောရအုံးမလိုကျနေတာ၊ စင်စစ်မှချအားဖြင့် ဟိုက ဂယ်ပေါက်ခြောက်ပေါက် ရှိတဲ့အထဲမှာ အောင်းနေတဲ့ဖွတ်ကို ငါးပေါက်ကိုပိတ်ပြီးတော့ တပေါက်ကစောင့်ဖမ်းလျှင် မြန်မြန်ကြီး မိသကဲ့သို့ တို့ဒကာ, ဒကာမတွေမှာလဲ စိတ်ထွက်ရာတံခါးက ခြောက်ခုရှိတာ မျက်စိကမြင်လဲ ထွက်သွားတယ်၊ နားကကြားလဲ ထွက်သွားတယ်၊ နှာခေါင်းကနံလဲ ထွက်သွားတယ်၊ လျှာပေါက်ကလဲ စိတ်ထွက်တယ်၊ ကိုယ်ပေါက်ကလဲ စိတ်ထွက်တယ်၊ မနောပေါက်ကလဲ စိတ်ထွက်တယ်၊ ဒွါရခြောက်ပါးက စိတ်တွေက ပေါက်လွတ်ပဲစားထားတော့ သွားချင်ရာ သွားနေတာပေါ့၊ အဲဒီစိတ်ကို အဖမ်းခိုင်းတာ၊ ဒိစိတ်ဖမ်းချင်လို့ရှိလျှင် ငါးဒွါရ အလုံပိတ်ထားလိုက်၊ မနောတခုထဲနဲ့ အာရုံပြုပြီးတော့ ခုနကတုန်းက အာနာပါနာသတိတခုထဲ အာရုံပြုပြီးနှလုံးသွင်းလိုက်လျှင် ဟောဒိစိတ်ကိုမိရော၊စိတ်ကို မိတယ်ဆိုလျှင် အလိုရှိတိုင်း ပြည့်စုံပြီ။

ဒါကြောင့် ခုနတုန်းက မထေရ်ကြီးဟာ သာမဏေလေး ဥပမာ ပြလိုက်တဲ့တရားကို ငါ့ရှင် ငါသိပြီဆိုပြီးတော့ သွားအားထုတ်တာ၊ ခဏလေးရယ် မကြာဘူး၊ တခါထဲ ပဋိသမ္ဘိဒါလေးပါးနဲ့ ရဟန္တာ ဖြစ်သွားတယ်၊ ဘယ်လောက်မြန်သလဲဆိုတာ အဲဒါ စိတ်ကို လိမ္မာသွားတာ၊ နာမ်လိမ္မာမှ ရုပ်သက်သာမည်၊ နာမ်လိမ္မာလို့ သက်သာသွားတယ်၊ နာမ်မလိမ္မာ ရုပ်နာလိမ့်မည်၊ အကယ်၍ သူဟာ သာမဏေစကားနားမထောင်ရင် တရားကိုရမှာမဟုတ်ဘူး၊ ဘယ်နည်းနဲ့မှ မရဘူး၊ အဲဒီတော့ သာမဏေစကားကို နားထောင်တာ၊ သာမဏေကလဲ ကိုယ်တိုင်သိ၊ အဲဒီတော့မှ ဟာ အရှင်ဘုရား လွယ်လွယ်လေးဘဲ ဆိုပြီးတော့ ပေးလိုက်တော့ ဟော, ပေါ်ဦလ မထေရ်ကြီးဟာ လွယ်လွယ်ကလေးနဲ့ ရဟန္တာဖြစ်သွားတယ်၊ အဲဒါ စိတ်သဘောတွေ

ပေါ့၊ဒါ့အခုဒီမှာလဲ ပေါဋ္ဌိလမထေရ်ကြီးသိတဲ့တရားမျိုး တို့ဒကာ,ဒကာ မတွေ သိပါစေဆိုပြီးတော့ မေတ္တာတရားနဲ့ဟောနေတာ၊ အရေးကြီး ထာက စိတ်,စိတ်ကိုနိုင်မှရမယ်၊စိတ်မနိုင်ရင်ရမှာကို မဟုတ်ဘူး၊စိတ်က ခုနပြောတဲ့ ဒွါရခြောက်ပါးတံခါး ခြောက်ပေါက်က သွားချင်တဲ့အရပ် သွားပြီး လေလွင့်နေရင် ဘယ်လာရမလဲ,မရဘူး၊အခုဒီမှာလဲဘဲ တရား အားထုတ်တဲ့ယောဂီတွေကို အမျိုးမျိုးပြောရတယ်၊ အခုယောဂီသစ် တွေ တရားလာအားထုတ်လျှင် လူသစ်တွေဆိုတော့ ဗဟုသုတနည်း ပါးကြတယ်၊ တရားဂူထဲဝင်ခါနီး တံခါးကိုဖြေးညှင်းစွာဖွင့်ပြီးကြည့်၊ သတိထားရတာပေါ့၊ သွားတဲ့အခါမှာ ယောဂီများဟာ ဩြာသူတို့ ဂူထဲမှာ အားထုတ်နေကြတယ်၊ ငါ ဘိနပ်ကို မြည်အောင်စီးသွားလို့ မတော်ဘူးလို့ဆိုတဲ့ စိတ်ဓာတ်ကလေးဟာ ဒါယဉ်ကျေးတဲ့စိတ်ဓာတ် ကလေးပေါ့၊ တို့ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေမှာ အနှောင့်အယှက် ဘေးအန္တရာယ်မရှိအောင် ယဉ်ကျေးတဲ့စိတ်ကလေးနဲ့ ဟောဘိနပ်ကို အသာကြွပြီးတော့ မမြည်အောင်စီးသွား၊ တံခါးဖွင့်တဲ့အခါမှာလဲ အ သာကလေး မမြည်အောင်ဖွင့်၊အထဲမှာအားထုတ်နေကြတဲ့ပုဂ္ဂိုလ်တွေ အနှောင့်အရှက်မဖြစ်ရအောင် ကြည့်ပြီးတော့ လပ်တဲ့နေရာကို အသာ လေး မထိမခိုက်ရအောင်ဝင်သွားပြီး မိမိအလိုရှိတဲ့နေရာမှာထိုင်၊ ဘယ် သူနဲ့မှလဲ စကားမပြောရဘူး၊ တရားဂူထဲမှာ ဆိပ်လဲမဆိပ်ရဘူး၊ ဆေး လိပ်လဲမသောက်ရဘူး၊ ဒါ့ဒီလို အလိုရှိသလောက် အားထုတ်ပြီးတော့ သဘောကျလောက်ပြီဆိုမှ မျက်စိဖွင့်ကြည့်ပြီး ဖြေးညှင်းစွာထ,ထွက် ပြီးတော့ ကိုယ်အလိုရှိရာသွားနိုင်တယ်၊ ဒီအလုပ်ဟာ စိတ်အလုပ်၊ စိတ် ကိုနိုင်အောင်ဆုံးမနိုင်တယ်ဆိုလျှင် ဘယ်လောက်အဖိုးတန်သွားသလဲ ကြည့်စမ်း "စိတ္တေန နိယတိလောကော စိတ္တေနပဝိုကဿတိ" လော ကကြီး စိတ်ပြုပြင်တယ်တဲ့၊ အားလုံးရှိသမျှ သတ္တဝါ အနန္တတို့သည် စိတ်ပြုပြင်တဲ့တရား၊ စိတ်ကောင်းနှလုံးကောင်းရှိလို့ စိတ်ငြိမ်သက်လာ လို့ရှိလျှင် စိတ်သာချ မိမိတို့လိုရာဆန္ဒက နိဗ္ဗာန်၊ ဘာပြုလို့နိဗ္ဗာန်လိုချင် သလဲ နိဗ္ဗာန်မရလျှင်ပဋိသန္ဓေနေရတဲ့ဒုက္ခနှင့်တွေ့ရမယ်၊နိဗ္ဗာန်မရလျှင် အိုရတဲ့ဒုက္ခနှင့်တွေ့ရမယ်၊ နိဗ္ဗာန်မရလျှင် နာရတဲ့ဒုက္ခနှင့်တွေ့ရမယ် နိဗ္ဗာန်မရလျှင် သေရတဲ့ဘေးဆိုးကြီးနှင့် တွေ့ရမယ်။

အဲဒါကြောင့် အလိုရှိတာကနိဗ္ဗာန်။ နိဗ္ဗာန် ကကယ်ရောက်ဘို့ တရားက—

ကတမောစခေါဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ၊ဝိပဿနာ အယံ ဝုစ္စတိ အသင်္ခတဂါမိမဂ္ဂေါ၊ ဘိက္ခဝေ-ချစ်သားတို့၊ အသင်္ခတဂါမိမဂ္ဂေါ - နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း ဟူသည်၊ ကတမောစ-အဘယ်နည်း၊

အဲဒါအမေးစကား၊ ဒါသူများကမေးတာမဟုတ်ဘူး ဘုရားကိုယ်တော်မြတ်ကထေတုကမျတာပုစ္ဆာနှင့် သူ့ဟာသူမေးရတယ်၊သူ့မေးမဲ့ပုဂ္ဂိုလ်မှ မရှိဘဲ၊ မေးမဲ့ပုဂ္ဂိုလ်မရှိတော့ ဘုရားကိုယ်တော်မြတ်ကြီး သူ့ဟာသူမေးရတယ်၊ ဘိက္ခဝေချစ်သားတို့၊ အသင်္ခတဂါမိမဂ္ဂေါ-နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းလမ်းမြတ်မည်သည်၊ကတမောစ-အဘယ်နည်း၊ အဲဒီတော့မှ—

ဘိက္ခဝေ-ချစ်သားတို့၊ အယံဝိပဿနာ -ဤဝိပဿနာတရားကို၊ အသင်္ခတဂါမိမဂ္ဂေါ-နိဗ္ဗာန်ရောက်ကြောင်းတရားကောင်းဟူ၍၊ ဝုစ္စတိ၊ဆိုအပ်၏။

ဘုရားကိုယ်တော်မြတ် သူ့ဟာသူမေးရတယ်၊ ဟဲ့ချစ်သားတို့ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းဆိုတာ ဘယ်ဟာလဲ ဘယ်သူမှ မဖြေနိုင်ဘူးပေါ့၊ အဲဒီတော့မှ ဘုရားက ဟဲ့ချစ်သားတို့ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းဆိုတာ ဒီဝိပဿနာတရားဘဲ၊ ဝိပဿနာတရားဆိုတော့ တို့ဒကာ,ဒကာမတွေ ငေးနေကြတယ်၊ဘယ်မှာလဲ ဝိပဿနာတရား ရုပ်နာမ်နှစ်ပါးကိုတွေ့၍ မမြဲဘူးဆိုတဲ့အနိစ္စ အဲဒါ ဝိပဿနာအစစ်ဘဲ၊ ရုပ်နာမ်ကိုတွေ့၍ ဆင်းရဲတယ်ဆိုတဲ့ဒုက္ခ ရုပ်နာမ်ကိုတွေ့၍ အပိုးမရတဲ့အနတ္တ၊

အဲဒီအနိစ္စကို တကယ်သိတာက ဝိပဿနာဉာဏ်၊ ဒုက္ခကိုသိတာက ဝိပဿနာဉာဏ်၊ရုပ်နာမ်ကိုတွေ့လို့တကယ်သိတာက ဝိပဿနာဉာဏ်-အဲကောင်းပြီ ဒါဖြင့်အရှင်ဘုရား ဒီဝိပဿနာဉာဏ်က ဘယ်ကလာရမလဲဆိုတော့အသင်္ခတဂါမိမဂ္ဂေါ-မဂ္ဂင်ရှစ်ပါး၊ဘယ်သူလဲ သီလမဂ္ဂင် ၃-ပါး သမာဓိမဂ္ဂင် ၃-ပါး ပညာမဂ္ဂင် ၂-ပါး၊ မဂ္ဂင်ရှစ်ပါးပေါ့၊ အခုဒီမှာအားထုတ်နေကြတာလေ၊ ကာယကံ,ဝစီကံ၊ ကာယကံလုံတာက ပါဏာတိပါတာ,အဒိန္နာဒါနာ,ကာမေသုမိစ္ဆာစာရာ,ကာယကံ ၃-ပါး-

သမ္မာကမ္မန္တမဂ္ဂင်၊ ဝစီကံက မုသားပြောခြင်း, ဂုံးချောခြင်း, ကြမ်းထမ်း သောစကားကိုဆိုခြင်း, ပြိန်ဖျင်းသောစကားဆိုခြင်း အဲဒါကဝစီကံ ၄-ပါးကြည်ရှောင်တော့ သမ္မာဝါစာမဂ္ဂင်၊ ထိုဒုစရိုက် ၇-ပါးနှင့် အသက်မမွေးတာက သမ္မာအာဇီဝမဂ္ဂင်၊ ဒါသီလမဂ္ဂင် ခေါ်တာပေါ့၊ အဲခုနတုန်းက စိတ်ကိုဆုံးမတာလေ၊ ဝီရိယ၊သမ္မာဝါယာမ မဂ္ဂင်၊ သတိ ထားရတယ်, သတိလစ်သွားမှာစိုးလို့ သတိထားရတယ်၊ ရပ်လျှင်လဲ သတိနဲ့,စားလျှင်လဲသတိနဲ့ သွားလျှင်လဲသတိနဲ့ အိပ်လျှင်လဲသတိနဲ့ အဲဝိရိယသတိ၊ဝိရိယကသမ္မာဝါယာမမဂ္ဂင်သတိကသမ္မာသမာဓိမဂ္ဂင်၊ အဲဒီတော့မှ သမာဓိဆိုတဲ့ ဧကဂ္ဂတာလေးပေါ့ စိတ်တည်ကြည်ခြင်း ငြိမ်သက်ခြင်းရသွားပြီ၊ အဲ သမ္မာသမာဓိ မဂ္ဂင်၊ စိတ်တည်ကြည်ခြင်း ငြိမ်သက်တည်ကြည်ခြင်းဖြစ်လျှင်တော့ ဘုရားကိုယ်တော်မြတ်က သင် တို့ခန္ဓာကိုယ်ကြီးတခုလုံးမှာဦးခေါင်းကအစခြေဖျားအထိရုပ်အတိသာ လျှင်ဖြစ်တယ် အဲဒီရုပ်တွေအောင်ရှာဆိုတော့ သမ္မာဒိဋ္ဌိ၊ဦးခေါင်းကအစ ခြေဖျားကျအောင် အာရုံစိုက်ကြည့်လိုက်တော့တွေ့ရောပေါ့၊ခုနကပြော တဲ့ ပထဝီဖေါဋ္ဌဗ္ဗရုပ်တွေ တေဇောဖေါဋ္ဌဗ္ဗရုပ်တွေ ဝါယောဖေါဋ္ဌဗ္ဗရုပ် တွေဘယ်နည်းနှင့်မှမလွဲတွေ့ပြီ၊ဘာပြုလို့လဲအဲဒီရုပ်တွေဟာမျက်တောင် တခတ်ရပ်ပေါင်းကုဋေငါးထောင်ကျော်ဖြစ်နေတာဘဲ မတွေ့ဘဲဘယ်ခံ နိုင်ပါ့မလဲ၊နာရီမိနစ်စက္ကန့်မစဲဘူးရုပ်တရားတွေကတအုန်းအုန်းတဖြုန်း ဖြုန်း မပြတ်ဖြစ်နေတာ၊ခုတော့ ရှိန် ရှိန် သုတ် သုတ် လှုပ် လှုပ် ရွရွ ခန္ဓာ ကိုယ်တွင်းမှာ အမြဲမပြတ် နိစ္စဗဒ်ဖြစ်နေတဲ့ ရုပ်တရားတွေ တွေ့ရောပေါ့၊ တွေ့တော့ ဟော ပညာမျက်စိ ဝိဇ္ဇာဉာဏ်ကလေးသိ၊ သိသွားပြီ၊ ဟာ တကယ်ဆိုတော့ ဒီရုပ်တရားတွေ နာရီ မိနစ် စက္ကန့်မှမစဲ ဘုရားကိုယ် တော်မြတ်ကြီးက မမြဲဘူးဆိုတာ မှန်ပါကလား တကယ့်ကိုမမြဲဘူး ဆိုတော့ အနိစ္စကိုသိသွားပြီ၊ အဲမပြတ်ဖြစ်ပျက်မစဲကို တွေ့နေခြင်း ကြောင့်ဆင်းရဲတယ်ဆိုတဲ့ဒုက္ခလဲ ဘယ်သူမှမပြောရဘူး သူ့ဟာသူသိ သွားပြီ အနတ္တ, ငါပိုင်တယ်, ငါဆိုင်တယ်, ငါ့သဘောပေါ့ ကမ္ဘာကစွဲ လာတဲ့အတ္တဒိဋ္ဌိကြီးပြေးပြီ။ဘာပြုလို့လဲရုပ်နာမ်တွေ အနိစ္စသိနေတာဘဲ ပြေးရောပေါ့။

ဝိသေသတောပန ရူမသ္မိံ ဉာဏော အနိစ္စလက္ခဏာ ဒဿနမေဝ ပဓာနံ တသ္မိံ ဒိဋ္ဌေယေဝ ဣတရာနိ ကမေန ဒိဋ္ဌာနိ ဟောန္တိ။

ပရမတ္ထဒီပနီဋီကာ။

ဝိသေသတော ပန–အထူးအားဖြင့်ကား၊ ရူမသ္မိံ ဉာဏော- ဤဝိပဿနာဉာဏ်ပညာအရာ၌၊အနိစ္စလက္ခဏာ ဒဿနမေဝ-အနိစ္စလက္ခဏာမြင်ခြင်း သည်သာလျှင်၊ ပဓာနံ- လိုရင်းအရ ပဓာနသဘောသည်၊ ဟောတိ–ဖြစ်၏၊တသ္မိံ-ထို အနိစ္စလက္ခဏာကို၊ ဒိဋ္ဌေယေဝ-မြင်သော်သာလျှင်၊ ဣတရာနိ-ဤ အနိစ္စလက္ခဏာမှတပါးသော ဒုက္ခလက္ခဏာ-အနတ္တလက္ခဏာတို့သည်၊ကမေန-အစဉ်အားဖြင့်၊ ဒိဋ္ဌာနိ–မြင်အပ်ကုန်သည်၊ ဟောန္တိ–ဖြစ်ကုန်၏။

အဲဒီတော့ အနတ္တလက္ခဏာလိုရင်းတဲ့နေ ဘုရားကိုယ်တော်မြတ်က အနတ္တလက္ခဏံ ဝိနာဗုဒ္ဓုပ္ပါဒါ နပညာယတိ၊ ဘုရားပွင့်တဲ့သာသနာခေတ်မှ တွေ့ကောင်းတဲ့အနတ္တ၊ အဲဒီအနတ္တကိုတွေ့တာ ဘယ်သူကတွေ့တယ်ထင်သလဲ စိတ်လိမ္မာမှတွေ့မယ်၊ စိတ်လိမ္မာမှ ရုပ်သက်သာမယ်၊ စိတ်မလိမ္မာရင် ရုပ်နာလိမ့်မယ်၊ စိတ်မအေး ရုပ်ချွေးဖြစ်လိမ့်မယ်၊ အဲဒီစိတ်ခေတ်ကလေးလိမ္မာတဲ့ပုဂ္ဂိုလ် စိတ်သာချ သမာဓိဖြစ်မယ်၊ စိတ်လိမ္မာလို့ သမာဓိဖြစ်လျှင် စိတ်ချ ဝိပဿနာတရားမှာ အနိစ္စ,ဒုက္ခ,အနတ္တ ကေန်မလွဲတမ်းတွေ့မယ်၊ ဒါကြောင့်မို့လို့ ယခုတရားနာတဲ့ပုဂ္ဂိုလ်တွေ၊ ငါတို့သည် သာသနာနှင့်ကြုံပါလျက်နှင့် စိတ်ကိုနိုင်အောင် မသုံးမနိုင်လျှင်ဖြင့် ထိုစိတ်သည် မုချဆတ်ဆတ် ဧကန် ငါတို့ကို အကျိုးပေးတော့မှာ၊ အဲအကြောင်းတရားသက်သက်ဖြစ်တာ စိတ်ဟာအကြောင်းဘဲ“စေတနာဟံဘိက္ခဝေ ကမ္မံဝဒါမိ”၊ သူအကြောင်းသက်သက်ပေါ့၊ အဲ သူ့ကြောင့် ငါသည် မကောင်းသောဒုက္ခဘေးနှင့်တော့ အတွေ့မခံဘူးလို့ ဒီဘဝကစ၍ နိဗ္ဗာန်ရောက်သည့်ဘဝတိုင်အောင် ငါတို့သည် စိတ်ကို လိမ္မာအောင်သုံးမယ်ဆိုပြီးတော့ ဝိပဿနာတရားကြီးဟာဖြင့် ဘုရားပွင့်တဲ့ သာသနာခေတ်မှာမှ တွေ့ကောင်းတာ၊ ငါတို့သည် ကြုံကြိုက်တဲ့အခါမှာ လေးလေးစားစား အားထုတ်မယ်လို့ နှလုံးသွင်းကြ။

# ကိုယ်ချစ်ရှာ

တို့ဒီမှာဟောပြောကြတဲ့တရားဒေသနာတွေကရုပ်တရားနာမ်တရား ပရမတ်တရား ခေတ်တရားတွေနှင့် ဝိပဿနာဉာဏ်၏ အဘိုးတန်ပုံတွေ ဟောပြကြတယ်၊ ယခုပစ္စုပ္ပန်၏ဘေး, သံသရာ၏ ဘေးအမျိုးမျိုးတွေ မတွေ့မကြုံ မဆုံစည်းပါစေနဲ့လို့အင်မတန် ကောင်းတဲ့ ကာလကောင်း အခွင့်ကောင်းနဲ့ကြုံကြိုက်တဲ့အခါ **လသာတုန်း ဗိုင်းငင်** ဆိုတဲ့ ဥပမာလို ရကြပါစေဆိုပြီး တိုက်တွန်းရတယ်၊ မိမိတို့ အဇ္ဈတ္တိက သန္တာန်မှာ ရန်သူအငွေ့အသက်တွေရှိတယ်၊ အဲဒီရန်သူဟာ ဘယ်သူလဲဆိုတော့ အတ္တဒိဋ္ဌိနဲ့ သက္ကာယဒိဋ္ဌိ သူတို့ဟာ ရန်သူ အကြီးဆုံးပေါ့၊ အဲဒီ အတ္တ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ မပြုတ်သမျှ စိတ်မချရသေးဘူးတဲ့၊ ဒါနနဲ့လဲ စိတ်မချ ရဘူး၊ သီလနဲ့လဲ စိတ်မချရဘူး၊ သမထနဲ့လဲ စိတ်မချရဘူး၊ သမထ တန်ခိုးနဲ့ ဈာန်သမာပတ်တွေရ ကောင်းကင်ပျံ မြေလျှိုး အဘိညာဉ် တန်ခိုးတွေနဲ့ ပြည့်စုံသော်လည်း အဇ္ဈတ္တိက သန္တာန်က ရန်သူအစစ် တည်းဟူသော အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိကို မနိုင်တဲ့ အတွက်ကြောင့် သတ္တဝါတွေဟာ သံသရာဝဋ် ဆင်းရဲကြီးထဲမှာ အမျိုးမျိုး ကျင်လည် ကျက်စားမျောပါး နေကြရတယ် မဟုတ်လား။

ဒါကြောင့် အရေးကြီးတာက တကယ် ရန်သူကို နိုင်အောင်ရှာ လက် နက်ကောင်း ရှာကြလို့ဆိုတော့ ဘဝတိုင်း ဘဝတိုင်းမှာ ရှာလို့ ရနိုင် မလားဆိုရင် မရနိုင်ဘူးတဲ့ ဘယ်အခါမှ ရကောင်းသလဲ၊ မနုဿတ္တ ဒုလ္လဘအစစ် ဗုဒ္ဓုပ္ပါဒ ဒုလ္လဘအစစ် တကဲ့ သာသနာခေတ်နဲ့ ကြုံတွေ့တဲ့ အခါကောင်းမှာမှ ရကောင်းတယ် ဒါကြောင့်မို့လို့ အခုလူတွေတော့ ဆုတောင်းလား မတောင်းလား မပြောတတ်ဘူး၊ ရှေးက လူတွေတော့ အမြဲလို ဆုတောင်းကြတယ်၊ **စက်လေးပါးနဲ့ ညားစေသော်** **စက် လေးပါးနဲ့ ညားစေသော်**လို့ အတော်ကိုတောင်းကြတယ်။

စက်လေးပါးဆိုတာ ပဋိရူပဒေသဝါသစက်, သပ္ပုရိသူပနိဿယစက်, အတ္တသမ္မာပဏိဓိစက်, ပုဗ္ဗေစကတပုညတာစက်, စက်လေးပါးခေါ် တယ်, အဲဒီစက်လေးပါးနဲ့ ညားရင် အင်မတန် အဘိုးတန်တဲ့ နိဗ္ဗာန်ကို ရမယ်လို့ ယုံကြည်ကြတယ်၊ ဒါကြောင့် ဆုတောင်းကြတယ်၊ အဲဒီစက်

လေးပါးထဲမှာပုဗ္ဗေစကတပုညတာစက်ဆိုတာရှေးကဆည်းပူးခဲ့ဘူးတဲ့ ပါရမီထူးကံထူးနဲ့ ပြည့်စုံခြင်းကို ပြောတာ၊အဲအခုဒီကို ရောက်ရှိလာတဲ့ ပရိသတ်ဟာ ကိုယ့်ကိုယ်ကိုယ်သာ အာရုံဖိုက်ပြီးတော့ နှလုံးသွင်းကြည့်စမ်း၊ ပုဗ္ဗေစကတပုညတာစက် တို့မှာပြည့်စုံပြီလား မပြည့်စုံသေးဘူးလား စဉ်းစားကြည့်၊ ဟာ ပုဗ္ဗေစကတပုညတာစက် တို့ ပြည့်စုံပြီ၊ဘာဖြစ်လို့လဲ ပုဗ္ဗေစကတပုညတာစက်ပြည့်စုံကြောင်းကို ဘယ့်နဲ့ သိရသလဲ၊မနုဿတ္တဒုလ္လဘ,ရခဲတာလဲတို့ရပြီ၊ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ ဘုရားပွင့်တဲ့ သာသနာခေတ်နဲ့ အင်မတန် တွေ့ကြုံရခဲဘယ်လို့ ဘုရားဟောတော်မူတယ်၊ အဲဒီကြုံရခဲတဲ့ ခေတ်မှာ ငါတို့လာပြီးတော့ ကြုံတာမှန်ပြီ၊ ဒါတင်လားတဲ့ မဟုတ်သေးဘူး၊ သဒ္ဓါသမ္ပတ္တိ ဒုလ္လဘဆိုတာ ရတနာသုံးပါးကို အင်မတန် ကြည်ညိုနိုင်ခဲတဲ့ သဒ္ဓါတရားနဲ့ ပြည့်စုံနိုင်ခဲတဲ့ ဒုလ္လဘကြီး၊ ဒီသဒ္ဓါတရားနဲ့ ပြည့်စုံတယ်ဆိုတာ ဒုလ္လဘ အစစ်ဖြစ်တယ်၊ တို့ဒီက ဗုဒ္ဓဘာသာတွေကတော့ ရယ်မှာပေါ့၊ သဒ္ဓါတရားနဲ့ ပြည့်စုံတယ်ဆိုတာ ဒုလ္လဘလို့ ပြောတာ ကြည့်စမ်း၊ ရတနာသုံးပါးကို ဆည်းကပ်နေကြတာ ဘုရား, တရား, သံဃာ, ရတနာ မြတ်သုံးပါး ကြည်ညိုပြီး ဒါနတွေပြု, သီလတွေစောင့်, ဘာဝနာတွေအားထုတ်နေကြတာ တို့ယုံကြည်နေတာ ဘယ်ခဲယဉ်းလို့လဲ လို့ထင်ကြတယ်၊ သဒ္ဓါတရားဟာ ခဲယဉ်းရုံဘယ်ကမလဲ အခုဒီမှာ လာပြီးတော့ လူဖြစ်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ မြန်မာတိုင်းပြည်ကိုမဆိုထားနဲ့ အားလုံးကမ္ဘာကိုရှုပြီးတော့ ကြည့်လိုက်စမ်း၊ လူရယ်လို့ အမည်ခံပြီးသကာလ လူဖြစ်လာသော်လဲ ရတနာ သုံးပါး ယုံကြည်တဲ့ ပုဂ္ဂိုလ်ဟာ လူတရာမှာ တယောက် တထောင်တယောက် တသောင်းမှာတယောက် မရှားဘူးလား ဉာဏ်နဲ့ တွေးကြည့်စမ်း။

ဒါကြောင့် သဒ္ဓါသမ္ပတ္တိဒုလ္လဘ, အလွန်ခဲယဉ်းတယ် မလွယ်ဘူး၊ အဲဒါကြောင့် သဒ္ဓါတရားနဲ့လဲ ပြည့်စုံနေပြီ၊ သုံးချက်ရပြီ၊ မနုဿတ္တဒုလ္လဘ, ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ, သဒ္ဓါသမ္ပတ္တိဒုလ္လဘ၊ ပြီးတော့မှ ဘာလဲ ပဗ္ဗဇိတဒုလ္လဘ, ဒါကတော့ ထားပါတော့၊ ပဗ္ဗဇိတဒုလ္လဘလဲ ရနိုင်တာဘဲ၊ ပြီးတော့မှ သဒ္ဓမ္မသဝနံ အတိဒုလ္လဘံတဲ့ သူတော်ကောင်းတရားကို အလွန်ကြားနာရခဲတယ်လို့ဆိုတယ်၊ ဟောသူတော်ကောင်းတရားဆိုလျှင်လဲ ဒီကနေ့ တကယ့် အစစ် မဂ်ရောက်ကြောင်း မိုလ်

ရောက်ကြောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတွေကို နာနေရတာ၊အဲဒီတော့ ခုနတုန်းက စက်လေးပါးထဲမှာ ဘယ်သူပါသလဲ၊ ပုဗ္ဗေစကတပုညတာစက်, ပုဗ္ဗေ-ရှေးဘဝ၌၊ ကတပုညတာစ-မိမိပြုခဲ့ ဘူးသောကောင်းမှုရှိသော သူ၏ အဖြစ် ဆိုတဲ့ ဘဝက မိမိတို့သည် ဆည်းပူးဖြည့်ကျင့်ခဲ့တဲ့ ပါရမီ ပုဗ္ဗေစကတပုညတာ ကုသိုလ်ဟာ ငါတို့မှာ အမှန်ပြည့်ပြီလို့ စိတ်ချပြီး အခြားဒွိဟာသံသယရှိတာကို ပယ်ဖျောက်ပြီး မိမိတို့၏ စိတ်ထဲနှလုံးထဲမှာရှိတဲ့ သံသယ ကုက္ကုစ္စတွေရှိလျှင် ပယ်ပစ်လိုက်၊ဖျောက်ပစ်လိုက်၊ တို့တော့ ဒွိဟာသံသယမရှိဘူး၊တို့ဟာ အမှန်ရှေးဘဝက ဆည်းပူးခဲ့တဲ့ ပါရမီကံ အင်မတန် ရင့်သန်လို့ ပုဗ္ဗေစကတပုညတာစက်နဲ့ ပြည့်စုံရတယ်၊ ဘာဖြစ်လို့လဲ အခုတကယ် ဒုလ္လဘတရား ငါးပါးမှာ ငါတို့လာ၍ တွေ့ကြုံရတာ သာမညပါရမီ သာမညစေတနာစိတ္တုပ္ပါဒ်နဲ့ ကြုံတွေ့တာ မဟုတ်ဘူး၊ တကယ့်ပုဗ္ဗေစကတပုညတာနဲ့ ပြည့်စုံတဲ့အတွက် တွေ့တာလို့ ယုံကြည် ကြရောပေါ့။

ဒါဖြင့် ပုဗ္ဗေစကတပုညတာ စက်တော့သိပြီ၊ နောက် ပဋိရူပဒေသဝါသစက် ဆိုတာဘာလဲ၊မင်္ဂလာထဲမှာလဲ အပါသားဘဲ ပဋိရူပဒေသဝါသောစ-တင့်အပ်လျောက်ပတ်သောအရပ်၌ နေခြင်းတဲ့၊ပဋိရူပဒေသဝါသစက်ဆိုတာ အခုလာရောက်တဲ့ ပရိသတ်ဟာ ကိုယ်ပိုင်ဉာဏ်နဲ့ တွေးကြည့်စမ်း၊ ပဋိရူပဒေသဆိုတာ တင့်အပ်လျောက်ပတ်သောအရပ်တဲ့၊ အခုတကယ့်ကို လူဖြစ်ခြင်း တူသော်လဲ မတူသေးဘူး၊ ဟိုအရိုင်းအစိုင်းထဲမှာ ဖြစ်တဲ့သူတွေ မိစ္ဆာဒိဋ္ဌိအယူရှိတဲ့တိုင်း ပြည်တွေ ဟိုလိုနေရာတွေမှာ လူမဖြစ်ဘဲနဲ့ တကယ့် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း တရားမြတ်ကိုတွေ့ကြုံ ဆုံစည်းနိုင်တဲ့ ပဋိရူပဒေသဝါသစက်နဲ့ ပြည့်စုံတာမှန်ပြီ၊ ဟော ပဋိရူပ ဒေသဝါသစက်လဲ ပြည့်စုံတယ်၊ ဘာကျန်သေးသလဲ။

သပ္ပုရိသူပနိဿယစက်တဲ့၊ ဟောသူတော်ကောင်းများနဲ့ ပေါင်းဘော်ရခြင်းတဲ့၊ မကောင်းမြစ်တား ကောင်းရာညွှန်ပြ ဆိုဆုံးမတတ်သော ကလျာဏမိတ္တ အဆွေခင်ပွန်းကောင်းများနဲ့လဲ ပြည့်စုံရမယ်တဲ့၊ ဒါထက်တော့ ပြည့်စုံစရာမလိုတော့ဘူး၊ အခုထက်ထိ တရားနာရတုန်း၊ လူတွေကို ညောင်းလို့ သပ္ပုရိသ သူတော်ကောင်းတွေ ဆုံးမနေလိုက်တာ ဟောဒီလမ်းသွားရင် ဒီလိုတွေ့မယ်၊ဒီလမ်းသွားရင် ဒီလိုအန္တရာယ်

ရောက်နိုင်ဘယ်၊ ဒီလမ်းသွားရင် ဘေးကင်းမယ်၊ တကယ့်ကို မကောင်းမြစ်တား ကောင်းရာပို့တင် သွန်သင်ဆုံးမတဲ့ အဆွေခင်ပွန်းကောင်းဘွေနဲ့ လာကြုံရတဲ့ သပ္ပုရိသူပနိဿ စက်ကြီးလဲ ရနေပြီ၊ ဘယ်နှစ်ပါးရသွားပြီလဲ၊ စက်လေးပါးနဲ့ ညားစေသောဝ်လို့ ဆုတောင်းတာ စက်သုံးပါးရသွားပြီ၊ ပုဗ္ဗေစကတပုညတာစက်, ပဋိရူပ ဒေသဝါသစက်, သပ္ပုရိသူပနိဿစက်, စက်သုံးပါးပြည့်သွားပြီ၊ ဒါတော့ မငြင်းနိုင်တော့ဘူး၊ ဘယ်စက်ကျန်နေသေးသလဲ။

အတ္တသမ္မာပဏိဓိစက်က ဘယ်မှာနေသလဲ ဘယ်သွားရှာလို့ရမလဲ၊ မိမိအဇ္ဈတ္တိက သန္တာန်မှာရှိတယ်၊ မိမိအားကိုးစရာ အားထားစရာ မိမိ၏ ကိုယ်သန္တာန်မှာရှိတယ်၊ ဒါကြောင့် "အတ္တာဟိ အတ္တနော နာထော၊ ကောဟိနာထော ပရောသိယာ"လို့ဘုရားကိုယ်တော်မြတ်ကြီး ဟောကြားတော် မူတယ်၊ မိမိကိုယ်သာလျှင် အားကိုးရာ မိမိကိုယ်သည်သာလျှင် အားထားရာဖြစ်တယ်တဲ့၊ ကိုင်းအခုတရားနာတဲ့ ပုဂ္ဂိုလ်တွေ ဘယ်သူ့ကို အားကိုးကြမလဲ ဘယ်သူ့ကိုမှ အားကိုးလို့ မရဘူး၊ မိမိကိုယ်ကို သာလျှင် အားကိုးရမယ်၊ အတ္တသမ္မာပဏိဓိစက်တဲ့ ဟောဒီစက်ကလေးတလုံးရောက်ရင်လေ စက်လေးပါးနဲ့ ပြည့်သွားပြီ, ဒီစက်တလုံးလိုနေတာ အတ္တသမ္မာ ပဏိဓိစက်၊ အဲဒီစက်ကို မိမိကိုယ်က ပြောတာ၊ ဒါကြောင့်မြတ်စွာဘုရားက ဒီခန္ဓာကိုယ်ကိုအတော်တိုက်တွန်းတော်မူတယ်။

အတ္တာနဉ္စေ ပိယံ ဇညာ၊
ရက္ခေယျ နံ သုရက္ခိတံ။
တိဏ္ဏံ အညတရံ ယာမံ၊
ပဋိဇဂ္ဂေယျ ပဏ္ဍိတော။

အတ္တာနံ- မိမိကိုယ်ကို၊ ပိယံ— ချစ်မြတ်နိုးအပ်သည် အဖြစ်ကို၊ စေဇညာ- အကယ်၍သိငြားအံ့၊ သုရက္ခိတံ- ကောင်းစွာစောင့်ရှောက် အပ်သော၊ နံ-ထိုကိုယ်ကို၊ ရက္ခေယျ- စောင့်ရှောက်ရာ၏၊ ပဏ္ဍိတော- ပညာရှိသောသူသည်၊ တိဏ္ဏံ- သုံးပါးသောအရွယ်တို့တွင်၊ အညတရံယာမံ- တပါးပါးသော အရွယ်ကို၊ ပဋိဇဂ္ဂေယျ- သုတ်သင်ရာ၏။

တို့မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက ဟော့ မင်းတို့ ဘယ်သူကိုမှ အားမကိုးနဲ့ကွဲတဲ့၊ ကိုယ့်ကိုယ်ကို ချစ်ကြတဲ့၊ ကိုယ်ကိုချစ်ဘို့ ဟောသွားတယ်၊ အဲဒီလိုဆိုပြန်တော့လဲ အခက်သားဘဲ၊ ကိုယ်ကိုချစ်ရမယ်လို့ ဘုရားက ဟောတာမှန်ပြီ၊ အခု ဟောကြပြောကြပြန်တော့လဲ အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ ဖြုတ်ရမယ်၊ ငါ့ကိုယ်,ငါဟူ၍ မစွဲလမ်းရဘူး၊ ဒါတွေကိုဘဲ ဟောတာဘဲ၊ အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ မပြုတ်သမျှ အပါယ်သံသရာ မလွတ်ဘူးလို့ ဟောတယ်၊ အခုဘုရားက တခါဟောပြန်ပြီ မိမိကိုယ်ကို ချစ်ရမယ်၊ ဟော ခက်ကုန်ပြီ၊ ဘယ့်နှဲ့လုပ်ကြမလဲ၊ အဲဒါအခက်ဆုံးဘဲ၊ အဲဒီတရားဟာ မိမိကိုယ်ကိုချစ်ရမယ်တဲ့၊ ခုနတုန်းကဟောသွားကြပြန်တော့ မိမိကိုယ်ကို မချစ်ရဘူးတဲ့လေ၊ ဒီခန္ဓာကိုယ်ကြီးကို ချစ်နေတဲ့အတွက် ခန္ဓာကိုယ်အကြောင်းပြု၍ သက္ကာယဒိဋ္ဌိ မပြုတ်တဲ့အတွက်ကြောင့် သတ္တဝါတွေဟာ သံသရာဝဋ်ဆင်းရဲကြီးထဲမှ အမျိုးမျိုး ကျင်လည် ကျက်စား မျောပါး နေကြရတယ် မဟုတ်လား။

အဲအခုဘုရားက ကိုယ်ကိုချစ်ရမယ်လို့ ဟောထားပြီ၊ ဒီတော့ တို့ယောဂီတွေ စဉ်းစားကြည့်စမ်း၊ ဘယ်ကိုယ်ကို ချစ်ပြီးတော့ ဘယ်ကိုယ်ကို မုန်းရမှာလဲ၊ ကိုယ်အစစ်ကိုရှာကြစို့၊ ကိုယ်အစစ်က ဘယ်မှာလဲ၊ ချစ်အပ်သောကိုယ်သည် ဘယ်မှာလဲ၊အဲဒါ တို့လဲ မပြောတတ်ဘူး၊ ဘယ်လိုလုပ်ကြမလဲ၊ အဲဒီကိုယ်အစစ်ကိုရှာဘို့ အတော်ခက်နေတာ၊ ဘုရားကိုက ကိုယ်တိုင်ဟောတယ်၊ မိမိကိုယ်ကို ချစ်ရမယ်တဲ့၊ ဘုရားကလဲ သူ့ကိုယ် သူချစ်တယ်၊ သူ့ကိုယ်သူ ချစ်ပုံလေးတွေ အဓိပ္ပါယ်ရှင်းကြည့်စမ်း၊ ဘယ်လောက်ချစ်တယ် မချစ်တယ်ဆိုတာ။

## သိဒ္ဓိမင်းကြီး

တို့ဘုရားအလောင်း သိဒ္ဓိမင်းကြီးဟာ ဘယ်လောက်လှူလိုက်သလဲဆိုလျှင် ဒီမြို့တွင်းရယ် မြို့ပြင် မြို့၏အရပ်လေးမျက်နှာမှာ မဏ္ဍပ်ကြီးလေးခုဆောက်တယ်၊ မြို့လယ်ခေါင်မှာ မဏ္ဍပ်တခု မိမိနန်းတော်တံခါးဝမှာ မဏ္ဍပ်တခု အားလုံးမဏ္ဍပ်ခြောက်ခု ဆောက်လုပ် ပြီးတော့ တနေ့တနေ့လျှင် အသပြာခြောက်သိန်း, ခြောက်သိန်း အကုန်ခံလှူတာ၊ လှူလိုက်တာ နေ့စဉ်ဘဲ၊ အဲဒီလို လှူနေရတာဟာ သူ့စိတ်ထဲမှာ

မကျေနပ်ဘူး၊ ငါအခုလှူနေတဲ့ ပစ္စည်းတွေဟာ ဗဟိဒ္ဓသဏ္ဍာန်က ပစ္စည်းတွေကို ငါလှူနေရတာ၊ တကယ်ဆိုတော့ ငါဟာ ဒါလောက် လှူရရုံနဲ့ ဘာမှအကျိုးမများဘူး၊ မိမိခန္ဓာကိုယ်နဲ့စပ်ပြီးတော့ တစုံတရာ ငါလှူရမှကြေနပ်မယ်၊ တင်းတိမ်မယ်၊ ခန္ဓာကိုယ်နဲ့စပ်ပြီး သကာလ မျက်လုံးကိုလိုချင်ရင် မျက်လုံးကို ငါလှူမယ်၊အသား လိုချင်ရင် အသားကို ငါလှူမယ်၊ အသွေးလိုချင်ရင် အသွေးလှူမယ်၊ နှလုံးသည်းပွတ်ကို လိုချင်ရင် နှလုံးသည်းပွတ်ကိုလှူမယ်၊ အဲဒီလို မိမိခန္ဓာကိုယ်နဲ့ စပ်ပြီးတော့ လှူရမှ ငါကြေနပ်မယ်လို့ ဒီလိုဓိဋ္ဌာန်ပြုတယ်။

ဒီတော့ သူ၏အဓိဋ္ဌာန် ပါရမီကို ဖြည့်မဲ့ပုဂ္ဂိုလ် ပေါ်ရတာပေါ့၊ သိကြားမင်း ပဏ္ဍုကမ္ဗလာတင်းရော၊ တင်းတော့ သိကြားမင်းလဲ လူ့ပြည်ဆင်းပြီးတော့ မျက်စိမမြင်တဲ့ ပုဏ္ဏားကြီးယောင် ဆောင်ပြီး မင်းကြီးထံလာတာ၊ လာတော့ မင်းကြီးကမေးတာပေါ့၊ အသင်ပုဏ္ဏားကြီး ငါသည် ယခုကြည့်စမ်း မဏ္ဍပ်ကြီး ခြောက်ခုပြုလုပ်ပြီး သကာလ တနေ့တနေ့ ခြောက်သိန်း ခြောက်သိန်းသော အသပြာကို ထုတ်ပြီးတော့ လှူနေတာ သင့်မှာ အလိုမပြည့်သော ပစ္စည်းဝတ္ထု ဘာများ ကျန်နေသေးသလဲလို့ ဒီလိုမေးတာ၊ အဲဒီတော့မှ ပုဏ္ဏားကြီးက အသင်မင်းကြီးတဲ့ ကျုပ်ရွှေဆိုလဲ ရွှေမရှားဘူးတဲ့၊ ငွေဆိုလဲ ငွေမရှားဘူးတဲ့ လောကီဘဏ္ဍာပစ္စည်းရတနာ ကျုပ်မှာ ဘာမှလိုလေသေး မရှိဘူးတဲ့၊ အကုန်ပြည့်စုံတယ်၊ သို့သော် ကျုပ်ငယ်စဉ်တောင်ကျေး အကလေးက လေ့ကျက်ပြီးတော့ ဆည်းပူးလာခဲ့တဲ့ ဗေဒင် မန္တန် ဟူးရား စသည်တို့ဟာ ယခု ကျုပ်မျက်စိနှစ်ကွင်း အလင်းမရတဲ့ အတွက်ကြောင့် မလေ့လာရဘဲ တပည့်တပန်းများကို မပို့ချရဘဲနေရတာ ကြာမြင့်သွားပြီ ဒါကြောင့် ကျုပ်အလိုဆန္ဒက အသင်မင်းကြီးရဲ့ မျက်စိတလုံးလောက် အလှူခံချင်လို့လာခဲ့တယ်၊ ဒီလိုပြောတော့ မင်းကြီး အလွန်အားရဝမ်းသာဖြစ်သွားတာပေါ့၊ တခါထဲ အင်မတန် ဟန်ကျလှပြီ၊ ငါတောင့်တတုန်း အလှူခံရောက်လာတာ၊ ကိုင်း ခေါ်ပဲ့ ဆေးဆရာ ငါ့မျက်လုံးဖေါက်စမ်းဆိုပြီး မျက်လုံးကို လှူမယ်လုပ်တော့ သက်သာတာမဟုတ်ဘူး၊တကထဲ နန်းတွင်းသူ,နန်းတွင်းသားတွေ,အမိအဖတွေ, မိဖုယားတွေ, သားတော်သမီးတော်တွေ ဝိုင်းအုံပြီးတော့ ငိုလိုက်ကြတာ တနန်းတော်လုံး ကြွက်ကြွက်ဆူသွားတာဘဲ၊ သေသေချာချာတွေး

ကြည့်စမ်း၊ တနန်းတော်လုံး ကြွက်ကြွက်ဆူသွားအောင် ငိုကြွေး တောင်းပန်ကြတယ်။

အသင်မင်းကြီး လှူစရာရှားသလား ဒီမျက်လုံးမှ လှူရသလား အသင်မင်းကြီး ဆိုပြီးတော့ အမိကတောင်းပန်၊ အဖကတောင်းပန်၊ မိဖုယားတွေနဲ့ သားသ္မီးတွေကတောင်းပန်၊ မှူးကြီးမတ်ရာ သေနာပတိ စသည်တို့မှစ၍ တပြည်ထောင်လုံး ဝိုင်းတောင်းပန်ကြတယ်၊ မရဘူးလေ ဘယ်နည်းနဲ့မှ တောင်းပန်လို့မရဘူး၊ ဆေးဆရာခေါ်ပြီး တော့ ကိုင်းဆေးဆရာ မင်း ငါ့မျက်လုံးသာ ဖေါက်ပေတော့လို့ ပြောတယ်၊ အဲဒီနေရာမှာ ဆေးဆရာကလဲ တောင်းပန်ရှာသေးတယ်၊ အသင်မင်းကြီး စဉ်းစားပါအုံး၊ မျက်လုံးဖေါက်ရတာ ဝန်မလေးပါဘူး၊ သို့သော်လဲ အသင်မင်းကြီး စဉ်းစားပါအုံးလို့ အကြိမ်ကြိမ်တောင်း ပန်တယ်၊ ဒီတော့မင်းကြီးက ဟေ့ ဆေးဆရာမင်းကို ငါ တရားဟော ခေါ်တာ မဟုတ်ဘူးတဲ့ ငါ့မျက်လုံးကို အဖေါက်ခိုင်းတာ၊ ဖေါက်သာ ဖေါက်တဲ့ အဲဒီတော့မှ ဆေးဆရာက မင်းကြီးမျက်လုံးကို ပထမ မျက် စဉ်းခပ်လိုက်တာ ဘယ်လိုဖြစ်သွားသလဲ၊မျက်လုံးအိမ်ဟာဟာသ်ပြဒါး ကဲ့သို့ တခါထဲနီတက်လာတယ်၊ အဲဒါ အားလုံးမြင်တာပေါ့။

ဒီတော့ ဆေးဆရာကပြောတယ်၊ အသင်မင်းကြီး မကြောက်ပါနဲ့ မစိုးရိမ်ပါနဲ့ အသင်မင်းကြီး မလှူလိုဘူးဆိုလျှင် ပထမမျက်စဉ်းကို သိမ်းလိုက်လျှင် ပကတိအကောင်း ဖြစ်သွားနိုင်ပါတယ်၊ ဘာမှမစိုးရိမ် ပါနဲ့လို့ မင်းကြီးအားလျှောက်ထားတော့ ဟဲ့ ဆေးဆရာ မင်းအင်မတန် စကားကြောရှည်တယ်၊ ငါ့မျက်လုံးကို မင်းဖေါက်သာဖေါက်၊ ဆဲတာ အခုတရားနာတဲ့ပုဂ္ဂိုလ်တွေ ကိုယ်ပိုင်ဉာဏ်နဲ့တွေးကြည့်၊ မျက်လုံးကို မျက်စဉ်းခပ်တာ သာမည မျက်စဉ်းမဟုတ်ဘူး၊ ဘယ်လောက်ထက် မြက်တဲ့ မျက်စဉ်းလဲဆိုတာ၊ဆဲတာ နာမလား, ကျင်မလား အင်မတန် ခံလို့ကောင်းမလားဉာဏ်နဲ့ တွေးကြည့်၊ မျက်လုံးကိုဟာသ် ပြဒါးကဲ့သို့ တခါထဲ ရဲတက်သွားတာဘဲ၊ နောက်ဒုတိယ မျက်စဉ်းခပ်လိုက်တော့ ဘယ်လိုဖြစ်သွားသလဲ ပြူးပြီးတော့ ပုဏ္ဍန်မျက်စိလို အလုံးလိုက်ထွက် လာတယ်၊ အဲဒါတောင် ဆေးဆရာ ဘယ်လောက်သတ္တိကောင်းသလဲ လို့အသင်မင်းကြီးတဲ့ မလှူလိုဘူးလို့ အသင်မင်းကြီးစိတ်ထဲမှာ အောက် မေ့လျှင် ဒုတိယမျက်စဉ်းကို ပြန်ရုပ်သိမ်းလိုက်မယ်ဆိုလျှင် အကောင်း

ပကတိ ဖြစ်နိုင်ပါတယ် မင်းကြီး မဗိုးရိမ်ပါနဲ့ မကြောင့်ကြပါနဲ့ဟု လျှောက်ထားတော့ မင်းကြီးက အောင်မယ် ဒီဆေးဆရာနှယ် စကား များလိုက်တာ မင်းကို ဒါတွေပြောဘို့ ခေါ်တာမဟုတ်ဘူး၊ ငါ့မျက်လုံး ကို ဖေါက်မှာသာ ဖေါက်၊ ဆဲဒီတော့မှ တခါထဲ တတိယမျက်စဉ်း ခတ်လိုက်တော့ အလုံးလိုက်ထွက်ကျတယ်၊ အလုံးလိုက် ထွက်ကျ တော့မှ လက်ဝါးပေါ်တင်ပြီးတော့ သူ ဘာဆုတောင်းသလဲ 'ဣဒံ မေ ပုညံ သဗ္ဗညုတဉာဏဿ ပစ္စယော ဟောတု' သဗ္ဗညုတဗောဓိဉာဏ် ကို တခါထဲဆုတောင်းပြီးတော့ ပုဏ္ဏားကြီးလက်ထဲ အပ်လိုက်တယ်၊ တခြားဆုတောင်းတာ မဟုတ်ဘူး၊ သဗ္ဗညုတဉာဏ်ဘဲ တောင်းတယ်၊

ပုဏ္ဏားကြီးက မျက်လုံးကိုလက်ခံပြီး သူ့မျက်စိမှာတပ်လိုက်တော့ မျက်စိတလုံး ကောင်းသွားတာပေါ့၊ အမယ်လေး နေရာကျလိုက်တာ အသင်မင်းကြီးရယ် ငယ်ငယ်တုန်းက လေ့ကျက်လာခဲ့တဲ့ ဗေဒင် ဟူးရားစသည်တို့ကို ပြန်ပြီးလေ့ကျက်ရတော့မယ်၊ ဟန်ကျလိုက်ထာ အားရဝမ်းမြောက်ပေါ့လေ ပြောနေတာ မင်းကြီးက ကြည့်နေဘယ်၊ ကြည့်နေတော့ မျက်လုံးတလုံးက ကောင်းနေပြီ၊သူ့မှာတော့ တလုံး ကန်းသွားပြီ၊ ဒီတော့ မင်းကြီးက ဘယ့်နှယ်ပြောသလဲ အသင်ပုဏ္ဏား သင်အလှူခံတုန်းက တလုံးထည်းအလှူခံတယ်၊ သင်၏အလှူခံ ပြည့်စုံ သွားပြီ၊ သို့သော် ငါ့သဒ္ဓါတရားကို စောင့်ရှောက်ပါအုံး၊သင် ဒီတလုံး တည်း အလှူမခံပါနဲ့ နှစ်လုံးစလုံးအလှူခံပါဆိုပြီး နောက်တလုံး တခါ ဖေါက်ပြန်တယ်၊ ဆဲဒါ သေသေချာချာကြည့်၊ ဘုန်းကြီး ခုပြောလို တာက ဘုရားကိုယ်တော်မြတ်က မိမိကိုယ်ကို ချစ်ရမယ်ဟောတယ်၊ အခုဟာ ဘုရားအလောင်း သူ့ကိုယ် သူချစ်လို့တဲ့ မျက်လုံးဖေါက် လှူတာ၊ ခုလူတွေနဲ့တော့ တယ်မကွာပါဘူး၊ သိုးသိုးသိသိလေးကွာ တယ်၊ ဟိုကသူ့ကိုယ်သူချစ်လို့မျက်လုံးဖေါက်လှူတာ၊ ပစ္စည်းဥစ္စာတွေ တနေ့တနေ့ ခြောက်သိန်းခြောက်သိန်း လှူနေတာ အားမရလို့ သူ့ကိုယ် သူချစ်တဲ့အတွက်ကြောင့် မျက်လုံးဖေါက်လှူတယ်၊ ဒုတိယမျက်လုံးလဲ ပေါက်ကရော ထိုနည်းတူစွာဘဲ ပုဏ္ဏားကြီးကို လှူလိုက်တယ်၊ပုဏ္ဏား ကြီးဟာ မျက်စိနှစ်ကွင်း အလင်းရသွားရော၊ သူ့မှာတော့ နှစ်လုံးစလုံး ကန်းသွားတယ်၊ ကန်းသွားတော့မှ တိုင်းပြည် ထီးနန်းကို မှူးကြီး မတ်ရာ သေနာပတိစုံညီခေါ်ပြီးတော့-

ကိုင်း ငါဟာ အင်္ဂါချို့တဲ့တဲ့ယောကျ်ား ဖြစ်သွားပြီ၊ ရှင်ဘုရင်တို့ မည်သည်မှာ အင်္ဂါချို့တဲ့လို့မတော်ဘူး၊သို့အတွက်ကြောင့် ငါ နန်းက ဆင်းပြီးတော့ ဥယျာဉ်တော်မှာ နေတော့မယ်လို့ ဆိုပြီးတော့ ဥယျာဉ် တော်သို့ အမိန့်ရှိုင်းတယ်၊ ဥယျာဉ်တော်သွားပြီး နေတဲ့အခါကျတော့မှ အလှူခံပုဂ္ဂိုလ် ပုဏ္ဏားကြီးက မင်းကြီးထံတဖန်လာပြီး အသင်မင်းကြီး အသင်မင်းကြီး၏ အလိုဆန္ဒ ပြည့်ဝပြီမဟုတ်လား၊ အကျွန်ုပ်တဖန် ပြန်ပြီး ဆုပေးပါတယ်ဆိုပြီး ပေးလိုက်ထာ မျက်လုံးနှစ်ခုစလုံး ပကတိ အကောင်း ပြန်ဖြစ်သွားတယ်၊ အလှူခံ ပုဏ္ဏားကြီးက လူသားမှ မဟုတ်ဘဲ သိကြားမင်းက ပုဏ္ဏားယောင်ဆောင်ထားတာကိုး၊ ပကတိ အတိုင်း ပြန်ကောင်းတယ်၊ သိကြားမင်းဘဲ ပြန်ကောင်းမှာပေါ့။

ဒါ ဘုန်းကြီးက သိစေချင်လို့ ပြောနေတာ၊ မိမိကိုယ်ကို ချစ်ရ မယ်လို့ ဘုရားဟောတယ်၊ သူဟောတဲ့ တရားကို သူကိုယ်တိုင် မှချ ကျင့်လာခဲ့တယ်၊ မြတ်စွာဘုရားဟာ သူသာဟောတာ သူတော့ မကျင့် ဘူးလို့ ဒီလိုမပြောရဘူး၊ သူဟောတာ သူကိုယ်တိုင် ကျင့်လာခဲ့တယ်၊ မိမိကိုယ်ကို·ချစ်ရမယ်တဲ့၊ ခုလူတွေ ဘယ်ကိုယ်ကို ချစ်ကြသလဲ၊ ခက် တော့တာဘဲ ငါလဲ မပြောဘတ်ဘူး၊ ဘယ်လိုလုပ် ချစ်ကြမလဲ၊ ဘယ် ကိုယ် ချစ်မလဲ၊ အခုလူတွေ ချစ်တာကလေ ငါမှမဝသေးဘဲ နင့် ငါ မကျွေးနိုင်ဘူးတဲ့၊ သူတို့ပြောလေ့ရှိကြတယ်၊ ကိုယ်မချို အမိသော်လဲ သားတော်ခဲ တဲ့၊ သူဘို့လက်ဘလေးတွေက သိပ်ကောင်းတာ၊ အမယ် အတ္တသမာပေမာနတ္ထိတဲ့၊ ပါဠိတွေနဲ့ တန်းလိုက်သေးတယ်၊ လာလိုက် ထာ သူတို့ကိုယ်သူတို့ ချစ်လို့လေ၊ အခုလူတွေက ကိုယ့်ကိုယ်ကိုချစ်လို့ အဝတ်ကောင်းကောင်းကိုသာ ဆင်ချင်တယ်၊ သူများကိုမပေးလိုဘူး၊ အိပ်ရာနေခင်းကို ကိုယ်သာ ကောင်းကောင်း အိပ်ချင်တယ်၊သူများကို မပေးချင်ဘူး၊အစားအစာ ကောင်းကောင်း ကိုယ်သာ စားချင်တယ်၊ သူများကို မကျွေးလိုဘူး၊ ကိုယ့်ကိုယ်ကိုယ် ချစ်လို့လေ၊ အဲဒါ အချစ် ချင်းတော့ ခပ်ကွာကွာထင်တယ်၊ တယ်တော့ မကွာပါဘူး၊ သိုးသိုး သိသိလေး ဘဝင်နဲ့ အဝိစိလောက်ကွာမှာပေါ့၊ အဲဒါ သေသေ ချာချာ တွေးကြည့်၊ကိုယ့်ကိုယ်ကိုယ် အချစ်ချင်းဘယ်လောက်ကွာသွားသလဲ။

အခုလူတွေ လောကကြီးမှာ ချစ်နေလိုက်ကြတာ ကိုယ့်ကိုယ်ကိုယ် ချစ်တဲ့ အတွက်ကြောင့် သတ်လိုက် ဖြတ်လိုက်ကြတာလေ၊ သူ့အသက်

သတ်, သူ့ဥစ္စာခိုး,ဒါးပြတိုက်, လူပြန်ပေးလုပ်,မီးရှို၊ ခုလိုလူတွေ ကိုယ့်ကိုယ်ကိုယ်ချစ်လို့ လုပ်နေတာ၊ ကိုယ့်ကိုယ်ချစ်တဲ့ အတွက်ကြောင့် ပြန်ပေးဆွဲပြီး လူတယောက် ငါးထောင် တသောင်း တောင်း၊အမျိုးမျိုးခိုးကျွေး, တိုက်ကျွေး, လုကျွေး, သတ်ကျွေး, အလေးစဉ်းလဲ, တောင်းစဉ်းလဲ, သပြာစဉ်းလဲ, ချိန်စဉ်းလဲ လုပ်ကျွေးတာ ကိုယ့်ကိုယ်ကိုယ်ချစ်လို့ မဟုတ်ဘူးလား၊ ခုနတုန်းက မြတ်စွာဘုရားက ကိုယ့်ကိုယ်ကိုယ်ချစ်ရမယ်လို့ ဟောထားပြီး သူချစ်ပြတယ်၊ ဘယ်လောက်ချစ်သလဲ၊ သူ့ကိုယ်သူချစ်လို့ မျက်လုံးထုတ်လှူပြတယ်၊ကြည့်စမ်း သူ့ကိုယ်သူချစ်လို့လေ၊ အသားတွေလှီးလှူတယ်, နှလုံးသည်းပွတ်တွေ လှူတယ်, သူ့ကိုသူ ချစ်လို့၊ အဲဒါ ဘယ်ကိုယ်ချစ်ရမလဲလို့ ကိုယ့်ကိုယ်ကိုယ်ချစ်ရမယ်လို့ ဟောတာ။

မေတ္တာသုတ်ထဲမှာလဲ မြတ်စွာဘုရားက 'ကရဏီယ မတ္ထကုသလေန, ယန္တသန္တံပဒံ အဘိသမေစ္စ သက္ကော'တဲ့၊အဲဒီအထဲမှာ သက္ကောလို့ပါတယ်၊ ဒီသက္ကောက ဘုန်းကြီးတွေရွတ်, လူတွေရွတ်, အကုန်ရွတ်ကြတာဘဲ၊ အဲဒီ သက္ကောဟာ ဘုရားဟောတဲ့သက္ကော, မြန်မာလိုအဓိပ္ပါယ်ကဘာလဲ သက္ကော– ကိုယ်နှင့်အသက် ကိုယ်ရယ်, အသက်ကယ်နော်၊ ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ ကိုယ်ကိုလဲ မငဲ့ကွက်ရဘူး အသက်ကိုလဲ မငဲ့ကွက်ရဘူး၊ ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲတဲ့၊ သစ္စာလေးပါးကို သိစွမ်းခြင်းငှါ ကျင့်နိုင်သည်၊အသ–ဖြစ်ရာ၏၊ကိုင်း အဲဒါ ကိုယ့်ကိုယ်ကိုယ် ချစ်ရမယ်တဲ့၊ ဟောဒီဘုရားဘဲ ဟောတာ၊ ကိုယ့်ကိုယ်ကိုယ် ချစ်ရမယ်ဟောတာလဲ ဒီဘုရားဘဲ၊ မိမိကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ ကျင့်ရမယ်ဆိုတာလဲ ဒီဘုရားဘဲ၊ အဲဒါ တွေးကြည့်ကြစမ်း၊ ဘယ်ကိုယ် ချစ်ကြမလဲ၊ ဒါ ဉာဏ်စခန်း ဖြစ်နေလို့ ဘုန်းကြီးအပြောခက်လို့ပြောနေတာ မလွယ်ဘူး၊ ဒါ တကယ့်အစစ်ဉာဏ်စခန်း၊

အဲဒီကိုယ်အစစ်ကလေး မြင်ချင်လျှင် ကြည့်ကြပေါ့၊ ဘယ်မှာလဲ ဒိကိုယ်အစစ်ဟာ အခုယောဂီတွေ ရှိန်ကနဲ,လှုပ်ကနဲ, ရွကနဲ,အမြဲမပြတ်ဒလစပ်ဖြစ်နေတာ ဒါကိုယ်အစစ်ဘဲ၊ တကယ့် ပရမတ္ထသဘာဝအားဖြင့် အစစ်ခန္ဓာငါးပါးခေါ်တယ်၊ဘာဖြစ်လို့လဲ ကာယပသာဒရုပ်ကယ်, ဖောဋ္ဌဗ္ဗရုပ်ကယ်, ကာယဝိညာဏ်ရယ်၊ အဲဒီ ကာယပသာဒ, ဖောဋ္ဌဗ္ဗ

ကာယဝိညာဏ်ဟာ ရုပ်နာမ် ၂-ပါး ခန္ဓာငါးပါးလဲ ခေါ်တယ်၊ အဲဒီ ကာယပသာဒ, ဖေါဋ္ဌဗ္ဗ, ကာယဝိညာဏ်ဆိုတဲ့ ရုပ်နာမ် ၂-ပါးဟာ ဘယ်လောက်ဒုက္ခရောက်သလဲဆိုလျှင် ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရားလေးပါးက ပြုပြင်နေသမျှ ကာလပတ်လုံး နာရီ,မိနစ် စက္ကန့်မစဲ မျက်တောင်တခတ်လျှပ်တပြက်ရုပ်ကကုဋေငါးထောင်ကျော် နာမ်က ကုဋေတသိန်းကျော် အမြဲမပြတ် ဖြစ်ပျက်နေတာ၊ ဒီကိုယ်ဟာ ဘယ်လောက်ဖြစ်နေသလဲ ဆိုလျှင် တခါတလေ ခွေးဖြစ်လိုက် နောက် လူဖြစ်လိုက် နတ်ဖြစ်လိုက် ငရဲရောက်လိုက် တော်တော်ကြာ ပြဟ္မာ ပြည်ရောက်လိုက် တကာထဲ မပြတ်ဘူး၊ 'နဒီသောတောဝိယ' မြစ်ရေ အလျဉ်ကဲ့သို့ရှင်း၊ 'ဒီပစ္စာလံဝိယ' ဆီမီးအလျှံကဲ့သို့ရှင်း၊ 'ရထစက္က မိဝ' ရထားလှည်းဘီးစက်ကဲ့သို့ရှင်း၊ ကိုယ်အစစ်လေ၊ အဲဒီကိုယ် အစစ်ကို ချစ်ရမယ်တဲ့ ဘုရားက၊ ဘာဖြစ်လို့လဲ ဒီအစစ်ကိုယ်ကို ချစ် လျှင် အင်မတန်မွန်မြတ်တဲ့ နောင်ဘဖန် ပဋိသန္ဓေ မနေရတဲ့ အရပ် ရောက်အောင်ပို့ နောင်တဖန် မအိုရတဲ့အရပ်ရောက်အောင်ပို့ နောင် တဖန် မနာရတဲ့အရပ်ရောက်အောင်ပို့ ကိုယ်ကိုချစ်လျှင် နောင်တဖန် မသေရတဲ့အရပ် ရောက်အောင်ပို့၊ အဲဒါ ဒီကိုယ်အစစ်ကိုပေါ့၊အဲဒီအစစ် ကိုယ်ကိုမြင်မှ သြော် ဒီကိုယ်ကိုချစ်ရတာဘဲဆိုတာ သိရတယ်၊တကာယ် ယခုရရှိတဲ့ အတ္တဘော, တော်တော်ကြာ ခေါင်းထဲ ရောက်မဲ့ကိုယ် ချည်းဘဲ၊ဟောဒီထိုင်နေတဲ့လူတွေ ခေါင်းနဲ့သွားရမယ့်လူမှ သွားရမှာ တချို့တချို့တော့ ခေါင်းကလေး ဘာကလေးနဲ့ သွားရလျှင်သွားရမှာ၊ ဘယ်မလဲ ဒီအတ္တဘောကြီးကို ချစ်လို့ရတာ၊ ချစ်တာ ချစ်ရာမရောက်ဘဲ နှစ်ရာရောက်နေတယ်၊ ဘယ်သူ့တားမြစ်လို့ရသလဲ၊ဘယ်သူမှမပိုင်ဘူး ဘယ်သူမှမဆိုင်ဘူး၊ သဘာဝခေတ် အမျိုးမျိုးဖေါက်ပြန်ပြီး ပျက်စီးနေ တာ တကာယ်ချစ်လျှင်-

တကာယ့်အစစ်ကိုယ်ကို မြင်ဘို့အရေးကြီးတာ၊ နို့အရှင်ဘုရား မြင် အောင်ပြပါဆိုလျှင် ငါများပြနိုင် ကံကောင်းပေါ့၊ မပြနိုင်ဘူး၊ ဘာဖြစ် လို့လဲ၊ ဉာဏ်စခန်းလေ ဉာဏ်စခန်း၊ တပည့်တော်တို့ ဘယ်လိုလုပ် ရမှာလဲဆိုလျှင် သီလမြဲစေ, သမာဓိထူထောင်၊ အဲဒီ သီလနဲ့ သမာဓိ ထူထောင်ပြီးလို့ ပညာစခန်းရောက်လျှင် ကိုယ့်ဟာကိုယ် သိမှာပေါ့၊ အဲတာက အလွန်အရေးကြီးလို့ ပြောတာ အင်မတန် အရေးကြီးတယ်၊

ဒါ အစစ်ကိုယ်ကို မြင်ဘို့ပြောတာ၊ အစစ်ကိုယ်ကိုမြင်ဘို့က မလွယ်ဘူး ဉာဏ်စခန်းသက်သက်၊ အဲဒီဉာဏ်စခန်းကိုရမှ ချစ်အပ်သောကိုယ်ကို သိတယ်၊ အဲဒီတော့ ယခုရရှိတဲ့ အတ္တဘောကိုချစ်လို့ ခိုးကျွေးတော့လေ ခန္ဓာကိုယ်မုန်းရာကျတာပေါ့၊ အဒိန္နာဒါနကံလေ တွေ့ပြီမဟုတ်လား၊ ယခုရရှိတဲ့ခန္ဓာကိုယ် အတ္တဘောလေးကို ငါ့ကိုယ်ထင်ပြီး သကာလ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိစွဲပြီး ကဲ-ခိုးကျွေးပြီ၊ ခိုးကျွေးကထဲက ဘယ်သူ ခံရမလဲ တွေးကြည့်စမ်း၊ ဒီခန္ဓာကိုယ် အတ္တဘောကြီးကို ချစ်လို့ ခိုးကျွေးတဲ့လူလေ ဟို-အပါယ်လေးပါး ငရဲပြည်မှာခံလိုက်အုံး ငရဲပြည်မှာအလူးအလဲခံ၊ ငရဲကလွတ်ပါပြီ၊ နောက်ကံကောင်းထောက်မလို့ လူ့ပြည်ရောက်လာပြီ၊ ရောက်လာ ဘယ်လိုခံရမလဲ၊ ဆင်းရဲငြိုငြင်တဲ့ ဘဝ အထိ ကြမ်းသောသူ၏ဘဝများစွာ ကောင်းတဲ့အမျိုးမှာ မဖြစ် ဘူးတဲ့ သူယုတ်မာဘဝမျိုးမှာချည်း ဖြစ်ရမယ်တဲ့။

ကိုင်း ကိုယ့်ကိုယ်ကိုယ်ချစ်လို့ ခိုးကျွေးချင်တဲ့ပုဂ္ဂိုလ်တွေ ကျွေးကြ ပေတော့၊ ကိုယ့်ကိုယ် ဒီအတ္တဘောကြီး ချစ်လျှင်တော့ မုချ မလွဲဘူး ဒီ ဒုက္ခဆင်းရဲတွေနဲ့တွေ့ရမယ်၊ ကိုယ့်ကိုယ် ချစ်တဲ့လူတွေ ခန္ဓာကိုယ် ကြီးကို အလိုလိုက်ပြီးတော့ကာ အလေးစဉ်းလဲ, တောင်းစဉ်းလဲ, အချိန်စဉ်းလဲ, အသပြာစဉ်းလဲ, ခိုးတိုက်လုယက် မတရားသဖြင့် သူများပစ္စည်းတွေကို သိမ်းဆည်းပြီးတော့ ကျွေး၊ အဲဒီလိုအဒိန္နာ ဒါနသိက္ခာပုဒ်ကို ကျူးလွန်ပြီလားဆိုရင် ငရဲပြည်မှာ ခံရတော့မယ် စိတ်ချတော့၊ ငရဲပြည်က ခံပြီး လွတ်လာရင်ကော သက်သာအုံး မလားတဲ့ မသက်သာဘူး၊ ဆင်းရဲဒုက္ခတွေ အမျိုးမျိုး တွေ့ရအုံးမယ်၊ အဲဒီတော့ သွားပြီ,သွားပြီ, ဘယ်ကိုယ်ကိုချစ်ကြမလဲ၊ ယခု ပစ္စုပ္ပန်မှာ တွေ့ကြုံဆုံစည်းနေတဲ့ ဘဝစုတ်,ဘဝပဲ့လေးကို အကောင်းအမွန်အမြတ် တန်းထင်ပြီးတော့ မတရားသဖြင့်လုပ်ကျွေးသမှု ပြုတဲ့အတွက်ကြောင့် ဒီကိုယ်ကြီး ခံရတယ်မဟုတ်လား၊ ဟော ပဋိသန္ဓေနေခြင်း, အိုခြင်း, နာခြင်း,သေခြင်းဆိုတဲ့ ဒုက္ခအမျိုးမျိုးတွေနဲ့ တွေ့ရမယ်၊ ငရဲ,တိရစ္ဆာန် ပြိတ္တာ, အသူရကာယ် အပါယ်လေးပါးသို့ ရောက်ရမယ်၊ ဒါ ဘာဖြစ် လို့လဲ ကိုယ်ချစ် လွဲနေလို့ပေါ့၊ အဲဒါ မသိတာ အခိုးဆုံးဘဲ။ သိအောင်တော့ တို့လဲ မတတ်နိုင်ဘူး၊ ကိုယ့်ဟာကိုယ် လုပ်မှလဲ သိမယ်၊ အယုတ်ဆုံး ဒါ အခု ဘာလို့ ပြောတာလဲ၊ အဒိန္နာဒါနာ

ကံကို ပြော်နေတာ၊ သုရာမေရိယ ကံကို ကြည့်လိုက် ဒုံးမလား၊ ယခုရရှိတဲ့ ခန္ဓာကိုယ် အတ္တဘောကြီးကို အလိုလိုက်ပြီး သကာလ ပျော်ပျော် ပါးပါး နေချင်လို့ စိတ်တွေ ရွှင်ရွှင်ပျပျ နေချင်လို့ ခန္ဓာကိုယ်ကြီးကို ကြည်ကြည် လင်လင်နဲ့ သန့်သန့် ရှင်းရှင်းနဲ့ လုပ်ကျွေးချင်တဲ့ အတွက်ကြောင့် တကထဲ အရက် တမြမြနဲ့ ဘီယာ, ဝီစကီ, ဘရန်ဒီမှစ၍ အရက် အမျိုးမျိုးနှင့် ဖျော်ဖြေရတာ ကိုယ့်ကိုယ်ကိုယ် ချစ်လို့ အရက် တိုက်ထားပေါ့၊ မုန်းလျှင်တိုက်မလား မတိုက်ဘူး၊ အဲဒါ တကယ်ချစ်တဲ့ ပုဂ္ဂိုလ်လား မုန်းတဲ့ ပုဂ္ဂိုလ်လား ကြည့်စမ်း၊ အရက် သောက်တဲ့ ပုဂ္ဂိုလ် သွားရမဲ့လမ်းလေ၊ ဘုရားက ဘယ်လိုဟောသလဲ။

ပဉ္စဇာတိသတံ ယက္ခော။
ပဉ္စဇာတိသတံ သုနော၊
ဥမ္မတ္တကော အနန္တော စ၊
သုရာပါနဿ ဒေါသကာ။

ဘိက္ခဝေ– ချစ်သားတို့၊ သုရာပါနဿ– သေရည် သေရက်ကို သောက်သောသူ၏၊ ဒေါသကာ- အပြစ်တို့သည်၊ ယက္ခော စ- ဘီလူး အဖြစ်သည်လည်း၊ ပဉ္စဇာတိသတံ-ဘဝ ငါးရာသည်၊ ဟောတိ-ဖြစ်၏၊ ဘီလူး ဘဝမျိုးမှာ ဘဝငါးရာ နေရမယ်၊ သုနော စ- ခွေးအဖြစ်သည်လည်း၊ ပဉ္စဇာတိသတံ- ဘဝငါးရာ သည်၊ ဟောတိ–ဖြစ်၏၊ ဥမ္မတ္တကော- သူရူးအဖြစ်သော်ကား၊ အနန္တော-အတိုင်းမသိ ဖြစ်၏။

အရက်သောက်တဲ့ ပုဂ္ဂိုလ်များဟာတဲ့ ဘီလူးဘဝမှာ ဘဝငါးရာ တော်သေးတာဘဲ၊ ခွေးဘဝမှာ ဘဝငါးရာ တော်သေးတယ်၊ သူရူး အဖြစ်မှာ အနန္တ တော်သေးတယ်၊ ဒါက လူ့ပြည်ရောက်မှ ပြောတာ၊ အဲဒီ အရက်သောက်တဲ့ ပုဂ္ဂိုလ် လူ့ပြည်မရောက်ခင် ဘယ်ကျမလဲ ဆိုရင် ဟိဇာလရေရှုဝငရဲကို ကျမှာ၊ ဇာလ ရေရှုဝ ငရဲကျတော့ ဘယ်လိုခံရသလဲ ကိုယ်အားဖြင့် တဂါဝုတ် ပမာဏ ရှိတယ်၊ တဂါ ဝုတ် (၃–မိုင်ကျော်ကျော်) လောက်ရှိတဲ့ ကိုယ်ကြီးမှာ တို့မိုးယံများ ရွာချလိုက်တဲ့ အခါ မြစ်ငယ်,ချောင်းငယ်, မြောင်းငယ်တွေမှ မိုးယံရေ တွေ သမုဒ္ဒရာထဲ စီးဆင်းကြသလို တို့ ဇာလရေရှုဝငရဲကို အရက် သမားရောက်သွားလို့ရှိလျှင် သံပူရေတွေဟာ ငရဲကျတဲ့အရက်သမား

ကိုယ်ကြီး ဒွါရကိုးပေါက်က ချောင်းငယ် မြစ်ငယ်က မိုးရေတွေ စီးဆင်းလာသကဲ့သို့ သံပူရေတွေဟာဝမ်းထဲကို ဒွါရကိုးပေါက်က အကုန်ဝင်တာဘဲ၊ဗိုက်ကြီးပြည့်လာအောင် ဝင်တာဘဲ၊ပြည့်တဲ့ အခါကျတော့ တခါထဲမီးလောင်ပြီး ကျွဲထွက်တာဘဲ၊ ကျွဲထွက်ပြီး ပြာကျသွားရော၊ ဟောနောက်တခါ ကံကြွင်းမကုန်သမျှ ကာလပတ်လုံး ဥပပတ်ဖြစ်ပြန်တာဘဲ၊ တဂါဝုတ် ကိုယ်ကြီး ပြန်ဖြစ် အခုပြောသလို ချောင်းငယ် မြောင်းငယ်က ရေတွေဝင်သလို သံပူရေတွေ ဒွါရကိုးပေါက်က ဝင်ပြန်ရော၊ ဒါဒါ ဘုန်းကြီး တခါတခါ ပြောမိတယ်၊ အရက်သောက်တဲ့ ပုဂ္ဂိုလ်များ အခုဘဝမှာ ပုန်းလျှိုးပုန်းရှောင်သောက်ရတာ ဘာမှ ဝဝလင်လင်မသောက်ရဘူး၊ဟောဟို ဇာလရောရုဝငရဲရောက်တဲ့အခါကျတော့လေ အားရပါးရ ပါးစပ်တပေါက်ထဲ မဟုတ်ဘူး ကိုးပေါက်စလုံး သောက်ရမယ်၊ဘယ်လောက်ဟန်ကျသလဲ၊ဟိုကျမှနေရောကျမှာ၊ ဟုတ်ကဲ့လား ဒကာကြီးတွေ ဘယ့်နှယ်လဲမကောင်းဘူးလား ဒီမှာသောက်ရတာက တပေါက်ထည်း သောက်ရတာ ဟိုမှာ ကိုးပေါက်က သောက်ရမှာ ဘယ်လောက်ဟန်ကျသလဲ၊ ဇာလရောရုဝ ငရဲကျတဲ့ အခါမှာလေ။

ဒါဒီ ငရဲကလွတ်လာပြန်တော့ ဘီလူးအဖြစ်မှာ ဘဝငါးရာ ခွေးအဖြစ်မှာ ဘဝငါးရာ သူရူးအဖြစ်မှာ အနန္တတဲ့၊ဒါဒါ ကိုယ့်ကိုယ်ကိုယ် ချစ်လို့ အရက်တိုက်တာ ဒါဒါကိုယ်ချစ်မှားနေကြတယ်၊ တကယ်အစစ်ကိုယ်ကို မမြင်ကြဘူး၊ အခုယောဂီတွေကို မြင်အောင်ပြတယ်၊ အစစ်ကိုယ်ကို မြင်အောင်ရှာ၊ မြင်အောင်ကြည့်၊ အစစ်ကိုယ်က နာရီ မိနစ် စက္ကန့် မစဲဘူး၊ ဖြစ်ပျက်နေတာ ပစ္စုပ္ပန်သက်သက်ဖြစ်နေဘာ၊ ပစ္စုပ္ပန် ဖြစ်ပျက်မစဲ ဖြစ်နေတဲ့ဥစ္စာဟာ အခုတပည့်တော်တို့ ထိုင်နေတော့ ဖြစ်ပျက်မစဲလဲမတွေ့ပါလား၊ကိုယ်ကြီးဟာအစဉ်တည်မြဲ ထိုင်နေတယ်လို့ အောက်မေ့နေတယ်၊ ဘယ်ဟုတ်လိမ့်မလဲ အဝိဇ္ဇာက မမြင်ဘူးပေါ့၊ ဝိဇ္ဇာဉာဏ်နဲ့ ကြည့်လိုက်တော့ မြင်တယ် ဘာနဲ့ ဥပမာပြသလဲ။

**ဥပမာ**–ခတ်ရှင်ရုပ်နဲ့ပြတယ်၊ခတ်ရှင်ရုပ်များသွားကြည့်စမ်းဘယ်လို နေသလဲ၊ဟိုက ဖလင် ကော်ပြားမှာရိုက်ထားတဲ့ အရုပ်ကလေးတွေဟာ မှန်ဘီလူးနဲ့ မီးထိုးပြီးပြလိုက်တော့ ကြည့်တဲ့လူ မျက်စိထဲမှာ မြင်ရတာက ရိပ်ရိပ်,ရိပ်ရိပ်နဲ့ ကလိုက်ထာ, ခုန်လိုက်

တာ လက်ဟာန်ခြေဘန်နဲ့ သွားလို့လာလို့ ပြောလို့ဆိုလို့ မြင်ရတယ်မဟုတ်လား၊ အဲဒါ မိနစ်စက္ကန့်အတွင်းမှာ အရိပ်ပေါင်းဘယ်လောက် ထွက်သွားတယ်ဆိုတာ ဉာဏ်နဲ့ယှဉ်ကြည့်စမ်း၊ တရိပ်တည်းမဟုတ်ဘူး၊ အောက်ကလက်ကို အပေါ်မြှောက်လိုက်ခဲ့လို့ရှိလျှင် အရိပ်ပေါင်းရာထောင်မကဘူး ထွက်သွားတယ်၊ အဲဒါ တရိပ်ပြီးတရိပ် ဖြစ်သွားတာ ဒိကနေကြည့်တော့တရိပ်ထဲထင်တယ်။

အခု လူတွေထိုင်နေတာ ငါတို့တရိပ်တည်း ထင်နေတာ ဘယ်ဟုတ်လိမ့်မလဲ၊ ဘယ်လောက်မြန်သလဲ ကုဋေငါးထောင်ကျော် ဒါကြောင့်မို့လို့ အဆက်မပြတ် ဖြစ်ပြီးတော့နေတာ၊ ပြရတာ အတော်ခက်တယ် မလွယ်ဘူး သိပ်ခက်ထာ၊ ပါဠိတော်ကတော့—

အနိဓာနဂတာ ဘဂ္ဂါ,
ပုဉ္ဇောနတ္ထိ အနာဂတေ၊
နိဗ္ဗတ္တာ ယေပိ တိဋ္ဌန္တိ,
အာရဂ္ဂေ သာသပူပမာ၊

ဘဂ္ဂါ-ဖြစ်ပေါ်လာပြီးနောက် လျင်မြန်စွာချုပ်ပျောက်ကြကုန်သော နာမ်ရုပ်တရားနှစ်ပါးတို့သည်၊အလွန်ခက်ထာပေ၊ ဝေးလိုက်တာ သိဘို့အကျဲကြီး၊ အဲဒီကထဲကစပြီး မသိတော့ဘူး၊ ယောဂီမဟုတ်တဲ့ပုဂ္ဂိုလ်ဟာ ဒီကစ မသိတော့ဘူး၊ဘာဖြစ်လို့လဲ ဖြစ်ပေါ်လာတဲ့ရုပ်လဲ သူတွေ့မှမတွေ့ဘဲ၊ ချုပ်ပျောက်ထာလဲ သူမသိလိုက်ဘူး၊ ဘယ်လိုလုပ်ဟောလို့ရအုံးမှာလဲ မရဘူး၊ပုဆိန်နဲ့ပေါက် ဟောဟောမရဘူး,,နားမလည်ဘူး၊ စာကဒီလိုဘဲဆိုထားတယ်၊ "ဘဂ္ဂါ-ဖြစ်ပေါ်လာပြီးနောက် လျင်မြန်စွာချုပ်ပျောက်ကြကုန်သော နာမ်ရုပ်တရားနှစ်ပါးတို့သည်"ဟောယောဂီအစစ်ကသိပြီ၊ဖြစ်ပေါ်လာတာသိဘယ်၊ ချုပ်ပျောက်သွားတာသိတယ်၊ အာရုံဖိုက်ကြည့်ပါလား၊ နာဒီ မိနစ် စက္ကန့် မစဲဘူးလေ၊ ဖြစ်ပေါ်လာလိုက် ချုပ်ပျောက်သွားလိုက် အဲဒါ ယောဂီ အစစ်သိဘယ်၊ အဲဒါကိုဘုရားကဟောတာ၊ ယောဂီမဟုတ်တဲ့ ပုဂ္ဂိုလ်တွေ သိအောင် ဥပမာဆောင်ပြမယ်၊ ဘယ်လိုပြမလဲ၊ အနိဓာနဂတာ-ငြိမ်းလေ ဖြိုးသည့်ဆီမီးပမာ သိမ္မီးရာမရှိသော အဖြစ်သို့ ရောက်ကြလေကုန်၏၊ ဟောဆီမီးရောင်က ဥပမာန၊အခုပြောတဲ့ ရုပ်နာမ် ခန္ဓာက ဥပမေယျ၊ ဆီမီး

ရောင်ကဲ့သို့ဆိုတာ ဖောတက၊ ဆီမီးရောင် ဘယ်လိုလဲ ကြည့်စမ်း၊ မီးတိုင်ကို အသာလေးထွန်းထားလိုက်၊ ဖြုတ်ခနဲ ငြိမ်းလိုက်စမ်း၊ ငြိမ်းသွားပြီ၊ မီးရောင်လေးငြိမ်းသွားတာ ဘယ်ရောက်သွားသလဲ ရှာစမ်း၊ ဘယ်သူသိမ်းထားသလဲ၊ဒီမီးရောင်ကလေးကို ဘယ်သူ သိမ်းသိမ်းထားသလဲ၊ ဘယ်သူမှ မသိမ်းထားဘူး၊ ဘယ်မှာမှ မရှိတာအမှန်၊ အဲတာ အတိတ်ပေါ့၊ အတိတ်ကာလ လွန်သွားသော ဆီမီးရောင်ပျောက်ဆုံးသွားတာ ဘယ်မှ ရှာကြံလို့ မရဘူး၊ မရှိဘူး, အဲဒီ ဆီမီးရောင်လေးဟာ ပျောက်ဆုံးသွားတဲ့အခါ ဘယ်နေရာ ဘယ်ဌာနမှာမှ မရှိသလို၊ မရှိသကဲ့သို့ အခုဖြစ်ပေါ်လာတဲ့ ရုပ်နာမ် ခန္ဓာဟာ ရှိန်ကနဲဆို ပျောက်သွားပြီ၊ အဲဒီပျောက်သွားတဲ့ ရုပ်နာမ် ခန္ဓာရှာစမ်း၊ မရှိတော့ဘူး၊နောက်ထပ် အသစ်သာဖြစ်တယ်၊ အဲဒါ ဥပမာတူရောပေါ့၊ဥပမာန, ဥပမေယျ, ဖောတကတူသွားပြီ၊ ဒါဖြင့် သဘောကျပြီ၊ အတိတ်ကာလမှာ ရုပ်နာမ် ခန္ဓာမရှိဘူး, ပစ္စုပ္ပန်ဖြစ်ပေါ်တာတော့ အမှန်ဘဲ၊ ဖြစ်ပျက်သွားတာဘဲ၊ အဲဒီတော့ ပစ္စုပ္ပန်ဖြစ်ဆဲတော့မှန်တယ်၊ နောက်တော့ကော ဆိုတော့ "အနာဂတေ-မဖြစ်သေးမီ အနာဂတ်ကာလ၌" ဥပမာ ရုပ်နာမ် ခန္ဓာ မဖြစ်ခင် ခန္ဓာထဲပိုက်ကြည့်၊ မဖြစ်ခင် ဉာဏ်ကလေးနဲ့ ကြည့်စမ်း၊ ဘယ်မှာရှာရမလဲ၊ ဘယ်ကလာဖြစ်မယ်လို့ မြင်ရဲ့လား, တွေ့ရဲ့လား, ရှိရဲ့လား မရှိဘူး၊ ဘုရားက မရှိဘူးတဲ့၊ "အနာဂတေ-မဖြစ်သေးမီ အနာဂတ်ကာလ၌၊ပုဉ္ဇော-လာ၍ အသစ်ဖြစ်ဘို့ရာ အပုံအစုသည်၊နတ္ထိ- မရှိနိုင်ချေ" နောက်ဖြစ်ဘို့လဲ ပုံဗုထားတာ မရှိဘူးတဲ့။

ဒါဖြင့် ဘယ့်နဲ့ လုပ်သိမလဲ၊ "ယေပိ-အကြင် ပစ္စုပ္ပန် ခန္ဓာနာမ်ရုပ် တို့သည်" ဟောခု ပြောတဲ့ ရုပ်နာမ်ခန္ဓာ ပစ္စုပ္ပန်တဲ့၊ပစ္စုပ္ပန်ဆိုတာ ဖြစ်ဆဲ ပျက်ဆဲလေးလေ၊ ပစ္စုပ္ပန် ခန္ဓာနာမ်ရုပ် တို့သည်လည်း၊ နိဗ္ဗတ္တာ- ဖြစ်ကြကုန်သည် ဖြစ်၍၊ တိဋ္ဌန္တိ-တည်ကြကုန်၏၊ ဟောခုလူတွေ ထိုင်နေတာ မပြတ်ဖြစ်ဆဲ တည်နေတာ ဘယ်လိုလုပ် သိမလဲ ပေးလိုက်ထာ တကယ့်ခန္ဓာမှာ ဘာရေးမတွေ့လျှင် သိဘို့ရာ ခဲယဉ်းလိုက်ထာ အင်မတန်ကျဲတာပေါ့၊ကိုယ်တွေ့ဉာဏ်မြင်တရားတွေ တဲ့ ပုဂ္ဂိုလ်မှသိတယ်၊ ဖြစ်ဆဲလေးတွေကို တည်နေတာ နာရီ စက္ကန့်မစဲ ဖြစ်ဆဲလေးတွေ မပြတ်ဖြစ်နေတာ အဲဒီ ဖြစ်ဆဲတည်နေတာ၊ ဒီလိုဖြစ်ဆဲ တည်ကြောင်းကို ဘာနဲ့ ဥပမာပြသလဲ၊ တေပိ-ထိုပစ္စုပ္ပန် ခန္ဓာနာမ်ရုပ်

တို့သည်လည်း၊ အာရဂ္ဂေ-အပ်သွား ပွတ်ဆောက်ဖျားၵ္ဍါ၊ သာသပူပမာ- ဒလစပ်မပြတ် တင်အပ်ကျအပ်သော မုံညင်းစေ့တို့နဲ့ တူသောပမာရှိကုန်သည်ဖြစ်၍၊ တိဌန္တိ-တည်ကြကုန်၏၊ အဲဒါတော့ သိမှာပေါ့၊ မုံညင်းစေ့လေး အပ်သွားပေါ်တင်လိုက် လိမ့်ကျသွား နောက်ထပ်မပြတ်တင်းပေါ့၊ ကျတာနဲ့ နောက်ထပ်တင်တာနဲ့ မပြတ်လေ ဉာဏ်လေးနဲ့ တွေးကြည့်စမ်း၊ မုံညင်းစေ့ အပ်သွားပေါ်တင် ကျသွား၊နောက်ထပ်တင် ဟိုကကျတာနဲ့တပြိုင်နက် မပြတ်တင်၊အဲဒီလိုဘဲတဲ့ ဒီက ရုပ်နာမ်တွေ ဖြစ်နေတာ၊ ဒီမှာထိုင်နေတဲ့လူတွေ အဲဒီလိုဘဲ တည်နေတာ၊ အဲဒီလိုတည်နေတာ ကြည့်လို့ဘယ်လိုလုပ် မြင်မလဲ၊ ဉာဏ်စခန်းဘဲ၊ အမေမွေးတဲ့ မျက်စိနဲ့ ဘယ်သိုလုပ်မှ မမြင်ဘူး။

**ကိုယ်တိုင်တွေ့မှ-ချမ်းမြေ့သာကြည်။**
**စာအတွေ့ထက်-ငါတွေ့သာမည်။**

ဟော အပ်သွားပေါ်မှာ မုံညင်းစေ့လေးတွေ မပြတ် ကျနေသကဲ့သို့ မိမိကိုယ်ခန္ဓာမှာ သိနေလျှင် မှန်ရောပေါ့၊ အဲဒါ မိမိကိုယ်ပိုင် ဉာဏ်နဲ့ သိအောင်လုပ်ကြ၊ အဲဒါကိုသိရင် တကယ့်အစစ် ခုနတုန်းက ဟောခဲ့တဲ့ ကိုယ်အစစ်ကို တွေ့ပြီ၊ အဲဒီ ကိုယ်အစစ်ကို တွေ့တော့ ဒီကိုယ်သည် နိဗ္ဗာန်ကို မရသမျှ သူတပါးတို့၏ ညှဉ်းဆဲ နှိပ်စက်ခြင်းမှ ဘယ်တော့မှ မလွတ်ဘူး၊ အဝိဇ္ဇာကြောင့် ကိုယ်အစစ် မတွေ့ရ၊အဲ သမုဒယ တဏှာဖြစ်၊ အဲ အဝိဇ္ဇာနဲ့ သမုဒယ တဏှာကြောင့် ဒုက္ခအမျိုးမျိုးနဲ့ တွေ့ ၊ ဒါကြောင့် အဝိဇ္ဇာ တဏှာ ဆိုတဲ့ မူလ နှစ်ပါး ပြတ်သွားမှ ခုပြောတဲ့ခန္ဓာကိုယ်ကို ချစ်ရမယ်၊ အဝိဇ္ဇာနှင့်တဏှာကို လက်ခံထားသမျှ ခန္ဓာကိုယ်ချစ်ရာမမည်ဘူး နှစ်ရာသာကျလိမ့်မယ်၊ ဒါကြောင့် တရားကို လေးလေးစားစားနဲ့ အားမထုတ်ဘဲနဲ့ အခုလိုအပေါ်ယံကြောကလေးနဲ့ နေကြမယ်ဆိုလျှင် သွားကြအုံးမှာဘဲ ဘယ်နည်းနဲ့မှမနေဘူး သွားရအုံးမှာ၊ ဘဝ ဘယ်တော့မှဆုံးမယ် ဘယ်တော့မှ လွတ်မယ်လို့ မပြောနိုင်ဘူးပေါ့။

အေး အကယ်၍များ အခု သာသနာခေတ်အတွင်းမှာ ရုပ်နာမ်နှစ်ပါးကို တကယ်တွေ့၍ တကယ်မြင်လျှင် အန္တရာယ်အမျိုးမျိုး ဘေးအမျိုးမျိုးတို့ကို တကယ်ကြောင့်လို့ တကယ့်ကိုလွတ်ချင်တဲ့ စိတ်ခေတ်ပေါ်

လျှင် အခုဘဝမှာရလျှင်ရ မရလျှင် ဒုတိယဘဝတော့ မလွဲဘူးရမယ် ဆိုတာ ကေန်မှတ်ကြ၊ မုချမလွဲဘူးရတယ်၊ အဲဒါကြောင့် –

> တသ္မာ တဏှ သုခိနော မေဓပဒါနိ ပလာဝ န္တိ,ဒန္တော ဘိက္ခဝေ သတုပ္ပါဒေါ, အသခေါ သော သဏ္ဍော ခိပ္ပမေဝ ဝိသေသ ဘာဂီ ဟောတိ၊

စတုကင်္ဂုတ္တရ ဋီကာ။

> တသ္မာ- ထို ဝိပဿနာယောဂီပုဂ္ဂိုလ်အား၊ တဏှ – ထိုလူ့ ပြည်မှစုတေ၍ နတ်ပြည်သို့ရောက်သောခဏ၌၊ သုခိနော-မပင် မပန်း ချမ်းချမ်းသာသာ၊ မေဓပဒါနိ- လူ့ပြည်က အားထုတ်ခဲ့ သော ရုပ်ဓမ္မ နာမ်ဓမ္မတရားဘို့သည်၊ ပလာဝန္တိ- ဖိုဝ်သော ယောကျ်ား နိုးသောလားကဲ့သို့ ဖွားကနဲဖြစ်ပေါ်လာကြကုန်၏၊ ဘိက္ခဝေ- ရဟန်းတို့၊ သတုပ္ပါဒေါ- ငါသည် အဘယ်ပြုဘူး ကောင်းမှုထူးကြောင့် ဤနတ်ပြည်သို့ရောက်ရသနည်းဟု စေ့စေ့ ငုငု ဆင်ခြင်အောက်မေ့နှုလုံးသွင်းခြင်းသည်၊ ဒန္ဓော-နှံ့နှေး သော်ကား နှံ့နှေးသေး၏၊ အထခေါ စင်စစ်သော်ကား၊ သော သဏ္ဍော-ထို ဝိပဿနာယောဂီပုဂ္ဂိုလ်သည်၊ ခိပ္ပမေဝ- လျင်စွာ သာလျှင်၊ ဝိသေသဘာဂီ- မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ပျံ့ပျူး တရားထူးရနိုင်သော အဘို့ရှိသည်၊ ဟောတိ- စင်စစ်မသွေ ဖြစ်ပါချေ၏။

အဲဒါအခု တရားနာတဲ့ပုဂ္ဂိုလ်တွေ ကိုယ်ပိုင်ဉာဏ်နဲ့တွေးကြည့်ကြ၊ တို့တကယ်လောကကြီးကို အဖြစ်မြင်လို့ အခုကိုယ်တိုင်လဲ မြင်နေကြ ပါပြီ မြင်ဘို့လဲကောင်းပါတယ်၊ ဘုန်းကြီးများက တိုက်တွန်းလို့သာ တိုက်တွန်းရတယ်၊ ဝိုင်းနေတဲ့ ဗဟိဒ္ဓသဉ္ဇာန်ဘေးတွေက မပြောနဲ့ တော့ ခုဆိုလျှင်ဖြင့် တပြည်လုံးတွင်မက တကမ္ဘာလုံးမှာ အုတ်အုတ် ကျက်ကျက် ဆူပြီးတော့ အမျိုးမျိုးဘေးဒုက္ခတွေ တွေ့နေကြတာ ကြားကြမှာပေါ့၊ ပစ္စုပ္ပန်ဘေးတွေကလဲ အင်မတန်ကြီးတယ်၊ အဇ္ဈတ္တ သဉ္ဇာန် အတွင်းရန်ဘေးတွေကတော့ လောဘ,ဒေါသ,မောဟ,မာန, ဒိဋ္ဌိဆိုတဲ့ ရန်သူဘေးကြီးတွေကလဲ ပြည့်နေတာဘဲ၊ အဲဒါလောက် ကြီးကျယ်တဲ့ ဘေးကြီးတွေကို တကယ်မြင်ကြလျှင် လွတ်ချင်တဲ့စိတ်

တော့ပေါ်မှာပေါ့၊ မုစ္စိတုကမျတာဉာဏ်မျိုး၊ အဲဒီလိုလွတ်ချင်လျှင် အဟုတ်တကယ် မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရနိုင်တယ်ဆိုတဲ့ သဒ္ဓါတရားမျိုးနဲ့ ရောက်နိုင်တဲ့ နည်းလမ်းကို မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ဓမ္မစကြာဒေသနာမှာ ပြသွားတဲ့အတိုင်း သီလနဲ့ပြည့်စုံအောင်နေ၊ သမာဓိ ရအောင်လုပ်၊ ပညာ,ယထာဘူတ အမှန်တွေ့အောင်ရှာ။ အဲဒီ မဇ္ဈိမပဋိပဒါ ချန်လှပ်၍ နိဗ္ဗာန်ရောက်ကြောင်းတရား ငါဘုရားမမြင်ဘူးလို့ ဟောတော်မူတဲ့အတိုင်း ဒီ နိဗ္ဗာန်ရောက်ကြောင်းတရား များများလဲ မရှိဘူး၊ သုံးပါးဘဲ၊ သီလ,သမာဓိ,ပညာဆိုတဲ့သိက္ခာသုံးပါး သာသနာသုံးရပ်ကို ယောဂီများ နေ့ညဥ့်မပြတ် ဆင်ခြင်သုံးသပ်၍ ကြိုးစားပြီး အားထုတ်ကြ။

## ဒါနခဏ်း

ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ၊
ဗုဒ္ဓ စန္ဒေ အနုပ္ပန္နေ။
တေသံ သဘာဝဓမ္မာနံ၊
နာမမတ္တံ န နာယရေ။

ဇရိဝါပါဠိတော်။

ဗုဒ္ဓါဒိစ္စေ - ဘုရားတည်းဟူသော နေမင်းကြီးသည်၊ အနုဂ္ဂတေ- မပွင့်ထွန်း မပေါ်လာခဲ့သည်ရှိသော်၊ ဗုဒ္ဓစန္ဒေ- ဘုရားတည်းဟူသော လမင်းကြီးသည်၊ အနုပ္ပန္နေ-မတက်ထွန်းမပေါ်လာခဲ့သည်ရှိသော်၊ တေသံ သဘာဝဓမ္မာနံ-ထိုစိတ်စေတသိက်အစရှိသော ပရမတ္ထသဘောတရားတို့၏၊ နာမမတ္တမ္ပိ - စိတ်ဟူသော အမည် စေတသိက် ဟူသောအမည်မျှကိုလည်း ၊န နာယရေ- ဘယ်လူ, ဘယ်နတ်, ဘယ်ဗြဟ္မာမှ ထွန်းထွန်းပေါက်ပေါက် တဦးတယောက်မှ မသိနိုင်မမြင်နိုင်ကြလေကုန်။

ဘုရားကိုယ်တော်မြတ်၏ ဂုဏ်ကျေးဇူးတွေကို ဖေါ်ထုတ်ပြီးသကာလ ဟောတဲ့တရား၊ အဓိပ္ပါယ် သဘောသွားကို နားလည်မှကောင်းတယ်၊ အဲဒါ ခပ်ရှင်းရှင်းတိုတိုဘဲ စင်စစ်က ဒီပါဠိတော်ကို ရကြတော့ တချို့က ဘုရားဟာ နေမင်းဘဲတဲ့၊ ဘုရားဟာလမင်းဘဲတဲ့၊ နေ ဟာ ဘုရားဖြစ်တယ်၊ လ ဟာ ဘုရားဖြစ်တယ်လို့ အယူဝါဒ ရှိကြတယ်၊ ရှိတော့ သူတို့ဘယ်လိုကျင့်ကြသလဲ၊ အာနာပါနာသတိကို အားထုတ်လို့ သမာဓိခိုင်မြဲတဲ့ အခါကျတော့ နေ ကိုကြည့်တယ်၊ လ ကို ကြည့်တယ်၊ နေကိုကြည့်တဲ့အခါကျတော့ သူတို့ နေထဲမှာ ဘာတွေ့သလဲ၊ ဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗူတပုဂ္ဂိုလ် အသီးသီး အသိတိရှစ်ကျိပ်နဲ့ တကွ ဘုရားတွေ တွေ့ရတယ်၊ မြင်ရတယ်၊ လ ကိုကြည့်လဲ ဒီလိုဘဲ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်နှင့် ပရိနိဗ္ဗာန်စံပြီးသော အရှင်ကောင်း အရှင်မြတ်တွေ တွေ့ရတယ်။

အဲဒါ သူတို့က နေထဲမှာ ပရိနိဗ္ဗူတဘုရားရှိတာ အမှန်ဘဲလို့ အဲဒီလို အယူဝါဒ ရှိကြတယ်၊ စင်စစ် မုချအားဖြင့် နိမိတ်ဆိုတာ ပညတ်နိမိတ် ထင်ချင်တာထင်တာပေါ့၊ အရှုရွတ်သွားတဲ့ ပါဠိတော်က ဒီအာဘော် မဟုတ်ဘူး၊ "ဗုဒ္ဓါဒိစ္စေအနုဂ္ဂတေ" ဆိုတာ မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်သည် နေမင်းနဲ့တူတယ်တဲ့၊ နေမင်းက ဥပမာန၊ ဘုရားကိုယ်တော်မြတ်ကြီးက ဥပမေယျ၊ လမင်းနဲ့တူတယ်တဲ့၊ လမင်း ကဲ့သို့ လမင်းကဥပမာန၊ ဘုရားသခင် ကိုယ်တော်မြတ်က ဥပမေယျ၊ နေမင်း ကဲ့သို့, လမင်းကဲ့သို့ ဆိုတာက ဇောတက၊ ဒီတော့ နေမင်း၏ ကျေးဇူး လမင်း၏ ကျေးဇူး မြင်အောင်ကြည့်ကြစမ်း၊ နေမင်းကြီး သည် အရှေ့ လောကဓာတ်က မထွက်ပေါ်ဘဲနေလို့ရှိလျှင် အရှလူတွေ ဘာဖြစ်ကြမလဲ၊ မှောင်အမိုက်အတိ ဖြစ်နေမှာပေါ့၊ အကယ်၍ အရှေ့ လောကဓာတ်က နေမင်း,လမင်းတို့ မပေါ်မထွက်ခဲ့သော် အားလုံး သော သတ္တဝါတို့သည် မှောင်အတိကျ၍ အမိုက်အတိဖြစ်ပြီးသကာလ ဘာမှ မြင်နိုင်ကြ, ရှောင်နိုင်ကြ, လွှဲနိုင်ကြမှာ မဟုတ်ဘူးတဲ့၊ တနည်း အားဖြင့် အရ နေတည်းဟူသောအရောင်, လတည်းဟူသောအရောင် အလင်းကို မရက အမိုက်မှောင်အတိ ကျနေလျှင် ဤသည်ကား ဆူးငြောင့်ခလုတ်, ဤသည်ကား ချိုင့်စသည်ဖြင့် ဘေးအန္တရာယ် ဖြစ်စေတတ်တဲ့ ရန်သူအစရှိသည်တို့ကို ရှောင်နိုင်လွှဲနိုင်မှာ မဟုတ် ဘူး၊ တနည်းအားဖြင့် ဤကဲ့သို့ နေတည်းဟူသော အလင်းရောင် လ တည်းဟူသော အလင်းရောင် မရက အာဟာရကိစ္စ ဘယ်ပစ္စည်းကိုမှ ရှာကြံ၍ စားနိုင်ကြမှာ မဟုတ်ဘူး။

ဒါကြောင့် နေတည်းဟူသော တန်ခိုး, လတည်းဟူသော တန်ခိုး ဈာန်ပါဒ်ကြောင့် မိမိတို့သည် အလင်းရောင်ကို ရသဖြင့် ရန်သူအစ ရှိသည်တို့ကို ရှောင်နိုင်ကြတယ်၊ ဆူးငြောင့်ခလုတ် အစရှိသော ဘေးရန်တွေကို စောင့်ရှောက်နိုင်တယ်၊ ရှောင်လွှဲနိုင်တယ်, ဖယ်ရှား နိုင်တယ်၊ မိမိတို့၏ရန်သူကို ရန်သူမှန်းသိတယ်၊ မိတ်ဆွေကို မိတ်ဆွေ မှန်းသိတယ်၊ အစာအာဟာရတို့ကို သိကြွားနားလည်ရတယ်၊ မိမိတို့၏ ကျန်းမာမှု အပူအအေးကိုရတယ်၊ ဘယ်သူ့ကြောင့်လဲဟေ့ ဆိုတော့ နေတည်းဟူသော အလင်းရောင်, လတည်းဟူသော အလင်းရောင် ကြောင့် အမှန်မုချ အားဖြင့် ငါတို့ နေနိုင်, စားနိုင်, သွားနိုင်,

လာနိုင် ရှိကြတယ်၊ထိုနေမင်း လမင်းတို့ကဲ့သို့ အကယ်၍များ မြတ်စွာဘုရားကိုယ်တော်မြတ် မပွင့်ထွန်းမပေါ်လာခဲ့သည်ရှိသော် ဘုရားကိုယ်တော်မြတ်များ မရှိလို့ သာသနာခေတ် မရှိခဲ့သည်ရှိသော် ယခုရှိကြတဲ့ သတ္တဝါ အနေနဲ့ ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာမှ ဤသည်ကား ရုပ်တရား ဤသည်ကား နာမ်တရား ဤသည်ကား အကုသိုလ်တရား ဤသည်ကား ကုသိုလ်တရားလို့ ဘယ်သတ္တဝါမျိုးကိုမှ ဟောပြောပြသဆုံးမနိုင်မဲ့ ပုဂ္ဂိုလ်မရှိဘူး၊သေသေချာချာ မှတ်ထားကြ၊ မြတ်စွာဘုရားသာမပွင့်လာလျှင် ဟောဒိကရှောင်အပ်သောတရား ဟောဒါကဆောင်အပ်သောတရား၊ ဤတရားကို ကျင့်က အမြတ်တရားဖြစ်မယ်၊ ဒီတရားကို ကျင့်က အပါယ် သံသရာ လားမယ်ဆိုတာ ဘယ်သူ တဦးတယောက်မျှ ပြောနိုင်မဲ့ ပုဂ္ဂိုလ် မရှိဘူးတဲ့၊ဘုရားကိုယ်တော်မြတ်ကြီးပွင့်လာပေလို့သာ ဤသည်ကား အကုသိုလ်တရား ဤသည်ကား ကုသိုလ်တရား ခွဲခြား ဝေဖန်၍ ပိုင်းခြားထင်ထင် သိမြင်သဖြင့် ဟောပြတဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး၏ ကျေးဇူးကြောင့် ငါတို့သည် မသိအပ်တဲ့ အရာတွေ သိရတယ်၊ နားမလည်တဲ့ အရာတွေ နားလည်ရတယ်၊ ဘုရားကိုယ်တော်မြတ်ကြီး၏ ဂုဏ်တော် ကျေးဇူးတော်သည် ကြီးပေစွလို့ ဆဲဒိလို ဘုရား၏ ဂုဏ်တော်ကျေးဇူးတော်တို့ကို ဥပမာနှိုင်းချိန်၍ မရနိုင်အောင် ကျေးဇူးကြီးသဖြင့် လူတို့ ထင်ရှားကိုယ်တိုင်ကိုယ်ပိုင်ဉာဏ်နဲ့ သိထားတဲ့ နေမင်း လမင်းတို့၏ ကျေးဇူးဂုဏ်ကဲ့သို့ ဥပမာ ဆောင်ပြတယ်။

လူများဟာ အမှန်မှုချအားဖြင့် ကျေးဇူးကို ဘယ်လိုသိသလဲ၊ နေ၏ ကျေးဇူး လ၏ ကျေးဇူးကြောင့် ငါတို့သည် နေနိုင် စားနိုင် သွားနိုင် လုပ်နိုင် ကိုင်နိုင် ရန်သူအစရှိသည်တို့ကို ရှောင်နိုင် လွှဲနိုင် ဆဲဒိလို နေရောင် လရောင်တို့၏ တန်ခိုးကြောင့် မိမိတို့သည် ချမ်းသာစွာနေနိုင်သကဲ့သို့ မြတ်စွာ ဘုရား၏ တန်ခိုးတော်ကြောင့် မြတ်စွာဘုရား၏ အရိပ်အာဝါသ ခိုလှုံရသဖြင့် ငါတို့ မကောင်းတဲ့ အကုသိုလ် အကျင့်တရားတွေကို ဖယ်ရှောင်နိုင်တယ်၊ တကယ်အစစ် လောကသုခ နိဗ္ဗာနသုခ ရစေတတ်တဲ့ ကောင်းကျိုး ချမ်းသာတွေ ငါတို့ တွေ့မြင်ရတာ ဘယ်သူ့ ကျေးဇူးလဲဆို ဘုရားကိုယ်တော် မြတ်ကြီး၏ ကျေးဇူး၊ ဒါကြောင့်–

ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ၊
ဗုဒ္ဓစန္ဒေ အနုပ္ပန္နေ၊
တေသံ သဘာဝ ဓမ္မာနံ၊
နာမမတ္တံ နနာယရေ။

လို့ အစနားက ဟောခဲ့တာ၊ အဲဒါ ဥပမာ ပြတာ၊ ဒါကြောင့် မြတ်စွာဘုရားသခင် ပွင့်ထွန်းပေါ်လာတာ အလုံးစုံသောသတ္တဝါတို့၏ အမြင်မှန်ကို ရပါစေလို့ အမျိုးမျိုးဆုံးမတယ်၊ ဘယ်လို ဆုံးမသလဲ ဆိုတော့ အစရှိကြတဲ့ သတ္တဝါအနန္တ ကြောက်စရာ ဘေးကိုမမြင်က ဘယ်သူမှ မကြောက်ကြဘူး၊ အဲဒီတော့ ဘုရားကိုယ်တော်မြတ်ကြီး ဟောတဲ့ ဒေသနာ ကျမ်းအစောင်စောင်မှာ ရှောက်ကြည့်၊ ဘယ်ကျမ်း မှာ ကြည့်ကြည့် တရားဟောတဲ့ အခါကာလတိုင်း ဘုရားကိုယ်တော် မြတ်ကြီးသည် ဘာကို ဟောသလဲ၊ ကာမဂုဏ်၏ အာဒီနဝ အပြစ်ကို ပြတယ်၊ ကာမဂုဏ်၏ အာဒီနဝ အပြစ်တွေကို ကွက်ကွက်ကွင်းကွင်း မမြင်ရင်မြင်အောင် အဓိပ္ပါယ်ရှင်းရှင်းနဲ့ အမျိုးမျိုးသော ဥပမာတွေ ဆောင်ဆောင်ပြတယ်၊ ဘာတွေကို ပြလိုက်သလဲ၊ နခါသိခသုတ်ကို ပြတယ်။

**အပါယ်ကျသူ ဇမ္ဗူဒီပါမြေမှုန့်၊**
**လူပြည်ဖြစ်သူ လက်သည်းခွံမြေမှုန့်၊**

နခါသိခသုတ်ဆိုတာ ဒီလက်သည်းပေါ်မှာတင်တဲ့ မြေမှုန့်နဲ့ ဇမ္ဗူ ဒီပါမြေပြင်မှာရှိတဲ့ မြေမှုန့်ဘယ်သူကများသလဲလို့ ဒီလိုမေးလိုက်တယ်၊ ဒီတော့ ရဟန်းတော် အရှင် မြတ်များက အရှင်ဘုရား အရှင်ဘုရား အခု ပြတဲ့ ဥပမာ ဟာ နှိုင်းချိန် စရာ မရှိပါဘူး ဘုရားလို့ အဲဒီလို လျှောက်ထားတော့ မြတ်စွာ ဘုရားက အေး ချစ်သားတို့ ဟုတ်တယ်တဲ့ ငါ ဥပမာ ပြောတာ အခု လူ့ပြည် လောကမှာ ရှိကြတဲ့ သတ္တဝါအနန္တ သေကုန်သေကုန်သောကာလ လူ့ပြည်ကို တဖန်ပြန်လာတဲ့ပုဂ္ဂိုလ်ဟာ ငါ၏လက်သည်းပေါ်မှာရှိတဲ့ မြေမှုန့်အရေ အတွက်လောက်သာ ရှိတယ်၊ လူ့ပြည်လောက သေကုန်သေကုန်သော သတ္တဝါအနန္တတို့သည် လူ့ပြည်ပြန်မလာဘဲ အပါယ်လေးပါးကျတာ က ဇမ္ဗူဒီပါမြေပြင်မှာရှိတဲ့ မြေမှုန့်နဲ့အမျှဖြစ်တယ်၊ ဤမျှလောက်များ

ပြားတယ်တဲ့။ အဲဒါ သာမည ပေါ့ပေါ့လေး၊ အခုဘုန်းကြီးဟောတာကြား လိုက်တော့ ဘုရားဟောတာ ပေါ့ပေါ့တွေးတော့ ပေါ့ပေါ့နေကြတာပေါ့၊ အဲဒီတရားဟာ နက်နက်ချတ်ချတ် သေးသေးနက်နက် စဉ်းစားမှ အဓိပ္ပါယ်ရှင်းတယ်၊ ဘယ်လိုစဉ်းစားရမလဲဆိုလျှင် ဘုရားကိုယ်တော် မြတ်ကြီးဟာ နှိုင်းချိန်စရာ ဥပမာမလွယ်လောက်တဲ့ နခါသိခသုတ်ကို ပြတယ်၊ သေကုန်သေကုန်သော သတ္တဝါအနန္တ လူ့ပြည်လောက က သေလို့ရှိလျှင် လူ့ပြည်ပြန်လာတာက လက်သည်းပေါ်မှာတင်တဲ့ မြေ မှုန့်လောက်ဘဲရှိတယ်၊ အပါယ်လေးပါးကိုကျတဲ့ သတ္တဝါက ဇမ္ဗူဒီပါ မြေပြင်မှာရှိတဲ့မြေမှုန့်နဲ့ အမျှဖြစ်တယ်ဆိုတာ ဖြစ်နိုင်ပါမည်လားဆို တာ ဉာဏ်အမျှော်အမြင်မရှိတဲ့ အဝိဇ္ဇာသမားက တွေးကြမှာပေါ့၊ အဲဒါ တို့ ဒီမှာတရားနာနေတဲ့ ယောဂီတွေက ဉာဏ်ပညာနဲ့ဆင်ခြင် ကြည့်စမ်းပါလား၊ လွန်လှချည့်ရဲ့ အပါယ်လေးပါးကျတဲ့သတ္တဝါက ဒါလောက်ဘဲများရသလား လူ့ပြည်လောက ပြန်လာတဲ့ သတ္တဝါက အင်မတန်နည်းပါးတာ ဘယ်အကြောင်းကြောင့် ပါလိမ့်မလဲလို့ အဲဒါ သိဘို့လိုတာပေါ့။

အဲဒါသိဘို့လိုတော့ကာ လူ့ပြည်လောက ပြန်လာတဲ့ပုဂ္ဂိုလ်ထက် အပါယ်လေးပါးကျတဲ့ ပုဂ္ဂိုလ်များကြောင်းကို တပါးသောသူတို့ကို အသာ တော်ရာမှာထားလိုက်၊ တပါးသောသတ္တဝါတို့၏စိတ်ကို ပရ စိတ္တဝိဇာနနဉာဏ်ရမှ သိနိုင်တယ်၊ မိမိ၏ အဇ္ဈတ္တ ကိုယ်အတွင်း သဉ္စာန်မှာရှိတဲ့စိတ်ကို မိမိကိုယ်တိုင် သိကြမှာပေါ့၊ သူတပါးစိတ်ကို သာ မသိတာ၊ ကိုယ့်စိတ်တော့ ကိုယ်သိမယ်၊ အဲဒီတော့ ကိုယ့်စိတ်ကို ကိုယ်ပြန်ကြည့်စမ်း၊ မိမိတို့နေရတဲ့ လူ့ပြည်လောက ရောက်လာတဲ့ ဘဝ လူအဖြစ်ကိုရတဲ့နေ့ကစ၍ မိမိတို့၏သဉ္စာန်၌ အကုသိုလ်စောနဲ့ ကုသိုလ်စော ဘယ်သူကများသလဲ၊ သူများကိုတော့ မပြောနဲ့၊ ကိုယ့် ကိုယ်ကိုယ် စဉ်းစားပြီးတော့ အဓိပ္ပါယ်ရှင်းရှင်းလေး သေသေချာချာ ကြည့်၊ မိမိတို့သဉ္စာန်မှာ အကုသိုလ်စောနဲ့ ကုသိုလ်စော ဘယ်သူက များသလဲလို့ ကုသိုလ်စောကိုတော့ မိမိတို့သိသလောက်တော့ သိကြ မှာပေါ့ ကုသိုလ်စော၊ သို့သော် အကုသိုလ်စောများပုံကို ပြောမယ်၊ အကုသိုလ်စော ဘယ်လောက်များသလဲဆိုလျှင် လူအဖြစ်ကိုရလာတဲ့ နေ့ကစ၍ အာရုံခြောက်ပါးရှိတယ်၊ ရူပါရုံ,သဒ္ဒါရုံ, ဂန္ဓာရုံ,ရသာရုံ,

ဖေါဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ အာရုံခြောက်ပါး၊ အဲဒီအာရုံခြောက်ပါးနဲ့ မိမိတို့မှာ ခြောက်ဌာနဝတ္ထု မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, မနော၊

အဲဒီလိုမိမိတို့၏ အရှုတ္တိကသဏ္ဌာန်မှာရှိတဲ့-

မျက်စိဓာတ်, အဆင်းဓာတ်, မြင်သိဓာတ်,

နားသဏ္ဌာန်မှာရှိတဲ့-

နားဓာတ်, အသံဓာတ်, ကြားသိဓာတ်,

မိမိတို့သဏ္ဌာန်မှာ မကွဲမကွာရှိတဲ့-

နှာခေါင်းဓာတ် အနံ့ဓာတ်, နံသိဓာတ်,

မိမိတို့ကိုယ်သဏ္ဌာန်မှာ အခုတကယ်ရှိနေတဲ့-

လျှာဓာတ်, အရသာဓာတ်, စားသိဓာတ်,

မိမိတို့ကိုယ်မှာ အပ်နဲ့ထိုးဆွနာကျင်တတ်တဲ့-

ကာယပသာဒ ကိုယ်ဓာတ်, အတွေ့ဓာတ်, တွေ့သိဓာတ်,

ဟာဒယဝတ္ထုရုပ်ကို မှီ၍-

မနောဓာတ်, သဘောဓာတ်, ကြံသိဓာတ်,

အဲဒီ ဓာတ်သဘာဝတွေ မိမိကိုယ်မှာရှိတာကို ကိုယ်ပိုင်ဉာဏ်လေးနဲ့ ကြည့်စမ်းပျောက်သွားရဲ့လားလို့ အမြဲရှိနေတယ်နော်၊ ကောင်းပြီ အဲဒီလိုခြောက်ခွါရ, ခြောက်ဌာန အမြဲရှိတဲ့အနက်က ကုသိုလ်ဖောကို အာရုံပြု၍နေသောအချိန်အခါနဲ့ အကုသိုလ်ဖောကို အာရုံပြုနေသော အချိန်အခါ ဘယ်ဟာကများသလဲလို့ ကိုင်း ချိန်ခွင်ရာဇုမှာတင်ကြည့်စမ်း၊ သူများကိုမစဉ်းစားနဲ့၊ ကိုယ့်ကိုယ်ကိုယ်ချိန်ကြည့်၊ မြင်သိလုံးလေးအကြောင်းပြုပြီးသကာလ ငါ့မှာအကုသိုလ်ဖောတွေစောသလား သိမဟုတ် မြင်သိလုံးကိုအကြောင်းပြု၍ ကုသိုလ်ဖောတွေစောသလား နှိုင်းချိန်ကြည့်၊ ကြားသိလုံး အသံဓာတ်တွေကို အကြောင်းပြု၍ ငါ့မှာ ကြားသိလုံး ဖြစ်တိုင်းဖြစ်တိုင်း အကုသိုလ်ဖောနဲ့ဖြစ်ပေါ်တဲ့ ကြားသိလုံးလား ကုသိုလ်ဖောနဲ့ဖြစ်ပေါ်တဲ့ ကြားသိလုံးလား အဲဒါကိုယ့်ဟာကိုယ်ချိန်ကြည့်၊ တွေ့လိမ့်မယ်၊ ဒါသူများကိုမပြောနဲ့ နှာခေါင်းက အခါခပ်သိမ်းနံ့တဲ့ အနံ့ဓာတ်တွေ တွေ့ရတယ်၊ အဲဒီလိုနံ့သိလုံးလေးတွေ ဖြစ်တိုင်းဖြစ်တိုင်း အကုသိုလ်ဖော စောသလား ကုသိုလ်ဖော စော

သလား နှစ်မျိုးထဲနော်၊ မိမိတို့၏လျှာပေါက်က အခါခပ်သိမ်းမစားဘဲ မနေနိုင်ဘူး၊ ''သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ'' ဆိုတာ သတ္တဝါမှန် သမျှ အာဟာရနဲ့ အသက်ရှည်ရတယ်၊ အဲဒီလို အာဟာရစားတိုင်း စားတိုင်း အကုသိုလ်စောဖြစ်သလား ကုသိုလ်စောဖြစ်သလား မိမိတို့ ကိုယ်ကလဲ အခါခပ်သိမ်း ပထဝီဖော်ဋ္ဌဗ္ဗ, တေဇောဖော်ဋ္ဌဗ္ဗ, ဝါယော ဖော်ဋ္ဌဗ္ဗတို့နဲ့ အမြဲတွေ့နေတယ်၊ အယုတ်ဆုံး အင်္ကျီဝတ်တယ် လုံချည် ဝတ်တယ် တဘက်တင်တယ် စသည်တို့ဖြင့်ပေါ့လေ၊အမျိုးမျိုး ဗဟိဒ္ဓ ဖော်ဋ္ဌဗ္ဗနဲ့ တွေ့ထိတိုင်းတွေ့ထိတိုင်း ကုသိုလ်စောတွေ စောသလား အကုသိုလ်စောတွေစောသလား အဲဒါ ကိုယ့်ဟာတော့ ကိုယ်သိတယ်၊ သူများကိုတော့မပြောနိုင်ဘူးပေါ့၊ သူများနဲ့တော့မဆိုင်ဘူး၊ မိမိကိုယ်နဲ့ ဆိုင်တယ်၊ကိုယ့်ကိုယ်ကိုယ် ချိန်ခွင်ရောဇာမှာတင်ကြည့်၊ ဟာဒယဝတ္ထု ရုပ်နှင့် ဓမ္မာရုံရုပ် တွေ့ခဲ့ရင် မနောဝိညာဏ်က အကုသိုလ်စောစော မလား ကုသိုလ်စောစောမလား၊ ဒါ စဉ်းစားဘို့ဘဲ။

ငါ့မျက်စိက မြင်သိလုံးအကြောင်း ပြုပြီးတော့ ငါ အကုသိုလ်စော စောတာက ဘယ်နှစ်နာရီလောက် ကြာသလဲ၊ ကုသိုလ်စောစောတာ က ဘယ်လောက်ကြာများ နေမိသလဲ ချိန်ကြည့်၊ အကုသိုလ်စော ကုသိုလ်စော နှစ်မျိုးရှိတယ်၊ တို့ ဒီနှစ်ဆဲ့လေးပစ္စည်း စောစောက ရွတ်ကြတယ်၊ရွတ်တော့ ဘာပါသွားသလဲ၊အစက ''ဟေတုပစ္စယော'' လို့ပါသွားတယ်၊ အဲဒီဟေတုပစ္စယောဟာ ဘာကိုခေါ်တာလဲ၊ ''ဟေ တုပစ္စယော- အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားတဲ့'' အကြောင်းတရားခေါ်တယ်၊ အဲဒီ ဟေတုပစ္စယောဟာ ပါးစပ်က ရွတ်တော့ကာ ပါးစပ်ထဲမှာ ဟေတုပစ္စည်းရှိရဲ့လား၊ မရှိဘူး၊ ဒါဖြင့် ဟေတုပစ္စည်းဟာ စာအုပ်တွေထဲမှာကောရှိရဲ့လား၊ မရှိဘူး၊ ဒီ ဟေတု ပစ္စည်းဟာ ကောင်းကင်မှာလား မြေကြီးထဲမှာလား ရေထဲမှာလား မရှိဘူး၊ ဒါဖြင့် ဒီ ဟေတုပစ္စည်း ဘယ်မှာနေသလဲ၊ ဟေတုပစ္စည်းက ဘာကိုခေါ်သလဲ၊အဲဒီဟေတုပစ္စည်းဆိုတာလောဘဟိတ်,ဒေါသဟိတ်, မောဟဟိတ်, အကုသိုလ်ဟိတ် သုံးပါးရှိတယ်၊ ကုသိုလ်ဘက်က အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ် ကုသိုလ်ဘက်က သုံးပါးရှိတယ်၊ အဗျာကတဟိတ်လဲ ရှိတယ်၊ အဗျာကတကလဲ, အလောဘ, အဒေါသ, အမောဟ, အဗျာကတဟိတ် သုံးပါးရှိတယ်။

အဲဒီတော့ အကုသိုလ်ဟိတ်သုံးပါး, ကုသိုလ်ဟိတ်သုံးပါး, အဗျာကတဟိတ်သုံးပါး အဲဒီဟိတ်သုံးပါးထဲက အဗျာကတဆိုတာ ဝိပါက်နဲ့ ကြိယာကို ခေါ်တယ်၊ ဝိပါက်က အကျိုးတရား၊ ကြိယာကတော့ အကြောင်းလဲမဟုတ်ဘူး၊ အကျိုးလဲမဟုတ်ဘူး၊ ဒါဖြင့် ဘယ့်နှဲ့လဲ သူများတကာကတော့ အကုသိုလ်က အကြောင်းတရား ကုသိုလ်က အကြောင်းတရား၊ ကြိယာအဗျာကတကျတော့ အကြောင်းအကျိုး မဟုတ်ဘူးဆိုတာ ဘယ်အတွက်ကြောင့်လဲ၊ အဗျာကတဓာတ်ဆိုတာ ကြိယာဓာတ်ကို ခေါ်တယ်၊ ကြိယာဓာတ်က ဘုရား,ရဟန္တာ ပစ္စေကဗုဒ္ဓါတို့သန္တာန်မှာသာဖြစ်တာ ပုထုဇန်သန္တာန်မှာ မရှိဘူး၊ဒီ အဗျာကတဓာတ်ကို ပုထုဇန်များ မရကောင်းဘူး၊ သောတာပန် သကဒါဂါမိ အနာဂါမိသန္တာန်မှာ မရှိဘူး၊ အဗျာကတဓာတ် ဘယ်မှာရှိသလဲ၊ ရဟန္တာ,ပစ္စေကဗုဒ္ဓါ,ဘုရား အဲဒီပုဂ္ဂိုလ်များ သန္တာန်မှာသာ ရှိတယ်၊ ဘာဖြစ်လို့လဲ ခုပြောတဲ့ ဘုရားတို့ ရဟန္တာတို့ ပစ္စေကဗုဒ္ဓါတို့က "ကုသလံ အကုသလံ ဇဟံ"တဲ့ ကုသိုလ် အကုသိုလ်တို့ကို စွန့်ပြီး ပြီတဲ့၊ သူတို့မှာကုသိုလ်ဓာတ်လဲမရှိဘူး၊ အကုသိုလ်ဓာတ်လဲ မရှိဘူး၊ ကုသိုလ်ဓာတ်-အကုသိုလ်ဓာတ်ရှိတာက ဘယ်မှာလဲ၊ပုထုဇန်သန္တာန်, သောတာပန်,သကဒါဂါမိ,အနာဂါမိ တို့သန္တာန်မှာရှိတယ်၊ အဲဒါက ကုသိုလ်ဓာတ်လဲရှိတယ်၊ အကုသိုလ်ဓာတ်လဲရှိတယ်။

ဒီတော့ မိမိတို့ကိုယ်မှာ မိမိကြည့်၊ တခြားတပါးကိုမကြည့်နဲ့၊ ငါ့ သန္တာန်မှာ ဟိတ်ခြောက်ပါး ရှိတဲ့အနက်က ဘယ်နေရာမှာဖြစ်တဲ့ ဟိတ်ခြောက်ပါးလဲ သေသေချာချာကြည့်ကြနော်၊ မျက်စိမှာဖြစ်တဲ့ ဟိတ်ခြောက်ပါး၊ စာအုပ်ထဲလှန်မကြည့်နဲ့ မရှိဘူး၊ ပိဋကတ်သုံးပုံ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်မှာ ကြည့်ချင်တာမှာကြည့် ဟိတ်ခြောက်ပါးဟာ ဘယ်မှမရှိဘူး၊ မျက်စိမှာရှိတယ်၊ မျက်စိမှာရှိတဲ့ဟိတ် ခြောက်ပါး၊ နားမှာရှိတဲ့ဟိတ်ခြောက်ပါး၊ နှာခေါင်းမှာရှိတဲ့ ဟိတ် ခြောက်ပါး၊ လျှာမှာရှိတဲ့ဟိတ်ခြောက်ပါး၊ ကိုယ်မှာရှိတဲ့ဟိတ်ခြောက် ပါး၊မနောသန္တာန်မှာရှိတဲ့ ဟိတ်ခြောက်ပါး၊ ကိုင်း မြင်ကြပြီလား၊ 'ဟေတုပစ္စယော'လို့ ပါးစပ်ကရွတ်လိုက်တယ်၊ ဘယ်မှာ နေမှန်းလဲ မသိဘူး၊ ဟေတုပစ္စယောဆိုတာ တခြားမှာမရှိဘူး၊ မျက်စိမှာ ဟေတု ပစ္စယော, နားမှာ ဟေတုပစ္စယော, နှာခေါင်းမှာ ဟေတုပစ္စယော,

လျှာမှာ ဟောတုပစ္စယော, ကိုယ်မှာဟောတုပစ္စယော, မနောမှာ ဟောတုပစ္စယောအဲဒီနှစ်ဆဲ့လေးပစ္စည်းဟာမိမိတို့ကိုယ်တကိုယ်လုံးမှာရှိဘယ်။

အဲဒီတော့ ဒီဟောတု ပစ္စည်း ဖြစ်ထာ ဘယ်နေရာမှာ ဖြစ်သလဲ ဆိုတော့ အဲဒီနှစ်ဆဲ့လေးပစ္စည်းထဲမှာ ပါတယ် မဟုတ်လား၊ ဝတ္ထုပုရေဇာတ နိဿယပစ္စည်းလို့ ဘယ်ကို အမှီပြုသလဲ ဆိုတော့ ဝတ္ထုပုရေဇာတ ပစ္စည်း ဝတ္ထုပုရေဇာတဆိုတာ စက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထု, မနောဝတ္ထု, ဝတ္ထုရုပ် ခြောက်ပါးရှိတယ်၊ အဲဒီဝတ္ထုရုပ်ခြောက်ပါးဟာ စာအုပ်ထဲမှာ မရှိဘူး၊ ဝတ္ထုရုပ်ခြောက်ပါးရှိတာ ယောဒီထိုင်ပြီးတော့ တရားနာနေတဲ့ ယောဂီတွေသန္တာန်မှာရှိတယ်၊ မျက်စိ,နား,နှာခေါင်း,လျှာ,ကိုယ်,စိတ် အဲဒီ ခြောက်ဒွါရမှာရှိတယ်၊ ရှင်းရှင်းလေးရယ် စိတ်ကစေပြီးတော့ ဟိုရောက်ဒီရောက်မရောက်နဲ့၊လက်စသတ်တော့ ဟောတုပစ္စည်းဖြစ်ထာ တို့မျက်စိပေါ်က ဖြစ်တယ်၊ ဟောတုပစ္စည်း နားကဖြစ်တယ်၊ ဟောတုပစ္စည်း နှာခေါင်းပေါ်ကဖြစ်တယ်၊ ဟောတုပစ္စည်း လျှာပေါ်က ဖြစ်တယ်၊ ဟောတုပစ္စည်း ကိုယ်ပေါ်ကဖြစ်တယ်၊ဟောတုပစ္စည်း မနောပေါ်က ဖြစ်တယ်၊ မှတ်မိပြီ၊သဘောကျသွားပြီ ဟာခြောက်ဒွါရ ဟောတုပစ္စည်း ဖြစ်တယ်၊ မှန်ပြီ၊ ကောင်းပြီ၊ ဒါဖြင့် မြတ်စွာဘုရားကိုယ်တော်မြတ် ခွဲခြမ်းစိတ်ဖြာလို့ ဘယ်လို ဟောခဲ့သလဲ၊ အဲအကုသိုလ်ဟောတုပစ္စည်းက လောဘဟိတ်, ဒေါသဟိတ်,မောဟဟိတ်, ကုသိုလ်ဟောတုပစ္စည်းက အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်၊ ဟော ကုသိုလ် အကုသိုလ် ကွဲသွားရော၊ အဲဒီတော့ အကုသိုလ် ဟောတုပစ္စည်းဖြစ်ပုံ သေသေ ချာချာ ကြည့်လိုက်စမ်း။

မျက်စိပေါ်က ရူပါရုံကို မြင်လိုက်တယ်၊ နှစ်သက်သလား၊ နှစ်သက် လောဘဟိတ်၊ တခါ အနိဋ္ဌာရုံတွေတော့ မနှစ်သက် ဒေါသဟိတ်၊ မြင်ပါတယ် တောတွေ တောင်တွေဘာမှ ဂရုမစိုက်ဘူး အမှတ်တမဲ့ မြင်လိုက်တော့ မောဟဟိတ်၊ ဟော သေသေ ချာချာကြည့်၊ ဒါမျက်စိတခုက နော်။

နားက လာလိမ့်အုံးမယ်၊ ခွေးသံ, ငှက်သံ, ကျီးသံ, ကြောင်သံ, အမျိုးမျိုးသော အသံတွေ ကြားတာပေါ့၊ကြားတော့ကာ နားပေါ်က ဟောတုပစ္စည်း မကောင်းတဲ့ အနိဋ္ဌာရုံကြားရတော့ မနှစ်သက် ဒေါသ

ဟိတ်၊ ကောင်းတဲ့ ဣဋ္ဌာရုံကြွားရတော့ နှစ်သက် လောဘဟိတ်၊ ကြွားပါတယ် ဘာမှ ဂရုမစိုက်ဘူး အမှတ်တမဲ့ နေလိုက်တော့ မောဟ ဟိတ်၊ ဟော နဲ့ားက အကုသိုလ်ဟိတ်သုံးပါး ဖြစ်ပုံ။

နှာခေါင်းကကော နှာခေါင်းက နံ့သိလုံးတွေလေ၊ ဖွတ်စအိုဖွဲ့လို့ နှာခေါင်းကျိုးနေရင်တော့ မသိနိုင်ဘူးပေါ့၊ နှာခေါင်း ဃာနပသာဒရုပ်သာ ရှိနေမယ်ဆိုရင် ဂန္ဓာရုံ အနံ့လာတိုင်း နံ့တာပေ့၊ နံ့တော့ဘာဖြစ်သလဲ နှစ်သက်တဲ့ဣဋ္ဌာရုံနဲ့တွေ့တော့ လောဘဟိတ်,မနှစ်သက်တဲ့အနိဋ္ဌာရုံနဲ့တွေ့တော့ ဒေါသဟိတ်၊နံ့တော့နံ့လိုက်တယ်ဂရုမစိုက်ဘူး အမှတ်တမဲ့ နေလိုက်တယ် မောဟိတ် ဟော နှာခေါင်းပေါက်က လောဘဟိတ်တွေဖြစ်ပုံ ဒေါသဟိတ်တွေဖြစ်ပုံ,မောဟဟိတ်တွေဖြစ်ပုံ ကွက်ကွက် ကွင်းကွင်း မြင်လာပြီလား၊မြင်ရောပေါ့၊အင်မတန် ထင်ထင် ရှားရှားကြီးပြောထားတာ။

နို့လျှာကကော မစားဘဲ မျှားနေကြရဲ့လား၊ မနေဘူး၊ စားတော့ကာ ဇိဝှါပသာဒရုပ်နဲ့ ရသာရုံနဲ့ပေါင်း ဆုံမိတော့ ဇိဝှါဝိညာဏ်လေး ပေါ်လာတယ်၊ အဲဒီလို လျှာပေါက်က ကောင်းတဲ့ ဣဋ္ဌာရုံလေးနဲ့ တွေ့တော့ လောဘဟိတ် နှစ်သက်သွားပြီ၊မကောင်းတဲ့ အနိဋ္ဌာရုံနဲ့တွေ့တော့မနှစ်သက် ဒေါသဟိတ် အမှတ်တမဲ့လေ ဂရုမစိုက်တော့ မောဟဟိတ် တွေ့ပြီပေါ့၊ ဘုန်းကြီးက ဒီတရားဟောရပေမဲ့ နောက်ကဟောတာ ပြန်ပြီး သတိရတယ်။

ကာယကကော ကာယပသာဒရုပ်နဲ့ ဖေါဋ္ဌဗ္ဗရုပ် ကာယဝိညာဏ် ဆိုတာကိုယ်နှင့်တွေ့တဲ့ ကိုယ်ရုပ် အတွေ့ရုပ်တွေ့သိနာခံ၊ရုပ်နာခံ ၂-ပါး တွေ့တော့ကာ မိမိတို့ ယခုယောဂီတွေ အဝတ်အစား ဝတ်ကြတဲ့ အခါ ကျတော့ အင်္ကျီလေးဝတ်တယ်၊ အဲဒီ အင်္ကျီလေး ဝတ်လိုက်ရတော့ ဥပမာ–အင်္ကျီနဲ့ကိုယ်တွေ့တော့ ချောချော့မွေ့မွေ့နူးနူးညံ့ညံ့ အခုကာလ အခေါ်တော့ ဘာလဲ နိုင်လွန်ပေါ့၊ အဲဒီလို ချောမွေ့ နူးညံ့တဲ့ အထည်လေးနဲ့တွေ့လိုက်တော့ နှစ်သက်ရော လောဘဟိတ်၊ ကိုယ်က ဖြစ်တဲ့ဟိတ်လေ၊ အဲသူများက နူးနူးညံ့ညံ့ဝတ်တာတွေ့ရတယ် ကိုယ်က ကြမ်းကြမ်းထမ်းထမ်းကြီး ဝတ်ရတော့ မနှစ်သက်ဘူး ဟော မနှစ်သက်တော့ ဒေါသဟိတ်၊ တော်တော်အသက်အရွယ် ကြီးလာတော့ အရေးမပိုက်ဘူး၊ နူးညံ့တာလဲ အရေးမပိုက်ဘူး၊ ကြမ်းထမ်းတာလဲ

အရေးမပိုက်ဘူး၊ အမှတ်တမဲ့ဝတ်ချလိုက်တော့၊ မောဟဟိတ်၊ အဂ်ဂျီဝတ်ဘာနဲ့ လောဘဟိတ်တွေဖြစ်ပုံ ဒေါသဟိတ်တွေဖြစ်ပုံ မောဟဟိတ်တွေဖြစ်ပုံ သေသေချာချာကြည့်လေ၊ ဘုန်းကြီးကလုပ်ကြံပြောနေတာမဟုတ်ဘူး၊ ကိုယ်ပိုင်ဉာဏ်နဲ့ကြည့်၊ ကိုယ်တိုင်သိတရားတွေ၊ အခုတရားနာနေတဲ့ ယောဂီပုဂ္ဂိုလ်တွေ ကိုယ်တိုင်သိတွေ။

ကိုင်းဇာတ်ရာ ထဲဝင်တဲ့အခါ ကြံလုံးထုတ်ကြစို့၊ ကြံတယ်ဆိုတာ ဘယ်မှာဖြစ်ဖြစ်ကြံနေတာဘဲ၊ အဲဒါကြံသိလုံးတွေပေါ့၊သို့သော် ဇာတ်ရာထဲမှာကြံတာက ထင်ရှားတယ်၊ အဲဒီကြံသိလုံးကလေး ကောင်းတဲ့ဈာရုံတွေ ကြံနေမိလျှင် ဝမ်းသာနှစ်သက်နေတယ်၊ အဲဒါလောဘဟိတ်နှစ်သက်သွားပြီ၊ မကောင်းတဲ့ အနိဋ္ဌာရုံကြံမိတော့ မနှစ်သက်ဘူး၊ ဒေါသဟိတ်၊ အမှတ်တမဲ့ တွေ့ကရာတွေ ရှောက်ကြံနေတော့ မောဟဟိတ်၊ ကိုင်းအကုသိုလ်ဟိတ်တွေဖြစ်ပုံလေးမြင်ကြပြီမဟုတ်လား၊ အဲဒါဘယ်ကဖြစ်တဲ့ အကုသိုလ်တွေလဲ ပိုက်ဆံတပြားမှ ပေးဝယ်ရတာမဟုတ်ဘူးနော်၊ အလိုလို တဖွါးဖွါးဖြစ်ပေါ်နေတဲ့ ခြောက်ဒွါရကအကုသိုလ်တွေ ဖြစ်ပုံဟောပြတာ။

နို့ကုသိုလ်ကော မဖြစ်ဘူးလားဆိုလျှင် ဖြစ်ပါတယ်၊ ဟောမျက်စိပေါက်က အကုသိုလ်မဖြစ်လျှင် အလောဘ, အဒေါသ, အမောဟ, ကုသိုလ်ဟိတ်၊ ဘာလဲ၊ဖြစ်ပျက် အာရုံ ပြုနေတာလေ၊ နားပေါက်က အကုသိုလ်မဖြစ်လျှင် ဖြစ်ပျက်အာရုံနှင့်နေလျှင်အလောဘ, အဒေါသ,အမောဟဆိုတဲ့ကုသိုလ်ဟိတ်တွေဖြစ်မယ်၊နှာခေါင်းပေါက်ကအကုသိုလ်မဖြစ်အောင် ဖြစ်ပျက်အာရုံနဲ့နေလျှင် အလောဘ, အဒေါသ, အမောဟကုသိုလ်တွေဖြစ်နေမယ်၊ လျှာပေါက်က အကုသိုလ်မဖြစ်အောင် ဖြစ်ပျက်အာရုံနဲ့နေလျှင် အလောဘ, အဒေါသ, အမောဟဆိုတဲ့ ကုသိုလ်ဟိတ်တွေ ဖြစ်နေမယ်၊ ကိုယ်ပေါက်က အကုသိုလ်မဖြစ်အောင် ဖြစ်ပျက်အာရုံနဲ့နေလျှင် အလောဘ, အဒေါသ, အမောဟဆိုတဲ့ ကုသိုလ်တွေ ဖြစ်နေမယ်၊ မနောပေါက်က အကုသိုလ်မဖြစ်အောင် ဖြစ်ပျက်အာရုံနဲ့နေလျှင် အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်ကုသိုလ်တွေ ဖြစ်နေမယ်။

အဲဒီတော့ သူများတော့မပြောနဲ့ ကိုယ့်ကိုယ်ကိုယ် ကြံကြည့်၊ငါ၏ခန္ဓာကိုယ်မှာ ခြောက်ဒွါရရှိတဲ့အနက်က အခုပြောတဲ့ ကုသိုလ်ဟိတ်နဲ့

အကုသိုလ်ဟိတ်ဟာ နေ့ရှိသမျှ လရှိသမျှ နှစ်ရှိသမျှ ငါတို့နေလာတဲ့ အခါကာလအတွင်းမှာ အကုသိုလ်ဟိတ်တွေက အဖြစ်များသလား ကုသိုလ်ဟိတ်တွေက အဖြစ်များသလားလို့ အရနေ ဘုန်းကြီးက မေးမယ်ဆိုလျှင် လိမ်ပြောချင်ပြောမှာ၊ ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့် စမ်း၊ နင်ဟာ အကုသိုလ်ဟိတ်တွေက အဖြစ်များသလား ကုသိုလ် ဟိတ်တွေက အဖြစ်များသလားလို့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးတော့ ကိုယ့်ဟာကိုယ် ဖြေရမှာပေါ့၊ ကိုယ်ဖြေတော့ လိမ်ပြောလဲ ကိုယ်သိ တာဘဲ၊ မလိမ်ဘဲပြောလဲ ကိုယ်သိတယ်၊ ကိုယ့်ကိုယ်တော့ လိမ်လို့ မရဘူး၊ လိမ်ကြည့်စမ်း အကြောင်းသိရအောင် ကိုယ့်ကိုယ်ကိုယ် လိမ်လို့မရဘူး၊ ငါ့မှာဒီခြောက်ခွါရက အကုသိုလ်ဟိတ်တွေ ဖြစ်နေ သလား ကုသိုလ်ဟိတ်တွေ ဖြစ်နေသလား ဆဲဒါသိရောပေါ့၊ သိတော့ ငါဟာ နေ့ရှိသမျှ နာရီရှိသမျှ မိနစ်ရှိသမျှ စက္ကန့်ရှိသမျှ အခါခပ်သိမ်း ခြောက်ခွါရက မနောစိတ်ခါတ်က ဖြစ်ပေါ်လာတဲ့ ဟိတ်တရားတွေ ဟာ အကုသိုလ်ဟိတ်က များတယ်ဆိုတာ သိရောပေါ့၊ ဆဲ သိလို့ ရှိလျှင် အကုသိုလ်ဟိတ်ထဲက လောဘဟိတ်ဖြစ်တော့ ဘယ်သွား မလဲ သက်သာတယ်မထင်နဲ့။

ယေဘုယျေန ဟိ သတ္တာ တဏှာယ ပေတ္တိဝိသယံ ဥပပဇ္ဇန္တိ။

(အနက်ကို သံသရာဝဋ် စာမျက်နှာ-၅၀-မှာကြည့်ပါ)

စိတ်ချလက်ချ သွားပေတော့ လောဘဟိတ်ဆိုတာ အကြောင်း တရား၊ ဆဲဒီအကြောင်းတရားကြောင့် အကျိုးပေးပါဆိုတော့ ပြိတ္တာဘုံ သွားပေတော့တဲ့ များသောအားဖြင့် ပြိတ္တာဘုံကို ညွှန်ကြားလိုက် တယ်၊ ကိုင်း ဒါဖြင့် မနှစ်သက်တဲ့ အနိဋ္ဌာရုံနဲ့တွေ့လို့ စိတ်ဆိုးတော့ ဒေါသဖြစ်တာပေါ့၊ ဒေါသဖြစ်တော့ ဘယ်သွားမလဲ။

ဒေါသေနဟိ စဏ္ဍဇာတိတာယ ဒေါသသဒိသံ နိရယံ ဥပပဇ္ဇန္တိ။

(အနက်ကို သံသရာဝဋ် စာမျက်နှာ-၅၁-မှာ ကြည့်ပါ)

ဒေါသဟိတ်ဖြစ်တဲ့အခါ ဒေါသဟိတ်က အကြောင်းတရား၊အကျိုး ပေးကြစို့ရဲ့ ဘယ်သွားမလဲ၊ ဟော ငရဲပြည်သွားပေတော့တဲ့ ငရဲဆို

လျှင် သိပ္ပံ့ုင်းတို့, ကာလသုတ်, သဃ်ာတ, ရောရုဝ, မဟာရောရုဝ, တာပန, မဟာတာပန, အဝိစိလို ငရဲကြီးရှစ်ထပ် ငရဲငယ်က ၁၂၈ ထပ်၊ လောဟကုမ္ဘိငရဲ, လောကန္တရိက်ငရဲ, ပဟာသငရဲ ဆိုတဲ့ အဲဒီငရဲပြည်တွေကို သွားရတာ ဘယ်ကသွားတာလဲ၊ ဟော မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, မနော, ခြောက်ခွါရက အနိဋ္ဌာရုံကြောင့် မနှစ်သက်တဲ့ဒေါသကြောင့် သွားတာတဲ့၊ ကိုင်း တွေ့ကြပြီ မဟုတ်လား၊ အဲဒါ ဒေါသဟိတ်ပေါ့၊ ဟေတုပစ္စယောကို ရွတ်တဲ့ လူတွေလေ ခုနကရွတ်သွားကြတာ၊ အဲဒီ ဟေတုပစ္စည်းဟာ ဘယ်မှာ ရှိသလဲ၊ခြောက်ခွါရမှာဖြစ်တဲ့ ဟေတုပစ္စည်း ဒေါသဖြစ်တော့ ငရဲသွားတယ်၊ ပြီးတော့ အမှတ်တမဲ့နေတာလေ အဲဒီ အမှတ်တမဲ့က မောဟ မောဟဖြစ်တော့ ဘယ်သွားမလဲ၊

မောဟေနပဟိ မုယှနသဘာဝတာယ တိရစ္ဆာနယောနိယံ ဥပပဇ္ဇန္တိ။

(အနက်ကို သံသရာဝဋ္ဋ စာမျက်နှာ-၅၂-မှာကြည့်ပါ)

ကိုင်း အကုသိုလ်ဟိတ်သုံးပါးကို တွေ့ကြပြီမဟုတ်လား၊ တို့ ဒီမှာ တော့ ပြောဟောနေကြတာ နေ့တိုင်းလိုဘဲ မပြတ်ဟောနေကြတာဘဲ၊ သံသရာဝဋ်ဆိုးကြီးလေ ကမ္မဝဋ်, ဝိပါကဝဋ်, ကိလေသဝဋ်၊ကိလေသဝဋ်ကို ဟောတာ၊ လောဘ, ဒေါသ, မောဟပေါ့၊ ဒါ အကုသိုလ် ဟိတ်တရားတွေ၊ အဲဒီအကုသိုလ်ဟိတ် တရားတွေဟာ အပါယ်သံသရာကို လားတယ်တဲ့၊ ဒီတော့ တပါးသောသူကို တော်ရာထားလိုက် စမ်း၊ မိမိကိုယ်ကို ပြန်စဉ်းစားလိုက်စမ်း၊ စဉ်းစား ဉာဏ်ကလေးနဲ့ ခုနက ဘုရားဟောတာ ယုတ္တိရှိတယ်မရှိဘူးဆိုတာ နခါသိခသုတ်လေ လက်သည်းပေါ်မှာတင်တဲ့ မြေမှုန့် ဇမ္ဗူဒိပ်မြေပြင်မှာရှိတဲ့ မြေမှုန့်၊ လူ့ပြည်လောကမှာ သေကြတဲ့ သတ္တဝါ အနန္တတို့သည် လူ့ပြည် လောကကို ပြန်လာနိုင်တာက လက်သည်းပေါ်တင်နေတဲ့ မြေမှုန့်မျှသာ ဖြစ်သည်၊ ငရဲ,တိရစ္ဆာန်,ပြိတ္တာ, အသူရကာယ် အပါယ်လေးပါး သို့ကျတဲ့ သတ္တဝါက ဇမ္ဗူဒိပ်မြေပြင်မှာ ရှိတဲ့ မြေမှုန့်လောက် များပြားတယ်။

ကိုင်း ဒီနခါသိခသုတ်ဟာ အခု ဟောဘုပစ္စည်းနဲ့ ကိုက်ပြတော့ ဘယ့်နဲ့နေသေးသလဲ၊ နည်းတောင် နည်းသေးတယ်ထင်တယ်၊ လက်သည်းပေါ်မှာတင်တဲ့ မြေမှုန့်ကိုတောင် ထက်ဝက်ခွဲလိုက်ဘို့ ကောင်းသေးတယ်၊ ခုပြောတဲ့ဟိတ် ခြောက်ပါးနဲ့ ဟပ်ပြလိုက်တော့ ဘယ့်နဲ့နေကြသေးသလဲ၊ မိမိတို့ကိုယ်ကို မိမိတို့မသိဘူးလား၊ လောဘဟိတ်ဖြစ်ပုံတွေ, ဒေါသဟိတ်ဖြစ်ပုံတွေ, မောဟဟိတ် ဖြစ်ပုံတွေ သိပ်ကြောက်စရာကောင်းတာ၊ အဲဒါ ဘုရားကိုယ်တော်မြတ် မြင်တော်မူလို့ ဟောတာ အလွန်ကြောက်ဘို့လန့်ဘို့ ထိတ်ဘို့ ကောင်းတာ၊ တကယ်ဆူးကြားထဲမှာသီးရတဲ့ ဘူးသီးပမာ မလှုပ်နိုင်သာ မလွဲသာဘူး၊ ဘယ်ဖက်လှဲလှဲထိမှာဘဲ၊ အခုပြောတဲ့ ခြောက်ခွါရက ပိတ်ဆို့ထားလို့ရတဲ့ တရားမဟုတ်ဘူး၊ ဒလဟောကြီး မြင်သိလုံးတွေကလဲ ဒလဟာချည်းဘဲ၊ ကြားသိလုံးတွေကလဲ ဒလဟာချည်း ပိတ်ဆို့လို့ မရဘူး၊ နံသိလုံးကလဲ ပိတ်ဆို့လို့မရဘူး၊ စားသိလုံးကလဲ ပိတ်ဆို့လို့မရဘူး၊ ကိုယ်ကတွေ့သိလုံးကတော့ အယုတ်ဆုံး လမ်းလျှောက်ကြည့်စမ်းပါလား၊ အောက်ဆင်းပြီးတော့ ခြေထောက်နဲ့မြေကြီးနဲ့ ဒိတ်ဒိတ်ဒိတ်နှင့် နင်းသွား၊ အဲဒီလိုနင်းသွားတဲ့ ထိလုံးလေးတွေဟာလေ နှစ်သက်လောဘ မနှစ်သက်တော့ ခလုတ်တိုက် ကော်တောင် ဆဲသေးတာဘဲ ကြမ်းကြမ်းတမ်းတမ်း နင်းမိတော့ အမယ်လေးဆိုပြီးတော့ တကယ်အင်မတန်နာကျင်ပြီးတော့ ဒုက္ခရောက်သွားတာပေါ့လေ၊ စိတ်တောင်ဆိုးသွားသေးတာဘဲ၊တချိုတိုက်ရမလားလို့ ဆဲတောင် ဆဲသေးတာဘဲ။

အဲဒါကြောင့် မနှစ်သက်တဲ့ အနိဋ္ဌာရုံနှင့်တွေ့ရတော့ ဒေါသ၊ အမှတ်တမဲ့နဲ့ ဘာမှဂရုမစိုက်ဘဲ တလှမ်းပြီးတလှမ်း နင်းသွားတော့ မောဟ၊ ဘယ်လောက်ကြောက်ဘို့ ကောင်းသလဲ အဲဒီ လောဘ, ဒေါသ, မောဟဆိုတဲ့ အကုသိုလ်တရားတွေကို သိမ်းနိုင်အောင် ပယ်နိုင်အောင် ဖျက်နိုင်အောင် တွန်းလှန်နိုင်အောင်ဆိုတဲ့ အနေဟာ အရေးမကြီးကြဘူးလား၊ တွေးကြည့်စမ်း၊ အဲဒီလို လောဘ, ဒေါသ,မောဟဆိုတဲ့ အကုသိုလ်တရားတွေဟာ တကယ် မိမိဘို့ကို ဘဝသံသရာကမ္ဘာတလျှောက်လုံး နှိပ်စက်လာလိုက်တာ၊ တကယ်ထဲ အလူးအလဲခံလာခဲ့ရတာ သိကြပြီမဟုတ်လား၊ အဲဒီလို နှိပ်စက်လာတဲ့ အကုသိုလ်ဟိတ် တရားတွေကို ဘယ်သူ ပယ်နိုင်သလဲဆိုလျှင် ကုသိုလ်ဟိတ်

ရှိတယ်၊ ကုသိုလ်ဟိတ် ဆိုတာက အလောဘ,အဒေါသ, အမောဟ, အဲဒီ ကုသိုလ်ဟိတ်သုံးပါး၊ အဲဒီ ကုသိုလ်ဟိတ် သုံးပါးကို အကြွင်းမဲ့ လောက်သော ကာလပတ်လုံး မရ၊ ထိုမျှလောက်သော ကာလပတ် လုံး အကုသိုလ်ဟိတ်သာ ဖြစ်မယ်၊ ကုသိုလ်ဟိတ် ဘယ်တော့မှ မဖြစ်ဘူး၊ ကုသိုလ်ဟိတ်ဖြစ်ဘို့က မလွယ်ဘူး။

ဒါကြောင့် ဘုရားကိုယ်တော်မြတ်ကြီး ရဲရဲဟောတာ၊နခါသိခသုတ် ကို ဇမ္ဗူဒိပါမြေပြင်မှာ ရှိတဲ့ မြေမှုန့်, လက်သည်းပေါ်တင်တဲ့ မြေ မှုန့်နဲ့ နှိုင်းယှဉ်ပြတာ၊ ဒီလိုဘုရား ကိုယ်တော်မြတ်ကြီး ဉာဏ် အမြင်နဲ့ မျှော်မြင်ပြီးသကာလ တကယ့်အသိဉာဏ်ကြီးနဲ့ အင်မတန် ကြီးကျယ်တဲ့ ဉာဏ်ပညာနဲ့ မြင်တော်မူလို့ တကယ် ဟောတဲ့ တရားပေါ့။

အဲအခုဘုန်းကြီး ဟောပြလိုက်တော့ ရိတ်စားမိသွားပြီ မဟုတ်လား၊ မိမိတို့ကိုယ်တိုင် ကိုယ်ပိုင် ဉာဏ်အမြင်ကလေးနဲ့ တပါးသူ တော်ရာ ထား ကိုယ့်ကိုယ်ကိုယ် ပြန်စဉ်းစားကြည့်စမ်းပါလား၊ ငါတို့သည် နေ့ ရှိသမျှ လရှိသမျှ ရက်ရှိသမျှ နာရီ မိနစ်ရှိသမျှ အကုသိုလ်ဟိတ်တွေ ဖြစ်နေသလား၊ ကုသိုလ်ဟိတ်တွေ ဖြစ်နေသလား၊ ကိုယ့်ကိုယ်ကိုယ် သိတာပေါ့၊ အဲသိတော့ ဒီအကုသိုလ် ဟိတ်တရားတွေဟာ အပါယ် လေးပါး သွားတာချည်းလို့ဆိုတာ သိရောပေါ့၊ အဲသိလို့ရှိလျှင် ဒီ အပါယ်လေးပါးသို့ မသွားရအောင် တို့ဘာလုပ်ရမလဲ၊ ကုသိုလ်ဟိတ် ရအောင် လုပ်မှဘဲ၊အဲဒါ တို့အင်မတန် ကြီးကျယ်တဲ့ မဟာ ကရုဏာ ရှိတဲ့ ဘုရားသားတော်ဖြစ်တဲ့ မိုးညှင်း ဆရာတော်ဘုရားကြီးက မြင် လွယ်, သိလွယ်, ထင်လွယ်အောင်လို့ အမြှုံမြှုံ အနယ်နယ် လှည့်လည် ပြီးတော့ တရားဟော စာအုပ်တွေ အမျိုးမျိုးနဲ့ ရေးသုတ်ပြီးတော့ ဖြန့်ဝေလိုက်တာ နည်းတာမဟုတ်ဘူး၊ ဘာတွေဟောသလဲ။

> မျက်စိ, အဆင်း, မြင်သိ သုံးပါး မြင်လျှင် အသစ်ပြောင်း အဟောင်းပျက်မှုနဲ့တွဲဖက်ရှုလေ ဆရာတော်ကြီးကလေ နားနဲ့ အသံကြားသိသုံးပါး ကြားသိအသစ်ပြောင်း အဟောင်း ပျက် မှုနဲ့တွဲဖက်၍ ရှုလေ တိုက်တွန်းတာ, တိုက်တွန်းတာ၊ အဲနှာ ခေါင်းနဲ့ အနံ့နံ့သိသုံးပါး နံ့သိကအသစ်ပြောင်း အဟောင်းပျက်

မှုနဲ့တွဲဖက်၍ရှုလေ၊ လျှာနဲ့ အရသာ စားသိသုံးပါး စားသိအသစ် ပြောင်း အဟောင်းပျက်မှုနဲ့ တွဲဖက်၍ရှုလေ၊ ကိုယ်နဲ့ အတွေ့ တွေ့သိသုံးပါး တွေ့သိအသစ်ပြောင်း အဟောင်းပျက်မှုနဲ့ တွဲဖက်၍ရှုလေ၊ မနောကလေ ကြံသိ ဟဒယဝတ္ထု ရုပ်ကာယ် ဓမ္မာ ရုံရုပ်ကာယ် ကြံသိ အသစ်ပြောင်း အဟောင်းပျက်မှုနဲ့ တွဲဖက်၍ ရှုလေ။

ဆရာတော်ကြီး အမြဲ တိုက်တွန်းလေ့ရှိတယ်၊ သိပ်ကောင်းတဲ့ တရား သိပ်အဘိုးတန်တယ်၊ သို့သော်လဲ လူတထောင် တယောက် သိဖို့ ခဲယဉ်းပါရဲ့၊ လူတသောင်းမှာ တယောက် သိဖို့ အင်မတန် ခဲယဉ်းတယ်၊ အလွန့်ကို ခဲယဉ်းတယ်၊ ဘာဖြစ်လို့လဲ၊ ဆရာတော် ကြီးကတော့ သူ့ဉာဏ် အမြင်နဲ့ ပြောတာ၊ အရလူတွေ နားထောင် နေတာက အဝိဇ္ဇာ နားနဲ့ ထောင်နေတာ ဘာသိမလဲ၊ အဝိဇ္ဇာဆိုတာ လုံးလုံး မသိတဲ့တရား ဝိဇ္ဇာဉာဏ်နဲ့များ နားထောင် သိပ်ကောင်း တာပေါ့။

အဲဒီတော့ တို့ဒီမှာ ဝိဇ္ဇာဉာဏ် ရအောင်လို့ ဝိဇ္ဇာဉာဏ် သင်တန်းနဲ့ သင်ကြား ပေးလိုက်တယ်၊ ဘာကို သင်ကြားပေးသလဲ၊ 'ဓမ္မောဇ' ဆိုတဲ့ တရားအတိုင်း တခုတည်းသော အာရုံဖြင့် အာရုံပြု၍ ဝီရိယနဲ့ အားထုတ်၊ သတိမြဲ သမာဓိစိတ်ဖြစ်၊ ဝီရိယ, သတိ သမာဓိနဲ့ ပြည့်စုံလို့ သမာဓိဖြစ်တဲ့ အခါကျတော့၊ ရုပ်နဲ့နာမ်တွေအောင်ရှာစမ်း ဆိုပြီးတော့ ရုပ်နဲ့နာမ်ကို အရှာခိုင်းတယ်၊ ရုပ်နဲ့နာမ် အမှန်သိလို့ တကယ်တွေ့တဲ့ ပုဂ္ဂိုလ်ကျတော့ ဖြစ်ပျက်မစဲတွေရောပေါ့၊ ဩဘလက်စ သတ်တော့ ကာယပသာဒရုပ်ကာယ် ဖောဋ္ဌဗ္ဗရုပ်ကာယ်, ကာယဝိညာဏ်ဆိုတဲ့ ရုပ် နာမ် ၂-ပါးတို့သည် ဖြစ်ပျက်မစဲဆိုတာ မှန်နေပြီ၊ ငါသည် ထိုင်နေရင်းလဲ ဖြစ်ပျက်မစဲကိုတွေ့တယ်၊ ထနေရင်းလဲ ဖြစ်ပျက်မစဲကို တွေ့နေတယ်၊ သွားနေရင်းလဲ ဖြစ်ပျက်မစဲကို တွေ့နေတာ အမှန်ဘဲ၊ အိပ်နေရင်းလဲ ဖြစ်ပျက်မစဲကို တွေ့နေတာ အမှန်ဘဲ၊ အဲဒါ အရှုတတ်ကြိက ကာယပသာဒ, ဖောဋ္ဌဗ္ဗကာယဝိညာဏ်၏ ဖြစ်ပျက်မစဲကို တကယ်တွေ့သလို ခုနပြော တဲ့ မျက်စိရုပ်နာမ်ကလဲ ဖြစ်ပျက်မစဲ ရှိတယ်ဆိုတာ သိသိ သွားရော ပေါ့၊ ခုနကကာယပသာဒ, ဖောဋ္ဌဗ္ဗ, ကာယဝိညာဏ် ဖြစ်ပျက်မစဲတော့

မှန်တယ်၊ မျက်စိရုပ်နာမ်ကျတော့ မြဲနေတယ်၊ မျက်စိရုပ်နာမ်ကျတော့မှ ငါဘဲစွဲနိုင်ကြပါအုံးမလား၊ တွေးကြည့်ပေါ့၊ ကာယပသာဒ၊ ဖေါဋ္ဌဗ္ဗ၊ ကာယဝိညာဏ်ဆိုတဲ့ ရုပ်နာမ် ၂-ပါးမှ နာရီ မိနစ် စက္ကန့် မစဲအောင် ဖြစ်ပျက်မစဲကို တကယ်တွေ့နေတဲ့ ဝိဇ္ဇာဉာဏ်သမားက ကာယပသာဒ၊ ဖေါဋ္ဌဗ္ဗ၊ ကာယဝိညာဏ်ကနေပြီးတော့ အကြောင်းခံလိုက်တော့ ဟော မျက်စိအဆင်း မြင်သိသုံးပါး နားနဲ့အသံကြားသိသုံးပါး နှာခေါင်းနဲ့အနံ့ နံ့သိသုံးပါး လျှာနဲ့ အရသာ စားသိသုံးပါးတွေလဲ အကုန် ဖြစ်ပျက်ဆိုတာ ဉာဏ်ထဲမှာ တခါထဲ ကွင်းကနဲဆို မြင်မသွားဘူးလားလို့၊ မြင်နိုင်တာပေါ့၊ မြင်နိုင်ကယ်၊ မြင်နိုင်တယ်၊ မြင်ကြောင်းကိုလဲ ဘုန်းကြီး ခဏ ခဏ အဓိပ္ပါယ် ရှင်းပြတယ်၊ ဥဒါဟရဏ် အမျိုးမျိုးနဲ့ ပြောတယ်၊ ပြောတော့တွေးကြည့်ကြပါလား၊ အဲတာ သိတဲ့ ပုဂ္ဂိုလ်က ကိုယ်ပိုင်ဉာဏ်နဲ့ တွေးကြည့်လေ။

ဩော် ဘုရားကိုယ်တော်မြတ် နခါသိခသုတ်မှာ ဟောတာ မှန်ပါပေတယ်၊ ဟုတ်ပါပေတယ်၊ ငါတို့ဟာ အင်မတန်သတိထားမှ ဖြစ်ပျက်မစဲကို အာရုံပြုနိုင်တယ်၊ သတိမထားမိလို့ရှိလျှင် ခြောက်ခွါရက အမြဲတမ်း အကုသိုလ်ဆိုတဲ့ လောဘဟိတ်တွေ၊ ဒေါသဟိတ်တွေ၊ မောဟဟိတ်တွေ အမြဲတမ်း ဖြစ်တယ်၊ သတိထားမှ ဝီရိယရှိမှ သတိမှုမှ ပညာစခန်းမှာ အမှန်ကိုရ၍ ဖြစ်ပျက်တရားကိုသိရတယ်ဆိုတော့ ဖြစ်ပျက်သိတာ အလောဘဟိတ် ဖြစ်တယ်၊ ဖြစ်ပျက်သိတဲ့ပုဂ္ဂိုလ်က အဒေါသဟိတ်ဖြစ်တယ်၊ ဖြစ်ပျက်သိတဲ့ ပုဂ္ဂိုလ်က အမောဟဟိတ်ဖြစ်တယ်၊ မှတ်မိရောပေါ့၊ အကုသိုလ်ဆိုတာ ပဟာတဗ္ဗခေါ်တယ်၊ ပယ်အပ်သော တရားတဲ့ ကုသိုလ်က ဘာလဲ ပဟာယကတဲ့၊ ပယ်တတ်သော တရား၊ အဲဒါကြောင့် ကုသိုလ်ကို အလေးပြု ဂရုစိုက်ရတယ်။

ဒီဘဝမှာ နေမင်းနဲ့ တူတဲ့ ဘုရားကိုယ်တော်မြတ်ကြီး လမင်းနဲ့ တူတဲ့ ဘုရားကိုယ်တော်မြတ်ကြီး ပွင့်ထွန်း ပေါ်လာတဲ့ အခိုက်အခါ ကြုံကြိုက်လာတဲ့ ပုဂ္ဂိုလ်တွေဟာ အင်မတန် ဈေးဘုန်း ဈေးကံ ပါရမီ သန်လို့ ကံဇာန္တြေရင့်သန်လာတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်သောကြောင့် ငါတို့ အမှန် သိအပ် သိသင့် သိထိုက်တဲ့ တရားကို သိရတယ်လို့ ဝမ်းမြောက်ဘို့ပေါ့၊ ကြပ်ကြပ်အားထုတ်ကြ မလွယ်ဘူး။ ပြီးတော့ အားမထုတ်ရ

သေးတဲ့ ပုဂ္ဂိုလ်တွေကလဲ တို့ဟာ မထုတ်ဘဲနေလို့ မဖြစ်ဘူး ဆိုတာ အမြဲတမ်း နှလုံးသွင်းကြ၊ ဆဲတာ ပစ္စက္ခမျက်မှောက် ယခုလောလော ဆယ် ကိုယ်တိုင်တွေ့တဲ့ အသိဉာဏ်တွေကို ပြောပြတာ၊ အားလုံး ယောဂီတွေ၊ ကိုယ်တိုင်သိ၊ အကုသိုလ်ဖြစ်တာလဲ တို့ဟာတို့ မသိ ဘူးလို့အောက်မေ့ကြတယ်၊ အရှင်ဘုရားကြီးက ရှင်းပြတော့ မိမိကိုယ်တိုင် အကုသိုလ်ဖြစ်တာတွေ သိပြီမဟုတ်လားလို့, သိရောပေါ့၊ ဘယ်နည်း နဲ့မှပြေးလို့ မလွတ်ဘူး၊ မိမိတို့ ကိုယ်တိုင် အကုသိုလ် အနန္တ ပြုခဲ့ တာတွေ သိရော၊ ဟော သိတဲ့အခါ ကျတော့မှ ကုသိုလ် ဆိုတာ အရ အားထုတ်လိုက်တော့ ရပြီ၊ ရတော့ ဘာကြောက် စရာ ရှိသေးသလဲ ဘာမှကြောက်စရာမရှိတော့ဘူး၊ဘုရားကိုယ်တော် မြတ်ကြီး ဝီရိယတရားကို ဟောထားတယ် မဟုတ်လား။

အာရဒ္ဓဝီရိယော ဝိဟရတိ အကုသလာနံ ဓမ္မာနံ ပဟာနာယ ကုသလာနံ ဓမ္မာနံ ဥပသမ္ပဒါယ ထာမဝါ ဒဠှပရက္ကမော အနိက္ခိတ္တဓုရော ကုသလေသု ဓမ္မေသု။

အင်္ဂုတ္တရပါဠိတော်။

လို့ ဟောသွားတယ်၊ အကုသိုလ်သည် ပယ်အပ်သော တရား ပယ်ရမယ်၊ ကုသိုလ်သည် ပယ်တတ်သော တရားတဲ့ ဆဲဒီတော့ အကုသိုလ်, ကုသိုလ်နှစ်ပါးတို့တွင် အကုသိုလ်သည် ဣဘဝထိုဘဝ ဘယ်တော့မှ ကောင်းကျိုးမပေးဘူး ဆိုတာ တထစ်ချမှတ်ထား၊ သံသယမရှိကြနဲ့၊ ဟာ ဒီအကုသိုလ်လေး ပြုပေမဲ့ ဖြစ်ချင်မှဖြစ်မှာဘဲ လို့ မအောက်မေ့နဲ့၊ အကုသိုလ်ကို ဘုရားကိုယ်တိုင်ဟောတယ်၊ ဟို တာဝတိံသာ နတ်ပြည်မှာ မယ်တော်မိနတ်သားကို အကြောင်းပြု၍ ဓမ္မသင်္ဂဏီကျမ်းကို ဟောတော်မူတယ်၊ ဆဲဒီ ဓမ္မသင်္ဂဏီကျမ်းထဲမှာ ဘာပါသလဲ၊ အကုသလာဓမ္မာ, ကုသလာဓမ္မာ,အဗျာကတာဓမ္မာလို့ ဆဲတာ ဓမ္မသင်္ဂဏီကျမ်း အတိဓမ္မာ ဒေသနာတော်ကြီးဟောတာ၊အကု သလာဓမ္မာ တဲ့ အကုသိုလ် ဆိုတာ ဘာလဲ။

အကုသလာ သာဝဇ္ဇ ဒုက္ခဝိပါက လက္ခဏာ-အပြစ်နှင့် တကွ ဖြစ်ခြင်း မကောင်းသော အကျိုး ပေးခြင်း လက္ခဏာရှိ ကုန်သော၊ ဓမ္မာနိသတ္တ နိဇီဝသဘာဝါ- သတ္တလည်းမဟုတ်

ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ-ရှိကုန်၏။

အဲ အကုသိုလ်တရားဟာ တဲ့ သတ္တဝါလဲမဟုတ်ဘူး၊ အသက်လဲ မဟုတ်ဟူးတဲ့၊ ကိုင်း အကုသိုလ်တရားဟာ သတ္တဝါလား လိုက်ကြည့်ကြစမ်း၊ ခုနတုန်းက လောဘဖြစ်တာ, ဒေါသဖြစ်တာ, မောဟဖြစ်တာတွေဟာ သတ္တဝါလား အသက်ရှိသလား အသက်လဲမဟုတ်ဘူး၊ အကုသိုလ်တွေဟာ သတ္တဝါမဟုတ်ဘူး သဘောဘဲ၊ဘာသဘောလဲ၊ လောဘသည် အကုသိုလ်သဘော၊ပြိတ္တာဘုံသွားစေတတ်တဲ့သဘော၊ ဒေါသသည် အကုသိုလ်သဘော၊ ငရဲပြည်သွားစေတတ်တဲ့ သဘော၊ မောဟသည် တိရစ္ဆာန်ပြည် အသူရကာယ်ပြည် သွားစေတတ်တဲ့ သဘော၊ ကိုင်း 'ဓမ္မာနိသတ္တနိဇီဝသဘာဝါ' သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ-ရှိကုန်၏ အဲတာ အကုသိုလ်ဘက်ကပြောတာ၊ ကုသိုလ်ဘက်ကလာချည်သေးရဲ့၊

> ကုသလာ အနဝဇ္ဇသုခဝိပါကလက္ခဏာ၊ အပြစ်မရှိ ကောင်းသော အကျိုးပေးခြင်း လက္ခဏာရှိကုန်သော၊ ဓမ္မာနိသတ္တနိဇီဝသဘာဝါ- သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ-ရှိကုန်၏။

အဲ ကုသိုလ်လဲဘဲ အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်ဆိုတာ ကုသိုလ်တွေပေါ့၊အဲဒီကုသိုလ်ဟာ သတ္တဝါလား မဟုတ်ဘူးတဲ့၊ သတ္တဝါလို့ ဘယ်နည်းနဲ့မှ ခေါ်လို့မရဘူး၊ နို့ အသက်လား၊ အသက်လည်း မဟုတ်ဘူး၊ ကုသိုလ်ဟာ ဘာလဲတဲ့ သဘောတရား သက်သက်ကလေးဘဲတဲ့၊ အဲဒီ ကုသိုလ်တည်းဟူသော သဘောတရားကြောင့် အကုသိုလ်ကိုပယ်နိုင်တယ်၊ သာမညကုသိုလ်နဲ့တော့ ပယ်လို့မရဘူး၊ ဘယ်လိုပယ်မှ ရမလဲဆိုလျှင် ဝိဇ္ဇာဉာဏ်လက်နက်နဲ့ ပယ်မှရနိုင်တယ်၊ ဒါကြောင့် ဘုရားကိုယ်တော်မြတ်က အဘိဓမ္မာနည်းအားဖြင့် ဆင့်ပြီးတော့ တခါဟောတော်မူတယ်၊ ဗောဓိပက္ခိယတရား ၃၇-ပါးထဲမှာ သမ္မပ္ပဓာန်တရားလေးပါး ဟောတယ်၊ သမ္မပ္ပဓာန်တရားလေးပါးဟာ ဘယ်သူလဲ၊ ဖြစ်ပြီးသော အကုသိုလ်တရားတွေမင်းတို့ ပယ်ကြတဲ့၊ ပြီးတော့ မဖြစ်ရသေးတဲ့ အကုသိုလ်များကို

နောက်ထပ် မပြုကြနဲ့လို့ ဘုရားကဟောတယ်၊ မင်းတို့မရဘူးသေးတဲ့ ကုသိုလ်များကို ရအောင်ရှာကြ ရပြီးတဲ့ ကုသိုလ်ကိုလဲ မလွှတ်နဲ့ လွန်စွာ ပွါးပေတော့တဲ့။

အဲဒီတော့ ဘာအရေးအကြီးဆုံးလဲ မိမိတို့ကိုယ်ဘိုင် ဖြစ်ပြီးတဲ့ အကုသိုလ်ပယ်ဘို့ အရေးကြီးတာပေါ့၊ ခုနတုန်းက ဘုန်းကြီးဟောခဲ့ ပြီမဟုတ်လား၊ ခုဘဝတွင်ပင် လောဘဟိတ်, ဒေါသဟိတ်, မောဟ ဟိတ် မိမိတို့ကိုယ်သန္တာန်မှာ အမှန်ရှိတယ်ဆိုတာ သံသယရှိသေးသ လားလို့ မရှိနဲ့၊ တကယ့်ကို ဒီဘဝမှာဖြစ်နေတဲ့ အကုသိုလ်တွေ အခု ပြောတဲ့ ကာယကံ, ဝစီကံ,မနောကံနဲ့စပ်တဲ့ လောဘ,ဒေါသ,မောဟ, ဆိုတဲ့ အကုသိုလ်တရားတွေဟာ အပရာပရိယ ဝေဒနီယကံ အနေနဲ့ ဘဝပေါင်းအနန္တက ပါလာတာ လှေနဲ့လှည်းနဲ့ သင်္ဘောနဲ့ မီးရထားနဲ့ တင်လို့မကုန်နိုင်ဘူး၊ အဲဒီ အကုသိုလ် ကံတွေဟာ အကျိုးပေးရန် အနန္တရှိတယ်၊ အဲဒီအကုသိုလ်ကံတွေကို မင်းတို့ ပယ်ပြစ်ကြတဲ့၊ ဘုရားကပြောတယ်၊ ပယ်နိုင်ကြပါ့မလား၊ ဘုရားက မပယ်နိုင်ဘဲနဲ့ တော့ ဟောမယ်မဟုတ်ဘူး၊ မုချပယ်နိုင်လို့ ပယ်အပ်တဲ့ တရားမို့လို့ အပယ်ခိုင်းတာ၊ ပယ်နိုင်ရမယ်၊ ပြီးတော့ မဖြစ်ဘူးသေးတဲ့ အကုသိုလ် တရားကို နောက်ထပ်မဖြစ်အောင် ဝီရိယတရားနဲ့ ကြိုးစားအားထုတ် ကြတဲ့၊ အဲဒါလဲ ဘုရားကပယ်နိုင်လို့ အပယ်ခိုင်းတာဘဲ၊ ပြီးတော့မှ မရဘူးသေးတဲ့ကုသိုလ်ကို မင်းတို့ရအောင်ရှာကြတဲ့၊ အဲဒါအရေးကြီး တဲ့တရားပေါ့၊ အဲဒီလေးမျိုးလေးစား ပြောထားတော့ တို့ဒကာဒကာမ တွေက စိတ်အိုက်သွားမှာပေါ့၊ ဘယ်လိုလုပ်ရပါ့မလဲ၊ ဖြစ်ပြီးသော အကုသိုလ်တွေကိုလဲ တို့ပယ်ရမယ်၊ မဖြစ်သေးတဲ့ အကုသိုလ်လဲ နောက်ထပ်မပြုရဘူး၊ မရဘူးသေးတဲ့ ကုသိုလ်လဲ ရအောင်ရှာရအုံး မယ်၊ ရပြီးတဲ့ကုသိုလ်လဲ လွန်စွာပွါးရမယ်၊ လေးချက်တောင်မှ သိပ် ပင်ပန်းမှာဘဲလို့ အောက်မေ့မှာပေါ့၊ အေးဟုတ်တယ် မသိလျှင် ပင်ပန်းတယ်၊ သိလျှင် လွယ်လွယ်လေးရယ်၊ အသိးတရာ အညာတခု တဲ့၊ပြောစရာရှိလို့ပြောတာ၊ တချက်ထဲနဲ့ ကိစ္စပြီးတယ်၊ ဘယ်လိုတချက် ထဲနဲ့ ကိစ္စပြီးသလဲဆိုတော့ မရဘူးသေးတဲ့ ကုသိုလ်ရအောင်ရှာပေါ့၊ မရဘူးသေးတဲ့ကုသိုလ် ဘယ်ကုသိုလ်လဲ၊ တချို့က ရော်ရမ်းမှန်းဆ ပြောကြတယ်၊ ဟာ ရှင်မပြုဘူးသေးလျှင် ပြုရမယ်၊ ကျောင်းမဆောက်

ဘူးဘဲ့သူက ဆောက်ရမလိုလို, ရေတွင်းမတူးဘူးသေးတဲ့သူက တူးရတော့မလိုလို, ဒီလိုဟာမျိုး မဟုတ်ဘူး၊ ဒါ ထင်ရှားရှောက်ပြောတာ၊ မပြုဘူးသေးတဲ့ ကုသိုလ်ဟာဘာလဲဆိုတော့—

အနဉ္ဉာလက္ခဏံ ဝိနာဗုဒ္ဓုပ္ပါဒါ နပညာယတိ တဲ့။

ဗုဒ္ဓုပ္ပါဒါ- မြတ်စွာဘုရား ပွင့်တော်မူသော ခေတ်ကာလကို၊ ဝိနာ-ကြဉ်၍၊ အနတ္တလက္ခဏံ-အနတ္တလက္ခဏာသည်၊ နပညာယတိ—မထင်ချေ။

အဲဒီအနတ္တဆိုတဲ့ ကုသိုလ်မျိုးကို ဘုရားပွင့်တဲ့ သာသနာခေတ်ချန်လှပ်၍ သာသနာပကာလမှာ ဤဘာ,ထိုဘဝ, ဘယ်ဘော့မှမသိကောင်း မရကောင်းတဲ့ ကုသိုလ်မျိုးတဲ့၊ အဲဒါ အခု ဘုရားသာသနာခေတ်နဲ့ ကြုံကြိုက်တဲ့အခါမှာ အနတ္တကုသိုလ် ရကောင်းတယ်၊ ဒီတော့ အနတ္တကုသိုလ် ဘယ်မှာရှာရမလဲ အနတ္တကုသိုလ် ဘယ်မှာမှ သွားရှာလို့မရဘူး၊ ရုပ်နာမ်တွေအောင် ရှာရတယ်၊ ဤသည်ကား ရုပ်, ဤသည်ကား နာမ်, ဟော ရုပ်နာမ်တွေအောင် ရှာရမယ်၊ ရုပ်နဲ့နာမ် အမှန်တွေ့ပြီလား တွေ့ပြီ၊ ရုပ်နဲ့နာမ် အမှန်တွေ့လို့ရှိလျှင် ဥဒယဗ္ဗယ ဖြစ်ပျက်သိပြီးသားပေါ့၊ ရုပ်နာမ် တွေ့ရိုးမှန်လျှင် ဖြစ်ပျက်သိတာဘဲ၊ ရုပ်နာမ်မဟုတ်လျှင် ဖြစ်ပျက်ဘယ်တော့မှ မသိဘူး၊ ရုပ်နာမ်တကယ်တွေ့ ဖြစ်ပျက်သိ, ဖြစ်ပျက်သိ ဘာဖြစ်သလဲ၊ ရုပ်နာမ်တွေ့လို့ဖြစ်ပျက်သိတာ အနိစ္စသိလို့ပေါ့၊ အနိစ္စသိတော့ ဘာဖြစ်သလဲ၊ အနိစ္စသိ, ဒုက္ခလဲသိ, ဒုက္ခသိ အနတ္တသိရောပေါ့။

အနိစ္စတွေ့လျက်သားနဲ့ ဒုက္ခ,အနတ္တ မသိဘူးဆိုလျှင် သူသိတဲ့အနိစ္စဟာ မမှန်လို့၊ ရုပ်နာမ်ဘော့တွေ့ပါဘယ်တဲ့ ရုပ်နာမ်တွေ့လျက်သားနဲ့ အနိစ္စမသိလျှင် သူတွေ့တဲ့ရုပ်နာမ် မမှန်လို့၊ဒါ တဆက်ထဲ ပြောစရာရှိလို့ အရနားလည်အောင် ပြန်ပြောတာ၊ တကယ့်အစစ်က ရုပ်နာမ်သာတွေ့ အနိစ္စသိ, ဒုက္ခသိ, အနတ္တသိ ပြီးရော၊တခါထဲပြီးတယ်၊ အနတ္တတွေ့လျှင် ဟော မရဘူးသေးတဲ့ကုသိုလ်ကြီး ရသွားပြီ၊ အဲဒီ မရဘူးသေးတဲ့ကုသိုလ်ကို ရတာနဲ့ဘဲပြိုင်နက် အကုသိုလ်အနန္တ အကုန်ပျောက်၊ မရဘူးသေးတဲ့ကုသိုလ်ရလျှင် စောစောကပြောခဲ့တဲ့ မိမိတို့ကိုယ်တိုင် ကျူးလွန်လာခဲ့တဲ့ အကုသိုလ်ကံပေါင်းအနန္တ အကုန်

ပြေးရော၊ ဘာမှမကျန်ရစ်ခဲ့တော့ဘူး၊ အကုသိုလ်တွေ အကုန်ပြတ် ဘယ်လိုလုပ် ပြတ်သွားသလဲဆိုတော့ အဲ အခုပြောတဲ့ မရဘူးသေး တဲ့ကုသိုလ်ရတာ၊ ဘယ်သူလဲ ဝိဇ္ဇာ, ဝိဇ္ဇာဉာဏ်ခေါ်တယ်၊ အဲဒီဝိဇ္ဇာ ဉာဏ်က ဘာဓာတ်ခေါ်သလဲ အလင်းဓာတ်၊ အဲဒီလို အနတ္တကိုမသိ တာက ဘယ်သူ့ကြောင့်လဲ အဝိဇ္ဇာ၊အဝိဇ္ဇာက အမှောင်ဓာတ်၊ အဲဒီ အမှောင်နဲ့ အလင်းက သဘောကျရောပေါ့၊ဩော် အဝိဇ္ဇာကအမှောင်, ဝိဇ္ဇာက အလင်း၊ ဒီတော့ ဥပမာပုံတင်ပြတယ်။

အင်မတန် မှောင်လှစွာသော တိုက်ထဲမှာ မီးတတိုင်ထဲထွန်းတာနဲ့ အလုံးစုံသော အမှောင်ဓာတ်ကြီးပျောက်၍ အလင်းရောင် ပေါ်ပေါက် လာခြင်းသည်အမှန်၊ အဲဒီဥပမာလိုဘဲ၊အဝိဇ္ဇာတည်းဟူသော အမှောင် ဓာတ်ကြီးသည် ဝိဇ္ဇာတည်းဟူသော အလင်းဓာတ် ရောက်တော့ ပျောက်သွားတယ်၊ ဝိဇ္ဇာတည်းဟူသော အလင်းဓာတ်ရောက်လို့ ပျောက်သွားတော့ကာ အကုသိုလ်တွေလဲ ပျောက်သွားရော၊ အဲဒီ အကုသိုလ်ကံပေါင်း အနန္တကို ဘယ်သူကခေါ်လာသလဲ၊ အတ္တဒိဋ္ဌိက ခေါ်လာတယ်၊ အတ္တဆိုတာ ငါပေါ့၊ငါဆိုတဲ့ အတ္တဒိဋ္ဌိကြိုးက ဆွဲလာ တာ၊ဒါ ဥပမာဘယ်လိုပြသလဲ။

**ဥပမာ** ခိုင်လှစွာသောပိုးကြိုးနဲ့ ပုလဲလုံးလေးတွေကို သီကုံးထားမယ် ဆိုလျှင် ဟော တစထဲဆွဲတာနဲ့ တပြုံလုံးပါလာတယ်၊ ဘာဖြစ် လို့လဲ၊ ပိုးကြိုးကြောင့် ပါလာတာ၊ ဟာ ဒါဖြင့် ပိုးကြိုးကို ဖြတ်ပစ်လိုက်စမ်း၊ ပိုးကြိုးကို နုပ်နုပ်ပါအောင်စင်း၍ ဖြတ် တောက်ပစ်လိုက်ပြီး ဆွဲကြည့်စမ်း၊တပြုံလုံးကျကျန်ရစ်ခဲ့တယ်၊ ဘာဖြစ်လို့လဲ၊ပိုးကြိုးက ပြတ်ကုန်မှကိုး။

အဲဒီဥပမာလိုဘဲ အတ္တဒိဋ္ဌိရှိတဲ့ကြိုးဟာ အင်မတန်ခိုင်တယ်၊ အဲဒီ အတ္တဒိဋ္ဌိဆိုတဲ့ ကြိုးကြီးကို ဖြတ်လိုက်တာနဲ့ အနတ္တရောက်, အတ္တဒိဋ္ဌိ ပျောက် အကုသိုလ်အနန္တ အကုန်ပြတ်၊ ဒါကြောင့် အကုသိုလ်သည် ပဟာတဗ္ဗ, ပယ်အပ်သောတရား၊ ကုသိုလ်သည် ပဟာယက ပယ် တတ်သောတရား၊ အဲ မိမိအစစ် ဝိဇ္ဇာဉာဏ် ကုသိုလ်ကြီး ရတာနဲ့ တပြိုင်နက် အဝိဇ္ဇာအကုသိုလ်တွေ အကုန်ပြတ်ရတယ်တဲ့၊ဒါ သေသေ ချာချာ မှတ်ထားပေါ့၊ အဲဒါတော့ သဘောကျပြီ၊ မရဘူးသေးတဲ့

ကုသိုလ် ရတဲ့အတွက်ကြောင့် ဖြစ်ပြီး အကုသိုလ်တွေ တွန်းလှန်နိုင်တာတော့မှန်ပြီ၊ မရသေးတဲ့ ဖြစ်ဆဲဖြစ်လတ္တံ့ နောက်ထပ်ဖြစ်မဲ့ လောဘ အကုသိုလ်,ဒေါသအကုသိုလ်, မောဟအကုသိုလ်တွေက အများကြီး ရှိသေးတယ်၊ အဲဒါတွေ ဘယ်လိုလုပ်မလဲဆိုတော့ အဲဒါကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားပေါ့၊ အခု မရသေးတဲ့ ကုသိုလ် အနတ္တ စစ်စစ် ဟုတ်လာလျှင် နင်ဟာ ဟောဒီ အကုသိုလ်ကံ နင်ပြုရမယ်၊ ဒီ အကုသိုလ်ကံ နင်မပြုလျှင် နင့်ငါသတ်မယ်လို့ ဂုတ်ပေါ်က ဓါးမိုးထား ဘယ်တော့မှ မကျူးလွန်ဘူး၊ အယုတ်ဆုံး မုသားစကား နင်ပြောရမယ် မပြောရင် နင့်ကို ငါသတ်မယ်ဆိုရင် မပြောဘူး၊ အသက်ကို အသေခံမယ်၊ အဲဒါ တကယ့် အစစ်ဝိဇ္ဇာဉာဏ်နဲ့ အနတ္တ ပိုင်သူကို ပြောတာ၊ ဝိဇ္ဇာဉာဏ်နဲ့ အနတ္တရတဲ့ ပုဂ္ဂိုလ်သည် အကုသိုလ်ကို အသက်နဲ့လဲမယ် ဘယ်တော့မှ မပြုရဲဘူး၊ အဲဒါမှတ်ထားပေါ့၊ ဒါဖြင့် နှစ်ချက်ရသွားပြီ၊ ရပြီးသော ကုသိုလ်တို့ကို လွန်စွာပွါးရမယ် ဆိုတာ အခုပြောတဲ့ ဘယ်တုန်းကမှ ဘယ်အခါကမှ မရဘူးသေးတဲ့ အနတ္တ လက္ခဏာ ရတော့ အဲဒီကုသိုလ်တရားတွေ ရုပ်နာမ်ဖြစ်ပျက်တရားတွေ နင်မပွါးနဲ့လို့ ဂုတ်ပေါ်က ဓါးမိုးထား မရဘူး၊ တခါထဲလွန်စွာ ပွါးတာ . ဘဲ၊ အမြဲအားထုတ် အမြဲပွါးများတယ်၊ ဘယ်သူကမှ တားမြစ်လို့ မရဘူး။

အဲဒါကြောင့် ခုနတုန်းက အသီးတရာ အညှာတခုဆိုတဲ့ အတိုင်း တကယ့်ကုသိုလ်ဇော ကုသိုလ်စိတ္တုပ္ပါဒ် ကုသိုလ်၏ အာရုံဟာ ဤမျှ လောက် ကြီးတယ်တဲ့၊ အဲအကုသိုလ်ကလဲ ခုနကပြောပြီ မဟုတ်လား၊ အဝိဇ္ဇာနဲ့ ယှဉ်တွဲနေလျှင် အကုသိုလ်ကလဲ မဆုတ်မဆိုင်း အမြဲတမ်း ဒုန်းပိုင်းနေတာဘဲ၊အကုသိုလ်ဟာ အဝိဇ္ဇာနဲ့တွဲနေလျှင် ခြောက်ဒွါရက အကုသိုလ်ပဲတ်တွေ အနန္တ ဒါအဝိဇ္ဇာနဲ့ တွဲနေတာ၊ ဝိဇ္ဇာဉာဏ်နဲ့တွဲ တော့ ဟော ကုသိုလ်ပေါင်း အနန္တ အဲဒါ ကြိုက်ထာယူကြတာပေါ့၊ နှစ်လမ်းရှင်းပြတာ အကုသိုလ်လမ်း ကုသိုလ်လမ်း၊ အကုသိုလ်လမ်းကို ဘယ်လိုမှ တွက်ချက်မနေနဲ့၊ အကုသိုလ်လမ်းက စိတ်သာချ အပါယ် သွားမှာ၊ဘယ်သူကမှ ဒီအကုသိုလ်အပါယ်မကျဘူးလို့ မပြောဘူးနော်၊ ကုသိုလ်လမ်းက စိတ်ချ ကောင်းရာသုခရမယ်၊သို့သော် တချက်ရှိသေး တယ်၊ မိမိတို့ပြုတဲ့ ကုသိုလ်ဟာ စင်စင်ကြယ်ကြယ် သန့်သန့်ရှင်းရှင်း

နဲ့ ဒါနကုသိုလ်ဘဲပြုပြု,သီလကုသိုလ်ဘဲစောင့်စောင့်,ဘာဝနာကုသိုလ်ကိုဘဲ အားထုတ်အားထုတ်,မိမိတို့ အားထုတ်တဲ့ ကုသိုလ်ဟာ တကယ်အထွဋ်အထိပ် နိဗ္ဗာန်ကို လိုချင်လျှင်ရတယ်၊ အမှန်မုချရတယ်၊ မရတာလဲ အမှန်ဘဲ၊ဘာဖြစ်လို့ မရသလဲဆိုတော့ မိမိတို့သဒ္ဓါတရား ယုံကြည်ခြင်း နည်းပါးမှု သဒ္ဓါတရား အားနည်းတဲ့ ပုဂ္ဂိုလ်ကျလာတော့ သူများပြောသံကြားလို့ ရော်ရမ်း မှန်းဆပြီး နိဗ္ဗာန်သာ ဆုတောင်းရတယ်၊ တကယ်အစစ်က မယုံတဲ့ ပုဂ္ဂိုလ် ဘယ်တော့မှ နိဗ္ဗာန်မရဘူး၊ ရကိုမရဘူး၊ အဲဒါ နားစွန် နားဖျား နားထောင်မသွားနဲ့နော်၊လေးလေး နက်နက်နားထောင်သွား၊ နားစွန်နားဖျား နားထောင်သွားပြီးတော့ ဘုန်းကြီးက ဒါန ကုသိုလ်တွေ နိဗ္ဗာန် မရဘူး ဟောတယ်လို့ တခြားမှာသွားပြောလျှင် အဆဲခံနေရအုံးမယ်၊ မရတာက ဘာဖြစ်လို့ မရသလဲ၊ သဒ္ဓါတရားမရှိလို့ မရတာ၊ယုံကြည်တဲ့ သဒ္ဓါတရားမရှိလျှင် ဘယ်မှာရနိုင်ပါ့မလဲ၊ ဒကာမကြီးတို့ ကြားဘူးကြမှာပေါ့၊ မြို့ထဲ ရွာထဲ အလှူ အတန်းတွေမှာ လိုက်ပြီးတော့ တရားနာနေတဲ့ ဒကာမတွေဘဲ၊ ဘယ်လို ဟောတယ်ထင်သလဲ။

ဟော ဤဒါန, သီလ,ဘာဝနာ တည်းဟူသော ကုသိုလ်ကောင်းမှုကြောင့် နိဗ္ဗာန်တည်းဟူသော အမြိုက်ဘရားကိုလျှင်မြန်ဆောစွာရပါလို၏၊ နိဗ္ဗာန်မရမီအကြား ကာလရှည်လျားခဲ့သည်ရှိသော် မရှိဟူသောစကား မလှဟူသောစကား မဝဟူသောစကား နားဖြင့်လေသံ မကြားရပါလို၏လို့ ဆုတောင်းတာတွေ မကြားကြဘူးလား၊ အဲပဒေသရာဇ်, ဧကရာဇ် စည်းစိမ်တွေ ရောက်တောင်းတာ မကြားကြဘူးလား၊ အဲဒါ သူ့ကုသိုလ် သူမယုံလို့မှတ်၊ ဒီကုသိုလ် နိဗ္ဗာန်ရတယ်လို့ မယုံလို့ နိဗ္ဗာန်မရခင်အကြားဆိုတဲ့ အလုံးလေးထည့်ဆိုတာ၊ ကာလရှည်လျားခဲ့သည်ရှိသော်ဘယ်လောက် ရှည်မယ်တော့ မသိဘူးလေ၊အဲဒီကာလရှည်လျားသလောက် သူဒုက္ခတွေ အမှန်ရောက်တော့မယ်၊ကာလရှည်သလောက်ပဋိသန္ဓေနေတဲ့ ဒုက္ခ,အိုရတဲ့ ဒုက္ခ,နာရတဲ့ဒုက္ခ, သေရတဲ့ဒုက္ခ, ဧကန်မလွဲတွေ့မယ်၊ ဧဲတာစိတ်သာချ အမှန်တွေ့မယ်၊ အဲဒီတော့ တို့ဒီမှာ တကယ့်ယထာဘူတ တရားအစစ် အမှန်ကြီးကို ကိုယ်တိုင် နားပိုက်ပြီး နှလုံးသွင်းလို့ နာကြားရတဲ့ပုဂ္ဂိုလ်ကျတော့ သိရောပေါ့ ကွက်ကွက်ကွင်းကွင်း၊ဟာ ဒါနလဲ နိဗ္ဗာန်ရတယ်၊သီလလဲ နိဗ္ဗာန်ရတယ်၊ ဘာဝနာ

လဲ နိဗ္ဗာန်ရတယ်၊ နိဗ္ဗာန်မှတပါး ချမ်းသာရာမရှိ၊ တို့တော့ သိပြီဆိုပြီး ဘော့ နိဗ္ဗာန်သက်သက် အာရုံပြုပေါ့၊ သူများအပြောနဲ့ မှန်းဆပြီးတော့ နိဗ္ဗာန်ကို တောင်းတော့ကာ မိမိကိုယ်တိုင်က မယုံမကြည် ရှိနေတော့ ဘဝသမ္ပတ္တိဘောဂသမ္ပတ္တိတွေ ခံစားချင်တယ်၊ ဆဲဒါဘယ်သူ့သဘော လဲအဝိဇ္ဇာသဘော၊ဆဲဒီအဝိဇ္ဇာက ဘယ်သူ့ကိုခေါ်လာသလဲ သူ့နောက် ကအပေါ်နဲ့၊ဟော့ကောင်မင်းလိုက်ခဲ့စမ်းတဲ့၊အဝိဇ္ဇာက ခေါ်လာတာလေ၊ တဏှာ၊ ဟော တဏှာသမုဒယတွယ်မိရော၊ ဆဲဒီတော့ သူနောက်က ပါလာတဲ့ အဝိဇ္ဇာနဲ့တဏှာ အပေါင်းအသင်း သူတို့ နှစ်ခုပေါင်းလိုက် တော့ အဝိဇ္ဇာက ဒုက္ခမမြင်အောင်ဖုံး၊ ဟောတဏှာက လိုချင် ဘဝ သမ္ပတ္တိ, ဘောဂသမ္ပတ္တိတွေ လိုချင်ရော၊ တကယ် အထွင်အထိပ်နိဗ္ဗာန် ရနိုင်တဲ့ တရားကြီးကို ဘာမဟုတ်တဲ့ ပဋိသန္ဓေနေခြင်း, အိုခြင်း, နာခြင်း, သေခြင်းနဲ့ လဲစားတဲ့ ပုဂ္ဂိုလ်တွေ ဘုန်းကြီးက သနားလို့ ပြောတာ၊ ဆဲအခုဘုန်းကြီး ဟောပြောတဲ့ တရားကိုနာရသဖြင့် တကယ့် အစစ် နိဗ္ဗာန် ရောက်တဲ့ တရားကောင်း တရားမြတ်ကြီးကို ဘာမဟုတ် တဲ့ ပဋိသန္ဓေနေခြင်း အိုခြင်း, နာခြင်း, သေခြင်းဆိုတဲ့ ဒုက္ခနဲ့ လဲမစား ဘဲနဲ့ ဒီကနေ့ကစ ငါတို့ ပြုသမျှ ဒါနကံ, သီလကံ, ဘာဝနာ ကံတို့သည် နိဗ္ဗာန်ကို ဧကန်ရတယ်လို့ ယုံကြည်တဲ့ သဒ္ဓါနဲ့ မိမိတို့ ပြုသမျှကုသိုလ် သည် အမှန်မုချ လောကဒုက္ခမှလွတ်၍ နိဗ္ဗာန်ဧကန် ရောက်တယ်လို့ ယုံကြည်တဲ့ သဒ္ဓါတရားနဲ့ လေးလေးစားစား ဖြားထုတ်ကြ။

# ဓနပဒ ကလျာဏီ ချွတ်ခဏ်း

တရားတော်ဟောရတာ တရားဟောတဲ့ ပုဂ္ဂိုလ်များလဲ မလွယ်ဘူး၊ တရားနာတဲ့ ပုဂ္ဂိုလ်များလဲ မလွယ်ဘူး၊ ဒီတရားနာ ပရိသတ်ထဲမှာ တရားတော်ကို မလေ့လာ မပွါးများ အားမထုတ် ဘူးသေးတဲ့ ပုဂ္ဂိုလ်များလဲရှိတာဘဲ၊ ဒီပုဂ္ဂိုလ်ဟာင်လားလို့ဆိုတော့ မဟုတ်ဘူး၊ တရားကိုတော့ အားထုတ်ထားတယ်၊ ကိုယ်သိတဲ့ တရားဟာ ယထာဘူတ လမ်းမှန်မကျ လမ်းမှန်မဟုတ်ဘဲနဲ့ မိမိအားထုတ်ထားတဲ့ တရားကိုဘဲ အမှန်အကန်ယထာဘူတလမ်းမှန် ကျတယ်လို့ အထင် အမြင်လွဲနေတဲ့ ပုဂ္ဂိုလ်လဲပါတာဘဲ၊ မိမိတို့ တကယ်အမှန် ယထာဘူတဟုတ်တိုင်း မှန်စွာ လမ်းမှန် လမ်းစစ် လမ်းကောင်းကိုတွေ့ပြီးတော့ ဟုတ်တိုင်း မှန်စွာ အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေလဲ ပါတာဘဲ၊ အဲဒီတော့ ဒီပုဂ္ဂိုယ် တွေဟာ အကုန်လုံး သဘာဝ ယုတ္တိ, အာဂမယုတ္တိနဲ့ ကျကျ နန အဓိပ္ပါယ် ရှင်းရှင်း လင်းလင်းသိအောင် ဟောဘို့က မလွယ်ဘူးပေါ့၊ ဘာပြုလို့လဲဆိုတော့ တို့မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးဟာ တရား တော်ဟောပြီဆိုလျှင် ပထမရှေးဦးစွာ ဘာကို ဟောသလဲ၊ ကာမ ဂုဏ်၏ အာဒီနဝ အပြစ်တွေကို ပြပြီးတော့မှ ဒီကာမဂုဏ်၏ အာဒီနဝ အပြစ်တွေကိုမြင်လို့ အလုံးစုံငြီးငွေ့လာတဲ့ အခါကျတော့ ထိုဒုက္ခနယ် တွင်းမှ လွတ်ကင်းရန် နိဗ္ဗာန်ကို ညွှန်ကြားတယ်၊ နိဗ္ဗာန်သွားရာလမ်း စခန်းတွေကို ဒီလို ညွှန်ကြားတော့မှ အသီးအသီး သူ့ထက်ငါကောင်း သောတာပန်တည်တဲ့သူ, သကဒါဂါမ်တည်တဲ့လူ, အနာဂါမ် တည်တဲ့ လူ,အဆင့်အတန်းနဲ့ တက်ပြီးသွားကြတယ်။

## ဓနပဒကလျာဏီ

အဲဒါဘာလဲဆိုတော့ ပထမအရင်းခံက အာဒီနဝ အပြစ်တွေကို ပြတာ အဲ အာဒီနဝ အပြစ်တွေကိုပြတဲ့ အခါမှာလဲဘဲ ဥပမာ,ဥပမေယျ နှင့် အမျိုးမျိုး ပြတော်မူရတယ်၊ တို့မြတ်စွာဘုရား လက်ထက်တော် ကာလက နှမတော် ဓနပဒကလျာဏီဆိုတာ မိထွေးတော် ဂေါတမီရဲ့ သမီးပေါ့၊ အဆင်းအင်္ဂါ လက္ခဏာနဲ့ အင်မတန် ပြည့်စုံတယ်၊ အဆင်းဥ မာန်ရစ်ပြီးတော့ အဆင်းကို အင်မတန် နှစ်သက်နေတယ်၊ သို့သော်လဲ

ဘာဖြစ်လို့ ရဟန်းဖြစ်ရသလဲ ဆိုတော့ မနေနိုင်လို့ ဖြစ်ရတာ၊ ရဟန်း ဖြစ်ချင်လို့ ဖြစ်ရတာ မဟုတ်ဘူး၊ သူ့မောင်တော်ကြီးဖြစ်တဲ့ သိဒ္ဓတ္ထ ကုမာရမင်းသားလဲ ဘုရားဖြစ်၊နောက်သူနဲ့ လက်ထပ်ပွဲမှာ လက်ထပ်မဲ့ မောင်တော်ဖြစ်တဲ့ နန္ဒမင်းသားဟာလဲ ရဟန်းဖြစ်၊ မိထွေးတော် ဂေါ တမီလဲ ရဟန်းဖြစ်၊ နန်းတော်တွင်းမှာ သူတယောက်တည်း ကြီးစိုးနေ ဘို့ရာ အခွင့်မရဖြစ်နေတော့၊မလွဲသာမနေသာလို့သူရဟန်းပြုရတာ၊အဲဒီ တော့ ဘိက္ခုနီမပြုလုပ်ပြီးနေတဲ့ အခါမှာလဲဘဲ မာနကျပလားဆိုတော့ မကျဘူး၊ သူ့မာနက အင်မတန် သူ့စိတ်ထဲမှာ ဒီ,သူ၏ အဆင်းကို အားကိုးတယ်၊ မာနထားတယ်၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် ကလဲ ကာမဂုဏ်၏ အပြစ်အာဒီနဝတွေကို ဟောတဲ့အခါ ကျတော့--

ရူပါရုံ၏ အပြစ် အာဒီနဝတွေ,
သဒ္ဒါရုံ၏ အပြစ် အာဒီနဝတွေ,
ဂန္ဓာရုံ၏ အပြစ် အာဒီနဝတွေ,
ရသာရုံ၏ အပြစ် အာဒီနဝတွေ,
ဖေါဋ္ဌဗ္ဗာရုံ၏ အပြစ် အာဒီနဝတွေ,
ဓမ္မာရုံ၏ အပြစ် အာဒီနဝတွေ,

ကိုတနေ့တခြားအမိပ္ပါယ် ရသ,မကျကျအောင် နားမလည်လည်အောင် အမျိုးမျိုးနဲ့ ဟောတာပေါ့၊ အဲဒီလို ဟောတဲ့ တရားတွေကို သူကိုယ်တိုင် နာရသလားဆိုတော့ မနာရဘူး၊ သူကိုယ်တိုင်တော့ သွားမနာဘူး၊ တဆင့်စကား တဆင့်ကြားပေါ့၊ ဘိက္ခုနီမတွေ သွားပြီးနာယူတဲ့အခါ ရူပါရုံ အဆင်း၏ အပြစ် အာဒီနဝတွေကို ဘုရားကိုယ်တော်မြတ်က ဟောတော့ ဖေါက်သည်ချ ပြောကြတာပေါ့၊ ပြောတော့ ဘုရားကိုယ် တော်မြတ်ဟောသလိုတော့ ဘယ်နားလည်ကြတော့မလဲ၊ ဒီတော့ သူ့ စိတ်ထဲမှာ ဘယ်လိုဖြစ်နေသလဲ၊ မောင်တော်ကြီးဟာ တကယ်ဆိုလျှင် သူ့အဆင်းလှနေတဲ့ဥစ္စာ ကတဲ့ အလင်္ကာသက်သက် မနာလိုဝန်တို ပြီးတော့ အပြစ်တွေပြောရမလားခဲ့ဆိုပြီး မြတ်စွာဘုရားကိုတောင်မှ သူ့ စိတ်ထဲမှာ မကောင်းဖြစ်နေတယ်၊ အဲဒါသူသိတယ်၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ကလဲ သိတယ်၊ သိတော့ကာ ဘိက္ခုနီမတွေ နေ့တိုင်း နေ့တိုင်း ညဉ့်တိုင်း ညဉ့်တိုင်းတရားနာသွားတဲ့အခါ သူမလိုက်ဘူး၊

ဘာပြုလို့လဲ၊ သူ့အဆင်းကို မြင်လျှင် အပြစ် အာဒီနဝတွေ ပြများ ကြောက်လို့၊ အပြစ်ပြောများကြောက်လို့၊ သူ့အဆင်းကို မောင်တော် မမြင်ရအောင်ပေါ့၊ မြတ်စွာဘုရားမမြင်ရအောင် သူမလိုက်ဘူး၊ မလိုက်တော့ မြတ်စွာဘုရားကလဲသိတာပေါ့၊သိတော့ မြတ်စွာဘုရား အာဏာ ဒေသနာတော်ဖြင့် ပညတ်လိုက်တယ်၊ ဘိက္ခုနီမတွေ ကိုယ်စားမထိုး ရဘူး၊ တရားတော်ကို မိမိတို့ကိုယ်တိုင် လာရောက်၍ နာရမယ်လို့ မြတ်စွာဘုရား အမိန့် မှတ်လိုက်တော့ မနေနိုင်ဘူးပေါ့၊ မနေနိုင်လို့ လိုက်သွားတဲ့အခါ မြတ်စွာဘုရားမမြင်ရအောင် သူက ဘိက္ခုနီမတွေ နောက်နားက ပုန်းကွယ်ပြီးတော့လိုက်သွားတယ်၊ ပုန်းကွယ်သွားပေမဲ့ မြတ်စွာဘုရားက သိတာပေါ့၊ ဘယ်ပုန်းလို့ကော ရမလဲလို့၊ ဘယ် နည်းနှင့်မှ မရဘူး၊ မြတ်စွာဘုရားကမြင်ပြီးပြီ။

အဲဒီတော့မှ ဒီနေ့ဟာ မြတ်စွာဘုရား၏ ရွှေဉာဏ်တော်မှာ နှမတော် ဇနပဒကလျာဏီမင်းသမီး ကျွတ်တန်း ဝင်အောင် ကယ်ချွတ်ရမယ်၊ မြတ်စွာဘုရားသိပြီးပြီ၊ သိပြီးတော့ အပြစ်အာဒီနဝတွေကို မြင်အောင် ဘယ်လောက် ပြရသလဲ ဆိုတော့ ကြည့်စမ်း၊ ဘုရားကိုယ်တော်မြတ် ဉာဏ်တော်နော်၊ ထိုဇနပဒကလျာဏီ မင်းသမီးထက် အဆအရာ အဆ တထောင်မက ပိုကဲပြီးတော့ လှပတင့်တယ် ရှုချင်စဖွယ်ရှိတဲ့ နိမ္မိတ မိန်းမချော ရုပ်ကလေး ဘုရားဖန်ဆင်းထားတယ်၊ ဇနပဒကလျာဏီ မင်းသမီးနှင့် ဆိုလျှင် အင်မတန် ကွာချင်တိုင်းကွာ လူမတန်နတ်တမျှ အလွန်လှပတဲ့ မိန်းမငယ်လေး မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကို ယပ်လေခပ်ပြီးနေတာကို မြတ်စွာဘုရား ဖန်ဆင်းပြီးထားတယ်၊ဒါဘယ် သူမြင်သလဲဆိုတော့ ပရိသတ်တော့ ဘယ်မြင်ရမလဲ၊ မြတ်စွာဘုရားနဲ့ ဇနပဒကလျာဏီမင်းသမီး နှစ်ဦးဘဲ သိတယ် ဒီနိမ္မိတ ရုပ်ကလေးကို၊ အဲဒါနဲ့ သူမြင်လိုက်တော့ ဒီနိမ္မိတရုပ်ကလေးကို တစိမ့်စိမ့် ကြည့်ပြီး ဘယ်လိုအောက်မေ့သလဲဆိုလျှင် ငါတော့ အမှားကြီးမှားပြီ၊ ကြည့် စမ်း၊ ငါ့ကိုယ်ငါ အဆင်းလှတယ်လို့ အလှဂုဏ်အားကိုးပြီး မောင် တော်ထံ တရားနာမလာဘူး၊ အခုကြည့်စမ်း၊ ငါ့ထက်အဆတရာ,အဆ တထောင် အဆတသိန်းမက ပိုကဲပြီးတော့ လှပတင့်တယ်ရှုချင်စဖွယ် ရှိတဲ့ မိန်းမချောလေးတောင်မှ မြတ်စွာဘုရားထံချဉ်းကပ်ပြီး အလုပ် အကျွေးပြုပြီး ခစားနေနိုင်တာ ငါမှားပြီ၊ ဟော,သတိရသွားပြီ။

အဲဒီလိုသတိရတော့ခါ မြတ်စွာဘုရားက သတိရမှန်း သိတဲ့အခါ ကျတော့ ဘာလုပ်ပေးသလဲ၊ အဲဒီယပ်ခပ်နေတဲ့ သတိုးသွီးငယ် နိမ္မိတ ရုပ်ကလေးကို ဘုရားအလိုတော်ကျအတိုင်းပေါ့ တကထဲ တစိမ့်စိမ့် သူ ကြည့်နေရင်း ၁၆-နှစ်အရွယ်က ၂၀-အရွယ်, နောက် ၂၅-နှစ်, နှစ်ဆယ့်ငါးနှစ်က သုံးဆယ်, သုံးဆယ်က လေးဆယ်, လေးဆယ်က ငါးဆယ်, ငါးဆယ်က ခြောက်ဆယ်, အရွယ်တွေ တဖြေးဖြေးအိုပြီး သကာလ အလှအချောတွေ ဆုတ်ယုတ်သွားတယ်၊ အိုမင်းရင့်ယော်တဲ့အရွယ်သို့ရောက်အောင် ဘေးဥပါဒ်အန္တရာယ် အနာတွေ အမျိုးမျိုးနှင့် တကထဲ နှိပ်စက်ညှဉ်းပန်းနေတဲ့ အခါကျအောင် ဖန်ဆင်းပြလိုက်တာပေါ့၊ အဲဒီလိုဖန်ဆင်းပြလိုက်တော့ခါ သူ့စိတ်ထဲမှာ ဩော်-ခုန တုန်းက ငါမြင်လိုက်တုန်းက အလွန်တင့်တယ် အဆင်းအရွယ်နှင့်ပြည့်စုံပြီး ချောမောလှပတဲ့ မိန်းမငယ်လေးတောင် ဖေါက်ပြန်ချွတ်ယွင်းပြီးတော့ အင်မတန်ပျက်စီးခြင်းသို့ ရောက်သွားပါကလားလို့ ဓမ္မသံဝေဂတွေ ဖြစ်တော့တာပေါ့။

အဲဒီလို ဓမ္မသံဝေဂတွေ ဖြစ်သွားတဲ့အခါကျတော့မှ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က တရားဟောရတာ လွယ်တော့တာပေါ့၊ လွယ်သွားပြီ၊ ဘာပြုလို့လဲ နဂိုရ်ကိုကညွတ်နေပြီ၊ ဇနပဒကလျာဏီ မင်းသွီးသည်မြတ်စွာဘုရားဖန်ဆင်းထားတဲ့ နိမ္မိတရုပ်ကိုကြည့်ရသဖြင့် နိမ္မိတရုပ်၏ ဖေါက်ပြန်မှုကို ကိုယ်တိုင်ကိုယ်ပိုင်ဉာဏ်နှင့် မြင်သိနေပြီ၊ အဲဒီတော့ မြတ်စွာဘုရား ကိုယ်တော်မြတ် အထူး မဟောရလှဘူး၊ အနည်းငယ်ခန့်သောအဓိပ္ပါယ်သဘောသွား ကလေးနဲ့ဟောကြားတာနဲ့ တပြိုင်နက်ထဲ အရိယာဖြစ်သွားတာဘဲ၊ ရဟန္တာအဖြစ်ကို ရောက်တယ်၊ အဲသလောက်ကောင်းတာ၊ဟောတဲ့တရားက ဘာမှမခက်ဘူး၊ လူဘိုင်း ဟောနေကြတာဘဲ။

အာတုရံ အသုစိံ ပူတိံ၊ ပဿ နန္ဒေ သမုဿယံ၊
ဥဂ္ဃရန္တံ ပဂ္ဃရန္တံ၊ ဗာလာနံ အဘိပတ္ထိတံ။

ဒါဘဲ၊ ၃၂-လုံးထဲ၊ ဂါထာလေ၊ အက္ခရာ ၃၂-လုံးဘဲ၊ ဒါ ဟောတာနဲ့ တကထဲ သောတာပန်, သကဒါဂါမ်, အနာဂါမ် လွန်မြောက်ပြီး ရဟန္တာဖြစ်သွားတာပေါ့၊ ဘယ်လောက်မြန်သလဲလို့။

နန္ဒေ - ဇနပဒကလျာဏီ သညီခေါ်ကြတဲ့ နှမတော်ရူပနန္ဒာ၊ အာတုရံ- ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါတို့ဖြင့် ကျင်နာကိုက်ခဲ၍နေထသော၊ အသုစိံ- ဘာတခုမျှ သုဘာတင့်တယ်စင်ကြယ်မရှိ ပြကတိသဘော မစင်တောသဘွယ်ကြီးလည်း ဖြစ်၍နေထသော၊ ပူတိံ-မွှေးမျိုးနံ့သာ လိမ်းကျံခါဖြင့် မာယာရုပ်ဆောင် အပုပ်ကောင်ကြီးလည်း ဖြစ်ပေထသော၊ ဥဃ္ဃရန္တံ- အထက်သို့ လျှံပွက် ဆူဝေ၍လည်း နေထသော၊ ပဃ္ဃရန္တံ- အောက်သို့စီးဆင်း တပြင်းပြင်းယိုကျ၍လည်း နေထသော၊ သမုဿယံ- ဤကိုယ်ရုပ်မျိုး အပုပ်အိုးကြီးကို၊ ပဿ-စေ့စေ့ ၄၃ ညာဏ်စက္ခုဖြင့် ကြည့်ရှုဆင်ခြင်စမ်းပါလော့၊ ဧတံ-ဤသို့ ရွံဘွယ်ရုပ်ဆောင် အပုပ်ကောင်ကြီးကိုပင်လျှင်၊ ဗာလာနံ- ညာဏ်မြင်ကင်းကွာ တဏှာဘိစီး လူမိုက်ကြီးတို့သည်သာလျှင်၊ အဘိပတ္ထိတံ- ချောတယ်လှတယ် ယဉ်တယ် ခင်မင်ဘွယ်ဟူ၍ အလွန်နှစ်သက် စွဲလမ်း၍နေကြပေကုန်၏။

ဘာမှ ခဲခဲယဉ်းယဉ်းဟောတာ မဟုတ်ဘူး၊ အဲ နှမတော် ဇနပဒကလျာဏီ သေသေချာချာ ရှုကြည့်လိုက်စမ်းပါတဲ့. ဒွါရကိုးခွင်ထက်ဝန်းကျင်မှ မစင်အဘိသာ ယိုစီးနေတဲ့ပစ္စည်းတွေ အထက်အောက် ဒွါရကိုးပေါက်က ထွက်ကျပြီးသကာလ အင်မတန်စက်ဆုပ်ရွံရှာဘွယ်ဖြစ်၍နေတဲ့ ပစ္စည်းတွေ အဇ္ဈတ္တသန္တာန်အတွင်းမှာ ရှိတဲ့ပစ္စည်းတွေ အင်မတန်အပုပ်အသိုး အညစ်အကြေးတွေ ကိန်းအောင်းပြီးတော့နေတဲ့ ခန္ဓာကိုယ်အစုတ်အပဲ့ကြီးကို သင် စေ့စေ့ငုငုကြည့်လိုက်ပါလော့တဲ့၊ အဲဒီလိုတိုက်တွန်းဘာ အဲဒီလို တကယ်တိုက်တွန်းတဲ့တရားနဲ့ တွေ့သွားတော့ ဟော အရိယာဖြစ်သွားတယ်၊ အင်မတန်လွယ်တာ၊ ဘာပြုလို့လဲ ဆိုတော့ မြတ်စွာဘုရားကိုယ်တော်မြတ် ညာဏ်တော်က မြင်တော်မူတယ်၊ ငါဘယ်လိုတရားနဲ့ တန်ဆာဆင်ပြီးတော့ ဟောရလျှင်ဖြင့် ဘယ်ပုဂ္ဂိုလ်ဟာ ကျွတ်တမ်းဝင်မယ်ဆိုတာ ဘုရားကိုယ်တော်မြတ်က မြင်တာ။

အဲအခု ကာလရှိတဲ့ ပုဂ္ဂိုလ်တွေကို ဟောရတာက တရားနာတဲ့ ပုဂ္ဂိုလ်တို့၏ အဇ္ဈတ္တိကသန္တာန်မှာ ဘယ်စေတနာမျိုး ဘယ်စရိုက်မျိုး ရှိတယ်လို့ တပ်အပ်သေချာ သိကြဘာမဟုတ်ဘူး၊ အဲဒီတော့ ဟောရ

တာ အတော်ပင်ပန်းတာ၊ မလွယ်ဘူး၊ တခါထဲစီးကိုက် မျဉ်းကိုက် ယထာဘူတ ကျကျနန နားလည်ပါစေတော့လို့ဆိုပြီး တမျိုးပြီးတမျိုး အလီလီ ပြောင်းလွဲပြီးသကာလ ဟောရတာ၊ တကယ်အမှန်ကတော့ အာဒီနဝအပြစ်ကို မြင်မှသာလျှင် နိဗ္ဗာန်ကိုလိုချင်ကြတာ၊ အခုနေ နိဗ္ဗာန်ကိုယူကြမလားလို့ ဆိုလျှင် လွယ်လွယ်ကလေး ပြောလိုက်လို့ မရဘူး၊သေသေချာချာ မိမိတွေးကြည့် မလိုချင်သေးဘူး၊ ဘာပြုလို့လဲ တယ် ကိုယ့်ဘဝကိုယ်နှစ်သက်နေတာ၊ ကိုယ်ရတဲ့ဘဝ ကိုယ်နေရတဲ့ ကာလကြီးကို အင်မတန်ခင်မင်တယ်၊ အင်မတန်နှစ်သက်ဘယ်၊ အင်မ တန်တွယ်တာတယ်၊ မိန့်ဖနဲ့ ဆွေနဲ့မျိုးနဲ့ လင်နဲ့သားနဲ့ မယားနဲ့ စသည့် ဖြင့် ဒီလိုကြင်ကြင်နာနာ ပြုလုပ်ပြီးနေရတာ အင်မတန်ကောင်း အင်မ တန်နှစ်သက် အင်မတန်ခင်မင် အင်မတန်သာယာတာပေါ့၊ ဒီတော့ ခုနေ နိဗ္ဗာန်လိုက်မလားဆိုတော့ မလိုက်ချင်ဘူး။

အဲဒါ တကယ်တမ်း နိဗ္ဗာန်ကိုလိုက်ချင်တို့ရာ ဘာအရေးအကြီးဆုံး လဲဆိုတော့ အပြစ်အာဒီနဝကိုမြင်တို့ရာ အရေးကြီးတယ်၊ အဲဒီတော့ သမုတိသစ္စာနယ်က အာဒီနဝအပြစ်ကိုလဲပြတယ်၊ သမုတိသစ္စာနယ်က အာဒီနဝအပြစ်တွေကိုမြင်မှ၊ ဒီတော့မှ သြော် ငါတို့ လောကဒုက္ခကြီး ဟာ တယ်ကြောက်စရာကောင်းပါလားလို့ သမုတိနယ်က အာဒီနဝ အပြစ်တွေ မြင်တဲ့ပုဂ္ဂိုလ် ကြောက်လာလျှင် ဒီဒုက္ခမှ လွတ်အောင် ဘယ်နည်းနှင့်လုပ်ရပါ့မလဲဆိုတော့ နိဗ္ဗာန်ရမှ အမှန်လွတ်မယ်၊ နိဗ္ဗာန် ရအောင်ကလဲ မလွယ်ဘူး၊ ဒါကျတော့ ဟောလို့မရဘူး၊ ဟောရုံနဲ့ မရတော့ဘူး၊ မိမိကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နဲ့ ဝီရိယကအားထုတ်လို့ သတိမြဲလို့သမာဓိဖြစ်လို့၊ အဲ ဝီရိယ,သတိ,သမာဓိနဲ့ ပြည့်စုံလို့ ယထာ ဘူတအမှန်အကန် အပြစ်အာဒီနဝ ဒုက္ခသစ္စာဉာဏ်တွေကို တခါထဲ ဝင်လာအောင် လုပ်ရတာ၊ အဲဒီလို ဒုက္ခသစ္စာဉာဏ်တွေ တခါထဲဝင် လာတဲ့အခါကျတော့မှ ဒုက္ခကိုမနှစ်သက်ဘဲ သမုဒယကွာမယ်၊ သမုဒ ယကွာလို့ နိဗ္ဗာန်မျက်မှောက်ပြုပြီး မဂ္ဂသစ္စာပွါးမှ သစ္စာလေးပါးတရား တကယ်တမ်းမြင်မှ နိဗ္ဗာန်ရတာ၊ လွယ်တာမဟုတ်ဘူး။

ဒါကြောင့် ခုနတုန်းကပြောတဲ့ ဇနပဒကလျာဏီရဲ့ အကြောင်း ကလေးကိုလဲ မြင်ထားပြီပေါ့၊ အခု ပစ္စုပ္ပန်လောကမှာ မိမိတို့ တကယ် တမ်းတွေ့ကြုံနေရတဲ့ ဒုက္ခအမျိုးမျိုးတွေရှိတယ်၊ဘယ်လိုဒုက္ခမျိုးတွေလဲ

စားမှု၊ သောက်မှု၊ နေမှု၊ ထိုင်မှု၊ လုပ်မှု၊ ကိုင်မှု၊ ရောင်းမှု၊ ဝယ်မှု၊ အဲဒီလိုကိစ္စအစုစုတွေကို ကိုယ်ပိုင်ဉာဏ်နဲ့ကြည့်ကြစမ်း၊ စားလဲဒုက္ခအစစ်၊ သွားရလဲ ဒုက္ခအစစ်၊ နေရထိုင်ရတာလဲ ဒုက္ခအစစ်၊ အိပ်ရတာလဲဒုက္ခအစစ်၊ အဲဒီဒုက္ခကြီးတွေကိုကိုယ်ပိုင်ဉာဏ်ကလေးနဲ့ မြင်အောင်ကြည့်ကြစမ်း၊ ဘယ်လောက်ကြီးကျယ်တဲ့ဒုက္ခလဲ၊ အာဟာရကိစ္စနဲ့ ပတ်သက်ပြီး သကာလ ရှာကြံရတဲ့အခါကာလမှာ အခုကာလဆိုလျှင်သေသေချာချာမြင်ဘို့ကောင်းတာပေါ့၊ မသွားလဲမနေနိုင်၊ မသွားဘဲမနေနိုင်လို့ သွားရတယ်၊ သွားရပြန်လျှင်လဲချမ်းချမ်းသာသာလေးဆိုတော့ဘယ်ဟုတ်မလဲ၊ မျက်မြင်ကိုယ်တွေ့လေ၊ အခုသွားကြလာကြတာ လေယဉ်ပျံနဲ့သွားတယ်၊ မီးသင်္ဘောနဲ့သွားတယ်၊ မီးရထားနဲ့သွားတယ်၊ မော်တော်ကားနဲ့ သွားရတယ်၊ ဒါ ဘယ်သူ့ကြောင့်သွားရသလဲ၊ အင်မတင်ကြီးကျယ်တဲ့ ဒုက္ခပေါ့၊ စီးပွါးရှာမှု၊ စီးပွါးရှာမှုက မိမိတယောက် တဝမ်းဝ တခါးလှ တွင်မဟုတ်ဘူး၊ သားနဲ့မယားနဲ့ ဆွေနဲ့မျိုးနဲ့ ချိုင့်ချိုင့်ဖွမ်းဖွမ်း စားသောက်နိုင်ဘို့ဆိုပြီးတော့ မနေသာသွားကြရတယ်၊ အဲဒီလို သွားရပြန်တော့လဲ ဘယ်လမ်းမှစိတ်ချရတာမဟုတ်ဘူး၊ သိပ်ကြောက်စရာကောင်းတာ၊ ဒါဖြင့်ဘုရား ယခုဘဝ, ယခုအခါတွင် ကြောက်စရာကောင်းသလားဆိုတော့ ဘယ်ဟုတ်မလဲ၊ လောကဒုက္ခနယ်ကြီးဟာ အလွန်ကြီးကျယ်တယ်၊ ဘယ်နေရာမှ သက်သာတာမဟုတ်ဘူး၊ ဟာ ခုဘဝသာ မသက်သာတာဘဲ ဟိုဘဝတော့ သက်သာလိမ့်မယ်ဆိုတာက ဒါကပိုပြလွှာသတရေး၊ ဘယ်အခါမှမသက်သာဘူး၊ ဤဘဝမှာလဲ မသက်သာဘူး၊ နောင်ဘဝမှာလဲသက်သာမှာ မဟုတ်ဘူး၊ နိဗ္ဗာန်မရမခြင်း ဘယ်တော့မှမသက်သာဘူး။

အဲဒီလို တကယ်အစစ် ဒုက္ခကြီးကို ပစ္စုပ္ပန်သမုတိ သစ္စာနယ်က ဒုက္ခလဲမြင်အောင် ကြည့်ရတယ်၊ အဲဒီလိုတကယ့်ဒုက္ခသစ္စာနယ်က ဒုက္ခကိုမြင်တဲ့အခါ ပရမတ္ထနယ်ထဲက ဒုက္ခကိုရှာရတယ်၊ အဲ ပရမတ္ထဒုက္ခနယ်က ဒုက္ခကိုရှာရမယ်ဆိုတော့ မလွယ်ဘူး၊ ပရမတ္ထနယ်ကဒုက္ခကို ဘယ်လောက်ဟောဟော ကျောချမ်းမှာမဟုတ်ဘူး၊ တကယ့်အစစ်အလုပ်က သီလမဂ္ဂင်သုံးပါး သမာဓိမဂ္ဂင်သုံးပါး ပညာမဂ္ဂင်နှစ်ပါး မဂ္ဂင်ရှစ်ပါးတရား၊ ဤမဂ္ဂင်ရှစ်ပါးတရားကို ချန်လှပ်၍ ဘယ်သတ္တဝါမျိုး ဘယ်လူဘယ်နတ် ဘယ်ဗြဟ္မာမှ တကယ့်အစစ်ဒုက္ခကို မြင်နိုင်တဲ့

တရားမရှိဘူး၊ ဘုရားကိုယ်တော်မြတ်ကိုယ်တိုင် ဟောသွားတာပေါ့၊ တကယ်အစစ် မဇ္ဈိမပဋိပဒါတရား မဇ္ဈိမပဋိပဒါတရားဆိုတာ ကာမသုခလ္လိကာနုယောဂ အယုတ်,အတ္တကိလမထာနုယောဂ အယုတ်ဆိုတဲ့ အဲဒီ အယုတ်တရားနှစ်ပါးတို့၏ အလယ်၌ဖြစ်သော မဇ္ဈိမပဋိပဒါတရား ဓမ္မစကြာမှာ ဟောသွားတယ်၊ အဲဒီလိုဟောသွားတဲ့ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး သာသနာသုံးရပ် ချန်လှပ်၍ တကယ်အစစ်ဒုက္ခကို မြင်ဘို့ရာ မလွယ်ဘူး။

ဒီတော့ ခု ဒကာ,ဒကာမတွေကို တရားအားထုတ်ဘို့ တိုက်တွန်းရတယ်၊ ဘာပြုလို့တိုက်တွန်းနေသရလဲဆိုတော့ တကယ်အစစ်ဒုက္ခသူတို့မှာရှိတယ်၊ အခုမျက်မှောက်ဘဝမှာဘဲ တွေ့ကြုံရမယ်၊ ပြုဆဲဖြစ်တဲ့ ဒုက္ခတွေ မရချတွေ့ရမယ်မလွဲဘူး၊ အခုကြည့်စမ်း မိမိတို့ နေရာဗိမာန် ဉယျာဉ်အစရှိသော လယ်ယာကိုင်းကျွန်းတွေကို စွန့်ပြီးတော့ မြို့ပေါ်တက်နေကြတယ်၊ တချို့များ သနားစရာ သိပ်ကောင်းတာ၊ ဘယ်လောက်သနားဘို့ ကောင်းသလဲဆိုလျှင် မြို့ပေါ်တက်ပြီးတော့ အလုပ်လဲမလုပ်တတ် ရှာလဲမရှာတတ်၊ ဖွေလဲမဖွေတတ်၊ အလုပ်အကိုင်အကြံအဖန် ဘာမျှမတတ်ဘူး၊ နို့ဘာပြုလို့မြို့တက်နေရသလဲဆိုတော့ မလွှဲသာ မရှောင်သာလို့ပေါ့၊ ခမျာများ တောမှာသာ တောအလုပ်နှင့် ယာခင်းလေးလုပ်လိုက် လယ်လေးလုပ်လိုက် ဉယျာဉ်လေး လုပ်လိုက်နှင့် သူတို့မှာ သည်လိုဘဲ စီးပွါးရှာစားနေကြတာ၊ အဲဒီပုဂ္ဂိုလ်တွေဟာ မိမိတို့ လက်ငုတ်လက်ရင်းဖြစ်တဲ့ စီးပွါးတွေစွန့်ပြီးတော့ မြို့တက်နေရတယ်၊ မြို့ပေါ်ရောက်ပြန်တော့လဲ ခမျာများ ဘယ်လောက်သနားစရာ ကောင်းသလဲ၊ မရှာတတ် မဖွေတတ်, မလုပ်တတ် မကိုင်တတ်၊ အင်မတန်မှသနားစရာ ဒုက္ခိတတွေ အများကြီးရှိတယ်၊ အဲဒီလိုပုဂ္ဂိုလ်တွေကို ကြည့်ပြီးတော့ သံဝေဂဓမ္မရဘို့ ဘယ်လောက်ကောင်းသလဲ၊ တို့ဒကာ,ဒကာမတွေက ရချင်မှရမှာ၊ တကယ်အစစ် ကိုယ်ပိုင်ဉာဏ်နှင့် တွေးကြည့်လျှင် အလွန် ကြောက်စရာကောင်းတဲ့ ဒုက္ခကြီးတွေပေါ့။

အဲဒါက ပစ္စုပ္ပန်ဒုက္ခလေးတွေပြောတာ၊ အဲဒီလို အပြစ်အာဒီနဝတွေကို မမြင်မြင်အောင်လို့ တို့ပြခဲ့တာ အများကြီးပေါ့၊ ဒီ ဝိပဿနာသမားတွေကျတော့ကာ မမြင်မြင်အောင် ဝိပဿနာဉာဏ်နဲ့ မထင်ထင်အောင် အဲ, ကြောက်စရာလန့်စရာဆိုကဲ့ အာဒီနဝအပြစ်တွေ မမြင်

မြင်အောင် ဆိုပြီးတော့ ဥပမာအမျိုးမျိုးနှင့် ပြခဲ့တာပေါ့၊ အဲဒီတော့ ဝိပဿနာသမားတွေကတော့ လွယ်ပါတယ်၊ ဝိပဿနာ အလုပ်ကို အားမထုတ်ဘူးသေးတဲ့ ပုဂ္ဂိုလ်တွေကျတော့ မလွယ်ဘူး၊ ဘာဖြစ်လို့လဲ အင်မတန် ဒီတရားကို နာရတာကိုက ပျင်းစရာကြီးဘဲ၊ ပျင်းစရာ ဆိုတာ ဘုန်းကြီးကလက်တွေ့၊ မနေ့ကတုန်းက ဒီမှာ ဒကာ, ဒကာမ တယောက် နှစ်ယောက်လာတယ်၊ ဒီမှာလဲ တရားကူးမဲ့ဆဲဆဲ ရောက်နေတယ်၊ အဲဒီအခါမှာ ဓမ္မာရုံပေါ်တက်လာတော့ အားလုံးမိတ်ဆွေ သင်္ဂဟတွေကပေါ့လေ အင်မတန် မေတ္တာတရားနှင့် ကိုင်းကွယ် ဝိပဿနာတရားကူးနေတာ ဝင်ကူးလိုက်စမ်းပါဆိုတော့ ခမျာ၃မှာ ဖြုန်းခနဲဝင် ကူးရရှာတယ်၊ ဝင်ကူးတော့ သူ့မှာ ဝိရိယကလဲမရှိ၊ သတိကလဲမရှိ၊ သမာဓိကလဲ မရှိ၊ ဝိရိယ, သတိ, သမာဓိ မှ မရှိတော့ ဒီက ပညာစခန်းကို ပြနေတာ ရုပ်နာမ်တွေသူတို့ ရှာတော့ ရှာပါလိမ့် ထင်ပါရဲ့၊ ရှာသော်လည်း ရုပ်နာမ်ရှာမတွေ့ရှာဘူး၊ ရုပ်နာမ်မတွေ့ တော့ ပျင်းလာတာပေါ့၊ ပျင်းလာတော့ တို့ ဝိပဿနာတရားကူးတဲ့နေ့ ဆိုလျှင် တကထဲ တနာရီလုံးလုံး သဘာဝယုတ္တိ အာဂမယုတ္တိနှင့် နားလည်အောင်ပြနေတာ အဇ္ဈတ္တိကသဏ္ဍာန်မှာ အမှန်တကယ်တွေ့ အောင် ပြနေတော့ အဲဒါ သူရှာတော့မတွေ့ဘူး၊ မတွေ့တော့ ပျင်းလာ တယ်ထင်ပါရဲ့ ဒီကတရား အားထုတ်လို့ သုံးပုံနှစ်ပုံလောက်လဲ ကျရော ထပြန်သွားကုန်ကြရော။

ကိုင်း ဘယ်လောက်ဟန်ကျသလဲ၊ ပျင်းစရာကြီးဘဲ၊ ဒီတရားဟာ လွယ်တဲ့တရားမှမဟုတ်ဘဲ၊ အင်မတန်ခက်ထာ၊ ခက်တဲ့အကြောင်းကို တော့ လူတိုင်းသိချင်မှသိမှာပေါ့၊ မိမိတို့ဟာ မိမိ အမှန်အကန် ယထာ ဘူတ ဟုတ်တိုင်းမှန်စွာ ထင်နေလို့ရှိလျှင် ကိုယ့်ဟာကိုယ် လွယ်တယ် ထင်ချင်ထင်နေမှာပေါ့၊ မလွယ်ဘူးလို့ ဘုန်းကြီး ခဏခဏပြောတယ်၊ မလွယ်ဘူး၊ ဝိပဿနာဉာဏ်ဟာ လွယ်ကိုမလွယ်ဘူး ဘာဖြစ်လို့လဲ၊ ကိုယ်တွေ့ဉာဏ်မြင်တရားဘဲ။

အဲဒီတော့ တို့ဒီမှာလာပြီးတော့ အားထုတ်တဲ့ပုဂ္ဂိုလ်တွေ အခု တရားနာနေကြတာပေါ့၊ အဲ တရားအားမထုတ်ဘူးသေးတဲ့ ပုဂ္ဂိုလ်တွေ တရားအားထုတ်ထားသော်လည်း မိမိတို့တရားမှာ ယထာဘူတကျ လေလား မကျလေလား အမှန်အကန် ဟုတ်လေလား မဟုတ်လေ

လား ကိုယ်ပိုင်ဉာဏ်လေးနှင့် ထင်ရှားစွာသိအောင် ဘုရားဟောတဲ့ ပါဠိတော် ဒေသနာနဲ့ ညှိနှိုင်းကြပေါ့၊ ဘုရားဟောတဲ့ ဒေသနာက ဘယ်လိုလဲ-

ပညဝါ ဟောတိ ဥဒယတ္ထ ဂါမိနိယာ ပညာယ သမန္နာ
ဂတော အရိယာယ နိဗ္ဗေဓိကာယ သမ္မာ ဒုက္ခက္ခယဂါမိနိယာ။

ပညဝါ-ပညာရှိသည်၊ ဟောတိ-ဖြစ်၏၊ ပညာရှိရ မယ်တဲ့၊ ကောင်းပြီ ပညာတွေက အင်မတန်များတယ်၊လောကီမှာ ပညာပေါင်း ဘယ်လောက်များသလဲ ဟော့,အိုင်အေ, ဘီအေ, အမ်အေ, ပညာတွေ လေ၊ ဓာတုဗေဒပညာ, စက်မှုပညာ, လက်မှုပညာ အမျိုးမျိုး ပေါ့လေ၊ ပညာလို့ခေါ်ကြတယ်၊ ဒါပညာလားတဲ့ ဘုရားကတော့ ပညာဆိုတာဟာ—

ပညြဒ္ဓိယေန-အနိစ္စအစရှိသော အစွမ်းအားဖြင့်ထိုးတွင်း၍ သိသည် ဖြစ်၍၊ ထိုသို့သိခြင်း၌ အစိုးရခြင်း လက္ခဏာရှိသည်၏ အဖြစ်ကြောင့် ပညိန္ဒြေ အမည်ရှိသော အမောဟာဝိဇ္ဇာဉာဏ်။

ဒါဒါ ပညာအစစ်ခေါ်တယ်၊ အနိစ္စ, ဒုက္ခ, အနတ္တ ဒီလက္ခဏာရေး သုံးပါးကို သိတာဟာ ပညာစစ်ခေါ်တယ်၊ ဒါအခုပြောတဲ့ ပညာစစ် မျိုးက သာသနာပကာလမှာဆိုလျှင် ဘယ်အခါကာလမှ တွေ့ကောင်း တဲ့ တရားမျိုးမဟုတ်ဘူး၊ သာသနာပကာလမှာ တကယ်အစစ် ရုပ် နာမ်တရားတို့၏ ဖြစ်ပျက်မစဲ ဖြစ်သောကြောင့် အနိစ္စဘဲ, ဒုက္ခဘဲ, အနတ္တဘဲလို့ ဘယ်အခါမှ မသိကောင်းဘူး၊သိလိမ့်မယ်များ စိတ်ထဲမှာ တွေးတောပြီးတော့ မထင်ကြနှင့် ဘယ်အခါမှ မတွေး စကောင်းဘူး၊ ဒါကြောင့် မနုဿတ္တဒုလ္လဘ, ဗုဒ္ဓုပ္ပါဒဒုလ္လဘဆိုတဲ့ ဒုလ္လဘ ငါးပါးမှာ ဘုရားဖြစ်တဲ့ ဒုလ္လဘဟာ အလွန်ရခဲတယ်၊ ဒါဒီ ဘုရားဖြစ်တဲ့ ကာလ ထဲမှာ လူဖြစ်ဘို့ရာ အလွန်ရခဲတယ်၊ ဘုရားဖြစ်တဲ့ ကာလအတွင်း လူဖြစ်လာရသော်လဲ သဒ္ဓါသမ္ပတ္တိ-အငွေ့န် ယုံကြည် နိုင်ခဲတယ်တဲ့၊ ဒါဒီသိုယုံကြည်နိုင်ခဲတဲ့ သူတော်ကောင်း တရားကို ကြားနာ ရဘို့ကလဲ အလွန်ရခဲတယ်၊ဒါဒါဘာကြောင့်လဲ ခုပြောတဲ့ အနိစ္စဉာဏ် ဒုက္ခဉာဏ် အနတ္တဉာဏ်ဆိုတဲ့ လက္ခဏာရေး သုံးပါး သိဘို့ ကာလကောင်း အခွင့် ကောင်းဟာ ဟောဒီဘုရားပွင့်တဲ့ သာသနာခေတ်သာ တွေ့ကောင်း တာ၊ ဒီလိုဘုရားမပွင့်တဲ့ သာသနာပကာလမှာဆိုလျှင် စိတ်သာချ ဘယ်

တော့မှ မတွေ့ကောင်းဘူး၊ ဒါကြောင့် ဘုရားကိုယ်တော်မြတ်က ပညာစက်ကို ဟောလိုက်တာ၊ ပညဝါ-ပညာရှိသည်၊ ဟောတိ-ဖြစ်၏။

အဲဒီ ပညာအစက်က ဘယ်လို လုပ်မှရမှာလဲတဲ့၊ ဘယ်က ရမလဲလို့ မေးတော့ အဲဒါ ကိုယ်ပိုင်ဉာဏ်ကလေးနဲ့ တွေးကြည့်ကြ၊တရား အား မထုတ်ဘူးတဲ့ ပုဂ္ဂိုလ်တွေ ဒီလိုရုပ်နာမ်ကို ကိုယ်တိုင်တွေ့, မတွေ့ သိ, မသိကို ကိုယ်ပိုင်ဉာဏ်နဲ့ ကြည့်ပေါ့၊ ဥဒယဗ္ဗဂါမိနိယာ-မိမိခန္ဓာ သူတပါး ခန္ဓာတို့၌ ခဏမစဲ တသဲသဲဖြစ်ပေါ်၍ နေမှု ခဏမစဲ တသဲသဲ ချုပ်ကွယ်၍နေမှု အမှီလိုက်နိုင်စွာထသော၊ အဲဒါဘယ်လောက် ခဲယဉ်းတယ် ဆိုတာကြည့်တော့, ဒီရှေ့ပြောတဲ့ ရုပ်တရား နာမ်တရားတို့ကို တွေ့၍ ရုပ်နာမ်တရားတို့သည် ခဏမစဲ အသစ်အဟောင်း အမြဲတမ်း ပြောင်းလဲနေတာကို တွေ့ရမယ်တဲ့၊ အဲဒါ မတွေ့သေးတဲ့ ပုဂ္ဂိုလ် တွေ အောင်ရှာကြပေါ့၊ မတွေ့ဘဲနှင့် တွေ့ချင်ယောင်တော့ ဟန်မဆောင်နဲ့ မိမိခန္ဓာကိုယ်မှာရုပ်တရားနာမ်တရားတို့သည် ခဏမစဲ အမြဲပြောင်းလဲ နေတာအမှန်၊ သို့သော်လည်း ဘယ်နေရာ ဌာနက ပြောင်းလဲသလဲ ဆိုတော့ ပြောင်းလဲခြင်း ဌာနက ခြောက်ဌာနရှိတယ်၊ ပြောင်းလဲခြင်း ဌာနခြောက်ခုရှိတဲ့ အနက်က ဝိပဿနာရှုလို့ရတဲ့ ဌာနတော့ မြတ်စွာဘုရားလဲ ဟောတာဘဲ။

စက္ခုံစပဋိစ္စရူပေစဥပ္ပဇ္ဇတိ့စက္ခုဝိညာဏံ-စက္ခုပသာဒရုပ်,ရူပါရုံရုပ်, အဲဒါ ရုပ်တရားတွေပေါ့၊ စက္ခုပသာဒကလဲ ရုပ်ဘဲ၊ မျက်စိရုပ်ခေါ်တယ်၊ အဆင်းရူပါရုံကလဲရုပ်၊အဲဒီအဆင်းရုပ်နဲ့ မျက်စိပသာဒရုပ်နဲ့ ပေါင်းဆုံလျှင် မြင်သိလုံးဆိုတဲ့ စက္ခုဝိညာဏ် နာမ်တရား ပေါ်လာတယ်၊ အဲဒါရုပ်နာမ်အစစ်ပေါ့၊ အဲဒီ ရုပ်နာမ်အစစ်ကို ဝိပဿနာ ဖြစ်အောင် ရှုနိုင်လျှင်အလွန်ကောင်းတဲ့ တရားပေါ့၊ ရှုနိုင်လျှင်လဲ ရှုကြပေါ့၊ သို့သော် မျက်စိ,အဆင်း, မြင်သိသုံးပါး ရုပ်နာမ်နှစ်ပါးကို ဝိပဿနာ ရှုမယ်ဆိုလျှင် အခါခပ်သိမ်း ရှုနိုင်ပါမလားလို့ မေးတော့ မျက်စိမှိတ်ထားလျှင် ရှုမရဘူး၊ ဘယ်ရှုရမလဲ မျက်စိမှိတ်ထားတာ၊ အဆင်းကိုမှ သူမမြင်နိုင်ဘဲ၊မြင်သိလုံးလဲ မပေါ်ဘူး၊ပြီးတော့ မျက်စိရုပ်နာမ် မရှိဘူး၊ အကယ်၍များ မျက်စိကန်းနေမယ်တဲ့ အဲဒီလို မျက်စိကန်းနေတဲ့ပုဂ္ဂိုလ် ဟာမျက်စိပသာဒရုပ် ပျက်စီးနေတယ်၊ ပျက်စီးနေတော့ အဆင်းရုပ်နဲ့ တွေ့ထိပေမဲ့ မြင်သိနာမ် မပေါ်တော့ဘူး၊ ဒီတော့ ရုပ်နာမ်မပေါ်ဘူး၊ အဲဒီ

မျက်စိက ဝိပဿနာရှုလို့ကို မရတော့ဘူး၊ ဘာဖြစ်လို့လဲ မျက်စိကန်း နေမှာကိုး၊ အဲဒါလဲ တချက်မှတ်ထားကြအုံး၊ ကျမ်းဂန်ကတော့ ဟုတ် တယ်နော်၊ ဥပမာအားဖြင့် တို့ပြောရမယ်ဆိုလျှင်—

စကားပုံပြောကြတာ ငယ်ငယ်က သံချပ်ထိုးကြတယ်၊ ဝက်သား တုံးကြီး နူးခေါင်းလောက်ကွ၊ သူများစားတာ မြင်ဘူးပါရဲ့၊ သူများ စားတာမြင်ဘူးလို့ ကိုယ်မှမစားရဘဲ ဘယ်ဟန်ကျမလဲ၊အရလဲ မြင်သိ အသစ်ပြောင်း အဟောင်း ပျက်တယ်ဆိုတာ ဝိပဿနာ အစစ်ဘဲ၊ သို့သော် ကိုယ့်မှာ ဝိပဿနာမဖြစ်လျှင် ဘယ့်နှယ်လုပ်မလဲ၊ မဖြစ်ဘူး၊ ကိုယ်တိုင် ဝိပဿနာဖြစ်မှ မှန်တယ်၊ နားနှင့်အသံ ကြားသိသုံးပါး ရုပ် နာမ်နှစ်ပါး ဝိပဿနာအစစ်ဘဲ၊ နားရုပ်ကယ် အသံရုပ်ကယ် ကြားသိ နာမ် ဒါရုပ်နာမ်အစစ်ပေါ့၊ အဲဒီရုပ်နာမ်အစစ်ကို ဧကန်ယထာဘူတ သိလျှင် ကြားသိလုံးတွေ အဆင့်ဆင့် အသစ်အဟောင်း ပြောင်းလဲ နေဟာကို သေသေ ချာချာအာရုံ စိုက်ပြီးတော့ နှလုံးသွင်း ဟော ဝိပဿနာ အစစ် ဖြစ်တာပေါ့၊ကြားသိလုံးတွေ အဆင့်ဆင့် နာရီ မိနစ် စက္ကန့်မစဲအောင် အမြဲ ပြောင်းလဲ နေတဲ့ ဝိပဿနာ တရားပေါ့၊ သို့သော်လည်း အခါခပ်သိမ်းတော့မရဘူး၊ ဘယ်လိုမရသလဲဆိုတော့ နားပင်းနေလျှင်လဲ ဒိပုဂ္ဂိုလ် ဘယ်နည်းနဲ့မှ ဒို့နားပေါက်က ဝိပဿနာ မရတော့ဘူး၊ အဲဒါလဲ တချက်မှတ်ထားကြအုံး၊ နားရဲ့ပသာဒရုပ်ကလဲ ကြည်လင်မှ အသံနဲ့လဲ တွေ့မှ ကြာသိလုံးကလေးပေါ်မှ ဝိပဿနာဖြစ် နိုင်တယ်၊ နားကန်းနေမယ်ဆိုလျှင် ဘယ်အသံမှ မကြား မကြားတော့ ကြားသိလုံးနာမ်ကလဲမပေါ် အဲဒီတော့ ဝိပဿနာလဲ ရှာမရတော့ဘူး၊ နားနှင့် ဝိပဿနာလုပ်လို့ မဖြစ်တော့ဘူး။

ဒါဖြင့်နှာခေါင်းက ရှုမယ်၊အဲ နှာခေါင်းက ရှုပြန်တော့လဲ နှာခေါင်း ကရုပ် အနံ့ကရုပ် နံ့သိလုံးကနာမ် ရုပ်နာမ်ဟုတ်ပြီ၊ အဲဒီရုပ်နာမ်ကို အကြိမ်ကြိမ် နံ့သိလုံးတွေတဖွါးဖွါး တဖွါးဖွါး၊ဒါလဲအနံ့လာမှအနံ့နဲ့တွေ့ ပါမှ နံ့သိလုံးပေါ်မှ အနံ့နဲ့မတွေ့သမျှ ဃာနပသာဒရုပ်ချည်း သက်သက် ဂန္ဓာရုံချည်းသက်သက် ဃာနဝိညာဏ်မဖြစ်လျှင် ရုပ်နာမ် မဖြစ်နိုင်ဘူး၊ အဲ ဂန္ဓာရုံနဲ့ ဃာနပသာဒရုပ်နဲ့ တွေ့ထိတဲ့ အခါကလေးမှာ ဖွါးကနဲ ဖွါး ကနဲ ဆိုပြီးတော့ ဃာနဝိညာဏ်သိလုံးတွေ ပေါ်တာ၊ အဲဒါဝိပဿနာ ဖြစ်တာပေါ့၊ ကောင်းပြီ ထိပ်ကပ်နာ ရောဂါနဲ့ ဖွတ်စအိုရွဲနေလို့ ဘာနံ့မှ

မနံဘူး၊မရဘူး၊အဲဒီ ပုဂ္ဂိုလ်လဲ နှာခေါင်းကဝိပဿနာတော့ အားမကိုးနဲ့ မရဘူး၊ နှာခေါင်း ဝိပဿနာအားကိုးလို့ မရဘူး၊ အဲဒါ လေးလဲ မှတ်ထားကြပေါ့၊

ဟော ပြီးတော့ ဘာလဲ ဇိဝှါပသာဒရုပ် လျှာရုပ်လို့ ခေါ်တာပေါ့၊ ရသာရုံရုပ်,အချို,အချဉ်,အဖန်,အခါး,အငန်အစပ်,ရသာရုံရုပ်ပေါ့၊အဲဒီ ဇိဝှါပသာဒရုပ်နဲ့ ရသာရုံရုပ် တွေ့ထိတိုင်း တွေ့ထိတိုင်း ဇိဝှါဝိညာဏ် ဆိုတဲ့ စားသိလုံး နာမ်ခဲတ်ကလေး ပေါ်တာပေါ့၊ကောင်းပြီ ဝိပဿနာ ရှုမယ် ဆိုလျှင် အချိုတို့, အချဉ်တို့, အဖန်တို့, အခါးတို့ကို အနားမှာ အသာထား၊ ထားပြီးတော့ လျှာပေါ်တင်လိုက်၊ လျှာပေါ်တင်လိုက် တော့ ချိုကနဲဆိုလျှင် ဟော ပျောက်သွား ဖြစ်ပျက်ပေါ့၊ ဝိပဿနာ ရှုရာမှာလေ၊ အဲ အငန်ကလေးတင်လိုက်၊ ငန်ပြန်ရော၊ စားသိလုံးလေး ရှုလိုက်၊ ကောင်းသားဘဲ၊ အဲ, အချို, အချဉ်, အဖန် ,အခါး,အငန်,လျှာ ပေါ်မရောက်သမျှ ရုပ်နာမ်ဘယ်တော့မှ မပေါ်ဘူး၊ ရုပ်နာမ်မပေါ်လျှင် လျှာနဲ့ ဝိပဿနာရှုလို့ မဖြစ်တော့ဘူး၊ အဲဒါ မှတ်ထားဘို့ပေါ့။

မနောကကော မနောကကြံသိလုံး၊ မနောက ကြံသိလုံးကလေးတွေ ကလဲ အဆင့်ဆင့် ချုပ်ပျောက်သွားတာကို အာရုံ ပြုပြီးတော့ နှလုံး သွင်းမှ အဲဒီလိုနှလုံးသွင်းမှ ဝိပဿနာဖြစ်မယ်၊ ကြံသိလုံးကို အာရုံမပြု မိလျှင်လဲ ဝိပဿနာ မဖြစ်နိုင်ဘူး။

ဟော ကိုယ်မှာလဲ ဒီလိုဘဲ ကိုယ်ကတွေ့သိလုံး၊ တွေ့သိလုံးဆိုတော့ ဘယ်လိုတွေ့သိလုံးလဲ ဗဟိဒ္ဓသဏ္ဌာန်နဲ့ ခြေထောက်နဲ့ လှမ်းသွားလျှင် မြေကြီးနဲ့ ဒိုင်ခနဲ ဒိုင်ခနဲ တွေ့တွေ့သွားတာ၊ အဲဒီ တွေ့သိလုံးကလေးတွေ ဟာ ပဌမခြေလှမ်းက ရုပ်နာမ်ဖြစ်သွား ဖြစ်ပြီးပျက်သွားတယ်၊နောက် ဒုတိယခြေလှမ်းက ဖြစ်ပြီးပျက်တယ်၊ ဒီလိုချည်း လှမ်းလှမ်းနေလျှင် တော့ ဝိပဿနာဖြစ်မယ်၊ ခြေမလှမ်းဘဲနဲ့ ထိုင်နေတဲ့အခါ ထိသိပျက် ထိသိဖြစ်ပျက်၊ အဲဒါလဲဘဲ အတော်ခဲယဉ်းတဲ့ ဘရားတွေဘဲ၊ သိလျှင် သိပ်ကောင်းတာ၊ သာရခေါ်ထိုက်တာပေါ့၊ အခု ဒီမှာ ယောဂီတွေကို ပြတဲ့တရားကတော့ ထိုင်နေနေ,ထနေနေ, အိပ်နေနေ, သွားနေနေ ခန္ဓာ ငါးပါးကို အစဉ်တွေ့နေတယ်၊ ဝီရိယရှိမယ် သတိရှိမယ်၊ သမာဓိ ငြိမ်သက်မယ်ဆိုလျှင် ဝီရိယ,သတိ သမာဓိနဲ့ ပြည့်စုံနေတဲ့ ပုဂ္ဂိုလ် ဦးခေါင်းကစ ခြေဖျားထိအောင် အာရုံစိုက်ပြီးတော့ နှလုံးသွင်း

လိုက်လျှင် တမိနစ်တစက္ကန့်မှမစဲဘူးပြောင်းလဲနေတာတရှိန်ရှိန်,တသုတ်သုတ်, တလှုပ်လှုပ်, တရွရွ, မိနစ် စက္ကန့်မစဲအောင် ပြောင်းလဲနေတော့ ခန္ဓာငါးပါး ရုပ်တရား နာမ်တရားတွေ ထင်ရှားနေပြီ မဟုတ်လား။

တချို့ခန္ဓာငါးပါး ရုပ်တရား နာမ်တရားကို စာထဲမှာ ရှိတယ်လို့ အောက်မေ့ကြတာ၊ ကိုယ်မှာရှိတာ မသိဘူး၊ အာယတနတို့ ဓာတ်တို့ဆိုတော့ စာအုပ်ထဲမှာရှိတယ် ထင်ကြတာ၊ မရှိပါဘူး၊ စာအုပ်ထဲမှာ အခုပြောတဲ့ ခန္ဓာ အာယတန ဓာတ်ဆိုတာ မိမိတို့ ကိုယ်အတွင်း သဏ္ဍာန်မှာ အမှန်ရှိတာ၊ ဘုရားဟောတာ အဇ္ဈတ္တိက သဏ္ဍာန်မှာ အမှန်ကိုရှိတယ်၊ ရှိန်ကနဲ, ရှိန်ကနဲ အချထိုင်နေတယ်၊ အပူရှိန်၏ အခိုးကြောင့် အဇ္ဈတ္တိကသဏ္ဍာန်ကအပူဓာတ်နဲ့ တွေ့ကြုံပြီး သကာလ ရှိန်ရှိန်ရှိန်ရှိန်နဲ့ ပူနေကြတယ်၊ အဲဒါ ပူဆိုတာ တေဇောဖေါဋ္ဌဗ္ဗရုပ်၊ ဘယ်သူနဲ့ တွေ့သလဲ၊ ကာယပသာဒရုပ်နဲ့ တွေ့တယ်၊ ဟောဖေါဋ္ဌဗ္ဗရုပ်နဲ့ ကာယသာဒရုပ်နဲ့တွေ့တော့ ဘယ်သူလဲ ကာယဝိညာဏ်ကလေးက သိတယ်၊ ပူဘိုင်းသိ,ပူတိုင်းသိ ရိပ်ရိပ်ရိပ်ရိပ်သိ၊အဲသိတယ်လို့ဆိုတော့ သိတာက နာမ်တရားပေါ့၊ ခုနတုန်းက ပူရုပ်, ဖေါဋ္ဌဗ္ဗရုပ်နှင့် ကာယပသာဒရုပ်က ရူပက္ခန္ဓာ၊ ပူရုပ်ကလေးကို သိတာက ဝိညာဏက္ခန္ဓာ၊ ထိုဝိညာဏက္ခန္ဓာနှင့် သဟဇာတပစ္စည်း ခွဲခွါလို့ မရကောင်းတဲ့ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ပါတာပေါ့၊ဒီတော့ ရုပ်ခန္ဓာတပါး နာမ်ခန္ဓာလေးပါးဟာ ယောဂီတို့၏ အဇ္ဈတ္တိက သဏ္ဍာန်မှာ ကြည့်လိုက်စမ်း၊ တရှိန်ရှိန်, တသုတ်သုတ်, တလှုပ်လှုပ်, တရွရွ, ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ဖြစ်ပျက်, ဖြစ်ပျက်ဆိုတာ ဘယ်ကလောက်မှန်သလဲ၊ အဲဒါ ကိုယ်တွေ့ဉာဏ်မြင်တရားတွေ ခေါ်တယ်။

ယောဂီများကိုယ်တိုင် တွေ့နေတဲ့ တရားဟာ ခန္ဓာငါးပါး အစစ်၊ အာယတနလို့ခေါ်လျှင်ကော ကာယာယတန,ဖေါဋ္ဌဗ္ဗာယတန, မနာယတန, ဟော အာယတနလို့လဲ ခေါ်တယ်၊ဓာတ်ကကော ကာယဓာတ်, ဖေါဋ္ဌဗ္ဗဓာတ်,ကာယဝိညာဏဓာတ် ရုပ်ဓာတ်နာမ်ဓာတ်ပေါ့၊အဲ့ဒီတော့ ရှိန်ကနဲလို့ဆိုလျှင် ရုပ်ခန္ဓာ, နာမ်ခန္ဓာလို့ အာရုံပြုလဲ မှန်တယ်၊ ရှိန်ကနဲဆိုတာကို ရုပ်အာယတန, နာမ်အာယတနလို့ အာရုံပြုလဲ မှန်တယ်၊ ဓာတ်ကကော ရှိန်ကလဲလို့ တွေ့လိုက်တာနဲ့ ရုပ်ဓာတ်, နာမ်ဓာတ်လို့ အာရုံပြုလဲ မှန်တယ်၊ ဟောဒါ ရုပ်ဓာတ် နာမ်ဓာတ်, ရုပ်ခန္ဓာ နာမ်

ခန္ဓာ၊ ရုပ်အာယတန၊ နာမ်အာယတနတွေ မိနစ် စက္ကန့်မစဲအောင် အမြဲတမ်း ပြောင်းလဲနေပါလားလို့ သိတယ်၊ သိတော့ ဖြစ်ပျက် ဖြစ်ပျက်သိနေတာပေါ့၊ အဲဒါ ပါးစပ်ကဆိုတာ မဟုတ်ဘူး၊ ယောဂီတွေ သိနေတာ၊ မဖြစ်နဲ့လို့လဲ လုပ်မရ၊ မပျက်နဲ့လို့လဲ တားမရ၊ ဖြစ်ပျက်သွား ဖြစ်ပျက်သွား၊ ကိုယ်တွေ့ ဉာဏ်မြင် ဖြစ်နေတယ်၊ အဲဒါကို ဥဒယဗ္ဗယလို့ ခေါ်တယ်၊ ဒါကြောင့် ဥဒယတ္ထ ဂါမိနိယာ-မိမိခန္ဓာ သူတပါးခန္ဓာတို့၌ ခဏမစဲ တသဲသဲ ဖြစ်ပေါ်၍နေမှု ခဏမစဲ တသဲသဲ ချုပ်ကွယ်၍ နေမှုကို အမှီလိုက်နိုင်စွာထသော၊ အဲသလို အမှီ လိုက်နိုင်ဘာဖြစ်သလဲဆိုတော့ အဲဒါ ပညာအစစ်ပေါ့၊ ဥဒယဗ္ဗယဉာဏ်ကိုရတဲ့ ပညာစစ်ပညာအမှန်ဘဲ၊ ဘာပြုလို့လဲ ဆိုတော့ ဖြစ်တယ် ပျက်တယ် သိကထဲကမမြဲဘူးလဲ သိတယ်၊ ဟောဆင်းရဲခြင်း ဒုက္ခတွေ့နေပြီ၊ ဘယ်သူကတားလို့ရသလဲ၊ တားကြစမ်း တရှိန်ရှိန်၊ တသုတ်သုတ်၊ တလှုပ်လှုပ်၊ တရွရွ၊ မဖြစ်ပါနဲ့လို့ တားမရ မပျက်ပါနဲ့လို့လဲ တားမရ၊ သဘာဝ ဖြစ်ပျက် နေခြင်းကြောင့် ဆင်းရဲခြင်းဒုက္ခ ထိုသဘာဝဓာတ်တွေ ဖြစ်ပျက်နေတာကို ဘယ်သူမှ အပိုးမရလို့ အနတ္တ၊ အဲဒီ အနိစ္စ ဒုက္ခ အနတ္တကို သာသနာပမှာ ရှိလိမ့်မယ်များလို့ စိတ်မကူးကြနဲ့နော် မရှိဘူး၊ ဘုရားပွင့်တဲ့ သာသနာခေတ် အတွင်းမှာသာ ရှိကောင်းတဲ့တရား၊ ဘယ်အခါမှ သာသနာပမှာ တွေ့ကောင်းတဲ့ တရားမဟုတ်ဘူး၊ အဲ ဒါကြောင့် ဒါပညာ အစစ်အမှန်ဘဲတဲ့။

အဲဒီလို ဥဒယဗ္ဗယဉာဏ် ပညာအစစ်ကို သိတ္တိရာ ဘယ်လို ပုဂ္ဂိုလ်မျိုးမှ သိနိုင်ပါ့မလဲဘုရားလို့ မေးဘွယ်ရှိသောကြောင့်၊ အရိယာယ အရိယာမှ သိနိုင်တယ်တဲ့ အရိယာမှ သိကောင်းသတဲ့၊ ဘာပြုလို့လဲ၊ ပုထုဇဉ်သာမန်၊ လူသာမန်၊ နတ်သာမန်၊ တို့နဲ့ မတန်မရာ မွန်မြတ်စွာ ထသော၊ ပုထုဇဉ် သာမန်၊ လူသာမန်၊ နတ်သာမန်တို့နဲ့ တန်တဲ့တရား မဟုတ်ဘူးတဲ့၊ အရိယာများမှသာ သိကောင်းတဲ့တရား ဘာပြုလို့လဲ ဟိုပဌမရှေးဦးစွာ ဓာတ်တွေကို ခွဲပြကထဲက သိကြပြီမဟုတ်လား၊ ဘာ ခွဲခဲ့သလဲ၊ ရထရေမြူ တဇ္ဇာရီမြူ အဏုမြူ ပရမာဏုမြူ လေးမျိုးနဲ့ ခွဲပြီးတော့ ပရမာဏုမြူဆိုတဲ့ တရားတွေဟာ ဘယ်လောက် နူးညံ့တယ်၊ ဘယ်လောက်သိမ်မွေ့တယ်ဆိုတာ ပုထုဇဉ် သာမန်၊ လူသာမန်၊ နတ်သာမန်တို့မမြင်၊ အရိယာများမှ ဉာဏ်အားဖြင့် မြင်ကောင်းတယ်၊ အဲဒီလို

အရိယာမြင်ကောင်းတဲ့တရား ရုပ်နာမ်တရားတွေကို တနာရီ တမိနစ် တစက္ကန့်မှ မစဲအောင် ပြောင်းလဲနေတာကို သိသောကြောင့် အနိစ္စ အစစ် အမှန် အဲဒီလို အနိစ္စအစစ်အမှန်ကို သိသောကြောင့် ဒုက္ခအမှန် အနတ္တအမှန်ကို တွေ့တာဘဲ၊ ဒီလိုအနိစ္စ,ဒုက္ခ, အနတ္တကို သာမညပုဂ္ဂိုလ် တွေ့တယ်လို့ မအောက်မေ့ကြနှင့်နော်၊ ပါးစပ်က အနိစ္စ, အနိစ္စ ဆိုတာနှင့် ဒီလူတော့ အနိစ္စတွေ့နေပြီမထင်နှင့် မတွေ့ဘူး၊ ဒုက္ခ ဒုက္ခလို့ ပါးစပ်ကဆိုတာနှင့် ဒုက္ခတွေ့တယ် မထင်နှင့် မတွေ့ဘူး၊ အနတ္တ, အနတ္တလို့ ပါးစပ်ကဆိုတာနှင့် အနတ္တတွေ့နေတယ် မထင်နှင့်၊ မဟုတ် သေးဘူး၊ ဝိပဿနာယောဂီ ဉာဏ်အမြင်နှင့် တွေ့တဲ့ အနိစ္စ, ဝိပဿနာ ယောဂီဉာဏ် အမြင်နှင့် တကယ်တွေ့တဲ့ ဒုက္ခ, ဝိပဿနာယောဂီ ဉာဏ်အမြင်နှင့် တကယ် တွေ့တဲ့ အနတ္တမျိုးကို ခေါ်တာ၊ အဲဒီလို ခေါ်တာမှ အရိယာ အစစ်။ ကောင်းပြီ အဲဒီလောက် နက်နဲခက်ခဲ သိမ်မွေ့ နူးညံ့တဲ့ ပရမတ္ထ သဘာဝ၊ အဲဒီ ပရမတ္ထဟာ ဓမ္မာ-နိသဉ္ဇာနိဇ္ဇီဝါ- သတ္တလဲ မဟုတ်, ဇီဝါလဲ မဟုတ်, သဘောတဲ့ အင်မတန်နူးညံ့တယ်၊ အင်မတန်သိမ်မွေ့တယ်၊ ဘယ်လောက် သိမ် မွေ့တယ် မသိမ်မွေ့တယ်လို့ မပြောနဲ့လေ၊ ခု ပြောပါကော ပရမတ္ထ သဘာဝဖြစ်တဲ့ ရုပ်နာမ်သဘောတွေဟာ နာရီ,မိနစ်,စက္ကန့်မစဲအောင် ခန္ဓာထဲမှာပြောင်းလဲနေတာ ပုထုဇဉ်သာမန်, လူသာမန်, နတ်သာမန် တို့ မမြင်နိုင်တဲ့တရားတဲ့၊ အရိယာများမှမြင်ကောင်း တွေ့ကောင်းတဲ့ တရားလို့ ကျမ်းဂန်ဆိုတဲ့အတိုင်း ယောဂီများ အခု ကိုယ်တိုင်တွေ့နေ ပြီမဟုတ်လား၊ အဲဒီလိုသိနေတဲ့တရားဟာ သာမညတရား မဟုတ်ဘူး၊ တကယ်အစစ်တရားကို ပြောတာ၊ အင်မတန်သိမ်မွေ့တဲ့တရား။

ဒါဖြင့် ကောင်းပါပြီ ဘယ်လောက်ထိအောင် ဒီအသိတရားကို သိရမလဲလို့ မေးဘွယ်ရှိသောကြောင့် နိဗ္ဗေဓိကာယလို့ ဒီလိုပြတယ်၊ နိဗ္ဗေဓိကာယ- ကျောက်အတိပြီးသော တောင်အထွဋ်တောင်အထု တို့ကို မှုန့်မှုန့်ညက်ညက် ရက်ရက်ရဲရဲ ဝက်ဝက်ကွဲအောင် ခွဲနိုင်သော ဝရဇိန်မိုးကြိုး အလားကဲ့သို့ ရုပ်ခဲ, နာမ်ခဲ,ခန္ဓာခဲတို့ကို မှုန့်မှုန့်ညက် ညက် ရက်ရက်ရဲရဲ ဝက်ဝက်ကွဲအောင် ခွဲနိုင်သော အစွမ်းရှိထသော၊ အဲဒါ သေသေချာချာကြည့်၊ ဘုရားကိုယ်တော်မြတ်ကြီးဟာ ပရမတ္ထ ဖြစ်တဲ့ ရုပ်ခေတ် နာမ်ခေတ်တရားကို တခါထဲလက်ဝါးပေါ်တင်ပြသလို

မြင်ရအောင် ဥပမာနဲ့ပြတော်မူတယ်၊ ဥပမာက ဘယ်လိုလာလိုက်သလဲ၊ ဟော့ ဝိပဿနာလုပ်ငန်းကို လုပ်နေတဲ့ယောဂီဘ်၏ သမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ်ဟာ ဘယ်လောက်အစွမ်းရှိသလဲဆိုတော့ ဝရဇိန်လက်နက်ကဲ့သို့၊ ဝရဇိန်လက်နက်ဟာ ဘယ်လောက် ထက်မြက်သလဲ ဝရဇိန်လက်နက်သည် ကျောက်တောင်ကြီးကို ပစ်ချလိုက်တဲ့အခါ ကျောက်တောင်ကြီးဟာ မှုန့်မှုန့်ညက်ညက်ကို ကျေသွားတာဘဲ၊ အဲဒီလောက်အစွမ်းသတ္တိရှိတယ်၊ထိုဝရဇိန်လက်နက်၏အစွမ်းသတ္တိကဲ့သို့အခုယောဂီများသဏ္ဍာန်မှာရှိတဲ့ သမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ်၊ သမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ်ဆိုတာ ဘယ်မှာလဲ ခုနက အနိစ္စသိတာ သမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ်၊ ဒုက္ခသိတာ သမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ်၊အနတ္တကိုသိတာသမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ်၊ခန္ဓာကိုယ်၏အတွင်းသဏ္ဍာန်မှာ ရုပ်နှင့်နာမ်သိတာ သမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ်၊ ထို ရုပ်နာမ်တရားတို့၏ ဖြစ်ပျက်မစဲကိုသိနေတာ သမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ်၊ အဲဒီ သမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ်ဟာ ခုနက ကျောက်တောင်ကို ပစ်ချလိုက်တဲ့ ဝရဇိန်လက်နက်ကဲ့သို့ မိမိတို့ ဉက္ကောင်းကစ ခြေဖျားတိုင်အောင် အာရုံစိုက်ကြည့်လိုက်တော့ ဘယ်နေရာမှ အထည်ဒြပ်အမောခံမရှိဘဲ အမြဲတမ်း အသစ်အဟောင်း ပြောင်းလဲနေတာ သိရမယ်တဲ့၊ သိရမယ်၊ ရှိန်ရှိန်သုတ်သုတ် လှုပ်လှုပ်ရွရွ နာရီမိနစ်စက္ကန့်မစဲအောင် အမြဲတမ်း အသစ်အဟောင်း ပြောင်းလဲနေတာ တွေ့ရမယ်တဲ့။

အဲဒီလို တွေ့ရမယ်ဆိုတော့ အခု အားထုတ်တဲ့ ယောဂီတွေဟာ မတွေ့တဲ့ပုဂ္ဂိုလ်ကိုတော့ တို့မပြောတတ်ဘူးပေါ့လေ၊ များသောအားဖြင့် တွေ့ပါသည်ဘုရားလို့ လျှောက်ထားတာ သိရလို့ တို့ပြောတာ၊ ‘အသဒ္ဓော ဟောတိ, အမာယာဝီ’တဲ့၊ မလှည့်ပတ်ဘူး၊ မစဉ်းလဲဘူးဆိုလျှင် ပြောတဲ့ယောဂီတွေဟာ မှန်တာပေါ့၊ မှန်တဲ့အတိုင်း အခုပြောသလို ဉက္ကောင်းကအစ ခြေဖျားအထိ အာရုံစိုက်ကြည့်လိုက်လို့ ရုပ်တရား နာမ်တရားတို့သည် ခဏမစဲ အသစ်အဟောင်း အမြဲတမ်း ပြုပြင်ပြောင်းလဲနေတာကိုတွေ့လျှင်ဖြင့် ဘာဖြစ်သလဲမေးတော့သမ္မာတဲ့၊ သမ္မာဆိုတဲ့ အဓိပ္ပါယ်က သာမညမဟုတ်ဘူး၊ မဂဓဘာသာနဲ့သုံးတဲ့ သမ္မာ၊ မြန်မာလိုပြန်တော့ မချွတ်မယွင်း၊ မချွတ်မယွင်းတဲ့၊ မချွတ်မယွင်းဆိုတဲ့ အဓိပ္ပါယ်ကဘာလဲ၊ သမ္မာ–မချွတ်မယွင်း၊ မြေကြီးလက်ဝါးနဲ့ပုတ် လွဲရင်လွဲမှာ၊ဒီလူဟာစိတ်သာချဟော့ မလွဲဘော့ဘူးလို့ အဲဒီလို

ဝန်ခံတဲ့စကား၊ သမ္မာ-မချွတ်မယွင်းဆိုတာ ဝန်ခံတဲ့စကား၊ ဘာအတွက်ဝန်ခံသလဲ၊ ဒုက္ခက္ခယဂါမိနီယာတဲ့၊ ဒုက္ခကုန်ရာ နိဗ္ဗာန်ကိုရောက်ဖို့အတွက် ဝန်ခံတယ်၊ ဘယ်လောက်ဝမ်းမြောက်ဖို့ကောင်းသလဲလို့ ဒုက္ခက္ခယဂါမိနီယာတဲ့၊ အဲဒီနေရာမှာ ဒုက္ခကိုမမြင်တဲ့ပုဂ္ဂိုလ်ဟောလို့ ဘာမှအကျိုးမရှိဘူး၊ ဒုက္ခကိုမမြင်တဲ့ပုဂ္ဂိုလ် သွားဟောလျှင်ရယ်တောင်ရယ်လိမ့်အုံးမယ်၊ သူက ဒုက္ခတွေ့မှမတွေ့ဘဲ၊ သူများကဘယ်လောက်ဒုက္ခပြောပြော ကျောတောင်မချမ်းဘူး၊ ဒုက္ခတွေ့မှမတွေ့ဘဲ၊ ဘယ်လို ဥပမာပြမလဲ ဆိုတော့-

**ဥပမာ**– နေပူကြဲကြဲမှာ ချမ်းလွန်လွန်းလို့ ခိုက်ခိုက်တုန်နေတဲ့အတွက်ကြောင့် နေပူစာလှုံနေတဲ့လူကို အရိပ်ထဲကနေတဲ့လူက အော်တယ်၊ဟေ့ကောင် မင်းနေပူကြီးထဲမှာ နေကပူသနဲ့ လာ,နေကပူသနဲ့ လာပါကွယ် ဒီမှာအရိပ်ရှိပါတယ်လို့ ဘယ်လောက်ဘဲလက်ရပ်ခေါ်ပေတဲ့ ဟိုလူကရယ်မှာပေါ့၊ ဘာပြုလို့လဲ သူကပူမှမပူဘဲ၊ ချမ်းလို့ နေစာလှုံနေတာ၊ အရိပ်ထဲက လူကသာပူတယ်လို့အောက်မေ့နေတာ၊ ဒီတော့ ခုလဲ ဒုက္ခဆိုတဲ့တရားကိုသူများက ဘယ်လိုဘဲပြောပြော သူနားမလည်ဘူး၊ ဒုက္ခမှမတွေ့တဲ့ပုဂ္ဂိုလ်တယောက် ဘယ်လာ ဒုက္ခသိမှာလဲ။

အဲဘုရားကတော့ ဒုက္ခက္ခယဂါမိနီယာ- ဒုက္ခ၏ကုန်ရာစခန်းသို့ဒုက္ခကုန်တဲ့စခန်းဟာ နိဗ္ဗာန်ဘဲ၊ ဒုက္ခကုန်ဆုံးတာ ဘာလဲ နိဗ္ဗာန်၊ ဒုက္ခ, ဘယ်ဒုက္ခတွေလဲ သေသေချာချာကြည့်စမ်း၊ သာမညဒုက္ခမဟုတ်ဘူး၊ တကဲ့အစစ်ဒုက္ခက ဇာတိ-ပဋိသန္ဓေနေရတဲ့ဒုက္ခ, ဇရာ-အိုရတဲ့ဒုက္ခ, ဗျာဓိ-ဖျားနာရတဲ့ဒုက္ခ, မရဏ-သေရတဲ့ဒုက္ခ, ပိယေဟိဝိပ္ပယောဂ- ချစ်သောသူနှင့် ကွေကွင်းရတဲ့ဒုက္ခ, အပိယေဟိ သမ္ပယောဂ-မချစ်မနှစ်သက်သောသူတို့နှင့် ပေါင်းဘော်ရတဲ့ဒုက္ခ, ယံပိစ္ဆံနလဘတိ တမ္ပိဒုက္ခဆိုတော့ လိုရာဆန္ဒမပြည့်ဝတဲ့ဒုက္ခ, သံခိတ္တေနအကျဉ်းချုံးပြမယ်ဆိုလျှင် ခန္ဓာငါးပါးဒုက္ခ အစစ်ဒုက္ခက ခန္ဓာငါးပါး၊ အရယောဂီများ ရှာကြံလို့ရတဲ့ ခန္ဓာငါးပါးဟာ အဆင်းရဲဆုံး။

အဲဒီ ခန္ဓာငါးပါးရှိနေသမျှ ကာလပတ်လုံး ဖြစ်ပျက်မစဲဘူး၊ အခုဖြစ်ပျက်ဖြစ်ပျက်ဆိုတာ ဘယ်သူလဲဟေ့ ခန္ဓာငါးပါး၊ ခန္ဓာငါးပါးသည် အမြဲတမ်း ဖြစ်ပျက်နေတဲ့ ဒုက္ခအစစ်၊ အဲဒီ ခန္ဓာငါးပါးရှိနေလို့

ဖြစ်ပျက်မစဲသောကြောင့် ခဏခြင်းခဏခြင်း ကံ,စိတ်,ဥတု,အာဟာရ အကြောင်းတရားလေးပါး ပြုပြင်မှုမကင်းသောကြောင့် အမြဲတမ်း ဖေါက်လွဲဖေါက်ပြန် ဖြစ်ပြီးသကာလ ဖြစ်ပျက်နေတာ၊ အဲဒီခန္ဓာငါး ပါးရှိနေလျှင် ပဋိသန္ဓေနေရမယ်၊ ဒီခန္ဓာငါးပါးရှိနေလျှင် အိုရမယ်၊ ဒီခန္ဓာငါးပါးရှိနေသမျှ နာရမယ်၊ ဒီခန္ဓာငါးပါးရှိနေသမျှ သေရမယ်၊ ဟော ခန္ဓာငါးပါး အကြောင်းပြုပြီးသကာလ ငရဲကျရတယ်၊ ဒီခန္ဓာ ငါးပါးကြောင့် အသူရကာယ်ဘုံရောက်ရတယ်၊ ကိုင်း ငရဲပြည်ရောက် ထာ ဘယ်သူတွေလဲဟေ့ ခန္ဓာငါးပါး၊ တိရစ္ဆာန်ပြည် ရောက်ထာ ဘယ်သူလဲ ခန္ဓာငါးပါး၊ ပြိတ္တာဘုံရောက်ထာ ဘယ်သူလဲ ခန္ဓာငါးပါး၊ အသူရကာယ်ပြည့်ရောက်ထာ ဘယ်သူလဲ ခန္ဓာငါးပါး၊လူဖြစ်တာရော ခန္ဓာငါးပါး၊နတ်ဖြစ်ထာလဲ ခန္ဓာငါးပါး၊ ဗြဟ္မာဖြစ်ထာလဲ ခန္ဓာငါးပါး၊ ကိုင်း ဒီခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ဒုက္ခအစစ်ဘဲ၊ အဲဒီဒုက္ခကို မမြင်တဲ့အဝိဇ္ဇာက ဘယ်ကြောက်မလဲ၊ အဲဒီခန္ဓာငါးပါးကို ယနေ့မြင် ယနေ့ခန္ဓာငါးပါးမြင်တဲ့ပုဂ္ဂိုလ် ယနေ့ နိဗ္ဗာန်မြင်မှာပေါ့၊ ဘာပြုလို့လဲ-

ခန္ဓသမံ ဒုက္ခံနာမနတ္ထိ၊ ခန္ဓသမံ-ခန္ဓာငါးပါးနှင့် တူသော၊ ဒုက္ခံ နာမ-ဆင်းရဲမည်သည်၊ နတ္ထိ-မရှိ၊

အဲ လောကကြီးမှာ အဆင်းရဲဆုံးဟာ ခန္ဓာငါးပါးပေါ့၊

သန္တိသမံ သုခံ နာမနတ္ထိ၊ သန္တိသမံ- နိဗ္ဗာန်ချမ်းသာနှင့် တူသော၊ သုခံနာမ-ချမ်းသာမည်သည်၊ နတ္ထိ-မရှိ။

သန္တိသုခ နိဗ္ဗာန်ကို ချန်လှပ်၍ ချမ်းသာရာမရှိဘူးတဲ့၊ချမ်းသာတယ် ချမ်းသာတယ်၊ တို့ဒီမှာ အထင်လွဲနေတဲ့ချမ်းသာတွေက အမှားချမ်း သာတွေ၊ သညာ ဝိပလ္လာသ, စိတ္တ ဝိပလ္လာသ, ဒိဋ္ဌိဝိပလ္လာသတရားနဲ့ အမြင်မှား အထင်မှားတွေ တကယ့်အစစ် ချမ်းသာတာက နိဗ္ဗာန်၊ အဆင်းရဲဆုံးက ခန္ဓာငါးပါး၊ အဲဒီခန္ဓာငါးပါး၏ အပြစ်အာဒီနဝတွေကို မမြင်မြင်အောင် ဝိပဿနာအလုပ် အားထုတ်တာ၊ ဒါဘဲ ခန္ဓာငါးပါး အပြစ်တွေကို ကြပ်ကြပ်မြင်အောင် ဖြစ်ပျက်ကိုရှု၊ ဥဒယဗ္ဗယဖြစ်ပျက် ကို ကြိမ်ဖန်များစွာ ရှုတဲ့ပုဂ္ဂိုလ် ဘင်္ဂဉာဏ်တွေ ဘယဉာဏ်တွေ အာဒီနဝဉာဏ်တွေ ဖြစ်တာပေါ့၊ဒီခန္ဓာငါးပါး၏ အာဒီနဝအပြစ်တွေကို မြင်တာပေါ့၊ မြင်တော့ ခန္ဓာငါးပါးကိုငြီးငွေ့၊ အဲဒီခန္ဓာငါးပါးမှ လွတ် ချင်တဲ့ မုစ္စိတုကာမျတာဉာဏ်၊ အဲဒီခန္ဓာငါးပါးက လွတ်ချင်သဖြင့် ပဋိ

သဒ္ဓါရ အားတိုက်ဘိရှုဘို့ပေါ့၊ ဒီတော့မှ သဒ္ဓါရုပေကွဉာဏ် အနုလောမနဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ် တက်နိုင်တာ။

အဲဒါကြောင့်မို့လို့ ခုနကပြောတဲ့အတိုင်း ရုပ်တရား နာမ်တရားတို့သည် ငရဲဖိုန်မိုးကြိုး လက်နက်ကဲ့သို့ ကျောက်တောင်ကြီးကို ပစ်ချလိုက်တဲ့အခါ မှုန့်မှုန့်ညက်ညက်ကျေ သွားသလို မိမိတို့ ခန္ဓာကိုယ်အတွင်းမှာ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် မိနစ်စက္ကန့်မစဲအောင် အမြဲဘမ်းမပြတ် ဖြစ်ပျက်ပြောင်းလဲနေတဲ့ တရားကို သိခဲ့ပါမူကား ဒုက္ခက္ခယဂါမိနီယာ-ဒုက္ခ၏ ကုန်ရာစခန်းသို့ တန်းတန်းဖြောင့်ဖြောင့် မထောက်မကွေ့ ချမ်းမြေ့ဒိုင်ပိုင် ဆိုက်စေနိုင်ထသော၊ အဲ စိတ်ချလက်ချသာ အားထုတ်ကြ၊ ဒီလိုဖြစ်ပျက်မစဲကို တကယ်ဘမ်းတွေ့နေတဲ့ ယောဂါဝစရပုဂ္ဂိုလ်သည် ဖြောင့်ဖြောင့်တန်းတန်းကြီး ဒုက္ခ၏ကုန်ဆုံးရာဖြစ်တဲ့ နိဗ္ဗာန်ကို ဧကန်မလွဲတမ်း ရမယ်ဆိုတာ မှတ်ကြပေါ့၊ ဒါကြောင့် ပညာယ- ဉာဏ်ပညာအထူးနှင့်၊ သမ္ပဿဂတော-ပြည့်စုံသည်၊ အဲ ခုပြောတဲ့အတိုင်း တကယ်ရုပ်အစစ် နာမ်အစစ်ကိုတွေ့လို့ ဖြစ်ပျက်ကိုအမှန်သိဘာ ဒါပညာအစစ်ဘဲ၊ ပညာအစစ်အမှန်လို့ ခေါ်တယ်၊ အဲဒီလို ပညာစစ်ပညာမှန်ကို မရဘဲနှင့် ပညာတုပညာယောင်ဟန်ဆောင်နေတဲ့ပုဂ္ဂိုလ်တွေ အလွန်သနားစရာကောင်းတယ်၊ အဲဒီလို ပညာစစ် ရသင့်ရထိုက်တဲ့ သာသနာခေတ်၊ ဒီလိုပညာစစ်ပညာမှန်ကို ရသင့်ရထိုက်တဲ့ အခါအခွင့်နှင့် ကြုံတဲ့ကာလကောင်းနှင့် တွေ့ကြုံဆုံစည်းပါလျက် ဝိပဿနာဉာဏ်ကိုမရဘဲ အမှန်အားဖြင့် စားလိုက်, သောက်လိုက်, သွားလိုက်,လာလိုက်, နေလိုက်, ထိုင်လိုက်, ရောင်းလိုက်,ဝယ်လိုက်နှင့် အချိန်ကာလ ကုန်ပြီးသကာလ သေရတဲ့ပုဂ္ဂိုလ်မျိုးတွေ အလွန့်အလွန် သနားစရာကောင်းဘယ်။

အဲဒါကြောင့် အခုတရားနာတဲ့ပုဂ္ဂိုလ်တွေ တရားထူး တရားမြတ်တွေကို ရကြပြီပေါ့၊ ငါတို့တော့ အမှန်သိပြီ၊ ငါတို့တော့ အပါယ်သံသရာကိုဖြင့် တွန်းလှန်နိုင်ပြီ၊ ပယ်ဖျက်နိုင်ပြီ၊တဆင့်ထက်တဆင့် တဘဝထက်တဘဝ ဧကန်မလွဲတမ်း ငါတို့တော့ မြင့်မြတ်တဲ့အဆင့်တော့ ရောက်တော့မယ်၊ သို့သော် ၎င်းမိတ္တိနှင့်ချစ်ကျွမ်းဝင်သော မိတ်သင်္ဂဟပုဂ္ဂိုလ်အပေါင်းတို့အားဒီတရားထူးတရားမြတ်ကိုမသိကြသေးလို့ရှိလျှင် သိအောင် ငါတို့သည် ကလျာဏမိတ္တ အနေမျိုးနှင့် သွေးဆောင်မယ်

မယ် ဖြားယောင်းမယ်ဆိုပြီးတော့ သွေးဆောင်ဖြားယောင်းပြီး အားထုတ်ကြပါ၊ လူတယောက်ယောက် အမှောက်အမှားဖြစ်နေတဲ့ ပုဂ္ဂိုလ်တယောက် အမြင်မှန်ကိုရမယ်ဆိုလျှင် အင်မတန် အတိုးတန်ပါတယ်၊ အမြင်မှန်ကိုရအောင် သည်းခံခြင်းတရားနှင့် မေတ္တာရှေ့ထားပြီးတော့ ကြိုးဆောင်နိုင်တဲ့ပုဂ္ဂိုလ်ဟာ မိမိကိုယ်တိုင် အားထုတ်သကဲ့သို့ အကျိုးများပါတယ်၊ ညီမျှအောင် အဲဒါကြောင့်ရှိလို့ အခုဒီကနေ့ တရားထူး တရားမြတ်ကြီးကို နာရတဲ့ပုဂ္ဂိုလ် အပေါင်းတို့သည် ငါတို့အမှန်မုချ ကိုယ်တိုင်သိထားတဲ့ တရားသည် အမှန်ဘဲလို့ ပီတိဖြစ်ပြီးတော့ ဝမ်းမြောက်စရာပေါ့၊ မသိရသေးတဲ့ပုဂ္ဂိုလ်ကလဲ ဒီတရားဟာ တို့သိထိုက်တဲ့ ကာလအခွင့်ကောင်းကို မှီအောင်လုပ်မယ်ဆိုတဲ့ စိတ်ဓာတ်ကလေးထားကြပေါ့၊ အဲ မသိသေး သိအောင်လုပ်မယ်ဆိုတဲ့ အနေမျိုးနှင့် အားထုတ်ပါလို့ ဘုန်းကြီး တိုက်တွန်းပါတယ်။

---

# ဝေလာမပုဏ္ဏား

နဝကပ္ပံ သုဘာဓမ္မံ,
အဋ္ဌကပ္ပဉ္စ ယာစိတော၊
ဧကော ကပ္ပေါ အနုမောဒနာ,
ဒေသိတော စ အသင်္ချေယျော။

မြတ်စွာဘုရား ဟောကြားအပ်သောတရားကို လေးလေးစားစား နှင့် နာခံမှတ်သားရခြင်းဟာ ကိုးကမ္ဘာတိုင်တိုင် အပါယ်မလားဘူးတဲ့၊ မြတ်စွာဘုရား တရားတော်မြတ်ကို အရှင်ဘုရား ဟောတော်မူပါလို့ ဤကဲ့သို့ တိုက်တွန်း လျှောက်ထားရခြင်းဟာ ရှစ်ကမ္ဘာ တိုင်တိုင် အပါယ်မလားဘူးတဲ့၊ ပြောဘ် မြတ်စွာဘုရား ကိုယ်တော်မြတ် ဟော တော်မူတဲ့ ဒေသနာတော်ကြီးဟာ ကောင်းလိုက်ထာ, ကောင်းလိုက် ထာ, ကောင်းလေစွ, ကောင်းလေစွ မဂဓဘာသာနှင့်ဆိုလျှင် သာရ သာရပေါ့၊ အင်မတန်ကောင်းတယ်လို့ ဝမ်းမြောက်ဝမ်းသာ သာရ အနုမောဒနာပြုခြင်းသည် တကမ္ဘာတိုင်တိုင် အပါယ်လေးပါးသို့ မလားမူ၍ လူနတ်တို့၏စည်းစိမ် ချမ်းသာကို ခံစားရတယ်၊ လာဘ် လာဘကို မငဲ့ညှာဘဲ သဒ္ဓါမရှိတဲ့ပုဂ္ဂိုလ်များ သဒ္ဓါရှိအောင် သီလ မဆောက်တည်တဲ့ ပုဂ္ဂိုလ်ကို သီလဆောက်တည်ချင် လာအောင် အလှူဒါန မပြုချင်တဲ့ပုဂ္ဂိုလ်ကို အလှူဒါနပြုချင်အောင် မေတ္တာပုဗ္ဗင်္ဂမ မေတ္တာရှေ့သွားပြုပြီးတော့ ဟောပြောဆိုဆုံးမခြင်းဟာ အသင်္ချေယျော ကမ္ဘာအသင်္ချေ မရေမတွက်နိုင်အောင် အပါယ်လေးပါးသို့ မလားမူ၍ လူနတ်တို့၏ စည်းစိမ်ချမ်းသာကို ခံစားရတယ်။

အဲဒီတော့ တရားဟောခြင်း တရားနာခြင်းဟာ မပျင်းမရိလုံ့လ ရှိလျှင် အကောင်းဆုံးဘဲ၊ အင်မတန် အဖိုးတန်တယ်၊ တရားနာခြင်းလဲ အင်မတန် အဖိုးတန်တယ်၊ တရားဟောခြင်းလဲ အင်မတန် အဖိုးတန် တယ်၊ဒါကြောင့် တရားဟော ရတဲ့အကျိုးအာနိသံသတရားနာတဲ့ပုဂ္ဂိုလ် တို့၏ အကျိုးအာနိသံသ မြှော်မြင်ထောက်ထားပြီးတော့ ဟောကြရ တာ၊ အဲဒါကြောင့် ကြိုးစားပြီးတော့ ဝီရိယစိုက်ပြီး မှတ်မိအောင်နာရ တယ်၊ တရားနာခြင်းကျေးဇူးဟာ အင်မတန်ကြီးတယ်၊ တရားနာရ

တော့ ဘာဖြစ်သလဲ၊ မိမိတို့ပြုရသော ကုသိုလ်ကောင်းမှု အကျိုးကြောင့် ဘယ်လောက်အဖိုးတန်တယ်၊ ဘယ်လောက် ခရီးရောက်တယ် ဘယ်လောက်အရေးပါတယ် ဒါသိတို့ နိပါတ်တွေနှင့်အမျိုးမျိုး ရာဇဝင်တွေနှင့် အမျိုးမျိုး မြတ်စွာဘုရားဟောအပ်သော ဒေသနာတွေနှင့် အမျိုးမျိုးပြရတယ်၊ ဘုန်းကြီးလဲ ခဏခဏဟောမယ်လို့ ကြိုးစည်ပါတယ်၊ သို့သော်လည်း အထဲ မပြောက်နိုင်ဘူး ဒီနေ့တော့ နဲနဲလေး ထည့်ဟောရမှာဘဲ၊

## ဝေလာမပုဏ္ဏား

တို့မြတ်စွာဘုရား ကိုယ်တော်မြတ် လက်ထက်တော် ကာလက မြတ်စွာဘုရားကိုယ်တိုင် သူ၏ ထေရုပ္ပတ္တိကို ပြန်ဟောသွားတယ်၊ ဘယ်လိုဟောသွားသလဲ ဆိုတော့ နှစည်အခါကာလက ဝေလာမပုဏ္ဏားရယ်လို့ဖြစ်ခဲ့တယ်၊ အဲဒီဝေလာမပုဏ္ဏားကြီးဟာ ဘယ်လောက်ပစ္စည်းချမ်းသာခဲ့သလဲဆိုလျှင် ဝေလာမပုဏ္ဏား၏ ပစ္စည်းကို ရေတွက်မယ်လို့ဆိုလျှင် စောက်အားဖြင့်အနက်ခြောက်တောင်နက်တဲ့ အိုးနခမ်းကို မြင်းခြောက်ကောင် လှည့်ပြေးနိုင်တယ်၊ မြင်းခြောက်ကောင် အိုးနခမ်းကို လှည့်ပြီးကစားနိုင်တယ်၊ အဲဒီလို ကျယ်ဝန်း ကြီးမားတဲ့ ရွှေအိုးကြီးပေါင်းချည်း ရှစ်သောင်းလေးထောင်၊ ဤမျှလောက် အရေအတွက်သင်္ချာရှိသော ငွေအိုးပေါင်း ရတနာအပြည့်နှင့် ရှစ်သောင်းလေးထောင်ရှိတယ်၊ ဤမျှလောက် ကြီးကျယ်ပြီး အရေအတွက်သင်္ချာရှိသော ကြေးအိုးပေါင်း ရတနာအပြည့်နဲ့ ရှစ်သောင်း လေးထောင်ရှိတယ်၊ ဆင်,မြင်း,ရထား, နို့ညှစ်နွားမ, သွီးကညာ, ပလ္လင်,ဝတ်စုံ စားသောက်ဘွယ် ရှစ်သောင်းလေးထောင်ချည်းဘဲ၊အဲဒီလို ရှစ်သောင်းလေးထောင်ချည်းဘဲ များစွာကြွယ်ဝ ချမ်းသာတဲ့ သူဌေးကြီးပေါ့။

အဲဒီလောက် ကြီးကျယ်ခမ်းနားတဲ့ ပစ္စည်းဉစ္စာ ရတနာတွေနဲ့ ပြည့်စုံကြွယ်ဝတဲ့ ဝေလာမပုဏ္ဏားကြီးဟာ သဒ္ဒါတရား ဘယ်လောက်ကောင်းသလဲဆိုလျှင် သဒ္ဒါတရားကိုကြည့်လေ၊ ခုနစ်နှစ် ခုနစ်လ ခုနစ်ရက်တိုင်တိုင် ဇမ္ဗူဒိပါတကျွန်းလုံးမှာရှိတဲ့ ပရိသတ်အပေါင်းကို ဘိတ်ပြီးတော့ အလှူတော်ကြီးပေးတာ ခုနစ်နှစ် ခုနစ်လ ခုနစ်ရက်ကြာတယ်၊ ဤမျှလောက် သဒ္ဒါတရားပေါက်ပြီးတော့ လှူရတဲ့ကုသိုလ်အကျိုးကို

အခုတရားနာတဲ့ပုဂ္ဂိုလ်က ဉာဏ်နှင့်ဗိုက်ကြည့်ပါလား၊ ဒီလောက်ကြီးကျယ်ခမ်းနားတဲ့ ပစ္စည်းဥစ္စာဘဏ္ဍာ အရပ်ရပ်တွေကို ထက်ထက်မြက်မြက် သဒ္ဓါတရားနဲ့ လှူရတာ အင်မတန် မြတ်မှာဘဲလို့ ဆိုတာ ဉာဏ်ထဲမှာ ငုံမိရောပေါ့၊ ဟာ အင်မတန်အဖိုးတန်တဲ့ အလှူကြီးဘဲလို့ သိပ်ကောင်းတာဘဲ ဟုတ်တယ်,မှန်တယ်၊ သူ့ကာလနဲ့သူ့အချိန် ဒီအခါတုန်းက ဝေလာမပုဏ္ဏားလှူရတဲ့ ကုသိုလ် အင်မတန်ကြီးတာပေါ့၊ သို့သော် မြတ်စွာဘုရားက ထိုအခါကာလတုန်းက ငါလှူရတာ သာမည,သာသနာပကာလမှာ ငါလှူခဲ့ရတယ်တဲ့၊ ဤလို သာမညသာခေ သာသနာပကာလမှာလှူရတဲ့ ကုသိုလ်ဖြစ်သောကြောင့် ယခုကာလ သောတာပန်ပုဂ္ဂိုလ် 'သောတာပတ္တိ မဂ္ဂသစ္ဆိကရဏီယ' ပုဂ္ဂိုလ်မျိုး လှူရတဲ့ကုသိုလ်လောက် အကျိုးမများဘူးတဲ့၊အဲဒါ မှတ်ထားပေတော့၊ ခုနတုန်းက ဝေလာမပုဏ္ဏားအလှူကြီးဟာ အလွန်ကြီးကျယ်တယ်နော် အဲ ထိုအလှူထက်ပင် သာသနာတော်တွင်းမှာ ကြုံကြတဲ့ အမျိုးကောင်းသားသမီးအပေါင်းတွေဟာ သောတာပတ္တိ မဂ္ဂသစ္ဆိကရဏီယ ပုဂ္ဂိုလ် သောတာပန်ပုဂ္ဂိုလ် အဲဒီလို အရိယပုဂ္ဂိုလ်များကို လှူရတာလောက် အကျိုးမများဘူး။

အဲဒါဖြင့် ကောင်းပြီ သောတာပန်ပုဂ္ဂိုလ်ကို လှူရတာ အင်မတန် အကျိုးကြီးကြောင်းတော့ သေသေချာချာ ကိုယ်ပိုင်ဉာဏ် မျက်စိနှင့် မြင်မှာပေါ့။ အဲဒီလိုမြင်တော့ မှတ်ထားအုံး၊ ဒီလို သောတာပန်မျိုး တရာကို လှူရတဲ့ကုသိုလ်ထက် သကဒါဂါမိ တယောက်ကို လှူရတဲ့ ကုသိုလ် တရာနဲ့တယောက် ဘယ်သူကမြတ်သလဲဆိုတော့ သကဒါဂါမိပုဂ္ဂိုလ် တယောက်ကို လှူရတဲ့ကုသိုလ်က မြတ်တယ်၊ ထိုသကဒါဂါမိပုဂ္ဂိုလ်မျိုး တရာ့တပါး လှူရတာထက် အနာဂါမိ ပုဂ္ဂိုလ် တယောက် လှူရတာ ပိုပြီးမြတ်သေးတယ်၊ ထိုအနာဂါမိပုဂ္ဂိုလ်မျိုး တရာ့တပါး လှူရတာထက် ရဟန္တာတပါး လှူရတဲ့ကုသိုလ်က ပိုမြတ်တယ်၊အဲဒီလို ရဟန္တာမျိုးတရာ့တပါး လှူရတာထက်ပစ္စေကဗုဒ္ဓါတဆူ လှူရတဲ့ကုသိုလ်က ပိုမြတ်တယ်၊ အဆင့်ဆင့်မြတ်ပုံတွေ မှတ်ထားကြနော်၊ အဲဒီလို ပစ္စေကဗုဒ္ဓါမျိုးတရာ့တပါး လှူရတာထက် ဘုရားတဆူ သက်တော်ထင်ရှား ဘုရားကိုယ်တော်မြတ်ကြီး လှူရတာ ပို၍မြတ်တယ်၊ အဲဒီတော့ တို့ဒကာဒကာမတွေဟာ ဝေလာမသုတ်ကို ဘုရား

ဟောတဲ့အတိုင်း ထောက်ရှောက်ကြီး ကြည့်လာတော့ ဘုရားကိုယ်တော်မြတ်ကြီး လှူရတာ မြတ်တယ်ဆိုတော့ ခုကာလပုဂ္ဂိုလ်တွေက အောက်မေ့ကောင်း အောက်မေ့လိမ့်မယ်၊ တို့တော့ မြတ်စွာဘုရား သက်တော်ထင်ရှား မရှိလို့ တို့လှူရတဲ့ ကုသိုလ် မမြတ်ဘူးလို့ မထင်နဲ့နော်။

သမေ စိတ္တ ပသာဒမှိ,
သမံပုညံ မဟာဂ္ဂတံ၊
တသ္မာ ထူပံ ကရိတွာ,
ပူဇေယျ ဇိနဓာတုယော။

(ထေရအပ ဒါန်)

အထင်အရှားရှိတယ်၊ အခု သက်တော်ထင်ရှား ဘုရားကိုယ်တော်မြတ်နှင့် ဘုရားကိုယ်တော်မြတ်၏ ကိုယ်စားတော် ဓာတုစေတီ, ဓမ္မစေတီ, ဥဒ္ဒိဿစေတီ, ပရိဘောဂစေတီတော်မြတ်တို့အား သက်တော်ထင်ရှား ဘုရားကိုယ်တော်မြတ်နှင့်မခြား အလားတူစွာ သဒ္ဓါတရားချင်းတူမျှလျှင် တူမျှတဲ့စေတနာမျိုးနှင့် ရှိခိုးခြင်း, ပူဇော်ခြင်း, လှူဒါန်းခြင်း, လေးစားခြင်း ပြုကြလျှင်တဲ့ သက်တော်ထင်ရှား ဘုရားကိုယ်တော်မြတ်ကို လှူတဲ့ကုသိုလ်နှင့် အခုပြောတဲ့ ရုပ်ပွါး,ဆင်းတု, စေတီပုထိုး စသည်တို့ကို လှူဒါန်းတဲ့ကုသိုလ် စေတနာတူမျှလျှင် တူသောအကျိုးကို ရမယ်တဲ့၊ ဒါဒီတော့ ဘုရားတဆူလှူရတဲ့ ကုသိုလ်သည် ခုနတုန်းကပြောခဲ့တဲ့ ပစ္စေကဗုဒ္ဓါပေါင်း တရာ့တပါး လှူရတဲ့ကုသိုလ်ထက် ပိုမြတ်တယ်တဲ့၊ ဒါဒါ မိမိလှူရတဲ့စေတနာ ကလေးတွေကို ပြန်ကြည့်၊ ဘယ်လောက်ဝမ်းမြောက်စရာ ကောင်းတယ်ဆိုတာ အဆင့်ဆင့် မြတ်လာတာ၊ ဒါထက်မြတ်တဲ့ ကုသိုလ်မျိုးလဲ ရှိပါသေးတယ်တဲ့ ဒါဒီလို ဘုရားတဆူလှူရတဲ့ ကုသိုလ်ထက် ဘုရားအမှူးရှိသော သံဃိကဒါနခေါ်တယ်၊ ဘုရားအမှူးရှိသော သံဃိကဒါန လှူရတာက ပို၍ မြတ်တယ်တဲ့၊ နို့ဒါထက် မြတ်တဲ့ကုသိုလ်လဲ ရှိသေးတယ်တဲ့၊ ဘယ်ကုသိုလ်က မြတ်သလဲ ဆိုတော့ ဘုရား အမှူးရှိသော သံဃိက ဒါန ကုသိုလ်ထက် စတုဒိသာ သံဃိက ကျောင်းဆောက်လုပ် လှူဒါန်းရတဲ့ ကုသိုလ်က ပိုပြီးတော့ မြတ်တယ်တဲ့။

ဒီတော့ ဒါနအရာမှာ အဆင့်ဆင့် မြတ်ကြောင်း သိကြရောပေါ့၊ ဒီလိုကုသိုလ်တွေထက် မြတ်တာရှိပါသေးသလားလို့ မေးဘွယ်ရှိတယ်၊ ရှိသေးတယ်၊ ဘယ်သူလဲ "ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ"လို့ သရဏဂုံ ဆောက်တည်ရတဲ့ ကုသိုလ်က ပို၍ မြတ်တယ်တဲ့ အဲဒီ စကားကို လေးလေးနက်နက် မှတ်ထားနော် သရဏဂုံ သုံးပါးဆောက်တည်ရတဲ့ ကုသိုလ်က ပို၍ မြတ်တယ်တဲ့ ဒီတော့ လူမိုက်နားမှာ ကြားသွားလျှင် အတော် ခဲယဉ်း သွားတယ်၊ ကာလလူမိုက်တွေ တော်တော်ပေါတယ်၊ သဒ္ဓါတရားကလဲ နဲတယ်၊ ပစ္စည်းကလဲ နှမြောတယ်၊ သဒ္ဓါတရားကလဲ ပါးရှား ပစ္စည်းကလဲ နှမြောတော့ ဘယ်လို ပြောသလဲဆိုလျှင် အဲဒီလိုဆိုလျှင် ပစ္စည်းတွေ အကုန်ခံ ဘာလုပ် လှူနေအုံးမှာလဲ ပစ္စည်းတွေ အကုန်ခံ လှူတာထက် သရဏဂုံ သုံးပါး ဆောက်တည်ရတဲ့ ကုသိုလ်က ပို၍ မြတ်တယ်၊ ငါသရဏဂုံသာ ဆောက်တည်မယ်၊ ပစ္စည်းမလှူဘူးဆိုပြီးတော့၊ လူမိုက်တွေရှိသေးတယ်၊ အများကြီးရှိတယ်၊ အဲဒါ သတိထားကြပေါ့၊ တကယ်ဒီလူဟာ သရဏဂုံ သုံးပါးဆောက်တည်မယ်ဆိုပေမဲ့ သူပယ်ထားတာက ဒါနပယ်ထားတာ ဘယ်မြတ်တော့မလဲ၊ သူ့သဒ္ဓါတရားကိုကဟုတ်မှ မဟုတ်ဘဲ အဲဒါအစစ် ဒါကျမ်းဂန်အရ မြတ်စွာဘုရားကိုယ်တိုင် ဝေလာမသုတ်မှာ ဟောတဲ့ ဒေသနာတော်ပေါ့။

ဒါထက်မြတ်တဲ့ ကုသိုလ်မျိုးကော ဆိုတော့ ရှိပါသေးတယ်တဲ့၊ ဘယ်ကုသိုလ် သာမြတ်သလဲဆိုတော့၊အဲသည်လို သရဏဂုံသုံးပါးတွင်မက သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသောသီလ ငါးပါးသော သီလ ဆိုတာ ဝါရိတ္တသီလခေါ်တယ်၊ ဝါရိတ္တသီလ, စာရိတ္တသီလနှစ်မျိုး ရှိတယ်နော်၊ ဝါရိတ္တသီလက ဘယ်လိုထူးသလဲ၊ ဝါရိတ္တ သီလမျိုးက စောင့်ရှောက်ဆောက်တည်လျှင် မြတ်သော အကျိုးကိုရတယ်၊မစောင့်ရှောက်မဆောက်တည်လျှင် အပါယ်လေးပါးကျတယ်၊ အဲဒါ ဝါရိတ္တသီလ၊ ဝါရိတ္တသီလက စောင့်ရှောက် ဆောက်တည်လျှင် မြတ်သော ကုသိုလ်ဖြင့် ဘဝသုခရနိုင်တယ်၊ အဲဒါ ဝါရိတ္တသီလ, မစောင့်ရှောက်လို့မရှောင်ကြဉ်လို့ရှိလျှင် အပါယ်လေးပါး ကြေန် ကျမယ်၊ အဲဒါ ဝါရိတ္တသီလ၊ စာရိတ္တသီလ ဆိုတာ အခုရှစ်ပါးသီလပေါ့၊ ရှစ်ပါးသီလ အခု ဥပုသ်နေ့ သီတင်းနေ့မှာ လာစောင့်ကြတာ၊ အဲဒီလို ရှစ်ပါးသီလ

စောင့်တာက စာရိတ္တသီလခေါ်တယ်၊ အကျင့်သီလ,မစောင့်လဲ အပြစ်မရှိဘူး၊ စောင့်လျှင် ကုသိုလ်များတယ်၊ ဒါစာရိတ္တသီလ,လို့ခေါ်တယ်၊ အဲအရ ငါးပါးသီလက ဝါရိတ္တသီလလို့ ခေါ်တယ်၊ အဲဒီ ငါးပါးသီလ သရဏဂုံ သုံးပါး ဆောက်တည်လို့ ဖြစ်ကြောင်းကို တပည့်တော်တို့သိပြီ၊ဒါထက်ဖြစ်တဲ့ ကုသိုလ်မျိုးရှိပါသေးလား၊ ရှိသေးတယ်၊ဘယ်ကုသိုလ်ဖြစ်သလဲဆိုတော့ ထိုသရဏဂုံသုံးပါး ငါးပါးသီလနှင့်တကွ မေတ္တာကမ္မဋ္ဌာန်း ခေါ်တယ်၊ မေတ္တာ မေတ္တာ ကမ္မဋ္ဌာန်းက ဘယ်လောက်ကြာကြာကြီးများ မေတ္တာပို့ရမလဲ ဆိုတော့ ဒီသတ္တဝါ ဝေနေယျအပေါင်းတို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ မေတ္တာစိတ်ကလေး အဲဒီလိုမေတ္တာစိတ်ကလေးဟာ ဘယ်လောက် ကြာကြာကြီး ထားရမလဲဆိုလျှင် နွားနို့တညှစ်ခန့် ပမာဏ နွားနို့တညှစ်ခန့် အချိန်ကလေးလောက် သတ္တဝါ ဝေနေယျအပေါင်းတို့ မေတ္တာစိတ် ထားပြီးတော့ မေတ္တာပို့ခြင်းဟာ ဖြစ်တယ်တဲ့ အဲမေတ္တာဟာ ဘယ်လောက်အတိုးတန်သလဲဆိုတာ တို့မေတ္တာထားတာ ဘယ်လိုထားသလဲ၊ ဘုန်းကြီးတွေ ဇိမ်တိုင်း ဇိမ်တိုင်း ဟောနေတာ ကြားကြမှာပေါ့။

မာတာယထာ နိယံပုတ္တ မာယုသာ ဧကပုတ္တမနုရက္ခေ၊ ဧဝံပိ သဗ္ဗဘူတေသု မာနသံ ဘာဝယေ အပရိမာနံ။

မာတာ-အမိသည်၊ နိယံပုတ္တံ-မိမိရင်၌ ဖြစ်သော၊ ဧကပုတ္တံ-တယောက်တည်းသော သားကို၊ အာယုသာ-အသက်ကြောင့်၊ အနုရက္ခေယထာ - အစဉ်စောင့်ရှောက်သကဲ့သို့၊ ဧဝံပိ-ဤသို့လည်း၊ သဗ္ဗဘူတေသု-ခပ်သိမ်းသောသတ္တဝါတို့၌၊အပရိမာနံ-အတိုင်းအရှည်မရှိသော၊မေတ္တာ-မေတ္တာနှင့်ယှဉ်သော၊မာနသံ-စိတ်ကို၊ ဘာဝယေ-ပွါးစေရာ၏။

အဲဒါမေတ္တာပွါးတယ်, မေတ္တာပွါးတယ် ဆိုတာ ပေါ့ပေါ့လေး မမှတ်ကြနဲ့နော်၊ မေတ္တာပွါးနည်းက ဘယ်လိုပွါးရမလဲ၊ တယောက်တည်းသောသားရှိသော အမိ၏စိတ်ကဲ့သို့ တယောက်တည်းသောသားရှိသော အမိ၏စိတ်က ဥပမာန၊ မေတ္တာပွါးမဲ့ ဘာဝနာမယ ပုဂ္ဂိုလ်က ဥပမေယျ မေတ္တာပွါးမဲ့ ပုဂ္ဂိုလ်က ထိုအမိ၏ စိတ်ဟာ ဘယ်လိုထားသလဲ အမိ၏ စိတ်ထားကလေးကို ကိုယ်ပိုင်ဉာဏ်ကလေးနှင့်နှလုံးသွင်းကြည့်စမ်း၊ အမိ၏ စိတ်ထားပုံလေ၊ တယောက် တည်းသောသား

အသက်ဟူသော အကြောင်းကြောင့် တပါးသော ကိစ္စ မဟုတ်ဘူး၊ အသက်အန္တရာယ်ဟူသောအကြောင်းကြောင့်ထိုသားအပေါ်၌ အမိက စောင့်ရှောက်တယ်တဲ့၊ ဇဲသည်လို ထိုသားအပေါ်၌ အမိက စောင့်ရှောက်တဲ့ အခါကာလကျတော့ ထိုအမိ၏ စိတ်ဟာ ဘယ်လောက်ပြင်းထန်တဲ့ မေတ္တာစိတ်လဲလို့ သားအပေါ်မှာရှိတဲ့ မေတ္တာစိတ် ထိုအမိထားသော စိတ်ကဲ့သို့ အားလုံးရှိသမျှ သတ္တဝါဝေနေယျတို့ အပေါ်မှာ ဇဲဒီလို မေတ္တာစိတ်မျိုး ထားပြီးတော့ ပို့တဲ့ မေတ္တာတဲ့၊ ဇဲဒါ ဘယ်လောက် အကျိုးများသလဲဆိုလျှင်-

> ချမ်းသာသုံးမျိုး၊ အိပ်နိုးအိပ်မက်၊ ချစ်လျက်လူနတ်၊ စောင့်လတ်နတ်များ၊ မီးကားမလောင်၊ ဆိပ်ရှောင်မသင့်၊ လက်နက်ဖြင့်ပ၊ မရှူးရှဘည်း၊ မျက်နှာကြည်ပေ၊ မတွေမဝေ၊ သေရမည်ဆို၊ မဂ်ဖိုလ်မရ၊ ရှိပြန်ကသော်၊ လားရဖြဟ္မာ့ပြည်၊ ဆဲ့တလည်၊ ပွါးသည့် မေတ္တာ အကျိုးတည်း။

မေတ္တာအကျိုး ဆဲ့တပါးရှိတယ်၊ဇဲဒီမေတ္တာစိတ်ဟာ ဘယ်လောက်အဘိုးတန်သလဲလို့ ဆိုတာ ကိုယ်ပိုင် ဉာဏ်နဲ့ကြည့်၊ မေတ္တာစိတ်ကို ချမ်းသာသုံးမျိုးတဲ့၊ အိပ်နိုး အိပ်မက်တဲ့၊ ချမ်းသာစွာ အိပ်ရမယ်တဲ့၊ ချမ်းသာစွာနိုးရမယ်၊ ကောင်းသော အိပ်မက်ကိုသာလျှင် မြင်မက်ရမယ်၊ ချမ်းသာသုံးမျိုး၊ အိပ်နိုး အိပ်မက်၊ ချစ်လျက်လူနတ်၊ အခုလူတွေဟာ မိမိကို လူတွေ နတ်တွေ အလွန်ချစ်စေချင်ကြတာပေါ့၊ လူချစ်ထာကောင်းတယ်၊ နတ်ချစ်ထာကောင်းတယ်၊ လူကမုန်းမယ်၊ နတ်က မုန်းမယ်ဆိုလျှင် မကောင်းဘူး မဟုတ်လား၊ ကိုယ်ပိုင်ဉာဏ်နဲ့ တွေးကြည့်ကြ၊ လူမုန်းအောင် နတ်မုန်းအောင်လုပ်လျှင် ကိုယ်ဘယ်အကျိုးခံစားရမလဲ၊ လူချစ်တယ်၊ နတ်ချစ်ဘယ်ဆိုလျှင် ဘယ်လောက်တန်ခိုးကြီးတယ်၊ ဘယ်လောက် အဘိုးတန်တယ်၊ ဘယ်လောက် တန်ခိုးရောက်တယ်၊ ဘယ်လောက် အရေးပါတယ်ဆိုတာ ကိုယ်ပိုင်ဉာဏ်နဲ့ တွေးကြည့်၊ လူချစ်တယ်၊ နတ်ချစ်တယ် ဆိုတာ လူ နတ်ချစ်လျက်၊ စောင့်လတ်နတ်များ၊ ဇဲသည်လို မေတ္တာစိတ်ကို အမြဲပွါးနေတဲ့ ပုဂ္ဂိုလ်သဏ္ဍာန်မှာ နတ်များအမြဲစောင့်ရှောက်တယ်၊ မကောင်း မရှိရအောင် မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်ဆိုတဲ့ အတိုင်း နတ်များဟာ

အမှောက်အမှား ဘေးအန္တရာယ် မရှိအောင် အမြဲတမ်း စောင့်ရှောက်တယ်၊ စောင့်ရှောက်နတ်များ၊ မီးကားမလောင် တဲ့ မီးရှို့လို့မလောင်ဘူးတဲ့၊အဲဒါ သက်သေခံတွေ အရှိသားဘဲ။

## ဥတ္တရာနှင့် သိရိမာ

တို့မြတ်စွာဘုရားသခင် လက်ထက်က ဥတ္တရာဆိုတာဟာ သူဌေးသမီးပေါ့၊ အဲဒီ သူဌေးသမီး ဥတ္တရာဟာ မိစ္ဆာဒိဋ္ဌိ လူမျိုးနဲ့ အကြောင်းပါသွားတယ်၊ မိစ္ဆာဒိဋ္ဌိလူမျိုးနဲ့ အကြောင်းပါသွားတဲ့ အခါကျတော့ ဥပုသ်စောင့်ဖို့ မိစ္ဆာဒိဋ္ဌိက အခွင့်မပေးဘူး၊ ဥပုသ်မစောင့်ရဘူး၊အလှူဒါန ကောင်းစွာ မွန်စွာ မလုပ်ရဘူး၊ အင်မတန် ညှဉ်းပန်းထားဘယ်၊ ညှဉ်းပန်းထားတဲ့အခါကျတော့ ဥတ္တရာက သည်းမခံနိုင်ဘူး၊ သည်းမခံနိုင်တော့ မိဘတွေကို ဘယ်လို အကြောင်းကြားသလဲ ဆိုတော့ မိဘတို့ ကျွန်မကို အသက်ရှင်စဉ်က ဘာပြုလို့ သည်လောက်တောင် ညှဉ်းဆဲနှိပ်စက်ထားရတာလဲ၊ သူ၏ ဖြစ်ပျက်တဲ့ အခြင်းအရာတွေကို ချက်ခြင်းအကုန်လုံး စာပြန် ရေးလိုက်တယ်၊ ရေးလိုက်တော့ အမိအဘတွေက ဒီသည်လိုဆိုလျှင် မဖြစ်ဘူး၊ ငါ့သမီး ငါတို့မှာရှိတဲ့ ပစ္စည်းတွေ ယူသွားလို့ ဆိုပြီးတော့ ပစ္စည်းတွေ များစွာ ပေးလိုက်တယ်၊ အဲသည့်လို ပစ္စည်းတွေ များစွာ ပေးလိုက်တဲ့ အခါကျတော့မှ ပစ္စည်းတွေ ယူလာပြီး သကာလ ခင်ပွန်းသည် ယောကျ်ားကို တောင်းပန်ပြီး သကာလ သူ၏ကိုယ်စား ကိုယ်စားလည် သိရိမာဆိုတာ တန့်ပေါင်းသင်း ဆက်ဆံလို့ရှိလျှင် အသပြာတထောင်ပေးရတယ်၊ အဲဒီသိရိမာကို အခပေးပြီးတော့ ခင်ပွန်းသည် လင်ယောကျ်ား၏ အလုပ်အကျွေး ပေးထားတယ်၊ခင်ပွန်းသည် လင်ယောကျ်ားကို အလုပ်အကျွေးပေးထားပြီး သကာလ သူကိုယ်တိုင် ရှစ်ပါးသီလ ဥပေါသထ အဋ္ဌင်္ဂသီလ ဆောက်တည်ပြီး မြတ်စွာဘုရား အမှူးရှိသော သံဃာတော် အရှင်မြတ်တို့အား ဆွမ်းလုပ်ကျွေးမယ်လို့တကထဲ ကောင်းစွာ မွန်စွာ ချက်ပြုတ်ပြီးတော့ ကျွန်တွေ ကျေးတွေနဲ့ ပင်ပန်းကြီးစွာခံပြီး ချွေးတလုံးလုံးနဲ့ ပေါ့လေအားထုတ်နေတာ၊ အဲဒီတော့ ခုနတုန်းက ပြောတဲ့ သိရိမာနဲ့ သူဌေးသားက တိုက်ပေါ်ကနေပြီး ကြည့်နေတာပေါ့၊ ကြည့်နေတော့ သူဌေးသားကအောက်မေ့တယ်၊ မိစ္ဆာဒိဋ္ဌိကိုးသူက၊ တယ်မိုက်တဲ့မိန်းမဘဲ

ကိုယ့်စည်းစိမ်ချမ်းသာ ရတနာနဲ့ အေးအေးလူလူ နေရတာ မနေဘူး ကြည့်စမ်း၊ ကထဲ ကျွန်အလုပ် အမှုလုပ်ပြီးသကာလ ချွေးတလုံးလုံးနဲ့ နေတာ အင်မတန်မိုက်တဲ့ မိန်းမဘဲဆိုပြီး ပြုံးရယ်သတဲ့။

အဲဒီသည်လို ပြုံးရွှင်ရယ်မောတဲ့ အခါကျတော့ သိရိမာက အထင်မှားသွားတယ်၊ ဟာ ဒီသူဌေးသားဟာ ဥတ္တရာကိုတော့ မုန်းပြီ ငါ့ကို မေတ္တာရှိပြီလို့ အထင်ရောက်သွားတယ်၊ ငါဥတ္တရာကို သတ်ပြီးတော့ ဒီသူဌေးသားနဲ့သာ ဆက်ဆံ ပေါင်းသင်းတော့မယ်လို့ စိတ်အကြံဖြစ်တယ်၊ အဲသည်လို စိတ်အကြံ ဖြစ်တဲ့အခါမှာ သိရိမာကလဲ အမှတ်တမဲ့ ဖြုတ်ဆိုတိုက်ပေါ်ကဆင်းလာပြီး မီးပေါ်မှာ တင်ထားတဲ့ ထောပတ် အိုးကြီးထဲက ပွက်ပွက်ဆူနေတဲ့ ထောပတ်တွေ ခပ်ပြီး ဥတ္တရာရဲ့ ဦးခေါင်းပေါ်က လောင်းချတယ်၊ သေသေချာချာကြည့်၊ ဦးခေါင်းက လောင်းချဘာ မွေးညှင်းတပင်မှ မလောင်ဘူးတဲ့၊ သိတာရေမျှား ချိုး လောင်းသကဲ့သို့ အင်မတန် ဇေးမြတယ်၊ ဒါဥတ္တရာရဲ့ မေတ္တာ ဘယ် လောက်ကြီးသလဲဆိုတာ ကြည့်စမ်း၊ သိရိမာ အပေါ်မှာ ကြီးလိုက်တဲ့ မေတ္တာက ဒိကျေးဇူးရင်မ သူ့အတွက်ကြောင့်သာလျှင် ငါရှစ်ပါး သီလအဌင်္ဂဥပေါသထသီလစောင့်ရတယ်၊သူ့ကိုအကြောင်းပြုအမှီပြုပြီး သကာလ ငါ ဒါန အမှုတွေကို ပြုရတယ်ဆိုတာ အမြဲတမ်း စိတ်ထဲက လေးလေးစားစား မေတ္တာစစ် အမြဲပွါးနေတယ်၊ ဒီတော့ သိရိမာက ပြစ်မှားပြီး ဦးခေါင်းက ထောပတ်ပူအိုးနဲ့လောင်းချသော်လဲ မွေးညှင်း တပင်မျှ မပူဘူး မီးမလောင်ဘူး။

အဲဒီလို လောင်းတာကို ကျွန်မတွေကမြင်တယ်၊ မြင်တော့မှ သယ် ငါတို့သခင်မကိုနှိပ်စက်ရမလားလို့အတင်းဆွဲလွဲထုထောင်း ရိုက်နှက် လုပ်ကြတာပေါ့၊ အဲဒီတော့မှ ဥတ္တရာက ကဗျာကရာပြေးတဲ့ပြီး ဟာ ငါ့ သခင်မ ငါ့အရှင်မကြီး သင်တို့ဘာပြုလို့ နှိပ်စက်ရသလဲ ဖယ်ကြဆိုပြီး တော့ တခါထဲ အုပ်ထားတယ်၊ အပေါ်ကစီးထားတော့မှ ကျွန်မတွေက နောက်ဆုတ်သွားတယ်၊ နောက်ဆုတ်သွားတော့ သိရိမာ ဒီတော့မှသတိ ရတယ်၊အဲဒီလို သိရိမာသတိရတော့မှ သူကန်တော့တာ ကိုး ဥတ္တရာကို ကန်တော့တော့ ဥတ္တရာက ဒီလိုကန်တော့လို့ ငါ သည်းမခံနိုင်သေး ဘူးတဲ့၊ငါ့ဘခင် ရှိသေးတယ်၊အဘက ကြေနပ်မှသာလျှင် ငါကြေနပ် မယ်၊ ဒီတော့ ကောင်းပြီ သင့်အဘဘယ်သူလဲ ဆိုတော့ ရှင်ကြီး

ဂေါတမ မြတ်စွာဘုရားဆိုတော့ သိရိမာက မြတ်စွာဘုရားနှင့် ကျွန်မ အကျွမ်းတဝင်မရှိဘူး၊ မရှိလို့ မသိပါဘူးတဲ့၊ ဒီတော့ ဥတ္တရာက ကိစ္စ မရှိဘူး မပိုးရိမ်နဲ့၊နက်ဖြန်ခါ နံနက် မိုးသောက်အလင်းရောက်တဲ့ အခါ မြတ်စွာဘုရား သံဃာတော်ငါးရာနှင့် ဆွမ်းဘုဉ်းပေးကြွလာမယ်၊ အဲဒီ အခါမှာ သင်, ကန်တော့ပေတော့ အဲဒီလိုပြောလိုက်တဲ့အခါကျတော့မှ သိရိမာကကန်တော့စရာ ဝတ္ထုပစ္စည်းနှင့်ဘက္က စောင့်မျှော်ပြီးတော့ နေတယ်၊ မြတ်စွာဘုရားကြွလာပြီးတော့ ဆွမ်းဘုဉ်းပေးတယ်၊ ဆွမ်း ဘုဉ်းပေးပြီးသည်၏ အဆုံး၌ ဆွမ်းအနုမောဒနာပြုတဲ့ အခါကျတော့မှ မြတ်စွာဘုရားယံ ချဉ်းကပ်ပြီးတော့ သိရိမာက ဒီမှာကန်တော့တာအရှင် ဘုရားဥတ္တရာအပေါ်မှာ တပည့်တော် ဤကဲ့သို့ ပြစ်မှားခြင်းရှိပါတယ်၊ သူပြစ်မှားတဲ့ အပြစ်များကို သည်းခံပါလို့ ကန်တော့တယ်၊ ကန်တော့ တောင်းပန်တဲ့အခါ အရှင်ဘုရား ရှေ့တော်မှောက်၌ ကန်တော့၍ အရှင် ဘုရာသည်းခံမှ သူကြေနပ်မယ်လို့ ပြောပါတယ်ဘုရား အရှင်ဘုရား ခွင့်လွှတ်တော်မူပါ ဆိုတော့မှ အဲဒီမှာ မြတ်စွာဘုရားက သိရိမာကို တရားဟောလိုက်တာ သိရိမာ ဒီနေရာမှာ သောတာပန် တည်သွား တာပေါ့။

ကိုင်း ဘယ်လောက် ကောင်းသလဲဆိုတော့ မေတ္တာဓာတ်ဟာ အင်မတန်အဖိုးတန်တဲ့ ဓာတ်ကြီး၊ ဒီဥတ္တရာရဲ့ မေတ္တာဓာတ်ဟာ သူ့ ကိုယ်မှာ မွေးညှင်းတချောင်းမှ မီးမလောင်တဲ့အပြင် အင်မတန်သူ့ ကျေးဇူးရှင်ဖြစ်တဲ့ သိရိမာ ဒီနေရာတွင် သောတာပန်တည်ရတာ၊ဘယ် လောက် အဖိုးတန်တယ်ဆိုတာ မေတ္တာစိတ် အင်မတန်အဖိုးတန်တယ်၊ မီးကားမလောင်, ဆိုပ်ရှောင်မသင့်၊ အဆိပ်မသင့်နိုင်ဘူးတဲ့၊ အဆိပ် ဘေးကို ဘယ်လောက်ပေးပေတယ်လို့ မေတ္တာဓာတ်ဟာ အဆိပ် မသင့်ဘူးတဲ့၊ လက်နက်ဖြင့်ပ,မရှုးရှသည် တဲ့၊ လက်နက်နှင့် ပစ်လို့ မရှုးရှဘူးတဲ့၊ ခုကာလ တယ်ကြောက်ကြတယ် မဟုတ်လား၊လက်နက် ရှုးမှာ ဘာပြုလို့ကြောက်ရမလဲ မြတ်စွာဘုရားကိုယ်တိုင် ဟောထား တာ လက်နက်မရှုးဘူးတဲ့ လက်နက်မရှုးတာ မြတ်စွာဘုရားဟောတဲ့ ဒေသနာကို အသာထားလိုက်အုံး၊တို့အခု သက်ကြီးစကား သက်ငယ် ကြားဆိုသလိုဘဲ အဆင့်ဆင့် ပြောသံကြားကြတယ် မဟုတ်လား သီဟာဗာဟု သီဟာဗာဟုနဲ့၊ သူ့သား သီဟာ ဗာဟုဆိုတဲ့ မင်းသားဟာ

မိမိဘခင် ခြင်္သေ့ကြီး မြို့ကိုဝင်လာတဲ့အခါ သီဟဗာဟု မင်းသားက ထွက်ပြီး သကာလ လေးနှင့်ပစ်တာ၊ ဟို သီဟဗာဟု အဖေဖြစ်တဲ့ ခြင်္သေ့ကြီး၏ မေတ္တာဓာတ်ဟာ ဘယ်လောက် တန်ခိုးကြီးသလဲဆိုတော့ သူ့ လေးဟာ မရှူးရှတဲ့အပြင် အကုန်လုံး ငှက်ပျောသွဲ့ အုံးပွဲပမာ ဖြစ်ရတယ်၊ ကန်တော့ပန်း ဆင်ရတယ်၊ ဒါ မေတ္တာ တန်ခိုး၊ အဲ နောက် အဖေလုပ်တဲ့ ခြင်္သေ့ကြီးက မေတ္တာဓာတ်လဲပျက်သွားရော ဒေါသစိတ်လဲထွက်ကရော အာခေါင်မြှားစူးပြီး သေရတယ်၊ အဲဒါ မေတ္တာစိတ် ပြယ်သွားဒါ၊ မေတ္တာစိတ်ဆိုတာ ဒါကြောင့် ဆိပ်ရှောင်မသင့်, လက်နက်ဖြင့်ပ, မရှူးရှသည်, မျက်နှာကြည်ပေ, မတွေမဝေသေရမည် ဆိုတာ၊ မျက်နှာကြည်တယ်ဆိုတာ သေသေချာချာ ကြည့်စမ်း၊ မေတ္တာစိတ်ရှိတဲ့လူ၏ မျက်နှာနှင့် မေတ္တာစိတ်ကင်းမဲ့ပြီး ဒေါသစိတ်လွှမ်းမိုးနေတဲ့ လူ၏မျက်နှာ ကြည့်ရခြင်းအားဖြင့် ဘယ်နှယ်နေကြသလဲ၊ ဘယ်လောက်အဆင်းလှလှ ကြည့်စမ်း၊ မေတ္တာစိတ်ရှိတဲ့လူရဲ့မျက်နှာဟာ ဘယ်လောက် အရုပ်ဆိုးဆိုး မေတ္တာစိတ်ရှိတဲ့ လူ၏မျက်နှာ ကြည့်ရတာနဲ့ မေတ္တာစိတ်ကင်းမဲ့တဲ့ အင်မတန်အဆင်းလှတဲ့ လူ၏မျက်နှာ ကြည့်ရတာ အင်မတန်ကွာခြားတယ်၊ ဒါ ကိုယ်တိုင်သိတယ်၊ ဒါကြောင့် မျက်နှာကြည်ပေ,မတွေမဝေသေရမယ် တဲ့၊ သေလျှင်တွေဝေမိန်းမောပြီး မသေရဘူး မတွေမဝေ သေရမယ် တဲ့၊ သေပြီးတဲ့နောက်လဲ မဂ်ဖိုလ်ကိုမရသေးလျှင် ဗြဟ္မာ့ပြည် ရောက်ရမယ်၊ မဂ်ဖိုလ်မရ, ရှိပြန်ကသော်, လားရဗြဟ္မာ့ပြည်, ဆဲ့တလီတဲ့၊အဲ မေတ္တာဘာဝနာကို ပွါးပြီးသကာလ နေတဲ့ပုဂ္ဂိုလ်များဟာ ဗြဟ္မာ့ပြည်လားနိုင်တယ်တဲ့။

ဒါကြောင့် ဆဲ့တပါးသော မေတ္တာ၏အကျိုး အရလဲမြတ်စွာဘုရား ဝေလာမသုတ်မှာ နောက်ဆုံးဟောလိုက်တယ်၊ အလုံးစုံအဆင့်ဆင့် ကုသိုလ်အနန္တတို့ထက် ဘယ်ကုသိုလ် အမြတ်ဆုံးလဲဆိုတော့ မေတ္တာဆိုတဲ့ကုသိုလ် အမြတ်ဆုံးဘဲ၊မေတ္တာစိတ်,မေတ္တာစိတ် ပွါးရတဲ့လူဟာ အမြတ်ဆုံးဘဲ၊ ဒါထက်မြတ်တဲ့ ကုသိုလ်များကော ရှိပါသေးသလား ဆိုတော့ မြတ်စွာဘုရားက ရှိတာပေါ့တဲ့၊ ဘယ်ကုသိုလ်အမြတ်ဆုံးလဲ ဆိုတော့ ဗျာသည်ကားရုပ်, ဗျာသည်ကားနာမ်, အမှန်ကေန်သိ၍ အနိစ္စ ဒုက္ခ,အနတ္တ, လက္ခဏာရေးသုံးပါး ပိုင်နိုင်မှုရတဲ့ ပုဂ္ဂိုလ်များဟာတဲ့

အမြတ်တကာ့အမြတ်ဆုံးဘဲတဲ့၊ အဲဒါ ဝေလာမသုတ်မှာ မြတ်စွာဘုရား ဟောတယ်၊ အဲဒါ တို့ဒကာ,ဒကာမတွေကြားပြီပေါ့၊ ဘာပြုလို့ ဒိအနိစ္စ တရား, ဒုက္ခတရား, အနတ္တတရား မြတ်ပါသလဲဆိုတော့ တခါ တွေး တောတဲ့ ဉာဏ်ပညာလေးများဝင်လာလျှင် မကောင်းပါလား၊ ကောင်း လဲကောင်းထိုက်တဲ့တရားဘဲ၊ အားလုံးကုသိုလ် အသီးသီး နောက်က ပြုခဲ့တဲ့ ဝေလာမပုဏ္ဏားကြီး လှူခဲ့တဲ့ ကုသိုလ်နှင့်တကွ သောတာပန် သကဒါဂါမ်, အနာဂါမ်, ရဟန္တာ, ပစ္စေကဗုဒ္ဓါ, ဘုရား အစရှိသော ပုဂ္ဂိုလ်တွေကို လှူတဲ့ကုသိုလ်ထက် သရဏဂုံသုံးပါး, ငါးပါးသီလ မေတ္တာကမ္မဋ္ဌာန်းတို့ထက် ဆထက်ရာထောင်မက ပိုပြီးတော့ ဘယ် အကြောင်းကြောင့် မြတ်နိုင်ပါသလဲဆိုတော့ အဲဒါဉာဏ်ရှင်းတို့ ဘာပြု လို့လဲဆိုတော့ ဒိအနိစ္စမျိုး, ဒုက္ခမျိုး,အနတ္တမျိုးဆိုတဲ့ ကုသိုလ်မျိုးဟာ ဘယ်အခါမှ ရကောင်းသလဲ သာသနာတော် အတွင်းမှာ ကြုံမှ ရကောင်းတဲ့တရား သာသနာနဲ့သက်ဆိုင်တဲ့ ကုသိုလ်မျိုးခေါ်တယ်၊ သာသနာပကာလမှာ ဘယ်အခါမှ မတွေ့ကောင်း, မကြုံကောင်း, မဆုံကောင်းတဲ့ တရားဖြစ်တယ်။

အဲ သာသနာအတွင်းပင်ဖြစ်သော်လဲ သဒ္ဓါသမ္ပတ္တိနဲ့လဲ ပြည့်စုံအုံးမှ၊ ဟို–မနုဿတ္တဒုလ္လဘနဲ့လဲ ကြုံရမယ်၊ဗုဒ္ဓုပ္ပါဒဒုလ္လဘနဲ့လဲ ပြည့်စုံရမယ်၊ သဒ္ဓါသမ္ပတ္တိနဲ့လဲ ပြည့်စုံရမယ်၊ အဲ သဒ္ဓမ္မသဝနံအတိဒုလ္လဘံ ဆိုတဲ့ ဒုလ္လဘတရားကိုလဲ တွေ့ရမယ်၊ အတော်ခဲယဉ်းတာ၊ အင်မတန်ဆုံနိုင် ခဲတယ်၊ ချကြည့်စမ်းပါလား သဒ္ဓမ္မသဝနံ အတိဒုလ္လဘံခေတ်ကြီးလဲ ရှိတယ်၊ ရှိပေတဲ့ မနာနိုင်ဘူး မနာနိုင်တဲ့ပုဂ္ဂိုလ်တွေ အနန္တ ရှိတယ်၊ ဘုရားပွင့်တဲ့သာသနာခေတ်မှန်တယ်၊ လူဖြစ်ထာမှန်တယ်၊ ယုံကြည် တဲ့သဒ္ဓါတရား နည်းပါးတဲ့ပုဂ္ဂိုလ်တွေက အနန္တ, အင်မတန်ကြုံခဲ တယ်၊ ဒါကြောင့်မို့လို့ မြတ်စွာဘုရားက ဒိ အနိစ္စဆိုတဲ့ တရားကို တကယ်တမ်း သိပလားဆိုလျှင် အင်မတန်အဖိုးတန်တဲ့ ကုသိုလ်ဘဲတဲ့၊ ဒိကုသိုလ်မျိုးက ကမ္ဘာသင်္ချေအနန္တ လွန်လေငြားသော်လဲ အလွန် တွေ့ခဲ ကြုံခဲ ဆုံခဲတဲ့တရား မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောတဲ့ တရားတွေပေါ့၊ စိန္တိတံ,သတ္တသင်္ချေယျံ, နဝသင်္ချေယျဝါစကံ ဆိုတဲ့ အတိုင်း ဘုရားအဖြစ်ကိုလိုလားလို့ ၇-သင်္ချေကာလပတ်လုံး စိတ်ထဲက ကြံစည်ပြီးတော့ ဆုပန်လာခဲ့တာ ကမ္ဘာပေါင်း ၇-သင်္ချေကြာတယ်၊

နောက် နူတ်မြွက်၍ ဘုရားဆုကိုပန်လာတာ ကိုးသင်္ချေ ကြာတယ်၊ နောက် နိယတဗျာဒိတ်ရလို့ ဒိလေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလ ပတ်လုံး ဘုရားအဖြစ်ကိုရောက်အောင် ကျင့်လာတာ၊ အဲဒီ အတော အတွင်းမှာ အနိစ္စ,ဒုက္ခ,အနတ္တ, လက္ခဏာရေးသုံးပါး ငါမတွေ့ခဲ့ဘူး တဲ့၊ အဲဒါဘုရားဟောတာ၊ ဘုန်းကြီးက အထူးဝိသေသလုပ်ဟောတာ မဟုတ်ဘူး၊ ဓမ္မစကြာထဲမှာပါတယ်၊ 'ပုဗ္ဗေအနနုဿုတေသု ဓမ္မေသု'။

ပုဗ္ဗေ- ဘုရားမဖြစ်မှီရှေးအတိုင်၌၊ အနနုဿုတေသု- မကြားဘူးကုန် သော၊ ဓမ္မေသု-တရားတို့၌၊ ဘုရားမဖြစ်ခင်ကာလတုန်းက ဆိုလျှင် ဒီတရားတွေ ငါ ကြားတောင်မကြားဘူးဘူးတဲ့၊ မသိဘူးတဲ့၊ အဲဒါ သေသေချာချာမှတ်ထားကြ၊ ဒါကြောင့်မို့လို့ မြတ်စွာဘုရားက ဒီအနိစ္စ တရားကို သိရခြင်းဟာ အင်မတန်အဖိုးတန်တယ်၊ အနိစ္စလက္ခဏာ သိလျှင်လဲဘဲ အင်မတန်အဖိုးတန်နေပြီ၊ ဘာပြုလို့ အဖိုးတန်သလဲဆို တော့ အနိစ္စလက္ခဏာတရားကိုမြင်လျှင်တဲ့-

ဝိသေသတောပန ရူမဿ ဉာဏေ အနိစ္စလက္ခဏာ ဒဿနမေဝ ပခါနံ တသ္မိံ ဒိဋ္ဌေယေဝ ဣတရာနိ ကမေန ဒိဋ္ဌာနိ ဟောန္တိ။

ပရမတ္ထဒီပနီဋီကာ။

ဝိသေသတောပန– အထူးအားဖြင့်ကား၊ ရူမဿ ဉာဏေ- ဤဝိပဿနာ ဉာဏ်ပညာအရာ၌၊ အနိစ္စလက္ခဏာ ဒဿန မေဝ- အနိစ္စလက္ခဏာ မြင်ခြင်းသည်သာလျှင်၊ ပခါနံ– လိုရင်းအရ ပဓာနသဘော သည်၊ ဟောတိ–ဖြစ်၏၊ တသ္မိံ-ထိုအနိစ္စလက္ခ ဏာကို၊ ဒိဋ္ဌေယေဝ- မြင်သော်သာလျှင်၊ ဣတရာနိ- ဤအနိစ္စ လက္ခဏာမှ တပါးသော ဒုက္ခလက္ခဏာ အနတ္တလက္ခဏာတို့ သည်၊ ကမေန- အစဉ်အားဖြင့်၊ ဒိဋ္ဌာနိ- မြင်အပ်ကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်၏။

အဲဒါ စင်စစ်မှုချအားဖြင့် အနိစ္စ,အနိစ္စလို့ အခုပြောကြတယ်မဟုတ် လား၊ ဗုဒ္ဓဘာသာလူမျိုးမှန်လျှင် ငယ်ရွယ်စဉ်ကဘဲ ကြားဘူးတာ ပေါ့၊ ကလေးအရွယ်ကပင် မိဘနှစ်ပါးက ဟဲ့အနိစ္စလို့ ဆိုလိုက်စမ်း၊ ဒုက္ခလို့ဆိုလိုက်စမ်း၊ အနတ္တလို့ဆိုလိုက်စမ်း၊ ခိုင်းတာပေါ့၊ ခိုင်းတိုင်း ခိုင်းတိုင်း အနိစ္စ,ဒုက္ခ,အနတ္တလို့ ကလေးအငယ်ကလေးက ဆိုသော်

လဲ တကယ့်အနိစ္စ သိတာမဟုတ်ဘူးတဲ့၊ အနိစ္စအစစ်သိဘို့ရာ အလွန်ကဲ့ျတာ၊ အနိစ္စအစစ်သိဘို့ ဘာမှသိမလဲ ရုပ်နာမ်တွေ့မှသိမယ်၊ ရုပ်နာမ်တွေ့မှ အနိစ္စသိတာ၊ ရုပ်တရားနာမ်တရားကို မတွေ့ဘဲနဲ့ အနိစ္စသိမယ်လို့များ ဉာဏ်ထဲမှာ နဲနဲလေးမျှတွေးတော မျှော်ခေါ်တဲ့ စိတ်ကလေးမပေါ်ကြနဲ့၊ ရုပ်နာမ်ကို တကယ်အစစ်အမှန်တွေ့လျှင် မုချသိတယ်၊ ရုပ်နာမ်ကို မတွေ့သမျှကာလပတ်လုံး အနိစ္စဘယ်အခါမှ မတွေ့ကောင်းဘူး၊ ဒီတော့ ပြောကောင်းပြောလိမ့်မယ် ပရိယတ္တိဉာဏ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေက ဟာ တို့သင်ထားတာ ရုပ်-၂၈-ပါး နာမ်တေပညာသ ၅၃-ပါး မှတ်နေတာဘဲ၊ ရုပ်နာမ်တွေ့နေတာဘဲ လို့ ပြောကောင်းပြောလိမ့်မယ် စိတ်ချ ဘယ်တော့မှမတွေ့ဘူး၊ ဘာပြုလို့လဲ သူစာထဲမှာတွေ့တဲ့ရုပ်တရား နာမ်တရားက မဟုတ်လို့လားဆိုတော့ ဟုတ်တယ်၊ ဘုန်းကြီး ဒါ ခဏခဏပြောတယ်၊ သူစာထဲမှာတွေ့တဲ့ ရုပ်နာမ်ဟာ ဟုတ်တယ်၊ ဟုတ်ပေတဲ့ မမှန်သေးဘူး၊ ဟုတ်သာဟုတ်ထာ မမှန်ဘူး၊ ဘာပြုလို့ သိရသလဲဆိုတော့ ဥပမာပြောကြစို့ရဲ့။

**ဥပမာ**- သကြားစား ချိုတယ်လို့ စာထဲမှာရေးထားတယ်၊ အားလုံးတွေ့ကြသားဘဲ၊ စာဖတ်ကြည့်လေ၊ သူဖတ်ကြည့်လဲ သကြားစား ချိုတယ်၊ ငါဖတ်ကြည့်လဲ သကြားစား ချိုတယ်၊ အဲဒီလိုအခါခါဖတ်နေတဲ့ လူတွေ ချိုရဲ့လားလို့ မချိုဘူး၊ဟာ စိတ်ထဲကကြံနေတယ် သြော် ငါစာထဲမှာတွေ့တယ် သကြားစားချိုတယ် သကြားစားချိုတယ်လို့ အိပ်ရာထဲမှာဝင်ပြီးတော့ တညဥ့်လုံးကြံ၊ ချိုရဲ့လား မချိုဘူး၊ ဘာပြုလို့လဲ သကြားအစစ်မှမဟုတ်ဘဲ စာထဲတွေ့တဲ့ သကြားဘဲ ဘယ်ချိုမလဲ၊ အဲ တကယ်အစစ်သကြားကို စားကြည့်စမ်း၊ အဟုတ်ချိုတယ်၊အဲအခု တို့ယောဂီများဟာ အနိစ္စကိုသိတာ ရုပ်နာမ်ဇကန်တွေ့မှသိတာ ရုပ်နဲ့နာမ်အမှန်မတွေ့သမျှ ဘယ်တော့မှ အနိစ္စ မသိကောင်းဘူး။

အဲ ရုပ်နှင့်နာမ်အမှန်တွေ့လျှင် စိတ်ချတော့ မိမိတို့အဇ္ဈတ္တိကသန္တာန်မှာ အမှန်တကယ်ရှိတဲ့ ကာယပသာဒရုပ်,ဖေါဋ္ဌဗ္ဗရုပ်, ကာယဝိညာဏ်ဆိုတဲ့ ရုပ်တရားနာမ်တရားတွေကို ကွက်ကွက်ကွင်းကွင်း ထင်ထင်လင်းလင်းကြီးမြင်ရလျှင် အမှန်စိတ်ချ အနိစ္စသိပြီ၊ အနိစ္စသိလျှင် ဒုက္ခနဲ့အနတ္တ အမှန်သိမယ်၊ ဒါကြောင့် ဒီအနတ္တတရားဟာ အင်မတန်အရေး

ပါတဲ့တရားကို ဘုရားဟောတယ်၊ 'အနဂ္ဂလက္ခဏံဝိနာ ဖုဋ္ဌပုပ္ပါဒါ နပညာယတိ' ဖုဋ္ဌပုပ္ပါဒါ- မြတ်စွာဘုရားပွင့်သော ခေတ်ကာလကို၊ ဝိနာ-ကြဉ်၍၊ အနဂ္ဂလက္ခဏံ- အနဂ္ဂလက္ခဏာသည်၊ နပညာယတိ- မထင်၊ အနဂ္ဂဆိုတဲ့လက္ခဏာကို ဘုရားပွင့်တဲ့သာသနာခေတ်သာလျှင် တွေ့ကောင်း မြင်ကောင်းတဲ့တရားတဲ့၊ အနဂ္ဂလက္ခဏာ မြင်ဘို့ရာ လွယ်တာမဟုတ်ဘူး၊ အနဂ္ဂလက္ခဏာမြင်ဘို့ ဝီရိယအားထုတ်မှု အား သန်မှမြင်တယ်၊ ဒါကြောင့် သဒ္ဓါပဓာနရယ် ပြီးတော့ကျန်းမာခြင်း ပဓာနရယ်, မလှည့်ပတ်ခြင်းပဓာန, ဝီရိယအားထုတ်ခြင်း ပဓာန, ပညာပဓာနလို့ ပဓာနငါးချက်ရှိတဲ့အနက်က ဝီရိယပဓာနကို ဘုရား ဘယ်လို ဟောသလဲ-

> အာရဒ္ဓဝီရိယော ဝိဟရတိ အကုသလာနံ ဓမ္မာနံ ပဟာ
> နာယ ကုသလာနံ ဓမ္မာနံဥပသမ္ပဒါယ ထာမဝါဒဠှ
> ပရက္ကမော အနိက္ခိတ္တဓုရော ကုသလေသု ဓမ္မေသု။

> အကုသလာနံ- အကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာနံ-ယုတ်မာသော တရားတို့ကို၊ ပဟာနာယ- ပယ်ဖျောက်ခြင်းငှါ၊ ကုသလာနံ, ကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာနံ- စင်ကြယ်ကောင်းမြတ်သော တရားတို့ကို၊ ဥပသမ္ပဒါယ- ပြည့်စုံစေခြင်းငှါ၊ အာရဒ္ဓဝီရိယော-အမြဲမပြတ် အားထုတ်အပ်သော ဝီရိယရှိသည်ဖြစ်၍၊ ဝိဟရတိ-နေ၏၊ ထာမဝါ- ထက်သန်သောစိတ်စွမ်း ကိုယ်စွမ်းရှိ၏၊ ဒဠှပရက္ကမော- အပြင်းအထန် အလွန်သန်သော လုံ့လရှိ၏၊ ကုသလေသုဓမ္မေသု- ကုသိုလ်လေးပါး အမျိုးတရားတို့၌၊ အနိက္ခိတ္တဓုရော- အခါခပ်သိမ်း မချသော ဝန်ရှိ၏။

ဆဲဒါ ပဓာနငါးချက်မှာ ဝီရိယပဓာနကိုပြတယ်၊ဆဲဒီ ဝီရိယပဓာန ထဲမှာ ခုနတုန်းကပြောတဲ့ ဖြစ်ပြီးသောအကုသိုလ်တရား ပယ်ခြင်းငှါ လုံ့လပြုရမယ်၊ မဖြစ်သေးသော ကုသိုလ်တရားတို့ကို လွန်စွာအား ထုတ်ရမယ်၊ ကုသိုလ်လေးပါး အမျိုးတရားတို့၌ ဆခါခပ်သိမ်း မချ သောဝန်ရှိရမယ်၊ဆဲဒါ ကုသိုလ်လေးပါးအမျိုးတရား ဆိုတော့ ဘာ ခေါ်မလဲ၊ ဟော, ဗောဓိပက္ခိယတရား ၃၇-ပါးထဲမှာ ဝီရိယပဓာန ပြဋ္ဌာန်းတဲ့ ကုသိုလ်လေးပါးရှိတယ်၊ ဘယ်သူတဲ့လဲ-

ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယာမော၊
အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယ ဝါယာမော၊
အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယာမော၊
ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ ဝါယာမော။

လို့ ပါဠိတော်နှင့်ပြတယ်၊ စင်စစ်ကတော့ ဖြစ်ပြီးသော အကုသိုလ် တရားတို့ကို ပယ်ရမယ်၊ မဖြစ်သေးသော အကုသိုလ် တရားတို့ကို နောက်ထပ် မဖြစ်ရအောင် အားထုတ်ရမယ်၊ မရဘူးသေးသော ကုသိုလ်တရားကို ရအောင်ရှာရမယ်၊ ရပြီးသော ကုသိုလ် တရားကို လက်မလွှတ်ဘဲ လွန်စွာပွါးရမယ်၊ အဲဒါ ဝိရိယသမ္မပ္ပဓာန် လေးပါး၊ ဘုရားဟောတယ်၊ ဒီတော့ ကောင်းပြီ တို့ တရားနာတဲ့ပုဂ္ဂိုလ်တွေ ဒီလေးပါးကိုမရလျှင် ဘယ်နဲ့လုပ်မလဲ၊ ဒီလေးပါးကိုမရလျှင် အပါယ် လေးပါးကို စိတ်မချရသေးဘူး၊ ဒီလေးပါးသာ မတွေ့သေးလို့ရှိလျှင် ဒီလေးပါးသော အင်္ဂါနှင့်မပြည့်စုံလျှင် အပါယ်သံသရာဘေးက ဘယ် အခါမှမလွတ်သေးဘူးမှတ်၊ အခုတို့ ဒကာဒကာမတွေ သတ္တိကောင်း လို့ သဒ္ဓါတရားနဲ့လဲ ပြည့်စုံတယ်၊ ဒါနတွေလဲ အကြိမ်ကြိမ်ပြု၊ သီလ တွေလဲ အကြိမ်ကြိမ်စောင့်၊ ကမ္မဋ္ဌာန်းတရားတွေလဲ အားထုတ်ပေါ့ လေ၊ အင်မတန်ကောင်းတယ်၊ အဖိုးတန်တယ်၊ အဲဒီလောက်သတ္တိ ကောင်းကောင်းနဲ့ ပြုတဲ့အတွက်ကြောင့် လူ့ပြည်,နတ်ပြည် ဗြဟ္မာ့ ပြည် ရောက်ပြီထားတော့ ဘယ်လောက်ပင် လူကောင်း,နတ်ကောင်း, ဗြဟ္မာကောင်း ဖြစ်ပေတဲ့ ခဏဘဲ၊ ခုနကဘုန်းကြီးဟောတဲ့ အတိုင်း ရေပွက်ပမာ ခဏလေး၊ ထိုအကျိုးအာနိသံသ ခံစားရတာမှန်တယ်၊ အဲဒီ အာနိသင်ကုန်သွားလျှင် အပါယ်သံသရာ ဧကန် ကျအုံးမယ်၊ ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်က-

ဥက္ခိတ္တာ ပုည တေ ဇေန,
ကာမ ရူပဂတိံ ဂတာ၊
ဘဝဂ္ဂတမ္ပိ သမ္ပတ္တာ,
ပုန ဂစ္ဆန္တိ ဒုဂ္ဂတိံ။

(ဓမ္မဟဒယဝိဘင်းပါဠိတော်)

ပုညတေဇေန- ဒါန, သီလ, သမထဟု ဆိုအပ်သော ကုသိုလ်ကောင်းမှု အဟုန်သည်၊ ဥက္ကဋ္ဌာ- မြောက်တင်အပ်သည်ဖြစ်သောကြောင့်၊ ကာမရူပဂတိံ- လူ့ပြည်, နတ်ရပ်မြတ်သော ဗြဟ္မာပြည်သို့၊ ဂတာ-ရောက်နေသောသူတို့ သည်ငှင်း၊ ဘဝဂ္ဂမ္ပိ-အထက်ဘဝဂ်သို့၊ သမ္ပတ္တာပိ—ရောက်ကုန်ပြီးသောဗြဟ္မာကြီးတို့သည်ငှင်း၊ပုန-တဖန်၊ ဒုဂ္ဂတိံ-ငရဲတိရစ္ဆာန်ပြိတ္တာ အသူရကာယ် အပါယ်လေးပါးသို့၊ ဂစ္ဆန္တိ— တဖန် ရောက်ကြပြန်သေး၏။

အဲဒီပါဠိတော်အရ အဓိပ္ပါယ် ရှင်းရှင်းလေးနားလည်အောင် အခုကမ္ဘာ,တကမ္ဘာ,နှစ်ကမ္ဘာ,သုံးကမ္ဘာရေတွက်ကြတယ် မဟုတ်လား၊ ကမ္ဘာကုန်တယ် ကုန်တယ်ဆိုတာ ကမ္ဘာမီးလောင်ပြီ ဆိုလျှင် လူ့ပြည် နတ်ပြည်ခြောက်ထပ် ငရဲကြီးရှစ်ထပ် ငရဲငယ်နှင့်တကွ ဗြဟ္မာပြည်ပါ မီးလောင်တာ ပဌမဈာန်သုံးဘုံ ပါသွားတယ်၊ ဗြဟ္မာပါရိသဇ္ဇာဘုံ, ဗြဟ္မာပုရောဟိတာဘုံ, မဟာဗြဟ္မာဘုံဆိုတဲ့ ပဌမဈာန်သုံးဘုံ ကုန်အောင်လောင်တာ၊ အဲဒီမှာ သတ္တဝါ ဘာမှမရှိဘူး၊ ရပ်တရေး နာမ်တရေး ဒီနေရာတွေမှာ ဘာမှမရှိတော့ဘူး၊ အဲဒီတော့ ဘယ်မှာနေကြသလဲဆိုလျှင် အထက် ဗြဟ္မာပြည်မှာ နေကြတယ်၊ အဲဒီ ဗြဟ္မာပြည်မှာ သံဝဋ္ဋကပ်, သံဝဋ္ဋဋ္ဌာယီကပ်, ဝိဝဋ္ဋကပ်,ဝိဝဋ္ဋဋ္ဌာယီကပ် ကပ်ကြီးလေးကပ် ရှိတဲ့အနက်က ဝိဝဋ္ဋဋ္ဌာယီကပ်, နေ လ နက္ခတ်ပေါ်လာတဲ့ အခါကျမှ အချို့အချို့သော ဗြဟ္မာတို့သည် အသက်တမ်းကုန်၍ သေကြေပျက်စီးတဲ့အခါ လူ့ပြည် နတ်ပြည် ပြန်ရောက်ကြတယ်၊ အဲဒီ နတ်ပြည် လူ့ပြည်က အကုသိုလ် အကြွင်း အကျန် အပရာပရိယဝေဒနီယကံ အဲဒီကံတွေ နှိပ်စက်တော့ ဟော အပါယ် ငရဲကျရတယ်။

အခုကြည့်စမ်း၊ဘယ်လောက်ရှိသေးသလဲ အားလုံး ၁၃-ကပ်လား ရှိသေးတယ်၊ အန္တရကပ် ၁၃-ကပ်ရှိသေးတယ်၊ အဂ်ိစိမှာတင်းကျမ်းပြည့် ဖြစ်နေကုန်ပြီ၊ အားလုံး အန္တရကပ်ပေါင်း ၆၄-ကပ်ရှိတယ်၊ ၆၄-ကပ်ပြည့်မှ တကမ္ဘာကုန်မယ်၊ အခုအန္တရကပ် ၁၃-ကပ်ရှိသေးတယ်၊ အန္တရကပ် တကပ်,ဆိုတာ ဆုတ်ကပ်နဲ့ တက်ကပ်-အာယုကပ် နှစ်ခုအပေါင်းကိုခေါ်တယ်.ဒီအသင်္ချေယျကပ်ကနေပြီး အနှစ်တရာတနှစ်

ဆုတ်၊ ၁၀-နှစ်တမ်းကျ၊ ၁၀-ဘမ်းက တပိုးတက် အသင်္ချေယျတမ်း ပြန်ရောက် အဲဒါမှ အန္တရကပ် တကပ်ခေါ်တယ်၊ အဲဒီ အန္တရကပ်မျိုး အခုကမ္ဘာတည်တာ ၁၃-ကပ်ရှိသေးတယ်၊အဲဒါကြောင့်ဘယ်လောက် ကြောက်စရာ ကောင်းသလဲ၊ အခုကြည့်၊ အဲဒါကြောင့် မိမိတို့ ကုသိုလ် ကောင်းမှုတွေပြုပြု ကုသိုလ်ကောင်းမှုတွေမှန်သမျှပြုချင်တိုင်းပြု ပြုပေ တဲ့လဲ အပါယ်သံသရာဘေးကို စိတ်ချရတာမဟုတ်ဘူး၊ ဘယ်လိုမှ စိတ် ချရမလဲဆိုလျှင် ခုပြောတဲ့ ဝီရိယလေးချက် ဖြစ်ပြီးသော အကုသိုလ် ပယ်နိုင်မှ အပါယ်သံသရာဘေးကလွတ်မယ်၊ဒီတော့ တို့ယောဂီတွေက အောက်မေ့ကောင်း အောက်မေ့မယ်၊ အမယ်လေး အားထုတ်ရမှာ များလိုက်တာ၊ ဖြစ်ပြီးတဲ့ အကုသိုလ်လဲ တခါပယ်ရအုံးမယ်၊ မဖြစ် သေးတဲ့ အကုသိုလ်လဲ မဖြစ်အောင် နောက်ထပ် အားထုတ်ရအုံးမယ်၊ မရဘူးသေးတဲ့ ကုသိုလ်တွေလဲ ရှာရအုံးမယ်၊ရပြီးသော ကုသိုလ်ကိုလဲ လက်မလွှတ်ဘဲပွါးနေအုံးရမယ်၊ အမယ်လေးများလိုက်ထာလို့ အောက် မေ့မယ်၊ မများဘူး သိလျှင်လွယ်လွယ်ကလေးရယ်၊ ဘာမှမခက်ဘူး၊ ကျမ်းဂန်က အလျော်အားဖြင့် ပြောတာပေါ့၊ ကျမ်းဂန်မှာရှိတဲ့အတိုင်း ပြောတာ၊ ကျမ်းဂန်က လက်လွှတ်လိုက်ရတာ မဟုတ်ဘူး၊ သူ့သဘော အတိုင်းပြောရတာ၊ အလုပ်လုပ်တဲ့ နေရာကျတော့ကာ အခုပြောတဲ့ သမ္မပ္ပဓာန်လေးချက်ကို တချက်ထဲနဲ့ ပြီးတယ်၊ ဘယ်နေရာက နေ ကိုင်လျှင် ပြီးသလဲဆိုတော့ အနုတ္တလက္ခဏာတွေ့အောင်ရှာလျှင်ပြီးရော၊ အနုတ္တလက္ခဏာသည် မရဘူးသေးသော ကုသိုလ်ဟူ၍ မှတ်ကြ။

အနုတ္တလက္ခဏံ ဝိနာဗုဒ္ဓုပ္ပါဒါ နပညာယတိ၊ ဘုရားပွင့်မှ သိ နိုင်တဲ့ အနုတ္တ။

အဲဒါ မရဘူးသေးသော ကုသိုလ်၊ သူကပြော ငါကပြောနဲ့ တောင် တွေး မြောက်တွေး မတွေးကြနဲ့၊ တထစ်ချ မှတ်ထားကြ၊ ဒီအနုတ္တ လက္ခဏာကို ကမ္ဘာ့ ကမ္ဘာ သံသရာအစမထင်တဲ့ ကာလကစ၍ ယနေ့ ကျအောင် ဘယ်တုန်းကမှ တို့မရဘူးသေးဘူး ဆိုတာ မှတ်ထားကြ၊ ဘယ်အခါ ကာလကမှ မရခဲ့ဘူး၊ ကုန်ကုန်ပြောမယ်၊ တို့မြတ်စွာဘုရား ကိုယ်တော်မြတ်တောင်မှ ဘုရားအဖြစ် ရောက်တဲ့ ဘဝမှ အနုတ္တရတာ၊ ဘုရားအဖြစ်ကို မရခင် အနုတ္တ တွေ့ကိုမတွေ့ဘူး၊ ဘုရား အဖြစ်ကို ရောက်မှ အနုတ္တကိုတွေ့တာ၊ အဲဒါကြောင့် မြတ်စွာဘုရား တိုက်တွန်း

ခဲ့တာ ဓာဒီအနတ္တလက္ခဏာတွေအောင်ရှာ၊ အနတ္တလက္ခဏာ ဇေကန် တွေ့ရှိုးမှန်လျှင် စိတ်ချပေတော့ ခုပြောတဲ့လေးပါး ကိစ္စပြီးသွားပြီ၊ အနတ္တလက္ခဏာ မရဘူးသေးသော ကုသိုလ်ရတာနဲ့ ကိစ္စလေးချက် အဘယ်ကြောင့် ပြီးနိုင်သလဲလို့ မေးဘို့ရှိတာပေါ့၊ဟုတ်တယ် မှန်တယ် အနတ္တလက္ခဏာကိုသိတာ ဘယ်သူလဲ၊အနတ္တလက္ခဏာကိုသိတာဝိဇ္ဇာ ဉာဏ်ခေါ်တယ်၊ ဝိဇ္ဇာဉာဏ်က အနတ္တလက္ခဏာကို သိတာ၊ ဝိဇ္ဇာ ဉာဏ်ကို မရတဲ့ ပုဂ္ဂိုလ်က အတ္တဒိဋ္ဌိ၊ အဝိဇ္ဇာသမားက ငါဆိုတဲ့ သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိနဲ့ အမြဲဖွဲ့နေတာ၊ ဒါက အဝိဇ္ဇာ ခေါ်တယ်၊ အဝိဇ္ဇာနဲ့ ဝိဇ္ဇာ ဘယ်လိုကွာခြားသလဲ၊ အဝိဇ္ဇာက အမှောင်ဓာတ်၊ ဝိဇ္ဇာ ဉာဏ်က အလင်းဓာတ်၊ ဒါကြောင့် ပညာရှင်များ ဥပမာတင်ပြတယ်။

**ဥပမာ**–အင်မတန် မှောင်လှစွာသော တိုက်ခန်းထဲမှာတဲ့ မီးတတိုင် လင်းတာနဲ့ အလုံးစုံသော အမှောင်ဓာတ်ကြီး ပျောက်၍ အလင်းရောင် ပေါ်ပေါက်သကဲ့သို့ ဥပမာပြတယ်၊အဝိဇ္ဇာသည် ဘယ်လောက် မှောင်သလဲ-သန်းခေါင်လကွယ်၊ တောအုပ် လယ်၌၊ရှစ်နယ်ပတ်ကုံး၊ အပြည့်ဖုံးသည့်၊ မိုးသည်းလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား၊ အမိုက်အပြား၊ အင်လေးပါးထက်၊ နင်ကား ရာထောင်၊ မကမှောင်၏တဲ့။

အဝိဇ္ဇာသည် ဘယ်လောက် မှောင်သလဲ၊လကွယ်နေ့ သန်းခေါင် အခါ တခဲနက်သော တောအုပ်အလယ် မိုးသည်းတိမ်အုပ်နေတဲ့အခါ ဓာဒီ အင်္ဂါလေးပါးနှင့်ပြည့်စုံသော အမိုက်မှောင်သည် သာမညအမှောင်တဲ့၊ အလကားမှောင်၊တကယ်မှောင် အစစ်မဟုတ်ဘူးတဲ့ ဘယ်သူအမှောင် ဆုံးလဲဆိုတော့ အဝိဇ္ဇာ အမှောင်ဆုံးတဲ့၊ ဓာဒီ အဝိဇ္ဇာမှောင်ထုဟာ အကြီးကျယ်ဆုံးဘဲတဲ့ ဓာဒီအဝိဇ္ဇာမှောင်ကို ခွင်းနိုင်တာ ဘယ်သူလဲ ဝိဇ္ဇာဉာဏ်တဲ့၊ဓာဝိဇ္ဇာဉာဏ်ဆိုတာ ဘယ်သူလဲ ခုနပြောတဲ့ အနတ္တတွေ့ တာ၊ဝိဇ္ဇာဉာဏ်မှ တွေ့တယ်၊ အဝိဇ္ဇာက ဘယ်အခါမှ အနတ္တကို မတွေ့ ကောင်းဘူး၊ဝိဇ္ဇာဉာဏ်ကို ရတဲ့ ပုဂ္ဂိုလ်ကျတော့ ရုပ်မှန်း နာမ်မှန်းသိ၊ ဖြစ်ပျက်တွေ့ ဖြစ်ပျက်တွေ့တော့ မမြဲဘူးဆိုတဲ့ အနိစ္စသိ၊အနိစ္စသိတော့ အစိုးမရတဲ့ အနတ္တပိုင်ရေးပေါ့၊ ဓာဒါ ဝိဇ္ဇာဉာဏ်ပေါ့၊ ဟာ ဒါဖြင့်ရင် အကောင်းသားဘဲ၊ အနတ္တလက္ခဏာ ရတာနဲ့ ဝိဇ္ဇာဉာဏ်ရလို့ အဝိဇ္ဇာ ပျောက်တယ်၊ မှန်ပြီ၊ ဖြစ်ပြီးသော အကုသိုလ်ကို ဘယ်လိုလုပ်ပြီးတော့

ပယ်လိုက်သလဲလို့ မေးဘွယ် ရှိတာပေါ့၊ ဖြစ်ပြီးသော အကုသိုလ်ပယ်နိုင်မှ အပါယ်သံသရာမှလွတ်မှာကိုး၊ဖြစ်ပြီးသော အကုသိုလ်ပယ်တို့က အတော်ခဲယဉ်းတာ ဒါနပေါင်းများစွာနှင့် သိန်းသန်းကုဋေ မရေတွက်နိုင်အောင် ပြုလုပ်သော်လဲ မပယ်နိုင်ဘူး၊သီလကို ဝါဂွမ်းကဲ့သို့ အညစ်အကြေး မတင်အောင် သန့်ရှင်းစင်ကြယ်စွာစောင့်၊ ဘယ်နည်းနဲ့မှ မပယ်နိုင်ဘူး၊ သမထကို ဈာန်အဘိညာဏ် တန်ခိုးတွေနဲ့ ကထဲမြေလျှိုး မိုးပျံကောင်းကင်ဈာန်ရအောင် လုပ်ပေမဲ့ ဘယ်တော့မှ မပယ်နိုင်ဘူး၊ အခုပြောတဲ့ ဖြစ်ပြီးသော အကုသိုလ် ပယ်နိုင်တာ ဘယ်သူ ပယ်နိုင်သလဲ၊ အနတ္တကုသိုလ်သာ ပယ်နိုင်တယ် အနတ္တက ပယ်နိုင်တယ်၊ဘာနဲ့ ဥပမာပြသလဲ ဆိုတော့—

**ဥပမာ—** အင်မတန်ခိုင်လှစွာသော ပိုးကြိုးနဲ့ ပုလဲလုံးကလေးတွေ သီကုံးထားတော့ ပုလဲလုံးတလုံးကို ဆွဲလိုက်လျှင် ပုလဲကုံးကြီးဟာ တပြိုလုံး ပါလာတယ်၊ ဘာဖြစ်လို့ ပါလာသလဲဆိုတော့ ပိုးကြိုးကြောင့် ပါလာတယ်တဲ့၊ ဒါဖြင့်လျှင် ပိုးကြိုးကို နုပ်နုပ်ပါအောင် စဉ်းပြီးကော့ ဖြတ်တောက်ပစ်လိုက်စမ်းတဲ့ ပိုးကြိုးတွေ ပြတ်သွားရော၊ ဆွဲကြည့်လိုက်စမ်း တလုံးမှမပါတော့ဘူး၊ ဘာဖြစ်လို့လဲ ပိုးကြိုးတွေပြတ်ကုန်လို့၊ ဒါ ဥပမာပြောတာ။

အဲအခုပြောတဲ့ အတ္တဒိဋ္ဌိ,သက္ကာယဒိဋ္ဌိဆိုတဲ့ကြိုးက အခုလောကမှာ ရှိတဲ့ ပုဂ္ဂိုလ်သတ္တဝါတွေမှာ အတိတ်သံသရာက ပြုခဲ့ဘူးတဲ့ အဝိစိငရဲကို ကျစေတတ်တဲ့ အကုသိုလ်ကံပေါင်းအနန္တ တိရစ္ဆာန်ဘုံ,ပြိတ္တာဘုံ,အသူရကာယ်ဘုံ ကျစေနိုင်တဲ့ အကုသိုလ်ကံပေါင်း အနန္တ ကာယကံမှု,ဝစီကံမှု, မနောကံမှု, အကုသိုလ်ကံအစုစုတို့ဟာ လှေနဲ့, လှည်းနဲ့ သင်္ဘောနဲ့ တင်လို့ကို မကုန်နိုင်ဘူး၊ ဤမျှလောက်များပြားတဲ့ အကုသိုလ်ကံတွေ အဲဒီ အကုသိုလ်ကံကို ဘယ်သူသာပယ်နိုင်သလဲဆိုတော့ ဟောဒီ အနတ္တမှ ပယ်နိုင်တာ အနတ္တလက္ခဏာ ရလျှင် ဟောဒီ အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိကြိုး ပြတ်သွားရော၊ အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ တည်းဟူသောကြိုး, အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ တည်းဟူသောချောင့်, အတ္တဒိဋ္ဌိ,သက္ကာယဒိဋ္ဌိ တည်းဟူသောမီး အလျင်အမြန်နုတ် သတ်ဖြတ်ပစ်ရတယ်၊ အဲဒါကြောင့် ဒို့လို့ မြတ်စွာဘုရားက အရေးတကြီး ဟောတာ။

သတ္တိယာ ဝိယ ဩမဗ္ဗော၊ ဒယှမာနေ ဝ မတ္ထကေ၊
သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။

(သဂါထာဝဂ္ဂသံယုတ်)

သတ္တိယာ-အသွားထက်လှစွာသော လှံမကြီးသည်၊ ဩမဗ္ဗော ဝိယ- ရင်ဝမှာစူးဝင်၍ လျင်မြန်စွာနုတ်သော သူကဲ့သို့ရင်း၊ မတ္ထကေ-ဦးခေါင်းထက်၌၊ ဒယှမာနေ ဝ-မီးလောင်၍ လျင်မြန်စွာသတ်သောသူကဲ့သို့ရင်း၊ သက္ကာယဒိဋ္ဌိ- အစမထင်သော သံသရာမှစ၍ ယခုဘဝတိုင်အောင် သက္ကာယဒိဋ္ဌိမီးကြီးလောင် မြိုက်၍နေခြင်း သက္ကာယဒိဋ္ဌိ ငြောင့်ကြီး စူးဝင်၍ နေခြင်းကို၊ ပဟာနာယ- ချက်ခြင်းလက်ငင်း ခုတ်ဖြတ်ပယ်သတ် နိုင်ခြင်း အကျိုးငှါ၊ သတော- သတိရှိသော၊ ဘိက္ခု- သံသရာဘေးကို ရှုလေ့ရှိသော ရဟန်းရှင်လူများဖိုလ်သူသည်၊ ပရိဗ္ဗဇေ-ရုပ်ဓမ္မ နာမ်ဓမ္မ တရားတို့ကို မထင်မမြင်မခြင်း လွန်မင်းစွာကျင့်ကြံ ကြိုးကုတ် အားထုတ်ရာ၏။

ဘယ်လောက်အရေးကြီးသလဲ၊ ဘုရား မှာတော်မူတာလေ ဝိရိယ, ဝိရိယ၊ ရင်ဝလှံစူး, ထိပ်ဦးမီးလောင်တဲ့၊ ဥပမာနဲ့ပြတယ်၊ ရင်ဝလှံစူး နေတဲ့ပုဂ္ဂိုလ်သည် မောင်မင်းကြီးသား နေပါအုံးကွယ် ဒီလှံမနုတ်ပါ နဲ့အုံး တပါးသောကိစ္စတွေပြုစရာ ငါ့မှာ အများကြီးရှိပါသေးတယ် လို့ ဘယ်သူမှမနေနိုင်ဘူး၊ တပါးသောကိစ္စမပြုခင် အလျင်အမြန် လှံကို နုတ်ရတယ်၊ ထိပ်ဦးမီးလောင်နေတဲ့ ပုဂ္ဂိုလ်ဟာ ဒီမီးလောင်နေတာ အသာထားစမ်းပါအုံးကွယ်၊ လုပ်စရာကိုင်စရာ ကလေးတွေ ကျန်ပါ သေးတယ်၊ လုပ်ပါရစေအုံးလို့ ဘယ်သူမှမနေနိုင်ဘူး၊ ထိပ်မီးလောင် တာနဲ့တပြိုင်နက်ထဲ တပါးကိစ္စ မဆောင်ရွက်နိုင်ဘူး၊ မီးကိုအလျင် ငြိမ်းအောင် သတ်ရမယ်၊ အဲဒီဥပမာလိုဘဲတဲ့ ဘုရားက အခုရှိတဲ့ ဒကာ ဒကာမတွေ တပါးသောကိစ္စ အဝဝ ဘာကိုမှမလုပ်ခင် အင်မတန် အရေးကြီးတဲ့ သက္ကာယဒိဋ္ဌိမီးကြီး သက္ကာယဒိဋ္ဌိငြောင့်ကြီး သက္ကာယ ဒိဋ္ဌိတည်းဟူသော ကြိုးကြီးကို နုတ်ခြင်း, သတ်ခြင်း, ဖြတ်ခြင်းကို လျင်လျင်မြန်မြန် အရင်ပြုကြအုံးတဲ့၊ ဘာပြုလို့လဲ အင်မတန်ကြောက် စရာကောင်းတယ်၊ ဒီသက္ကာယဒိဋ္ဌိမီးကြီး တန်းလန်းကြီး ရှိနေသမျှ

ကာလပတ်လုံး အပါယ်သံသရာဘေးက ဧကန် မလွတ်သေးဘူးတဲ့၊ ဘယ်လိုသတ္တိကောင်းလို့ လှူပြည့်၊နတ်ပြည့်၊ ဗြဟ္မာပြည်ရောက်ပေမဲ့ အတ္တဒိဋ္ဌိ၊သက္ကာယဒိဋ္ဌိ မပြုတ်လျှင် အပါယ်ကျမှာဘဲ စိတ်သာချ၊ငါတို့ သတ္တိကောင်းလို့ နတ်ပြည် လူ့ပြည်ရောက်တယ်၊ သတ္တိကောင်းလို့ ဗြဟ္မာဖြစ်တယ်လို့ ဝမ်းမမြောက်နဲ့၊ဘယ်သောက်ပင် သတ္တိကောင်းလို့ လူ့ပြည့်၊နတ်ပြည့်၊ ဗြဟ္မာပြည်ရောက်ရောက် တနေ့အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ မပြုတ်လျှင် အပါယ်ကျမှာဘဲ၊ အင်မတန်ကြောက်စရာကောင်းတယ်၊ အဲဒါကြောင့်မို့လို့ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ တည်းဟူသောတရားသည် ဘယ်တုန်းကမှ မရဘူးသေးတဲ့ မဖြစ်ဘူးသေးတဲ့ အနုတ္တကုသိုလ်ရမှ ပယ်နိုင်သည်မှတ်၊ အဲ မရဘူးသေးတဲ့ အနုတ္တလက္ခဏာ ရလျှင် ဟော ဖြစ်ပြီးသောအကုသိုလ် တရားတွေ တခါထဲဖြတ်တောက်ပစ်ခဲ့တယ်။

ဒါဖြင့် ကောင်းပြီ အနုတ္တလက္ခဏာကို ရတဲ့အတွက်ကြောင့် အတ္တဒိဋ္ဌိပြုတ်သွားသဖြင့် ဖြစ်ပြီးသောအကုသိုလ် ပယ်နိုင်တာ သဘောကျပြီ၊ မိမိတို့ ပြုဆဲပြုလတံ့ဖြစ်တဲ့ အပါယ်သံသရာကို တကယ်ကျနိုင်တဲ့ ကာယကံ အကုသိုလ်တွေ ဝစီကံအကုသိုလ်တွေ တန်းလန်းရှိနေသေးတယ်၊ လောဘ၊ဒေါသ၊မောဟ အကုသိုလ်နှင့်ယှဉ်ပြီးတော့ ကာယကံ အကုသိုလ်တွေ ဝစီကံအကုသိုလ်တွေ ရှိသေးတယ်၊ အဲဒါတွေလဲ ပယ်ရအုံးမယ်လို့ ဘုရားကဟောတယ်၊ အဲဒါ ဘာမှစိတ်မပူနဲ့ စိတ်ထဲက ဘာမှမညှိုးငယ်နဲ့၊ အနုတ္တသာ တွေ့ပစေ၊ အနုတ္တလက္ခဏာကို တကယ်တွေ့လျှင်လေ စိတ်သာချ အခုပြောတဲ့ အကုသိုလ် ကာယကံမှုတွေ အကုသိုလ်ဝစီကံမှုတွေ နင်လုပ်ရမယ် မလုပ်ရင် နင့်ငါသတ်မယ်လို့ ဂုတ်ပေါ်ကဒါးမိုးထား ဘယ်တော့မှမကျူးလွန်ဘူးမှတ်ထား၊ အဲဒါ တို့ သက်သေခံအထင်အရှားရှိတယ်၊ အနုတ္တလက္ခဏာ တကယ်တွေ့တဲ့ပုဂ္ဂိုလ် အပါယ်ကျနိုင်တဲ့ အကုသိုလ် လုံးလုံးကင်းသွားတယ်၊ ဘယ်မှာကင်းသလဲ ဆိုတော့–

## ခန္ဓပြဿရ

တို့မြတ်စွာဘုရားလက်ထက်က ခန္ဓပြဿရာဆိုတာလေ ကြားဘူးကြမှာပေါ့၊ သမာဝတီရဲ့ကျွန်မ ခန္ဓပြဿရာ အဲဒီခန္ဓပြဿရာဟာ နေ့စဉ်နေ့

တိုင်း သာမာဝတီမိဖုယားကို ပန်းဝယ်ဆက်သရတယ်၊ တနေ့တနေ့ ကို ရှစ်အသပြာ, ရှစ်အသပြာဘိုး ဝယ်ပြီးတော့ သာမာဝတီကို ပန်း ဆက်ရတယ်၊ အခုကာလ ခေါင်းပုံဖြတ်တာ ဘာဟုတ်သေးသလဲ ဟို ဘုရားရှင်လက်ထက်က သာမာဝတီကို ပန်းဝယ်ဆက်ရတဲ့အခါ တုန်းကလဲ ခေါင်းပုံဖြတ်ထား၊ အခုပြောတဲ့ခုဇ္ဇုတ္တရာက ရှစ်အသပြာ ငွေရသော်လဲ လေးအသပြာဘိုးသာဝယ်တာ၊ လေးအသပြာခေါင်းပုံ ဖြတ်တယ်၊ အဲဒါ ဘုရားလက်ထက်က, ဘုရားလက်ထက်က အခုကာ လမပြောနဲ့ တို့ဘုရားလက်ထက်ကတောင် ခုဇ္ဇုတ္တရာ ခေါင်းပုံဖြတ် ထားကြည့်ပါလား၊ တခါထဲ ရှစ်အသပြာဘိုး ဘယ်တော့မှ မဝယ်ဘူး၊ လေးအသပြာဘိုးသာဝယ်တယ်၊ အဲ တနေ့ကျတော့ သူ ပန်းဝယ်ရ အောင် သွားတဲ့အခါ ဒီပန်းသည့်အိမ်မှာ မြတ်စွာဘုရားနှင့် တကွ သံဃာတော်အရှင်မြတ်များ ဆွမ်းကျွေးတာကိုး၊ ဆွမ်းကျွေးတော့ ဆွမ်းဘုဉ်းပေးပြီးသည့်၏ အခြားမဲ့၌ မြတ်စွာဘုရား ဆွမ်းအနုမောဒနာ တရားဟောတယ်၊ အဲဒီလို ဆွမ်းအနုမောဒနာတရား ဟောတဲ့အခါ ကျတော့ သူကလဲ ပန်းဝယ်သွားတဲ့အခါနှင့် ဘုရားကိုယ်တော်မြတ် တရားဟောတာနှင့် ကြုံနေ၍ ပရိသတ်အနားမှာ ထိုင်ပြီးတော့ မြတ်စွာ ဘုရားတရားတော်သူနာတာပေါ့၊ဘုရားတရားတော်နာတော့ ပါရမီများ ဟာ အတော်ဆန်းကြယ်တယ်၊ခုဇ္ဇုတ္တရာကျွန်မဟာ ကျွန်မဖြစ်ရတာလဲ သူဖြစ်ချင်လို့ မဟုတ်ဘူး သူ့ကံကြောင့်ဖြစ်တာ၊ သူ့ကံက ကျွန်မဖြစ် ထိုက်တဲ့ကံကို ပါလာတယ်၊ ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝမှာ ကျွန်မ ချည်းဖြစ်ရတယ်၊ သို့သော်လဲ ပါရမီရှိတဲ့ပုဂ္ဂိုလ် ပါရမီဉာဏ်ရှကြွေ ရင့်တဲ့ပုဂ္ဂိုလ်၊ ပါရမီရင့်တဲ့ပုဂ္ဂိုလ်ပေမဲ့ ဝစီဘေဒ အကုသိုလ် ကံကြောင့် ကျွန်မဖြစ်ရတယ်၊ ဘယ်လိုအကုသိုလ်ကံလဲ ဆိုတော့။

ရှေးကတုန်းကဘိက္ခုနီမတပါးကိုခုဇ္ဇုတ္တရာအလောင်းကသူဌေးသမီး ဆိုတော့ မာနရှိတာပေါ့၊သူရေချိုးနေစဉ် ဘိက္ခုနီမလာတဲ့ အခါနှင့် ကြုံ တော့ သူ၏အဝတ်အစားကို ယူပေးပါလို့ ခိုင်းစေတယ်၊ အဝတ်အစား ကို အယူခိုင်းတော့ ဘိက္ခုနီမကသိတာပေါ့၊ငါအကယ်၍ ယူမပေးလျှင် ဒီသူဌေးသမီး အငြိုငြိုကျမှာဘဲ၊ငါယူပေးလျှင်လဲ သူဟာ ဖြစ်တိုင်းသော ဘဝမှာ ကျွန်ချည်းဘဲဖြစ်ရမယ်၊ ဒီတော့ အငြိုငြိုကျတာထက်တော့ သက်သာမယ်၊ ငါယူပေးလိုက်မယ်ဆိုပြီးတော့ ဘိက္ခုနီမက သည်းခံ

ပြီးတော့ အဝတ်သူပေးလိုက်တယ်၊အဲ ဘိက္ခုနီမ ကိုယ့်ထက်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ကို နိုင်းစေမိတဲ့ ဝစိကံအကုသိုလ်ကြောင့် ဖြစ်တိုင်းဖြစ်တိုင်း သောဘာဝမှာ ကျွန်မချည်းဖြစ်ရတယ်၊ အဲဒါ အခု ဒကာ, ဒကာမတွေ သတိထားကြပေါ့၊ ကိုယ့်ထက် အသက်သိက္ခာ ဝါကြီးတဲ့ ပုဂ္ဂိုလ် ပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ်များကို အမှတ်တမဲ့မနိုင်းကြနဲ့နော်၊ အဲဒိဝစိကံ ဟာ ဖြစ်တိုင်းသောဘာဝမှာ ကျွန်မဖြစ်ရတယ်၊ ဒါ သတိထားကြ။

အဲဒီ ခုဇ္ဇုတ္တရာဟာ ပညာအရာမှာ ဇေတဒဂ်ရပုဂ္ဂိုလ်၊ဘယ်လောက် အဖိုးတန်သလဲဆိုတာ မြတ်စွာဘုရား ဟောကြားတော်မူသည့် တရား အဆုံး၌ တခါထဲ အနဂ္ဂလက္ခဏာဉာဏ်မြင်ပြီး သောတာပန် တည် သွားတယ်၊ သောတာပန်တည်သွားတော့ ခါတိုင်းခါတိုင်း လေးအသ ပြာခိုးတဲ့ ခုဇ္ဇုတ္တရာဟာ ဒီကနေ့ကျတော့ ခိုးသေးသလား၊ ဟော, မခိုးတော့ဘူး၊ ရှစ်အသပြာတိုး ဝယ်သွားပြီ၊ မခိုးဘူး၊ ကိုင်းခုနတုန်းက မဖြစ်ဘူးသေးတဲ့ အကုသိုလ် နောက်ထပ်မပြုနဲ့လို့ သူ့ကို တိုက်တွန်း စရာ လိုသေးသလား၊ အနဂ္ဂလက္ခဏာဉာဏ်မြင်တော့ မရဘူးသေးတဲ့ ကုသိုလ် ရသွားပြီ၊ဟော မရဘူးသေးတဲ့ ကုသိုလ်ရတာနဲ့တပြိုင်နက်ထဲ အကုသိုလ် ဖြစ်ပြီးတာတွေလဲ ပယ်လိုက်ပြီ၊ ဟော မဖြစ်သေးတဲ့ အကုသိုလ်လဲ မကျူးလွန်တော့ဘူး၊ ရှစ်အသပြာတိုးဝယ်သွားပြီ၊ ရှစ်အ သပြာတိုး ဝယ်သွားတော့ သာမာဝတီထံ ပြန်ရောက် သွားတော့ သာမာဝတီက မြင်တာပေါ့၊ခုဇ္ဇုတ္တရာ နင့်ပန်းတွေများလိုက်တာဟယ် နင့် ပန်းသည်က မေတ္တာရှိလို့ ပိုပေးလိုက်သလား၊ မသိရှာဘူး သခင် မက၊ လေးအသပြာအမြဲခိုးထားတာ မသိရှာဘူး၊ မသိရှာတော့ အဲဒီ နေရာမှာ မုသားပြောမဖြစ်ဘူးလား၊ လိမ်ပြောရင်လေ ခုကာလလူတွေ ဆိုလျှင် ရှက်တာနှင့် လိမ်ချင်လိမ်မှာ၊ ဟိုမှာတော့ သူက အနဂ္ဂဉာဏ် မြင်ထားတဲ့ပုဂ္ဂိုလ် ဘယ်လိမ်တော့မလဲ မလိမ်ဘူး၊ဟာ,ဘာဟုတ်မလဲ သခင်မ သေရမှာလဲ မကြောက်ဘူး၊ သူ နောက်ကခိုးခဲ့တဲ့အကြောင်း တွေ၊ ပြန်ပြောလို့ သူ့ကိုသတ်မယ်ဆိုလျှင် သူမကြောက်ဘူး၊ ဟာ ဘာဟုတ်မလဲ သခင်မ ဘာလဲဟဲ့ပြောစမ်းပါအုံးဆိုတော့မှ ကျွန်မဟာ ခါတိုင်းဝယ်လာတဲ့ သခင်မပန်းတွေကို ရှစ်အသပြာသော ငွေကို ရသော်လဲ လေးအသပြာတိုးသာ ဝယ်တာတဲ့၊လေးအသပြာကို ကျွန်မ

နေ့စဉ် သခင်မ မသိအောင် သုံးစွဲခဲ့ကယ်တဲ့၊အခု ဒီကနေ့မြတ်စွာဘုရား တရားတော်နာကြား သိရှိရတဲ့အတွက် ရှစ်အသပြာတိုးဝယ်လာတယ်။

ဒီလိုပြောတော့ သာမာဝတီက စိတ်မဆိုးရှာဘူး ပါရမီဘက်တွေ၊ နောက်ကထဲက သူ့ကိုပါရမီဖြည့်လာတဲ့ပုဂ္ဂိုလ်တွေ ပါရမီဘက်တွေ ပေါ့၊ အဲဒီတော့ ဟာ ဒီလိုဆိုလျှင် အမိ နေရာကျလိုက်တာ မြတ်စွာ ဘုရားတရားတော် တို့လဲ မနာရဘူးကွဲ၊ သင် နာခဲ့ရတဲ့တရား တို့ကို ပြန်ဟောပါဆိုတော့ ကောင်းပါပြီ ဟောပါ့မယ်လို့ ဝန်ခံတယ်၊ ကဲ ကျွန်မ, ကျွန်မကို သာမာဝတီအမှူးရှိသော ငါးရာသောအပေါင်းတို့က ကောင်းစွာမွှန်စွာ နံ့သာရေတို့ဖြင့်ချိုး၊ ချိုးပြီးသကာလ အဝတ်တန်ဆာ ဆင်ပြီးတော့ မြင့်မြတ်တဲ့ပလ္လင်မှာတင်ပြီး ငါးရာသော မောင်းမအ ပေါင်းတွေက အောက်ကနေပြီးတော့ တရားနာရတယ်၊ပလ္လင်အောက် က တရားနာကြတယ်၊ တရားနာတော့ ခုဇ္ဇုတ္တရာက ဘယ်လောက် ဉာဏ်ကြီးသလဲဆိုတော့ ဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ ဒေသနာတော်အစဉ်ကို လက်ဝါးပေါ်တင်ပြသလို ဝစ္စပေါက်မှမကျန် ရအောင် အကုန်သိတာ၊ သိတော့ အကုန်ပြန်ဟောနိုင်တာပေါ့။

အဲခုဇ္ဇုတ္တရာပြန်ဟောတဲ့ တဆင့်တရားကို သာမာဝတီအမှူးရှိသော ငါးရာသောမောင်းမအပေါင်းတို့နာကြားရတဲ့အခါအကုန်သောတာပန် တည်သွားတယ်၊ အနုတ္တလက္ခဏာအကုန်ထင်မြင်သွားတယ်၊အဲဒါဖြစ်ပြီး သောအကုသိုလ်တရားကို ပယ်နိုင်လျှင် မဖြစ်သေးတဲ့အကုသိုလ်လဲ နောက်ထပ်အသက်နှင့်သာ လဲမယ်၊ဘယ်တော့မှ မကျူးလွန်ဘူးမှတ်၊ မှတ်မိရေပေါ့၊ ဟာ ဒါဖြင့်ဟန်ကျနေပြီ၊ မရဘူးသေးတဲ့ ကုသိုလ်လဲ ရနေပြီ၊ရပြီးတဲ့အကုသိုလ်တွေလဲ ပယ်နိုင်ပြီ၊မဖြစ်သေးတဲ့ အကုသိုလ် တွေလဲ သူ့အသက်နှင့်သာလဲမယ် သူမကျူးလွန်တော့ဘူး ဆိုတော့ သဘောကျပြီ၊ ရပြီးသောကုသိုလ် လွန်စွာပွါးရမယ်ဆိုတော့ ဟပည့် တော်တို့သည် မောလို့ သေရေ့ပေါ့ဘုရား၊ အဲဒီလို ဆင်ခြေဘက်ချင် တက်အုံးမယ်၊ စိတ်သာချ ဒီလိုတကယ် အစစ် အမှန် အဘိုးတန်တဲ့ ရတနာကြီး ဝိပဿနာ ဉာဏ်အစစ်ဖြစ်တဲ့ အနုတ္တလက္ခဏာ အဟုတ် အမှန်ရုပ်နာမ်ဖြစ်ပျက်ကို တကယ် ပိုင်နိုင်မှုရတဲ့ ပုဂ္ဂိုလ်၊ ဒီတရားဟာ မဟုတ်ဘူးဟဲ့, ဒီတရားကို နှင် မစီးဖြန်းနဲ့လို့ ဂုတ်ပေါ်က ဒါးမိုးထား

ဘယ်တော့မှ မနေဘူး၊ နေ့ရော ညဉ့်ရော သွားရင်း လာရင်း အိပ်ရင်း ဘယ်အခါမှ မပြတ်တော့ဘူး၊ ဒီတရားကို ဘယ်တော့မှ လက်မလွှတ်တော့ဘူး။

ဒါကြောင့် ဖြစ်ပြီးသော ကုသိုလ်တရားကို လွန်စွာပွါးခြင်း ဆိုတာ တမင်လုပ်ရတဲ့တရား မဟုတ်ဘူး၊ တို့ ခုတိုက်တွန်း နေရသေးတာက မလိုလေး လိုလေး တိုက်တွန်းနေရတာ၊ တိုက်တွန်းစရာ မလိုဘူး၊ ဘုရားဘယ်လောက် တိုက်တွန်းသလဲ၊ ဟော "တိဋ္ဌံစရံ နိသိန္နောဝါ သယာနော" ရပ်သော်ငြင်း, သွားသော်ငြင်း, ထိုင်သော်ငြင်း, အိပ်သော်ငြင်း, ဣရိယာပုထ်လေးပါးကို ဘယ်တော့မှ မပြတ်ရဘူးတဲ့၊ ဘုရားက၊ အဲဒါကဒီအနုတ္တရလက္ခဏာ မထင်မြင်ဘူးသေးတဲ့လူကို တိုက်တွန်းတာ၊ အနုတ္တလက္ခဏာ ထင်မြင်ပြီးတဲ့ ပုဂ္ဂိုလ်ကျတော့ ဘယ်သူက တိုက်တွန်းရအုံးမလဲ၊ ဘယ်သူကမှ မတိုက်တွန်းရဘူး၊ သူ့ဟာသူ သိနေပြီ၊ အနတ္တ လက္ခဏာ တကယ် ပေါက်တဲ့ ပုဂ္ဂိုလ်ကို ကြိုးစား ပါဟဲ့, အားထုတ်ပါဟဲ့, ဝီရိယပြုပါဟဲ့လို့ ဘယ်သူကမှ မတိုက်တွန်း ရတော့ဘူး သူ့ဟာသူ သိမှာဘဲ၊ သူ့ပစ္စည်းသူ အဘိုးတန်မှန်းသိနေမှာဘဲ ဘယ်သူမှ မတိုက်တွန်းရဘူး၊ အဲဒါ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် ဝီရိယပဓာန ထားဟောတဲ့ အကြောင်း ပြသွားတယ်၊ ဝီရိယ၏ ကျေးဇူး သိပ်ကြီးတဲ့ အကြောင်း အခုလဲ တို့ယောဂီတွေဟာ ဝီရိယ အားနည်း နည်းသလို ဖြစ်ကြမှာဘဲ၊ ဝီရိယကောင်းလျှင် ကောင်းသလို အကျိုးခံစားရမယ်၊ စိတ်သာချ၊ အဲဒီ ဝီရိယကျတော့လေ ပိုက်ဆံပေး ဝယ်လို့လဲ မရဘူး၊ ဟာ ငါသူဌေးဘဲ ငါသူဌေးသားဘဲ ငါပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝတဲ့ လူဘဲ, ငါမင်းမျိုးဘဲ အဲ ငါကြွက်သရေနဲ့ ပြည့်စုံတယ် ဆိုပြီးတော့ ပိုက်ဆံတွေ လူ့ပြည်က ဖြုန်းဘွဲ့ပြည် ထိအောင် ပုံပေး မရဘူး၊ ဝီရိယက ကိုယ့်ဟာနဲ့ကို မိမိကိုယ်တိုင် အားထုတ်မှ ရတဲ့တရား သူများဆီက ချေးငှါးလို့ ရကောင်းတဲ့ တရားမျိုးမဟုတ်ဘူး၊ ဒါကြောင့်–

ဝီရိယဝတော ကိံ နာမကမ္မံ နသိဇ္ဈတိ။ ဝီရိယဝတော–ဝီရိယ အားကြီးသောသူအား၊ ကိံ နာမကမ္မံ–အဘယ် မည်သော အမှုသည်၊ နသိဇ္ဈတိ–မပြီးဘဲ ရှိအံ့နည်း တဲ့။

ဝီရိယအားကောင်းတဲ့ ပုဂ္ဂိုလ်သည် ဘယ်ကိစ္စ ဘယ်ဌာန ဘယ်အရာမျိုးမှ အကျိုးမပြီးမရှိဘူး၊ မယုံလျှင် ကိုယ်ပိုင်ဉာဏ်နှင့် ကြည့်ပေါ့၊ ဝီရိယ အားကောင်းတဲ့ ပုဂ္ဂိုလ်ဟာ ဝီရိယ အကျိုး ဆက်တော့ လောကီမှာ စီးပွါးချမ်းသာ ရှာမှုမှာလဲ ခံစားရတာဘဲ၊ လောကုတ္တရာ အကျိုးလဲ ဝီရိယပဓာနထား၍ ဗောဓိပက္ခိယ ၃၇-ပါးမှာ ဝီရိယ ၉-ဌာန ပဓာနထားတယ်၊ သမ္မပ္ပဓာန်လေးပါးဟာ ဝီရိယချည်းဘဲ၊ ဖြစ်ပြီးသော အကုသိုလ်ပယ်ခြင်း ဝီရိယ, မဖြစ်သေးသော အကုသိုလ် မဖြစ်အောင် ကြိုးစားခြင်း ဝီရိယ,မရဘူးသေးသော ကုသိုလ် ရအောင် ရှာခြင်း ဝီရိယ,ရပြီးသော ကုသိုလ် လွန်စွာပွါးခြင်း ဝီရိယ,ပြီးတော့မှ ဣဒ္ဓိပါဒ်လေးပါးရှိတယ်၊ ဆန္ဒိဒ္ဓိပါဒ်, ဝီရိယိဒ္ဓိပါဒ်, စိတ္တိဒ္ဓိပါဒ်, ဝိမံသိဒ္ဓိပါဒ်၊ ဣဒ္ဓိပါဒ်လေးပါးထဲမှာ ဝီရိယိဒ္ဓိပါဒ်, ဝီရိယဘဲ အကြီးအမှူး ထားတယ်၊ ပြီးတော့မှ တို့ ဣန္ဒြေ ငါးပါးထဲမှာ သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေဆိုတဲ့ ဣန္ဒြေငါးပါးထဲမှာ ဝီရိယဣန္ဒြေ ထားတယ်၊ဗိုလ်ငါးပါးထဲမှာ သဒ္ဓါဗိုလ်,ဝီရိယဗိုလ်, ဟောဝီရိယဗိုလ် ပါတယ်၊ ဗောဇ္ဈင် ၇-ပါးထဲမှ, ဝီရိယသမ္ဗောဇ္ဈင်တဲ့၊ မဂ္ဂင်ရှစ်ပါးထဲမှာ သမ္မာဝါယာမ မဂ္ဂင်တဲ့ အဲဒီတော့ ဝီရိယဟာ,ဗောဓိပက္ခိယတရား ၃၇-ပါးထဲမှာ ဝီရိယကိုးဌာနပါတယ် အဲဒါကြောင့် တို့ရ တရားနာတဲ့ ပုဂ္ဂိုလ်တွေကြားရပြီပေါ့၊ လက်စသတ်တော့ ဒီအလုပ်တွေဟာ ဘယ်သူ့ဆီကမှပိုက်ဆံပေးဝယ်လို့မရ ဘယ်သူ့ကိုမှလဲ အားကိုးလို့မရ၊ဒါ ငါ့အစ်ကိုဘဲလို့လဲ အားကိုးလို့မရ ငါ့ညီဘဲဆိုလို့ အားကိုးလို့မရ၊ငါ့ဆွေမျိုးဘဲဆိုလို့ အားကိုးလို့မရ၊ ငါ့အမိဘဲလို့ အားကိုးလို့မရ ငါ့အဖဘဲလို့ အားကိုးလို့မရ မိမိကိုယ်ကိုသာလျှင် အားထားရာ အားကိုးရာ ပြုပြီး သကာလ ဝီရိယသန်သန်နှင့် အခုပြောတဲ့ အနတ္တ လက္ခဏာ မတွေ့မခြင်း ငါတို့ အရိုးကြေကြေ အရေခန်းခန်း နောက်မဆုတ်တမ်း အားထုတ်မယ်ဆိုတဲ့ စိတ်ဓာတ်ကို နှလုံးသွင်းကြ၊ ဘုန်းကြီးက တိုက်တွန်းတာ မဟုတ်ဘူး၊ ဘုရား ကိုယ်တော်တိုင်က တိုက်တွန်းတော်မူတာ မေတ္တာ သုတ်ထဲမှာ ပါတယ်။

ကရဏီယ မတ္ထကုသလေန ယန္တံသန္တံ ပဒံ အဘိသမေစ္စ
သက္ကော။

ကြားတော့ ကြားဘူးကြမှာပေါ့၊ သင်္ခါရဆိုတာ ဘာခေါ်မှန်းမှ မသိဘဲ၊ သင်္ခါရဆိုတာ သိကြားများမှတ်နေ ဒုက္ခဘဲ၊ မဟုတ်ဘူး၊ သင်္ခါရဆိုတာ ဘာလဲ ကိုယ်နှင့် အသက် မငဲ့ကွက်ဘဲ သစ္စာလေးပါးကို သိစွမ်းနိုင်ခြင်း၄ါ ကျင့်စွမ်းနိုင်သည်၊ အသ-ဖြစ်ရာ၏၊ အဲဒီ လောက် ဝီရိယကို တိုက်တွန်းတာ သင်္ခါတဲ့ ကိုယ်နှင့်အသက် မငဲ့ကွတ်ဘဲ အားထုတ်ရမယ်တဲ့၊ ဒါကြောင့်မို့လို့ လုံ့လ ဝီရိယကို မလျှော့ဘဲ ငါတို့ ယနေ့ယခု နာရတဲ့ တရားတော် ဒေသနာတော်အခု ဘုရားကိုယ်တော်မြတ်ကြီး တိုက်တွန်းတဲ့ ဒေသနာကို ငါတို့ စိတ်ဝယ် နှလုံးသွင်းပြီးသကာလ ကိုယ်တော်တိုင်အားထုတ်မယ်ဆိုတာ နှလုံးသွင်းကြ။

---

# မင်္ဂလာနှင့် ပရာဘဝသုတ်

တရားနာတဲ့ပုဂ္ဂိုလ်တွေဟာ ဘာရည်ရွယ်ပြီး နာကြသလဲ၊ တရားနာတဲ့ပုဂ္ဂိုလ်ဆိုတာ ငါတို့သည် မြတ်စွာဘုရား၏ ဒေသနာတော်သံများကို ကြားနာမှတ်သားရခဲ့လို့ရှိရင် အမှန်မုချ ငါတို့ အကျိုးအမြတ်ရလိမ့်မယ်လို့ မျှော်လင့်ပြီးတော့ နာကြားကြတယ်၊ ဟောတဲ့ပုဂ္ဂိုလ်ကကော ဟောတဲ့ပုဂ္ဂိုလ်ကလဲဘဲ တရားနာတဲ့ ပရိသတ်ကြီးဟာ အလုံးစုံသော မြတ်စွာဘုရား၏ သြဝါဒဒေသနာတော်များကို ကြားနာမှတ်သားရလို့ရှိရင် လောကဠ် ဖြစ်တတ်သော အကျိုးအာနိသံသ, ပျက်တတ်သော အကျိုးအာနိသံသတို့ကိုသိ၍ မကောင်းမှုမှပယ်ရှောင်၍ ကောင်းမှုရအောင် အားထုတ်နိုင်ကြပါစေဆိုတဲ့ မေတ္တာစေတနာနဲ့ဟောရတယ်၊ လိုရင်းကတော့ ဒီတရားနာလာတဲ့ပုဂ္ဂိုလ်တွေက များသောအားဖြင့် သဒ္ဓါတရားနဲ့ ယုံကြည်ပြီးသား ပုဂ္ဂိုလ်တွေ ဖြစ်ကြတာပေါ့၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က သဒ္ဓါကို အလေးဂရုပြု ဟောတယ်။

> သဒ္ဓေါ ဟောတိ သဒ္ဒဟတိ, တထာဂတဿ ဗောဓိံ၊
> သဒ္ဓေါ-ထက်သန်သော သဒ္ဓါတရားနဲ့ပြည့်စုံသည်၊ ဟောတိ-ဖြစ်၏၊ တထာဂတဿ-ငါဘုရား၏၊ ဗောဓိံ- အဟုတ်အမှန်ထိုးထွင်း၍ သိတော်မူသော ဉာဏ်တော်ကို၊ သဒ္ဒဟတိ-ယုံကြည်၏။

တို့မြတ်စွာဘုရား သခင်ကိုယ်တော်မြတ် အရေးတကြီး ပြောတာကဟဲ့ သဒ္ဓါတရား အရေးကြီးတယ်တဲ့၊ သဒ္ဓါဆိုတော့ ယုံကြည်ခြင်းကိုခေါ်တယ်၊မြတ်စွာဘုရားဟောတဲ့ တရားတော်တို့သည် ဧကန်မလွဲဘူးမှန်တယ်၊ ဘုရားကိုယ်တော်မြတ်ကြီးသည် မဟာကရုဏာ အလွန်ကြီးတော်မူတယ်၊ မကောင်းတာမြစ်တားလို့ ကောင်းတာညွှန်ကြားပို့တင်လို့ သွန်သင်ဆုံးမနိုင်တဲ့ဘုရား၊ ဘုရားရှင်ဟောတဲ့ တရားတော်သည် ဧကန်မလွဲမှန်တယ်ဆိုတာ ယုံကြည်ဘို့ အဲဒါအရေးကြီးတာပေါ့၊ များသောအားဖြင့် တို့ ကာလအားလျော်စွာ ဘုရားဟောတဲ့ တရားဒေသနာတော်ကြားပေမဲ့ သဒ္ဓါတရား လူတိုင်းမရှိဘူး၊ ယုံကြည်ခြင်း

အလွန်ကင်းမဲ့တယ်၊ ဘာဖြစ်လို့သိရသလဲဆိုကော့ အခု တို့မြတ်စွာ ဘုရားကိုယ်တော်မြတ် အရာရာမှာ အကြွင်းအကျန်မရှိ သိမြင်တော် မူသောဘုရား၊ အရာရာမှာ အကုန်သိမြင်တယ် ပကောင်းကာလဲ သိတယ်၊ ကောင်းတာလဲသိတယ်၊ မမှန်တာလဲသိတယ်၊ မှန်တာလဲ သိတယ်၊ ဒီ ဒကာ ဒကာမတွေ အကျိုးအမြတ် ဖြစ်တို့ကိုလဲ သိတယ်၊ အကျိုးအမြတ် ပျက်စီးတို့ကိုလဲ မြင်တယ်၊ အဲဒီလောက် တို့မြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ အကြွင်းအကျန်မရှိ အလုံးစုံ သိမြင်တော်မူတဲ့ဘုရား၊ အဲဒီလို သိမြင်တော်မူတဲ့ ဘုရား၏သားတော် တွေ သ္မီးတော်တွေ ဘုရားစကားတော်ကြီးကို လေးလေးစားစားနာ ယူတို့ အင်မတန်ကောင်းတာပေါ့၊ လောက၏အကျိုးစီးပွါး လောကုတ္တ ရာ၏ အကျိုးစီးပွါးများ အမြတ်ရတို့ မိမိတို့သည် လောက၏ပျက်စီး ခြင်း, သံသရာဘေးကြီးတို့ကို မြင်တို့ ဒါ ဘုရားကိုယ်တော်မြတ် ဟောတာတွေပေါ့။

ဒီတော့ ခပ်တိုတို ခပ်ရှင်းရှင်းနဲ့ ပြောရမယ်ဆိုရင် ဒီလောကမှာ အကျိုးအမြတ်အများဆုံး တရားဟာ ပိဋကတ်သုံးပုံ, ဓမ္မက္ခန္ဓာရှစ် သောင်းလေးထောင်ထဲမှာ ရှိတာပေါ့၊ ရှိသော်လဲ တို့လူ့လောကကြီး မှာ နေကြတဲ့သတ္တဝါအနန္တတို့ဟာ ဒီ ပိဋကတ်သုံးပုံ ဓမ္မက္ခန္ဓာရှစ် သောင်းလေးထောင် အကုန်ရှောက်သင်မှ ဘယ်ဒင်းကနေရာကျတယ် ဘယ်ဒင်းက ကောင်းတယ်၊ ဒီမှ သိရမှာကိုး၊ အဲဒီလိုသင်ကာမှ သိရ မယ်ဆိုရင် အလွန်ရှည်ဝေးနေတယ်၊ အဲဒါကြောင့် အားလုံး အခု တရားနာတဲ့ပုဂ္ဂိုလ်တွေ စုံစမ်းကြည့်၊ ဘုန်းကြီးပြောတာလဲဘဲ နှလုံး သွင်းကြည့်၊ အကောင်းဆုံး အမွန်အမြတ်ဆုံးတရားဟာ ဘယ်ဒင်းလဲ လို့ဆိုတော့ မင်္ဂလာဟာ အကောင်းဆုံးဘဲတဲ့၊ မင်္ဂလာတရားတော် သည် အကောင်းဆုံး အမိုးအနန္တအသိုက်တန်ဆုံး၊ အဲဒါကို မြတ်စွာ ဘုရား၏သားတော်တွေ သိဿာနုသိဿ အစဉ်အဆက် အမိုးအတန် ဆုံး လက်နက်ကောင်းကိုရှာတော့ မင်္ဂလာတရားကိုတွေ့တယ်၊ ဒီ မင်္ဂ လာတရားကို ပိဋကတ်သုံးပုံ, ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် အကုန်လုံးရှောက်သင်လို့ တွေ့ကာမှ ဟာ ဒီတရားကောင်းတယ်လို့ သိရတဲ့အတွက်ကလေးများ စာသင်တော့ရှေးဦးစွာ က–မချ–သင်ပုန်း ကြီးကအစ အားလုံးကုန်နားလည်အောင် သင်ကြားပြီ အကျွရာကို

တတ်မြောက်သည့်နှင့် တပြိုင်နက် မင်္ဂလာသုတ်ကိုသင်ဘို့ဆိုပြီး စီစဉ်ထားခဲ့ကြတယ်၊ အဲဒီမင်္ဂလာတရားဟာ အဖိုးအတန်ဆုံးအကောင်းဆုံးတရား၊ အဲဒီမင်္ဂလာတရားတော်ကြီးကို ငယ်ငယ်ကလေးကစပြီးတော့ အဖိုးအနဂ္ဃထိုက်တန်တဲ့ တရားကို နားလည်အောင်လို့ စပြီးတော့ ပညာရှိတဲ့ ပုဂ္ဂိုလ်အပေါင်းတွေက လွယ်လွယ်နဲ့တွေ့အောင် က-မချ သင်ပုန်းကြီးကို နှုတ်တက်ရွရွ ရတာနဲ့တပြိုင်နက် မင်္ဂလာကိုရှေးဦးစွာ သင်ကြားဘို့ စီစဉ်ခဲ့တယ်။

အဲဒီလို စီစဉ်ခဲ့တဲ့မင်္ဂလာဟာ ဘယ်လောက်အဖိုးတန်တယ်ဆိုတာ မသိကြဘူးပေါ့၊ ဘာဖြစ်လို့လဲဆို သင်တုန်းက အရွယ်ကငယ်သေးတာကိုး၊ ကလေးလေးတွေ သင်ကြတာ၊ ငါးနှစ်သား, ရှစ်နှစ်, ကိုးနှစ်, ဆယ်နှစ်သား စသည်ဖြင့် ဒီအရွယ်ကသင်ရတဲ့ မင်္ဂလာတရားကိုး၊ အဲဒီလို မင်္ဂလာတရားကို သင်လိုက်တော့ အင်မတန် အဖိုးတန်တဲ့ တရားကို အဖိုးတန်မှန်း မသိကြဘူး၊ ဘယ်ရောက်နေသလဲ ကလေးလက် ရောက်နေတာကိုး၊ ကလေးတွေသင်တဲ့စာ ကလေးတတ်တဲ့စာ၊ ကလေးတွေကျက်မှတ်တဲ့စာ လူကြီးနဲ့မဆိုင်သလို ဖြစ်သွားတယ်၊ အဲဒီမင်္ဂလာဟာ အကောင်းဆုံးတစ်နံပါတ် ခေါ်တယ်၊ အရ တို့ တရားနာတဲ့ပုဂ္ဂိုလ်တွေ စဉ်းစားပြီးတော့ ပြန်နှလုံးသွင်းကြည့်၊ ဘုရားကိုယ်တော်မြွက်ဟောတာ မင်္ဂလာဟာ များများမရှိဘူး '၃၈' ပါးထည်း ရှိတယ်၊ အဲဒီ '၃၈'ပါးထဲမှာ တလုံးစီတလုံးစီရှင်းကြည့် ဘယ်ပုဒ်မှ အချည်းနှီးမရှိဘူး၊ အကုန်လုံး အကျိုးအမြတ်နဲ့ပြည့်တဲ့ ဘုရားချည်းဘဲ၊ အယုတ်ဆုံး ဒီကစပြီးတော့မင်္ဂလာကို ရှင်မဟာကဿပကြီး အမှူးပြုပြီးတော့ ပဌမသံဂါယနာတင်တုန်းက ညီတော် အာနန္ဒာလျှောက်ထားတဲ့ အခန်းမှာရှိတယ်၊ ညီတော်အာနန္ဒာလျှောက်ထားတဲ့ အခန်းမှာ ဒီမင်္ဂလာဟာ အဖိုးတန်ဆုံးတရားတဲ့၊ ဘယ်လောတ် တန်သလဲဆိုတော့ ဒီနတ်သားလျှောက်ပုံလေ ညီတော်အာနန္ဒာ ပြန်ပြောတယ်။

ဗဟူ ဒေဝါ မနုဿာစ,
မင်္ဂလာနိ အစိန္တယုံ၊
အာကင်္ခမာနာ သောတ္ထာနံ,
ဗြူဟိ မင်္ဂလ မုတ္တမံ။

ဘဂ္ဂေါ ဘဂဝါ- ဘုန်းတော်ကြီးသော အရှင်ဘုရား၊ ဗဟူ-များစွာကုန်သော၊ ဒေဝါစ-နတ်တို့သည်၎င်း၊ မနုဿာစ-လူတို့သည်၎င်း၊ သောတ္ထာနံ- စင်ကြယ်စွာသော၊ နိဗ္ဗာနံ- နိဗ္ဗာန်ချမ်းသာကို၊(နိဗ္ဗာန်ဆိုတာ အချမ်းသာဆုံးတရား မဟုတ်လား) နိဗ္ဗာနံ-နိဗ္ဗာန်ချမ်းသာကို၊ အာကင်္ခမာနာ- လိုချင်တောင့်တကုန်သည်ဖြစ်၍၊မင်္ဂလာနိ-စီးပွါးချမ်းသာခြင်း၏ အကြောင်းဖြစ်သော မင်္ဂလာတရားတော်တို့ကို၊ ဒွါဒသဟိ- တဆဲ့နှစ်နှစ်တို့ကာလပတ်လုံး၊အစိန္တယုံ-ကြံကြကုန်၏၊ စိန္တယန္တာပိ- ကြံကြကုန်သော်လည်း၊နာဓိဂစ္ဆန္တိ-မသိနိုင်ကုန်၊ ဥတ္တမံ-မြတ်သော၊ တံ- ထိုမင်္ဂလာတရားတော်မြတ်ကို၊ တွံ- အရှင်ဘုရားသည်၊ ဗြူဟိ-ဟောတော်မူပါလော့ တဲ့။

အဲဒီတုန်းကထဲက ဟိုလောကမှာ ငယ်ငယ်ကသင်လာတဲ့ ကလေးတွေ ဉာဏ်ဇာန်များရင့်ရင် သိပ်ကောင်းမှာပေါ့၊ ဟာ လတ်စသတ်တော့ ဒီတရားဟာ သာမညတရားမှမဟုတ်ဘဲဘဲ, ကြည့်စမ်း နတ်သားက တဆဲ့နှစ်နှစ်တို့ကာလပတ်လုံး လူတွေ,နတ်တွေ, ဗြဟ္မာတွေ ကြံဆလို့မရတဲ့ တရားတော်ကြီးဟာ တကာထဲ လောက၏အစီးအပွါး အင်မတန်အကျိုးများတယ်၊ နိဗ္ဗာန်ထုတ်ချောက် ပေါက်မြောက်နိုင်တယ်ဆိုတာ အမှန်ယုံကြည်ကိုးစားသဖြင့် ကြံလိုက်ကြတာလူတွေကြံ, နတ်တွေကြံ, ဗြဟ္မာတွေကြံ, တဆဲ့နှစ်နှစ်ကာလပတ်လုံး ကြံစည်ကြတာ ဘယ်သူ့,ဘယ်နတ်, ဘယ်ဗြဟ္မာမှ ကြံဆလို့မရဘူး၊ ဒါလောက်တောင်ဘဲ ဖွဲ့နဘဲနဲ့ သဲသဲမဲမဲဘာဖြစ်လို့ ကြံစည်ပါလိမ့်မလဲလို့ တွေးကြည့်ကြစမ်း၊တဆဲ့နှစ်နှစ်ကာလပတ်လုံး ကြံစည်တယ်တဲ့၊ဘာဖြစ်လို့ ကြံသလဲဆိုတော့ခုနတုန်းက အစက နတ်သားလျှောက်တဲ့စကားလေးတွေ လိုက်ကြည့်ရဲ့လား၊ ဘဂ္ဂေါဘဂဝါ- ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဗဟူ-များစွာကုန်သော၊ ဒေဝါစ-နတ်တို့သည်၎င်း၊ မနုဿာစ-လူတို့သည်၎င်း၊ သောတ္ထာနံ-စင်ကြယ်စွာသော၊ နိဗ္ဗာနံ-နိဗ္ဗာန်ချမ်းသာကို၊ ကိုင်း ဘာလိုသလဲ၊ နိဗ္ဗာန်ချမ်းသာကို အာကင်္ခမာနာ-လိုချင်တောင့်တကုန်သည်ဖြစ်၍၊ အဲအခုတရားနာနေတဲ့ ပုဂ္ဂိုလ်တွေဟာ ဘာလိုချင်ကြလို့လဲ၊ဘာတောင့်တကြသလဲ တွေးကြည့်လေ၊ဟိုစာက

တော့ဆိုထားပြီ၊နိဗ္ဗာန်-နိဗ္ဗာန်ချမ်းသာကို၊အာကာခ်မာနာ- လိုချင်တောင့် တကုန်သည်ဖြစ်၍တဲ့၊အဲဟိုကတော့လူတွေ,နတ်တွေ,ဗြဟ္မာတွေဟာတဲ့ နိဗ္ဗာန်ဆိုတဲ့ ချမ်းသာကြီးကိုလိုချင်တောင့်တကုန်သည်ဖြစ်၍တဲ့၊မင်္ဂလာ နှ—စီးပွါး ချမ်းသာဖြစ်ခြင်း၏ အကြောင်း ဖြစ်ကုန်သော၊ အဲ အခုတရား နာနေတဲ့ ပုဂ္ဂိုလ်နဲ့ တကွ ရှိသမျှသတ္တဝါအနန္တ ဘာလိုချင်ကြသလဲ စီးပွါးချမ်းသာလိုချင်တယ်၊ နိဗ္ဗာန်ကို လိုချင်တယ်၊အဲဒီကတဲက ပါလာ တယ်၊ ဩြော် လက်စသတ်တော့ စီးပွါးချမ်းသာဖြစ်ခြင်း၏ အကြောင်း တရား နိဗ္ဗာန်ကို လိုချင်ကြတယ်၊လိုချင်တော့ ဘယ်လောက်ကြာသလဲ၊ ဒွါဒသဟိ-တဆဲ့နှစ်နှစ်တို့ ကာလပတ်လုံး၊ အစိန္တယံ- ကြံကြဲကုန်၏၊ တဆဲ့နှစ်နှစ် ကာလပတ်လုံး ပင်ပန်းကြီးစွာ ဆင်းရဲဒုက္ခ ခံပြီးတော့ ကြံတာဟာတဲ့ တခြားကြောင့်မဟုတ်ဘူး ဘာကြောင့်လဲ နိဗ္ဗာန်တည်း ဟူသော အမြိုက်တရားကိုလဲ လိုချင်တယ်တဲ့၊လောကစီးပွါးဖြစ်ခြင်း၏ အကြောင်းတရားကိုလဲ သိချင်တယ်တဲ့၊ စီးပွါးပျက်မယ်ဆိုရင် ဘယ် သူမှမခံနိုင်ဘူး၊ ဒီ အခုဆုတောင်းနေတဲ့အထဲ အပါသားဘဲ၊ ချနတုန်းက က္ကိဒကာ, ဒကာမတွေ ဆုတောင်းလိုက်တာ ဘုန်းကြီး အကြားလိုက် သားဘဲ၊ ဗျသနတရားငါးပါးမှ ကင်းရပါလို၏ အရှင်ဘုရား၊ ဗျသန တရားဆိုတာဘာလဲ—

ဉာတိဗျသန,
ဘောဂဗျသန၊
ရောဂဗျသန,
သီလဗျသန,
ဒိဋ္ဌိဗျာသန,

ဒီ ဗျသနတရားငါးပါးနဲ့ မတွေ့ချင်ဘူး မဆုံချင်ဘူး မကြုံချင်ဘူး၊ မပျက်စီးချင်ဘူးပေါ့၊ အဲ အခု မင်္ဂလာတရားတော်ကို ဘောင့်တတဲ့ ပုဂ္ဂိုလ်တွေကလဲ ဒီ ဗျသန ဘေးကြီးမှလဲ ကေန်လွတ်တယ်၊ဤဘေးဆိုး ကြီးမှ ကေန် လွတ်ကင်းတဲ့ တရားဟာ ဘာလဲ၊ ဒီမင်္ဂလာတရားဘဲ၊ မင်္ဂလာသည် ဗျသနတရားငါးပါးမှ ကင်းလွတ်သောတရား၊ အဲဒီတော့ တွက်ကြည့်ကြစမ်း၊ အခု တရားနာနေတဲ့ ပုဂ္ဂိုလ်တွေဟာ ဗျသနတရား ငါးပါး အလိုရှိသလား၊ ဘယ်သူမှအလိုမရှိဘူး၊အလိုမရှိလို့ ခုနတုန်းက ဆုတောင်းတာ ဘုန်းကြီး ကြားလိုက်သားဘဲ ဗျသနတရားငါးပါးမှ

ကင်းရပါလို၏အရှင်ဘုရား၊ ဘုန်းကြီးကတောင် မပေးရဘူး၊ သူတို့က ဆုတောင်းထားတာ၊ ကန်တော့ခန်းမှာလေ အပါယ်လေးပါး, ကပ်သုံးပါး, အရပ်ပြစ်ရှစ်ပါး, ရန်သူမျိုးငါးပါး, အနာမျိုး ၉၆-ပါး,ဝိပ္ပတ္တိတရား လေးပါး, ဗျသနတရား ငါးပါး ၎င်းတို့မှ အခါခပ်သိမ်းကင်းလွတ်ငြိမ်းသည်ဖြစ်၍ ဗျာန်တရား, မဂ်တရား, ဖိုလ်တရား နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ရပါလို၏အရှင်ဘုရားလို့ ဆုတောင်းကြတယ်၊ ဆဲဒီအထဲ ဗျသနတရားငါးပါး ပါသွားတယ်၊ ဆဲဒီဗျသနတရားငါးပါးမှ လွတ်မြောက်တဲ့တရားသည် ဘယ်ဟာလဲ၊မင်္ဂလာ၊ဒါကြောင့်ဒွါဒသဟိ-တဆဲ့နှစ်နှစ်တို့ ကာလပတ်လုံး၊ စိန္တယိံသု-ကြံကြကုန်၏၊ စိန္တယန္တာပိ-ကြံကြကုန်သော်လည်း၊ နာဓိဂစ္ဆန္တိ-မသိနိုင်ကုန်၊ ဘယ်သူမှ ကြံလို့မရဘူး၊တံ-ထိုမင်္ဂလာတရားတော်မြတ်ကို၊ တွံ-အရှင်ဘုရားသည်၊ ဗြူဟိ-ဟောတော်မူပါလော့၊ နတ်သားလျှောက်ထာ၊ ဆဲဒီတော့မြတ်စွာဘုရားက မင်္ဂလာတရားကိုဟောတော်မူတယ်၊တို့ဒကာ ဒကာမတွေ ငယ်ငယ်က ကျက်လာတာ တွေ့တယ်မဟုတ်လား၊ဘာတဲ့လဲ-

အသေဝနာစ ဗာလာနံ၊
ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာစ ပူဇနီယာနံ၊
ဧတံ မင်္ဂလ မုတ္တမံ။

ဘယ်နှစ်ပါးလဲ၊ သုံးပါးလေ၊ ရှေဦးစွာ ပုဒ်က ဘာလဲ၊ ဗာလာနံ-လူမိုက်တို့ကို ယာအသေဝနာစ-အကြင်မမှီဝဲမဆည်းကပ်ရခြင်းသည်၎င်း၊ ဧတံ-ဤတရားသည်လျှင်၊ ဥတ္တမံ-မြတ်သောမင်္ဂလာ၊ ဝါ-စီးပွါးချမ်းသာဖြစ်ခြင်း၏ အကြောင်း၊ဟော့ မင်းတို့ တကယ်စီးပွါးဖြစ်ချင်ရင်ဗျသနတရားငါးပါး ဘေးကြီးမှ လွတ်ကင်းချင်ရင်လေ ဟောဒီမင်္ဂလာတပါးဟော့၊ မိုက်တဲ့လူ မပေါင်းကြနဲ့နော်တဲ့ ဘုရားက၊ အသေဝနာစ ဗာလာနံ ဘုရားကဟောပေတဲ့ တို့မိုက်တဲ့လူနဲ့ ပေါင်းမှဘဲလို့ ဆိုရင်စီးပွါးဖြစ်ပါမလားလို့ မိုက်တဲ့လူနဲ့ပေါင်း ဘာဖြစ်မလဲလို့ မိုက်တဲ့လူနဲ့ပေါင်းရင် ခုနတုန်းက ဘုရားတရားကတော့ မိုက်တဲ့လူ မပေါင်းနဲ့ဗာလာနံ-လူမိုက်တို့ကို၊ ယာအသေဝနာစ-အကြင် မမှီဝဲ မဆည်းကပ်ရခြင်းသည်၎င်း၊ ဧတံ-ဤတရားသည်လျှင်၊ ဥတ္တမံ-မြတ်သော မင်္ဂလာ၊ဝါ-စီးပွါးချမ်းသာဖြစ်ခြင်းအကြောင်း၊ ဟုတ်ပြီ သဘောကျပြီ မိုက်တဲ့

လူမပေါင်ရင် မိုက်တဲ့လူ မဆည်းကပ်ရင် မိုက်တဲ့လူကို မမှီဝဲရင် မြတ်သောမင်္ဂလာ စီးပွါး ဖြစ်ခြင်း၏ အကြောင်း ဗျာသနဘေးကြီးမှ လွတ်တဲ့အကြောင်း ဗျာသနတရား ငါးပါး ဘေးကြီးမှ အမှန်လွတ်မတဲ့၊ ကိုင်း အဲဒီလို ဉာဏ်မိုက်ထားစမ်း၊ ဩော်-တို့ မိုက်တဲ့ ပုဂ္ဂိုလ်နဲ့ မပေါင်းလို့ရှိရင် ကြဉ်ရှောင်ရင် ဗျာသနတရားငါးပါး ဘေးဆိုးကြီးမှ လွတ်မယ် ငါတို့မြတ်တဲ့မင်္ဂလာရမှာကိုး၊ မြတ်တဲ့မင်္ဂလာရရင်ဖြင့် ဗျာသန ဘေးကြီးမှ ကေနိလွတ်မယ်လို့ ဘုရားဟောပြီ၊ ကိုင်း ဘုရားဟောတာ ယုံကြည်ကြပြီပေါ့ သဒ္ဓါတရားနဲ့၊ ဒါဖြင့်ရင် ဒီလိုမိုက်တဲ့လူကို မမှီဝဲ မဆည်းကပ် မပေါင်းသင်းလို့ရှိရင် မြတ်တဲ့မင်္ဂလာ သဘောကျပြီ၊ မိုက်တဲ့လူကို မှီဝဲမယ် ဆည်းကပ်မယ် ပေါင်းသင်းမယ် ဆက်ဆံမယ် ဆိုရင် မင်္ဂလာဖြစ်ပါအုံးမလား၊ မဖြစ်ဘူးနော် အမင်္ဂလာ ဖြစ်သွားပြီ၊ အမင်္ဂလာဖြစ်တော့ကာ တို့ ဒကာ ဒကာမတွေ ဆုတောင်း ပြည့်ကြပါ အုံးမလား၊ ဗျာသနတရားငါးပါးဘေးကြီးမှ ကင်းလွတ်ရပါလို၏ဘုရား လို့ကော ဆုတောင်းပြည့်ကြပါအုံးမလား၊ မိုက်တဲ့လူကို ပေါင်းသင်း မှီဝဲ ဆက်ဆံရင် အမင်္ဂလာ၊ အမင်္ဂလာသည် စီးပွါးမဖြစ်တော့ဘူး၊ စီးပွါးပျက်ပြီ၊ ပျက်တော့ကာ ဘာနဲ့တွေ့မလဲ ဗျာသနတရားငါးပါး တည်းဟူသော ဘေးဆိုးကြီးနဲ့တွေ့တော့မယ်၊ ကိုင်း သေသေချာချာ ကိုယ်ပိုင်ဉာဏ်နဲ့ကြည့်။

အဲဒီတော့ကာ မိုက်တဲ့လူလို့ဆိုပြန်တော့ ဘယ်လိုပုဂ္ဂိုလ် မိုက်တဲ့လူ ခေါ်မလဲ၊ မိုက်တဲ့ပုဂ္ဂိုလ်ဆိုတာ တို့မြတ်စွာဘုရား တရားတော်အတိုင်း ဘဲ ထပ်ကြည့်အုံး၊ ရဟန်းတော်တွေ အိမ်တိုင်းစေ့ ရှောက်ရွတ်တဲ့ တရား မေတ္တာသုတ်ထဲမှာပါတယ်၊ "ဥဇူစ, သုဟုဇူစ"သေသေချာချာ ကြည့်နော်၊ ဥဇူစ-ဖြောင့်မတ်သော ကိုယ်နှုတ်ရှိသည်၊ အဿ-ဖြစ်ရာ ၏၊ ဖြောင့်မတ်သော ကိုယ်နှုတ်ရှိရမယ်၊ဖြောင့်မတ်သောစိတ်ရှိရမယ်၊ အဲ ထိုနှစ်ပုဒ်ကို တပေါင်းတည်း ပြန်ပြီးတော့ အဓိပ္ပါယ်ရှင်းလိုက်၊ **မနောကံက မှန်မှန်ကြံ၊ ဝစီကံက ကြံတဲ့အတိုင်းပြော၊ ကာယဝိညတ်က ပြောတဲ့ အတိုင်းလုပ်၊** အဲဒါမှ သူတော်ကောင်း ကလျာဏမိတ္တ ကောင်း အဆွေခင်ပွန်းကောင်း သီလဝန္တပုဂ္ဂိုလ်လို့ခေါ်တယ်၊သီလနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်လို့ခေါ်တယ်၊ အဲဒီ ဥဇူ,သုဟုဇူ မပြည့်စုံလို့ ကာယကံ သောင်းကျန်းတဲ့ပုဂ္ဂိုလ် ဝစီကံသောင်းကျန်းတဲ့ ပုဂ္ဂိုလ် မနောကံ

သောင်းကျန်းတဲ့ပုဂ္ဂိုလ် အဲဒီပုဂ္ဂိုလ်ဟာ တကဲ့အစစ် လူမိုက်ပေါ့၊အဲဒါ တို့ဒကာ ဒကာမတွေ သိဘို့လိုတယ်။

အဲဒီတော့ တကယ်စင်စစ် လူတိုင်းမှာ ကာယကံနဲ့ ပြည့်စုံသော်လဲ တချို့ကာယကံ ဝစီကံ တယ်တော်တယ်၊ မနောကံ သိပ်ဆိုးတယ်၊ မနောက သိပ်ညစ်ပတ်တယ်၊ တချို့မနောတော့ ကောင်းတယ်၊ ကာယကံ ဝစီကံက ဆိုးတယ်၊တချို့ ကာယကံကဆိုးပြီးတော့ ဝစီကံနဲ့ မနောကံက ကောင်းတယ်၊ ကာယကံက ကောင်းတယ်၊ တချို့က ဝစီကံကခိုးတယ်၊ ကာယကံ မနောကံက ကောင်းတယ်၊ အမျိုးမျိုး ပေါ့လေ၊ မြတ်စွာဘုရား လိုရင်းကတော့ မနောကအမှန်ကြံ၊ ကြံတဲ့ အတိုင်း အမှန်ပြောတယ်၊ ကာယဝိညတ်က ပြောတဲ့အတိုင်းလုပ်တယ်၊ အဲဒါမှ တကဲ့သူတော်ကောင်း၊ ကလျာဏမိတ္တကောင်းလဲ ခေါ်တယ်။

အဲဒီတော့မိုက်တဲ့လူကို မမှီဝဲမဆည်းကပ်နဲ့ဆိုတာ တချို့ကတော့ ဗဟိဒ္ဓတွင်ယူကာ၊ ခုနကဘုန်းကြီးပြောတာက ဗဟိဒ္ဓပြောတာ၊ ဗဟိဒ္ဓ ထက် ကြောက်ဘို့ကောင်းတဲ့ လူမိုက်ရှိတယ်၊ ဘယ်သူလဲ၊ အဇ္ဈတ္တိက လူမိုက်၊ သေသေချာချာကြည့်၊သူတပါးသွား လက်ညှိုးထိုးလိုက်တယ်၊ တချောင်းတည်းထိုးတယ်၊ သုံးချောင်း ဘယ်ရောက်နေသလဲ၊သုံးချောင်း က ကိုယ့်ပြန်ထိုးထားတယ်၊ဟာဒီအကောင်ဟာ လူမိုက်ဟဲ့ဆိုပြီးတော့ လက်ညှိုးထိုးလိုက်၊ ထိုးတော့ တချောင်းတည်း၊ ကိုယ့်ကိုယ်ပြန်ထိုးတဲ့ လက်ညှိုးက သုံးချောင်းရှိတယ်၊ ဆဲဒီတော့ ကိုယ့်ကို ကိုယ်ပြန်ကြည့်၊ လူမိုက်ဆိုတာဘာလဲ၊ ခုနပြောတဲ့ ကာယကံ,ဝစီကံ, မနောကံ အဲဒီ ကာယကံကို မိမိကိုယ်တိုင် လုံခြုံရဲ့လား၊ မလုံခြုံဘူးလား၊ ဝစီကံ မိမိမှာ လုံခြုံရဲ့လား၊ မလုံခြုံဘူးလား၊ မနောကံ မိမိသန္တာန်မှာ လုံခြုံရဲ့ လား၊ မလုံခြုံဘူးလား၊ ဒါတော့ သူများပြောလို့မဖြစ်တော့ဘူး၊ ကိုယ့် ဟာကိုယ် ကြံဘို့၊ ကိုယ့်ဟာကိုယ် ကြံကြည့်ပေတော့။

မြတ်စွာဘုရားက လူမိုက်ကို မပေါင်းနဲ့လို့ဆိုတယ်၊ လူမိုက်ဟာ ဘယ်မှာလဲ၊မကောင်းမှုကိုလိုက်စားတာ လူမိုက်လို့ခေါ်တယ်၊ ဒီတော့ မိမိကာယကံက မကောင်းမှုလိုက်စားသလား ကောင်းမှုမှာ ပျော်ပါး သလား၊ မိမိဝစီကံက မကောင်းမှုကိုလိုက်စားသလား၊ ကောင်းတဲ့ နေရာပျော်ပါးသလား၊ မိမိမနောကံကို တခါပြန်ကြည့်လိုက်အုံး၊ ငါ၏ မနောကံသည် ကောင်းသောနှလုံးသွင်းခြင်းရှိသလား၊ မကောင်းသော

နှလုံးသွင်းခြင်းရှိသလား၊ ကိုယ့်ကိုယ်ကိုယ်ကြည့်၊ ဘုရားကဟောတာ က သေသေချာချာဟောတာ၊ "အသေဝနစဗာလာနံ-ဗာလာနံ-လူမိုက်တို့ကို၊ ယာအသေဝနာစ-အကြင်မမှီဝဲ မဆည်းကပ်ရခြင်းသည်လည်း ကောင်း၊ ဘုရားဟောတာ မယုံကြဲဘူးလား၊ ယုံရမယ်, ယုံရမယ်၊ သဒ္ဓါဟောတိသဒ္ဓယတိဆိုတာဘုရားတရားတော် အင်မတန်ယုံကြည်ရတယ်၊ တို့လဲ အလေးအမြတ်ပြုပြီးသကာလ ကိုးကွယ်တဲ့ ဘုရားဘဲ၊ ဘုရားကိုယ်တော်မြတ်ကြီးသည် ရဟုလာသား ရင်တော်ဖွါးနှင့်မခြား သနားတော်မူသည်ဖြစ်သောကြောင့် တကကထဲနဲ့တာမဟုတ်ဘူး ဖြည့်ကျင့်ရတာ ပါရမီဖြည့်လာရတာ လေးသင်္ချေနဲ့ကမ္ဘာတသိန်း၊ ဒိအရင်အထက်ထက်က ဘုရားဗျာဒိတ်ကိုမရခင် ဖြည့်ကျင့်ရတဲ့ ပါရမီတွေ ပြန်ကြည့်လိုက်အုံး၊ ဤမျှလောက် အကြီးအကျယ်အပင်အပန်းအဆင်းရဲ အနွမ်းအနယ်ခံပြီးတော့ ဖြည့်ကျင့်တာ၊ ဘယ်သူကြောင့် ကျင့်တာလဲ အခုဒိတရားနာတဲ့ လူတွေရဲ့အကျိုးစီးပွါးဆိုရင် လွဲမလားလို့၊ မလွဲဘူး၊ သို့သော်လဲ လူတွေ၏စိတ်ဓာတ်က သမာဓိအားနဲကြတယ်၊ သမာဓိအားနဲတော့ စိတ်မတည်ဘူး၊ မတည်တော့ မဖြောင့်ဘူး၊မဖြောင့်တော့ တောင်တွေးမြောက်တွေးနဲ့ ကွေ့ကောက်သွားတာပေါ့၊ အကယ်၍ စိတ်ဖြောင့်ဖြောင့်နဲ့တွေးရင် မြတ်စွာဘုရား၏ မဟာကရုဏာတော်ကြီးဟာ အင်မတန်သိတ္တိကောင်းတယ်။

မဟာကာရုဏိကော နာထော၊ ဟိတာယ သဗ္ဗ ပါဏိနံ။
ပူရေတွာ ပါရမီ သဗ္ဗာ၊ ပတ္တော သမ္ဗောဓိ မုတ္တမံ။

မဟာကာရုဏိကော - ကြီးမြတ်သော မဟာကရုဏာတော်လည်းရှိတော်မူထသော၊ နာထော-လူနတ်ပြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားသည်၊ သဗ္ဗပါဏိနံ- လုံးစုံများစွာ သတ္တဝါတို့၏၊ ဟိတာယ-လောကီ လောကုတ် မယုတ်တိုးပွါး အံကျိုးများစေ ခြင်းငှါ၊ သဗ္ဗာ-ခပ်သိမ်းကုန်သော ပါရမီ-ပါရမီဆယ်ပါးအပြားသုံးဆယ် ငါးသွယ်သော စွန့်ခြင်းကြီးတို့ကို၊ ပူရေတွာ၊ မဆုတ်မနစ် အားသစ်ဖြည့်ကျင့် တော်မူပြီး၍၊ ဥတ္တမံ-မြတ်စွာသော၊ သမ္ဗောဓိံ-အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်သို့၊ ပတ္တော-ရောက်တော်မူပြီ။

ပါရမီ ၁၀-ပါး အပြား ၃၀-တော့ သိတဲ့ပုဂ္ဂိုလ်တွေများလို့ ထား
လိုက်အုံးတော့၊ စွန့်ခြင်းကြီးငါးပါး စွန့်ခြင်းကြီးငါးပါးဆိုတာ ဘာလဲ၊
ဓနပရိစ္စာဂ, ဥစ္စာကိုစွန့်ရတယ်၊ ဘုရားဖြစ်ချင်လို့လေ၊ ဓနပရိစ္စာဂတဲ့၊
ပုတ္တပရိစ္စာဂ, ဘရိယပရိစ္စာဂ, အင်္ဂပရိစ္စာဂ, ဇီဝိတပရိစ္စာဂ, ငါးပါး၊
ဥစ္စာပစ္စည်းကိုစွန့်ရတယ်၊ ကိုယ်ချင်းစာကြည့်ကြစမ်း၊ မြတ်စွာဘုရား
သူ့အကျိုးစီးပွါးမဟုတ်ပါဘူးတဲ့၊ သဗ္ဗပါဏိန်-လုံးစုံများစွာ သတ္တဝါ
တို့၏၊သတ္တဝါတို့၏အကျိုးစီးပွါးကိုမျှော်၍ပစ္စည်းဥစ္စာငါစွန့်ခဲ့တယ်တဲ့၊
ပစ္စည်းဥစ္စာ စွန့်တယ်ဆိုတာ ခုကာလ တပဲနှစ်ပြားကစ၍ သိန်းသန်း
လောက်သာစွန့်တာမျိုးမဟုတ်ဘူး၊ဘယ်လောက်စွန့်သလဲထီးနန်းစည်း
စိမ်နှင့်တကွ လောကမှာရှိသမျှပစ္စည်းအရပ်ရပ် တိုင်းပြည်နိုင်ငံကိုပါ
အကုန်စွန့်တယ်၊ သာမညစွန့်တာမဟုတ်ဘူး၊ တကယ့်ကို စွန့်ရတာ၊
စွန့်ခြင်းကြီးငါးပါးမှာ ဓနပရိစ္စာဂတဲ့၊ ဥစ္စာပစ္စည်းအလုံးစုံ စွန့်တယ်၊
ပြီးတော့မှ ပုတ္တပရိစ္စာဂတဲ့၊ သားသမီးကိုစွန့်တယ်၊ ခုကာလလူတွေ
စွန်တဲ့အစွန့်မျိုးမဟုတ်ဘူး၊ဟာ ဒီသားသမီးဟာ ငါ့စကားနားမထောင်လို့
စွန့်တဲ့ အစွန့်မျိုးမဟုတ်ဘူး၊ ကြည့်စမ်း ကဏှာဇိန်နဲ့ ဇာလီမင်းသမီးတို့
ဆိုတာ သားတော်သမီးတော်လေးတွေ အလွန်ချစ်စရာကောင်းတာပေါ့၊
အင်မတန်လိမ္မာတယ်၊ အင်မတန်ယဉ်ကျေးတယ်၊ မိဘစကားကိုအလွန်
လိုက်နာတယ်၊ အင်မတန်မိဘကို ရိုသေလေးစားတဲ့ သားသမီးတွေ၊
ဒါလောက်ချစ်နှစ်သက်တဲ့ သားသမီးလေးတွေကို ရက်ရက်စက်စက်
အလှူခံပုဏ္ဏားကြီး လာပြီးအလှူခံတဲ့ အခါ ရေစက်သွန်းချပြီးတော့
လှူလိုက်တယ်၊ အဲဒီလို လှူတာကို တို့ဒကာဒကာမတွေက တရားနာရင်း
အောက်မေ့လိမ့်မယ်၊ တယ် ရက်စက်ပါလား သူ့ဟာသူ လှူတာလေ၊
တို့နဲ့ဘာဆိုင်သလဲ၊ ဒီလိုများအောက်မေ့လိုက်ရင် ဒုက္ခပါဘဲ၊ မြတ်စွာ
ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ဒီလိုပစ္စည်းတွေ လှူတယ် သား
သမီးတွေလှူတယ်ဆိုတာ သူ့ဖါသာ သူလှူတာ တို့နဲ့ဘာဆိုင်သလဲလို့
ဆိုရင်တော့ ဘာအရေးကြီးတော့မလဲ၊ မကြီးဘူး၊ သို့သော် ခုနပါဠိ
လေး ပြန်ကြည့်စမ်း၊သဗ္ဗပါဏိန်-လုံးစုံများစွာသတ္တဝါတို့၏၊ဟိတာယ-
လောကီလောကုတ်မယုတ်ကိုးပွါးအကျိုးများစေခြင်းငှါ၊သတ္တဝါတို့၏
လောကီလောကုတ္တရာ အကျိုးးစီးပွါး များစေခြင်း အကျိုးငှါ ငါဥစ္စာ
ပစ္စည်းကို စွန့်ခဲ့ရတယ်တဲ့၊ ဤလို လောကီလောကုတ္တရာ အကျိုးစီးပွါး

များစေခြင်းအကျိုးငှါ ငါကိုယ်တိုင် သားသမီးကိုစွန့်ခဲ့ ရတယ်တဲ့၊ သေသေချာချာတွေးကြည့်နော်။

အဲဒီတော့ အခုတရားနာတဲ့ပုဂ္ဂိုလ်တွေက အောက်မေ့ချင် အောက်မေ့လိမ့်မယ်၊ဟာ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး သူ့ဟာသူ ဘုရားဖြစ်ချင်လို့စွန့်တာ၊ တို့နဲ့ဘာဆိုင်သလဲဆိုရင် ဘာကျေးဇူးတင် စရာရှိတော့မှာလဲ၊ ဘာမှကျေးဇူးတင်စရာမလိုတော့ဘူး၊ သို့သော် ဘုန်းကြီးကဒါဘာ ဖြစ်လို့ပြောရသလဲဆိုရင်သတ္တဝါတို့၏စိတ်,ပုထုဇဉ် တို့၏စိတ်ဟာ ဒီလိုဘဲ ဖြစ်တတ်တယ်၊ အရာရာ ငါမပါဘူးထင်တတ် တယ်၊ သတ္တဝါထဲမှာငါမပါဘဲ နေတတ်တယ်၊ သေသေချာချာစဉ်းစား ကြည့်၊ ဘုရားကိုယ်တော်မြတ်ကြီးကတော့ သဗ္ဗပါဏိနံ-လုံးစုံများစွာ သတ္တဝါတို့၏၊ ဟိတာယ-မယုတ်တိုးပွါး အကျိုးများစေခြင်းငှါ၊ အဲ သတ္တဝါတို့၏ အကျိုးစီးပွါးများစေခြင်းငှါ မြတ်စွာဘုရားသခင်သည် စွန့်ခြင်းကြီး ၅ ပါးတွေကို စွန့်တဲ့ဥစ္စာဟာ တို့အတွက်မှမဟုတ်ဘဲ,ဘဲ၊ သတ္တဝါတွေအတွက် မြတ်စွာဘုရား သနားတော်မူလိုက် ထာနော်၊ မြတ်စွာဘုရား ကရုဏာတော်ကြီးဟာ ကြီးလိုက်တာ၊ ကိုယ်တော့ မပါဘူး၊ သူများအတွက်သွားတွေးနေမှာစိုးလို့ ဘုန်းကြီးကပြောတာ၊ အကယ်၍ ဘုရားကိုယ်တော်မြတ်ကြီး ဒါလောက်ပစ္စည်းတွေ စွန့်တာ၊ သားသမီးတွေလှူတာ ငါ့အတွက်ပါလားဆိုရင် ဘယ်လောက် ရင်ထု မနာဖြစ်မလဲဆိုတာ ကိုယ်ပိုင်ဉာဏ်နဲ့စဉ်းစားကြည့်၊ ဩော် မြတ်စွာ ဘုရားကိုယ်တော်မြတ်ကြီး ဒါလောက်ပစ္စည်းတွေစွန့်ရတာ ဒါလောက် ချစ်မြတ်နိုးတဲ့ သားသမီးစွန့်ရတာ ငါ့အတွက်ပါလားလို့ ဒီလိုအကြိမ် ကြိမ်များ တွေးမိရင်ကွယ် တကယ်ထဲ ဘုရားကိုယ်တော် မြတ်ကြီးကို ဒီဘဝမပြောနဲ့ ဟိုဘဝအဆက်ဆက် ဘယ်တော့မှမမေ့ဘူး၊ ကိုယ့် အကျိုးစီးပွါးဆောင်သွားတဲ့ ပုဂ္ဂိုလ်ကြီးဘဲ ဘယ်တော့မှ ကျေးဇူး မမေ့ဘူး မမေ့နိုင်တော့ဘူး၊ အဲဒါ ပုတ္တပရိစ္စာဂ။

ဘရိယပရိစ္စာဂ- သားမယား စွန့်တယ်တဲ့၊ မဒ္ဒီဒေဝီဆိုတာ ပုဏ္ဏားလာပြီး သကာလ အလှူခံတာကို ရက်ရက်စက်စက် လှူပစ် တယ်၊ ဘာဖြစ်လို့လဲ ဒီမယားဟာ ဒါလောက်တောင်ဘဲ ဆိုးသွမ်း ညစ်ညမ်းလို့လားဆိုရင် တွေးကြည့်စမ်း၊ ရေပူရေချမ်း ကမ်းလှမ်း ပြီးသကာလ ရှင်ဘုရင့်သမီးတော်ဘဲ သူ့မယားက ရှင်ဘုရင်သမီးပင်

ဖြစ်သော်လဲဘဲ လင်သားအပေါ်မှာ ဘယ်လောက် လေးစားသလဲ၊ နံနက်စောစောကထဲက ထွက်သွားပြီး တခါထဲ တံချူခြင်းတောင်း တို့နဲ့ သစ်သီးဝလံတွေကို လိုရာ ကောင်းနိုးရာရာ ရှာကြံပြီး နေ့စဉ် မပြတ် နိစ္စပါတ်အမြဲမပြတ် လုပ်ကျွေးနေတဲ့ မဒ္ဒီဒေဝီပေါ့၊ ဤမျှလောက် လုပ်ကျွေးတဲ့ မဒ္ဒီဒေဝီကိုတောင်မှ ဘယ်သူ့အတွက်လှူရသလဲ၊ မချစ် လို့မဟုတ်ဘူး၊ တွေးကြည့်ပါလား ကိုယ်ပိုင်ဉာဏ်နဲ့၊ ဒါလောက်မိမိကို လေးစားသမှု အရေးပြုပြီး လုပ်ကျွေးတဲ့ သားသွီး သားမယားကို မချစ် မြတ်နိုးဘူးဆိုဘာ ဘယ်ဖြစ်နိုင်မလဲ၊ ကေန်ချစ်မြတ်နိုးတယ်၊ ဘယ် လောက်ပင်ချစ်မြတ်နိုးသော်လဲ အခုတရားနာတဲ့ပုဂ္ဂိုလ်တွေ၏ အကျိုး စီးပွါး အတွက်ကြောင့် မဒ္ဒီဒေဝီကို လှူရတာ၊ ဒါလောက် သားသွီး မယား လှူရတာကို လက်စသတ်ဘော့ ငါတို့ အကျိုးစီးပွါးအတွက် ဒါလောက်တောင် အင်မတန် ချစ်မြတ်နိုးတဲ့ လိမ္မာယဉ်ကျေးရှိတဲ့ သားမယားကိုတောင် ရက်ရက် စက်စက် လှူရပါကလား ဆိုတဲ့ ကျေးဇူးကိုမြင်တို့ပေါ့၊ ဘုန်းကြီးက သေသေချာချာ နားလည်အောင် ပြောပြတာ။

ကိုင်း ဒါတွင်လားတဲ့ အင်္ဂပရိစာဂ တဲ့၊ မျက်လုံးဖေါက် လှူတယ်၊ အသဲနှလုံးထုတ် လှူတယ်၊ လက်ဖြတ် လှူတယ်၊ ခြေဖြတ် လှူတယ်၊ ဦးကျောင်းဖြတ်လှူတယ်၊ ဒါဒီလိုလှူတာဘေ့ဟာ အင်္ဂပရိစာဂတဲ့၊ ဒါ လောက် ရက်ရက်စက်စက်လှူတာ ဘယ်သူ့ကြောင့်လဲ သူ့အကျိုး စီပွါးကြောင့် မဟုတ်ဘူးတဲ့လေ၊ သေသေချာချာပါတယ် စာထဲမှာ၊ သဗ္ဗပါဏ်နံ-လုံးစုံများစွာသတ္တဝါတို့၏၊ တို့တရားနာတဲ့ပုဂ္ဂိုလ်တွေက သတ္တဝါထဲမှာပါရင်တော့ သိပ်ကောင်းတာပေါ့၊ သတ္တဝါထဲ မပါ ဘဲနဲ့ မိမိကိုယ်ကိုချန်ထားခဲ့ရင် ကျေးဇူးမများဘူး၊ ဒါဒီတော့ မိမိကိုယ် ကို မကျန်ရအောင် သတိထားရမယ်၊ ပြီးတော့ဒါတွင်လား၊ ဇီဝိတ ပရိစာဂ အသက်ကိုလှူရတယ်၊ အသက်ကိုတခါထဲ ရက်ရက်စက် စက် မနှမြောဘဲလှူတယ်၊ ဒါဒါကြောင့် စွန့်ခြင်းကြီးငါးပါးကို စွန့်တာ ဘယ်သူ၏အကျိုးစီးပွါးလဲလို့ ဘုရားကိုယ်တော်မြတ်ကြီး ဘုရားအဖြစ် ကို ရောက်ချင်လို့လို့ ဒီလိုထင်နေရင် တို့မှာဘာအကျိုးရှိမလဲ၊ ဘာမှ အကျိုးမရှိဘူး၊ ဟာ ဘယ်ဟုတ်မလဲ ဘုရားကိုယ်တော်မြတ် ကြီးသည် ငါတို့ကို လောကီလောကုတ္တရာ အကျိုးစီးပွါးကို ကယ်တင်ချင်လို့

ဆောင်ရွက်တဲ့ မဟာကရုဏာတော်ကြီးပါလား၊ အဲဒီလို သိရင် ယုံကြည်မှာပေါ့၊ ယုံကြည်ရင် ခုနပြောတဲ့အတိုင်း အသေဝနာစဗာလာနံ ဘယ်သူဟောတာလဲ၊ တဆဲ့နှစ်နှစ်ကာလပတ်လုံး လူတွေ, နတ်တွေ, ဗြဟ္မာတွေ ကြံဆလို့မရတဲ့ တရားတော်ကြီးကို ဘုရားကိုယ်တော်မြတ် ဟောတာ၊ ဗာလာနံ-လူမိုက်တို့ကို၊ ယာအသေဝနာစ- အကြင်မမှီဝဲမဆည်းကပ်ရခြင်းသည်ရှင်း၊ဧတံ- ဤတရားသည်ပင်လျှင်၊ ဥတ္တမံ-မြတ်သောမင်္ဂလာ၊ ဝါ-စီးပွါးချမ်းသာ ဖြစ်ခြင်း၏ အကြောင်း အစစ်ဘဲတဲ့။

အဲဒီတော့ ဗဟိဒ္ဓကလူမိုက်ကို သွားမပြောနဲ့၊ ဗဟိဒ္ဓလူမိုက်ဆိုတာလဲ မှန်သင့်သလောက်မှန်ပါလိမ့်မယ်၊ ခုနတုန်းက ကာယကံ,ဝစီကံ, မနောကံ သောင်းကြမ်းတဲ့ ပုဂ္ဂိုလ် လူမိုက်ပေါ့၊ အဲဒီလူမိုက်ကို မမှီဝဲ ရဘူးဆိုတာလဲ ထားပါအုံး၊ မိမိကိုယ်တိုင် ကာယကံ သောင်းကြမ်း သလား, ဝစီကံ သောင်းကြမ်းသလား, မနောကံ သောင်းကြမ်းသလား,မိမိကိုယ်ကို ပြန်ကြည့်စမ်း၊ ငါသည် ကာယကံနှင့်သောင်းကြမ်းမှုဖြစ်နေရင် ငါ ဘုရားစကားနားမထောင်လို့ ငါလူမိုက်နဲ့ပေါင်းနေပြီ၊ ကိုယ့်ကိုယ်ကိုယ် သိရောမဟုတ်လား၊ ငါ၏ဝစီကံတွေဟာ အင်မတန် သောင်းကြမ်းတယ်၊ ငါ့မှာ ဝစီကံဟာ အင်မတန် ကျူးလွန်နေတယ်၊ ဝစီကံအမှုကို ငါမလုံခြုံဘူး၊ ဝစီကံကို ငါလွန်ကျူးနေတာ ငါ ဘုရားစကား နားမထောင်ရာ ကျနေပါကလား၊ ဘုရားက ဒီလိုမကောင်းတဲ့ ယုတ်မာတဲ့အကျင့်ကို မကျင့်ရဘူးလို့ ဆုံးမတယ် ငါ အခုမကောင်းတဲ့ လူမိုက်တွေနဲ့ ပေါင်းနေပါကလားလို့ ကိုယ့်ကိုယ်ကိုယ် မသိနိုင်ဘူးလား၊ တွေးကြည့်,တွေးကြည့်၊သေသေချာချာတွေးကြည့်မှ အဓိပ္ပါယ် ရှင်းတယ်၊ ပေါ့ပေါ့တန်တန် အပေါ်ရန်တွေးရင်တော့ မရှင်းဘူး၊လေးလေးနက်နက် စဉ်းစားကြည့်၊ ငါ့ မနောကံဟာ ကောင်းရဲ့လား, မကောင်းဘူးလား။ ငါ့ မနောကံဟာ ကောင်းသော နှလုံးသွင်းခြင်း ရှိသလား, မရှိဘူးလားလို့ ကိုယ့်ကိုယ်ကိုယ် မေးပြီးတော့ ခြေ၁် ဘုရားကိုယ်တော်မြတ်ကြီးဟာ ငါ့အကျိုးစီးပွါးအတွက်ကြောင့် ကာယကံ,ဝစီကံ,မနောကံ ငြိမ်သက်စွာနေရမယ်၊လူမိုက်နဲ့နင်မပေါင်းနဲ့လို့ ပြောထားပြီ၊ အဲဒီလို လူမိုက်နဲ့မပေါင်းနဲ့လို့ ဘုရားကိုယ်တော်မြတ်ကြီး ပြောထားတဲ့စကားကို လေးစားသောအားဖြင့် ငါတို့ဟာ ဘယ်နည်းနဲ့

မဆို ကာယကံသောင်းကြမ်းမှု, ဝစီကံသောင်းကြမ်းမှု, မနောကံ သောင်းကြမ်းမှုဆိုတဲ့ 'အသေဝနာစဗာလာနံ' မင်္ဂလာကို ငါတို့ကျကျနန ဘုရားစကားကိုလိုက်နာ၍ ရှောင်ကြဉ်မယ်လို့များ စိတ်ထဲမှာထားရင် သိပ်ကောင်းမှာပေါ့၊ ဒါသာမညပုဂ္ဂိုလ် နားလည်တာမဟုတ်ဘူးနော်၊ တကယ့် ရှေးဘုန်းရှေးကံပါရမီရှိတဲ့ပုဂ္ဂိုလ်မှ နားလည်မှာ၊ သို့မဟုတ် နားမလည်ဘူး။

အခု ဘုရားကိုယ်တော်မြတ်ကြီး ကရုဏာတော်သည် အင်မတန် ကြီးကျယ်တယ်၊ ကြီးကျယ်တဲ့အတိုင်း လောကီစီးပွါး, လောကုတ္တ ရာအကျိုးစီးပွါးကို လိုလားပြီးတော့ ဟောတော်မူတဲ့တရား၊ အဲဒီကာယ ကံ,ဝစီကံ,မနောကံကို မလေးစားလို့ ဘုရားစကား နားမထောင်ဘဲ လွန်ကျူးရင် လောကီစီးပွါးလဲပျက်မယ်၊ မပျက်ဘူးလို့ ငြင်းနိုင်ကြ ပါ့မလား၊ ငြင်းကြစမ်း၊ တခါတလေ ကိုယ့်ဟာကိုယ် အိပ်ရာထဲမှာ အိပ်ပြီးတော့ နဖူးပေါ်လက်တင်ပြီး စဉ်းစားကြည့်ပေါ့၊ ဒီတရားကို တွေးပြီးတော့ ဪ ဘုရားကိုယ်တော်မြတ်က လူမိုက်ကိုမပေါင်းနဲ့ လို့ ပြောတယ်၊ ငါဟာ လူမိုက်နဲ့ပေါင်းသလား, မပေါင်းဘူးလား၊ ငါ့ မနောကံဟာ သိမ်မွေ့နူးညံ့ရဲ့လား ငါ့ဝစီကံတွေဟာ အခါခပ် သိမ်း နူးညံ့သိမ်မွေ့ရဲ့လား ငါ၏ကာယကံမှုတွေဟာ နူးညံ့သိမ်မွေ့ရဲ့ လား၊ ငါသည် လူမိုက်နဲ့ပေါင်းနေသလား မပေါင်းဘူးလား၊ ကိုယ့် ကိုယ်ကိုယ် သိရမယ်၊ အဲဒီလိုသိရင် သိပ်အဖိုးတန်တာဘဲ၊ ဘာဖြစ် လို့လဲ ဒီလိုသိသွားရင် ဘယ်သွားရောက်မလဲ 'ပဏ္ဍိတာနဉ္စ သေဝနာ' ပဏ္ဍိတာနံ- ပညာရှိသောသူတို့ကို၊ ယာသေဝနာစ- မှီဝဲဆည်းကပ်ရ ခြင်းသည်ရင်း၊ ဧတံ- ဤတရားသည်ပင်လျှင်၊ ဥတ္တမံ- မြတ်သောမင်္ဂ လာ၊ ဝါ-စီးပွါးချမ်းသာ ဖြစ်ခြင်း၏အကြောင်း၊ ကိုင်း ပညာရှိနဲ့ ပေါင်းပေါ်မှီဝဲခြင်းသည် မြတ်သောမင်္ဂလာ၊ စီးပွါးဖြစ်ခြင်းအကြောင်း ပညာရှိနဲ့မပေါင်းဘူး၊ ပညာရှိနဲ့မပေါင်းရင် မင်္ဂလာလဲမဖြစ်တော့ဘူး၊ အမင်္ဂလာဖြစ်သွားပြီ၊ စီးပွါးဖြစ်ပါဒုံးမလား၊ ဗျာသနတရားငါးပါး ဘေးကြီးက လွတ်ပါဒုံးမလား၊ မလွတ်ဘူး၊ ဘာဖြစ်လို့လဲ ဘုရား စကားမှ နားမထောင်ဘဲ၊ ဘုရား ကိုယ်တော်မြတ် စကားကို မလေးစားဘူး။

အဲအခုလေးစားတဲ့ပုဂ္ဂိုလ် ကြည့်လိုက်စမ်း၊ ‘ပဏ္ဍိတာနဉ္စသေဝနာ’ ပညာရှိနဲ့ပေါင်းရမယ်ဆိုတာဘာလဲ၊ မနောကံကကောင်းတဲ့နှလုံးသွင်း၊ ဝစီကံက ကောင်းတဲ့စကားကိုဆိုတယ်၊ ကာယကံက ကောင်းတဲ့အမှုကိုပြုတယ်၊ ကိုင်းဒါဖြင့် ပညာရှိအစစ်ပေါ့၊ တကယ့်ပညာရှိ၊ ကာယကံ,ဝစီကံ,မနောကံ, ‘ဥဇုစသုဟုဇုစ’လို့ ဟောထားတာလေ၊ ဖြောင့်မတ်သော ကိုယ်နှုတ်ရှိရမယ်, ဖြောင့်မတ်သော စိတ်ရှိရမယ်၊ အဲဒီလို ကိုယ်နှုတ်နှလုံး သုံးပါးလုံးဖြင့် ယဉ်ကျေးသိမ်မွေ့တဲ့ ပုဂ္ဂိုလ်ဟာ ပညာရှိအစစ်၊ ဗဟိဒ္ဓက ပညာရှိကိုမှီဝဲလို့ အကျိုးအမြတ် ဖြစ်သင့်သလောက် ဖြစ်ပါတယ်၊ မဖြစ်ဘူးမဟုတ်,ဖြစ်တယ်၊ ဗဟိဒ္ဓပညာရှိ မှီဝဲဆည်းကပ်တဲ့အတွက်ကြောင့် မိမိတို့ ဗဟုသုတ အကြားအမြင်အစရှိသည်တို့ ပြည့်စုံပါတယ် မှန်တယ်၊ ကောင်းသလောက် ကောင်းတယ်၊ အကောင်းတကာ့အကောင်းဆုံးက မိမိတို့ အဇ္ဈတ္တသန္တာန်မှာရှိတဲ့ ကာယကံ, ဝစီကံ,မနောကံ သေသေချာချာမှတ်ထားကြ။

ဘုန်းကြီးက ထူးထူးဆန်းဆန်းများ ဟောတယ်လို့ ထင်ချင်များထင်နေမလား မဆိုနိုင်ဘူး၊ ပညာရှိအစစ်ကိုပြောတာ၊ ပညာရှိအစစ်ဟာ မိမိအဇ္ဈတ္တိက သန္တာန်ထဲမှာ ကာယကံ မသောင်းကြမ်းဘူး၊ ဝစီကံ မသောင်းကြမ်းဘူး၊ မနောကံ မသောင်းကြမ်းတဲ့ ပုဂ္ဂိုလ်ဟာ ပညာရှိအစစ်ပေါ့၊ အခုပညာရှိပုဂ္ဂိုလ် မှီဝဲတာဘာလဲ၊ မနောကံတခြားကို မပြေးအောင် သမာဓိထူထောင်တယ်၊ ဟော ကာယကံ,ဝစီကံတွေလဲ လုံအောင် သီလနှင့်ပြည့်စုံအောင် ကျင့်နေတယ်၊ ဟော ကာယကံ,ဝစီကံ လုံရုံတွင်မကဘူး မနောကံလဲလုံအောင် တခါတည်း စိတ်ခေါ်တ် တခြားကို မသွားအောင် မလေလွင့်ရအောင် ခန္ဓာကိုယ်အဇ္ဈတ္တိက သန္တာန်အတွင်းမှာရှိတဲ့ တကယ်အမှန် ယထာဘူတစိတ်နဲ့ ကြံဘယ်၊ ဟော ကြံတော့ အမှန်တွေသိနေပြီ၊ ဘာတွေသိသလဲ ရုပ်တွေ, နာမ်ခေါ်တ်တွေ ကလာပ်တွေ ပရမတ်တွေ တွေ့နေပြီ၊ ဒါ ပညာရှိအစစ်နဲ့ ပေါင်းနေတာ၊ အဲဒီလို ပညာရှိနဲ့ပေါင်းနေတာ ခုနတုန်းကပြောတဲ့ ဗျသနဘေးကြီးက လွတ်မသွားဘူးလား၊ သေသေချာချာတွေးကြည့်၊ ဒိဋ္ဌိဗျသနဆိုတာ အမှားတွေပျောက်ကုန်ပြီပေါ့၊ ဘဝသံသရာ ကမ္ဘာ အဆက်ဆက်က အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိနှင့် စွဲငြိဖြီးသကာလ ငါလို့ အတ္တဒိဋ္ဌိနဲ့ စွဲငြိလာတဲ့ ငါတွေပျောက်ကုန်ပြီ၊ ဘာဖြစ်လို့လဲ ရုပ်နာမ်

တွေ့မှကိုး၊ ရုပ်နာမ်တွေ့ ငါပျောက်ထာဘဲ၊ ရုပ်နာမ်တွေ့လို့ ငါပျောက် တော့ ဟော ဒိဋ္ဌိဗျသနဘေးကြီးမှ လွတ်သွားပြီ ရုပ်နာမ်တွေ့လို့ ဒိဋ္ဌိ ဗျသနဘေးကြီးမှ လွတ်သွားတော့ သမ္မာဒိဋ္ဌိမဂ်ဉာဏ် ရတဲ့အတွက် ကြောင့် ဘယ်ဘေးတွေလွတ်သွားသလဲ ဟော တကယ့်အစစ် သီလ ဗျသနဘေးကြီးမှလဲလွတ်သွားပြီ၊သီလဗျသနဆိုတာ သီလပျက်စီးခြင်း ခေါ်တာ၊ သီလကဘယ်သူလဲ၊ - ကာယကံ,ဝစီကံပေါ့၊ ဒီကာယကံ, ဝစီကံ သောင်းကြမ်းတာ သီလဗျသနဘေးကြီးပေါ့၊ကာယကံ,ဝစီကံ လဲ မသောင်းကြမ်းဘူး၊ မသောင်းကြမ်းလို့ ပညာရှိနဲ့ပေါင်းဖေါ်မှီဝဲနေ တဲ့အတွက်ကြောင့် ဟော သီလဗျသန ဘေးကြီးလဲ လွတ်သွားပြီ၊ ဒိဋ္ဌိဗျသနဘေးကြီးလဲလွတ်ပြီ၊ ဘောဂဗျသနဘေးတွေလဲ မဖြစ်နိုင်၊ ဉာတိဗျသနဘေးတွေနဲ့လဲ မတွေ့နိုင်၊ ရောဂဗျသနဘေးတွေလဲ လွတ် ရမယ်၊ ဟော ဗျသနတရားငါးပါးလွတ်ဘို့၊ ဒါဘာလဲ ဘုရားကိုယ် တော်မြတ် မျှော်မြင်တဲ့တရားလေ၊ ဘာ မျှော်မြင်သလဲ၊ အလုံးစုံသော ဘေးဥပါဒ်အန္တရာယ်အပေါင်းမှ ကင်းစေတတ်တဲ့ မြတ်သောမင်္ဂလာ စီးပွါးဖြစ်ခြင်း၏အကြောင်း စီးပွါးပျက်ခြင်းဘေးမှ ကာကွယ်ထား တဲ့ တရားပေါ့။

ကိုင်း 'ပူဇာစပူဇနေယျာနံ'တဲ့၊ ပူဇော်ထိုက်တဲ့ပုဂ္ဂိုလ်ပူဇော်ခြင်း၊ ပူဇနေယျာနံ- ပူဇော်ထိုက်သောသူတို့ကို၊ ယာပူဇာစ– အကြင်ပူဇော် ရခြင်းသည်ရင်း၊ အတ္ထိ၊ ရှိ၏၊ ဧတံ- ဤတရားသည်လျှင်၊ ဥတ္တမံ– မြတ်သောမင်္ဂလာ၊ ဝါ-စီးပွါးဖြစ်ခြင်း၏ အကြောင်း၊ ပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ်ကို ပူဇော်ခြင်းသည် မြတ်သောမင်္ဂလာတဲ့၊ ဝါ–စီးပွါးဖြစ် ခြင်း၏အကြောင်းတဲ့၊ အဲ မပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ်ကို မပူဇော်နဲ့တဲ့၊ ပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ်ကို ကြိုးစားပူဇော်ကြတဲ့၊ အဲ ပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ်ကို ပူဇော်ခြင်းသည် မြတ်သောမင်္ဂလာတဲ့၊ စီးပွါးဖြစ်ခြင်း၏ အကြောင်းတဲ့၊ ငါဘုရားကိုယ်တော်မြတ်ဟာ သတ္တဝါတွေ၏ အကျိုး စီးပွါး မျှော်ကိုးပြီးသကာလ ငါသည် ကျင့်လာခဲ့ရတယ်တဲ့၊ လေး သင်္ချေနဲ့ ကမ္ဘာတသိန်းကာလပတ်လုံး စွန့်ခြင်းကြီးငါးပါးကိုဖြည့်ကျင့် ပြီး ငါလာခဲ့ရတယ်၊ အဲဒီလို ဖြည့်ကျင့်လာတာ သင်တို့ အကျိုးစီးပွါး မျှော်ကိုးလို့ ငါဖြည့်ကျင့်လာတာ၊ဒါကြောင့် သင်တို့၏အကျိုးစီးပွါးကို ငါမြင်သဖြင့် 'အသေဝနာစဗာလာနံ, ပဏ္ဍိတာနဉ္စ သေဝနာ၊ ပူဇာစ

ပူဇနေယျာနံ့, လို့ဟောတာ-ဘုန်းကြီး သုံးပါးတည်းပြသေးတာ၊သုံးဆဲ့ ရှစ်ပါးရှိတယ်မင်္ဂလာက၊မင်္ဂလာတပါးစီတပါးစီ ကိုယ်ပိုင်ဉာဏ်လေးနဲ့ အာရုံပိုက်ပြီးတော့ နှလုံးသွင်းကြည့်ရင် ဘာလိုလေသေး ရှိအုံးမလဲ၊ ဘာမှလိုလေသေး မရှိဘူး၊ မိမိတို့၏ အကျိုးစီးပွါးဟာ အမှန်ဖြစ်ရမယ်၊ လောကီမှာ ပျက်စီးခြင်းဘေးနဲ့လဲ ကင်းရမယ်၊ သံသရာနောင်ရေး ဘေးအမျိုးမျိုးတို့မှလဲ လွတ်ရမယ်၊ ယခုမိမိတို့ လိုလားတောင့်တတဲ့ နိဗ္ဗာန်တည်းဟူသော ချမ်းသာကြီးလဲ ကြေနံမလွဲရရမယ်၊ ဒါ စိတ်သာချ ရနိုင်တယ်၊ မရချရတယ်မလွဲဘူး၊ မလွဲလို့ မင်္ဂလာအစက နတ်သားလျှောက်ထားကထဲက မပါဘူးလား။

ဘဂဝါ- ဘုန်းတော်ကြီးသော အရှင်ဘုရား၊ ဗဟူ- များစွာကုန်သော၊ ဒေဝါစ-နတ်တို့ သည်၎င်း၊ မနုဿာစ-လူတို့သည်၎င်း သောတ္ထာနံ-စင်ကြယ်စွာသော၊ နိဗ္ဗာနံ-နိဗ္ဗာန်ချမ်းသာကို၊ အာကင်္ခမာနာ-လိုချင်တောင့်တကုန်သည် ဖြစ်၍၊ မင်္ဂလာနိ- စီးပွါးချမ်းသာဖြစ်ခြင်း၏အကြောင်းဖြစ်ကုန်သော မင်္ဂလာတရားတော် တို့ကို၊ ဒွါဒသဟိ-တဆဲ့နှစ်နှစ်တို့ ကာလပတ်လုံး၊ အစိန္တယုံ-ကြံကြကုန်၏၊ စိန္တယန္တာပိ- ကြံကြကုန်သော်လည်း၊ နာဓိဂစ္ဆန္တိ-မသိနိုင်ကုန်၊ ဉတ္တမံ-မြတ်သော၊ တံ-ထိုမင်္ဂလာတရားတော်မြတ်ကို၊ တွံ၊ အရှင်ဘုရားသည်၊ ဗြူဟိ-ဟောတော်မူပါလော့။

အဲဒီလို နတ်သားလျှောက်ထားလို့ ဘုရားပြန်ဟောတဲ့တရား၊ အဲဒီတော့ စင်စစ်မှာ မင်္ဂလာကိုသိရင်လဲ အမင်္ဂလာကို သိထိုက်ပါတယ်၊ မင်္ဂလာတဲ့,အမင်္ဂလာတဲ့၊ အမင်္ဂလာဆိုတဲ့ တရားဟာ စီးပွါးပျက်တဲ့တရား၊ မင်္ဂလာကစီးပွါးဖြစ်တဲ့တရား၊ ဒါတောင်မှ လောကလူတွေက အမျိုးမျိုးကိုး၊ တထွာပြရင်တလံမြင်တဲ့ ပုဂ္ဂိုလ်မျိုးလဲရှိသပေါ့၊တလံလောက်ပြလို့မှ တထွာတောင်မမြင်တဲ့ ပုဂ္ဂိုလ်မျိုးလဲရှိတယ်၊အဲဒီတော့ နတ်သားကတခါသူဟာ သိပ်ပြီးတော့ ဉာဏ်အမျော်အမြင်က မကြီးသေးတော့ သတ္တဝါတို့၏အကျိုးကို မျှော်ကိုးပြီး ဒီနတ်သားဘဲတရက်ကျော်နှစ်ရက်မြောက်မှာ လာပြီးတော့ ဘုရားကို ပြန်လျှောက်ထားပြန်တယ်၊ ဘုရားကလက်ဦးမင်္ဂလာဟောတာကစီးပွါးဖြစ်ခြင်းအကြောင်းကိုဘဲဟောတာကိုး၊အဲဒီတော့ သူကဘာသိချင်နေသလဲဆိုတော့ စီးပွါး

ပျက်တာသိချင်တယ်တဲ့၊စီးပွါးပျက်ထာ သိချင်ပြန်တော့မြတ်စွာဘုရား သခင်ကိုယ်တော်မြတ်ထံ တခါချဉ်းကပ်လာတယ်၊ ချဉ်းကပ်လာ ပြီးတော့ဘာတောင်းပန်သလဲ-

ပရာဘဝန္တံ ပုရိသံ၊
မယံ ပုစ္ဆာမ ဂေါတမ၊
ဘဝန္တံ ပုဋ္ဌုမာဂမ္မ၊
ကိံ ပရာဘဝတော မုခံ။

ဂေါတမ– ဂေါတမအနွယ် ဖြစ်တော်မူသော မြတ်စွာဘုရား၊ ဘဝန္တံ–မြတ်စွာဘုရားကို၊ ပုဋ္ဌုံ-မေးလျှောက်ခြင်းငှါ၊ အာဂမ္မ– လာလတ်၍၊ ပရာဘဝန္တံ– ပျက်စီးသော၊ ပုရိသံ– ယောကျ်ားကို၊ မယံ-အကျွန်ုပ်တို့သည်၊ ပုစ္ဆာမ-မေးလျှောက်ပါကုန်၏၊ ဘန္တေ-အရှင်ဘုရား၊ ပရာဘဝတော၊ ပျက်စီးခြင်း၏၊ မုခံ–အကြောင်းကား၊ ကိံ–အဘယ်ပါနည်း။

ဟောဒီ နတ်သားဘဲလာပြီး လျှောက်ထားတယ်၊ လက်ဦး လျှောက်ထားတုန်းက မြတ်တဲ့မင်္ဂလာ စီးပွါးဖြစ်ခြင်း၏အကြောင်းကို လျှောက်တယ်၊ ဟောခုတခါ တရက်ကျော် နှစ်ရက်မြောက်မှာလာပြီးသကာလ ဘာလျှောက်ထားသလဲ၊ ပျက်စီးခြင်း၏ အကြောင်းကို အရှင်ဘုရား အမိန့်ရှိပါအုံးဘုရား၊ တပည့်တော်တို့ ပျက်စီးခြင်းတရား သိပါရစေ လို့လျှောက်တယ်၊ ဒဲဒါ အကုန်တော့ ရှောက် မပြောနိုင်ဘူးပေါ့၊ သို့သော်လဲ နဲနဲလေး သင့်တော်အောင် ဘုရားစကားကို ယုံကြည်ရင် မှတ်ကြပေါ့လေ၊ တပုဒ်လောက်ဘဲ ဘုန်းကြီးဟောပြမယ်။

နိဒ္ဒါသီလီ သဘာသီလီ၊
အနုဋ္ဌာတာ စ ယောနရော။
အလသော ကောဓပညာဏော၊
တံ ပရာဘဝတော မုခံ။

ဒေဝပုတ္တ–နတ်သား၊ သုဏာထ–နာလော့၊ ယောနရော-အကြင်သူသည်၊ နိဒ္ဒါသီလီစ-ဣရိယာပုထ်လေးပါးတို့တွင် အိပ်ခြင်း၌ မွေ့လျော်လေ့ရှိ၏၊ သဘာသီလီစ-ပွဲသဘင် ပျော်ရွှင်ကြူးခြင်း

> အလေ့ရှိ၏၊ အနုမှတာစ-ထကြွလို့လဝီရိယမရှိ၊ အလသောစ-ပျင်းရိ၏၊ ကောဝေပညာသောစ၊ အမျက်ထွက်တတ်၏၊ ထံ-ထိုသို့ အိပ်ကြူးခြင်း, ပွဲသဘင် အပျော်အရွှင်ကြူးခြင်း, ဝီရိယ မရှိခြင်း, ပျင်းရိခြင်း, အမျက်ထွက်ခြင်းသည်၊ ပရာဘဝတော-ပျက်စီးခြင်း၏၊ မုခံ-အကြောင်းပေတည်း။

အဲဒါ ဒကာ, ဒကာမတွေ ကံကောင်းလို့ ဒီတရား နာရတယ်၊ မှတ်ကြ၊ ငါတို့၏ လောကီစီးပွါး လောကုတ္တရာစီးပွါးကို ဘာကယ်ပျက်စီးတဲ့ တရားကို ဘုရားဟောတယ်၊ ဘာတွေ ဟောသွားသလဲ အအိပ်ကြူးတဲ့ ပုဂ္ဂိုလ်များဟာ လောကီစီးပွါးလဲ ပျက်တယ်၊ လောကုတ္တရာစီးပွါးလဲ ပျက်တာပေါ့၊ အခု တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေ ထိန, မိဒ္ဓတည်းဟူသော အအိပ်ကြူးခြင်းကို သည်းမခံနိုင်လို့ အိပ်နေတော့ ဘယ်နှတရား အားထုတ်အုံးမလဲ၊ ဒါလောကီလဲပျက်စီးတာဘဲ၊ လောကုတ္တရာလဲ ပျက်စီးတာဘဲ၊ လောကီအတွက်မှာကော အအိပ်ကြူးနေတဲ့ ပုဂ္ဂိုလ် သူများလို ဝီရိယလုံ့လမရှိတဲ့ပုဂ္ဂိုလ် အားမရှိတဲ့ပုဂ္ဂိုလ် မပျက်စီးဘူးလား အအိပ်ကြူးခြင်းသည် လောကီ လောကုတ္တရာ အကျိုးစီးပွါး အမှန်ပျက်တယ်တဲ့ ဘုရားက၊ အဲဒီတော့ ကိုယ့်ကိုယ်ကိုယ် မေးပေါ့၊ ဩော် ဘုရားကိုယ်တော်မြတ်ကြီးဟာ တို့အကျိုးစီးပွါးအတွက် ပါရမီဖြည့်တာ တို့အကျိုးစီးပွါး မျှော်လင့်လို့ ပျက်စီးခြင်း အကြောင်း ဟောတယ်၊ အိပ်ခြင်း၌ မွေ့လျော်ခြင်းသည် လောကီ လောကုတ္တရာ အကျိုးစီးပွါး ကေန်ပျက်တယ်တဲ့၊ သဘာသီလီ-ပွဲသဘင် အပျော်အရွှင်ကြူးခြင်းသည်ဧင်း၊ ဟာ သူ့ဘို့ကတော့ စီးပွါး ဖြစ်ချင်လို့ ပွဲကြည့်ကြတာပေါ့၊ တကာထဲ ဇာတ်, ရုပ်သေး, ရုပ်ရှင်ပွဲတွေ ကြည့် ဘောလုံးပွဲတွေ ကြည့်ကြတာ စီးပွါးဖြစ်ချင်လို့တဲ့၊ ဟန်ကျလိုက်ထာ၊ ဘုရားသားတော်တွေ ဘုရားသမီးတော်တွေ သိပ်ပြီးတော့ သနားစရာကောင်းတာဘဲ၊ အပျော်အရွှင်ကြူးခြင်းကို ဘုရားက ဘယ်လိုဟောခဲ့သလဲ၊ သဘာသီလိစ-ပွဲသဘင် အပျော် အရွှင်ကြူးခြင်းသည်ဧင်း၊ ဒါဘာဖြစ်သလဲ ပျက်စီးခြင်း၏ အကြောင်း ဘယ်လောက် ပျက်စီးမယ် ထင်သလဲ၊ လောကီစီးပွါးလဲ ပျက်မယ် လောကုတ္တရာ စီးပွါးလဲ ပျက်မယ်၊ အဲဒီလိုပျက်တဲ့ သူတွေတော့ အပြစ်မပြောကြနဲ့ သူ့ကံနဲ့သူ သွားပါစေ။

ဒီမှာ တရားနာတဲ့ ပုဂ္ဂိုလ်တွေက ကိုယ်တိုင်သိပြီ ကိုယ်တိုင်တွေ့ပြီ၊ ဟာလက်စသတ်တော့ အပျော်အရွှင်ကြူးရင် ပျက်စီးတယ် ဆိုပါလား၊ သူတပါးတွေ ဘယ်လို ပျက်ပျက် ငါတို့တော့ မပျက်စီးရဘူး ဆိုတဲ့ စိတ်ထားများရှိကြရင် သိပ်ကောင်းမှာဘဲ၊ ဘုန်းကြီးလဲ တရားဟောရတာ ပင်ပန်းသော်လဲ စိတ်မပျက်ပါဘူး၊ ဘာဖြစ်လို့လဲ ဘုန်းကြီးက ဘုရားတရားတော်ကိုပြန်၍ ဟောပြတယ်၊ ဒီမှာ တရားနာတဲ့ ပုဂ္ဂိုလ်တွေက ဒီတရားအတိုင်း သိသွားပြီ၊ သိသွားတဲ့အတိုင်း လိုက်နာတယ်ဆိုရင် သိပ်အကျိုးများတာပေါ့၊ ဟော အဇ္ဈိပ်ကြူးခြင်းသည် ပျက်စီးတယ်၊ ပွဲသဘင် အပျော်အရွှင်ကြူးခြင်းသည် ပျက်စီးတယ်၊ ငါတို့တော့ ဒီကနေ့ကစပြီး ပွဲသဘင်အပျော်အရွှင် မကြူးတော့ဘူးလို့များ နှလုံးပိုင်းခြားလိုက်ရင် သိပ်ကောင်းမှာဘဲ၊ ပိုင်းခြားနိုင်မယ် မထင်သေးပါဘူး၊ ဘာဖြစ်လို့လဲ၊ ရှင်ပြုလေးတွေက ရှိသေးတာကိုး၊ ရှင်ပြုတဲ့ အခါ အပျော်အရွှင် မလုပ်ရရင် သူတပါးက ကဲ့ရဲ့မှာ ကြောက်ကြသေးတာကိုး၊ ဒီတော့ ပိုင်းခြားနိုင်မှာမဟုတ်ပါဘူး ပွဲသဘင် အပျော်အရွှင်ကြူးရင် ဘုရားကချမ်းသာတယ် ဟောသလား ပါ့ရဲ့လား သေသေချာချာကြည့်စမ်း၊ မြတ်စွာဘုရားက သတ္တဝါတွေ၏ အကျိုးစီးပွါးအလို့ငှါ ဘုရားအဖြစ်ကို ရောက်အောင် ပါရမီတွေ ဖြည့်ကျင့်တယ်၊ ဘုရားဖြစ်လို့ ပြန်ဟောပြတယ်၊ ဘာဟောသလဲ၊ ဟော့အဇ္ဈိပ်ကြူးတဲ့သူ ပျက်စီးမယ်၊ ပွဲသဘင် အပျော်အရွှင်ကြူးရင် ပျက်စီးမယ်၊ အနုဋ္ဌာတာစ-တဲ့၊ ဝီရိယ လုံ့လ မရှိရင် ပျက်စီးမယ်၊ အဲ လုံ့လ ဝီရိယ မရှိတဲ့ ပုဂ္ဂိုလ်သည် လောကီစီးပွါးလဲ ပျက်ထာဘဲမှတ်ထား၊ လောကီမှာ အမှန်ပျက်မယ်၊ လောကုတ္တရာစီးပွါး ဆိုတော့ ဝေးရောပေါ့၊ ဝီရိယမှမရှိဘဲ လောကုတ္တရာစီးပွါး ဘာလာရမလဲ၊ ဘာတခုမှ မရဘူး။

အဲဒါကြောင့် ဘုရားကိုယ်တော်မြတ်ကြီး မြင်တော်မူသဖြင့် ဝီရိယမရှိတဲ့ ပုဂ္ဂိုလ်သည် လောကီ လောကုတ္တရာ စီးပွါး ဧကန်ပျက်မယ်၊ အဲအခုဒီမှာ ဝိပဿနာတရား အားထုတ်တယ်၊ ဝီရိယပေါ့ရင် ပေါ့သလို အကျိုးစီးပွါး ဆုတ်ယုတ်သွားတာပေါ့၊ ဝီရိယကောင်းရင် ကောင်းသလောက် အကျိုးပေးမှာဘဲ၊ အဲဒါကြောင့် အနုဋ္ဌာတာစ–ဝီရိယမရှိခြင်းသည်ရင်း, အလသောစ-ပျင်းရိခြင်း သည်ရင်းတဲ့၊ ပျင်းရိတဲ့ ပုဂ္ဂိုလ်သည် ဧကန်မုချမလွဲ ပျက်စီးမယ်, ဒါစိတ်သာချ၊ ဒါပျင်းရိတဲ့ ပုဂ္ဂိုလ်

ကောဓပညာဏောစ- အမျက် ထွက်ခြင်းသည်ဧင်း, သတိထားကြ ပေတော့၊ စိတ်ဆိုတာ ကောင်းတာမဟုတ်ဘူးနော်၊ အမျက်ထွက်ခြင်းကို စိတ်ဆိုးတာ ခေါ်တယ်၊ အမျက်ထွက်ရင် လောကီစီးပွါးလဲပျက် စိတ် ချတော့ လောကုတ္တရာ စီးပွါးလဲပျက်၊ အဲဒါကြောင့် ဒီကနေ့ ဘုန်းကြီး သဲလွန်စပေါ့၊ မင်္ဂလာတရား တော်သည် တို့အကျိုးစီးပွါး, ပရာဘဝ သုတ်သည် တို့ပျက်စီးခြင်းအကြောင်းကို ဟောသဖြင့် တို့ရှောင်ကြဉ် ဘို့ အကျိုးစီးပွါး၊ အဲဒီလို အကျိုးစီးပွါးတရားတွေကို ဒီကနေ့ နာရပြီ ပေါ့၊ နာရလို့ရရင် ဒီတရားတွေ ထင်ရှားရှိသေးတယ်၊ သာသနာကြီး မကွယ်သေးဘူး၊ အဲဒီလို မင်္ဂလသုတ် ပရာဘဝသုတ်တို့ကို လေးစား သောအားဖြင့် ငါတို့၏ အကျိုးစီးပွါးကို ငါတို့ ဆောင်ရွက်မယ်ဆိုတဲ့ အနေအားဖြင့် ယနေ့ကစ ကြိုးစားပြီး သာသာလ ငါတို့သည် ဘုရား ဆုံးမတော်မူတဲ့အတိုင်း ဝိရိယလဲ မလျှော့ သတိလဲ မဆုတ် လုံးလုံး လျားလျား ဒီတရားတော်ကြီးကို ကြိုးကြိုးစားစားအားထုတ်မယ် ဆိုတဲ့ စိတ်ထားနဲ့ လေးလေးစားစား အားထုတ်ကြ၊

# ပဋိစ္စသမုပ္ပါဒ်

နိဗ္ဗာန်ရောက်ကြောင်းတရားတွေ ဟောခဲ့ပြီပေါ့၊ သို့သော်လဲဘဲ ပဓာနလိုရင်းက မိမိကိုယ်တိုင် တကယ်တမ်း အထက်တန်းရောက်အောင် အားထုတ်နိုင်မှ အလိုရှိအပ်တဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရမယ်၊ ယခု ဒကာ ဒကာမတွေ ဆုတောင်းသလို အဆုံးစွန်သောဘဝ၌ နိဗ္ဗာန်ရပါလို၏ဘုရား အဲဒီလို ဆုတောင်းတဲ့ ပတ္ထနာမျိုးကို ပစ္ဆိမဘဝိက နောက်ဆုံးရဟန္တာအဖြစ်နှင့် နိဗ္ဗာန်ကူးမဲ့အရှင် ဘယ်လိုပင် ဖြစ်သော်လဲ အဝိဇ္ဇာဝင်နေတဲ့အခါ မသိကြဘူးပေါ့၊ အဝိဇ္ဇာအတော်ဆိုးတယ်၊ တို့မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးဟောဒါလဲ အဝိဇ္ဇာကို ပဓာနထားဟောတယ်၊ "အဝိဇ္ဇာတဏှာဝသေန ဒွေမူလာနိ" အဝိဇ္ဇာနှင့်တဏှာ မူလ စင်စစ်ကတော့ ဒုက္ခဖြစ်ကြောင်း မူလအမြစ်ကိုရှာ အဝိဇ္ဇာနှင့်တဏှာ၊ အဲဒီအဝိဇ္ဇာနှင့်တဏှာ မူလအမြစ်ကို ဖြုတ်နိုင်မှ ချမ်းသာရာအစစ်ကိုရမယ်တဲ့။

ဒီတော့ ကောင်းပြီ ဒီလိုအဝိဇ္ဇာနှင့်တဏှာ မူလအမြစ်ကိုဖြုတ်ဘို့ရာ ဘာတွေအလုပ်လုပ်ကြမလဲ၊ ဒါနကိုအားထုတ်တယ် သီလကိုဆောက်တည်တယ် ဘာဝနာကိုပွါးများတယ် မှန်ပါတယ်၊ အဲဒီလို ဒါန,သီလ ဘာဝနာဆိုတဲ့ ကုသိုလ်ကောင်းမှုဟာ ဓမ္မတာနိယာမ အမှန်အစစ် ဟောကြတာမှန်တယ်၊ သို့သော်လဲဘဲ ဒါနနဲ့ တို့အဝိဇ္ဇာကင်း၍ နိဗ္ဗာန်ဝင်နိုင်ပါ့မလားဆိုတော့ များသောအားဖြင့် အထောက်အပံ့တော့ ရသနော် မကင်းဘူး၊သီလသက်သက်နဲ့ကော အခုပြောတဲ့အဝိဇ္ဇာကင်း၍ နိဗ္ဗာန်ဝင်နိုင်ပါ့မလား၊သူလဲ အထောက်အပံ့တော့ရတယ်၊ မကင်းဘူး၊ သမထ, သမထဆိုတာ လေးဆယ်ရှိတယ်၊ကသိဏ်းဆယ်ပါး,အသုဘဆယ်ပါး, အနုဿတိ ဆယ်ပါး, အပ္ပမညာလေးပါး,သညာဝဝတ္ထာန်၊ ပြီးတော့မှ အရူပအစရှိသည်ဖြင့် လေးဆယ်သော ကမ္မဋ္ဌာန်းတို့ဟာ သူတို့ကောဆိုတော့ အဲဒီကုသိုလ်တွေလဲ အထောက်အပံ့တော့ရတယ်၊ တကယ်အစစ် အဝိဇ္ဇာကို မဖြုတ်နိုင်ဘူး။

အဲဒီတော့ အဝိဇ္ဇာကိုဖြုတ်ဘို့ အရေးကြီးတာပေါ့၊အခု တရားနာတဲ့ ပရိသတ်ကြီးဟာ အရေးကြီးဆုံးက အဝိဇ္ဇာကို ခွါနိုင်ဘို့ အရေးကြီး

တယ်၊ အဝိဇ္ဇာကို မခွါနိုင်လျှင် ဒါန နိဗ္ဗာန်ရတယ်ဆိုတာ မှန်သော်လဲ တကယ့်ကိုမရဘူး၊ သီလနိဗ္ဗာန်ရတယ်ဆိုတာမှန်တယ် မှန်တဲ့နည်းနဲ့ မှန်တယ်၊ သို့သော်လဲ မရဘူး၊ ခုနကပြောတဲ့ သမထသည် နိဗ္ဗာန် ရတယ်ဆိုတာမှန်တယ်၊ သို့သော်လဲ အဲဒီသမထဟာ နိဗ္ဗာန်မရဘူး၊ ဒီတော့ ဘာအရေးကြီးသလဲ၊ အခုတရားနာတဲ့ပရိသတ်ဟာ ဒါနနဲ့နိဗ္ဗာန် ရအောင် ဆောက်တည်အပ်သော သီလနဲ့နိဗ္ဗာန်ရအောင် ပွါးများအပ် သောဘာဝနာဖြင့်နိဗ္ဗာန်ရအောင်ဒါအရေးကြီးဒါဘဲ၊ အဲဒါအရေးကြီးတဲ့ တစ်နံပါတ်အချက်ဘဲ၊ ဒါနနိဗ္ဗာန်ရတယ်, သီလနိဗ္ဗာန်ရတယ်, ဘာဝနာ နိဗ္ဗာန်ရတယ်မှတ်ထားကြနော်၊ ဘုန်းကြီးဟောတာသေသေချာချာမှတ်မိ အောင်မှတ်၊ ဒါနနိဗ္ဗာန်ရတယ်, သီလနိဗ္ဗာန်ရတယ်, ဘာဝနာနိဗ္ဗာန် ရတယ်၊ ရတယ်ပြောတာမှတ်ထား ပြီးတော့ နောက်စကားကို မမှတ်နဲ့၊ နောက်စကားလဲ နဲ့နဲ့အာရုံပြုစမ်း၊ ဒါနနိဗ္ဗာန်မရဘူး, သီလနိဗ္ဗာန်မရဘူး၊ ဘာဝနာနိဗ္ဗာန်မရဘူးလို့ ဟောဒီလိုပြောတယ်၊ ဒါ ဘုန်းကြီးပြောတာ မဟုတ်ဘူး၊ ဘုန်းကြီးဘာသိမလဲ ဘုရားဟောတာ ဘုရားကိုယ်တိုင် ဟောတဲ့တရား နိဗ္ဗာန်ရတဲ့ဒါနရှိတယ်တဲ့ ဘုရားက နိဗ္ဗာန်မရတဲ့ဒါန ရှိတယ်၊ သီလ နိဗ္ဗာန်ရတဲ့သီလရှိတယ်၊ နိဗ္ဗာန်မရတဲ့ သီလရှိတယ်၊ ဒါ ဘုရားဟောတာ၊ ဘာဝနာ နိဗ္ဗာန်ရတဲ့ဘာဝနာရှိတယ် နိဗ္ဗာန်မရတဲ့ ဘာဝနာရှိတယ်၊ အဲဒါဘုရားဟော၊ သို့သော်လဲ များသောအားဖြင့် တို့မြတ်စွာဘုရားကိုယ်တော်မြတ် မင်္ဂလာတရားမှာတော့ အဟောသား ဘဲ၊ "ဗာဟုသစ္စဉ္စ"အကြားအမြင်များသောသူ၏အဖြစ်,အကြားအမြင် လေးလဲ များမှ ကောင်းတယ်၊ တဖက်သတ် တဖက်နားကြားထားရင် မကောင်းဘူးပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ တို့ဒကာ ဒကာမတွေဟာ များသောအားဖြင့် တဖက်သတ်ကြားထားတယ်၊ ဘယ်လို ကြားထား သလဲ ပုဂ္ဂိုလ်အသီးအသီး ဟောပြောကြတဲ့အခါမှာ ဒါနနိဗ္ဗာန်ရပုံ သီလနိဗ္ဗာန်ရပုံ ဘာဝနာနိဗ္ဗာန်ရတယ် ဆိုတာ သူ့ထက်ငါကောင်း အမြဲဟောကြတာပေါ့။

အဲဒီတော့ တဖက်သတ် နာဘူးနေတာကိုး၊ ဒါနနိဗ္ဗာန် မရဘူးလို့ ဟောလျှင် ဒီပုဂ္ဂိုလ် ခဲနှင့်ပေါက်နှင်မှာ၊ သီလနိဗ္ဗာန်မရဘူး ဟောလျှင် လဲ နားထဲမှာမခံသာတော့ဘူး၊ ဘာဝနာနိဗ္ဗာန်မရဘူး ပြောလျှင်လဲ အတော်ကိုစိတ်ဆိုးသွားမယ်၊ ဘာဖြစ်လို့လဲ တဖက်သတ်ကြားနေလို့၊

ဗာဟုသစ္စမင်္ဂလာက နဲ့ကြတယ်၊ အဲဒီတော့ ဗာဟုသစ္စမင်္ဂလာနှင့် ပြည့်စုံအောင် ဒါနနိဗ္ဗာန်ရအောင် ဘယ်သူဟောသလဲ၊ ဘုရားဟောတယ်၊ ဒါနနိဗ္ဗာန်မရဘူး ဟောတာကော ဘယ်သူဟောသလဲ၊ ဘုရားဟောတယ်၊ ဘယ့်နှယ့်လဲ မြတ်စွာဘုရားဆိုတာ ဧကဝစနံ–တခွန်းတည်းသောစကားသာ ပြောရတယ်၊ အရှင်ဘုရား အခုဟောတော့ နှစ်ခွန်းဖြစ်နေပါတယ်၊ အဲဒါ စောဒကတက်ဖွယ် ရှိတာပေါ့၊ စိတ်ချ ဘုရားကိုယ်တိုင်ကို ဟောတာ၊ ဒါန နိဗ္ဗာန်မရဘူးဆိုတာလဲ ဘုရားအမှန်ကိုဟောတယ်၊ မရတဲ့ဒါနက အမှန်ကိုရမှမရဘဲ၊ သီလလဲဒီလိုဘဲ နိဗ္ဗာန်မရတဲ့သီလက တကယ်ကိုမရဘူး၊ သမထလဲ ဒီလိုဘဲ၊ ဘာဝနာနိဗ္ဗာန်မရတဲ့ဘာဝနာ အဟုတ်အမှန်ကိုမရဘူး၊ အဲဒါ တို့ဒကာ ဒကာမတွေဘုန်းကြီးပြောချင်တော့ ကြားဘူးနားဝအနည်းငယ်ခန့်တော့ နားလည်မှာပေါ့၊ ဘုရားဟောတာ အရှင်ဘုရားတပည့်တော်တို့ တခါမှ မကြားဘူးလို့ ပြောချင်ပြောမှာဘဲ၊ အဓိပ္ပါယ်မသိလို့ပြောမှာ၊ သို့သော်လဲဗုဒ္ဓဘာသာလူမျိုးတိုင်း နှုတ်တက်ရွရွ ကိုယ်တိုင်ရတဲ့တရားဘဲ၊ ကိုယ်ပိုင်ဉာဏ်နဲ့ ပြန်ဆင်ခြင်ကြစမ်း၊ သူများပြောသံကြား မဟုတ်ဘူး၊ ကိုယ်တိုင်ရတာ။

> အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာဝိညာဏံ၊ ဝိညာဏပစ္စယာနာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊သဠာယတနပစ္စယာဖဿော၊ ဖဿပစ္စယာဝေဒနာ၊ ဝေဒနာပစ္စယာတဏှာ၊ တဏှာပစ္စယာဥပါဒါနံ၊ ဥပါဒါနပစ္စယာဘဝေါ၊ ဘဝပစ္စယာဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿသမုဒယော ဟောတိ။

အဲဒါ ဗုဒ္ဓဘာသာလူမျိုးတိုင်းလိုလိုရတယ်၊ ဘုန်းတော်ကြီးဘုရားတွေကလဲ အနေကဇာတင်ပြီလားဆိုလျှင် အနေကဇာတင် ပင့်လိုက်လျှင် ဘုန်းကြီးတွေကြွလာ ဆယ်ပါးပင့် ဆယ်ပါးကြွ၊ ငါးပါးပင့် ငါးပါးကြွ ပေါ့လေ၊ အနေကဇာ တင်ကြတယ်၊ အဲဒီ အနေကဇာတင်တဲ့အခါ အမြဲရွတ်တယ်။

အနေကဇာတိသံသာရံ, သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံဂဝေသန္တော, ဒုက္ခာဇာတိပုနပ္ပုနံ။
ဂဟကာရကဒိဋ္ဌောသိ, ပုနဂေဟံနကာဟသိ။
သဗ္ဗာတေဖါသုကာဘဂ္ဂါ, ဂဟကူဋံဝိသင်္ခတံ။
ဝိသင်္ခါရဂတံစိတ္တံ, တဏှာနံ ခယမဇ္ဈဂါ။

အဲဒီလို သုံးခေါက်ရွတ်တယ်၊ အဲဒီလို သုံးခေါက် ရွတ်ပြီးတော့ ဘာကောက်ရွတ်သလဲ အဝိဇ္ဇာပစ္စယာသင်္ခါရာ ကောက်ရွတ်ကြတယ်၊ အဲဒီ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ ဆိုတာဟာ အလွန့်အလွန် ကြောက်စရာ, လန့်စရာ, ထိပ်စရာကောင်းတဲ့ ဓမ္မသံဝေဂတရားကြီးပေါ့၊ တို့ဒကာ ဒကာမတွေ ဘုန်းကြီးရွတ်ပြတာ ကျောတောင်မချမ်းဘူး သိမှမသိဘဲ ဘယ့်နှဲ့ကျောချမ်းမလဲ၊ သိမှ ကြောက်မှာ၊တကယ့်ကို ဘုရားကိုယ်တော် မြတ်ကြီးကသိအောင်ဟောတာ၊အဝိဇ္ဇာ ပစ္စယာ သ ခ်ါရာ,အဝိဇ္ဇာဆိုတာ ဘာလဲ မြန်မာလိုသက်သက် နားလည်အောင်ကြည့်စမ်း။

အဝိဇ္ဇာ-သစ္စာလေးပါး တရားကို မမြင်အောင် ကာကွယ်အုပ်ဖုံး တတ်သော မောဟတည်းဟူသော အဝိဇ္ဇာ သစ္စာလေးပါးကို မမြင် အောင် ကာကွယ်အုပ်ဖုံးတတ်တဲ့ မောဟအဝိဇ္ဇာတဲ့ ကိုင်းဘာပြုလို့လဲ ပဌ္ဌမဘဝိက နောက်ဆုံးရဟန္တာဖြစ်မဲ့ ပုဂ္ဂိုလ် အရှင်ကြီးတောင်မှ အဝိဇ္ဇာဖုံးထားတော့ လုံးလုံး ဘာမှန်းမှ မသိဘူး၊ ဒုက္ခလုံးလုံးမမြင်ဘူး အဲဒါအဝိဇ္ဇာ၊ အဲဒီအဝိဇ္ဇာကြောင့်၊အဝိဇ္ဇာကြောင့်ဆိုတော့ အကြောင်း တရားနော်၊ အဝိဇ္ဇာသည် အကြောင်း၊ အဝိဇ္ဇာကြောင့် သင်္ခါရတဲ့၊ သင်္ခါရဆိုတော့ စာထဲတော့ အပါသား၊ ဘယ့်နှဲ့ပါသလဲ၊ ပုညာဘိ သင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရတို့သည်၊ သမ္ပဝတ္တိ- ဖြစ်ကုန်၏၊ . စာထဲမှာပါတယ်၊ အားလုံးကျက်ထားလို့ ရကြသားဘဲ၊ အဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရဖြစ်တယ်၊ အဝိဇ္ဇာကြောင့် အပုညာဘိ သင်္ခါရဖြစ်တယ်၊ အဝိဇ္ဇာကြောင့် အာနေဉ္ဇာဘိသင်္ခါရဖြစ်တယ်၊ ဒါလဲ မဂဓနဲ့ပြောတာ၊ ဘာနားလည်မလဲ၊ အဲဒီ ပုညာဘိသင်္ခါရတခါပြောပြန် ရော စာထဲမှာ ဖြေပြန်တယ်၊ ပုညာဘိသင်္ခါရ ဆိုသည်ကား ကာမ ကုသိုလ်, ရူပကုသိုလ်၊ ကာမကုသိုလ်က ရှစ်ခုရှိတယ်၊ ရူပကုသိုလ်က ငါးခု ပေါင်းလိုက်တော့ တဆဲ့သုံးပါး၊ အဲဒီကာမကုသိုလ်,ရူပကုသိုလ်

တဆဲ့သုံးပါးသည် ပုညာဘိသင်္ခါရတဲ့၊ အပုညာဘိသင်္ခါရဆိုသည်ကား အကုသိုလ်စိတ် တဆဲ့နှစ်ပါးနှင့်ယှဉ်သော အကုသိုလ်စေတနာ တဆဲ့နှစ်ခုသည် အပုညာဘိသင်္ခါရ၊အာနေဉ္ဇာဘိသင်္ခါရဆိုသည်ကားအရူပါဝစရကုသိုလ်စိတ် လေးခု၌ရှိသော အရူပါဝစရကုသိုလ် စေတနာ လေးခုသည် အာနေဉ္ဇာဘိသင်္ခါရ။

ကိုင်း ရကြပြီ၊ မြန်မာလိုအဓိပ္ပါယ်မဟုတ်ဘူး၊ ဒါက မဂဓဘာသာနဲ့ ဟောတာ၊ ကျမ်းဂန်ထဲမှာလဲ ဒီလိုဘဲပါတယ်၊အဓိပ္ပါယ်ခပ်ရှင်းရှင်းက ဒီပုညာဘိသင်္ခါရဆိုတဲ့ကုသိုလ်ဟာ ဘယ်လိုကုသိုလ်မျိုးပါလဲဆိုတော့ ကာမကုသိုလ်၊ ကာမကုသိုလ်က ဘယ်သူလဲ၊ ဟော ဒကာဒကာမတွေ လှူတဲ့ဒါနကုသိုလ် ကုန်ရောပေါ့၊ ဒါနဆိုကုန်ရောပေါ့၊ ဘာဒါနဖြစ်ဖြစ်ပေါ့ ပြောချင်တဲ့ဒါနကို ရှောက်ပြောတော့ ဒါနကုသိုလ်၊ ဒါ ပုညာဘိသင်္ခါရခေါ်တယ်၊ ကာမကုသိုလ်နယ်ထဲကလေ ဒါနကုသိုလ်၊ ဟော ခုဆောက်တည်ကြတဲ့ သီလကုသိုလ် ပုညာဘိသင်္ခါရပေါ့၊ အဲဒါ ပုညာဘိသင်္ခါရဆိုတာ ဘယ်သူလဲ၊ ဟော အခုဆောက်တည်တဲ့ သီလကုသိုလ်၊ ဒါပုညာဘိသင်္ခါရ ကုသိုလ်အစစ်ပေါ့၊ . ပုညာဘိသင်္ခါရ ကုသိုလ်ဟာ ကာမာဝစရကုသိုလ်နယ်ထဲက၊ ပြီးတော့မှ ရူပကုသိုလ် ဆိုတော့ ဘယ်သူလဲ ခုနတုန်းက ဘုန်းကြီးရွတ်ပြတဲ့ သမထလေးဆယ်လေ၊ အသုဘကမ္မဋ္ဌာန်း စီးဖြန်းတဲ့ပုဂ္ဂိုလ်, ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းတဲ့ပုဂ္ဂိုလ်၊ ကသိုဏ်းပရိကံတွေ ပွါးတဲ့ပုဂ္ဂိုလ်တွေပေါ့လေ၊ အာနာပါနာဿတိ စသည်ဖြင့် ပွါးများတဲ့ပုဂ္ဂိုလ်တွေ အဲဒါတွေဟာ သမထတွေ၊ အဲဒီသမထတွေဟာ ပုညာဘိသင်္ခါရ ရူပကုသိုလ်ထဲက၊ အဲဒီတော့ ခုနကပြောတဲ့ ကာမကုသိုလ်နယ်ထဲက ပုညာဘိသင်္ခါရ ရူပကုသိုလ်နယ်ထဲက ပုညာဘိသင်္ခါရ အဲခုပြောတဲ့ သင်္ခါရဆိုတဲ့ ဒါန သီလ သမထ တွေ့ကြပလား၊သေသေချာချာမှတ်ကြလေ၊ ဒါန,သီလ, သမထဆိုတာ ပုညာဘိသင်္ခါရပေါ့။

အဲဒီ ဒါန,သီလ,သမထဆိုတဲ့ ပုညာဘိသင်္ခါရသည် ဤဘဝ,ထိုဘဝ ကမ္ဘာသံသရာ အဆက်ဆက် ဘယ်တော့မှ နိဗ္ဗာန်မရနိုင်ဘူးတဲ့၊ ကိုင်း မှတ်ကြပေတော့၊ ဘာဖြစ်လို့လဲ အဝိဇ္ဇာကြောင့် အဝိဇ္ဇာပစ္စယာ သင်္ခါရာ အဝိဇ္ဇာကြောင့်ဖြစ်တဲ့ ပုညကုသိုလ်လေ၊ အဝိဇ္ဇာကြောင့်

ဖြစ်တဲ့ ပုညကုသိုလ်တို့သည် ဤဘဝ ထိုဘဝ ဘယ်တော့မှ နိဗ္ဗာန် မရဘူး၊ နိဗ္ဗာန်မရ ဘာဖြစ်မလဲဆိုတော့ အဲဒီ ပုညာဘိသင်္ခါရကြောင့် ဘယ်သူဖြစ်မလဲ ဝိညာဏ်ဖြစ်မှာပေါ့၊ ဝိညာဏ်ဆိုတာ သိကြသလား၊ ဝိညာဏ်လေ ပဋိသန္ဓေဝိညာဏ်လို့လဲခေါ်တယ်၊ ပဝတ္တိဝိညာဏ်လို့ လဲခေါ်တယ်၊ ပဋိသန္ဓေဝိညာဏ်ဆိုတာက ပဋိသန္ဓေအခါမှာ ဖြစ်ပေါ်လာတဲ့ ဝိညာဏ်ပေါ့၊ ဟောဒီမှာ ပဝတ္တိဝိညာဏ် မြင်အောင်ကြည့်၊ စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်, မနောဝိညာဏ်တွေလေ ဝိညာဏ် သိလုံးလေးတွေ၊ အဲဒါ မျက်စိပေါက်ကဖြစ်တဲ့စိတ်, နားပေါက်ကဖြစ်တဲ့စိတ်, နှာခေါင်း ပေါက်ကဖြစ်တဲ့စိတ်, လျှာပေါက်ကဖြစ်တဲ့စိတ်, ကိုယ်ပေါက်ကဖြစ်တဲ့ စိတ်, မနောပေါက်ကဖြစ်တဲ့စိတ် ဒါဝိညာဏ်တွေပေါ့၊ အဲဒီ ဝိညာဏ် ဖြစ်မယ်တဲ့။

ဝိညာဏ်ကြောင့် ဘာဖြစ်မလဲ၊ ပဋိသန္ဓေ နေရတယ်ဆိုလျှင် ပဋိသန္ဓေဝိညာဏ်ကြောင့် နာမ်ရုပ်တွေ ဖြစ်တော့မှာပေါ့၊ အခု ဖြစ်နေပြီ မဟုတ်လား၊ တဖွါးဖွါး နာရီ မိနစ် စက္ကန့်မစဲအောင် မျက်စိမှာဖြစ်တဲ့ ရုပ်နာမ်, နားမှာဖြစ်တဲ့ရုပ်နာမ်, နှာခေါင်းမှာဖြစ်တဲ့ရုပ်နာမ်, လျှာမှာ ဖြစ်တဲ့ရုပ်နာမ်, ကိုယ်မှာဖြစ်တဲ့ရုပ်နာမ်, မနောမှာဖြစ်တဲ့ရုပ်နာမ်,မဖြစ် ကြဘူးလား၊ တဖွါးဖွါးဖြစ်နေတဲ့ ရုပ်နာမ်တွေပေါ့။

အဲဒါကြောင့် ဝိညာဏပစ္စယာနာမရူပံ စာကဟောတယ်၊ ဒါဖြင့် နာမ်ရုပ်ဖြစ်တော့ ဘာဖြစ်မလဲ၊ သဠာယတနဖြစ်မယ်၊ သဠာယတန ဆိုတော့ လာပြီ၊ ဘယ်သူတွေလဲ စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန,မနာယတန,သဠာယတန ခြောက်ပါးဖြစ်တယ်၊ သဠာယတနဖြစ်တော့ သဠာယတန ပစ္စယာ ဖဿော ပေါ့၊ဖဿဆိုတော့ တွေ့ပြီ၊ ဘယ်ကတွေ့မလဲ စက္ခုသမ္ဖဿ မျက်စိက တွေ့မယ်၊သောတသမ္ဖဿ-နားက တွေ့မယ်၊ဃာနသမ္ဖဿ- နှာခေါင်းကတွေ့မယ်၊ ဇိဝှါသမ္ဖဿ-လျှာကတွေ့မယ်၊ကာယသမ္ဖဿ- ကိုယ်ကတွေ့မယ်၊ မနောသမ္ဖဿ-မနောကတွေ့မယ်၊ဟောဖဿဖြစ်ပြီ၊ ဖဿဖြစ်တော့ ဘာဖြစ်မလဲ ဝေဒနာ၊ ဝေဒနာ ခံစားမှုလေးတွေ ပေါ်လာပြီ၊ စက္ခုသမ္ဖဿဇာ ဝေဒနာ, မျက်စိကခံစားတဲ့ ဝေဒနာ၊

သောတသမ္ဖဿဇာ ဝေဒနာ နားကခံစားတဲ့ ဝေဒနာ, ဃာနသမ္ဖဿဇာ ဝေဒနာ နှာခေါင်းကခံစားတဲ့ဝေဒနာ, ဇိဝှါသမ္ဖဿဇာဝေဒနာ လျှာကခံစားတဲ့ ဝေဒနာ, ကာယသမ္ဖဿဇာဝေဒနာ ကိုယ်က ခံစားတဲ့ ဝေဒနာ မနောသမ္ဖဿဇာ ဝေဒနာ မနောကခံစားတဲ့ ဝေဒနာ တွေပေါ့။

ဟာဒါဖြင့် ဝေဒနာ ဖြစ်တာ သဘောကျပြီ၊ ဝေဒနာ ဖြစ်တော့ ဘာ ဖြစ်မလဲ တဏှာတဲ့၊ တဏှာ ဘယ်မှာ သွားရှာမလဲ၊ဘယ်မှ သွားမရှာနဲ့ ကိုယ့်ကိုယ် ပြန်ကြည့်စမ်း၊ ရူပတဏှာ ရူပါရုံမြင်လို့ နှစ်သက်တဲ့ တဏှာလေ၊ သဒ္ဒတဏှာ အသံကြားလို့ နှစ်သက်တဲ့တဏှာ, ဂန္ဓတဏှာ အနံ့ကိုနှစ်သက်တဲ့တဏှာ ရသတဏှာ,ရသာရုံကို နှစ်သက်တဲ့တဏှာ, ဖောဋ္ဌဗ္ဗတဏှာ အတွေ့ကို နှစ်သက်တဲ့တဏှာ, ဓမ္မတဏှာ ဓမ္မာရုံကို နှစ်သက်တဲ့တဏှာ၊ဟာဒါဖြင့် လက်စသတ်တော့ ခုနတုန်းက ဝေဒနာ ကြောင့် တဏှာဖြစ်ထာ သဘောကျပြီ၊ တဏှာကြောင့် ဘာဖြစ်မလဲ၊ ဟာ ဥပါဒါန်ဖြစ်ကရောပေါ့၊အဲ ဥပါဒါန်က ကာမုပါဒါန်, ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန် ဆိုတဲ့ ဥပါဒါန် တရားတွေဖြစ် ရောပေါ့။

ဥပါဒါန်ဖြစ်တော့ သူဘာဖြစ်မလဲ၊ ဘဝဖြစ်မယ်၊ ဘဝဆိုလျှင် ကမ္မဘဝ,ဥပပတ္တိဘဝ,ဘာကြီးကိုးပါး၊အဆုံးတော့လေ တို့ဒါတွေ ရှောက် ပြောနေ နားမလည်ဘူး၊ ဘဝဆိုလျှင် ငရဲပြည်, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်, လူ့ပြည်, နတ်ပြည်, ဗြဟ္မာပြည်, ဒါဘဝပေါ့၊လူ့ဘဝ, နတ်ဘဝ,ဗြဟ္မာ့ဘဝ,ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ် လေးပါးဘဝ,ဒါဘဝဖြစ်ထာပေါ့၊ဘဝဖြစ်တော့ ဘာဖြစ်မလဲ ဘဝဟာ အလကား မဖြစ်ဘူး၊ အကြောင်းမဲ့ သက်သက် သွားမဖြစ်ဘူး၊ ဘဝဖြစ် ရလျှင် ပဋိသန္ဓေနေရမယ်၊ပဋိသန္ဓေနေပြီး ဘာဖြစ်ရအုံးမလဲ၊ ပဋိသန္ဓေ နေပြီးတော့ အိုရမယ်၊ အိုပြီးတော့ကော သေရမယ်၊ သေသေ ချာချာကြည့်။

ခုနတုန်းက ဘုန်းကြီးက ဒါန နိဗ္ဗာန် မရဘူးဆိုတာ စိတ်ထဲက တမျိုးတမည် ထင်ချင်ထင်သွားမယ်၊ သီလ နိဗ္ဗာန်မရဘူး ဟောတာကို တမျိုးတမည် ထင်ချင် ထင်မယ်၊ ထင်ချင်ထင်လေ ခု ဘာဖြစ်ပြီလဲ

ခုနက ပြောတဲ့ ဒါနတွေ သီလတွေ သမထတွေဟာ ဘယ်ရောက်လာပြီလဲ၊ ရောက်လာပြီ ဘယ်ရောက်ပြီလဲ၊ ခုပစ္စုပ္ပန်နေတာရောက်ပြီ၊ အိုတာရောက်ပြီ၊ သေတာရောက်ပြီ၊ နို့ဒါနဲ့ ငြိမ်းပြီလား မငြိမ်းသေးဘူး၊ သောက-ပိုးရိမ်ရမယ်၊ ပရိဒေဝ- ငိုကြွေးရမယ်၊ ဒုက္ခ-ဆင်းရဲရမယ်၊ ဒေါမနဿ- နှလုံးမသာယာရမယ်၊ ဥပါယာသ-သက်ကြီး ရှိုက်ငင်ပင်ပန်းခြင်း တည်းဟူသော မီးကြီးလောင်မြိုက်ရမယ်၊ သွားပြီ ဒါဖြင့်ဘာကောင်းတော့ မလဲ၊ ဒီလို ဒါနမျိုး ဒီလိုသီလမျိုး ဒီလိုဘာဝနာမျိုးကို အခုဒီမှာ တရားနာနေတဲ့ ဒကာ ဒကာမတွေ ဖြစ်ချင်ကြသလားလို့ မေးကြည့်၊ ကိုယ်စီကိုယ်ငှ ဘယ်လောက်များ ဖြေလိုက်ကြမလဲလို့၊ အမယ်လေး မလိုချင်ပါဘူးဘုရားလို့ ဖြေမဲ့လူချည်းဘဲ၊ ဖြေလို့သာ ဖြေရမယ်၊ ဒီဒါနမျိုး သီလမျိုး ဒီဘာဝနာမျိုးဟာ များသော အားဖြင့်လူတထောင်မှာ ကိုးရာကိုးဆယ်ကိုးယောက် ပါတယ်၊ ဒီဒါနမျိုး, ဒီသီလမျိုး ဒီဘာဝနာမျိုးဟာ၊အဲဒါ ဘုန်းကြီးများက သနားလို့ မေတ္တာတရားနဲ့ ပြောတာ၊ တကဲ့အစစ်ဒါန အခုဟောတာ ဒါနအစစ်၊ သီလလဲ အစစ် ဘာဝနာလဲ အစစ်ဘဲ။

နို့ဒီ ဒါန သီလ ဘာဝနာဟာ အရှင်ဘုရား ကုသိုလ် မဟုတ်လား၊ အစစ်ဟုတ်တယ်, ကုသိုလ်ဘဲ၊ ကုသိုလ်ဘာဖြစ်သလဲ အကြောင်းပေါ့ ကုသိုလ်ကြောင့် ကောင်းကျိုးကို မပေးဘူးလား၊ပေးတာပေါ့၊ လူတွေဝေဒယိတ္ထ၊အဝိဇ္ဇာ ဖုံးနေတဲ့ ပုဂ္ဂိုလ်တွေ သဏ္ဍာန်မှာ အကောင်းပေါ့၊ ဘယ်လောက်ကောင်းသလဲ၊ လူချမ်းသာ,နတ်ချမ်းသာ,ဗြဟ္မာချမ်းသာ သိပ်ကောင်း တာပေါ့ အဝိဇ္ဇာသမားတွေ သဘော ကျလောက်အောင်လေ၊အဝိဇ္ဇာ သမားများ သဘောကျတဲ့ ဒါနလေ၊ ဘယ်လောက်ကောင်းသလဲ၊ ဒါနကြောင့် လူ့စည်းစိမ်, နတ်စည်းစိမ်, သီလကြောင့် လူ့စည်းစိမ် နတ်စည်းစိမ် သမထဘာဝနာကြောင့် လူစည်းစိမ် နတ်စည်းစိမ် ဗြဟ္မာစည်းစိမ် အကောင်းထင်ကြမယ်ပေါ့၊ထင်လိုက်ပါတယ် အဝိဇ္ဇာဘဲ၊ ဘာမှအပြစ်တင်စရာမလိုဘူး၊ အဲဒါ အဝိဇ္ဇာကြောင့် အပြစ်တင်စရာ မလိုတော့ဘူး၊ အဝိဇ္ဇာကြောင့် ဖြစ်တဲ့ ဒါနသည် အဝိဇ္ဇာ အကြောင်းရင်း ရှိသောကြောင့် လူဖြစ်မယ်, နတ်ဖြစ်မယ်, ဗြဟ္မာဖြစ်မယ်,သမထ ဘာဝနာကြောင့် အဝိဇ္ဇာ အကြောင်းရင်းရှိသောကြောင့် လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်မှာ ခံစား ရမယ်၊ အဲဒါ ကောင်း

တယ် ထင်ကြသလား၊ ခုနတုန်းက ဘုန်းကြီး ပြောသွားပြီ၊ ဘယ်ကောင်းတာ ပါလို့လဲ၊ ပဋိသန္ဓေနေရမယ်, အိုရမယ်, နာရမယ်,သေရမယ်၊ ဒါဘယ်ဘဝလဲ ဒါဘယ်ဘဝလဲ လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝ ဒီလူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်တို့သည် ပဋိသန္ဓေ မနေတဲ့ ဘဝ မဟုတ်၊ ဂဗ္ဘသေယျက ပဋိသန္ဓေနေတာက လူ့ပြည်လောက၊ ဟော ဥပပါတ် ပဋိသန္ဓေနေတာက နတ်ပြည် ဗြဟ္မာပြည်၊အဲပဋိသန္ဓေနေရမယ် ပဋိသန္ဓေနေရလျှင် စိတ်ချ အိုပြီးသားဘဲ၊ အိုလျှင် သေမှာဘဲ၊ ဒါဖြင့် ဗြဟ္မာကြီးတွေ မသေဘူးလား၊ ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင် အသက်ရှည်တာပေါ့၊ ကမ္ဘာပေါင်း ရှစ်သောင်း လေးထောင် အသက်ရှည်တယ်၊ အဲဒီလို အသက်ရှည်တဲ့ ဗြဟ္မာကြီးတွေလဲ သေတာဘဲ၊ဘာဖြစ်လို့လဲဆိုတော့ ပဋိသန္ဓေနေတဲ့ ပုဂ္ဂိုလ်ကိုး၊ ပဋိသန္ဓေနေ အိုတာပေါ့၊ တနေ့ထက်တနေ့ အိုနာသေပေါ့၊ ဗြဟ္မာကြီးတွေလဲ သေတာဘဲ၊ လူ့ပြည်မှာ လူလဲသေတာပေါ့၊ နတ်လဲ သေတာပေါ့။

ဒါဖြင့် တို့ဒကာ ဒကာမတွေ ဆုတောင်းလိုက်ကြစမ်း၊ ဤဒါန ကြောင့် ပဋိသန္ဓေနေရပါလို၏ဘုရား မလွဲတမ်း သေသေ ချာချာကို ရတယ်၊ ဤဒါနကြောင့် အိုရပါလို၏ဘုရား ဤဒါနကြောင့် သေရပါ လို၏ဘုရား ဟောမလွဲတမ်းရမယ်၊ တောင်းသလား ဆိုတော့ တို့ဒကာ ဒကာမတွေ မတောင်းပါဘူး၊ အမယ်လေး ကြက်သီးထရော တောင်းကို မတောင်းဘူး၊ မတောင်းသာ မတောင်းတာ လူ့စည်းစိမ်,နတ်စည်းစိမ်, ဗြဟ္မာစည်းစိမ်ဆိုတော့ သရေကျလို့၊ အဲဒီလိုသရေကျလာတော့ ဘာဖြစ်သလဲ၊ လူ့စည်းစိမ်, နတ်စည်းစိမ်, ဗြဟ္မာစည်းစိမ်လို့ အထင်များတာ အဝိဇ္ဇာပေါ့၊ အဝိဇ္ဇာလေ,အဲဒီအဝိဇ္ဇာကြောင့်ဖြစ်တဲ့ ဒါနမျိုး၊ တို့ဒကာ ဒကာမတွေ မလှူစေချင်ဘူး၊ ပန်တပွင့်ထည်း လှူရလှူရ ဆီမီး တတိုင်တည်း ပူဇော်ရပူဇော်ရ ရေတခွက်တည်း လှူရလှူရ တခါထဲ နိဗ္ဗာနပစ္စယောဆိုတဲ့ အတိုင်း နိဗ္ဗာန်ကိုရောက်စေချင်တယ်၊ နို့ အရှင်ဘုရား တပည့်တော်တို့ဆုတောင်းတာ နိဗ္ဗာနပစ္စယော ဟောဘုလို့ တောင်းတာ၊မရဘူးလားဆိုတော့ ရလျှင်ကံကောင်းပေါ့၊ ပါးစပ်က တောင်းတာ ပါးစပ်ကတောင်းတာ ဝစီကံ၊ အဲဒီပါးစပ်က ဝစီကံက အကျိုးပေးတယ်လို့မှတ်ကြသလား၊ထင်ချင်ထင်ကြမှာဘဲ၊တချို့ ကာယ

ကံက အကျိုးပေးတယ်ထင်တယ်၊ တချို့စိတ်ကက အကျိုးပေးတယ် ထင်တယ်၊ လုံးလုံးမပေးဘူး၊ပေးတာဘယ်သူလဲ မနောကံက ပေးတာ။

ကာယေဝါ နနွ သတိ ကာယသဉ္စေတနာ ပေတု ဥပ္ပဇ္ဇတိ အဇ္ဈတ္တံ သုခံ ဒုက္ခံ၊

အကျိုးအကြောင်း နှစ်ပါးတို့တွင် အကြောင်းတရားကိုစွဲ၍ အကျိုး ပေးတယ်ဆိုတာ 'စေတနာဟံ ဘိက္ခဝေကမ္မံ ဝဒါမိ'တဲ့၊ စေတနာက အကျိုးပေးတယ်၊ အဲဒါကို တို့အသိသက်သေ သာဓကနဲ့ ဘုန်းကြီး ထုတ်ပြမယ်။

## နိဂဏ္ဌနှင့်ဗုဒ္ဓမြတ်စွာ

ငါ့မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် လက်ထက်က နိဂဏ္ဌ တက္ကတွန်းတွေ သူတို့အယူရှိတာ၊ဘာအယူရှိသလဲ ကာယကံ, ဝစီကံ, မနောကံ သုံးမျိုးအယူရှိတာဘဲ၊ ရှင်ကြီးဂေါတမ မြတ်စွာဘုရား အယူ ရှိတာလဲ ကာယကံ,ဝစီကံ,မနောကံ သုံးပါးဘဲ အယူရှိတယ်၊သို့သော် ခုနကပြောတဲ့ နိဂဏ္ဌတက္ကတွန်းတွေက ဘာသူတို့ အရေးထားသလဲ ကာယကံ,ဝစီကံသာ အပြစ်ကြီးတယ်, မနောကံ အပြစ်မကြီးဘူးတဲ့၊ မြတ်စွာဘုရားက ကာယကံ,ဝစီကံတို့ထက် မနောကံက အပြစ်ကြီး တယ်လို့ဟောတယ်၊ အဲဒီတော့ တက္ကတွန်းတွေက ရယ်တယ်၊ ဟာ ရှင်ကြီးဂေါတမ မှားနေပြီ ရှင်ကြီးဂေါတမ မှားနေပြီ ဆိုပြီးတော့ ဘုရားထံသွားပြီး ပုစ္ဆာတွေမေးတယ်၊ ရှင်ကြီးဂေါတမတဲ့ သင်သည် ဘာအယူရှိသလဲတဲ့၊ ဟဲ့,ကာယကံ, ဝစီကံ, မနောကံ, အယူရှိတယ် သင်တို့ကောဆိုတော့ ကျုပ်တို့လဲ ကာယကံ,ဝစီကံ,မနောကံ အယူရှိ တာပေါ့၊သို့သော် ရှင်ကြီးဂေါတမ ဘယ်သူအပြစ်ကြီးသလဲတဲ့၊ဒီတော့ မြတ်စွာဘုရားက မနောကံအပြစ်ကြီးတယ်တဲ့၊ တက္ကတွန်းတွေက ရယ် တယ်၊ဘာဖြစ်လို့ရယ်ကြသလဲမနောကံအပြစ်ကြီးတယ်ဆိုလို့ရယ်တယ် တဲ့၊ သင်တို့ကောတဲ့ ဘုရားကမေးတယ်၊ ဟာ ကာယကံ, ဝစီကံသာ အပြစ်ကြီးတယ်တဲ့၊ မနောကံ အပြစ်မကြီးဘူးတဲ့၊ အသင်တို့ စကား သေသေချာချာမှတ်ထား၊ အသင်တို့ဟာ မှန်သလားဆိုတော့ မှန်တယ် တဲ့။ ဒီလိုဆို ငါသေသေချာချာမေးမယ်၊အသင်တို့စကားကို အသင်တို့ မြဲမြဲမှတ်ထား၊ မလွဲနဲ့ဆိုတော့ မလွဲပါဘူးတဲ့။

ကောင်းပြီ သင်တို့သည် အခုလမ်းလျှောက်သွားတယ်၊ အဲဒီလိုလမ်းလျှောက်သွားတဲ့အခါမှာ မမြင်မသိဘဲ ပိုးပရွက် ခြပုန်းပိုးရွ စသည်တို့ကို သင်တို့မနင်းမိဘူးလားတဲ့. နင်းမိတယ်၊ နင်းမိတော့ ကာယကံနဲ့ နင်းမိတာ မဟုတ်ဘူးလားတဲ့၊ ဟုတ်ဘယ်၊ မသေဘူးလား သေသလားဆိုတော့ သေတယ်တဲ့၊ သင်တို့အပြစ်မကြီးဘူးလား မကြီးဘူးတဲ့၊အပြစ်မကြီးဘူးတဲ့ သေသေချာချာမှတ်ကြ၊ ဘုရားကလဲ အပြစ်မကြီးဘူးလို့ဘဲ ဟောတာဘဲ၊ ကာယကံဖြင့် လမ်းလျှောက်သွားတယ် ပရွက်ဆိတ်ကလေးတွေနင်းမိတယ် သေတာအမှန်ဘဲ အပြစ်မရှိဘူး၊ နိဂဏ္ဍတက္ကန္ဒန်းတွေကလဲ အပြစ်မရှိဘူးဟဲ့၊ အသင်တို့စကားနေ၌ နှစ်ပြင်ဖြစ်နေမယ် သေသေချာချာမှတ်နေ၌၊ ကောင်းပါပြီတဲ့၊ ဒါဖြင့်ရင် သူ့အသက်ကို သေစေလိုသော စေတနာနှင့် ကာယကံလက်နဲ့ကိုင်ပြီး သတ်ပြီတဲ့။ အပြစ်ရှိသလား မရှိဘူးလား၊ အပြစ်ရှိပါတယ်တဲ့၊ ခုနတုန်းက ကာယကံအပြစ်မကြီးဘူးလို့ သင်တို့ပြောတယ်၊ အခု အပြစ်ကြီးတယ်လို့ ပြောရသလား၊ ဘာဖြစ်လို့ခုနတုန်းက အပြစ်မကြီးသလဲ၊ အခု ဘာဖြစ်လို့ အပြစ်ကြီးသလဲလို့ မေးရော။

ကိုင်း တက္ကန္ဒန်းတွေ ဘာဖြစ်သွားသလဲ၊ ချွေးစီးစီးကျကုန်တာပေါ့၊ ဘယ်နဲ့လုပ် ဖြေအုံးမလဲ၊ ခုနတုန်းက ကာယကံ အပြစ်ကြီးတယ်လို့ ပြောတယ်၊ မြတ်စွာဘုရားက လမ်းလျှောက်သွားတဲ့အခါ ပရွက်ဆိတ်ကလေးတွေနင်းမိတယ်၊ သေတယ်၊ အပြစ်ရှိသလား၊ မရှိဘူးပြောတယ်၊ နောက်လူတယောက်က ပရွက်ဆိတ်တွေကို လက်နဲ့သေအောင် သတ်တယ်၊ သေတယ်၊ အပြစ်ကြီးတယ်လို့ပြောတယ်၊ အရင်ဟာက ဘာဖြစ်လို့အပြစ်မကြီးသလဲ၊ နောက်ဟာက ဘာဖြစ်လို့ အပြစ်ကြီးသလဲ မေးတော့ ဘယ်လိုဖြေအုံးမလဲ၊ မဖြေတတ်ဘူး၊ သေရောပေါ့၊ နိဂဏ္ဍတွေ၊အဲချွေးဖြိုင်ဖြိုင်ကျသွားတာဘဲ၊သေသေချာချာမှတ်ထား ဘုန်းကြီးဟောတာကို ကာယကံချင်းအတူတူဘဲ၊ ဟိုကလဲခြေထောက်နဲ့ နင်းမိလို့ ပိုးရွတွေသေတယ်၊ ဟောဒီကစေတနာနဲ့ ရိုက်သတ်လို့သေတယ်၊ အတူတူဘဲ ကာယကံချင်းဘဲ၊ ဒီက လက်နဲ့ဖိသတ်လို့ သေတယ်၊ ဟိုက ခြေထောက်နဲ့နင်းမိလို့သေတယ်၊ ဘယ်သူ အပြစ်ကြီးသလဲ၊ လက်နဲ့ ကာယကံနဲ့ သတ်လိုက်တဲ့ဟာက ကာယကံဘဲ၊ အဲဒီမှာအပြစ်ကြီးတယ်၊ ဟိုကမတော်ဘဆနင်းမိတာ ဘာကွာသွားသလဲဆိုတော့ မနောကံကွာ

သွားတယ်၊ 'စေတနာဟံဘိက္ခဝေ ကမ္မံဝဒါမိ'လက်ဦးဟာက စေတနာ မပါလို့ အပြစ်မရှိဘူး၊ နောက်ဟာက စေတနာပါလို့ အပြစ်ရှိတော့ ဘယ်သူ့အပြစ်ကြီးသလဲ မနောကံအပြစ်အကြီးဆုံးပေါ့။

အဲဒါကြောင့်မို့လို့ နိဗ္ဗာန်ရပါလို၏လို့ ပါးစပ်က တောင်းတယ်၊ ဘုန်းကြီးကမရဘူးပြောတယ်၊ဘာဖြစ်လို့လဲ စေတနာမပါလို့၊စေတနာ က တောင်းဘော့တောင်းပါတယ်၊ နိဗ္ဗာန်ကိုပါးစပ်က တောင်းတာ ယုံကိုမယုံဘူး၊ မယုံတာ သက်သေရှိတယ်၊ ဘာဖြစ်လို့လဲ အသင့် အတော် ဘုန်းကြီးတပါးပင့်၊ ပစ္စည်းလှူ ရေစက်ချ ရေစက်ချပေးလျှင် ဘယ်လိုချပေးမလဲဆိုတော့၊ ဤဒါန, ဤသီလ, ဤဘာဝနာ ကုသိုလ် ကြောင့် နိဗ္ဗာန်ထုတ်ချောက် ရောက်လိုရပါလို၏ အရှင်ဘုရား၊ နိဗ္ဗာန် မရမီအကြား ကာလရှည်လျားခဲ့သည်ရှိသော် အဲဒီလို ထည့်ချမယ်၊ ဘာပြုလို့လဲ ဒီဒါနနဲ့ နိဗ္ဗာန်ရတယ်ဆိုတာ မယုံဘူး၊ မယုံကြည်ဘူး၊ မယုံကြည်တဲ့ အတွက်ကြောင့် မတော်တဆ ဖြစ်ခဲ့သော် တကာထဲ လူမင်း လူမိဖုရားတို့၏ စည်းစိမ်ချမ်းသာ, နတ်မင်းနတ်မိဖုရားတို့၏ စည်းစိမ်ချမ်းသာ ပဒေသရာဇ် ဧကရာဇ် စကြာမန္တတ် ရှောက်ပြီး တောင်းတော့ တဏှာကိုက တန်းလန်းကြီးပါသွားတာဘဲ၊ ဘယ်တော့ နိဗ္ဗာန်ရမလဲ၊ ဤဘဝ,ထိုဘဝ ဘယ်တော့မှမရဘူး၊ တဏှာတန်းလန်း ကြီးနဲ့ ပြီးတော့လဲ သူ့ကုသိုလ်,သူ့သဒ္ဓါကိုလဲ သူယုံကြည်ခြင်းမရှိ ဘူး၊ ဘာပြုလို့လဲ ဝိစိကိစ္ဆာကြီးနဲ့ ငါ့ဒါန ရောက်မှ ရောက်ပါမလား ဆိုတဲ့ ဒွိဟသံသယကြီးနဲ့ ပြီးရော၊ သူ့ကိုယ်တိုင်က ဒွိဟသံသယကြီးနဲ့ ရတယ်လို့မှမထင်ဘဲ၊သူက ရတယ်လို့မထင်တဲ့ပုဂ္ဂိုလ် ငါက ရတယ် လို့ပြောလျှင် ငါအမှားပေါ့၊ သူ့ရဲ့စေတနာကိုက ရတယ်မထင်ဘူး၊ သီလစောင့်လဲ မတော်တဆ ရချင်မှရမလိုလို ဒီသီလအားမကိုးရဘူး လိုလို့ဖြစ်ပြီးတော့ တခါထဲ ဘဝသမ္ပတ္တိတွေ ရှောက်တောင်းရော၊ ဘယ်တော့မှမရဘူး စိတ်သာချ၊ ဒါကြောင့် 'စေတနာဟံဘိက္ခဝေ ကမ္မံဝဒါမိ'လို့ ဘုရားကဟောတာ၊ စေတနာသဒ္ဓါတရားကိုက အဟုတ် ယုံကြည်တဲ့ စေတနာပါလာမှရတာ၊ ဒါမနောကံမှာ အချုပ်တဲ့။

တနည်းအားဖြင့်လဲ ယုံကြည်လောက်အောင် သက်သေခံရလောက် အောင် ဘုန်းကြီးပြောပြမယ်၊ အခုဘုန်းကြီးတွေ ပရိသုဒ္ဓပြုတယ်ဆို တာ သိက္ခာချတာ၊ သိက္ခာချတော့ ဘယ့်နှဲ့ဆိုသလဲ၊ သာမဏေဝတ်

အဖြစ်နဲ့ သိက္ခာချတယ်၊ 'သာမဏေရောတိ မံ ဓာရေထ'ဟု ဆိုရတယ်၊အဲဒီလို ဆိုလိုက်တဲ့အခါကျတော့ သိက္ခာချတဲ့ပုဂ္ဂိုလ်ကလဲ သူ့ကိုယ်သူ သာမဏေဝတ်မှတ်ရမယ်၊ နားထောင်တဲ့ ပုဂ္ဂိုလ်ကလဲ ထိုပုဂ္ဂိုလ်သည် သာမဏေအဖြစ်ကိုသူသွားပြီလို့ စိတ်ထဲက စေတနာရောက်ရမယ်၊ မရောက်လို့ရှိလျှင် ဤဘဝ, ထိုဘဝ, ဘယ်တော့မှ သိက္ခာမကျဘူးမှတ်ထား၊ အခု ငါဆိုပြမယ်၊'သာမဏေရောတိ မံ ဓာရေထ' ကြားတယ်မဟုတ်လား၊ ငါသိက္ခာကျသလား ဆိုတော့ မကျဘူး၊ စေတနာမှမပါဘဲ၊ အခုလဲ နိဗ္ဗာန်ရပါလို၏လို့ ပါးစပ်ကဆိုတာ ပါးစပ်ကဆိုတဲ့နိဗ္ဗာန်များတော့ ရလျှင်ကံကောင်းပေါ့၊ ဘယ်နည်းနဲ့မှ မရဘူး၊ အဲဒါဘုန်းကြီးက ဒီလိုပြောတယ်လို့ သွားမပြောနဲ့၊နားမလည်တဲ့လူက ကော်ဆဲမှာ၊ ဘာဖြစ်လို့လဲ အရင်းအဖျားမှ နားမလည်ဘဲ၊ ဒီဘုန်းကြီးက ဘယ်လိုဘုန်းကြီးလဲ နိဗ္ဗာန်ဆုတောင်းတာ မရဘူးဟောတယ်၊ ဘာဘုန်းကြီးလဲ ဘာလဲစသည်ဖြင့်ဆဲမှာ၊ ငါက နိဗ္ဗာန်တောင်းလို့မရဟူးလို့ ပြောတာမဟုတ်ဘူး၊ ဘောင်းပုံနေရာမကျလို့ မရဘူး ပြောတာ၊ အဝိဇ္ဇာကြီးနဲ့ အရင်းခံထားတဲ့ပုဂ္ဂိုလ် ဘယ်တော့မှမရဘူး၊ ဘုန်းကြီး ဒါကို ခဏခဏဟောတယ်၊ ဘုရားဟောတာ တိုက်ရိုက် သေသေချာချာ မှတ်ထားကြ။

ယာဒိသံ ဝပ္ပတေ ဗီဇံ,
တာဒိသံ ဟရတေ ဖလံ။

ဓမ္မပဒ။

ယာဒိသံ– အကြင်သို့သောသဘောရှိသော၊ ဗီဇံ-မျိုးစေ့ကို၊ ဝပ္ပတေ–စိုက်ပျိုးရာ၏၊ တာဒိသံ–ထိုသို့သဘောရှိသော၊ဖလံ–အသီးကို၊ ဟရတေ- ရနိုင်ရာ၏။

မြတ်စွာဘုရား ဟောကြားတဲ့တရားက အင်မတန်ကွယ်ဝှက်တယ်၊ ဓမ္မာနိသတ္တနိဇ္ဇီဝါ-သတ္တလဲမဟုတ် ဇီဝလဲမဟုတ်ဘူးတဲ့၊ သဘောတဲ့၊ ဘယ့်နဲ့လုပ်နားလည်မလဲ မလည်ဘူး၊ အဲဒီတော့ မြတ်စွာဘုရား ကိုယ်တော်မြတ်ဟာ ဥပမာပေးပြီး ဟောတော်မူတယ်၊အခုဘာနဲ့ ဥပမာပေး ဟောသလဲ၊ နားလည်အောင် စိုက်တဲ့မျိုးစေ့သာ ပေါက်မယ်တဲ့။

ဥပမာ–နန္ဒ,ထောက်ရှာ, မာလကာ, ဝိန္ဓ, ချိုမြိန်သောအရသာနဲ့ ပြည့်စုံသော အစေ့ကိုစိုက်လျှင် နန္ဒ,ထောက်ရှာ, မာလကာ, ဝိန္ဓ အပင်သာပေါက်မယ်၊ အသီး, သီးလာတဲ့အခါ ကျတော့လဲ နန္ဒ,ထောက်ရှာ, မာလကာ ဝိန္ဓ ချိုမြိန်သော အရသာကိုသာ စားရမယ်၊ ကိုယ်စိုက်ထားတုန်းက ငွေးတောက်, တမာ,ဂန့်ဂလာ ခါးအန်တဲ့အရသာနဲ့ပြည့်စုံသော အပင်ကိုစိုက်၊ ဟောဒီ မျိုးစေ့ဟာငါ့အပင်က အချိုပင်ကြီးပေါက်ပါစေလို့ဆုတောင်း ဘယ်တော့မှမရဘူး၊ အခါးဘဲပေါက်မှာဘဲ၊ သူစိုက်ထားတာ က ငွေးတောက်,တမာ,ဂန့်ဂလာစိုက်တယ်၊ သူကဆုတောင်း တာက ဘာကိုတောင်းသလဲ၊ အချိုတောင်းတယ်၊ ဤဘာ,ထို ဘဝ ဘယ်ကော့မှမရဘူး၊ မရဘူး၊ သူစိုက်ထားတာက ဝိန္ဓပင် ငါ့ဟာ သရက်ပင်ဖြစ်ပါစေလို့ ဆုတောင်းလဲမရဘူး၊ဝိန္ဓပင် စိုက် ဝိန္ဓပင်ဘဲပေါက်မယ်၊ တမာပင်စိုက်တော့ တမာပင်ဘဲ ပေါက်မယ်၊ သရက်ပင်စိုက် သရက်ပင်ဘဲ ပေါက်မယ်၊ စိုက်တဲ့မျိုးစေ့သာပဓာနလို့ ဘုရားကဟောတယ်။

အဲဒါကြောင့်မို့လို့ ဘုန်းကြီးသိစေချင်တာက ဒီ နိဗ္ဗာန်ရတဲ့ ဒါန အမှန်ရှိတယ်၊ အဲဒါကို လှူတတ်ပါစေဆိုတဲ့ မေတ္တာစေတ်နဲ့ ဒါနဟာ ပန်းတပွင့်ဘဲ လှူရလှူရ နိဗ္ဗာန်ရအောင် လှူတတ်တို့၊ ဒါဖြင့် အရှင်ဘုရား တပည့်တော်တို့ အရှင်ဘုရားကို အားကိုးပြီးတော့ တရားတော်နာ အရှင်ဘုရားကို လှူဒါန်းနေတဲ့ဟာ တပည့်တော်တို့ ဒီလိုလှူတတ်အောင် လုပ်ပေးပါဘုရားဆိုလျှင် ငါကဒီလိုပေးတတ်မှ တကာထဲသိပ်အတိုင်းထက်အလွန်ကောင်းပေါ့၊ ဘယ့်နဲ့လဲ ကိုယ်ဟာကိုယ်လုပ်ယူ၊ ကိုယ်တိုင်သိမှ မှန်တယ်၊ကိုယ်တိုင်ကိုယ်က ဟောဒီဒါနနိဗ္ဗာန်ရတယ်၊ ကိုယ်တိုင်သိရမယ်၊ သူများပြောသံကြား မလိုက်နဲ့၊ မယုံနဲ့၊ ဟောဒီ ဒါန နိဗ္ဗာန်မရဘူးဆိုတာ ကိုယ်တိုင်သိရမယ်၊ အဲ ကိုယ်တိုင်သိအောင် လုပ်မှ ရမယ်။

ကိုယ်တိုင်သိအောင် ဘယ့်နဲ့လုပ်မလဲ ဘုရားဆိုတော့ ဘုရားကိုယ်တော်မြတ်ဟောထားတယ်၊ ကိုယ်တိုင်သိချင်လျှင် ဟော သီလနဲ့ပြည့်စုံအောင်ကျင့်တဲ့၊ သမာဓိနဲ့ပြည့်စုံအောင်ကျင့်တဲ့၊ အဲ သီလနဲ့ သမာဓိ

လုံလောက်လျှင် ပညာစခန်းရောက်မယ်တဲ့၊ဒါဘဲ သီလရယ်, သမာဓိရယ်, ပညာရယ်၊ များမှမများဘဲ သုံးပါးတည်းဘဲ၊ ဒါလောက်ကလေးမှ မလုပ်နိုင်လျှင် တို့ ဘယ်တတ်နိုင်မလဲ၊ မတတ်နိုင်ဘူး၊ များများစားစားလဲ မရှိဘူး၊ သီလက များများစားစားလဲ မဟုတ်ဘူး၊ ကာယကံ,ဝစီကံဘဲ၊ ကာယကံ,ဝစီကံလုံအောင်ကျင့်၊ သမာဓိစိတ်ကို ငြိမ်သက်အောင်လုပ်လေ ဒါဘဲ၊ အဲ ပညာဆိုတော့ အမှန်သိနိုင်အောင် သီလ,သမာဓိ,ပညာ ဒီသုံးပါး ကေန်အမှန် ယထာဘူတသိလျှင် ပန်းတပွင့်ထဲလှူ နိဗ္ဗာန်ရတယ်၊ အမှန်ကိုရတယ်၊ဟော ဆီမီးတတိုင်ထဲလှူ နိဗ္ဗာန်ရတယ်၊ ဘာပြုလို့လဲ သူ့မှာ သီလ,သမာဓိ,ပညာနဲ့ ပြည့်စုံလို့၊ အဲ ပညာဆိုတော့ မိတ်ဝေမသွားနဲ့၊ အဝိဇ္ဇာမရှိဘူး ပြေးပြီ၊ ပညာဆိုတာ ဝိဇ္ဇာကိုခေါ်တာ၊ ဝိဇ္ဇာဉာဏ်သည် ပညာအစစ်၊ ပညာစစ် ဝိဇ္ဇာဉာဏ်ကိုရလျှင် အဝိဇ္ဇာ အနားတောင်မကပ်နိုင်ဘူး မှတ်ထား၊အဲ အဝိဇ္ဇာပြေးတဲ့ အခါကာလကျလျှင် ဘယ်ဒါနဟာ အဝိဇ္ဇာကြောင့်ဖြစ်အုံးမှာလဲ၊ အဝိဇ္ဇာကြောင့်ဖြစ်တဲ့ဒါန နဲ့နဲ့လေးမှ ရှာမရတော့ဘူး၊သွားပြီ ပြေးပြီ၊ အဝိဇ္ဇာကြောင့်ဖြစ်တဲ့ဒါန ဤဘဝ ထိုဘဝ ဘယ်တော့မှ မဖြစ်တော့ဘူး၊ ဘာဖြစ်လို့လဲ ဝိဇ္ဇာဉာဏ်ရနေမှဘဲကိုး၊ ပညာစစ် ဝိဇ္ဇာဉာဏ်ရနေတဲ့ပုဂ္ဂိုလ် အဝိဇ္ဇာမကပ်တော့ဘူး၊ အဲဒါ လွယ်လွယ်လေးရယ်၊ဒါ ဒီဘုရားသာသနာမှရကောင်းတာ၊ ဟော ဒီဘုရားသာသနာကများ လွန်သွားလျှင်လေ စိတ်ချ ဘယ်တော့မှ မရတော့ဘူး၊ ဒီဘုရားသာသနာက လွဲသွားလျှင် နောင်ဘုရားသာသနာနဲ့ ကြုံကြိုက်ပါမှ ကံကောင်းထောက်ပံ့လျှင်ရမယ်၊ သို့မဟုတ် ဒီဘုရားသာသနာကလွန်သွားလျှင်တော့ စိတ်သာချ ယခုဘဝဟာ ဝိဇ္ဇာဉာဏ် ရကောင်းတဲ့ ဘဝမျိုး၊ ဝိဇ္ဇာဉာဏ်ဘာဝနာကိုရနိုင်တယ်၊ ဝိဇ္ဇာဉာဏ်ဒါနရနိုင်တယ်၊ ဝိဇ္ဇာဉာဏ်သီလရနိုင်တယ်၊ ဝိဇ္ဇာဉာဏ်ကို ရနိုင်တဲ့ ဘဝကောင်း ဘဝမြတ်ကြီးမှာမှ မရဘဲနဲ့ လွန်သွားမယ်ဆိုလျှင် စိတ်ချသွားရောဘဲ။

အဲ ဘာဖြစ်မလဲ တပည့်တော်လို့လှူထားတာက အကျိုးမဖြစ်ဘူးလား ဖြစ်မယ်လေ၊ လူဖြစ်မှာပေါ့၊ နတ်ဖြစ်မှာပေါ့၊ ဗြဟ္မာဖြစ်မှာပေါ့၊ ဟောခုနကပြောတဲ့ လူမင်း လူမိဖုရားတို့စည်းစိမ်ချမ်းသာ နတ်မင်း နတ်မိဖုရားတို့၏ စည်းစိမ်ချမ်းသာတွေ ခံစားရမှာပေါ့၊ ခံစားရတော့ ဘာဖြစ်မလဲ၊ ပဋိသန္ဓေနေရမှာပေါ့၊ အိုရမှာပေါ့၊ နာရမှာပေါ့၊ သေရ

မှာပေါ့၊သောက, ပရိဒေဝ, ဒုက္ခ,ဒေါမနဿတွေ ဖြစ်မှာပေါ့၊ အဲဒီဒါန သီလ, သမထတွေဟာ ဘာဖြစ်မလဲ၊ ပဋိသန္ဓေနေရမဲ့ဒါန, သီလ, သမထမျိုး ဒိုရမဲ့ဒါန သီလ သမထမျိုး ကိုင်း ဘယ်သူ ကြိုက်မလဲ၊ ဘယ်သူမှ မကြိုက်ဘူး၊ အဲ မကြိုက်လျှင် ကိုယ့်ဟာကိုယ် ကြိုက်ထာ လုပ်ကြ၊ ဘာမှသူများအားကိုးမနေနဲ့၊ ကိုယ့်အလုပ်ကိုယ်လုပ်မှရမယ်၊ **"ကိုယ်တိုင် တွေ့မှ - ချမ်းမြေ့သာကြည်၊ စာအတွေ့ထက် - ငါတွေ့ သာမည်"** ဆိုသလို စာကတော့ ပိဋကတ်သုံးပုံ ဓမ္မက္ခန္ဓာ ရှစ်သောင်း လေးထောင်;နိကာယ်ငါးရပ် အင်္ဂါကိုးတန် ဟောပြောထားလိုက်ထာ အများကြီး၊ ဘယ်နည်းတာမှတ်လို့၊ အဲဒီဟောထားတဲ့ တရားတွေဟာ အမှန်ချည်းဘဲ၊ အမှန်ပေမဲ့ ကိုယ်တိုင်သိမှ မှန်မှာ၊ ကိုယ်တိုင်မသိ မှန်ကိုမမှန်ဘူး၊ အခု ဘုန်းကြီးပြောတာဟာ ကိုယ်တိုင်.သိစေချင်လို့ မေတ္တာတရားနဲ့ပြောတာ၊ တကဲ့ကို အစစ်ဒါနနိဗ္ဗာန်ရတယ်၊ စိတ်ချ၊ ဘာနဲ့ရသလဲ ဝိဇ္ဇာဉာဏ်နဲ့ရတယ်၊ ဝိဇ္ဇာဉာဏ်ရတဲ့ ပုဂ္ဂိုလ်ကျတော့ ဘာမြင်သွားသလဲ၊ ကမ္မဝဋ်အစစ်ကိုမြင်တယ်၊ ကိလေသာဝဋ်အစစ်ကို မြင်တယ်၊ဝိပါကဝဋ်အစစ်ကိုမြင်တယ်၊ ဝဋ်သုံးပါးမြင်သွားပြီ၊ ပြောသံ ကြားမဟုတ်ဘူး၊ အခုဘုန်းကြီးပြောရင်တော့ ကြားမှာပေါ့၊ ကမ္မဝဋ် ဆိုတာ ကုသိုလ်ကံက ကမ္မဝဋ်၊ပစ္စုပ္ပန်မှာ ယခုဖြစ်ပေါ်နေတဲ့ ရုပ်နာမ် ၂-ပါးက ဝိပါကဝဋ်၊ပြီးတော့မှ ထိုဝိပါကဝဋ်ကိုစွဲ၍ လောဘ,ဒေါသ, မောဟဖြစ်တာက ကိလေသဝဋ် အကြားသားပေါ့၊ ကြားရုံနဲ့ပြီးတယ် ထင် ကံကောင်းပေါ့၊ မိမိကိုယ်တိုင်ကို ဉာဏ်ထဲမှာ ပေါ်လာရမယ်၊ ကိုယ်တိုင်ဉာဏ်ထဲမှာသိရမယ်၊ အဲဒါကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင်သိရ အောင် ဘယ့်နဲ့လုပ်ရမလဲ၊ သီလနဲ့ပြည့်စုံရမယ်၊သမာဓိနဲ့ပြည့်စုံရမယ်၊ ပညာနဲ့ပြည့်စုံရမယ်၊ အဲဒါစိတ်သာချ၊ ပြီးတော့ဘာဝနာတဲ့ ဝိပဿနာ ဘာဝနာဝိပဿနာဘာဝနာဆိုတာဘုရားကိုယ်တိုင်ဟောသွားတဲ့တရား တွေဘဲ၊ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင် နည်းတာမှမဟုတ်ဘဲ၊ အစစ် ပေါ့၊ အဲဒီလိုအစစ်ဝိပဿနာတရားဟာ မိမိတို့ယခုပွါးများနေတဲ့ဝိပဿ နာဟာ မှန်တယ် မမှန်ဘူးဆိုတာ ကိုယ်တိုင်သိမှဟုတ်တယ်၊ဟာ တို့ပွါး နေတဲ့ ဝိပဿနာဟာ မှန်နေပြီဆိုသော်လဲ မမှန်တာ အမှန်ထင်နေလျှင် အမှားဘဲ၊ ခုပွါးတဲ့ဝိပဿနာဟာ မဟုတ်ဘဲနဲ့ အဟုတ်ထင်နေလျှင် အမှားဘဲ၊ နို့ဘယ့်နဲ့လုပ်ပြီး တပည့်တော်တို့ သိနိုင်မလဲ ဆိုတော့

သိပါတယ်၊ ဘုန်းကြီးပြောပြလျှင် နဲနဲပါးပါးတော့ ရိပ်မိမှာပေါ့၊ ကိုယ်တိုင် ပွါးတဲ့ဝိပဿနာသည် မှန်တယ် မမှန်ဘူး ဘုရားဟောတယ်၊ ဘယ်မှာဟောသလဲ မြတ်စွာဘုရား ကိုယ်တိုင် ဘုရားဖြစ်တော်မူတဲ့ အခါကာလတုန်းက တိုက်ရိုက် ကျကျနနဟောသွားတယ်။

အနိဓာန ဂတာဘဂ္ဂါ,
ပုဉ္ဇောနတ္ထိ အနာဂတေ၊
နိဗ္ဗတ္တာ ယေပိ တိဋ္ဌန္တိ,
အာရဂ္ဂေသာသပူပမာ။

မဟာနိဒ္ဒေသပါဠိတော်။

ဘယ်နားလယ်လိမ့်မလဲ၊ဒါမာဂဓဘာသာဘဲ၊ ဘုရားက မဂဓဘာသာနဲ့ဟောတာဘဲ၊မြန်မာလိုအဓိပ္ပါယ်က"ဘဂ္ဂါ-ဖြစ်ပေါ်လာပြီးနောက် လျင်မြန်စွာချုပ်ပျောက် ကြကုန်သော နာမ်ရုပ်တရားနှစ်ပါး တို့သည်၊ သေသေချာချာစဉ်းစားပြီးတော့ အဓိပ္ပါယ်သဘောသွား ရှင်းအောင် နားထောင်စမ်း၊ ဘဂ္ဂါ-ဖြစ်ပေါ်လာပြီးနောက် လျင်မြန်စွာချုပ်ပျောက် ကြကုန်သော နာမ်ရုပ်တရားနှစ်ပါးတို့သည်၊ ဖြစ်ပေါ်လာတယ်၊ ချုပ်ပျောက်သွားတယ်၊ အဲဒီတော့ကာ ဝိပဿနာသမားဟုတ်မဟုတ် ကိုယ့်ကိုယ်ကို ကိုယ်ပိုင်ဉာဏ်နဲ့စဉ်းစားလိုက်စမ်း၊ဖြစ်ပေါ်တဲ့ရုပ်နာမ် တွေရဲ့လား၊ ချုပ်ပျောက်သွားတဲ့ ရုပ်နာမ်တွေရဲ့လား၊ မတွေ့လျှင် ဟုတ်ကို မဟုတ်ဘူး၊ ဟောဒီပါဠိတော်နဲ့ အနားတောင်မကပ်နိုင်ဘူး၊ ဖြစ်ပေါ်လာတာလဲ သူသိရမယ်၊ ဝိပဿနာသမားက ချုပ်ပျောက်ထာလဲသူသိရမယ်၊ ဖြစ်ပေါ်လာတာရုပ်နာမ်တဲ့၊ ချုပ်ပျောက်သွားတာ ရုပ်နာမ်တဲ့၊ အဲဒါကို ဝိပဿနာသမား မှန်လျှင် အမှန်သိတယ်၊ ဖြစ်ပေါ်လာတဲ့ ရုပ်နာမ် ထိုရုပ်နာမ်ဖြစ်ပေါ်လာပြီး ချုပ်ပျောက်သွားတာ ရုပ်နာမ်၊အဲဒါ ဘဂ္ဂါ-ဖြစ်ပေါ်လာပြီးနောက် လျင်မြန်စွာ ချုပ်ပျောက်ကြ ကုန်သော နာမ်ရုပ်တရား နှစ်ပါး တို့သည်၊ ဥပမာပြမယ်တဲ့၊ အနိဓာနဂတာ-ငြိမ်းလေပြီးသည့် ဆီမီးပမာ သိမ်းရာမရှိသောအဖြစ်သို့ရောက်ကြလေကုန်ပြီ၊ အဲဒါ ဥပမာ။

ယခုပြောတဲ့ ရုပ်နာမ်နှစ်ပါးက မွှောနိဿတ္တနိဇ္ဇီဝသဘာဝါ သတ္တလဲ မဟုတ်ဘူး၊ ဇီဝလဲမဟုတ်ဘူး သဘောတဲ့၊ အဲဒီသဘောကလေးတော့

မသိနိုင်ဘူး၊ မသိနိုင်တော့ သိအောင်ဘယ်လိုပြသလဲ၊ ဘုရားက ဟော ဆီမီးရောင်နဲ့ ဥပမာပြတယ်၊ ဆီမီးရောင်က ဥပမာန၊ရုပ်နာမ်နှစ်ပါးက ဥပမေယျ၊ဆီမီးရောင်ကဲ့သို့ ဆိုတာက ဇောတက ထွန်းပြလိုက်တယ်၊ ကောင်းပြီဆီမီးရောင်ကိုဘယ်လိုပြောသလဲ၊ ငြိမ်းလိုက်တဲ့အခါမှာတဲ့ သိမ်းဆည်းလို့မရသလို၊ကိုယ်ပိုင်ဉာဏ်နဲ့တွေးကြစမ်း၊ဟော မီးလေးထွန်းထားတယ်၊ ဖြုတ်ခနဲငြိမ်းလိုက်တယ်၊ ငြိမ်းသွားပြီ၊မီးလေး သေသွားပြီ၊အဲဒီ ငြိမ်းသွားတဲ့ မီးတောက်ကလေးရှာကြစမ်း၊ ရှိသေးရဲ့ လား၊ ဘယ်ရောက်သွားသလဲ၊ ဘယ်မှာသိမ်းထားသလဲ၊ဒီမီးတောက် ကလေး ကိုယ်ပိုင်ဉာဏ်နဲ့ကြည့်၊ မရှိတော့ဘူး၊ငြိမ်းသွားပြီ၊ အဲဒီဆီမီး ရောင်ကလေးငြိမ်းသွားတဲ့အခါ ဘယ်နေရာမှာမှသိမ်းဆည်းထား လို့ မရသကဲ့သို့ မရသလိုထိုရုပ်နာမ်နှစ်ပါးဟာဖြစ်ပေါ်လာတယ် ဖြုတ် ကနဲချုပ်ပျောက်သွားတယ်၊ အဲဒီချုပ်ပျောက်သွားတဲ့ ရုပ်နာမ်ဟာ မရှိ တော့ဘူး၊ဘယ်မှာမှမရှိဘူး၊ မရှိဘူးဆိုတော့ အတိတ်ပေါ့၊ လွန်သွားပြီ၊ အဲ လွန်ပြီးသောကာလ ရုပ်နာမ်တရားတို့သည် ဘုရားက မရှိဘူးတဲ့၊ လွန်ပြီးသောရုပ်နာမ်တရားတို့သည် စကြာဝဠာအနန္တ ဘယ်မှာမှ မရှိ တော့ဘူးတဲ့၊ ဘာပြုလို့လဲ ခုနကတုန်းက ဆီမီးရောင်ကလေးကို ငြိမ်းလိုက်တာနဲ့ တဖျိုင်နက် ဘယ်နေရာမှ သိမ်းဆည်းလို့ မရ သလို မရသကဲ့သို့ပါဘဲ တဲ့၊ အဲဒါကို သာမညပုဂ္ဂိုလ် သိမလား ဝိပဿနာယောဂီအစစ်မှ သိတယ်၊ ဒါတော့ ပြောစရာ မလိုတော့ဘူး၊ ဝိပဿနာတကယ်အစစ်ရတဲ့ပုဂ္ဂိုလ် ရုပ်နာမ်ဖြစ်ပေါ်လာတာသိတယ်၊ ချုပ်ပျောက်သွားတာ သိတယ်၊ ဟော ဆီမီးရောင်ကလေးနဲ့ ဥပမာ ဘုတယ်ဆိုတာ မှန်လိုက်ထာ ကိုယ်တိုင်သိတယ်၊ အဲဒါက ယောဂီ ပုဂ္ဂိုလ်ကိုယ်တိုင် သိတယ်။

ဒါဖြင့်ကောင်းပြီဘုရား အတိတ်ကာလတော့ဖြင့် အမှန်မရှိတော့ဘူး လွန်ပြီးသော ရုပ်နာမ်တွေ ဘယ်မှရှာမရတော့ဘူး၊နို့အနာဂတ်ကောလို့ ဆိုတော့ အနာဂတေတဲ့၊မဖြစ်သေးမီ အနာဂတ်ကာလ၌၊ ပုဥ္စော-လာ၍ အသစ် ဖြစ်တို့ရာ အပုံအစုသည်၊ နတ္ထိ–မရှိနှင့်ချေ၊ ဟော အနာဂတ် ကာလမှာလဲ မရှိဘူးတဲ့၊ ရုပ်နာမ်တို့သည် ပစ္စုပ္ပန်သက်သက်ကလေး သာရှိတယ်တဲ့၊ အတိတ် လွန်ခဲ့သော ကာလမှာလဲမရှိဘူး၊ အနာဂတ် မှာလဲ မရှိဘူးတဲ့၊ပစ္စုပ္ပန်သက်သက်ကလေးသာရှိတယ်၊အဲဒါ ဘုန်းကြီး

ဥပမာ သက်သေလေးနဲ့ အခုပြမယ်၊ နားပါးတဲ့ပုဂ္ဂိုလ်၊ ရိပ်မိတဲ့ ပုဂ္ဂိုလ်များတော့ သိမှာပေါ့၊နားဟာ သောတပသာဒရုပ်နေ ့မှတ်ထား၊ နားဟာရုပ် အသံမှန်က ဘာသံဖြစ်ဖြစ်· ရုပ်ဘဲ၊ အဲ နားရုပ်နဲ့ အသံရုပ်နဲ့ ထိခိုက်လျှင် သိလုံးလေးပေါ်လိမ့်မယ်၊ ကြားသိလုံးလို့၊ အဲဒါဝိညာဏ် ခေါ်တယ်၊ ဒါ ရုပ်နာမ်နေ ့၊ နားရုပ်ကယ်, အသံရုပ်ကယ်, ကြားသိ နာမ်ရယ်, အဲဒါ ရုပ်နာမ်နှစ်ပါး၊ အဲဒီ ရုပ်နာမ်နှစ်ပါး ဖြစ်ပေါ်လာတာ သေသေချာချာ နားထောင်ကြည့်၊ ဟောဒီလို ခေါက်ပြလိုက်မယ်၊ ကြားကြတယ် မဟုတ်လား၊ အဲဒါ ရုပ်နာမ်နှစ်ပါးဘဲ၊ အတိတ်က လွန်သွားပြီ၊ ခုနက ဆိမ်းရောင်ကို သိမ်းဆည်းထားလို့မရသလို ခုနက အသံကလေးဟာ ရှိသေးသလား မရှိတော့ဘူး၊ ရှာကြံစမ်း စကြာ ဝဠာအနန္တ ဘယ်မှာမှရှာလို့မရတော့ဘူး၊သွားပြီမရှိတော့ဘူး၊အတိတ်၊ ကိုင်း ဒီအသံမပေါ်သေးဘူး၊ မပေါ်သေးတဲ့ဟာ အနာဂတ်၊ ဒီအသံ ဘယ်မှာရှိသလဲ လိုက်ရှာစမ်း၊ မရှိဘူး၊ ဟော အခုခေါက်ပြလိုက်မယ် အသံပေါ်လာပြန်တယ်၊ပစ္စုပ္ပန်သက်သက်ကလေးရှိတယ်၊အဲဒါ ယောဂီ အစစ် သိတယ်၊ ယောဂီအစစ်ဟူသည် ပစ္စုပ္ပန်သက်သက် ဖြစ်ပျက် ဆိုတဲ့ ရုပ်နာမ်ကို အမှန်သိတယ်၊အဲဒါကို နားမလည်ဘူး၊အဲ အခုတော့ ယောဂီနားလည်တယ်၊ ယောဂီတွေ အများနားလည်အောင် ပြောမယ် ဆိုတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အတော် သည်းခံ ဟောရတယ်။

အားလုံး အများနားလည်အောင် နောက်ဆုံး ဘာနဲ့ပြသလဲ၊ယေဝ- အကြင်ပစ္စုပ္ပန်ခန္ဓာ နာမ်ရုပ်တို့သည်လည်း၊ ပစ္စုပ္ပန်တဲ့နေ ့၊ ပစ္စုပ္ပန် ဆိုတာ ဖြစ်ဆဲကလေးသက်သက်၊ ယေဝ-အကြင် ပစ္စုပ္ပန်ခန္ဓာနာမ်ရုပ် တို့သည်လည်း၊ နိဗ္ဗတ္တာ-ဖြစ်ကြကုန်သည်ဖြစ်၍၊ တိဋ္ဌန္တိ-တည်ကြ ကုန်၏တဲ့၊ ပစ္စုပ္ပန်မှာ ဖြစ်ပြီးတော့ တည်တယ်တဲ့၊ တည်တယ်ဆိုတော့ ရိုးတိုးရေးတားဖြစ်သွားပြီ၊ မြဲနေသလို အောက်မေ့တယ်၊ မမြဲဘူး၊ တည်ပုံတည်နည်းကို ဘုရားက ငါပြောအုံးမယ်တဲ့၊ ဒါလဲ ဥပမာနဲ့ပြရ တယ်၊ မြတ်စွာဘုရားက တေဝ-ထိုပစ္စုပ္ပန်ခန္ဓာနာမ်ရုပ်တို့သည်လည်း၊ အာရဂ္ဂေ-အပ်သွား ပွတ်ဆောက်ဖျား၌၊ အပ်သွား ပွတ်ဆောက်ဖျား ပွတ်တိုက်ပွတ်များဟာ အဖျားချွန်၍ အလွန်ထက်တာပေါ့၊ အပ်သွား ကလေးဆိုလဲ သိပ်သေးတာပေါ့၊ အဲ အာရဂ္ဂေ-အပ်သွားပွတ်ဆောက်

ဖျား၍၊ သာသပုပမာ-ဒလစပ်၊ ဒလစပ်ဆိုတာ မပြတ်လို့ခေါ်တယ်၊ သာသပုပမာ-ဒလစပ် မပြတ် တင်အပ် ချအပ်သော မုံညင်းစေ့တို့နှင့် တူသော ပမာရှိကုန်သည်ဖြစ်၍၊ တိဋ္ဌန္တိ-တည်ကြကုန်၏။

ကိုင်း ဘယ်သူသိမလဲ၊ ပုထုဇဉ် သာမန်, လူသာမန်, နတ်သာမန်တို့ အနားတောင်မကပ်နိုင်ဘူး၊အရိယာမှသိကောင်းတဲ့တရား၊ အဲ ဝိပဿနာယောဂီ အရိယာအစစ်ဖြစ်လာလျှင် သိတယ်၊ ပစ္စုပ္ပန်၊ ဟော ဖြစ်လိုက်ပျက်လိုက် ဖြစ်လိုက်ပျက်လိုက်ဆိုတာ တခါထဲ မပြတ်ဖြစ်ပျက်နေတာ သိတယ်၊ အဲဒါ ပစ္စုပ္ပန်မှာ အမှန်၊ ဒါယောဂီအစစ်သိတယ်၊ အဲဒီလို အမှန်သိတဲ့ယောဂီကျလာတော့ ဝိဇ္ဇာဉာဏ် အစစ်ကိုရသွားပြီ၊ ဝိဇ္ဇာဉာဏ် လုံးလုံးပိုင်သွားပြီ၊ အဲဒီလို ဝိဇ္ဇာဉာဏ် လုံးလုံးပိုင်တဲ့ယောဂီများ ဝိဇ္ဇာဉာဏ်ကို အမှန်သိလာလျှင် ခုနကပြောတဲ့ ကမ္မဝဋ်ကို ကိုယ်တိုင်မြင်၊ ဝိပါကဝဋ်တွေ ကိုယ်တိုင်တွေ့၊ ကိလေသဝဋ်တွေ ကိုယ်တိုင်မြင်၊အဲဒီလို ကမ္မဝဋ်,ဝိပါကဝဋ်,ကိလေသဝဋ်ဆိုတဲ့ တကယ့် ဘေးကြီးတွေကို ကိုယ်တွေ့ဉာဏ်မြင် ဖြစ်သွားတဲ့ အခါကျတော့ စိတ်ချ ထိုပုဂ္ဂိုလ်၏ဒါနသည် နိဗ္ဗာန်မလွဲတမ်းရပြီ၊ နိဗ္ဗာန်မရတာ အဝိဇ္ဇာကြောင့် အဝိဇ္ဇာဖုံးထားရင် တဏှာလဲ ဝင်လာတတ်တယ်၊ သမုဒယတဏှာဝင်လာတယ်၊ အဝိဇ္ဇာကြောင့် တဏှာတဲ့၊ ဒါကြောင့် ဘုရားက 'အဝိဇ္ဇာတဏှာဝသေန နွေမူလာနိ'တဲ့၊ တို့ဒကာဒကာမတွေ ဒါန, သီလ, ဘာဝနာ နိဗ္ဗာန်မရနိုင်တာ ဘယ်သူ့ကြောင့်လဲ ဟေ့ဆိုလျှင် အဝိဇ္ဇာနှင့် တဏှာကြောင့် မှတ်ထားကြနော်၊ဘုန်းကြီးဟောတာတော့ကြားတယ်၊ မှတ်မိတာက ဘာမှတ်မိသလဲ၊ ဒါနနိဗ္ဗာန်မရဘူး, သီလနိဗ္ဗာန်မရဘူး, ဘာဝနာနိဗ္ဗာန်မရဘူး ဟောတာတော့သူဘို့မှတ်မိနေတယ်၊ ဟောတာလေး ဖေါက်သည်ချပြောလျှင် ငါတော့ အဆဲခံရမယ် စိတ်သာချ၊ဘာဖြစ်လို့လဲဆိုတော့ ဟာ ဒါနနိဗ္ဗာန်မရဘူးဆိုတော့ ဆဲမှာပေါ့၊ သီလနိဗ္ဗာန်မရဘူးဆို ဆဲပြီးသား၊ ဘာဝနာနိဗ္ဗာန်မရဘူးဆို ဒို့ ရိုက်မချက်ကောင်းဘဲ၊ ငါပြောတာ သေသေချာချာ မှတ်မိမှလဲပြော၊ မမှတ်မိလျှင် ကိုယ့်ဝမ်းထဲမှာထား၊ တခြားသူ သူသွားပြောလျှင် ဒုက္ခဘဲ၊ သေသေချာချာ ဘုန်းကြီးလိုပြောတတ်လျှင် ပြောပါ၊ ကျကျနန၊ ဘုန်းကြီးက ကြောက်တယ်လေ၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒိုဖေါက်သည်ချတဲ့စကားကို ခံရတာများပြီ။

လယ်တီဆရာတော်ဘုရားကြီး လက်ထက်က ဒီလိုဘဲ လယ်တီဆရာတော်ဘုရားကြီးက ညတရားဟောတဲ့အခါ ပရိသတ်ကြီး ကြည့်လိုက်တော့ ယောကျ်ားပရိသတ်က နဲနဲကလေး ဒကာမ မိန်းမပရိသတ်ကြီးက အလွန်ကြီး အလွန်များတော့ ဆရာတော်ကြီးက ပြောတယ်၊ အင်း ဒါကြောင့် ကျမ်းဂန် များထဲမှာ တွေ့တယ်၊ နတ် တကာထဲ နတ်ပြည်မှာများကွယ် နတ်သားတယောက် နတ်သမီးတထောင်ခြံရံလို့ နတ်သမီးတယောက် နတ်သမီးတထောင် ခြံရံလို့ နတ်ပြည်များကွယ် နတ်သမီးချည်းထဲဘဲ အဲဒီလို ဟောဒါကိုး၊ အဲဒီ တရားနာတဲ့ ဒကာမကြီးတယောက်က သူဘာမှတ်ထားသလဲ၊ နတ်ပြည် နတ်သမီးချည်းထဲဘဲ ဒါမှတ်ထားတယ်၊ ဒီပြင်ဟာတွေ ဘာမှမမှတ်မိဘူး၊ တညလုံး ဟောတာ ဒါနဲ့ အိမ်ပြန်သွားရော၊ အိမ်ကျတော့ ခင်ပွန်းသည်က မေးတာပေါ့၊ ကဲရှင်မ ညက မင်းသွားတရားနာတာ ဘာတွေ ဟောလဲ ပြောစမ်းပါအုံးကွယ်လို့ မေးတော့ အမယ်လေး ဆရာတော်ကြီးက ဟောလိုက်ထာလေ နတ်ပြည်များ နတ်သမီးချည်းဘဲ နတ်သမီးတယောက် နတ်သမီးတထောင်ခြံရံလို့ နတ်သားတယောက် နတ်သမီးတထောင်ခြံရံလို့ နတ်ပြည်များ နတ်သမီးချည်းထဲဘဲလို့ ပြန်ပြောတယ်။

သည်တော့ ယောကျ်ားကစဉ်းစားတယ်၊အင့်ဟင် တို့အတောင်နှစ်ဆယ်ဝတ် မင်းယောကျ်ား ဘုရားဆုပန်, ဒင်းတို့ မိန်းမတွေသေတော့ နတ်ပြည်ရောက်တယ်၊ တို့ယောကျ်ားတွေတော့ ဘယ်သွားကုန်သလဲလို့ မိန်းမအား ပြန်ပြီးတော့ မေးတာပေါ့၊ မဟုတ်ပါဘူးကွယ် ဆရာတော်ကြီးကဟောတာက နတ်ပြည်တော့ နတ်သမီးချည်းထဲဘဲ နတ်သားများမရှိတော့ဘူးလား၊ တို့ယောကျ်ားတွေသေတော့ ဘယ်ရောက်လို့လဲကွဲ့ မေးတော့ ဒကာမက ခပ်ငေါ့ငေါ့ ပြောလိုက်တယ်၊ မသိပါဘူးတော် ကိုယ်တို့ယောကျ်ားတွေ ဆိုတော့၊ ဒကာက မဖြစ်ပါဘူးလေ ဆိုပြီး ဆရာတော်ကြီးထံ မွန်းတည့်ကြီးရှိန်ရှိန် နေပူကြီး ကျဲကျဲမှာ ဆရာတော်ကြီးထံ ရောက်သွားပြီး ချွေးတွေ သံတွေနဲ့ပေါ့လေ တခါထဲ တက်သွားတယ်၊ ဆရာတော်ကြီးက သူ၏ အကဲကလေး ခပ်ပြီးတော့ ကြည့်နေတယ်၊ ဒကာ ဘာကိစ္စလာသလဲလို့ မေးတော့မှ တပည့်တော် ကိစ္စအထူးတော့ မရှိပါဘူးဘုရား အရှင်ဘုရား ညက တရားဟောတာ နတ်ပြည်များမှာ နတ်သမီးတယောက် နတ်သမီးတထောင် ခြံရံလို့နတ်သား

တယောက် နတ်သွီးတထောင်ခြီရံလို့ နတ်ပြည်မှာ နတ်သွီးချည်းဘဲဆို တော့ တပည့်တော်တို့ ယောကျ်ားတွေက ဘယ်ရောက်ကုန်သလဲ ဘုရားတဲ့။

ဒီတော့မှ ဆရာတော်ကြီးက ဩြေင်ဒကာ့နယ် ဖြစ်မှ ဖြစ်ရလေခြင်း မင်းနှယ် ဒီဒကာမဆိုတာက နတ်ပြည် ရောက်လောက်တဲ့ ပါရမီသာ သူတို့မှာ ရှိတာကွယ့်၊ ယောကျ်ားဆိုတာ တကယ့် အတောင်နှစ်ဆယ် ဝတ် မင်းယောကျ်ား ဘုရားဆုပန်ကွဲ ဟိုဂဂ် ါဒါဒ္ဒု သဲစုမက ပွင့် သွားတဲ့ဘုရားတွေဟာ ဘယ်ဒကာမတယောက်ပါလိုလဲကွဲ ယောကျ်ား ချည်းဘဲ မဟုတ်လားဆိုတော့ ဟာ–အဟုတ်သားဘဲ သူနိုင်ပြီးပါ့လေ ဒကာကဝမ်းမြောယ်သွားတာပေါ့၊ဟန်ကျပြီဆိုပြီးတခါထဲ အားရပါးရ ဦးပါချ ပြီးတော့ တပည့်တော် ပြန်တော့မယ်လို့လျှောက်ထားတယ်၊ အေးကောင်းပြီ ပြန်ပြန်လို့ဆိုတော့ ပြန်သွားတာပေါ့။

ဒကာမလုပ်တဲ့ လူကလဲ သွားကယဲက သိတယ်၊ မှချဒီပြဿနာ လျှောက်ရအောင် ဆရာတော်ကြီးထံ သွားတာဘဲ ဘာများ ပြောလိုက် မလဲလို့ ဇိမ်ပေါက်ဝကထွက်စောင့် မျှော်နေတယ်၊ သူကလဲ နေပူကြီး ကျဲကျဲပေါ့၊ အားရပါးရ ပြန်သွားတယ်၊ ဒကာမက ဇိမ်ပေါ်ရောက် အောင် မဆိုင်းနိုင်ဘူး ဇိမ်ရှေ့တစက်မိတ်ရောက်ထာနဲ့ တပြိုင်နက် တခါထဲ လှမ်းမေးလိုက်တယ် ဘယ့်နှဲ့လဲမောင်ရင် ကိုယ်တို့ယောကျ်ား တွေ ဘယ်သွားကုန်သလဲ၊ ဟယ်–တို့ယောကျ်ားတွေ ဘယ်မှမရောက် ဘူး၊ သဲထဲ ရောက်ကုန်တယ်လို့ ပြန်ပြောတယ်၊ဆဲဒါ မပြောတတ်တော့ ဘယ့်နှဲ့နေသလဲ ဒကာတွေ ဘယ်ရောက်ကုန်သလဲ သဲထဲရောက်ကုန် တာပေါ့ မဟုတ်လား၊ ဒကာမတွေကတော့ နတ်ပြည်ရောက်တယ်၊ ဒကာတွေက သဲထဲရောက်ကုန်တယ်၊ ဆဲဒါ မပြောတတ်လို့။

အခုလဲ ဘုန်းကြီးဟောတဲ့ တရားတွေက အစချယ်, အလယ်ရယ်, အဆုံးရယ်,သေသေချာချာမှတ်လျှင် အင်မတန်ဝါကျရှင်းလင်း အင်မ တန် အဘိုးတန်တယ်၊သို့သော်လဲ မပြောတတ်တဲ့ လူက အဖျားဆွတ် ပြောတော့ မှချဘုန်းကြီးတော့အဆဲခံရပြီးသားဘဲ၊စိတ်သာချ၊ဒီဘုန်းကြီး ဟာ ဒါန နိဗ္ဗာန်ရောက်တယ်လို့ မဟောဘူး၊ ဒါနပယ်တဲ့ ဘုန်းကြီး သီလ ပယ်တဲ့ဘုန်းကြီး သမထ ပယ်တဲ့ ဘုန်းကြီးလို့ ဇကန် ဆဲမှာ စိတ်သာချ သွားမလုပ်နဲ့၊ ဖေါက်သည် ချပြောလျှင်တော့ မှချ အဆဲ

ခံရမယ် ဟုတ်လား၊ ဒါန နိဗ္ဗာန် ရတယ် သီလ နိဗ္ဗာန်ရတယ်၊ ဘာဝနာ နိဗ္ဗာန်ရတယ်၊ ဘာကြောင့်ရသလဲ ဝိဇ္ဇာဉာဏ်ရလို့၊အဲဝိဇ္ဇာဉာဏ် ဒါန,ဝိဇ္ဇာဉာဏ် သီလ,ဝိဇ္ဇာဉာဏ်ဘာဝနာဟာ အခုဘဝမှာရနိုင်တယ် နော်၊ငါတို့သည် ဒါနနှင့်နိဗ္ဗာန်ရောက်အောင်ဒီဘဝမှမယူနိုင်လျှင် ဘယ်အခါယူရမလဲလို့ဆိုပြီး အားတက်ပြီးတော့ ယူကြပါလို့ ဒါနနှင့်နိဗ္ဗာန်ရောက်အောင် လုပ်တတ်အောင် အားထုတ်မယ်၊ မသိ, သိအောင်လုပ်မယ်၊ သူများထံက ဝယ်ယူလို့မရဘူး၊ ငါချမ်းသာတယ် သူဌေးဘဲဆိုပြီးတော့ သီလဝယ်ယူစမ်း၊ သီလများဝယ်ယူလို့ ရလျှင်ကွယ် ငါတောင်ဝယ်ယူချင်သေးတယ်၊ သမာဓိကိုဝယ်ယူစမ်းပါ၊လူ့ပြည်က နေပြီး ဗြဟ္မာပြည်ထိအောင် ငွေတွေပုံပြီးဝယ်၊ဘယ်လိုဝယ်,ဝယ် မရဘူး၊ကိုင်းပညာစခန်းကို ဘယ်လောက်သတ္တိကောင်းတဲ့ပုဂ္ဂိုလ်ဝယ်ယူကော ရမလား၊ ဘယ်လောက်တန်ခိုးကြီးကြီး ဝယ်ယူလို့မရဘူး။

အဲဒါကြောင့် ခုပြောတဲ့ဒါန, သီလ, သမထသမာဓိဆိုတဲ့တရားဟာ ကိုယ်တိုင်လုပ်မှရတာ ဘယ်သူကမှပေးလို့ရတာ မဟုတ်ဘူး၊ အဲဒါကြောင့်မို့လို့ "ကိုယ်တိုင်တွေ့မှ ချမ်းမြေ့သာကြည်၊ စာအတွေ့ထက် ငါတွေ့သာသည်" ပညာရှိများ စပ်ထားတာရှိတယ်၊အဲဒါ ဘုန်းကြီးက သေသေချာချာ ကျကျနနပြောတာ၊ဒါလောက်သင်ပေးလျက်သားနှင့်မှ မတတ်လျှင်လဲ တို့မတတ်နိုင်ဘူး၊တကယ်အစစ်ကျကျနနသင်ပေးတာ၊ ဒါန,သီလ, ကာယကံမှု,ဝစီကံမှု သူများဆီမှာ ဝယ်ယူ ဘယ့်နှဲ့လုပ်ရမလဲ, မရဘူး၊ ဟော,တို့ဒီမှာ လာပြီးတော့ အားထုတ်တဲ့ယောဂီတွေကျတော့ ဘုန်းကြီးက မှာချင်တယ်၊ ဒီမှာ လာ လာ အားထုတ်တဲ့ ယောဂီများ ပြန်သွားတဲ့အခါ ပြယုဂ်မကောင်းဘူးထင်တယ်၊ ပြယုဂ်ကောင်းလို့ရှိလျှင် အားကျလာကြမှာပေါ့၊ အကယ်၍ သည်က ပြန်သွားတဲ့ယောဂီတွေက ပြယုဂ်ဘယ်လိုကောင်းရမလဲ၊ သီလနှင့်ပြည့်စုံအောင် နေရမယ်၊ သမာဓိနဲ့ငြိမ်သက်စွာနေဘို့ ပညာစခန်းမှာ ယထာဘူတ ဟုတ်တိုင်းမှန်စွာကျဘို့၊ အဲသည်လိုနေပလားဆိုလျှင် ဘိုဘေးက ကြည့်တဲ့လူတွေက မြင်မှာပေါ့၊ မြင်တော့မှ သည်ပုဂ္ဂိုလ်ဟာ အစတုန်းက အရက်သောက်တယ်၊ ခုမသောက်တော့ဘူး၊ အစတုန်းက သည်လူဟာ မုသားတွေပြောတယ်, ခုမပြောဘူး၊ ဟောမြင်ရပြီ ပြပြီ၊ ပြယုဂ်ကောင်းသွားပြီ၊ အဲဒီလို ပြယုဂ်ကောင်းသွားလျှင် လူကြည်ညို

နတ်ကြည်ညိုပေါ့၊ သည်လိုပြယုဂ်မကောင်းလျှင်တော့ ဘယ်သူမှကြည်ညိုမှာမဟုတ်ဘူး၊ အဲဒါ တခါတလေတော့ ဘုန်းကြီးကအမိုးရိမ်သား၊ အရင်တုန်းကတော့ ခဏခဏမှာတာ ခုတော့ မမှာတာတော်တော်ကြာနေပြီ၊ တို့ဆီမှာအားထုတ်သွားတဲ့ ယောဂီများဟာ ဇိမ်ကျလျှင် ကာယကံကျူးလွန်မှုတွေ ဝစီကံကျူးလွန်မှုတွေ တကာထဲမကောင်းတဲ့တရားတွေ မကျူးလွန်ကြပါနဲ့၊ မကျူးလွန်ပါနဲ့ ဘာပြုလို့လဲဆိုတော့ ကျူးလွန်မိလို့ရှိလျှင် ကိုယ့်မှာတော့ကိစ္စမရှိဘူး၊ ဘုန်းကြီးမှာလာပြီး ကိစ္စရှိတယ်၊ ဘယ့်နှဲ့ကိစ္စရှိသလဲ ဆိုတော့ ကြည့်စမ်းတော် သူတို့တတွေ သွားပြီးတော့တရားအားထုတ်ကြတယ်၊ဒီတရားအားထုတ်ရာကပြန်လာ ကာယကံ,ဝစီကံတွေ ဘယ်လိုလို့လဲ ဘယ်ဒီတရားအားထုတ်တာ ဟန်ကျမလဲဆိုပြီးတော့ ဟံသာဝတီက ကမ္ဘဋ္ဌာန်းတိုက်ကို လာပြီး ထိခိုက်သွားမှာ၊ သူ့တယောက်အတွက်နဲ့ လာပြီးတော့ ထိခိုက်မှာ ဒီတော့ ဘုန်းကြီးက ဟဲ့ဇီးဖြူသီးချည်းဘဲနေတော့ အကောင်းသားငြုတ်သီးနဲ့တွေ့မိလို့အဆောင်းခံရသလို အဲတို့တရားက အမိုးတန်သားနဲ့ ယောဂီနဲ့တွဲကာမှ တရားပျက်သွားမှာမိုးလို့ သည်းခံပါလို့ ဘုန်းကြီးက ကြိုးစားပြီးတော့ အနည်းဆုံးကာယကံ ကျူးလွန်ခြင်း ဝစီကံကျူးလွန်ခြင်းများ မကျူးလွန်ခင် ကမ္ဘဋ္ဌာန်းကျောင်းကြီး ပြန်ငဲ့ပြီး ဒြော်ငါကျူးလွန်လို့ရှိရင်ဖြင့် ကမ္ဘဋ္ဌာန်းကျောင်းကြီး သွားပြီးထိခိုက်မှာပါကလားလို့ ကမ္ဘဋ္ဌာန်းကျောင်းကိုလာပြီးတော့ သတိရသောအားဖြင့်ရှောင်ပါလို့ ဘုန်းကြီးက ခဏခဏ သတိပေးတာ။

အခုလဲဘဲ သတိပေးပါတယ်၊ ကြိုးစားပြီးတော့ မကောင်းတဲ့ နှုတ်အမူအရာ မကောင်းတဲ့ကိုယ်အမူအရာ မကောင်းတဲ့အလေ့အကျင့်တွေကိုကြပ်ကြပ်ရှောင်နိုင်သမျှရှောင်ကြပါလို့၊ဘာပြုလို့လဲ အရိယာမဟုတ်ရင် ကျူးလွန်တတ်သေးတယ်၊ အရိယာအစစ်ကြီးဖြစ်သွားရင် တို့မမှာရတော့ပါဘူး၊အမယ်လေးဘယ်နည်းနဲ့မှ မမှာရဘူး၊ဒီမကောင်းတဲ့ကာယကံ မကောင်းတဲ့ဝစီကံတွေ ကျူးလွန်ရမယ်၊ မကျူးလွန်ရင်နင့်ငါသတ်မယ်ဆိုပြီး ဂုတ်ပေါ်ဒါးမိုးထား ဘယ်တော့မှမလုပ်ဘူး၊ ဒါအရိယာအစစ်ဖြစ်သွားတာ အရိယာအစစ်မဖြစ်လို့ အရိယာ အတုအယောင်ကလေးများ ဆိုရင်တော့ ကျူးလွန်တတ်တယ်။

အဲဒါကြောင့်မို့လို့ ဘုန်းကြီးက စိုးရိမ်လို့မှာတာပါ၊ တကယ့်ကိုဘဲ မိမိတို့ ယထာဘူတကျကျနန အမှန်ကိုလဲသိအောင် ကြိုးစားအားထုတ်ကြပါလို့ မထုတ်ရသေးတဲ့ပုဂ္ဂိုလ်များကလဲ နေ့ရက်,နာရီဆွဲမနေကြနဲ့နော်၊ ခုမြင်ခုပျောက်ကာလကြီး ရှေးကတုန်းကတော့ ဘာလဲ နေ့မြင်ညပျောက်တဲ့၊ ခုတော့ ခုမြင်ခုပျောက်၊ သိပ်ကြောက်ဘို့ကောင်းတာ သေခြင်းတရားကလဲ သိပ်နီးတယ်၊ ပြီးတော့ခုပြောတဲ့ဘုရားသာသနာကို တွေ့ဘို့ဟာလဲ အလွန်ခဲယဉ်းတယ်၊ ခဲယဉ်းတဲ့အကြောင်းတွေလဲ ပုဂ္ဂိုလ်တိုင်းပုဂ္ဂိုလ်တိုင်း ဟောတာ ကြားဘူးတာပေါ့၊ အဲဒါ မိမိတို့ ပါရမီသမ္ဘာရ အဆောက်အဦးပါလာလို့ သာသနာနဲ့ကြုံတွေ့တဲ့အခါမှာ သာသနာရဲ့အကျိုးကျေးဇူးကို ခုပြောနေတာ ဘုန်းကြီးပြောတဲ့အတိုင်း ဒါနနိဗ္ဗာန်ရောက်တယ်ဆိုတာ ပြုလိုက်ရအောင် ,သီလကိုလဲ နိဗ္ဗာန်ရောက်တဲ့ သီလကိုတကြိမ်မျှ ဆောက်တည် လိုက်ရအောင် ဘာဝနာကိုလဲ တကယ့်နိဗ္ဗာန်ရောက်တဲ့ ဘာဝနာပွါးနိုင်လိုက်ရအောင် ဒီအခါကလေးမှာ ကြိုးစားပြီးတော့ လေးလေးနက်နက် အားထုတ်ပွါးများပြီး မြတ်သောနိဗ္ဗာန် အရယူနိုင်ကြပါစေကုန်။

# ဓိး ၁၁-ပါး

တို့ဒကာ၊ဒကာမတွေဟာ သံသရာ ဝဋ်ဆိုးကြီးမှ ထွက်မြောက်ချင်လို့ဒါနပြုရတယ်၊သံသရာဝဋ်ဆိုးကြီးမှ ထွက်မြောက်ချင်လို့ သီလစောင့်ရတယ်၊ သံသရာဝဋ်ဆိုးကြီးမှ ထွက်မြောက်ချင်လို့ ဘာဝနာပွါးရတယ်၊ ဗုဒ္ဓဘာသာလူမျိုးများ အမြဲဆုတောင်း ပတ္တနာပြုကြတဲ့လမ်းပေါ့၊အဲဒါ ယော်ရမ်းမှန်းဆပြီး သကာလ သံသရာ ဝဋ်ဆိုးကြီးမှလွတ်ရန် တောင်းရတာ၊ တကယ် သံသရာဝဋ် သိသလား ဆိုလျှင်မသိဘူး၊ တို့ သာမညေ လုပ်လာတယ်၊ ဒါကိုယ်ချင်းစာလို့ ပြောတာပါ၊ တို့သာမညော အဖြစ်နှင့် သာမညောဘောင် ဝင်လာတဲ့ အခါကျတော့–

သံသရ ဝဋ္ဋ ဒုက္ခတော၊
မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ။

ဆရာသမားချပေးလို့ ဆိုခဲ့ရတယ်၊ အဲဒီ သံသရာဝဋ်ဆိုး တကယ်သိခဲ့တာ မဟုတ်ဘူး၊ဘာကယ်ကို မသိဘူး၊ ခု သမုတိနယ်က ယော်ရမ်းမှန်းဆပြီးတော့ အသိမျိုးနဲ့တော့ သိသွားဘဲ ဟုတ်သွားဘဲ၊ သံသရာကြီးက ရှည်လိုက်တာ တော်တော်ကြာ လူဖြစ်လိုက် နတ်ဖြစ်လိုက်, ခွေးဖြစ်လိုက်, ဝက်ဖြစ်လိုက်,ငှက်ဖြစ်လိုက် ဒီလိုသံသရာကြီးမှာ ကျင်လည်နေရတာ သိပ်ကြောက်စရာ ကောင်းတာဘဲလို့ သမုတိသံသရာလောက်တော့ သိသွားပေါ့၊ဒါလောက်ရုံမျှနှင့် နိဗ္ဗာန်ရောက်မလား ဆိုတော့ မှချဆတ်ဆတ် မရဘူးတဲ့ ဒါကြောင့် တကယ့်အစစ် ပရမတ္ထသံသရာကို မြင်အောင်ဆိုပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်ကိုယ်တိုင်အမှန်ဟောထားတဲ့ သံသရာက–

ခန္ဓာနဉ္စ ပဋိပါဋိ၊
ဓာတု အာယတနာ နစ၊
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနံ၊
သံသာရောတိ ပဝုစ္စတိ။

အဲဒီလို ခန္ဓာ အာယတန ဓာတ် မပြတ် ဖြစ်တာကို သံသရာဘဲလို့ ဘုရားဟောဘယ်၊ ဒီလို ဘုရားကိုယ်တိုင်ဟောတဲ့ ဒေသနာတော်ကို

တို့ယောဂီပုဂ္ဂိုလ်များ ဝိဇ္ဇာဉာဏ်နဲ့ ကိုယ်တိုင် မြင်အောင် ဆိုပြီးတော့ ခန္ဓာအာယတနဓာတ် ပင်္စနဲ့ သမုပ္ပါဒ် တရားတွေကို ကျကျနန လှည့်ပြတယ်၊ ဘယ်မှာ ပြသွားသလဲ။

မျက်စိ သံသရာ,
နား သံသရာ,
နှာခေါင်း သံသရာ,
လျှာ သံသရာ,
ကိုယ် သံသရာ,
မနော သံသရာ,

ဆိုပြီးတော့ တကယ့်အစစ် သံသရာတွေ ပြသွားတယ်၊ အဲဒီလို တကယ့် အစစ် သံသရာတွေ ပြသွားတော့ ဒီမျက်စိ, နား,နှာခေါင်း, လျှာ, ကိုယ်, မနော ခြောက်ခွါရက ဘာဖြစ်လို့ သံသရာလို့ ပြရသလဲ ဆိုလျှင် မျက်စိမှဖြစ်တဲ့ ဝဋ်သုံးပါးက ထင်ရှားတယ် မဟုတ်လား၊ မျက်စိရုပ်, အဆင်းရုပ်, မြင်သိနာမ်, ရုပ်နာမ် နှစ်ပါးနှင့် ခန္ဓာ အာယတနဓာတ်ဖြစ်ပုံ ဒါသံသရာဝဋ်ဆိုးကြီး၊ ဝိပါကဝဋ်၊ အဲဝိပါက ဝဋ်ဖြစ်ရခြင်းသည် အကြောင်း တရားကြောင့်၊ ဘယ်သူ့ကြောင့်လဲ ကုသိုလ်ကံ အကုသိုလ်ကံကြောင့်၊ ကုသိုလ်ကံကြောင့် ကောင်းတဲ့ ဝိပါကဝဋ်ဖြစ်တယ်၊ အကုသိုလ်ကံကြောင့် မကောင်းတဲ့ အကုသလ ဝိပါက်ဖြစ်တယ်၊ အဲ ကမ္မဝဋ်, ဝိပါကဝဋ်, ၂-ပါးကို စွဲပြီးတော့ အကြောင်းတရား အားလျော်စွာ အကျိုးပေါ်လာမယ်တဲ့ အကျိုးပေါ် လာတဲ့ အတွက်ကြောင့် အကြောင်းဖြစ်ပြန်တယ်၊ ကိလေသဝဋ်၊ ဒါ မငြင်းနိုင်ပါဘူး၊ ယောဂီ ပုဂ္ဂိုလ်တွေ ကိုယ်တိုင် သိကြ ရောပေါ့၊ နှစ်သက်လျှင် လောဘကိလေသာဝဋ်၊ မနှစ်သက်လို့ စိတ်ဆိုးလျှင် ဒေါသ ကိလေသာဝဋ်၊ အမှတ်တမဲ့နေတော့ မောဟ ကိလေသာဝဋ်၊ အဲဒီ ဝဋ်ဆင်းရဲကြီးကို တကယ်တမ်းကြောက်ပြီးတော့ တကယ်တမ်း နိဗ္ဗာန်ရအောင် အားထုတ် တတ်ဘို့လို့ တကယ်ကြောက် တကယ်တမ်း အားထုတ်တတ်အောင် ဆိုပြီးတော့ ဒီသံသရာ ဝဋ်ဆိုးကြီးကို ပြလိုက် တယ်၊ ဝိပဿနာဉာဏ်မှာ ဆိုလျှင် သမ္မသနဉာဏ်က ရုပ်နာမ် မြင်ဘို့၊ ဥဒယဗ္ဗယဉာဏ်က ရုပ်နာမ်၏ ဖြစ်ပျက်သိဘို့၊ ဘင်ဉာဏ်က ရုပ်နာမ်၏ အပျက်တွေ မြင်လာအောင်၊ ဘယဉာဏ်က ရုပ်နာမ်မှ ဘေးကြီးကို

မြင်အောင်၊အာဒိနဝက ထိုရုပ်နာမ်၏အပြစ်တွေကိုမြင်လာအောင်၊နိဗ္ဗိန္ဒ ဉာဏ်ဆိုတာ ဒီရုပ်နာမ်ကို ငြီးငွေ့ပြီးလာအောင်၊ဒီလို ရုပ်နာမ်ကို ငြီးငွေ့ ပြီးလာတဲ့ အခါကျတော့ မုဥ္စိတုကမျတာ ဉာဏ်က ရုပ်နာမ်မှလွတ် လိုတဲ့ဓိက် လွတ်ချင်တာပေါ့၊ ငါတို့ ရုပ်နာမ်က မလွတ်သမျှ ဒီဒုက္ခမှ မလွတ်ရဘူး၊ ရုပ်နာမ်ရှိသမျှ ငါတို့သည် ပဋိသန္ဓေနေတဲ့ ဒုက္ခတွေ အို ရတဲ့ ဒုက္ခတွေ နာရတဲ့ ဒုက္ခတွေ သေရတဲ့ ဒုက္ခတွေ ဒီဒုက္ခ ဘေးကြီးကို ငါတို့ ဧကန် မုချ တွေ့ရမယ်၊ ခုပြောတဲ့ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူ ရကာယ်, အပါယ်လေးပါး လားစေတတ်တဲ့ ကိလေသဝဋ်ဆိုးကြီး တ ဖွါးဖွါး ပေါ်ပေါ်က်တတ်တယ်ဆိုတာ ဉာဏ်မျက်စိနှင့်မြင်ပြီး ကြောက် လာတယ်၊ အဲဒီလို ကြောက်လို့ နိဗ္ဗိန္ဒဉာဏ်ကိုရလို့ မုဥ္စိတုကမျတာ ဉာဏ်ဖြင့် လွတ်ချင်တဲ့ လူများဟာ မကြာမြင့်မီဘဲ မဂ်ဉာဏ် ဖိုလ် ဉာဏ်များ ရနိုင်ပါတယ်တဲ့။

ဒါကြောင့်မို့လို့ သံသရာ ဝဋ်ဆိုးကြီးကို မြင်အောင် မြတ်စွာဘုရား သခင် ကိုယ်တော်မြတ် သူကိုယ်တိုင်ပြခဲ့တယ်၊ ဘယ်အခါ တုန်းက ပြခဲ့သလဲလို့ ဆိုတော့ ဘုရားဖြစ်ဖြစ်ခြင်း မကြာမြင့်မီ ဟိုပဥ္စဝဂ္ဂီ ငါးဦး အမှူးထားပြီးတော့ ပြဟ္မာ ၁၈-ကုဋေ, နတ်အသင်္ချေတို့ကို သွားပြီး တရားဟောတယ်၊ မိဂဒါဝုန်တောမှာ၊ မိဂဒါဝုန်တောမှာသွားပြီး တရားဟောတဲ့ အခါကျတော့ ဘာတွေ ဟောသလဲ၊ ဓမ္မစကြာတရား သစ္စာလေးပါးကိုမြင်မှ နိဗ္ဗာန်ရောက်မယ်ဆိုတဲ့အကြောင်း အဏ္ဏပ္ပတ္တိ တွေ ဟောပြောတော့ အဲသစ္စာလေးပါးတရားကို မြင်နိုင်တဲ့ တရားထူး ကြီး ဟောလိုက်တဲ့အတွက် ဘယ်လောက်တောင် အကျွတ်တရားတွေ ရသွားသလဲ၊ နတ်က အသင်္ချေ, ပြဟ္မာ ၁၈-ကုဋေ, ပဥ္စဝဂ္ဂီ ငါးဦး ၄င်းနောက် ဘယ်သူ လာခဲ့သလဲ၊ ယသသတို့သား အမှူးရှိသော ငါး ကျိပ် ငါးယောက်သော သူဌေးသားတွေ၊ ငါးကျိပ် ငါးယောက် သူဌေး သားတွေ တရားထူးကိုရ သစ္စာလေးပါးကို ပြတာနှင့် အကုန်လုံး ရဟန္တာဖြစ်၊အဲဒီမြတ်စွာဘုရား ဘုရားဖြစ်တဲ့ဝါမှာ ရဟန္တာကခြောက် ကျိပ်၊ မြတ်စွာဘုရားနှင့်တကွ ခြောက်ကျိပ်နှင့်တပါး ရဟန္တာချည်းဘဲ မိဂဒါဝုန်တောမှာ အတူတကွဝါဆို ဝါကပ်ကြတယ်၊ သီတင်းဝါလ ကျွတ်တော့မြတ်စွာဘုရားကိုယ်တော်မြတ်ရွှေဉာဏ်တော်ဖြင့်မြင်တော်မူ တယ်၊ငါတို့ဘုရားပွင့်ရတာနောက်ပိုင်းမှာလာပွင့်ရတာ၊ဒီအထက်ထက်

ကဘုရားတွေပွင့်သွားတာက နည်းမှနည်းဘဲ၊ပုရာဏကဿပ မက္ခလိဂေါသာလ အမည်ရှိသော တိတ္ထိဘုရားကြီးတွေ ပွင့်နေတာက ကြာလှပြီ၊ သူတို့တွေ ဘုရားဖြစ်တာ တော်တော်လွယ်တယ်၊ အချို့ဘုရားက ဘယ်လိုပွင့်သွားသလဲ၊သူဌေးအိမ်မှာဆိအိုးထမ်းပြီးသွားတဲ့အခါဆိအိုးကျကွဲတာ၊ ဆိအိုးကျကွဲတော့ သူဌေးကိုအင်မတန် ကြောက်တာပေါ့ ကြောက်တော့ တကထဲ သူပြေးရော၊ ပြေးတော့ သူဌေးက ဘာလုပ်သလဲ ပုဆိုးအတင်းဆွဲလိုက်တယ်၊ ဆွဲလိုက်တော့ ပုဆိုးကျွတ်ကျန်ရစ်ခဲ့တယ်၊ ကိုယ်ချည်းအချည်းနှီးပြေးရတယ်၊ ဘယ်လောက်ကြောက်လိုက်သလဲလို့၊ အဲဒါနဲ့ တောထဲဝင်ပြေး သူမပြန်ဝံ့ဘူး၊ တောထဲဝင်ပြေးတဲ့အခါ လူတွေက ချုံထဲမှာ အဝတ်တန်ဆာမရှိဘဲ ဗလာထီးတီးနေတဲ့ပုဂ္ဂိုလ်တွေ့တော့ ဟာ ဘုရားဆိုတာ ဒါမှဟုတ်တာဘဲ၊ ဒါမှဘုရားအစစ်ပေါ့၊ ဘာဖြစ်လို့လဲ ဟာဘယ်လောက်များ အလိုနည်းသလဲဆိုတာကြည့်စမ်း၊ အဝတ်တန်ဆာတောင် မရှိဘူးဆိုပြီး ဘုရားလုပ်ကိုးကွယ်တယ်၊ ကိုးကွယ်တော့ ဘသားက အစားချောင်တာနှင့်ဘုရားလုပ်ပြီးနေတာ။

## ဒါရုစီရိယ

ဒါရုစိရိယဆိုတာလဲ ဒီလိုဘဲ မြတ်စွာဘုရားနဲ့မတွေ့ခင်က သူ့ကိုယ်သူ ရဟန္တာထင် ဘုရားထင်ပြီးနေခဲ့တယ်၊ ဒါရုစိရိယအကြောင်းက ကဿပမြတ်စွာဘုရား လက်ထက်က ရဟန်း-၇-ပါးဟာ တရသောတောင်ကလပ်မှာ တက်ပြီးတော့ တရားကျင့်တယ်၊ ရဟန်း ၇-ပါး တရားကျင့်တဲ့အခါ၊ကျတော့တပါးသောရဟန်းက ရဟန္တာဖြစ်သွားတယ်၊ တပါးသောရဟန်းက အနာဂါမ်တည်သွားတယ်၊ ကျန်ငါးပါးသော ရဟန်းများဟာ ပုထုဇဉ်အနေက မတက်ဘူး၊ မတက်တော့ ပုဘုဇဉ်အနေနဲ့ဘဲ သေကြေပျက်စီးပြီး နတ်ပြည်မှာ သွားဖြစ်ကြတယ်၊နတ်ပြည်မှတဖန် စုတေလာလို့တို့မြတ်စွာဘုရားပွင့်တော်မူတဲ့အခါ ဒါရုစိရိယလို့ လူ့ပြည်မှာလာဖြစ်တယ်၊အဲ ဒါရုစိရိယ ပင်လယ်မှာ သင်္ဘောပျက်လို့ တရသောကမ်းဘားရောက်တယ်၊ ကမ်းမှ သူတက်လာတော့ ဆိုးစရာအဝတ်မရှိဘူး၊ မရှိတော့ ဘယ့်နဲ့လုပ်ရသလဲ၊ သစ်သားလေးတွေကို နွယ်ကြိုးနှင့်သီပြီးတော့ အဝတ်တန်ဆာလုပ်ပြီး

ဝတ်ရတယ်၊ အဲဒီလို အဝတ်တန်ဆာ လုပ်ပြီးတော့နေတာ မြင်ရတော့ ကထဲ ဒိပုဂ္ဂိုလ်မှ ဘုရားဟဲ့ ဘုရားအစစ်လို့ဆိုပြီးတော့ လူတွေက သိပ်ကိုးကွယ်ကြတာပေါ့၊ ကိုးကွယ်ကြတော့ သူက မူလက သူ့မှာ စားစရာမရှိ အဝတ်တန်ဆာမရှိလို့ ဝတ်ရတာ၊ စားစရာမရှိတော့ ဘာနဲ့တောင်းရသလဲ၊ အိုးခြမ်းကွဲကလေးနဲ့ အိုးကွဲလေးနဲ့ လည်ပြီး ထမင်းတောင်းစားရတယ်၊ အဲဒီနောက် သူ့ကိုဘုရားလုပ်ပြီး အများက ကိုးကွယ်တော့ စိတ်ထဲမှာ သွေးကြီးပြီး ငါတော့ ဘုရားဖြစ်နေပြီ ဆိုပြီးတော့တခါထဲ သူများကကောင်းစွာမွန်စွာ အဝတ်တန်ဆာပေးလဲ မဝတ်ဘူး၊ သူ့အဝတ်က အဖိုးတန်နေတာကိုး၊ဘယ်ဝတ်မလဲ ကောင်း စွာမွန်စွာ ခွက်တွေပေးလဲ မယူဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ အိုးခြမ်း ကွဲက တန်ခိုးကြီးနေတာကို၊ အိုးခြမ်းကွဲနဲ့ တောင်းစားတယ်၊ အဲဒီလို ဘုရားလုပ်ပြီး ကျင့်နေတယ်။

နောက်တော့မှ ကဿပဘုရားလက်ထက်က သူနဲ့အတူကျင့်တဲ့ ရဟန်းထဲက အနာဂါမ်တည်တဲ့ရဟန်းက ဗြဟ္မာပြည် ရောက်နေတာ ကိုး အဲဒီဗြဟ္မာက သူ့မိတ်ဆွေတွေ သူပြန်ကြည့်တာပေါ့၊ ဗြဟ္မာက ပြန်ကြည့်တော့ ဘယ်သူ့တွေ့သလဲ ဒါရုစိရိယကို တွေ့တာပေါ့၊ ဟာ တယ်မိုက်တဲ့အကောင်ပါလား၊ ကြည့်စမ်း တို့ဂေါတမမြတ်စွာဘုရား လဲ ပွင့်နေတယ်၊ သူဘုရားလဲ မဟုတ်ဘဲနဲ့ သူ့ကိုယ်သူ ဘုရားလုပ် နေတယ်၊ ငါသွားပြီးတော့ ဆုံးမအုံးမှဘဲလို့ ဗြဟ္မာကြီးက ကိုယ်တိုင် လာတာ၊ ဗြဟ္မာကြီးကိုယ်တိုင် လာပြီးတော့ နင် ရဟန်းလဲ မဟုတ်၊ ဘုရားလဲ မဟုတ်ဘဲနဲ့ ကိုယ့်ကိုယ်ကို ဘုရားလုပ်နေတယ်၊ ဘုရားလုပ် နေတာ နင်ဘာလဲဆိုပြီးတော့ ငေါက်ငမ်းကြိမ်းမောင်းတာပေါ့၊ကြိမ်း မောင်းတော့ သူဟာ သိပ်ကြောက်တာပေါ့၊ ဒါဖြင့် ကောင်းပါပြီ၊ ရဟန်းဘယ်အရပ်မှာ ရှိပါသလဲဆိုတော့မှ အဲဒီမှာ မြတ်စွာဘုရား သာဝတ္ထိတိုင်းပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံး နေထိုင် တော်မူကြောင်း ဗြဟ္မာမင်းက ညွှန်ကြားလိုက်ရတယ်။

အဲဒီလို ဗြဟ္မာကညွှန်ကြားလိုက်တဲ့အခါကျတော့ ဘုရားနဲ့တွေ့ချင် တဲ့ဇော အင်မတန် ထက်သန်နေတယ်၊ ဟိုကဿပ မြတ်စွာဘုရား လက်ထက်က သူ့မှာအထုံက ပါလာတာကို၊ ပါလာတော့မှ တခါထဲ သူ့စိတ်ထဲမှာ ချက်ခြင်း ဘုရားနဲ့တွေ့ချင်တာပေါ့၊ ဂေါတမမြတ်စွာ

ဘုရားနဲ့ တွေ့ချင်တော့မှ အဆောတလျင် ညကြီးသန်းခေါင် သူလာ
တာ၊ ဆဲဘာ ယူဇနာဘယ်လောက်ဝေးသလဲဆိုတော့ ယူဇနာ-၁၂၀-
ရှိတယ်၊ ယူဇနာ ၁၂၀-ဝေးကွာတဲ့ အရပ်ကို ညချင်းပေါက်အောင်
လာတာ ကြည့်စမ်း သူ့အာရုံဘယ်လောက်ကြီးသလဲဆိုတာ၊ ညတွင်း
ချင်းပေါက်တာ၊ မြတ်စွာဘုရားကလဲ နံနက် မြို့တွင်းဆွမ်းခံ ဝင်တဲ့
အချိန်နဲ့ကြုံနေတော့ ရဟန်းတော်တွေနှင့် တွေ့တာပေါ့၊ တွေ့တော့မှ
ရဟန်းတော်တွေကို ဂေါတမမြတ်စွာဘုရား ဘယ်မှာလဲ၊ဟဲ့ ဒါယကာ
သင်ဟာ အင်မတန်မောပန်းလာတယ်၊ ခဏဆိုင်းအုံး၊ မြတ်စွာဘုရား
ဆွမ်းခံကြွသွားတယ်၊ ခုဘဲ ပြန်လာလိမ့်မယ်၊ ဟာ မဟုတ်ဘူး ဘုရား
သွားရာအရပ်ကိုသာ ပြောပါ၊ တပည့်တော် အင်မတန်ကြောက်လှပါ
တယ်ဘုရား၊ဘုရားနှင့်ချက်ခြင်းတွေ့မှ ဖြစ်မယ်၊ မဟုတ်ဘူးလေ၊နေအုံး
လေ အမောအပန်းဖြေအုံး ပြောတယ်၊မရဘူး၊ အတင်း လျှောက်တာဘဲ
လျှောက်တော့မှ သာဝတ္ထိမြို့တွင်း ဆွမ်းခံဝင်တဲ့ အကြောင်း ပြော
လိုက်တော့မှ တခါထဲ အတင်းလိုက်တာဘဲ၊လိုက်သွားတော့ မြတ်စွာ
ဘုရားက မြို့တွင်းမှာဆွမ်းခံဝင်နေတုန်း နောက်ကလိုက်ထာပေါ့၊လိုက်
ပြီးတော့ အရှင်ဘုရား တရားဟောပါ ဘုရား, တရားဟောပါ ဘုရား၊
ဒီတော့ မြတ်စွာဘုရားက ရုတ်တရက် တရားမဟောဘူး၊ သူကလဲ ထပ်
ကာထပ်ကာ တောင်းပန်တယ်၊ တကြိမ်က နှစ်ကြိမ်, နှစ်ကြိမ်က သုံး
ကြိမ် ဘုရားနောက် သူလိုက်လျှောက်တယ်၊ လျှောက်တော့ မြတ်စွာ
ဘုရားကလဲ ဒီနေရာမှာ ဒိဋ္ဌေဒိဋ္ဌမတ္တံ ဆိုတဲ့တရားကို ဟောတော်မူ
တယ်၊ ဒိဋ္ဌေဒိဋ္ဌမတ္တံ ဆိုတာ တို့ဟောနေကျဖြစ်တဲ့ ပစ္စုပ္ပန်အခိုက်အတံ့
ကိုပြောတာ၊ ဆဲဒီတရားပြလိုက်တော့ တခါထဲ ဒါရုစိရိယဟာ
ရဟန္တာဖြစ်သွားတယ်။

ရဟန္တာဖြစ်သွားတော့ အရှင်ဘုရား တပည့်တော်ကိုရဟန်းအဖြစ်
ချီးမြှင့်ပါ ဘုရားလို့ ထပ်လျှောက်တော့ မြတ်စွာဘုရားက ဒါရုစိရိယ
ရဲ့ အဇ္ဈာသယကို ဆင်ခြင်ကြည့်လိုက်တဲ့အခါ သူ့မှာ ဈေးက လှူဘူး
တာမှမဟုတ်ဘဲ၊ ကဿပဘုရားလက်ထက်က အနှစ်နှစ်သောင်း ကာ
သပတ်လုံး ရဟန်းလုပ်ပြီးတော့ လာတာ၊ ရဟန်းလုပ်ပြီးလာတဲ့အခါ
ကျတော့ သူ့မှာရတဲ့လာဘ်လာဘတွေကို ဘယ်သူ့မှ မပေးရက်ဘူး၊
မပေးရက်, မကမ်းရက် သူ့ဟာသူ အင်မတန် နှမြော ဝန်တိုတာ၊

ဒီတော့ သပိတ်ပရိက္ခရာ သက်နှိးမှစ သူလှူဘူးတဲ့ပုဂ္ဂိုလ်မှ မဟုတ်ခဲ့လို့ ၊ အဲဒီလို မလှူဘူးတော့ သူ့ကို မြတ်စွာဘုရားက တန်ခိုးဖြင့် ပြီးသော သင်္ကန်းတို့ သပိတ်တို့ ပရိက္ခရာတို့ မမြင်ဘူး၊ ဒီ တန်ခိုးဖြင့် ပြီးသော သင်္ကန်း သပိတ် ပရိက္ခရာ မြင်လို့ရှိလျှင် မြတ်စွာဘုရားက ဧဟိဘိက္ခု ခေါ်လိုက်လျှင် တခါထဲရဟန်းဖြစ်သွားတာ၊ယခုတော့ ဧဟိဘိက္ခုခေါ် လို့ မရဘူး၊ မရတော့မှ ကိုင်း ချစ်သား သင်ရဟန်းပြုချင်လျှင် သပိတ် ပရိက္ခရာ ရှာလော့ဆိုတော့မှ သပိတ်ပရိက္ခရာ ရှာတာကိုး၊ အဲ ရှာတဲ့ အခါမှာ နောက်က သူနှင့်ရန်ငြိုးဖွဲ့လာတဲ့ ဘီလူးမရှိတယ်၊အဲဒီဘီလူးမ က သာမည မဟုတ်ဘူး၊ နောက်နောက်က သူ့အပေါ်မှာ ညှဉ်းဆဲ နှိပ်စက်ခဲ့တဲ့အတွက် ဒီပုဂ္ဂိုလ်၏ အပေါ်မှာ နိုင်ရသည့်ကိုယ် ဖြစ်ရပါ လို၏ဟု ဆုတောင်းခဲ့တဲ့ ပတ္ထနာရှိတယ်၊ ဒါတွေပြန်ပြောနေလျှင် အချိန်ရှိမှာမဟုတ်ဘူး၊ ဒါကြောင့် အဲဒီဘီလူးမက နွားယောင်ဆောင် ပြီး ဝှေ့သတ်ထား သေရော၊ တခါထဲ ပရိနိဗ္ဗာန်စံရရော၊ ရဟန္တာ အမှိုက်ပုံပေါ်မှာ ပရိနိဗ္ဗာန်စံနေတော့မှ မြတ်စွာဘုရား ကျောင်းပြန်လာ လို့ ကျောင်းရောက်တော့မှ ရဟန်းတော်တွေကို ရဟန္တာတပါး ပရိနိဗ္ဗာန်စံနေတယ်၊ သွားသင်္ဂြိုဟ်ကြဆိုတော့မှ အဲဒီရဟန်းအလောင်း ကို ရဟန်းတော်တွေ လာပြီးသင်္ဂြိုဟ်ရတယ်။ ဥဒါန်းအဋ္ဌကထာ။

အဲဒါ ဘုန်းကြီးပြောလိုတာက ဘုရားမဟုတ်ဘဲနဲ့ အချောင်ဘုရား လုပ်နေတဲ့ပုဂ္ဂိုလ်တွေ အနန္တရှိတယ်၊ ဒါကြောင့် တို့မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးဟာ အစ၏ကောင်းခြင်း, အလယ်၏ကောင်းခြင်း, အဆုံး၏ကောင်းခြင်းဆိုတဲ့ ကောင်းခြင်းနဲ့ပြည့်စုံတဲ့ ဗုဒ္ဓဝါဒကို တို့ ရဟန်းတော်တွေ တကြောင်းတည်းသောခရီးကို နှစ်ပါးအတူမသွားဘဲ တပါးစီ သွားပြီးသကာလ ဗုဒ္ဓဝါဒ ဖြန့်ရမယ်၊ အဲဒါ ဗုဒ္ဓဝါဒ ဖြန့်ရ တယ်၊ အဲဒီသို ဗုဒ္ဓဝါဒဖြန့်တဲ့အခါ ကာလကျတော့ အခြားပုဂ္ဂိုလ်တွေ တော့ ဘယ်မှာဖြန့်လို့ ဘယ်မှာတရားဟောလို့ ဘယ်လောက်အကျွတ် တရားရတယ်လို့ ဘုန်းကြီးများ သတိမထားမိဘူး၊ တို့အသဃဇိရဟန်း လေးတော့ ရှင်သာရိပုတ္တရာအလောင်းနဲ့ တွေ့တယ်၊ တွေ့တဲ့အခါကျ တော့ ရှင်သာရိပုတ္တရာ အလောင်းဖြစ်တဲ့ ဥပတိဿက ရှင်အဿဇိ ရဟန်းလေး၏-

ယေဓမ္မာ ဟေတုပ္ပဘဝါ၊
တေသံ ဟေတုံ တထာဂတော အာဟ၊
တေသဉ္စ ယော နိရောဓော၊
ဧဝံဝါဒီ မဟာသမဏော။

ဆိုတဲ့ဂါထာဟောလိုက်တာ တခါထဲ သောတာပန်ဖြစ်သွားတယ်။ မြတ်စွာဘုရားကိုယ်တော်မြတ်လဲ တပါးတည်း ကြွလာတဲ့အခါလမ်းမှာဘာတွေ့သလဲ၊ဘဒ္ဒဝဂ္ဂိမင်းညီနောင် သုံး ကျိပ် သွားပြီးတော့ တွေ့တော့ အဲဒီမှာတခါဟောတယ်၊ဟောတော့ မင်းသားညီနောင် သုံးကျိပ် တခါတည်း ရဟန်းဖြစ်, ရဟန်းဖြစ်ပြီးတခါ တပါးတည်းကြွသွား ဟို ဥရုဝေလတောသို့ ကြွတယ်၊ ဥရုဝေလတောသို့ ရောက်တဲ့အခါ ဥရုဝေလကဿပ, နဒီကဿပ, ဂယာကဿပ, ရသေ့ညီနောင် ရှင် တထောင် သူတို့လဲ နိဗ္ဗာန်မဂ်ဖိုလ် လိုချင်လို့ကျင့်နေကြတာ ရသေ့ညီနောင်ရှင်တထောင် သူတို့ကျင့်တဲ့အကျင့်တွေက ဘာတွေလဲဆိုပြန်တော့ရေငုပ်,မီးလှုံ,တုံးခုန်,ဇယ်ခံပ်၊ဒါဟာ သူတို့အကျင့်ဘဲ၊ ကိလေသာတွေကို စင်ကြယ်အောင်လို့ ကျင့်ကြံနေတာ ဆရာမရှိ ဘယ်လာရမလဲ၊ ဆရာသမားက နည်းနာနယနဲ့ လမ်းညွှန်မပြဘဲ ဘယ်ပုဂ္ဂိုလ်မျိုးမှမရဘူး။

## ကဿပညီနောင် ရှင်တထောင်

အဲ အခုနကပြောတဲ့ဥရုဝေလကဿပ, နဒီကဿပ, ဂယာကဿပ ဆိုတဲ့ ရသေ့ညီနောင် ရှင်တထောင်တို့ဟာ သာမညပုဂ္ဂိုလ်တွေမဟုတ်ဘူး၊ ရဟန္တာလောင်းကြီးတွေ၊ တကယ်စင်စစ် ပစ္ဆိမဘဝိက နောက်ဆုံးရဟန္တာဖြစ်ပြီး နိဗ္ဗာန်ကူးမည့် ရဟန္တာလောင်းကြီးတွေပေါ့၊ဥပနိဿယဆရာသမား၏ နည်းနာနိဿယကို မရသည့်အတွက် ခမျာမျှား ကြည့်စမ်း ရေငုပ်မီးလှုံတုံးခုန်ဇယ်ခပ် ကျင့်နေလိုက်ကြတာ၊ အဲဒါတွေ ကျင့်နေတော့ မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်ကြီး ကိုယ်တော်တိုင်ကြွပြီးတော့ ချွတ်လိုက်ရတာ လွယ်တာမဟုတ်ဘူး၊ မြတ်စွာဘုရား ဥရုဝေလချွတ်ခန်းတွေ ရှောက်ပြောလျှင် အချိန်ကုန်သွားလိမ့်မယ်၊ လိုရင်း မရောက်ဘဲနေမယ်၊ ချွတ်တဲ့အခါကာလကျတော့ မြတ်စွာဘုရား ကိုယ်တော်မြတ် နောက်ဆုံး ဥရုဝေလ

ကဿပကို တခါထဲ ဝေါက်ငမ်းပြီးတော့ အသင်ဟာ ယခုငါလာပြီး တော့ အကုန်လုံးတန်ခိုး ဈာန္ဓိပါဒ်နှင့်တကွ အမျိုးအမျိုး ဖန်ဆင်းပြီး ပြတယ် ပြလျက်သားနဲ့အသင် ယခုတိုင် အသင့်အယူဝါဒကို မစွန့်ဘူး ဆိုပြီးတော့ မြတ်စွာဘုရား ဝေါယ်ငမ်းတာ၊ အဲဒီလို ဝေါက်ငမ်းလိုက် တော့မှ အင်မတန်ထိတ်လန့်ခြင်း ဖြစ်ပြီးတော့ ဂေါတမ အကျွန်ုပ် သည် သင့်ထံ တပည့်ခံပါရစေတော့လို့ တောင်းပန်တယ်၊တောင်းပန် တဲ့ အခါကျတော့ မြတ်စွာဘုရားက ဥရုဝေလ ငါ့ထံ တပည့်ခံပါရစေ လို့ တောင်းပန်ရုံမျှနှင့် ငါလက်မခံဘူး၊ အသင့် တပည့်တွေဆီသွားပြီး တော့ ခွင့်ပန်ချေဦး၊ ဒီတော့မှ သွားရတာပေါ့၊ တပည့်ငါးရာ ရှိတယ် သူက၊ တပည့်ပေါင်းငါးရာဆီသွားပြီးတော့ တပည့်တို့ ငါတော့ ဂေါ တမထံမှာ တပည့်ခံတော့မယ်၊ ဒီတော့ တပည့်တွေက ဘယ့်နှဲ့ပြော လိုက်သလဲ၊ အောင်မယ် ဆရာကြီး တပည့်တော်တို့က ဂေါတမ ရောက်စကထဲက တပည့်ခံချင်နေတာ ကြာလှပြီ၊ ဆရာကြီး ကန့်လန့် ကန့်လန့်လုပ်နေတာနှင့် တပည့်မခံရတာ၊ လာခသွားမယ်ဆိုပြီးတော့ တပည့်ပေါင်းငါးရာနှင့် ဥရုဝေလကဿပ လာတာပေါ့၊ ဘုရားထံ ရောက်တော့ မြတ်စွာဘုရားက ဘယ့်နှဲ့ပြောသလဲ၊ဟောင် မင်းတို့တပည့်ခံ ရုံနှင့် ငါဒီလိုလက်မခံနိုင်သေးဘူး။ မင်းတို့မှာရှိတဲ့ ရသေ့တန်ဆာတွေ အကုန်လုံး ရေမျှောပြစ်ရမယ်လို့ အမိန့်ရှိတယ်၊ဒီတော့ ရသေ့တန်ဆာ တွေ ရေမျှောပြစ်ရတာပေါ့၊ ရသေ့တန်ဆာဆိုတာ တို့ဒေါက်ချာ ချွန်း တောင်း တံချူတို့ပေါ့၊ အဲဒါတွေ ရသေ့တန်ဆာတွေ ရေမျှောလိုက် ရတယ်။

မြတ်စွာဘုရားကလဲ မြင်တော်မူတာဘဲ၊ ဒီက နေပြီး ရေမျှောလိုက် လျှင် သူက အထက်ကနေတာကိုး သူ့အောက်ကနဒီကဿပရှိတယ်၊နဒီ ကဿပကလဲ ပရိသတ်နောက်လိုက်သုံးရာရှိတယ်၊ နဒီကဿပအောက် က ဂယာကဿပရှိတယ်၊ဂယာကဿပကလဲ တပည့်နှစ်ရာနဲ့ အားလုံး ရသေ့ညီနောင် ရှင်တထောင် အဲဒီကရသေ့တန်ဆာတွေ မျှောလိုက်တဲ့ အခါကျတော့ ဟိုကညီငယ်တွေက သူတို့လဲ ရေကစားနေကြတာ၊ ရေငုပ်မီးလှုံ တုံးခုန်ဇယ်ခပ် လုပ်နေကြတာ၊ ရသေ့တန်ဆာတွေ မျောလာတာတွေ့တာပေါ့၊ ဟာ နောင်တော်တွေ ဘာဖြစ်မှန်းမသိဘူး ဟေ့ ဆိုပြီး သူ့ထက်ငါကောင်း ပြေးလာကြတာ၊ အဲဒီလိုပြေးလာတဲ့

အခါကျတော့ နောင်တော်တွေ မြတ်စွာဘုရားကိုယ်တော်ထံ ချဉ်းကပ်ပြီး တပည့်ခံတာတွေ့ရတော့ ဟာ တို့လဲ တပည့်ခံမယ်ဆိုပြီး သူတို့လဲ ရှိသမျှရသေ့တန်ဆာတွေကို ရေမျှောရတာပေါ့၊ အဲသူတို့က တခါ မျှောလိုက်တော့ ဟို သူ့အောက်ကနေတဲ့ ဂယာကဿပ ညီငယ်ကလဲ ဒီလိုဘဲ ရေကစားနေတော့ ရသေ့တန်ဆာတွေမျောလာတာ မြင်တာပေါ့၊ မြင်တော့ ဟာ နောင်တော်တွေ ဘာဖြစ်မှန်းမသိဘူးဆိုပြီးတော့ အရှူးပါးရေးနဲ့ ပြေးလာကြတာပေါ့၊ အဲဒီကျတော့မှ မြတ်စွာဘုရားထံ ရောက်တော့ သူတို့လဲ အကုန်လုံးတပည့်ဝင်ခံကြတာဘဲ၊ အားလုံး ရသေ့ညီနောင်ရှင်တထောင်၊ ဥရုဝေလကဿပ, နဒီကဿပ, ဂယာကဿပ ရသေ့ညီနောင်ရှင်တထောင်၊အဲဒီရသေ့ညီနောင်ရှင်တထောင် ဟောတဲ့တရားကို ဘုန်ကြီးဟောမယ်လို့။

မြတ်စွာဘုရားဟာ ဟို ပဌမတခါ မိဂဒါဝုန်တောမှာ ဝါဆိုပြီး သီတင်းဝါလကျွတ်တဲ့အခါကျမှ ဥရုဝေလကဿပအရှူးထားပြီး ဟောတဲ့တရား မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် ဟောတော်မူသွားတဲ့ တရားနော်။

> သဗ္ဗံ ဘိက္ခဝေ အာဒိတ္တံ။ ကိဉ္စ ဘိက္ခဝေ သဗ္ဗံအာဒိတ္တံ၊ စက္ခု အာဒိတ္တံ,ရူပံ အာဒိတ္တံ,စက္ခုဝိညာဏံ အာဒိတ္တံ၊စက္ခုသမ္ဖဿော အာဒိတ္တော၊ ယမိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါအဒုက္ခမသုခံဝါ၊တမ္ပိ အာဒိတ္တံ၊ကေန အာဒိတ္တံ၊ ရာဂဂ္ဂိနာ ဒေါသဂ္ဂိနာ မောဟဂ္ဂိနာ အာဒိတ္တံ၊ဇာတိယာ ဇရာယ မရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေ ဟိ ဥပါယာသေဟိ အာဒိတ္တန္တိ ဝဒါမိ။

အဲဒါမြတ်စွာဘုရားသခင်ကိုယ်တော်မြတ် ဟောတဲ့တရား၊ရဟန္တာ တွေ ဟောတဲ့တရားမဟုတ်ဘူး၊ဘုရားကိုယ်တော်တိုင် ဟောတဲ့တရား၊ အဲဒီတရားကို ဟောလိုက်ထာနှင့်တပြိုင်နက် ဥရုဝေလကဿပ အရှူး ရှိသော ရသေ့ညီနောင် ရှင်တထောင်အကုန် အရိယာ ဖြစ်သွားတယ်၊ အဲဒါ ဘယ်လောက်ကြောက်တယ်ဆိုတာ ခုတော့ မဂဓဘာသာနှင့် ပြောတော့ ဒကာ ဒကာမကြီးတွေ နားမလည်သေးဘူးပေါ့၊ မြန်မာလို ပြန်ပြောမယ်။

ဘိက္ခဝေ-ချစ်သားတို့၊ သဗ္ဗံ-ခပ်သိမ်းသော တေဘူမ္မကသင်္ခါရ
တရားသည်၊ အာဒိတ္တံ-ရဲရဲပြောင်ပြောင် တောက်လောင်၏၊

အဲဒီတော့ ခပ်သိမ်းသော တေဘူမ္မကသင်္ခါရတရားဆိုလျှင် ယောဂီများကိုယ်ပိုင်ဉာဏ်နှင့်မြင်တို့ ခပ်သိမ်းသောတေဘူမ္မက သင်္ခါရတရားဆိုတာ ဘုံသုံးပါးဟောတာပေါ့၊ ဘုံသုံးပါးဆိုတာ ကာမဘုံ, ရူပဘုံ, အရူပဘုံ၊ အဲဒီ ကာမ ရူပ အရူပဆိုတဲ့ ဘုံသုံးပါးမှာ သင်္ခါရတရားတွေဟာ ဘာလဲ၊ သင်္ခါရတရားဆိုတာ တခြားမဟုတ်ဘူး၊အခုယောဂီတွေအားထုတ်တဲ့ တရားပေါ့ မျက်စိသင်္ခါရ, နားသင်္ခါရ,နှာခေါင်းသင်္ခါရ, လျှာသင်္ခါရ, ကိုယ်သင်္ခါရ, မနောသင်္ခါရဆိုတဲ့ ခြောက်ခွါရ, ကံ,စိတ်, ဥတု, အာဟာရ အကြောင်းတရားလေးပါးကြောင့် ဖြစ်ပေါ်လာတဲ့ ရုပ်တရား နာမ်တရားတွေဟာ သင်္ခါရတရားတွေ၊ဘုံသုံးပါးမှာ တကယ်ဖြစ်တာ၊ အဲဒီ ဘုံသုံးပါးမှာ တကယ်ဖြစ်တဲ့ သင်္ခါရတရားတွေဟာ မီးလောင်နေတယ်တဲ့၊ ဒီလို မီးလောင်နေတယ်ဆိုရုံနှင့် မပြီးသေးဘူး၊ ဘယ်သူမှတော့ မမေးကြဘူး၊ မမေးတော့ မြတ်စွာဘုရား ကိုယ်တော်မြတ် ကထေတုကမျတာပုစ္ဆာနှင့် သူ့ဟာသူ မေးရတယ်၊ ဘယ့်နှဲ့မေးသလဲ။

ကိဉ္စသဗ္ဗံ-အဘယ်ခပ်သိမ်းသော တေဘူမ္မက သင်္ခါရ တရားသည်၊ အာဒိတ္တံ-လောင်သနည်း။

ဒါ မြတ်စွာဘုရား အမေးပုစ္ဆာ၊ သူ့ဟာသူမေးရတယ်၊သူမေးတော့ ဘယ်သူဖြေတတ်မလဲ၊ သူ့ဟာသူဘဲ ဖြေရတာပေါ့။

စက္ခု-စက္ခုပသာဒသည်၊ အာဒိတ္တံ-ရဲရဲပြောင်ပြောင် တောက်လောင်၏။

ကိုင်း ကိုယ်ပိုင်ဉာဏ်နှင့် ကြည့်ကြပေတော့၊ မျက်စိဟာ စက္ခုပသာဒ်ရုပ်ခေါ်တယ်၊ မျက်စိရုပ် အဲဒီမျက်စိဟာ အမှန် မီးတွေလောင်နေတယ်တဲ့ မြတ်စွာဘုရားက။

ရူပံ-ရူပါရုံသည်၊ အာဒိတ္တံ-ရဲရဲပြောင်ပြောင်တောက်လောင်၏။

ရူပါရုံဆိုတာ ယောဂီတို့မြင်ရတဲ့ အဆင်းကိုခေါ်တာ၊ အဲဒီအဆင်းကို မီးလောင်နေတယ်တဲ့၊ ကိုင်း ဘုရားဟောတာနဲ့ တို့လူတွေသိတာနဲ့ ကွာခြားပုံလေ၊မျက်စိမီးလောင်တယ်လို့ ဘုရားကဟောတယ်၊အဆင်းကို မီးလောင်တယ်လို့ ဟောတယ်၊ တို့ ဘယ်နှစ်ခါများ လောင်မှန်း

သိသလဲ၊ ဘယ်တုန်းကမှ မသိခဲ့ဘူး၊ မသိတာအမှန်ပေါ့၊ အဝိဇ္ဇာလေ၊ အဲ ခုတရားနာနေတဲ့အခါ အဝိဇ္ဇာ၊ ဝိဇ္ဇာဉာဏ်နဲ့ ကြည့်ပေါ့။

ဘုရားကတော့ မျက်စိမီးလောင်တယ်တဲ့၊ အဆင်းမီးလောင်တယ်တဲ့၊ ဒါတွင်လားတဲ့။

စက္ခုဝိညာဏံ-စက္ခုဝိညာဏ်သည်၊အာဒိတ္တံ-ရဲရဲပြောင်ပြောင် တောက်လောင်၏။

ကိုင်း စက္ခုဝိညာဏ်ဆိုတော့ ဘယ်ဟာလဲ ဟောဒိယောဂီများ မျက်စိနှင့် အဆင်းနှင့် တွေ့တော့ မြင်သိလုံးလေး ပေါ်မသွားဘူးလား၊ အဲဒီ မြင်သိလုံးလေးဟာ စက္ခုဝိညာဏ်ခေါ်တယ်၊ အဲဒါ မီးလောင်နေတယ်တဲ့၊ သုံးနေရာဖြစ်သွားပြီ လောင်တဲ့နေရာ၊ ဒါတွင်လားတဲ့ မဟုတ်သေးဘူး။

စက္ခုသမ္ဖဿော-စက္ခုသမ္ဖဿသည်၊ အာဒိတ္တော—ရဲရဲပြောင်ပြောင် တောက်လောင်၏။

စက္ခုသမ္ဖဿောတဲ့ ဘာလဲ ဟောဒီမျက်စိရယ်, အဆင်းရယ်, မြင်သိရယ် သုံးပါးပေါင်းမိတဲ့အခါ ဖဿဆိုတဲ့ အတွေ့လေး ပေါ်လာတယ်၊ ဖဿတရားတွေ၊ အဲဒီ ဖဿဆိုတဲ့အတွေ့ဟာ သူလဲ မီးလောင်တာဘဲတဲ့၊ လေးဌာန အလောင်ခံရပြီ။

စက္ခုသမ္ဖဿပစ္စယာ-စက္ခုသမ္ဖဿကြောင့်၊ ဝေဒယိတံ-ခံစားအပ်သော၊ သုခံဝါ-သုခဝေဒနာရှင်း၊ ဒုက္ခံဝါ-ဒုက္ခဝေဒနာရှင်း၊ အဒုက္ခမသုခံဝါ-ဒုက္ခလည်း မဟုတ် သုခလည်း မဟုတ်သော ဥပေက္ခာဝေဒနာရှင်း၊ ယံကိဉ္စိ-ယာကာမာဝေဒနာ—အကြင် ခံစားအပ်သော ဝေဒနာသည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏၊ တံပိ-ထိုခံစားအပ်သော ဝေဒနာသည်လည်း၊ အာဒိတ္တံ- ရဲရဲပြောင်ပြောင် တောက်လောင်၏။

ကိုင်း အခု ယောဂီများ ဒါ ဘုရားဟောတာလဲ ဟောတာပေါ့ ကိုယ်ပိုင်ဉာဏ်ကလေးနှင့် ကြည့်စမ်းပါလား၊အခု မျက်စိရယ်,အဆင်းရယ်, မြင်သိသုံးပါး ပေါင်းဆုံမိတော့ ဖဿဖြစ်တယ်၊ အတွေ့ဖဿဖြစ်တော့ ယောဂီတွေခံစားတဲ့ ဝေဒနာလေးတွေ မပေါ်ဘူးလား၊ အမယ်လေး ကောင်းလိုက်တာ သုခဝေဒနာပေါ့၊ ဟာ မကောင်းပါဘူးဆိုတာ ဒုက္ခဝေဒနာပေါ့၊ အမှတ်တမဲ့ ဂရုမပိုက်ဘဲနေလျှင်

ဟာ မြင်တော့ မြင်ပါတယ်ကွယ် အရေးမဗိုက်ပါဘူးလို့ အမှတ်တမဲ့ နေတော့ ဥပေက္ခာဝေဒနာခေါ်တယ်၊ ဝေဒနာသုံးပါးမြင်ရာပေါ့၊ ပြောသံကြားမဟုတ်ဘူးလေ၊ကိုယ်တွေ့ ဘုန်းကြီးပြောတာ ကြားတာနဲ့ ဘုရားဟောတာကြားရုံနဲ့ ဘယ်ကရားတွေ့မလဲ၊ ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တွေ့မှ တရားတွေ့တာ အစစ်ပေါ့၊ ကိုင်း ဒါဖြင့် မီးလောင်တယ် ဆိုတာတော့ သဘောကျပြီ၊ မျက်စိမှာ လောင်တယ်၊ အဆင်းမှာ လောင်တယ်၊ မြင်သိသုံးမှာလောင်တယ်၊ အတွေ့မှာ လောင်တယ်၊ ခံစားတဲ့ ဝေဒနာမှာ လောင်တယ်၊ ဘယ်မီးတွေ လောင်သလဲလို့ မေး ဘွယ်ရှိတယ်၊ ဘယ်သူမှ မမေးဘူး၊ မမေးတော့ မြတ်စွာဘုရားက ကထေတုကမျတာပုစ္ဆာနှင့် သူ့ဟာသူ မေးတာပေါ့။

ကေန-အဘယ်မီးဖြင့်၊ အာဒိတ္တံ-လောင်သနည်း၊ သူ့ဟာသူ မေးရတယ်၊ သူ့ဟာသူမေး သူ့ဟာသူဖြေပေါ့၊ ဘယ်မီးလောင် သလဲ ရာဂဂ္ဂိနာ-ရာဂဟူသော မီးဖြင့်၊ ဒေါသဂ္ဂိနာ-ဒေါသ ဟူသော မီးဖြင့်၊ မောဟဂ္ဂိနာ-မောဟဟူသောမီးဖြင့်၊ အာဒိတ္တံ- ရဲရဲပြောင်ပြောင် တောက်လောင်၏။

ကိုင်း ခုနဟောသွားတဲ့ကိလေသာ၁၀ဆိုးလေ၊လောဘကိလေသာ, ဒေါသကိလေသာ, မောဟကိလေသာ, ခုန ပြောသွားတဲ့ ကိလေသာ ပေါ့၊ ဆဲဒါ မြတ်စွာဘုရား ဥရုဝေလတောမှာ ဟောတဲ့ လောဘက ရာဂမီး, ဒေါသမီးက စိတ်ဆိုးဘာလေ၊ မောဟမီးက အမှတ်တမဲ့ လောင်တဲ့မီးပေါ့၊ ရာဂဂ္ဂိနာ-ရာဂဟူသော မီးဖြင့်၊ ဒေါသဂ္ဂိနာ-ဒေါသ ဟူသော မီးဖြင့်၊ မောဟဂ္ဂိနာ-မောဟဟူသော မီးဖြင့်၊ အာဒိတ္တံ- ရဲရဲပြောင်ပြောင် တောက်လောင်၏။

ဟာမီးတွေ လောင်နေပါလား တကယ်လောင်တာနော်၊ **လောင် မှန်းမသိ၊ မောဟာဗိ၊ မိမိရိုက်လှဉ်ပြီ**လို့ ထွင့်ခေါင် ဆရာတော်ဘုရားကြီး ဟောတာ လွန်သလား၊ယောဂီတွေ မိမိကိုယ်ပိုင်ဉာဏ်နှင့် တွေးကြည့် စမ်း၊ ဆရာတော်ဘုရားကြီးဟောတာ၊ လောင်မှန်းမသိ, မောဟာဗိ, မိမိရိုက်လှဉ်ပြီ၊ ဒါဘယ်သူ့ ဆိုတာလဲ ယောဂီတွေက အောက်မေ့ လိမ့်မယ်၊ သူ့ဆိုသလိုလို ငါ့ဆိုသလိုလို မတွေးနဲ့၊ ကိုယ့်ကိုယ်ကို ပြန်ကြည့်၊ ဩော်လက်စသတ်တော့ ထွင့်ခေါင်ဆရာတော် ဘုရားကြီး ဟာ ငါ့ကိုဆိုတာဘဲ၊ တချို့ကတော့ ဟိုလိုလို ရှိးတီးရားတား ထင်

တယ်၊ မဟုတ်ဘူး၊ ထွင့်ခေါင်ဆရာတော်ရေးတာ မိမိကိုယ်ကိုထိတယ်၊ လောင်မှန်းမသိ, မောဟာတိ, မိမိမိုက်လှပြီ၊ ပိုးဖလံမျိုး, မီးကိုတိုး, ကိုယ်ကျိုးနည်းလှပြီ၊ ပိုးဖလံမျိုး မီးကိုတိုး ကိုယ်ကျိုး နည်းတယ်၊ ဆဲဒါလဲ အကြွားကြွားသားဘဲ၊ အရသာဘဲ၊ ရပေတဲ့ သူများထင်တာ၊ ပိုးဖလံတိုးတယ်ထင်တယ်၊ ဒကာကြီးတွေ ဒကာမကြီးတွေ ကိုယ်တိုင် တိုးနေတာ လောင်မှန်းမှမသိဘဲ အဝိဇ္ဇာဖုံးနေလို့ မောဟက အားကြီး အုပ်ဖုံးထားတော့ လောင်မှန်း မသိဘဲ တိုးတာ၊ ကိုယ်တိုင် တိုးနေတာ မဟုတ်လား၊ မီးတောက်ကို တကယ်တိုးနေတာ၊ တိုးတော့ ဘယ်မီး တွေ လောင်နေသလဲ၊ နှစ်သက်တော့ ရာဂမီးလောင်တယ်၊ မနှစ်သက် တော့ ဒေါသမီးလောင်တယ်၊ ဘယ်လောက် ကြောက်ဖို့ ကောင်းတဲ့ မီးလဲ၊ အခုရှိးရှိးပကတိမီးလောင်လျှင် တဘဝ တခါသေရမယ်၊ ဘာမှ အရေးမကြီးဘူး တဘဝတခါလောက်သာ သေရမယ်၊ ပကတိ မီးကို လူတိုင်းကြောက်ကြသပေါ့၊ အခုဟောတဲ့ မီးဟာ ပကတိမီးထက် ကြောက်ဘို့ကောင်းတယ်၊ အဝိဇ္ဇာကတော့ မကြောက်ပါဘူး၊ ဝိဇ္ဇာ ဉာဏ်ရလျှင် ပကတိမီးထက် ကြောက်ဘို့ ကောင်းတယ်၊ ဘာပြုလို့ ကြောက်ဘို့ ကောင်းသလဲ၊ ရာဂမီးလောင်လျှင် ဘာဖြစ်မလဲ။

ယေဘုယျေနပဟိ သတ္တာ တဏှာယ ပေတ္တိဝိသယံ ဥပပဇ္ဇန္တိ။

ရာဂမီးလောင်လျှင် ဒကာမကြီးတို့ အင်မတန် ကြောက်တယ် မဟုတ်လား၊ ပြိတ္တာဘုံလေ၊ အရိုးစု ပြိတ္တာ,အသားစု ပြိတ္တာ အစ ရှိသော ပြိတ္တာဘုံကြီးမှာ ခံရမဲ့ဘေး ဆိုးကြီးတွေ အင်မတန် ကြောက် ကြတယ်၊ ကြောက်တဲ့ အတွက်ကြောင့် အပါယ်လေးပါးမှ လွတ် မြောက်ရပါလို၏ဟု ဆုတောင်းကြတာပေါ့၊ ဆဲဒီတော့ ပြိတ္တာဘုံကို သွားတာ ဘယ်ကသွားတာလဲ ပြိတ္တာဘုံကို သွားတာ အခုပြောတဲ့ ရာဂ မီးကသွားတာ၊ ရာဂမီးဘယ်မှာလောင်တာလဲ မျက်စိမှာ လောင်တာ အဆင်းမှာလောင်, မြင်သိလုံးမှာလောင်, ဖဿ အတွေ့မှာလောင်, ဝေဒနာခံစားမှုမှာလောင်ပေါ့၊ ဆဲဒါ ရာဂမီးလောင်တာ ရာဂမီးလောင် တော့ ဘယ်သွားသလဲ၊ ပြိတ္တာဘုံသွားရမယ်၊ ဆဲဒီ မီးလောင်တာ မသိလို့ပေါ့၊ လောင်မှန်း မသိတာ လောင်မှန်းသိအောင် ဘုန်းကြီးက မြတ်စွာဘုရား ဥရုဝေလအရှူးရှိသော ရသေ့ညီနောင် ရှင်တထောင် ဟောတာ ပြန်ပြောတာ၊ စကားပြန်ပေါ့၊ဆဲဒါပြောသံကြားနှင့် တင်းတိမ်

နေကြလျှင်တော့ တို့မတတ်နိုင်ဘူး၊ ကိုယ်ပိုင်ဉာဏ်နှင့်ကြည့်၊အဟုတ်ကို တကယ်လောင်တယ် မလောင်တယ် ကိုယ်တိုင်သိ **ကိုယ်တိုင်တွေ့မှ-ချမ်းမြေ့သာကြည်၊ စာအတွေ့ထက်- ငါတွေ့သာမည်တဲ့** ကိုယ်တိုင် တွေ့မှမှန်တယ်၊အဲဒါဖြင့် ရာဂမီးဟာတော့ ဟုတ်ပြီ၊ ဒေါသမီးကကော သက်သာမယ်ထင်သလား၊ ဒေါသမီးက

ဒေါသေန ဟိ စဏ္ဍဇာတိတာယ ဒေါသသဗ္ဗိသံ နိရယံ ဥပပဇ္ဇန္တိ။

ဒေါသကိလေသာမီးလောင်တော့ ဘယ်သွားသလဲ၊ ငရဲပြည်တဲ့၊ အဲ တို့ဒကာ ဒကာမတွေ သိပ်ကြောက်တဲ့ဘုံပေါ့၊သိဉ္ဇိုဝ်း,ကာလသုတ်, သင်္ဃာတ, ရောရုဝ, မဟာရောရုဝ, တာပန, မဟာတာပန, အဝီစိ ငရဲကြီးရှစ်ထပ်၊ ငရဲငယ်တရာနှစ်ဆယ့်ရှစ်ထပ်၊ လောဟကုမ္ဘိငရဲ, လောကန္တရိက်ငရဲ, ပဟာသငရဲ, ဗိငရဲတွေဟာ အဟုတ်ကြောက်တို့ ကောင်းတာ မသိကြလို့ မကြောက်ဘူးပေါ့၊ တကယ်သိလျှင် သိပ် ကြောက်စရာကောင်းတာ၊ အယုတ်ဆုံးကွယ် အနီးဆုံး, အငယ်ဆုံး သိဉ္ဇိုဝ်းငရဲ၊ လူ့ပြည်ကနေပြီး ရေတွက်မယ် ဆိုလျှင် ယူဇနာ တသောင်းနှင့်ငါးထောင် ခြားတယ်၊ လူ့ပြည်အောက် ယူဇနာ တသောင်းငါးထောင်လောက် ကွာဝေးတဲ့ နေရာမှာ သိဉ္ဇိုဝ်းငရဲ ရှိတယ်၊ သိဉ္ဇိုဝ်းငရဲမှာ တနေ့ကျရမယ်ဆိုလျှင် နည်းတာမဟုတ်ဘူး၊ သိဉ္ဇိုဝ်းငရဲသက် တနေ့ဆိုလျှင် လူတို့ အရေ အတွက်အားဖြင့် ဘယ် လောက်ရှိသလဲဆိုတော့ လူ့ပြည်မှာ အနှစ်ငါးဆယ် ဟိုစတုမဟာ ရာဇိနတ်ပြည်မှာ တရက်၊ ဒီလိုရက်ပေါင်း ၃၀-တလ, လပေါင်း ၁၂ တနှစ်၊ အဲဒီနှစ်မျိုးနဲ့ နှစ်ပေါင်းငါးရာ (၅၀၀)ဟာ စတုမဟာရာဇိ နတ်သက်ဘဲ၊ စတုမဟာရာဇိနတ်သက် အနှစ်ငါးရာဟာ လူတို့၏ နှစ် အရေ အတွက်အားဖြင့် အနှစ်ကိုးသန်း (၉၀၀၀၀၀၀) ရှိတယ်၊ အဲဒီ စတုမဟာရာဇိ နတ်သက်နှစ် ငါးရာ၊ လူ့အရေအတွက်အားဖြင့် အနှစ် ကိုသန်းဟာ သိဉ္ဇိုဝ်းငရဲမှာ တရက်ဘဲ ရှိသေးတယ်၊အဲတာ သေသေ ချာချာတွေးကြည့်၊ ငရဲများကျသွားမယ်ဆိုလျှင် ပြီးပါရော မလာနိုင် တော့ဘူး၊ ဒါကြောင့် မြတ်စွာဘုရား ကာဏကဏ္ဍပသုတ် ဟောတာ ပေါ့၊ဘယ်နည်းနှင့်မှအပေါယ်ဆင်းရဲ ငရဲတကြိမ်မျှကျသွားလျှင် နောက် တဖန် ပြန်တက်ဘို့ရာ မျှော်လင့်ချက်မရှိသလောက်ဘဲ ကြောက်ဘို့

ကောင်းတယ်၊အဲဒါဘာလဲဆိုတော့ ဒေါသရာဂမီး, ဒေါသမီးလောင်လို့ ငရဲကျတာ၊ ဒါဖြင့် အမှတ်တမဲ့နေတယ် အမှတ်တမဲ့နေတယ် ဆိုတာ၊ ခုနတုန်းက ဂရုမစိုက်ဘူး၊ကြားလဲအမှတ်တမဲ့နေတယ် ဂရုမစိုက်ဘူး၊ နံ့လဲ အမှတ်တမဲ့ နေတယ် ဂရုမစိုက်ဘူး၊ စားလဲ အမှတ်တမဲ့ စားတယ်၊ ဂရုမစိုက်ဘူး၊ ကိုယ်နဲ့တွေ့လဲ အမှတ်တမဲ့ နေတယ်၊ ကြံလဲ အမှတ်တမဲ့ကြံ၊ အဲဒီ အမှတ်တမဲ့နေတာ မောဟပေါ့၊ မောဟမီးလောင်တာပေါ့၊ မောဟမီးလောင်တော့ကော သက်သာပါ့မလား။

မောဟေန ဟိ မုယှန္တ သဘာဝတာယ တိရစ္ဆာန ယောနိယံ ဥပပဇ္ဇန္တိ။

မောဟက-တိရစ္ဆာန်ပြည်နှင့် အသုရကာယ် ပြည်သွားမယ် အဲဒါ ဘယ်လောက် ကြောက်ဖို့ ကောင်းသလဲ၊ ဒါဘယ်က သွားတာတွေလဲ၊ ရာဂမီးလောင်တယ်၊ ဒေါသမီးလောင်တယ်၊မောဟမီးလောင်တယ်၊ ဘယ်မှာ လောင်နေသလဲ ဘုရားကသာ လောင်တယ် ပြောတာ တို့လောင်မှမလောင်ဘဲဆို ဘယ်တတ်နိုင်မလဲ၊ တကယ် လောင်တာ ကိုယ်ပိုင်ဉာဏ်နှင့်ကြည့်၊ ဘယ်လောက် ကြောက်ဖို့ ကောင်းတယ် ဆိုတာ မျက်စိမှာလောင်တာ အဆင်းမှာ လောင်တာ မြင်သိလုံးမှာ လောင်တာ အဲအတွေ့ ဖဿမှာလောင်တာ ဟောခံစားမှု ဝေဒနာမှာ လောင်တာ အဲရာဂမီး,ဒေါသမီး, မောဟမီး လောင်ပုံ ဒီမီးနှင့်ငြိမ်း သွားမလားဆိုတော့ မငြိမ်းသေးဘူးတဲ့ မီးသုံးမီးတွင် မကသေးဘူး။

ကေန-အဘယ်မီးဖြင့်၊ အာဒိတ္တံ-လောင်သနည်း၊ ဇာတိယာ-ပဋိသန္ဓေနေခြင်းဟူသော မီးဖြင့် ပဋိသန္ဓေနေတဲ့မီး လောင်လိမ့် အုံးမယ်၊ အဲ ဇရာယ-အိုခြင်းဟူသောမီးဖြင့်၊ ပဋိသန္ဓေနေ အိုရမှာပေါ့၊ အိုရုံနှင့် ပြီးတာမဟုတ်ဘူး၊ မရဏေန-သေခြင်းဟူသောမီးဖြင့်၊ ဟောပဋိသန္ဓေနေတဲ့မီး, အိုတဲ့မီး, သေတဲ့မီးတွေ လောင်အုံးမယ်တဲ့၊ ဒါနဲ့ ပြီးသေးသလား၊ မပြီးသေးဘူးတဲ့ ဘာတဲ့လဲ သောကေဟိ-စိုးရိမ်ခြင်း တည်းဟူသောမီးတို့ဖြင့်၊ စိုးရိမ်ခြင်းဆိုတဲ့ သောကမီးဆိုတာ ဘယ်မှာလောင်သလဲ၊ အခုအားလုံး အသိပေါ့၊ဆွေမျိုးဉာတိ သားသမီး ပစ္စည်း ဥစ္စာ ဘဏ္ဍာအရပ်ရပ်တို့၏ ပျက်စီးမှုကြောင့် ငိုကြွေးရတဲ့ စိုးရိမ်ရတဲ့မီးကြီး သောကမီးခေါ်တယ် အဲဒါလဲ လောင်တာဘဲ၊ ပရိဒေဝေဟိ-ငိုကြွေးခြင်း တည်းဟူသော မီးတို့ဖြင့် သားကြောင့် သမီးကြောင့် ဆွေကြောင့်

မျိုးကြောင့် ပစ္စည်း ဥစ္စာ ဘဏ္ဍာ အရပ်ရပ်တို့ကြောင့် ငိုကြွေးရတဲ့ မျက်ရည်ပေါက်ကြီးငယ် ကျရတဲ့ မိုးကြီးလဲ လောင်တာဘဲ၊ ဒါတင်လား မဟုတ်သေးဘူး၊ ဒေါမနဿေဟိ-နှလုံးမသာယာသော မိုးတို့ဖြင့် နှလုံးမရွှင်, မပျော်ရွှင်,မသာယာတဲ့ မိုးပေါ့၊ ဒုက္ခေဟိ-ဆင်းရဲခြင်းတည်းဟူသော မိုးတို့ဖြင့် အဲ ဆင်းရဲခြင်းတည်းဟူသော ဒုက္ခမိုးလဲ လောင်မယ်တဲ့၊ဥပါယာသေဟိ-သက်ကြီးရှိက်ငင်ပြင်းစွာပင်ပန်းခြင်းတည်းဟူသော မိုးတို့ဖြင့် ဥပါယာသမိုး ဆိုတာ အပြင်းထန်ဆုံးပေါ့၊ ဘာ့ကြောင့်လဲ သားကြောင့် သမီးကြောင့် ဆွေကြောင့် မျိုးကြောင့် ပစ္စည်းဥစ္စာ ဘဏ္ဍာ အရပ်ရပ်တို့ကြောင့် ပြင်းစွာပင်ပန်းတဲ့ မိုးကြီးလဲ လောင်ရမယ်တဲ့၊ အဲဒါ ဘယ်မှာ လောင်တာလဲ အခုနက ပြောတဲ့ မျက်စိပေါက်မှာ လောင်တဲ့ မိုးပေါ့၊ မျက်စိပေါက်ကို စွဲပြီးတော့ လောင်တဲ့ မိုးဆိုးကြီး ၁၁-ပါး၊ ရာဂမိုး, ဒေါသမိုး, မောဟမိုး, ဇာတိမိုး, ဇရာမိုး, မရဏမိုး, သောကမိုး, ပရိဒေဝမိုး, ဒုက္ခမိုး, ဒေါမနဿမိုး, ဥပါယာသမိုး, မိုး ၁၁-ပါး၊ အဲဒါ ကိုယ်ပိုင် ဉာဏ်နဲ့ ကြည့်ကြ၊ တကယ်လောင်တာ၊တကယ်လောင်တဲ့ မိုးဆိုးကြီး အင်မတန်ကြောက်ဘို့ကောင်းတာပေါ့၊ သံသရာဝဋ်ဆိုးကြီး မိုးဆိုးကြီး လောင်နေတာ။

အဲတာ မျက်စိမှာ လောင်တာသာ ဘုန်းကြီးပြတယ်၊ ခု မျက်စိမှာ လောင်သကဲ့သို့ ယောဂီများကိုယ်ပိုင် ဝိပဿနာဉာဏ်ကလေးနဲ့ မတွေ့မဝေ အာရုံပိုက်ပြီး နှလုံးသွင်းကြည့်လျှင် နားမှာလဲ ၁၁-ပါးမိုးလောင်တယ်၊ နှာခေါင်းပေါက်ကလဲ ၁၁-ပါးမိုးတွေ လောင်တယ်၊ လျှာပေါက်ကလဲ ၁၁-ပါးသော မိုးတွေ လောင်တယ်၊ ကိုယ်ပေါက်ကလဲ သည်လိုဘဲ၊ ၁၁-ပါးသောမိုးတွေလောင်တယ်၊ မနောပေါက်ကလဲ သည်လိုဘဲ ကြီးသိလုံးကလေးထဲမှာလေ မကြီးဝံ့အောင်ဘဲ ကြီးလိုက်လျှင် ဟော မိုး ၁၁-ပါး ပါလာတယ်၊ ဘာဖြစ်လို့လဲ။

> မနော အာဒိတ္တော၊ ဓမ္မာ အာဒိတ္တာ၊ မနောဝိညာဏံ အာဒိတ္တံ၊ မနောသမ္ဖဿော အာဒိတ္တော။ ယမိဒံ မနော သမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ၊ တမ္ပိ အာဒိတ္တံ၊ ကေန အာဒိတ္တံ၊ ရာဂဂ္ဂိနာ ဒေါသဂ္ဂိနာ မောဟဂ္ဂိနာ အာဒိတ္တံ၊ ဇာတိယာ ဇရာယ မရဏေန သောကေဟိ ပရိ

ဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ အာဒိတ္တန္တိ ဝဒါမိ။

အဲကြိသိလုံးလေး အိပ်ရာထဲမီးတွေလောင်နေတာ မသိဘူး၊ ကိုယ့် အိပ်ရာထဲ ငါအိပ်ရာထဲနေတာဘဲလို့ ထင်တယ်၊ ထင်ကြတာပေါ့၊ အဲဒီ အိပ်ရာထဲ အိပ်နေတာ မီးလောင်နေတယ်၊ ၁၁-ပါးသောမီး ကြိသိလုံး ထဲမှာ၁၁-ပါးသော မီးတွေလောင်နေတာ ဘယ်လောက်ကြောက်ဖို့ ကောင်းသလဲ၊ အဲဒါ အင်မတန်ကြောက်ဘွယ် လန့်ဘွယ် ထိတ်ဘွယ် ကောင်းပါတယ်၊ အဲဒီလိုကြောက်စရာ လန့်စရာ ထိတ်စရာ မီးဆိုးကြီး မမြင်လို့ ထွဋ်ခေါင် ဆရာတော် ဘုရားကြီးက လက်ရှော့ပြီးတော့ ရေးထားတယ်။

**လောင်မှန်းမသိ၊ မောဟာဘိ၊ မိမိမိုက်လှပြီ။**
**ပိုးဖလံမျိုး၊ မီးကိုတိုး၊ ကိုယ်ကျိုးနည်းလှပြီ။**

အားလုံးသတ္တဝါ အနန္တ မိမိတို့ ခြောက်ဒွါရမီးတွေ လောင်နေတာ မသိကြဘူးနော်တဲ့၊ အဲ မီးလောင်ရုံတင်လားတဲ့ ပိုးဖလံကောင်ကဲ့သို့ သင်းတို့လဲ အတင်းတိုးနေကြတာဘဲ၊ အဲဒါ ခုဘ္ဘူယောဂီတွေ သိရော ပေါ့၊ မိမိတို့ကိုယ်တိုင် ဒီမီးတွေကို ပိုးဖလံကောင် တိုးသလို ခုပြောတဲ့ ၁၁-ပါးသော မီးတောက် မီးလျှံတွေ ကိုယ်တိုင် တိုးလာခဲ့ကြတယ် မဟုတ်လား ပြောသံကြား မဟုတ်ဘူးလေ၊ ကိုယ်ပိုင်ဉာဏ်နဲ့ကြည့်၊ ကိုယ်တိုင် တိုးကြတယ်၊ အဲလောင်မှန်း မသိလို့ တိုးတာပေါ့။

အခုမြတ်စွာဘုရား ကိုယ်တော်မြတ် ဥရုဝေလ အမှူးရှိသော ရသေ့ ညီနောင် ရှင်တထောင်ကို ဟောလိုက်တဲ့အခါကျတော့ ရသေ့ညီနောင် ရှင်တထောင် ခြောက်ဒွါရ၏ အပြစ်အာဒိနဝ လောင်မြိုက်နေတဲ့ မီး ဆိုးကြီး မြင်ကြတဲ့ အတွက်ကြောင့် အင်မတန်ကြောက်ပြီး ထိုမီး တောက် မီးလျှံ မီးဆိုးကြီးမှ တချက်ထဲ လွတ်မြောက်အောင် တထိုင် တည်း တနေရာတည်းမှာ ဘုရားကိုယ်တော်မြတ် ညွှန်ကြားတဲ့ သစ္စာ လေးပါး တရားကို တခါထဲ တွေ့မြင်သွားတယ်၊ သီလမဂ္ဂင် ၃-ပါး, သမာဓိမဂ္ဂင် ၃-ပါး, ပညာမဂ္ဂင် ၂-ပါး တည်းဟူသော မဂ္ဂင် ၈-ပါး အကျင့်နှင့် သစ္စာ ၄-ပါး တပြိုင်နက် မြင်ပြီးတော့ အရိယာတွေ တခါထဲ ဖြစ်သွားကြတယ်၊ မီးဘေးမှ တခါထဲ လွတ်သွားတယ်၊ မြတ်စွာဘုရား

ကိုယ်တော်မြတ်ကြီး ဟောလိုက်တော့ တချက်ထဲ ၁၁-ပါးသောသီးတွေ လောင်တာမြင်လိုက်တော့ ခုနကပြောတဲ့ သမ္မာသနညာဏ်က ရုပ်မှန်း နာမ်မှန်းသိ ဥဒယဗ္ဗယညာဏ်က ဖြစ်ပျက်သိလို့ ဘင်ညာဏ်က အပျက်တွေမြင် အာဒီနဝက အပြစ်တွေမြင် နိဗ္ဗိန္ဒကငြီးငွေ့ မုစ္စိတုကမျတာ ညာဏ်က ရုပ်နာမ်မှ လွတ်ချင်တဲ့ စိတ်တွေပေါ် ပဋိသင်္ခါရ ညာဏ်က အားတိုက်ရှု၊ တထိုင်ထဲ အားထုတ်ရှုလိုက်တာ သင်္ခါရုပေက္ခာညာဏ်, အနုလောမညာဏ်တက်ပြီးတော့ မဂ်ကို တခါထဲ ဆိုက်သွားတာ အရိယာတွေ အကုန်ဖြစ်သွားကုန်တာပေါ့၊ အင်မတန် ကြောက်ထာကိုး၊ တကယ်မြင်သွားတာ။

တို့ယောဂီတွေ တကယ်တမ်းမြင်ပြီးတော့ တကယ်တမ်း ကြောက်ပါစေလို့ ဘုန်းကြီးက ခုနက သံသရာဝဋ်ကို ဟောတဲ့အတိုင်း သံသရာဝဋ်ဟာ တကယ်ကြောက်ဘို့ကောင်းဘာနော်၊ အဲဒီ သံသရာ ဝဋ်ဆိုးကြီးကို တကယ်တမ်း ကြောက်တဲ့ ပုဂ္ဂိုလ်များ ဒါနလှူလျှင်လဲ နိဗ္ဗာန်ရနိုင်တယ်၊ သီလစောင့်လျှင်လဲ နိဗ္ဗာန်ရနိုင်တယ်၊ ဘာဝနာ အလုပ်အားထုတ်လျှင် ကကယ် နိဗ္ဗာန်ရနိုင်တယ်၊ ဘာပြုလို့လဲ၊ အဝိဇ္ဇာမှ မရှိဘဲ၊ ဒီသံသရာဝဋ်ဆိုးကြီး မြင်တာက ဝိဇ္ဇာညာဏ် ထိုသံသရာဘေးဆိုးကြီး မမြင်တာက အဝိဇ္ဇာ၊ ဟော အဝိဇ္ဇာက ဖုံးထားတော့ တဏှာ ဝင်လာရော တဏှာ ဆိုလျှင် ဘယ်သူလဲ သမုဒယလေ သမုဒယ တဏှာ၊ သစ္စာလေးပါးမှာ သမုဒယ တဏှာဟာ အဆိုးဆုံးပေါ့၊ အဲ ဒါကြောင့် သစ္စာ လေးချက် တပြိုင်နက် မြင်တယ်ဆိုတာ သမုဒယသစ္စာတဲ့၊ ဒုက္ခသစ္စာဖြစ်ထာ ဘယ်သူ့ကြောင့်လဲ ဟေ့ ဆိုတော့ သမုဒယကြောင့်။ အဲဒီသမုဒယကြောင့် ဒုက္ခဖြစ်တာ၊ကောင်းပြီ နိဗ္ဗာန်ရတာဘယ်သူ့ကြောင့်လဲ ဆိုတော့ မဂ္ဂသစ္စာတဲ့၊ အဲ သစ္စာလေးပါးပေါ့။

ဒါကြောင့် ခု အဝိဇ္ဇာကကာကွယ်လိုက်တော့ တို့ဒကာ ဒကာမတွေ ဒါနတခုလှူလိုက်မယ်၊ ဟောဒီဒါန အကြောင်းခံ ပြုပြီးတော့ အဝိဇ္ဇာက ကာထားလိုက်ရော၊ ကာလိုက်တော့ ဘာဖြစ်သွားသလဲ၊ လောကကြီးမှာ ဘာသမ္ပတ္တိတွေ, ဘောဂသမ္ပတ္တိတွေ မက်မောလူ့စည်းစိမ်, နတ်စည်းစိမ်, ဗြဟ္မာစည်းစိမ်, လူချမ်းသာ,နတ်ချမ်းသာ, ဗြဟ္မာချမ်းသာ, လူလောက, နတ်လောက, ဗြဟ္မာလောက၊ အဲဒီဘုံ

၃-ပါးကို အကောင်းအမွန် အမြတ်တနိုးထင်အောင် အဝိဇ္ဇာက ကာကွယ်ထားလိုက်တော့ ဒုက္ခသစ္စာကို မတွေ့ဘူး မမြင်ဘူး၊ မတွေ့မမြင်တော့ သမုဒယဝင်ပြီး လိုချင်ရော၊ ဟော လိုချင်တဲ့ပုဂ္ဂိုလ် သမုဒယတဏှာ ရစ်ပတ်ပြီးတော့ ဒါနနဲ့ဒုက္ခတွေ့ရမယ်၊ဘာဖြစ်လို့လဲ လူ့ပြည်ရမှာကိုး၊ ဒါနကြောင့်လူ့ပြည်ရမယ်၊ လူစည်းစိမ်, လူမင်း လူမိဖုယားတွေ, နတ်မင်းနတ်မိဖုယားတွေ ဖြစ်ကြမှာကိုး၊ ဖြစ်တော့ ဘာတွေလဲ ခုနကပြောတဲ့ ဇာတိဒုက္ခ, ဇရာဒုက္ခ, ဗျာဓိဒုက္ခ, မရဏဒုက္ခဘေးဆိုးကြီးတွေနှင့် တွေ့ရောပေါ့၊ ဘယ်သူကြောင့် တွေ့ရသလဲ သမုဒယတဏှာကြောင့်၊ အဲဒါ အဝိဇ္ဇာခေါ်တယ်၊ အဲခု ဝိဇ္ဇာဉာဏ်ရအောင် အားထုတ်၊ ဝိဇ္ဇာဉာဏ်ရသွားပြီ၊ ဝိဇ္ဇာဉာဏ်နှင့်မြင်သွားပြီ၊ ဒုက္ခကြီးကို၊ အဲ ဥရုဝေလအမျိုးရှိသော ရသေ့ညီနောင် ရှင်တထောင် ဒုက္ခဘေးက လွတ်အောင်ပြေးတော့ တချက်ထဲ လွတ်သွားတယ်၊ အဲဟိုပုဂ္ဂိုလ်တွေ လွတ်သကဲ့သို့ တို့ယောဂီတွေလဲ လွတ်စေချင်လို့ ဟောတာဘဲ၊ လွတ်နိုင်,မလွတ်နိုင် သိချင်လွတ်ထိုက်ပါတယ်၊ ဘာပြုလို့လဲ ဆိုတော့ တို့ဥပမာတွေ အမျိုးမျိုးနဲ့ပြဘူးတယ်။

**ဥပမာ**– လူတယောက်ဟာ ညဦးယာမ်က ဆီဦး ထောပတ် အမြိုက်အရသာတွေကို ဝအောင်စားသောက်ပြီး ရွှေရာ ခုတင် ခြင်ထောင်တို့နှင့် ကောင်းမွန်စွာ အိပ်လိုက်တာ ခတ်လေးပါးမျှတည်ညွတ်တဲ့အခါ အားရပါးရ စိတ်ချလက်ချ အိပ်ပျော်တာပေါ့၊အဲ အိပ်တဲ့ပုဂ္ဂိုလ် မပျော်ဘူးလား,ပျော်သလားဆိုတာကိုယ်ပိုင်ဉာဏ်နဲ့ကြည့်၊ အမှန်ပျော်တယ်၊ အပျော်ကြီးပျော်အမွေ့ကြီးမွေ့ သွားတာပေါ့၊ဒီအိပ်ပျော်နေတဲ့ပုဂ္ဂိုလ်တယောက်ဘာသိသလဲ၊ လောကကြီး ဘာမှမသိဘူး၊ အိပ်ပျော်နေတာ၊ အဲဒီလို အိပ်ပျော်နေတဲ့ပုဂ္ဂိုလ်သည် ဘာမှန်းမှမသိဘဲ အိပ်ပျော်နေစဉ် ဖြုံးဆို အိပ်ရာကနိုး၊အိပ်ရာကနိုးလို့မျက်စိနှစ်လုံးဖွင့်ကြည့်လိုက်တော့ လားလား, သူ့အိမ်မှာ မီးလောင်နေတယ်၊ မီးတောက်မီးလျှံကြီးကို နည်းတာမဟုတ်ဘူး၊ တကထဲထိန်ထိန်လင်းနေတာပေါ့၊ အဲဒီလို မီးတောက်ကြီးမြင်တော့မှ ငါ့အိမ် မီးလောင်နေပါလားဆို ကမျာကရာအိပ်ရာကလူးလဲထပြီး ပြေးမယ်လို့ကြံပြန်တော့ မီးက ဟိုတံခါးဝ လှေခါး

ပေါက်ကနေပြီးတော့ ဝိတ်လောင်လာတာကိုး၊ တကထဲ ပြေး ပေါက်ကိုမရှိဘူး၊ တခါဖြင့်ခက်တော့တာဘဲ၊ အဲဒီနေရာမှာ ကိုယ်ပိုင်ဉာဏ်နှင့်ကြည့်၊ ဒီလိုပြေးပေါက်မရှိလို့ လှေခါးဝက ဝိတ်လောင်လာဘာ အသေခံမလားဆိုတော့ မခံဘူး၊တကယ် လောင်မှန်းသိတော့ ဘယ်အသေခံမလဲ အိမ်ဦးခန်းကပြူတင်း ပေါက်ဖွင့်ပြီးသကာလ အတင်း ခုန်ဆင်းတာပေါ့ ခုန်ဆင်း တော့မှ အောက်လဲရောက်ကရော တခါထဲ အင်မတန်ကြောက် ထာကိုး ပြေးတာပေါ့၊ပြေးတော့ မီးဘေးနဲ့ကင်းဝေးသွားဘယ်၊ ဒီတော့ ပြန်ကြည့်တယ်၊သူ့အိမ်မီးတွေလောင်နေတာ မြင်တာ ပေါ့၊အခယ်လေး ငါပြေးခင်လို့သာပေါ့ကွယ်,ငါများ အိပ်ရာက မနိုးလို့ မပြေးရလျှင်တော့ ဒီမီးကြီးဟာ ဧကန်ငါ့ကို ဝါးသွား မှာဘဲ၊ ဟောဒီမှာ တဖန် ပြန်ပြီးဘော့ ဝမ်းမြောက်ရတယ်တဲ့၊ အဲဒါ ဥပမာပြောတာ။

ဒီဥပမာကလေးကို မမေ့အောင် အသက်ထက်ဆုံး မှတ်ကြပေါ့၊ အခုပြောတဲ့ ဥပမာနဲ့ဟပ်ပြီးတော့ အခုယောဂီပုဂ္ဂိုလ်များ ဘဝဘဝါ, ကမ္ဘာ့ ကမ္ဘာ,သံသရာအဆက်ဆက်က မောဟတည်းဟူသော အိပ် ပျော်ခြင်းဖြင့် အိပ်ပျော်လာခဲ့ကြတာ အဲဒါ သူများပြောသံ ကြား နှင့်တော့ မပြီးဘူး၊ ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင်ကြည့်၊ကိုယ့်ကိုယ်ကို ပြန်ကြည့်၊ ငါတို့သည် အခုန် အဝိဇ္ဇာတည်းဟူသော မောဟ အိပ် ပျော်ခြင်းဖြင့် အိပ်ပျော်လာခဲ့ကြတဲ့အတွက် မိမိတို့ ခ္ခါရခြောက်ပါး အိမ်ကြီးပမာ မျက်စိ,နား,နှာခေါင်း,လျှာ,ကိုယ်, မနော, ခြောက်ခ္ခါရ အိမ်ကြီး ငါဆောက်ထားတဲ့အိမ်ကြီးပေါ့၊ အဲဒီခြောက်ခ္ခါရမှာ တထိန် ထိန် တပြောင်ပြောင် တဆဲ့တပါးသော မီးတောက်မီးလျှံကြီး တောက် လောင်နေတာကို မမြင်ဘဲလာခဲ့ဘာ မောဟဘည်းဟူသော အိပ်ပျော် ခြင်းဖြင့် တကယ့်ကိုအိပ်ပျော်လာလို့ မမြင်တာမဟုတ်လား၊ ဒါ ငြင်းစရာမလိုပါဘူး၊ တကယ့် ကိုယ့်ကိုယ်တိုင်သိ၊ သူများပြောစရာ မလိုပါဘူး၊ မိမိတို့သည် မောဟတည်းဟူသော အိပ်ပျော်ခြင်းဖြင့် အိပ်ပျော်လာခဲ့တဲ့အတွက် ခြောက်ခ္ခါရမှာ တကယ်လောင်မြိုက်နေတဲ့ မီးတောက်မီးလျှံကြီးကို မမြင်တာအမှန်ပေါ့။

အဲအခါ ဘုရားကိုယ်တော်မြတ်ကြီး သာသနာနဲ့ ကြုံတွေ့လာတဲ့အခါ မြတ်စွာဘုရားကိုယ်တော်မြတ်က အိပ်ရာကနိုးလိုက်တယ်၊ နိုးလိုက်တဲ့အခါကျတော့ ယောအိပ်ရာက အိပ်သောယောကျ်ား နိုးသော်လား ကဲ့သို့ ဘဝသံသရာက မောဟတည်းဟူသော အိပ်ပျော်ခြင်းဖြင့် အိပ်ပျော်လာခဲ့တာ အခု ဝိဇ္ဇာဉာဏ်အလုပ်နဲ့ အားထုတ်ကြပေါ့၊ ဝိဇ္ဇာဉာဏ်အလင်းလေ အဲ ဝိဇ္ဇာမျက်စိနဲ့ ဖွင့်ကြည့်လိုက်တော့ သိပြီမဟုတ်လား၊ တကယ်လောင်နေတာရာဂမီး, ဒေါသမီး, မောဟမီး, ဇာတိမီး, ဇရာမီး, မရဏမီး, သောကမီး, ပရိဒေဝမီး, ဒုက္ခမီး, ဒေါမနဿမီး, ဥပါယာသမီး ဆိုတဲ့ တဆဲ့တပါးသောမီး အဟုတ်လောင်နေတာ တကယ်မြင်ကြပြီပေါ့၊ အဲ တကယ်မြင်တော့ကာ တကယ်မပြေးဘဲ လွတ်ပါ့မလား လို့ ဒီအိမ်ပေါ်မှာ ဖွတ်အတင်းနေကြမယ်ဆိုလျှင် ဒီမီးဘေးက ဘယ်နည်းနှင့်မှ မလွတ်ဝေးနိုင်ဘူး၊ ဒီတော့ ဒီအိမ်ပေါ်က လွတ်အောင် ပြေးမှ မီးဘေးကလွတ်မယ်မဟုတ်လား၊ ဒီတော့ အိမ်ပေါ်က လွတ်အောင် ပြေးတဲ့ရာ လမ်းပေါက်ကို ရှာတဲ့အခါကျတော့ တို့မြတ်စွာဘုရားကိုယ်တော်မြတ် ပေးခဲ့တဲ့ လမ်းကြောင်းကြီး တွေ့ပြီမဟုတ်လား၊ ဘယ်သူလဲ ယခု ယောဂီများကိုယ်တိုင် အားထုတ်နေတဲ့ သီလမဂ္ဂင် သုံးပါး ကာယကံမှု, ဝစီကံမှုပေါ့။

သီလမဂ္ဂင်သုံးပါးဆိုတော့ အသူးအဆန်း အောက်မေ့နေကြတယ်၊ မထူးဆန်းပါဘူး၊ သီလမဂ္ဂင်သုံးပါးဟာ ဝစီကံလေးပါး,ပါဘဲ၊ မုသား မပြောဘူး၊ ကုံးမချောဘူး, သူနှစ်ယောက်တို့၏အချစ်ကိုမလိုမုန်းထားကုံးချော စကားမပြောဘူး၊ ကြမ်းတန်းရုန့်ရင်းတဲ့စကားတွေ မဆိုဘူး၊ ပြိန်ဖျင်းတဲ့စကား မပြောဘူး၊ ဒါဟာ ဝစီကံလေးပါးခေါ်တယ်၊ ဝစီဒုစရိုက်လေးပါးကို ကြဉ်ရှောင်ခြင်းသည် သမ္မာဝါစာမဂ္ဂင်သီလ ခေါ်တယ်၊ သူ့အသက်မသတ်ဘူး၊ သူ့ဥစ္စာမခိုးဘူး၊ သူ့သားအိမ်ရာမလွန်ကျူးဘူး၊ ဒါ ကာယကံသုံးပါးခေါ်တယ်၊အဲဒီ ကာယဒုစရိုက်ကို ကြဉ်ရှောင်တာက သမ္မာကမ္မန္တမဂ္ဂင်သီလ ခေါ်တယ်၊ သမ္မာဝါစာမဂ္ဂင်, သမ္မာကမ္မန္တမဂ္ဂင်၊ အဲသို့ ဒုစရိုက်-၇-ပါးနှင့် အသက်မမွေးဘူးလို့ မိစ္ဆာဇီဝမှကြဉ်ရှောင်လို့ ရှိလျှင် သမ္မာအာဇီဝမဂ္ဂင်တဲ့၊ အဲဒီ သီလမဂ္ဂင်သုံးပါးဟာ ဒုစရိုက်-၇-ပါးဘဲတဲ့၊ ပေါင်းလိုက်တော့ အဲဒီ ကာယကံ,ဝစီ

ကံဘဲ၊ ဒိကာယကံ,ဝစီကံ လုံခြုံလျှင် သီလမဂ္ဂင်သုံးပါး ဖြစ်တယ်တဲ့၊ သမာဓိမဂ္ဂင်သုံးပါး ဘယ်သူလဲ၊ ဧရယောဂီတွေအားထုတ်တဲ့ ဝီရိယ, သမ္မာဝါယာမမဂ္ဂင်၊ သတိထားရတာ ခန္ဓာထဲကတခြားထွက်မှာစိုးလို့၊ အဲဒီလို သတိထားတာက ဘယ်သူလဲ၊ သမ္မာသတိမဂ္ဂင်ပေါ့၊ ဝီရိယနှင့် သတိ၊ ဝီရိယနှင့်သတိလုံလောက်သဖြင့် သမ္မာသမာဓိဆိုတဲ့ ဧကဂ္ဂတာ တခုတည်းသောအာရုံကိုသာ ယူသည်ဖြစ်၍ တည်ကြည်ခြင်း, မပျံ့လွင့်ခြင်း ဧကဂ္ဂတာ၊ အဲအခု ဧကဂ္ဂတာသမာဓိက ခန္ဓာထဲက စိတ် တခြားမထွက်ရအောင် အာရုံပိုက်ပြီးတော့ နှလုံးသွင်းထားဘာ၊ ဒါသမာဓိမဂ္ဂင်ပေါ့၊ ဒါပေါင်းလိုက်တော့ သမာဓိမဂ္ဂင်သုံးပါးပေါ့၊ အဲဒါ သီလမဂ္ဂင်သုံးပါး, သမာဓိမဂ္ဂင်သုံးပါး၊ ယောဂီတွေလုပ်နေတာ ခြောက်ပါးရပြီ။

ပညာမဂ္ဂင်-၂-ပါး၊ ပညာမဂ္ဂင်-၂-ပါးက သမ္မာသင်္ကပ္ပ မဂ္ဂင်, သမ္မာဒိဋ္ဌိမဂ္ဂင်၊ သမ္မာသင်္ကပ္ပဆိုတာ ကောင်းစွာကြံခြင်း၊ ဘာကြံသလဲ၊နိဗ္ဗာန်ရောက်ကြောင်းတရား၊ဟော, ရုပ်နာမ်နှစ်ပါး, ရုပ်နာမ်နှစ်ပါးကို ဖေါ်ထုတ်ပြီးသကာလ ကြံစည်ပြုလုပ်တဲ့တရားတွေ မမြင်မြင် အောင် အနိစ္စအချက်, ဒုက္ခအချက်, အနတ္တအချက်တွေကို မထင်ထင် အောင် ကြံစည်တဲ့တရားဟာ သမ္မာသင်္ကပ္ပလို့ ခေါ်တာပေါ့၊ကောင်း စွာကြံခြင်းဆိုတာ နိဗ္ဗာန်အလို့ငှါကြံနေတာ၊အဲဒီလို ကြံစည်တဲ့အတိုင်း အမှန်အကန် ရုပ်နှင့်နာမ်ကိုတွေ့သဖြင့် ဟော သိသွားပြီ၊ ရုပ်နှင့်နာမ် အမှန်တွေ့သောကြောင့် ရုပ်နာမ်မှန်းသိသဖြင့် ငါမဟုတ်ဘူး ဆိုတဲ့ အနတ္တလဲ မိ၊ ရုပ်နာမ်တွေ့၍ ဖြစ်ပျက်ကိုသိသောကြောင့် အနိစ္စလဲမြင် ရုပ်နာမ်တွေ့ ဖြစ်ပျက်ကိုသိသောကြောင့် ဆင်းရဲခြင်းဒုက္ခတွေ့ ရုပ်နာမ် တွေ့ ဖြစ်ပျက်ကိုသိသောကြောင့် အစိုးမရအလိုမလိုက်ခြင်း ဟူသော အနတ္တတွေ့၊အနိစ္စ,ဒုက္ခ,အနတ္တ အဲဒီလက္ခဏာရေးသုံးပါးကို မြင်နေတဲ့ ဉာဏ်က ပညာမဂ္ဂင်နှစ်ပါးတဲ့၊ ဖြစ်ပျက်ကိုသိသဖြင့် အနိစ္စမှန်းသိ, ဒုက္ခမှန်းသိ, အနတ္တမှန်းသိ၊ အဲဒီလို လက္ခဏာရေးသုံးပါးကို ကကယ် သိနေတာ ဘာခေါ်သလဲ၊ ပညာမဂ္ဂင်နှစ်ပါး ခေါ်တယ်။

အဲဒါ သီလမဂ္ဂင်သုံးပါး၊ သမာဓိမဂ္ဂင်သုံးပါး၊ ပညာမဂ္ဂင်နှစ်ပါး၊ ဒီမဂ္ဂင်ရှစ်ပါးတရားကို ချန်လှပ်၍ ခုပြောတဲ့မီးဘေးက လွတ်နိုင်တဲ့ လမ်းမရှိဘူးတဲ့၊ ဘယ်မှာဟောခဲ့သလဲ မွေစကြာမှာဟောတယ်၊ မွေ

စကြာမှာ ဒီမဂ္ဂင်ရှစ်ပါးတရားကို ချန်လှပ်၍ သစ္စာလေးပါးသိသော တရား မရှိဘူးတဲ့၊ သစ္စာလေးပါးတရား မသိသမျှ နိဗ္ဗာန်ကို ဘယ်တော့မှမရ၊ နိဗ္ဗာန်မရသမျှကာလပတ်လုံး ဒီတဆဲ့တပါးသော မီး၏ လောင်ခြင်းမှ ဘယ်တော့မှမလွတ်၊ ဟုတ္တိဒီဘဝမှာ လောင်ပေတဲ့ ဟိုဘဝမှာ လောင်ချင်မှလောင်မှာပေါ့လို့ မတွေးနှင့်၊ လူ့ပြည်ရောက်လဲ ဒီမီးကြီးရှိတာဘဲ၊ နတ်ပြည်လဲ ဒီမီးဆိုးကြီးရှိတာဘဲ၊ ဗြဟ္မာပြည်ရောက်လဲ ဒီမီးဘေးကြီးဘဲ၊ ဘယ်မှာမှ ဒီမီးနှင့်မလွတ်ဘူး၊ ရာဂမီး, ဒေါသမီး, မောဟမီး, အဲခုပြောတဲ့ တဆဲ့တပါးသောမီးပေါ့လေ။

အဲဒီလိုမီးလောင်နေတဲ့ ဘဝကြီးကိုမြင်တော့ လွတ်အောင်ပြေးပေါ့၊ ခုနကတုန်းက ဥပမာလေးလေ တကယ်အိမ်မှာ လောင်မှန်းသိလို့ တကယ်ပြေးတော့ တကယ်လွတ်သလိုပေါ့၊ တို့ယောဂီပုဂ္ဂိုလ်တွေလဲ ခုနညွှန်ကြားလိုက်ပြီ မြတ်စွာဘုရားတရားတော်အတိုင်း ဟဲ့ တကယ် လောင်နေတယ်၊ တို့က တကယ်လောင်နေတယ်လို့ ပြောသော်လဲ ကြားရုံနဲ့ပြီးတာမဟုတ်ဘူး၊ ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင်တွေ့မှ အဲ မိမိတို့ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင်သိမှ ဒါကြောင့်"**ကိုယ်တိုင်တွေ့မှ–ချမ်းမြေ့သာကြည်၊စာအတွေ့ထက်–ငါတွေ့သာမည်**"စာ တွေ့ထက် ငါတွေ့မှသာမယ်တဲ့၊ ခုနပြောတာကစာတွေ့၊ ယောဂီများက ငါတွေ့ ကိုယ်တိုင်သိ၊ အဲဒီလိုကိုယ်တိုင်သိတော့ ဒီမီးဆိုးမီးဘေးကြီးမှ တကယ်တမ်း လွတ်ဝေးချင်လျှင် ဘာလုပ်ရမလဲ၊ ခုပြောတဲ့ သီလ မဂ္ဂင်-၃–ပါး, သမာဓိမဂ္ဂင်-၃–ပါး, ပညာမဂ္ဂင်-၂–ပါးဆိုတဲ့ မဂ္ဂင် ၈–ပါးကို အသက်ထက်ဆုံး လက်မလွှတ်ရဘူးတဲ့၊ လက်လွှတ်လျှင် မသက်သာဘူး၊ ဟာ လက်လွှတ်ပေတဲ့ ဘာမှကိစ္စမရှိဘူးလို့မထင်နှင့် မသက်သာဘူး၊ ဒါကြောင့်–

အသိစိတ်လျှင်၊ ကိလေစင်၊ ထင်မြင်နာမ်ရုပ်မှာ။
အသိကြဲလျှင်၊ ကိလေဝင်၊ မမြင်နာမ်ရုပ်မှာ။
အသိတလုံး၊ အရှိသုံး၊ အဆုံးနိဗ္ဗာန်သာ။

အဲဒါ အသိတရားကလေးကို အမြဲလက်ကိုင်ထားရတယ်၊ အသိ ကင်းသွားလျှင် ကိလေသာဝင်လာမယ်၊ အသိမရှိလျှင် ကိလေသာဝင်

အသိရှိလျှင် ကိလေသာမဝင်နိုင်ဘူး၊ ဘာပြုလို့လဲ နာမ်ရုပ်မြင်နေတာ အသိရှိတဲ့လူ နာမ်ရုပ်ကိုမြင်နေတယ်၊ အသိမရှိတဲ့လူ နာမ်ရုပ်ကိုမမြင်ဘူး၊ နာမ်ရုပ်ကိုမမြင်လျှင် ကိလေသာဝင်ပေါ့၊ ရုနသဲလွန်စ ပြသွားခဲ့တယ်မဟုတ်လား။

> မျက်စိပေါက်က နာမ်ရုပ်ကိုမြင် ဟော နာမ်ရုပ်မြင်လျှင် ငါ မဟုတ်ဘူးဆိုတဲ့ အနတ္တသိပြီ ဖြစ်ပျက်သိ၊ နားပေါက်က နာမ်ရုပ်မြင် အသိရှိလျှင် နာမ်ရုပ်မြင်တာပေါ့၊ နာမ်ရုပ်မြင် ဖြစ်ပျက်တွေ့ ဖြစ်ပျက်တွေ့ အနတ္တသိတာပေါ့။
>
> နှာခေါင်းပေါက်က နာမ်ရုပ်မြင်၊ နာမ်ရုပ်မြင် ဖြစ်ပျက်သိ၊ ဖြစ်ပျက်သိလျှင် ဟောအနတ္တလက္ခဏာ ဝင်သွားပြီ။
>
> လျှာပေါက်က နာမ်ရုပ်မြင် ဖြစ်ပျက်တွေ့ အနတ္တသိ၊ ကိုယ်ပေါက်က နာမ်ရုပ်မြင် ဖြစ်ပျက်တွေ့ အနတ္တသိ၊ မနောပေါက်က နာမ်ရုပ်မြင် ဖြစ်ပျက်တွေ့ အနတ္တသိ။

ဒါ ဥဒယဗ္ဗယ၊ ဥဒယဗ္ဗယဆိုတာ တခြားဟာခေါ်တာ မဟုတ်ဘူး၊ ရုပ်နာမ်ဘဲ၊ ခန္ဓာငါးပါးရုပ်နာမ်တရား၊ အဲဒီခန္ဓာငါးပါးရုပ်နာမ်တရား ဖြစ်ပျက်ကိုမြင်သမျှ ဝိဇ္ဇာချည်းဟဲဘဲ၊ မမြင်တော့ အဝိဇ္ဇာပေါ့၊ အဝိဇ္ဇာဟာ မိတ်ဆွေလား, မိတ်ဆွေမဟုတ်ဘူး ရန်သူအစစ်၊ ဝိဇ္ဇာညဏ်ကမှ မိတ်ဆွေအစစ်၊ အဲဒီတော့ ဒကာ,ဒကာမတွေ အဝိဇ္ဇာခွါ, ဝိဇ္ဇာကို ပေါင်း၊ အဲဝိဇ္ဇာနဲ့ တသက်လုံးပေါင်းသင်းပြီးသကာလသွားလျှင် ခုပြောတဲ့ မီးဘေးကြီးက ဧကန်မလွဲလွတ်မယ်တဲ့၊ ယခုပြောတဲ့ မီးဆိုးမီးဘေးကြီး သံသရာဘေးဆိုးကြီးကို တကယ်တမ်းလွတ်လိုလျှင် အဲ လွတ်လိုတဲ့ပုဂ္ဂိုလ်သည် ရုပ်နာမ်ကိုမြင်ရ၊ ရုပ်နာမ်ကိုမြင်တွေ့လျှင် ဟော အနိစ္စ,ဒုက္ခ,အနတ္တလက္ခဏာရေး သုံးပါး ဝိပဿနာညဏ်အမြဲရ၊ ထိုဝိပဿနာညဏ် ရတဲ့ပုဂ္ဂိုလ်သည် ဤဘဝ, ထိုဘဝ ဘယ်တော့မှ အပါယ်မလားဘူးတဲ့၊ ဒါကြောင့်။

> ဣမိနာပနညာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ။

အဲဒါကြောင့် တချို့ကအောက်မေ့ကြတယ်၊ ပရိယတ္တိဂုဏ်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေက ရုပ်တွေနာမ်တွေ ကျက်ထားတော့ ရတာပေါ့၊သူတို့ရုပ်တွေနာမ်တွေ ကျက်ထားလို့ရတော့ သူတို့ကိုယ်သူတို့ ရှုဋ္ဌသောတာပန်တောင်ထင်တယ်၊ မှားလိုက်ထာမှ သွက်ချာပါတော လိုက်နေတာပေါ့၊ ဘာဟုတ်မလဲ သူတို့တွေ့တဲ့ရုပ်နာမ်က သုတမယဉာဏ်နှင့်တွေ့တဲ့ရုပ်နာမ်။ တို့ယောဂီတွေတွေ့တဲ့ ရုပ်နာမ်က ဝိပဿနာဉာဏ်နှင့်တွေ့တဲ့ ရုပ်နာမ်၊ဒီတော့ သုတမယဉာဏ်နှင့်တွေ့တဲ့ ရုပ်နာမ်နဲ့ ဝိပဿနာဉာဏ်နှင့်တွေ့တဲ့ ရုပ်နာမ်အင်မတန်ကွာခြားပါတယ်၊အဲ ဝိပဿနာဉာဏ်နှင့်တွေ့တဲ့ရုပ်နာမ်မှ တကယ်အစစ်ရှုဋ္ဌသောတာပန်လို့ ဘုရားဟောတယ်၊ အဲ ရှုဋ္ဌသောတာပန်ဆိုလျှင်လဲ ဝမ်းနည်းစရာ မလိုပါဘူး၊ မဟာသောတာပန်ဖြစ်ဘို့ရာ ဘယ်လောက်မှ မဝေးတော့ဘူး၊ ဘာပြုလို့လဲ ဇိမ်ရွှေမင်းသားရာထူးကို ခန့်လိုက်ကထဲက စိတ်ချတော့၊ ထိုဇိမ်ရွှေမင်းသားသည် မြေကြီးလက်ခါးနှင့်ပုတ် လွဲရင်လွဲမယ်၊ ရှင်ဘုရင်အရိပ်အရာလွဲလျှင် မုချ သူရှင်ဘုရင်ဖြစ်တော့မှာမလွဲဘူး၊ အဲဒီဥပမာလိုဘဲ ရှုဋ္ဌသောတာပန်၏ ဂေဇက်ကို ရတာနှင့်တပြိုင်နက် မဟာသောတာပန်ဖြစ်ဘို့ရာ မဝေးတော့ဘူး၊ အဲဒါကြောင့်–

ကြိမ်ဖန်များစွာ၊ ကြံစည်ပါ၊ မှန်ရာသိကြောင်းမှတ်။
အမှန်သိမှ၊ ဤဒုက္ခ၊ လွတ်ရလိမ့်မည်မှတ်။

ကြိုးစားသာ အားထုတ်ကြ၊ အမှန်မုချ ဟောဒီ- ၁၁–ပါးသောမိုးဘေးဒုက္ခကြီး ကနေလွတ်ရလိမ့်မယ်ဆိုတာ ယုံမှားသံသယမရှိကြဘဲနှင့် သိရှိထားသောတရားကို လေးလေး စားစား ပွါးများ အားထုတ်ကြကုန်။

## မဟာနာယက ကျေးဇူးရှင် ဆရာတော်ဘုရားကြီး

## နေ့စဉ်မပြတ် ကိုယ်တွေ့ဉာဏ်မြင် ဝိပဿနာတရားဟောပြီးနောက်

## ရေစက်ချ အမျှပေး၍ သစ္စာဓိဋ္ဌာန်ပြုသော

# ယောခဉ်ခတာမ်း

အရှင်ဘုရား တပည့်တော် တို့သည် သံသရာ တည်းဟူသော ဝဋ်ဆင်းရဲ ဝဲဩဃရေအယဉ်မှ ထွက်မြောက်ပါရခြင်း အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက် ပြုပါရခြင်း အကျိုးငှါ သီလ သမာဓိ ပညာ သိက္ခာသုံးပါး သာသနာသုံးရပ် အကျင့်မြတ်ကို လေးမြတ်စွာ အားထုတ်ပါ၏၊ အားထုတ်ရသော ကောင်းမှုအစု ကုသိုလ်အတွက်ကြောင့် ယနေ့ကစ၍ လောကဒုက္ခ သံသရာဘေးဆိုးကြီးမှ လွတ်မြောက်၍ နိဗ္ဗာန်ကို မျက်မှောက် ပြုရပါလိုကုန်၏ အရှင်ဘုရား၊ ဤသို့ သီလ သမာဓိ ပညာ သိက္ခာသုံးပါး သာသနာသုံးရပ် အကျင့်မြတ်၏ကုသိုလ် အတွက်ကို မွေးသမိခင် မွေးသဖခင် ဆရာသမား ဆွေကြီးမျိုးကြီး ဘိုးကြီးဘွားကြီးတို့ကို အမျှပေးဝေပါကုန်၏၊ ကိုယ်စောင့်နတ် ကျောင်းစောင့်နတ် အိမ်စောင့်နတ် အရံစောင့်နတ် ရွာစောင့်နတ် မြို့စောင့်နတ် တိုင်းစောင့်နတ် တောစောင့်နတ် တောင်စောင့်နတ် ဘုမ္မစိုး ရုက္ခစိုး အာကာသစိုး နတ် စတုလောကပါလနတ် သာသနာတော်စောင့် နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့ကို အမျှပေးဝေပါကုန်၏၊ သိကြား အသုရာ သန္တုသိတာ စသော နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့ကို အမျှပေးဝေပါကုန်၏၊ အထက်ကိုဘဝဂ် အောက်ကို အဝီစိ နှံ့သိစကြဝဠာ ဗိလာထုက်ခြင်း အကြွင်းမရှိ သုံးဆဲ့တဘုံ ကျင်လည်ကုန်သော ဝေနေယျ သုခိတ ဒုက္ခိတ သတ္တဝါအပေါင်း တို့အား အမျှပေးဝေပါကုန်၏၊ အလုံးစုံသော သတ္တဝါအပေါင်းတို့သည် ကျွန်ုပ်တို့ ပြုအပ်သော သီလ သမာဓိ ပညာ သိက္ခာသုံးပါး သာသနာ သုံးရပ် အကျင့်မြတ်၏ ကုသိုလ်အတွက်ကို အကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှ အမျှရ၍ ချမ်းသာကြတဲ့ကိုယ် ဖြစ်ကြပါစေကုန်သတည်း။

## သစ္စာဆိုဋ္ဌာန်ပြုရန်

တို့ ဒီဌာနမှာ တရားနာ ရောက်လာကြတဲ့ ပရိသတ် အပေါင်းအား နေ့စဉ်နေ့တိုင်းတရားနာအပြီး ရေစက်ချအမျှဝေတဲ့အခါမှာ ချမ်းသာစွာ တရားအားထုတ်နိုင်အောင် အလုံးစုံသောဘေးအမျိုးမျိုး ရန်အမျိုးမျိုးမှ လွတ်ငြိမ်းချမ်းသာအောင် ဆိုပြီးသကာလ သစ္စာဆိုခိုင်းတယ်၊ သစ္စာဆိုတဲ့အခါမှာလဲ ကယ်မည့်သူ ပေါ်ပါစေလို့ ထည့်ဆိုတာကိုး၊ ဒီတော့ အချို့ကပြောကြတယ်၊ ဘာဖြစ်လို့ ကယ်သူကို တောင့်တရမလဲတဲ့၊ ကိုယ့်ကုသိုလ်အစွမ်းနဲ့ ကိုယ်တခါတည်း ရဲရဲဝံ့ဝံ့ သစ္စာဆိုပါလားတဲ့၊ ဒီလိုပြောတယ်၊ ဟုတ်တယ် သူတို့ပြောတာလဲ၊ ကိုယ့်အစွမ်းနဲ့ကိုယ် ဆိုဘာလဲ ရှိတယ်၊ ကယ်သူပေါ်ပါစေလို့ ဆုတောင်းတာလဲရှိတယ်၊ သစ္စာဆိုတာ ကယ်သူပေါ်ပါစေလို့ မတောင်းဘဲ၊ ကိုယ့်အစွမ်းနဲ့ကိုယ် ဆိုတာလဲ တို့နိပါတ်ထဲမှာ တွေ့ဘူးပါတယ်၊ ဘယ်လို တွေ့ဘူးသလဲ ဆိုတော့။

## ရသေ့နှင့်သူကြွယ်လင်မယား

ရသေ့ရယ် သူကြွယ်ရယ် သူကြွယ့်ကတော်ရယ် သားကလေး တယောက်နဲ့ တခုသောကျောင်းသခ်မ်းမှာ ပဋိသန္ဓာရစကား ပြောနေတဲ့အခါ ကလေးလေးက သူငယ်ဖြစ်သောကြောင့် ဂျင်မွှေ့ပြီးကစား နေတယ်၊ အဲဒီလို ကစားနေရာက တောင်ပို့ခေါင်းထဲ ဂျင်ကလေးက ဝင်သွားရော၊ ဝင်သွားတော့ ကလေးဘဲ ဘာသိမလဲ၊ သူ့ ဂျင်သူလိုချင် တာနဲ့ အတင်းနှိုက်ကရော၊ နှိုက်တော့ တွင်းခေါင်းထဲမှ မြွေက ထွက်ကိုက်တာပေါ့၊မြွေကိုက်လိုက်တော့ ကလေး တုံးကနဲ လဲသွားရော၊ မိဘစိတ်များဟာ ဘယ်လောက်ချစ်သလဲလို့ တကတဲ ပျာပျာသလဲ ထလာပြီးတော့ အဖေကခေါင်းပိုင်းကချီ အမေကခြေပိုင်းကချီပြီးတော့ တခါထဲ ရသေ့ရှေ့မှာ သွားချတယ်၊ အရှင်ဘုရား တပည့်တော့်သားကို ကယ်တော်မူပါဘုရား ကယ်တော်မူပါဘုရားလို့ လျှောက်ထားတော့၊ ဟဲ့ ငါဘာမျှမတတ်နိုင်ဘူးဟဲ့တဲ့ ရသေ့က၊ ဟာ အရှင်ဘုရားတတ်နိုင် မတတ်နိုင် ကယ်တော်မူပါဘုရား၊ သူတို့ကလဲ ဇွတ်ပြောတာဘဲ၊ ကဲ ဒါဖြင့် ကောင်းပြီ ငါသစ္စာဆိုမယ်တဲ့၊ ရသေ့သစ္စာဆိုတာ မှတ်ထား ကြနော်။

ငါသည် သူတော်ကောင်းအလုပ်နဲ့ ရသေ့အဝတ်ကို ဝတ်လာတာ ဝတ်ခါစ ၇-ရက်သာ ပျော်တယ်တဲ့၊ အဲဒီကလွန်ပြီး ငါ့အခု အနှစ် ငါးဆယ်တိုင်တိုင် မပျော်ဘဲနဲ့နေရတာ မှန်ပါတယ်၊ မှန်သော သစ္စာ စကားကြောင့် ထိုကလေးမှာစွဲကပ်တဲ့ မြွေဆိပ်သည် ပျောက်ကျပါစေ သတည်းလို့ အဲဒီလို သစ္စာဆိုလိုက်တော့ ကလေးမျက်စိဖွင့်ကြည့်တယ်၊ ဖွင့်ကြည့်တော့မှ ရသေ့က ပြောတာပေါ့၊ ဟဲ့သူကြွယ် ငါ့တာဝန်ကုန်ပြီ တဲ့၊ နင့်တာဝန်ကျန်သေးတယ်၊ အဲဒီလိုဆိုတော့ သူကြွယ်က သစ္စာ ဆိုတယ်၊ သူကြွယ်ဆိုတာလဲ မှတ်ထားအုံး။

အကျွန်ုပ်သည် လာလာသမျှသော အလှူခံဖုန်းတောင်းယာစကာ တို့ကို ဘယ်သူကိုမှမလပ်အောင် ပေးကမ်းလှူဒါန်းရတယ်၊ ဘယ်လိုပင် ပေးကမ်းလှူဒါန်းရသော်လဲ တခါမှ မသဒ္ဓါဘူးတဲ့၊ မသဒ္ဓါသော်လဲ သူလှူရတာမှန်ပါတယ်တဲ့၊ မှန်သော သစ္စာစကားကြောင့် သူ့သား ဝေဒနာ ပျောက်ပါစေသတည်းလို့ အဲဒီလိုဆိုလိုက်တော့ ကလေး မြွေဆိပ်ဟာ တခါတဲ့ ခါးလယ်ပျောကျသွားတယ်၊ ဒီတော့ ဟဲ့ သူကြွယ်ကတော် နင့်အလှည့်ကျနံတော့တယ်၊ အဲဒီတော့ သူကြွယ် ကတော်က ဆိုချင်မြန်တာပေါ့၊ ဘယ်လိုပြောသလဲ၊ မောင်ရင် ကျွန်မ သစ္စာဆိုရမှာဖြင့် မောင်ရင်သူကြွယ် တခြားသွားပါ၊ သူကြွယ်ရှေ့မှာ သူမဆိုဝံ့ဘူး၊ ဒီတော့ သူကြွယ်က ဘယ်လိုပြောသလဲ ဟဲ့ရှင်မ ငါ့သား အသက်သာရှင်ပါစေ သင်ဆိုချင်ရာဆိုတဲ့၊ ကောင်းပါပြီ ဆိုပြီးတော့ သူကြွယ်ကတော်သစ္စာဆိုတာ မှတ်ထားကြ။

ကျွန်ုပ်သည် သူကြွယ်နှင့် မိဘနှစ်ပါး သဘောတူပေးစားလို့ ပေါင်းသင်းဆက်ဆံလာတာ သားတယောက်ရခဲ့ပါပြီ၊ သူကြွယ်ကို သူသည် လင်ဟူ၍ တခါမှ အမှတ်မထားခဲ့ပါဘူး၊ ဤသစ္စာအတိုင်း မှန်ပါလျှင် သူ၏သားရောဂါသည် ပျောက်ပါစေသတည်းလို့ ဆိုလိုက် တော့ ဟော ကလေးလေး ထကစားတယ်။

အဲဒီတော့မှ သူကြွယ်ကတော်က ထိတ်လန့်တာ သူကြွယ်ကတော် က သူဟာ တသက်လုံး ဖုံးဖိပြီးတော့ လင့်ဝတ်ကို ကျေပွန်အောင် ဆောင်ရွက်လာတယ်၊ အခု ဒီနေရာကျတော့၊ သားအတွက်ကြောင့် ပေါ်သွားတယ်၊ ဒီတော့ သူကြွယ်ကမေးတာပေါ့၊ အေး သူကြွယ် ကတော် သိပ်အံ့သြစရာကောင်းတယ်၊ မင်းမချစ်ဘဲနဲ့ ပေါင်းသင်း

ဆက်ဆံနေတာ အံ့ဩပါရဲ့ကွယ်၊ မချစ်ရင် ကွာပစ်လိုက်ပါလားလို့ ဆိုတော့ အောင်မယ် သူကြွယ်ပြောတော့ လွယ်လိုက်တာ၊ ကျုပ်တို့ အမျိုးက တလင်က နှစ်လင် ပြောင်းရိုးထုံးစံမရှိဘူးတဲ့၊ ဒါကြောင့်မို့လို့ အောင့်အည်းပြီးနေလာရတာ အမှန်ဘဲတဲ့၊ ခုတော့ သူကြွယ်တဲ့ မကွာနိုင်တဲ့အတူတူ ဒီကနေ့ကစ၍ ချစ်ပါတော့မယ်လို့ ဆိုလိုက်တော့ ဟော သီလဘည်သွားတယ်။

ဒီတော့ ရသေ့ကမေးပြန်ရော၊ ဟဲ့သူကြွယ်တဲ့ သင်ဟာ မသဒ္ဓါရင် မလှူဘဲနေပါလားလို့ဆိုတော့ အရှင်ဘုရားပြောတော့ လွယ်တယ်တဲ့၊ တပည့်တော် အဖိုးအဘ, အဘိုးအဖွါးက ဆင်းသက်၍ အမြဲလှူလာတာ တပည့်တော်လက်ထက်ကျမှ မလှူဘဲနေလို့ရှိချင် အများကဲ့ရဲ့မှာစိုးလို့ လှူရတာတဲ့၊ လှူရတဲ့အတူတူတော့ ဒီကနေ့ကစပြီး သဒ္ဓါပါတော့မယ်ဘုရားလို့ လျှောက်တယ်၊ ဟော သဒ္ဓါဖြစ်သွားပြီ၊ သူကြွယ်ကလဲ အရှင်ဘုရားမပျော်ရင်လူထွက်ပါလားတဲ့ ဟဲ့သူကြွယ်သင် ပြောတော့လွယ်လွယ်လေးရယ်၊ ငါမပျော်တာအမှန်ဘဲတဲ့၊ လူထွက်သွားရင် ဘုန်းကြီးလူထွက်လို့ အများကကဲ့ရဲ့မှာ ငါရှက်လို့ ငါမထွက်တာတဲ့၊ မထွက်နိုင်တဲ့အတူတူတော့ ငါဒီကနေ့ကစ၍ ပျော်ပျော်ဘဲ နေပါတော့မယ်ဆိုပြီး ဟိမဝန္တာတောကို ကြွသွားတယ်၊ ဒါဒါ ကယ်သူကိုမတောင့်တဘူး၊ သူတို့အတိုင်းသူတို့ဆိုတာ၊ ကယ်သူကို တောင့်တပြီး သစ္စာဆိုတာလဲရှိတယ်၊ ဘယ်လိုလဲလို့ဆိုတော့—

**သုဇာတာသူဌေးသမီး**

တို့သူဌေးသမီးသုဇာတာ ငယ်စဉ်က သူဌေးသားတယောက်နဲ့ မိဘနှစ်ပါးသဘောတူ ပေးစားလို့ တိုင်းစွန်ပြည်ဖျားမှာ သွားပြီးတော့ အကြင်လင်မယား ဖြစ်ပြီး ပေါင်းသင်းဆက်ဆံနေကြတယ်၊ သုံးနှစ် သုံးမိုးလောက်ကြာတဲ့အခါကျတော့ မိဘရပ်ထံသွား၍ဖူးမြင်ချင်တဲ့ အတွက် ခင်ပွန်းသည် လင်ယောကျ်ားကို တိုင်ပင်တယ်၊ အမောင် ကျွန်ုပ်မိဘများကို ဖူးမြင်ချင်တယ်လို့ဆိုတော့ အေးအေး ဒါဖြင့် သွားတာပေါ့ ဆိုပြီး ကောင်းစွာမွန်စွာ လှည်းကလေးနဲ့ စားနပ်ရိက္ခာများ တင်ပြီးသကာလ သွားကြတယ်၊ မြို့နားရောက်တဲ့အခါ လင်မယား နှစ်ယောက် လှည်းကလေးနဲ့ မြို့တွင်းဝင်လာကြတာပေါ့၊ ဒါဒီအခါမှာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ ဗြဟ္မဒတ်မင်းက ဆင်တော်စီး၍

တိုင်းခန်းလှည့်လည်ပြီး လာတဲ့အခါ ထိုသုဇာတာသူဌေးသမီးကလဲ လှည်းနောက်ကလိုက်သွားတာ ဘုရင်ကမြင်လိုက်တော့ သုဇာတာ၏ ရုပ်ရည်ရူပကိုမြင်တာနဲ့ ရှင်ဘုရင်က အင်မတန် နှစ်သက်တာကိုး၊ အဲဒီလိုနှစ်သက်ခြင်းဖြစ်တော့ဟဲ့ ဒီကလေးမမှာ ခင်ပွန်းသည်ရှိသလား သွားမေးစမ်းလို့ မင်းချင်းတယောက်ကို လွှတ်ပြီး အမေးခိုင်းတယ်၊ မေးတော့ လှည်းပေါ်က လှည်းမောင်းသွားတဲ့လူဟာ သူ့ယောကျ်ား ပါလို့ ပြန်ပြောလိုက်တယ်၊ အဲဒီအကြောင်း ရှင်ဘုရင်ထံပြန်ပြောတော့ ဟာ ဒီလိုဆိုရင်ဖြင့် သူ့လင်သတ်ပြီးတော့ သူ့မယားယူမှဘဲလို့ ရှင်ဘုရင်လုပ်တဲ့လူက ဘယ်လောက်အကောက်ကြံသလဲ ယုတ်မာပုံ သူ၏ ဥဩျောင်ကို ယူသွားပြီး လှည်းနောက်ကလိုက်သွား လှည်းထဲမှာ ခိုးထုပ်အဖြစ်ဝှက်ထားခဲ့ဆိုပြီး ခိုင်းလိုက်တော့ မင်းချင်းတွေ ရှင်ဘုရင်၏ အမိန့်အတိုင်း လိုက်နာရတာပေါ့၊ လှည်းနောက် လိုက်သွားပြီး အမှတ်တမဲ့ လှည်းထဲမှာ ဝှက်ပစ်ခဲ့ရေ၊ ဝှက်ပစ်ခဲ့ပြီးတော့ ဘုရင်၏ ဥဩျောင်တော်ပျောက်တယ်လို့ တိုင်းပြည်မှာ ဥက္ကောဒေးယျဖြစ်က ရောပေါ့၊ အဲဒီလို ဥက္ကောဒေးယျဖြစ်တော့ တခါးတွေပိတ် ထွက်တဲ့လူ မဝင်စေနဲ့၊ ဝင်တဲ့လူ မထွက်စေနဲ့ ဆိုပြီး တခါထဲ အိမ်ပေါက်စေ့ လိုက်ရှာကြတာပေါ့၊ ဘယ်လာရမလဲ၊ သူတို့ဝှက်ထားခဲ့တဲ့ လှည်းထဲမှာ တွေ့တာပေါ့၊ ဟယ်သူခိုးမိပြီ ဖမ်းဟဲ့ဆိုပြီးတော့ ချက်ခြင်းလက်ပြန် ကြိုးတုပ် နှောင်ကြိုးတည်းပြီး တခါတည်းဖမ်းသွားရော၊ ရှင်ဘုရင်ကို သွားပြတော့ ဟာ သူခိုးတို့သွားရာလမ်းလိုက်စေဆိုပြီးတော့ အမိန့်ချ လိုက်ထာပေါ့၊ ဒီတော့ သုသာန်ထုတ်ပြီးသတ်ရတော့မှာ၊ အဲဒီမှာ သုဇာ တာသူဌေးသမီးဟာအကုန်လုံးပစ္စည်းတွေပစ်ခဲ့ပြီးတော့လင့်နောက်တခါ တည်း လိုက်ထာ၊လိုက်သော်လဲ သူဘာတတ်နိုင်မလဲ၊သူကမိမ္မသားဘဲ၊ သူဘာအားကိုးရသလဲ၊ သစ္စာဘဲ အားကိုးရတယ်၊ ဘယ်လို သစ္စာ သူအားကိုးရသလဲဆိုတော့-

သူသည်မိဘနှစ်ပါး သဘောတူပေးစားလို့ ထိုယောကျ်ားနဲ့အကြင် လင်မယားဖြစ်လာတာကြာပါပြီတဲ့၊ တပါးသောယောကျ်ားကို စိတ်မှ မပြစ်မှားခဲ့ဘူးပါ၊ ဤအတိုင်းမှန်ပါတယ်တဲ့၊ မှန်သော သစ္စာစကား ကြောင့် သူ၏လင်ယောကျ်ားကို ကယ်မသူပေါ်ပေါက်ပါစေသတည်း လို့ ဟော ကယ်သူကိုတောင့်တတယ်။

ကယ်သူကို တောင့်တလိုက်တော့ သိကြားမင်း ဘယ်နေနိုင်တော့မလဲ၊ တခါတည်းအမြန်ဆင်းလာရတာပေါ့၊ မင်းချင်းတွေကလဲ ဒီသုဇာတာရဲ့ ယောကျ်ားကို စဉ်းတီတုံးပေါ်မှာ လည်ပင်းတင်ထားပြီး လက်မ နှိုအာဏာသားတွေက လည်ပင်းကို ဖြတ်မယ်လို့ ဒါးနဲ့မိုးထားပြီ၊ ရှင်ဘုရင်ကလဲ မိမိရွှေတွင် သတ်တာမြင်ချင်လို့ ဆင်တော်ပေါ်က ကြည့်နေတယ်၊ အဲဒီအခါမှာ သိကြားမင်း လှည့်လိုက်တာ သုဇာတာယောကျ်ားနဲ့ သုဇာတာက ဆင်ပေါ်ရောက်နေတယ်၊ ရှင်ဘုရင်က စဉ်းတီတုံးပေါ်မှာလက်မနှိုအာဏာသားကဖြတ်လိုက်တော့ ရှင်ဘုရင်ခေါင်းပြတ်သွားရော၊ ခေါင်းပြတ်သွားတော့ သိကြားမင်းက ကောင်းကင်မှ ရပ်ဘည်ပြီး ဟဲ့ တိုင်းသူပြည်သားများတဲ့ ငါမကောင်းသူကို ပယ်၍ ကောင်းသူကိုကယ်ခဲ့ပြီတဲ့ သင်တို့ တိုင်းသူပြည်သားများ မကောင်းတဲ့မင်းယုတ်မာကို ပယ်ဖျောက်၍ကောင်းတဲ့သူတော်ကောင်းမင်းကိုဒီ ကနေ့ကစ၍ ကိုးကွယ်ကြဆိုပြီး သိကြားမင်းက တခါးတည်း ဘိသိက်သွန်းပြီးတော့ ပေးခဲ့တယ်။

အဲဒီတော့မှ တိုင်းသူပြည်သားများက သိကြားမင်းပေးတဲ့မင်းဟဲ့ သိကြားပေးတဲ့မင်းဟဲ့လို့ အင်မတန် လေးစားကြတယ်၊ အဲဒီအခါမှာ သုဇာတာယောကျ်ားက တရားသဖြင့်ဆုံးမလို့ တိုင်းသူပြည်သားတွေကို တရားနှင့်အညီအကျင့်ခိုင်းတော့ သေကုန် သေကုန်တဲ့အခါ အကုန်နတ်ပြည်ရောက်ကုန်ကြတယ်၊ ရောက်မှာပေါ့ဒီ သုဇာတာယောကျ်ားက ဘခြားလူမှမဟုတ်ဘဲ၊ တို့ဘုရားအလောင်းဘဲ၊ သုဇာတာက တို့မယ်ယသော်အလောင်း၊ အဲဒါ သစ္စာဆိုတာ သေသေချာချာ ကြည့်ထား၊ ဒါကြောင့် တို့ဒီကဆိုတဲ့ လူတွေကလဲ ကျကျနနသစ္စာဆို၍ လေးလေးနက်နက်ဆိုကြပါလို့ ဘုန်းကြီးကပြောတာ၊ နောက်ရှိသေးတယ်။

## သန္တုလ မိဖုယား

တို့သောဏ္ဍိသေန မင်းကြီးဟာ နူနာရောဂါစွဲတဲ့ အတွက်ကြောင့် တိုင်းပြည်မှာ မနေနိုင်ဘဲနဲ့ တောထဲ ထွက်သွားရတယ်၊ တောထဲရောက်တဲ့အခါကျတော့ သစ်ခက်တဲနန်းများ ဆောက်လုပ်ပြီးသကာလ သန္တုလမိဖုယားက နေ့စဉ် မပြတ် သစ်သီး ဝလံများ (သစ်သီးဆိုတာ အပင်ကသီးတာ ဝလံဆိုတာ အနွယ်ကသီးတာ) အဲဒီ သစ်သီး

ဝလံများ ရှာကြံပြီးတော့ အမြဲကျွေးမွေး နေရတယ်၊ တနေ့ကျတော့ လမ်းမှားပြီး တာနေယကျွိုက်ဘီလူး အုပ်စိုးတဲ့ ရေကန်ကို ရောက်သွားတယ်၊ မိဖုယားကြီးဟာ မောပန်းတာနဲ့ ရေကန်ထဲ ဆင်းပြီး ရေချိုးတာကိုး၊ ရေချိုးတော့ တာနေယကျွိုက်ဘီလူးက သူ့ကို ဝေသဝဏ္ဏနတ်ကြီးက ရေကန်အပိုင်စား ပေးထားတာကိုး၊ သူ့ရေကန်ထဲ ဆင်းလို့ရှိရင် ဘယ်သူမဆို စားစေ အပိုင်စားပေးထားတော့ဟဲ့သင် ငါ့လက်ထဲ ရောက်နေပြီ၊ ငါပိုင်တယ်၊ ငါစားမယ် ဝါးမယ်၊ ငါ့အစား မခံချင်ရင် သင်ငါ့ကို ကြိုက်ရမယ်၊ ငါ၏ နန်းတော်မှာ သင်နေရမယ် ဆိုတော့ သမ္ဗုလမိဖုယားက ဘာပြောသလဲ၊ ငါသည်တဲ့ သောတ္ထိသေနမင်းကြီးနှင့် အကြင်လင်မယား အဖြစ်ဖြင့် နေလာတာ ဘယ်အခါမှ တပါးသော ယောကျ်ားကို စိတ်ဖြင့် မပြစ်မှားမိခဲ့ဘူးတဲ့ ကျုပ်သီလအပျက်မခံနိုင်ဘူးလို့ အတင်းငြင်းတာ အဲဒီလိုဆို နင့်ကို ငါစားရမယ်ဆိုတော့ စားချင်စားပါဆိုပြီးတော့ အဲဒီနေရာမှာ သစ္စာဆိုတာဘဲ၊ သူသည် သောတ္ထိသေနမင်းကြီးနှင့် မိဘနှစ်ပါးပေးစားလို့ အကြင်လင်မယား ဖြစ်လာတာ ပေးစားတဲ့ နေ့ကစ၍ ယခုတိုင် တပါးသော ယောကျ်ားကို စိတ်ဖြင့် မပြစ်မှားခဲ့ဘူးပါတဲ့၊ ဤသစ္စာအတိုင်း မှန်ပါက ကယ်သူ ပေါ်ပေါက်ပါစေသတည်းလို့ ဆိုလိုက်တော့ သိကြားမင်းကိုယ်တိုင်ဘဲ ကယ်သူ တောင့်တလို့ လာရတာဘဲ၊ အဲဒီတော့မှ သိကြားမင်းက ဟေ့ တာနေယ နင် ဘာလုပ်ထာလဲဆိုပြီး ငြိမ်းချောက်ပြီးတော့ လုပ်မှ သမ္ဗုလမိဖုယား ချမ်းသာစွာ လွတ်လာရတယ်၊ အဲဒါထက် ကျည်းမြောင်းတဲ့ ဒုက္ခတွေရှိသေးတယ်။

ဒါနဲ့ သူပြန်သွားလို့ သောတ္ထိသေနမင်းကြီးထံ ရောက်တော့ ဘယ်နဲ့လဲ သင် အချိန်နဲ့ ပြန်မလာဘူး၊ သူ့ရုပ်ကလေးကလဲ သိပ်ချော သိပ်လှတာထဲမှာ ဆိုရင် ဇော်ဂျီ တပသီတို့ တောလည် မုဆိုးအမျိုးမျိုး ရှိတာ သူ ဧကန်မုချ တယောက်ယောက်နဲ့ လင်ငယ်ထားလို့သာ ဒီလို အချိန်မီမရောက် ထာဘဲလို့ စွပ်စွဲတာဘဲ၊ စွပ်စွဲတော့ကာ သမ္ဗုလမိဖုယားက ဘယ့်နဲ့ လုပ်ပြီးတော့ ထုချေလို့ကော ရအုံးမှာလဲလို့ သက်သေလဲ မရှိဘူး၊ နင်ဘယ်လိုပြောပြော ငါမယုံဘူးဆိုတော့ ဘယ့်နဲ့လုပ်မလဲ သက်သေလဲမရှိဘူး၊ အဲဒီ အခါမှာ အခက်ဆုံးပေါ့၊ ဒီတော့မှ ကောင်းပြီ အရှင် ကျွန်ုပ်သစ္စာဆိုပါမယ်တဲ့၊ ကျွန်ုပ်ဟာ တာနေယဘီလူး

လက်က သစ္စာသိုလို့ လွတ်လာတာမှန်ပါတယ်တဲ့ မှန်သော စကားကြောင့် သင်မင်းကြီးမှာ စွဲကပ်တဲ့ ဝေဒနာတို့သည် ပိန်းကြာဖက်တွင် မတင်ဘိသကဲ့သို့ ချော်ကျပြီးတော့ ပျောက်ကင်းပါစေ သတည်းလို့ ဆိုပြီး ရွှေကရားနှင့် ဥကျောင်းကလောင်းချတာ တခါတည်း ပကတိအဘိုင်း ရွှေအဆင်းကဲ့သို့ လှပတင့်တယ်ခြင်းနှင့်ပြီး သကာလ ဝေဒနာတွေ အကုန်ပျောက်ကင်း စင်ကြယ်သွားတယ်၊ အဲဒါသစ္စာပေါ့။

လက်ဦးဟာတုန်းက ကယ်သူကို တောင့်တတာ မှန်တယ်၊ ဟောနောက်သောတ္တိသေနကို ရေသောင်းတော့ ကယ်သူကို မတောင့်တဘူး၊ အဲဒါ လူများဟာ ကြံဖန်ကဲ့ရဲ့ကြတာဘဲ၊ ဘယ်အကုန် လိုက်ပြောနိုင်မလဲလို့၊ ဒီလိုဘဲ တောင့်တတဲ့ လူလဲရှိ မတောင့်တတဲ့ လူလဲရှိတာဘဲ ဟောဘယ်သူမှကယ်သူကို မတောင့်တဘဲနဲ့ သစ္စာဆိုတာရှိသေးတယ်။

## မိဘလုပ်ကျွေးသူ

အဲအခုတို့ဒကာ ဒကာမတွေမိဘကို တကယ် လုပ်ကျွေးတဲ့ ပုဂ္ဂိုလ် ဒီပရိသတ်ကြီးထဲမှာ ပါရင် သိပ်ကောင်းမှာဘဲ ဟိုဇမ္ဗူဒိပ်ကျွန်းက လှေထိုးသားအဖြစ် သီဟိုဠ်ကျွန်းကို ကုန်ရောင်းကုန်ဝယ်လှေမှာ လိုက်သွားလို့ ကျွန်းကိုရောက်တဲ့ အခါ သီဟိုဠ်ကျွန်းမှာ ဘာဖြစ် နေသလဲ၊ သဲမိုယ်းကြီး ရွာနေတယ် ကပ်ကြီးဆိုက်နေတယ်၊ အင်မတန် ဒုက္ခရောက်နေကြတာပေါ့၊ ဘယ်လို နည်းနဲ့မှ သဲမိုယ်းကြီးကို ငြိမ်းအေးအောင် လုပ်လို့ မရဘူး၊ ဒီတော့ ရှင်ဘုရင်က ပုဏ္ဏားဖြူ ပုဏ္ဏားညိုတွေကိုမေးတော့ ပုဏ္ဏားဖြူ ပုဏ္ဏားညိုတွေက နက္ခတ်တာရာများ တွက်ချက်ကြည့်ပြီး လျှောက်ထားကြတယ်၊ ဘုရင်မင်းမြတ် မိဘကို လုပ်ကျွေးတဲ့ လူများ သစ္စာဆိုရင် ပျောက်ပါတယ်တဲ့ ဒါဖြင့် ငါ့တိုင်းပြည်မှာ မိဘလုပ်ကျွေးတဲ့ လူရှာဟဲ့ ဆိုတော့ တခါတည်း တိုင်းပြည်မှာ မောင်းကြေးနင်းခတ်ပြီးတော့ မိဘလုပ်ကျွေးတဲ့ လူရှာတာ၊ အဲဒါတို့ ဒကာ ဒကာမတွေ နားထောင်ကြည့်စမ်း၊ တတိုင်းပြည်လုံး မိဘလုပ်ကျွေးတဲ့ လူရှာမရဘူး၊ ဒါတောင်သူတို့ သဲမိုယ်းရွာခံနေရကာ ဇာ့ကြောင့်မကောင်းဘူးလား၊ တို့ဒီမှာလဲ ဒကာ ဒကာမတွေ ကြည့်စမ်း၊ တကယ် ရောဂနိ့ရကပ်ကြီးလဲဆိုက် သတ္ထန္တရ ကပ်ဆိုတာလဲ သဘင်းစာထဲမှာနေ့တိုင်းကြားရတယ် သူ့သတ် ငါသတ်နဲ့ အခုသတ်နေကြတာမှ

တကယ်သတ် နေကြတာ အဲဒါ တွေဟာ အင်မတန် ကြောက်ဘို့ ကောင်းတာ။

အဲဒီလို မောင်းကြေးနှင်း လည့်ခတ်တာ ဘယ်မှမရဘူး၊ မရတော့ သိဟိုဠ်ကျွန်းမှာ ခုနကတုန်းက ဇမ္ဗူဒိပ်ကျွန်းက လှေထိုး လိုက်သွားတဲ့ လူက ငယ်စဉ်တောင်ကျေး အကလေးက မိဘကို ပုပ်ကျွေးလာတဲ့လူ ဟာ အရှင်ဘုရားတို့ ဘာမောင်းခတ်ထာလဲဆိုတော့ မောင်ရေ မိဘလုပ်ကျွေးတဲ့လူ တို့လိုက်ရှာတယ်၊ ဟာ ကျွန်တော်ဟာ မိဘလုပ်ကျွေးဟဲ့ လူပါ၊ဟာ ဒါဖြင့် လိုက်ခဲ့ပါဆိုပြီးတော့ တခါတည်းခေါ်သွားဘယ်၊ ခေါ်သွားပြီး ရှင်ဘုရင့် ရှေ့တော်ရောက်တဲ့ အခါကျတော့ အမတ်ကြီးတွေက ဘုရင်မင်းမြတ် ဟောဒီ သူငယ်ဟာ မိဘလုပ်ကျွေးတဲ့ သူပါဘဲလို့ လျှောက်တယ်၊ကိုင်းကိုင်း မောင်ရင် မင်း မိဘလုပ်ကျွေးတာ ခုန်ရင် သစ္စာဆိုပါ၊ ဒီတော့ သူ သစ္စာဆိုတယ်။

ကျွန်ုပ်သည်တဲ့ ငယ်စဉ်တောင်ကျေး အကလေးဘဝ သိကြားလိမ္မာတဲ့ အခါက စ၍ မိဘတို့ကို လုပ်ကျွေးလာပါတယ်၊အဲဒီ မှန်သောသစ္စာစကားကြောင့် သဲမိုးယ်ကြီး ငြိမ်းအေးပါစေသတည်းလို့ သစ္စာဆိုလိုက်ထာ တခါတည်း တပြိုင်နက်ကည်း သဲမိုးယ်ကြီးသဲမိုးယ်ကြီး ငြိမ်းအေးသွားတယ်။

အဲဘယ်လောက် သစ္စာတန်ခိုးကြီးသလဲ၊ အဲဒါ သစ္စာတန်ခိုးတွေ အဲဒီလို သစ္စာတန်ခိုးနဲ့ သဲမိုးယ်ကြီး ငြိမ်းသွားတော့ ဒီမှ မြေမျက်မှောက်မှာလဲ အကျိုးပေးပြီ၊ ရှင်ဘုရင်ကလဲ ဆုတော် လာဘ်တော်တွေချတိုင်းသူ ပြည်သားတွေကကော ဘယ်နေနိုင်တော့မလဲ ဒီပုဂ္ဂိုလ်ကို သူ့ထက်ငါကောင်း ဝိုင်းအုံပြီးသကာလ ဆုတော် လာဘ်တော်တွေ ချကြတာပေါ့၊ အဲဒါ မိဘကို အရိုအသေ လုပ်ကျွေးတဲ့ ကျေးဇူးဟာ အင်မတန်ကြီးတာ တို့ဒီပရိသတ်ကြီးထဲမှာလဲ မိဘလုပ်ကျွေးတဲ့လူ ပါရင် ဆိုစမ်းပါ၊ သိပ်ကောင်းတာဘဲ၊ ဒီကပ်ကြီးမှ လွတ်သွားအောင် ဆိုပြီးတော့ အဲဒီ သစ္စာဆိုတာကို ဘယ်သူက ဘာပြောပြော မတုန်လှုပ်ကြနဲ့၊ တို့က ပြောသံကြားတယ်၊ ဘယ်လိုကြားသလဲ ဆိုတော့ သစ္စာဆိုတာ ဟာတဲ့ ကိုယ့်ကိုယ်ကိုယ် အားကိုးဆိုပါလားတဲ့၊ ကယ်သူပေါ်ပါစေသတည်းလို့ ဆိုနေရအုံးမှာလားတဲ့ အဲသူ့ဟာက ကြံပြီး ကဲ့ရဲ့ဘာ ကယ်သူ ပေါ်ပါစေလို့ဆိုတာ ဘုန်းကြီးပြောတာ ဘယ်နှစ်ယောက်လဲ

သဏ္ဍုလမိဖုယား ကယ်သူ ပေါ်ပါစေလို့ သစ္စာဆိုတယ်၊ ခုနတုန်းက ရသေ့တို့ သူကြွယ်တို့ သူကြွယ်ကတော်တို့က ကယ်သူမတောင့်တဘူး ပြီးတော့ သဏ္ဍုလမိဖုယား နောက်တခါ သောတ္ထိသေနမင်းကိုရေနဲ့ လောင်းပြီး သစ္စာဆိုတဲ့ အခါကျတော့ ကယ်သူကို မတောင့်တဘူး ဟောခုနတုန်းက သုဇာတာ သူဌေးသမီး ကယ်သူကို ဆုတောင်းတယ် ကယ်သူကို ဆုတောင်းတာတွေလဲ အများကြီးပါ။

## စန္ဒကုမာရ

တို့ဟိုစန္ဒကုမာရဇာတ်မှာ ခဏ္ဍဟာလပုဏ္ဏားယုတ်မာတဲ့ပုဏ္ဏား စန္ဒကုမာရမင်းသားနဲ့တကွ မင်းသားလေးယောက် မင်းသမီးလေးယောက် မိဖုယားလေးယောက် သူဌေးလေးယောက် ယဇ်နတ်ပူဇော်မယ်လို့ ယဇ်တွင်းရောက်နေပြီး စန္ဒကုမာရမင်းသား ယဇ်တွင်းမှာ လည်ပင်းကို တခါတည်း သံလျက်နဲ့ ဖြတ်ပြီးတော့ လည်ချောင်းသွေးနဲ့ ယဇ်နတ် ပူဇော်မယ်ပေါ့လေ သံလျက်ငိုးလို့၊ အဲဒီနေရာမှာ ဘယ်သူမှ မကယ်နိုင်ဘူး၊ အဲဒီမှာ စန္ဒာဒေဝီ မိဖုယားကြီးဟာ ခုနပြောတဲ့ စန္ဒကုမာရ မင်းသာရဲ့ မိဖုယားပေါ့၊ စန္ဒာဒေဝီ မိဖုယားက သစ္စာဆိုလိုက်တယ်၊ ငါတို့သည်သီလအာစာရနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေဖြစ်ပါတယ်သို့အတွက် ကြောင့် နတ်ကောင်း နတ်မြတ်များ ကယ်မပါ စေသတည်းလို့ ဆိုလိုက်တော့ သိကြားမင်း ဆင်းလာပြီး ဟော့ခဏ္ဍဟာလပုဏ္ဏား နင် မိုက်လှချလားလို့ ကောင်းကင်က ကြိမ်းမောင်းလိုက်တော့ အဲဒီမှာ တိုင်းသူ ပြည်သားတွေ အုတ်အုတ်ကျက်ကျက် ဖြစ်ပြီးတော့ ပုဏ္ဏားကို ခဲအုတ် ကျောက်တွေနဲ့ ပိုင်းပေါက်ကြတာ ခဏ္ဍဟာလပုဏ္ဏား စင်းစင်းသေရော၊ ပြီးတော့ ရှင်ဘုရင်ကို တခါဝိုင်းတော့ကာ စန္ဒကုမာရမင်းသားက ဘုရားအလောင်းဘဲ၊ သူ့အဖေကို သူက တခါတည်း ဖက်ထားတယ်၊ ငါ့အဖေတော့ မလုပ်ပါနဲ့ဆိုတော့ ကောင်းပြီ အသင်မင်းမြတ် အသင့် အဖေကို မလုပ်စေချင်လျှင် အခုမင်းမြောက်တန်ဆာ ငါးပါး ချွတ်တဲ့ ဆိုတော့ မင်းမြောက် တန်ဆာ ငါးပါးကို ဆွဲချွတ်တယ်၊ ချွတ်ပြီး တော့ တိုင်းပြည်မှာ မထားနဲ့တဲ့၊ အေးကွယ် မင်းတို့သဘောအတိုင်း ငါလိုက်နာပါ့မယ် စန္ဒကုမာရမင်းသားက အဲဒီမှာ ဖအေလုပ်တဲ့ လူကို နှင်ပယ်ပိုင်း ဆင်းပေးပြီးတော့ သူက ဘုရားအလောင်း မိဘရှိသေးတဲ့

ပုဂ္ဂိုလ်ဘဲ ဘယ်မှာ ထားရသလဲ ဆိုတော့ စဏ္ဍာလတွေ အထဲမှာ လူမသိအောင် တိတ်တိတ် ဖွက်ထားရတယ်၊ စဏ္ဍာလတွေ ထံမှာ ထားပြီးတော့ လုပ်ကျွေးရတယ်၊ အဲဒါ ကယ်သူကိုတောင့်တတဲ့ သစ္စာ ဆိုခြင်းဘဲ၊ ဒါကြောင့် တို့ဒီမှာ သစ္စာအဆို ခိုင်းတာလဲဘဲ ကယ်သူကို အမြဲတောင့်တပြီးတော့ ကယ်သူ ပေါ်ပေါက်ပါစေဆိုပြီး အဲဒီလို အမြဲ သစ္စာဆိုတာ။

သစ္စာဆိုတဲ့ ကျေးဇူးဟာ ကြီးပါတယ်၊ဒါ သာမညနဲ့တော့ မရဘူး၊ မေတ္တာခေါ်တယ်၊ မေတ္တာတရားနဲ့ အလုံးစုံရှိသမျှ သတ္တဝါ ခုနစ်ရက် သားသွီး ဝေနေယျအပေါင်းဘို့ ချမ်းသာပါစေဆိုတဲ့ မေတ္တာဓာတ်ဟာ သာမညမဟုတ်နဲ့၊ အင်မတန်ကြီးကျယ်တဲ့ မေတ္တာ၊ မေတ္တာတန်ခိုး ဘယ်သောက်ကြီးသလဲ။

> ချမ်းသာသုံးမျိုး၊ အိပ်နိုးအိပ်မက်၊ ချစ်လျက်လူနတ်၊ စောင့် လတ်နတ်များ၊ မီးကားမလောင်၊ ဆိပ်ရှောင်မသင့်၊ လက်နက် ဖြင့်ပ၊ မရူးရှတည့်၊ မျက်နှာကြည်ပေ၊ မတွေမဝေ၊ သေရ သည်ဆို၊ မဂ်ဖိုလ်မရ၊ ရှိပြန်ကသော်၊ လားရ ဗြဟ္မာ့ပြည်၊ တဆဲ့တလီ၊ ပွါးသည် မေတ္တာအကျိုးတည်း။

မေတ္တာအကျိုးဟာ တဆဲ့တပါး ရှိတယ်၊ ဒီဘဝမှာ မျက်မှောက်မှာ အကျိုးပေးတယ်၊ အခုတို့ ဒကာ ဒကာမတွေက အမှတ်တမဲ့ ဆိုဟာ တို့အကျိုးမရှိဘူးလို့ ထင်ချင်ထင်နေမှာ ဒီလို ခုနစ်ရက်သားသွီးတွေ ချမ်းသာပါစေဆိုပြီး တကယ့်သဒ္ဓါ မေတ္တာတရားနဲ့ ထားပြီးတော့ ဆိုတဲ့ သစ္စာတရားဟာ ဘယ်လောက် ကြီးသလဲ၊ ချမ်းသာစွာအိပ် ရမယ်၊ ချမ်းသာစွာနိုးရမယ်၊ ကောင်းသော အိပ်မက်ကိုသာ မြင်မက် ရမယ်၊ နတ်များ အမြဲချစ်မြတ်နိုးတယ်၊ ဟောလူလဲ အင်မတန် ချစ်မြတ် နိုးတယ်၊ နတ်တွေ အမြဲ စောင့်ရှောက်တယ်၊ မီးမလောင် နိုင်ဘူး၊ လက်နက်-မရူးရှနိုင်ဘူး၊ ပြီးတော့ မျက်နှာအင်မတန် ကြည်လင်တယ်၊ သေလို့ရှိရင်လဲ မတွေမဝေ သေရမယ်၊ မဂ်ဖိုလ် မရလို့ရှိရင်လဲ ဗြဟ္မာ့ ပြည်တော့ မလွဲဘဲ လားနိုင်တယ်၊ အဲဒီအထိ တန်ခိုးရှိတာ၊ အဲဒါ လောက် အဘိုး အနဂ္ဃ ထိုက်တန်တဲ့ မေတ္တာဓာတ်ဟာ အခု ဘုန်းကြီးက မေတ္တာတရားနဲ့ဒကာ ဒကာမတွေကိုသတိတရားရအောင် အမျှဝေခြင်း မေတ္တာပို့ခြင်းများ ပြုခိုင်းတာ ဘုရားကိုယ်တော်တိုင်

ဟောတဲ့ တရားတွေ အမျှဝေတယ် ဆိုတာလဲ သိကြားမင်းကိုယ်တိုင် ဘုရားကို လျှောက်ထားတယ်။

အရှင်ဘုရား အရှင်ဘုရား တပည့်သားတွေ ကုသိုလ်ကောင်းမှု ပြုတိုင်း ပြုတိုင်း တပည့်တော်တို့ နတ်တွေကိုလဲ အမျှဝေပါဘုရား တပည့်တော်တို့မှာ လက်ကိုင်မိမိ ဒါနပြုနိုင်တဲ့ ကာလမရှိပါဘူး၊ အရှင်ဘုရား တပည့်သားတွေမှ ကုသိုလ်ကောင်းမှုကို ထိထိခိုက်ခိုက် ပြုနိုင်ပါတယ်၊ ထိုသူတို့၏ ပြုရတဲ့ ကုသိုလ်တရားကို တပည့်တော်တို့ ပတ္တအနုမောဒနာ ဝမ်းမြောက် ဝမ်းသာ ဖြစ်ရအောင် သာရခေါ်ရအောင် အမျှပေးဝေ ပါစေဘုရားလို့ မြတ်စွာဘုရားကို လျှောက်ထားတယ်၊ အဲဒီတော့မှ မြတ်စွာဘုရားက သူ၏ တပည့်သားတွေကိုခေါ် ပြီးတော့ သင်တို့ ကုသိုလ်ပြုတိုင်း ပြုတိုင်း အမျှဝေကြပါလို့ ဘုရားကိုယ်တော်မြတ် အဲဒီလို ဆုံးမဩဝါဒ ပေးခဲ့တယ်။

ဒါကြောင့်မို့လို့ တို့ဒီမှာ မေတ္တာတရားကို အရေးထားပြီးတော့ နေ့တိုင်း နေ့တိုင်းလဲ ရေစက်ချရတယ်၊ မိမိတို့အမျှအတန်း ဝေရတယ်၊ ပြီးတော့ မေတ္တာပို့၊ ခုနတုန်းက သဗ္ဗာဆိုတာ မေတ္တာပို့တာပေါ့၊ အဲဒါ လောကီစီးပွါး လောကုတ္တရာစီးပွါး နှစ်မျိုးရတယ်၊ ပစ္စုပ္ပန်၏ အကျိုးစီးပွါးလဲဖြစ်နိုင်တယ်၊ သံသရာနောင်ရေး ဘေးကိုလဲ လွတ်စေနိုင်တယ်၊ ဒီဘဝသာသနာ အတွင်းမှာ တကယ် နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ ဝိပဿနာတရား ရုပ်နာမ်တရားတို့ကို ကိုယ်တိုင်ကိုယ်ပိုင်ဉာဏ်နဲ့ တကယ်သိချင် တဘဝ နှစ်ဘဝထက်မလွန်ဘဲ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ကြေနပ်လွဲတမ်း ရတယ်ဆိုတဲ့ ယုံကြည်တဲ့ သဒ္ဓါတရားလေး ထားပြီးတော့ အိပ်ရင်လဲသတိ ထရင်လဲသတိ သွားရင်လဲသတိ နေရင်လဲသတိ အခါခပ်သိမ်း သတိကိုထားပြီးတော့ ဖြစ်ပျက်ကို မမေ့ဘဲ တပါးကိုလေသာ အာရုံမဝင်အောင်ပေါ့၊တပါးသော အာရုံမဝင်စေဘဲ ဝိပဿနာတရားကိုသာလျှင် အမြဲတမ်း ဆင်ခြင်ပြီးတော့ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ တရားကို ငါတို့လေးလေးစားစားနဲ့ အားထုတ်မယ်လို့ နှလုံးသွင်းကြ၊ အဲ အခု ဘုန်းကြီးက သဗ္ဗာဆိုတဲ့ အကြောင်း ဝတ္ထုကြောင်း တွေကိုလဲ ပြောပြခဲ့ပြီ၊ဒါကြောင့် ရေစက်ချအမျှဝေပြီးတဲ့အခါ ဆက်ပြီးတော့ သဗ္ဗာဆိုဘို့-

ဤသို့ အကျွန်ုပ်တို့ အားထုတ်ရသော သီလ,သမာဓိ, ပညာ,သိက္ခာ သုံးပါး သာသနာသုံးရပ် အကျင့်မြတ်၏ ကုသိုလ်သည် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းဟူ၍ ယုံကြည်ပါ၏ ယုံကြည်သည်ကား မှန်ပါ၏။မှန်သော သစ္စာစကားကြောင့် ယခုအခါ ကျရောက်ဆဲဖြစ်သော ရန်သူမျိုးငါးပါး ကပ်ကြီးသုံးပါး ဘေးဆိုးကြီးမှ ၇-ရက်သားသမီးတို့၌ အမြန်ဆုံး ကင်းဝေးအောင် ကာကွယ်ကြည့်ရှု စောင့်ရှောက်မည့် ပုဂ္ဂိုလ် ပေါ်ပေါက်ပါစေသတည်း။

---